# ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်၏

## အခြေခံယုံကြည်ချက် (၂၈) ချက်ကိုရှင်းလင်းခြင်း

“Seventh-day Adventists Believe”
စာအုပ်ကို သိက္ခာတော်ရဓမ္မဆရာဦးထန်လမ်းမုန်က
“ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်၏
အခြေခံယုံကြည်ချက် (၂၈) ချက်ကိုရှင်းလင်းခြင်း” အမည်ဖြင့်
မြန်မာပြန်ဆိုသည်

# ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်၏
# အခြေခံယုံကြည်ချက် (၂၈) ချက်ကိုရှင်းလင်းခြင်း

ပုံနှိပ်သူ
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
(၂၀၆) ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်

ထုတ်ဝေသူ
ဦးစောထီမသေ (၀၀၅၉၄)
ဥက္ကဌ
မြန်မာပြည်သတ္တမနေ့ဥပုသ်အသင်းတော်
(၆၈) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ - ၅၀၀၀

တန်ဖိုး - ၃၆၀၀.၀၀ ကျပ်

ပထမအကြိမ်

ဤစာအုပ်သည် Seventh-day Adventists Believe: A Biblical Exposition of Fundamental Doctrine, 2018, Third Edition မှ ဘာသာပြန်ဆိုခြင်းဖြစ်သည်။

# မာတိကာ


## ဤစာအုပ်ကို ဖတ်သောသူများသို့

## ဘုရားသခင်နှင့် ဆိုင်သောယုံကြည်ချက်

၁။ ဘုရားသခင်၏နှုတ်ကပတ်တော် ...... ၇
၂။ သုံးပါးတစ်ဆူဘုရား ...... ၂၄
၃။ ခမည်းတော်ဘုရား ...... ၄၀
၄။ သားတော်ဘုရား ...... ၅၃
၅။ သန့်ရှင်းသောဝိညာဉ်တော်ဘုရား ...... ၈၇

## လူသားနှင့် ဆိုင်သောယုံကြည်ချက်

၆။ ဖန်ဆင်းခြင်း ...... ၁၀၀
၇။ လူသားတို့၏သဘောသဘာဝ ...... ၁၁၅

## ကယ်တင်ခြင်းနှင့် ဆိုင်သောယုံကြည်ချက်

၈။ မဟာအငြင်းပွားမှုကြီး ...... ၁၄၄
၉။ ခရစ်တော်၏အသက်တာ၊ သေခြင်းနှင့်ထမြောက်ခြင်း ...... ၁၅၅
၁၀။ ကယ်တင်ခြင်းကိုတွေ့ကြုံခံစားခြင်း ...... ၁၇၃
၁၁။ ခရစ်တော်၌ကြီးထွားခြင်း ...... ၁၉၇

## အသင်းတော်နှင့် ဆိုင်သောယုံကြည်ချက်

၁၂။ အသင်းတော် ...... ၂၁၉
၁၃။ ကျန်ကြွင်းသောအသင်းတော်နှင့်ယင်း၏သာသနာလုပ်ငန်း ...... ၂၄၆
၁၄။ ခရစ်တော်၏ကိုယ်ခန္ဓာ၌စည်းလုံးခြင်း ...... ၂၇၂
၁၅။ ရေနှစ်ခြင်း ...... ၂၈၈
၁၆။ သခင်ဘုရား၏ပွဲတော် ...... ၃၀၃

၁၇။ ဝိညာဉ်ဆုကျေးဇူးများနှင့်သာသနာလုပ်ငန်းများ ........................................ ၃၁၇
၁၈။ ပုရောဖက်ပြုခြင်းဆုကျေးဇူး ........................................ ၃၂၉

## ခရစ်ယာန်အသက်တာနှင့်ဆိုင်သောယုံကြည်ချက်

၁၉။ ဘုရားသခင်၏ပညတ်တော် ........................................ ၃၄၉
၂၀။ ဥပုသ်နေ့ ........................................ ၃၇၂
၂၁။ ဘဏ္ဍာစိုးလုပ်ငန်း ........................................ ၃၉၈
၂၂။ ခရစ်ယာန်အပြုအမူ ........................................ ၄၁၁
၂၃။ လက်ထပ်ခြင်းနှင့်မိသားစု ........................................ ၄၂၉

## နောက်ဆုံးသောအရာများနှင့်ဆိုင်သောယုံကြည်ချက်

၂၄။ ကောင်းကင်သန့်ရှင်းရာဌာနထဲကခရစ်တော်၏အမှုတော် ........................................ ၄၅၁
၂၅။ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း ........................................ ၄၇၄
၂၆။ သေခြင်းနှင့်ထမြောက်ခြင်း ........................................ ၄၉၅
၂၇။ အနှစ်တစ်ထောင်စိုးစံခြင်းနှင့်အပြစ်၏နိဂုံး ........................................ ၅၁၂
၂၈။ မြေကြီးသစ် ........................................ ၅၂၈

–ဝ–

# ဤစာအုပ်ကိုဖတ်သောသူများသို့

သင်သည် ဘုရားသခင်အကြောင်း မည်သည့်အရာကိုယုံကြည်သနည်း။ သူသည် မည်သူနည်း။ သူသည် ကျွန်ုပ်တို့ထံမည်သည့်အရာကိုမျှော်လင့်သနည်း။ သူသည် အမှန်တကယ် မည်သည့်အရာနှင့် တူသနည်း။

ဘုရားသခင်သည် မောရှေအား လူသားတို့သည်သူ့မျက်နှာကိုမြင်၍ အသက်မရှင်နိုင်ဟု ပြောပြခဲ့သည်။ သို့သော်၊ ယေရှုသည် ဖိလိပ္ပုအား သူ့ကိုမြင်သောသူသည် ခမည်းတော်ကို မြင်သည်ဟုပြောပြခဲ့သည်။ (ယောဟန် ၁၄း၉)။ သူသည် ကျွန်ုပ်တို့၏အကြားတွင် အသက်ရှင်သွားလာခဲ့သောကြောင့်၊ ကျွန်ုပ်တို့ကဲ့သို့ဖြစ်လာခဲ့သည်။ ထိုသို့ဖြင့် ဘုရားသခင်သည်မည်သူဖြစ်၍၊ မည်သည့်အရာနှင့်တူသည်ကို ကျွန်ုပ်တို့သိရှိနိုင်သည်။

ဤကျွန်ုပ်တို့၏ယုံကြည်ချက်များကိုရှင်းလင်းချက်က ခရစ်တော်ကိုမျှော်လင့်သောသတ္တမနေ့ အသင်းသားများသည် ဘုရားသခင်အားမည်သို့သိရှိကြောင်းကိုဖော်ပြသည်။ သူ၏ချစ်ခြင်းမေတ္တာ၊ ကြင်နာခြင်း၊ သနားခြင်း၊ ကျေးဇူးတော်၊ တရားမျှတခြင်း၊ သဒ္ဓါတရား၊ စင်ကြယ်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ကို ကျွန်ုပ်တို့ယုံကြည်သည်။ ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်သည် ကလေးများကိုသူ၏ပေါင်ပေါ်တွင်စေတနာဖြင့်ချီမသည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ လာဇရု၏သင်္ချိုင်းဂူတွင် ငိုကြွေးသူများနှင့်အတူ မျက်ရည်ကျခဲ့သည်ကိုလည်းမြင်ရသည်။

''အိုအဘ၊ သူတို့၏အပြစ်ကိုလွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကိုမသိကြ'' (လုကာ ၂၃း၃၄) ဟု မြွက်ဆိုချိန်တွင် သူ၏ချစ်ခြင်းမေတ္တာကိုကျွန်ုပ်တို့မြင်ရသည်။ ''ကရုဏာနှင့် သစ္စာဆုံမိ'' သောနေရာ၊ ''တရားနှင့်ချမ်းသာသည် တစ်ပါးနှင့်တစ်ပါးနမ်းကြသော'' နေရာ၊ ကရာနိကုန်းတွင် ခရစ်တော်ကိုစိတ်အာရုံဖြင့်မြင်ရသည်။ ကရာနိကုန်းပေါ်တွင်အပြစ်မရှိသော ကိုယ်တော်သည် ကျွန်ုပ်တို့အတွက်အပြစ်ဖြစ်လာ၍၊ ''ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း'' (၂ကော ၅း၂၁)။

ဩဝါဒတိုင်းနှင့် ယုံကြည်မှုတိုင်းသည် ကျွန်ုပ်တို့သခင်ဘုရား၏ချစ်ခြင်းမေတ္တာကို ဖော်ပြရမည်။ သူသည် လူ့သမိုင်းတွင်အကြွင်းမဲ့မေတ္တာနှင့် ပြိုင်ဘက်ကင်းသော ဆက်ကပ်မှုရှိသောသူဖြစ်သည်။ သူသည် သမ္မာတရားဖြစ်၍ လူ့ဇာတိကိုခံယူခြင်းသည် ဖော်မပြနိုင်လောက်အောင်ဖြစ်သောကြောင့်၊ ဆက်လက် ရှာဖွေတွေ့ရှိရဦးမည့်သမ္မာတရားများစွာရှိနေသေးကြောင်း ကျွန်ုပ်တို့သည်နှိမ့်ချစွာဝန်ခံကြရမည်။

ကျမ်းစာမှကြွယ်ဝသောသမ္မာတရား (ဤယုံကြည်ချက်များ) ကို ရှေးခရစ်ယာန်အသင်းတော်မှ ကျွန်ုပ်တို့ရရှိသောကြောင့်၊ ကျွန်ုပ်တို့သည် သူတို့ကိုကျေးဇူးတင်လျက်ရှိသည်။ ဝစ်ကလစ်၊ ဟားစ်၊ လူသာ၊ တင်ဒဲလ်၊ ခဲလ်ဗင်း၊ နော့စ်နှင့် ဝက်စ်လီတို့သည် မြင့်မြတ်သောသက်သေခံများဖြစ်သည်ကို ကျွန်ုပ်တို့အသိအမှတ်ပြုသည်။ သူတို့သည် အသင်းတော်ကိုအလင်းသစ်မှ ဘုရားသခင်၏ဂုဏ်တော်ကို ပိုမိုနားလည်ခြင်းသို့ ဦးဆောင်ခဲ့ကြသည်။ ထိုသမ္မာတရားကိုနားလည်မှုသည် အမြဲတမ်းတိုးတက်နေသည်။ ''ဖြောင့်မတ်သောသူတို့၏လမ်းသည် တက်သောအရုဏ်ကဲ့သို့ဖြစ်၍၊ နေထွက်သည်တိုင်အောင်

တိုးပွားထွန်းလင်းတတ်၏'' (သုတ္တံ ၄း၁၈)။ သို့သော်လည်း၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဖော်ပြမှု ရှုထောင့်အသစ်ကိုရှာတွေ့သောအခါ၌ ၎င်းတို့သည် သမ္မာကျမ်းစာ၏စုစည်းသော သက်သေခံချက်နှင့် လုံးဝကိုက်ညီမှုရှိရမည်။

ဤစာအုပ်သည် ဘာသာရေးသွန်သင်ချက်များကို ပုံသေသတ်မှတ်သော ယုံကြည်ချက် မဟုတ်ချေ။ မြော်လင့်ခြင်းအသင်းသားများသည် ''သမ္မာကျမ်းစာတစ်ခုတည်းကိုသာယုံကြည်သည်'' ဟူသော ပုံသေယုံကြည်ချက်တစ်ခုသာရှိသည်။

ဤစာအုပ်သည် ပြင်းပြသောသိချင်စိတ်ကိုအားရကျေနပ်စေရန် ရည်ရွယ်၍ရေးသားခြင်း မဟုတ်ချေ။ အမှန်မှာ၊ ကျမ်းစာကိုအခြေခံ၍ ခရစ်တော်ကိုဗဟိုထားသော ကျွန်ုပ်တို့ယုံကြည်သောအရာကို စေ့စေ့စပ်စပ်ရှင်းလင်းခြင်းဖြစ်သည်။ ဤယုံကြည်ချက်များသည် တစ်မွန်းလွဲစာကြိုးစားမှု၏ရလဒ်များ မဟုတ်ပါ။ ၎င်းတို့သည် နှစ်ပေါင်း (၁၅၀) မက ဆုတောင်းခြင်းနှင့် လေ့လာမှုများစွာပြုလုပ်ပြီးမှ ထွက်လာသောယုံကြည်ချက်များဖြစ်သည်။ တစ်နည်းအားဖြင့်၊ ၎င်းတို့သည် ''ကျေးဇူးတော်၌ လည်းကောင်း၊ ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌လည်းကောင်း'' (၂ပေ ၃း၁၈) မြော်လင့်ခြင်းအသင်းတော်၏ ကြီးထွားမှု၏ရလဒ်ဖြစ်သည်။

လမ်းခရီး၊ သမ္မာတရားနှင့် အသက်ဖြစ်တော်မူသောသူအပေါ် ဗဟိုထားသည့် ယုံကြည်ချက် အားလုံးကို ကောင်းစွာနားလည်ခြင်းသည် လွန်စွာအရေးကြီးသည်။ ယုံကြည်ချက်များသည် ကျွန်ုပ်တို့ကိုးကွယ်သောဘုရားသခင်၏ဂုဏ်တော်ကိုပေါ်လွင်စေသည်။ ၎င်းတို့သည် ဘုရားသခင် လုပ်ဆောင်မှုများ၏ ရည်ရွယ်ချက်ကိုဖော်ပြသည်။ ယုံကြည်ချက်များသည် ခရစ်ယာန်တို့အတွက် လမ်းပြဖြစ်သည်။

မြော်လင့်ခြင်းယုံကြည်သူတို့သည် သမ္မာကျမ်းစာကိုလေ့လာခြင်းအားဖြင့် ခရစ်တော်နှင့် အတူပိုမိုနက်ရှိုင်းသောဆက်ဆံရေးရှိစေရန် ဤစာအုပ်ကိုရေးသားသည်။ ကိုယ်တော်နှင့် သူ၏ အလိုတော်ကိုသိခြင်းသည် မှားယွင်း၊ လှည့်ဖြားမှုများသောဤခေတ်တွင် မရှိမဖြစ်အရေးကြီးသည်။ အထူးသဖြင့်၊ ဤနောက်ဆုံးသောကာလတွင် ''လူပရိယာယ်နှင့်အပြစ်သို့ သွေးဆောင်ခြင်းငှာ လှည့်ဖြားပြောဆို'' (ဧဖက် ၄း၁၄) ခြင်းမှကာကွယ်လိမ့်မည်။ သမ္မာကျမ်းစာ၏သမ္မာတရားနှင့် စိတ်နှလုံးကိုအားဖြည့်သောသူတို့သာလျှင် နောက်ဆုံးသောပဋိပက္ခတွင် ရပ်တည်နိုင်ကြလိမ့်မည်။

နောက်ဆုံးတွင် ခရစ်တော်ကိုဗဟိုပြုသောယုံကြည်ချက်သည် (၁) အသင်းတော်ကို တည်ဆောက်သည်၊ (၂) သမ္မာတရားကိုထိန်းသိမ်းသည်၊ (၃) ဧဝံဂေလိတရား၏ ကြွယ်ဝမှုအပြည့်အစုံကို ဟောပြောသည်ဟူသောလုပ်ငန်းသုံးရပ်ကို ဤစာအုပ်ကအသိအမှတ်ပြုသည်။

စစ်မှန်သောယုံကြည်ချက်ကိုယုံကြည်ရုံနှင့်မပြီးဆုံးဘဲ၊ ၎င်းအတိုင်းလုပ်ဆောင်ရန်လိုအပ်သည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်၊ ခရစ်ယာန်ယုံကြည်မှုများသည် ချစ်စရာကောင်းသောလုပ်ဆောင်မှု ဖြစ်လာသည်။ ဘုရားသခင်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကို ကေန်အမှန်သိကျွမ်းခြင်း သည် ''ကယ်တင်သောပညာ'' ဖြစ်သည်။ ထိုအရာသည် ဤစာအုပ်၏အဓိကအာဘော်ဖြစ်သည်။ (အယ်ဒီတာများ)

## အခန်း– ၁
# ဘုရားသခင်၏နှုတ်ကပတ်တော်

ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းပေါင်းထားသည့်သမ္မာကျမ်းစာသည် ဘုရားရှင်မှုတ်သွင်း၍၊ ဘုရားသခင်၏နှုတ်ထွက်စကားကို ရေးသားထားသည့်စာအုပ်ဖြစ်သည်။ မှုတ်သွင်းခံရသောကျမ်းရေးသူတို့သည် သူတို့အား သန့်ရှင်းသောဝိညာဉ်တော်ပဲ့ပြင်သည်အတိုင်း ပြောဆို၊ ရေးသားခဲ့သည်။ နှုတ်ကပတ်တော်တွင်၊ ဘုရားသခင်သည် ကယ်တင်ခြင်းအတွက်လိုအပ်သောအသိပညာကို လူသားတို့အားပေးသည်။ သမ္မာကျမ်းစာသည် ကိုယ်တော်အလိုတော်၏အချုပ်၊ အခွင့်အာဏာနှင့် ဘုရားသခင်၏အလိုတော်ကို မမှားမယွင်းနိုင်အောင်ဖော်ပြပေးသည်။ ၎င်းသည် အကျင့်စာရိတ္တ၏စံချိန်၊ အတွေ့အကြုံကိုဆန်းစစ်သောအရာ၊ ယုံကြည်ချက်များကို တိကျသေချာစွာဖော်ပြသောစာအုပ်၊ သမိုင်းတစ်လျှောက် ဘုရားသခင်၏လုပ်ဆောင်ချက်များကို ယုံကြည်စိတ်ချဖွယ်မှတ်တမ်းစာအုပ်ဖြစ်သည်။ (ဆာလံ ၁၁၉း ၁၀၅။ သုတ္တံ ၃၀း၅၊၆။ ဟေရှာယ ၈း၂၀။ ယောဟန် ၁၇း၁၇။ ၁သက် ၂း၁၃။ ၂တိ ၃း၁၆၊၁၇။ ဟေဗြဲ ၄း၁၂။ ၂ပေ ၁း၂၀၊၂၁)။

သမ္မာကျမ်းစာကဲ့သို့ မြတ်နိုးကြည်ညိုရသောစာအုပ်မရှိချေ။ ၎င်းသည် လူ့သမိုင်းတွင် အကြီးမားဆုံးနှင့်အမြင့်မြတ်ဆုံးလုပ်ဆောင်မှုများကိုဖြစ်စေသည်။ သမ္မာကျမ်းစာ၏ထူးခြားမှုသည် ၎င်း၏အတုမရှိသောနိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးလွှမ်းမိုးခြင်းမှလာခြင်းမဟုတ်ဘဲ၊ ၎င်း၏မူရင်းနှင့်ပါရှိသောအကြောင်းအရာများမှလာသည်။ ၎င်းသည် ဘုရား– လူသားဖြစ်သည့်လောက၏ကယ်တင်ရှင်၊ ဘုရားသခင်၏သားတော်ယေရှုခရစ်တော်ကို ဘုရားသခင်ဖော်ပြသည့်စာအုပ်ဖြစ်သည်။

## ဘုရားရှင်၏မိမိကိုယ်ကိုဖွင့်ချခြင်း

သမိုင်းကာလတစ်လျှောက်၊ လူအချို့တို့သည် ဘုရားသခင်တည်ရှိနေခြင်းကို မေးခွန်းထုတ်ခဲ့ကြသော်လည်း၊ များစွာသောသူတို့သည် ကိုယ်တော်တည်ရှိခြင်းနှင့် မိမိကိုယ်ကိုထုတ်ဖော်ကြောင်းကို ယုံကြည်စိတ်ချစွာသက်သေခံခဲ့ကြပြီးဖြစ်သည်။ မည်သည့်နည်းလမ်းများအားဖြင့် ဘုရားသခင်သည် မိမိကိုယ်ကိုဖော်ပြ၍၊ သမ္မာကျမ်းစာသည် ထိုသို့ဖော်ပြတော်မူခြင်း၌ မည်ကဲ့သို့လုပ်ဆောင်သနည်း။

**ယေဘုယျဖွင့်ချခြင်း။** ဘုရားသခင်၏ဂုဏ်တော်ကို သမိုင်း၊ လူသားတို့၏အပြုအမူ၊ အသိတရားနှင့် သဘာဝတရားများတွင် ထိုးထွင်းမြင်ရသည်ကို “ယေဘုယျဖွင့်ချခြင်း” ဟု ခေါ်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းကိုလူတိုင်းတွေ့မြင်နိုင်ပြီး၊ စဉ်းစားတွေးခေါ်ရန်လိုအပ်သည်။

သန်းပေါင်းများစွာသောလူတို့အတွက်၊ "မိုးကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေကိုကြားပြော၍၊ မိုးမျက်နှာကြက်သည် လက်တော်နှင့်လုပ်သောအရာများကို ပြသ၏" (ဆာလံ ၁၉း၁)။ နေရောင်ခြည်၊ မိုးရေ၊ တောင်ကုန်းများနှင့်စမ်းချောင်းများ တို့သည် ချစ်ဖွယ်ဖန်ဆင်းရှင်ကိုထင်ရှားစေကြသည်။ "ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသောမျက်မြင်မရသော ဘုရားသခင်၏အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။ ထိုကြောင့်သူတို့သည် ကိုယ်အပြစ်ကိုမဖုံးနိုင်ရာ" (ရောမ ၁း၂၀)။

အခြားသူတို့မူကား၊ ဘုရားသခင်၏ပြုစုစောင့်ရှောက်ခြင်းအထောက်အထားကို မိတ်ဆွေများအကြား၊ မိသားစုဝင်များအကြား၊ လင်နှင့်မယားအကြား၊ မိဘများနှင့် သားသမီးများအကြား ပျော်ရွှင်ဖွယ်ဆက်ဆံရေးများတွင်တွေ့မြင်ကြသည်။ "အမိသည် သားငယ်ကိုနှစ်သိမ့်စေသကဲ့သို့၊ သင်တို့ကိုငါနှစ်သိမ့်စေမည်" (ဟေရှာယ ၆၆း၁၃)။ "အဘသည် သားတို့ကိုသနားစုံမက်သည်နည်းတူ၊ ထာဝရဘုရားသည် ကြောက်ရွံ့သော သူတို့ကို သနားစုံမက်တော်မူ၏" (ဆာလံ ၁၀၃း၁၃)။

သို့သော်လည်း ချစ်ဖွယ်ဖန်ဆင်းရှင်ကိုသက်သေခံသည့် ထိုနေရောင်ခြည်သည် မြေကြီးကိုပူပြင်းခြောက်သွေ့သော သဲကန္တာရအဖြစ်သို့ပြောင်းလဲစေပြီး၊ ငတ်မွတ်ခေါင်းပါးခြင်း ကို ဖြစ်ပေါ်စေသည်။ အလားတူမိုးရေသည် တစ်ဟုန်ထိုးတက်လာသောရေအဖြစ်သို့ ပြောင်းသွားပြီးမိသားစုဝင်များရေနစ်သေကြရသည်။ အလွန်မြင့်သောတောင်သည် အက်ကွဲ ပြီးတစ်စစီကြေသွားရသည်။ လူသားတို့၏ဆက်ဆံရေးတွင်လည်း မကြာမကြာမနာလိုဝန် တိုခြင်း၊ ဒေါသတို့နှင့် လူသတ်မှုကိုဖြစ်စေသောမုန်းတီးခြင်းများပင်ပါဝင်သည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်လောကကြီးသည် ရောနှောနေသည့်နိမိတ်များကိုပေး၍၊ ဖြေရှင်းချက်များကို မပေးသည်သာမက၊ မေးခွန်းများကိုသာ၍ပေးနေသည်။ ၎င်းသည် အကောင်းနှင့်အဆိုး တိုက်လှန်ပွဲကိုဖော်ပြသည်။ သို့သော် ၎င်းတိုက်လှန်ပွဲသည် အဘယ်ကြောင့်စတင်ခဲ့သည်၊ မည်သူတို့တိုက်နေကြသည်၊ သို့မဟုတ် အဆုံးတွင်မည်သူအနိုင်ရမည်ကို ရှင်းမပြချေ။

**အထူးဖွင့်ချခြင်း။** အပြစ်တရားသည် ဘုရားသခင်၏သက်သေခံချက်ကို အနက်ဖွင့်ဆိုရန် ကျွန်ုပ်တို့၏စွမ်းရည်ကိုကန့်သတ်လိုက်ခြင်းအားဖြင့် ဖန်ဆင်းသည့် အရာများမှတစ်ဆင့် ဘုရားသခင်၏မိမိကိုယ်ကိုဖွင့်ချခြင်းကို မေးမှိန်စေသည်။ ဘဝ၏ ကြီးမားရှုပ်ထွေးသောမေးခွန်းများ၏အဖြေများကို ကျွန်ုပ်တို့ရရှိနိုင်ရန်၊ ဘုရားသခင်သည် မိမိကိုယ်ကိုအထူးဖွင့်ချခြင်းကို မေတ္တာဖြင့်ပေးသည်။ ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်း များမှတစ်ဆင့်တိကျသောနည်းလမ်းဖြင့် ကျွန်ုပ်တို့အား မိမိကိုယ်ကိုဖွင့်ချသည်ဖြစ်ရာ၊ ကိုယ်တော်၏မေတ္တာနှင့်ပြည့်ဝသောဂုဏ်တော်ကို သံသယဖြစ်စရာအကြောင်းမရှိတော့ ချေ။ ရှေးဦးစွာပုရောဖက်များမှတစ်ဆင့် မိမိကိုယ်ကိုဖွင့်ချပြီး၊ ထို့နောက်၊ လူသားအဖြစ် ခံယူသည့်ယေရှုခရစ်တော်အားဖြင့်၊ အဆုံးစွန်မိမိကိုယ်ကို ဖွင့်ချသည် (ဟေဗြဲ ၁း၁၊၂)။

သမ္မာကျမ်းစာသည် ဘုရားသခင်အကြောင်းအမှန်တရားကို အလေးအနက်ပြော၍၊ ကိုယ်တော်အား လူပုဂ္ဂိုလ်ကဲ့သို့ဖော်ပြသည်။ ဖွင့်ချခြင်းနှစ်မျိုးစလုံးလိုအပ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုယေရှုခရစ်တော် (ယောဟန် ၁၇း၃) နှင့် "ယေရှု၌သမ္မာတရား" (ဧဖက် ၄း၂၁) တို့မှတစ်ဆင့် သိကျွမ်းရန်လိုအပ်သည်။ ထိုနောက်သမ္မာကျမ်းစာအားဖြင့် ကျွန်ုပ်တို့၏စိတ်၊ ကောင်းမကောင်းသိကျွမ်းခြင်းနှင့် ဝိညာဉ်ရေးကနဲ့သတ်ချက်များတို့ကို ထိုးဖောက်၍၊ ကျွန်ုပ်တို့အားကယ်တင်လိုသည့် မိမိ၏စိတ်အားထက်သန်မှုကိုသိစေသည်။

## သမ္မာကျမ်းစာ၏ဗဟိုချက်မ

သမ္မာကျမ်းစာသည် ဘုရားသခင်ကိုဖော်ပြ၍၊ လူတို့အားဖွင့်ချပေးသည်။ ၎င်းသည် ကျွန်ုပ်တို့၏အကျပ်အတည်းကိုလှစ်ပြ၍၊ ကိုယ်တော်၏ဖြေရှင်းနည်းကိုပြသည်။ ၎င်းက ကျွန်ုပ်တို့သည် ဘုရားသခင်ထံတော်မှခွာ၍ ပျောက်ဆုံးသောသူများကဲ့သို့တင်ပြပြီး၊ ယေရှုကိုကျွန်ုပ်တို့အားရှာဖွေတွေ့ရှိ၍ ဘုရားသခင်ထံတော်သို့ တစ်ဖန်ခေါ်ဆောင်သောသူအဖြစ်ဖော်ပြသည်။

ယေရှုခရစ်တော်သည် သမ္မာကျမ်းစာ၏ဗဟိုချက်မဖြစ်သည်။ ဓမ္မဟောင်းကျမ်းသည် ဘုရားသခင်၏သားတော်ကို လောက၏ရွေးနှုတ်ရှင်မေရှိယအဖြစ်ဖော်ထုတ်ပြီး၊ ဓမ္မသစ်ကျမ်းကမူ ကိုယ်တော်ကိုကယ်တင်ရှင်ယေရှုခရစ်တော်အဖြစ်ဖော်ပြသည်။ ကျမ်းတိုင်းသည် ကိုယ်တော်၏လုပ်ဆောင်တော်မူချက်နှင့် ဂုဏ်တော်တို့ကိုပုံဆောင်မှု သို့မဟုတ် အစစ်အမှန်အားဖြင့်ဖော်ပြကြသည်။ လက်ဝါးကပ်တိုင်ပေါ်ခရစ်တော်၏သေခြင်းသည် ဘုရားသခင်၏ဂုဏ်တော်ကို အဆုံးစွန်ဖွင့်ချခြင်းဖြစ်သည်။

လက်ဝါးကပ်တိုင်သည် ဤအဆုံးစွန်ဖွင့်ချခြင်းကိုဖြစ်ပေါ်စေသည်။ အကြောင်းမှာ ၎င်းသည် တစ်ဖက်စွန်းစီရောက်နေသည့် လူသားတို့၏နက်လွန်းသောဆိုးသွမ်းမှုနှင့် ဘုရားသခင်၏မကုန်ခန်းနိုင်သော မေတ္တာတို့ကိုပေါင်းစပ်စေသည်။ လူတို့၏မှားတတ်ခြင်းကို မည်သည့်အရာကသာ၍ထိုးထွင်းမြင်စေမည်နည်း။ မည်သည့်အရာသည် အပြစ်တရားကို သာ၍ဖော်ပြပေးနိုင်မည်နည်း။ လက်ဝါးကပ်တိုင်သည် လူတို့၏အပြစ်အတွက် မိမိ၏တစ်ပါးတည်းသောသားတော်ကိုသေစေရန်ခွင့်ပြုပေးတော်မူသောဘုရားကိုဖော်ပြပေးသည်။ ကြီးမားသောစွန့်လွှတ်ခြင်းပါတကား။ ဤအရာထက် ကိုယ်တော်သည် မည်သည့်မေတ္တာကိုသာ၍ ပြသနိုင်မည်နည်း။ သမ္မာကျမ်းစာ၏အဓိကဆုံချက်မှာ အမှန်ပင် ယေရှုခရစ်တော်ဖြစ်သည်။ မကြာမီကရာနိကုန်းပေါ်က ကိုယ်တော်၏အောင်နိုင်ခြင်းသည် မကောင်းမှုကိုရှင်းပစ်ရာ၌ အထွတ်အထိပ်သို့ရောက်လိမ့်မည်။ လူသားများနှင့် ဘုရားသခင်သည် ပြန်လည်ပေါင်းစည်းကြလိမ့်မည်။

အထူးသဖြင့်လက်ဝါးကပ်တိုင်ပေါ် ခရစ်တော်၏အသေခံခြင်း၌ မြင်တွေ့ရသည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် စကြဝဠာတစ်ခုလုံး၏ အခမ်းနားဆုံးသောအမှန်တရားနှင့် သမ္မာကျမ်းစာ၏အာဘော်ဖြစ်သည်။ ထို့ကြောင့်သမ္မာကျမ်းစာမှ အဓိကသမ္မာတရားများကို ဤရှုထောင့်မှလေ့လာရမည်။

## သမ္မာကျမ်းစာကိုအစပြုသူ

ယုံကြည်ခြင်းနှင့်ကျင့်စဉ်တို့အတွက် သမ္မာကျမ်းစာ၏အခွင့်အာဏာသည် ၎င်း၏ ဇာစ်မြစ်မှစတင်သည်။ ကျမ်းရေးသူတို့က သမ္မာကျမ်းစာသည် အခြားစာပေများနှင့် ခြားနားသည်ဟုရှုမြင်ကြသည်။ သူတို့သည် ၎င်းကို "သန့်ရှင်းသောကျမ်းစာ" (ရောမ ၁း၂)၊ "ဘုရားသခင်မှုတ်သွင်းတော်မူသော… ကျမ်းစာ" (၂တိ ၃း၁၅)၊ "ဘုရားသခင်၏ဗျာဒိတ်တော်" (ဟေဗြဲ ၅း၁၂) ဟူ၍ ရည်ညွှန်းဖော်ပြကြသည်။

သမ္မာကျမ်းစာ၏တစ်မူထူးခြားချက်မှာ ၎င်းမူလဇာစ်မြစ်အပေါ်တည်သည်သည်။ ကျမ်းစာရေးသားသူတို့သည် မိမိတို့မှာသတင်းစကား၏မူရင်းမဟုတ်ကြောင်း၊ ဘုရားရှင်ထံတော်မှရရှိခြင်းဖြစ်ကြောင်း အခိုင်အမာပြောဆိုကြသည်။ ဘုရားရှင်ဖွင့်ချခြင်းအားဖြင့် သူတို့လက်ဆင့်ကမ်းသည့်သမ္မာတရားများကို သူတို့ "ခံရ" ကြသည် (ဟေရှာယ ၁း၁။ အာမုတ် ၁း၁။ မိက္ခာ ၁း၁။ ဟဗက္ကုတ် ၁း၁။ ယေရမိ ၃၈း၂၁)။

သန့်ရှင်းသောဝိညာဉ်တော်သည် ပုရောဖက်များမှတစ်ဆင့် လူတို့ထံသို့ပြောပြသောသူအဖြစ် ကျမ်းစာရေးသားသူတို့သည် ညွှန်ပြကြသည် (နေဟမိ ၉း၃၀။ ဇာခရိ ၇း၁၂)။ ဒါဝိဒ်သည် "ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အားဖြင့်မိန့်တော်မူ၏။ နှုတ်ကပတ်တော်သည် ငါ့လျှာ၌တည်၏" (၂ရာ ၂၃း၂) ဟု ဆိုခဲ့သည်။ ယေဇကျေလက "ဝိညာဉ်တော်သည်ငါ့အထဲသို့ဝင်၍" "ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်သို့ သက်ရောက်၍၊" "ဝိညာဉ်တော်သည်… ငါ့ကိုချီ၍" (ယေဇကျေလ ၂း၂။ ၁၁း၅၊၂၄) ဟု ဆိုခဲ့သည်။ မိက္ခာကလည်း၊ "ထာဝရဘုရား၏ဝိညာဉ်တော်အားဖြင့် အရှိန်တန်ခိုး၊ ဥာဏ်သတ္တိ၊ အစွမ်းသတ္တိနှင့် ပြည့်စုံ၏" (မိက္ခာ ၃း၈) ဟုသက်သေခံသည်။

ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းကျမ်းထွက်ပေါ်လာရာတွင် သန့်ရှင်းသောဝိညာဉ်တော်၏ကဏ္ဍကိုအသိအမှတ်ပြုသည်။ ဒါဝိဒ်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လှုံ့ဆော်ခြင်းခံရသည်ဟု ယေရှုမိန့်တော်မူခဲ့သည် (မာကု ၁၂း၃၆)။ "ပုရောဖက်ဟေရှာယအားဖြင့်" (တမန်တော် ၂၈း၂၅) သန့်ရှင်းသောဝိညာဉ်တော်သည် စကားပြောတော်မူခဲ့သည်ကို ပေါလုယုံကြည်ခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် လူအနည်းငယ်ကိုသာမဟုတ်ဘဲ၊ ပုရောဖက်အားလုံးကို လမ်းပြတော်မူကြောင်းပေတရုဖော်ပြခဲ့သည်။ (၁ပေ ၁း၁၀၊၁၁။ ၂ပေ ၁း၂၁)။ တစ်ခါတစ်ရံမှာ ကျမ်းရေးသူသည် နောက်ကွယ်တွင်လုံးဝပျောက်ကွယ်

သွားတတ်ပြီး၊ မူလလက်ရာရှင်အစစ်အမှန်ဖြစ်သည့် သန့်ရှင်းသောဝိညာဉ်တော်သည်သာ၊ "သန့်ရှင်းသောဝိညာဉ်တော်မိန့်တော်မူသည်ကား...." "သန့်ရှင်းသောဝိညာဉ်တော်သည် အရိပ်ပေးတော်မူ၏" (ဟေဗြဲ ၃း၇။ ၉း၈) ဟူ ၍အသိအမှတ်ပြုခြင်းခံရသည်။

ဓမ္မသစ်ကျမ်းကိုရေးသားသောသူတို့သည် မိမိတို့သတင်းစကား၏အရင်းအမြစ်သည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ကြောင်းကိုလည်း အသိအမှတ်ပြုခဲ့ကြသည်။ ပေါလုသည် "ဝိညာဉ်တော်သည်အတိအလင်းဗျာဒိတ်ထားတော်မူသည်ကား၊ နောင်ကာလ၌... လူအချို့တို့သည် ယုံကြည်ခြင်းကိုစွန့်ပယ်" (၁တိမောသေ ၄း၁၊၂) ကြလိမ့်မည်ဟု ရှင်းပြထားသည်။ ယောဟန်က "သခင်ဘုရားနေ့၌ဝိညာဉ်တော်ကိုခံရ" (ဗျာ၊ ၁း၁၀) သည်ဟုပြောခဲ့သည်။ ယေရှုသည် မိမိတမန်တော်တို့ကို သန့်ရှင်းဝိညာဉ်တော်အားဖြင့် မှာထားခဲ့သည် (တမန်တော် ၁း၁၊ ဖေက် ၃း၃–၅)။

ထို့ကြောင့်ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်၌ သမ္မာကျမ်းစာမှတစ်ဆင့် မိမိကိုယ်ကိုဖွင့်ချသည်။ ဘုရားသခင်သည် သမ္မာကျမ်းစာကိုမိမိလက်တော်ဖြင့် မဟုတ်ဘဲ၊ လူပေါင်း (၄၀) ဦးခန့်၏လက်ဖြင့်၊ နှစ်ပေါင်း (၁၅၀၀) ထက်ပိုသောကာလအတွင်းရေးခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ကျမ်းရေးသားသူတို့ကို မှုတ်သွင်းခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည် ၎င်း၏လက်ရာရှင်ဖြစ်သည်။

## သမ္မာကျမ်းစာကိုမှုတ်သွင်းခြင်း

ပေါလုသည် "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်သည်" (၂တိမောသေ ၃း၁၆) ဟုဆိုသည်။ "မှုတ်သွင်းခြင်း" ဟူ၍ပြန်ဆိုသော ဟေလသ (ဂရိ) စကားလုံးသီအိုနီးတိုးစ် (theopneutos) သည် "ဘုရားသခင်မှုတ်သည်" ဟူ၍တိုက်ရိုက်အဓိပ္ပါယ်ရသည်။ ဘုရားသခင်သည် မိမိရွေးချယ်တော်မူသောလူသားတို့၏စိတ်ထဲတွင် သမ္မာတရားကို "မှုတ်သွင်း" သည်။ ထိုနောက်သူတို့သည် သမ္မာကျမ်းစာထဲတွင်တွေ့ရသည့်စကားလုံးအတိုင်း ပြန်လည်ဖော်ပြကြသည်။ ထို့ကြောင့်မှုတ်သွင်းခြင်းသည် ဘုရားသခင်ကမိမိ၏သမ္မာတရားကို သိစေသည့်နည်းစနစ်ဖြစ်သည်။

**မှုတ်သွင်းခြင်းနည်းစနစ်။** ဘုရားရှင်၏ဖွင့်ချခြင်းကို "သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းတော်မူခြင်းကိုခံရ" သော "ဘုရားသခင်၏သန့်ရှင်းသူတို့" (၂ပေ ၁း၂၁) ကို ဘုရားသခင်မှုတ်သွင်းခြင်းအားဖြင့်ရရှိသည်။ ဤဖွင့်ချချက်များကို အကန့်အသတ်များရှိသည့် မပြည့်စုံသောလူ့စကားဖြင့်ပုံဖော်ထားသည်။ သို့ရာတွင် ၎င်းတို့သည် ဘုရားသခင်၏သက်သေခံချက်အဖြစ်ကျန်ရှိနေသည်။ ဘုရားသခင်သည် စကားလုံးများမဟုတ်ဘဲ၊ လူကိုမှုတ်သွင်းခြင်းဖြစ်သည်။

ပုရောဖက်များသည် အသံဖမ်းစက်များကဲ့သို့သွင်းထားသည့်အရာကို အတိအကျပြန်ဖွင့်ပြကြသလော။ အချို့ဖြစ်စဉ်များတွင် ဘုရားသခင်၏စကားအတိအကျကို ဖော်ပြရန်ကျမ်းရေးသူတို့သည် အမိန့်ပေးခံခဲ့ကြရသည်။ သို့သော် ဖြစ်ရပ်အများစုတွင်မူ ဘုရားသခင်သည် သူတို့မြင်သောအရာ သို့မဟုတ် ကြားသောအရာကိုရေးရန်ညွှန်ကြားသည်။ ဤအခြေအနေမျိုးတွင် ကျမ်းရေးသူတို့သည် မိမိတို့ကိုယ်ပိုင်ဘာသာစကား၊ ပုံစံနှင့်ဟန်ပန်ကိုအသုံးပြုခဲ့ကြသည်။

"ပုရောဖက်တို့သည်လည်း၊ မိမိတို့စိတ်ဝိညာဉ်ကိုထိန်းချုပ်နိုင်ကြ" (၁ကော ၁၄း၃၂) သည်ကိုပေါလုသတိပြုမိခဲ့သည်။ စစ်မှန်သောဝိညာဉ်တော်မှုတ်သွင်းခြင်းသည် ပုရောဖက်၏ပင်ကိုလက္ခဏာ၊ အကြောင်းတရား၊ ရိုးသားဖြောင့်မတ်ခြင်း သို့မဟုတ် ပင်ကိုစရိုက်ကိုမချေဖျက်ချေ။ အဆင့်တစ်ခုအထိမောရှေနှင့်အာရုန်တို့၏ဆက်ဆံရေးသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ကျမ်းရေးသူတို့အကြား ဆက်ဆံရေးကိုပုံဖော်ပေးသည်။ ဘုရားသခင်သည် မောရှေအား "သင့်ကိုဖာရောဘုရင်၏ဘုရားအရာ၌ ငါခန့်ထား၏။ သင်၏အစ်ကိုအာရုန်သည် သင်၏ပုရောဖက်ဖြစ်ရလိမ့်မည်" (ထွက် ၇း၁။ ၄း၁၅၊၁၆) ဟုဆိုခဲ့သည်။ မောရှေသည် ဘုရားသခင်၏သတင်းစကားကို အာရုန်အားပြောပြသည်။ ထို့နောက်အာရုန်သည် မိမိကိုယ်ပိုင်ဝေါဟာရနှင့် ဟန်ပန်ဖြင့်ဖာရောဘုရင်ကိုပြန်ပြောပြသည်။ ထိုနည်းတူစွာ၊ သမ္မာကျမ်းစာကိုရေးသားသူတို့သည် ဘုရားရှင်၏အမိန့်တော်များ၊ သဘောထားများနှင့် အကြံအစည်တော်များကို မိမိတို့ကိုယ်ပိုင်ဘာသာစကားပုံစံဖြင့် သိရှိစေခဲ့ကြသည်။ ဘုရားသခင်သည် ဤနည်းအားဖြင့်သိစေတော်မူသောကြောင့် သမ္မာကျမ်းစာမှ ကျမ်းအုပ်များရှိဝေါဟာရများလည်း ကွဲပြားသွားရကာ၊ ကျမ်းရေးသူတို့၏ပညာရေးနှင့်ယဉ်ကျေးမှုကိုရောင်ပြန်ဟပ်စေသည်။

"သမ္မာကျမ်းစာသည် 'ဘုရားသခင်၏သဘောထားနှင့် မျက်နှာထားပုံစံမဟုတ်ချေ။... လူတို့သည် ထိုသို့သောမျက်နှာထားသည် ဘုရားသခင်နှင့်မတူဟုမကြာမကြာပြောကြလိမ့်မည်။ သို့သော် ဘုရားသခင်သည်သမ္မာကျမ်းစာထဲမှစကားလုံးများ၊ ဆင်ခြင်တွေးခေါ်မှုများ၊ အာဝဇ္ဇန်းများတို့၌ မိမိကိုယ်ကိုထားတော်မမူချေ။' ဝိညာဉ်တော်မှုတ်သွင်းခြင်းလူ့စကားလုံးများ သို့မဟုတ် ဖော်ပြချက်များအပေါ်တွင်မဟုတ်ဘဲ၊ သန့်ရှင်းသောဝိညာဉ်တော်၏လွှမ်းမိုးခြင်းအောက်၌ရှိသော လူကိုယ်တိုင်အပေါ်သက်ရောက်ပြီး၊ သူသည် အတွေးများဖြင့်ပြည့်ဝလာသည်။ သို့သော် သူတို့ရရှိသောစကားလုံးများသည် တစ်ဦးချင်းစီ၏စိတ်တွင်စွဲနေသည်။ ဘုရားရှင်၏စိတ်တော်နှင့်အလိုတော်သည် လူသား၏စိတ်နှလုံးအလိုတို့နှင့်ပေါင်းစပ်သည်။ ထို့ကြောင့် လူသား၏ဖွင့်ဟပြောခြင်းများသည် ဘုရားသခင်၏နှုတ်တော်ထွက်စကားဖြစ်သည်။"

ဖြစ်ရပ်တစ်ခုတွင် အတိအကျမိန့်မြွက်၍ရေးသားသည့်ပညတ်တော် (၁၀) ပါး ရှိသည်။ ၎င်းတို့မှာ လူတို့မဟုတ်ဘဲ၊ ဘုရားရှင်၏ရေးသားချက်ဖြစ်သည် (ထွက် ၂၀း၁–၁၇။ ၃၁း၁၈။ တရားဟော ၁၀း၄၊၆)။ သို့ရာတွင် ဤအရာများသည်ပင် အကန့်အသတ်ရှိသောလူ့ဘာသာစကားဖြင့်ဖော်ပြရပေသည်။

ထို့ကြောင့် သမ္မာကျမ်းစာသည် ဘုရားရှင်၏သမ္မာတရားကို လူ့ဘာသာစကားဖြင့် ဖော်ပြသောစာအုပ်ဖြစ်သည်။ ရင်ခွင်ပိုက်အရွယ်ကလေးအား လျှပ်စစ်သံလိုက်စွမ်းအား ဆိုင်ရာရူပဗေဒကို သင်ပေးရမည်ကိုစဉ်းစားကြည့်ပါ။ ထိုသို့သောပြဿနာမျိုးမှာ ဘုရားသခင်အတွက် အပြစ်ရှိ၍အကန့်အသတ်နှင့်ရှိသောလူသားကို ဘုရားရှင်၏ သမ္မာတရားကို ပြောပြရန်ကြိုးပမ်းရာ၌ ရင်ဆိုင်ရသောအရာဖြစ်သည်။

လူသားအဖြစ်ခံယူသောယေရှုနှင့် သမ္မာကျမ်းစာအကြားတွင် တူညီချက်ရှိသည်ကို လေ့လာပါ။ ယေရှုသည်ဘုရားဖြစ်၍ လူသားလည်းဖြစ်ကာ၊ ပုဂ္ဂိုလ်တစ်ဦးတွင်ဘုရား ဖြစ်ခြင်းနှင့်လူသားဖြစ်ခြင်းပေါင်းစပ်ထားသည်။ သမ္မာကျမ်းစာသည်လည်းထိုနည်း အတိုင်းပင် ဘုရားရှင်နှင့်လူသားပေါင်းစပ်ထားသောစာအုပ်ဖြစ်သည်။ "နှုတ်ကပတ်တော် သည်လည်းလူဇာတိအဖြစ်ကိုခံယူ၍... ငါတို့တွင်တည်နေတော်မူသည်" (ယောဟန် ၁း၁၄) ဟူ၍ ခရစ်တော်အကြောင်းကို သမ္မာကျမ်းစာသည် အခိုင်အမာဆိုထားသည်။ ဤဘုရားနှင့် လူသားပေါင်းစပ်ခြင်းသည် သမ္မာကျမ်းစာကိုအခြားသောစာပေများထက်တစ်မူထူးခြား စေသည်။

**ဝိညာဉ်တော်မှုတ်သွင်းခြင်းနှင့်ကျမ်းရေးသူများ။** သန့်ရှင်းသောဝိညာဉ်တော် သည် ဘုရားရှင်၏သမ္မာတရားကို သိစေမည့်လူတချို့ကိုပြင်ဆင်သည်။ ဤပုဂ္ဂိုလ် တစ်ဦးချင်းစီကို ဝိညာဉ်တော်သည် မည်သို့အရည်အချင်းပြည့်မီစေသည်ကို သမ္မာကျမ်းစာ သည် ရှင်းပြမပေးချေ။ သို့သော် နည်းလမ်းတချို့ဖြင့် ဘုရားရှင်နှင့်လူသားတို့အကြား ပေါင်းစပ်မှုကို သူသည်မည်သို့ဆောင်ရွက်သည်ကိုမူရှင်းပြသည်။

သမ္မာကျမ်းစာရေးသားရာတွင် ပါဝင်သောသူတို့သည် ပင်ကိုစွမ်းရည်ကြောင့် ရွေးချယ်ခြင်းမခံကြရပါ။ ဘုရားရှင်၏ဖွင့်ချခြင်းသည် ထိုသူအားသေချာပေါက်ပြောင်းလဲ စေသည်၊ သို့မဟုတ် ထာဝရအသက်ကိုအာမခံပေးသည်ဆိုသည်မှာလည်းမဟုတ်ချေ။ ဗာလမ်သည် ဘုရားသခင်၏အကြံပြုချက်များကိုဆန့်ကျင်နေစဉ်မှာပင် ဝိညာဉ်တော် မှုတ်သွင်းခြင်း၌ ဘုရားရှင်၏သတင်းစကားကိုထုတ်ဖော်ပြောခဲ့သည် (တောလည်ရာ ၂၂–၂၄)။ သန့်ရှင်းသောဝိညာဉ်တော်၏အသုံးတော်ခံဒါဝိဒ်သည် ကြီးမားသောရာဇဝတ်မှု များကိုကျူးလွန်ခဲ့သည် (ဆာလံ ၅၁)။ သမ္မာကျမ်းစာကိုရေးသောသူအားလုံးသည် ဘုရားသခင်၏ကျေးဇူးတော်ကို နေ့စဉ်လိုအပ်သည့်ဇာတိသဘောရှိသောလူသားများဖြစ်ခဲ့ ကြသည် (ရောမ ၃း၁၂)။

သမ္မာကျမ်းစာကိုရေးသားသူတို့၏ ဝိညာဉ်တော်မှုတ်သွင်းခြင်းအတွေ့အကြုံသည် အလင်းတရားရရှိခြင်း ဘုရားရှင်၏လမ်းပြမှုတို့ထက်သာသည်။ အကြောင်းမှာ သမ္မာတရားကိုရှာဖွေသောသူအားလုံးသည် ထိုအရာများကိုရရှိကြသည်။ အမှန်မှာ သမ္မာကျမ်းရေးသားသူတို့သည် တစ်ခါတစ်ရံမိမိတို့သိစေသည့်ဘုရားသတင်းစကားကို အပြည့်အဝနားမလည်ဘဲရေးခဲ့ကြသည် (၁ပေ ၁း၁၀–၁၂)။

မိမိတို့သယ်ဆောင်သောသတင်းစကားများအပေါ် ကျမ်းရေးသူတို့၏တုံ့ပြန်မှုများသည် တူညီခြင်းမရှိချေ။ ဒံယေလနှင့်ယောဟန်တို့သည် မိမိတို့ရေးသားချက်များအပေါ် များစွာစိတ်ရှုပ်ထွေးခဲ့ရသည်ဟုဆိုကြသည် (ဒံယေလ ၈း၂၇။ ဗျာဒိတ် ၅း၄)။ (၁ပေ ၁း၁၀) ကလည်း အခြားကျမ်းရေးသူတို့သည် မိမိတို့ သို့မဟုတ် အခြားသူတို့၏ သတင်းစကားများ၏အနက်အဓိပ္ပါယ်ကို ရှာဖွေကြကြောင်းကိုပြသသည်။ တစ်ခါတစ်ရံ ဉာဏ်ပုဂ္ဂိုလ်များသည် ဝိညာဉ်တော်မှုတ်သွင်းသောသတင်းစကားကို ကြွေးကြော်ရန်ကြောက်ရွံ့ကြပြီး၊ အချို့တို့သည်ဘုရားသခင်နှင့်ပင် အငြင်းအခုံပြုကြသည် (ဟဗက္ကုတ် ၁။ ယောန ၁း၁–၃။ ၄း၁–၁၁)။

**ဖွင့်ချခြင်းနည်းလမ်းနှင့်ပါရှိသည့်အကြောင်းအရာ။** သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားရှင်၏သတင်းစကားကို ရူပါရုံနှင့်အိပ်မက်များအားဖြင့် မကြာခဏသိစေသည် (တောလည် ၁၂း၆)။ တစ်ခါတစ်ရံသူသည်ကြားနိုင်အောင် သို့မဟုတ် စိတ်ထဲတွင်စကားပြောတော်မူသည်။ ဘုရားသခင်၏ရှမွေလကို “နားအပါး” (၁ရာ ၉း၁၆) ၌ မိန့်တော်မူသည်။ ဇာခရိသည် သင်္ကေတတင်ပြချက်များနှင့်အတူ ရှင်းပြချက်များကို ရရှိခဲ့သည် (ဇာခရိ ၄)။ ပေါလုနှင့်ယောဟန်သည် ရရှိသည့်ကောင်းကင်မှရူပါရုံများသည် နှုတ်ဖြင့်ညွှန်ကြားချက်များလိုက်ပါလာသည် (၂ကော ၁၂း၁–၄။ ဗျာဒိတ် ၄၊၅)။ ယေဇကျေလသည် အခြားအရပ်တွင်ဖြစ်ပေါ်သည့်ဖြစ်ရပ်များကို ကြည့်ရှုခဲ့သည် (ယေဇ ၈)။ ကျမ်းရေးသူအချို့သည် မိမိတို့မြင်သောရူပါရုံတွင်ပါဝင်၍၊ ၎င်းရူပါရုံ၏တချို့အပိုင်းတွင် ပါဝင်လုပ်ဆောင်ကြသည် (ဗျာ ၁၀)။

ပါရှိသည့်အကြောင်းအရာနှင့်သက်ဆိုင်၍၊ ဝိညာဉ်တော်သည် အချို့တို့ကို ရောက်ရှိလာမည့်ဖြစ်ရပ်များကိုဖော်ပြခဲ့သည် (ဒံ ၂၊၇၊၈၊၁၂)။ အခြားကျမ်းရေးသူတို့မှကား၊ ကိုယ်ပိုင်အတွေ့အကြုံပေါ်အခြေခံသည့်သမိုင်း သို့မဟုတ် ရှိနှင့်ပြီးသမိုင်းမှတ်တမ်းမှ ကောက်နုတ်ချက်သမိုင်းဖြစ်ရပ်များကို မှတ်တမ်းတင်ခဲ့ကြသည် (တရားသူကြီးမှတ်စာ၊ ၁ရာ၊ ၆ရာ၊ ခရစ်ဝင်ကျမ်းများ၊ တမန်တော်ဝတ္ထု)။

**ဝိညာဉ်တော်မှုတ်သွင်းခြင်းနှင့်သမိုင်း။** “ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍၊” ကောင်းသောအရာကိုပြုစုခြင်း၊ ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေးနေထိုင်မှုအတွက် အခွင့်အာဏာရှိကြောင်း (၂တိ ၃း၁၅၊၁၆)

သမ္မာကျမ်းစာ၏အခိုင်အမာပြောဆိုမှုသည် နည်းစနစ်ကိုရွေးချယ်ရာတွင် ဘုရားရှင်၏ လမ်းပြမှုကိုသံသယဖြစ်ဖွယ်မရှိကြောင်းပြသသည်။ သတင်းစကားသည် ကိုယ်တိုင် လေ့လာချက်၊ နှုတ်ပြော သို့မဟုတ် ရေးသားသည့်အမှီအငြမ်း၊ သို့မဟုတ် တိုက်ရိုက် ဖော်ပြခြင်းအားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုအားဖြင့် ကျမ်းရေးသူထံသို့ ရောက်လာခဲ့သည်။ ဤအရာသည် သမ္မာကျမ်းစာ၏ယုံကြည်စိတ်ချရမှုကိုအာမခံသည်။

သမ္မာကျမ်းစာသည် ဘုရားသခင်၏စီမံချက်ကိုယေဘုယျယုံကြည်ချက်ပေါင်းချုပ်၌ မဖော်ပြဘဲ၊ လူသားမျိုးနွယ်နှင့်တက်တက်ကြွကြွဆက်ဆံခြင်း၌ဖော်ပြသည်။ ကိုယ်တော်၏ မိမိကိုယ်ကိုဖွင့်ချခြင်းသည် တိကျသည့်အချိန်နှင့်နေရာတွင် ဖြစ်ပျက်သောအမှန်တကယ် ဖြစ်ရပ်များ၌မြစ်ဖျားခံသည်။ သမိုင်းဖြစ်ရပ်များ၏ယုံကြည်စိတ်ချရမှုသည် လွန်စွာအရေး ကြီးသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ဘုရားသခင်၏ဂုဏ်ကို ကျွန်ုပ်တို့၏ နားလည်ခြင်းနှင့် ကျွန်ုပ်တို့အတွက်ကိုယ်တော်၏ရည်ရွယ်ချက်ဘောင်တို့ကို ပုံဖော်ပေးသည်။ မှန်ကန်တိကျစွာနားလည်ခြင်းသည် ထာဝရအသက်ကိုပို့ဆောင်သည်။ သို့သော် မမှန် မကန်ရှုမြင်ခြင်းသည် ရှုပ်ထွေးခြင်းနှင့်သေခြင်းသို့ပို့ဆောင်သည်။

ဘုရားသခင်သည် ကျမ်းရေးသူအချို့ကို ဣသရေလလူမျိုးအပေါ်မိမိ၏ ကိုင်တွယ်တော်မူခြင်းသမိုင်းကို ရေးသားစေတော်မူခဲ့သည်။ လောကီရေးရာသမိုင်း ရှုထောင့်နှင့်ကွဲပြား၍ ရေးသားထားသည့်ဤသမိုင်းဇာတ်ကြောင်းများသည် သမ္မာကျမ်းစာ၏ အရေးကြီးသောအပိုင်းတွင်ပါဝင်သည် (တောလည်ရာ ၃၃း၁၊၂။ ယောရှု ၂၄း၂၅၊၂၆။ ယေဇကျေလ ၂၄း၂)။ ၎င်းတို့သည် ဘုရားရှင်၏ရှုထောင့်မှ တိကျမှုတသောသမိုင်း ဖြစ်စဉ်များကို ကျွန်ုပ်တို့အားစီမံပေးသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျမ်းရေးသူ တို့အား အထူးသောထိုးထွင်းဉာဏ်ကိုပေးတော်မူသည်။ သို့ဖြစ်၍သူတို့သည် ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေသည့်အကောင်းနှင့်အဆိုးအကြားတိုက်လှန်ပွဲမှ ဖြစ်ရပ်များကို မှတ်တမ်းတင်နိုင်ခဲ့ကြပြီး၊ ကယ်တင်ခြင်းကိုရှာဖွေသောသူတို့ကို လမ်းပြပေးနိုင်သည်။

ဤသမိုင်းဖြစ်ရပ်များသည် “ကပ်ကာလအဆုံးတွင်ဖြစ်သော ငါတို့ကိုဆုံးမစရာဖို့ ကျမ်းစာ၌ရေးထားလျက်ရှိ” သော “ပုံသက်သေ” များဖြစ်ကြသည် (၁ကော ၁၀း၁၁)။ “ငါတို့သည် ကျမ်းစာ၌ပါသောသည်းခံခြင်း၊ သက်သာခြင်းအကြောင်းများကိုအမှီပြု၍၊ မျှော်လင့်ရသောအခွင့်ရှိစေခြင်းငှာ၊ ကျမ်းစာ၌အထက်ကရေးထားသမျှသည် ငါတို့ကိုဆုံးမ ဩဝါဒပေး၍ ရေးထားသတည်း” (ရောမ ၁၅း၄) ဟုပေါလုကထပ်၍ပြောသည်။ သောဒုံမြို့နှင့် ဂေါမောရမြို့တို့ကိုဖျက်ဆီးခြင်းသည် “ပုံသက်သေ” သို့မဟုတ် သတိပေးချက်ဖြစ်သည် (၂ပေ ၂း၆၊ ယုဒ ၇)။ အာဗြဟံ၏ဖြောင့်မတ်ခြင်းသို့ရောက်ခြင်းအတွေ့အကြုံသည် ယုံကြည်သူတိုင်းအတွက် ပုံနမူနာဖြစ်သည် (ရောမ ၄း၁–၂၅။ ယာကုပ် ၂း၁၄–၂၂)။

ဓမ္မဟောင်းကျမ်းမှ အရပ်ဘက်ဆိုင်ရာဥပဒေများသည် နက်နဲသောဝိညာဉ်ရေးအဓိပ္ပါယ်နှင့်ပြည့်ဝပြီး၊ ယနေ့ကျွန်ုပ်တို့၏အကျိုးအမြတ်အတွက် ရေးသားခြင်းဖြစ်သည် (၁ကော ၉း၈၊၉)။

လုကာသည်ယေရှု၏သက်တော်စဉ်အကြောင်းကို သိစေလိုသောကြောင့် သူ၏ခရစ်ဝင်ကျမ်းကိုရေးသားသည်ဟုဖော်ပြခဲ့သည်။ "ကိုယ်တော်သင်ပြီးသောအကြောင်းအရာတို့သည် ဧကန်အမှန်ဖြစ်ကြောင်းကိုသိစေခြင်းငှာ အစဉ်အတိုင်းရေးသားထားသည်" (လုကာ ၁း၄)။ ယောဟန်သည်ယေရှုသက်တော်စဉ်မှဖြစ်ရပ်များကို စိစစ်ရွေးချယ်၍ မိမိ၏ခရစ်ဝင်ကျမ်းတွင်ထည့်သွင်းခြင်းမှာ "ယေရှုသည်ခရစ်တော်တည်းဟူသောဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည်ယုံကြည်မည်အကြောင်း၊ ထိုသို့ယုံ၍နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း...တည်း" (ယောဟန် ၂၀း၃၁)။ ကျွန်ုပ်တို့ကိုကယ်တင်ခြင်းသို့ပို့ဆောင်မည့်နည်းလမ်းဖြင့် သမိုင်းကိုတင်ဆက်ရန် ဘုရားသခင်သည် ကျမ်းစာကိုရေးသောသူတို့အားခွင့်ပြုတော်မူခဲ့သည်။

သမ္မာကျမ်းစာမှပုဂ္ဂိုလ်တို့၏အတ္ထုပ္ပတ္တိများသည် ဘုရားရှင်မှတ်သွင်းခြင်း၏အခြားသောအထောက်အထားကိုပေးသည်။ ဤရာဇဝင်များသည် ထိုပုဂ္ဂိုလ်တို့၏အားနည်းချက်များနှင့် အားသာချက်များကိုဂရုတစိုက်အသေးစိတ်ချပြသည်။ ထိုသူတို့၏အပြစ်များနှင့်အောင်မြင်ခြင်းများတို့ကိုလည်း တိတိကျကျသရုပ်ဖော်သည်။

နောဧ၏မိမိကိုယ်ကိုထိန်းချုပ်မှုကင်းမဲ့ခြင်း သို့မဟုတ် အာဗြဟံ၏လိမ်လည်ခြင်းကိုဖုံးကွယ်ခြင်းမရှိချေ။ မောရှေ၊ ပေါလု၊ ယာကုပ်နှင့် ယောဟန်တို့၏ဒေါသထွက်ခြင်းများကိုလည်းမှတ်တမ်းတင်ထားသည်။

သမ္မာကျမ်းစာ၏သမိုင်းမှတ်တမ်းသည် ဣသရေလတို့၏ပညာအရှိဆုံးသောရှင်ဘုရင်၏ကျရှုံးခြင်းများနှင့် ဘိုးဘေး (၁၂) ဦးနှင့် တပည့်တော် (၁၂) ဦးတို့၏အားနည်းခြင်းများကိုဖော်ထုတ်သည်။ သမ္မာကျမ်းစာသည် ထိုအရာများအတွက်ဆင်ခြေမပေးဘဲ၊ သူတို့၏အပြစ်ကိုသေးငယ်သွားစေရန်ကြိုးပမ်းခြင်းလည်းမရှိချေ။ သူတို့၏အပြစ်ကိုအပြစ်အတိုင်းပြသ၍၊ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် သူတို့သည်ဘာဖြစ်လာသည် သို့မဟုတ် ဘာဖြစ်မလာခဲ့သည်များကိုဖော်ပြသည်။ ဘုရားရှင်၏မှုတ်သွင်းခြင်းမရှိခဲ့ပါက မည်သည့်အတ္ထုပ္ပတ္တိရေးသူကမျှ ထိုသို့သောစိတ်ဖြာလေ့လာသည့်ရှုထောင့်မှရေးသားနိုင်ကြမည်မဟုတ်ချေ။

သမ္မာကျမ်းစာကိုရေးသားသူတို့သည် ၎င်း၌ပါရှိသောသမိုင်းဖြစ်ရပ်အားလုံးကို ဒဏ္ဍာရီ သို့မဟုတ် သင်္ကေတမျှအဖြစ်မမှတ်ဘဲ၊ စစ်မှန်သောသမိုင်းမှတ်တမ်းအဖြစ်ရှုမြင်ကြသည်။ များစွာသောမျက်မှောက်ခေတ်အယုံအကြည်ကင်းမဲ့သူတို့သည် အာဒံနှင့်ဧဝ၊ ယောနနှင့်ရေလွှမ်းမိုးခြင်းအဖြစ်အပျက်များကို ငြင်းပယ်ကြသည်။ သို့သော်လည်း

ယေရှုက ၎င်းတို့သည်သမိုင်းကြောင်းအရတိကျမှန်ကန်၍၊ ဝိညာဉ်ရေးအရလည်း သက်ဆိုင်မှုရှိကြောင်း လက်ခံတော်မူခဲ့သည် (မဿဲ ၁၂း၃၉–၄၁။ ၁၉း၄–၆။ ၂၄း၃၇–၃၉)။

သမ္မာကျမ်းစာသည် တစ်ပိုင်းတစ်စကိုသာဝိညာဉ်တော်မှုတ်သွင်းခြင်း သို့မဟုတ် ဝိညာဉ်တော်မှုတ်သွင်းခြင်း၏အတိုင်းအတာကို သွန်သင်ခြင်းမရှိချေ။ ဤယူဆချက်များသည် သမ္မာကျမ်းစာ၏ဘုရားအခွင့်အာဏာကို လုယက်သောထင်မြင်ချက်များသာဖြစ်သည်။

**သမ္မာကျမ်းစာ၏မှန်ကန်တိကျမှု။** ယေရှုသည် "လူဇာတိအဖြစ်ကိုခံယူ၍၊... ငါတို့တွင်တည်နေတော်မူသည်" (ယောဟန် ၁း၁၄) နည်းတူ၊ ကျွန်ုပ်တို့သည် သမ္မာတရားကိုနားလည်ရန်အလို့ငှာ၊ သမ္မာကျမ်းစာကိုလူ့ဘာသာစကားဖြင့်ပေးထားသည်။ သမ္မာကျမ်းစာကို ဝိညာဉ်တော်မှုတ်သွင်းခြင်းသည် ၎င်း၏ယုံကြည်စိတ်ချရမှုကိုအာမခံသည်။

၎င်း၏သတင်းစကားသည်ခိုင်လုံမှန်ကန်ကြောင်း အာမခံချက်ကိုကျော်လွန်၍၊ စာသားများတစ်ဆင့်ကူးယူခြင်းကို ဘုရားသခင်သည် မည်သည့်အတိုင်းအတာအထိ ကာကွယ်သနည်း။ ရှေးလက်ရေးစာမူတို့သည် ခြားနားကြောင်းရှင်းနေပါသော်လည်း၊ ပဓာနကျသောသမ္မာတရားများကို ကာကွယ်စောင့်ရှောက်ထားသည်။ သမ္မာကျမ်းစာကို ကူးယူသူများနှင့် ဘာသာပြန်သူတို့သည် အသေးအဖွဲအမှားများပြုလုပ်နိုင်ခြေရှိသော်လည်း၊ ကျမ်းစာဆိုင်ရာရှေးဟောင်းသုတေသနပြုချက်များမှအထောက်အထားသည် လူအများက အမှားများဟုစွပ်စွဲချက်များသည် ကျမ်းတတ်ပညာရှင်ဘက်မှ အမှန်တကယ်နားလည်မှုလွဲမှားခြင်းများသာဖြစ်ကြောင်းဖော်ပြသည်။ ဤသို့သောပြဿနာတချို့ပေါ်လာရခြင်းမှာ လူတို့သည် သမ္မာကျမ်းစာမှရာဇဝင်များနှင့်ယဉ်ကျေးမှုများကို အနောက်တိုင်းအမြင်ဖြင့် ဖတ်ကြသောကြောင့်ဖြစ်သည်။ လူသားသည် တစ်ပိုင်းတစ်စသာသိသည်ကို ကျွန်ုပ်တို့ ဝန်ခံရမည်။ ဘုရားရှင်၏လုပ်ဆောင်မှုများအပေါ် သူတို့၏အမြင်သည် တစ်စိတ်တစ်ပိုင်းမျှသာရှိသည်။

ထို့ကြောင့်၊ တွေးထင်သည့်ကွာဟချက်များသည် သမ္မာကျမ်းစာအပေါ်ယုံကြည်စိတ်ချခြင်းကိုမတိုက်စားစေရပါ။ ၎င်းတို့သည် ကျွန်ုပ်တို့၏မမှန်ကန်သည့်သိမြင်နားလည်ခြင်း၏ရလဒ်သာဖြစ်ပြီး၊ အတိအကျဆိုရသော် အမှန်တကယ်အမှားများမဟုတ်ချေ။ ကျွန်ုပ်တို့အပြည့်အဝနားမလည်နိုင်သည့်စာကြောင်း သို့မဟုတ် ကျမ်းချက်ကို ကျွန်ုပ်တို့ဖတ်သောအခါ၊ ဘုရားသခင်သည် စစ်ဆေးစီရင်ခြင်းခံနေရပါသလား။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာမှကျမ်းချက်တိုင်းကို ဘယ်ခါမျှရှင်းပြနိုင်လိမ့်မည်မဟုတ်ချေ။ ရှင်းပြရန်လည်း မလိုအပ်ချေ။ ပြည့်စုံပြီးသောအနာဂတ်ဟောပြောချက်များသည် ကျမ်းစာ၏ယုံကြည်စိတ်ချရခြင်းကို မှန်ကန်ကြောင်းအတည်ပြုသည်။

သမ္မာကျမ်းစာကိုဖျက်ဆီးရန်ကြိုးစားသော်လည်း အံ့သြဖွယ်နိမိတ်ဖြင့် မှန်ကန်တိကျမှုကိုထိန်းသိမ်းထားသည်။ ပင်လယ်သေတွင်တွေ့ရှိသည့်ရှေးစာလိပ်များနှင့် ဓမ္မဟောင်းကျမ်း၏အနောက်ပိုင်းလက်ရေးစာမူတို့ကို နှိုင်းယှဉ်ရာ၊ တစ်ဆင့်ကူးယူရာတွင် စေ့စပ်သေချာမှုကိုဖော်ပြသည်။ ၎င်းတို့သည်သမ္မာကျမ်းစာ၏ယုံကြည်စိတ်ချရခြင်းကို မမှားယွင်းနိုင်သော ဘုရားသခင်၏အလိုတော်ဖွင့်ချခြင်းအဖြစ်ခိုင်မာစေသည်။

## သမ္မာကျမ်းစာ၏အခွင့်အာဏာ

ဘုရားသခင်သည်သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သမ္မာကျမ်းစာ၌ စကားမိန့်တော်မူသောကြောင့်၊ သမ္မာကျမ်းစာသည် ဘုရားရှင်၏အခွင့်အာဏာရှိသည်။ ထို့ကြောင့် သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်တော်ထွက်စကားအတွက် ရေးသားထားသည့် အထောက်အထားဖြစ်သည်။ ဤသို့အခိုင်အမာပြောဆိုရာတွင် သက်သေကားအဘယ်မှာနည်း။ ကျွန်ုပ်တို့၏အသက်တာအတွက်နှင့် အသိပညာကိုရှာဖွေရာတွင် ပါဝင်ပတ်သက်မှုများသည်အဘယ်နည်း။

**သမ္မာကျမ်းစာ၏အဆိုများ။** မိမိတို့၏သတင်းစကားမှာ ဘုရားသခင်ထံတော်မှ တိုက်ရိုက်လာသည်ဟု သမ္မာကျမ်းစာကိုရေးသားသူတို့ကသက်သေခံကြသည်။ ယေရမိ၊ ယေဇကျေလ၊ ဟောရှေနှင့်အခြားသူတို့ထံသို့ရောက်လာသောအရာမှာ "ဘုရားသခင်၏နှုတ်ကပတ်တော်" ဖြစ်သည်။ (ယေရမိ ၁း၁၊၂၊၉။ ယေဇ ၁း၃။ ဟောရှေ ၁း၁။ ယောလ ၁း၁။ ယောန ၁း၁)။ ဘုရားသခင်၏တမန်တော်များအဖြစ် (ဟဂ္ဂဲ ၁း၁၃။ ဇရာ ၃၆း၁၆) ဘုရားသခင်၏ပုရောဖက်များသည် ကိုယ်တော်၏နာမတော်ဖြင့် "အရှင်ထာဝရဘုရားမိန့်တော်မူသည်" (ယေဇ ၂း၄) ဟုပြောကြားရန် အမိန့်တော်ကိုခံခဲ့ရကြသည်။ ကိုယ်တော်၏နှုတ်ကပတ်တော်သည် သူတို့ကိုဘုရားရှင်၏လူနှင့်အခွင့်အာဏာဖြစ်ကြောင်းကိုသက်သေပြသည်။

တစ်ခါတလေဘုရားသခင်အသုံးပြုတော်မူသော လူသားကိုယ်စားလှယ်သည် နောက်ခံ၌မှေးမှိန်နေတတ်သည်။ မဿဲသည်ဓမ္မဟောင်းကျမ်းမှပုရောဖက်၏နောက်ကွယ်က တန်ခိုးအာဏာကိုညွှန်းဆိုရာတွင်၊ သူသည် "ထာဝရဘုရားသည်ပုရောဖက်ဖြင့်ထားတော်မူသောဗျာဒိတ်တော်ပြည့်စုံမည်အကြောင်းတည်း" (မဿဲ ၁း၂၂) ဟူသော စကားလုံးများဖြင့်ကိုးကားသည်။ ဘုရားသခင်သည် တိုက်ရိုက်အခွင့်အာဏာရှိသူဖြစ်တော်မူ၍၊ ပုရောဖက်မူကား တစ်ဆင့်ခံကိုယ်စားလှယ်ဖြစ်သည်။

ပေတရုသည်ပေါလုရေးသားသည့်စာပေများကို ကျမ်းစာနှင့်တန်းတူအဆင့်၌ထားသည် (၂ပေ ၃း၁၅၊၁၆)။ ပေါလုသည်မိမိရေးသည့်အရာနှင့်သက်ဆိုင်၍၊ "လူထံမှာငါခံရသည်မဟုတ်။ ယေရှုခရစ်၏ဗျာဒိတ်တော်မှတစ်ပါး အခြားသောဥပဒေသကို

ငါမခံသည်အကြောင်းကို သင်တို့အား ငါကြားလိုက်ရ၏" (ဂလာတိ ၁း၁၂) ဟုသက်သေခံသည်။ ဓမ္မသစ်ကျမ်းကိုရေးသားသူတို့သည် ခရစ်တော်၏စကားများကို ကျမ်းစာအဖြစ်လက်ခံခဲ့ကြပြီး၊ ၎င်းတို့သည် ဓမ္မဟောင်းကျမ်းများကဲ့သို့ အလားတူအခွင့်အာဏာရှိသည်ဟုမှတ်ယူခဲ့ကြသည် (၁တိ ၅း၁၈။ လုကာ ၁၀း၇)။

**ယေရှုနှင့်သမ္မာကျမ်းစာ၏အခွင့်အာဏာ။** မိမိ၏သာသနာတစ်လျှောက်လုံး၊ ယေရှုသည်သမ္မာကျမ်းစာ၏အခွင့်အာဏာကို အလေးပေးတော်မူခဲ့သည်။ စာတန်စုံစမ်းချိန် သို့မဟုတ် ရန်ဘက်နှင့်တိုက်ခိုက်ချိန်တွင် "ကျမ်းစာလာသည်" မှာ ကိုယ်တော်၏အကာအကွယ်နှင့်တိုက်စစ်ဖြစ်ခဲ့သည် (မဿဲ ၄း၄၊၇၊၁၀။ လုကာ ၂၀း၁၇)။ "ယေရှုကလည်း၊ လူသည်မုန့်အားဖြင့်သာအသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်" (မဿဲ ၄း၄) ဟု မိန့်တော်မူခဲ့သည်။ တစ်စုံတစ်ဦးကထာဝရအသက်ကိုရရန် မည်သို့ပြုရမည်ကိုမေးသောအခါ၊ "ကိုယ်တော်က၊ ပညတ္တိကျမ်း၌အဘယ်သို့လာသနည်း။ သင်သည်အဘယ်သို့ဖတ်သနည်းဟုမေးတော်မူ၏" (လုကာ ၁၀း၂၆)။

ယေရှုသည်သမ္မာကျမ်းစာကို လူသားတို့၏ထုံးစံဓလေ့နှင့်အတွေးအခေါ်၏အထက်၌ထားသည်။ ကိုယ်တော်သည်ယုဒတို့ကို သမ္မာကျမ်းစာ၏အခွင့်အာဏာကိုဘေးဖယ်ထားမှုအတွက် ပြစ်တင်တော်မူခဲ့သည် (မာကု ၇း၇-၉)။ ပြီးနောက်၊ "ကျမ်းစာ၌သင်တို့သည် တစ်ခါတစ်ရံမျှမဖတ်ဖူးသလော" (မဿဲ ၂၁း၄၂။ မာကု ၁၂း၁၀၊ ၂၆ နှင့်ယှဉ်ဖတ်ပါ) ဟူ၍၊ သမ္မာကျမ်းစာကိုသာ၍ဂရုတစိုက်လေ့လာကြရန် မေတ္တာရပ်ခံခဲ့သည်။

ကိုယ်တော်သည်အနာဂတ္တိစကား၏အခွင့်အာဏာကို အခိုင်အမာယုံကြည်၍၊ ၎င်းသည်မိမိကိုယ်တိုင်ကိုညွှန်ပြကြောင်းကိုဖော်ပြခဲ့သည်။ ကိုယ်တော်သည် "ထိုကျမ်းစာပင်ငါ၏သက်သေဖြစ်၏။" "သင်တို့သည်မောရှေ၏စကားကိုယုံလျှင် ငါ့စကားကိုမယုံဘဲမနေနိုင်ကြ။ အကြောင်းမူကား၊ မောရှေသည်ငါ့အကြောင်းကိုရေးထား၏" (ယောဟန် ၅း၃၉၊၄၆) ဟုမိန့်တော်မူခဲ့သည်။ ယေရှုသည်ဘုရားပေးအမှုတော်ထမ်းဆောင်ကြောင်းအခိုင်အမာဆုံးလက်ခံယုံကြည်စေသောအရာမှာ ဓမ္မဟောင်းကျမ်းမှအနာဂတ်ဟောပြောချက်ကို ပြည့်စုံစေခြင်းဖြစ်သည်။

ထို့ကြောင့်၊ ခရစ်တော်သည်သမ္မာကျမ်းစာမှာ လူသားမျိုးနွယ်အတွက် ဘုရားသခင်၏အလိုတော်ကိုဖော်ပြသည့်အခွင့်အာဏာရှိအဖြစ် သံသယကင်းမဲ့စွာလက်ခံခဲ့သည်။ ကိုယ်တော်သည်သမ္မာကျမ်းစာကို မှားယွင်းသောထုံးစံဓလေ့များနှင့် စိတ်ကူးယဉ်မှုများ၏အမှောင်ထုထဲမှကယ်တင်ခြင်းအသိပညာကိုပေးသည့် စစ်မှန်သည့်အလင်းတရားသို့ လူသားတို့အားပို့ပေးသည့်ရည်ရွယ်ချက်ဖြင့် ဖော်ပြသောသမ္မာတရားအစုအဝေးအဖြစ်ရှုမြင်ခဲ့သည်။

**သန့်ရှင်းသောဝိညာဉ်တော်နှင့် သမ္မာကျမ်းစာ၏အခွင့်အာဏာ။** ယေရှု အသက်ရှင်စဉ်အချိန်အတွင်း ဘာသာရေးခေါင်းဆောင်များနှင့် သတိမဲ့နေသောလူတို့သည် ကိုယ်တော်သည်အမှန်တကယ်မည်သူမည်ဝါဖြစ်ကြောင်းကို သတိမပြုမိခဲ့ကြချေ။ အချို့တို့ကကိုယ်တော်သည်နှစ်ခြင်းဆရာယောဟန်၊ ဧလိယ သို့မဟုတ် ယေရမိစသည့် သာမန်လူသားပရောဖက်ဖြစ်သည်ဟုစိတ်ထင်ခဲ့ကြသည်။ ပေတရုသည်ယေရှုအား "ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသောဘုရားသခင်၏သားတော်ဖြစ်သည်" ဟု လျှောက်သောအခါ၊ ဤသို့သောဝန်ခံခြင်းသည် ဘုရားရှင်၏ဖော်ပြခြင်းအားဖြင့်သာ ဖြစ်နိုင်ကြောင်းကိုယေရှုညွှန်ပြသည် (မဿဲ ၁၆း၁၃–၁၇)။ ပေါလုသည်ဤအမှန်တရားကို "ယေရှုသည်သခင်ဘုရားဖြစ်တော်မူ၏ဟု သန့်ရှင်းသောဝိညာဉ်တော်ကိုအမှီမပြုလျှင်၊ အဘယ်သူမျှမပြောနိုင်" (၁ကော ၁၂း၃) ဟု အလေးအနက်ဆိုသည်။

သမ္မာကျမ်းစာသည်လည်း ထိုနည်းတူဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်သည် သန့်ရှင်းသောဝိညာဉ်တော်၏အလင်းပြခြင်းမရှိလျှင်၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ သို့မဟုတ် ၎င်းသည် ဘုရားသခင်၏ခိုင်လုံသောအလိုတော်အဖြစ်သိရှိရန်ပင် ဘယ်သောအခါမျှ မှန်ကန်စွာနားလည်နိုင်မည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် "ဘုရားသခင်၏ နက်နဲသောအရာကို ဘုရားသခင်၏ဝိညာဉ်တော်မှတစ်ပါး အဘယ်သူမျှမသိ" (၁ကော ၂း၁၁)။ ဆက်လက်၍၊ "ဇာတိပကတိလူသည် ဘုရားသခင်၏ဝိညာဉ်တော်အရာတို့ကို မခံမယူ။ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟုထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍နားလည်နိုင်သည်" (၁ကော ၂း၁၄)။ သို့ဖြစ်၍ "ဆုံးရှုံးခြင်းသို့ရောက်သောသူတို့၌ လက်ဝါးကပ်တိုင်တော်တရားသည် မိုက်သောတရားဖြစ်၏" (၁ကော ၁း၁၈)။

သန့်ရှင်းသောဝိညာဉ်တော်၏အမအစဖြင့်သာ၊ "ဘုရားသခင်၏နက်နဲသော အရာကို" (၁ကော ၂း၁၀) ရှာဖွေသောသူသည် ဘုရားသခင်နှင့်ကိုယ်တော်၏အလိုတော်ကို ဖွင့်ချသောအရာအဖြစ် သမ္မာကျမ်းစာ၏အခွင့်အာဏာကို ယုံကြည်လက်ခံသောသူ ဖြစ်လာနိုင်သည်။ ထိုအခါလက်ဝါးကပ်တိုင်တော်သည် "ဘုရားသခင်၏တန်ခိုးတော်" (၁ကော ၁း၁၈) ဖြစ်လာ၍၊ "ငါတို့သည်လောကီဝိညာဉ်ကိုမခံရကြ။ ဘုရားသခင်ပေးတော်မူသောအရာတို့ကိုသိခြင်းအလိုငှာ ဘုရားသခင့်ထံမှကြွလာသောဝိညာဉ်ကိုခံရကြပြီ" (၁ကော ၂း၁၂) ဟူ၍ ပေါလုနှင့်အတူသက်သေခံနိုင်သည်။

သမ္မာကျမ်းစာနှင့်သန့်ရှင်းသောဝိညာဉ်တော်ကို ဘယ်ခါမျှသီးခြားခွဲ၍မရချေ။ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာမှသမ္မာတရားကို ဖန်တီးသူနှင့်ဖော်ပြသူ ဖြစ်သည်။

ကျွန်ုပ်တို့အသက်တွင် သမ္မာကျမ်းစာ၏အခွင့်အာဏာတိုးခြင်း၊ လျော့ခြင်းဆိုသည်မှာ ဝိညာဉ်တော်မှုတ်သွင်းခြင်းနှင့်ဆိုင်၍ ကျွန်ုပ်တို့၏အမြင်သဘောထားအပေါ်မူတည်သည်။ သမ္မာကျမ်းစာသည်လူသားတို့၏သက်သေခံချက်များပေါင်းချုပ်အဖြစ်မျှသာတွေးဆ၍ သို့မဟုတ် ကျွန်ုပ်တို့၏စိတ်ခံစားချက်များကိုမည်သို့ကိုင်လှုပ်သည်ဆိုသည့်အပေါ် ၎င်း၏အခွင့်အာဏာကိုခံယူလျှင်၊ ကျွန်ုပ်တို့သည်၎င်း၏အခွင့်အာဏာကိုကျွန်ုပ်တို့အသက်တာတွင်ဆုတ်ယုတ်စေကြသည်။ လူသားတို့သည် မည်မျှပင်အားနည်း၍၊ မည်သို့ပင်ဖြစ်နေခဲ့ကြစေကာမူ ကျမ်းရေးသူတို့မှတစ်ဆင့် ဘုရားသခင်၏အသံတော်ကိုကျွန်ုပ်တို့ခွဲခြားသိရှိသောအခါ၊ သမ္မာကျမ်းစာသည်ယုံကြည်ချက်နှင့်ဆိုင်သောအရာများ၊ ဆုံးမသြဝါဒပေးခြင်း၊ အမှားကိုပြုပြင်ခြင်း၊ ဖြောင့်မတ်ခြင်းတရားကိုသွန်သင်ခြင်းအရာတို့၌ အကြွင်းမဲ့အခွင့်အာဏာရှိလာသည် (၂တိ ၃း၁၆)။

**သမ္မာကျမ်းစာအခွင့်အာဏာ၏အတိုင်းအတာ။** သမ္မာကျမ်းစာနှင့်သိပ္ပံပညာတို့အကြား ကွဲလွဲခြင်းများသည် မကြာခဏထင်မြင်ချက်၏အကျိုးဆက်ဖြစ်သည်။ ကျွန်ုပ်တို့သည် သိပ္ပံပညာနှင့်သမ္မာကျမ်းစာကိုလိုက်ဖက်မညီစေနိုင်ရခြင်းမှာ ကျွန်ုပ်တို့သည် "သိပ္ပံပညာရပ် သို့မဟုတ် ဘုရားရှင်၏ဖော်ပြခြင်းကို မပြည့်မစုံနားလည်ခြင်းကြောင့်ဖြစ်၍၊... သို့သော်မှန်ကန်စွာနားလည်ခဲ့မည်ဆိုလျှင်၊ ၎င်းတို့သည်အံကိုက်ဖြစ်နေသည်။"

လူသားတို့၏ပညာအားလုံးသည် သမ္မာကျမ်းစာ၏အခွင့်အာဏာအောက်၌ရှိနေရမည်။ သမ္မာကျမ်းစာမှသမ္မာတရားများသည် အခြားအတွေးအခေါ်အားလုံးကိုဆန်းစစ်ရမည့်စံဖြစ်သည်။ ကန့်သတ်ချက်ရှိသည့်လူသားတို့၏စံနှုန်းအားဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုအကဲဖြတ်ခြင်းသည် ကြယ်တို့၏အကွာအဝေးကို ပေတံဖြင့်တိုင်းတာရန်ကြိုးစားခြင်းနှင့်တူသည်။ သမ္မာကျမ်းစာသည် လူတို့၏စံနှုန်းများအောက်တွင်ရှိမနေရပါ။ ၎င်းသည်လူသားတို့၏ပညာအားလုံးနှင့် စာပေအားလုံးထက်သာလွန်သည်။ ကျွန်ုပ်တို့သည်သမ္မာကျမ်းစာကိုအကဲဖြတ်နေသည်ထက်၊ လူအားလုံးသည်၎င်း၏တရားစီရင်ခြင်းကိုခံရကြမည်။ အကြောင်းမှာ ၎င်းသည်အကျင့်စာရိတ္တ၏စံချိန်နှင့်၊ အတွေးအခေါ်နှင့်အတွေ့အကြုံအားလုံးကိုဆန်းစစ်သည့်အရာဖြစ်သည်။

နောက်ဆုံးအနေဖြင့်၊ ပုရောဖက်ပြုခြင်းဆုကျေးဇူး သို့မဟုတ် ဘာသာစကားအမျိုးမျိုးကိုပြောခြင်း (၁ကော ၁၂။ ၁၄း၁။ ဧဖက် ၄း၇–၁၆) အားဖြင့်လမ်းပြခြင်းအပါအဝင်၊ သန့်ရှင်းသောဝိညာဉ်တော်မှလာသောဆုကျေးဇူးများကိုပင် သမ္မာကျမ်းစာသည်အခွင့်အာဏာကိုကိုင်စွဲထားသည်။ ဝိညာဉ်တော်ဆုကျေးဇူးများသည် သမ္မာကျမ်းစာကိုအစားမထိုးပါ။ အမှန်မှာ၊ ၎င်းတို့ကိုသမ္မာကျမ်းစာဖြင့်စစ်ဆေးရမည်။ အကယ်၍သမ္မာကျမ်းစာနှင့်ကိုက်ညီမှုမရှိပါသော်၊ ၎င်းတို့သည်မစစ်မှန်သောကြောင့်စွန့်ပစ်ရမည်။

“တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်း နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင်၊ သူတို့၌အရုဏ်မတက်သေး” (ဟေရှာယ ၈း၂၀)။

## သမ္မာကျမ်းစာစုဖွဲ့မှု

သမ္မာကျမ်းစာကိုအပေါ်ယံဖတ်ခြင်းသည် အပေါ်ယံသာနားလည်လိမ့်မည်။ ထိုသို့ဖတ်ခြင်းဖြင့် သမ္မာကျမ်းစာသည်ဖြစ်ရပ်များ၊ တရားဟောချက်များနှင့် သမိုင်းရာဇဝင်တို့ပေါက်သောက်ရောထွေးနေသကဲ့သို့ဖြစ်နေလိမ့်မည်။ သို့ရာတွင် ဘုရားသခင်၏ဝိညာဉ်တော်၏အလင်းပေးခြင်းကိုခံယူသောသူများ၊ ဝှက်ထားသော သမ္မာတရားကို စိတ်ရှည်ခြင်းနှင့်များစွာဆုတောင်းခြင်းတို့ဖြင့်ရှာဖွေရန် စိတ်ပါသော သူတို့သည် ကယ်တင်ခြင်းလမ်းစဉ်ကိုသွန်သင်ရာတွင် ငုပ်နေသည့်စုဖွဲ့နေခြင်း သမ္မာကျမ်းစာ၏အထောက်အထားများကိုတွေ့ရှိကြလိမ့်မည်။ သမ္မာကျမ်းစာသည် ငြိုးငွေ့ဖွယ်အပ်ကြောင်းထပ်နေသည့်ပုံစံတူမဟုတ်ပါ။ အမှန်မှာငင်းသည်ကွဲပြားခြားနား သည့်ရှားပါးလှပသောသက်သေခံချက်များစွာဖြင့် သဟဇာတဖြစ်အောင်ဖွဲ့စည်း ထားသည့်စာအုပ်ဖြစ်သည်။ မတူညီသောရှုထောင့်များမှတင်ဆက်ထားသောကြောင့်၊ ၎င်းသည်ကာလအဆက်ဆက်မှ လူတို့၏လိုအပ်ချက်များကိုသာ၍ကောင်းစွာဖြည့်ဆည်း ပေးနိုင်သည်။

ဘုရားသခင်သည်အဆက်မပြတ်ဖွင့်ပြပြောဆိုခြင်းများဖြင့် လူသားတို့ထံသို့ မိမိကိုယ်ကိုဖော်ပြတော်မမူဘဲ၊ လူမျိုးအစဉ်အဆက်ထံသို့တဖြည်းဖြည်းချင်းဖွင့်ချ တော်မူသည်။ မောရှေသည်မိဒျန်ပြည်၌ရေးသည်ဖြစ်စေ၊ ပေါလုသည်ရောမမြို့ အကျဉ်းထောင်၌ရေးသည်ဖြစ်စေ၊ ၎င်းသည်ဝိညာဉ်တော်မှုတ်သွင်းသည့်အလားတူ ဆက်သွယ်ခြင်းကိုဖော်ပြသည်။ ဤ “တိုးတက်သောဖွင့်ချခြင်း” ကိုနားလည်ခြင်းသည် သမ္မာကျမ်းစာနှင့်၎င်း၏စုဖွဲ့မှုကိုနားလည်စေသည်။

မျိုးဆက်များခြား၍ရေးသော်လည်း၊ ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ်ကျမ်းတို့မှ သမ္မာတရားများတစ်ပေါင်းတည်းရှိနေသည်။ ၎င်းတို့သည်တစ်ခုနှင့်တစ်ခုဆန့်ကျင်၍ မနေချေ။ ဘုရားသခင်သည်တစ်ပါးတည်းရှိသကဲ့သို့ ကျမ်းနှစ်ကျမ်းသည်တစ်ခုတည်း ဖြစ်သည်။ ဓမ္မဟောင်းကျမ်းသည် အနာဂတ္တိဟောပြောချက်များနှင့်လက္ခဏာများတို့ဖြင့် ကြွလာတော်မူမည့်ကယ်တင်ရှင်၏ဧဝံဂေလိသတင်းကိုဖော်ပြသည်။ ဓမ္မသစ်ကျမ်းသည် ယေရှု၏သက်တော်စဉ်အားဖြင့် ဧဝံဂေလိတရား၏အမှန်တကယ်ဖြစ်သည့်ကြွလာတော်မူ သောကယ်တင်ရှင်ကိုဖော်ပြသည်။ ဓမ္မဟောင်းကျမ်းသည် ဓမ္မသစ်ကျမ်းအတွက် အုတ်မြစ်ဖြစ်သည်။ ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းကျမ်း၏ခက်ခဲနက်နဲသော

အရာများကိုရှင်းပြနေစဉ်၊ ဓမ္မသစ်ကျမ်းသည် ၎င်းနက်နဲသောအရာများကို ဖွင့်မည့်သော့ကိုဓမ္မဟောင်းကျမ်းကစီစဉ်ပေးသည်။

မိမိ၏နှုတ်ကပတ်တော်ကိုစူးစမ်းရှာဖွေခြင်းဖြင့် မိမိနှင့်အကျွမ်းတဝင်ရှိစေရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုကြင်နာစွာခေါ်တော်မူသည်။ ၎င်း၌ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအာမခံချက်ဆိုင်ရာ ကြွယ်ဝသောကောင်းချီးမင်္ဂလာကို ကျွန်ုပ်တို့ရှာဖွေတွေ့ရှိနိုင်သည်။ သမ္မာကျမ်းစာသည် "သြဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း" များတို့သည် ကျွန်ုပ်တို့အတွက်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့တွေ့ရှိနိုင်သည်။ ၎င်းအားဖြင့် ကျွန်ုပ်တို့သည် "စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလိုငှာပြင်ဆင်သောသူ" (၂တိ ၃း၁၆၊၁၇) ဖြစ်မည်အကြောင်းတည်း။

–ဝ–

# အခန်း– ၂
# သုံးပါးတစ်ဆူဘုရား

ထာဝစဉ်အတူတည်ရှိတော်မူသည့် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၊ သုံးပါးတစ်ဆူဘုရားရှိသည်။ ဘုရားသခင်သည်မသေနိုင်သောအရှင်၊ အနန္တတန်ခိုးရှင်၊ သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်တော်မူ၍၊ အထူးသဖြင့်နေရာတိုင်း ရောက်ရှိသောအရှင်ဖြစ်သည်။ ကိုယ်တော်သည်အနန္တဘုရားဖြစ်တော်မူရာ၊ လူသားတို့သည် နားလည်သဘောမပေါက်နိုင်ပါ။ သို့သော်ငြားလည်း ကိုယ်တော်၏မိမိကိုယ်ကိုဖွင့်ချခြင်း အားဖြင့်မူ သိရှိနိုင်သည်။ ချစ်ခြင်းမေတ္တာဖြစ်သောဘုရားသခင်သည် အစဉ်ကိုးကွယ် ထိုက်သောဘုရား၊ ကြည်ညိုဖွယ်ဘုရား၊ ဖန်ဆင်းသောအရာအားလုံး၏အမှုထမ်း အပ်သောဘုရားဖြစ်သည်။ (ကမ္ဘာ ၁း၂၆။ တရားဟော ၆း၄။ ဟေရှာယ ၆း၈။ မဿဲ ၂၈း၁၉။ ယောဟန် ၃း၁၆။ ၂ကော ၁း၂၁၊၂၂။ ၁၃း၁၄။ ဧဖက် ၄း၄–၆။ ၁ပေ ၁း၂)။

ကရာနိကုန်းပေါ်တွင်လူတိုင်းနီးပါးက ယေရှုကိုငြင်းပယ်ခဲ့ကြသည်။ လူအနည်းငယ် ကသာ ယေရှုသည်အမှန်မည်သူဖြစ်ကြောင်းကိုသိမှတ်ကြသည်။ ထိုသူတို့အထဲတွင် ကိုယ်တော်ကိုသခင်ဟုခေါ်သည့်သေလုဆဲဆဲသူခိုး (လုကာ ၂၃း၄၂) နှင့် “စင်စစ်ဤသူသည် ဘုရားသခင်၏သားတော်မှန်ပေ၏” (မာကု ၁၅း၃၉) ဟု ဆိုသည့်ရောမစစ်သားပါဝင် သည်။

ယောဟန်က “သူသည်မိမိအရပ်ဒေသသို့ကြွလာသော်လည်း၊ မိမိလူမျိုးတို့သည် သူ့ကိုလက်မခံဘဲနေကြ၏” (ယောဟန် ၁း၁၁) ဟုဆိုရာတွင်၊ လက်ဝါးကပ်တိုင်ဘေးက လူအုပ် သို့မဟုတ် ဣသရေလလူမျိုးတို့မျှသာမက၊ ခေတ်အဆက်ဆက်ကလူတို့ကိုလည်း ရည်ညွှန်းသည်။ လူတချို့မှလွဲ၍၊ လူသားအားလုံးသည် လက်ဝါးကပ်တိုင်ဘေးက ဖြောင်းဆန်နေသည့်လူအုပ်ပမာ၊ ယေရှုသည်မိမိတို့ဘုရားနှင့်ကယ်တင်ရှင်ဖြစ်ကြောင်းကို မသိမှတ်ခဲ့ကြချေ။ လူသားတို့၏အကြီးမားဆုံးနှင့် ဝမ်းနည်းစရာအကောင်းဆုံးသော ဤကျရှုံးခြင်းသည် လူသားတို့၏ဘုရားသခင်ကိုသိခြင်းသည် အကြီးအကျယ်ချို့တဲ့ နေသည်ကိုပြသသည်။

## ဘုရားသခင်ကိုသိခြင်း

ဘုရားသခင်ကိုရှင်းပြရန် ကြိုးပမ်းသည့်အယူအဆများစွာတို့နှင့် ကိုယ်တော် တည်ရှိကြောင်းကို ငြင်းဆိုချက်များစွာတို့သည် လူသားအသိဉာဏ်နှင့်စူးစမ်းရှာဖွေ မှုသည် ဘုရားရှင်ကိုထိုးထွင်း၍မသိမြင်နိုင်ကြောင်းကိုပြသသည်။ ဘုရားသခင်အကြောင်းကို

လေ့လာရန် လူသား၏ပညာတစ်ခု၌သာမှီခိုခြင်းသည် ကြယ်စုကြီးကိုလေ့လာရန် မှန်ဘီလူးကိုအသုံးပြုခြင်းနှင့်တူသည်။ ထိုကြောင့်များစွာသောသူတို့အတွက် ဘုရားသခင်၏ ဥာဏ်တော်သည် "နက်နဲသောအရာ၌ဝှက်ထားသော" (၁ကော ၂း၇) ပညာဖြစ်သည်။ သူတို့အတွက်ဘုရားသခင်သည် လျှို့ဝှက်ဆန်းကြယ်လှသည်။ ပေါလုသည် "ထိုပညာကို လောကီမင်းတစ်စုံတစ်ယောက်မျှမသိ၊ သိလျှင်၊ ဘုန်းကြီးတော်မူသောသခင်ကို လက်ဝါးကပ်တိုင်မှာမကွပ်မျက်ကြပြီ" (၁ကော ၂း၈) ဟု ရေးသားခဲ့သည်။

သမ္မာကျမ်းစာ၏အခြေခံအကျဆုံးသောပညတ်ချက်တစ်ခုမှာ "သင်၏ဘုရားသခင်ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့၊ ဥာဏ်ရှိသမျှနှင့်ချစ်လော့" (မဿဲ ၂၂း၃၇) ဖြစ်သည်။ ကျွန်ုပ်တို့သည်ကိုယ်မသိသောသူကို ချစ်၍မရနိုင်သည့်အပြင်၊ ဘုရားရှင်၏ နက်နဲသောအရာများကို ရှာဖွေ၍လည်းမတွေ့နိုင်ပါ (ယောဘ ၁၁း၇)။ ထိုသို့ဆိုသော် ကျွန်ုပ်တို့သည်ဖန်ဆင်းရှင်ကို မည်ကဲ့သို့သိရှိလာ၍ချစ်နိုင်မည်နည်း။

**ဘုရားသခင်ကိုသိနိုင်သည်။** လူသားတို့၏အကျပ်အတည်းကိုသိသည်ဖြစ်ရာ၊ ဘုရားသခင်သည် မိမိ၏မေတ္တာနှင့်သနားကြင်နာခြင်းဖြင့် ကျွန်ုပ်တို့ထံသို့ သမ္မာကျမ်းစာအားဖြင့်အရောက်လှမ်းသည်။ ၎င်းသည် "ခရစ်ယာန်ဘာသာသည် လူသားများကဘုရားသခင်ကိုရှာဖွေသည့်မှတ်တမ်းမဟုတ်ပါ။ ဘုရားသခင်သည်မိမိကိုယ်ကိုဖွင့်ချခြင်းနှင့် လူသားတို့အတွက်မိမိရည်ရွယ်ချက်ကို ဖော်ပြသောစာအုပ်ဖြစ်သည်။" ဤမိမိကိုယ်ကိုဖွင့်ချခြင်းသည် ပုန်ကန်သောလောကီသားများနှင့် စောင့်ရှောက်သောဘုရားသခင်အကြားအက်ကြောင်းကို ပေါင်းကူးပေးရန်ရည်ရွယ်သည်။

ဘုရားသခင်၏အကြီးမားဆုံးသောချစ်ခြင်းမေတ္တာသည် မိမိသားတော်ယေရှုခရစ်တော်ကိုယ်ထင်ပြခြင်းဖြင့်ထင်ရှားလျက်ရှိသည်။ ယေရှုအားဖြင့်ကျွန်ုပ်တို့သည် အဖခမည်းတော်ကိုသိရှိနိုင်သည်။ ယောဟန်က "ဘုရားသခင်၏သားတော်သည် ကြွလာ၍၊ မှန်သောဘုရားသခင်ကိုသိသောဥာဏ်ကို ငါတို့အားပေးတော်မူသည်" (၁ယော ၅း၂၀) ဟုဆိုသည်။

ထိုနောက်ယေရှုက "ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသောကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း သိကျွမ်းခြင်းတည်း" (ယောဟန် ၁၇း၃) ဟု မိန့်တော်မူခဲ့သည်။

ဤအရာမှာကောင်းသောသတင်းဖြစ်သည်။ ဘုရားသခင်ကိုအပြည့်အဝသိရှိရန် မဖြစ်နိုင်သော်လည်း သမ္မာကျမ်းစာသည်ကိုယ်တော်ကိုလက်တွေ့သိနိုင်ရန်တတ်နိုင်၍၊ ၎င်းသည် ကိုယ်တော်နှင့်အတူကယ်တင်သောဆက်ဆံရေးထဲသို့ ဝင်ရောက်နိုင်ရန်လုံလောက်ပေသည်။

**ဘုရားကိုသိသောဉာဏ်ကိုရရှိခြင်း။** အခြားအသိပညာနှင့်မတူဘဲ၊ ဘုရားသခင်ကိုသိသောဉာဏ်သည် ဦးနှောက်အသိမျိုးဖြစ်သကဲ့သို့ စိတ်နှလုံးနှင့်ဆိုင်သောကိစ္စလည်းဖြစ်သည်။ ၎င်းသည်အသိဉာဏ်မျှသာမဟုတ်ဘဲ၊ လူတစ်ကိုယ်လုံးပါဝင်သည်။ သန့်ရှင်းသောဝိညာဉ်တော်အတွက်စိတ်နှလုံးဖွင့်ထားခြင်းနှင့် ဘုရားသခင်၏အလိုတော်ကိုလုပ်ဆောင်လိုခြင်းတို့ရှိရမည် (ယောဟန် ၇း၁၇)။ ယေရှုက "စိတ်နှလုံးဖြူစင်သောသူတို့သည်မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကိုမြင်ရကြလတ္တံ့" (မဿဲ ၅း၈) ဟု မိန့်တော်မူခဲ့သည်။

ထို့ကြောင့်၊ မယုံကြည်သောသူတို့သည် ဘုရားသခင်ကိုနားမလည်နိုင်ပါ။ ရှင်ပေါလုက "ပညာရှိကားအဘယ်မှာရှိသနည်း။ ကျမ်းပြုဆရာကားအဘယ်မှာရှိသနည်း။ ပြဿနာ၌လေ့ကျက်သောဆရာကားအဘယ်မှာရှိသနည်း။ လောကီပညာကိုဘုရားသခင်သည်မိုက်စေတော်မူသည်မဟုတ်လော။ အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင်၏ပညာတော်စီရင်သည်နှင့်အညီ၊ လောကီသားတို့သည်မိမိတို့ပညာအားဖြင့် ဘုရားသခင်ကိုမသိဘဲနေကြသောအခါ၊ ဘုရားသခင်သည်ယုံကြည်သောသူတို့ကို ဒေသနာတော်မိုက်မဲခြင်းအားဖြင့် ကယ်တင်ခြင်းငှာစေတနာရှိတော်မူ၏" (၁ကော ၁း၂၀၊၂၁) ဟု အံ့အားသင့်စွာပြောခဲ့သည်။

သမ္မာကျမ်းစာမှဘုရားသခင်ကိုသိရှိရန် ကျွန်ုပ်တို့သင်ယူသည့်နည်းလမ်းသည် အခြားသောပညာရပ်များကိုသင်ယူသည့်နည်းလမ်းအားလုံးနှင့်ခြားနားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အထက်တွင်မိမိတို့ကိုယ်ကိုထား၍၊ ကိုယ်တော်ကိုအရာဝတ္ထုကဲ့သို့လေ့လာ၊ စိစစ်၊ တိုင်းတာ၍မရနိုင်ပါ။ ဘုရားသခင်ကိုသိသောဉာဏ်ကို ကျွန်ုပ်တို့ရှာဖွေရာတွင် ကိုယ်တော်၏မိမိကိုယ်ကိုဖွင့်ချမှုဖြစ်သော သမ္မာကျမ်းစာ၏အခွင့်အာဏာကိုနာခံရမည်။ သမ္မာကျမ်းစာသည် မိမိကိုယ်ကိုအနက်ဖွင့်ဆိုသည့်အတွက်၊ ၎င်းပြဋ္ဌာန်းသည့်အခြေခံစည်းမျဉ်းများနှင့်နည်းလမ်းများတွင် ကျွန်ုပ်တို့လိုက်နာရကြမည်။ ဤသမ္မာကျမ်းစာ၏လမ်းညွှန်ချက်များမပါရှိဘဲ၊ ကျွန်ုပ်တို့သည်ဘုရားသခင်ကိုမသိနိုင်ချေ။

ယေရှုလက်ထက်ကအလွန်များစွာသောလူတို့သည် ယေရှု၌ဘုရားသခင်၏မိမိကိုယ်ကိုဖွင့်ချခြင်းကို အဘယ်ကြောင့်မမြင်ခဲ့ကြသနည်း။ သူတို့သည်သမ္မာကျမ်းစာအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းညွှန်မှုကို ငြင်းပယ်ကြသောကြောင့်၊ ဘုရားသခင်၏သတင်းစကားကို အဓိပ္ပါယ်ကောက်လွဲပြီး၊ မိမိတို့ကယ်တင်ရှင်ကို ကပ်တိုင်တင်သတ်ခဲ့ကြသည်။ သူတို့၏ပြဿနာမှာ ဦးနှောက်အသိမဟုတ်ပါ။ ၎င်းမှာ သူတို့၏စိတ်နှလုံးကိုပိတ်ထားသောကြောင့် စိတ်ထိုင်းမှိုင်းပြီး၊ ထာဝရဆုံးရှုံးခြင်းသို့ရောက်ကြရသည်။

## ဘုရားသခင်တည်ရှိခြင်း

ဘုရားသခင်တည်ရှိခြင်းအတွက် အဓိကအထောက်အထားနှစ်ခုမှာ သဘာဝတရားနှင့် သမ္မာကျမ်းစာဖြစ်သည်။

**ဖန်ဆင်းခြင်းမှအထောက်အထား။** လူအားလုံးသည် ဘုရားသခင်၏အကြောင်းကို သဘာဝတရားနှင့်လူသား၏အတွေ့အကြုံတို့မှသင်ယူနိုင်သည်။ ဒါဝိဒ်က "မိုးကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေတော်ကိုကြားပြော၍၊ မိုးမျက်နှာကြက်သည် လက်တော်နှင့်လုပ်သောအရာများကိုပြသ၏" (ဆာလံ ၁၉း၁) ဟု ရေးခဲ့သည်။ ယောဟန်ကလည်း သဘာဝတရားအပါအဝင် ဘုရားသခင်၏ဖော်ပြခြင်းသည် လူတိုင်းကိုသိမြင်ရှင်းလင်းစေကြောင်းကို ဆုပ်ကိုင်ထားသည် (ယောဟန် ၁း၉)။ ထို့နောက် ပေါလုက "ဖန်ဆင်းတော်မူသောအရာများကိုထောက်ရှုသဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသောဘုရားသခင်၏အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏" (ရောမ ၁း၂၀) ဟူ၍ အခိုင်အမာဆိုခဲ့သည်။

လူ့အမူအကျင့်သည်လည်း ဘုရားသခင်တည်ရှိခြင်းအတွက်အထောက်အထားဖြစ်သည်။ အေသင်မြို့သူမြို့သားတို့သည် "မသိသောဘုရားသခင်" ကိုးကွယ်သည်တွင်၊ ပေါလုသည် ဘုရားသခင်ကိုယုံကြည်ကြကြောင်းသက်သေကိုတွေ့ခဲ့သည်။ သူက "သင်တို့မသိဘဲလျက်ကိုးကွယ်သော ဘုရားသခင်၏အကြောင်းကို ငါဟောပြောပြီ" (တမန်တော် ၁၇း၂၃) ဟု အခိုင်အမာဆိုခဲ့သည်။ ပေါလုသည် ခရစ်ယာန်မဟုတ်သောသူတို့၏အမူအကျင့်သည် သူတို့၏ "ကိုယ်အလိုအလျောက်" တရားတော်ကိုကျင့်ကြကြောင်းနှင့် ဘုရားသခင်၏ပညတ်တရားတော်သည် သူတို့ "စိတ်နှလုံးထဲမှာမှတ်သား" (ရောမ ၂း၁၄၊၁၅) သည်ကိုဖော်ပြသည်ဟုဆိုသည်။ ဘုရားသခင်တည်ရှိသည်ဟူသော ဤပြဋ္ဌာန်းချက်သည် သမ္မာကျမ်းစာကိုမရရှိသောသူတို့အကြား၌ပင် ရှာတွေ့နိုင်သည်။ ဤဘုရားသခင်၏ယေဘုယျမိမိကိုယ်ကိုဖွင့်ချခြင်းသည် ဘုရားသခင်တည်ရှိကြောင်းအတွက်လက်ခံပြီးဖြစ်သောအကျိုးသင့်အကြောင်းသင့် အကြောင်းပြချက်များစွာကို ဘုရားသခင်ပေးတော်မူခဲ့ပြီ။

**သမ္မာကျမ်းစာမှအထောက်အထား။** သမ္မာကျမ်းစာသည် ဘုရားသခင်၏တည်ရှိခြင်းကိုသက်သေမပြချေ။ ၎င်းသည်အမှန်ဖြစ်သည်ဟုယူဆသည်။ သမ္မာကျမ်းစာ၏အစတွင် "အစအဦး၌ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူ၏" (ကမ္ဘာ ၁း၁) ဟုဖော်ပြသည်။ သမ္မာကျမ်းစာသည်ဘုရားသခင်ကို ဖန်ဆင်းရှင်၊ ထိန်းထားသောအရှင်၊ ဖန်ဆင်းသောအရာအားလုံးကို အုပ်ချုပ်သောအရှင်အဖြစ်ဖော်ပြသည်။ ဖန်ဆင်းခြင်းလက်ရာများအားဖြင့် ဘုရားသခင်၏မိမိကိုယ်ကိုဖွင့်ချခြင်းသည် အလွန်အားကြီးသောကြောင့်၊

ဘုရားရှင်၏သမ္မာတရားကိုဖုံးဖိခြင်းမှ သို့မဟုတ် ဘုရားသခင်ရှိကြောင်းသိရှိရသော အထောက်အထားကို ငြင်းပယ်သောစိတ်မှတက်လာသောစောဒကများဖြင့် သာသနာပလူတို့သည် ဆင်ခြေဆင်လက်ရှိနိုင်ကြမည်မဟုတ် (ဆာလံ ၁၄း၁။ ရောမ ၁း၁၈–၂၂၊၂၈)။

ဘုရားသခင်အကြောင်းသမ္မာတရားကိုတွေ့ရှိနိုင်ရန်၊ အလေးအနက်ကြိုးစားသော မည်သူမဆိုယုံကြည်လက်ခံရန် ဘုရားသခင်တည်ရှိခြင်းအတွက် လုံလောက်သော အထောက်အထားများရှိသည်။ သို့ရာတွင်ယုံကြည်ခြင်းသည် မရှိမဖြစ်ရှိထားရမည့်လိုအပ်ချက်ဖြစ်သည်။ အကြောင်းမှာ "ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင်ရှိတော်မူသည်ကိုလည်းကောင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုလည်းကောင်း ယုံကြည်ရမည်" (ဟေဗြဲ၊ ၁၁း၆)။

သို့ရာတွင် ဘုရားသခင်ကိုယုံကြည်ခြင်းသည် မျက်ကန်းမဟုတ်ချေ။ ၎င်းသည် သမ္မာကျမ်းစာနှင့်သဘာဝတရားအားဖြင့် ဘုရားသခင်၏ဖွင့်ပြခြင်း၌တွေ့မြင်ရသော လုံလောက်သည့်အထောက်အထားအပေါ် အခြေခံသည်။

## သမ္မာကျမ်းစာထဲကဘုရားသခင်

သမ္မာကျမ်းစာသည် ပဓာနကျသောဂုဏ်တော်များကို သူ၏နာမတော်များ၊ လုပ်ရှားမှုများနှင့် ထူးခြားသောလက္ခဏာများအားဖြင့် ဖော်ပြပေးသည်။

**ဘုရားသခင်၏နာမတော်များ။** ဆာလံဆရာသည် "နာမတော်သည်သန့်ရှင်း၏။ ကြောက်ရွံ့ရိုသေဖွယ်ဖြစ်၏" (ဆာလံ ၁၁၁း၉) ဟု သက်သေခံပြီး၊ ဘုရားသခင်၏ လူတို့အား "အမြင့်ဆုံးသောထာဝရဘုရား၏နာမတော်ကို ထောမနာသီချင်းဆို" (ဆာလံ ၇း၁၇) ရန်နှိုးဆော်သည်။ "နာမတော်တစ်ပါးတည်းသာလျှင်မြတ်၏၊ ဘုန်းတော်သည် မြေကြီးနှင့် ကောင်းကင်အပေါ်ထက်၌ရှိသောကြောင့်၊ ထာဝရဘုရား၏နာမတော်ကိုချီးမွမ်းကြစေ" (ဆာလံ ၁၄၈း၁၃) ဟုဆိုသည်။ ဘုရားသခင်၏နာမတော်ကိုချီးမြှင့်ရန်နှင့် ချီးမွမ်းရန်မည်မျှအရေးကြီးကြောင်းကို ပညတ်တော် (၁၀) ပါး၏တတိယပညတ်တွင် "သင်၏ဘုရားသခင်ထာဝရဘုရား၏နာမတော်ကို မုသားနှင့်ဆိုင်၍မမြွက်မဆိုနှင့်" (ထွက်မြောက်ရာ ၂၀း၇) ဟူ၍ဖော်ပြထားသည်။

သမ္မာကျမ်းစာသည် ဘုရားသခင်၏ပုဂ္ဂိုလ်ဖြစ်ခြင်း၊ သဘာဝ၊ ဂုဏ်တော်နှင့် အရည်အချင်းများကိုဖော်ထုတ်ရန် နာမများစွာကိုအသုံးပြုသည်။ "ဘုရားသခင်" ဟု အဓိပ္ပါယ်ရသည့်ဟေဗြဲနာမများဖြစ်သော အဲလ် (El) နှင့် အဲလ်လောဟိမ်း (Elohim) တို့သည် ဘုရားသခင်၏တန်ခိုးကိုဖော်ပြသည်။ ၎င်းနာမတော်များသည် ဘုရားသခင်အား

ခွန်အားကြီးသောအရှင်ဖန်ဆင်းသောဘုရားအဖြစ် သရုပ်ဖော်သည် (ကမ္ဘာဦး ၁း၁။ ထွက်မြောက် ၂၀း၂။ ဒံယေလ ၉း၄)။ “အမြင့်ဆုံးသောဘုရားသခင်” အဲလ်ရွန် (Elyon) နှင့် “အမြင့်ဆုံးသောဘုရား” အဲလ်အဲလ်ရွန် (El Elyon) တို့သည် ဘုရားသခင်၏ မြင့်မြတ်သောဂုဏ်ကိုမီးမောင်းထိုးပြသည် (ကမ္ဘာဦး ၁၄း၁၈–၂၀။ ဟေရှာယ ၁၄း၁၄)။ “အရှင်” “သခင်” ဟုအဓိပ္ပါယ်ရသည့် အဒိုနိုင်း (Adonai) သည် ဘုရားသခင်အား အနန္တအုပ်စိုးသောအရှင်အဖြစ်ပုံဖော်သည် (ဟေရှာယ ၆း၁။ ဆာလံ ၃၅း၂၃)။ ဤ နာမတော်များသည် ဘုရားသခင်၏ကြီးကျယ်ခမ်းနားပြီး ထူးကဲသာလွန်သော ဂုဏ်တော်ကိုအလေးပေးသည်။

အခြားနာမတော်များသည် လူသားများနှင့်ဆက်ဆံလိုသည့် ဘုရားသခင်၏ လိုလိုလားလားရှိတော်မူခြင်းကိုဖော်ပြသည်။ “အနန္တတန်ခိုးရှင်” ရှဒိုင်း (Shaddai) နှင့် “အနန္တတန်ခိုးကြီးသောဘုရား” အဲလ်ရှဒိုင်း (El Shaddai) တန်ခိုးကြီးသောဘုရားအား ကောင်းချီးမင်္ဂလာနှင့် နှစ်သိမ့်ခြင်းအားလုံး၏မူလဖြစ်ကြောင်းကို ပြသသည် (ထွက် ၆း၃။ ဆာလံ ၉၁း၁)။ ယေဟောဝါ သို့မဟုတ် ထာဝရဘုရားဟုလည်းပြန်ဆိုသည့် ယာဝယ့် (Yahweh) ဟူသောနာမတော်သည် ဘုရားသခင်၏မိမိကိုယ်တော်တိုင်တည်ရှိတော်မူသောသဘာဝနှင့် ဖြောင့်မတ်ခြင်းတရားနှင့် ကရုဏာတရားကိုစောင့်ရှောက်ခြင်းတို့ကို အလေးပေးဖော်ပြသည် (ထွက် ၁၅း၂၊၃။ ဟောရှေ ၁၂း၅၊၆)။ ထွက်မြောက်ရာကျမ်း ၃း၁၄ တွင် ထာဝရဘုရားသည်မိမိကိုယ်ကို “ငါဖြစ်သည်အတိုင်းငါဖြစ်၏” ဟူ၍ ထုတ်ဖော်ပြီး၊ မိမိလူတို့နှင့်ဆက်ဆံရေးသည် မပြောင်းလဲကြောင်းကိုညွှန်ပြသည်။ အချို့သောဖြစ်စဉ်များတွင် ဘုရားသခင်သည် မိမိကိုယ်ကိုသာ၍ရင်းနှီးစွာ “အဘ” (တရားဟောရာ ၃၂း၆။ ဟေရှာယ ၆၃း၁၆။ ယေရမိ ၃၁း၉။ မာလခိ ၂း၁၀) အဖြစ်ပင်ဖော်ပြ၍၊ ဣသရေလလူတို့ကို “ငါ့သားဖြစ်၏။ ငါ့သားဦးဖြစ်၏” ဟုခေါ်သည် (ထွက် ၄း၂၂)။

“အဘ” ဟူသောနာမတော်မှလွဲ၍၊ ဓမ္မသစ်ကျမ်းထဲမှဘုရားသခင်အတွက်အသုံးပြုသောနာမများသည် ဓမ္မဟောင်းကျမ်းမှနာမတော်များနှင့် အဓိပ္ပါယ်တူသည်။ ဓမ္မသစ်ကျမ်းတွင်၊ ယေရှုသည်ကျွန်ုပ်တို့အား ဘုရားသခင်နှင့်ရင်းနှီးသောဆက်ဆံရေးရရှိစေရန် “အဘ” ဟူသောနာမကိုအသုံးပြုခဲ့သည် (မဿဲ ၆း၉။ မာကု ၁၄း၃၆)။

**ဘုရားသခင်၏လုပ်ရှားမှုများ။** သမ္မာကျမ်းစာကိုရေးသားသူတို့သည် ဘုရားသခင်၏ဖြစ်တည်ခြင်းထက် ကိုယ်တော်၏လုပ်ရှားမှုများကိုဖော်ပြရန် အချိန်ပိုမို အသုံးပြုကြသည်။ ကိုယ်တော်အားဖန်ဆင်းရှင် (ကမ္ဘာ ၁း၁။ ဆာလံ ၂၄း၁၊၂)။ ကမ္ဘာကိုထိန်းသိမ်းသောအရှင် (ဟေဗြဲ ၁း၃၀)၊ ရွေးနုတ်ရှင်နှင့်ကယ်တင်ရှင် (တရားဟောရာ ၅း၆၊ ၂ကော ၅း၁၉)။ လူသားတို့၏အဆုံးစွန်ကြမ္မာဝန်ထုပ်ကို သယ်ဆောင်သော

အရှင်အဖြစ်မိတ်ဆက်ပေးခဲ့သည်။ ကိုယ်တော်သည်အကြံအစည်များကိုပြု၍ (ဟေရှာယ ၄၆း၁၁)၊ ကြိုတင်ဟောချက်များပြုကာ (ဟေရှာယ ၄၆း၁၀) ကတိများကိုပေးသည် (တရားဟောရာ ၁၅း၆၊ ၂ပေ ၃း၉)။ ကိုယ်တော်သည်အပြစ်များကိုဖြေလွှတ်သောကြောင့် (ထွက် ၃၄း၇)၊ ကျွန်ုပ်တို့၏ကိုးကွယ်မှုကိုခံထိုက်သည် (ဗျာဒိတ် ၁၄း၆၊၇)။ သမ္မာကျမ်းစာသည် ဘုရားသခင်အားအုပ်စိုးသောအရှင်၊ "ဖောက်ပြန်ပျက်စီးခြင်းနှင့်ကင်းလွတ်တော်မူထသော၊ မျက်မြင်မရ၊ အရူပအရာဖြစ်တော်မူထသော၊ တစ်ဆူတည်းသောဘုရားသခင်" (၁တိမောသေ ၁း၁၇) အဖြစ်ဖော်ပြသည်။ ဘုရားသခင်သည်ပုဂ္ဂိုလ်အဖြစ်တည်ရှိကြောင်းကို သူ၏လုပ်ဆောင်တော်မူချက်များကခိုင်မာစေသည်။

**ဘုရားသခင်၏ထူးခြားသောလက္ခဏာများ။** သမ္မာကျမ်းစာကိုရေးသားသူတို့သည် ဘုရားသခင်၏အကြောင်းကို ဘုရားရှင်၏ထူးခြားသောလက္ခဏာများအကြောင်း သက်သေခံချက်များအားဖြင့် နောက်ထပ်အချက်အလက်များကိုဖြည့်ဆည်းပေးကြသည်။

မျှဝေ၍မရသောဘုရားသခင်၏ထူးခြားသောလက္ခဏာများသည် ဖန်ဆင်းသည့်အရာများကို မပေးအပ်သောဘုရားသဘာဝသွင်ပြင်များပါဝင်သည်။ ဘုရားသခင်သည် ကိုယ်တိုင်တည်ရှိသည်။ အကြောင်းမှာ "မိမိ၌အသက်" (ယောဟန် ၅း၂၆) ရှိသည်။ ကိုယ်တော်သည် "အလိုတော်" (ဧဖက် ၁း၅) နှင့် တန်ခိုးတော် (ဆာလံ ၁၁၅း၃) ရှိသမျှအတိုင်းပြုသည်။ ကိုယ်တော်သည်သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်၍ အရာရာကိုသိသည် (ယောဘ ၃၇း၁၆။ ဆာလံ ၁၃၉း၁–၁၈။ ၁၄၇း၅။ ၁ယော ၃း၂၀)။ အာလဖနှင့် ဩမေဃအဖြစ် (ဗျာဒိတ် ၁း၈)၊ ကိုယ်တော်သည်အစမှအဆုံးတိုင်အောင်သိသည် (ဟေရှာယ ၄၆း၉–၁၁)။

ဘုရားသခင်သည်နေရာတိုင်း၌ရှိသောအရှင်ဖြစ်ကာ (ဆာလံ ၁၃၉း၇–၁၂။ ဟေဗြဲ ၄း၁၃)၊ ကောင်းကင်တစ်ခွင်လုံးကိုကျော်လွန်သည်။ သို့ရာတွင် ကိုယ်တော်သည်အာကာသ၏အစိတ်အပိုင်းတိုင်းတွင် အပြည့်အဝရှိသည်။ ကိုယ်တော်သည်ကမ္ဘာအဆက်ဆက်ဘုရားသခင်ဖြစ်၍ (ဆာလံ ၉၀း၂။ ဗျာဒိတ် ၁း၈)၊ အချိန်ကာလ၏ကန့်သတ်ချက်များကိုကျော်လွန်သော်လည်း၊ အချိန်၏အခိုက်အတန့်တိုင်းတွင်အပြည့်အဝရှိသည်။

ဘုရားသခင်သည်အရာရာကိုစွမ်းသော အနန္တတန်ခိုးရှင်ဖြစ်သည်။ မိမိရည်ရွယ်ချက်ဟူသမျှကို ပြီးမြောက်စေခြင်းအားဖြင့် ကိုယ်တော်အတွက်မစွမ်းနိုင်သောအရာဘာမျှမရှိကြောင်းကို ကျွန်ုပ်တို့အားစိတ်ချစေသည် (ဒံ ၄း၁၇၊၂၅၊၃၅။ မဿဲ ၁၉း၂၆။ ဗျာ ၁၉း၆)။ ကိုယ်တော်သည်ပြီးပြည့်စုံသည်ဖြစ်ရာ ပြောင်းလဲ၍မရချေ။ ကိုယ်တော်က "ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းမရှိ" (မာလခိ ၃း၆) ဟု မိန့်တော်မူသည်။

ယင်းကြောင့် ဤထူးခြားသောလက္ခဏာများသည် ဘုရားသခင်မှာမည်သူဖြစ်ကြောင်းကို အတိအကျဖွင့်ဆိုပြီး၊ ၎င်းတို့ကိုမျှဝေ၍မရနိုင်ချေ။

ဘုရားသခင်၏မျှဝေနိုင်သည့်ထူးခြားလက္ခဏာများသည် လူသားတို့အပေါ် မေတ္တာဖြင့်အမှုထားခြင်းမှစီးဆင်းလာသည်။ ၎င်းတို့တွင်ချစ်ခြင်းမေတ္တာ (ရောမ ၅း၈)၊ ကျေးဇူးတော် (ရောမ ၃း၂၄)၊ သနားစုံမက်ခြင်း (ဆာလံ ၁၄၅း၉)၊ သည်းခံခြင်း (၂ပေ ၃း၁၅)၊ သန့်ရှင်းခြင်း (ဆာလံ ၉၉း၉)၊ ဖြောင့်မတ်ခြင်း (ဇေရ ၉း၁၅။ ယောဟန် ၁၇း၂၅)၊ တရားမျှတခြင်း (ဗျာ ၂၂း၁၂) နှင့် အမှန်တရား (၁ယော ၅း၂၀) တို့ပါဝင်သည်။

## ဘုရားသခင်၏အချုပ်အခြာအာဏာ

သမ္မာကျမ်းစာသည် ဘုရားသခင်၏အချုပ်အခြာအာဏာကို ရှင်းလင်းစွာသင်ပေးသည်။ ကိုယ်တော်သည် "အလိုတော်ရှိသည်အတိုင်းစီရင်ပြုပြင်တော်မူ၏။ လက်တော်ကို အဘယ်သူမျှမဆီးတားနိုင်" (ဒံ ၄း၃၅)။ "ကိုယ်တော်သည်ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူပြီ။ ထိုအရာတို့သည် အလိုတော်ကြောင့်ဖြစ်၍၊ ဖန်ဆင်းလျက်ရှိကြပါ၏" (ဗျာ ၄း၁၁)။ "ထာဝရဘုရားသည် ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ နက်နဲရာ အရပ်ရပ်တို့၌ အလိုတော်ရှိသမျှတို့ကိုပြုတော်မူ၏" (ဆာလံ ၁၃၅း၆)။ ထို့ကြောင့် ရှောလမုန်မင်းကြီးသည် "ရှင်ဘုရင်၏စိတ်နှလုံးသည် ရေချောင်းကဲ့သို့ဖြစ်၍၊ ထာဝရဘုရား၏ လက်တော်၌ရှိသဖြင့်၊ အလိုတော်ရှိသည်အတိုင်းလှည့်စေတော်မူ၏" (သုတ္တံ ၂၁း၁) ဟူ၍ ပြောနိုင်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်၏အချုပ်အခြာအာဏာကို သိသောပေါလုသည် "ဘုရားသခင်အလိုတော်ရှိလျှင်၊ နောက်တစ်ဖန်သင်တို့ရှိရာသို့ ငါပြန်ဦးမည်" (တမန်တော် ၁၈း၂၁။ ရောမ ၁၅း၃၂ ကိုဖတ်ပါ) ဟု ရေးသားခဲ့ပြီး၊ ယာကုပ်သည်လည်း "ထာဝရဘုရားအလိုတော်ရှိလျှင်... ဟုသင်တို့ဆိုသင့်ရာဖြစ်၏" (ယာကုပ် ၄း၁၅) ဟူ၍ သတိပေးခဲ့သည်။

**ကြိုတင်ပြဋ္ဌာန်းခြင်းနှင့်လူသားလွတ်လပ်မှု။** သမ္မာကျမ်းစာသည် ကမ္ဘာကြီး အပေါ်ဘုရားသခင်၏အပြည့်အဝထိန်းချုပ်မှုကိုဖော်ပြပေးသည်။ ကိုယ်တော်သည် လူတို့ကို "သားတော်၏ပုံသဏ္ဍာန်နှင့်တညီတည်းဖြစ်စေခြင်းငှာ" လည်းကောင်း၊ သားအရာ၌လက်ခံ၍၊ အမွေခံခြင်းငှာလည်းကောင်း ခွဲခန့်မှတ်သားသည် (ရောမ ၈း၂၉၊၃၀။ ဧဖက် ၁း၄၊၅၊၁၁၊၁၂)။ ထိုသို့သောအချုပ်အခြာအာဏာရှိခြင်းသည် လူသားတို့၏ လွတ်လပ်မှုနှင့်မည်သို့ဆက်စပ်သနည်း။

ခွဲခန့်မှတ်သားသည်ဟူသောကြိယာသည် "ကြိုတင်ပြဋ္ဌာန်းသည်" ဟူ၍အဓိပ္ပါယ် ရသည်။ သူတို့၏ကိုယ်ပိုင်ရွေးချယ်မှုကို မဓာနမထားဘဲ၊ ဘုရားသခင်သည်လူတချို့ကို

ကယ်တင်ခြင်းအတွက်နှင့် အခြားသူတို့ကိုပြစ်ဒဏ်ချမှတ်ခြင်းအတွက် အကြွင်းမဲ့ အာဏာရှင်ဆန်ဆန်ရွေးကောက်သည်ဟု ဤကျမ်းပိုဒ်များကသွန်သင်ကြောင်း လူအချို့ တို့ကယူဆကြသည်။ သို့သော် ဤကျမ်းပိုဒ်များနှင့်ဆက်စပ်သည့်အကြောင်းအရာကို လေ့လာရာတွင်၊ ပေါလုသည် ဘုရားသခင်၏မည်သူကိုမဆို စိတ်ထင်တိုင်းပထုတ်ခြင်း အကြောင်းပြောနေခြင်းမဟုတ်ပါ။

ဤကျမ်းချက်များ၏ဆိုလိုရင်းမှာ အားလုံးပါဝင်ရေးဖြစ်သည်။ "လူအပေါင်းတို့ သည်ကယ်တင်ခြင်းသို့ရောက်၍၊ သမ္မာတရားကိုသိစေခြင်းငှာ၊ ဘုရားသခင်အလိုတော်ရှိ" (၁တိမောသေ ၂း၄) ကြောင်းကို သမ္မာကျမ်းစာကရှင်းလင်းစွာဖေါ်ပြသည်။ ကိုယ်တော် သည် "အဘယ်သူမျှမပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှာအလိုတော်ရှိ" (၂ပေ ၃း၉) သည်။ အချို့သောသူတို့သည်ပျောက်ဆုံးမည်အကြောင်း ဘုရားသခင် အမိန့်ချတော်မူသည့်သက်သေမရှိချေ။ ထိုသို့သောအမိန့်ဒီဂရီသည် လူတိုင်းအတွက် ယေရှုအသေခံတော်မူသည့်ကရာနိတောင်ကုန်းကို ငြင်းပယ်ရာရောက်လိမ့်မည်။ "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည်မိမိ၌တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" (ယောဟန် ၃း၁၆) ဟူသောကျမ်းချက်မှ "သူအပေါင်း" သည်မည်သူမဆိုကယ်တင်ခြင်းရနိုင် ကြောင်းကိုဆိုလိုသည်။

"ဘုရားသခင်သည်နားထောင်ခြင်းနှင့် နားမထောင်ခြင်းတို့၏အကျိုးဆက်များကို ထပ်တလဲလဲတင်ပြ၍၊ အပြစ်သားကိုနားထောင်ခြင်းနှင့် အသက်ကိုရွေးချယ်ရန် တိုက်တွန်းတော်မူသည်ဟူသောအချက်မှလည်းကောင်း (တရားဟော ၃၀း၁၉။ ယောရှု ၂၄း၁၅။ ဟေရှာယ ၁း၁၆၊၂၀။ ဗျာဒိတ် ၂၂း၁၇)၊ ကျေးဇူးတော်ကိုတစ်ကြိမ် ရရှိပြီးသောယုံကြည်သူသည် ရှုံး၍ပျောက်ဆုံးသွားနိုင်သည်ဟူသောအချက်မှလည်း ကောင်း (၁ကော ၉း၂၇။ ဂလာတိ ၅း၄။ ဟေဗြဲ ၆း၄–၆။ ၁၀း၂၉)၊ မိမိ၏ ကိုယ်ပိုင်ကြမ္မာကိုဆုံးဖြတ်ပေးသောအကြောင်းခံမှာ လူသား၏လွတ်လပ်သောဆန္ဒပင် ဖြစ်သည်။

"ဘုရားသခင်သည်လူတစ်ဦးချင်းစီ၏ရွေးချယ်မှုပြုမည့်အရာကို ကြိုတင်သိမြင် နိုင်သည်။ သို့သော် ကိုယ်တော်၏ကြိုတင်သိရှိခြင်းသည် ၎င်းရွေးချယ်မှုမှာ မည်သည့် အရာဖြစ်မည်ကို အဆုံးအဖြတ်မပေးချေ။... သမ္မာကျမ်းစာ၏ကြိုတင်ပြဋ္ဌာန်းခြင်းတွင်၊ ခရစ်တော်ကိုယုံကြည်ရန် ရွေးချယ်သောသူအပေါင်းတို့သည် ကယ်တင်ခြင်းရမည် ဟူသော ဘုရားသခင်၏နှစ်လိုဖွယ်ရည်ရွယ်ချက်ပါဝင်သည် (ယောဟန် ၁း၁၂။ ဧဖက် ၁း၄–၁၀)။"

ထိုသို့ဆိုသော်သမ္မာကျမ်းစာက ဘုရားသခင်သည်ယာကုပ်ကိုချစ်၍၊ ဧသောကို မုန်းသည် (ရောမ ၉း၁၃) နှင့်ကိုယ်တော်သည်ဖာရောဘုရင်၏စိတ်နှလုံးကိုခိုင်မာစေသည် (ရောမ ၉း၁၇၊၁၈) ဟူ၍ဖော်ပြရာတွင် မည်သည့်အဓိပ္ပါယ်ဆောင်သနည်း။ ဤကျမ်းချက်များမှဖြစ်စဉ်များက၊ ကယ်တင်ခြင်းအကြောင်းမဟုတ်ဘဲ၊ သာသနာလုပ်ငန်းအကြောင်း ပေါလု၏အလေးထားမှုကိုပြသည်။ ရွေးနုတ်ခြင်းကိုမည်သူမဆိုရရှိနိုင်သည်။ သို့ရာတွင် ဘုရားသခင်သည် လူတချို့ကိုအထူးတာဝန်များအတွက်ရွေးချယ်သည်။ ကယ်တင်ခြင်းကို ယာကုပ်နှင့်ဧသောတို့သည် တန်းတူရရှိနိုင်သည်။ သို့သော် ဘုရားသခင်သည်လောကကြီးထဲသို့ကယ်တင်ခြင်းသတင်းကိုသယ်ဆောင်မည့်မျိုးဆက်ကို ဧသော၌မဟုတ်ဘဲ၊ ယာကုပ်ကို ရွေးချယ်ခဲ့သည်။ ဘုရားသခင်သည်မိမိသာသနာဗျူဟာအတွက် အချုပ်အခြာအာဏာကို အသုံးပြုခြင်းဖြစ်သည်။

ဘုရားသခင်သည် ဖာရောဘုရင်၏စိတ်နှလုံးကိုခိုင်မာစေသည်ဟု သမ္မာကျမ်းစာက ဖော်ပြရာမှာ ဘုရားသခင်သည်ကြိုတင်ပြဋ္ဌာန်းသည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ၊ မိမိအလိုတော်အတိုင်းလုပ်ဆောင်နေခြင်းကို အသိအမှတ်ပြုခြင်းမျှသာဖြစ်သည်။ ဘုရားသခင်၏ ခေါ်ခြင်းကိုဖာရောဘုရင်၏အပျက်သဘောဆောင်သောတုံ့ပြန်မှုသည် ဖာရောဘုရင်၏ လွတ်လပ်စွာရွေးချယ်မှုအတွက် ဘုရားသခင်၏လေးစားမှုကိုအမှန်ပင်ဖော်ပြသည်။

**ကြိုတင်သိရှိခြင်းနှင့်လူသားလွတ်လပ်မှု။** လူတို့သည်ရွေးချယ်မှုများကို မပြုမီအချိန်ထိ သူတို့၏ရွေးချယ်မှုများကိုသိရှိခြင်းမရှိဘဲ၊ ဘုရားသခင်သည်လူသားတို့နှင့် ပတ်သက်သည်ဟုလူတချို့ယုံကြည်ကြသည်။ ဆိုလိုသည်မှာ ဘုရားသခင်သည်ဒုတိယအကြိမ်ကြွလာခြင်း၊ နှစ်ပေါင်းတစ်ထောင်အကြောင်း၊ ကမ္ဘာမြေကိုအသစ်ဖန်ဆင်းခြင်း စသည့်အနာဂတ်ဖြစ်ရပ်များကိုသိသော်လည်း၊ မည်သူသည်ကယ်တင်ခြင်းခံရမည်ကို မသိဟူ၍ယုံကြည်ကြသည်။ အကယ်၍ကိုယ်တော်သည် ထာဝရကာလ၏အစမှအဆုံးသို့တိုင်ဖြစ်ပေါ်မည့်အရာအားလုံးကိုသိနေခဲ့သော်၊ ဘုရားသခင်၏လူသားမျိုးနွယ်နှင့် အားကြီးသောဆက်ဆံရေးသည် ထိခိုက်လိမ့်မည်ဟုသူတို့ခံစားကြသည်။ တချို့ကကိုယ်တော်သည် အစမှအဆုံးတိုင်အောင်သိနေခဲ့လျှင် ငြီးငွေ့နေပေလိမ့်မည်ဟုလည်းဆိုကြပြန်သည်။

သို့သော် လူတစ်ဦးချင်းသည်မည်သည့်အရာပြုလုပ်မည်ကို ဘုရားသခင်သိရှိခြင်းသည် သူတို့အမှန်တကယ်မည်သည့်အရာကို ရွေးချယ်ပြုလုပ်သည်ကိုဝင်စွက်ခြင်းမရှိချေ။ သမိုင်းဆရာတစ်ဦး၏လွန်ခဲ့သောအချိန်က လူတို့ပြုလုပ်ခဲ့သည့်အရာကိုသိခြင်းသည် သူတို့၏အပြုအမူကိုဝင်စွက်သည့်ပုံစံမျိုးမဟုတ်ချေ။ ကင်မရာသည်ရှုခင်းပုံကို မှတ်တမ်းတင်သော်လည်း ၎င်းကိုမပြောင်းလဲသကဲ့သို့၊ ကြိုတင်သိရှိခြင်းသည်ပြောင်းလဲ

ခြင်းမပြုလုပ်ဘဲ၊ အနာဂတ်ကိုကြည့်ခြင်းဖြစ်သည်။ သုံးပါးတစ်ဆူ၏ကြိုတင်သိရှိခြင်းသည် လူသားတို့၏လွတ်လပ်မှုကိုဘယ်သောအခါမျှ ချိုးဖောက်ခြင်းမရှိချေ။

## သုံးပါးတစ်ဆူအကြားလုပ်ရှားမှု

ဘုရားသခင်တစ်ပါးတည်းသာရှိသလော။ ခရစ်တော်နှင့်သန့်ရှင်းသောဝိညာဉ်တော်သည် အဘယ်နည်း။

**ဘုရားတစ်ပါးတည်းဖြစ်ခြင်း။** ပတ်ဝန်းကျင်ရှိတိုင်းတစ်ပါးများနှင့်ဆန့်ကျင်၍၊ ဣသရေလတို့သည် ဘုရားတစ်ပါးတည်းရှိသည်ကို ယုံကြည်ခဲ့ကြသည် (တရားဟော ၄း၃၅။ ၆း၄။ ဟေရှာယ ၄၅း၅။ ဇာခရိ ၁၄း၉)။ ဓမ္မသစ်ကျမ်းသည်လည်း ဘုရားတစ်ပါးတည်းရှိခြင်းကိုအလေးတူအထူးပြုသည် (မာကု ၁၂း၂၉–၃၂။ ယောဟန် ၁၇း၃။ ၁ကော ၈း၄–၆။ ဧဖက် ၄း၄–၆။ ၁တိ ၂း၅)။ တစ်ဆူတည်းသောဘုရားကိုကိုးကွယ်ခြင်းကို အသားပေးမှုသည် ခရစ်ယာန်တို့၏ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော သုံးပါးတစ်ဆူဘုရားအကြောင်းခံယူချက်နှင့် ဆန့်ကျင်မနေချေ။ အမှန်မှာ အမျိုးမျိုးသောဘုရားများမရှိကြောင်းကိုသာ၍ပင်ခိုင်မာစေသည်။

**ဘုရားသုံးပါးဖြစ်ခြင်း။** ဓမ္မဟောင်းကျမ်းသည် ဘုရားသုံးပါးဖြစ်ကြောင်းကို တိကျပြတ်သားစွာမသွန်သင်ထားသော်လည်း၊ ဘုရားသုံးပါးရှိကြောင်းကို သွယ်ဝိုက်၍ ရည်ညွှန်းဖော်ပြသည်။ တစ်ခါတစ်ရံ၊ ဘုရားသခင်သည် “ငါတို့ပုံသဏ္ဌာန်နှင့်တညီ တသဏ္ဌာန်တည်းလူကိုဖန်ဆင်းကြစို့” (ကမ္ဘာဦး ၁း၂၆) ဟူ၍လည်းကောင်း၊ “လူသည် ငါတို့တွင်တစ်ပါးပါးကဲ့သို့ဖြစ်၍” (ကမ္ဘာ ၃း၂၂) ဟူ၍လည်းကောင်း၊ “လာကြ၊ ဆင်းသက်ကြကုန်အံ့” (ကမ္ဘာ ၁၁း၇) ဟူ၍လည်းကောင်း၊ အများဆိုင်နာမ်စားကိုအသုံးပြုတော်မူသည်။ တစ်ခါတစ်ရံ၊ ထာဝရဘုရား၏ကောင်းကင်တမန်ကို ဘုရားသခင်နှင့်တန်းတူ သဘောထားသည်။ မောရှေထံထင်ရှားစဉ်က၊ ထာဝရဘုရား၏ကောင်းကင်တမန်က “ငါသည် သင့်အဘ၏ဘုရား၊ အာဗြဟံ၏ဘုရား၊ ဣဇက်၏ဘုရား၊ ယာကုပ်၏ဘုရား ဖြစ်သည်ဟူ၍မိန့်တော်မူ၏” (ထွက် ၃း၆)။

အမျိုးမျိုးသောကျမ်းကိုးများသည် ဘုရားသခင်၏ဝိညာဉ်တော်နှင့်ဘုရားသခင်၏ ခြားနားချက်ကိုပြသည်။ ဖန်ဆင်းခြင်းဖြစ်စဉ်တွင် “ဘုရားသခင်၏ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာလှုပ်ရှားတော်မူ၏” (ကမ္ဘာ ၁း၂)။ အချို့သောကျမ်းချက်များသည် ဝိညာဉ်တော်ကိုသာမက၊ ဘုရားသခင်၏ရွေးနုတ်ခြင်းလုပ်ငန်းတွင် တတိယပုဂ္ဂိုလ်ကိုအောက်ပါအတိုင်း ထည့်သွင်းသည်။ “ယခုတွင်အရှင်ထာဝရဘုရား [ခမည်းတော်] နှင့် ဝိညာဉ်တော် [သန့်ရှင်းသောဝိညာဉ်တော်] သည်ငါ့ [ဘုရားသခင်၏သားတော်] ကိုစေလွှတ်တော်မူ၏”

(ဟေရှာယ ၄၈း၁၆)။ "ထိုသူ [မေရှိယ] ၏အပေါ်၌ ငါ့ဝိညာဉ်ကိုငါ [ခမည်းတော်] တည်စေမည်။ သူသည်လူအမျိုးမျိုးတို့ကို တရားပေးလိမ့်မည်" (ဟေရှာယ ၄၂း၁)။

**သုံးပါးတစ်ဆူအကြားဆက်ဆံရေး။** ခရစ်တော်၏ပထမအကြိမ်ကြွလာခြင်းသည် သုံးပါးတစ်ဆူဘုရားကိုများစွာသာ၍ရှင်းလင်းစွာမြင်စေသည်။ ယောဟန်၏ခရစ်ဝင်ကျမ်းသည် တစ်မူထူး၍နက်နဲသောဆက်ဆံရေးရှိသည့် ထာဝရကာလတစ်လျှောက်စည်းစည်းလုံးလုံးအတူတူရှိတော်မူသောပုဂ္ဂိုလ်သုံးပါးဖြစ်သော ခမည်းတော်ဘုရား၊ သားတော်ဘုရားနှင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားတို့သည် သုံးပါးတစ်ဆူ၌ပါဝင်ကြောင်း ဖော်ပြသည်။

**(၁) ချစ်ခင်သောဆက်ဆံရေး။** ခရစ်တော်သည် "အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့်အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း" (မာကု ၁၅း၃၄) ဟု ကြွေးကြော်စဉ်က၊ သူသည်အပြစ်တရားကဖြစ်စေသော အဖခမည်းတော်ထံမှခွဲခွာခြင်းကို ခံစားနေခဲ့ရသည်။ အပြစ်တရားသည် လူသားနှင့်ဘုရားသခင်တို့၏မူလဆက်ဆံရေးကို ပြတ်သွားစေခဲ့သည် (ကမ္ဘာ ၃း၆–၁၀။ ဟေရှာယ ၅၉း၂)။ မိမိ၏နောက်ဆုံးအချိန်တွင်၊ အပြစ်မရှိသောယေရှုသည် ကျွန်ုပ်တို့အတွက်အပြစ်ဖြစ်လာခဲ့သည်။ ကျွန်ုပ်တို့၏ကိုယ်စား၊ ကျွန်ုပ်တို့၏အပြစ်ကိုယူဆောင်ရာတွင်၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ကြမ္မာဖြစ်သော ဘုရားသခင်ထံမှခွဲခွာခြင်းကိုတွေ့ကြုံခဲ့ရကာ၊ အကျိုးဆက်အဖြစ်အသေခံခဲ့သည်။

ယေရှု၏သေခြင်းသည် သုံးပါးတစ်ဆူဘုရားအတွက်မည်သည့်အဓိပ္ပါယ်သက်ရောက်သည်ကို အပြစ်သားများသည် ဘယ်ခါမျှနားလည်သဘောပေါက်လိမ့်မည်မဟုတ်ချေ။ ထာဝရကာလမှစ၍၊ ကိုယ်တော်သည်မိမိခမည်းတော်နှင့် ဝိညာဉ်တော်တို့နှင့်အတူရှိနေခဲ့သည်။ သူတို့သည်ထာဝရအတူရှိနေခဲ့ကြပြီး၊ အဆုံးစွန်မိမိကိုယ်ကိုပေးဆပ်ခြင်းနှင့် အချင်းချင်းချစ်ခြင်း၌ အတူတူတည်ရှိခဲ့ကြသည်။ သုံးပါးတစ်ဆူဘုရားအကြားရှိသည့် ပြည့်စုံပြီးအကြွင်းမဲ့မေတ္တာဖြင့် ကာလကြာမြင့်စွာအတူတကွရှိနေကြသည်။ "ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" (၁ယော ၄း၈) ၏အဓိပ္ပါယ်မှာ အချင်းချင်းအတွက်အသက်ရှင်လျက်၊ စုံလင်သောပြည့်စုံခြင်းနှင့်ပျော်ရွှင်ခြင်းကို သူတို့တွေ့ကြုံခံစားကြသည်။

မေတ္တာကို (၁ကော ၁၃) တွင် အနက်ဖွင့်ဆိုထားသည်။ ပြည့်စုံပြီးချစ်ခင်သောဆက်ဆံရေးရှိသည့် သုံးပါးတစ်ဆူဘုရားအကြားတွင် သည်းခံစိတ်ရှည်ခြင်းကို မည်သို့ကျင့်သုံးကြမည့်အရာ၌ လူတချို့စူးစမ်းချင်နိုင်သည်။ စိတ်ရှည်ခြင်းသည် ပုန်ကန်သောကောင်းကင်တမန်များကိုကိုင်တွယ်ရာတွင် အလျင်ဦးဆုံးလိုအပ်ခဲ့ပြီး၊ နောက်ပိုင်းတွင်ထိန်းကျောင်းရခက်သော လူသားများကိုကိုင်တွယ်ရာတွင်လိုအပ်သည်။

သုံးပါးတစ်ဆူဘုရားပုဂ္ဂိုလ်များအကြားတွင် ကွာဟချက်မရှိချေ။ သုံးပါးစလုံးသည် ဘုရားရှင်ဖြစ်တော်မူကြပြီး၊ မိမိတို့ဘုရားတန်ခိုးများနှင့် အရည်အချင်းများကိုမျှဝေကြသည်။ လူသားတို့၏အဖွဲ့အစည်းများတွင်အပြီးသတ်အာဏာသည် သမ္မတ၊ ရှင်ဘုရင် သို့မဟုတ် ဝန်ကြီးချုပ်ဟူသောတစ်ဦးဦးအပေါ်တွင်ရှိနေသည်။ သုံးပါးတစ်ဆူဘုရား၌မူ အပြီးသတ်အာဏာသည် သုံးပါးလုံးပေါ်တွင်ရှိနေသည်။

သုံးပါးတစ်ဆူဘုရားသည် တစ်ပါးတည်းရှိမနေသော်လည်း၊ ဘုရားသခင်သည် ရည်ရွယ်ချက်၊ စိတ်နှလုံးတော်နှင့်ဂုဏ်တော်တို့၌ တစ်လုံးတစ်ဝတည်းရှိသည်။ ဤတစ်လုံးတစ်ဝတည်းရှိနေခြင်းသည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့၏ ကွဲပြားသောပင်ကိုစရိုက်များကို ချေဖျက်ခြင်းမရှိချေ။ ဘုရားအကြားပင်ကိုစရိုက်ကွဲပြားခြင်းသည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့သည် ဘုရားတစ်ပါးတည်းဖြစ်သည်ဟူသော သမ္မာကျမ်းစာ၏တစ်ဆူတည်းသောဘုရားကို ဆိုလိုခြင်းအပေါ်မပျက်စေချေ။

**(၂) အလုပ်နှင့်ဆိုင်သောဆက်ဆံရေး။** သုံးပါးတစ်ဆူဘုရားအကြားတွင် လုပ်ငန်းဆက်ဆံရေးရှိနေသည်။ ဘုရားသခင်သည်မလိုအပ်ဘဲ အလုပ်ကိုထပ်၍လုပ်ဆောင်ခြင်းမရှိချေ။ စနစ်တကျရှိခြင်းသည် ကောင်းကင်နိုင်ငံ၏ပထမဥပဒေဖြစ်၍၊ ဘုရားသခင်သည်စနစ်ကျသောနည်းလမ်းများဖြင့် လုပ်ဆောင်တော်မူသည်။ ဤစည်းစနစ်ကျခြင်းသည် ဘုရားရှင်ထံတော်မှထုတ်ပြန်ခြင်းဖြစ်၍၊ သုံးပါးတစ်ဆူဘုရားအကြားပေါင်းစည်းမှုကိုထိန်းသိမ်းထားသည်။ ခမည်းတော်သည်စတင်လုပ်ဆောင်သူကဲ့သို့လည်းကောင်း၊ သားတော်သည်ကြားဖျန်ဖြေသူကဲ့သို့လည်းကောင်း၊ ဝိညာဉ်တော်သည် တည့်မတ်ပေးသူ သို့မဟုတ် ကျင့်သုံးသူကဲ့သို့လည်းကောင်း လုပ်ဆောင်ကြဟန်ရှိသည်။

လူသားအဖြစ်ခံယူခြင်းသည် သုံးပါးတစ်ဆူဘုရားအကြားအလုပ်နှင့်ဆိုင်သောဆက်ဆံရေးကိုကောင်းစွာပုံဖော်ထားသည်။ ခမည်းတော်သည်သားတော်ကိုပေးတော်မူ၍၊ သားတော်သည်လည်း မိမိကိုယ်ကိုပေးအပ်ကာ၊ ဝိညာဉ်တော်သည်ယေရှုကိုဖွားမြင်စေသည်။ (ယောဟန် ၃း၁၆။ မဿဲ ၁း၁၈၊၂၀)။ ကောင်းကင်တမန်၏မာရိထံသက်သေခံချက်သည် နက်နဲသောဘုရားရှင်လူသားဖြစ်လာခြင်းအရာ၌ သုံးပါးစလုံး၏လုပ်ဆောင်မှုများကို ရှင်းလင်းစွာညွှန်ပြပေးသည်။ "သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏အပေါ်မှာသက်ရောက်တော်မူ၍၊ အမြင့်ဆုံးသောဘုရား၏တန်ခိုးအာနုဘော်တော်သည် သင့်ကိုလွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသောသားသည်လည်း ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်" (လုကာ ၁း၃၅)။

ခရစ်တော်၏နှစ်ခြင်းမင်္ဂလာတွင် သုံးပါးတစ်ဆူဘုရားမှ တစ်ပါးချင်းစီပါဝင်တော်မူခဲ့ကြသည်။ ခမည်းတော်သည်အားပေး၍ (မဿဲ ၃း၁၇)၊ ခရစ်တော်သည်

ကျွန်ုပ်တို့၏စံနမူနာအဖြစ် ရေနှစ်ခြင်းခံယူကာ (မဿဲ ၃း၁၃–၁၅)၊ ဝိညာဉ်တော်သည် ကိုယ်တော်အားလုပ်ပိုင်ခွင့်ပေးရန်၊ မိမိကိုယ်ကိုယေရှုထံပေးအပ်ခဲ့သည် (လုကာ ၃း၂၁၊၂၂)။

ဤမြေကြီးပေါ်အသက်ရှင်သည့်နောက်ဆုံးအပိုင်းတွင် ယေရှုသည်ဝိညာဉ်တော်တည်းဟူသောဥပဇ္ဈာယ်ဆရာကိုစေလွှတ်ရန်ကတိပေးခဲ့သည်။ လက်ဝါးကပ်တိုင်ပေါ်ရိုက်ထားခြင်းခံရပြီးအဆုံးပိုင်းတွင်၊ ယေရှုသည်မိမိခမည်းတော်ထံတွင် "အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့်အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း" (မဿဲ ၂၇း၄၆) ဟုကြွေးကြော်ခဲ့သည်။ ထိုကယ်တင်ခြင်းသမိုင်း၏အခိုက်အတန့်များတွင် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်အားလုံးပါဝင်ကြသည်။

ယနေ့တွင်ခမည်းတော်နှင့်သားတော်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ကျွန်ုပ်တို့ထံသို့အရောက်လှမ်းလာကြသည်။ ယေရှုက "ခမည်းတော်ထံမှသင်တို့ဆီသို့ငါစေလွှတ်လတ္တံ့သောဥပဇ္ဈာယ်ဆရာသည် ရောက်လာသောအခါ၊ ငါ၏အကြောင်းကိုသက်သေခံလိမ့်မည်" (ယောဟန် ၁၅း၂၆) ဟုမိန့်တော်မူခဲ့သည်။ ခမည်းတော်နှင့်သားတော်သည် လူတစ်ဦးချင်းစီကိုခရစ်တော်အားဖော်ပြရန် ဝိညာဉ်တော်ကိုစေလွှတ်တော်မူသည်။ သုံးပါးတစ်ဆူဘုရား၏ကြီးမားသောဝန်ထုပ်မှာ လူတိုင်းအားဘုရားသခင်နှင့်ခရစ်တော်ကိုသိကျွမ်းစေရန် (ယောဟန် ၁၇း၃) နှင့် ယေရှုသည်အမှန်တကယ်ရှိနေစေရန်ဖြစ်သည် (မဿဲ ၂၈း၂၀)။ ယုံကြည်သူများသည် "နားထောင်ခြင်းကျေးဇူး၊ ယေရှုခရစ်၏အသွေးတော်ဖြင့် ဖျန်းခြင်းကျေးဇူးကိုခံရမည်အကြောင်း၊ ဝိညာဉ်တော်အားဖြင့်သန့်ရှင်းခြင်းသို့ရောက်၍၊ ခမည်းတော်ဘုရားသခင်၏ အနာဂတံသဉာဏ်တော်အတိုင်း" (၁ပေ ၁း၂) ရွေးကောက်ခံရသူများဖြစ်သည်ဟု ပေတရုဆိုခဲ့သည်။

တမန်တော်၏အပိတ်ကောင်းချီးမင်္ဂလာတွင် ဘုရားသုံးပါးစလုံးပါဝင်သည်။ "သခင်ယေရှုခရစ်၏ကျေးဇူးတော်လည်းကောင်း၊ ဘုရားသခင်၏မေတ္တာတော်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏မိတ်သဟာယတော်လည်းကောင်း၊ သင်တို့အပေါင်း၌ရှိစေသတည်း" (၂ကော ၁၃း၁၄)။ ဤစာရင်းတွင်ခရစ်တော်ဦးဆောင်သည်။ ဘုရားသခင်သည် လူသားများကိုဆက်သွယ်ရာတွင် လူသားအဖြစ်ခံယူသည့်ဘုရား၊ ယေရှုခရစ်တော်အားဖြင့်ဖြစ်သည်။ ဘုရားသုံးပါးစလုံးသည်ကယ်တင်ရန်အတွက် အတူတကွလုပ်ဆောင်ကြပါသော်လည်း၊ ယေရှုသည်သာလျှင်လူကဲ့သို့အသက်ရှင်၍၊ လူကဲ့သို့သေကာ၊ ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်လာခဲ့သည် (ယောဟန် ၆း၄၇။ မဿဲ ၁း၂၁။ တမန်တော် ၄း၁၂)။ သို့သော်၊ "ဘုရားသခင်သည်ခရစ်တော်အထဲ၌ရှိနေလျက်၊ လောကီသားတို့၏...ရန်ကိုငြိမ်းစေ" (၂ကော ၅း၁၉) သောကြောင့်၊ ဘုရားသခင်သည်လည်း ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ်သတ်မှတ်နိုင်ပေသည်။ အကြောင်းမှာကိုယ်တော်သည် ကျွန်ုပ်တို့အားကယ်တင်ရှင်ခရစ်တော်အားဖြင့်ကယ်တင်ခဲ့သည် (ဖေက် ၅း၂၃။ ဖိလိပ္ပိ ၃း၂၀)။

လုပ်ငန်းစဉ်တွင်၊ မတူသောဘုရားတစ်ပါးစီသည် လူသား၏ကယ်တင်ခြင်းတွင် ကွဲပြားသောလုပ်ငန်းတာဝန်များကိုထမ်းဆောင်ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှုခရစ်တော်ပြုခဲ့သည့်လုံလောက်သော ဆက်ကပ်ခြင်း၌ မည်သည့်အရာမျှထပ်ပေါင်းထည့်ခြင်းမဟုတ်ချေ။ လက်ဝါးကပ်တိုင်ပေါ်က ခရစ်တော်၏အမှန်တကယ်အပြစ်ဖြေလွှတ်ခြင်းကို စိတ်ထဲလက်ခံနိုင်ရန် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်လုပ်ဆောင်သည်။ ထို့ကြောင့် ပေါလုသည် "ဘုန်းအသရေကို မျှော်လင့်ခြင်းအကြောင်းတည်းဟူသော သင်တို့အထဲ၌တည်တော်မူသောခရစ်တော်" (ကောလောသဲ ၁း၂၇) အကြောင်းကို ပြောနေခြင်းဖြစ်သည်။

## ကယ်တင်ခြင်းကိုအာရုံပြုခြင်း

ကောင်းကင်နိုင်ငံတွင် အသက်ရှင်တော်မူသောပုဂ္ဂိုလ်သုံးပါးရှိသည်။ ကြီးမားသောတန်ခိုးရှင်များဖြစ်သည့် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ယုံကြည်ခြင်းဖြင့် ခရစ်တော်ကိုလက်ခံသောသူတို့သည် ရေနှစ်ခြင်းခံကြပြီး၊ ခရစ်တော်၌ အသစ်သောအသက်တာဖြင့် နေထိုင်ရန်သူတို့ကြိုးပမ်းကြရာတွင်၊ နားထောင်မှုရှိသော ကောင်းကင်တမန်များနှင့်အတူ ဤတန်ခိုးရှင်တို့သည် ပူးပေါင်းလုပ်ဆောင်ကြလိမ့်မည်။

ရှေးဦးအသင်းတော်သည် ယုံကြည်သူများကို ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ရေနှစ်ခြင်းပေးခဲ့ကြသည် (မဿဲ ၂၈း၁၉)။ သို့ရာတွင် ဘုရားသခင်၏မေတ္တာနှင့်ရည်ရွယ်ချက်တို့ကို ယေရှုအားဖြင့်ဖော်ပြသည်ဖြစ်ရာ၊ သမ္မာကျမ်းစာသည် သူ့အပေါ်တွင်အာရုံစိုက်လျက်ရှိသည်။ ကိုယ်တော်သည်ဓမ္မဟောင်းကျမ်းက ယဇ်ပူဇော်ခြင်းများနှင့်ပွဲများက ကြိုတင်နိမိတ်ပြခဲ့သောမျှော်လင့်ရာဖြစ်တော်မူသည်။ ကိုယ်တော်သည်ဧဝံဂေလိကျမ်းများ၏စင်မြင့်အလယ်ဗဟိုကို သိမ်းပိုက်တော်မူသောသူဖြစ်သည်။ ကိုယ်တော်သည် တမန်တော်များက တရားဟောချက်များနှင့်ဩဝါဒစာများတွင် ကြွေးကြော်ကြသည့်မင်္ဂလာရှိသောမျှော်လင့်ရာဖြစ်သည်။ ဓမ္မဟောင်းကျမ်းသည် ကိုယ်တော်ကြွလာခြင်းကိုစောင့်စားခဲ့သည်။ ဓမ္မသစ်ကျမ်းသည် ကိုယ်တော်၏ပထမအကြိမ်ကြွလာခြင်းကိုအစီရင်ခံပြီး၊ ကိုယ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းကိုစောင့်မျှော်နေသည်။

ဘုရားသခင်နှင့်ကျွန်ုပ်တို့အကြားက ကြားဖျန်ဖြေသူခရစ်တော်သည်၊ ကျွန်ုပ်တို့ကိုသုံးပါးတစ်ဆူဘုရားနှင့်ပေါင်းစည်းပေးသည်။ ယေရှုသည် "လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏" (ယောဟန် ၁၄း၆)။ ကောင်းသောသတင်းမှာ ကျင့်စဉ်အပေါ်မှု၌မဟုတ်ဘဲ၊ ပုဂ္ဂိုလ်အပေါ်၌ဗဟိုပြုထားသည်။ ၎င်းသည် စည်းကမ်းမျှသာမဟုတ်ဘဲ၊ ဆက်ဆံရေးနှင့်သက်ဆိုင်သည်။ အကြောင်းမှာ ခရစ်ယာန်

ဘာသာသည် ခရစ်တော်၌တည်သည်။ ကိုယ်တော်သည်အလုံးစုံသောသမ္မာတရားနှင့် အသက်တာအတွက်အချက်အချာ၊ အကြောင်းအရာ၊ အခြေအနေဖြစ်ကြောင်းကို ကျွန်ုပ်တို့တွေ့ရသည်။

လက်ဝါးကပ်တိုင်ကိုကြည့်ခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှလုံးသားကို စူးစိုက်ကြည့်နေကြသည်။ ထိုညှဉ်းဆဲသည့်ကိရိယာများအပေါ်တွင် ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် မိမိမေတ္တာတော်ကိုသွန်းလောင်းခဲ့သည်။ ခရစ်တော်အားဖြင့်၊ ဘုရားသခင်၏မေတ္တာသည် ကျွန်ုပ်တို့၏နာကျင်၍ဟာနေသောစိတ်နှလုံးကိုဖြည့်ပေးသည်။ ဘုရားသခင်၏ဆုလက်ဆောင်နှင့် ကျွန်ုပ်တို့၏ကိုယ်စား၊ ယေရှုသည်ချိတ်ဆွဲခြင်းခံခဲ့သည်။ ကရာနိတောင်ကုန်းပေါ်တွင် ဘုရားသခင်သည်ကျွန်ုပ်တို့နှင့်တွေ့ဆုံခြင်းငှာ မြေကြီး၏အနိမ့်ဆုံးနေရာသို့ကြွဆင်းခဲ့သည်။ သို့သော် ဤနေရာမှာကျွန်ုပ်တို့အမြင့်ဆုံးသွားနိုင်သည့်နေရာဖြစ်သည်။ ကျွန်ုပ်တို့သည် ကရာနိကုန်းပေါ်သို့သွားသောအခါ၊ ကျွန်ုပ်တို့သည် ဘုရားသခင်ထံတော်သို့ မြင့်နိုင်သမျှတက်နေကြခြင်းဖြစ်သည်။

လက်ဝါးကပ်တိုင်တွင်သုံးပါးတစ်ဆူဘုရားသည် ကိုယ်ကျိုးမဖက်သောအစုံအလင်ဖွင့်ချခြင်းကိုပြုခဲ့သည်။ ခရစ်တော်သည်လူသားအဖြစ်ခံယူ၍၊ လူသားမျိုးနွယ်အတွက်အသေခံခဲ့သည်။ ကိုယ်တော်သည်ကိုယ်ကျိုးမဖက်ခြင်းကို မိမိကိုယ်ကိုတည်ရှိနေခြင်းထက်တန်ဖိုးထားခဲ့သည်။ ထိုနေရာတွင်ခရစ်တော်သည် ကျွန်ုပ်တို့၏ “ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနုတ်ခြင်း” (၁ကော ၁း၃၀) ဖြစ်လာခဲ့သည်။ ကျွန်ုပ်တို့၏တန်ဖိုး သို့မဟုတ် အဓိပ္ပါယ်ရှိခြင်းအားလုံးတို့သည် လက်ဝါးကပ်တိုင်ပေါ်မှကိုယ်တော်၏ဆက်ကပ်ခြင်းမှလာသည်။

တစ်ပါးတည်းသောစစ်မှန်သည့်ဘုရားသခင်သည် လက်ဝါးကပ်တိုင်ပေါ်ကဘုရားပင်ဖြစ်သည်။ ခရစ်တော်သည်သုံးပါးတစ်ဆူဘုရား၏အနန္တမေတ္တာနှင့် ကယ်တင်သောတန်ခိုးကို စကြဝဠာသို့ဖွင့်ပြခဲ့သည်။ ပုန်ကန်သောကမ္ဘာဂြိုဟ်အတွက် မပြောင်းလဲသောမေတ္တာကြောင့် ခွဲခွာခြင်းဝေဒနာကိုခံရန်လိုလားသည့်သုံးပါးတစ်ဆူဘုရားကို ကိုယ်တော်ဖော်ပြခဲ့သည်။ ဤလက်ဝါးကပ်တိုင်ပေါ်မှဘုရားသခင်သည် ကျွန်ုပ်တို့အားမေတ္တာဖြင့်ဖိတ်ခေါ်သည်ကား၊ ပြန်လည်သင့်မြတ်ခြင်းရှိကြလော့။ “အဘယ်သူမျှကြံ၍မမှီနိုင်သောဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကိုစောင့်မလိမ့်မည်” (ဖိလိပ္ပိ ၄း၇) ဟူ၍ဖြစ်သည်။

–o–

# အခန်း– ၃
# ခမည်းတော်ဘုရား

ထာဝရခမည်းတော်ဘုရားသည် ဖန်ဆင်းခြင်းအားလုံးတို့၏ဖန်ဆင်းရှင်၊ မူလအစ၊ အထောက်အမနှင့်အချုပ်အခြာအာဏာပိုင်ဖြစ်သည်။ ကိုယ်တော်သည်ဖြောင့်မတ်သန့်ရှင်းသော၊ သနားခြင်းကရုဏာနှင့်ပြည့်စုံသော၊ စိတ်ရှည်သော၊ တည်မြဲသောမေတ္တာနှင့်သစ္စာစောင့်ခြင်း၌ကြွယ်ဝသောအရှင်ဖြစ်တော်မူသည်။ သားတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်တို့တွင် ပြသတော်မူသောအရည်အချင်းများနှင့်တန်ခိုးများတို့သည် ခမည်းတော်၌လည်းထုတ်ဖော်ပြသသည် (ကမ္ဘာ ၁း၁။ တရားဟော ၄း၃၅။ ဆာလံ ၁၁၀း၁၊၄။ ယောဟန် ၃း၁၆။ ၁၄း၉။ ၁ကော ၁၅း၂၈။ ၁တိ ၁း၁၇။ ၁ယော ၄း၈။ ဗျာဒိတ် ၄း၁၁)။

**တရားစီရင်ခြင်းနေ့ကြီးစတင်သည်။** မီးတောက်သောရာဇပလ္လင်တို့သည် မီးစက်လှည်းဘီးများနှင့်အတူရွေ့လျားနေသည်။ အသက်ကြီးသောသူတစ်ဦးသည်ထိုင်နေသည်။ ကြီးကျယ်ခမ်းနားသောအသွင်ဖြင့်၊ တရားစီရင်သည်။ ကိုယ်တော်၏အံ့သြဖွယ်ရှေ့တော်မှောက်တွင်အတိုင်းမသိများစွာသောသူတို့သည် အမှုထမ်းနေကြသည်။ မြောက်မြားစွာသောသက်သေအပေါင်းတို့သည် ရှေ့တော်၌ရပ်နေကြသည်။ တရားစီရင်ခြင်းစပြီ၊ စာအုပ်များလည်းဖွင့်ထားလျက်ရှိသည်။ လူသားတို့အသက်တာမှတ်တမ်းကို စတင်စစ်ဆေးလေပြီ (ဒံယေလ ၇း၉၊၁၀)။

စကြဝဠာတစ်ခုလုံးသည် ဤအခိုက်အတန့်ကိုစောင့်စားနေကြသည်။ ခမည်းတော်ဘုရားသည် ဆိုးသွမ်းမှုအားလုံးကိုတရားစီရင်လိမ့်မည်။ "သန့်ရှင်းသူတို့အားစီရင်ရသောအခွင့်ကိုပေး" (ဒံ ၇း၂၂) ပေးသည်။ ဝမ်းမြောက်ဖွယ်ချီးမွမ်းခြင်းများနှင့်ကျေးဇူးတင်ခြင်းတို့သည် ကောင်းကင်ဘဝဂ်ဝယ်ပဲ့တင်ထပ်လျက်ရှိသည်။ ဘုရားသခင်၏ဂုဏ်တော်ကို ဘုန်းတော်အစုံအလင်ဖြင့်မြင်ရပြီး၊ ကိုယ်တော်၏အံ့ဖွယ်နာမတော်သည် စကြဝဠာတစ်ခွင်လုံးတွင် သက်သေထူလျက်ရှိသည်။

## ခမည်းတော်ကိုရှုမြင်ပုံများ

ခမည်းတော်ဘုရားသည် မကြာခဏအထင်လွဲခြင်းခံရသည်။ များစွာသောသူတို့သည် လူသားမျိုးနွယ်အတွက် မြေကြီးပေါ်ခရစ်တော်၏သာသနာလုပ်ငန်းနှင့် တစ်ဦးတစ်ယောက်ချင်းစီအပေါ် သန့်ရှင်းသောဝိညာဉ်တော်၏အခန်းကဏ္ဍကို သဘောပေါက်ကြသော်လည်း၊ ခမည်းတော်သည် ကျွန်ုပ်တို့အတွက် မည်သည့်အဓိပ္ပါယ်ဆောင်သနည်း။ သူသည်ကျေးဇူးတော်နှင့်ပြည့်စုံသောသားတော်၊ ဝိညာဉ်တော်တို့နှင့်မတူဘဲ၊

ကျွန်ုပ်တို့လောကကြီးနှင့်လုံးလုံးကင်းကွာသောသူ၊ အဝေးရောက်မြေရှင်၊ မရွေ့ရှားနိုင်သောဘုရားဖြစ်နေသလား။

သို့တည်းမဟုတ်၊ ကိုယ်တော်သည်၊ အချို့သောသူတို့စိတ်ထင်သကဲ့သို့၊ "ဓမ္မဟောင်းကျမ်းဘုရား" "သူ့မျက်စိကိုဖျက်လျှင် ကိုယ်မျက်စိဖျက်ခြင်းကိုခံစေ။ သူ့သွားကိုချိုးလျှင် ကိုယ်သွားကိုချိုးခြင်းခံစေ" (မဿဲ ၅း၃၈၊ ထွက်မြောက်ရာ ၂၁း၂၄ နှင့် ယှဉ်ဖတ်ပါ) ဟူသောအမိန့်ကိုပေးသည့်လက်စားချေသောဘုရား၊ ပြည့်စုံသောအကျင့်များ သို့မဟုတ် အခြားသောအရာတစ်ခုခုကိုတောင်းဆိုသည့်အမှားမခံသောဘုရားဖြစ်နေသလား။ အခြားပါးတစ်ဖက်ကိုလှည့်ပေးရန်နှင့် နှစ်တိုင်သွားရန် (မဿဲ ၅း၃၉–၄၁) အလေးပေးသူအဖြစ်ဓမ္မသစ်ကျမ်းကပုံဖော်ထားသည့် ချစ်ဖွယ်ဘုရားသခင်နှင့် လုံးလုံးဆန့်ကျင်ဘက်ဖြစ်နေသောဘုရားလော။

## ဓမ္မဟောင်းကျမ်းကခမည်းတော်ဘုရား

ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ်ကျမ်းတို့၏စုဖွဲ့မှု၊ ရွေးနုတ်ခြင်းဆိုင်ရာဌင်းတို့၏တူညီသောစီမံချက်တို့ကို၊ မိမိလူတို့၏ကယ်တင်ခြင်းအတွက် ကျမ်းနှစ်ခုစလုံးတွင်မိန့်မြွက်၍၊ လုပ်ဆောင်သောဘုရားသည် အတူတူပင်ဖြစ်သည်ဟူသောအချက်ကဖော်ပြသည်။ "ရှေးလွန်လေပြီးသောအခါ ပုရောဖက်များအားဖြင့်ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်းဗျာဒိတ်ပေးတော်မူသောဘုရားသခင်သည်၊ ဤနောက်ဆုံးသောကာလအခါ၊ မိမိသားတော်အားဖြင့်ငါတို့အားဗျာဒိတ်ပေးတော်မူပြီ။ ထိုသားတော်ကိုအလုံးစုံတို့၏အမွေခံသခင်အရာ၌ခန့်ထားတော်မူ၏။ သားတော်အားဖြင့်လည်း လောကဓာတ်တို့ကိုတည်တော်မူ၏" (ဟေဗြဲ ၁း၁၊၂)။ ဓမ္မဟောင်းကျမ်းသည် သုံးပါးတစ်ဆူဘုရားကိုသွယ်ဝိုက်ရည်ညွှန်းသော်လည်း၊ သူတို့ကိုသဲကွဲအောင်ခွဲခြားခြင်းမရှိချေ။ သို့သော် ဓမ္မသစ်ကျမ်းမှုကား ဖန်ဆင်းခြင်း၌သားတော်ဘုရားဖြစ်သောခရစ်တော်သည် လုပ်ဆောင်သောသူဖြစ်ကြောင်းနှင့် (ယောဟန် ၁း၁–၃၊၁၄။ ကောလောသဲ ၁း၁၆)၊ သူသည် ဣသရေလတို့အား အဲဂုတ္တုတိုင်းပြည်မှခေါ်ထုတ်သောဘုရားဖြစ်ကြောင်း (၁ကော ၁၀း၁–၄။ ထွက် ၃း၁၄။ ယောဟန် ၈း၅၈) ရှင်းပြသည်။ ဖန်ဆင်းခြင်းနှင့်ဣသရေလတို့၏ ထွက်မြောက်ခြင်း၌ ခရစ်တော်၏အခန်းကဏ္ဍကို ဓမ္မသစ်ကျမ်း၏ဖော်ပြသည့်အရာက၊ ခမည်းတော်ဘုရားသည် ကိုယ်စားလှယ်တော်သားတော်အားဖြင့် လုပ်ဆောင်သည့်ပုံရိပ်ကို ဓမ္မဟောင်းကျမ်းကမကြာမကြာပေးသိကြောင်းဖော်ပြသည်။ "ဘုရားသခင်သည် ခရစ်တော်အထဲ၌ရှိနေလျက်၊ လောကီသားတို့၏အပြစ်များကိုမှတ်တော်မမူ" (၂ကော ၅း၁၉)။

ဓမ္မဟောင်းကျမ်းသည် ခမည်းတော်ဘုရားကိုအောက်ပါဝေါဟာရများဖြင့်ဖော်ပြသည်။

**ဖခင်ကဲ့သို့သောဘုရား။** ဣသရေလတို့ကိုမိန့်ကြားရာတွင်၊ မောရှေသည်ဘုရားသခင်ကို သူတို့အားရွေးနုတ်သောသူတို့၏ဖခင်ကဲ့သို့ ညွှန်းဆိုခဲ့သည်။ "ထာဝရဘုရားသည် သင့်ကိုဖြစ်စေသောအဘ၊..... ဖြစ်တော်မူသည်မဟုတ်လော" (တရားဟောရာကျမ်း ၃၂း၆)။ ဘုရားသခင်သည် ဣသရေလတို့ကိုမိမိသားအဖြစ်မွေးစားခဲ့သည်။ "ဣသရေလသည်အသက်ငယ်သောအခါ ငါသည်ချစ်၍၊ ငါ့သားကိုအဲဂုတ္တုပြည်မှခေါ်ခဲ့ပြီ" (ဟောရှေ ၁၁း၁) ဟူ၍၊ ဘုရားသခင်၏ရွေးနုတ်သည့်လုပ်ငန်းကိုဖော်ပြရာတွင်၊ ဟောရှေဆိုထားသည်။ "ငါသည်ဣသရေလအမျိုး၏အဘဖြစ်၏" မှာဘုရားသခင်သည်ယေရမိကိုမိန့်မြွက်သည့်ပုံစံဖြစ်သည် (ယေရမိ ၃၁း၉)။ ဟေရှာယသည် "အိုထာဝရဘုရား၊ ကိုယ်တော်သည်အကျွန်ုပ်တို့၏အဘဖြစ်တော်မူ၏" ဟုဆိုခဲ့သည် (ဟေရှာယ ၆၄း၈)။ ဆာလံဆရာကလည်း "အဘသည်သားတို့ကိုသနားစုံမက်သည်နည်းတူ၊ ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကိုသနားစုံမက်တော်မူ၏" (ဆာလံ ၁၀၃း၁၃) ဟုဆိုသည်။ မာလခိအားဖြင့်ဘုရားသခင်က "ငါသည်အဘမှန်" (မာလခိ ၁း၆) ၏ဟုအခိုင်အမာဆိုသည်။ အခြားကျမ်းချက်တွင်လည်း၊ မာလခိသည် ဘုရားသခင်၏အဘဖြစ်ခြင်းကို ဖန်ဆင်းရှင်အဖြစ်သူ၏အခန်းကဏ္ဍနှင့်ဆက်စပ်၍၊ "ခပ်သိမ်းသောငါတို့၌ တစ်ပါးတည်းသောအဘရှိသည်မဟုတ်လော။ တစ်ပါးတည်းသောဘုရားသခင်သည် ငါတို့ကိုဖန်ဆင်းတော်မူသည်မဟုတ်လော" (မာလခိ ၂း၁၀) ဟုဆိုသည်။ ဖန်ဆင်းခြင်းနှင့်ရွေးနုတ်ခြင်းတို့အားဖြင့် ဘုရားသခင်သည်ကျွန်ုပ်တို့၏အဘဖြစ်သည်။ ကြီးကျယ်ခမ်းနားသောအမှန်တရားပါတကား။

**ကရုဏာနှင့်ပြည့်သောဘုရား။** ဓမ္မဟောင်းကျမ်းတစ်ခုလုံးတွင် ဘုရားသခင်ကို "ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ" သောသူအဖြစ်အသိအမှတ်ပြုထားသည် (ထွက်မြောက်ရာ ၃၄း၆၊ ဖရာ ၃၀း၉)။ ဆာလံဆရာသည် "ငါတို့ဘုရားသခင်သည်ကရုဏာစိတ်ရှိတော်မူ၏" ဟုသီဆိုပြီး၊ "ကရုဏာတော်သည်အစဉ်အမြဲရှိ" ကြောင်းအခိုင်အမာဆိုသည် (ဆာလံ ၁၁၆း၅၊ ၁၀၀း၅)။ ဘုရားသခင်မိန့်တော်မူသည်အတိုင်း၊ မောရှေသည်တောင်ပေါ်သို့တက်သွားရာတွင်၊ မိမိသည်မည်သူဖြစ်ကြောင်းဖော်ပြသည့်စကားလုံးများကို ဘုရားသခင်သည်ပေးတော်မူရာတွင်၊ ကရုဏာတရားသည်အဓိကပါဝင်သည်။ "ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသော၊ အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကိုစောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်သော်လည်း၊ အချည်းနှီးသက်သက်ဖြေလွှတ်တော်မမူထသော၊ သားစဉ်မြေးဆက်၊

တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင် အဘတို့၏အပြစ်ကိုသားတို့၌ဆပ်ပေး စီရင်တော်မူသောဘုရားသခင်" ဖြစ်တော်မူသည် (ထွက် ၃၄း၆၊၇)။

ဘုရားသခင်သည်ကရုဏာစိတ်ရှိသော်လည်း၊ လူသားတို့သည်ဘုရားသခင်၏ ကရုဏာတရားကိုတောင်းဆို၍မရနိုင်သကဲ့သို့ (ထွက် ၃၃း၉)၊ ရယူ၍လည်းမဖြစ်နိုင်ချေ။ ဒံယေလသည်ဆုတောင်း၍၊ ဘုရားသခင်ထံအသနားခံရာတွင်၊ ဆုတောင်းချက်သည် "ကိုယ်ကုသိုလ်ကိုအမှီမပြု၊ မဟာကရုဏာတော်ကိုသာအမှီပြု" (ဒံယေလ ၉း၁၈) ခဲ့သည်။ တောင်ကြီးတောင်ငယ်များရွေ့သွားသော်လည်း၊ ကိုယ်တော်၏ကရုဏာတော်သည် ရွေ့လိမ့်မည်မဟုတ် (ဟေရှာယ ၅၄း၁၀)။ သို့ရာတွင် ဘုရားသခင်၏ကရုဏာတော်သည် အကြောင်းမဲ့အပြစ်လွှတ်ခြင်းမရှိဘဲ၊ တရားမျှတခြင်းနှင့်သန့်ရှင်းခြင်းစည်းမျဉ်းများ အတိုင်းပြုမူသည်။ ကိုယ်တော်၏ကရုဏာတော်နှင့် ခွင့်လွှတ်ခြင်းကိုငြင်းပယ်သောသူတို့ သည် အပြစ်တရားကြောင့်ကိုယ်တော်၏ပြစ်ဒဏ်စီရင်ခြင်းကို ရိတ်သိမ်းကြရမည်။

သိနာတောင်ပေါ်တွင် ဘုရားသခင်သည် ဣသရေလတို့၏မိတ်ဆွေဖြစ်လိုသည့် ဆန္ဒနှင့် သူတို့နှင့်အတူနေလိုကြောင်းကိုဖော်ပြခဲ့သည်။ ကိုယ်တော်သည်မောရှေအား "ငါသည်သင်တို့တွင်ကိန်းဝပ်ရာဖို့ သန့်ရှင်းရာဌာနကိုလုပ်ကြစေ" (ထွက်မြောက်ရာ ၂၅း၈) ဟုမိန့်တော်မူခဲ့သည်။ ၎င်းသည်မြေကြီးပေါ် ဘုရားသခင်ကိန်းဝပ်ရာနေရာဖြစ်သောကြောင့်၊ ဤတဲတော်သည် ဣသရေလတို့၏ဘာသာရေးအတွေ့အကြုံ၏ ဗဟိုချက်မဖြစ်လာခဲ့သည်။ ဤတဲတော်ထဲတွင် ဘုရားသခင်၏ကရုဏာပလ္လင်တော်ရှိပြီး၊ ကိုယ်တော်ထံတော်သို့ လာသောသူတို့အား အကြောင်းမဲ့နှင်ထုတ်မည်မဟုတ်ကြောင်း ဘုရားသခင်၏ထာဝရ အာမခံချက်အမှတ်သင်္ကေတဖြစ်သည်။

**ပဋိညာဉ်ပြုသောဘုရား။** တာရှည်ခံသောဆက်ဆံရေးကို တည်ဆောက် လိုသည့်စိတ်ဓာဖြင့်၊ ဘုရားသခင်သည် နောဧ (ကမ္ဘာ ၉း၁–၁၇) နှင့် အာဗြဟံ (ကမ္ဘာ ၁၂း၁၊၃၊၇။ ၁၃း၁၄–၁၇။ ၁၅း၁၊၅၊၆။ ၁၇း၁–၈။ ၂၂း၁၅–၁၈) တို့ကဲ့သို့သောလူတို့နှင့် လေးနက်သောပဋိညာဉ်ကိုပြုတော်မူခဲ့သည်။ ဤပဋိညာဉ်များသည် မိမိလူတို့၏အရေး များ၌ ချစ်ဖွယ်ဘုရားသခင်၏စိတ်ဝင်စားမှုကိုဖော်ပြသည်။ ကိုယ်တော်သည်နောဧကို ပုံမှန်ရာသီဥတုအတွက်အာမခံချက်ပေးပြီး (ကမ္ဘာ ၈း၂၂)၊ အခြားသောကမ္ဘာအနှံ့ ရေလွှမ်းမိုးခြင်းသည် ဘယ်ခါမျှရှိတော့မည်မဟုတ်ချေ (ကမ္ဘာ ၉း၁၁)။ အာဗြဟံအား လည်း၊ ကိုယ်တော်သည်များပြားသောသားမြေးစဉ်ဆက် (ကမ္ဘာ ၁၅း၅–၇) နှင့် သူနှင့်သူ၏မျိုးရိုးစဉ်ဆက်များနေထိုင်မည့်ပြည်ကို ကတိပေးခဲ့သည် (ကမ္ဘာ ၁၅း၁၈။ ၁၇း၈)။ နောက်ပိုင်းတွင် ဘုရားသခင်သည်သိနာတောင်ပေါ်၌ ဣသရေလလူမျိုးနှင့်တိကျသော နည်းလမ်းဖြင့် ပဋိညာဉ်ကိုဖွဲ့ခဲ့သည်။ ထိုသို့အားဖြင့် ဣသရေလလူမျိုးတို့သည်

သူတို့ကိုအဲဂုတ္တုပြည်မှရွေးနုတ်၍၊ အာဗြဟံအားကတိထားသောပြည်သို့ခေါ်ဆောင်သောသူနှင့် ချစ်ခင်နားထောင်မှုရှိသောဆက်ဆံရေးထဲသို့ဝင်ရောက်သွားခဲ့ကြသည် (ထွက် ၁၉:၅-၈။ ၂၄:၃-၈)။ ဤနေရာနှင့်နောက်ပိုင်းတွင် ဣသရေလတို့နှင့်အသစ်သောပဋိညာဉ်ကိုပြုခြင်း၌လည်းကောင်း (ယေရမိ ၃၂:၃၁-၃၄)၊ နောက်တစ်ဖန်ခရစ်ယာန်အသင်းတော်သို့ရွှေ့ပြောင်းလာသောပဋိညာဉ်ပြုခြင်း၌လည်းကောင်း (ဟေဗြဲ ၈:၇-၁၃။ ၁ပေ ၂:၉၊၁၀)၊ ဘုရားသခင်သည် မိမိကိုယ်ကိုသစ္စာစောင့်သောဘုရား၊ ကျေးဇူးတရားဖြင့်ဆက်ဆံရေးကိုကတိပေးသောဘုရား၊ မိမိလူတို့ထံမှနားထောင်ခြင်းကိုမျှော်လင့်နေသောဘုရားအဖြစ်ဖော်ပြသည်။ "ငါသည်သင်တို့၏ဘုရားသခင်ဖြစ်မည်။ သင်တို့သည်လည်း၊ ငါ၏လူမျိုးဖြစ်ကြလိမ့်မည်" (ယေရမိ ၇:၂၃)။

**ရွေးနုတ်သောဘုရား။** အစုအပြုံလိုက်ထွက်မြောက်ခြင်း၏အရှင်အဖြစ်၊ ဘုရားသခင်သည်ကျွန်ခံသောလူမျိုးကို အံ့သြဖွယ်လွတ်လပ်စေခဲ့သည်။ ဤကြီးမားသောရွေးနုတ်ခြင်းသည် ဓမ္မဟောင်းကျမ်းတစ်ခုလုံး၏နောက်ခံဖြစ်ရပ်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ရွေးနုတ်ရှင်ဖြစ်လိုသော ကိုယ်တော်၏တောင့်တမှု၏နမူနာဖြစ်သည်။ ဘုရားသခင်သည်ဝေးကွာသူ၊ အဆက်ဖြတ်သူ၊ စိတ်ဝင်စားမှုမရှိသူမဟုတ်ဘဲ၊ ကျွန်ုပ်တို့၏အရေးကိစ္စများတွင်လွန်စွာပါဝင်သောသူဖြစ်သည်။ ဘုရားသခင်ကိုအတွင်းရေးအကျဆုံးသိကျွမ်းခြင်းသည် ယောဘက "ငါ့ကိုရွေးနုတ်သောသခင်သည် အသက်ရှင်၍... ငါသိ၏" (ယောဘ ၁၉:၂၅) ဟု ဆိုသကဲ့သို့၊ ကိုယ်တော်ကိုဝန်ခံခြင်းဖြစ်သည်။

ဆာလံသီချင်းများသည် အထူးသဖြင့် ဘုရားသခင်၏နက်နဲသောချစ်ဖွယ်ပါဝင်ပတ်သက်မှုအားဖြင့် နှိုးဆော်၍စပ်ဆိုခြင်းဖြစ်သည်။ "လက်ညှိုးတော်အလုပ်တည်းဟူသောကိုယ်တော်၏မိုးကောင်းကင်ကိုလည်းကောင်း၊ ပြင်ဆင်တော်မူသောလနှင့်ကြယ်များကိုလည်းကောင်း၊ အကျွန်ုပ်ဆင်ခြင်သော်၊ လူသည်အဘယ်သို့သောသူဖြစ်၍၊ ကိုယ်တော်သည်အောက်မေ့တော်မူရသနည်း။ လူသားသည်အဘယ်သို့သောသူဖြစ်၍ အကြည့်အရှုကြွလာတော်မူရသနည်း" (ဆာလံ ၈:၃၊၄)။ "အိုထာဝရဘုရား၊ အကျွန်ုပ်၏ခွန်အားဗလတည်းဟူသော ကိုယ်တော်ကို အကျွန်ုပ်ချစ်ပါ၏။ ထာဝရဘုရားသည် ငါ၏ကျောက်၊ ငါ၏မြို့ရိုး၊ ငါ့ကိုကယ်လွှတ်သောသခင်၊ ငါ၏ဘုရား၊ ငါကိုးစားသောအစွမ်းသတ္တိ၊ ငါ၏အကွယ်အကာ၊ ငါ့ကိုကယ်တင်သောဦးချို၊ ငါ၏ရဲတိုက်ဖြစ်တော်မူ၏" (ဆာလံ ၁၈:၁၊၂)။ "အကြောင်းမူကား၊ နှိမ့်ချလျက်ရှိသောသူ၏နှိမ့်ချသောအဖြစ်ကို မထီမဲ့မြင်ပြုတော်မူသည်မဟုတ်" (ဆာလံ ၂၂:၂၄)။

**ခိုလှုံရာဘုရား။** ဒါဝိဒ်သည် ဘုရားသခင်ကိုမိမိ၏ခိုလှုံရာအဖြစ်မြင်ခဲ့သည်။ ဆာလံဆရာသည်ခိုလှုံရာအကြောင်း ထပ်တလဲလဲပြောဆိုရာတွင် ခရစ်တော်နှင့်

ခမည်းတော်ကိုပုံဖော်သည်။ သုံးပါးတစ်ဆူဘုရားသည် ခိုလှုံရာဖြစ်တော်မူခဲ့သည်။ "အကြောင်းမူကား၊ ဘေးအန္တရာယ်ရောက်သည်ကာလ၊ တဲတော်တွင်ငါ့ကိုကွယ်ကာ တော်မူမည်။ ဗိမာန်တော်အတွင်းအရပ်၌၊ ငါ့ကိုဝှက်ထားတော်မူမည်။ ကျောက်ပေါ်မှာလည်းငါ့ကိုတင်ထားတော်မူမည်" (ဆာလံ ၂၇း၅)။ "ဘုရားသခင်သည်ငါ့တို့ခိုလှုံရာဖြစ်၍၊ ခွန်အားကိုပေးတော်မူ၏။ ဘေးရောက်သည်ကာလ အထူးသဖြင့် ကူမတော်မူကြောင်းထင်ရှားလျက်ရှိ၏" (ဆာလံ ၄၆း၁)။ "တောင်ရိုးတို့သည်ယေရုရှလင်မြို့ကိုဝန်းရံသကဲ့သို့၊ ထာဝရဘုရားသည် မိမိလူတို့ကိုယခုမှစ၍၊ ကာလအစဉ်မပြတ်ဝန်းရံတော်မူ၏" (ဆာလံ ၁၂၅း၂)။

ဆာလံဆရာသည် မိမိဘုရားကို သာ၍သာ၍တောင့်တကြောင်းကိုဖော်ပြခဲ့သည်။ "သမင်ဒရယ်သည် ရေစီးသောချောင်းကိုတောင့်တသကဲ့သို့၊ အကျွန်ုပ်ဝိညာဉ်သည်ကိုယ်တော်ကိုတောင့်တပါသည်ဘုရား။ ငါ့ဝိညာဉ်သည် ဘုရားသခင်တည်းဟူသောအသက်ရှင်တော်မူသောဘုရားကိုငတ်လှ၏" (ဆာလံ ၄၂း၁၊၂)။ မိမိအတွေ့အကြုံမှ ဒါဝိဒ်သည် "ထမ်းရွက်ရသောဝန်ကို ထာဝရဘုရား၌ချထားလော့။ သင့်ကိုမစတော်မူမည်။ ဖြောင့်မတ်သောသူကို အစဉ်အမြဲလှုပ်ရှားစေတော်မမူရာ" (ဆာလံ ၅၅း၂၂) ဟု သက်သေခံခဲ့သည်။ "အိုလူများတို့၊ ဘုရားသခင်၌အစဉ်မပြတ်ခိုလှုံကြလော့။ ရှေ့တော်၌စိတ်နှလုံးကိုဖွင့်ပြကြလော့။ ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်တော်မူ၏" (ဆာလံ ၆၂း၈)။ "ကိုယ်တော်သည် သနားစုံမက်တတ်သောသဘော၊ ကျေးဇူးပြုတတ်သောသဘော၊ သည်းခံတတ်သောသဘော၊ ကရုဏာနှင့်သစ္စာကြွယ်ဝသောသဘောနှင့် ပြည့်စုံသောဘုရားဖြစ်တော်မူ၏" (ဆာလံ ၈၆း၁၅)။

**ခွင့်လွှတ်သောဘုရား။** အိမ်ထောင်ရေးဖောက်ပြန်ခြင်းနှင့် လူသတ်သည့် အပြစ်များကိုပြုပြီးနောက် ဒါဝိဒ်သည်အနူးအညွတ်တောင်းပန်ခဲ့သည်။ "အိုထာဝရဘုရား၊ ကျေးဇူးပြုချင်သောစေတနာစိတ်တော်ရှိသည်အတိုင်း၊ အကျွန်ုပ်ကိုသနားတော်မူပါ။" အကျွန်ုပ်ကိုအထံတော်ထဲကနှင်ထုတ်တော်မမူပါနှင့်။ သန့်ရှင်းသောဝိညာဉ်တော်ကိုရုပ်သိမ်းတော်မမူပါနှင့်" (ဆာလံ ၅၁း၁၊၁၁)။ ဘုရားသခင်သည်အံ့ဖွယ်သနားခြင်းကရုဏာနှင့်ပြည့်စုံသည်ဟူသောအာမခံချက်ဖြင့် ဒါဝိဒ်သည်နှစ်သိမ့်မှုရရှိခဲ့သည်။ "မြေကြီးပေါ်တွင်ကောင်းကင်အမြင့်ရှိသည်အတိုင်း၊ ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့၌ ကရုဏာတော်သည်အားကြီးပေ၏။ အရှေ့မျက်နှာစွန်းသည် အနောက်မျက်နှာစွန်းနှင့်ဝေးသည်အတိုင်း၊ ငါတို့အပြစ်များကိုငါတို့နှင့်ဝေးစေတော်မူ၏။ အဘသည်သားတို့ကိုသနားစုံမက်သည်နည်းတူ၊ ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကို သနားစုံမက်တော်မူ၏။ အကြောင်းမူကား၊ ငါတို့ကိုယ်ခန္ဓာကိုသိတော်မူ၏။ ငါတို့သည်မြေမှုန့်ဖြစ်ကြောင်းကို

အောက်မေ့တော်မူ၏" (ဆာလံ ၁၀၃:၁၁–၁၄)။ မိက္ခာသည် "အပြစ်မှလွတ်တော်မူ ထသော၊... ကရုဏာ၌မွေ့လျော်သောကြောင့် အစဉ်အမျက်ထွက်တော်မမူသော ကိုယ်တော် ကဲ့သို့အဘယ်ဘုရားရှိပါသနည်း။... အကျွန်ုပ်တို့၏ဒုစရိုက်ရှိသမျှကိုကျော်နင်း၍... အပြစ် အလုံးစုံတို့ကိုနက်နဲသောပင်လယ်ထဲသို့ချပစ်တော်မူလိမ့်မည်" (မိက္ခာ ၇:၁၈၊၁၉) ဟု အံ့အားသင့်စွာဆိုခဲ့သည်။ ဘုရားသခင်၏ခွင့်လွှတ်သောမေတ္တာသည် ကြီးမားလွန်းသည် ဖြစ်ရာ၊ ကျွန်ုပ်တို့အားအပြစ်လွတ်၍၊ အနာငြိမ်းစေနိုင်ကြောင်း သူ့ထံတော်သို့ပြန် လာရန် ကိုယ်တော်သည်ကျွန်ုပ်တို့ကိုတမ်းတသည် (ဟောရှေ ၁၄:၄)။

**ကောင်းမြတ်သောဘုရား။** ဘုရားသခင်၏ဖိတ်ခေါ်ချက်မှာ "ထာဝရဘုရား သည်ကောင်းမြတ်တော်မူသည်အကြောင်းကို မြည်းစမ်း၍သိမှတ်ကြလော့" (ဆာလံ ၃၄:၈) ဖြစ်သည်။ ဘုရားသခင်သည် "ညှဉ်းဆဲခြင်းကိုခံရသောသူတို့အား တရားပြုတော်မူ၏။ ငတ်မွတ်သောသူတို့ကိုကျွေးမွေးတော်မူ၏။ ထာဝရဘုရားသည် ချုပ်ထားခြင်းကိုခံရသော သူတို့ကိုလွှတ်တော်မူ၏။ ထာဝရဘုရားသည် မျက်စိကန်းသောသူတို့ကို မြင်စေတော် မူ၏။ ထာဝဘုရားသည် နှိမ့်ချသောသူတို့ကိုကြွပင့်တော်မူ၏။ ထာဝရဘုရားသည် ဖြောင့် မတ်သောသူတို့ကိုချစ်တော်မူ၏။ ထာဝရဘုရားသည် ဧည့်သည်တို့ကိုစောင့်မတော်မူ၍၊ မုဆိုးမနှင့်မိဘမရှိသောသူတို့ကိုထောက်မတော်မူ၏" (ဆာလံ ၁၄၆:၇–၉)။ ဘုရားသခင်၏ ကောင်းမြတ်ခြင်းရုပ်ပုံကားချပ်ပါတကား။

**သစ္စာစောင့်သောဘုရား။** ဘုရားသခင်သည်ကြီးမြတ်သော်လည်း၊ ဣသရေလ တို့သည်အချိန်တိုင်းလိုလို ကိုယ်တော်ထံမှလမ်းလွဲခဲ့ကြသည် (ဝတ် ၂၆။ တရား ၂၈)။ မိမိဇနီးသည်ကိုချစ်သောဣသရေလတို့၏လင်ယောက်ျားအဖြစ် ဘုရားသခင်ကိုသရုပ်ဖော် ထားသည်။ ဟောရှေအနာဂတ္တိကျမ်းသည် ပြောင်ပြောင်တင်းတင်းသစ္စာမဲ့ခြင်းနှင့် ငြင်းပယ် ခြင်းတို့ကိုရင်ဆိုင်နေသည့်အကြားမှ ဘုရားသခင်၏သစ္စာစောင့်ခြင်းကို ဆွတ်ပျံ့ဖွယ်ပုံဖော် ထားသည်။ ဘုရားသခင်၏အစဉ်တစ်လျှောက် ခွင့်လွှတ်တော်မူခြင်းသည် သူ၏ခြွင်းချက် မရှိသောမေတ္တာ၏ဂုဏ်တော်ကိုဖော်ပြသည်။

ဣသရေလတို့၏လမ်းခရီးကိုတည့်မတ်ရန် ကြိုးပမ်းသည့်အနေဖြင့်၊ ၎င်း၏ သစ္စာမဲ့ခြင်းကြောင့် ဘေးဒုက္ခများကြုံတွေ့ရန် ဘုရားသခင်သည်ခွင့်ပြုခဲ့သော်လည်း၊ ကိုယ်တော်သည်မိမိမေတ္တာဖြင့် သူတို့ကိုပွေ့ဖက်ထားဆဲဖြစ်သည်။ ကိုယ်တော်သည်သူတို့ အား "သင်သည်ငါ၏ကျွန်ဖြစ်၏ဟူ၍လည်းကောင်း၊ သင့်ကိုငါရွေးချယ်ပြီ၊ သင့်ကိုမပစ်မပယ် ဟူ၍လည်းကောင်း၊ ကတိကိုခံသောသူ၊ မစိုးရိမ်နှင့်။ ငါသည်သင့်ဘက်မှာရှိ၏။ မကြောက်နှင့်။ သင်၏ဘုရားသခင်ငါသည် သင့်ကိုခိုင်ခံ့စေမည်။ သင့်ကိုစောင့်မမည်။ ငါ့သစ္စာလက်ယာလက်ဖြင့်ထောက်ပင့်မည်" (ဟေရှာယ ၄၁:၉၊၁၀) ဟုအာမခံထား

သည်။ သူတို့သစ္စာမဲ့နေကြလင့်ကစား၊ ကိုယ်တော်သည်ကြင်နာစွာကတိပေးသည်မှာ၊ "ကိုယ်အပြစ်၊ ဘိုးဘတို့အပြစ်များကိုဖော်ပြတောင်းပန်လျှင်လည်းကောင်း၊ အရေဖျားလှီးခြင်းကိုမခံသော မိမိတို့စိတ်နှလုံးကိုနှိမ့်ချ၍၊ မိမိတို့အပြစ်ကြောင့်ခံရသောဒဏ်ကိုဝန်ခံလျှင်လည်းကောင်း၊ ငါသည်ယာကုပ်... ဣဇာက်... အာဗြဟံနှင့်ပြုသောပဋိညာဉ်ကိုလည်းကောင်း... ငါအောက်မေ့မည်" (ဝတ်ပြုရာ ၂၆း၄၀–၄၂) ဟူ၍ဖြစ်သည်။

ဘုရားသခင်သည်မိမိလူတို့အား မိမိ၏ရွေးနုတ်သောစိတ်သဘောထားကို အမှတ်ရစေသည်ကား၊ "အိုယာကုပ်အမျိုး၊ ဤအရာတို့ကိုဆင်ခြင်လော့။ အိုဣသရေလအမျိုး၊ သင်သည်ငါ့ကျွန်ဖြစ်၏။ သင့်ကိုငါဖန်ဆင်းသည်ဖြစ်၍၊ သင်သည်ငါ့ကျွန်ဖြစ်၏။ အိုဣသရေလအမျိုး၊ သင့်ကိုငါမမေ့မလျော့။ သင်၏ဒုစရိုက်တို့ တိမ်တိုက်ကဲ့သို့လည်းကောင်း၊ သင်၏အပြစ်တို့ကို တိမ်လွှာကဲ့သို့လည်းကောင်း ငါချေပြီ။ ငါ့ထံသို့ပြန်လာလော့။ သင့်ကိုငါရွေးနုတ်ပြီ" (ဟေရှာယ ၄၄း၂၁၊၂၂) ဟူ၍ဖြစ်သည်။ ကိုယ်တော်သည် "မြေကြီးစွန်းသားအပေါင်းတို့၊ ငါ့ကိုမျှော်ကြည့်၍၊ ကယ်တင်ခြင်းကျေးဇူးကိုခံကြလော့။ ငါသည်ဘုရားသခင်ဖြစ်၏။ ငါမှတစ်ပါးအခြားသောဘုရားမရှိ" (ဟေရှာယ ၄၅း၂၂) ဟု မိန့်တော်မူသည်မှာ အံ့သြစရာအကြောင်းမရှိချေ။

**ကယ်တင်သောဘုရားနှင့် လက်စားချေသောဘုရား။** ဓမ္မဟောင်းကျမ်းကဘုရားသခင်ကိုလက်စားချေသောဘုရားအဖြစ် သရုပ်ဖော်ထားသည်ကို၊ ကိုယ်တော်၏သစ္စာရှိသောလူတို့အား လူဆိုးများကဖျက်ဆီးသည့်အနေအထားရှုထောင့်မှကြည့်ရမည်။ "ထာဝရဘုရား၏နေ့ရက်" ဟူသောအကြောင်းအရာဖြင့် ပရောဖက်တို့သည်နောက်ဆုံးသောအချိန်တွင်ကိုယ်တော်၏လူတို့ကိုယ်စား ဘုရားသခင်၏လုပ်ဆောင်မှုများကိုဖော်ပြသည်။ ထိုနေ့ရက်သည် ကိုယ်တော်၏လူတို့အတွက် ကယ်တင်ခြင်းနေ့ရက်ဖြစ်သော်လည်း၊ ဖျက်ဆီးခြင်းခံရမည့်သူတို့၏ရန်သူများအတွက်မူ လက်စားချေသည့်နေ့ရက်ဖြစ်သည်။ "အားယူကြလော့၊ မစိုးရိမ်ကြနှင့်ဟု ကြောက်တတ်သောသူတို့အားဆိုကြလော့။ အကြောင်းမူကား၊ သင်တို့၏ဘုရားသခင်သည်အပြစ်ပေးလျက်၊ ဒဏ်စီရင်လျက်ကြွလာတော်မူလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင်ကြွလာ၍၊ သင်တို့ကိုကယ်တင်တော်မူလိမ့်မည်။" (ဟေရှာယ ၃၅း၄)။

## ဓမ္မသစ်ကျမ်းထဲကခမည်းတော်ဘုရား

ဓမ္မဟောင်းကျမ်း၏ဘုရားနှင့် ဓမ္မသစ်ကျမ်း၏ဘုရားတို့သည် ခြားနားမှုမရှိချေ။ ခမည်းတော်ဘုရားကို အရာခပ်သိမ်း၏မူလ၊ စစ်မှန်သောယုံကြည်သူအားလုံး၏အဖ၊ တစ်မူထူး၍ ယေရှုခရစ်တော်၏ခမည်းတော် စသည်ဖြင့်ဖော်ပြသည်။

**ဖန်ဆင်းသောအရာအားလုံး၏အဘ။** ပေါလုသည် ခမည်းတော်ကိုယေရှုခရစ်တော်နှင့်ခွဲခြား၍ဖော်ထုတ်သည်။ "ထိုခမည်းတော်ဘုရားသခင်တစ်ပါးတည်းသာ ငါတို့၌ရှိတော်မူ၏။ အကြင်သခင်အားဖြင့်ငါတို့မှစ၍ ခပ်သိမ်းသောအရာဖြစ်ကြ၏၊ ထိုသခင်ယေရှုခရစ်တစ်ပါးတည်းသာ ငါတို့၌ရှိတော်မူ၏" (၁ကော ၈း၆)။ ပေါလုသက်သေခံသည်ကား၊ "ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသော တစ်အိမ်ထောင်လုံးတည်းဟူသော သားတော်အပေါင်းတို့၏အချုပ်အခြာဖြစ်တော်မူသော ငါတို့သခင်ယေရှုခရစ်၏ခမည်းတော်ရှေ့မှာ ငါသည်ဒူးထောက်၍ဆုတောင်းလေ့ရှိ၏" (ဧဖက် ၃း၁၅) ဟူ၍ဖြစ်သည်။

**ယုံကြည်သူအားလုံး၏အဖ။** ဓမ္မသစ်ကျမ်းသည် ဤဝိညာဉ်ရေးအဖနှင့်သားဆက်ဆံရေးကို ဘုရားသခင်နှင့်ဣသရေလလူမျိုးတို့အကြား၌သာ ကန့်သတ်မထားဘဲ၊ ဘုရားသခင်နှင့်ယုံကြည်သူတစ်ဦးချင်းအကြားရှိသော ဝိညာဉ်ရေးဆက်ဆံရေးအဖြစ်ရှုမြင်သည်။ ယေရှုသည်၎င်းဆက်ဆံရေးအတွက် လမ်းညွှန်ချက်များကိုပြင်ဆင်တော်မူပြီး (မဿဲ ၅း၄၅။ ၆း၆–၁၅)၊ ၎င်းသည်ယုံကြည်သူ၏ ယေရှုခရစ်တော်ကိုလက်ခံခြင်းအားဖြင့်တည်ဆောက်သည် (ယောဟန် ၁း၁၂၊ ၁၃)။

ခရစ်တော်ယူဆောင်လာခဲ့သောရွေးနုတ်ခြင်းအားဖြင့်၊ ယုံကြည်သူများသည် ဘုရားသခင်၏သားသမီးများအဖြစ်မွေးစားခံရကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဤဆက်ဆံရေးကိုလွယ်ကူချောမောစေတော်မူသည်။ "ငါတို့သည်သား၏အခွင့်အရာကိုခံရမည်အကြောင်း၊ ပညတ်တရားလက်၌ရှိသောငါတို့ကိုရွေးနုတ်... တော်မူ၏။ ထိုသို့သင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗအဘဟုခေါ်တတ်သောသားတော်၏ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင်စေလွှတ်တော်မူ၏" (ဂလာတိ ၄း၄–၆)။

ယုံကြည်သူအားလုံး၏အဖကဲ့သို့ ဘုရားသခင်ကိုအသိသာထင်ရှားဆုံးဖော်ပြသောအရာမှာ ယေရှုသည်မိမိနောက်လိုက်တို့ကို သင်ပေးခဲ့သောဆုတောင်းခြင်းပုံစံတွင်ပါရှိသည်။ (မဿဲ ၆း၉–၁၃)။ ယုံကြည်သူတို့သည် "ကောင်းကင်ဘုံ၌ရှိတော်မူသောအဖ" ဟုဆုတောင်းသောအခါ၊ သူတို့ကဘုရားသခင်သည်ပုဂ္ဂိုလ်တစ်ပါးဖြစ်၍၊ မိမိတို့နှင့်အကျွမ်းဝင်ဆုံးနှင့်ဂရုအစိုက်ဆုံးဆက်ဆံရေးမျိုးကို ပေးနိုင်သောဘုရားအဖြစ်အသိအမှတ်ပြုခြင်းဖြစ်သည်။ ကိုယ်တော်သည်ဖခင်တစ်ဦးကဲ့သို့သောပုဂ္ဂိုလ်၊ လက်တွေ့ရှိသူ၊ ချစ်သောသူ၊ ဂရုစိုက်သောသူဖြစ်သော်လည်း၊ ကိုယ်တော်သည်ကောင်းကင်ဘုံ၌ရှိသောအဖ၊ သန့်ရှင်းပြည့်စုံသောဂုဏ်တော်ရှိသူ၊ သူ၏စောင့်ထိန်းမှုနှင့်ဆက်ဆံရေး၌ ချစ်ခင်သနားသောသူဖြစ်သည်။ ကိုယ်တော်သည်လူသားမဟုတ်ပါ။

**ယေရှုသည်ခမည်းတော်ကိုဖော်ပြသည်။** ဘုရားသခင်၏သားတော်ယေရှုသည် ဘုရားသခင်၏မိမိကိုယ်ကိုဖွင့်ချခြင်းအဖြစ် လူသားအဖြစ်ကိုခံယူချိန်တွင် ဘုရားသခင်ကိုအကြီးကျယ်ဆုံးဖော်ပြခဲ့သည် (ယောဟန် ၁း၁၊၁၄)။ ယောဟန်က

"ဘုရားသခင်ကို အဘယ်သူမျှမမြင်စဖူးသော်လည်း၊... တစ်ပါးတည်းသောသားတော်သည် ဘုရားသခင်ကိုထင်ရှားစေတော်မူပြီ" (ယောဟန် ၁း၁၈) ဟုဖော်ပြသည်။ ယေရှုက "ငါသည်... ကောင်းကင်မှဆင်းသက်သည်" (ယောဟန် ၆း၃၈)၊ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏" (ယောဟန် ၁၄း၉) ဟုမိန့်တော်မူခဲ့သည်။ ယေရှုကိုသိခြင်းသည် ခမည်းတော်ကိုသိခြင်းပင်ဖြစ်သည်။

ဟေဗြဲဩဝါဒစာသည် ၎င်းကိုယ်တိုင်ဖွင့်ချခြင်း၏အရေးကြီးမှုကို အလေးပေးဖော်ပြသည်။ "ရှေးလွန်လေပြီးသောအခါ၊ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်းဗျာဒိတ်ပေးတော်မူသောဘုရားသခင်သည်၊ ဤနောက်ဆုံးသောကာလအခါ မိမိသားတော်အားဖြင့် ငါတို့အားဗျာဒိတ်ပေးတော်မူပြီ။ ထိုသားတော်ကိုအလုံးစုံတို့၏အမွေခံသခင်အရာ၌ခန့်ထားတော်မူ၏။ သားတော်အားဖြင့်လည်း လောကဓာတ်တို့ကိုတည်တော်မူ၏။ ထိုသားတော်သည် ဘုရားသခင်ဘုန်းရောင်ခြည်နှင့် ဓာတိအဖြစ်တော်၏ပုံသဏ္ဌာန်ဖြစ်... တော်မူ၏" (ဟေဗြဲ ၁း၁–၃)။

**(၁) ပေးသောဘုရား။** ယေရှုသည်မိမိခမည်းတော်ကိုပေးကမ်းသော ဘုရားအဖြစ်ဖော်ပြသည်။ ကျွန်ုပ်တို့သည်ကိုယ်တော်၏ပေးကမ်းမှုကို ဖန်ဆင်းခြင်း၊ ဗက်လင်မြို့နှင့် ကရာနိတောင်ကုန်းပေါ်တွင်မြင်ရသည်။

ဖန်ဆင်းခြင်းတွင်၊ ခမည်းတော်နှင့်သားတော်တို့သည် အတူတကွလုပ်ဆောင်ကြသည်။ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုအသက်ပေးခြင်းဖြင့် မိမိသားတော်၏သေခြင်းဖြစ်စေမည်ကိုသိလျက် ကျွန်ုပ်တို့အားအသက်ကိုပေးခဲ့သည်။

ဗက်လင်မြို့တွင်ကိုယ်တော်သည် မိမိသားတော်ကိုပေးသကဲ့သို့ မိမိကိုယ်ကိုပေးခဲ့သည်။ အပြစ်နှင့်ညစ်ညမ်းသောလောကသို့ မိမိသားတော်ဝင်ရောက်လာချိန်တွင် ခမည်းတော်၏တွေ့ကြုံရသောနာကျင်မှုသည် ကြီးလှပါသည်တကား။ မိမိသားတော်သည် ကောင်းကင်တမန်များ၏ချစ်ခြင်းနှင့် ကြည်ညိုခြင်းကိုအပြစ်သားတို့၏မုန်းတီးခြင်းနှင့်လည်းကောင်း၊ ကောင်းကင်နိုင်ငံ၏ဘုန်းတော်နှင့်အတိသုခကို သေခြင်းလမ်းနှင့်လည်းကောင်း လဲလှယ်သည်ကိုကိုယ်တော်တွေ့သောအခါ၊ ခမည်းတော်၏ခံစားချက်ကိုတွေးကြည့်ပါ။

သို့သော် ဘုရားသခင်ကိုအနက်နဲဆုံးမြင်နိုင်သည့်အရာမှာ လက်ဝါးကပ်တိုင်ဖြစ်သည်။ လူသားတို့ခံစားရသည်ထက်သာလွန်၍ မိမိသားတော်နှင့်သေကွဲရှင်ကွဲခွဲခွာရခြင်းကို ခမည်းတော်သည်ဘုရားဖြစ်လျက်ပင် နာကျင်မှုကိုခံစားခဲ့သည်။ ကိုယ်တော်သည် ခရစ်တော်နှင့်အတူ ညီတူညီမျှခံစားခဲ့သည်။ ခမည်းတော်အကြောင်းသာ၍ကြီးကြီး

မားမားသက်သေခံနိုင်သောအရာဖြစ်ပါသည်တကား။ အခြားမည်သည့်အရာကမျှ မဖော်ပြနိုင်သောဘုရားသခင်အကြောင်း သမ္မာတရားကိုလက်ဝါးကပ်တိုင်သည် ဖော်ပြလျက်ရှိသည်။

**(၂) ချစ်ခြင်းမေတ္တာဘုရား။** ယေရှုနှစ်သက်သောဆောင်ပုဒ်မှာ ဘုရားသခင်၏ကြင်နာသနားခြင်းနှင့် ချစ်ခြင်းမေတ္တာဖြစ်သည်။ ကိုယ်တော်က "သင်တို့၏ရန်သူတို့ကိုချစ်ကြလော့။ သင်တို့ကိုကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကိုမုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကိုနှောင့်ယှက်ညှဉ်းဆဲသောသူတို့အဖို့ ဘုရားသခင်ကိုဆုတောင်းကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည်၊ ကောင်းသောသူမကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏နေကိုထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူတို့အပေါ်၌ မိုးကိုရွာစေတော်မူ၏" (မဿဲ ၅း၄၄၊၄၅)။

"ထိုသို့ပြုလျှင် သင်တို့အကျိုးကြီးလိမ့်မည်။ အမြင့်ဆုံးသောဘုရား၏သားဖြစ်ကြလိမ့်မည်။ ထိုဘုရားသည် ကျေးဇူးမသိသောသူ၊ ဆိုးညစ်သောသဘောရှိသောသူတို့အားကျေးဇူးပြုတော်မူ၏။ ထိုကြောင့်သင်တို့အဘသည် သနားခြင်းစိတ်ရှိတော်မူသည်နည်းတူ သင်တို့သည်လည်း သနားခြင်းစိတ်ရှိကြလော့" (လုကာ ၆း၃၅၊၃၆)။

ကိုယ်ကိုကိုင်း၍၊ မိမိကိုသစ္စာဖောက်မည့်သူ၏ခြေထောက်ကိုဆေးရာတွင် (ယောဟန် ၁၃း၅၊၁၀–၁၄)၊ ယေရှုသည် ခမည်းတော်၏ချစ်တတ်သောသဘာဝကိုပြသတော်မူခဲ့သည်။ ယေရှုသည်ဆာလောင်နေသူတို့ကို ကျွေးမွေးခြင်း (မာကု ၆း၃၉–၄၄။ ၈း၁–၉)၊ နားပင်းသူကိုကြားစေခြင်း (မာကု ၉း၁၇–၂၉)၊ ဆွံ့အသူကိုစကားပြောစေခြင်း (မာကု ၇း၃၂–၃၇)၊ မျက်ကန်းများကိုမြင်စေခြင်း (မာကု ၈း၂၂–၂၆)၊ လေဖြတ်သူကိုချီမခြင်း (လုကာ ၅း၁၈–၂၆)၊ နူနာသည်များကို သန့်ရှင်းစေခြင်း (လုကာ ၅း၁၂–၁၃)၊ သေသောသူတို့ကိုထမြောက်စေခြင်း (မာကု ၅း၃၅–၄၃။ ယောဟန် ၁၁း၁–၄၅)၊ အပြစ်သားများကိုခွင့်လွှတ်ခြင်း (ယောဟန် ၈း၃–၁၁) နှင့် နတ်ဆိုးများကိုနှင်ထုတ်ခြင်း (မဿဲ ၁၅း၂၂–၂၈။ ၁၇း၁၄–၂၁) စသည်တို့ကိုကျွန်ုပ်တို့မြင်သောအခါ၊ ခမည်းတော်သည် လူတို့နှင့်ရောနှောခြင်း၊ သူတို့အားမိမိအသက်ကိုယူဆောင်လာပေးခြင်း၊ သူတို့အားလွတ်မြောက်စေခြင်း၊ သူတို့အားမျှော်လင့်ချက်ပေးခြင်း၊ နောင်တွင်အသစ်ပြုပြင်မည့်ကမ္ဘာသစ်ကိုညွှန်ပြခြင်း စသည်တို့ကိုကျွန်ုပ်တို့မြင်နိုင်သည်။ မိမိခမည်းတော်၏မြတ်နိုးဖွယ်ချစ်ခြင်းမေတ္တာကိုဖော်ပြခြင်းသည် လူတို့အားနောင်တတရားရစေသည့်သော့ချက်ဖြစ်ကြောင်းကို ခရစ်တော်သိနေခဲ့သည် (ရောမ ၂း၄)။

ခရစ်တော်၏ဥပမာ (၃) ခုသည် ပျောက်ဆုံးသောလူသားတို့အတွက် ဘုရားသခင်၏ချစ်ဖွယ်စိတ်ဝင်စားမှုကိုပုံဖော်သည် (လုကာ ၁၅)။ ပျောက်ဆုံးသောသိုးဥပမာသည် ကယ်တင်ခြင်းသည် ဘုရားသခင်၏ပထမခြေလှမ်းအားဖြင့်ဖြစ်၍၊ ကိုယ်တော်ကိုကျွန်ုပ်တို့ရှာဖွေခြင်းကြောင့်မဟုတ်ပါ။ သိုးထိန်းသည် မိမိသိုးကိုချစ်၍၊ ပျောက်သွားသောသိုးတစ်ကောင်အတွက် မိမိအသက်ကိုစွန့်စားသကဲ့သို့ ထိုထက်မကသာ၍ကြီးမားသောအတိုင်းအတာဖြင့် ဘုရားသခင်သည်ပျောက်ဆုံးသူတိုင်းအတွက် မိမိ၏မေတ္တာကိုဖော်ပြသည်။

ဤဥပမာသည် စကြဝဠာနှင့်အမျှအဓိပ္ပါယ်ရှိသည်။ ပျောက်သောသူသည် ဘုရားရှင်၏အပြောကျယ်လှသောစကြဝဠာတွင် မြူမှုန်မျှသောပုန်ကန်သောကျွန်ုပ်တို့၏ကမ္ဘာကိုပုံဆောင်သည်။ သိုးခြံထဲသို့ကျွန်ုပ်တို့၏ကမ္ဘာကိုသွင်းရန် ဘုရားသခင်၏တန်ဖိုးမဖြတ်နိုင်သောသားတော်ဆုလက်ဆောင်သည် ကျွန်ုပ်တို့၏ကျရှုံးသောကမ္ဘာကြီးသည်ကိုယ်တော်ဖန်ဆင်းသောအရာများကဲ့သို့ ကိုယ်တော်အတွက်တန်ဖိုးရှိကြောင်းကိုညွှန်ပြသည်။

ပျောက်ဆုံးသောဒင်္ဂါးဥပမာသည် ကျွန်ုပ်တို့အပြစ်သားများအပေါ် ဘုရားသခင်ထားရှိသည့် အလွန့်အလွန်ကြီးမားသောတန်ဖိုးကို အလေးပေးသည်။

ပျောက်ဆုံးသောသားဥပမာသည် နောင်တရသောသားသမီးများကို အိမ်ပြန်ရန်ကြိုဆိုသည့်ခမည်းတော်၏ ဧရာမမေတ္တာတော်ကိုပြသသည်။ နောင်တရသောအပြစ်သားတစ်ယောက်အပေါ် ကောင်းကင်၌ဝမ်းမြောက်ခြင်းရှိသော် (လုကာ ၁၅း၇)၊ ကျွန်ုပ်တို့၏သခင်ဒုတိယအကြိမ်ကြွလာသောအခါ၊ စကြဝဠာကြီးသည် မည်မျှဝမ်းမြောက်မည်ကိုတွေးကြည့်ပါ။

ဓမ္မသစ်ကျမ်းသည် မိမိသားတော်ပြန်ကြွလာခြင်းနှင့်အတူ ခမည်းတော်၏ပါဝင်မှုကိုရှင်းပြသည်။ ဒုတိယအကြိမ်ကြွလာချိန်တွင် လူဆိုးတို့သည်တောင်များနှင့် ကျောက်များကိုခေါ်၍ "ငါတို့အပေါ်သို့ကျကြပါ။ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူ၏မျက်နှာနှင့်သိုးသငယ်၏အမျက်တော်ကိုကွယ်ကာ၍၊ ငါတို့ကိုဖုံးအုပ်ကြပါ" (ဗျာဒိတ် ၆း၁၆) ဟုအော်ဟစ်ကြသည်။ ယေရှုက "လူသားသည်မိမိအဘခမည်းတော်၏ ဘုန်းအာနုဘော်ကိုဆောင်လျက်၊ ကောင်းကင်တမန်အခြံအရံတို့နှင့် ကြွလာတော်မူလတ္တံ့" (မဿဲ ၁၆း၂၇)၊ ပြီးနောက်၊ "နောင်ကာလ၌လူသားသည် တန်ခိုးတော်၏လက်ယာဘက်၌ထိုင်လျက်မိုးတိမ်ကိုစီး၍၊ ကြွလာသည်ကိုသင်တို့မြင်ရကြလတ္တံ့ ဟုမိန့်တော်မူ၏" (မဿဲ ၂၆း၆၄)။

ရွေးနုတ်ခံသူတို့ကိုနောက်ဆုံးတွင် သူတို့၏ထာဝရအိမ်တော်ခေါ်ဆောင်သော အချိန်၊ ဒုတိယအကြိမ်ကြွလာခြင်းကိုခမည်းတော်သည် တောင့်တသည့်စိတ်တော်ဖြင့် မျှော်လင့်စောင့်စားတော်မူသည်။ ထိုအခါ "ဘုရားသခင်သည် တစ်ပါးတည်းသော သားတော်ကို ဤလောကသို့စေလွှတ်တော်မူသောအရာ၌" (၁ယော ၄း၉) အချည်းနှီး ဖြစ်လိမ့်မည်မဟုတ်။ "ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏သားတော်အသေခံတော်မူခြင်း အားဖြင့်၊ ငါတို့သည်ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းကျေးဇူးတော်ကိုခံရသည်" (ရောမ ၅း၁၀) ကိုနက်နဲလွန်း၍ ကိုယ်ကျိုးမဖက်သောမေတ္တာတော်ကသာလျှင်ရှင်းပြ ပေးသည်။ ထိုသို့သောမေတ္တာကို ကျွန်ုပ်တို့သည်မည်သို့ပစ်ပစ်ခါခါငြင်းပယ်၍၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏ခမည်းတော်ကို အသိအမှတ်မပြုဘဲနေနိုင်မည်နည်း။

–၀–

# အခန်း– ၄
# သားတော်ဘုရား

ထာဝရသားတော်ဘုရားသည် ယေရှုခရစ်၌လူ့ဇာတိကိုခံခဲ့သည်။ ကိုယ်တော်အားဖြင့် အရာခပ်သိမ်းသည်ဖန်ဆင်းခံရသည်။ ဘုရားသခင်၏ဂုဏ်တော်ကိုဖော်ပြသည်။ လူသားတို့၏ကယ်တင်ခြင်းကိုပြီးမြောက်ခဲ့ပြီ။ လောကသားတို့သည်လည်း သူ့အားဖြင့် စီရင်ခြင်းကိုခံ၏။ အကယ်စင်စစ်ထာဝရဘုရားဖြစ်လျက်ပင်၊ သူသည်ယေရှုခရစ်တော်အဖြစ်ဖြင့် လူသားစင်စစ်လည်းဖြစ်လာခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေခံယူ၍၊ အပျိုကညာမာရိအားဖြင့်ဖွားမြင်ခြင်းကိုခံခဲ့သည်။ ကိုယ်တော်သည် လူသားတို့ကဲ့သို့အသက်ရှင်၍ စုံစမ်းခြင်းကိုခံခဲ့သည်။ သို့ရာတွင် ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့်မေတ္တာတော်ကို ပြည့်စုံစွာသာဓကပြခဲ့သည်။ မိမိ၏နိမိတ်လက္ခဏာများအားဖြင့် ဘုရားသခင်၏တန်ခိုးတော်ထင်ရှားစေ၍၊ ဘုရားသခင်မှကတိထားသော မေရှိယအဖြစ်မှန်ကန်ကြောင်း အထောက်အထားဖြစ်စေခဲ့သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အပြစ်များအတွက်နှင့် ကျွန်ုပ်တို့ကိုယ်စားလက်ဝါးကပ်တိုင်ပေါ်တွင် မိမိဆန္ဒအလျောက်ဒုက္ခခံ၍အသေခံပြီး၊ သေခြင်းမှရှင်ပြန်ထမြောက်ကာ၊ ကျွန်ုပ်တို့ကိုယ်စား ကောင်းကင်ဆိုင်ရာဗိမာန်တော်၌အမှုဆောင်ရန်နှင့် ကောင်းကင်သို့တက်ကြွသွားခဲ့သည်။ မိမိလူတို့ကိုနောက်ဆုံးအကြိမ်လွတ်မြောက်စေရန်နှင့် အရာခပ်သိမ်းကိုနဂိုအတိုင်း ပြန်လည်မွမ်းမံရန်အတွက် ကိုယ်တော်သည်ဘုန်းတော်ဖြင့် နောက်တစ်ဖန်ကြွလာလိမ့်မည်။ (ယေရှာယ ၅၃း၄–၆။ ဒံယေလ ၉း၂၅–၂၇။ လုကာ ၁း၃၅။ ယောဟန် ၁း၁–၃၊၁၄၊ ၅း၂၂။ ၁၀း၃၀။ ၁၄း၁–၃၊၉၊၁၃။ ရောမ ၆း၂၃။ ၁ကော ၁၅း၃၊၄ ၂ကော ၃း၁၈။ ၅း၁၇–၁၉။ ဖိလိပ္ပိ ၂း၅–၁၁။ ကောလောသဲ ၁း၁၅–၁၉။ ဟေဗြဲ ၂း၉–၁၈၊ ၈း၁၊၂)။

ကန္တာရတောကြီးသည်မြွေပွေးများဖြင့် အိပ်မက်ဆိုးပမာဖြစ်လာခဲ့သည်။ မြွေများသည် ထမင်းအိုးများအောက်တွင်လျှောတက်သွားကာ၊ တဲငုတ်တိုင်ဘေးတွင်ခွေနေခဲ့ကြသည်။ ၎င်းတို့သည် ကလေးကစားစရာအရုပ်များအကြားတွင်ပုန်းလျှိုးလျက်၊ ကောက်ရိုးမွေ့ရာပေါ်တွင်စောင့်နေခဲ့ကြသည်။ ၎င်းတို့၏အစွယ်ကိုနက်စွာထိုးနစ်၍၊ သေလောက်သောအဆိပ်ကိုထိုးသွင်းခဲ့ကြသည်။

တစ်ချိန်ကဣသရေလတို့၏ခိုလှုံရာဖြစ်သော ဤကန္တာရတောကြီးသည်၊ သုသာန်တစပြင်ဖြစ်လာခဲ့သည်။ ရာပေါင်းများစွာတို့သည် သေလုမြောပါးဖြစ်နေကြသည်။ မိမိတို့၏အကျပ်အတည်းကိုသဘောပေါက်၍ ကြောက်လန့်နေသောမိဘတို့သည် မောရှေ၏တဲသို့ပြေးကာ၊ အကူအညီတောင်းခဲ့ကြသည်။ "မောရှေသည် လူများအဖို့ဆုတောင်းလေ၏" (တောလည်ရာ ၂၁း၇)။

ဘုရားသခင်၏အဖြေကားအဘယ်နည်း။ မြွေရုပ်ကိုလုပ်၍တိုင်ပေါ်မှာမြှောက်ထားလော့။ ၎င်းကိုကြည့်သောသူအားလုံးသည် အသက်ရှင်လိမ့်မည်။ "မောရှေသည်ကြေးဝါဖြင့်မြွေကိုလုပ်၍ တိုင်ပေါ်မှာမြှောက်ထားပြီးလျှင်၊ မြွေကိုက်သောသူမည်သည်ကား၊ ကြေးဝါမြွေကိုကြည့်ရှုသောအခါ အသက်ချမ်းသာရကြ၏" (တောလည်ရာ ၂၁း၉)။

မြွေသည်အပြစ်ကိုကိုယ်စားပြုသောစာတန်ကို အမြဲပုံဆောင်လေ့ရှိသည် (ကမ္ဘာ ၃။ ဗျာဒိတ် ၁၂)။ စခန်းတစ်ခုလုံးသည် စာတန်၏လက်ထဲသို့ကျရောက်ခဲ့သည်။ ဘုရားသခင်၏ကုသမှုကား၊ တဲတော်ယဇ်ပလ္လင်ပေါ်မှသိုးသငယ်ကိုကြည့်ရန်မဟုတ်ဘဲ၊ ကြေးဝါမြွေကိုကြည့်ရန်ဖြစ်သည်။

၎င်းသည် ထူးဆန်းသောခရစ်တော်ကိုပုံဆောင်မှုဖြစ်သည်။ အဆိပ်သင့်စေသောမြွေကို တိုင်ပေါ်တွင်မြှောက်ထားသည်နှင့်အလားသဏ္ဌာန်တူ၊ "အပြစ်နှင့်ပြည့်စုံသောဇာတိပကတိ၏သဏ္ဌာန်ကိုဆောင်သော" (ရောမ ၈း၃) ယေရှုသည်ရှက်ဖွယ်လက်ဝါးကပ်တိုင်ပေါ်တွင် မြှောက်ထားခြင်းခံရမည်အကြောင်းတည်း (ယောဟန် ၃း၁၄၊၁၅)။ အသက်ရှင်ခဲ့ပြီးသောသူနှင့် အသက်ရှင်လာဦးမည့်သူတိုင်း၏အပြစ်အားလုံးကို မိမိကိုယ်တိုင်အပေါ်ယူဆောင်လျက်၊ ကိုယ်တော်သည်အပြစ်ဖြစ်လာခဲ့သည်။ "အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည်အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့်အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့်ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း" (၂ကော ၅း၂၁)။ ခရစ်တော်ကိုကြည့်ခြင်းအားဖြင့် မျှော်လင့်ခြင်းကင်းမဲ့သောလူသားတို့သည် အသက်ကိုရှာတွေ့နိုင်သည်။

လူသားအဖြစ်ခံယူတော်မူခြင်းသည် လူသားတို့အတွက်ကယ်တင်ခြင်းကိုမည်ကဲ့သို့ယူဆောင်လာပေးနိုင်သနည်း။ ၎င်းသည်သားတော်အပေါ်၌ မည်သည့်အကျိုးသက်ရောက်မှုရှိသနည်း။ ဘုရားသခင်သည် မည်ကဲ့သို့လူသားဖြစ်လာနိုင်သနည်း။ ၎င်းသည် အဘယ်ကြောင့်လိုအပ်သနည်း။

## လူသားအဖြစ်ခံယူခြင်း။ ကြိုတင်ဟောကြားမှုများနှင့်ပြည့်စုံခြင်း

ဘုရားသခင်၏အမြော်အမြင်ရှိသောလမ်းညွှန်မှုမှ လမ်းလွဲသောသူတို့ကိုကယ်တင်ရန် ကိုယ်တော်၏စီမံချက်သည် (ယောဟန် ၃း၁၆။ ၁ယော ၄း၉)၊ သူ၏မေတ္တာတော်ကိုယုံကြည်လောက်စွာထင်ရှားစေသည်။ ဤစီမံချက်တွင် မိမိသားတော်သည် အပြစ်အတွက်ယဇ်ကောင်အဖြစ်သော်လည်းကောင်း၊ လူသားမျိုးနွယ်၏မျှော်လင့်ချက်အဖြစ်လည်းကောင်း "ဤကမ္ဘာမြေမတည်မရှိမီ ခန့်ထားတော်မူခြင်းကိုခံနှင့်သည်" (၁ပေ ၁း၁၉၊၂၀)။

ကိုယ်တော်သည်ကျွန်ုပ်တို့ကို ဘုရားသခင်ထံတော်သို့ပြန်လည်ခေါ်ဆောင်ရန်နှင့် နတ်ဆိုး၏ ဖျက်ဆီးသောလုပ်ရပ်များအားဖြင့် အပြစ်တရားမှကယ်တင်ခြင်းကိုပေးရန်ဖြစ်သည်။ (၁ပေ ၃း၁၈။ မဿဲ ၁း၂၁။ ၁ယော ၃း၈)။

အပြစ်တရားသည်အာဒံနှင့်ဧဝကို အသက်၏အရင်းအမြစ်မှပြတ်သွားစေခဲ့သည်။ အကျိုးဆက်အဖြစ် အာဒံနှင့်ဧဝတို့သည် ချက်ချင်းသေခြင်းကိုရင်ဆိုင်ကြရမည်ဖြစ်သည်။ သို့ရာတွင်ကမ္ဘာမတည်မီ (၁ပေ ၁း၂၀၊၂၁)၊ "မိတ်သဟာယပဋိညာဉ်" (ဇာခရိ ၆း၁၃) တွင် ချထားခဲ့သောစီမံချက်နှင့်အညီ၊ သားတော်ဘုရားသည် သူတို့နှင့်ဘုရားရှင်၏တရားမျှတခြင်းတို့အကြားတွင် ခြေလှမ်းဝင်၍၊ ကွာဟချက်ကြီးကိုပေါင်းကူးပေးကာ၊ သေခြင်းကိုထိန်းချုပ်ခဲ့သည်။ ထို့ကြောင့်၊ လက်ဝါးကပ်တိုင်မတိုင်မီကပင်၊ ကိုယ်တော်၏ ကျေးဇူးတော်သည် အပြစ်သားများကိုအသက်ရှင်စေ၍၊ သူတို့အားကယ်တင်ခြင်းကို စိတ်ချစေသည်။ သို့သော်ကျွန်ုပ်တို့ကိုဘုရားသခင်၏သားများ၊ သမီးများအဖြစ်အပြည့် အဝပြန်လည်ဖြစ်စေရန်၊ ကိုယ်တော်သည် လူသားအဖြစ်ကိုခံယူရမည်ဖြစ်သည်။

အာဒံနှင့်ဧဝတို့အပြစ်ပြုပြီးချက်ချင်း၊ မြွေနှင့်မိန်းမတို့အကြား၊ မြွေအမျိုးအနွယ်နှင့် မိန်းမအမျိုးအနွယ်တို့အကြား သဘာဝလွန်ရန်ငြိုးကိုစတင်ရန် ကတိပေးခြင်းဖြင့်၊ ဘုရားသခင်သည် သူတို့ကိုမျှော်လင့်ချက်ပေးခဲ့သည်။ (ကမ္ဘာဦးကျမ်း ၃း၁၅) ၏ပြင်းထန်သော ဖော်ပြချက်တွင် မြွေနှင့်၎င်း၏အမျိုးနွယ်သည် စာတန်နှင့်သူ၏နောက်လိုက်များကို ပုံဆောင်၍၊ မိန်းမနှင့်၎င်း၏အမျိုးအနွယ်သည် ဘုရားသခင်၏လူတို့နှင့်လောက၏ ကယ်တင်ရှင်ကိုပုံဆောင်သည်။ ဤဖော်ပြချက်သည် အကောင်းနှင့်အဆိုးအကြား တိုက်လှန်ပွဲသည် ဘုရားသခင်၏သားတော်အတွက် အောင်မြင်ခြင်း၌ပြီးဆုံးသွားမည် ဖြစ်ကြောင်း ပထမဆုံးသောအာမခံချက်ဖြစ်သည်။ သို့သော်လည်းအောင်မြင်မှုသည် နာကျင်လိမ့်မည်။ "သူ [ကယ်တင်ရှင်] သည် သင် [စာတန်] ၏ဦးခေါင်းကိုကြိတ် လိမ့်မည်။ သင် [စာတန်] သည် သူ [ကယ်တင်ရှင်] ၏ဖနောင့်ကိုကြိတ်လိမ့်မည်" (ကမ္ဘာဦးကျမ်း ၃း၁၅)။ မည်သူမျှမထိမရှဘဲထွက်လာလိမ့်မည်မဟုတ်။

ထိုအချိန်မှစ၍၊ လူသားတို့သည် ကတိထားတော်မူသောသူကိုရှာဖွေခဲ့ကြ သည်။ ဓမ္မဟောင်းသည်ထိုရှာဖွေမှုကိုဖွင့်ဟသည်။ ဗျာဒိတ်တော်များသည်ကတိထားတော် မူသောသူရောက်လာမည့်အချိန်၊ ကမ္ဘာကြီးကသူ၏ကိုယ်ပိုင်လက္ခဏာကိုအတည်ပြုရန် သက်သေရှိမည့်အချိန်ကို ကြိုတင်ဟောကြားခဲ့သည်။

**ကယ်တင်ခြင်းကိုကြိုတင်သရုပ်ဆောင်ခြင်း။** အပြစ်တရားဝင်လာပြီးနောက်၊ ကြွလာမည့်ကယ်တင်ရှင်၏သာသနာကိုသရုပ်ဖော်ရန် တိရစ္ဆာန်ယဇ်ပူဇော်ခြင်းကို ဘုရား သခင်စတင်တော်မူခဲ့သည် (ကမ္ဘာဦးကျမ်း ၄း၄ ကိုဖတ်ပါ)။ ဤသရုပ်ဖော်သောနည်းစနစ် သည် သားတော်ဘုရားသည် အပြစ်ကိုအမြစ်ဖြတ်မည့်ပုံစံကို သရုပ်ဆောင်သည်။

အပြစ်တည်းဟူသော ဘုရားသခင်၏ပညတ်ကိုလွန်ကျူးခြင်းကြောင့် လူသားမျိုးနွယ်သည် သေခြင်းကိုရင်ဆိုင်ခဲ့ရသည် (ကမ္ဘာဦးကျမ်း ၂း၁၇။ ၃း၁၉။ ၁ယော ၃း၄။ ရောမ ၆း၂၃)။ ဘုရားသခင်၏ပညတ်သည် အပြစ်သား၏အသက်ကိုတောင်းဆိုသည်။ သို့ရာတွင် "ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ" (ယောဟန် ၃း၁၆)။ ဘုရားသခင်သည်မိမိ၏အနန္တမေတ္တာဖြင့် မိမိသားတော်ကိုပေးခဲ့သည်။ နားမလည်နိုင်သောအညှဲခံအရှုံးပေးခြင်းပါတကား။ ထာဝရသားတော်၊ ဘုရားသခင်ကိုယ်တိုင်အပြစ်အတွက် ပြစ်ဒဏ်ကိုတစ်ဆင့်ခံပေးဆပ်တော်မူသည်။ ထို့ကြောင့်ကိုယ်တော်သည် ကျွန်ုပ်တို့အားအပြစ်ဖြေလွှတ်ခြင်းကိုပေးနိုင်ပြီး၊ သုံးပါးတစ်ဆူဘုရားနှင့်သင့်မြတ်စေနိုင်သည်။

ဣသရေလတို့သည်အဲဂုတ္တုပြည်မှထွက်မြောက်ပြီးနောက်၊ ဘုရားသခင်နှင့် မိမိလူတို့အကြားပဋိညာဉ်ဆက်ဆံရေး၏အစိတ်အပိုင်းအဖြစ် ယဇ်ပူဇော်ခြင်းကိုတဲတော်၌ကျင်းပခဲ့သည်။ ကောင်းကင်ဆိုင်ရာပုံစံအတိုင်း မောရှေတည်ဆောက်ခဲ့သောတဲတော်နှင့် ၎င်း၏လုပ်ငန်းများတို့သည် ကယ်တင်ခြင်းစီမံကိန်းကိုသရုပ်ဖော်ရန် စတင်ခဲ့ခြင်းဖြစ်သည် (ထွက် ၂၅း၈၊၉၊၄၀။ ဟေဗြဲ ၈း၁–၅)။

ခွင့်လွှတ်ခြင်းကိုရရှိရန် နောင်တရသောအပြစ်သားသည် အပြစ်ကင်းသောကယ်တင်ရှင်ကို ကိုယ်စားပြုခြင်းအဖြစ်၊ အပြစ်အနာအဆာမရှိသောယဇ်ကောင်ကိုယူဆောင်လာသည်။ ထို့နောက်ထိုအပြစ်သားသည် မိမိလက်ကိုအပြစ်မဲ့သောတိရစ္ဆာန်အပေါ်တင်၍၊ မိမိအပြစ်များကိုဝန်ချသည် (ဝတ်ပြုရာ ၁း၃၊၄)။ ဤလုပ်ဆောင်မှုသည် ယဇ်ပူဇော်ခြင်း၏အစားထိုးသောသဘောသဘာဝကို သရုပ်ဖော်သည့်အပြစ်ရှိသောအပြစ်သားမှ အပြစ်မဲ့သောယဇ်ကောင်သို့အပြစ်ပြောင်းရွှေ့ခြင်းကိုပုံဆောင်သည်။

"အသွေးမသွန်းလောင်းဘဲအပြစ်လွှတ်ခြင်းမရှိ" (ဟေဗြဲ ၉း၂၂) သည် ဖြစ်ရာ၊ အပြစ်သားသည်တိရစ္ဆာန်ကိုသတ်၍၊ အပြစ်၏သေစေသောသဘောသဘာဝကို သက်သေထင်ရှားစေသည်။ မျှော်လင့်ခြင်းကိုဝမ်းနည်းဖွယ်ရာဖော်ပြခြင်းဖြစ်သော်လည်း အပြစ်သား၏ယုံကြည်ခြင်းကိုပြသသည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။

ယဇ်ပုရောဟိတ်နှင့်ဆိုင်သောလုပ်ငန်းပြီးဆုံးသွားပြီးနောက် (ဝတ်ပြုရာ ၄–၇)၊ ယဇ်ကောင်ကပုံဆောင်သည့်ကြွလာမည့် ရွေးနုတ်ရှင်၏အစားထိုးအသေခံခြင်း၌ သူ၏ယုံကြည်ခြင်းအားဖြင့် အပြစ်သားသည် အပြစ်များမှခွင့်လွှတ်ခြင်းကိုရရှိခဲ့သည်။ ဓမ္မသစ်ကျမ်းသည် ဘုရားသခင်၏သားတော်ယေရှုခရစ်ကို "ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်" (ယောဟန် ၁း၂၉) အဖြစ်အသိအမှတ်ပြု

သည်။ "အညစ်အကြေးနှင့်ကင်းစင်သောသိုးသငယ်ကဲ့သို့သော ခရစ်တော်၏အသွေးတော်မြတ်" (၁ပေ ၁း၁၉) ဖြင့်၊ အပြစ်၏အဆုံးစွန်ပြစ်ဒဏ်မှလူသားတို့ကို ရွေးနုတ်ရန်အတွက် ကိုယ်တော်ရနိုင်ခဲ့သည်။

**ကယ်တင်ရှင်အကြောင်းကြိုတင်ဟောချက်များ။** လောကထဲသို့အပြစ်ဝင်လာချိန်မှစ၍၊ ဘုရားသခင်သည်ကြွလာမည့်ကယ်တင်ရှင်အကြောင်း သတင်းကောင်းကိုလူသားတို့အားသေချာစွာသိစေခဲ့သည်။ ကြွလာမည့်ကယ်တင်ရှင်နှင့်ဆိုင်သောပထမကတိတော်ကို၊ ဒေင်ဥယျာဉ်ထဲကအာဒံနှင့်ဧဝတို့ကိုသိစေကြောင်း (ကမ္ဘာဦးကျမ်း ၃း၁၅) တွင်ပါရှိသည်။ ကယ်တင်ရှင်မေရှိယတည်းဟူသောဘိသိက်ခံသူသည် အာဗြဟံ၏အမျိုးမှဆင်းသက်မည်ဖြစ်ကြောင်း ဘုရားသခင်ကတိပြုခဲ့သည်။ "သင်၏အမျိုးအနွယ်အားဖြင့်လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကိုခံရကြလိမ့်မည်" (ကမ္ဘာဦးကျမ်း ၂၂း၁၈)။

ကယ်တင်ရှင်သည် သားယောကျ်ားအဖြစ်ဖွားမြင်၍၊ လူနှင့်ဘုရားဇာတိနှစ်ခုလုံးရှိမည်ဖြစ်ကြောင်း ဟေရှာယဗျာဒိတ်ဟောခဲ့သည်။ "အကြောင်းမူကား၊ ငါတို့အဖို့သူငယ်ကိုဖွားမြင်၏။ ငါတို့အားသားကိုသနားတော်မူ၏။ ထိုသူသည်အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။ နာမတော်မူကားအံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟုခေါ်ဝေါ်သမုတ်ခြင်းကိုခံတော်မူလိမ့်မည်" (ဟေရှာယ ၉း၆)။ ဤကယ်တင်ရှင်သည် ဒါဝိဒ်မင်း၏ရာဇပလ္လင်ပေါ်မှာထိုင်၍၊ ကာလအစဉ်မပြတ် ငြိမ်းချမ်းသောနိုင်ငံတော်ကိုတည်ထောင်တော်မူလိမ့်မည်" (ဟေရှာယ ၉း၇)။ ဗက်လင်မြို့သည် သူ့ဖွားမြင်ရာမြို့ဖြစ်လိမ့်မည်" (မိက္ခာ ၅း၂)။

ဤဘုရား– လူသား၏မွေးဖွားခြင်းသည် သဘာဝလွန်ဖြစ်လိမ့်မည်။ ဓမ္မသစ်ကျမ်းသည် ဤ (ဟေရှာယ ၇း၁၄) ၏ဗျာဒိတ်ဟောချက်ကိုအတည်ပြု၍၊ ယေရှု၏ဖွားမြင်တော်မူခြင်း၌အသုံးချသည်။ "ကြည့်ရှုလော့။ သတို့သမီးကညာသည်ပဋိသန္ဓေစွဲယူ၍၊ သားယောကျ်ားကိုဖွားမြင်လတ္တံ့။ ထိုသားကိုဧမာနွေလအမည်ဖြင့်မှည့်ရကြလတ္တံ့ဟု လာသတည်း။ ဧမာနွေလအနက်ကား၊ ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်ဟု ဆိုလိုသတည်း" (မဿဲ ၁း၂၃)။

ကယ်တင်ရှင်၏သာသနာကို ဟေရှာယသည်အောက်ပါအတိုင်းဗျာဒိတ်ဟောခဲ့သည်။ "ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်မှာတည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အားဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ၊ ငါ့ကိုဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏အနာကို စည်းစေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကိုဖြစ်စေခြင်းငှာလည်းကောင်း၊ ထာဝရဘုရား၏မင်္ဂလာနှစ်ကို" (ဟေရှာယ ၆၁း၁၊၂။ လုကာ ၄း၁၈၊၁၉) ဟောပြောရန်ဖြစ်သည်။

မေရှိယသည်အံ့သြဖွယ်ငြင်းပယ်ခြင်းကိုခံရမည်။ သူသည် “ခြောက်သွေ့သော မြေ၌ပေါက်သောအတက်ကဲ့သို့” ထင်မှတ်ခြင်းခံရမည်။ “ပမာဏပြုစရာအဆင်းတင့်တယ် ခြင်းမရှိ။ ချစ်လိုဖွယ်သောမျက်နှာလက္ခဏာနှင့်မပြည့်စုံ။ မထီမဲ့မြင်ပြုခြင်းကိုခံ၍၊ လူတို့တွင် အယုတ်ဆုံးသောသူဖြစ်၏။ ငြိုငြင်သောသူ၊ နာကြည်းခြင်းဝေဒနာနှင့်ကျွမ်းဝင်သောသူ ဖြစ်၏။... ငါတို့သည်မရိုသေကြ” (ဟေရှာယ ၅၃း၂–၄)။

ရင်းနှီးသောမိတ်ဆွေတစ်ဦးသည် ကိုယ်တော်ကိုသစ္စာဖောက်၍ (ဆာလံ ၄၁း၉)၊ ငွေသုံးဆယ်ဖြင့်ရောင်းစားလိမ့်မည် (ဇာခရိ ၁၁း၁၂)။ ကိုယ်တော်အားစစ်ဆေးချိန်တွင် တံတွေးထွေးခြင်း၊ ရိုက်ပုတ်ခြင်းခံရမည် (ဟေရှာယ ၅၀း၆)။ ကိုယ်တော်ကိုကွပ်မျက် သောသူတို့သည် သူ၏အဝတ်တော်ကိုစာရေးတံချကြလိမ့်မည် (ဆာလံ ၂၂း၁၈)။ သူ၏ အရိုးတစ်ခုမျှမကျိုးရ (ဆာလံ ၃၄း၂၀)၊ သို့သော်နံဘေးတော်သည် ထိုးဖောက်ခြင်းကို ခံရမည် (ဇာခရိ ၁၂း၁၀)။ သူ၏ဝေဒနာအကြားတွင် ခုခံခြင်းမရှိ၊ “သိုးသည်အမွေး ညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့၊ သူသည်နှုတ်ကိုမဖွင့်ဘဲနေ၏” (ဟေရှာယ ၅၃း၇)။

အပြစ်မဲ့သောကယ်တင်ရှင်သည် အပြစ်သားများအတွက်အလွန်အမင်းဝေဒနာခံ လိမ့်မည်။ “ထိုသူသည် ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏... ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ ရောက်၍၊ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။... ထာဝရဘုရားသည် ခပ်သိမ်းသောငါတို့၏အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏။... အသက်ရှင်သောသူတို့၏နေရာမှ သူ့ကိုသုတ်သင်ပယ်ရှင်းသည်ဖြစ်၍၊... ငါ၏လူမျိုး အပြစ်ကြောင့်ဒဏ်ခတ်တော်မူခြင်းကိုခံလေ၏” (ဟေရှာယ ၅၃း၄–၈)။

**ကယ်တင်ရှင်ကိုဖော်ထုတ်ခြင်း။** ယေရှုခရစ်တော်တစ်ပါးတည်းသာလျှင် ဤအနာဂတ်ဟောကြားချက်များကို ပြည့်စုံစေတော်မူခဲ့သည်။ ရှင်မဿဲခရစ်ဝင်ကျမ်း သည် ကိုယ်တော်၏ဆွေစဉ်မျိုးဆက်ကိုအာဗြဟံမှဇာစ်မြစ်ကိုလိုက်၍၊ သူ့အားအာဗြဟံ ၏သားတော်ဟုခေါ်ပြီး (မဿဲ ၁း၁)၊ ရှင်လုကာခရစ်ဝင်ကျမ်း၌မူကား၊ အာဒံ၏အဘ ဘုရားသခင်အထိ နောက်ပြန်ခြေရာကောက်ခဲ့သည် (လုကာ ၃း၃၇)။ အာဗြဟံနှင့် သူ၏အမျိုးအနွယ်၌ကတိထားသည့်အရာသည် ခရစ်တော်၌ပြည့်စုံကြောင်းကို ပေါလု အတည်ပြုသည် (ဂလာတိ ၃း၁၆)။ “ဒါဝိဒ်၏သားတော်” ဟူသောမေရှိယဆိုင်ရာ နာမကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်တော်၌အသုံးပြုသည် (မဿဲ ၂၁း၉)။ ကိုယ်တော်ကို ဒါဝိဒ်၏ရာဇပလ္လင်ကိုဆက်ခံမည့်ကတိထားသော မေရှိယအဖြစ်ဖော်ထုတ်သည် (တမန်တော် ၂း၂၉၊၃၀)။

ယေရှု၏မွေးဖွားခြင်းသည် အံ့သြဖွယ်ရာဖြစ်သည်။ အပျိုကညာမာရိ၏ "ပဋိသန္ဓေသည် သန့်ရှင်းသောဝိညာဉ်တော်ကြောင့်ဖြစ်၏" (မဿဲ ၁း၁၈–၂၃)။ ရောမ အစိုးရ၏အမိန့်ဒီဂရီသည် သူမက၊ ကြိုတင်ဟောခဲ့သည့် မွေးရပ်မြေဗက်လင်မြို့သို့ပို့ပေးခဲ့ သည် (လုကာ ၂း၄–၇)။

ယေရှု၏နာမတော်တစ်ခုမှာ "ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်" ဟု အဓိပ္ပါယ်ရှိသောမောန္နေလဖြစ်သည်။ ၎င်းသည်ကိုယ်တော်၏ဘုရား–လူဇာတိကိုရောင်ပြန် ဟပ်ပြီး၊ ထိုဘုရားသည်လူသားလည်းဖြစ်တော်မူကြောင်းဖော်ပြသည် (မဿဲ ၁း၂၃)။ ကိုယ်တော်၏အများသိနာမတော်ဖြစ်သောယေရှုသည် သူ၏ကယ်တင်ခြင်းလုပ်ငန်းကို အလေးပေးသည်။ သူ၏မွေးဖွားခြင်းကိုကြေညာသောကောင်းကင်တမန်သည် "ထိုသား သည်မိမိလူတို့ကိုအပြစ်မှကယ်ချွတ်မည့်သူဖြစ်သောကြောင့် ယေရှုဟူသောအမည်ဖြင့် မှည့်ရမည်" (မဿဲ ၁း၂၁) ဟု ဆိုခဲ့သည်။

ယေရှုသည်မိမိသာသနာကို ဟေရှာယကြိုတင်ဟောခဲ့သည့် မေရှိယ၏သာသနာနှင့် တူကြောင်းကို၊ "ယနေ့ပင်ဤကျမ်းစာချက်သည် သင်တို့ကြားသည်အတိုင်းပြည့်စုံလေပြီ" (လုကာ ၄း၁၇–၂၁) ဟုထုတ်ဖော်တော်မူခဲ့သည်။

ကိုယ်တော်သည်မိမိလူတို့အပေါ် ကြီးကျယ်သောအရာကိုထင်စေခဲ့သော်လည်း၊ သူ၏သတင်းစကားသည် အများအားဖြင့်ငြင်းပယ်ခံရသည် (ယောဟန် ၁း၁၁။ လုကာ ၂၃း၁၈)။ လူအနည်းငယ်မှလွဲ၍၊ ကိုယ်တော်ကိုလောက၏ကယ်တင်ရှင်အဖြစ် အသိ အမှတ်မပြုခဲ့ကြချေ။ လက်ခံမည့်အစား၊ ကိုယ်တော်သည်အသက်ခြိမ်းခြောက်ခြင်းနှင့် ရင်ဆိုင်ခဲ့ရသည် (ယောဟန် ၅း၁၆။ ၇း၁၉။ ၁၁း၅၃)။

ယေရှု၏သုံးနှစ်ခွဲသာသနာလုပ်ငန်းအဆုံးပိုင်းတွင်၊ တပည့်တော်ယုဒရှကာရုတ် သည် သူ့ကိုသစ္စာဖောက်၍ (ယောဟန် ၁၃း၁၈။ ၁၈း၂)၊ ငွေအကျပ်သုံးဆယ်ဖြင့် ရောင်းခဲ့သည် (မဿဲ ၂၆း၁၄၊၁၅)။ သူ့ကိုကယ်တင်ရန်သူ၏တပည့်တော်များကို ခွင့်ပြုမည့်အစား၊ သူ့ကိုကာကွယ်ရန်ကြိုးစားသောသူတို့ကိုပင် အပြစ်တင်ခဲ့သည် (ယောဟန် ၁၈း၄–၁၁)။

ကိုယ်တော်အားဖမ်းဆီးပြီး ၂၄ နာရီမပြည့်မီ၊ သူသည်မည်သည့်ပြစ်မှုမျှ မကျူးလွန်သော်လည်း၊ တံတွေးထွေးခြင်း၊ ရိုက်ခြင်း၊ စစ်ဆေးခြင်း၊ သေဒဏ်ချမှတ် ခြင်းနှင့် ကပ်တိုင်တင်သတ်ခြင်းကိုခံခဲ့သည် (မဿဲ ၂၆း၆၇။ ယောဟန် ၁၉း၁–၁၆။ လုကာ ၂၃း၁၄၊၁၅)။ စစ်သားများသည် သူ၏အဝတ်တော်ကိုစာရေးတံချကြသည် (ယောဟန် ၁၉း၂၃၊၂၄)။ ကပ်တိုင်တင်သတ်ခြင်းခံစဉ်တွင် ကြိုတင်ဟောထားသကဲ့သို့ သူ၏အရိုးများမကျိုးခဲ့ (ယောဟန် ၁၉း၃၂၊၃၃၊၃၆။ ဆာလံ ၃၄း၂၀ ကိုဖတ်ပါ)။

ကိုယ်တော်အသက်တော်ထွက်ပြီးနောက်၊ စစ်သားများသည်သူ၏နံဘေးကို လှံဖြင့်ထိုးဖောက်ခဲ့ကြသည် (ယောဟန် ၁၉း၃၄၊၃၇)။

မိမိတို့၏ရွေးနုတ်ခြင်းကိုသေချာစေရန်အတွက်၊ ကိုယ်တော်၏သေခြင်းသည် အပြစ်သားများအတွက်ရရှိနိုင်သည့် တစ်ခုတည်းသောယဇ်ပူဇော်ခြင်းအဖြစ် ခရစ်တော်၏နောက်လိုက်များကအသိအမှတ်ပြုကြသည်။ "ငါတို့သည်အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့်အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည်ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အားထင်ရှားစွာပြတော်မူ၏" (ရောမ ၅း၈)။ "ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့် ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှာ၊ ကိုယ်ကိုကိုယ်ဆက်ကပ်၍၊ ယဇ်ပူဇော်လျက်၊ ငါ့တို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့" (ဧဖက် ၅း၂)။ မှန်ပါသည်။ ခရစ်တော်သည်လူသားတို့၏အပြစ်များအတွက် အစားထိုးအသေခံခဲ့သည်။ "ကိုယ်တော်အားပြုစုထိုက်သကဲ့သို့ ကျွန်ုပ်တို့သည်ပြုစုခြင်းခံရမည်အကြောင်း၊ ခရစ်တော်သည်ကျွန်ုပ်တို့ထိုက်တန်သည့်အရာဖြင့်ပြုစုခြင်းကိုခံခဲ့သည်။ ကိုယ်တော်သည်အပြစ်မရှိဘဲ၊ ကျွန်ုပ်တို့၏အပြစ်များအတွက်အပြစ်စီရင်ခြင်းကိုခံခဲ့ရာ၊ ကျွန်ုပ်တို့၌ဖြောင့်မတ်ခြင်းမရှိပါဘဲလျက်၊ သူ၏ဖြောင့်မတ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည်ဖြောင့်မတ်ခြင်းရမည်အကြောင်းတည်း။ ကိုယ်တော်၏အသက်ကို ကျွန်ုပ်တို့ရရှိနိုင်မည်အကြောင်း၊ ကျွန်ုပ်တို့၏သေခြင်းကို၊ သူသည်ကိုယ်စားခံခဲ့သည်။ "သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည်အနာပျောက်လျက်ရှိကြသည်။"

**ကိုယ်တော်၏သာသနာပြုချိန်နှင့်သေချိန်။** ဘုရားသခင်သည် မိမိသားတော်ကို ဤမြေကြီးသို့ "အချိန်ကာလစေ့သောအခါ" (ဂလာတိ ၄း၄) စေလွှတ်ကြောင်းကို သမ္မာကျမ်းစာကဖော်ပြသည်။ ခရစ်တော်သည်သူ၏သာသနာကိုအစပြုတော်မူချိန်က "အချိန်ပြည့်စုံပြီ" (မာကု ၁း၁၅) ဟု မိန့်တော်မူခဲ့သည်။ ဤအချိန်နှင့်ဆိုင်သောကျမ်းချက်တို့သည် ခရစ်တော်၏သာသနာသည် ဘုရားသခင်၏ချိန်းချက်သောအချိန်နှင့်အညီရှေ့ဆက်ဖြစ်လာကြောင်းညွှန်ပြပေးသည်။

ရာစုနှစ်ငါးစုထက်စော၍၊ ဒံယေလအားဖြင့်ဘုရားသခင်သည် ခရစ်တော်၏သာသနာစတင်မည့်အချိန်နှင့် သူသေမည့်အချိန်အတိအကျကိုကြိုတင်ဟောခဲ့သည်။

ဗာဗုလုန်နိုင်ငံတွင် ဣသရေလတို့အားဖမ်းဆီးခြင်းနှစ်ပေါင်း (၇၀) အဆုံးပိုင်းတွင်၊ ဘုရားသခင်သည်ယုဒလူတို့နှင့် ယေရုရှလင်မြို့အတွက် အပတ်ပေါင်း (၇၀) ကို ကရုဏာကာလအဖြစ်သတ်မှတ်ကြောင်း ဒံယေလကိုမိန့်တော်မူခဲ့သည်။


ဤအချိန်အတွင်း၊ နောင်တတရားဖြင့်၊ ကြွလာမည့်မေရှိယအတွက် မိမိကိုယ်ကို ပြင်ဆင်ခြင်းအားဖြင့်၊ ယုဒလူမျိုးတို့သည် သူတို့အတွက် ဘုရားသခင်၏ရည်ရွယ်ချက်ကို ပြည့်စုံစေရန်ဖြစ်သည်။

ဒံယေလကလည်း "ဒုစရိုက်အပြစ်ကိုဖြေရှင်းခြင်း" နှင့် "ထာဝရကုသိုလ်" ကို ပြုခြင်းတို့သည် ဤကာလ၏ပစ်မှတ်ဖြစ်သည်ဟုရေးသားခဲ့သည်။ ဤမေရှိယနှင့် ဆိုင်သောလုပ်ဆောင်မှုများသည် ဤအချိန်အတွင်း ကယ်တင်ရှင်ကြွလာမည်ဖြစ်ကြောင်းကို ညွှန်ပြသည် (ဒံယေလ ၉း၂၄)။

မေရှိယသည် "ယေရုရှလင်မြို့ကိုတစ်ဖန်တည်ထောင်ပြုစုခြင်းငှာ၊ အမိန့်တော်ရှိသည့်နေ့" နောက်ပိုင်း၊ "ခုနစ်သီတင်းနှင့်ခြောက်ဆယ်နှစ်သီတင်းကြာ" သို့မဟုတ် စုစုပေါင်း ၆၉ ပတ်တွင်မေရှိယသည်ပေါ်ထွန်းမည်ဖြစ်ကြောင်းကို ဒံယေလသည် ကြိုတင်ဟော၍သတ်မှတ်ခဲ့သည်။ ခြောက်ဆယ်ကိုးသီတင်းပြီးဆုံးပြီးနောက် မေရှိယသည် "အခွင့်မရဘဲအသေသတ်ခြင်းကိုခံရလိမ့်မည်" (ဒံယေလ ၉း၂၆)။ သူသည် သီတင်းပတ် (၇၀) မြောက်၏အလယ်တွင်အသေသတ်ခြင်းကိုခံ၍၊ "ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်းကိုပပျောက်စေလိမ့်မည်" (ဒံယေလ ၉း၂၇)။

အချိန်နှင့်ဆိုင်သောဗျာဒိတ်ဟောချက်များကိုနားလည်ရန် အဓိကသော့ချက်သည် ဗျာဒိတ်ဟောချက်ကတစ်ရက်သည် တစ်နှစ်နှင့်ညီသည်ဟူသောသမ္မာကျမ်းစာ၏ဥပဒေသ အပေါ်တည်သည် (တောလည်ရာ ၁၄း၃၄။ ယေဇကျေလ ၄း၆)။ ဤနှစ်–ရက်ဥပဒေသအရ၊ အပတ်ပေါင်း ၇၀ (သို့မဟုတ် ဗျာဒိတ်ဟောချက်ရက်ပေါင်း ၄၉၀) သည် နှစ်ပေါင်း ၄၉၀ ကို ပုံခိုင်းသည်။

ဤအချိန်ကာလသည် "ယေရုရှလင်မြို့ကိုတစ်ဖန်တည်ထောင်ပြုစုခြင်းငှာ၊ အမိန့်တော်ရှိသည်နေ့မှ" (ဒံယေလ ၉း၂၅) စတင်ကြောင်းကိုဖော်ပြသည်။ ယုဒလူတို့အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပြည့်အဝပေးသည့် ဤအမိန့်ကိုပါးရှားဘုရင်အာတဇေရဇ်၏နန်းစံ ခုနစ်နှစ်မြောက်၊ ဘီစီ (၄၅၇) အနှောင်းပိုင်းတွင် စတင်အကျိုးသက်ရောက်ခဲ့သည် (ဧဇရ ၇း၈၊၁၂–၂၆၊ ၉း၉) ဤဗျာဒိတ်ဟောချက်အရ၊ အမိန့်ချပြီးနှစ်ပေါင်း (၄၈၃) (ဗျာဒိတ်သီတင်း ၆၉) ကုန်လွန်ပြီးနောက်၊ "ခရစ်တော်သခင်" သည်ပေါ်ထွန်းလိမ့်မည်။ ဘီစီ (၄၅၇) မှ စတင်၍၊ နှစ်ပေါင်း (၄၈၃) ကုန်လွန်ပြီး၊ အေဒီ (၂၇) အနှောင်းပိုင်းတွင် ယေရှုသည်နှစ်ခြင်းကိုခံ၍၊ လူထုအကြားသာသနာကိုစတင်တော်မူခဲ့သည်။ ဘစီ (၄၅၇) နှင့်အေဒီ (၂၇) စသည့်ရက်စွဲတို့ကိုလက်ခံသည့်၊ ဂလီဆန်အာချာ (Gleason Archer) က၊ ဤအရာသည် "ရှေးအခါကဗျာဒိတ်ဟောချက်များပြည့်စုံခြင်းတွင် အထူးခြားဆုံးသောတိကျ မှန်ကန်မှုရှိသည်။ ဘုရားတစ်ပါးတည်းကသာလျှင်၊ ထိုသို့သောအံ့ဖွယ်တိကျမှုဖြင့် မိမိ သားတော်ကြွလာခြင်းကိုကြိုတင်ဟောနိုင်သည်။"




ယော်ဒန်မြစ်တွင်နှစ်ခြင်းကိုခံချိန်က၊ ယေရှုသည်သန့်ရှင်းသောဝိညာဉ်တော်၏ ဘိသိက်ပေးခြင်းကိုခံရ၍၊ "ဘိသိက်မြှောက်ခြင်းခံရသူ" ဟုအဓိပ္ပါယ်ရသော "မေရှိယ" (ဟေဗြဲဘာသာ) သို့မဟုတ် "ခရစ်တော်" (ဟေလသဘာသာ) အဖြစ် ဘုရားသခင်၏ အသိအမှတ်ပြုခြင်းကိုခံခဲ့သည် (လုကာ ၃း၂၁၊၂၂။ တမန် ၁၀း၃၈။ ယောဟန် ၁း၄၁)။ ယေရှု၏ "အချိန်ပြည့်စုံပြီ" (မာကု ၁း၁၅) ဟူသောကြွေးကြော်ခြင်းသည် ဤအချိန်ကာလနှင့်ဆိုင်သော ဗျာဒိတ်ဟောချက်၏ပြည့်စုံခြင်းကိုရည်ညွှန်းသည်။

သီတင်းပတ် (၇၀) မြောက်၏အလယ်၊ ယေရှုနှစ်ခြင်းခံပြီးသုံးနှစ်ခွဲအလွန်၊ အေဒီ (၃၁) ၏နွေဦးကာလတွင်၊ မေရှိယသည်မိမိအသက်ကိုပေးခြင်းဖြင့် ယဇ်ပူဇော်ခြင်းစနစ်ကိုအဆုံးသတ်ခဲ့သည်။ ကိုယ်တော်သေဆုံးချိန်တွင် ဗိမာန်တော်ကန့်လန့်ကာသည် "အထက်စွန်းမှအောက်စွန်းတိုင်အောင်ကွဲလေ၏" (မဿဲ ၂၇း၅၁)။ ၎င်းသည် ဗိမာန်တော်လုပ်ငန်းစဉ်အားလုံးကို ဘုရားရှင်ဖျက်သိမ်းကြောင်းညွှန်ပြသည်။

ယဇ်ပူဇော်ခြင်းလုပ်ငန်းစဉ်အားလုံးသည် ကုံလုံပြည့်စုံသောမေရှိယ၏ပူဇော်ဆက်သခြင်းကို ကြိုတင်ညွှန်ပြခဲ့သည်။ စစ်မှန်သောဘုရားသခင်၏သိုးသငယ်၊ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်များအတွက်ရွေးနုတ်ရန် အဖိုးအခအဖြစ်ကရာနိကုန်းပေါ်တွင် အသေခံသောအခါ (၁ပေ ၁း၁၉)၊ ပုံစံသည်အစစ်အမှန်နှင့်တွေ့ရှိပြီး၊ အရိပ်သည်လည်း အဖြစ်မှန်ထဲသို့ပေါင်းစပ်သွားခဲ့လေသည်။ မြေကြီးနှင့်ဆိုင်သောတဲတော်လုပ်ငန်းများလည်း မလိုအပ်တော့ပြီ။

ကြိုတင်ဟောချက်အချိန်အတိအကျတွင်၊ ပသခါပွဲအတွင်း၊ ခရစ်တော်အသေခံခဲ့သည်။ ပေါလုက "အကြောင်းမူကား၊ ခရစ်တော်တည်းဟူသော ငါတို့ပသခါသိုးသငယ်သည် ငါတို့အဖို့ယဇ်ပူဇော်ရာဖြစ်၏" (၁ကော ၅း၇) ဟုပြောခဲ့သည်။ ယေရှုခရစ်တော်သည် ကြာမြင့်စွာကကြိုတင်ဟောခဲ့သောလောက၏ကယ်တင်ရှင်ဖြစ်ကြောင်း၊ အခိုင်မာဆုံးသောအထောက်အထားများကို ဤအံ့ဖွယ်တိကျသောအချိန်နှင့်ဆိုင်သည့် ဗျာဒိတ်ဟောချက်ကပြသသည်။

**ကယ်တင်ရှင်၏ထမြောက်ခြင်း။** သမ္မာကျမ်းစာသည် ကယ်တင်ရှင်၏ သေခြင်းကိုသာမက၊ သူ၏ရှင်ပြန်ထမြောက်ခြင်းကိုလည်း ကြိုတင်ဟောခဲ့သည်။ ပေတရုက၊ "ခရစ်တော်၏စိတ်ဝိညာဉ်ကို မရဏာနိုင်ငံ၌ပစ်ထားတော်မမူ၊ အသား သည်လည်းပုပ်စပ်ခြင်းသို့မရောက်" (တမန်တော် ၂း၃၁) ဟူ၍ ဒါဝိဒ်၏ဗျာဒိတ်ဟောချက်ကို ရည်ညွှန်း၍ဆိုခဲ့သည် (ဆာလံ ၁၆း၁၀)။ ခရစ်တော်သည်အခြားသူတို့ကိုသေခြင်းမှ ထမြောက်စေသော်လည်း (မာကု ၅း၃၅–၄၂။ လုကာ ၇း၁၁–၁၇။ ယောဟန် ၁၁)၊ သူကိုယ်တိုင်၏ရှင်ပြန်ထမြောက်ခြင်းသည် လောက၏ကယ်တင်ရှင်ဖြစ်ကြောင်း သူ၏ ပြောဆိုချက်၏နောက်ကတန်ခိုးကိုဖော်ပြခဲ့သည်။ "ယေရှုကလည်း၊ ငါသည်ထမြောက် ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်းရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍အသက်ရှင်သောသူရှိသမျှတို့ သည်လည်း သေခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်" (ယောဟန် ၁၁း၂၅၊၂၆)။

မိမိ၏တပည့်တော်များအား ရှင်ပြန်ထမြောက်တော်မူသောယေရှု၏အာမခံချက် ဟူမူကား၊ "ကြောက်ရွံ့ခြင်းမရှိနှင့်။ ငါသည်အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်၏။ အသက်ရှင်သောသူလည်းဖြစ်၏။ ငါသည်အလျင်သေသည်ဖြစ်၍၊ ကမ္ဘာအဆက်ဆက် အသက်နှင့်ပြည့်စုံ၏။ မရဏာနှင့်မရဏာနိုင်ငံကိုလည်းငါအစိုးရ၏" (ဗျာ ၁း၁၇း၁၈) ဟူ၍ဖြစ်သည်။

## ယေရှုခရစ်တော်၏ဇာတိနှစ်မျိုး

"နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍" (ယောဟန် ၁း၁၄) ဟုဖော်ပြရာတွင် ယောဟန်သည်အလွန်လေးနက်သောသမ္မာတရားကိုချပြခဲ့သည်။ သားတော်ဘုရား၏လူ့ဇာတိကိုခံယူခြင်းသည် ဆန်းကြယ်လွန်းသည်။ သမ္မာကျမ်းစာ သည် ဘုရားသခင်၏လူဇာတိခံယူခြင်းကို "ကိုးကွယ်ခြင်း၏နက်နဲသောအရာ" ဟုမီးမောင်း ထိုးသည် (၁တိ ၃း၁၆)။

လောကကိုဖန်ဆင်းသောအရှင်၊ သုံးပါးတစ်ဆူဘုရားကိုပြည့်စုံစေသောသူသည် နွားစားခွက်တွင် အကူအညီမဲ့သောကလေးငယ်ဖြစ်လာခဲ့သည်။ မည်သည့်ကောင်းကင်တမန် ထက်မဆိုများစွာသာလွန်၍၊ ဇာတိ၊ သိက္ခာနှင့်ဘုန်းတော်တို့၌ ဘုရားသခင်နှင့်တူတော်မူသော ကိုယ်တော်သည် လူသား၏အဝတ်ကိုဝတ်ဆင်ရန် အရှုံးခံနိုင်ခဲ့သည်တကား။

သန့်ရှင်းသောဝိညာဉ်တော်၏အလင်းပြမှုကိုမတောင်းခံဘဲ၊ ဤမွန်မြတ်နက်နဲမှု၏ အဓိပ္ပါယ်ကိုသိရှိနိုင်မည်မဟုတ်။ လူ့ဇာတိအဖြစ်ခံယူတော်မူခြင်းကိုနားလည်ရန် ကြိုးစား ရာတွင်၊ "မထင်ရှားသောအရာတို့သည် ငါတို့ဘုရားသခင်ထာဝရဘုရား၏အငန်းအတာ

ဖြစ်၏။ ဖော်ပြတော်မူသောအရာတို့သည် ကာလအစဉ်မပြတ် ငါတို့နှင့်ငါတို့သားသမီးများ တို့၏အငန်းအတာဖြစ်" (တရားဟော ၂၉း၂၉) သည် ကိုသတိရပါ။

**ယေရှုခရစ်တော်သည်အမှန်တကယ်ဘုရားဖြစ်သည်။** ယေရှုခရစ်တော်သည် ဘုရားဖြစ်သည်ဟူသောသက်သေကားအဘယ်နည်း။ ကိုယ်တော်သည်မိမိကိုယ်ကိုမည်သို့ သိရှိသနည်း။ လူတို့သည် သူ၏ဘုရားဇာတိကိုအသိအမှတ်ပြုခဲ့ကြသလား။

**၁။ ကိုယ်တော်၏ဘုရားဂုဏ်လက္ခဏာများ။** ခရစ်တော်သည် ဘုရားဂုဏ်တော်လက္ခဏာများကိုပိုင်ဆိုင်သည်။ သူသည်အနန္တတန်ခိုးရှင်ဖြစ်သည်။ ခမည်းတော်သည်သူ့အား "ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှ" (မဿဲ ၂၈း၁၈။ ယောဟန် ၁၇း၂) ကိုပေးခဲ့ပြီ။

ကိုယ်တော်သည်သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်သည်။ ပေါလုက၊ ကိုယ်တော်၌ "နက်နဲသောအရာ၌ ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက်ရှိကြ၏" (ကောလောသဲ ၂း၃) ဟုဆိုခဲ့သည်။

ယေရှုက၊ မိမိ၏နေရာတိုင်းတွင်တည်ရှိနေခြင်းကို "ငါသည်လည်းကပ်ကမ္ဘာကုန် သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်" (မဿဲ ၂၈း၂၀) ဟူ၍လည်း ကောင်း၊ "အကြင်အရပ်၌လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမကိုထောက်၍စည်းဝေးကြ၏။ ထိုအရပ်၌သူတို့အလယ်မှာငါရှိသည်" (မဿဲ ၁၈း၂၀) ဟူ၍လည်းကောင်း၊ အာမခံချက် ပေးသည်။

ကိုယ်တော်၏ဘုရားဖြစ်ခြင်းသည် နေရာတိုင်း၌ရှိနိုင်သော်လည်း၊ လူ့ဇာတိကို ခံယူသောခရစ်တော်သည် ဤအချက်တွင်ဆန္ဒအလျောက် မိမိကိုယ်ကိုကန့်သတ်တော်မူ ခဲ့သည်။ သူသည်သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်အားဖြင့် နေရာတိုင်းတွင်ရှိနေရာ ရွေးချယ်ခဲ့ပြီ (ယောဟန် ၁၄း၁၆–၁၈)။

ဟေဗြဲဩဝါဒစာသည် ကိုယ်တော်၏ပြောင်းလဲခြင်းမရှိကြောင်းကို သက်သေပြု သည်။ "ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလအစဉ်အမြဲမပြောင်းမလဲနေတော် မူ၏" (ဟေဗြဲ ၁၃း၈)။

ကိုယ်တော်၏ပင်ကိုတည်ရှိခြင်းသည် ကိုယ်တော်ကမိမိ၌အသက်ရှိသည် ဟူ၍ မိန့်တော်မူချက်၏သက်သေဖြစ်သည် (ယောဟန် ၅း၂၆)။ ယောဟန်က "နှုတ်ကပတ်တော်၌အသက်ရှိ၏။ ထိုအသက်သည်လည်းလူတို့၏အလင်းဖြစ်၏" (ယောဟန် ၁း၄) ဟု သက်သေခံခဲ့သည်။ မိမိကိုယ်တိုင်သည် "ထမြောက်ခြင်း အကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏" (ယောဟန် ၁၁း၂၅) ဟု ခရစ်တော် ထုတ်ဖော်ခဲ့သည်။ ထိုသို့ဖော်ပြရာတွင်၊ သူ၌ "ချေးငှားရရှိ၍မဟုတ်၊ မူလအသက်" ရှိတော်မူကြောင်းကိုအခိုင်အမာဆိုသည်။

သန့်ရှင်းခြင်းသည်မငြင်းဆိုနိုင်သော ခရစ်တော်၏ဇာတိအစိတ်အပိုင်းတစ်ခုဖြစ်သည်။ သတင်းကြားပြောသည့်ကောင်းကင်တမန်က မာရိကို "သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏အပေါ်မှာဆင်းသက်တော်မူ၍၊ အမြင့်ဆုံးသောဘုရား၏တန်ခိုးအာနုဘော်တော်သည် သင့်ကိုလွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသောသားသည်လည်း ဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်" (လုကာ ၁း၃၅) ဟုဆိုခဲ့သည်။ ယေရှု၏ရှေ့မှောက်တွင်နတ်ဆိုးများက "ကိုယ်တော်သည်အကျွန်ုပ်တို့နှင့် အဘယ်သို့ဆိုင်သနည်း။... ကိုယ်တော်သည်ဘုရား၏သန့်ရှင်းတော်မူသောသူဖြစ်သည်ကို အကျွန်ုပ်တို့သိပါ၏" (မာကု ၁း၂၄) ဟု ဆိုကြသည်။

ခရစ်တော်သည်ချစ်ခြင်းမေတ္တာဖြစ်သည်။ ယောဟန်က "ခရစ်တော်သည် ငါတို့အဖို့အလို့ငှာ အသက်တော်ကိုစွန့်တော်မူသည်အရာကို ငါတို့သည်ထောက်၍၊ မေတ္တာတော်ကိုသိရကြပြီ" (၁ယော ၃း၁၆) ဟု ရေးသားခဲ့သည်။

ခရစ်တော်သည်အစဉ်တည်ရှိသည်။ ဟေရှာယသည်ကိုယ်တော်ကို "ထာဝရအဘ" (ဟေရှာယ ၉း၆) ဟုခေါ်ခဲ့သည်။ မိက္ခာသည်ကိုယ်တော်ကို "ထိုသခင်သည်ရှေးကပ်ကမ္ဘာမှစ၍ပေါ်ထွန်းသောသခင်ဖြစ်၏" (မိက္ခာ ၅း၂) ဟုဆိုခဲ့သည်။ ပေါလုက "သားတော်သည်လည်း ခပ်သိမ်းသောအရာမဖြစ်မီဖြစ်တော်မူ" (ကောလောသဲ ၁း၁၇) သည်ဟု ကြွေးကြော်ပြီး၊ ယောဟန်က "ထိုနှုတ်ကပတ်တော်သည် အစအဦး၌ဘုရားသခင်နှင့်အတူရှိ၏။ ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့်ကင်းလွတ်လျက်ဖြစ်သောအရာတစ်စုံတစ်ခုမျှမရှိ" (ယောဟန် ၁း၂၊၃) ဟု ဆိုခဲ့သည်။

**၂။ ကိုယ်တော်၏ဘုရားတန်ခိုးများနှင့်အခွင့်အာဏာများ။** ဘုရားသခင်၏လုပ်ဆောင်မှုများကို ခရစ်တော်၏လက်ရာအဖြစ်မှတ်ယူသည်။ ကိုယ်တော်ကိုဖန်ဆင်းရှင်အဖြစ်လည်းကောင်း၊ "ခပ်သိမ်းသောအရာတို့ကိုမစတော်မူသော" သူအဖြစ်လည်းကောင်း မှတ်ယူသည် (ယောဟန် ၁း၃။ ကောလောသဲ ၁း၁၆။ ၁း၁၇။ ဟေဗြဲ ၁း၃။ ကိုယ်တော်သည် သေသောသူတို့ကိုမိမိအသံဖြင့်ထမြောက်စေနိုင်ပြီး (ယောဟန် ၅း၂၈၊၂၉)၊ နောက်ဆုံးသောအချိန်တွင် လောကီသားတို့ကိုတရားစီရင်မည် (မဿဲ ၂၅း၃၁၊၃၂)။ ကိုယ်တော်သည်အပြစ်ကိုလွှတ်သည် (မဿဲ ၉း၆။ မာကု ၂း၅–၇)။

**၃။ ကိုယ်တော်၏ဘုရားနာမတော်များ။** ကိုယ်တော်၏ဘုရားနာမတော်များသည် သူ၏ဘုရားဇာတိကိုဖော်ပြသည်။ ဧမာနွေလသည် "ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်" (မဿဲ ၁း၂၃) ဟုအဓိပ္ပါယ်ရသည်။ ယုံကြည်သူများနှင့် နတ်ဆိုးတို့သည် သူ့ကိုဘုရားသခင်၏သားတော်အဖြစ် အမည်တပ်ခဲ့ကြသည် (မာကု ၁း၁။ မဿဲ ၈း၂၉။ မာကု ၅း၇)။ ဓမ္မဟောင်းကျမ်းမှ အလေးအမြတ်ထားသောဘုရားနာမတော်

ယေဟောဝါ သို့မဟုတ် ယာဝေယ့်ယေရှု၌အသုံးပြုသည်။ မဿဲက (ဟေရှာယ ၄၀း၃) မှ "ထာဝရဘုရားကြွတော်မူရာလမ်းကိုပြင်ကြလော့" ဟူသောစကားလုံးကို၊ ခရစ်တော်၏သာသနာအတွက် နှစ်ခြင်းဆရာယောဟန်၏ကြိုတင်ပြင်ဆင်သောအလုပ်ကို ဖော်ပြရာတွင် အသုံးပြုခဲ့သည် (မဿဲ ၃း၃)။ ပြီးနောက် ယောဟန်သည်ယေရှုကို "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်" နှင့် "ဘုရားသခင်၏သားတော်" ဖြစ်တော်မူကြောင်း ဖော်ထုတ်ခဲ့သည် (ယောဟန် ၁း၂၉၊၃၄)။

**၄။ ကိုယ်တော်၏ဘုရားအဖြစ်ကို အသိအမှတ်ပြုခြင်း။** ယောဟန်က ယေရှုသည် "လူဇာတိအဖြစ်ကိုခံယူ" (ယောဟန် ၁း၁၊၁၄) သည့် ဘုရားဖြစ်တော်မူသောနှုတ်ကပတ်တော်အဖြစ်ပုံဖော်ခဲ့သည်။ သောမတ်သည် ထမြောက်တော်မူသော ခရစ်တော်ကို "အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်" (ယောဟန် ၂၀း၂၈) ဟု အသိအမှတ်ပြုခဲ့သည်။ ပေါလုသည် "ခရစ်တော်သည်လည်းခပ်သိမ်းသောအရာတို့ကို အစိုးရတော်မူ၍၊ ထာဝရမင်္ဂလာရှိတော်မူသောဘုရားသခင်ဖြစ်တော်မူ၏" (ရောမ ၉း၅) ဟုပြောခဲ့သည်။ ဟေဗြဲဩဝါဒစာကိုရေးသားသောသူကလည်း ကိုယ်တော်အား ဘုရားသခင်နှင့်ဖန်ဆင်းသောအရှင်သခင်အဖြစ်ခေါ်သည် (ဟေဗြဲ ၁း၈၊၁၀)။

**၅။ ကိုယ်တော်၏ကိုယ်တိုင်သက်သေခံချက်။** ယေရှုကိုယ်တော်တိုင် ဘုရားသခင်နှင့်တန်းတူဖြစ်ကြောင်း အခိုင်အမာမိန့်တော်မူခဲ့သည်။ ကိုယ်တော်သည်မိမိကိုယ်ကိုခမ္မဟောင်းကျမ်းက "ငါဖြစ်သည်" အမည်ရှိသောဘုရားသခင်အဖြစ်ထုတ်ဖော်သည် (ယောဟန် ၈း၅၈)။ သူသည်ဘုရားသခင်ကို "ကျွန်ုပ်တို့၏အဘ" ဟုခေါ်မည့်အစား၊ "ငါ့ခမည်းတော်" ဟုခေါ်သည်။ "ငါသည်ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်သည်" (ယောဟန် ၁၀း၃၀) ဟု မိန့်တော်မူရာတွင်၊ သူသည် ဘုရားသခင်နှင့် "ကိုယ်တစ်ခု" ဖြစ်၍ "တူညီသောဂုဏ်လက္ခဏာများကိုပိုင်ဆိုင်" ကြောင်းကိုချပြခြင်းဖြစ်သည်။

**၆။ ကိုယ်တော်သည်ဘုရားနှင့်တန်းတူဖြစ်ကြောင်းယူဆချက်။** ခရစ်တော်၏ခမည်းတော်ဘုရားနှင့် တန်းတူဖြစ်ကြောင်းကို နှစ်ခြင်းပေးခြင်းပုံစံ၌လည်းကောင်း (မဿဲ ၂၈း၁၉)၊ တမန်တော်၏ကောင်းချီးပေးခြင်း၌လည်းကောင်း (၂ကော ၁၃း၁၄)၊ သူ၏နှုတ်ဆက်စကား၌လည်းကောင်း (ယောဟန် ၁၄-၁၆)၊ ပေါလု၏ဝိညာဉ်တော်ဆုကျေးဇူးအကြောင်းရှင်းလင်းချက်၌လည်းကောင်း (၁ကော ၁၂း၄-၆) အခိုင်အမာ တွေ့ရသည်။ သမ္မာကျမ်းစာသည် ယေရှုကိုဘုရားသခင်၏ဘုန်းတော်ရောင်ခြည်နှင့် "ဇာတိအဖြစ်တော်၏ပုံသဏ္ဌာန်" (ဟေဗြဲ ၁း၃) ကဲ့သို့ဖော်ပြသည်။ ခမည်းတော်ဘုရားကို ပြပါဟုတောင်းဆိုချိန်တွင်၊ ယေရှုက၊ "ငါ့ကိုမြင်သောသူသည်ခမည်းတော်ကိုမြင်၏" (ယောဟန် ၁၄း၉) ဟုမိန့်တော်မူခဲ့သည်။

**၇။ ကိုယ်တော်အားဘုရားကဲ့သို့ကိုးကွယ်ခြင်း။** လူတို့သည်ယေရှုကို ကိုးကွယ်ခဲ့ကြသည် (မဿဲ ၂၈း၁၇။ လုကာ ၁၄း၃၃)။ "ဘုရားသခင်၏ကောင်းကင် တမန်အပေါင်းတို့သည် ထိုသူကိုပျပ်ဝပ်ကိုးကွယ်ကြ" (ဟေဗြဲ ၁း၆) သည်။ ပေါလု က၊ "ယေရှု၏ဘွဲ့နာမတော်ကိုဒူးထောက်၍... ယေရှုခရစ်သည်သခင်ဖြစ်တော်မူ၏ဟု နှုတ်ဖြင့်ဝန်ခံ" (ဖိလိပ္ပိ ၂း၁၀၊၁၁) ကြမည်ဟုရေးခဲ့သည်။ တမန်တော်တချို့၏ နောက်ဆုံး အပိတ်ကောင်းချီးပေးခြင်းတွင် "ခရစ်တော်အား "ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူ စေသတည်း" ဟု တူညီစွာဆိုကြသည် (၂တိ ၄း၁၈။ ဟေဗြဲ ၁၃း၂၁။ ၂ပေ ၃း၁၈)။

**၈။ ကိုယ်တော်၏ဘုရားဇာတိလိုအပ်ခြင်း။** ခရစ်တော်သည်လူသားတို့ကို ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ပေးခဲ့သည်။ လူတို့သည် ဘုရားသခင်နှင့်ကိုယ်ပိုင် ဆက်ဆံရေးတိုးတက်စေရန် ပြည့်စုံသောဘုရားသခင်၏ဂုဏ်တော်ဖွင့်ချခြင်းကို လိုအပ် ခဲ့သည်။ ခရစ်တော်သည် ဘုရားသခင်၏ဘုန်းတော်ကိုပြသခြင်းဖြင့် ၎င်းလိုအပ်ချက်ကို ဖြည့်စွက်ခဲ့သည် (ယောဟန် ၁း၁၄)။ "ဘုရားသခင်ကိုအဘယ်သူမျှမမြင်စဖူးသော် လည်း၊ ခမည်းတော်၏ရင်ခွင်၌ရှိသော တစ်ပါးတည်းသောသားတော်သည် ဘုရားသခင်ကို ထင်ရှားစေတော်မူပြီ" (ယောဟန် ၁း၁၈။ ၁၇း၆)။ ယေရှုက "ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏" (ယောဟန် ၁၄း၉) ဟုသက်သေခံသည်။

ခမည်းတော်အပေါ်လုံးလုံးမှီခိုလျက် (ယောဟန် ၅း၃၀)၊ ခရစ်တော်သည် ဘုရားသခင်၏မေတ္တာကိုဖော်ပြရန် ဘုရားတန်ခိုးကိုအသုံးပြုခဲ့သည်။ ဘုရားတန်ခိုးဖြင့် ကိုယ်တော်သည် အနာငြိမ်းစေခြင်း၊ အသစ်ပြုပြင်ခြင်းနှင့် အပြစ်လွှတ်ခြင်းအတွက် ဘုရားသခင်စေလွှတ်တော်မူသည့် ချစ်ဖွယ်ကယ်တင်ရှင်အဖြစ် မိမိကိုယ်ကိုဖော်ပြခဲ့သည် (လုကာ ၆း၁၉။ ယောဟန် ၂း၁၁။ ၅း၁–၁၅၊၃၆။ ၁၁း၄၁–၄၅။ ၁၄း၁၁။ ၈း၃–၁၁)။ သို့သော်လည်း၊ အလားတူအခြေအနေမျိုးတွင်ထားရှိပါက အခြားလူတို့ကလည်း တွေ့ကြုံရမည့်ကိုယ်ပိုင်အခက်အခဲများနှင့် ဒုက္ခဆင်းရဲမှမိမိကိုယ်ကိုလွတ်မြောက်အောင်၊ ကိုယ်တော်သည် ဘယ်ခါမျှနိမိတ်လက္ခဏာကိုမပြုခဲ့ချေ။

ယေရှုခရစ်တော်သည် ခမည်းတော်ဘုရားနှင့် "ဇာတိ၊ ဂုဏ်တော်နှင့် ရည်ရွယ် ချက်တွင်တစ်ခုတည်း" ဖြစ်သည်။ သူသည် ဧကန်အမှန်ဘုရားသခင်ဖြစ်သည်။

**ယေရှုခရစ်သည်ဧကန်အမှန်လူသားဖြစ်သည်။** သမ္မာကျမ်းစာသည် ခရစ်တော်၏ဘုရားဇာတိအပြင်၊ သူသည် လူ့ဇာတိရှိသည်ကိုသက်သေခံသည်။ ဤသွန်သင်ချက်ကိုလက်ခံခြင်းသည် အရေးပါလှသည်။ "လူဇာတိအဖြစ်ကြွလာသော ယေရှုခရစ်ကိုဝန်ခံသော" သူတိုင်းသည် "ဘုရားသခင်နှင့်စပ်ဆိုင်၏။" ဝန်မခံသော လူတိုင်းသည် "ဘုရားသခင်နှင့်မစပ်ဆိုင်" (၁ယော ၄း၂၊၃)။ ခရစ်တော်၏လူအဖြစ်

မွေးဖွားခြင်း၊ ကြီးထွားခြင်း၊ ပင်ကိုလက္ခဏာများနှင့် ကိုယ်ပိုင်သက်သေခံချက်တို့သည် ကိုယ်တော်၏လူသားဖြစ်ခြင်းအထောက်အထားကိုပေးသည်။

**၁။ ကိုယ်တော်၏လူ့အဖြစ်မွေးဖွားခြင်း။** "နှုတ်ကပတ်တော်သည် လူဇာတိအဖြစ်ကိုခံယူ၍၊... ငါတို့တွင်တည်နေတော်မူသည်" (ယောဟန် ၁း၁၄)။ ပေါလုသည်ရိုးရှင်းသောစကားဖြင့်၊ "မိန်းမဝမ်း၌... ဖွားမြင်ရသောသားတော်ကို ဘုရားသခင်သည်စေလွှတ်တော်မူ၏" (ဂလာတိ ၄း၄) ဟုဆိုသည်။ ယေရှုသည် "လူကဲ့သို့သောအဖြစ်" နှင့် "လူ၏ဂုဏ်အင်္ဂါလက္ခဏာ" ရှိတော်မူသည် (ဖိလိပ္ပိ ၂း၇၊၈)။

ဤလူဇာတိ၌ဘုရားသခင်ကို ကိုယ်ထင်ပြခြင်းသည် "ကိုးကွယ်ခြင်း၏နက်နဲသောအရာ" (၁တိမောသေ ၃း၁၆) ဖြစ်သည်။ ခရစ်တော်၏ဆွေစဉ်မျိုးဆက်သည် သူ့ကို "ဒါဝိဒ်၏သား" နှင့် "အာဗြဟံ၏သား" (မဿဲ ၁း၁) အဖြစ်ရည်ညွှန်းထားသည်။ သူ၏လူဇာတိအရ၊ ကိုယ်တော်သည် "ဒါဝိဒ်အမျိုး" (ရောမ ၁း၃။ ၉း၅)၊ "မာရိ၏သား" (မာကု ၆း၃) ဖြစ်တော်မူသည်။ အခြားသောကလေးများအားလုံးကဲ့သို့၊ ကိုယ်တော်သည် မိန်းမမှမွေးဖွားခဲ့သော်လည်း၊ ကြီးမားသောခြားနားခြင်း၊ တစ်မူထူးခြားခြင်းရှိနေသည်။ မာရိသည်အပျိုကညာဖြစ်၍၊ ဤသားတော်ကိုလည်းသန့်ရှင်းသောဝိညာဉ်တော်ဖြင့်ပဋိသန္ဓေတည်ခဲ့သည် (မဿဲ ၁း၂၀-၂၃။ လုကာ ၁း၃၁-၃၇)။ ယေရှုသည် ဘုရားအဖြစ်တည်ရှိနေရင်း၊ မိမိ၏လူဇာတိခံယူခြင်းဖြင့် လူသားစင်စစ်ဖြစ်ကြောင်းကို ပြောနိုင်သည်။

**၂။ လူသားအဖြစ်ကြီးထွားခြင်း။** ယေရှုသည်လူသားကြီးထွားခြင်းနိယာမ အောက်တွင်ရှိနေခဲ့သည်။ "သူငယ်သည်လည်းကြီးပွား၍၊ ပညာဥာဏ်သတ္တိနှင့်ပြည့်စုံ၏" (လုကာ ၂း၄၀၊၅၂)။ အသက် (၁၂) နှစ်တွင် ကိုယ်တော်သည်သူ၏ဘုရားပေးသာသနာကိုစတင်သိရှိခဲ့သည် (လုကာ ၂း၄၆-၄၉)။ ငယ်ရွယ်စဉ်တစ်လျှောက်၊ ကိုယ်တော်သည် မိဘတို့၏လက်တွင်ရှိနေခဲ့သည် (လုကာ ၂း၅၁)။

လက်ဝါးကပ်တိုင်သို့သွားသောလမ်းသည် ကိုယ်တော်၏ကြီးထွားမှုတွင် အရေးကြီးသည့်ကဏ္ဍတွင်ပါဝင်သည့်ဝေဒနာခံစားခြင်းဖြင့် အစဉ်ကြီးထွားသောအရာတစ်ခု ဖြစ်သည်။ "ဘုရားသခင်၏သားတော်မှန်သော်လည်း၊ ဆင်းရဲဒုက္ခကိုခံသောအားဖြင့် နားထောင်ခြင်းအကျိုးအကြောင်းကိုသင်တော်မူ၏။ ထိုသို့စုံလင်ခြင်းသို့ရောက်ပြီးမှ ယုံကြည်နားထောင်သောသူအပေါင်းတို့အား ထာဝရကယ်တင်ခြင်းကျေးဇူးကိုပြုသော သူဖြစ်တော်မူ၏" (ဟေဗြဲ ၅း၈၊၉။ ၂း၁၀၊၁၈)။ သို့သော်၊ ကိုယ်တော်သည်ကြီးထွားလာသော်လည်း၊ အပြစ်မပြုခဲ့ချေ။

**၃။ ကိုယ်တော်သည်လူသားဟုအခေါ်ခံရသည်။** နှစ်ခြင်းဆရာယောဟန်နှင့် ပေတရုတို့သည် ကိုယ်တော်ကို "သူ" ဟု ရည်ညွှန်းကြသည် (ယောဟန် ၁း၃၀။ တမန်တော် ၂း၂၂)။ ပေါလုသည် "တစ်ယောက်သောသူတည်းဟူသောယေရှုခရစ် အားဖြင့် ဘုရားသခင်၏ကျေးဇူးတော်" (ရောမ ၅း၁၅) အကြောင်းကိုပြောသည်။ ကိုယ်တော်သည် "သေသောသူတို့၏ထမြောက်ခြင်း" ကိုဖြစ်စေသော "လူ" (၁ကော ၁၅း၂၁)၊ "ဘုရားသခင်နှင့်လူတို့စပ်ကြားမှာ၊ လူဖြစ်သောယေရှုခရစ်" (၁တိ ၂း၅) ဖြစ်တော်မူသည်။ မိမိရန်သူတို့ကိုမိန့်တော်မူရာတွင် မိမိကိုယ်ကိုလူကဲ့သို့ရည်ညွှန်းသည်။ "ဘုရားသခင့်အထံတော်၌ ကြားရသောသစ္စာတရားကို သင်တို့အားဟောပြောသော "သူ" တည်းဟူသော ငါ့ကိုသတ်အံ့သောငှာ သင်တို့သည်ယခုရှာကြံကြ၏" (ယောဟန် ၈း၄၀)။

ယေရှုနှစ်သက်၍အကြိမ်ပေါင်း (၇၅) ထက်မကအသုံးပြုသော မိမိကိုယ်ကို သတ်မှတ်ချက်မှာ "လူသား" ဖြစ်သည် (မဿဲ ၈း၂၀၊ ၂၆း၂)။ ဘုရားသားတော် ဟူသောဘွဲ့နာမသည် သုံးပါးတစ်ဆူဘုရားအကြားကဆက်ဆံရေးကိုအာရုံပြုသည်။ "လူသား" ဟူသောနာမမူကား၊ မိမိ၏လူသားအဖြစ်ခံယူခြင်းအားဖြင့် လူသားမျိုးနွယ်နှင့် စည်းလုံးညီညွတ်မှုကို အလေးပေးသည်။ "မိမိ၏လူသားဇာတိဖြင့်၊ ခရစ်တော်သည် လူသားတို့ကိုထိတွေ့၍၊ မိမိ၏ဘုရားဇာတိဖြင့် ဘုရားသခင်၏ရာဇပလ္လင်ကိုဆွဲကိုင်တော်မူသည်။ လူသားအနေဖြင့်ကိုယ်တော်သည် ကျွန်ုပ်တို့အားနားထောင်ခြင်းစံနမူနာကိုပေး၍၊ ဘုရားသားတော်အနေဖြင့်၊ နားထောင်ရန်တန်ခိုးကိုပေးတော်မူသည်။"

**၄။ ကိုယ်တော်၏လူသားဂုဏ်အင်္ဂါလက္ခဏာများ။** ဘုရားသခင်သည် လူသားတို့ကို "ကောင်းကင်တမန်တို့အောက်၌အနည်းငယ်နိမ့်" (ဆာလံ ၈း၄) ၍ ဖန်ဆင်းတော်မူခဲ့သည်။ အလားတူစွာ၊ သမ္မာကျမ်းစာသည် ယေရှုကို "ကောင်းကင်တမန်တို့အောက်၌အနည်းငယ်နိမ့်" (ဟေဗြဲ ၂း၉) သူအဖြစ်ဖော်ပြသည်။ ကိုယ်တော်၏ လူသားဇာတိသည်ဖြစ်တည်၍၊ မဟာလူသားတန်ခိုးများကို ပိုင်ဆိုင်ခြင်းရှိတော်မမူခဲ့ပါ။

ခရစ်တော်သည်ဧကန်အမှန်လူသားဖြစ်ရမည်အကြောင်းမှာ၊ ကိုယ်တော်၏ သာသနာအစီအစဉ်အပိုင်းဖြစ်သောကြောင့်တည်း။ ကိုယ်တော်သည် အရေးကြီးသော လူ့ဂုဏ်အင်္ဂါလက္ခဏာများကိုပိုင်ဆိုင်ပြီး၊ သူသည် "အသွေးအသား" (ဟေဗြဲ ၂း၁၄) နှင့်ရှိခဲ့သည်။ ခရစ်တော်သည် "မိမိညီအစ်ကိုတို့နှင့်လုံးလုံးတူရသောအကြောင်းရှိ၏" (ဟေဗြဲ ၂း၁၇)။ ကိုယ်တော်၏လူ့ဇာတိသည် အခြားသောလူသားများကဲ့သို့တူသော စိတ်နှင့် ကာယဆိုင်ရာထိခိုက်လွယ်သောသဘောရှိ၍၊ ဆာလောင်ခြင်း၊ ရေငတ်ခြင်း၊ မောပန်းခြင်းနှင့် စိုးရိမ်ခြင်းတို့ကိုလည်းခံစားခဲ့ရသည် (မဿဲ ၄း၂။ ယောဟန် ၁၉း၂၈။ ၄း၆)။

ကိုယ်တော်သည်အခြားသူတို့ထံအမှုဆောင်ရာတွင် ချစ်သနားခြင်း၊ တရားသော အမျက်နှင့် ပူဆွေးမှုတို့ကိုပြသခဲ့သည် (မဿဲ ၉း၃၆။ မာကု ၃း၅)။ တစ်ခါတစ်ရံ ကိုယ်တော်သည် စိတ်သောက၊ ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်းပင်ရှိခဲ့သည် (မဿဲ ၂၆း၃၈။ ယောဟန် ၁၂း၂၇။ ၁၁း၃၃၊၃၅။ လုကာ ၁၉း၄၁)။ ကိုယ်တော်သည်ကြီးစွာသော ကြွေးကြော်ခြင်း၊ မျက်ရည်ကျခြင်းတို့ဖြင့် ဆုတောင်းခဲ့ပြီး၊ တစ်ကြိမ်တွင်သွေးစက်ကဲ့သို့ ပင်ချွေးထွက်ခဲ့သည် (ဟေဗြဲ ၅း၇။ လုကာ ၂၂း၄၄)။ ကိုယ်တော်၏ဆုတောင်းသော အသက်တာသည် ဘုရားသခင်အပေါ်လုံးလုံးမှီခိုခြင်းကိုဖော်ပြသည် (မဿဲ ၂၆း၃၉–၄၄။ မာကု ၁း၃၅။ ၆း၄၆ လုကာ ၅း၁၆။ ၆း၁၂)။

ယေရှုသည်သေခြင်းကိုတွေ့ကြုံခဲ့သည် (ယောဟန် ၁၉း၃၀၊၃၄)။ ကိုယ်တော် သည် ရှင်ပြန်ထမြောက်တော်မူခဲ့သည်မှာ ဝိညာဉ်ကဲ့သို့မဟုတ်ဘဲ၊ ကိုယ်ခန္ဓာဖြင့်ဖြစ် သည်။

**၅။ ကိုယ်တော်၏လူသားဇာတိအတိုင်းအတာ။** သမ္မာကျမ်းစာက ခရစ်တော် သည် ဒုတိယအာဒံဖြစ်သည်၊ "အပြစ်နှင့်ပြည့်စုံသောဇာတိပကတိ၏သဏ္ဌာန်ကိုဆောင်" (ရောမ ၈း၃) သည်ဟုဖော်ပြသည်။ ကျရှုံးသောလူသားနှင့်ထပ်တူဖြစ်လာသည် ဟူသောအချက်သည် မည်မျှအထိတာသွားသနည်း။

"အပြစ်နှင့်ပြည့်စုံသော ဇာတိပကတိသဏ္ဌာန်ကိုဆောင်သည်" ဟူသော ဖော်ပြချက်၏မှန်ကန်သောအမြင်သည် မရှိမဖြစ်လိုအပ်သည်။ မတိကျသောအမြင်များ သည် ခရစ်ယာန်အသင်းတော်သမိုင်းတစ်လျှောက်တွင် ပြင်းထန်သောသဘောကွဲလွဲမှုနှင့် ပဋိပက္ခကိုဖြစ်ပေါ်စေခဲ့ပြီ။

**(က) ကိုယ်တော်သည် "အပြစ်နှင့်ပြည့်စုံသောဇာတိပကတိသဏ္ဌာန်ကို ဆောင်" သည်။** အစောပိုင်းကဖော်ပြခဲ့သောကန္တာရတောထဲတွင် မြှောက်ထားခြင်း ခံရသောမြွေသည် ခရစ်တော်၏လူ့ဇာတိကိုနားလည်စေသည်။ အဆိပ်ရှိသောမြွေ ပုံသဏ္ဌာန်ကို ကြေးဝါဖြင့်အရုပ်ပြုလုပ်ပြီး၊ လူတို့၏အနာငြိမ်းစေရန်အတွက် မြှောက်ခဲ့ သည်နည်းတူ၊ "အပြစ်နှင့်ပြည့်သောဇာတိပကတိသဏ္ဌာန်ဆောင်" သည့် ဘုရားသခင်၏ သားတော်သည် လောက၏ကယ်တင်ရှင်ဖြစ်လာလိမ့်မည်။

လူ့ဇာတိကိုမခံမီကယေရှုသည် "ဘုရားသခင်၏သဏ္ဌာန်တော်နှင့်ပြည့်စုံသည်။" ဆိုလိုသည်မှာ၊ ဘုရားဇာတိသည်အစအဦးကပင် ကိုယ်တော်၏ဥစ္စာဖြစ်ခဲ့သည် (ယောဟန် ၁း၁။ ဖိလိပ္ပိ ၂း၆၊၇)။ "အစေခံကျွန်၏သဏ္ဌာန်ကိုယူဆောင်" ရာတွင် ကိုယ်တော်သည် ဘုရားအခွင့်အာဏာကိုဖယ်ထားခဲ့သည်။ သူသည်ခမည်းတော်၏အလိုကိုဆောင်ရွက်ရန် (ယောဟန် ၆း၃၈။ မဿဲ ၂၆း၃၉၊၄၂) သူ့ခမည်းတော်၏အစေခံကျွန်ဖြစ်လာခဲ့သည် (ဟေရှာယ ၄၂း၁)။ ကိုယ်တော်သည် သူ၏ဘုရားဇာတိကိုလူ့ဇာတိဖြင့်လွှမ်းခြုံလျက်၊

"အပြစ်နှင့်ပြည့်စုံသောဇာတိပကတိသဏ္ဍာန်" "အပြစ်နှင့်ပြည့်စုံသောလူ့ဇာတိ၊" သို့မဟုတ် "ကျရှုံးသောလူ့ဇာတိ" ကိုဆောင်ခဲ့သည် (ရောမ ၈း၃)။ ယေရှုခရစ်သည် အပြစ်နှင့်ပြည့်သည် သို့မဟုတ် အပြစ်ရှိသောအတွေး သို့မဟုတ် လုပ်ဆောင်မှုများရှိသည် ဟူ၍ညွှန်ပြနေခြင်းလုံးဝမဟုတ်ပါ။ အပြစ်ရှိသောဇာတိပုံသဏ္ဍာန်ကိုဆောင်ခဲ့သော်လည်း၊ ကိုယ်တော်သည်အပြစ်မဲ့ပြီး၊ သူ၏အပြစ်မဲ့ခြင်းသည် သံသယ၏တစ်ဖက်ကမ်းပင်ရောက်နေသည်။

**(ခ) ကိုယ်တော်သည်ဒုတိယအာဒံဖြစ်သည်။** သမ္မာကျမ်းစာသည် အာဒံနှင့်ခရစ်တော်တို့ကိုနှိုင်းယှဉ်၍၊ အာဒံအား "ရှေးဦးစွာသောလူ၊" ခရစ်တော်ကို "နောက်ဆုံးဖြစ်သောအာဒံ" သို့မဟုတ် "ဒုတိယလူ" ဟုခေါ်သည် (၁ကော ၁၅း၄၅၊၄၇)။ သို့သော်အာဒံသည် ခရစ်တော်ထက်အခွင့်ပိုသာသည်။ အပြစ်သို့ကျရောက်ချိန်တွင် သူသည်ပါရဒိသုဘုံ၌နေထိုင်ခဲ့သည်။ သူသည်ပြည့်စုံသောလူသား၊ ခန္ဓာနှင့်စိတ်အားမာန်အပြည့်ပိုင်ဆိုင်ခဲ့သည်။

ယေရှုမှာမူ ထိုသို့မဟုတ်ခဲ့ပါ။ ကိုယ်တော်သည်လူ့ဇာတိကိုခံယူချိန်တွင်၊ လူသားမျိုးနွယ်သည် အပြစ်ကျိန်ခြင်းခံရသောကမ္ဘာဂြိုဟ်၌ အပြစ်ထဲတွင် နှစ်ပေါင်း ၄၀၀၀ မျှယိုယွင်းခဲ့ပြီးဖြစ်သည်။ အဆုံးစွန်အောက်ကျခြင်းတွင်းနက်ထဲမှ လူတို့ကိုကိုယ်တော်သည်ကယ်တင်နိုင်မည်အကြောင်း၊ အာဒံ၏မကျရှုံးမီဇာတိနှင့်နှိုင်းယှဉ်သော်၊ ကာယ၊ ဉာဏတို့တွင် ဆုတ်ယုတ်နေသည့်လူသားဇာတိကို ခရစ်တော်သည်အပြစ်ပြုခြင်းမရှိဘဲ၊ ယူတင်ဝတ်ဆင်ခဲ့သည်။

ခရစ်တော်သည်အပြစ်၏အကျိုးဆက်များကို ခံစားသည့်လူ့ဇာတိကိုယူဆောင်ချိန်တွင်၊ သူသည်ချည့်နဲ့ခြင်းနှင့်အားနည်းခြင်းတို့ကိုတွေ့ကြုံခံစားခဲ့သည်။ ကိုယ်တော်သည် "နွမ်းရိအားနည်းခြင်း" ဇာတိရှိတော်မူခဲ့သည် (ဟေဗြဲ ၅း၂)။ သူသည် မိမိအားလျော့နေခြင်းကိုသိသည်။ ကိုယ်တော်သည် "သေခြင်းမှကယ်နိုင်တော်မူသောသူကို ကြီးစွာသောကြွေးကြော်ခြင်း၊ မျက်ရည်ကျခြင်းနှင့် ဆုတောင်းပတ္ထနာပြု" (ဟေဗြဲ ၅း၇) ခြင်းဖြင့်၊ လူသားတို့၌ရှိနေကျလိုအပ်ချက်များနှင့် အားနည်းချက်များကိုလည်း သူခံစားကြောင်းဖော်ပြသည်။

ထိုကြောင့် "ခရစ်တော်၏လူသားဖြစ်ခြင်းသည် အပြစ်မကျမီအာဒံ၏လူသားဇာတိနှင့်မတူချေ။ သို့တည်းမဟုတ် ကျရှုံးပြီးအာဒံ၏ဇာတိအင်္ဂါရပ်မျိုးစုံနှင့်လည်းမတူပါ။ အာဒံကဲ့သို့မဟုတ်ခဲ့ပါ။ အကြောင်းမှာ ၎င်းသည်အပြစ်ကြောင့်ချည့်နဲ့သော်လည်း အပြစ်ကင်းမဲ့ခဲ့သည်။ ၎င်းသည် အပြစ်ထဲမကျရောက်ပေ။ အကြောင်းမှာ ၎င်းသည်မစင်ကြယ်သောကိုယ်ကျင့်တရားထဲသို့မဆင်းသက်ခဲ့ချေ။ ထိုကြောင့် ၎င်းသည် ကျွန်ုပ်တို့၏လူသားဖြစ်ခြင်းအတိုင်းဖြစ်သော်လည်း၊ အပြစ်ကင်းမဲ့သည်။"

**(ဂ) ကိုယ်တော်၏စုံစမ်းခြင်းများကိုကြုံတွေ့ခြင်း။** စုံစမ်းခြင်းများသည် ခရစ်တော်ကိုမည်ကဲ့သို့ထိခိုက်သနည်း။ ၎င်းတို့ကိုတွန်းလှန်ရန် ကိုယ်တော်အတွက် လွယ်သလော၊ သို့မဟုတ် ခက်ခဲသလော။ ကိုယ်တော်သည်စုံစမ်းခြင်းများကိုကြုံတွေ့ခဲ့သည့်ပုံစံက သူသည်ဧကန်အမှန်လူသားဖြစ်ကြောင်းကို သက်သေပြသည်။

**(၁) "ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းကို ခံဘူး" ခြင်း။** ခရစ်တော်သည် "ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းကိုခံဘူး" သည့်အရာမှာ သူသည်လူ့ဇာတိကိုခံသောသူဖြစ်ကြောင်းကိုပြသသည်။ စုံစမ်းခြင်းနှင့်အပြစ်ပြုနိုင်ချေသည် ခရစ်တော်အတွက်အမှန်တကယ်ရှိခဲ့သည်။ ကိုယ်တော်သည်အပြစ်ကိုမပြုနိုင်ခဲ့လျှင်၊ သူသည်လူသားဖြစ်မည်မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ စံနမူနာလည်းဖြစ်မည်မဟုတ်ချေ။ ခရစ်တော်သည်စုံစမ်းခြင်းထဲသို့ကျရောက်နိုင်သည့် အဖြစ်အပါအဝင်၊ လူ့ဇာတိနှင့်၎င်း၏ဝန်ထုပ်ဝန်ပိုးအားလုံးကိုယူတင်ခဲ့သည်။

မည်သို့ဖြင့်ကိုယ်တော်သည် ကျွန်ုပ်တို့ကဲ့သို့ "အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်း" ကိုခံသနည်း။

"အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်း" သည် ယနေ့ကျွန်ုပ်တို့ရင်ဆိုင်ရသော စုံစမ်းခြင်းများနှင့်တစ်ထပ်တည်းကျသောစုံစမ်းခြင်းကို ကိုယ်တော်ခံရသည်ဟုမဆိုလိုပါ။ ဥပမာ၊ ကိုယ်တော်သည် ကိုယ်ကျင့်တရားကိုကျဆင်းစေသည့် ရုပ်မြင်သံကြားအစီအစဉ်များ သို့မဟုတ် သတ်မှတ်မိုင်နှုန်းထက်ပိုမောင်းရန် စသည်တို့ဖြင့်ဘယ်ခါမျှစုံစမ်းခြင်း မခံခဲ့ရပါ။

စုံစမ်းခြင်းအမျိုးမျိုးဟုဆိုရာတွင် အဓိကကိစ္စမှာဘုရားသခင်၏အလိုတော်၌အပ်နှံမည်၊ မအပ်နှံမည်ဆိုသည့်အရာဖြစ်သည်။ စုံစမ်းခြင်းကိုရင်ဆိုင်ရာတွင်ယေရှုသည် မိမိ၏ဘုရားသခင်အပေါ်သစ္စာရှိခြင်းကို အမြဲထိန်းသိမ်းသည်။ ဘုရားရှင်၏တန်ခိုးအပေါ် အစဉ်မှီခိုနေခြင်းအားဖြင့်၊ သူသည်လူသားပင်ဖြစ်သော်ငြားလည်း၊ ကိုယ်တော်သည် အပြင်းထန်ဆုံးသောစုံစမ်းခြင်းကို အောင်မြင်စွာခုခံနိုင်ခဲ့သည်။

ခရစ်တော်၏စုံစမ်းခြင်းများကိုအောင်နိုင်ခြင်းသည် လူသားတို့၏အားနည်းခြင်းများကို ညှာတာထောက်ထားစေနိုင်သည်။ ကျွန်ုပ်တို့၏စုံစမ်းခြင်းကိုအောင်နိုင်ခြင်းသည် ကိုယ်တော်အပေါ်မှီခိုခြင်းကို ထိန်းသိမ်းခြင်းအားဖြင့်လာသည်။ "ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍၊ သင်တို့မခံနိုင်သောစုံစမ်းနှောင့်ယှက်ခြင်းကို သင်တို့၌ရောက်စိမ့်သောငှာအခွင့်ပေးတော်မမူ။ သင်တို့သည်ခံနိုင်မည်အကြောင်း၊ စုံစမ်းနှောင့်ယှက်ခြင်းအရာနှင့်တကွ၊ ထွက်မြောက်သောလမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်" (၁ကော ၁၀း၁၃)။

အဆုံးတွင် "ခရစ်တော်သည် ကျွန်ုပ်တို့ကဲ့သို့အမျိုးမျိုးသောစုံစမ်းခြင်းကိုခံရသော်လည်း၊ အပြစ်မရှိခဲ့ပါဟူသောအရာသည် လူသားတို့အားရှင်းပြမထားသည့်နက်နဲသောအရာဖြစ်သည်" ကိုသိထားရမည်။

**(၂) ဝေဒနာနှင့်စုံစမ်းခြင်းကိုခံခဲ့သည်။** ခရစ်တော်သည်စုံစမ်းခြင်းခံချိန်တွင် ဒုက္ခဆင်းရဲခြင်းကိုလည်းခံခဲ့သည် (ဟေဗြဲ ၂း၁၈)။ ကိုယ်တော်သည် "ဒုက္ခဝေဒနာအားဖြင့် စုံလင်ခြင်းသို့" (ဟေဗြဲ ၂း၁၀) ရောက်သည်။ ကိုယ်တော်ကိုယ်တိုင် စုံစမ်းခြင်းကိုခံသောကြောင့်၊ စုံစမ်းခြင်းကိုခံရသောမည်သူမဆိုကို၊ ကိုယ်တော်သည် မည်သို့ကူညီရမည်ကိုနားလည်ကြောင်း ကျွန်ုပ်တို့သိနိုင်သည်။ လူသားတို့ခံရသော စုံစမ်းခြင်းကိုခံစားရာတွင် ကိုယ်တော်သည်လူသားတို့နှင့်တစ်ထပ်တည်းကျသည်။

ခရစ်တော်သည်စုံစမ်းခြင်းကိုမည်ကဲ့သို့ခံစားခဲ့သနည်း။ ကိုယ်တော်သည် "အပြစ်နှင့်ပြည့်စုံသောဇာတိပကတိသဏ္ဌာန်ကိုဆောင်" သော်လည်း၊ ကိုယ်တော်၏ဝိညာဉ်ရေးစွမ်းရည်သည် အပြစ်၏စွန်းထင်းမှုနှင့်ကင်းလွတ်သည်။ ထို့ကြောင့် ကိုယ်တော်၏သန့်ရှင်းသောဇာတိသည် လွန်စွာထိခိုက်လွယ်သည်။ မကောင်းမှုနှင့် ထိတွေ့တိုင်း၌နာကျင်မှုကိုခံစားရသည်။ ကိုယ်တော်သည် မိမိသန့်ရှင်းခြင်း၏ပြည့်စုံမှု တစ်ပိုင်းတစ်စကို ထိခိုက်သည်ဖြစ်ရာ၊ အခြားအရာအားလုံးထက်စုံစမ်းခြင်းသည် ယေရှုကိုသာ၍ဒုက္ခခံစေသည်။

ခရစ်တော်သည်မည်မျှခံစားခဲ့သနည်း။ တောထဲ၌လည်းကောင်း၊ ဂေသရေမန်ဥယျာဉ်၌လည်းကောင်း၊ ဂေါလဂေါသတောင်ကုန်း၌လည်းကောင်း ကိုယ်တော်၏အတွေ့အကြုံသည် သွေးစီးကျသည်အထိစုံစမ်းခြင်းကို ကိုယ်တော်ခုခံကြောင်းပြသည် (ဟေဗြဲ ၁၂း၄)။

ခရစ်တော်သည်မိမိသန့်ရှင်းခြင်း၌ တစ်စိတ်တစ်ပိုင်းခံစားရသည်သာမက၊ ကျွန်ုပ်တို့လူသားများခံရသည်ထက် သာ၍ပြင်းထန်သောစုံစမ်းခြင်းကိုခံခဲ့ရသည်။ (B. F. Westcott) "ဘီ၊ အဲဖ်၊ ဝဲစ္စ်ကုတ်" က ဤသို့မှတ်ချက်ပြုသည်။ "ကိုယ်တော်စုံစမ်းခြင်းခံရာတွင် အပြစ်သားများကိုသနားခြင်းသည် အပြစ်ကိုတွေ့ကြုံခြင်း၌မတည်ဘဲ၊ အပြစ်မဲ့သူကသာ ၎င်း၏ပြင်းထန်မှုကိုနားလည်နိုင်သည့်အပြစ်သို့ ကျရောက်နိုင်သော စုံစမ်းခြင်း၏ စွမ်းပကားကိုတွေ့ကြုံခြင်း၌တည်သည်။ ကျရှုံးသောသူသည် နောက်ဆုံးအားမစိုက်ထုတ်မီကျရှုံးခြင်းဖြစ်သည်။" အလားတူ၊ (F. F. Bruce) "ဘရူးစ်" ကလည်း၊ "ကိုယ်တော်သည် ဘုရားသခင်အပေါ်ယုံကြည်ခြင်းအားမနည်း၊ နားထောင်ခြင်းလည်းမလျော့ဘဲလျက်၊ လူသားတို့ခံရသောစုံစမ်းခြင်းမျိုးစုံကို အောင်မြင်စွာကြံ့ကြံ့ခံခဲ့သည်။ ထိုသို့သောသည်းခံနိုင်ရည်သည် သာမန်လူသားတို့၏ဆင်းရဲဒုက္ခထက်မလျော့၊ ပို၍ပင်များသည်။

ခရစ်တော်သည် လူသားများဘယ်ခါမျှမကြုံဖူးသည့်၊ မိမိ၏ဘုရားတန်ခိုးပင် သုံးရန်လိုအပ်သော ပြင်းထန်သည့်စုံစမ်းခြင်းကိုလည်းရင်ဆိုင်ခဲ့သည်။ အယ်လင်ဂျီဝိုက်က၊ "ကိုယ်တော်သည်ကောင်းကင်ဘုံတွင် ဂုဏ်ပြုခြင်းကိုရရှိပြီးဖြစ်ရာ၊ အကြွင်းမဲ့တန်ခိုးနှင့်အကျွမ်းတဝင်ရှိသည်။ လူသားတို့အတွက် မိမိတို့၏နိမ့်ကျသောသဘာဝအဆင့်မှ ဘုရားရှင်၏သဘာဝကိုသက်ဝင်ရန် ခက်ခဲသကဲ့သို့၊ ကိုယ်တော်သည် လူသားအဆင့်ကိုစောင့်ထိန်းရန်ခက်ခဲသည်" ဟုဆိုသည်။

**(ဃ) ခရစ်တော်အပြစ်ပြုနိုင်သလော။** ခရစ်တော်သည်အပြစ်ပြုနိုင်၊ မပြုနိုင်ဟူသောကိစ္စအပေါ် ခရစ်ယာန်များကွဲပြားကြသည်။ (Philip Schaff) "ဖိလိရှပ်" ၏ "ခရစ်တော်သည်အစမှစင်းလုံးချောဖြစ်၍၊ အပြစ်မပြုနိုင်သောအဖြစ်ရှိခဲ့လျှင်၊ သူသည်လူသားအစစ်မဟုတ်၊ အတုယူစရာပုံနမူနာလည်းဖြစ်မည်မဟုတ်ချေ။ သူ၏ကိုယ်တိုင်ကျင့်ယူသောလုပ်ရပ်နှင့် ပင်ကိုကောင်းမှုတို့အစား၊ သူ၏သန့်ရှင်းခြင်းသည် မတော်တဆဖြစ်သောအရာ သို့မဟုတ် အပြင်ပန်းပါရမီသာဖြစ်ပြီး၊ သူ၏စုံစမ်းခြင်းသည်လည်း လုပ်ဇာတ်သာဖြစ်လိမ့်မည်" ဟူသောအဆိုကို ကျွန်ုပ်တို့သဘောတူသည်။ "ကားလ်အိုးမန်း" (Karl Ullmann) ကလည်းထပ်၍ "စုံစမ်းခြင်းသမိုင်းကိုမည်သို့ပင် ရှင်းပြစေကာမူ အရာရောက်မည်မဟုတ်။ ဟေဗြဲသြဝါဒစာထဲက သူသည် 'ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းကိုခံဖူး' သည်ဟူသောဖော်ပြချက်သည်လည်း အဓိပ္ပါယ်မဲ့လိမ့်မည်" ဟုဆိုသည်။

**၆။ အပြစ်မဲ့သောယေရှုခရစ်တော်၏လူသားဇာတိ။** ယေရှု၏ဘုရားဇာတိသည်အပြစ်ကင်းသည်မှာ သက်သေပြရန်မလိုချေ။ သို့သော် သူ၏လူသားဇာတိကားအဘယ်သို့နည်း။

သမ္မာကျမ်းစာကယေရှု၏ဇာတိသည် အပြစ်မဲ့သကဲ့သို့ပုံဖော်သည်။ သူ၏မွေးဖွားခြင်းသည် သဘာဝလွန်ဖြစ်၍၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေတည်ခဲ့သည် (မဿဲ ၁း၂၀)။ ကိုယ်တော်မမွေးဖွားမီ၊ သူ့ကို "သန့်ရှင်းသောသား" (လုကာ ၁း၃၅) ဟုဖော်ပြသည်။ သူသည်အပြစ်၏အကျိုးဆက်များသယ်ဆောင်သည့် ကျရှုံးသောလူသားဇာတိကိုခံယူခဲ့ပြီး၊ ၎င်း၏အပြစ်ရှိခြင်းကိုမူ မခံမယူ။ သူသည် အပြစ်ထဲမှလွဲ၍၊ လူသားနှင့်အတူရှိနေခဲ့သည်။

ယေရှုသည် "ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကိုခံဖူးသောသူ" ဖြစ်သော်လည်း၊ "သန့်ရှင်းစင်ကြယ်၍အညစ်အကြေးနှင့်ကင်းလွတ်လျက်၊ အပြစ်ရှိသောသူတို့နှင့်မဆက်ဆံ" သောသူဖြစ်သည် (ဟေဗြဲ ၄း၁၅။ ၇း၂၆)။ ပေါလုက၊ ကိုယ်တော်သည် "အပြစ်နှင့်ကင်းစင်သောသူ" (၂ကော ၅း၂၁) ဟု

ရေးခဲ့သည်။ ပေတရုက၊ "ထိုသခင်သည်ဒုစရိုက်ကိုမပြု၊ နှုတ်တော်၌လည်း မုသားကို ရှာမတွေ့" (၁ပေ ၂း၂၂) ဟု သက်သေခံပြီး၊ "အညစ်အကြေးနှင့်ကင်းစင်သော သိုးသငယ်" (၁ပေ ၁း၁၉။ ဟေဗြဲ ၉း၂၄) နှင့် နှိုင်းယှဉ်ပြခဲ့သည်။ ယောဟန်က "ကိုယ်တော်၌လည်းအပြစ်မရှိ။... ကိုယ်တော်သည်ဖြောင့်မတ်တော်မူသည်။ (၁ယော ၃း၅-၇) ဟု ဆိုခဲ့သည်။

ယေရှုသည်ကျွန်ုပ်တို့၏ဇာတိနှင့် ၎င်း၏ဝန်ထုပ်အားလုံးကို မိမိကိုယ်ပေါ်တွင် ယူတင်ခဲ့သည်။ သို့သော်သူသည် မျိုးရိုးဗီဇအကျင့်ပျက်ခြင်း၊ သို့မဟုတ် ဆိုးယုတ်ခြင်း နှင့်အမှန်တကယ်အပြစ်နှင့်ကင်းလွတ်သည်။ သူသည် မိမိ၏ရန်ဘက်များကို "ငါ၌ အပြစ်ရှိကြောင်းကို သင်တို့တွင်အဘယ်သူဖော်ပြသနည်း" (ယောဟန် ၈း၄၆) ဟု စိန်ခေါ်ခဲ့သည်။ အပြင်းထန်ဆုံးသောစစ်ဆေးခြင်းကို ခံရသောအခါ၊ သူသည် "ဤလောကကိုအစိုးရသောမင်းသည်လာဆဲဖြစ်၏။ လာသော်လည်း ငါ၌အဘယ်အခွင့် အရာကိုမျှမတွေ့ရ" (ယောဟန် ၁၄း၃၀) ဟုကြွေးကြော်ခဲ့သည်။ ယေရှုသည်မကောင်း သောအလေ့အထ၊ သို့မဟုတ် အပြစ်ကိုလုပ်လိုသောဆန္ဒမရှိချေ။ မည်သည့်စုံစမ်းခြင်း လှိုင်းလုံးကမျှ သူ၏ဘုရားအပေါ်သစ္စာခံခြင်းကိုမပြတ်စေနိုင်ချေ။

ယေရှုသည်ဘယ်ခါမျှအပြစ်ဝန်ချခြင်း သို့မဟုတ် အပြစ်ဖြေရာယဇ်ပူဇော်ခြင်း မပြုခဲ့ချေ။ သူသည် "အဖ၊ ကျွန်ုပ်အပြစ်ကိုလွှတ်တော်မူပါ" ဟု ဆုမတောင်းဘဲ၊ "အိုအဖ၊ သူတို့၏အပြစ်ကိုလွှတ်တော်မူပါဟု ဆုတောင်းခဲ့သည်။ မိမိအလိုမဟုတ်ဘဲ၊ မိမိအဖ၏အလိုတော်ကိုရှာဖွေလျက်၊ ယေရှုသည်ခမည်းတော်အပေါ်မှီခိုနေခြင်းကို အစဉ်ထိန်းသိမ်းသည် (ယောဟန် ၅း၃၀)။

အပြစ်ရှိသောလူသားများနှင့်မတူဘဲ၊ ယေရှု၏ "ဝိညာဉ်ရေးဇာတိ" သည် စင်ကြယ်သန့်ရှင်း၍၊ "အပြစ်၏အစွန်းအထင်းဟူသမျှနှင့်ကင်းလွတ်သည်။" သူသည် အပြစ်၌အထုံပါသောကျွန်ုပ်တို့နှင့် လုံးဝတန်းတူသည်ဟူသောအချက်သည်မှားယွင်းသည်။ ယေရှုသည်ဒုတိယအာဒံဖြစ်၍၊ ဘုရားသခင်၏ထူးခြားသောသားတော်ဖြစ်သည်။ သူ၏လူသားဇာတိ၌စုံစမ်းခြင်းအမျိုးမျိုးကိုခံရသော်လည်း၊ သူသည်ဘယ်ခါမျှကျရှုံးခြင်း မရှိ၊ အပြစ်ပြုခြင်းလည်းမရှိချေ။ ဘယ်ခါမျှသူ၌အပြစ်ပြုလိုသောဆန္ဒမရှိချေ။

အမှန်မှာ၊ ယေရှုသည်လူသားတို့၏အမြင့်မားဆုံးနှင့် အသန့်ရှင်းဆုံးသောစံနမူနာ ဖြစ်သည်။ သူသည်အပြစ်ကင်း၍၊ ပြုလေသမျှသည်ပြည့်စုံခြင်းကိုသရုပ်ပြသည်။ အမှန်ပင်၊ သူသည်ပြည့်စုံသောအပြစ်မဲ့လူသားစံနမူနာဖြစ်သည်။

**၇။ ခရစ်တော်သည်လူသားဇာတိကိုခံယူရန်လိုအပ်ခြင်း။** အဘယ်ကြောင့် ယေရှုသည် လူသားဇာတိကိုခံယူရမည်အကြောင်းကို သမ္မာကျမ်းစာကအကြောင်းရင်းများ ဖော်ပြသည်။

**(က) လူသားမျိုးနွယ်အတွက်ယဇ်ပုရောဟိတ်မင်းဖြစ်ရန်။** မေရှိယအနေဖြင့်၊ ယေရှုသည်ယဇ်ပုရောဟိတ်မင်းအရာ သို့မဟုတ် ဘုရားသခင်နှင့်လူတို့အကြား၌ ကြားဖျန်ဖြေသူအရာကိုခံယူရမည် (ဇာခရိ ၆း၁၃။ ဟေဗြဲ ၄း၁၄–၁၆)။ ဤလုပ်ငန်းသည် လူသားဇာတိကိုလိုသည်။ ခရစ်တော်သည်ထိုအရည်အချင်းများနှင့်ပြည့်စုံသည်။ (၁) "သူသည်ကိုယ်တိုင်နွမ်းရိအားနည်းခြင်းရှိသည်ဖြစ်၍၊ မိုက်သောသူ၊ မှားယွင်းသောသူတို့ကိုသည်းခံခြင်းငှာတတ်နိုင်၏" (ဟေဗြဲ ၅း၂)။ (၂) သူသည် "မိမိညီအစ်ကိုတို့နှင့်လုံးလုံးတူ" သည်ဖြစ်၍၊ "ကရုဏာနှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ပြည့်စုံ" ၏ (ဟေဗြဲ ၂း၁၇)။ (၃) "စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ကိုယ်တော်တိုင်ခံ၍၊ ဒုက္ခဆင်းရဲခြင်း၌ကျင်လည်သောကြောင့်၊ စုံစမ်းနှောင့်ယှက်ခြင်းအမှုနှင့်တွေ့ကြုံသောသူတို့ကို မစခြင်းငှာတတ်နိုင်တော်မူ၏" (ဟေဗြဲ ၂း၁၈)။ (၄) သူသည် "ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူ" ဖြစ်သော်လည်း၊ "ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ" သောကြောင့်၊ သူသည်အားနည်းခြင်းများကိုကြင်နာသနားသည် (ဟေဗြဲ ၄း၁၅)။

**(ခ) အနိမ့်ကျဆုံးသောသူကိုပင်ကယ်တင်ရန်။** လူတို့အားသူတို့ရှိသောနေရာသို့ရောက်ရှိရန်နှင့် မျှော်လင့်ချက်အကင်းမဲ့ဆုံးသောသူတို့ကိုကယ်တင်ရန်၊ ကိုယ်တော်သည်အစေခံကျွန်အဆင့်၌ ကြွဆင်းခဲ့သည် (ဖိလိပ္ပိ ၂း၇)။

**(ဂ) လောကီသားတို့၏အပြစ်အတွက်မိမိအသက်ကိုပေးရန်။** ခရစ်တော်၏ဘုရားဇာတိသည်မသေနိုင်ချေ။ ထို့ကြောင့်၊ အသေခံခြင်းအလို့ငှာ၊ ခရစ်တော်သည် လူ့ဇာတိကိုခံယူရသည်။ သူသည်လူသားဖြစ်လာ၍၊ အပြစ်၏အခသေခြင်းကိုပေးဆပ်ခဲ့သည် (ရောမ ၆း၂၃။ ၁ကော ၁၅း၃)။ လူသားတစ်ဦးအနေဖြင့်၊ သူသည်လူတိုင်းအတွက်သေခြင်းကိုမြည်းစမ်းခဲ့သည် (ဟေဗြဲ ၂း၉)။

**(ဃ) ကျွန်ုပ်တို့၏စံပြဖြစ်ရန်။** လူတို့သည်မည်သို့နေထိုင်ရမည်ကိုစံနမူနာထားရှိရန်၊ ခရစ်တော်သည်လူဇာတိ၌အပြစ်မဲ့သောအသက်တာဖြင့်နေထိုင်ရမည်။ လူတို့သည် ဘုရားသခင်၏ပညတ်တော်ကိုမစောင့်ထိန်းနိုင်၊ အပြစ်ကိုလည်းမအောင်နိုင်ဟူသောယုံမှတ်ခြင်းကို သူသည်ပပျောက်စေခဲ့သည်။ လူတို့သည် ဘုရားရှင်၏အလိုတော်၌ သစ္စာရှိနိုင်ကြောင်းကိုပြသခဲ့သည်။ ပထမအာဒံကျရှုံးသောနေရာတွင်၊ ဒုတိယအာဒံသည်အပြစ်နှင့်စာတန်ကိုအောင်နိုင်၍၊ ကျွန်ုပ်တို့၏ကယ်တင်ရှင်နှင့်စံပြဖြစ်လာခဲ့သည်။ သူပေးသောခွန်အားဖြင့် သူ၏အောင်နိုင်ခြင်းသည် ကျွန်ုပ်တို့၏ဥစ္စာဖြစ်နိုင်သည် (ယောဟန် ၁၆း၃၃)။

ကိုယ်တော်ကိုကြည့်ခြင်းဖြင့်၊ လူတို့သည် "ဘုန်းအသရေတိုးပွား၍၊ ပုံသဏ္ဍာန်တော်နှင့်အညီ၊ ပြောင်းလဲခြင်းရှိရကြ၏" (၂ကော ၃း၁၈)။ "ယုံကြည်ခြင်းကိုအစအဦးစီရင်၍၊ စုံလင်စေတော်မူသောသခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။..... အပြစ်ရှိသောသူတို့လက်တွင်၊ ထိုမျှလောက်ကြီးစွာသောဆီးတားနှောင့်ယှက်ခြင်းကို ခံတော်မူသောသခင်ကိုထောက်ရှုဆင်ခြင်သောအားဖြင့်၊ အားလျော့စိတ်ပျက်ခြင်းနှင့်ကင်းလွတ်အံ့သောငှါ၊ ကြိုးစားကြလော့" (ဟေဗြဲ ၁၂း၂၊၃)။ အမှန်တကယ်၊ "ခရစ်တော်သည်ငါတို့အတွက်ခံတော်မူသည်ဖြစ်၍၊ ခြေတော်ရာကိုလျှောက်လိုက်စေခြင်းငှာ၊ ပုံသက်သေကိုထားတော်မူပြီ" (၁ပေ ၂း၂၁)။

## ဇာတိနှစ်ခုပေါင်းစည်းခြင်း

ယေရှုခရစ်တော်၌ ဘုရားဇာတိနှင့်လူ့ဇာတိဟူ၍၊ ဇာတိနှစ်ခုရှိသည်။ သူသည် ဘုရား–လူသားဖြစ်သည်။ လူသားဇာတိကိုခံယူခြင်း၌ ထာဝရသားတော်ဘုရားသည် မိမိကိုယ်အပေါ်လူဇာတိကိုယူခြင်းဖြစ်၍၊ လူသားယေရှုသည် ဘုရားဇာတိကိုရယူခြင်းမဟုတ်ချေ။ ဤအပြောင်းအလဲသည် လူမှဘုရားအဖြစ်သို့မဟုတ်ဘဲ၊ ဘုရားမှလူအဖြစ်သို့ဖြစ်သည်။

ယေရှု၌၊ ထိုဇာတိနှစ်ခုသည် လူတစ်ဦးအထဲ၌ပေါင်းသည်။ အောက်ပါကျမ်းချက်အထောက်အထားများကိုမှတ်သားပါ။

**ခရစ်တော်သည်ဇာတိနှစ်ခုပေါင်းစပ်ခြင်းဖြစ်သည်။** သုံးပါးတစ်ဆူဘုရားကဲ့သို့ခရစ်တော်၌မရှိပါချေ။ ယေရှုသည် ပုဂ္ဂိုလ်တစ်ဦးဖြစ်၍၊ နှစ်ဦးမဟုတ်ကြောင်းကိုသမ္မာကျမ်းစာကဖော်ပြသည်။ ကျမ်းချက်တချို့သည် ဘုရားဇာတိနှင့်လူ့ဇာတိကိုဖော်ပြသော်လည်း၊ လူပုဂ္ဂိုလ်တစ်ဦးအကြောင်းကိုသာပြောသည်။ ပေါလုကယေရှုခရစ်တော်သည် မိန်းမ၌ဖွားသော (လူ့ဇာတိ) ဘုရားသခင်၏သားတော် (ဘုရားဇာတိ) (ဂလာတိ ၄း၄) အဖြစ်ဖော်ပြသည်။ ထို့ကြောင့်၊ ယေရှုသည် "ဘုရားသခင်၏သဏ္ဍာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့်ပြိုင်သောအမှု (ဘုရားဇာတိ) ကိုလုယူခြင်းအမှုဟူ၍မထင်မမှတ်လျက်ပင်၊ မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဍာန်ကိုယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ် (လူ့ဇာတိ) ၌ဖွားမြင်ခြင်းကိုခံတော်မူ၏" (ဖိလိပ္ပိ ၂း၆၊၇)။

ခရစ်တော်၏ဇာတိနှစ်ခုမှာ ဒြပ်မဲ့ဘုရားတန်ခိုး သို့မဟုတ် ဘုရားဩဇာသည် သူ၏လူသားအဖြစ်နှင့် ဆက်နွယ်၍ဖွဲ့စည်းခြင်းမျိုးမဟုတ်ချေ။ ယောဟန်က

"နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍၊ ကျေးဇူးတော်နှင့်လည်းကောင်း၊ သစ္စာတော်နှင့်လည်းကောင်း ပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌တစ်ပါးတည်းသောသားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကိုငါတို့သည် မြင်ရကြပြီ" (ယောဟန် ၁း၁၄)။ ပေါလုကလည်း၊ ဘုရားသခင်သည် "အပြစ်နှင့်ပြည့်စုံသောဇာတိပကတိ၏သဏ္ဌာန်ကိုဆောင်သော မိမိသားတော်ကိုစေလွှတ်တော်မူ" (ရောမ ၈း၃) ၍၊ "ဘုရားသခင်သည် ကိုယ်ခန္ဓာ၌ပေါ်ထွန်းတော်မူပြီ" (၁တိ ၃း၁၆) ဟုရေးခဲ့သည်။

**ဇာတိနှစ်ခုကိုရောနှောခြင်း။** တစ်ခါတစ်ရံသမ္မာကျမ်းစာသည် ဘုရားသခင်၏သားတော်ကို သူ၏လူ့ဇာတိ....... ဖြင့်ဖော်ပြသည်။ ဘုရားသခင်သည် မိမိအသင်းတော်ကို မိမိအသွေးဖြင့်ဝယ်ခဲ့သည် (တမန်တော် ၂၀း၂၈)။ တချို့နေရာများတွင်မူ လူသားကိုသူ၏ဘုရားဇာတိဖြင့်ဖော်ပြသည် (ယောဟန် ၃း၁၃။ ၆း၆၂။ ရောမ ၉း၅)။

ခရစ်တော်သည် ဤလောကသို့ကြွလာချိန်က၊ သူ့အတွက် "ကိုယ်ခန္ဓာ" ကို ပြင်ဆင်နှင့်ပြီးဖြစ်သည် (ဟေဗြဲ ၁၀း၅)။ သူသည်လူ့ဇာတိကိုခံယူရာတွင်၊ မိမိ၏ဘုရားအဖြစ်ကိုလူ့အသွင်အဖြစ်ဖြင့် လွှမ်းခြုံခဲ့သည်။ ဤအရာကိုလူသားမှဘုရားအဖြစ်သို့ပြောင်းလဲခြင်း သို့မဟုတ် ဘုရားမှလူသားအဖြစ်သို့ပြောင်းလဲခြင်းမျိုးမဟုတ်ချေ။ သူသည်မိမိအထဲမှထွက်၍ အခြားဇာတိကိုခံယူခြင်းမဟုတ်ဘဲ၊ မိမိ၌လူ့ဇာတိကို ယူဆောင်ခြင်းဖြစ်သည်။ ထို့သို့ဖြင့် ဘုရားအဖြစ်နှင့်လူသားအဖြစ်တို့သည်ပေါင်းစပ်သည်။

လူ့ဇာတိကိုခံယူသောအခါ၊ ခရစ်တော်သည် ဘုရားဖြစ်နေခြင်းကိုရပ်တန့်လိုက်ခြင်းမဟုတ်၊ သူ၏ဘုရားအဖြစ်ကို လူသားအဆင့်သို့လျှော့ချလိုက်ခြင်းလည်းမဟုတ်ချေ။ ဇာတိတစ်ခုချင်းစီသည် အပြည့်အဝရှိနေသည်။ ပေါလုက "ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏" (ကောလောသဲ ၂း၉) ဟုဆိုသည်။ လက်ဝါးကပ်တိုင်ပေါ်တွင် ဘုရားဇာတိမဟုတ်ဘဲ၊ လူ့ဇာတိသေခဲ့သည်။ ဘုရားဇာတိသည်မသေနိုင်ချေ။

**ဇာတိနှစ်ခုပေါင်းစည်းရန်လိုအပ်ခြင်း။** ခရစ်တော်၏ဇာတိနှစ်ခု၏ ဆက်နွှယ်မှုကိုနားလည်ခြင်းသည် ခရစ်တော်၏သာသနာနှင့် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် မရှိမဖြစ်လိုအပ်သော အသိအမြင်ကိုပေးသည်။

**၁။ လူသားကိုဘုရားသခင်နှင့်သင့်မြတ်စေရန်။** ဘုရား–လူသား ကယ်တင်ရှင်ကသာလျှင် ကယ်တင်ခြင်းကိုယူဆောင်ပေးနိုင်သည်။ လူ့ဇာတိကိုခံယူခြင်း၌၊ ခရစ်တော်သည် ယုံကြည်သူတို့အား မိမိ၏ဘုရားဇာတိကိုပေးနိုင်ရန်၊ မိမိ၌လူ့ဇာတိ

ကိုယူတင်ခဲ့သည်။ ဘုရား–လူသား၏အသွေးတော်၏ကောင်းကျိုးအားဖြင့် ယုံကြည်သူတို့သည် ဘုရားဇာတိကိုဆက်ဆံနိုင်သည်။

ပေါင်းစည်းထားသောဘုရားဇာတိနှင့်လူ့ဇာတိသည် ခရစ်တော်၏အပြစ်ဖြေခြင်းယဇ်ကိုအကျိုးသက်ရောက်စေသည်။ အပြစ်မဲ့သောလူသား သို့မဟုတ် ကောင်းကင်တမန်သည် လူသားမျိုးနွယ်၏အပြစ်များကိုမဖြေနိုင်ချေ။ ဘုရားလူသားဖန်ဆင်းရှင်ကသာလျှင် လူသားတို့ကိုရွေးနုတ်နိုင်သည်။

**၂။ ဘုရားဇာတိအဖြစ်ကိုလူ့ဇာတိဖြင့်ဖုံးထားရန်။** ခရစ်တော်သည် မိမိဘုရားအဖြစ်ကိုလူ့ဇာတိဖြင့်ဖုံးခဲ့သည်။ အပြစ်သားများသည် သူ၏ရှေ့တော်တွင် ဖျက်ဆီးခြင်းမခံရဘဲရှိနေနိုင်ရန် သူသည်မိမိကောင်းကင်ဘုန်းတန်ခိုးကိုချန်ထားခဲ့သည်။ သူသည်ဘုရားပင်ဖြစ်နေသေးသော်လည်း၊ ဘုရားကဲ့သို့မထင်ရှားချေ (ဖိလိပ္ပိ ၂း၆–၈)။

**၃။ အောင်မြင်စွာအသက်ရှင်ရန်။** ခရစ်တော်၏လူ့ဇာတိတစ်ခုတည်းသည် စာတန်၏လှည့်ဖြားခြင်းများကို ဘယ်ခါမျှမခံရပ်နိုင်ချေ။ သို့သော် သူ၌ "ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်း" (ကောလောသဲ ၂း၉) ရှိသည်။ သူသည် ခမည်းတော်အပေါ်လုံးလုံးမှီခိုသောကြောင့် အပြစ်ကိုအောင်နိုင်ခဲ့ပြီး (ယောဟန် ၅း၁၉၊၃၀။ ၈း၂၈)၊ "ဘုရားတန်ခိုးသည် လူ့ဇာတိနှင့်ပေါင်းစပ်လိုက်ရာတွင်၊ လူသားတို့အစား အကန့်အသတ်မဲ့အောင်မြင်ခြင်းကိုရရှိခဲ့သည်။"

ခရစ်တော်၏အောင်နိုင်သောနေထိုင်မှုသည် သူ၏သီးသန့်အခွင့်ထူးမဟုတ်ချေ။ သူသည် လူတို့အသုံးပြု၍မရနိုင်သောတန်ခိုးကို အသုံးပြုခြင်းမဟုတ်ချေ။ ကျွန်ုပ်တို့သည်လည်း "ဘုရားသခင်၏ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံ" (ဧဖက် ၃း၁၉) နိုင်သည်။ ခရစ်တော်၏ဘုရားတန်ခိုးအားဖြင့် ကျွန်ုပ်တို့သည် "အသက်ရှင်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းနှင့်စပ်ဆိုင်သောအရာရှိသမျှတို့ကို… ပေးသနားတော်မူပြီ။"

ဤအတွေ့အကြုံ၏သော့ချက်မှာ ကျွန်ုပ်တို့သည် "လောကီတပ်မက်ခြင်းအညစ်အကြေးနှင့်ကင်းလွတ်သဖြင့်၊ ဘုရားပကတိကိုဆက်ဆံရသောသူဖြစ်မည်အကြောင်း" အလွန်ကြီးမြတ်၍၊ အဖိုးထိုက်သောကတိများကို၊ (၂ပေ ၁း၃၊၄) ယုံကြည်ခြင်းဖြစ်သည်။ သူ့ကိုအောင်မြင်စေသောအလားတူတန်ခိုးကို သူပေးနေသည်။ ထိုသို့ဖြင့် လူအားလုံးသည် သစ္စာရှိစွာနားထောင်၍၊ အောင်မြင်သောအသက်တာကို ပိုင်ဆိုင်နိုင်ကြမည်။

ခရစ်တော်၏နှစ်သိမ့်မှုပေးသောကတိတစ်ခုမှာ အောင်မြင်ခြင်းဖြစ်သည်။ "ငါသည်အောင်မြင်၍၊ ငါ့ခမည်းတော်၏ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူထိုင်နေသကဲ့သို့၊ အောင်မြင်သောသူသည် ငါ့ပလ္လင်ပေါ်မှာ ငါနှင့်အတူထိုင်နေရသောအခွင့်ကို ငါပေးမည်" (ဗျာ ၃း၂၁)။

## ယေရှုခရစ်တော်၏လုပ်ငန်းများ

ပုရောဖက်၊ ယဇ်ပုရောဟိတ်နှင့် ရှင်ဘုရင်ရာထူးများသည်ထူးခြားပြီး၊ အကြမ်းအားဖြင့်ဆီလိမ်းဘိသိက်ပေးရန်လိုအပ်သည် (၃ရာ ၁၉း၁၆။ ထွက် ၃၀း၃၀။ ၂ရာ ၅း၃)။ ခမ္မဟောင်းကျမ်း၏အနာဂတ်ဟောပြောချက်တွင် ဘိသိက်ခံသူ၊ မေရှိယသည် ဤရာထူးသုံးခုကိုကိုင်မည်ဖြစ်ကြောင်းညွှန်ပြခဲ့သည်။ ခရစ်တော်သည် ဘုရားသခင်နှင့်ကျွန်ုပ်တို့အကြား မိမိ၏ကြားဖျန်ဖြေခြင်းလုပ်ငန်းကို ပုရောဖက်၊ ယဇ်ပုရောဟိတ်နှင့်ရှင်ဘုရင်လုပ်ငန်းများအားဖြင့်ထမ်းဆောင်သည်။ ပုရောဖက်ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ဘုရားရှင်၏အလိုတော်ကိုထုတ်ဖော်သည်။ ယဇ်ပုရောဟိတ်ခရစ်တော်သည် ကျွန်ုပ်တို့နှင့် ဘုရားသခင်အကြားအပြန်အလှန်ကိုယ်စားပြုသည်။ ရှင်ဘုရင်ယေရှုသည် ဘုရားသခင်၏မိမိလူတို့အပေါ် ကြင်နာသောအခွင့်အာဏာကိုကိုင်စွဲသည်။

**ပုရောဖက်ဖြစ်သောခရစ်တော်။** ဘုရားသခင်သည် ခရစ်တော်၏ပုရောဖက်လုပ်ငန်းကို မောရှေအားဖော်ပြခဲ့သည်။ "သူတို့အမျိုးသားချင်းတို့အထဲ၌ သင်နှင့်တူသောပုရောဖက်တစ်ပါးကို သူတို့အဖို့ငါပေါ်ထွန်းစေ၍၊ ထိုပုရောဖက်နှုတ်၌ ငါ့စကားကိုငါအပ်သဖြင့် ငါမှာထားသမျှတို့ကို သူတို့အားဆင့်ဆိုရလိမ့်မည်" (တရားဟော ၁၈း၁၈)။ ခရစ်တော်အချိန်ကရှိသောသူတို့သည် ဤကြိုတင်ဟောချက်၏ပြည့်စုံခြင်းကိုအသိအမှတ်ပြုခဲ့ကြသည် (ယောဟန် ၆း၁၄။ ၇း၄၀။ တမန် ၃း၂၂၊၂၃)။

ယေရှုသည်မိမိကိုယ်ကိုပုရောဖက်အဖြစ် ရည်ညွှန်းခဲ့သည် (လုကာ ၁၃း၃၃)။ သူသည် ပုရောဖက်ပြုသောအခွင့်အာဏာဖြင့် (မဿဲ ၇း၂၉) ဘုရားသခင့်နိုင်ငံတော်၏စည်းမျဉ်းများ (မဿဲ ၅–၇။ ၂၂း၃၆–၄၀) ဟောပြော၍၊ အနာဂတ်ကိုဖေါ်ပြခဲ့သည် (မဿဲ ၂၄း၁–၅၁။ လုကာ ၁၉း၄၁–၄၄)။

လူ့ဇာတိကိုမခံယူမီ၊ ခရစ်တော်သည်ကျမ်းစာရေးသားသောသူတို့ကို မိမိ၏ဝိညာဉ်တော်နှင့်ပြည့်ဝစေ၍၊ မိမိ၏ဒုက္ခဆင်းရဲခံခြင်းနှင့် နောက်ဆက်တွဲဘုန်းတော်အကြောင်းဗျာဒိတ်များကို သူတို့အားပေးခဲ့သည် (၁ပေ ၁း၁၁)။ ကောင်းကင်သို့တက်ကြွပြီးနောက် သူသည်မိမိကိုယ်ကိုမိမိလူတို့ထံသို့ဖော်ပြသည်။ သမ္မာကျမ်းစာကသူသည် မိမိ၏ "သက်သေခံတော်မူချက်" ဖြစ်သော "ပုရောဖက်ဟောသောစကားချက်" ကို မိမိ၏သစ္စာရှိသောကျန်ကြွင်းသူတို့အားပေးသည် (ဗျာ ၁၂း၁၇။ ၁၉း၁၀)။

**ယဇ်ပုရောဟိတ်ဖြစ်သောခရစ်တော်။** ဘုရားရှင်၏ကျမ်းကျိန်ချက်သည် မေရှိယ၏ယဇ်ပုရောဟိတ်ဖြစ်ခြင်းကို အခိုင်အမာသက်သေထူခဲ့သည်။ "ထာဝရဘုရားက၊ သင်သည်မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်ဟုကျိန်ဆို၍၊ နောက်တစ်ဖန်စိတ်ပြောင်းလဲခြင်းရှိတော်မမူ" (ဆာလံ ၁၁၀း၄)။ ခရစ်တော်သည် အာရန်မှဆင်းသက်လာခြင်းမဟုတ်။ မေလခိဇေဒက်နည်းတူ၊ သူ၏ယဇ်ပုရောဟိတ်

ဖြစ်ခွင့်သည် ဘုရားရှင်၏ခန့်အပ်ခြင်းမှလာသည် (ဟေဗြဲ ၅း၆၊၁၀)။ သူ၏ကြားဖျန်ဖြေခြင်း၊ ယဇ်ပုရောဟိတ်ဖြစ်ခြင်းသည် မြေကြီးဆိုင်ရာနှင့်ကောင်းကင်ဆိုင်ရာဟူ၍ ကဏ္ဍနှစ်ခုရှိသည်။

**၁။ ခရစ်တော်၏မြေကြီးဆိုင်ရာယဇ်ပုရောဟိတ်ဖြစ်ခြင်း။** မိဿရှိရာ ယဇ်ပလ္လင်ကယဇ်ပုရောဟိတ်၏ကဏ္ဍသည် ခရစ်တော်၏မြေကြီးဆိုင်ရာသာသနာကို ပုံဆောင်သည်။ ခရစ်တော်သည်ယဇ်ပုရောဟိတ်လုပ်ငန်းအတွက် လုံး၀ဘောင်၀င်သည်။ သူသည်လူသားစင်စစ်ဖြစ်သည်။ သူသည် "ပူဇော်သကာကိုလည်းကောင်း၊ အပြစ်ဖြေရာယဇ်ကိုလည်းကောင်း၊ ပူဇော်" ရန် "ခန့်ထားတော်မူသောသူဖြစ်၏" (ဟေဗြဲ ၅း၁)။

ယဇ်ပုရောဟိတ်သည် အပြစ်လွှတ်ခြင်းကိုပုံဆောင်သောယဇ်ပူဇော်ခြင်းစနစ်အားဖြင့်၀တ်ပြုသူတို့ကို ဘုရားသခင်နှင့်သင့်မြတ်စေရန်ဖြစ်သည် (၀တ် ၁း၄။ ၄း၂၉၊၃၁၊၃၅။ ၅း၁၀။ ၁၆း၆။ ၁၇း၁၁)။ ထို့ကြောင့်မိဿရှိရာယဇ်ပလ္လင်ပေါ်တွင် စဉ်ဆက်ယဇ်ပူဇော်ခြင်းများသည် စဉ်ဆက်မပြတ်အပြစ်ဖြေခြင်းကိုရရှိနိုင်ကြောင်းကိုပုံဆောင်သည်။

ဤယဇ်ပူဇော်ခြင်းများသည် လုံလောက်မှုမရှိချေ။ ၎င်းတို့သည်ယဇ်ပူဇော်သူကို ပြည့်စုံစေရန်၊ အပြစ်များကိုလွှတ်ရန်၊ သို့မဟုတ် ရှင်းလင်းသောသြတ္တပ္ပစိတ်ကိုထုတ်ပေးရန် မစွမ်းဆောင်နိုင်ချေ (ဟေဗြဲ ၁၀း၁–၄။ ၉း၉)။ ၎င်းတို့သည် နောက်လာမည့်ကောင်းသောအရာများ၏အရိပ်မျှသာဖြစ်သည် (ဟေဗြဲ ၁၀း၁)။ မေရှိယကိုယ်တော်တိုင် ဤယဇ်ကောင်များ၏နေရာကိုအစားထိုးယူမည်ဖြစ်ကြောင်း ဓမ္မဟောင်းကျမ်းကဖော်ပြသည် (ဆာလံ ၄၀း၆–၈။ ဟေဗြဲ ၁၀း၅–၉)။ ထို့ကြောင့် ဤယဇ်ပူဇော်ခြင်းများသည် ခရစ်တော်ကယ်ကယ်တင်ရှင်၏တစ်ဆင့်ခံ၀ေဒနာခံစားခြင်းနှင့် အဖြစ်ဖြေသောသေခြင်းကို ညွှန်ပြခဲ့သည်။ ဘုရားသခင်၏သိုးသငယ်ဖြစ်သောသူသည် ကျွန်ုပ်တို့အတွက်အပြစ်နှင့်ကျိန်ခြင်းဖြစ်လာခဲ့သည်။ သူ၏အသွေးတော်သည် ကျွန်ုပ်တို့ကိုအပြစ်အားလုံးမှ သန့်စင်စေသည် (၂ကော ၅း၂၁။ ဂလာတိ ၃း၁၃။ ၁ယော ၁း၇)။

ထိုကြောင့်မြေကြီးပေါ်သာသနာပြုစဉ်အတွင်း၊ ခရစ်တော်သည် ယဇ်ပုရောဟိတ်နှင့်ယဇ်ကောင်ဖြစ်ခဲ့သည်။ လက်၀ါးကပ်တိုင်အပေါ်အသေခံခြင်းသည် သူ၏ယဇ်ပုရောဟိတ်လုပ်ငန်းအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဂေါလဂေါသတွင် အပူဇော်ခံပြီးနောက်၊ သူ၏ကြားဖျန်ဖြေခြင်းယဇ်ပုရောဟိတ်လုပ်ငန်းသည် ကောင်းကင်တဲတော်တွင်ဗဟိုပြုခဲ့သည်။

**၂။ ခရစ်တော်၏ကောင်းကင်ဆိုင်ရာယဇ်ပုရောဟိတ်ဖြစ်ခြင်း။** ယေရှုသည်မြေကြီးပေါ်တွင်အစပြုခဲ့သော ယဇ်ပုရောဟိတ်လုပ်ငန်းကို ကောင်းကင်တွင်ပြည့်စုံစေသည်။ ဘုရားသခင်၏ဒုက္ခဆင်းရဲခံသောအစေခံအဖြစ် မြေကြီးပေါ်တွင်သူ၏နှိမ့်ကျခြင်းသည် ကောင်းကင်၌ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းဖြစ်ရန် ဘောင်၀င်စေသည် (ဟေဗြဲ ၂း၁၇၊၁၈။ ၄း၁၅။ ၅း၂)။ အနာဂတ္တိကျမ်းကမေရှိယသည် ဘုရားသခင်၏

ပလ္လင်ပေါ်တွင် ယဇ်ပုရောဟိတ်ဖြစ်မည်ဖြစ်ကြောင်းကိုဖော်ပြသည် (ဇာခရိ ၆း၁၃)။ ရှင်ပြန်ထမြောက်ပြီးနောက်၊ နှိမ့်ချခဲ့သောခရစ်တော်သည် ချီးမြှောက်ခြင်းခံရသည်။ ယခုတွင်ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းသည် "ကောင်းကင်ဘုံ၌ တန်ခိုးအာနုဘော်တော်၏ ပလ္လင်လက်ယာဘက်မှာ ထိုင်နေတော်မူ" ၍၊ ကောင်းကင်တဲတော်တွင်အမှုထမ်းနေသည် (ဟေဗြဲ ၈း၁၊၂)။

ခရစ်တော်သည်ကောင်းကင်သို့တက်ကြွပြီးနောက် မိမိကြားဖျန်ဖြေခြင်းအလုပ်ကို ချက်ချင်းစတင်ခဲ့သည်။ ဗိမာန်တော်၏သန့်ရှင်းသောအခန်းမှနံ့သာမီးခိုးအထက်သို့ တက်သွားခြင်းသည် ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဆုတောင်းခြင်းများ ဘုရားသခင် ရှေ့တော်၌လက်ခံဖွယ်ဖြစ်စေသော ခရစ်တော်၏ကောင်းမှု၊ ဆုတောင်းခြင်းနှင့် ဖြောင့်မတ်ခြင်းတို့ကိုပုံဆောင်သည်။ နံ့သာမွှေးကိုမီးရှို့ရာယဇ်ပလ္လင်ပေါ်ကမီးခဲဖြင့်သာပူဇော်နိုင်သည်ဖြစ်ရာ၊ ပလ္လင်ပေါ်ကအပြစ်ဖြေရာယဇ်နှင့်ကြားဖျန်ဖြေခြင်းအကြားရှိ နီးကပ်သော ဆက်သွယ်မှုကိုဖော်ပြသည်။ ခရစ်တော်၏ကြားဖျန်ဖြေခြင်းအလုပ်ကို သူ၏ပြည့်စုံသော ယဇ်ပူဇော်ခြင်းဆိုင်ရာအပြစ်ဖြေခြင်းအကျိုးအပေါ်၌သာ တည်ဆောက်ထားသည်။

ခရစ်တော်၏ကြားဖျန်ဖြေခြင်းသည် မိမိလူတို့အတွက်အားပေးခြင်းဖြစ်သည်။ "သူတို့၏အမှုကိုကိုယ်တော်သည်စောင့်လျက်၊ ကာလအစဉ်အသက်ရှင်သောကြောင့်၊ သူတို့ကိုအစဉ်ကယ်တင်ခြင်းငှာတတ်နိုင်တော်မူ၏" (ဟေဗြဲ ၇း၂၅)။ ခရစ်တော်သည် မိမိလူတို့အတွက်ဖျန်ဖြေသောကြောင့်၊ စာတန်၏စွပ်စွဲချက်အားလုံးသည် တရားဝင်အခြေအမြစ်ပျောက်ဆုံးခဲ့ရသည်။ ပေါလုက "အပြစ်စီရင်သောသူသည် အဘယ်သူနည်း" ဟုမေးခဲ့သည်။

ထို့နောက်၊ ခရစ်တော်ကိုယ်တိုင်သည် ဘုရားသခင်၏လက်ယာဘက်မှာနေ၍ ကျွန်ုပ်တို့အတွက်ကြားဝင်ပေးနေကြောင်း အာမခံချက်ကိုပေါလုပေးခဲ့သည် (ရောမ ၈း၃၄)။ ကြားဖျန်ဖြေသူအဖြစ် မိမိ၏ကဏ္ဍကိုသေချာစေရင်း၊ ခရစ်တော်က "ငါ အမှန်ဆိုသည်ကား၊ သင်တို့သည် ငါ၏နာမကိုအမှီပြု၍၊ ခမည်းတော်မှာဆုတောင်းသမျှ တို့ကို ခမည်းတော်သည်ပေးတော်မူမည်" (ယောဟန် ၁၆း၂၃) ဟုဆိုခဲ့သည်။

**ရှင်ဘုရင်ဖြစ်သောခရစ်တော်။** "ထာဝရဘုရားသည် ပလ္လင်တော်ကို ကောင်းကင်ဘုံ၌တည်တော်မူ၍၊ အာဏာတော်သည် ခပ်သိမ်းသောအရာတို့ကိုနှံ့ပြား၏" (ဆာလံ ၁၀၃း၁၉)။ သုံးပါးတစ်ဆူထဲကတစ်ပါးအဖြစ် ဘုရားသခင်၏သားတော်သည် စကြဝဠာတစ်ခုလုံးကိုအုပ်စိုးခြင်း၌ပါဝင်ကြောင်းထင်ရှားသည်။

ဘုရား–လူသားအနေဖြင့်ခရစ်တော်သည် မိမိကိုအရှင်သခင်နှင့်ကယ်တင်ရှင်အဖြစ် လက်ခံသောသူတို့အပေါ်တွင် မိမိ၏ရှင်ဘုရင်ဖြစ်ခြင်းကိုအသုံးချလိမ့်မည်။ သမ္မာကျမ်းစာက၊

"အိုဘုရားသခင်၊ ကိုယ်တော်၏ပလ္လင်သည် နိစ္စထာဝရပလ္လင်ဖြစ်ပါ၏။ ကိုယ်တော်၏နိုင်ငံသည် တရားသဖြင့်စီရင်သောနိုင်ငံဖြစ်ပါ၏" (ဆာလံ ၄၅း၆။ ဟေဗြဲ ၁း၈၊၉)။

ခရစ်တော်၏နိုင်ငံကိုပဋိပက္ခမပါဘဲ တည်ထောင်ခြင်းမဟုတ်ချေ။ အကြောင်းမှာ "လောကီရှင်ဘုရင်တို့သည်ထကြ၍၊ မှူးမတ်အရာရှိတို့သည်လည်း၊ ထာဝရဘုရားနှင့် ခရစ်တော် (မေရှိယ) ကိုရန်ဘက်ပြုကြ၏" (ဆာလံ ၂း၂)။ သို့သော် သူတို့၏အကြံအစည်သည် မအောင်မြင်ချေ။ ဘုရားသခင်သည်အမိန့်တော်ဖြင့် မေရှိယကိုမိမိပလ္လင်ပေါ်တွင်တည်စေလိမ့်မည်။ "ငါ၏ရှင်ဘုရင်ကိုသန့်ရှင်းသောဇိအုန်တောင်ပေါ်မှာ၊ ငါကိုယ်တိုင်ဘိသိက်ပေးပြီ။... သင်သည် ငါ၏သားဖြစ်၏။ ယနေ့ပင် သင့်ကိုငါဖြစ်ပွားစေပြီ" (ဆာလံ ၂း၆၊၇) ဟုမိန့်တော်မူသည်။ ဒါဝိဒ်၏ရာဇပလ္လင်ကိုဆက်ခံမည့်ရှင်ဘုရင်၏နာမတော်သည် ယေဟောဝါဖေဒေကနု" ဖြစ်သည် (ယေရမိ ၂၃း၅၊၆)။ သူသည်ကောင်းကင်ဘုံပလ္လင်မှ ယဇ်ပုရောဟိတ်နှင့်ရှင်ဘုရင်အဖြစ်လုပ်ဆောင်မည်ဖြစ်ရာ၊ သူ၏အုပ်စိုးမှုသည်တစ်မူထူးသည် (ဇာခရိ ၆း၁၃)။

မာရိထံသို့ကောင်းကင်တမန်ဂါဗြေလက ယေရှုသည်အုပ်စိုးသူမေရှိယဖြစ်မည်အကြောင်းနှင့်သက်ဆိုင်၍၊ "ထိုသူသည်လည်း ယာကုပ်အမျိုးအနွယ်ကို အစဉ်မပြတ်အုပ်စိုးလိမ့်မည်။ သူ၏နိုင်ငံသည်လည်း ဆုံးခြင်းမရှိရဟုပြောဆို၏" (လုကာ ၁း၃၃)။ သူ၏ဘုရင်ဖြစ်ခြင်းကို နိုင်ငံနှစ်နိုင်ငံပုံဆောင်သည့်ရာဇပလ္လင်နှစ်ခုဖြင့် ပုံဖော်ထားသည်။ "ကျေးဇူးပလ္လင်တော်" (ဟေဗြဲ ၄း၁၆) သည် ကျေးဇူးတော်နိုင်ငံကိုကိုယ်စားပြုပြီး၊ "ဘုန်းရှိသောပလ္လင်တော်" (မဿဲ ၂၅း၃၁) သည် ဘုန်းထွန်းသောနိုင်ငံတော်ကိုကိုယ်စားပြုသည်။

**၁။ ကျေးဇူးတော်နိုင်ငံ။** ရှေးဦးလူသားတို့သည် အပြစ်ကျူးလွန်ပြီးချက်ချင်း၊ ကျေးဇူးတော်နိုင်ငံသည် စတင်အသက်ဝင်ခဲ့သည်။ ၎င်းသည်ဘုရားသခင်၏ကတိတော်အားဖြင့်တည်ရှိခဲ့သည်။ အပြစ်သားသည် ဘုရားသခင်၏ကတိတော်ကိုယုံကြည်ခြင်းအားဖြင့် ၎င်း၏နိုင်ငံသားများဖြစ်လာနိုင်ရန်မှာ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သာဖြစ်နိုင်သည်။ သို့သော် ကျေးဇူးတော်နိုင်ငံသည် ခရစ်တော်မသေမီအချိန်ထိအပြည့်အဝဖော်ပြ၊ တည်ထောင်ခြင်းမရှိချေ။ ကိုယ်တော်သည်လက်ဝါးကပ်တိုင်ပေါ်တွင် "အမှုပြီးပြီ" ဟုကြွေးကြော်ချိန်တွင် ရွေးနုတ်ခြင်းအတွက်လိုအပ်ချက်များပြည့်စုံသွားပြီး၊ ပဋိညာဉ်အသစ်သည် အတည်ဖြစ်သွားသည် (ဟေဗြဲ ၉း၁၅–၁၈)။

"အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏နိုင်ငံတော်သည်တည်လုနီးပြီ" (မာကု ၁း၁၅) ဟူသောယေရှု၏ကြေညာချက်သည် မကြာမီမိမိသေခြင်းအားဖြင့် ကျေးဇူးတော်နိုင်ငံတည်ထောင်မည်ကိုတိုက်ရိုက်ရည်ညွှန်းသည်။ ကျေးဇူးတော်အားဖြင့်ရွေးနုတ်ခြင်းလုပ်ငန်းအပေါ်တည်ဆောက်သော၍နိုင်ငံသည် ၎င်း၏နိုင်ငံသားများကိုအသစ်ပြုပြင်ခြင်းဟူသော

အသစ်မွေးဖွားခြင်းအားဖြင့်ရရှိသည်။ ယေရှုက "ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရ" (ယောဟန် ၃း၅) ဟုပြဋ္ဌာန်းခဲ့သည်။ သူသည် ၎င်း၏ကြီးထွားခြင်းကို မုန်ညင်းစေ့ကြီးထွားခြင်းနှင့် တဆေးသည် မုန့်ကိုပွစေခြင်းတို့နှင့်နှိုင်းယှဉ်သည် (မာကု ၄း၂၂-၃၀။ မဿဲ ၁၃း၃၃)။

ကျေးဇူးတော်နိုင်ငံကိုအပြင်တွင်မမြင်ရသော်လည်း၊ ယုံကြည်သူတို့၏စိတ်နှလုံးအပေါ် ၎င်း၏အကျိုးသက်ရောက်မှုကိုမူမြင်နိုင်သည်။ ယေရှုသွန်သင်ခဲ့သည်မှာ ဤနိုင်ငံသည် "မျက်မြင်သောအရာ၌မတည်။... ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့၏အထဲ၌ရှိသည်" (လုကာ ၁၇း၂၀၊၂၁) ဟူ၍ဖြစ်သည်။ သူက၊ ၎င်းသည်ဤလောက၏နိုင်ငံမဟုတ်၊ သမ္မာတရားနှင့်ပြည့်သောနိုင်ငံဖြစ်သည်ဟုမိန့်တော်မူခဲ့သည်။ "ငါသည်ရှင်ဘုရင်မှန်၏။ သမ္မာတရားဘက်၌သက်သေခံခြင်းငှာ ငါသည်မွေးဖွားခြင်းကိုခံ၍ ဤလောကသို့ကြွလာပြီ။ သမ္မာတရားနှင့်စပ်ဆိုင်သမျှသောသူတို့သည် ငါ့စကားကိုနားထောင်ကြသည်ဟုမိန့်တော်မူ၏" (ယောဟန် ၁၈း၃၇)။ ပေါလုက ဤနိုင်ငံသည် ယုံကြည်သူများကိုပြောင်းရွှေ့သွင်းသည့် ခရစ်တော်၏နိုင်ငံဖြစ်ပြီး၊ "ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ခံရသော ဝမ်းမြောက်ခြင်း၌တည်၏" (ရောမ ၁၄း၁၇။ ကောလောသဲ ၁း၁၃)။

ဤနိုင်ငံကိုတည်ဆောက်ရာတွင် ပြင်းထန်သောဝေဒနာကိုတွေ့ကြုံရမည်ဖြစ်ရာ၊ လက်ဝါးကပ်တိုင်မရှိဘဲ၊ ဦးရစ်သရဖူမရှိနိုင်သည်ကိုအတည်ပြုသည်။ မိမိ၏လူထုအကြားသာသနာပြုခြင်းအဆုံးပိုင်းတွင် ဘုရား-လူသားဖြစ်သည့်မေရှိယယေရှုသည် ဒါဝိဒ်၏ရာဇပလ္လင်ကိုတရားသဖြင့် အမွေခံအဖြစ်ယေရုရှလင်မြို့သို့ကြွလာခဲ့သည်။ နန်းတင်မြှောက်ရန်အတွက် ယုဒလူတို့၏ထုံးစံအတိုင်း၊ မြည်းကိုစီးလျက် (ဇာခရိ ၉း၉)၊ သူသည် လူထု၏တောက်လျှောက်စိတ်အားထက်သန်စွာထောက်ခံကြောင်း ပြသခြင်းကိုလက်ခံခဲ့သည်။ တော်ဝင်မြို့တော်ထဲသို့ အောင်မြင်ခြင်းနှင့်ဝင်ချိန်တွင် "အတိုင်းမသိများစွာသောလူတို့သည် မိမိတို့အဝတ်" နှင့် "သစ်ကိုင်းသစ်ခက်များကိုခုတ်၍ လမ်း၌ခင်းကြ၏" (မဿဲ ၂၁း၈၊၉)။ ထိုသို့ဖြင့် ဇာခရိ၏ကြိုတင်ဟောထားချက်ကို ပြည့်စုံစေခဲ့သည်။ ယခုတွင်ခရစ်တော်သည် မိမိကိုယ်ကိုရှင်ဘုရင်ကဲ့သို့တင်ဆက်ခဲ့သည်။

အကြောင်းမလှစွာ၊ ကိုယ်တော်၏နန်းတက်ခြင်းသည် ဆန့်ကျင်ခြင်းခံရသည်။ "အပြစ်မဲ့သောသူ" အပေါ် စာတန်၏အမုန်းသည် အထွတ်အထိပ်သို့ရောက်ရှိခဲ့သည်။ ယုံကြည်ခြင်းကိုကာကွယ်သူများဖြစ်ရမည့် ယုဒလူအကြီးအကဲများသည် (၁၂) နာရီအတွင်း ယေရှုကိုတိတ်တဆိတ်ဖမ်း၍၊ စစ်ဆေးကာ သေဒဏ်အပြစ်စီရင်ခဲ့ကြသည်။

စစ်ဆေးခံစဉ်တွင်၊ သူသည် ဘုရားသခင်၏သားတော်နှင့် မိမိလူတို့၏ရှင်ဘုရင်ဖြစ်ကြောင်းကို ယေရှုသည်လူသိရှင်ကြားအခိုင်အမာဆိုခဲ့သည် (လုကာ ၂၃း၃။ ယောဟန် ၁၈း၃၃–၃၇)။ သူ၏ပြောဆိုချက်ကို တုံ့ပြန်သောအားဖြင့်၊ သူ့အားတော်ဝင်ဝတ်ရုံနှင့် ရွှေသရဖူမဟုတ်ဘဲ၊ ဆူးရစ်သရဖူကို အထင်သေးစွာဝတ်ဆင်ပေးကြသည် (ယောဟန် ၁၉း၂)။ ရှင်ဘုရင်ကဲ့သို့သူ့အားကြိုဆိုခြင်းသည် ပြက်ရယ်ပြုခြင်းသာဖြစ်သည်။ သူ့ကိုရိုက်ရင်း၊ စစ်သားများက "ယုဒရှင်ဘုရင်ကိုယ်တော်သည် မင်္ဂလာရှိစေသတည်း" (ယောဟန် ၁၉း၃) ဟုသရော်ခဲ့ကြသည်။ ရောမအာဏာပိုင်ပိလတ်မင်းသည် သူ့အားလူထုထံသို့ပေးရာတွင် "သင်တို့၏ရှင်ဘုရင်ကိုကြည့်ကြလော့" ဟုဆိုခဲ့သည်။ သူ၏လူများကိုယ်တိုင် သူ့ကိုတညီတညွတ်တည်းငြင်းပယ်ကြပြီး၊ "ထိုသူကိုထုတ်ပါ။ ထုတ်ပါ။ လက်ဝါးကပ်တိုင်မှာရိုက်ထားပါ" (ယောဟန် ၁၉း၁၄၊၁၅) ဟုဟစ်ကြော်ခဲ့ကြသည်။

အနိမ့်ကျဆုံးသောလက်ဝါးကပ်တိုင်အပေါ်သေခြင်းအားဖြင့် ခရစ်တော်သည် ကျေးဇူးတော်နိုင်ငံကိုတည်ထောင်ခဲ့သည်။ ချီးမြှောက်ခြင်းခံရပြီးမကြာမီ၊ သူ၏အရှက်ရခြင်းဖြင့်အဆုံးသတ်ခဲ့သည်။ ကောင်းကင်သို့တက်ကြွရာတွင် သူ့အားယဇ်ပုရောဟိတ်နှင့် ရှင်ဘုရင်အဖြစ်နန်းတင်ခြင်းခံရပြီး၊ ခမည်းတော်နှင့်ပလ္လင်တွင်ထိုင်ခဲ့သည် (ဆာလံ ၂း၇၊၈)။ ဤနန်းတင်မြှောက်ခြင်းတွင် ဘုရားသခင်၏သားတော်ဘုရားအနေဖြင့်၊ ယခင်ကသူ၏တန်ခိုးကို ပြန်လည်ပေးအပ်ခြင်းခံရသည်။ သို့သော်၊ ယခုတွင် ဘုရား–လူသားကြားဖျန်ဖြေသူအနေဖြင့်၊ သူ၏လူ့ဇာတိသည် ပထမအကြိမ်အဖြစ် ကောင်းကင်ဘုံ၏ဘုန်းတော်နှင့်တန်ခိုးတွင်ပါဝင်လာခဲ့သည်။

**၂။ ဘုန်းထွန်းသောနိုင်ငံတော်။** ဘုန်းထွန်းသောနိုင်ငံတော်၏ပုံစံကို အသွင်ပြောင်းသောတောင်ပေါ်တွင်ပေးခဲ့သည်။ ထိုနေရာတွင် ခရစ်တော်သည် မိမိဘုန်းတော်ကိုပြသခဲ့သည်။ "မျက်နှာတော်သည်နေကဲ့သို့ထွန်းတောက်လျက်၊ အဝတ်တော်သည် အလင်းကဲ့သို့ဖြူလျက်ရှိ၏" (မဿဲ ၁၇း၂)။ မောရှေနှင့်ဧလိယတို့သည် ရွေးနုတ်ခံသူတို့ကိုကိုယ်စားပြုခဲ့သည်။ မောရှေသည် ခရစ်တော်၌သေ၍၊ ရှင်ပြန်ထမြောက်ကြမည့်သူတို့ကို ကိုယ်စားပြုပြီး၊ ဧလိယသည် ဒုတိယအကြိမ်ကြွလာချိန်သေခြင်းကိုမမြည်းစမ်းရဘဲ ကောင်းကင်သို့ယူဆောင်ခြင်းခံရမည့်သူတို့ကို ကိုယ်စားပြုသည်။

ဘုန်းထွန်းသောနိုင်ငံတော်ကို ခရစ်တော်ကြွလာချိန်တွင် ကပ်ဆိုးကြီးဖြစ်ရပ်များနှင့်အတူတည်ထောင်လိမ့်မည် (မဿဲ ၂၄း၂၇၊၃၀၊၃၁။ ၂၅း၃၁၊၃၂)။ ကောင်းကင်တဲတော်တွင် လူသား၏ကြားဖျန်ဖြေခြင်းအလုပ်ပြီးဆုံးသောအခါ၊ တရားစီရင်ခြင်းသည်လိုက်လာ၍၊ "အသက်ကြီးသောသူ" တည်းဟူသော ခမည်းတော်ဘုရားသည် သူ့အပေါ်တွင် "နိုင်ငံနှင့်တကွအာဏာစက်တန်ခိုး" (ဒံ ၇း၉၊၁၀၊၁၄) ကိုအပ်နှင်းလိမ့်မည်။ ထို့နောက်၊

"ကောင်းကင်အောက်၌ နိုင်ငံနှင့်တကွအာဏာစက်ဘုန်းတန်ခိုးရှိသမျှကို အမြင့်ဆုံးသော ဘုရား၏သန့်ရှင်းသောအမျိုးသားတို့သည် ရကြလိမ့်မည်။ ထိုဘုရားသခင်၏နိုင်ငံတော်သည် ထာဝရနိုင်ငံဖြစ်၏။ မင်းကြီးအပေါင်းတို့သည်တိုးဝင်၍ ကျွန်ခံရကြလိမ့်မည်" (ဒံ ၇း၂၇)။

ဘုန်းထွန်းသောနိုင်ငံတော်သည် ကောင်းကင်မှယေရုရှလင်မြို့သစ်ဆင်းသက်လာမည့်အချိန်၊ နှစ်ပေါင်းတစ်ထောင်အဆုံး၌ မြေကြီးပေါ်တွင်နောက်ဆုံးတည်ထောင်လိမ့်မည် (ဗျာ ၂၀၊၂၁)။ ယေရှုခရစ်တော်ကို ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ်လက်ခံခြင်းအားဖြင့်၊ ယနေ့ကျွန်ုပ်တို့သည် ကျေးဇူးတော်နိုင်ငံသားနှင့် ကိုယ်တော်ဒုတိယအကြိမ်ကြွလာချိန်တွင် ဘုန်းထွန်းသောနိုင်ငံသားများဖြစ်လာနိုင်ကြသည်။ ကျွန်ုပ်တို့၏အရှေ့တွင်အဆုံးမဲ့ဖြစ်နိုင်ခြေများနှင့် ပြည့်သောအသက်ရှိနေသည်။ ခရစ်တော်ပေးသောအသက်သည် ကျရှုံးခြင်းနှင့်ပြည့်သောအသက်၊ မျှော်လင့်ချက်နှင့်ရည်မှန်းချက်များပြန့်ကျဲသောအသက်မျိုးမဟုတ်ဘဲ၊ ပြည့်စုံကြီးထွားသောအသက်၊ ကယ်တင်ရှင်နှင့်ပျော်ရွှင်သည့်ပေါင်းဖော်သောအသက်ဖြစ်သည်။ စစ်မှန်သောချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း (ဂလာတိ ၅း၂၂၊၂၃) တို့ကိုတိုး၍ပြသသောအသက်ဖြစ်၍၊ ဤဆက်ဆံခြင်း၏အသီးများကို ယေရှုသည် သူ့ထံသို့မိမိတို့အသက်တာကိုအပ်နှံသောသူအားလုံးကို ပေးလျက်ရှိသည်။ ထိုသို့သောပေးကမ်းမှုကို အဘယ်သူတွန်းလှန်နိုင်မည်နည်း။

–၀–

# အခန်း– ၅
# သန့်ရှင်းသောဝိညာဉ်တော်ဘုရား

ထာဝရဝိညာဉ်တော်ဘုရားသည် ခမည်းတော်၊ သားတော်တို့နှင့်အတူဖန်ဆင်းခြင်း၊ လူ့ဇာတိကိုခံယူခြင်းနှင့် ရွေးနုတ်ခြင်းတို့တွင်ပါဝင်ခဲ့သည်။ သူသည် ခမည်းတော်နှင့်သားတော်ကဲ့သို့ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်။ သူသည် ကျမ်းစာရေးသူတို့ကိုတိုက်တွန်းနှိုးဆော်ခဲ့သည်။ သူသည် ခရစ်တော်၏အသက်တာကို တန်ခိုးနှင့်ပြည့်စေခဲ့သည်။ သူသည် လူသားများကိုဆွဲယူ၍၊ အပြစ်ကိုဖော်ပြရာ၊ တုံ့ပြန်သောသူတို့ကို သူသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်သို့အသစ်ပြုပြင်၍၊ ပြောင်းလဲပေးသည်။ ကိုယ်တော်၏သားသမီးများနှင့်အတူအစဉ်ရှိရန် ခမည်းတော်နှင့် သားတော်တို့၏စေလွှတ်ခြင်းကိုခံ၍၊ သူသည် အသင်းတော်ကိုဝိညာဉ်ဆုကျေးဇူးများကိုတိုးပေးသည်။ ခရစ်တော်ကိုသက်သေခံရန်တန်ခိုးကိုပေးပြီး၊ သမ္မာကျမ်းစာနှင့်အညီ အလုံးစုံသောသမ္မာတရားထဲသို့ပို့ဆောင်ပေးသည်။ (ကမ္ဘာ ၁း၁၊၂။ ၂ရာ ၂၃း၂။ ဆာလံ ၅၁း၁၁။ ဟေရှာယ ၆၁း၁။ လုကာ ၁း၃၅။ ၄း၁၈။ ယောဟန် ၁၄း၁၆–၁၈၊၂၆။ ၁၅း၂၆။ ၁၆း၇–၁၃။ တမန် ၁း၈။ ၅း၃။ ၁၀း၃၈။ ရောမ ၅း၅။ ၁ကော ၁၂း၇–၁၁။ ၂ကော ၃း၁၈။ ၂ပေ ၁း၂၁)။

လက်ဝါးကပ်တိုင်ပေါ်တင်သတ်ခြင်းသည် ယေရှု၏နောက်လိုက်များကိုစိတ်ရှုပ်ထွေး၊ ကြောက်ရွံ့စေခဲ့သော်လည်း၊ ရှင်ပြန်ထမြောက်ခြင်းသည် သူတို့၏အသက်တာတွင် နေ့သစ်ကိုယူဆောင်လာခဲ့သည်။ ယေရှုသည် သေခြင်း၏သံခြေချင်းများကို ရိုက်ချိုးသောအခါ၊ သူတို့၏စိတ်နှလုံးထဲတွင် ဘုရားသခင်၏နိုင်ငံတော်အရုဏ်တက်လာခဲ့သည်။

ယခုတွင် သူတို့၏စိတ်ထဲတွင် ငြိမ်းမရသောမီးတောက်လောင်နေသည်။ လွန်ခဲ့သောအပတ်အနည်းငယ်က တပည့်တော်များအကြားမနှစ်မြို့ဖွယ်အတားအဆီးများအဖြစ်ရှိနေသောခြားနားမှုများသည် အရည်ပျော်ခဲ့သည်။ သူတို့သည် အချင်းချင်းအပြစ်များကို ဝန်ချတောင်းပန်၍၊ တက်ကြွသွားသောသူတို့၏ဘုရင်ယေရှုကို ပို၍လက်ခံနိုင်ရန်မိမိတို့ကိုယ်ကိုဖွင့်ထားကြသည်။

တစ်ချိန်ကကွဲပြားသော၍သိုးစု၏စည်းလုံးမှုသည် ဆုတောင်းခြင်းဖြင့်တစ်ရက်ပြီးတစ်ရက်ကုန်လွန်စေရာတွင် ကြီးထွားလာခဲ့သည်။ မမေ့နိုင်သောနေ့တစ်နေ့တွင် သူတို့သည် ဘုရားသခင်ကိုချီးမွမ်းကြစဉ်၊ သူတို့အထဲတွင် မုန်တိုင်း၏အဟုန်ကဲ့သို့သောအသံထွက်ပေါ်လာသည်။ သူတို့၏စိတ်နှလုံးထဲက လောင်ကျွမ်းမှုကိုမြင်ရသည်အလား၊

တစ်ဦးချင်းစီအပေါ်တွင် မီးလျှံများဆင်းသက်ခဲ့သည်။ ဒေါသအဟုန်ကဲ့သို့သောမီးကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အပေါ်သို့ဆင်းသက်ခဲ့သည်။

ဝိညာဉ်တော်နှင့်ပြည့်ဝသောတပည့်တော်တို့သည် ယေရှု၌သူတို့၏အသစ်သော အလွန်တက်ကြွသည့် ချစ်ခြင်းနှင့်ဝမ်းမြောက်ခြင်းကို မထိန်းနိုင်ကြတော့ချေ။ လူသိ ရှင်ကြား၊ စိတ်အားထက်သန်စွာဖြင့် ကယ်တင်ခြင်းဝမ်းမြောက်ဖွယ်သတင်းစကားကို စတင်ဟောပြောခဲ့ကြသည်။ အသံကိုသတိပြုမိသည့် များစွာသောဒေသခံများနှင့် တိုင်းနိုင်ငံများမှ ဘုရားဖူးများသည် အဆောက်အဦသို့စုရုံးလာကြသည်။ အံ့သြခြင်း၊ စိတ်ရှုပ်ထွေးခြင်းတို့နှင့်ပြည့်လျက်၊ ရိုးစင်းသောဂါလိလဲလူတို့သည် ဘုရားသခင်၏ ကြီးမားသောအလုပ်ကို အားကောင်းသောသက်သေခံသည့်စကားကို မိမိတို့ကိုယ်ပိုင် ဘာသာစကားဖြင့်ကြားခဲ့ကြသည်။

တချို့က "ငါနားမလည်ဘူး။ ဒါကဘာကိုဆိုလိုတာလဲ" ဟုပြောဆိုကြသည်။ အခြားသူတို့ကလည်း "သူတို့စပျစ်ရည်မူးနေကြတာ" ဟူ၍လည်းစွပ်စွဲကြသည်။ ပေတရုက ထိုသို့မဟုတ်ပါ။ သင်တို့ကြားရ၊ မြင်ရသောအရာများမှာ ရှင်ပြန်ထမြောက်သော ယေရှုခရစ်တော်သည် ဘုရားသခင်၏လက်ယာဘက်မှာချီးမြှောက်ခြင်းကိုခံရပြီးဖြစ်၍၊ ယခုတွင်ကျွန်ုပ်တို့အား သန့်ရှင်းသောဝိညာဉ်တော်ကိုပေးသောကြောင့်ဖြစ်သည်ဟု ရဲရင့်စွာ ပြောပြခဲ့သည် (တမန် ၂)။

## သန့်ရှင်းသောဝိညာဉ်တော်သည်အဘယ်သူနည်း။

သန့်ရှင်းသောဝိညာဉ်တော်သည် ပုဂ္ဂိုလ်မဲ့စွမ်းအားတစ်ခုမဟုတ်ဘဲ၊ ပုဂ္ဂိုလ် တစ်ပါးဖြစ်ကြောင်းကို သမ္မာကျမ်းစာကဖော်ပြသည်။ "သန့်ရှင်းသောဝိညာဉ်တော်နှင့် ငါတို့" အတွက်ကောင်းသည် (တမန် ၁၅း၂၈) ဟူသောဖော်ပြချက်သည် ရှေးဦး ယုံကြည်သူများက သူ့ကိုပုဂ္ဂိုလ်တစ်ပါးအနေဖြင့် ရှုမြင်ကြောင်းကိုဖော်ပြသည်။ ခရစ်တော်ကလည်း သူ့အားထူးခြားသောပုဂ္ဂိုလ်ကဲ့သို့ပြောဆိုခဲ့သည်။ "ထိုသူသည် ငါ့ဘုန်းကိုထင်ရှားစေလိမ့်မည်။ အကြောင်းမူကား၊ ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍၊ သင်တို့အားဖော်ပြလိမ့်မည်" (ယောဟန် ၁၆း၁၄)။ သမ္မာကျမ်းစာသည် သုံးပါးတစ်ဆူ ဘုရားကိုရည်ညွှန်း၍၊ ဝိညာဉ်တော်ကိုပုဂ္ဂိုလ်တစ်ပါးကဲ့သို့ဖော်ပြသည် (မဿဲ ၂၈း၁၉။ ၂ကော ၁၃း၁၄)။

သန့်ရှင်းသောဝိညာဉ်တော်သည် ပင်ကိုစရိုက်ရှိသည်။ သူသည် ဆုံးမသည် (ကမ္ဘာ ၆း၃)၊ သွန်သင်သည် (လုကာ ၁၂း၁၂)၊ အပြစ်ဖော်ပြသည် (ယောဟန် ၁၆း၈)၊ အသင်းတော်ကိစ္စများကိုညွှန်ကြားသည် (တမန် ၁၃း၂)၊ ကူညီ၍ကြားဝင်ပေးသည် (ရောမ ၈း၂၆)၊ နှိုးဆော်သည် (၁ပေ ၁း၂၁)၊ သန့်ရှင်းစေသည် (၁ပေ ၁း၂)။

ဤလုပ်ဆောင်ချက်များကို စွမ်းအင်အားဖြင့်လည်းကောင်း၊ ဩဇာအားဖြင့်လည်းကောင်း၊ သို့မဟုတ် ဘုရားသခင်၏ဂုဏ်ရည်အားဖြင့်လည်းကောင်း မလုပ်ဆောင်နိုင်ချေ။ ပုဂ္ဂိုလ် တစ်ပါးပါးကသာလျှင် ၎င်းတို့ကိုလုပ်နိုင်သည်။

## သန့်ရှင်းသောဝိညာဉ်တော်သည်အမှန်ပင်ဘုရားဖြစ်သည်

သမ္မာကျမ်းစာသည် သန့်ရှင်းသောဝိညာဉ်တော်ကို ဘုရားအဖြစ်ရှုမြင်သည်။ သန့်ရှင်းသောဝိညာဉ်တော်ကိုလှည့်စားရာ၌၊ ပေတရုသည်အာနနိကို "လူကိုသာမုသား ပြောပြီမဟုတ်၊ ဘုရားသခင်ကိုလည်းမုသားပြောပြီ" (တမန် ၅း၃၊၄) ဟုဆိုခဲ့သည်။ ယေရှုကအပြစ်ကိုဖြေ၍မရနိုင်သောအပြစ် "ဝိညာဉ်တော်ကိုကဲ့ရဲ့သောအပြစ်" ဖြစ်သည်ဟုဆိုသည်။ "လူသားကိုနှုတ်ဖြင့်ပြစ်မှားသောသူ၏အပြစ်ကိုလည်းလွှတ်နိုင်၏။ သန့်ရှင်းသောဝိညာဉ်တော်ကို နှုတ်ဖြင့်ပြစ်မှားသောသူ၏အပြစ်ကို ယခုဘဝ၊ နောင်ဘဝ၌ မလွှတ်နိုင်" (မဿဲ ၁၂း၃၁၊၃၂)။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားဖြစ်မှသာ ဤအချက်မှန်နိုင်သည်။

သမ္မာကျမ်းစာသည်ဘုရား၏ဂုဏ်ရည်များကို သန့်ရှင်းသောဝိညာဉ်တော်နှင့် တွဲဖက်ထားသည်။ ပေါလုသည်သူ့ကို "အသက်ရှင်စေသောဝိညာဉ်တော်" (ရောမ ၈း၂) ဟု ညွှန်းဆိုခဲ့သည်။ သူသည် သမ္မာတရားဖြစ်သည်။ ခရစ်တော်သည်သူ့ကို "သမ္မာ တရားနှင့်ပြည့်စုံသောဝိညာဉ်တော်" (ယောဟန် ၁၆း၁၃) ဟုခေါ်သည်။ "ဝိညာဉ်တော် ၏မေတ္တာ" (ရောမ ၁၅း၃၀) နှင့် "ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်" (ဧဖက် ၄း၃၀) ဟူသောဖော်ပြချက်များက မေတ္တာနှင့်သန့်ရှင်းခြင်းတို့သည် သူ့ဂုဏ်တော်၏ အစိတ်အပိုင်းဖြစ်ကြောင်းကိုဖော်ပြသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် အနန္တတန်ခိုးရှင်ဖြစ်သည်။ သူသည်ဝိညာဉ် ဆုကျေးဇူးများကို "လူအသီးအသီးတို့အား အသီးအသီးခံရသောအခွင့်ကို အလိုတော် ရှိသည်အတိုင်း" (၁ကော ၁၂း၁၁) ဝေငှသည်။ သူသည်နေရာတိုင်းတွင်ရှိသည်။ သူသည်မိမိလူတို့နှင့်အတူ "အစဉ်မပြတ်တည်နေ" သည် (ယောဟန် ၁၄း၁၆)။ မည်သူမျှသူ၏ဩဇာမှ မလွတ်နိုင်ချေ (ဆာလံ ၁၃၉း၇–၁၀)။ သူသည်လည်း အရာရာ ကိုသိရှိသည်။ "ဝိညာဉ်တော်သည် ဘုရား၏နက်နဲသောအရာတိုင်အောင် ခပ်သိမ်းသော အရာတို့ကိုစစ်တော်မူ၏။...... ဘုရားသခင်၏နက်နဲသောအရာကို ဘုရားသခင်၏ ဝိညာဉ်တော်မှတစ်ပါး အဘယ်သူမျှမသိ" (၁ကော ၂း၁၀၊၁၁)။

ဘုရားသခင်၏လုပ်ဆောင်ချက်များကိုလည်း သန့်ရှင်းသောဝိညာဉ်တော်နှင့် တွဲဖက်ထားသည်။ ဖန်ဆင်းခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းတွင် သူပါဝင်သည်။ "ဘုရား သခင်၏ဝိညာဉ်တော်သည် ငါ့ကိုဖန်ဆင်းတော်မူပြီ။ အနန္တတန်ခိုးရှင်၏အသက်တော်သည်

ငါ့ကိုအသက်ရှင်စေတော်မူပြီ" (ယောဘ ၃၃း၄)။ ဆာလံဆရာကလည်း "ဝိညာဉ်တော်ကိုလွှတ်၍၊ သူတို့ကိုဖန်ဆင်းတော်မူသဖြင့်၊ မြေကြီးမျက်နှာကိုအသစ်ပြုပြင်တော်မူ၏" (ဆာလံ ၁၀၄း၃၀) ဟုဆိုခဲ့သည်။ ပေါလုက "ခရစ်တော်ကိုသေခြင်းမှထမြောက်စေတော်မူသောဘုရားသည် သင်တို့အထဲ၌ကိန်းဝပ်သော မိမိဝိညာဉ်တော်အားဖြင့်၊ သေတတ်သောသင်တို့၏ကိုယ်ကာယကိုပင် ရှင်စေတော်မူမည်" (ရောမ ၈း၁၁)။

ပုဂ္ဂိုလ်မဲ့သြဇာ၊ ဖန်ဆင်းသောအရာမဟုတ်ဘဲ၊ နေရာတိုင်း၌ရှိသောပုဂ္ဂိုလ်ဘုရားကသာလျှင် ဘုရားရှင်ခရစ်တော်ကို မာရိထံသို့ယူဆောင်နိုင်သောအံ့ဖွယ်နိမိတ်ကိုဆောင်ရွက်နိုင်သည်။ ပင်တေကုတ္တေပွဲနေ့တွင် ဝိညာဉ်တော်သည် ဘုရား–လူသားဖြစ်သောယေရှုကို လက်ခံလိုသောသူအားလုံးကိုပေးသည်။ နှစ်ခြင်းခံပုံသေနည်း (မဿဲ ၂၈း၁၉)၊ တမန်တော်၏ကောင်းချီးပေးခြင်း (၂ကော ၁၃း၁၄) နှင့် ဝိညာဉ်ဆုကျေးဇူးများဟောပြောချက် (၁ကော ၁၂း၄–၆) တို့တွင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ခမည်းတော်၊ သားတော်တို့နှင့်တန်းတူဖြစ်သည်ကိုဖော်ပြသည်။

## သန့်ရှင်းသောဝိညာဉ်တော်နှင့် သုံးပါးတစ်ဆူဘုရား

ထာဝရကာလမှစ၍ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် သုံးပါးတစ်ဆူဘုရားအကြားတွင် တတိယအဖွဲ့ဝင်အဖြစ်ရှိနေခဲ့သည်။ ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်တို့သည် ညီတူညီမျှကိုယ်ဘာသာကိုယ်တည်ရှိနေကြသည်။ တစ်ပါးချင်းစီသည် တန်းတူသော်လည်း၊ သူတို့အထဲတွင်သီးခြားလုပ်ငန်းရှိနေကြသည် (အခန်း ၂ ကိုဖတ်ပါ)။

သန့်ရှင်းသောဝိညာဉ်တော်ဘုရားအကြောင်းအမှန်တရားကို ယေရှုအားဖြင့်အကောင်းဆုံးနားလည်နိုင်သည်။ ဝိညာဉ်တော်သည်ယုံကြည်သူတို့ထံသို့လာသောအခါ၊ "ခရစ်တော်၏ဝိညာဉ်တော်" ကဲ့သို့လာသည်။ မိမိကိုယ်ပိုင်အခွင့်အရေး၊ မိမိသည်မည်သူဖြစ်သည်ဟူသောအထောက်အထားများဖြင့်မလာချေ။ သမိုင်းထဲကသူ၏လှုပ်ရှားမှုများသည် ခရစ်တော်၏ကယ်တင်ခြင်းလုပ်ငန်းအပေါ်ဗဟိုပြုသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်မွေးဖွားခြင်းတွင်ထိရောက်စွာပါဝင်၍ (လုကာ ၁း၃၅)၊ သူ၏လူထုအကြားသာသနာကို နှစ်ခြင်းခံချိန်တွင်အတည်ပြုပေးကာ (မဿဲ ၃း၁၆၊၁၇)၊ ခရစ်တော်၏အပြစ်ဖြေရာယဇ်ပူဇော်ခြင်းနှင့် ထမြောက်ခြင်းအကျိုးကျေးဇူးများကို လူသားတို့ထံသို့ယူဆောင်လာခဲ့သည် (ရောမ ၈း၁၁)။

သုံးပါးတစ်ဆူဘုရားတွင် ဝိညာဉ်တော်သည်ဖြစ်မြောက်စေသူ၏ကဏ္ဍပါဝင်ဟန်ရှိသည်။ ခမည်းတော်သည် မိမိသားတော်ကို ဤလောကကိုရွေးနုတ်ရန် လောကသို့

စေလွှတ်သောအခါ (ယောဟန် ၃း၁၆)၊ သန့်ရှင်းသောဝိညာဉ်တော်သည် မာရိကို ပဋိသန္ဓေတည်စေသည် (မဿဲ ၁း၁၈–၂၀)။ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုအစီအစဉ်ကိုပြည့်စုံစေရန်နှင့် အကောင်အထည်ဖော်ရန်ကြွလာခဲ့သည်။

ဖန်ဆင်းခြင်းတွင် သန့်ရှင်းသောဝိညာဉ်တော်၏အတွင်းကျကျပါဝင်ခြင်းကို ဖန်ဆင်းခြင်းတွင်သူ၏ရှိနေခြင်းတွင်မြင်ရသည် (ကမ္ဘာ ၁း၂)။ အသက်၏မူလနှင့် စောင့်ရှောက်ခြင်းသည် သူ၏လုပ်ငန်းအပေါ်တွင်တည်သည်။ သူထွက်သွားလျှင် သေဆုံးရသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် "ဘုရားသခင်သည် လူကို အလိုတော်မရှိ၍၊ လူ၏အသက်ဝိညာဉ်ကိုရုပ်သိမ်းတော်မူလျှင်၊ ခပ်သိမ်းသောလူသတ္တဝါတို့သည် ချက်ချင်းသေပျောက်၍၊ မြေမှုန့်သို့တစ်ဖန်ရောက်ရကြလိမ့်မည်" (ယောဘ ၃၄း၁၄၊၁၅) ဟုဖော်ပြသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ဖန်ဆင်းခြင်းလုပ်ငန်းပုံရိပ်ကို ဘုရားသခင်ကိုလက်ခံသောသူတစ်ဦးချင်းစီအထဲ၌ သူ၏ပြန်လည်ဖန်ဆင်းခြင်းအလုပ်တွင်မြင်နိုင်သည်။ ဘုရားသခင်သည် မိမိအလုပ်ကိုတစ်ဦးချင်းစီအထဲတွင် ဖန်ဆင်းရှင်ဝိညာဉ်တော်အားဖြင့် အကောင်အထည်ဖော်သည်။ ထို့ကြောင့် လူ့ဇာတိခံယူခြင်း၊ ဖန်ဆင်းခြင်းနှင့် အသစ်ဖန်ဆင်းခြင်းတို့တွင်၊ ဝိညာဉ်တော်သည် ဘုရားသခင်၏ရည်ရွယ်ချက်ကိုပြည့်စုံစေသည်။

## ကတိပြုသောဝိညာဉ်တော်

ကျွန်ုပ်တို့ကိုသန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်ရာအဖို့ ရည်ရွယ်ထားသည် (၁ကော ၃း၁၆)။ အာဒံနှင့်ဧဝ၏အပြစ်သည် သူတို့ကိုဥယျာဉ်နှင့်ဝိညာဉ်တော်ကိန်းဝပ်ခြင်းမှခွဲခွာစေခဲ့သည်။ ထိုခွဲခွာခြင်းသည် အပြစ်စိုးမိုးသောနေရာတိုင်းတွင် ဆက်လက်ရှိနေသည်။ နောဧလက်ထက်တွင် ကမ္ဘာပေါ်သို့တရားစီရင်ခြင်းအဖြစ် ဘုရားသခင်သည် ရေလွှမ်းမိုးစေခဲ့သည်မှာ မကောင်းမှုများပြားခြင်းကြောင့်ဖြစ်သည်။ ရေမလွှမ်းမိုးမီ၊ ဘုရားသခင်က "ငါ့ဝိညာဉ်သည် လူတို့တွင်အစဉ်မဆုံးမရ" (ကမ္ဘာ ၆း၃) ဟု ကြေညာခဲ့သည်။

ဓမ္မဟောင်းကျမ်းအချိန်တွင် ဝိညာဉ်တော်သည်လူတချို့ကို အထူးတာဝန်ထမ်းဆောင်ရန် တန်ဆာတပ်ဆင်ပေးခဲ့သည် (တော ၂၄း၂။ တရားသူကြီး ၆း၃၄။ ၁ရာ ၁၀း၆)။ တစ်ခါတစ်ရံသူသည် လူတို့ "အထဲ၌" ရှိသည် (ပေရှာ ၆၃း၁၁)။ ဧနောက်မုချ၊ စစ်မှန်သောယုံကြည်သူတို့သူရှိနေခြင်းကို အမြဲသိနေကြသည်။ သို့သော် "လူမျိုးတကာတို့" (ယောလ ၂း၂၈) အပေါ်သို့ဝိညာဉ်တော်သွန်းလောင်းမည့် ကြိုတင်ဟောပြောချက်သည် ဝိညာဉ်တော်သည် သာ၍ကြီးကြီးမားမားကိုယ်ယောင်ထင်ပြသည့်အခါ ကဏ္ဍသစ်တစ်ရပ်ကိုဖွင့်ပေးလိမ့်မည်။

လောကသည်ကျူးကျော်သူ၏လက်ထဲတွင်ရှိနေစဉ်၊ ဝိညာဉ်တော်အပြည့်အဝ သွန်းလောင်းခြင်းကိုစောင့်ရမည်။ လူမျိုးတကာတို့အပေါ်သို့ဝိညာဉ်တော်မသွန်းလောင်းနိုင်မီ၊ ခရစ်တော်သည် မြေကြီးပေါ်သာသနာပြုခြင်းနှင့် အပြစ်ဖြေခြင်းယဇ်ပူဇော်ခြင်းကိုဆောင်ရွက်ရမည်။ ခရစ်တော်၏သာသနာကို ဝိညာဉ်တော်၏သာသနာကဲ့သို့ ညွှန်ပြရာတွင်၊ နှစ်ခြင်းဆရာယောဟန်က "ငါသည်... ရေနှင့်ဗတ္တိဇံကိုပေး၏။... ထိုသူသည်သန့်ရှင်းသောဝိညာဉ်တော်နှင့်... သင်တို့ကိုဗတ္တိဇံပေးမည်" (မဿဲ ၃း၁၁) ဟု ဆိုခဲ့သည်။ သို့သော်၊ ယေရှုသည်သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဗတ္တိဇံပေးသည်ကို ခရစ်ဝင်ကျမ်းများကမဖော်ပြချေ။ သူမသေမီအချိန်ကလေးတွင်၊ ယေရှုသည် မိမိတပည့်တော်တို့အား "ငါသည်ခမည်းတော်ကိုတောင်း၍၊ ခမည်းတော်သည် သမ္မာတရားကိုပြသောဝိညာဉ်တော်တည်းဟူသော တစ်ပါးသောဥပဇ္ဈာယ်ဆရာကိုသင်တို့နှင့်အတူအစဉ်မပြတ်တည်နေစေခြင်းငှာ သင်တို့အားပေးတော်မူမည်" (ယောဟန် ၁၄း၁၆၊၁၇) ဟု ကတိပေးခဲ့သည်။ ကတိပေးသောဝိညာဉ်တော်ဗတ္တိဇံကို လက်ဝါးကပ်တိုင်၌ခံခဲ့သလော။ သူမထမြောက်မီအချိန်ထိ ယေရှုသည်ဝိညာဉ်တော်ကို တပည့်တော်များအပေါ်သို့ မှုတ်သွင်းတော်မမူချေ (ယောဟန် ၂၀း၂၂)။ သူက၊ ကြည့်ရှုလော့ "ငါ့ခမည်းတော်၏ ကတိရှိသည်အတိုင်း သင်တို့၌ငါပြုဦးမည်။ သို့ဖြစ်၍ သင်တို့သည် ကောင်းကင်ကတန်ခိုးကိုမခံမီတိုင်အောင်၊ ယေရုရှလင်မြို့၌နေကြဦးလော့ဟုမိန့်တော်မူ၏" (လုကာ ၂၄း၄၉)။ "သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ၊ သင်တို့သည်တန်ခိုးကိုခံရ၍၊... မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်" (တမန် ၁း၈)။

ယောဟန်က "ယေရှုသည်ဘုန်းပွင့်တော်မမူသေးသောကြောင့်၊ သန့်ရှင်းသောဝိညာဉ်တော်ကို ပေးတော်မမူသေး" (ယောဟန် ၇း၃၉) ဟုရေးခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းရန်အတွက်၊ ခရစ်တော်၏ယဇ်ပူဇော်ခြင်းကို ခမည်းတော်သည် လက်ခံရန်လိုအပ်သည်။

ကျွန်ုပ်တို့၏အောင်မြင်သောသခင်သည် ကောင်းကင်ပလ္လင်ပေါ်ထိုင်ပြီးမှ သာလျှင် ကမ္ဘာသစ်ရောက်လာနိုင်သည်။ သို့မှသာသူသည် သန့်ရှင်းသောဝိညာဉ်တော်ကိုအပြည့်အဝစေလွှတ်နိုင်သည်။ ပေတရုက "ဘုရားသခင်သည်လက်ယာတော်နှင့်ချီးမြှင့်" ပြီးနောက်၊ ယေရှုသည်သန့်ရှင်းသောဝိညာဉ်တော်ကို၊ "တညီတညွတ်တည်းကြိုးစား၍၊ ဆုတောင်းပတ္ထနာပြု" (တမန် ၁း၅၊၁၄) ၍ စုရုံးသည့်စိတ်လှုပ်ရှားနေကြသော မိမိတပည့်တော်များအပေါ်သို့ "ညွှန်းလောင်း" (တမန် ၂း၃၃) သည်ဟု ဆိုခဲ့သည်။ ကရာနိကုန်းပေါ်အသေခံပြီး၊ ရက်ပေါင်း (၅၀) မြောက်ပင်တေကုတ္တေပွဲတွင် ဝိညာဉ်တော်တည်ရှိခြင်း၏တန်ခိုးအလုံးစုံဖြင့် ခေတ်သစ်ထွက်ပေါ်လာခဲ့သည်။ "ထိုအခါ

လေပြင်းမုန်တိုင်းကဲ့သို့သောအသံသည် တစ်ခဏချင်းတွင်ကောင်းကင်မှလာ၍၊ သူတို့နေထိုင်သောအိမ်ကိုဖြည့်လေ၏။... ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ကြ၏" (တမန် ၂း၂–၄)။

ယေရှုနှင့်သန့်ရှင်းသောဝိညာဉ်တော်၏သာသနာသည် တစ်ခုနှင့်တစ်ခုလုံးဝအမှီပြုသည်။ ယေရှုသည်သူ၏သာသနာကို မပြီးစီးမီ၊ သန့်ရှင်းသောဝိညာဉ်တော်ကိုအပြည့်အဝပေး၍မရနိုင်ချေ။ အခြားတစ်ဖက်တွင်၊ ယေရှုသည်ဝိညာဉ်တော်ဖြင့်ပဋိသန္ဓေခံယူသည် (မဿဲ ၁း၈–၂၁)၊ နှစ်ခြင်းခံသည် (မာကု ၁း၉၊၁၀)၊ ပို့ဆောင်ခြင်းခံရသည် (လုကာ ၄း၁)၊ နိမိတ်လက္ခဏာများပြုလုပ်သည် (မဿဲ ၁၂း၂၄–၃၂)၊ ကရာနိတွင် အသေခံသည် (ဟေဗြဲ ၉း၁၄၊၁၅)၊ ရှင်ပြန်ထမြောက်သည် (ရောမ ၈း၁၁)။

ယေရှုသည်သန့်ရှင်းသောဝိညာဉ်တော်ကို အပြည့်အဝခံယူသောပထမပုဂ္ဂိုလ်ဖြစ်သည်။ အလွန်အံ့ဖွယ်သောအမှန်တရားမှာ ကျွန်ုပ်တို့၏သခင်သည် မိမိဝိညာဉ်တော်ကို လေးလေးနက်နက်လိုချင်သောသူအားလုံးအပေါ်သို့သွန်းလောင်းရန် လိုလိုလားလားရှိနေခြင်းဖြစ်သည်။

## သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ငန်းတာဝန်

ခရစ်တော်အသေမခံမီညနေတွင်၊ သူထွက်ခွာသွားမည့်အကြောင်းပြောသောစကားသည် သူ၏တပည့်တော်တို့ကို ကြီးစွာသောစိတ်သောကရောက်စေခဲ့သည်။ မိမိကိုယ်ပိုင်ကိုယ်စားလှယ်အဖြစ်၊ သန့်ရှင်းသောဝိညာဉ်တော်ကို သူတို့ရရှိမည်ဖြစ်ကြောင်း ချက်ချင်းအခိုင်အမာဆိုခဲ့သည်။ သူတို့ကိုမိဘမဲ့ကဲ့သို့ထားရစ်မည်မဟုတ် (ယောဟန် ၁၄း၁၈)။

**တာဝန်၏မူလ။** ဓမ္မသစ်ကျမ်းသည် သန့်ရှင်းသောဝိညာဉ်တော်ကို တစ်မူထူး၍ဖော်ပြသည်။ "ယေရှု၏ဝိညာဉ်တော်" (တမန် ၁၆း၇ NIV)၊ "သားတော်၏ဝိညာဉ်တော်" (ဂလာတိ ၄း၆)၊ "ဘုရားသခင်၏ဝိညာဉ်တော်" (ရောမ ၈း၉)၊ ခရစ်တော်၏ဝိညာဉ်တော်" (ရောမ ၈း၉။ ၁ပေ ၁း၁၁)၊ "ယေရှုခရစ်၏ဝိညာဉ်တော်" (ဖိလိပ္ပိ ၁း၁၉) ဟုခေါ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ငန်းတာဝန်ကို အဘယ်သူအစပြုသနည်း၊ ယေရှုခရစ်တော်လော၊ သို့မဟုတ် ခမည်းတော်ဘုရားလော။

ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်၏ပျောက်ဆုံးသောလောကသို့လုပ်ငန်းကိုဖော်ပြရာတွင်၊ အရင်းအမြစ်နှစ်ခုထုတ်ဖော်သည်။ ပထမအနေဖြင့်သူသည်ခမည်းတော်ကိုရည်ညွှန်းသည်။ "ငါသည်ခမည်းတော်ကိုတောင်း၍၊ ခမည်းတော်သည်... တစ်ပါးသောဥပဇ္ဈာယ်ဆရာကို... ပေးတော်မူ၏" (ယောဟန် ၁၄း၁၆)။ သန့်ရှင်းသောဝိညာဉ်တော်နှင့် ဗတ္တိဇံခံခြင်းကို "ခမည်းတော်၏ကတိ" (တမန် ၁း၄) ဟုသူခေါ်သည်။ ဒုတိယအနေဖြင့်၊ ခရစ်တော်သည် မိမိကိုယ်ကိုရည်ညွှန်းသည်။ "ထိုသူ (ဝိညာဉ်တော်) ကို

သင်တို့ဆီသို့ငါစေလွှတ်မည်” (ယောဟန် ၁၆း၇)။ ထိုကြောင့်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ခမည်းတော်နှင့်သားတော်ထံမှတစ်ဆင့် ရှေ့ဆက်လုပ်ဆောင်သည်။

**လောကသို့သူ၏လုပ်ငန်း။** ခရစ်တော်၏အရှင်သခင်ဖြစ်ခြင်းကို သန့်ရှင်းသောဝိညာဉ်တော်၏လွှမ်းမိုးမှုအားဖြင့်သာလျှင် ကျွန်ုပ်တို့အသိအမှတ်ပြုနိုင်သည်။ ပေါလုက “ယေရှုသည်သခင်ဘုရားဖြစ်တော်မူ၏ဟု သန့်ရှင်းသောဝိညာဉ်တော်ကိုအမှီမပြုလျှင် အဘယ်သူမျှမပြောနိုင်” (၁ကော ၁၂း၃) ဟုဆိုခဲ့သည်။

သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်၊ “ဟုတ်မှန်သောအလင်း” ဖြစ်သည့် ခရစ်တော်သည် “လူအပေါင်းတို့အားအလင်းကိုပေး” (ယောဟန် ၁း၉) ကြောင်း၊ ကျွန်ုပ်တို့ကိုအာမခံချက်ပေးသည်။ သူသည် “ဒုစရိုက်အပြစ်ကိုလည်းကောင်း၊ အပြစ်ကင်းခြင်းကိုလည်းကောင်း၊ အပြစ်စီရင်ခြင်းကိုလည်းကောင်း လောကီသားတို့အားထင်ရှားစွာဖော်ပြမည်” (ယောဟန် ၁၆း၈)။

ရှေးဦးစွာ၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုအပြစ်၊ အထူးသဖြင့် ခရစ်တော်ကိုလက်မခံသောအပြစ်ကို လေးလေးနက်နက်ဖော်ပြပေးသည် (ယောဟန် ၁၆း၉)။ ဒုတိယအဆင့်တွင်၊ ဝိညာဉ်တော်သည်လူအားလုံးအား ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုလက်ခံရန်တိုက်တွန်းသည်။ တတိယအဆင့်တွင်၊ ဝိညာဉ်တော်သည်နောင်တတရားနှင့်ပြောင်းလဲခြင်းလိုအပ်သည်ကို အပြစ်၏မှိုင်းတိုက်ခြင်းခံရသော စိတ်ကိုနှိုးဆွရာတွင်ထိရောက်သည့်ကိရိယာဖြစ်သော တရားစီရင်ခြင်းကိုသတိပေးသည်။

ကျွန်ုပ်တို့နောင်တရပြီးသောအခါ၊ ကျွန်ုပ်တို့သည် ရေနှင့်သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံအားဖြင့် အသစ်မွေးဖွားသည် (ယောဟန် ၃း၅)။ ထိုအခါ၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ဝိညာဉ်တော်ကိန်းဝပ်ရာဖြစ်လာသောကြောင့်၊ အသစ်သောအသက်တာကိုပိုင်ဆိုင်ရသည်။

**ယုံကြည်သူများအတွက်သူ၏လုပ်ငန်း။** သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်သောကျမ်းချက်အများစုသည် သူနှင့်ဘုရားသခင်၏လူများဆက်ဆံရေးအကြောင်းဖြစ်သည်။ သူ၏စင်ကြယ်စေသောသြဇာသည် နားထောင်ခြင်းသို့ပို့ဆောင်သည် (၁ပေ ၁း၂)။ သို့သော် ထိုအခြေအနေများကို ဖြည့်ဆည်းခြင်းမရှိဘဲ၊ ဝိညာဉ်တော်ကိန်းဝပ်ခြင်းကိုမည်သူမျှဆက်လက်တွေ့ကြုံရမည်မဟုတ်။ ပေတရုက ဘုရားသခင်သည် သူ့အားဆက်လက်နားထောင်သောသူတို့ကို ဝိညာဉ်တော်ပေးသည်ဟုဆိုသည် (တမန် ၅း၃၂)။ ထိုကြောင့်ယုံကြည်သူတို့အား ဝိညာဉ်တော်ကိုဆန့်ကျင်ခြင်း၊ စိတ်နာစေခြင်း၊ ငြိမ်းစေခြင်းမပြုရန် သတိပေးထားသည် (တမန် ၇း၅၁။ ဧဖက် ၄း၃၀။ ၁သက် ၅း၁၉)။

ဝိညာဉ်တော်သည် ယုံကြည်သူများအတွက် မည်သည့်အရာကိုပြုလုပ်သနည်း။

**၁။ သူသည်ယုံကြည်သူများကိုကူညီသည်။** သန့်ရှင်းသောဝိညာဉ်တော်ကို မိတ်ဆက်ပေးချိန်က၊ ခရစ်တော်သည်သူ့ကို "တစ်ပါးသောဥပဓျာယ်ဆရာ" (ယောဟန် ၁၄း၁၆) ဟုခေါ်သည်။ ဤဂရိစကားလုံးကို "ကူညီသူ၊" "နှစ်သိမ့်သူ၊" "အကြံပေးသူ၊" ဟူ၍ဘာသာပြန်ဆိုပြီး၊ "ကြားဝင်သူ၊" "ဖျန်ဖြေသူ၊" "ရှေ့နေ" ဟုလည်းအဓိပ္ပါယ်ရသည်။

သမ္မာကျမ်းစာတွင် ဤစကားလုံးကို တစ်ခုတည်းနောက်ထပ်အသုံးပြုသည်မှာ ခရစ်တော်ကိုယ်တိုင်ဖြစ်သည်။ သူသည်ခမည်းတော်ရှေ့တွင် ကျွန်ုပ်တို့၏ရှေ့နေ သို့မဟုတ် ဖျန်ဖြေသူဖြစ်သည်။ "ချစ်သားတို့၊ သင်တို့သည်ဒုစရိုက်ကိုမပြုစေခြင်းငှာ၊ ဤအရာများကိုသင်တို့အား ငါရေး၍ပေးလိုက်၏။ တစ်စုံတစ်ယောက်သောသူသည် ဒုစရိုက်ကို ပြုမိလျှင်၊ ဖြောင့်မတ်တော်မူသောအရှင်ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ရှိတော်မူ၏" (၁ယော ၂း၁)။

ကြားဝင်သူ၊ ဖျန်ဖြေသူနှင့်ကူညီသူအဖြစ်၊ ခရစ်တော်သည် ကျွန်ုပ်တို့ကို ဘုရားသခင်ထံသို့တင်ဆက်၍၊ ကျွန်ုပ်တို့အား ဘုရားသခင်ကိုဖော်ပြသည်။ အလားတူစွာ၊ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုခရစ်တော်ထံသို့လမ်းပြ၍၊ ခရစ်တော်၏ကျေးဇူးတော်ကို ကျွန်ုပ်တို့အားပြသသည်။ ဤအရာက ဝိညာဉ်တော်ကို "ဆုကျေးဇူးကိုပေးသော ဝိညာဉ်တော်" (ဟေဗြဲ ၁၀း၂၉) ဟုခေါ်ကြောင်းရှင်းပြသည်။ သူ၏အကြီးမားဆုံးသော ဆောင်ရွက်မှုတစ်ခုမှာ ခရစ်တော်၏ရွေးနုတ်သောကျေးဇူးတော်ကို လူတို့ထံအကျိုးသက်ရောက်စေခြင်းဖြစ်သည်။

**၂။ သူသည်ခရစ်တော်၏သမ္မာတရားကိုယူဆောင်လာသည်။** ခရစ်တော်သည်သန့်ရှင်းသောဝိညာဉ်တော်ကို "သမ္မာတရားနှင့်ပြည့်စုံသောဝိညာဉ်တော်" (ယောဟန် ၁၄း၁၇။ ၁၅း၂၆။ ၁၆း၁၃) ဟုခေါ်သည်။ သူ၏လုပ်ငန်းသည် "ငါပြောခဲ့သမျှသောစကားတို့ကိုမှတ်မိသောဉာဏ်" (ယောဟန် ၁၄း၂၆) ကိုပေး၍၊ "သမ္မာတရားကိုသင်တို့အားအကြွင်းမဲ့သွန်သင်ပြသလိမ့်မည်" (ယောဟန် ၁၆း၁၃)။ သူ၏သတင်းစကားသည် ယေရှုခရစ်တော်ကို သက်သေခံသည် (ယောဟန် ၁၅း၂၆)။ "ထိုဝိညာဉ်တော်သည်ကိုယ်အလိုအလျောက် ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကိုဟောပြောလိမ့်မည်။ နောင်လာလတ္တံ့သောအရာတို့ကိုလည်း သင်တို့အားဖော်ပြလိမ့်မည်။ ထိုသူသည် ငါ့ဘုန်းကိုထင်ရှားစေလိမ့်မည်။ အကြောင်းမူကား၊ ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍၊ သင်တို့အားဖော်ပြလိမ့်မည်" (ယောဟန် ၁၆း၁၃၊၁၄)။

**၃။ သူသည်ခရစ်တော်၏ရှိနေခြင်းကိုယူဆောင်လာသည်။** သူသည် ခရစ်တော်အကြောင်း သတင်းစကားကိုသာမက၊ ခရစ်တော်၏ရှိနေခြင်းကိုလည်း ယူဆောင်လာသည်။ ယေရှုက၊ "ငါသွားလျှင်သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ ငါမသွားလျှင်ဥပဇ္ဈာယ်ဆရာ (သန့်ရှင်းသောဝိညာဉ်တော်) သည် သင်တို့ဆီသို့ မလာ။ ငါသွားလျှင် ထိုသူကိုသင်တို့ဆီသို့ငါစေလွှတ်မည်" (ယောဟန် ၁၆း၇) ဟုဆိုခဲ့သည်။

လူ့ဇာတိဖြင့်နှေးကွေးသောလူသားယေရှုသည် နေရာတိုင်းတွင်ရှိမနေနိုင်ရာ၊ အခြေအနေအရသူထွက်ခွာရန် လျော်ကန်သင့်မြတ်သည်။ ဝိညာဉ်တော်အားဖြင့်၊ သူသည်အချိန်တိုင်း၊ နေရာတိုင်းတွင်ရှိနိုင်သည်။ ယေရှုက၊ "ငါသည်ခမည်းတော်ကို တောင်း၍၊ ခမည်းတော်သည်သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော တစ်ပါးသောဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူအစဉ်မပြတ်တည်နေစေခြင်းငှာ၊ သင်တို့အားပေးတော်မူမည်" ဟုဆိုခဲ့သည်။ "ဝိညာဉ်တော်သည် သင်တို့နှင့်အတူတည်နေ၍၊ သင်တို့၌ရှိတော်မူသောကြောင့် သင်တို့သိရကြ၏။ ငါသည်သင်တို့ကို မိဘမဲ့ဖြစ်စေခြင်းငှာ စွန့်ပစ်မည်မဟုတ်။ သင်တို့ဆီသို့လာဦးမည်" (ယောဟန် ၁၄း၁၇၊၁၈) ဟုလည်း အာမခံချက်ပေးခဲ့သည်။ "သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်၏ကိုယ်စားလှယ်ဖြစ်သည်။ သို့သော် လူသားစရိုက်ကိုပယ်ဖျက်ပြီး၊ ၎င်းမှသီးခြားရှိနေသည်။

လူ့ဇာတိခံယူရာ၌၊ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်၏ရှိနေခြင်းကို လူသားတစ်ဦးမာရိထံသို့ယူဆောင်လာခဲ့သည်။ ပင်တေကုတ္တေပွဲနေ့တွင် ဝိညာဉ်တော်သည် အောင်မြင်သောခရစ်တော်ကို လောကသို့ယူဆောင်လာခဲ့သည်။ ခရစ်တော်၏ "ငါသည်သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းပစ်၍မထား" (ဟေဗြဲ ၁၃း၅) နှင့် "ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်" (မဿဲ ၂၈း၂၀) ဟူသောကတိတော်များကို ဝိညာဉ်တော်အားဖြင့်နားလည်ရသည်။ ဤအကြောင်းကြောင့်၊ ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းကျမ်းတွင် ဘယ်ခါမျှအသုံးမပြုဖူးသောဂုဏ်ပုဒ် "ယေရှုခရစ်၏ဝိညာဉ်တော်" ဟူသောနာမကို ဝိညာဉ်တော်အားပေးသည် (ဖိလိပ္ပိ ၁း၁၉၊၂၀)။

ဝိညာဉ်တော်အားဖြင့် ခမည်းတော်နှင့်သားတော်တို့သည် ယုံကြည်သူများကို မိမိတို့၏နေရာချရာ (ယောဟန် ၁၄း၂၃) ဖြစ်စေသကဲ့သို့၊ ယုံကြည်သူများသည် ခရစ်တော်၌တည်နိုင်မည့်တစ်ခုတည်းသောနည်းလမ်းမှာ ဝိညာဉ်တော်အားဖြင့်ဖြစ်သည်။

**၄။ သူသည်အသင်းတော်၏လုပ်ငန်းကိုလမ်းညွှန်သည်။** သန့်ရှင်းသော ဝိညာဉ်တော်သည် စင်စစ်ခရစ်တော်၏တည်ရှိနေခြင်းကိုယူဆောင်သောကြောင့်၊ သူသည် မြေကြီးပေါ်တွင်၊ စစ်မှန်ပြီးအသက်ရှင်သော ခရစ်တော်၏ကိုယ်စားလှယ်ဖြစ်သည်။ ယုံကြည်ခြင်းနှင့်ယုံကြည်ချက်ဆိုင်ရာကိစ္စများတွင် အခွင့်အာဏာရှိသူအဖြစ်၊ ဝိညာဉ်တော်သည်

အသင်းတော်ကို သမ္မာကျမ်းစာနှင့်လုံးဝကိုက်ညီစွာဦးဆောင်သည်။ "ပရိုတက်စတင့်ဝါဒ ၏ထူးခြားသောအင်္ဂါရပ်မှာ၊ သန့်ရှင်းသောဝိညာဉ်တော်သည် မြေကြီးပေါ်တွင် ခရစ်တော် ၏စစ်မှန်သောအရိုက်အရာခံသူဖြစ်သည်ဟူ၍ လက်ခံခြင်းဖြစ်သည်။ အဖွဲ့အစည်း၊ ခေါင်းဆောင်များ၊ သို့မဟုတ် လူတို့၏ပညာတွင်မှီခိုခြင်းသည် လူသားဖြင့်ဘုရားရှင်ကို အစားထိုးခြင်းဖြစ်သည်။"

သန့်ရှင်းသောဝိညာဉ်တော်သည် တမန်တော်များအသင်းတော်၏လုပ်ငန်းတွင် အတွင်းကျကျပါဝင်ခဲ့သည်။ သာသနာပြုများကိုရွေးချယ်ရာတွင်၊ အသင်းတော်သည် သူ၏လမ်းပြမှုကိုဆုတောင်းခြင်းနှင့် အစာရှောင်ခြင်းအားဖြင့်ရရှိကြသည် (တမန် ၁၃း၁–၄)။ ရွေးချယ်ခံရသူတစ်ဦးချင်းသည် ဝိညာဉ်တော်၏ဦးဆောင်မှုကိုလက်ခံသူများဖြစ်သည်။ တမန်တော်ဝတ္ထုသည် သူတို့ကို "သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်" (တမန်တော် ၁၃း၉) သူများအဖြစ်ဖော်ပြသည်။ သူတို့သည် သူ၏ထိန်းချုပ်မှုအောက်၌ လုပ်ဆောင်ကြသည် (တမန် ၁၆း၆၊၇)။ အသင်းလူကြီးများသည် သန့်ရှင်းသောဝိညာဉ်တော် အားဖြင့် မိမိတို့ရာထူးရရှိကြောင်းကို ပေါလုသတိပေးခဲ့သည်။

အသင်းတော်၏စည်းလုံးမှုကို ခြိမ်းခြောက်သည့်ပြင်းထန်သောအခက်အခဲများကို ဖြေရှင်းရာတွင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် အရေးကြီးသောကဏ္ဍတွင်ပါဝင် ခဲ့သည်။ အမှန်မှာ၊ သမ္မာကျမ်းစာသည် ပထမဦးဆုံးအသင်းတော်၏အစည်းအဝေး ဆုံးဖြတ်ချက်များကို "သန့်ရှင်းသောဝိညာဉ်တော်နှင့်ငါတို့သည်အလိုမရှိ" (တမန် ၁၅း၂၈) ဟူသောစကားလုံးဖြင့်အစပြုခဲ့သည်။

**၅။ သူသည် အသင်းတော်ကို အထူးဆုကျေးဇူးများတပ်ဆင်ပေးသည်။** သန့်ရှင်းသောဝိညာဉ်တော်သည် အထူးဆုကျေးဇူးများကို ဘုရားသခင်၏လူများကိုအပ်နှင်း သည်။ ဓမ္မဟောင်းကျမ်းအချိန်တွင် "ထာဝရဘုရား၏ဝိညာဉ်တော်သည် သူတို့အပေါ်သို့ သက်ရောက်" ၍၊ ဣသရေလတို့ကိုဦးဆောင်ရန်နှင့် ကယ်တင်ရန်အထူးတန်ခိုးများ (သူကြီး ၃း၁၀။ ၆း၃၄။ ၁၁း၂၉) နှင့် ပုရောဖက်ပြုရန်အစွမ်းကိုပေးသည် (တော ၁၁း၁၇၊၂၅၊၂၆။ ၂ရာ ၂၃း၂)။ ရှောလုနှင့်ဒါဝိဒ်ကို ဘုရားသခင်လူတို့၏ခေါင်းဆောင်များအဖြစ် ဘိသိက် ပေးချိန်တွင်၊ သူတို့အပေါ်သို့ ဝိညာဉ်တော်ဆင်းသက်သည် (၁ရာ ၁၀း၆၊၁၀။ ၁၆း၁၃)။ လူတချို့အတွက်၊ ဝိညာဉ်တော်နှင့်ပြည့်သောအခါ၊ ထူးခြားသောအနုပညာတတ်ကျွမ်းမှု ရှိလာကြသည် (ထွက် ၂၈း၃။ ၃၁း၃။ ၃၅း၃၀–၃၅)။

ရှေးဦးအသင်းတော်တွင်လည်း၊ ခရစ်တော်သည်အသင်းတော်အပေါ် မိမိ ဆုကျေးဇူးများကိုအပ်နှင်းသည်မှာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ဖြစ်သည်။ ဝိညာဉ်တော်ထင်ရှားစွာပေးတော်မူသောကြောင့်၊ အသင်းတော်တစ်ခုလုံးသည် အကျိုး ခံစားရသည် (တမန် ၂း၃၈။ ၁ကော ၁၂း၇–၁၁)။ မြေကြီးစွန်းတိုင်အောင် ဧဝံဂေလိ

သတင်းကြွေးကြော်ရန်အတွက်၊ ဝိညာဉ်တော်သည်လိုအပ်သောအထူးတန်ခိုးကို စီစဉ်ပေးခဲ့သည် (တမန် ၁း၈)။

**၆။ သူသည်ယုံကြည်သူတို့၏စိတ်နှလုံးကိုဖြည့်ပေးသည်။** ပေါလုက ဧဖက်မြို့ရှိတပည့်တော်များကို "သင်တို့သည်ယုံကြည်သည်နောက်၊ သန့်ရှင်းသော ဝိညာဉ်တော်ကိုခံကြပြီလော" (တမန် ၁၉း၂) ဟူသောမေးခွန်းသည် ယုံကြည်သူတိုင်းအတွက် အလွန်အရေးပါသောမေးခွန်းဖြစ်သည်။

ပေါလုသည် သူတို့မရရှိသည့်အဖြေကိုရရှိသောအခါ၊ ထိုတပည့်များအပေါ်သို့ လက်ကိုတင်၍၊ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံကိုခံရကြသည် (တမန် ၁၉း၆)။

ဤဖြစ်ရပ်သည် သန့်ရှင်းသောဝိညာဉ်တော်၏အပြစ်ထင်ရှားစေခြင်းနှင့် ဝိညာဉ်တော်၏အသက်တာကိုဖြည့်ခြင်းတို့သည် ခြားနားသောအတွေ့အကြုံနှစ်ခုဖြစ်ကြောင်းကိုညွှန်ပြသည်။

ယေရှုသည်ရေဖြင့်မွေးဖွားခြင်းနှင့် ဝိညာဉ်တော်ဖြင့်မွေးဖွားခြင်းလိုအပ်ချက်ကို ထောက်ပြခဲ့သည် (ယောဟန် ၃း၅)။ ကောင်းကင်သို့မတက်ကြွမီ ယုံကြည်သူအသစ်များကို "ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌" (မဿဲ ၂၈း၁၉) နှစ်ခြင်းပေးရန်မိန့်ကြားခဲ့သည်။ ဤအမိန့်နှင့်လျော်ညီစွာ၊ နှစ်ခြင်းခံချိန်တွင် "သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသောဆုကျေးဇူး" (တမန် ၂း၃၈) ကို ခံရကြမည်ဖြစ်ကြောင်း ပေတရုဟောခဲ့သည်။ ပေါလုသည်လည်း သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံအရေးကြီးကြောင်းကို၊ ယုံကြည်သူတို့အား "ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့" (ဧဖက် ၅း၁၈) ဟု အရေးတကြီးတောင်းဆိုခြင်းဖြင့် အတည်ပြုသည်။

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းသည် ကျွန်ုပ်တို့ကိုဘုရားသခင်၏ ပုံသဏ္ဌာန်တော်သို့ပြောင်းလဲပေး၍၊ အသစ်မွေးဖွားခြင်း၌စတင်ခဲ့သော စင်ကြယ်စေခြင်း အမှုကို ဆက်လက်လုပ်ဆောင်သည်။ ဘုရားသခင်သည် မိမိသနားခြင်းကရုဏာတော်နှင့်အညီ "သန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်းအားဖြင့်... ငါတို့ကိုကယ်တင်တော်မူ၏။ ငါတို့ကိုကယ်တင်သောအရှင်ယေရှုခရစ်အားဖြင့် ငါတို့အပေါ်သို့ ထိုဝိညာဉ်တော်ကို ကြွယ်ဝစွာသွန်းလောင်းတော်မူ၏" (တိတု ၃း၅၊၆)။

"ဝိညာဉ်တော်မပါရှိခြင်းကြောင့် ဧဝံဂေလိသာသနာသည် တန်ခိုးမဲ့ခဲ့ရသည်။ ပညာ၊ စွမ်းရည်၊ စကားပြောကောင်းခြင်း၊ ပင်ကို သို့မဟုတ် လေ့ကျင့်ယူသောအရည်အချင်းတို့ကိုပိုင်ဆိုင်နိုင်သည်။ သို့သော်၊ ဘုရားသခင်၏ဝိညာဉ်တော်မပါရှိပါက၊ စိတ်နှလုံးကိုထိ၍၊ အပြစ်သားကိုခရစ်တော်ထံခေါ်ဆောင်နိုင်မည်မဟုတ်ချေ။ အခြားတစ်ဖက်တွင်မူ၊ အကယ်၍သူတို့သည် ခရစ်တော်နှင့်ဆက်သွယ်၍၊ ဝိညာဉ်တော်

ဆုကျေးဇူးများကိုပိုင်ဆိုင်လျှင်၊ အဆင်းရဲဆုံးနှင့် ပညာအမဲ့ဆုံးသောသူ၏တပည့်များသည် စိတ်နှလုံးကိုတို့ထိအောင်ပြောနိုင်သည့်တန်ခိုးရှိကြလိမ့်မည်။ ဘုရားသခင်သည် သူတို့ကိုစကြဝဠာ၌အမြင့်မားဆုံးသော သြဇာယိုစီးရာလမ်းကြောင်းဖြစ်စေမည်။

ဝိညာဉ်တော်သည် မရှိမဖြစ်လိုအပ်သည်။ ကျွန်ုပ်တို့အထဲ၌ ယေရှုခရစ်တော်ဖြစ်ပေါ်စေသောပြောင်းလဲမှုအားလုံးသည် ဝိညာဉ်တော်၏လုပ်ဆောင်ခြင်းအားဖြင့်လာသည်။ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ဝိညာဉ်တော်မပါလျှင် ဘာမျှမစွမ်းဆောင်နိုင်သည်ကို အစဉ်အောက်မေ့ရမည် (ယောဟန် ၁၅း၅)။

ယနေ့မိမိသားတော်၌ ဘုရားသခင်ပေးသည့် အကြီးမားဆုံးသောမေတ္တာကို ကျွန်ုပ်တို့အာရုံပြုနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်ညွှန်ပြပေးသည်။ သူ၏ဖိတ်ခေါ်ခြင်းကို ကျွန်ုပ်တို့မငြင်းပယ်ဘဲ၊ ကျွန်ုပ်တို့၏ချစ်ဖွယ်ကရုဏာရှင်ခမည်းတော်နှင့် ကျွန်ုပ်တို့သင့်မြတ်နိုင်မည့် တစ်ခုတည်းသောနည်းလမ်းကိုလက်ခံရန် သူတောင်းဆိုသည်။

–၀–

# အခန်း– ၆
# ဖန်ဆင်းခြင်း

ဘုရားသခင်သည် သမ္မာကျမ်းစာတွင် မိမိ၏ဖန်ဆင်းခြင်းဆိုင်ရာလုပ်ဆောင်မှု သမိုင်းဖြစ်ရပ်မှန်ကိုဖော်ပြခဲ့သည်။ ဘုရားသခင်သည်စကြဝဠာကိုဖန်ဆင်းခဲ့ပြီး၊ မကြာမီက ခြောက်ရက်ဖန်ဆင်းခြင်းအတွင်း၊ ထာဝရဘုရားသည် "မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကို" ဖန်ဆင်း၍၊ သတ္တမနေ့တွင်နားခဲ့သည်။ ထိုသို့ဖြင့် သူသည် ခြောက်ရက်အတွင်းပြီးစီးစေခဲ့သောအလုပ်၏ ထာဝရအထိမ်းအမှတ်အဖြစ် ဥပုသ်နေ့ကိုတည်ထောင်ခဲ့သည်။ ဥပုသ်နေ့သည် ယနေ့ကျွန်ုပ်တို့တစ်ပတ်ဟုခေါ်သော အလားတူအချိန်အပိုင်းအခြားနှင့်ညီမျှသည်။ ရှေးဦးလူယောကျ်ားနှင့်လူမိန်းမတို့ကို ဖန်ဆင်းခြင်း၏အထွတ်အထိပ်အဖြစ်၊ ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီဖန်ဆင်းပြီး၊ ကမ္ဘာကိုအုပ်စိုးခြင်းနှင့် ၎င်းကိုပြုစုခြင်းတာဝန်ကိုပေးအပ်ခဲ့သည်။ ကမ္ဘာကိုဖန်ဆင်း ပြီးသောအခါ၊ ဘုရားသခင်၏ဘုန်းတော်ကိုထုတ်ဖော်သည်ဖြစ်ရာ၊ "အလွန်ကောင်း သည်" (ကမ္ဘာ ၁၊၂၊၅၊၁၁။ ထွက် ၂၀း၈–၁၁။ ဆာလံ ၁၉း၁–၆။ ၃၃း၆၊၉။ ၁၀၄။ ဟေရှာယ ၄၅း၁၂၊၁၈။ တမန် ၁၇း၂၄။ ကောလော ၁း၁၆။ ဟေဗြဲ ၁း၂။ ၁၁း၃။ ဗျာ ၁၀း၆။ ၁၄း၇။

**သမ္မာကျမ်းစာဖြစ်စဉ်သည်ရိုးရှင်းသည်။** ဘုရားသခင်၏ဖန်ဆင်းနိုင်စွမ်း အမိန့်တော်ဖြင့်၊ "မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှ" (ထွက် ၂၀း၁၁) တို့သည်ချက်ချင်းပေါ်လာခဲ့သည်။ ခြောက်ရက်တာမျှအတွင်း၊ "အဆင်း သဏ္ဍာန်မရှိ၊ လွတ်လပ်လဟာ" အဖြစ်မှ၊ အရွယ်ရောက်သောတိရစ္ဆာန်များနှင့် သစ်ပင် အမျိုးမျိုးဖြင့် ဖွေးဖွေးလှုပ်သည့်စိမ်းလန်းစိုပြည်သော ကမ္ဘာကိုမြင်ခဲ့ရသည်။ ကျွန်ုပ်တို့၏ ကမ္ဘာသည် ရှင်းလင်းစင်ကြယ်တောက်ပသောအရောင်များ၊ ပုံစံအမျိုးမျိုးနှင့် နံ့သာ ပေါင်းစုံဖြင့်အလှဆင်ထားပြီး၊ အကောင်းဆုံးသောအရသာနှင့် အသေးစိတ်ကျသော လုပ်ဆောင်မှုတို့နှင့်အတူထားရှိသည်။

ထို့နောက်ဘုရားသခင်သည်ပျော်မွေ့ရန် ခေတ္တ "ငြိမ်ဝပ်စွာနေတော်မူ၏။" ထို ခြောက်ရက်ဖန်ဆင်းခြင်း၏အလှနှင့် ထည်ဝါမှုကို၊ သူနားသောကြောင့် ထာဝရအမှတ်ရ နေမည်။ သမ္မာကျမ်းစာ၏အစအဦးမှတ်တမ်းကို အမြန်လေ့လာကြပါစို့။

"အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူ၏" (ကမ္ဘာ ၁း၁)။ မြေကြီးကိုရေနှင့်အမှောင်ထုကဖုံးကွယ်ထားသည်။ ပထမနေ့တွင် အလင်းနှင့် အမှောင်ကိုခွဲခြား၍၊ အလင်းကိုနေ့၊ မှောင်မိုက်ကိုညဟုခေါ်သည်။

ဒုတိယနေ့တွင် ဘုရားသခင်သည် "ရေနှင့်ရေချင်းခြားနားစေ" ၍၊ မိုးမျက်နှာကြက်အောက်၌ရှိသော ရေနှင့်လေထုကိုခွဲခြားကာ၊ အသက်အတွက်သင့်လျော်သော အခြေအနေကိုဖန်ဆင်းခဲ့သည်။ တတိယနေ့တွင် ဘုရားသခင်သည်ရေကိုတစ်နေရာတွင် စုဝေးစေ၍၊ ကုန်းနှင့်ပင်လယ်ကိုဖြစ်တည်စေခဲ့သည်။ ထို့နောက် ဘုရားသခင်သည် ဘာမျှမရှိ၊ လွတ်လပ်လဟာဖြစ်နေသောကမ်းခြေများ၊ တောင်ကုန်းများနှင့် ချိုင့်ဝှမ်းများကို ဆင်မြန်း၍၊ "မြေသည်မြက်ပင်ကိုလည်းကောင်း၊ စပါးသီးမျိုးကိုဖြစ်စေသောစပါးပင်ကို လည်းကောင်း၊ မိမိ၌မျိုးစေ့ပါလျက် သစ်သီးမျိုးကိုဖြစ်စေသော သစ်ပင်ကိုလည်းကောင်း ပေါက်စေ၏" (ကမ္ဘာ ၁း၁၂)။

စတုတ္ထနေ့တွင်ဘုရားသခင်သည် "နိမိတ်လက္ခဏာ၊ ချိန်းချက်သောအချိန်၊ နေ့ရက်အပိုင်းအခြား၊ နှစ်အပိုင်းအခြားဖို့" နေ၊ လ၊ ကြယ်တို့ကိုတည်စေခဲ့သည်။ နေသည်နေ့အတွက်၊ လသည်ညကိုအုပ်စိုးရန်ဖြစ်သည် (ကမ္ဘာ ၁း၁၄–၁၆)။

ဘုရားသခင်သည်ငှက်များနှင့် ရေနေသတ္တဝါများကို ပဉ္စမနေ့တွင်ပုံသွင်းခဲ့သည်။ သူသည် ၎င်းတို့ကို "အမျိုးအလိုက်" (ကမ္ဘာ ၁း၂၁) ဖန်ဆင်းခဲ့သည်အရာမှာ၊ သူဖန်ဆင်းခဲ့သောသတ္တဝါများသည် ၎င်းတို့၏အမျိုးအလိုက်၊ မပြောင်းမလဲမျိုးပွားရန် ဖြစ်ကြောင်းကိုညွှန်ပြသည်။

ဆဋ္ဌမနေ့တွင် ဘုရားသခင်သည်သာ၍အဆင့်မြင့်သော တိရစ္ဆာန်ကိုဖန်ဆင်းခဲ့သည်။ သူက၊ "မြေသည်အသက်ရှင်သောသတ္တဝါမျိုးတည်းဟူသော သားယဉ်တို့ကို လည်းကောင်း၊ တွားတတ်သောတိရစ္ဆာန်တို့ကိုလည်းကောင်း၊ သားရဲမျိုးတို့ကိုလည်း ကောင်း၊ မွေးဖွားစေဟုအမိန့်တော်ရှိသည်အတိုင်းဖြစ်လေ၏" (ကမ္ဘာ ၁း၂၄)။

ထို့နောက်၊ ဖန်ဆင်းခြင်း၏အထွတ်အထိပ်အဖြစ်၊ "ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကိုဖန်ဆင်းတော်မူ၏" (ကမ္ဘာ ၁း၂၇)။ "ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကိုကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကိုမြင်တော်မူ၏" (ကမ္ဘာ ၁း၃၁)။

## ဘုရားသခင်၏ဖန်ဆင်းနိုင်သောနှုတ်ထွက်စကား

ဆာလံဆရာက၊ "ထာဝရဘုရား၏နှုတ်ကပတ်တော်အားဖြင့် မိုးကောင်းကင်ကို လည်းကောင်း၊ နှုတ်တော်အသက်အားဖြင့် မိုးကောင်းကင်တန်ဆာများကိုလည်းကောင်း ဖန်ဆင်းတော်မူ၏" (ဆာလံ ၃၃း၆) ဟုရေးခဲ့သည်။ ဤဖန်ဆင်းနိုင်သောနှုတ်ထွက်စကား သည် မည်ကဲ့သို့လုပ်ဆောင်သနည်း။

**ဖန်ဆင်းနိုင်သောစကားနှင့်ရှိနှင့်သောအရာ။** ကမ္ဘာဦးကျမ်းကိုခြောက်ရက် ဖန်ဆင်းခြင်း၏ကြီးကျယ်သောဖြစ်ရပ်ကို ဘုရားရှင်၏ပြောင်းလဲစေနိုင်သောစကားဖြင့် အစပြုသည် (ကမ္ဘာ ၁း၃၊၆၊၉၊၁၁၊၁၄၊၂၀၊၂၄)။ ဖန်ဆင်းနိုင်သောစွမ်းအင်ဖြင့် မိန့်တော်မူချက်တိုင်းသည် "အဆင်းသဏ္ဍာန်မရှိ၊ လွတ်လပ်လဟာ" ဖြစ်သောဂြိုဟ်ကို၊ ပါရဒိသုဘုံအဖြစ်ပြောင်းလဲခဲ့သည်။ "ထာဝရဘုရားမြွက်ဆို၍၊ မြွက်ဆိုတော်မူသည် အတိုင်းဖြစ်၏။ အမိန့်တော်ရှိ၍၊ မိန့်တော်မူသည်အတိုင်းတည်လျက်နေ၏" (ဆာလံ ၃၃း၉)။ အကယ်စင်စစ်၊ "လောကဓာတ်တို့သည် ဘုရားသခင်အမိန့်တော်ကြောင့်သာ တည်သည်" (ဟေဗြဲ ၁၁း၃)။

ဤဖန်ဆင်းနိုင်သောစကားသည် ရှိနှင့်သောအရာအပေါ်မတည်မှီချေ။ "ယခု မြင်ရသောအရာတို့သည် အလျင်ထင်ရှားသောအရာထဲကမဖြစ်ဘဲ၊ လောကဓာတ်တို့သည် ဘုရားသခင်၏အမိန့်တော်ကြောင့်သာတည်သည်ကို ငါတို့သည်ယုံကြည်ခြင်းအားဖြင့် သိကြ၏" (ဟေဗြဲ ၁၁း၃)။ တစ်ခါတစ်ရံဘုရားသခင်သည် ရှိနှင့်သောအရာကိုအသုံးပြုခဲ့သည်။ အာဒံနှင့်သားရဲတိရစ္ဆာန်များကို မြေကြီးဖြင့်ဖန်ဆင်း၍၊ ဧဝကိုအာဒံ၏နံရိုးဖြင့် ဖန်ဆင်းခဲ့သည် (ကမ္ဘာ ၂း၇၊၁၉၊၂၂)။ အဆုံးတွင် ဘုရားသခင်သည်အရာရာကို ဖန်ဆင်းခဲ့သည်။

## ဖန်ဆင်းခြင်းဖြစ်စဉ်

ကမ္ဘာဦးကျမ်း၏ဖန်ဆင်းခြင်းအကြောင်းကို မေးခွန်းများစွာထုတ်ခဲ့ကြသည်။ ကမ္ဘာဦးကျမ်း၌ပါသောဖန်ဆင်းခြင်းအကြောင်းနှစ်ခု (ကမ္ဘာ ၁၊၂) သည် တစ်ခုနှင့် တစ်ခုဆန့်ကျင်ပါသလော၊ သို့မဟုတ် တစ်သမတ်တည်းဖြစ်သလော။ ဖန်ဆင်းခြင်း နေ့ရက်များသည် အရှိအတိုင်းဖြစ်သလော၊ သို့မဟုတ် နှစ်ပေါင်းများစွာကိုကိုယ်စားပြုသလော။ နေ၊ လ၊ ကြယ်များတို့ကို အမှန်ပင်လွန်ခဲ့သောနှစ်ပေါင်း (၆၀၀၀) က ဖန်ဆင်းခဲ့သလော။

**ဖန်ဆင်းခြင်းဖြစ်ပျက်ပုံ။** ကမ္ဘာဦးကျမ်း ၁း၁ မှ ၂း၃ က ဖန်ဆင်းခြင်းနှင့် ကမ္ဘာဦးကျမ်း ၂း၄–၂၅ မှဖန်ဆင်းခြင်းတို့သည်ကိုက်ညီသည်။

ပထမဖြစ်စဉ်သည် အရာအားလုံးဖန်ဆင်းခြင်းကို အစဉ်အလိုက်ပြန်ပြောပြသည်။

ဒုတိယဖြစ်စဉ်ကို "သားစဉ်မြေးဆက်စာရင်းဟူမူကား" ဖြင့်အစပြုသည်။ ၎င်းသည် ကမ္ဘာဦးကျမ်းတွင်၊ မိသားစုသမိုင်းကိုစတင်ကြောင်းကိုဖော်ပြသည်။ ဤဇာတ်ကြောင်းသည် ဖန်ဆင်းခြင်း၌မိသားစု၏နေရာကိုဖော်ပြသည်။ ၎င်းသည် နှစ်ကာလ အစဉ်အတိုင်းတိတိကျကျမဟုတ်သော်လည်း၊ အရာရာသည်လူသားအတွက်ပတ်ဝန်းကျင် ကို ပြင်ဆင်ရန်ဖြစ်ကြောင်းဖော်ပြသည်။ ၎င်းသည် အာဒံနှင့်ဧဝကိုဖန်ဆင်းခြင်းနှင့်

ဒေဝ်ဥယျာဉ်ဖန်ဆင်းခြင်းကို သာ၍အသေးစိတ်ပြသသည်။ ထို့ပြင်မက၊ ၎င်းသည် လူ့သဘာဝနှင့် ဘုရားရှင်၏အုပ်စိုးခြင်းကိုသရုပ်ဖော်သည်။ ဤဖန်ဆင်းခြင်းအကြောင်း နှစ်ခုကို အရှိအတိုင်းနှင့်သမိုင်းကဲ့သို့လက်ခံမှသာလျှင်၊ ၎င်းတို့သည် ကျန်သော သမ္မာကျမ်းစာနှင့်လိုက်ဖက်နိုင်မည်။

**ဖန်ဆင်းခြင်းရက်များ။** သမ္မာကျမ်းစာ၏ဖန်ဆင်းခြင်းနေ့ရက်များသည် ပကတိ (၂၄) နာရီသဘောဆောင်သည်။ ဓမ္မဟောင်းအချိန်က ဘုရားသခင်၏လူတို့သည် အချိန်ကိုတိုင်းတာသည့်၊ "ညဦးနှင့်နံနက်" (ကမ္ဘာ ၁း၅၊၈၊၁၃၊၁၉၊၂၃၊၃၁) ဟူသည့်နေ့ရက်တိုင်းသည် ညဦး သို့မဟုတ် နေဝင်ချိန် (ဝတ်ပြု ၂၃း၃၂။ တရားဟော ၁၆း၆) ဖြင့်အစပြုကြောင်းသတ်မှတ်သည်။ ဤဖော်ပြချက်သည် ဝတ်ပြုရာကျမ်းတွင် ပကတိတစ်ရက်ကိုဆိုလိုပြီး၊ ကမ္ဘာဦးကျမ်းတွင် နှစ်ပေါင်းထောင်ချီ၊ သန်းချီ၍ ဆိုလိုသည်ဟုဆိုခြင်းအတွက် အကြောင်းပြချက်မရှိပါ။

ကမ္ဘာဦးကျမ်း ၁ တွင် "ရက်" ဟူ၍ပြန်ဆိုသောဟေဗြဲစကားလုံးမှာ "ယွမ်" (yom) ဖြစ်သည်။ "ယွမ်" (yom) ကိုဂဏန်းလုံးများကတွဲပါလာလျှင်၊ ၎င်းသည် အမြဲတမ်းပကတိ (၂၄) နာရီကိုဆိုလို၍ (ဥပမာ ကမ္ဘာ ၇း၁၁။ ထွက် ၁၆း၁)၊ ဖန်ဆင်းခြင်းရက်များသည် ပကတိ (၂၄) နာရီကိုပြောဆိုသည့်အခြားညွှန်ပြချက်ဖြစ်သည်။

ပညတ်တော် (၁၀) ပါးကလည်း၊ ကမ္ဘာဦးကျမ်းမှဖန်ဆင်းခြင်းဖြစ်စဉ်တွင် ပကတိရက်များပါဝင်ကြောင်း အခြားသောအထောက်အထားကိုပေးသည်။ စတုတ္ထပညတ်တွင် ဘုရားသခင်က၊ "ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကိုအောက်မေ့လော့။ ခြောက်ရက်ပတ်လုံးအလုပ်မျိုးကို ကြိုးစား၍လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင် ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌… အလုပ်မလုပ်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင်ဖန်ဆင်း၍ သတ္တမနေ့ရက်၌ငြိမ်ဝပ်စွာနေတော်မူ၏။ ထို့ကြောင့်ထာဝရဘုရားသည် သတ္တမနေ့ရက်ကိုကောင်းချီးပေး၍၊ သန့်ရှင်းစေတော်မူ၏" (ထွက် ၂၀း၈–၁၁) ဟုဆိုခဲ့သည်။

ဘုရားသခင်သည်ဖန်ဆင်းခြင်းအကြောင်းကို လိုရင်းတိုရှင်းပြန်ပြောပြခြင်းဖြစ်သည်။ ရက် (yom) တိုင်းသည် ဖန်ဆင်းသည့်လုပ်ငန်းဖြင့်ပြည့်နေသည်။ ထို့နောက်၊ ဥပုသ်နေ့သည် ဖန်ဆင်းခြင်း၏အထွတ်အထိပ်ဖြစ်သည်။ ထို့ကြောင့် (၂၄) နာရီကြာသောဥပုသ်နေ့သည် ဖန်ဆင်းခြင်းရက်သတ္တပတ်၏အထိမ်းအမှတ်ဖြစ်သည်။ ရက်တစ်ရက်စီကို ရှည်လျားသောကာလအဖြစ်ဆွဲဆန့်ခဲ့လျှင် စတုတ္ထပညတ်သည် အဓိပ္ပါယ်ကင်းမဲ့လိမ့်မည်။

ထို့ကြောင့်၊ "ကျမ်းစာသမိုင်းကြောင်းတစ်လျှောက် ထိန်းသိမ်းယူဆောင်လာသည့် ခြောက်ရက်အလုပ်လုပ်၍၊ သတ္တမနေ့တွင်နားသော၊ ခုနစ်ရက်တစ်ပတ်စက်ဝိုင်းသည် ပထမခုနစ်ရက်၏ကြီးမားသော အချက်အလက်များမှအစပြုခဲ့သည်။

၂ပေ ၃း၈ မှ "ထာဝရဘုရားမှာကာလတစ်ရက်သည် အနှစ်တစ်ထောင်ကဲ့သို့" ကိုကိုးကားသူတို့က၊ ထိုကျမ်းချက်သည် အနှစ်တစ်ထောင်သည် "တစ်ရက်ကဲ့သို့" ဖြင့်အဆုံးသတ်သည်ကို မျက်စိလျှမ်း၍၊ ဖန်ဆင်းခြင်းရက်များသည် ပကတိ (၂၄) နာရီမဟုတ်ဟု သက်သေပြရန်ကြိုးစားကြသည်။ ဖန်ဆင်းခြင်းရက်များကို နှစ်ပေါင်းသန်းပေါင်းထောင်ချီ၍ပင်ကြာနိုင်သည်ဟူ၍ ဖတ်သောသူတို့သည် ဘုရားသခင့်နှုတ်ကပတ်တော်၏ခိုင်လုံမှုကို သံသယဖြစ်နေကြခြင်းဖြစ်သည်။ "ပထမအပတ်ဖန်ဆင်းခြင်းသည် နှစ်ပေါင်းထောင်ပေါင်းများစွာလိုအပ်သည်ဟုယူဆခြင်းသည် စတုတ္ထပညတ်၏အုတ်မြစ်ကိုတိုက်ရိုက်တိုက်ခိုက်သည်။... ၎င်းသည် မသိမသာအစိမ့်ဝင်ကူးစက်ဆုံးသောဖောက်ပြန်မှုဖြစ်သောကြောင့်၊ အန္တရာယ်အရှိဆုံးသောပုံစံ၌ရှိနေသည်။ ၎င်း၏စစ်မှန်သောလက္ခဏာကို အလွန်ရုပ်ဖျက်ထားပြီး၊ သမ္မာကျမ်းစာကိုယုံကြည်ပါသည်ဟုဆိုသောသူများစွာက ၎င်းကိုစွဲကိုင်ပြီး၊ သင်ပေးကြသည်။"

**ကောင်းကင်ကားအဘယ်နည်း။** ဘုရားသခင်သည် "ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူ၏" (ကမ္ဘာ ၁း၁) နှင့် လွန်ခဲ့သောနှစ်ပေါင်း (၆၀၀၀) ကျော်က၊ ဖန်ဆင်းခြင်းအပတ်၏စတုတ္ထနေ့တွင် နေ၊ လ၊ ကြယ် တို့ကိုဖန်ဆင်းခဲ့သည်။ (ကမ္ဘာ ၁း၁၄-၁၉) ဟူသောကျမ်းချက်များကြောင့် လူတချို့ဇဝေဇဝါဖြစ်ကြသည်ကိုနားလည်နိုင်သည်။ ကောင်းကင်မှနက္ခတ်တာရာအားလုံးကို ထိုအချိန်ကဖန်ဆင်းခဲ့သလော။

ဖန်ဆင်းခြင်းအပတ်တွင် ထာဝရကာလမှစ၍ ဘုရားသခင်ကိန်းဝပ်သောကောင်းကင်မပါဝင်ခဲ့ပါ။ (ကမ္ဘာ ၁ နှင့် ၂) က "ကောင်းကင်" သည် ကျွန်ုပ်တို့၏နေမိသားစုကိုသေချာသလောက်ရည်ညွှန်းသည်။

အမှန်မှာ၊ ကမ္ဘာမြေသည် ခရစ်တော်၏ပထမလက်ရာအစား၊ နောက်ဆုံးလက်ရာဖြစ်နိုင်ချေရှိသည်။ သမ္မာကျမ်းစာသည် ဘုရားသခင်၏သားများအဖြစ်ပုံဖော်သည်။ မကျရှုံးသောကမ္ဘာများမှ အာဒံတို့သည်ဘုရားသခင်နှင့်တွေ့ဆုံခဲ့ကြသည် (ယောဘ ၁း၆-၁၂)။ ယခုအထိ၊ အာကာသလေ့လာမှုများသည် လူသူနေထိုင်သောဂြိုဟ်များကိုမတွေ့ရှိသေးချေ။ ၎င်းတို့သည် အပြစ်မကူးစက်စေရန်၊ ကျွန်ုပ်တို့၏အပြစ်နှင့် ညစ်ညမ်းသောနေမိသားစု၏ လက်လှမ်းမမီသောကျယ်ပြောလှသည့်အာကာသထဲတွင်ရှိနေနိုင်သည်။

## ဖန်ဆင်းရှင်ဘုရားသခင်

ကျွန်ုပ်တို့၏ဖန်ဆင်းရှင်သည် မည်ကဲ့သို့သောဘုရားဖြစ်သနည်း။ ဤကဲ့သို့သောအနန္တပုဂ္ဂိုလ်သည် မိမိ၏စကြဝဠာ၏ဝေးလှသောထောင့်တစ်နေရာတွင် မြူမှုန်မျှဖြစ်သောကျွန်ုပ်တို့ကို စိတ်ဝင်စားပါသလား။ ကမ္ဘာမြေကိုဖန်ဆင်းပြီးနောက်၊ သူသည်သာ၍ကြီးပြီး ကောင်းသောအရာနောက်သို့လိုက်သလော။

**ဂရုစိုက်သောဘုရား။** သမ္မာကျမ်းစာ၏ဖန်ဆင်းခြင်းအကြောင်းသည် ဘုရားသခင်နှင့်စတင်၍၊ လူသားများအကြောင်းကိုဆက်ပြောသည်။ ၎င်းသည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းရာတွင်၊ ဘုရားသခင်သည်လူသားမျိုးနွယ်အတွက် ပြည့်စုံသောပတ်ဝန်းကျင်ကို ပြင်ဆင်နေခြင်းဖြစ်သည်။ လူယောကျ်ား၊ လူမိန်းမတို့သည် သူ၏ကြီးကျယ်သောအပြောင်မြောက်ဆုံးလက်ရာဖြစ်သည်။

ဖန်ဆင်းခြင်းအကြောင်းသည် ဘုရားသခင်ကိုမိမိဖန်ဆင်းသောအရာကို ဂရုစိုက်သည့်စေ့စပ်သောစီစဉ်သူအဖြစ်ဖော်ပြသည်။ သူသည် လူတို့အတွက်အထူးဥယျာဉ်ကိုစိုက်ပေး၍၊ ၎င်းကိုပျိုးထောင်မည့်တာဝန်ကိုပေးသည်။ သူသည် လူသားတို့ကိုဖန်ဆင်းရာတွင်၊ သူတို့သည် သူနှင့်ဆက်ဆံမှုရှိနိုင်မည်ဖြစ်သည်။ ၎င်းသည် အတင်းအကျပ်ဖြင့်၊ သဘာဝမကျသောဆက်ဆံရေးမဟုတ်ချေ။ ကိုယ်တော်သည်သူတို့ကို လွတ်လပ်သောရွေးချယ်ခွင့်နှင့် သူ့ကိုချစ်၍ကိုးကွယ်နိုင်စွမ်းတို့ဖြင့် ဖန်ဆင်းခဲ့သည်။

**ဖန်ဆင်းရှင်ဘုရားသည်အဘယ်သူနည်း။** သုံးပါးတစ်ဆူဘုရားအားလုံးသည် ဖန်ဆင်းခြင်း၌ပါဝင်ခဲ့ကြသည် (ကမ္ဘာ ၁း၂၊၂၆)။ သို့သော်ငြားလည်း၊ အဓိကလုပ်ဆောင်သူမှာ ဘုရားသခင်၏သားတော်၊ ယခင်ရှိနှင့်သောခရစ်တော်ပင်ဖြစ်သည်။ ဖန်ဆင်းခြင်းအကြောင်းပဏာမတွင်၊ မောရှေသည်၊ "အစအဦး၌ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူ၏" ဟုရေးခဲ့သည်။ ဤစာလုံးများကိုမှတ်မိရင်း၊ ယောဟန်သည် ဖန်ဆင်းခြင်းတွင်ခရစ်တော်၏အခန်းကဏ္ဍကိုဖော်ပြခဲ့သည်။ "အစအဦး၌နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း၊ ဘုရားသခင်ဖြစ်တော်မူ၏။... နှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူ၏။ ဖန်ဆင်းခြင်းနှင့်ကင်းလွတ်လျက်ရှိသောအရာတစ်စုံတစ်ခုမျှမရှိ၊" (ယောဟန် ၁း၁–၃)။ နောက်ပိုင်းတွင်၊ ယောဟန်သည် နှုတ်ကပတ်တော်ဟု မိမိရည်ညွှန်းရေးသားသောသူမှာ ခရစ်တော်ဖြစ်သည်ကို ရှင်းလင်းစွာဖော်ပြခဲ့သည်။ "နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍... ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍... သူ၏ဘုန်းတော်ကိုငါတို့သည်မြင်ရကြပြီ" (ယောဟန် ၁း၁၄)။ အမိန့်တော်ရှိ၍၊ ကမ္ဘာမြေကိုဖြစ်တည်လာစေသောဖန်ဆင်းရှင်မှာ ယေရှုဖြစ်သည် (ဖေက် ၃း၉။ ဟေဗြဲ ၁း၂)။

**ဘုရားသခင်၏မေတ္တာကိုပြသသူ။** ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် နက်နဲလှသည်တကား။ ခရစ်တော်သည်တယုတယဖြင့် အာဒံဘေးတွင်ဒူးထောက်လျက် ဤပထမလူသား၏လက်ကို ပုံသွင်းချိန်တွင်၊ တစ်နေ့သောအခါလူသားတို့၏လက်ကို အလွဲသုံးစားပြု၍၊ အဆုံးတွင်မိမိအား လက်ဝါးကပ်တိုင်တွင်သံမှိုရိုက်မည်ကို သိရှိထားပေလိမ့်မည်။ တစ်နည်းအားဖြင့်၊ ဖန်ဆင်းရှင်ခရစ်တော်သည် ကမ္ဘာဦးကပင်အသတ်ခံပြီးဖြစ်ရာ (ဗျာ ၁၃း၈)၊ ဖန်ဆင်းခြင်းနှင့်လက်ဝါးကပ်တိုင်သည် ပေါင်းစည်းလျက်ရှိသည်။ သူ၏ကြိုတင်သိရှိခြင်းသည် သူ့ကိုမရပ်တန့်စေခဲ့ပါ။ ကရာနိကုန်း၏ကြောက်မက်ဖွယ်မိုးတိမ်အောက်တွင်၊ ခရစ်တော်သည် အာဒံ၏နှာခေါင်းထဲသို့ဇီဝအသက်ကို မှုတ်သွင်းခဲ့ရာတွင်၊ ဤဖန်ဆင်းနိုင်သောလုပ်ဆောင်မှုသည် မိမိ၏ဇီဝအသက်ကို ဆုံးရှုံးစေမည်ဖြစ်ကြောင်းကိုလည်း သိနေခဲ့သည်။ နားမလည်နိုင်သောချစ်ခြင်းမေတ္တာသည် ဖန်ဆင်းခြင်း၏အခြေခံဖြစ်သည်။

## ဖန်ဆင်းခြင်း၏ရည်ရွယ်ချက်။

ဘုရားသခင်၏လုပ်ဆောင်မှုအားလုံးကို ချစ်ခြင်းမေတ္တာကလှုံ့ဆော်သည်။ အကြောင်းမှာ ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူသည် (၁ယော ၄း၈)။ ကျွန်ုပ်တို့သည်သူ့ကိုချစ်နိုင်ရန်သာမက၊ သူသည် ကျွန်ုပ်တို့ကိုချစ်နိုင်ရန်လည်းဖန်ဆင်းခဲ့သည်။ ဖန်ဆင်းခြင်းတွင်၊ သူသည် အကြီးမားဆုံးသောလက်ဆောင်ဖြစ်သည့် ဖြစ်တည်ခြင်းကိုပေးခဲ့သည်။ ထိုသို့ဆိုသော်၊ သမ္မာကျမ်းစာသည်စကြဝဠာနှင့် ၎င်း၌နေထိုင်သူများ မည်သည့်ရည်ရွယ်ချက်အတွက်ရှိသည်ကိုဖော်ပြပါသလား။

**ဘုရားသခင်၏ဘုန်းတော်ကိုဖော်ပြရန်။** သူ၏ဖန်ဆင်းသောလက်ရာများအားဖြင့်၊ ဘုရားသခင်သည်မိမိဘုန်းတော်ကိုဖွင့်ပြသည်။ "မိုးကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေတော်ကိုကြားပြော၍၊ မိုးမျက်နှာကြက်သည် လက်တော်နှင့်လုပ်သောအရာများကိုပြသ၏။ တစ်နေ့ကိုတစ်နေ့မြွက်ဆို၍၊ တစ်ညကိုတစ်ညသွန်သင်၏။ နှုတ်မြွက်ခြင်း၊ စကားပြောခြင်းမရှိ။ သူတို့နှုတ်ထွက်သံကိုမကြားရသော်လည်း၊ သူတို့၏အသံသည် မြေတစ်ပြင်လုံး၌နှံ့ပြား၍၊ သူတို့၏စကားသည် မြေကြီးစွန်းတိုင်အောင်ရောက်လေ၏" (ဆာလံ ၁၉း၁–၄)။

အဘယ်ကြောင့်ဘုရားသခင်၏ဘုန်းတော်ကို ထိုမျှလောက်ပြသရသနည်း။ သဘာဝတရားသည် ဘုရားသခင်အတွက်သက်သေခံအဖြစ်လုပ်ဆောင်သည်။ မိမိဖန်ဆင်းသောအရာများတစ်ခုချင်းစီသည် မိမိ၏ဖန်ဆင်းရှင်ကိုညွှန်ပြရန် ကိုယ်တော်ရည်ရွယ်သည်။ ပေါလုက "ဖန်ဆင်းတော်မူသောအရာများကိုထောက်ရှုသဖြင့်၊

ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသောဘုရားသခင်၏ အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏" (ရောမ ၁း၂၀) ဟု ဆိုသည်။

ကျွန်ုပ်တို့သည်သဘာဝတရားအားဖြင့် ဘုရားသခင်ထံဆွဲယူခံရသောအခါ၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်အသက်တာထဲသို့ဖြည့်သွင်းနိုင်သော ဘုရားသခင်၏ဂုဏ်တော်လက္ခဏာများအကြောင်းကို ကျွန်ုပ်တို့သည်သာ၍သင်ယူနိုင်မည်။ ပြီးနောက်၊ ဘုရားသခင်၏ဂုဏ်တော်ကိုရောင်ပြန်ဟပ်ခြင်းဖြင့်၊ ကျွန်ုပ်တို့သည် သူ၏ဘုန်းကိုထင်ရှားစေပြီး၊ ကျွန်ုပ်တို့အားဖန်ဆင်းရခြင်း၏ရည်ရွယ်ချက်ကို ဖြည့်စွက်နိုင်မည်။

**ကမ္ဘာကိုပြည့်စေရန်။** ကမ္ဘာမြေသည်အထီးကျန်ပြီး၊ လူသူကင်းမဲ့ရန် ဘုရားသခင်မရည်ရွယ်ခဲ့ပါ။ ၎င်းသည် လူသူနေထိုင်ရန်ဖြစ်သည် (ဟေရှာ ၄၅း၈)။ ပထမလူသားသည် မိမိအဖော်လိုအပ်ကြောင်းခံစားရသောအခါ၊ ဘုရားသခင်သည် လူမိန်းမကိုဖန်ဆင်းခဲ့သည် (ကမ္ဘာ ၂း၂၀။ ၁ကော ၁၁း၉)။ ထိုသို့ဖြင့်၊ သူသည် လက်ထပ်ထိမ်းမြားခြင်းကိုစတင်ခဲ့သည် (ကမ္ဘာ ၂း၂၂–၂၅)။ ပြီးနောက်ဖန်ဆင်းရှင်သည် ထိုစုံတွဲကိုအသစ်ဖန်ဆင်းသော ကမ္ဘာကိုအုပ်စိုးရန်သာမက၊ "များပြားစွာမွေးဖွားကြလော့" (ကမ္ဘာ ၁း၂၈) ဟူသောစကားဖြင့်၊ သူတို့ကိုငင်း၏ဖန်ဆင်းခြင်း၌ ပါဝင်ရသောအခွင့်ကိုပေးခဲ့သည်။

## ဖန်ဆင်းခြင်း၏အရေးပါမှု

ခေတ်အဆက်ဆက်မှလူတို့သည် ဖန်ဆင်းခြင်းနှင့်ဆိုင်သောယုံကြည်ချက်ကို လျစ်လျူရှုရန် စုံစမ်းခြင်းခံရကြသည်။ သူတို့က၊ "ဘုရားသခင်ကကမ္ဘာမြေကိုဘယ်လိုဖန်ဆင်းတယ်ဆိုတာဂရုစိုက်စရာလား။ ကျွန်တော်တို့သိဖို့လိုတာက၊ ကောင်းကင်ကို ဘယ်လိုရောက်မလဲဆိုတာသာဖြစ်တယ်" ဟုဆိုကြသည်။ သို့သော်လည်း ဘုရားရှင်၏ ဖန်ဆင်းခြင်းဆိုင်ရာယုံကြည်ချက်သည် ခရစ်ယာန်ဘာသာရေးနှင့် ကျမ်းစာဆိုင်ရာ သွန်သင်ချက်အတွက် မရှိမဖြစ်အုတ်မြစ်ကိုဖွဲ့စည်းပေးသည်။ များစွာသောအခြေခံ ကျမ်းစာဆိုင်ရာခံယူချက်များသည် ဘုရားရှင်၏ဖန်ဆင်းခြင်းတွင်အမြစ်တည်သည်။ အမှန်မှာဘုရားသခင်သည် "ကောင်းကင်နှင့်မြေကြီး" ကို မည်သို့ဖန်ဆင်းသည်ကိုသိခြင်းသည် ဗျာဒိတ်ကျမ်းကိုပြုစုသောယောဟန်ပြောသည့် ကောင်းကင်သစ်နှင့်မြေကြီးသစ်သို့ သွားမည့်လမ်းကို အဆုံးတွင်တွေ့ရှိစေနိုင်သည်။ ထိုသို့ဆိုသော်၊ ဖန်ဆင်းခြင်းဆိုင်ရာ ယုံကြည်ချက်၏အဆိုပြုချက်တချို့ကားအဘယ်နည်း။

**ရုပ်တုကိုးကွယ်မှုကိုကုစားခြင်း။** ဘုရားသခင်၏ဖန်ဆင်းရှင်ဖြစ်ခြင်းသည် အခြားဘုရားများအားလုံးမှ သူ့ကိုခွဲခြားစေသည် (၅ရာ ၁၆း၂၄–၂၇။ ဆာလံ ၉၆း၅၊၆)။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ပြုလုပ်သောဘုရားများမဟုတ်ဘဲ၊ ကျွန်ုပ်တို့ကို ဖန်ဆင်းသောဘုရားသခင်ကို ကိုးကွယ်ရမည်။ သူ၏ဖန်ဆင်းရှင်ဖြစ်ခြင်းကြောင့်၊ သူသည် ကျွန်ုပ်တို့၏အလုံးစုံသောသစ္စာရှိမှုကိုခံထိုက်သည်။ ဤသစ္စာခံမှုကိုနှောင့်ယှက်သောမည်သည့်ဆက်ဆံရေးမဆိုဟူသည် ရုပ်တုကိုးကွယ်ခြင်းဖြစ်၍၊ ဘုရားရှင်၏တရားစီရင်ခြင်းကိုခံရမည်။ ထို့ကြောင့် ဖန်ဆင်းရှင်အပေါ်သစ္စာရှိခြင်းသည် သေရေးရှင်ရေးကိစ္စဖြစ်သည်။

**စစ်မှန်သောကိုးကွယ်ခြင်း၏အုတ်မြစ်။** ဘုရားသခင်ကို ကျွန်ုပ်တို့ကိုးကွယ်ခြင်းမှာ သူသည်ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ဖြစ်၍၊ ကျွန်ုပ်တို့သည်သူ၏သတ္တဝါများဖြစ်သည်ဟူသောအချက်အပေါ်တည်သည် (ဆာလံ ၉၅း၆)။ ဤအကြောင်းအရာ၏အရေးကြီးမှုကို၊ ခရစ်တော်ပြန်မကြွလာမီအချိန်တွင်၊ "ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကိုဖန်ဆင်းတော်မူသောအရှင်ကိုကိုးကွယ်ကြလော့" (ဗျာ ၁၄း၇) ဟု ခေါ်ဖိတ်ခြင်း၌ပါဝင်ခြင်းအားဖြင့်ညွှန်ပြသည်။

**ဖန်ဆင်းခြင်းအထိမ်းအမှတ်–ဥပုသ်နေ့။** ဘုရားသခင်သည်သတ္တမနေ့ဥပုသ်ကိုအစပြုခဲ့သည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် သူဖန်ဆင်းသောသတ္တဝါများဖြစ်သည်ကို အစဉ်အောက်မေ့ကြရမည်။ ဥပုသ်နေ့သည် ကျွန်ုပ်တို့လုပ်ဆောင်သောအရာမဟုတ်ဘဲ၊ ဘုရားသခင်လုပ်ဆောင်ပြီးခဲ့သောအရာကို ရည်ညွှန်းသည့်ကျေးဇူးတော်ဖြင့်ပေးသောလက်ဆောင်ဖြစ်သည်။ သူသည် ထိုနေ့ရက်ကိုအထူးသဖြင့်ကောင်းချီးပေး၍၊ သန့်ရှင်းစေသည်ဖြစ်ရာ၊ ကျွန်ုပ်တို့သည်အလုပ်အပြင်၊ အသက်တာတွင်ဖန်ဆင်းရှင်နှင့်ပေါင်းဖက်ခြင်း၊ အနားယူခြင်း၊ ဘုရားသခင်၏အံ့ဖွယ်လက်ရာများကိုချီးကျူးဂုဏ်ပြုခြင်းများလည်းပါဝင်ကြောင်း ဘယ်ခါမျှမမေ့အပ်ချေ (ကမ္ဘာ ၂း၂၊၃)။ ၎င်းအရေးကြီးမှုကိုအရေးထားရန်၊ ဖန်ဆင်းရှင်သည် ဖန်ဆင်းခြင်း၏ထာဝရအမှတ်လက္ခဏာအဖြစ်ပညတ်တော်၏အလယ်၌ ဤစင်ကြယ်သောသူ၏ ဖန်ဆင်းနိုင်စွမ်းတန်ခိုး၏အထိမ်းအမှတ်ကိုအောက်မေ့ရန် တရားဝင်အမိန့်ထားရှိခဲ့သည် (ထွက် ၂၀း၈–၁၁၊ ၃၁း၁၃–၁၇။ ယေဇကျေလ ၂၀း၂၀)။

**ဘုရားရှင်ပြဋ္ဌာန်းသောလက်ထပ်ထိမ်းမြားခြင်း။** ဖန်ဆင်းခြင်းအပတ်အကြောင်း ကျမ်းစာ၏မှတ်တမ်းသည် ဘုရားသခင်၏လူယောကျ်ား၊ လူမိန်းမကိုဖန်ဆင်း၍၊ လက်ထပ်ထိမ်းမြားပေးခြင်းနှင့် ဥပုသ်နေ့ကိုတည်ထောင်ပေးခြင်းတို့ဖြင့်အဆုံးသတ်သည်။ လက်ထပ်ထိမ်းမြားခြင်းကို ဘုရားရှင်၏ပြဋ္ဌာန်းချက်အဖြစ်မြဲမြဲစေရာတွင်၊

ဘုရားသခင်သည် ဤလူနှစ်ဦးအကြားတွင် ကြာရှည်တည်တံ့သောပေါင်းစည်းမှုရှိစေရန် ရည်ရွယ်ခဲ့သည်။ "ယောကျ်ားသည်... ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူတို့သည်တစ်သား တစ်ကိုယ်တည်းဖြစ်ရလိမ့်မည်" (ကမ္ဘာ ၂း၂၄)။

**စစ်မှန်သောမိမိကိုယ်ကိုတန်ဖိုးထားခြင်း၏အခြေအမြစ်။** ဖန်ဆင်းခြင်း ဖြစ်စဉ်က ကျွန်ုပ်တို့ကို ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းကြောင်းဖော်ပြ သည်။ ဤအချက်ကိုသဘောပေါက်ခြင်းသည် လူတစ်ဦးချင်းစီ၏တန်ဖိုးကို ကောင်းစွာ နားလည်စေသည်။ ကျွန်ုပ်တို့ကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း အထင်အမြင်သေးစရာအကြောင်းမရှိချေ။ ကျွန်ုပ်တို့အားဖန်ဆင်းရှင်နှင့်အမြဲတမ်း ဆက်သွယ်နိုင်သောအထူးအခွင့်အရေးနှင့် သူနှင့်သာ၍တူလာနိုင်သောအခွင့်ကို ဖန်ဆင်းခြင်း တွင် တစ်မူထူးသောနေရာကိုပေးထားသည်။

**စစ်မှန်သောပေါင်းဖော်ခြင်းအတွက်အခြေခံ။** ဘုရားသခင်၏ဖန်ဆင်းရှင် ဖြစ်ခြင်းသည် သူ၏ဖခင်ဖြစ်ခြင်းအဖြစ်ကိုအတည်ဖြစ်စေပြီး (မာလခိ ၂း၁၀)၊ လူသား အားလုံးသည် ညီနောင်များဖြစ်ကြောင်းကိုဖော်ပြသည်။ သူသည် ကျွန်ုပ်တို့၏အဖဖြစ် ၍၊ ကျွန်ုပ်တို့သည်သူ၏သားသမီးများဖြစ်ကြသည်။ လိင်၊ လူမျိုး၊ ပညာ သို့မဟုတ် ရာထူးကိုပဓာနမထားဘဲ၊ လူအားလုံးကို ဘုရားသခင်၏ပုံသဏ္ဍာန်နှင့် အညီဖန်ဆင်းသည်။ ဤအယူအဆကိုနားလည်ကျင့်သုံးခြင်းသည် လူမျိုးခွဲခြားဆက်ဆံ ခြင်းဝါဒ၊ တစ်ယူသန်သဘောထား၊ အမျိုးဇာတ်ခွဲခြားခြင်းနှင့် အခြားမည်သည့်ခွဲခြား မှုမျိုးမဆိုကိုရှင်းပစ်လိမ့်မည်။

**ကိုယ်ပိုင်ဘဏ္ဍာစိုး။** ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဖန်ဆင်းသောကြောင့်၊ ကျွန်ုပ်တို့သည် သူနှင့်သက်ဆိုင်သည်။ ဤအချက်သည်ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၊ စိတ်နှင့် ဝိညာဉ်ရေးဆိုင်ရာအစွမ်းများကို သစ္စာရှိစွာစောင့်ထိန်းရမည့်တာဝန်ရှိကြောင်းကိုပြသ သည်။ ဖန်ဆင်းရှင်ကိုလုံးဝမမှီခိုဘဲပြုမူခြင်းသည် ကျေးဇူးကန်းခြင်းစံနမူနာဖြစ်သည်။

**ပတ်ဝန်းကျင်းထိန်းသိမ်းရမည့်တာဝန်။** ဖန်ဆင်းချိန်က၊ ဘုရားသခင်သည် ရှေးဦးလူယောကျ်ားနှင့်မိန်းမကို ဥယျာဉ်တွင်ထားခဲ့သည် (ကမ္ဘာ ၂း၈)။ သူတို့သည် မြေကြီးကိုထွန်ယက်စိုက်ပျိုး၍၊ တိရစ္ဆာန်အားလုံးအပေါ်အုပ်စိုးရသောအခွင့်ရှိရန်ဖြစ်သည် (ကမ္ဘာ ၁း၂၈)။ ဤအချက်သည် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၏အရည်အသွေးကို ထိန်းသိမ်းရမည့် ဘုရားပေးတာဝန်ကျွန်ုပ်တို့၌ရှိကြောင်းကိုပြသသည်။

**လက်နှင့်လုပ်သောအလုပ်၏ဂုဏ်။** ဖန်ဆင်းရှင်သည်အာဒံအား ဧဒင် ဥယျာဉ်ကို "ပြုစုစောင့်ရှောက်" ရန်ထားခဲ့သည် (ကမ္ဘာ ၂း၁၅)။ ပြည့်စုံသော ကမ္ဘာတွင် ဤအသုံးဝင်သောလုပ်ငန်းကို လူတို့အားတာဝန်ပေးခြင်းသည် လက်နှင့် လုပ်သောအလုပ်၏ဂုဏ်ကိုဖော်ပြသည်။

**ရုပ်ပိုင်းဆိုင်ရာလောကဓာတ်၏တန်ဖိုး။** ဖန်ဆင်းခြင်းတစ်ဆင့်ချင်းစီတွင် ဘုရားသခင်သည်သူလုပ်သောအရာကို ကောင်းသည်ဟုဆိုခဲ့သည် (ကမ္ဘာ ၁း၁၀၊၁၂၊ ၁၇၊၂၁၊၂၅)။ ဖန်ဆင်းခြင်းပြီးဆုံးသောအခါ၊ သူသည်အရာအားလုံးကို “အလွန်ကောင်းသည်” ဟု ကြေညာခဲ့သည် (ကမ္ဘာ ၁း၃၁)။ ထို့ကြောင့်ဖန်ဆင်းသောအရာသည် ပင်ကိုအားဖြင့်မဆိုးဘဲ၊ ကောင်းသည်။

**မကောင်းမြင်ဝါဒ၊ အထီးကျန်ခြင်းနှင့် အဓိပ္ပါယ်မဲ့ခြင်းတို့အတွက်ဆေး။** ဖန်ဆင်းခြင်းဇာတ်ကြောင်းသည် ဆင့်ကဲဖြစ်စဉ်ကြောင့်ဖြစ်တည်လာခြင်း မဟုတ်ဘဲ၊ အရာရာကိုရည်ရွယ်ချက်ဖြင့်ဖန်ဆင်းသည်ကိုဖော်ပြသည်။ လူသားမျိုးနွယ်ကို ဖန်ဆင်းရှင်ကိုယ်တော်တိုင်နှင့် အစဉ်ဆက်ဆံရန်အတွက်ရည်ရွယ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အား အကြောင်းတရားတစ်ခုအတွက်ဖန်ဆင်းသည်ကိုနားလည်သောအခါ၊ အသက်တာသည် အဓိပ္ပါယ်ရှိ၍ကြွယ်ဝလာကာ၊ လူအများခံစားရသည့်နာကျင်သော ဘာမျှမရှိ ဟင်းလင်းဖြစ်ခြင်းနှင့် စိတ်မကျေနပ်မှုများကို ဘုရားသခင်၏ချစ်ခြင်းမေတ္တာအားဖြင့် အစားထိုးလိမ့်မည်။

**ဘုရားသခင့်ပညတ်တော်၏သန့်ရှင်းခြင်း။** ဘုရားသခင်၏ပညတ်တော်သည် အပြစ်မကျရောက်မီကရှိနေခဲ့သည်။ အပြစ်မရှိမီနှင့်အပြစ်တွင်းကျရောက်ပြီးနောက်ပိုင်း၊ လူသားတို့သည် ၎င်းကိုလိုက်နာရန်ဖြစ်သည်။ “ဘုရားသခင်၏ပညတ်တော်သည် ဘုရားကိုယ်တော်တိုင်ကဲ့သို့ပင်သန့်ရှင်းသည်။ ၎င်းသည် သူ၏အလိုတော်ကိုဖွင့်ပြခြင်း၊ သူ၏ဂုဏ်တော်ကိုကူးယူချက်၊ ဘုရားရှင်၏ချစ်ခြင်းမေတ္တာနှင့်ဉာဏ်တော်ကိုဖော်ပြခြင်းဖြစ်သည်။ ဖန်ဆင်းခြင်း၏သဟဇာတဖြစ်မှုသည် ဖန်ဆင်းရှင်၏ပညတ်တော်အတိုင်း၊ သက်ရှိသက်မဲ့အရာအားလုံး၏ လုံးဝလိုက်လျောညီညွတ်မှုအပေါ်တည်သည်။” ထိုပညတ်တော်သည် မိမိကိုယ်ကိုဖျက်ဆီးခြင်းကိုသတိပေးရန်၊ လွတ်လပ်မှု၏အကန့်အသတ်ကိုဖော်ပြရန် (ကမ္ဘာ ၂း၁၇) နှင့် ဘုရားသခင့်နိုင်ငံသားများ၏ပျော်ရွှင်မှုနှင့် ငြိမ်သက်ခြင်းကိုကာကွယ်ရန် (ကမ္ဘာ ၃း၂၂–၂၄) ဖြစ်သည်။

**အသက်၏စင်ကြယ်မြင့်မြတ်ခြင်း။** အသက်ကိုဖန်ဆင်းသောအရှင်သည် လူ့အသက်ဖြစ်တည်မှုတွင်ဆက်လက်ပါဝင်ပြီး၊ အသက်တာကိုစင်ကြယ်မြင့်မြတ်စေသည်။ ဒါဝိဒ်သည် မိမိမွေးဖွားခြင်း၌ဘုရားသခင်၏ပါဝင်မှုကြောင့်၊ သူ့ကိုချီးမွမ်းသည်။ “ကိုယ်တော်သည် အကျွန်ုပ်၏ကျောက်ကပ်ကိုပင်ဖန်ဆင်း၍၊ အမိဝမ်းထဲမှာအကျွန်ုပ်ကို ဖုံးအုပ်တော်မူပြီ။ အကျွန်ုပ်သည်ကြောက်မက်ဖွယ်သောလက္ခဏာ၊ ထူးဆန်းသောလက္ခဏာတို့နှင့်ပြည့်စုံသည်ဖြစ်၍၊ ကိုယ်တော်ကိုချီးမွမ်းပါမည်။... မထင်ရှားသောအရပ်၌အကျွန်ုပ်ကိုဖန်ဆင်း၍၊ မြေကြီးအောက်အရပ်၌စေ့စပ်စွာပြုပြင်တော်မူသောအခါ၊ အကျွန်ုပ်၏ကိုယ်ခန္ဓာသည် ရှေ့တော်၌ထင်ရှားလျက်ရှိပါ၏။ မစုံလင်သေးသော

အကျွန်ုပ်၏အလုံးအထွေးကိုလည်း ကိုယ်တော်သည်ကြည့်ရှု၍ မြင်တော်မူပြီ။ ထိုအရာတို့ကိုပြုပြင်၍ တစ်စုံတစ်ခုမျှမရှိမီကာလတွင်၊ ကိုယ်တော်၏စာရင်း၌အကုန်အစင်မှတ်သားလျက်ရှိကြပါ၏” (ဆာလံ ၁၃၉း၁၃–၁၆)။ ဟေရှာယအနာဂတ္တိကျမ်းတွင် ထာဝရဘုရားသည် မိမိကိုယ်ကို “ဖွားစကပင်သင့်ကိုပြုပြင်တော်မူသော” (ဟေရှာယ ၄၄း၂၄) သူအဖြစ်ဖော်ထုတ်သည်။ အသက်သည် ဘုရားသခင်၏ဆုကျေးဇူးဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် အသက်ကိုအလေးထား၍ စောင့်ထိန်းရမည့်တာဝန်ရှိသည်။

## ဘုရားသခင်၏ဖန်ဆင်းသောအလုပ်ဆက်နေသည်

ဘုရားသခင်သည် မိမိ၏ဖန်ဆင်းခြင်းကိုအဆုံးသတ်ပြီလော။ ဖန်ဆင်းခြင်းဇာတ်ကြောင်းသည် “ထိုသို့ကောင်းကင်မြေကြီးနှင့်တကွ၊ ခပ်သိမ်းသောတန်ဆာတို့သည်ပြီးစီးလျက်ရှိကြ၏” (ကမ္ဘာ ၂း၁) ဟူသောဖော်ပြချက်ဖြင့်ပြီးဆုံးသွားသည်။ ဓမ္မသစ်ကျမ်းက ဘုရားသခင်၏ဖန်ဆင်းခြင်းသည် “ကမ္ဘာဦးကပင်” (ဟေဗြဲ ၄း၃) ပြီးစီးခဲ့ပြီ။ ဤအရာကခရစ်တော်၏ဖန်ဆင်းခြင်းအစွမ်းသည် လုပ်ဆောင်ခြင်းမရှိတော့ဟုဆိုလိုပါသလား။ လုံးဝမဆိုလိုပါ။ ဖန်ဆင်းနိုင်သောနှုတ်ထွက်စကားသည် နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ဆောင်နေသေးသည်။

**၁။ ခရစ်တော်နှင့်သူ၏ဖန်ဆင်းနိုင်သောစကား။** ဖန်ဆင်းခြင်းပြီးနောက်နှစ်ပေါင်း (၄၀၀၀) တွင်၊ တပ်မှူးတစ်ယောက်ကယေရှုကို၊ “အမိန့်တော်တစ်ခွန်းရှိလျှင်ကျွန်တော်၏ငယ်သားသည်ချမ်းသာရပါလိမ့်မည်” (မဿဲ ၈း၈) ဟုဆိုခဲ့သည်။ သူသည်ဖန်ဆင်းချိန်ကပြုခဲ့ပြီးသကဲ့သို့ပင်၊ ယေရှုသည်အမိန့်တော်ရှိ၍၊ ငယ်သားသည်ရောဂါပျောက်ခဲ့သည်။ ယေရှု၏မြေကြီးပေါ်သာသနာပြုစဉ်ကာလတစ်လျှောက်၊ အာဒံ၏အသက်မဲ့သောကိုယ်ခန္ဓာကို အသက်ရှင်စေသောအလားတူဖန်ဆင်းခြင်းတန်ခိုးသည် သေသောသူတို့ကိုထမြောက်စေ၍၊ သူ၏အကူအညီကိုရှာသောဒုက္ခရောက်သူတို့အား အသစ်သောအသက်တာကိုယူဆောင်ပေးခဲ့သည်။

**၂။ ယနေ့ဖန်ဆင်းနိုင်သောစကား။** ဤကမ္ဘာသော်လည်းကောင်း၊ စကြဝဠာသော်လည်းကောင်း ယင်း၏ပင်ကိုစွမ်းအားဖြင့်လည်ပတ်သည်မဟုတ်ချေ။ ၎င်းတို့ကိုဖန်ဆင်းသောဘုရားသည် ၎င်းတို့ကိုထိန်းသိမ်းစောင့်ရှောက်သည်။ သူသည် “ကောင်းကင်ကိုမိုးတိမ်များနှင့်ဖုံးလွှမ်းသဖြင့်၊ မြေကြီးဖို့မိုးရေကိုပြင်ဆင်၍၊ တောင်များပေါ်မှာ မြက်ပင်ကိုပေါက်စေတော်မူ၏။ မြည်တတ်သောကျီးကန်းကလေးမှစ၍၊ တိရစ္ဆာန်များတို့ကိုကျွေးမွေးတော်မူ၏” (ဆာလံ ၁၄၇း၈၊၉)။ သူသည်မိမိစကားတော်ဖြင့် အရာခပ်သိမ်းကိုထိန်းသိမ်း၍၊ “ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာတည်ကြ၏” (ကောလောသဲ ၁း၁၇)။

ကျွန်ုပ်တို့၏ကိုယ်ခန္ဓာရှိဆဲလ်တိုင်း၏လုပ်ဆောင်မှုအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ်မှီခိုရသည်။ ထွက်သက်ဝင်သက်၊ နှလုံးခုန်ချက်နှင့်မျက်တောင်ခတ်ချက် တိုင်းသည် ချစ်ဖွယ်ဖန်ဆင်းရှင်၏ဂရုစိုက်မှုကိုပြောသည်။ "ငါတို့သည် ဘုရားသခင် အားဖြင့်အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိကြ၏" (တမန် ၁၇း၂၈)။

ဘုရားသခင်၏ဖန်ဆင်းနိုင်စွမ်းတန်ခိုးသည် ဖန်ဆင်းခြင်း၌သာမက၊ ရွေးနုတ် ခြင်းနှင့်အသစ်ပြုပြင်ခြင်းတို့တွင်လည်းပါဝင်သည်။ ဘုရားသခင်သည် စိတ်နှလုံးကို အသစ်ဖန်ဆင်းသည် (ဟေရှာ ၄၄း၂၁–၂၈။ ဆာလံ ၅၁း၁၀)။ ပေါလုက "ငါတို့သည် ကောင်းသောအကျင့်ကိုကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ပြုပြင်၍၊ ဖန်ဆင်းတော်မူရာ ဖြစ်ကြ၏" (ဧဖက် ၂း၁၀) ဟုဆိုသည်။ "လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏" (၂ကော ၅း၁၇)။ စကြဝဠာတွင်ကြယ်စင်စုများကို ပစ်ပေါက်သောဘုရားသည်၊ ထိုတန်ခိုးကိုအနိမ့်ကျဆုံးသောအပြစ်သားအား မိမိ ပုံသဏ္ဍာန်နှင့်အညီ ပြန်လည်ဖန်ဆင်းရန်အသုံးပြုသည်။

ဤရွေးနုတ်၍၊ အသစ်ပြုပြင်သောတန်ခိုးသည် လူသားတို့၏အသက်တာကို ပြောင်းလဲစေရန်သာကန့်သတ်ထားသည်မဟုတ်။ ကောင်းကင်နှင့်မြေကြီးကိုမူလဖန်ဆင်းသော ထိုတန်ခိုးသည် နောက်ဆုံးတရားစီရင်ခြင်းအပြီးတွင်၊ ၎င်းတို့ကိုပြန်လည်အသစ် ဖန်ဆင်း၍၊ ခမ်းနားသောကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ပြန်လည်ဖန်ဆင်းလိမ့်မည်။ (ဟေရှာယ ၆၅း၁၇–၁၉။ ဗျာ ၂၁။ ၂၂)။

## ဖန်ဆင်းခြင်းနှင့်ကယ်တင်ခြင်း

ထိုကြောင့်၊ ဖန်ဆင်းခြင်းနှင့်ကယ်တင်ခြင်းသည် ယေရှုခရစ်၌ဆုံမိသည်။ သူသည်ကြီးကျယ်သောစကြဝဠာနှင့်ပြည့်စုံသောကမ္ဘာကို ဖန်ဆင်းခဲ့သည်။ ဖန်ဆင်း ခြင်းနှင့်ကယ်တင်ခြင်းတို့၏တူညီသောအချက်များကို နှိုင်းယှဉ်ခြင်းသည်အရေးပါသည်။

**ဖန်ဆင်းခြင်းကာလ။** ဖန်ဆင်းခြင်း၌ ခရစ်တော်သည်အမိန့်ပေး၍၊ ချက်ချင်းဖြစ်လာခဲ့သည်။ ကျယ်ပြောလှသောကာလအတွင်း အသွင်ပြောင်းလဲခြင်း မဟုတ်ဘဲ၊ သူ၏ကြီးသောစကားအားဖြင့်ဖန်ဆင်းခဲ့သည်။ ခြောက်ရက်တွင်သူသည် အရာခပ်သိမ်းကိုဖန်ဆင်းခဲ့သည်။ သို့သော် အဘယ်ကြောင့်ခြောက်ရက်ပင်ကြာခဲ့သနည်း။ သူသည်တစ်ကြိမ်တည်းမိန့်တော်မူ၍၊ တစ်ခဏချင်းတွင် အရာရာကိုမဖြစ်စေနိုင်သလော။

သူသည်ထိုခြောက်ရက်အတွင်း၊ ကျွန်ုပ်တို့၏ကမ္ဘာဂြိုဟ်ကိုပြသလို၍လည်း ဖြစ်နိုင်သည်။ သို့မဟုတ် ဤ "ဆန့်ထုတ်သော" အချိန်သည် ဖန်ဆင်းသည့်အရာ တစ်ခုချင်းအပေါ် သူတန်ဖိုးထားသည့်အကြောင်းနှင့်လည်း သက်ဆိုင်မှုရှိနိုင်သည်။

သို့တည်းမဟုတ် လုပ်ငန်းလည်ပတ်ရန်အတွက်ပုံစံအဖြစ် ခုနစ်ရက်ကိုဖော်ပြလိုသောသူ၏ ဆန္ဒနှင့် လူသားများအတွက် သူရည်ရွယ်သည့်နားနေခြင်းအတွက်ကြောင့်လည်းဖြစ်နိုင်သည်။

သို့သော်၊ ခရစ်တော်သည်ကယ်တင်ခြင်းကိုဖြစ်စေဟုမပြောခဲ့ချေ။ လူတို့ကိုကယ်တင်မည့်လုပ်ငန်းစဉ်ကို နှစ်ထောင်ချီမကဆွဲဆန့်သည်။ ၎င်းတွင် ပဋိညာဉ်အဟောင်းနှင့်အသစ်၊ ခရစ်တော်၏မြေကြီးပေါ်အသက်တာနှင့် နောက်ပိုင်း၊ နှစ်ပေါင်း (၂၀၀၀) မျှကောင်းကင်ဆိုင်ရာဖျန်ဖြေခြင်းလုပ်ငန်းတို့ပါဝင်သည်။ အချိန်ကာလသည် ကျယ်ပြောလှပြီး၊ ကျမ်းစာ၏ကာလအစဉ်အတိုင်းအရ၊ ဖန်ဆင်းချိန်မှစ၍ နှစ်ပေါင်း (၆၀၀၀) ကြာလာခဲ့ပြီး၊ လူတို့သည် ဒေင်ဥယျာဉ်သို့ပြန်မသွားကြသေးချေ။

ဖန်ဆင်းခြင်းအတွက်နှင့် ပြန်လည်ဖန်ဆင်းခြင်းအတွက် လိုအပ်သောအချိန်ကို နှိုင်းယှဉ်ခြင်းသည် လူသားမျိုးနွယ်၏အကောင်းဆုံးသောအကျိုးအတွက် ဘုရားသခင်၏ အမြဲလုပ်ဆောင်မှုများကိုဖော်ပြသည်။ တိုတောင်းသောဖန်ဆင်းခြင်းကာလသည် မိမိဖန်ဆင်းသည့်လက်ရာကို မွေ့လျော်နိုင်မည့်အရွယ်ရောက်ပြီး သတ္တဝါတို့ကိုဖန်ဆင်းလိုသောသူ၏ဆန္ဒကိုရောင်ပြန်ဟပ်သည်။... ပြန်လည်ဖန်ဆင်းခြင်းအတွက် ခွင့်ပြုသောအချိန်ကာလသည် လူတို့ကိုများနိုင်သမျှများအောင်ကယ်တင်လိုသော ဘုရားသခင်၏ဆန္ဒကိုဖော်ပြသည် (၂ပေ ၃း၉)။

**ခရစ်တော်၏ဖန်ဆင်းခြင်းအလုပ်။** ဒေင်ဥယျာဉ်တွင် ခရစ်တော်သည် ဖန်ဆင်းနိုင်သောစကားကို မိန့်မြွက်ခဲ့သည်။ ဗက်လင်မြို့တွင် "နှုတ်ကပတ်တော်သည် လူဇာတိအဖြစ်ကိုခံယူခဲ့သည်" (ယောဟန် ၁း၁၄)။ ဖန်ဆင်းရှင်သည် လူသားတို့၏ အစိတ်အပိုင်းဖြစ်လာခဲ့သည်။ အဆုံးစွန်မိမိကိုယ်ကိုနှိမ့်ချခြင်းပါတကား။ မည်သူမျှ ခရစ်တော်၏ကမ္ဘာမြေဖန်ဆင်းခြင်းကို မမြင်ခဲ့ကြသော်လည်း၊ မျက်ကန်းကိုမြင်စေသော တန်ခိုး (ယောဟန် ၉း၆၊၇)၊ ဆွံ့အသောသူကိုစကားပြောစေသောတန်ခိုး (မဿဲ ၉း၃၂း၃၃)၊ နူနာသည်ကိုသန့်ရှင်းစေသောတန်ခိုး (မဿဲ ၈း၂၊၃)၊ သေသူကိုထမြောက်စေသောတန်ခိုး (ယောဟန် ၁၁း၁၄–၄၅) ကိုမူ လူများစွာကမြင်ခဲ့ကြသည်။

ခရစ်တော်သည် ဒုတိယအာဒံကဲ့သို့ကြွလာ၍၊ လူသားအတွက်အသစ်သော အစကိုပြုခဲ့သည်။ (ရောမ ၅)။ သူသည် လူတို့အားဒေင်ဥယျာဉ်ကအသက်ပင်ကို ပေးခဲ့သည်။ သို့သော် လူတို့သည်သူ့ကိုကရာနိသစ်တိုင်ပေါ်တွင်ချိတ်ဆွဲခဲ့ကြသည်။ ပရဒိသုဘုံတွင် လူတို့သည်ဘုရားသခင်၏ပုံသဏ္ဌာန်ဖြင့် အရပ်ရှည်ရှည်ရပ်နေကြသည်။ သို့သော် ကရာနိတွင်လူသားယေရှုသည် ရာဇဝတ်သား၏ပုံသဏ္ဌာန်ဖြင့် ဆွဲခြင်းခံရသည်။ ဖန်ဆင်းခြင်းသောကြာနေ့နှင့် ကပ်တိုင်တင်သတ်ခံခြင်းသောကြာနေ့ နှစ်ရက်စလုံးတွင် ဖန်ဆင်းခြင်းပြီးဆုံးကြောင်းမြွက်ဆိုရာတွင် "အမှုပြီးပြီ" ဟုဆိုခဲ့သည်။ ပထမ

အမှုကိုဘုရားအနေဖြင့်နှင့်၊ ဒုတိယတစ်ခုကိုလူသားအနေဖြင့်လည်းကောင်း၊ ပထမတစ်ခုကိုလျင်မြန်သောတန်ခိုးဖြင့်နှင့် ဒုတိယကိုလူသား၏ဝေဒနာခံခြင်းဖြင့်လည်းကောင်း၊ ပထမအရာသည်တစ်ချိန်တည်းအတွက်နှင့် ဒုတိယအရာသည်ထာဝရအတွက်လည်းကောင်း၊ ပထမအရာသည်အပြစ်သို့ကျရောက်ရန်နှင့် အခြားအရာသည်စာတန်အပေါ်အောင်နိုင်ရန် ခရစ်တော်သည်ပြီးမြောက်စေခဲ့သည်။

ရှေးဦးစွာလူတို့ကိုအသက်ပေးသောအရာမှာ ခရစ်တော်၏ပြည့်စုံအံ့ဖွယ်သောလက်ဖြစ်ပြီး၊ လူတို့အားထာဝရအသက်ကိုပေးသောအရာမှာလည်း ဖောက်ခြင်းခံ၍သွေးစွန်းသောခရစ်တော်၏လက်ပင်ဖြစ်သည်။ အကြောင်းမှာ လူတို့ကိုတစ်ကြိမ်အတွက်သာဖန်ဆင်းသည်မဟုတ်၊ သူတို့ကိုပြန်လည်ဖန်ဆင်းနိုင်သည်။ ဖန်ဆင်းခြင်းနှင့် ပြန်လည်ဖန်ဆင်းခြင်းနှစ်ခုစလုံးသည် တန်းတူညီမျှခရစ်တော်၏အလုပ်ဖြစ်၍၊ ၎င်းတို့သည် သဘာဝအတိုင်းတိုးတက်ပြောင်းလဲလာခြင်းမဟုတ်ချေ။

ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းသောကျွန်ုပ်တို့ကို ဘုရားသခင်၏ဘုန်းကိုထင်ရှားစေရန် ခေါ်တော်မူခြင်းခံကြရသည်။ သူ၏ဖန်ဆင်းခြင်းအထွတ်အထိပ်အဖြစ်၊ ဘုရားသခင်သည်အယောက်စီတိုင်းကို မိမိနှင့်မိတ်သဟာယဖွဲ့ရန်၊ ခရစ်တော်၏အသစ်ပြုပြင်သောတန်ခိုးကို နေ့စဉ်ရှာဖွေရန်ဖိတ်ခေါ်သည်။ ထိုသို့ဖြင့် ဘုရားသခင်၏ဘုန်းတော်အတွက်၊ ကျွန်ုပ်တို့သည် သူ၏ပုံသဏ္ဍာန်ကိုသာ၍ပြည့်စုံစွာရောင်ပြန်ဟပ်နိုင်လိမ့်မည်။

–o–

# အခန်း– ၇
# လူသားတို့၏သဘောသဘာဝ

လူယောကျ်ားနှင့်လူမိန်းမတို့ကို ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ၊ ပင်ကို လက္ခဏာအပါအဝင်ဖန်ဆင်း၍၊ တွေးခေါ်လုပ်ဆောင်ရန်အစွမ်းနှင့် လွတ်လပ်ခွင့်ကို ပေးထားသည်။ လွတ်လပ်သောသတ္တဝါများအဖြစ်ဖန်ဆင်းခဲ့သော်လည်း၊ လူတစ်ဦးစီ သည် ခန္ဓာ၊ စိတ်နှင့် ဝိညာဉ်တို့ခွဲခြား၍မရနိုင်သောဖွဲ့စည်းမှုဖြစ်ပြီး၊ အသက်၊ ထွက်သက်ဝင်သက်နှင့် အခြားအရာအားလုံးအတွက် ဘုရားသခင်အပေါ်မှီခိုနေရသည်။ ကျွန်ုပ်တို့၏ကနဦးမိဘများသည် ဘုရားသခင်ကိုမနာခံသောအခါ၊ ဘုရားသခင်အပေါ် မှီခိုခြင်းကိုငြင်းပယ်ရာရောက်ပြီး၊ သူတို့၏မြင့်မားသောအဆင့်မှကျသွားခဲ့ကြသည်။ သူတို့တွင်ရှိသော ဘုရားသခင်၏ပုံသဏ္ဍာန်သည်ရုပ်ပျက်လာ၍၊ သူတို့သည်သေမျိုး ဖြစ်လာခဲ့သည်။ သူတို့၏သားစဉ်မြေးဆက်တို့သည် ဤကျရှုံးမှုသဘာဝနှင့် ၎င်း၏ အကျိုးဆက်များကိုမျှဝေခံစားကြရသည်။ သူတို့သည်အားနည်းချက်များနှင့် ဒုစရိုက် ပြုလိုသောစိတ်ထားများဖြင့် မွေးဖွားလာကြသည်။ သို့ရာတွင် ဘုရားသခင်သည် ခရစ်တော်၌လောကီသားများကို မိမိကိုယ်တိုင်နှင့်ပြန်လည်သင့်မြတ်စေကာ၊ သူ၏ ဝိညာဉ်တော်သည်လည်း နောင်တရသည့်သေမျိုးဖြစ်သောလူတို့တွင် မိမိတို့ ဖန်ဆင်းရှင်၏ပုံသဏ္ဍာန်ကို ပြန်လည်ဖော်ထုတ်သည်။ ဘုရားသခင်၏ဘုန်းတော် အတွက်ဖန်ဆင်းခြင်းကြောင့်၊ သူတို့သည် ကိုယ်တော်နှင့်အချင်းချင်းချစ်ရန်နှင့် မိမိတို့ ပတ်ဝန်းကျင်ကိုစောင့်ရှောက်ရန် ခေါ်တော်မူခြင်းခံရသည်။ (ကမ္ဘာ ၁း၂၆–၂၈။ ၂း၇၊၁၅။ ၃။ ဆာလံ ၈း၄–၈။ ၅၁း၅၊၁၀။ ၅၈း၃။ ယေရမိ ၁၇း၉။ တမန် ၁၇း၂၄–၂၈။ ရောမ ၅း၁၂–၁၇။ ၂ကော ၅း၁၉၊၂၀။ ဖေက် ၂း၃။ ၁သက် ၅း၂၃။ ၁ယော ၃း၄။ ၄း၇၊၈၊၁၁၊၂၀)။

“တစ်ဖန်ဘုရားသခင်က၊ ငါတို့ပုံသဏ္ဍာန်နှင့်တညီတစ်သဏ္ဍာန်တည်း လူကို ဖန်ဆင်းကြစို့” (ကမ္ဘာ ၁း၂၆) ဟုဆိုခဲ့သည်။ ဘုရားသခင်သည် မိမိ၏အထွတ် အထိပ်ဖန်ဆင်းခြင်းအမိန့်တော်ဖြင့် ဖြစ်မလာစေခဲ့ပါ။ ထိုအစား၊ သူသည် မြေမှုန့်မှ ဤသတ္တဝါအသစ်ကိုပုံသွင်းရန် ကြင်နာစွာကိုယ်ကိုငုံ့လျှိုးကိုင်းခဲ့သည်။

မြေကြီးပေါ်ရှိတီထွင်ဉာဏ်အကောင်းဆုံးသောပန်းပုဆရာသည် ထိုသို့သော မြင့်မြတ်သည့်သတ္တဝါကို ဘယ်ခါမျှထွင်းထုနိုင်မည်မဟုတ်ချေ။ မိုက်ကယ်အိမ်ဂျယ်လိုသည်

အံ့မခန်းအပြင်ပန်းကိုဂရုတစိုက်ထုဆစ်နိုင်ပေလိမ့်မည်။ သို့သော်၊ ကိုယ်ခန္ဓာအစိတ်အပိုင်းနှင့် သက်ရှိကိစ္စများလည်းပတ်စေရန်နှင့် အလှအပအတွက်မည်သို့ပုံသွင်းနိုင်မည်နည်း။

ပြည့်စုံသောပုံသွင်းအရုပ်သည် ဆံပင်၊ မျက်တောင်၊ လက်သည်းစသည်ဖြင့် သူ့နေရာနှင့်သူအစုံအလင်ဖြင့် လျောင်းနေသော်လည်း၊ ဘုရားသခင်သည်မပြီးသေးချေ။ ဤလူသားသည် မြေမှုန့်အစုအဝေးမျှမဟုတ်ဘဲ၊ အသက်ရှင်ရန်၊ တွေးခေါ်ရန်၊ တီထွင်ဖန်တီးရန်နှင့် ဂုဏ်ကျက်သရေ၌ကြီးထွားရန်ဖြစ်သည်။

ဤခန့်ညားသောလူ–အပေါ်သို့ကိုယ်ကိုကိုင်းညွတ်လျက်၊ ဖန်ဆင်းရှင်သည် "သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကိုမှုတ်တော်မူလျှင်၊ လူသည်အသက်ရှင်သော သတ္တဝါဖြစ်လေ၏" (ကမ္ဘာ ၂း၇)။ လူယောကျာ်း၏အဖော်လိုအပ်ချက်ကို သဘောပေါက်လျက်၊ ဘုရားသခင်သည် "သူနှင့်တော်သောအထောက်အမကို" ဖန်ဆင်းခဲ့သည်။ ဘုရားသခင်သည် "ကြီးသောအိပ်ခြင်းဖြင့်အိပ်စေ" ခဲ့သည်။ အာဒံအိပ်ပျော်သောအခါ၊ ဘုရားသခင်သည်အာဒံ၏နံရိုးတစ်ချောင်းကိုထုတ်၍၊ ၎င်းကို လူမိန်းမအဖြစ်ဖန်ဆင်းခဲ့သည် (ကမ္ဘာ ၂း၁၈၊၂၁၊၂၂)။ "ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ လူယောကျာ်း၊ လူမိန်းမကို ဖန်ဆင်း" (ကမ္ဘာ ၁း၂၇) ခဲ့သည်။ ထို့နောက်၊ ဘုရားသခင်သည် သူတို့ကိုကောင်းချီးပေး၍၊ "အချင်းတို့၊ များပြားစွာမွေးဖွားကြလော့။ မြေကြီးကိုပြည့်စေ၍၊ နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုလည်းကောင်း၊ မိုးကောင်းကင်ငှက်တို့ကိုလည်းကောင်း၊ အသက်ရှင်၍ မြေပေါ်မှာလှုပ်ရှားတတ်သောတိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း အုပ်စိုးကြလော့ဟု မိန့်တော်မူ၏" (ကမ္ဘာ ၁း၂၈)။ ယနေ့ကမ္ဘာမြေပေါ်တွင်အကောင်းဆုံးသောအရာထက် သာ၍ရှုမောဖွယ်ဥယျာဉ်အိမ်ကို အာဒံနှင့်ဧဝတို့အားပေးခဲ့သည်။ ထိုနေရာတွင် ဘုရားသခင်ကိုယ်တော်တိုင်ဆင်ယင်သော သစ်ပင်များ၊ စပျစ်နွယ်ပင်များ၊ ပန်းများ၊ တောင်ကုန်းများ၊ ချိုင့်ဝှမ်းများရှိသည်။ အထူးသစ်ပင်နှစ်ပင်ဖြစ်သည့် အသက်ပင်နှင့် ကောင်းမကောင်းသိကျွမ်းရာအပင်တို့ရှိသည်။ ဘုရားသခင်သည် အာဒံနှင့်ဧဝကို ကောင်းမကောင်းသိကျွမ်းရာအပင်မှလွဲ၍၊ အခြားအပင်အားလုံးကိုလွတ်လပ်စွာစားခွင့်ပြုခဲ့သည် (ကမ္ဘာ ၂း၈၊၉၊၁၇)။

ထို့ကြောင့်၊ ဖန်ဆင်းခြင်းအပတ်၏အထွတ်အထိပ်ဖြစ်ရပ်သည် ပြီးမြောက်သွားခဲ့သည်။ ထို့နောက်၊ "ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကိုကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကိုမြင်တော်မူ၏" (ကမ္ဘာ ၁း၃၁)။

## လူသားတို့၏မူလအစ

ယနေ့များစွာသောသူတို့က၊ လူသားတို့သည်နိမ့်ကျသောတိရစ္ဆာန်များမှအဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်လာသည်၊ နှစ်သန်းပေါင်းထောင်ချီ၍သဘာဝတရား၏စီမံမှုကြောင့် ဖြစ်လာသည်ဟုယုံကြည်ကြသော်လည်း၊ ထိုသို့သောအယူအဆသည် သမ္မာကျမ်းစာ မှတ်တမ်းနှင့်ကိုက်ညီမှုမရှိချေ။ လူသားများသည် မျိုးရိုးစဉ်ဆက်ဆင်းသက်လာသည် ဟူသောအရာမှာ၊ လူသားတို့၏သဘာဝနှင့်ဆိုင်၍ ကျမ်းစာ၏ရှုမြင်ချက်အတွက်အရေး ပါလှသည်။

**ဘုရားသခင်သည်လူသားများကိုဖန်ဆင်းခဲ့သည်။** လူသားမျိုးနွယ်၏မူလ သည် ဘုရားရှင်၏အစည်းအဝေးမှအစပြုသည်။ ဘုရားသခင်သည် "လူကိုဖန်ဆင်းကြစို့" (ကမ္ဘာ ၁း၂၆) ဟုဆိုခဲ့သည်။ "ငါတို့၊ ကြစို့" ဟူသောအများဆိုင်ရာအညွှန်းသည် ခမည်းတော်ဘုရား၊ သားတော်ဘုရားနှင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရား– သုံးပါး တစ်ဆူကိုရည်ညွှန်းသည်။ ထို့နောက်၊ စိတ်တစ်သဘောတည်းဖြင့်၊ ဘုရားသခင်သည် ပထမလူသားကိုစတင်ဖန်ဆင်းခဲ့သည် (ကမ္ဘာ ၁း၂၇)။

**မြေမှုန့်မှဖန်ဆင်းခဲ့သည်။** ဘုရားသခင်သည်လူသားကို "မြေမှုန့်" (ကမ္ဘာ ၂း၇) မှပုံသွင်းခဲ့ရာတွင်၊ ရှိနှင့်ပြီးအရာကိုအသုံးပြုခဲ့သော်လည်း၊ ရေနေ သို့မဟုတ် ကုန်းနေတိရစ္ဆာန်များကဲ့သို့သောသက်ရှိသတ္တဝါများကို အသုံးမပြုခဲ့ချေ။ သူသည် ကိုယ်အင်္ဂါအားလုံးကိုပြုလုပ်၍၊ သူ့နေရာနှင့်သူထားပြီးမှ၊ "ဇီဝအသက်" ကိုမှုတ်သွင်းကာ၊ လူသည်အသက်ရှင်သောသူဖြစ်လာသည်။

**ဘုရားရှင်၏ပုံသဏ္ဌာန်နှင့်အညီဖန်ဆင်းခဲ့သည်။** ဘုရားသခင်သည် ငါးများ၊ ငှက်များ၊ တွားသွားသတ္တဝါများ၊ အင်းဆက်ပိုးများ၊ နို့တိုက်သတ္တဝါများစသည့် အခြားတိရစ္ဆာန်တစ်မျိုးစီကို "အမျိုးအလိုက်" (ကမ္ဘာ ၁း၂၁၊၂၄၊၂၅) ဖန်ဆင်းခဲ့သည်။ မျိုးစိတ်တစ်ခုချင်းစီသည် ၎င်း၏ကိုယ်ပိုင်ပုံစံရှိပြီး၊ ၎င်းမျိုးစိတ်မျိုးကိုမျိုးပွားနိုင်သော အစွမ်းရှိသည်။ သို့သော်ငြားလည်း၊ လူသားတို့ကိုမူ တိရစ္ဆာန်ကဲ့သို့မဟုတ်ဘဲ၊ ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်အညီဖန်ဆင်းခဲ့သည်။ "ဘုရားသခင်က၊ ငါတို့ပုံသဏ္ဌာန်နှင့် တညီ တစ်သဏ္ဌာန်တည်းလူကိုဖန်ဆင်းကြစို့" (ကမ္ဘာ ၁း၂၆) ဟု ဆိုခဲ့သည်။ လူသားနှင့်တိရစ္ဆာန်အကြားတွင်ဆက်စပ်မှုမရှိသည်မှာ ထင်ရှားသည်။ ရှင်လုကာသည် လူသားတို့၏မူလကိုပြသသည့် ဆွေစဉ်မျိုးဆက်ပြကားချပ်သည် ဤခြားနားမှုကို ရိုးရိုးဖြင့်၊ လေးလေးနက်နက်ဖော်ပြသည်မှာ "အာဒံအဘဘုရားသခင်ပေတည်း" (လုကာ ၃း၃၇) ဟူ၍ဖြစ်သည်။

**လူသား၏မြင့်သောအဆင့်။** လူသားကိုဖန်ဆင်းခြင်းသည် ဖန်ဆင်းခြင်းအားလုံး၏အထွတ်အထိပ်ဖြစ်သည်။ ဘုရားသခင်သည် အချုပ်အခြာအာဏာပိုင်ဘုရား၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းသောလူသားကို ကမ္ဘာဂြိုဟ်နှင့်တိရစ္ဆာန်အားလုံးကိုစောင့်ရှောက်ရန်ထားရှိသည်။ အယ်ဘားကုပ် (L. Berkhof) က၊ "သူ့အုပ်စိုးမှုအောက်၌ရှိ၍၊ သူ့အလိုနှင့်ရည်ရွယ်ချက်၌ ခယဝပ်တွားသောသဘာဝတရားအားလုံးနှင့်ဖန်ဆင်းသောသတ္တဝါအားလုံးက၊ သူနှင့်သူ၏ခမ်းနားသောအုပ်စိုးမှုသည် ဘုန်းတန်ခိုးနှင့်ပြည့်စုံသောဖန်ဆင်းရှင်နှင့် စကြဝဠာအရှင်၏ဘုန်းကို ထင်ရှားစေခြင်းငှာ၊ သူ (အာဒံ) ၏တာဝန်နှင့်အခွင့်ထူးဖြစ်သည်" (ကမ္ဘာ ၁း၂၈။ ဆာလံ ၈း၄–၉)။

**လူသားမျိုးနွယ်၏စုဖွဲ့မှု။** ကမ္ဘာဦးကျမ်းကဆွေစဉ်မျိုးဆက်ပြကားချပ်သည် အာဒံနှင့်ဧဝတို့နောက်ပိုင်းအဆင့်ဆင့်မျိုးဆက်၏ ဤပထမစုံတွဲမှလူအားလုံးဆင်းသက်သည်ကိုဖော်ပြသည်။ လူသားများအနေဖြင့်၊ ကျွန်ုပ်တို့အားလုံးသည် မျိုးရိုးဗီဇဆိုင်ရာစုဖွဲ့မှုကို ဖွဲ့စည်းသည့်တူသောသဘာဝရှိကြသည်။ ပေါလုက "ဘုရားသခင်သည် မြေတစ်ပြင်လုံး၌နေရသော လူအမျိုးမျိုးတို့ကိုတစ်သွေးတည်းနှင့် ဖန်ဆင်းတော်မူ၏" (တမန် ၁၇း၂၆) ဟုဆိုခဲ့သည်။

ထို့ပြင်မက အာဒံ၏ကျူးလွန်ခြင်းသည် အပြစ်နှင့်သေခြင်းကိုလူအားလုံးအပေါ်ယူဆောင်လာပြီး၊ ခရစ်တော်အားဖြင့် လူအားလုံးအတွက်ကယ်တင်ခြင်းကိုစီမံထားကြောင်း သမ္မာကျမ်းစာ၏အတည်ပြုချက်တွင် ကျွန်ုပ်တို့မျိုးနွယ်၏စုဖွဲ့မှုအခြားအညွှန်ကို ကျွန်ုပ်တို့တွေ့ရသည် (ရောမ ၅း၁၂၊၁၉။ ၁ကော ၁၅း၂၁၊၂၂)။

## လူ့သဘာဝ၏စုဖွဲ့မှု

လူသားတို့၏ပင်ကိုလက္ခဏာအစိတ်အပိုင်းများသည် အဘယ်နည်း။ ခန္ဓာ၊ စိတ်၊ ဝိညာဉ် စသည့်မှီခိုနေသောအစိတ်အပိုင်းတချို့ဖြင့် ဖွဲ့စည်းပါသလား။

**ဇီဝအသက်။** "ဘုရားသခင်သည် မြေမှုန့်ဖြင့်လူကိုဖန်ဆင်း၍၊ သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကိုမှုတ်တော်မူလျှင်၊ လူသည် အသက်ရှင်သောသတ္တဝါဖြစ်လေ၏" (ကမ္ဘာ ၂း၇)။

ဘုရားသခင်သည်မြေမှုန့်မှကိုယ်ခန္ဓာကိုပုံသွင်းပြီး၊ သူသည်အာဒံ၏အသက်မဲ့သောခန္ဓာ၏နှာခေါင်းထဲသို့ "ဇီဝအသက်ကိုမှုတ်" က၊ လူသည်အသက်ရှင်သောသတ္တဝါဖြစ်လာခဲ့သည် (ကမ္ဘာ ၂း၇)။ ဤဇီဝကအသက်သည် အသက်ကိုပေးသော "အနန္တတန်ခိုးရှင်၏အသက်တော်" (ယောဘ ၃၃း၄) ဖြစ်သည်။ ကျွန်ုပ်တို့သည် ၎င်းကိုလျှပ်စစ်စီးကြောင်းနှင့် နှိုင်းယှဉ်နိုင်သည်။ ကျွန်ုပ်တို့သည် ရောင်စုံရုပ်မြင်သံကြားကိုဖွင့်လိုက်သောအခါ၊ လျှပ်စစ်စီးကြောင်းသည် လျှပ်စစ်ပစ္စည်းများထဲသို့စီးဝင်ပြီး

ငြိမ်သက်သည့်မီးခိုးရောင်ဖန်သားပြင်သည် အရောင်အစုံအလင်ဖြင့်သက်ဝင်လှုပ်ရှားလာသည်။ လျှပ်စစ်ဓာတ်သည် တစ်ချိန်ကဘာမျှမရှိခဲ့သောနေရာတွင် အသံနှင့်လှုပ်ရှားမှုကို ဖြစ်ပေါ်စေသည်။

**အသက်ရှင်သောလူ။** ဇီဝအသက်သည်ဘာကိုပြုလုပ်သနည်း။ ဘုရားသခင်သည် လူကိုမြေမှုန့်ဖြင့်ဖန်ဆင်းချိန်က၊ နှလုံး၊ အဆုတ်၊ ကျောက်ကပ်၊ အသည်း၊ သရက်ရွက်၊ ဦးနှောက်စသည်ဖြင့် အင်္ဂါများပြည့်စုံသော်လည်း၊ အသက်မဲ့နေခဲ့သည်။ ထို့နောက်ဘုရားသခင်သည် ဤအသက်မဲ့သောအရာထဲသို့ ဇီဝအသက်ကိုမှုတ်သွင်းရာ၊ "လူသည်အသက်ရှင်သောသတ္တဝါဖြစ်လေ၏။"

ကျမ်းစာ၏ညီမျှခြင်းပုံသေနည်းသည် ရိုးစင်းသည်။ မြေမှုန့် + ဇီဝအသက် = အသက်ရှင်သောလူ။ မြေကြီးနှင့်ဇီဝအသက်ပေးခြင်း၏ရလဒ်မှာ အသက်ရှင်သောလူဖြစ်သည်။

ဤ "ဇီဝအသက်" ကို လူတို့အတွက်သာ ကန့်သတ်ထားသည်မဟုတ်။ အသက်ရှင်သောသတ္တဝါအားလုံးသည် ၎င်းကိုပိုင်ဆိုင်ကြသည်။ ဥပမာ၊ သမ္မာကျမ်းစာသည် နောဧသင်္ဘောထဲသို့ဝင်သောတိရစ္ဆာန်နှင့် မဝင်သောတိရစ္ဆာန်အားလုံး ဇီဝအသက်ရှိသည်ဟုထည့်တွက်သည်။ (ကမ္ဘာ ၇း၁၅၊၂၂)။

ကမ္ဘာဦးကျမ်း ၂း၇ တွင် "အသက်ရှင်သောသတ္တဝါ" သို့မဟုတ် "အသက်ရှင်သောဝိညာဉ်" ဟုဘာသာပြန်ဆိုသောဟေဗြဲဝေါဟာရမှာ နယ်ဖက်စ်ချေယ (nephesh chayyah) ဖြစ်သည်။ ဤစကားအသုံးအနှုန်းသည် လူအတွက်သာသီးသန့်သတ်မှတ်သည်မဟုတ်ဘဲ၊ ရေသတ္တဝါများ၊ အင်းဆက်ပိုးများ၊ တွင်းသွားသတ္တဝါများနှင့် သားရဲတိရစ္ဆာန်များကိုလည်း ရည်ညွှန်းသည် (ကမ္ဘာ ၁း၂၀၊၂၄။ ၂း၁၉)။

"သတ္တဝါ" သို့မဟုတ် "ဝိညာဉ်" ဟု ဘာသာပြန်ဆိုသော နယ်ဖက်စ် (nephesh) သည် "အသက်ရှူသည်" ဟုအဓိပ္ပါယ်ရသော နာဖါးစ် (naphash) မှလာသည်။ ဓမ္မသစ်ကျမ်းတွင်၎င်း၏အဓိပ္ပါယ်တူ ဂရိ (Greek) စကားလုံးမှာ ဆူးခဲ (psuche) ဖြစ်သည်။ "ထွက်သက်ဝင်သက်သည် အသက်၏အပေါ်လွင်ဆုံးသောသက်သေဖြစ်နေသရွေ့၊ နက်ဖက်စ်သည် အခြေခံအားဖြင့်လူကိုအသက်ရှင်သောသတ္တဝါ၊ လူပုဂ္ဂိုလ်အဖြစ်သတ်မှတ်သည်။ ဖန်ဆင်းခြင်းဖြစ်ရပ်မှာကဲ့သို့၊ တိရစ္ဆာန်များနှင့် တွဲသုံးသောအခါ၊ ၎င်းသည် သူတို့ကိုဘုရားသခင်ဖန်ဆင်းသည့် အသက်ရှင်သောသတ္တဝါအဖြစ်ဖော်ပြသည်။

လူသည်အသက်ရှင်သောသတ္တဝါဖြစ်လာသည်ဟူသော သမ္မာကျမ်းစာ၏ပြောဆိုချက်ကို ဂရုပြုရန်အရေးကြီးသည်။ ဖန်ဆင်းခြင်းမှတ်တမ်းတွင် လူသည်ဖန်ဆင်း

ချိန်တွင် ကိုယ်ခန္ဓာ၌လာ၍ပေါင်းစည်းသော သူ့ဘာသာသီးခြားဖြစ်တည်နေသည့်ဝိညာဉ်ကို ရရှိကြောင်း မည်သည့်အရာကမျှမညွှန်ပြချေ။

**ခွဲခြားမရနိုင်သောစုဖွဲ့မှု။** လူသားတို့၏သဘာဝကို မှန်မှန်ကန်ကန် နားလည်နိုင်ရန်အတွက် ဖန်ဆင်းခြင်းမှတ်တမ်း၏အရေးကြီးမှုကို ပို၍ခန့်မှန်းမရနိုင်ချေ။ သူ၏ကိုယ်အင်္ဂါဆိုင်ရာစုဖွဲ့မှုအလေးထားလျက်၊ သမ္မာကျမ်းစာသည် လူသားကိုတပေါင်း တစည်းတည်းဖြစ်ပုံဖော်ပြသည်။ ထိုသို့ဆိုသော်၊ ဝိညာဉ် (soul) နှင့် စိတ် (spirit) သည် လူသားတို့၏သဘာဝ၌မည်သို့ဆက်စပ်သနည်း။

**၁။ ဝိညာဉ်ကိုကျမ်းစာ၏အနက်ဖွင့်ချက်။** ကျွန်ုပ်တို့ဖော်ပြခဲ့သကဲ့သို့၊ ဓမ္မဟောင်းကျမ်းတွင် "ဝိညာဉ်" သည်ဟေဗြဲစကားလုံး နယ်ဖက်စ်မှ ဘာသာပြန်ဆိုခြင်း ဖြစ်သည်။ (ကမ္ဘာ ၂း၇) တွင် မြေမှုန့်မှဖန်ဆင်းသောရုပ်ခန္ဓာထဲသို့ ဇီဝအသက်ဝင် သွားပြီးနောက် အသက်ရှင်သောသတ္တဝါသို့ ၎င်းသည်လူကိုရည်ညွှန်းသည်။ "ထို့အတူ၊ ကလေးတစ်ဦးမွေးဖွားလာတိုင်း အသစ်သောဝိညာဉ်တစ်ခုဖြစ်တည်လာသည်။ အသက်၏အသစ်သောယူနစ်ဖြစ်သော "ဝိညာဉ်" တစ်ခုစီသည် တစ်မူထူးပြီး၊ အခြား သောအလားတူယူနစ်များမှခွဲထွက်သည်။ အသက်ရှင်သောသတ္တဝါတစ်ခုချင်းစီမှ ၎င်းကို သီးခြားဖြစ်စေသည့်ပင်ကိုလက္ခဏာသည် ဟေဗြဲဝေါဟာရ နယ်ဖက်စ်မှ အထူးပြု သောယူဆချက်ဖြစ်နိုင်သည်။ ဤကဲ့သို့အသုံးပြုပါက၊ နယ်ဖက်စ်သည် လူ၏အစိတ် အပိုင်းတစ်ခုမဟုတ်ချေ။ ၎င်းသည် လူပုဂ္ဂိုလ်ပင်ဖြစ်ပြီး၊ သာဓကများစွာ၌ "လူ"... (ကမ္ဘာ ၁၄း၂၁။ တော ၅း၆။ တရားဟော ၁၀း၂၂)၊ သို့မဟုတ် "ကိုယ်" (ဝတ် ၁၁း၄၃။ ၃ရာ ၁၉း၄။ ဟေရှာယ ၄၆း၂) ဟူ၍ဘာသာပြန်ဆိုသည်။

အခြားတစ်ဖက်တွင်၊ "ငါ့ဝိညာဉ်၊" "သင့်ဝိညာဉ်" "သူ့ဝိညာဉ်" ကဲ့သို့သော အသုံးအနှုန်းများသည် အများအားဖြင့် "ကျွန်ုပ်၊" "ကျွန်ုပ်ကို၊" "သင်၊" "သူ" စသည့် နာမ်စားများဖြစ်သည်။ (ကမ္ဘာ ၁၂း၁၃။ ဝတ် ၁၁း၄၃၊၄၄။ ၁၉း၈။ ယောရှု ၂၃း၁၁။ ဆာလံ ၃း၂။ ယေရမိ ၃၇း၉)။ ဓမ္မဟောင်းကျမ်းတွင် အကြိမ်ပေါင်း (၇၅၅) မှ (၁၀၀) ထက်မကတွင် နယ်ဖက်စ်ကို "အသက်" ဟုဘာသာပြန်သည် (ကမ္ဘာ ၉း၄၊၅။ ၁ရာ ၁၉း၅။ ယောဘ ၂း၄၊၆။ ဆာလံ ၃၁း၁၃)။

ရံဖန်ရံခါနယ်ဖက်စ်သည် လိုအင်ဆန္ဒ၊ တောင့်တမှု၊ သို့မဟုတ် ရမ္မက်ကို ရည်ညွှန်းသည် (တရားဟော ၂၃း၂၄။ သုတ္တံ ၂၃း၂။ ဒေသနာ ၆း၇)။ တစ်ခါတစ်ရံ စားချင်စိတ်အာသာဟုလည်းပြန်ဆိုထားသည် (သုတ္တံ ၂၃း၂။ ဒေသနာ ၆း၇)။ ၎င်းသည် ချစ်သောစိတ်ကိုလည်းရည်ညွှန်းနိုင်သည်။ (ကမ္ဘာ ၃၄း၃။ ရှောလမုန် ၁း၇။ တရား ၂၃း၂၄။ ဆာလံ ၁၀၅း၂၂။ ယေရမိ ၃၄း၁၆) တို့၌ဖော်ပြထားသောလူ့၏ "သာယာမှု" ဆန္ဒဟုလည်းပုံဆောင်ထားသည်။ နယ်ဖက်စ်ကို "သတ်" သောအခါ (တောလည် ၃၁း၁၉)၊

၎င်းသည်သေသွားသည် (သူကြီး ၁၆း၃၀)။ (တော ၅း၂) တွင် "သေသောသူ" ကို အလောင်းကောင်ဟုရည်ညွှန်းထားသည်။ (ဝတ်ပြု ၁၉း၂၈၊ တော ၆း၇၊၁၀)။

ဓမ္မသစ်ကျမ်းတွင်အသုံးပြုသော ဂရိ (Greek) စကားလုံး ဆူးခဲ (psuche) သည် ဓမ္မဟောင်းမှ နယ်ဖက်စ်နှင့်တူသည်။ ၎င်းကိုတိရစ္ဆာန်အသက်နှင့်လူ့အသက်တွင် အသုံးပြုသည် (ဗျာ ၁၆း၃)။ ၎င်းကိုအင်္ဂလိပ်ကျမ်းစာ (KJV) တွင် "အသက်" ဟူ၍ အကြိမ်လေးဆယ်မျှရိုးရိုးဘာသာပြန်ဆိုထားသည် (မဿဲ ၂း၂၀။ ၆း၂၅။ ၁၆း၂၅...)။ အချို့ကျမ်းချက်တွင် "လူများ" ဟုရိုးရိုးဆိုလိုပြီး (တမန် ၇း၁၄။ ၂၇း၃၇။ ရောမ ၁၃း၁။ ၁ပေ ၃း၂၀၊...)။ အခြားကျမ်းချက်များတွင် နာမ်စားအဖြစ်အသုံးပြုသည် (မဿဲ ၁၂း၁၈။ ၂ကော ၁၂း၁၅၊...)။ တစ်ခါတစ်ရံ ၎င်းသည်စိတ်လှုပ်ရှားမှု (မာကု ၁၄း၃၄။ လုကာ ၂း၃၅)၊ စိတ် (တမန် ၁၄း၂။ ဖိလိပ္ပိ ၁း၂၇)၊ သို့မဟုတ် စိတ်နှလုံး (ဧဖက် ၆း၆) ကို ရည်ညွှန်းသည်။

ဆူးခဲ (psuche) သည် မသေနိုင်သောအရာမဟုတ်ဘဲ၊ သေနိုင်သည် (ဗျာ ၁၆း၃)။ ၎င်းကိုဖျက်ဆီး၍ရသည် (မဿဲ ၁၀း၂၈)။

တစ်ခါတစ်ရံနယ်ဖက်စ်နှင့်ဆူးခဲသည် လူပုဂ္ဂိုလ်တစ်ခုလုံးကိုရည်ညွှန်း၍ တချို့နေရာများတွင် လူ၏အစိတ်အပိုင်းများဖြစ်သည့် ချစ်ခင်ခြင်း၊ စိတ်လှုပ်ရှားမှု၊ အလိုဆန္ဒများနှင့် ခံစားမှုများကိုရည်ညွှန်းသည်။ သို့သော်လည်း၊ ဤအချက်သည် လူကိုကွဲပြား၍သီးခြားဖြစ်သောအစိတ်အပိုင်းနှစ်ခုဖြင့် ဖန်ဆင်းသည်ဟူ၍ဖော်ပြသောအရာမဟုတ်ချေ။ ခန္ဓာနှင့်ဝိညာဉ်သည် အတူတူရှိ၍၊ ခွဲခြားမရအောင်၎င်းတို့ကိုဖွဲ့စည်းထားသည်။ ဝိညာဉ်သည် ခန္ဓာကိုယ်မပါဘဲ၊ သတိရှိလျက်တည်ရှိသောအရာမဟုတ်ပါ။ ဝိညာဉ်သည်ခန္ဓာကိုယ်ကို သတိရှိသောသီးခြားရပ်တည်သည့်အရာအဖြစ် အသက်ရှင်စေသည်ဟုညွှန်ပြသောကျမ်းချက်လည်းမရှိပါ။

**၂။ အသက်ဝိညာဉ်ကိုကျမ်းစာ၏အနက်ဖွင့်ချက်။** ဝိညာဉ်ဟုဘာသာပြန်ဆိုသောဟေဗြဲစကားလုံးနယ်ဖက်စ်သည် ပင်ကိုလက္ခဏာ သို့မဟုတ် လူပုဂ္ဂိုလ်ကိုဆိုလိုပြီး၊ ဓမ္မဟောင်းကျမ်းတွင် အသက်ဝိညာဉ်ဟုဘာသာပြန်ဆိုသော ဟေဗြဲစကားလုံး ရူးအပ် (Ruach) မှာမူ၊ လူတို့ရှိနေနိုင်ရန် မရှိမဖြစ်လိုအပ်သည့်စွမ်းအင်ပေးသောအသက်ကိုရည်ညွှန်းသည်။ ၎င်းသည် လူသားများကိုသက်ဝင်လှုပ်ရှားစေသည့်ဘုရားရှင်၏စွမ်းအင် သို့မဟုတ် အသက်၏အခြေခံကိုဆိုလိုသည်။

"ဓမ္မဟောင်းကျမ်းတွင် ရူးအပ်သည် ၃၇၇ ကြိမ်ပါရှိ၍၊ အများစုကို "အသက်ဝိညာဉ်၊" "လေ၊" သို့မဟုတ် "ထွက်သက်ဝင်သက်" (ကမ္ဘာ ၈း၁၊...) ဟု ဘာသာပြန်ဆိုထားသည်။ ၎င်းကို "တက်ကြွမှု" (သူကြီး ၁၅း၁၉)၊ သတ္တိ (ယောရှု ၂း၁၁)၊

28B-16

ဒေါသစိတ် သို့မဟုတ် ဒေါသ (သူကြီး ၈း၃)၊ ပင်ကိုစိတ် (ဟေရှာ ၅၄း၆)၊ ကိုယ်ကျင့်တရား (ယေဇ ၁၁း၁၉) နှင့် စိတ်နှလုံး (၁ရာ ၁း၁၅) ဟူ၍လည်းအသုံး ပြုသည်။

"ထွက်သက်ဝင်သက်နှင့်ပတ်သက်၍၊ လူတို့၏ရှူးအပ်နှင့်တိရစ္ဆာန်တို့၏ရှူးအပ်သည် အတူတူဖြစ်သည် (ဒေသနာ ၃း၁၉)။ လူ၏ရှူးအပ်သည် သေသောအချိန်တွင် ခန္ဓာမှထွက်၍ (ဆာလံ ၁၄၆း၄)၊ ဘုရားသခင်ထံသို့ပြန်သွားသည် (ဒေသနာ ၁၂း၇)။ (ဟေရှာယ ၆၃း၁၀) မှာကဲ့သို့ ရှူးအပ်ကိုမကြာခဏ ဘုရားသခင်၏ဝိညာဉ်တော်ဟု အသုံးပြုသည်။ ဓမ္မဟောင်းကျမ်းတွင် လူနှင့်သက်ဆိုင်၍၊ ရှူးအပ်ကိုခန္ဓာကိုယ်မှခွဲထွက်၍ရှိနေနိုင်သည့်အသိရှိသော သီးခြားအရာတစ်ခုအဖြစ်ဘယ်ခါမျှမရည်ညွှန်းချေ။

"ဓမ္မသစ်ကျမ်းတွင် ရှူးအပ်နှင့်တူ၍၊ အသက်ဝိညာဉ်ဟုဘာသာပြန်သော စကားလုံးမှာ နယူးမား (pneuma) ဖြစ်၍၊ "လေတိုက်သည်၊" သို့မဟုတ် "အသက်ရှူသည်" ဟုအဓိပ္ပါယ်ရသည်။ ရှူးအပ်ကဲ့သို့ပင်၊ နယူးမားဟူသောစကားလုံးသည် ခန္ဓာကိုယ်မှခွဲ၍သီးခြားရှိနေနိုင်သည့် အသိရှိသောအရာလူ၌ရှိသည်ဟူ၍မဆိုလိုချေ။ လူနှင့်တွဲ၍ ဤစကားလုံးကို ဓမ္မသစ်ကျမ်းတွင်အသုံးပြုမှုတို့သည်လည်း ထိုသို့သောသဘောတရားကိုမဖော်ပြချေ။ (ရောမ ၈း၁၅။ ၁ကော ၄း၂၁။ ၂တိ ၁း၇။ ၁ယော ၄း၆) တို့တွင်ပါရှိသောနယူးမားသည် "စိတ်နေစိတ်ထား" "သဘောထား၊" သို့မဟုတ် "ခံစားချက်" ကိုရည်ညွှန်းသည်။ (ဂလာတိ ၆း၁။ ရောမ ၁၂း၁၁ နှင့် အခြားသော ကျမ်းချက်များတွင်၊ ကိုယ်ရည်ကိုယ်သွေး၏ရှုထောင့်အမျိုးမျိုးတွင်လည်း ၎င်းကိုအသုံးပြုသည်။ ရှူးအပ်ကဲ့သို့ပင်၊ သခင်ဘုရားသည်အသေခံချိန်တွင် နယူးမား (ဝိညာဉ်) ကို စွန့်ခဲ့သည် (လုကာ ၂၃း၄၆၊ တမန် ၇း၅၉)။ ရှူးအပ်ကဲ့သို့ပင်၊ နယူးမားကိုလည်း ဘုရားသခင်၏ဝိညာဉ်တော်ဟုလည်းအသုံးပြုသည် (၁ကော ၂း၁၁၊၁၄။ ဧဖက် ၄း၃၀။ ဟေဗြဲ ၂း၄။ ၁ပေ ၁း၁၂။ ၂ပေ ၁း၂၁...)။

**၃။ ခန္ဓာ၊ စိတ်နှင့် ဝိညာဉ်ပေါင်းစည်းခြင်း။** ခန္ဓာ၊ စိတ်နှင့်ဝိညာဉ်တို့၏ ဆက်စပ်မှုကားအဘယ်နည်း။ ဤဆက်စပ်မှု၏သြဇာသည် လူသားမျိုးနွယ်အပေါ် အဘယ်နည်း။

**(က) နှစ်ဖက်ပေါင်းစည်းခြင်း။** သမ္မာကျမ်းစာသည် လူသားတို့၏သဘာဝကို စုဖွဲ့မှုတစ်ခုကဲ့သို့ရှုမြင်သော်လည်း၊ ခန္ဓာ၊ စိတ်နှင့် ဝိညာဉ်တို့အကြားဆက်စပ်မှုကို တိတိကျကျမသတ်မှတ်ချေ။ တစ်ခါတစ်ရံဝိညာဉ်နှင့်စိတ်ကို အပြန်အလှန်အသုံးပြုသည်။ ၎င်းတို့၏အလားတူမှုကို မာရိ၏ဝမ်းမြောက်ခြင်းစကားအသုံးအနှုန်းတွင်တွေ့ရသည်။ "ငါ့စိတ်နှလုံးသည် ထာဝရဘုရားကိုချီးမွမ်း၏။ ငါ့ကိုကယ်တင်တော်မူသောအရှင်ဘုရားသခင်ကိုအမှီပြု၍၊ ငါ့ဝိညာဉ်သည်ရွှင်လန်းခြင်းရှိ၏" (လုကာ ၁း၄၆၊၄၇)။

ကျမ်းချက်တစ်ခုတွင် ယေရှုသည်လူသားများကို ခန္ဓာနှင့်ဝိညာဉ်ကဲ့သို့သရုပ်ဖော်သည် (မဿဲ ၁၀း၂၈)။ ပေါလုကလည်း အခြားကျမ်းချက်တွင်ခန္ဓာနှင့်စိတ်ကဲ့သို့ဖော်ပြသည် (၁ကော ၇း၃၄)။ စောစောပိုင်းတွင် ဝိညာဉ်သည်လူသားတို့၏သာ၍မြင့်သောစွမ်းရည်ကိုရည်ညွှန်းပြီး၊ ဘုရားသခင်နှင့်ဆက်သွယ်သောစိတ်ကိုဆိုလိုဟန်ရှိသည်။ နောက်ပိုင်းတွင်မူစိတ်သည် ထိုသာ၍မြင့်သောစွမ်းရည်ဖြစ်ကြောင်းကိုဆိုလိုသည်။ အထက်ပါကျမ်းချက်နှစ်ခုစလုံးတွင်၊ ကိုယ်ခန္ဓာ၌ရုပ်နာမ်နှင့်တကွ၊ စိတ်လှုပ်ရှားမှုများ၊ လူတစ်ယောက်၏သွင်ပြင်လက္ခဏာများလည်းပါဝင်သည်။

**ခ။ သုံးခုပေါင်းစည်းခြင်း။** လူသားကိုခန္ဓာနှင့်စိတ်တို့ဖြင့်ပေါင်းစည်းထားသည်ဟူသောယေဘုယဖော်ပြခြင်း၌ ခြွင်းချက်တစ်ခုရှိသည်။ (၁သက် ၅း၂၃) တွင် ပေါလုက၊ လူသည် သုံးခုပေါင်းစည်းသောအရာအဖြစ်ပြောဆိုသည်။ “ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်ကိုယ်တော်တိုင်လည်း၊ သင်တို့ကိုအကုန်အစင်သန့်ရှင်းတော်မူပါစေသော။ ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ၊ သင်တို့၏ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းတို့ကို အပြစ်တင်ခွင့်နှင့်ကင်းလွတ်စေခြင်းငှာ စောင့်မတော်မူပါစေသော” (၁သက် ၅း၂၃)။ ဤကျမ်းချက်သည် လူတစ်ယောက်၏ ဤအစိတ်အပိုင်းသုံးခုစလုံးသည် ဖြူစင်သန့်ရှင်းခြင်းလုပ်ငန်းစဉ်တွင် တစ်ခုမျှမချန်လှပ်ရန် ပေါလု၏စိတ်ဆန္ဒကိုသိရှိစေသည်။

ဤကျမ်းချက်တွင် စိတ်ကိုလူတို့အားအပ်နှင်းသည့်သာ၍မြင့်မားသော အသိဉာဏ်နှင့် အတွေးအခေါ်ဟုနားလည်ရပြီး၊ ထိုစိတ်မှတစ်ဆင့် ဘုရားသခင်သည် လူကိုမိမိ၏ဝိညာဉ်တော်အားဖြင့်ဆက်သွယ်နိုင်သည် (ရောမ ၈း၁၆)။ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုများမှတစ်ဆင့် စိတ်ကိုအသစ်ပြုပြင်ခြင်းအားဖြင့်၊ လူတစ်ဦးချင်းစီသည် ခရစ်တော်နှင့်တူအောင်ပြောင်းလဲသည် (ရောမ ၁၂း၁၊၂)။

“ဝိညာဉ်” ကို “စိတ်” မှသီးခြားခွဲထုတ်လိုက်သောအခါ၊ လူ့သဘာဝ၏အစိတ်အပိုင်းဖြစ်သော ပင်ကိုအသိစိတ်၊ စိတ်လှုပ်ရှားမှုများနှင့်လိုအင်ဆန္ဒများဟုနားလည်ရသည်။ တစ်စုံတစ်ဦး၏ဤအစိတ်အပိုင်းကိုလည်း သန့်ရှင်းစေနိုင်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုအားဖြင့် စိတ်နှလုံးသည် ဘုရားသခင်၏စိတ်နှလုံးနှင့်သဘောချင်းကိုက်ညီ၍၊ ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်သည့်အောက်တန်းကျသောဇာတိနှင့် စိတ်လိုက်မာန်ပါရှိခြင်းတို့သည် သန့်ရှင်းသောတွေးခေါ်မှုဖြင့် ဖယ်ရှားလိုက်သောအခါ၊ ကိုယ်တော်၏အလိုတော်ကိုလိုက်လျှောက်သူဖြစ်လာသည်။

သာ၍မြင့်သောသဘာဝ သို့မဟုတ် သာ၍နိမ့်သောသဘာဝကထိန်းချုပ်သောကိုယ်ခန္ဓာကို အသား၊ အသွေးနှင့် အရိုးတို့ဖြင့်ဖွဲ့စည်းထားသည်။

ပေါလုသည်အလျှင်ဆုံးစိတ်၊ ပြီးနောက်ဝိညာဉ်၊ နောက်ဆုံးတွင်ကိုယ်ခန္ဓာဟူ၍ အစဉ်အတိုင်းလိုက်ခြင်းမှာ တိုက်ဆိုင်မှုမဟုတ်ချေ။ စိတ်သည် သန့်ရှင်းလာသောအခါ၊ ဘုရားရှင်၏ထိန်းချုပ်မှုအောက်သို့ရောက်ရှိသွားသည်။ တစ်ဖန်၊ သန့်ရှင်းသောစိတ်သည် ဝိညာဉ်၊ ဥပမာလိုအင်ဆန္ဒများ၊ စိတ်ခံစားမှုများနှင့် စိတ်လှုပ်ရှားမှုများအပေါ် သန့်ရှင်းသောဩဇာဖြင့်လွှမ်းမိုးလိမ့်မည်။ ဤသန့်ရှင်းစေခြင်းကိုခံရသောသူတို့သည် မိမိတို့ကိုယ်ခန္ဓာကိုအလွဲသုံးစားပြုမည်မဟုတ်သောကြောင့်၊ သူတို့၏ကိုယ်ကာယကျန်းမာခြင်းသည်တိုးတက်လိမ့်မည်။ ထိုသို့ဖြင့် ကိုယ်ခန္ဓာသည်အရှင်သခင်နှင့်ကယ်တင်ရှင်ဖြစ်တော်မူသောသူ၏အမှုကိုဆောင်နိုင်သည့် သန့်ရှင်းသောကိရိယာဖြစ်လာသည်။ သန့်ရှင်းခြင်းအတွက်ပေါလု၏ဖိတ်ခေါ်ခြင်းသည် လူ့ဇာတိစုဖွဲ့မှုခံယူချက်အပေါ်တည်ကြောင်းရှင်းနေပြီး၊ စိတ်၊ ဝိညာဉ်နှင့် ခန္ဓာတည်းဟူသောလူတစ်ကိုယ်လုံး၏ပြင်ဆင်မှုလိုအပ်ခြင်းသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအတွက်ပြင်ဆင်ရာတွင် ထိရောက်ကြောင်းကိုလည်းဖော်ပြသည်။

**(ဂ) ခွဲခြားမရ၊ လိုက်လျောသောစုဖွဲ့မှု။** လူသားတိုင်းသည် ခွဲ၍မရနိုင်သောစုဖွဲ့မှုတစ်ခုဖြစ်သည်မှာရှင်းသည်။ ခန္ဓာ၊ စိတ်နှင့် ဝိညာဉ်တို့သည်အနီးကပ်ပူးပေါင်းလုပ်ဆောင်ကြ၍၊ လူတစ်ဦး၏ဝိညာဉ်ရေး၊ ဉာဏနှင့် ကာယဆိုင်ရာအစွမ်းများအကြား အလွန်အမင်းလိုက်လျောမှုရှိသောဆက်စပ်မှုကိုလည်းပြသသည်။ တစ်နေရာတွင်ချို့တဲ့ခြင်းသည် အခြားနှစ်ခုကိုဟန့်တားသည်။ ဖျားနာ၍မစင်ကြယ်ဖြစ်ကာ၊ ရှုပ်ထွေးနေသောစိတ်သည် လူတစ်ယောက်၏ခံစားမှုများနှင့် ကိုယ်ကာယကျန်းမာခြင်းတို့အပေါ် အန္တရာယ်ရှိသောအကျိုးသက်ရောက်မှုရှိစေလိမ့်မည်။ အားနည်းသော၊ ဖျားနာသော၊ သို့မဟုတ် ဝေဒနာခံစားသောကိုယ်ခန္ဓာသည် လူတစ်ဦး၏စိတ်ခံစားမှုနှင့် ဝိညာဉ်ရေး၊ ကျန်းမာရေးကိုထိခိုက်စေလိမ့်မည်။ ၎င်းတို့သည် အချင်းချင်းဆက်စပ်နေကြရာ၊ ၎င်းတစ်ခုချင်းစီကိုအကောင်းဆုံးအခြေအနေတွင်ထိန်းသိမ်းရန်မှာ လူတိုင်းအတွက်ဘုရားပေးတာဝန်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ဖန်ဆင်းရှင်၏ပုံသဏ္ဌာန်ကို ပြန်လည်ရရှိရန်မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။

## ဘုရားသခင်၏ပုံသဏ္ဌာန်ရှိသောလူသား

ဖန်ဆင်းခြင်း၏ခြောက်ရက်မြောက်တွင် ဘုရားသခင်ဖန်ဆင်းသည့်အသက်ရှင်သောသတ္တဝါကို "ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်အညီ" (ကမ္ဘာ ၁း၂၇) ဖန်ဆင်းခဲ့သည်။ ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်အညီဖန်ဆင်းသည်မှာ မည်သည့်အဓိပ္ပါယ်ရှိသနည်း။

**ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီဖန်ဆင်းခြင်း။** လူတို့၏ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေးသီလတို့သည် ဘုရားသခင်၏ဂုဏ်တော်နှင့် ဝိညာဉ်ဇာတိအကြောင်းကိုဖော်ပြသည်ဟုမကြာခဏပြောတတ်ကြသည်။ သို့သော်၊ သမ္မာကျမ်းစာက၊ လူသားတို့သည်ခွဲခြားမရသော ခန္ဓာ၊ စိတ်နှင့် ဝိညာဉ်တို့၏စုဖွဲ့မှုဖြင့်တည်ဆောက်ထားသည်ဟုသွန်သင်သည်ဖြစ်ရာ၊ သူတို့၏ကိုယ်အင်္ဂါရုပ်တို့သည်လည်း၊ တစ်နည်းနည်းဖြင့်ဘုရားသခင်၏သဏ္ဍာန်ကိုရောင်ပြန်ဟပ်ရပေမည်။ သို့သော်၊ ဘုရားသခင်သည်နံဝိညာဉ်မဟုတ်လော။ ဝိညာဉ်ဖြစ်သောသူသည် ပုံသဏ္ဍာန်ရှိသောအရာနှင့်မည်ကဲ့သို့တွဲဖက်၍ရနိုင်မည်နည်း။

ကောင်းကင်တမန်အကြောင်းကိုလေ့လာသော်၊ သူတို့သည်ဘုရားသခင်ကဲ့သို့နံဝိညာဉ်များဖြစ်ကြသည် (ဟေဗြဲ ၁း၇၊၁၄)။ သို့သော်လည်း၊ သူတို့သည်လူ့ပုံသဏ္ဍာန်ဖြင့်အမြဲထင်ရှားကြသည် (ကမ္ဘာ ၁၈း၁–၁၉း၂၂။ ဒံ ၉း၂၁။ လုကာ ၁း၁၁–၃၈။ တမန် ၁၂း၅–၁၀)။ နံဝိညာဉ်သည်ပုံသဏ္ဍာန်ရှိသော "ဝိညာဉ်ခန္ဓာ" ဖြစ်နိုင်ပါသလား။

လူတချို့သည် ဘုရားသခင်၏ခန္ဓာကိုယ်အစိတ်အပိုင်းမြင်ခဲ့ကြကြောင်း သမ္မာကျမ်းစာကဖော်ပြသည်။ မောရှေ၊ အာရုန်၊ နာဒပ်၊ အဘိဟုနှင့် အသက်ကြီးသူ (၇၀) တို့သည် သူ၏ခြေတော်ကိုမြင်ခဲ့ကြသည် (ထွက် ၂၄း၉–၁၁)။ မိမိမျက်နှာတော်ကိုမပြခဲ့သော်လည်း၊ မိမိလက်ဖြင့်မောရှေကိုဖုံးထားပြီးနောက်၊ ဘုရားသခင်သည်ကြွသွားပြီး၊ လက်ကိုရုပ်သိမ်းကာ မိမိကျောကိုသူ့အားပြသခဲ့သည် (ထွက် ၃၃း၂၀–၂၃)။ ဘုရားသခင်သည် ဒံယေလထံသို့ တရားစီရင်ခြင်းမြင်ကွင်းတွင် ပလ္လင်ပေါ်ထိုင်သည့်အသက်ကြီးသောသူကဲ့သို့ထင်ရှားခဲ့သည် (ဒံ ၇း၉၊၁၀)။ ခရစ်တော်ကို "မျက်မြင်မရသောဘုရားသခင်၏ပုံသဏ္ဍာန်တော်" (ကောလောသဲ ၁း၁၅) နှင့် "ဇာတိအဖြစ်တော်၏ပုံသဏ္ဍာန်" (ဟေဗြဲ ၁း၃) ကဲ့သို့ဖော်ပြသည်။ ဤကျမ်းချက်များက၊ ဘုရားသခင်သည်ပုဂ္ဂိုလ်အဖြစ်ရှိ၍၊ ကိုယ်ပိုင်ပုံသဏ္ဍာန်ရှိသည်ဟူသောသဘောကိုညွှန်ပြသည်။ ဤအရာသည်အံ့သြစရာအကြောင်းမရှိချေ။ အကြောင်းမှာ လူကိုဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခဲ့သည်။

လူသားကို "ကောင်းကင်တမန်တို့အောက်၌အနည်းငယ်နိမ့်" (ဟေဗြဲ ၂း၇) ၍ဖန်ဆင်းခြင်းအရာမှာ၊ သူ့အား ဉာဏအစွမ်းနှင့် ဝိညာဉ်ရေးအစွမ်းများကိုပေးထားကြောင်းညွှန်ပြသည်။ အာဒံသည်အတွေ့အကြုံ၊ ထိုးထွင်းအမြင်နှင့်စာရိတ္တကြီးထွားမှုတို့မရှိခဲ့သော်လည်း၊ သူသည် "ဖြောင့်မတ်အောင်ဖန်ဆင်း" (ဒေသနာ ၇း၂၉) ခြင်းခံရပြီး၊ ကိုယ်ကျင့်တရားဖြောင့်မတ်ခြင်း၏စံအဖြစ် ရည်ညွှန်းထားသည်။ ဘုရားသခင်၏

ကိုယ်ကျင့်သဏ္ဌာန်ရှိသည်ဖြစ်ရာ၊ သူသည် ဖြောင့်မတ်၊ သန့်ရှင်းပြီး (ဧဖက် ၄း၂၄)၊ ဘုရားသခင်က "အလွန်ကောင်းသည် (ကမ္ဘာ ၁း၃၁) ဟုကြေညာသည့်ဖန်ဆင်းခြင်း၏ အစိတ်အပိုင်းဖြစ်သည်။

လူသားများကို ဘုရားသခင်၏ကိုယ်ကျင့်သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းသည် ဖြစ်ရာ၊ သူတို့အားမိမိတို့ဖန်ဆင်းရှင်အပေါ်ချစ်ခြင်းနှင့် သစ္စာရှိခြင်းကိုပြသရန် အခွင့်အရေးပေးထားသည်။ ဘုရားသခင်ကဲ့သို့၊ သူတို့သည်ရွေးချယ်ခြင်းအစွမ်းဖြစ်သော၊ ကိုယ်ကျင့်တရား၏စေခိုင်းချက်အတိုင်း လွတ်လပ်စွာတွေးခေါ်၊ လုပ်ဆောင်ခြင်းရှိသည်။ ထို့ကြောင့် သူတို့သည်လွတ်လပ်စွာချစ်၍နားထောင်နိုင်သကဲ့သို့၊ မယုံကြည်မကိုးစား၊ နာခံခြင်းလည်းမရှိဘဲနေနိုင်သည်။ ဘုရားသခင်သည် လူသားတို့၏မှားယွင်းသော ရွေးချယ်မှုပြုလုပ်ခြင်းကိုအရဲစွန့်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော်၊ ရွေးချယ်ရန်လွတ်လပ်မှုကသာလျှင် အကျင့်စာရိတ္တကိုတိုးတက်စေနိုင်ပြီး၊ ဘုရားသခင်ကိုယ်တိုင်၏အနှစ်ချုပ်ဖြစ်သော ချစ်ခြင်းမေတ္တာ၏နိယာမကို အပြည့်အဝပြသနိုင်လိမ့်မည် (၁ယော ၄း၈)။ သူတို့၏ရှေ့ရေးမှာ အမြင့်မားဆုံးသောဘုရားသခင်၏ပုံသဏ္ဌာန်ကိုရောက်ရှိရန်ဖြစ်သည်။ ၎င်းမှာ ဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့၊ ညဏ်ရှိသမျှနှင့်ချစ်၍၊ သူတစ်ပါးကို မိမိကိုယ်ကိုချစ်သကဲ့သို့ချစ်ရန်ဖြစ်သည် (မဿဲ ၂၂း၃၆–၄၀)။

**အခြားသူများနှင့်ဆက်ဆံရန်ဖန်ဆင်းခြင်း။** သုံးပါးတစ်ဆူဘုရားသည် မေတ္တာအနှောင်အဖွဲ့ဖြင့် ပေါင်းစည်းသကဲ့သို့၊ ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီဖန်ဆင်းခံရသောလူသားတို့သည် မေတ္တာ၏ဆက်နွယ်မှုကိုပြသရမည်။ ထိုသို့သောမေတ္တာကိုအခြေခံသည့်ဆက်ဆံရေးတွင်၊ ကျွန်ုပ်တို့သည်အခြားသူများအတွက် အသက်ရှင်နိုင်သောအခွင့်ထူးရှိသည်။ ဤဘုရားသခင်၏ပုံသဏ္ဌာန်နှင့်တူသောအပိုင်းကို တိုးတက်စေခြင်းသည် ဘုရားသခင့်နိုင်ငံတော်၏သဟဇာတဖြစ်မှုနှင့် သာယာဝပြောမှု၏အရေးပါသောအစိတ်အပိုင်းဖြစ်သည်။

**ပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်ဖန်ဆင်းခြင်း။** "ဘုရားသခင်က၊ ငါတို့ပုံသဏ္ဌာန်နှင့်တညီတစ်သဏ္ဌာန်တည်းလူကိုဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုလည်းကောင်း၊ မိုးကောင်းကင်ငှက်တို့ကိုလည်းကောင်း၊ သားယဉ်တို့ကိုလည်းကောင်း၊ မြေတစ်ပြင်လုံးနှင့်တကွ၊ မြေပေါ်မှာတွားတတ်သောတိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း၊ အုပ်စိုးစေဟုအမိန့်တော်ရှိ၏" (ကမ္ဘာ ၁း၂၆)။ ဤကျမ်းချက်တွင် ဘုရားသခင်သည် လူတို့၏ဘုရားရှင်၏ပုံသဏ္ဌာန်ရှိခြင်းနှင့် သာ၍နိမ့်ကျသောသတ္တဝါများအပေါ်သူတို့၏အုပ်စိုးခြင်းကိုတွဲ၍ပြောဆိုသည်။ ဘုရားသခင်၏ကိုယ်စားလှယ်များအဖြစ်၊

လူသားများကို သာ၍နိမ့်ကျသောသတ္တဝါတို့၏အပေါ်တွင်ထားရှိသည်။ တိရစ္ဆာန်များသည် ဘုရားသခင်၏အချုပ်အခြာအာဏာကို နားမလည်နိုင်ပါ။ သို့သော်၊ များစွာသောတိရစ္ဆာန်တို့သည် လူသားများကိုအကျိုးပြုနိုင်သည်။

ဒါဝိဒ်သည်လူသားတို့၏အုပ်စိုးမှုကိုရည်ညွှန်း၍၊ “ဖန်ဆင်းတော်မူသောအရာများကိုအုပ်စိုးစေ၍… ခပ်သိမ်းသောအရာတို့ကို သူ၏ခြေအောက်၌ချထားတော်မူပြီ” (ဆာလံ ၈း၆–၈) ဟုဖော်ပြသည်။ လူသားတို့၏မြင့်သောအဆင့်ကိုလည်းရည်ညွှန်းရာတွင် “သူ၏ခေါင်းကိုဘုန်းအသရေနှင့်ပတ်ရစ်တော်မူပြီ” (ဆာလံ ၈း၅) ဟုဆိုသည်။ သူတို့၏တာဝန်မှာ လောကကြီးကိုကြင်နာစွာအုပ်စိုးရန်နှင့် စကြဝဠာအပေါ် ဘုရားသခင်၏စေတနာဖြင့် အုပ်စိုးခြင်းကိုရောင်ပြန်ဟပ်ရန်ဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် အခြေအနေ၏သားကောင်များမဟုတ်၊ ပတ်ဝန်းကျင်၏အာဏာသက်ရောက်မှုကိုလည်းခံရကြမည်မဟုတ်ချေ။ ဘုရားသခင်၏အလိုတော်ပြီးမြောက်စေရန် ကျွန်ုပ်တို့ရောက်ရှိနေသောအခြေအနေတိုင်းကိုအသုံးပြု၍၊ ပတ်ဝန်းကျင်ကိုပုံသွင်းခြင်းဖြင့် အပေါင်းလက္ခဏာဆောင်သောထောက်ပံ့မှုကိုပေးရန်၊ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုစေခိုင်းသည်။

ဤအမြင်များသည် ပျက်ပြားမှုပွားများသောဤလောကတွင် လူသားဆက်ဆံရေးတိုးတက်လာစေရန်သော့ချက်ဖြစ်သည်။ ၎င်းတို့သည် သဘာဝသယံဇာတများကိုတစ်ကိုယ်ကောင်းဆန်စွာသုံးစွဲပစ်ခြင်းနှင့် ကျန်းမာခြင်းကိုတိုး၍ယိုယွင်းစေသည့် မဆင်မခြင် လေနှင့်ရေ ညစ်ညမ်းစေခြင်းတို့အတွက်အဖြေကိုပေးသည်။ လူသားတို့၏သဘာဝအပေါ်ကျမ်းစာ၏ရှုထောင့်ကိုလက်ခံခြင်းသည် အနာဂတ်ကောင်းစားရေးအတွက်တစ်ခုတည်းသောအာမခံချက်ဖြစ်သည်။

**ဘုရားသခင်စံနမူနာကိုအတုခိုးရန်ဖန်ဆင်းခြင်း။** လူသားများအနေဖြင့်၊ ကျွန်ုပ်တို့သည် တွေးခေါ်လုပ်ဆောင်မှုတွင် ဘုရားသခင်၏ဂုဏ်တော်ကိုရောင်ပြန်ဟပ်ရမည်။ အကြောင်းမှာ ကျွန်ုပ်တို့ကိုသူ၏ပုံသဏ္ဌာန်နှင့်အညီဖန်ဆင်းသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည်ဘုရားမဟုတ်၊ လူသားများဖြစ်သော်လည်း၊ ဖြစ်နိုင်ချေနည်းလမ်းအားလုံး၌ ကျွန်ုပ်တို့၏အုပ်စိုးမှုအတွင်းတွင်၊ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ကိုရောင်ပြန်ဟပ်ရမည်။ စတုတ္ထပညတ်က ဤဝတ္တရားကိုတောင်းဆိုသည်။ တစ်ပတ်တွင်ခြောက်ရက်အလုပ်လုပ်၍ သတ္တမနေ့တွင်နားခြင်းဖြင့်၊ ကျွန်ုပ်တို့ဖန်ဆင်းရှင်၏စံနမူနာကိုလိုက်လျှောက်ရမည် (ထွက် ၂၀း၈–၁၁)။

**အခြေအနေအပေါ်မသေနိုင်သောအဖြစ်၌ဖန်ဆင်းခြင်း။** ဖန်ဆင်းချိန်က၊ ကျွန်ုပ်တို့၏မိဦးဖဦးတို့အားမသေနိုင်သောအဖြစ်ကိုပေးခဲ့သော်လည်း၊ ၎င်းကိုပိုင်ဆိုင်ခြင်းသည် နားထောင်ခြင်းအပေါ်တည်ခဲ့သည်။ အသက်ပင်၏အသီးကိုစားခွင့်ရှိသောကြောင့်၊ အမြဲအသက်ရှင်နေနိုင်သည်။ သူတို့၏မသေနိုင်သောအဖြစ်ကို သူတို့သည်

ထိခိုက်စေနိုင်သည့်တစ်ခုတည်းသောနည်းလမ်းမှာ၊ ကောင်းမကောင်းသိကျွမ်းရာအပင်၏ အသီးစားခြင်းကိုတားမြစ်သည့်ပညတ်ကို ကျူးလွန်ခြင်းအားဖြင့်ဖြစ်သည်။ နာခံမထောင်ခြင်းသည် သေခြင်းသို့ပို့ဆောင်လိမ့်မည် (ကမ္ဘာ ၂း၁၇)။

## ကျရှုံးခြင်း

ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်အညီ ပြည့်စုံစွာဖန်ဆင်းခံရ၍၊ ပြည့်စုံသောပတ်ဝန်းကျင်တွင်ထားခြင်းခံရသော်လည်း၊ အာဒံနှင့်ဧဝတို့သည် ကျူးလွန်သူများဖြစ်လာခဲ့ကြသည်။ ထိုသို့သောကြီးကျယ်၍ကြောက်မက်ဖွယ်သော အပြောင်းအလဲသည် မည်ကဲ့သို့ဖြစ်လာသနည်း။

**အပြစ်၏အစ။** ဘုရားသခင်သည် ပြည့်စုံသောကမ္ဘာကိုဖန်ဆင်းသည်မှန်လျှင်၊ မည်ကဲ့သို့အပြစ်ပေါ်ပေါက်ကြီးထွားလာသနည်း။

**၁။ ဘုရားသခင်နှင့်အပြစ်၏အစ။** ဖန်ဆင်းရှင်ဘုရားသည်အပြစ်ကို အစပြုသူလော။ သမ္မာကျမ်းစာကမဟုတ်ဟုဆိုသည်။ ၎င်းက ဘုရားသည်ပင်ကို သဘာဝ၌သန့်ရှင်း၍ (ဟေရှာ ၆း၃) သူ၌မဖြောင့်မတ်သောအရာမရှိချေ။ "ဘုရားသခင်သည်မူလအမြစ်ဖြစ်၍၊ အမှုတော်သည်စုံလင်ပေ၏။ စီရင်တော်မူသမျှတို့သည် တရားနှင့်ညီလျက်၊ သစ္စာစောင့်သောဘုရား၊ အပြစ်ကင်းလွတ်၍၊ ဟုတ်မှန်ဖြောင့်မတ်သောဘုရားဖြစ်တော်မူ၏" (တရားဟော ၃၂း၄)။ သမ္မာကျမ်းစာက၊ "ဒုစရိုက်သည်ဘုရားသခင်နှင့်လည်းကောင်း၊ အပြစ်သည်အနန္တတန်ခိုးရှင်နှင့်လည်းကောင်း ဝေးပါစေ" (ယောဘ ၃၄း၁၀) ဟူ၍လည်းကောင်း၊ "မကောင်းသောအရာသည် ဘုရားသခင်ကိုမသွေးဆောင်နိုင်ရာ။ ကိုယ်တော်သည်လည်း အဘယ်သူကိုမျှအပြစ်သို့သွေးဆောင်တော်မမူ" (ယာကုပ် ၁း၁၃) ဟူ၍လည်းကောင်း၊ ဘုရားသခင်သည်အပြစ်ကိုမုန်းသည် (ဆာလံ ၅း၄။ ၁၁း၅) ဟူ၍လည်းကောင်း၊ ဖော်ပြသည်။ ဘုရားသခင်၏မူလဖန်ဆင်းခြင်းသည် "အလွန်ကောင်းသည်" (ကမ္ဘာ ၁း၃၁)။ အပြစ်ကိုဖန်တီးသူလုံးဝမဖြစ်သည်သာမက၊ သူသည် "ယုံကြည်နားထောင်သောသူအပေါင်းတို့အား ထာဝရကယ်တင်ခြင်းကျေးဇူးကိုပြုသောသူဖြစ်တော်မူ၏" (ဟေဗြဲ ၅း၉)။

**၂။ အပြစ်ကိုဖန်တီးသူ။ ။** ဘုရားသခင်သည်ညွှန်ကြားချက်အတိုင်းသာလုပ်ဆောင်မည့်စက်ရုပ်များ၏ကမ္ဘာကို ဖန်ဆင်းခြင်းအားဖြင့် အပြစ်ကိုကာကွယ်နိုင်လိမ့်မည်။ သို့သော် ဘုရားသခင်၏မေတ္တာသည် သူဖန်ဆင်းသောသတ္တဝါများထံမှ လွတ်လွတ်လပ်လပ်တုံ့ပြန်မှုကိုတောင်းဆိုသည်။ ထိုသို့သောတုံ့ပြန်မှုကိုရွေးချယ်နိုင်စွမ်းရှိသော သတ္တဝါများကသာပြုလုပ်နိုင်သည်။

သို့သော်ငြားလည်း၊ ဤလွတ်လပ်ခြင်းမျိုးကို သူဖန်ဆင်းသောသူတို့အား ပေးခြင်းက၊ ဘုရားသခင်သည်ဖန်ဆင်းသောသတ္တဝါတချို့က သူ့ထံမှထွက်ခွာသွား နိုင်သည်ကို စွန့်စားမှုလုပ်ရမည်ဟူ၍ဆိုလိုသည်။ အကြောင်းမလှ၍၊ ကောင်းကင်တမန် တို့အထဲတွင် ရာထူးမြင့်သောလူစီဖါသည် စိတ်ကြီးဝင်လာခဲ့သည် (ယေဇ ၂၈း၁၇)။ ဘုရားသခင်၏အုပ်ချုပ်မှုတွင် မိမိရာထူးကိုမကျေမနပ်ဖြစ်၍ (ယုဒ ၆)၊ သူသည် ဘုရားသခင်ကိုယ်တိုင်၏ နေရာကိုတပ်မက်လာခဲ့သည် (ဟေရှာ ၁၄း၁၂–၁၄)။ စကြဝဠာကိုထိန်းချုပ်ရန်ကြိုးပမ်းမှုပြုရာ၊ ဤကျရှုံးသောကောင်းကင်တမန်သည် မိမိကောင်းကင်တမန်အဖော်များကြားတွင် စိတ်မကျေနပ်မှုမျိုးစေ့ကိုကြဲပြီး၊ များစွာသော သူတို့၏သစ္စာခံခြင်းကိုရယူခဲ့သည်။ ထိုသို့ဖြစ်ပေါ်လာသောကောင်းကင်ကတိုက်ပွဲသည် ရန်သူတည်းဟူသောစာတန်ဟုအမည်ရသည့် လူစီဖါနှင့်သူ၏ကောင်းကင်တမန်များ ကို ကောင်းကင်ဘုံမှနှင်ထုတ်သောအခါ ပြီးဆုံးခဲ့သည် (ဗျာ ၁၂း၄၊ ၇–၉)။

**၃။ လူသားမျိုးနွယ်ထဲတွင်အပြစ်၏မူလ။** ကောင်းကင်ဘုံမှထုတ်ပယ်ခြင်း ကိုမမှုဘဲ၊ စာတန်သည် သူ၏ဘုရားသခင့်အုပ်ချုပ်မှုကိုပုန်ကန်ခြင်း၌ ပူးပေါင်းအောင် အခြားသူတို့ကိုသိမ်းသွင်းရန် စိတ်ပိုင်းဖြတ်ထားသည်။ သူ၏အာရုံမှာအသစ်ဖန်ဆင်း သောလူတို့ထံသို့ရောက်သွားသည်။ သူသည် ပုန်ကန်ရန်အာဒံနှင့်ဧဝကိုမည်ကဲ့သို့ သွေးဆောင်နိုင်မည်နည်း။ သူတို့သည် သူတို့ဖန်ဆင်းရှင်က လိုလေသေးမရှိအောင် ပြင်ဆင်သည့်ပြည့်စုံသောကမ္ဘာတွင်နေထိုင်ခဲ့ကြသည်။ သူတို့သည် မိမိတို့ဝမ်းမြောက် ခြင်း၏အရင်းအမြစ်ဖြစ်တော်မူသောသူကို မည်ကဲ့သို့စိတ်မကျေနပ်၊ မယုံမကြည်ဖြစ် နိုင်မည်နည်း။ အပြစ်စတင်ဖြစ်စဉ်ကအဖြေပေးထားသည်။

ရှေးဦးလူသားတို့ကိုတိုက်ခိုက်ရာတွင်၊ စာတန်သည်သူတို့ကိုအငိုက်ဖမ်းရန် ဆုံးဖြတ်ခဲ့သည်။ ဧဝသည်ကောင်းမကောင်းသိကျွမ်းရာအပင်၏အနီးရှိနေချိန်တွင် ချဉ်းကပ်၍၊ မြွေကဲ့သို့အယောင်ဆောင်သောစာတန်သည် ထိုအပင်၏အသီးကိုမစားရန် ဘုရားသခင်၏တားမြစ်ချက်အကြောင်းကို သူမအားမေးခဲ့သည်။ သူတို့သည် ထိုအသီး ကိုစားလျှင်သေမည်ဖြစ်ကြောင်း ဘုရားသခင်ပြောခဲ့သည်ကို ဧဝသည် အခိုင်အမာ ဆိုသောအခါ၊ စာတန်သည် ဘုရားရှင်၏တားမြစ်ချက်ကိုစိန်ခေါ်၍၊ "သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်" ဟုဆိုသည်။ ဘုရားသခင်နှင့်တူရမည့်အံ့ဖွယ်အသစ် သောအတွေ့အကြုံကို ဘုရားသခင်သည် ထိန်းသိမ်းထားသည်ဟုနားယောင်စေခြင်းဖြင့် သူသည်ဧဝ၏သိချင်စိတ်ကိုနှိုးဆွပေးခဲ့သည် (ကမ္ဘာ ၃း၄၊၅)။ ချက်ချင်းပင် ဘုရားသခင် ၏စကားကို သံသယဝင်လာခဲ့သည်။ ဧဝသည်အသီးကပေးနိုင်သည်ဟုဆိုသည့် ကြီးမားသောအခွင့်အလမ်းများကို စွဲလမ်းသွားခဲ့သည်။ စုံစမ်းခြင်းသည် သူမ၏စင်ကြယ် သောစိတ်ကိုစ၍ကသောင်းကနင်းဖြစ်စေခဲ့သည်။ ဘုရားသခင်၏စကားကိုယုံကြည်မှု

မှသည် ယခုစာတန်၏စကားကိုယုံကြည်မှုသို့ပြောင်းသွားသည်။ ချက်ချင်း၊ သူမက "ထိုအပင်သည်စားဖွယ်ကောင်းခြင်း၊ အဆင်းလည်းလှခြင်း၊ ပညာတိုးပွားစေလိုသောငှါ နှစ်သက်ဖွယ်သောအပင်" ဖြစ်သည်ဟုစိတ်ကူးမိသည်။ မိမိအဆင့်ဖြင့်မကျေနပ်ဘဲ၊ ဧဝသည် ဘုရားသခင်ကဲ့သို့ဖြစ်လာမည်ဟူသော စုံစမ်းခြင်းကိုအရှုံးပေးလိုက်သည်။ ဧဝသည် "အသီးကိုယူ၍စား၏။ မိမိခင်ပွန်းအားလည်းပေး၍၊ သူသည်လည်းစား၏" (ကမ္ဘာ ၃း၆)။

ဘုရားသခင်၏စကားထက် မိမိအသိစိတ်ကိုကိုးစားသည်ဖြစ်ရာ၊ ဧဝသည် ဘုရားသခင်အပေါ် မိမိ၏မှီခိုခြင်းကိုထိခိုက်စေ၍၊ သူမ၏မြင့်သောအဆင့်မှကျသွားပြီး၊ အပြစ်ထဲသို့ထိုးဆင်းသွားခဲ့သည်။ ထို့ကြောင့် လူသားမျိုးနွယ်၏ကျရှုံးခြင်းသည် ပထမဦးဆုံး ဘုရားသခင်နှင့်သူ၏စကားကိုမယုံကြည်ခြင်းဖြစ်သည်။ ဤမယုံကြည်မှုသည် နားမထောင်ခြင်းသို့ဆိုက်ရောက်စေသည်။ ၎င်းသည် ဆက်ဆံရေးကိုပျက်ပြား စေပြီး၊ အဆုံးတွင်ဘုရားသခင်နှင့် လူသားတို့အကြားကွဲကွာခြင်းကိုဖြစ်စေသည်။

**အပြစ်၏အကျိုးသက်ရောက်မှု။** အပြစ်၏ချက်ချင်းအကျိုးဆက်များနှင့် ရေရှည်အကျိုးဆက်များကားအဘယ်နည်း။ အပြစ်ကိုရှင်းပစ်ခြင်းနှင့် လူ့သဘာဝတိုးတက် ခြင်း၏အလားအလာကားအဘယ်နည်း။

**၁။ ချက်ချင်းအကျိုးဆက်များ။** အပြစ်၏ကနဦးအကျိုးဆက်မှာ လူလူ ချင်းဆက်ဆံမှုနှင့်အတူ ဘုရားသခင်နှင့်လူသားဆက်ဆံရေးကို ထိခိုက်စေသည့်လူသား၏ သဘာဝပြောင်းလဲမှုဖြစ်သည်။ ရင်ဖိုစရာမျက်စိပွင့်စေသောအတွေ့အကြုံသစ်သည် အာဒံနှင့်ဧဝတို့ကို အရှက်ရခြင်းကိုသာယူဆောင်ပေးခဲ့သည်။ စာတန်ကတိပေးသကဲ့သို့၊ ဘုရားသခင်နှင့်တူလာမည့်အစား၊ သူတို့သည် ကြောက်ရွံ့လာ၍၊ ပုန်းရှောင်ရန်ကြိုးစား ခဲ့ကြသည်။ (ကမ္ဘာ ၃း၈–၁၀)။

ဘုရားသခင်သည် အာဒံနှင့်ဧဝတို့အား သူတို့၏အပြစ်အကြောင်းကိုမေးသော အခါ၊ အပြစ်ကိုဝန်ခံမည့်အစား၊ သူတို့သည်တစ်ပါးသူကိုအပြစ်ဖို့ခဲ့ကြသည်။ အာဒံက "ကျွန်တော်၌အပ်ပေးတော်မူသောမိန်းမသည် ထိုအပင်၏အသီးကိုပေး၍၊ ကျွန်တော်စား မိပါသည်ဟုလျှောက်လေ၏" (ကမ္ဘာ ၃း၁၂)။ သူ၏စကားသည် သူ၏အပြစ်အတွက် ဧဝနှင့်သွယ်ဝိုက်၍ ဘုရားသခင်တို့နှစ်ဦးသည် တာဝန်ရှိသည်ဟုဆိုလိုရာ၊ သူ၏ မယားနှင့်သူ၏ဖန်ဆင်းရှင်တို့နှင့်ဆက်ဆံရေးသည် မည်သို့ပျက်စီးကြောင်းကို ရှင်းလင်း စွာပြသသည်။ ဧဝသည်လည်းပြန်၍ မြွေကိုအပြစ်ဖို့ခဲ့သည် (ကမ္ဘာ ၃း၁၃)။

ဖြစ်ပေါ်လာသောကြောက်မက်ဖွယ်အကျိုးဆက်တို့သည် သူတို့ကျူးလွန်ခြင်း၏ ပြင်းထန်မှုကိုဖော်ပြသည်။ ဘုရားသခင်သည် စာတန်၏အသုံးခံမြွေကို ကျရှုံးခြင်း၏ ထာဝရသတိပေးချက်အဖြစ် ၎င်း၏ဝမ်းဗိုက်ဖြင့်တွားသွားရန်ကျိန်ခဲ့သည် (ကမ္ဘာ ၃း၁၄)။

ဘုရားသခင်သည်မိန်းမကို "သင်၌ကိုယ်ဝန်ဆောင်ခြင်းဝေဒနာကို ငါအလွန်များပြားစေမည်။ ပင်ပန်းစွာဝေဒနာကိုခံ၍ သားဖွားရမည်။ ကိုယ်ခင်ပွန်း၏အလိုသို့လိုက်၍၊ သူ၏အုပ်စိုးခြင်းကိုလည်းခံရမည်ဟု မိန့်တော်မူ၏" (ကမ္ဘာ ၃း၁၆)။ အာဒံသည် ဘုရားသခင်အစား၊ မိမိမယား၏စကားကိုနားထောင်ခဲ့သောကြောင့်၊ သူ၏စိုးရိမ်မှုနှင့် အလုပ်ကြမ်းကိုတိုးလာစေရန် မြေကြီးသည်ကျိန်ခြင်းခံရသည်။ "မြေသည်သင်၏အတွက် ကျိန်ခြင်းကိုခံလျက်ရှိ၏။ မြေ၏အသီးကိုတစ်သက်ပတ်လုံးပင်ပန်းစွာစားရမည်။ ဆူးပင် အမျိုးမျိုးတို့ကိုလည်း သင်အဖို့မြေမှာပေါက်စေမည်။ လယ်၌ဖြစ်သောဟင်းသီးဟင်းရွက်တို့ကိုသင်စားရမည်။ သင်ထွက်ရာမြေသို့မပြန်မီတိုင်အောင်၊ သင်၏မျက်နှာမှချွေးထွက်လျက်အစာကိုစားရမည်" (ကမ္ဘာ ၃း၁၇–၁၉)။

သူ၏ပညတ်ချက်မပြောင်းလဲနိုင်ခြင်းနှင့် မည်သည့်ကျူးလွန်ခြင်းမဆိုသေခြင်းဖြစ်ကြောင်းကိုထပ်လောင်းအတည်ပြုရာတွင်၊ ဘုရားသခင်က၊ "သင်သည်မြေမှုန့်ဖြစ်၍၊ မြေမှုန့်သို့ပြန်ရမည်ဟုမိန့်တော်မူ၏" (ကမ္ဘာ ၃း၁၉)။ သူသည် ဤစီရင်ချက်ကို ကျူးလွန်သူတို့အား ဧဒင်ဥယျာဉ်အိမ်မှထုတ်ပယ်ခြင်းဖြင့် ချမှတ်ခဲ့ပြီး၊ သူတို့၏ဘုရားသခင်နှင့်တိုက်ရိုက်ဆက်သွယ်မှုကိုပျက်စီးစေကာ (ကမ္ဘာ ၃း၈)၊ ထာဝရအသက်၏ အရင်းအမြစ်ဖြစ်သည့်အသက်ပင်၏အသီးကို စားခြင်းမှတားဆီးခံရကြသည်။ ထိုသို့ဖြင့် အာဒံနှင့်ဧဝသည် သေမျိုးဖြစ်လာခဲ့ကြသည် (ကမ္ဘာ ၃း၂၂)။

၂။ **အပြစ်၏စရိုက်။** အထူးသဖြင့်ကျရှုံးခြင်းအကြောင်းအပါအဝင်၊ များစွာသောကျမ်းချက်များသည် အပြစ်မှာထုတ်ဖော်ပြသသော ဘုရားသခင်၏အလိုဆန္ဒကို ကျူးလွန်ရန် လွတ်လပ်သောလူသားတို့ရွေးချယ်မှု၏ရလဒ်ဖြစ်သော လူ့ကျင့်ဝတ်မကောင်းမှုဖြစ်ကြောင်း ရှင်းလင်းဖော်ပြသည် (ကမ္ဘာ ၃း၁–၆။ ရောမ ၁း၁၈–၂၂)။

**(က) အပြစ်ကိုအနက်ဖွင့်ခြင်း။** အပြစ်ကိုကျမ်းစာ၏အနက်ဖွင့်ဆိုချက်များတွင်၊ "ပညတ်တော်ကိုလွန်ကျူးခြင်း" (၁ယော ၃း၄)၊ တစ်စုံတစ်ယောက်က "ကောင်းသောအကျင့်ကိုသိလျက်၊ မကျင့်ဘဲနေခြင်း" (ယာကုပ် ၄း၁၇) နှင့် "ယုံကြည်သောစိတ်မရှိဘဲ ကျင့်သမျှသောအကျင့်" (ရောမ ၁၄း၂၃) တို့ပါဝင်သည်။ အပြစ်ကို ကျယ်ကျယ်ပြန့်ပြန့်အနက်ဖွင့်ချက်တစ်ခုမှာ "ဘုရားသခင်တိတိကျကျပညတ်ခဲ့သောအရာကို လျစ်လျူရှုခြင်း သို့မဟုတ် သူသေသေချာချာတားမြစ်သောအရာကို ပြုလုပ်ခြင်းဟူသည့် သိရှိထားသောဘုရားသခင်၏အလိုတော်မှ တစ်စုံတစ်ရာလမ်းလွဲခြင်းဖြစ်သည်။

အပြစ်တွင်ကြားနေရေးဝါဒမရှိချေ။ ယေရှုက "ငါ့ဘက်၌မနေသောသူသည် ငါ့ရန်ဘက်ဖြစ်၏" (မဿဲ ၁၂း၃၀) ဟုဆိုသည်။ သူ့ကိုမယုံကြည်ခြင်းသည် အပြစ်ဖြစ်သည် (ယောဟန် ၁၆း၉)။ အပြစ်သည် ၎င်း၏အကျင့်စာရိတ္တတွင်အကြွင်းမဲ့ရှိသည်။ အဘယ်ကြောင့်ဆိုသော်၊ ၎င်းသည်ဘုရားသခင်နှင့် သူ၏အလိုကိုပုန်ကန်ခြင်း

ဖြစ်သည်။ မည်သည့်အပြစ်မဆို၊ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ အပြစ်စီရင်ခြင်းကို ခံရမည်။ ထို့ကြောင့်၊ "ပညတ်တရားအလုံးစုံကို စောင့်ရှောက်သည်တွင်၊ တစ်စုံတစ်ခု၌မှားမိလျှင်၊ ပညတ်တရားအလုံးစုံကိုလွန်ကျူးသောအပြစ်ရှိ၏" (ယာကုပ် ၂း၁၀)။

**(ခ) အပြစ်တွင်အတွေးနှင့်လုပ်ရပ်တို့ပါဝင်သည်။** ပညတ်တော်ကျူးလွန်ခြင်းကိုလက်ဆုပ်လက်ကိုင်ပြနိုင်၍၊ မြင်နိုင်မှသာအပြစ်ဟုမကြာခဏပြောတတ်ကြသည်။ သို့သော်၊ တစ်စုံတစ်ဦးကိုအမျက်ထွက်ခြင်းသည် "လူအသက်ကိုမသတ်နှင့်" (ထွက် ၂၀း၁၃) ဟူသောဆဋ္ဌမပညတ်နှင့် လွန်ကျူးလိုသောတဏှာစိတ်သည်လည်း "သူ့မယားကို မပြစ်မှားနှင့်" (ထွက် ၂၀း၁၄) ဟူသောပညတ်ကိုချိုးဖောက်ခြင်းဖြစ်ကြောင်း ခရစ်တော်ပြောခဲ့သည်။ ထို့ကြောင့်၊ အပြစ်သည်နားမထောင်မှုဖြင့်လုပ်ဆောင်ခြင်းသာမက၊ အတွေးများနှင့်စိတ်ဆန္ဒတို့လည်းပါဝင်သည်။

**(ဂ) အပြစ်နှင့်အပြစ်သင့်ခြင်း။** အပြစ်သည်အပြစ်သင့်စေသည်။ ကျမ်းစာရှုထောင့်မှကြည့်သော်၊ အပြစ်သင့်သည်အရာမှာ အပြစ်ကျူးလွန်သူသည် အပြစ်ပေးခံရမည်ဟုဆိုလိုသည်။ လူအားလုံးသည် အပြစ်သားများဖြစ်သောကြောင့်၊ "ဘုရားသခင့်ရှေ့တော်၌ အပြစ်သင့်သောသူများဖြစ်ကြ၏" (ရောမ ၃း၁၉)။

သေသေချာချာဂရုမစိုက်လျှင်၊ အပြစ်သင့်ခြင်းသည် ကာယ၊ ဉာဏ၊ ဝိဉာဏအစွမ်းများကို အကြီးအကျယ်ဖျက်ဆီးသည်။ အကယ်၍မဖြေရှင်းပါက၊ ၎င်းသည် အဆုံးတွင်သေခြင်းကိုဖြစ်စေသည်။ အပြစ်တရား၏အခကားသေခြင်းပေတည်း" (ရောမ ၆း၂၃)။

အပြစ်သင့်ခြင်းအတွက်ဖြေဆေးမှာ ရှင်းလင်းငြိမ်သက်သောစိတ်ကိုဖြစ်စေသည့် ခွင့်လွှတ်ခြင်းဖြစ်သည် (မဿဲ ၆း၁၂)။ ဘုရားသခင်သည် နောင်တရသောအပြစ်သားတို့အား ဤခွင့်လွှတ်ခြင်းကိုပေးရန် စိတ်ထက်သန်သည်။ အပြစ်ဝန်ထုပ်ထမ်း၍ အပြစ်သင့်ခြင်း၏ဖိစီးခြင်းကို ခံရသောလူသားမျိုးနွယ်အား၊ ခရစ်တော်သည် "ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာပေးမည်" (မဿဲ ၁၁း၂၈) ဟုကြင်နာစွာခေါ်ဖိတ်သည်။

**(ဃ) အပြစ်ကိုထိန်းချုပ်ရာဗဟို။** အပြစ်၏အခြေစိုက်ရာကို သမ္မာကျမ်းစာကနှလုံးဟုခေါ်ဆိုပြီး၊ တစ်နည်းအားဖြင့်စိတ်ဖြစ်သည်။ "နှလုံးသည် အသက်၏အခြေအမြစ်ဖြစ်၏" (သုတ္တံ ၄း၂၃)။ လူကိုညစ်ညမ်းစေသောအရာမှာ စိတ်ကူးအတွေးဖြစ်သည်ဟု ခရစ်တော်ဖော်ပြသည်။ "မကောင်းသောကြံစည်ခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ မိန်းမလွတ်နှင့်မှားယွင်းခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ မမှန်သောသက်သေကိုခံခြင်း၊ သူ့အသရေကိုဖျက်ခြင်းအရာတို့သည် နှလုံးထဲကထွက်လာ၏" (မဿဲ ၁၅း၁၉)။ စိတ်သည် စိတ်ဆန္ဒ၊ အသိဉာဏ်၊ ချစ်ခြင်း၊ စိတ်လှုပ်ရှားခြင်းနှင့် ကိုယ်ခန္ဓာ

စသည့်လူတစ်ခုလုံးကိုလွှမ်းမိုးသည်။ "စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက်စဉ်းလဲ" (ယေရမိ ၁၇း၉) သောကြောင့်၊ လူ့သဘာဝသည် အကျင့်စာရိတ္တပျက်ပြားပြီး၊ လုံးလုံး အပြစ်ရှိသည်။

**၃။ လူသားတို့အပေါ်အပြစ်၏သက်ရောက်မှု။** တားမြစ်ထားသောအသီးကို စားခြင်းအတွက် အပြစ်ဒဏ်သေခြင်းသည် အလွန်ပြင်းထန်သည်ဟု လူတချို့ခံစားနိုင်သည်။ သို့သော် အပြစ်ကျူးလွန်ခြင်း၏လေးနက်မှုကို လူသားများအပေါ်အာဒံအပြစ်၏ အကျိုးသက်ရောက်မှုရှုထောင့်မှသာ ကျွန်ုပ်တို့မှန်းဆနိုင်သည်။

အာဒံနှင့်ဧဝတို့၏ပထမသားသည် လူသတ်မှုကိုကျူးလွန်ခဲ့သည်။ သူတို့၏ သားမြေးစဉ်ဆက်တို့သည် မယားပြိုင်ယူခြင်းအားဖြင့် စင်ကြယ်သောထိမ်းမြားပေါင်းသင်းခြင်းကို ချိုးဖောက်ပြီး၊ မကြာမီတွင်ကမ္ဘာမြေသည်ဆိုးသွမ်းခြင်းနှင့် အကြမ်းဖက်ခြင်းများဖြင့်ပြည့်လာခဲ့သည် (ကမ္ဘာ ၄း၈၊၂၃။ ၆း၁–၅၊၁၁–၁၃)။ နောင်တရ၍ပြောင်းလဲရန်အတွက် ဘုရားသခင်၏မေတ္တာရပ်ခံချက်ကိုဂရုမစိုက်ဘဲ၊ နောင်တမရသောသူတို့ကို ဖျက်ဆီးသည့်ရေလွှမ်းမိုးခြင်းမှ လူရှစ်ဦးသာကယ်တင်ခြင်းခံခဲ့ရသည်။ ခြွင်းချက်အနည်းငယ်မှလွဲ၍၊ ရေလွှမ်းမိုးပြီးနောက်ပိုင်းလူ့သမိုင်းသည် အပြစ်ရှိသောလူ့ဇာတိ၏ဝမ်းနည်းဖွယ်လုပ်ရပ်များသာဖြစ်တော့သည်။

**(က) တစ်လောကလုံးလူသားအပြစ်ရှိခြင်း။** သမိုင်းကအာဒံ၏သားစဉ်မြေးဆက်တို့သည် သူ၏အပြစ်ရှိသောဇာတိကိုဆက်ခံကြကြောင်းဖော်ပြသည်။ ဆုတောင်းရာတွင် ဒါဝိဒ်က၊ "ရှေ့တော်၌အပြစ်ကင်းစင်ရာသို့မရောက်ရပါ" (ဆာလံ ၁၄၃း၂) ဟုဆိုခဲ့သည်။ "မပြစ်မှားတတ်သောလူတစ်ယောက်မျှမရှိ" (၃ရာ ၈း၄၆)။ ထို့နောက် ရှောလမုန်က၊ "ငါသည်ကိုယ်စိတ်နှလုံးကိုစင်ကြယ်စေပြီ။ အပြစ်နှင့်ကင်းလွတ်စေ၏ဟု အဘယ်သူဆိုနိုင်သနည်း" (သုတ္တံ ၂၀း၉။ ဒေသနာ ၇း၂၀) ဟုဆိုခဲ့သည်။ ဓမ္မသစ်ကျမ်းသည်လည်းအလားတူရှင်းသည်။ "လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍၊ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ" (ရောမ ၃း၂၃)။ "ကိုယ်အပြစ်မရှိဟုငါတို့သည်ဆိုလျှင်၊ ကိုယ်ကိုကိုယ်လှည့်ဖြားကြ၏။ ငါတို့၌သစ္စာတရားမရှိ" (၁ယော ၁း၈)။

**(ခ) အပြစ်ကိုအမွေဆက်ခံခြင်းလော၊ သို့မဟုတ် ကျင့်ယူခြင်းလော။** ပေါလုက "လူအပေါင်းတို့သည် အာဒံအားဖြင့်သေခြင်းသို့ရောက်သည်" (၁ကော ၁၅း၂၂) ဟုဆိုခဲ့သည်။ အခြားကျမ်းချက်တွင်လည်း သူက "အပြစ်တရားသည် တစ်ယောက်သောသူအားဖြင့် ဤလောကသို့ဝင်၍၊ အပြစ်တရားအားဖြင့်သေခြင်းတရားဝင်သည်နှင့်အညီ၊ လူအပေါင်းတို့သည်အပြစ်ရှိသောကြောင့် သေခြင်းသို့ရောက်ရကြ၏" (ရောမ ၅း၁၂) ဟုရေးမှတ်ခဲ့သည်။

လူ့စိတ်နှလုံး၏ပျက်စီးခြင်းသည် လူတစ်ကိုယ်လုံးကိုထိခိုက်စေသည်။ ဤအချက်နှင့်ပတ်သက်၍ ယောဘက၊ "မသန့်ရှင်းသောအရာထဲက သန့်ရှင်းသောအရာကို အဘယ်သူထုတ်ဖော်နိုင်သနည်း။ အဘယ်သူမျှမထုတ်ဖော်နိုင်ပါ" (ယောဘ ၁၄း၄) ဟု အံ့အားသင့်စွာပြောခဲ့သည်။ ဒါဝိဒ်က၊ "အကျွန်ုပ်သည် မွေးစကပင်အပြစ်ပါလျက်ရှိပါ၏။ အမိဝမ်းထဲမှာ ပဋိသန္ဓေယူစဉ်ပင်အပြစ်စွဲပါ၏" (ဆာလံ ၅၁း၅) ဟုပြောခဲ့သည်။ ပေါလုကလည်း၊ "ဇာတိပကတိစိတ်သဘောသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏တရားတော်အလိုသို့မလိုက်တတ်။ ထိုမျှမကမလိုက်နိုင်။ ထိုကြောင့်ဇာတိပကတိ၌ကျင်လည်သောသူတို့သည် ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်ကြ" (ရောမ ၈း၇၊၈) ဟုဖော်ပြသည်။ ယုံကြည်သူများသည် မပြောင်းလဲမီ၊ အခြားလူသားများကဲ့သို့ပင် "ပကတိအတိုင်းအမျက်တော်ကို ခံရသောသူဖြစ်ကြ၏" (ဧဖက် ၂း၃) ဟု သူညွှန်ပြခဲ့သည်။

ကလေးများကဲ့သို့ ကျွန်ုပ်တို့သည်အတုယူခြင်းဖြင့် အပြစ်ရှိသောအပြုအမူကို ကျင့်ကြသော်လည်း၊ အထက်ပါကျမ်းချက်များက ကျွန်ုပ်တို့၏ပင်ကိုအပြစ်ရှိခြင်းမှာ အမွေဆက်ခံခြင်းဖြစ်ကြောင်းကို အတည်ပြုသည်။ တစ်လောကလုံးရှိလူသားတို့အပြစ်ရှိခြင်းသည်၊ ဇာတိအားဖြင့် ကျွန်ုပ်တို့သည်အကောင်းဘက်သို့မဟုတ်ဘဲ၊ အဆိုးဘက်သို့တိမ်းနေကြောင်း သက်သေဖြစ်သည်။

**(ဂ) အပြစ်ရှိသောအပြုအမူကိုအမြစ်ဖြတ်ခြင်း။** လူတို့သည်မိမိတို့အသက်တာနှင့် လူ့အဖွဲ့အစည်းမှအပြစ်ကိုဖယ်ရှားရာတွင် မည်မျှအောင်မြင်သနည်း။

မိမိကိုယ်ပိုင်ခွန်အားဖြင့်ဖြောင့်မတ်သောအသက်တာကိုရရှိရန် ကြိုးစားမှုတိုင်းသည် စိတ်ဓာတ်ကျစရာချည်းဖြစ်သည်။ ခရစ်တော်ကအပြစ်ရှိသောသူတိုင်းသည် အပြစ်၏ကျေးကျွန်ဖြစ်သည်ဟုဆိုသည်။ ဘုရားရှင်၏တန်ခိုးကသာလျှင် ဤကျေးကျွန်ဘဝမှကျွန်ုပ်တို့ကိုလွတ်မြောက်စေနိုင်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့ကိုအာမခံသည်မှာ "သားသည် သင်တို့ကိုလွှတ်လျှင်၊ သင်တို့သည် ဧကန်အမှန်လွတ်ကြလိမ့်မည်" (ယောဟန် ၈း၃၆) ဟူ၍ဖြစ်သည်။ သူက "ငါနှင့်ကွာလျှင်သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ" သောကြောင့်၊ "သင်တို့သည် ငါ၌... တည်" မှသာလျှင်၊ ဖြောင့်မတ်ရာသို့ရောက်နိုင်မည်ဟုဆိုခဲ့သည် (ယောဟန် ၁၅း၄၊၅)။ "ကျူးလွန်ခြင်းအမှုအားလုံး၊ ခရစ်တော်၏ကျေးဇူးတော်ကို လျစ်လျူရှုခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်းအားလုံးသည် သင့်ကိုသင်တုံ့ပြန်နေခြင်းဖြစ်သည်။ ၎င်းသည် စိတ်နှလုံးကိုခိုင်မာစေသည်၊ စိတ်ဆန္ဒကိုယုတ်မာစေသည်၊ နားလည်ခြင်းကိုလည်းထိုင်းမှိုင်းစေသည်။ ၎င်းသည် သင့်ကိုဘုရားသခင့်သန့်ရှင်းသောဝိညာဉ်တော်၏ ကြင်နာသောတောင်းပန်ခြင်းကို လိုက်လျှောက်နိုင်မှုလျော့နည်းစေသည်။

တမန်တော်ပေါလုပင်လျှင် သူ့ဘာသာသူဖြောင့်မတ်သောအသက်တာဖြင့်နေထိုင်ရန် မတတ်နိုင်ခဲ့ချေ။ သူသည် ဘုရားသခင့်ပညတ်တော်၏ပြည့်စုံသော စံချိန်ကိုသိသည်။ သို့သော် သူသည်၎င်းကိုရယူရန်မစွမ်းဆောင်နိုင်ချေ။ မိမိ၏ကြိုးစားမှုများကိုပြန်၍ ပြောပြသည်မှာ "ငါသည်ကိုယ်ကျင့်သောအကျင့်ကိုမနှစ်သက်။ ကျင့်ချင်သောအကျင့်ကိုမကျင့်၊ ရွံရှာသောအကျင့်ကိုကျင့်၏။" "ငါသည်ကျင့်ချင်သောအကျင့်ကောင်းကိုမကျင့်၊ မကျင့်ချင်သောအကျင့်ဆိုးကိုကျင့်၏" ဟူ၍ဖြစ်သည်။ ထို့နောက်မိမိအသက်တာ၌ အပြစ်၏အကျိုးသက်ရောက်မှုကိုသူဖော်ပြခဲ့သည်။ "ထိုသို့ငါသည်မကျင့်ချင်သောအကျင့်ကိုကျင့်လျှင်၊ ငါကိုယ်တိုင်ကျင့်သည်မဟုတ်။ ငါ့အထဲ၌နေသောအပြစ်တရားသည်ကျင့်၏" သူသည်ကျရှုံးခြင်းများရှိလင့်ကစား၊ ဘုရားသခင်၏စုံလင်သောစံချိန်ကိုနှစ်သက်သည်။ "ငါသည်အတွင်းလူအားဖြင့် ဘုရားသခင်၏ပညတ်တရားကိုနှစ်သက်၏။ သို့သော်လည်း ငါ့ကိုယ်အင်္ဂါများ၌ရှိသောတရားတစ်ပါးသည် စိတ်ဝိညာဉ်တရားကိုဆိုင်ပြိုင်တိုက်လှန်သဖြင့်၊ ငါ့ကိုယ်အင်္ဂါများ၌ရှိသောအပြစ်တရားလက်သို့ ငါ့ကိုဖမ်းသွားအပ်နှံသည်ကိုငါမြင်၏။ ငါသည်ငြိုငြင်သောသူဖြစ်ပါသည်တကား။ ဤအသေကောင်မှ ငါ့ကိုအဘယ်သူကယ်လွှတ်မည်နည်း။" (ရောမ ၇း၁၅၊၁၉၊၂၀၊၂၂–၂၄)။

သူသည်အောင်မြင်ရန် ဘုရားရှင်၏တန်ခိုးလိုအပ်သည်ကိုအဆုံးတွင် အသိအမှတ်ပြုခဲ့သည်။ ခရစ်တော်အားဖြင့်သူသည် ဇာတိပကတိအသက်တာကိုဖယ်ရှားပြီး၊ ဝိညာဉ်တော်အားဖြင့်အသက်တာအသစ်ကိုအစပြုခဲ့သည် (ရောမ ၇း၂၅။ ၈း၁)။

ဝိညာဉ်တော်၌ ဤအသစ်သောအသက်တာသည် ဘုရားသခင်၏ပြုပြင်ပြောင်းလဲသောဆုကျေးဇူးဖြစ်သည်။ "ဒုစရိုက်အပြစ်၌သေလျက်နေသော" ကျွန်ုပ်တို့သည် ဘုရားရှင်၏ကျေးဇူးတော်အားဖြင့် အောင်မြင်သောသူများဖြစ်လာကြသည် (ဧဖက် ၂း၁၊၃၊၈–၁၀)။ ဝိညာဉ်ရေးအသစ်မွေးဖွားခြင်းသည် အသက်တာကိုပြောင်းလဲသည်ကို (ယောဟန် ၁း၁၃။ ၃း၅)၊ ကျွန်ုပ်တို့သည် အသစ်သောသတ္တဝါဟုခေါ်သည်။ "ဟောင်းသောအရာတို့သည်ပြောင်းလဲ၍၊ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ" (၂ကော ၅း၁၇)။ သို့သော်လည်း၊ အသစ်သောအသက်တာသည် အပြစ်ပြုနိုင်ခြေကို မဖယ်ထုတ်ချေ (၁ယော ၂း၁)။

**၄။ ဆင့်ကဲဖြစ်စဉ်နှင့်လူသားတို့၏ကျရှုံးခြင်း။** ဖန်ဆင်းခြင်းအချိန်မှစ၍၊ စာတန်သည် လူသားတို့၏အစနှင့် အပြစ်ထဲသို့ကျရှုံးခြင်းအကြောင်း ကျမ်းစာမှတ်တမ်းကို ယုံကြည်လက်ခံစိတ်လျော့နည်းစေခြင်းဖြင့် များစွာသောသူတို့ကိုရှုပ်ထွေးစေသည်။ ဆင့်ကဲဖြစ်စဉ်ကို လူသားတို့အား သဘာဝအလျောက်ရှုမြင်ခြင်းဟုခေါ်ဆိုနိုင်သည်။ ၎င်းရှုထောင့်မှာ အသက်သည် မတော်တဆတိုက်ဆိုင်မှုကြောင့်ဖြစ်လာခဲ့ပြီး၊ ရှည်လျား

သောဆင့်ကဲဖြစ်စဉ်အားဖြင့် လူသားတို့သည် သာ၍အဆင့်နိမ့်သောသက်ရှိများမှ ပေါ်ထွက်လာသည်ဟူသောယူဆချက်အပေါ်အခြေခံသည်။ အသန်စွမ်းဆုံးသောသူသည် ရှင်သန်ရမည်ဟူသောဖြစ်စဉ်အားဖြင့်၊ သူတို့သည် လက်ရှိအခြေအနေအထိတစ်စတစ်စ တိုးတက်ပြောင်းလဲလာခဲ့သည်။ သို့သော် သူတို့အဆုံးသို့မရောက်ရှိသေးဘဲ၊ ဆက်လက် တိုးတက်ပြောင်းလဲနေသေးသည်ဟူသော အယူအဆဖြစ်သည်။

ဘုရားသခင်သည် ဆင့်ကဲဖြစ်စဉ်အသုံးပြု၍၊ ကမ္ဘာဦးကျမ်းမှဖန်ဆင်းခြင်းကို ဖြစ်စေသည်ဟုယုံကြည်သော ခရစ်ယာန်များ များပြားလာနေသည်။ ဘုရားရှင်ကဆင့်ကဲ ဖြစ်စဉ်ကိုအသုံးပြုသည်ဟူသောယူဆချက်သည် ကမ္ဘာဦးကျမ်း၏ပထမပိုင်းအခန်းကြီးများ ကို အမှန်တရားအဖြစ်လက်မခံဘဲ၊ ပုံပမာ သို့မဟုတ် ဒဏ္ဍာရီကဲ့သို့ရှုမြင်ကြသည်။

**(က) လူသားတို့နှင့်ဆင့်ကဲဖြစ်စဉ်ကိုကျမ်းစာ၏ရှုထောင့်။** ဖန်ဆင်းခြင်း ကို ယုံကြည်သောခရစ်ယာန်တို့သည် ခရစ်ယာန်ယုံကြည်ခြင်းအပေါ် ဆင့်ကဲဖြစ်စဉ် အယူအဆ၏အကျိုးသက်ရောက်မှုကို စိုးရိမ်နေကြသည်။ ဂျိမ်းစ်အိုးရ် (James Orr) က၊ ယနေ့ခရစ်ယာန်ဘာသာသည် တိုက်ခိုက်ခံနေရသည်။ သို့သော် ၎င်း၏ယုံကြည်ချက်များ အပေါ် တစ်စချင်းတိုက်ခိုက်ခံနေရခြင်းမျိုးမဟုတ်ဘဲ၊ ပိုင်နိုင်စွာတည်ဆောက်ကာကွယ် ထားသည့် သိပ္ပံဆိုင်ရာရပ်တည်ချက်များအပေါ် အခြေခံသည်ဟုဆိုသည့်ခိုင်မာစွာ ခံယူသော လောက၏တန်ပြန်ရှုထောင့်ဖြင့်ဖြစ်သည်။ ၎င်း၏အခြေခံအတွေးအခေါ်များ သည် ခရစ်ယာန်စနစ်၏အမြစ်များကို တိုက်ခိုက်နေသည်" ဟုဆိုသည်။

သမ္မာကျမ်းစာသည် ကမ္ဘာဦးကျမ်းကိုဥပမာဆန်ဆန် သို့မဟုတ် ဒဏ္ဍာရီ ဆန်ဆန်အနက်ဖွင့်ခြင်းကိုပယ်ချသည်။ ကျမ်းစာကိုရေးသားသောသူများကိုယ်တိုင် ကမ္ဘာဦးကျမ်းအခန်းကြီး (၁–၁၁) ကို အရှိအတိုင်းအနက်ဖွင့်ဆိုကြသည်။ အာဒံ၊ ဧဝ၊ မြွေနှင့် စာတန်တို့ကို မဟာတိုက်လှန်ပွဲဖြစ်စဉ်တွင် ဇာတ်ဆောင်များအဖြစ်တွေ့မြင်ရ သည် (ယောဘ ၃၁း၃၃၊ ဒေသနာ ၇း၂၉။ မဿဲ ၁၉း၄၊၅။ ယောဟန် ၈း၄၄။ ရောမ ၅း၁၂၊၁၈၊၁၉။ ၂ကော ၁၁း၃။ ၁တိ ၂း၁၄။ ဗျာ ၁၂း၉)။

**(ခ) ကရာနိနှင့်ဆင့်ကဲဖြစ်စဉ်။** ဆင့်ကဲဖြစ်စဉ်သည် မည်သည့်ပုံစံမျိုးဖြင့် ရှိသည်ဖြစ်စေ၊ ခရစ်ယာန်ဘာသာ၏အခြေခံအုတ်မြစ်နှင့်ဆန့်ကျင်သည်။ လီယိုနတ် ဗားဒွန်း (Leonard Verduin) သည် အခိုင်မာဆိုသည်မှာ "အပြစ်ထဲသို့ကျရောက်ခြင်းဖြစ် ရပ်နေရာတွင် တိုးတက်မှုဖြစ်စဉ်ကအစားထိုးဝင်လာသည်" ဟူ၍ဖြစ်သည်။ ခရစ်ယာန် ဘာသာနှင့်ဆင့်ကဲဖြစ်စဉ်သည် လုံးလုံးဆန့်ကျင်သည်။ ကျွန်ုပ်တို့၏မိဦးဖဦးတို့သည် ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းခြင်းခံရသည်ဖြစ်၍၊ သူတို့သည် အပြစ်ထဲသို့ ကျရောက်ခဲ့သည် သို့မဟုတ် မကျရောက်ခဲ့ပါဟူသည့်အဆိုနှစ်ခုမှ တစ်ခုခုကိုလက်ခံရလိမ့်မည်။ သူတို့သည် အပြစ်ထဲသို့မကျရောက်ခဲ့သော်၊ အဘယ်ကြောင့်ခရစ်ယာန်ဖြစ်ရမည်နည်း။

ကရာနိသည် ဆင့်ကဲဖြစ်စဉ်နှင့်သက်ဆိုင်၍ အခက်ခဲဆုံးမေးခွန်းထုတ်လိုက်သည်။ အကယ်၍အပြစ်ထဲသို့ကျရောက်ခြင်းမရှိခဲ့လျှင်၊ အဘယ်ကြောင့် ခရစ်တော်သည် ကျွန်ုပ်တို့ကိုယ်စားအသေခံရန်လိုအပ်သနည်း။ ယေဘုယျအားဖြင့် သေခြင်းမျှသာမဟုတ်ဘဲ၊ ကျွန်ုပ်တို့အတွက်ခရစ်တော်၏အသေခံခြင်းက လူသားတို့သည်မကောင်းကြောင်းကိုကြွေးကြော်သည်။ ကိုယ့်ဘာသာနေရန်ထားခြင်းခံရမည်ဆိုပါက၊ လူသားမျိုးနွယ်သည် ပျက်သုဉ်းသည်အထိဆက်၍ ပိုမိုဆိုးရွားသွားလိမ့်မည်။

ကျွန်ုပ်တို့၏မျှော်လင့်ချက်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ဆွဲထားခြင်းခံရတော်မူသော လူသားအပေါ်၌တည်သည်။ သူ၏သေခြင်းကသာလျှင် ဘယ်ခါမျှမဆုံးသည့် သာ၍ကောင်းပြီးပြည့်စုံသော အနာဂတ်အသက်တာအတွက်လမ်းဖွင့်ပေးသည်။ ကျွန်ုပ်တို့ကိုလွတ်ပေးရန် အစားထိုးသူလိုအပ်ကြောင်း ကရာနိကကြေညာသည်။

**(ဂ) လူ့ဇာတိခံယူခြင်းနှင့်ဆင့်ကဲဖြစ်စဉ်။** ခရစ်တော်၏လူ့ဇာတိခံယူခြင်းရှုထောင့်မှ လူသားဖန်ဆင်းခြင်းကိုရှုမြင်ခြင်းအားဖြင့် ဖန်ဆင်းခြင်းနှင့်ဆင့်ကဲဖြစ်စဉ်နှင့်ဆိုင်သောမေးခွန်းကို အကောင်းဆုံးဖြေနိုင်ပါလိမ့်မည်။ သမိုင်းထဲသို့ ဒုတိယအာဒံဖြစ်သော ခရစ်တော်ကိုယူဆောင်လာရာတွင်၊ ဘုရားသခင်သည်ပြောင်မြောက်စွာလုပ်ဆောင်ခဲ့သည်။ အကယ်၍ဘုရားသခင်သည် ဤအမြင့်ဆုံးသောနိမိတ်ကိုဖန်တီးနိုင်လျှင်၊ ပထမအာဒံကိုဖန်ဆင်းရန် သူ၏အစွမ်းကိုသံသယရှိစရာမရှိချေ။

**(ဃ) နှစ်ပေါင်းများစွာအတွင်းလူသားများဖြစ်လာသလော။** ဆင့်ကဲဖြစ်စဉ်ကိုလက်ခံသူတို့သည် လွန်ခဲ့သောရာစုနှစ်အနည်းငယ်က သိပ္ပံဆိုင်ရာအကြီးအကျယ်တိုးတက်မှုကိုသက်သေထား၍၊ လူသားများသည် မိမိတို့ကံကြမ္မာကိုစီရင်ပိုင်နိုင်ဟန်ရှိသည်ဟုဆိုကြသည်။ သူတို့လိုအပ်ချက်များကို သိပ္ပံပညာ၏အထောက်အပံ့ဖြင့်လုံလောက်သောအချိန်ရရှိမည်ဆိုလျှင်၊ သူတို့သည် လောက၏ပြဿနာအားလုံးကိုဖြေရှင်းနိုင်မည်ဟုဆိုကြသည်။

သို့ရာတွင်နည်းပညာကိုကယ်တင်ရှင်ပမာထားရှိခြင်းသည် တိုး၍ဝေဖန်မှုခံနေရသည်။ အဘယ်ကြောင့်ဆိုသော် နည်းပညာသည် ဂြိုဟ်ကမ္ဘာကိုပျက်သုဉ်းခြင်း၏ချောက်ကမ်းပါးစွန်းသို့ တွန်းပို့လျက်ရှိသည်။ လူသားတို့သည် အပြစ်ရှိသောစိတ်နှလုံးကို နှိမ်နင်းထိန်းချုပ်ရန်လုံးဝမစွမ်းနိုင်ချေ။ သို့ဖြစ်၍၊ သိပ္ပံပညာတိုးတက်မှုအားလုံးသည် ကမ္ဘာကြီးကိုပို၍သာအန္တရာယ်ရှိစေသည်။

ဘုရားတရားမဲ့ဝါဒဆိုင်ရာအတွေးအခေါ်များနှင့် မျှော်လင့်ချက်ပျက်သုဉ်းခြင်းသည် တိုး၍ခိုင်လုံနေဟန်ရှိသည်။ အလက်ဇန္ဒားဒါးပုပ်ရဟန်း၏အဆိုအမိန့်မှာ "မျှော်လင့်ခြင်းသည် လူသားတို့၏စိတ်နှလုံးထဲမှအစဉ်စီးထွက်လာသည်" ဟူ၍ဖြစ်သည်။ ယေဘာ

သည် အမှန်တရားကိုသာ၍သဘောပေါက်သည်။ “ငါ့နေ့ရက်တို့သည်... မျှော်လင့်ခြင်း မရှိဘဲလွန်သွားတတ်ကြ၏” (ယောဘ ၇း၆)။ လူသားတို့ကမ္ဘာသည် လုံးပါးပါးလာနေသည်။ တစ်စုံတစ်ဦးသည် လူ့သမိုင်းတစ်ဖက်ကမ်းမှလာ၍၊ လောကသို့ချင်းနင်းဝင်ရောက်ကာ၊ အမှန်တရားအသစ်ကိုယူဆောင်လာရပါလိမ့်မည်။

**မျှော်လင့်ခြင်းရောင်ခြည်များ။** လူသားတို့၏စာရိတ္တပျက်ပြားခြင်းသည် မည်မျှပင်ကြီးမားလျက်ရှိနေသနည်း။ လက်ဝါးကပ်တိုင်ပေါ်တွင် လူသားတို့သည် မိမိတို့ဖန်ဆင်းရှင်ကိုသတ်ခဲ့ကြသည်။ အဆုံးစွန်ဖခင်ကိုသတ်သောအမှုပါတကား။ သို့သော်လည်း ဘုရားသခင်သည်လူသားတို့ကို မျှော်လင့်ချက်မဲ့ဖြင့်မချန်ထားခဲ့ပါ။

ဒါဝိဒ်သည်ဖန်ဆင်းချိန်က လူသား၏အဆင့်ကိုဆင်ခြင်ခဲ့သည်။ ပထမတွင် စကြဝဠာ၏အပြောကျယ်မှုသည် စိတ်ကိုဖမ်းစားပြီး၊ လူသားတို့၏သေးနုပ်ခြင်းကို စဉ်းစားခဲ့သည်။ ထို့နောက် သူသည်လူသားတို့၏စစ်မှန်သောအဆင့်ကို သဘောပေါက်လာသည်။ လူသားနှင့်ဘုရားသခင်၏လက်ရှိဆက်စပ်မှုကို ပြောဆိုရာတွင် “သူ (တို့) ကို ကောင်းကင်တမန်တို့အောက်၌ အနည်းငယ်နိမ့်တော်မူပြီ။ သူ (တို့) ၏ဦးခေါင်းကို ဘုန်းအသရေနှင့်ပတ်ရစ်တော်မူပြီ။ ဖန်ဆင်းတော်မူသောအရာများကို အုပ်စိုးစေသည်” (ဆာလံ ၈း၄–၈) ဟုဆိုသည်။

အပြစ်ထဲသို့ကျရောက်ခဲ့သော်လည်း၊ လူသား၏ဂုဏ်သိက္ခာသည် ကျန်ရှိနေသေးသည်။ မှဲ့ပေါက်စွန်းခဲ့သော်လည်း၊ ဘုရားရှင်၏ပုံသဏ္ဌာန်သည် လုံးဝပျက်သုဉ်းခြင်း မရှိပါ။ “လူသားသည်ဖန်ဆင်းချိန်က ဘုရားသခင်၏ပုံသဏ္ဌာန်ကိုဆောင်ထားသည်။ ယခုတွင်အပြစ်၏လွှမ်းမိုးမှုကြောင့် ရုပ်ပျက်၊ မှေးမှိန်သွားရသော်လည်း၊ အသက်ဝိညာဉ်တိုင်းအပေါ်တွင် ဘုရားသခင်၏သဏ္ဌာန်တော်သည် ကျန်ရစ်နေသေးသည်။ ဘုရားသခင်သည် ထိုဝိညာဉ်အားပြန်ကောင်းလာရန်နှင့် ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းခြင်းတို့၌ မိမိသဏ္ဌာန်ကို ခြေရာပြန်ကောက်ရန် အလိုရှိသည်။

ကျရှုံး၊ ပျက်စီး၍အပြစ်ရှိသော်ငြားလည်း၊ လူသားများသည် ဤမြေကြီးပေါ်တွင် ဘုရားသခင်၏ကိုယ်စားလှယ်များဖြစ်နေသေးသည်။ သူတို့၏သဘာဝသည် ဘုရားထက်နိမ့်ကျသော်လည်း၊ သူတို့သည် ဖန်ဆင်းသောအရာများကိုစောင့်ရှောက်ရန် ဂုဏ်ရှိသောဘုရားပေးရာထူးရှိနေသည်။ ဒါဝိဒ်သည် ဤအရာကိုသဘောပေါက်သောအခါ၊ ကျေးဇူးတင်ခြင်းနှင့် ချီးမွမ်းခြင်းဖြင့်တုံ့ပြန်ခဲ့သည်။ “အိုအကျွန်ုပ်တို့၏ဘုရားရှင် ထာဝရဘုရား၊ ကိုယ်တော်၏နာမသည် မြေကြီးတစ်ပြင်လုံး၌ အလွန်ကြီးမြတ်တော်မူသတည်း” (ဆာလံ ၈း၉)။

## ကျေးဇူးတော်နှင့်ဆိုင်သောပဋိညာဉ်

ကျူးလွန်ခြင်းကြောင့်ပထမစုံတွဲသည် အပြစ်သားများဖြစ်လာခဲ့ကြသည်။ စာတန်ကိုမခုခံနိုင်ဖြစ်ပြီးနောက်၊ သူတို့သည်လွတ်မြောက်နိုင်ပါဦးမည်လော၊ သို့မဟုတ် ပျက်စီးစေရန် ချန်ရစ်ခြင်းခံရသလော။

**အပြစ်ထဲသို့ကျရောက်ချိန်တွင်ပေးသောပဋိညာဉ်။** ဘုရားသခင်သည် ကျရှုံးသောစုံတွဲတို့၏အပြစ်များအပေါ်ပြစ်ဒဏ်ကိုမကြေညာမီ၊ သူသည် ကျေးဇူးတော်နှင့် ဆိုင်သောပဋိညာဉ်ကိုအစပျိုးခြင်းဖြင့် သူတို့ကိုမျှော်လင့်ချက်ပေးခဲ့သည်။ သူက "သင်နှင့်မိန်းမကိုလည်းကောင်း၊ သင်၏အမျိုးအနွယ်နှင့်မိန်းမ၏အမျိုးအနွယ်ကို လည်းကောင်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ဦးခေါင်းကိုကြိတ်လိမ့်မည်။ သင်သည် သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်ဟုမိန့်တော်မူ၏" (ကမ္ဘာ ၃း၁၅)။

ဘုရားသခင်၏သတင်းစကားသည် အားပေးမှုကိုယူဆောင်လာခဲ့သည်။ အကြောင်းမှာစာတန်သည် လူသားတို့ကိုသူ၏ဆိုးညစ်သော ကျိန်စာအောက်၌ထားရှိသော်လည်း၊ အဆုံးတွင်သူရှုံးနိမ့်မည်ဖြစ်ကြောင်းကိုကြေညာသောကြောင့်ဖြစ်သည်။ ထိုပဋိညာဉ်ကိုဘုရားသခင်နှင့် လူသားစပ်ကြားတွင်ပြုလုပ်ခဲ့သည်။ ရှေးဦးစွာ၊ ဘုရားသခင်သည် မိမိကျေးဇူးတော်အားဖြင့် အပြစ်ကိုကာကွယ်သောတံတိုင်းကို ကတိပေးခဲ့သည်။ သူသည် မြွေနှင့်မိန်းမတို့အကြား၊ စာတန်၏နောက်လိုက်များနှင့် ဘုရားသခင်၏ လူတို့အကြားရန်ငြိုးဖွဲ့လိမ့်မည်။ ဤအရာသည် လူသားတို့နှင့်စာတန်၏ဆက်စပ်မှုကို နှောင့်ယှက်ပြီး၊ ဘုရားသခင်နှင့်ဆက်ဆံရေးကို အသစ်ဖြစ်စေမည့်လမ်းကိုပွင့်စေလိမ့်မည်။

ရာစုနှစ်များတစ်လျှောက်၊ ဘုရားသခင်၏အသင်းတော်နှင့်စာတန်အကြား စစ်ပွဲသည်ဆက်လက်ရှိနေလိမ့်မည်။ ဤတိုက်ပွဲသည် မိန်းမ၏အမျိုးအနွယ်ဖြစ်သော ယေရှုခရစ်တော်၏သေခြင်း၌ အထွတ်အထိပ်သို့ရောက်ရှိခဲ့သည်။ ကရာနိကုန်းတွင် စာတန်ရှုံးနိမ့်ခဲ့သည်။ မိန်းမ၏အမျိုးအနွယ်သည် ပွန်းပဲ့ဒဏ်ရာရရှိခဲ့သော်လည်း၊ မကောင်းမှုကိုအစပြုသူသည် ရှုံးနိမ့်ခဲ့သည်။

ဘုရားသခင်ကမ်းလှမ်းသောကျေးဇူးတော်ကို လက်ခံသောသူအားလုံးသည် စာတန်နှင့်တိုက်ပွဲတွင်ရန်လိုမှုကို သိကြလိမ့်မည်။ ယုံကြည်ခြင်းအားဖြင့် သူတို့သည် ကရာနိကုန်းပေါ်ကကယ်တင်ရှင်၏အောင်မြင်ခြင်းကို မျှဝေခံစားကြလိမ့်မည်။

**ဖန်ဆင်းခြင်းမတိုင်မီပြုခဲ့သောပဋိညာဉ်။** ကျေးဇူးတော်နှင့်ဆိုင်သော ပဋိညာဉ်ကို အပြစ်ထဲကျရောက်ပြီးမှဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ ဖန်ဆင်းခြင်းမတိုင်မီ ကပင် သုံးပါးတစ်ဆူဘုရားသည် အကယ်၍လူသားများအပြစ်ထဲသို့ကျရောက်ခဲ့သော်

ကယ်တင်ရန် သူတို့အချင်းချင်းအကြားပဋိညာဉ်ပြုခဲ့ကြသည်။ ဘုရားသခင်သည် "ဤကမ္ဘာမတည်မရှိမီ ငါတို့ကိုခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ ခပ်သိမ်းသောမင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အားပေးသနားတော်မူသော ငါတို့သခင်ယေရှုခရစ်၏ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း" (ဧဖက် ၁း၄–၆) ဟုပေါလုဆိုသည်။ ခရစ်တော်၏အပြစ်ဖြေသောယဇ်ကိုရည်ညွှန်း၍ ပေတရုက၊ "ထိုခရစ်တော်ကား၊ ဤကမ္ဘာမတည်မရှိမီ ခန့်ထားတော်မူခြင်းကိုခံနှင့်ပြီ" (၁ပေ ၁း၂၀) ဟု ဆိုသည်။

ထိုပဋိညာဉ်သည် မတုန်လှုပ်နိုင်သောအုတ်မြစ်ဖြစ်သည့် ဘုရားသခင်ကိုယ်တိုင်၏ ကတိတော်နှင့်ကျိန်ဆိုခြင်းအပေါ်၌ အခြေခံသည် (ဟေဗြဲ ၆း၁၈)။ ယေရှုခရစ်တော်သည် ထိုပဋိညာဉ်၏အာမခံချက်ဖြစ်သည် (ဟေဗြဲ ၇း၂၂)။ အာမခံသူသည် အခြားတစ်ဦး၏ပျက်ကွက်မှုတွင် တာဝန်ယူသောသူဖြစ်သည်။ အာမခံအဖြစ် ခရစ်တော်၏လုပ်ဆောင်မှုသည် အကယ်၍လူသားမျိုးနွယ်သည် အပြစ်ထဲသို့ကျရောက်ခဲ့သော် သူသည် သူတို့၏ပြစ်ဒဏ်ကို ခံရမည်ဟူသောအဓိပ္ပါယ်ဆောင်သည်။ သူသည် လူသားတို့ရွေးနုတ်ခြင်းအတွက်အဖိုးအခကိုပေးရမည်။ သူတို့၏အပြစ်အတွက် အပြစ်ဖြေခြင်းပြုရမည်။ ချိုးဖောက်ခဲ့သောဘုရားသခင့်ပညတ်တော်၏တောင်းဆိုချက်များကို သူဖြည့်ပေးရမည်။ လူသားတို့၏ခေါင်းဆောင်ကိုယ်စားလှယ်၊ ဖန်ဆင်းရှင်ခရစ်တော်ကသာ ထိုတာဝန်ကိုယူနိုင်သည် (ရောမ ၅း၁၂–၂၁။ ၁ကော ၁၅း၂၂)။

ဘုရားသခင်၏သားတော်သည် ထိုပဋိညာဉ်၏အာမခံသူဖြစ်သည်သာမက၊ ၎င်း၏ဖျန်ဖြေပေးသူ သို့မဟုတ် ဆောင်ရွက်သူလည်းဖြစ်သည်။ လူ့ဇာတိကိုခံယူသူအဖြစ်သူ၏သာသနာလုပ်ငန်းကို ဤအခန်းကဏ္ဍတွင်သူ၏တာဝန်ကိုပြသည်။ သူက "ငါသည်ကိုယ်အလိုသို့လိုက်ခြင်းငှာ ကောင်းကင်မှဆင်းသက်သည်မဟုတ်၊ ငါ့ကိုစေလွှတ်တော်မူသောသူ၏အလိုတော်သို့လိုက်ခြင်းငှာ ဆင်းသက်၏" (ယောဟန် ၆း၃၈) ဟုဆိုခဲ့သည်။ ခမည်းတော်သည် "သားတော်ကိုကြည့်မြင်၍ ယုံကြည်သောသူရှိသမျှတို့သည် ထာဝရအသက်ကိုရစေခြင်းငှာအလိုရှိ၏" (ယောဟန် ၆း၄၀)။ သူသည် "ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသောကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း သိကျွမ်းခြင်းတည်း" (ယောဟန် ၁၇း၃) ဟုဆိုသည်။ သူ၏သာသနာလုပ်ငန်း၏အဆုံးတွင်၊ ခမည်းတော်၏စေခိုင်းချက်ကို သူဆောင်ရွက်ခဲ့မှုကိုသက်သေခံသည်ကား၊ "အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်၏ဘုန်းကိုထင်ရှားစေပါပြီ။ အကျွန်ုပ်ဆောင်ရွက်စရာဖို့ အကျွန်ုပ်၌အပ်ပေးတော်မူသောအမှုကို အကျွန်ုပ်ဆောင်ရွက်၍ပြီးပါပြီ" (ယောဟန် ၁၇း၄) ဟူ၍ဖြစ်သည်။

လက်ဝါးကပ်တိုင်ပေါ်တွင်ယေရှုသည် ပဋိညာဉ်တွင် လူသားတို့၏အာမခံသူဖြစ်ရန် ကတိထားချက်ကိုပြည့်စုံစေခဲ့သည်။ "အမှုပြီးပြီ" (ယောဟန် ၁၉း၃၀) ဟူသောမိန့်တော်မူချက်သည် သူ၏သာသနာလုပ်ငန်းပြီးဆုံးကြောင်းကို ညွှန်ပြသည်။ ဘုရားသခင်၏ ပညတ်တော်ချိုးဖောက်ခြင်း၏အပြစ်ဒဏ်ကို သူသည် မိမိကိုယ်တိုင်အသက်ဖြင့်ပေးဆပ်ခဲ့ပြီး၊ နောင်တရသောလူသားတို့အတွက် ကယ်တင်ခြင်းကိုအာမခံပေးသည်။ ထိုအခိုက်အတန့်တွင် ခရစ်တော်၏အသွေးသည် ကျေးဇူးတော်နှင့်ဆိုင်သောပဋိညာဉ်ကိုအတည်ပြုခဲ့သည်။ သူ၏အပြစ်ဖြေသောအသွေးကို ယုံကြည်ခြင်းအားဖြင့်၊ နောင်တရသောအပြစ်သားများသည် ဘုရားသခင်၏သားသမီးများအဖြစ်မွေးစားခံရမည်ဖြစ်ပြီး၊ ထိုသို့ဖြင့် ထာဝရအသက်ကိုအမွေခံသူများဖြစ်လာကြသည်။

ဤကျေးဇူးတော်နှင့်ဆိုင်သောပဋိညာဉ်သည် လူသားများအပေါ် ဘုရားသခင်၏ အနန္တမေတ္တာကိုဖော်ပြသည်။ ဖန်ဆင်းခြင်းမတိုင်မီပြုခဲ့သောပဋိညာဉ်ကို အပြစ်ထဲသို့ကျရှုံးပြီးနောက်တွင် ထုတ်ဖော်ခဲ့သည်။ ထိုအချိန်က၊ အထူးသဖြင့် ဘုရားသခင်နှင့်လူသားတို့သည် မိတ်ဖက်ဖြစ်လာခဲ့ကြသည်။

**ပဋိညာဉ်ကိုအသစ်ပြန်စခြင်း။** ကံအကြောင်းမလှစွာဖြင့်၊ လူသားတို့သည် ဤကြီးကျယ်သော ကျေးဇူးတော်နှင့်ဆိုင်သောပဋိညာဉ်ကို ရေမလွှမ်းမိုးမီနှင့် ရေလွှမ်းမိုးပြီးနောက်ပိုင်းတွင်ပယ်ချခဲ့ကြသည် (ကမ္ဘာ ၆း၁–၈။ ၁၁း၁–၉)။ နောက်တစ်ခါ ဘုရားသခင်သည်ပဋိညာဉ်ပြုရန် ကမ်းလှမ်းသောအခါ၊ အာဗြဟံမှတစ်ဆင့်ပြုလုပ်ခဲ့သည်။ တစ်ဖန်သူသည် ရွေးနုတ်ခြင်းကတိကိုအတည်ပြုခဲ့ပြန်သည်။ "ငါ၏စကားကို သင်နားထောင်သောကြောင့်၊ သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကိုခံရကြလိမ့်မည်" (ကမ္ဘာ ၂၂း၁၈)။

သမ္မာကျမ်းစာသည် အထူးသဖြင့်ပဋိညာဉ်၏သတ်မှတ်ချက်များအပေါ် အာဗြဟံ၏သစ္စာရှိမှုကို မီးမောင်းထိုးပြသည်။ "အာဗြဟံသည် ထာဝရဘုရားကိုယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏" (ကမ္ဘာ ၁၅း၆)။ ပဋိညာဉ်၏ကောင်းချီးများတွင် အာဗြဟံ၏ပါဝင်မှုသည် ဘုရားသခင်၏ကျေးဇူးတော်အပေါ်တွင်တည်သော်လည်း၊ သူသည်နားထောင်မှုရှိမှသာရရှိမည်ဖြစ်သည်။ ဤအရာသည် ပဋိညာဉ်က ဘုရားသခင့်ပညတ်တော်၏အခွင့်အာဏာကို ကိုင်စွဲကြောင်းဖော်ပြသည် (ကမ္ဘာ ၁၇း၁။ ၂၆း၅)။

အာဗြဟံ၏ယုံကြည်ခြင်းသည် ဘုရားသခင်၌အမြစ်စွဲ၍၊ သူ၏သစ္စာရှိခြင်းကြောင့် သူသည်ယုံကြည်သူအပေါင်းတို့၏အဘဟူသောဂုဏ်ပုဒ်ကို ပေးခြင်းခံရသည် (ရောမ ၄း၁၁)။ ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်၍၊ နားထောင်ခြင်းကလိုက်လာ

ခြင်းကိုဖော်ပြသည့်သူသည် ဘုရားသခင်၏စံနမူနာဖြစ်သည် (ရောမ ၄း၂၊၃။ ယာကုပ် ၂း၂၃၊၂၄)။ ကျေးဇူးတော်နှင့်ဆိုင်သောပဋိညာဉ်သည် ၎င်း၏ကောင်းချီးများကို အာဗြဟံ၏ သွေးသားတော်စပ်သောသားမြေးစဉ်ဆက်တို့အပေါ်၌ အလိုအလျောက်အပ်နှင်းခြင်းမရှိဘဲ၊ အာဗြဟံ၏ယုံကြည်ခြင်းနမူနာကို လိုက်သောသူတို့သည်သာရရှိကြသည်။ "ယုံကြည်ခြင်း ရှိသောသူသည် အာဗြဟံ၏သားဖြစ်သည်ဟုအမှန်သိမှတ်ကြလော့" (ဂလာတိ ၃း၇)။ မြေကြီးပေါ်ရှိလူတစ်ဦးချင်းသည် သတ်မှတ်ချက်ကိုဖြည့်ဆည်းခြင်းဖြင့် ပဋိညာဉ်၏ ကတိများဖြစ်သောကယ်တင်ခြင်းကို တွေ့ကြုံခံစားနိုင်ကြသည်။ "ခရစ်တော်နှင့်စပ်ဆိုင် လျှင်၊ အာဗြဟံ၏မျိုးနွယ်ပင်ဖြစ်၍၊ ကတိတော်အတိုင်း အမွေခံ၏အရာ၌တည်ကြ၏" (ဂလာတိ ၃း၂၉)။ ဘုရားသခင်သည် သိနာတောင်ပေါ်တွင်ပေးသောပဋိညာဉ် (ပထမပဋိညာဉ်ဟုလည်းခေါ်သည်) သည် အာဗြဟံနှင့်ပြုခဲ့သည့် ကျေးဇူးတော်ဆိုင်ရာ ပဋိညာဉ်ကိုအသစ်ပြန်စသောပဋိညာဉ်ဖြစ်သည် (ဟေဗြဲ ၉း၁)။ သို့သော်ဣသရေလ များသည် ၎င်းကိုအကျင့်နှင့်ဆိုင်သောပဋိညာဉ်အဖြစ်သို့ သွေဖည်စေခဲ့ကြသည် (ဂလာတိ ၄း၂၂–၃၁)။

**အသစ်သောပဋိညာဉ်။** နောက်ပိုင်းတွင်ကျမ်းချက်များက "အသစ်သော သို့မဟုတ် သာ၍ကောင်းသောပဋိညာဉ်" အကြောင်းကိုပြောသည်။ ထိုသို့ပြောကြသော်လည်း ထာဝရပဋိညာဉ်သည် ပြောင်းလဲသွားသောကြောင့်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် (၁) ဣသရေလတို့၏သစ္စာမရှိမှုကြောင့် ဘုရားသခင်၏ထာဝရပဋိညာဉ်သည် အကျင့်ကို ဦးတည်သောစနစ်သို့ သွေဖည်ခြင်းကြောင့်လည်းကောင်း၊ (၂) ယေရှုခရစ်၏လူ့ဇာတိ ခံယူခြင်း၊ အသက်တာ၊ သေခြင်း၊ ထမြောက်ခြင်းနှင့် ကြားဖျန်ဖြေခြင်းတို့၌ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို အသစ်ဖွင့်ပြခြင်းနှင့်ဆက်စပ်ခြင်းကြောင့်လည်းကောင်း (ဟေဗြဲ ၈း၆–၁၃)၊ (၃) လက်ဝါးကပ်တိုင်တွင် ခရစ်တော်၏အသွေးတော်အားဖြင့် အတည် မပြုမီတိုင်အောင်ရှိနေခြင်းကြောင့်လည်းကောင်း ဖြစ်သည် (ဒံ ၉း၂၇။ လုကာ ၂၂း၂၀။ ရောမ ၁၅း၈။ ဟေဗြဲ ၉း၁၁–၂၂)။

ဤပဋိညာဉ်ကိုလက်ခံသောသူတို့အား ကမ်းလှမ်းသောအရာသည် အလွန် ကြီးမားသည်။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်၊ ၎င်းသည် သူတို့ကိုသူတို့အပြစ် များမှခွင့်လွှတ်ခြင်းကိုပေးသည်။ ၎င်းသည် နှလုံးပေါ်တွင်သန့်ရှင်းသောဝိညာဉ်တော်က ပညတ်တော် (၁၀) ပါးရေးသားခြင်းအခွင့်ကိုပေး၍၊ နောင်တရသောအပြစ်သားကို သူတို့အားဖန်ဆင်းသောသူ၏ပုံသဏ္ဍာန်သို့ ပြန်လည်အသစ်ပြုပြင်သည် (ယေရမိ ၃၁း၃၃)။ ဤအသစ်သောပဋိညာဉ်ဖြစ်သည့် အသစ်မွေးဖွားခြင်းအတွေ့အကြုံသည် ခရစ်တော်၏ ဖြောင့်မတ်ခြင်းနှင့်ယူဆောင်လာ၍၊ ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ခြင်းအတွေ့အကြုံကို ပေးသည်။

အသစ်သောပဋိညာဉ်၏အတွေ့အကြုံသည် အသစ်သောနှလုံးကိုပေးသည်။ အသစ်သောနှလုံးသည် လူတစ်ဦးစီကိုပြောင်းလဲပေး၍၊ ဝိညာဉ်တော်၏အသီးများဖြစ်သည့် "ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း" (ဂလာတိ ၅း၂၂၊၂၃) တို့ကိုသီးလာစေသည်။ ခရစ်တော်၏ကယ်တင်သောကျေးဇူးတော်တန်ခိုးအားဖြင့်၊ သူတို့သည် ခရစ်တော်လျှောက်လှမ်းခဲ့သကဲ့သို့ လျှောက်လှမ်းနိုင်မည်ဖြစ်၍၊ ဘုရားသခင်နှစ်သက်သောအရာများကို နေ့စဉ်မွေ့လျော်နိုင်မည်ဖြစ်သည် (ယောဟန် ၈း၂၉)။ အပြစ်ရှိသောလူသားတို့၏တစ်ခုတည်းသောမျှော်လင့်ချက်မှာ ဘုရားသခင်၏ကျေးဇူးတော်ပဋိညာဉ်ထဲသို့ဝင်စားရန်၊ သူ၏ဖိတ်ခေါ်ခြင်းကိုလက်ခံရန်ဖြစ်သည်။ ယေရှုခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏သားသမီးအဖြစ်မွေးစားခြင်းနှင့် သူ၏နိုင်ငံတွင်ခရစ်တော်နှင့်အတူအမွေခံခြင်းတို့ကို အာမခံချက်ပေးသောထိုဆက်ဆံရေးကို ကျွန်ုပ်တို့ခံစားနိုင်ကြသည်။

—o—

# အခန်း– ၈
# မဟာအငြင်းပွားမှုကြီး

ဘုရားသခင်၏စရိုက်တော်၊ ပညတ်တော်နှင့်စကြဝဠာအပေါ် အချုပ်အခြာအုပ်စိုးမှုတို့နှင့်စပ်လျဉ်း၍ ခရစ်တော်နှင့်စာတန်အကြားရှိမဟာအငြင်းပွားမှုကြီးတွင် လူသားအားလုံးတို့ပါဝင်ကြသည်။ လွတ်လပ်စွာရွေးချယ်ခွင့်အပ်နှင်းခြင်းခံရသည့် ဖန်ဆင်းခြင်းခံရသောသတ္တဝါတစ်ပါးသည် မိမိကိုယ်ကိုချီးမြှောက်ရာတွင် ဘုရားသခင်၏ရန်သူစာတန်မာရ်နတ်ဖြစ်လာခဲ့ပြီး၊ ကောင်းကင်တမန်တချို့ကို ပုန်ကန်ခြင်းထဲသို့ဆွဲသွင်းလိုက်ချိန်တွင် ဤအငြင်းပွားမှုသည် ကောင်းကင်၌စတင်ခဲ့သည်။ သူသည် အာဒံနှင့်ဧဝတို့ကိုအပြစ်ထဲသို့ပို့ဆောင်ချိန်တွင် ဤလောကကြီးထဲသို့ပုန်ကန်ခြင်းစိတ်ထားကိုသူအစပျိုးခဲ့သည်။ ဤလူသား၏အပြစ်သည် လူသား၌ဘုရားသခင်၏ပုံသဏ္ဌာန်ကိုမှေးမှိန်ခြင်း၊ ဖန်ဆင်းသောကမ္ဘာကို ကစဉ့်ကလျားဖြစ်ခြင်း၊ ကမ္ဘာဦးကျမ်း ၁–၁၁ မှ သမိုင်းဆိုင်ရာဖြစ်ရပ်တွင်ဖော်ပြသကဲ့သို့ တစ်ကမ္ဘာလုံးရေလွှမ်းမိုးချိန်တွင် အဆုံးစွန်ကြီးစွာသောပျက်စီးခြင်းတို့ကိုဖြစ်စေခဲ့သည်။ ဖန်ဆင်းသောအရာအားလုံးကိုသုံးသပ်ရသော်၊ ဤလောကသည် စကြဝဠာနှင့်ချီသောအငြင်းပွားမှု၏တိုက်ခိုက်ရာပြိုင်ကွင်းဖြစ်လာခဲ့ပြီး၊ ထိုဖြစ်ရပ်မှမေတ္တာရှင်ဘုရားသခင်ကို အဆုံးတွင်သက်သေထူလိမ့်မည်။ ဤအငြင်းပွားမှုတွင် မိမိလူတို့ကိုကူညီရန်၊ ခရစ်တော်သည် သူတို့ကိုလမ်းပြကာကွယ်ရန်နှင့် ကယ်တင်ခြင်းလမ်းကြောင်းတွင်အားပေးရန် သန့်ရှင်းသောဝိညာဉ်တော်နှင့်သစ္စာစောင့်သောကောင်းကင်တမန်များကိုစေလွှတ်သည် (ကမ္ဘာ ၃၊၆–၈။ ယောဘ ၂း၆–၁၂။ ဟေရှာယ ၁၄း၁၂–၁၄။ ယေဇကျေ ၂၈း၁၂–၁၈။ ရောမ ၁း၁၉–၃၂။ ၃း၄။ ၅း၁၂–၂၁။ ၈း၁၉–၂၂။ ၁ကော ၄း၉။ ဟေဗြဲ ၁း၁၄။ ၁ပေ ၅း၈။ ၂ပေ ၃း၆။ ဗျာ ၁၂း၄–၉။

သမ္မာကျမ်းစာသည် အကောင်းနှင့်အဆိုး၊ ဘုရားသခင်နှင့်စာတန်တို့အကြားစကြဝဠာနှင့်ချီသောတိုက်ပွဲကိုဖော်ပြသည်။ စကြဝဠာတစ်ခုလုံးပါဝင်သောဤအငြင်းပွားမှုကိုနားလည်ခြင်းသည် အဘယ်ကြောင့်ယေရှုသည် ဤကမ္ဘာဂြိုဟ်သို့ကြွလာသနည်းဟူသောမေးခွန်းကိုအဖြေပေးသည်။

## စကြဝဠာနှင့်ချီသောအငြင်းပွားမှု

အနက်နဲဆုံးသောအရာဖြစ်သည့် အကောင်းနှင့်အဆိုးအကြားအငြင်းပွားမှုသည် ကောင်းကင်ဘုံ၌အစပြုခဲ့သည်။ ပြီးပြည့်စုံသောပတ်ဝန်းကျင်တွင် မည်ကဲ့သို့အပြစ်တရားစတင်ပေါ်လာနိုင်သနည်း။

လူသားတို့ထက်သာ၍မြင့်သောကောင်းကင်တမန် (ဆာလံ ၈း၅) တို့ကို ဘုရားသခင်နှင့်ရင်းနှီးသောဆက်ဆံရေး၌ပျော်မွေ့ရန် ဖန်ဆင်းခဲ့သည် (ဗျာ ၁း၁။ ၃း၅။ ၅း၁၁)။ သာလွန်သောခွန်အားရှိ၍၊ ဘုရားသခင်၏စကားကိုနားထောင်သော (ဆာလံ ၁၀၃း၂၀) သူတို့သည် အစေခံများကဲ့သို့၊ သို့မဟုတ် "အစေခံနံဝိညာဉ်" (ဟေဗြဲ ၁း၁၄) များကဲ့သို့လုပ်ဆောင်ကြသည်။ အများအားဖြင့်မမြင်ရသော်လည်း၊ တစ်ခါတစ်ရံသူတို့သည် လူသားပုံသဏ္ဍာန်ဖြင့်ထင်ရှားကြသည် (ကမ္ဘာ ၁၈။ ၁၉။ ဟေဗြဲ ၁၃း၂)။ ဤကောင်းကင်တမန်များအထဲမှ တစ်ပါးအားဖြင့်စကြဝဠာတွင်အပြစ်စတင်ခဲ့သည်။

**အငြင်းပွားမှု၏အစ။** လူစီဖာကိုတုရုရှင်ဘုရင်နှင့် ဗာဗုလုန်ရှင်ဘုရင်တို့ကဲ့သို့ တင်စား၍၊ သမ္မာကျမ်းစာသည် ဤစကြဝဠာနှင့်ချီသောအငြင်းပွားမှုသည် မည်ကဲ့သို့ စတင်ခဲ့ကြောင်းကိုအလင်းပြသည်။ တင့်တယ်ခြင်းအသရေနှင့်စုံလင်သော "နံနက်သား၊ မိုးသောက်ကြယ်" သည် ဘုရားသခင်၏ရှေ့တော်မှောက်တွင်ရှိနေခဲ့သည် (ဟေရှာယ ၁၄း၁၂။ ယေဇ ၂၈း၁၄)။ သမ္မာကျမ်းစာက "သင်သည်ထူးဆန်းသောတံဆိပ်ဖြစ်၏။ ပညာနှင့်ပြည့်စုံ၍၊ တင့်တယ်ခြင်းအသရေလည်းစုံလင်လျက်ရှိ၏။... ဖွားသောနေ့မှစ၍ သင့်အပြစ်ထင်ရှားသောနေ့တိုင်အောင်၊ ပြုလေရာရာ၌စုံလင်လျက်ရှိ၏" (ယေဇ ၂၈း၁၂–၁၅) ဟု ဖော်ပြသည်။

အပြစ်ဖြစ်ပေါ်လာပုံကိုရှင်းပြ၍မရနိုင်သော်လည်း၊ ၎င်း၏အရင်းအမြစ်ကိုလူစီဖာ၏မာနတွင်ခြေရာခံနိုင်သည်။ "သင်သည် ကိုယ်၌တင့်တယ်ခြင်းအသရေကြောင့်၊ ဝါကြွားသောစိတ်ရှိလျက် ဂုဏ်ထွန်းတောက်သောကြောင့်၊ သင်၏ပညာသည် ဖောက်ပြန်လျက်ရှိလေပြီ" (ယေဇ ၂၈း၁၇)။ လူစီဖာသည် မိမိဖန်ဆင်းရှင်ကပေးသော အဆင့်မြင့်ရာထူးဖြင့်မကျေနပ်ခဲ့ချေ။ တစ်ကိုယ်ကောင်းဆန်စွာဖြင့် ဘုရားသခင်ကိုယ်တိုင်နှင့် တန်းတူရှိခြင်းကိုတပ်မက်ခဲ့သည်။ "သင်ကလည်း၊ ကောင်းကင်ပေါ်သို့ငါတက်မည်။ ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကိုငါချီးမြှောက်မည်။... အမြင့်ဆုံးသောဘုရားကဲ့သို့ငါနေမည်" (ဟေရှာ ၁၄း၁၃၊၁၄)။ သူသည် ဘုရားသခင်၏ရာထူးကိုလိုချင်သော်လည်း၊ သူ၏စာရိတ္တတော်ကိုမူမလိုချင်ခဲ့ချေ။ သူသည် ဘုရားသခင်၏ အခွင့်အာဏာကိုနားလည်သော်လည်း၊ သူ၏မေတ္တာကိုမူသဘောမပေါက်ခဲ့ချေ။ ဘုရားသခင်၏အုပ်ချုပ်မှုကို လူစီဖာ၏ပုန်ကန်ခြင်းသည် သူ့ကို "ရန်သူ" စာတန်အဖြစ်ပြောင်းလဲပေးသောပထမအဆင့်ဖြစ်သည်။

လူစီဖာ၏တိတ်တခိုးလုပ်ဆောင်မှုများသည် များစွာသောကောင်းကင်တမန်တို့ကို ဘုရားသခင်၏မေတ္တာအပေါ်မျက်စိကွယ်စေခဲ့သည်။ ကောင်းကင်တမန်သုံးပုံတစ်ပုံသည် သူ၏ပုန်ကန်ခြင်း၌ပါဝင်လာသည့်တိုင်အောင်၊ ဘုရားသခင်၏အုပ်ချုပ်မှုအပေါ် မကျေနပ်မှုနှင့်သစ္စာမရှိမှုတို့ကြီးထွားလာခဲ့သည် (ဗျာ ၁၂း၄)။ ဘုရားသခင့်

နိုင်ငံတော်၏ ငြိမ်သက်အေးချမ်းမှုသည်ကွဲကြေခဲ့ရကာ၊ "ကောင်းကင်၌စစ်ဖြစ်၏" (ဗျာ ၁၂း၇)။ ကောင်းကင်ကစစ်ပွဲသည် စာတန်ကိုရှေးမြွေဟောင်း၊ နဂါးကြီး၊ မာရ်နတ် အဖြစ်ပုံဖော်ပြပြီး၊ "သူနှင့်အတူသူ၏တမန်တို့ကို မြေကြီးသို့ချလိုက်ကြ၏" (ဗျာ ၁၂း၉)။

**လူသားများမည်ကဲ့သို့ပါဝင်လာကြသနည်း။** ကောင်းကင်မှနှင်ထုတ်ခံရပြီးနောက်၊ စာတန်သည် မိမိပုန်ကန်ခြင်းကိုမြေကြီးပေါ်တွင်ဖြန့်ခဲ့သည်။ စကားပြောသောမြွေကဲ့သို့ယောင်ဆောင်၍၊ သူ့ကိုကျရှုံးစေခဲ့သည့်အကြောင်းအရာကိုပင်အသုံးပြုပြီး၊ သူသည် အာဒံနှင့်ဧဝတို့၏မိမိတို့ဖန်ဆင်းရှင်အပေါ် ယုံကြည်ကိုးစားမှုကိုလျော့ပါးစေခဲ့သည် (ကမ္ဘာ ၃း၅)။ စာတန်သည် ဧဝကိုမိမိအဆင့်၌မကျေနပ်စေရန်နှိုးဆွခဲ့သည်။ ဘုရားသခင်နှင့်တန်းတူဖြစ်နိုင်ချေကိုစွဲလမ်း၍၊ လှည့်ဖြားသူ၏စကားကိုယုံစားပြီး၊ ဘုရားသခင်၏စကားကို သံသယရှိလာခဲ့သည်။ ဘုရားသခင်၏အမိန့်ကိုမနာခံတော့ဘဲ၊ အသီးကိုစားလိုက်ပြီး၊ မိမိခင်ပွန်းကိုလည်းအလားတူစားစေခဲ့သည်။ မိမိတို့ဖန်ဆင်းရှင်အစား၊ မြွေ၏စကားကိုယုံကြည်ရာ၊ သူတို့သည် ဘုရားသခင်အပေါ်မယုံကြည်မှုဖြင့်သစ္စာဖောက်ခဲ့ကြသည်။ ကောင်းကင်၌အစပြုခဲ့သောအငြင်းပွားမှုမျိုးစေ့များသည် ဝမ်းနည်းဖွယ်ကမ္ဘာဂြိုဟ်တွင်အမြစ်စွဲခဲ့သည် (ကမ္ဘာ ၃)။

ကျွန်ုပ်တို့၏မိဦးဖဦးတို့ကိုအပြစ်သို့ဖြားယောင်းပြီးနောက်၊ စာတန်သည် ပါးနပ်စွာသူတို့၏မြေကြီးပေါ်အုပ်စိုးမှုကို သူတို့ထံမှလုယူခဲ့သည်။ ယခုတွင် "ဤလောက၏အရှင်" အဖြစ်ကြေညာ၍၊ စာတန်သည် ဘုရားသခင်နှင့်၊ သူ၏အုပ်စိုးမှုနှင့်စကြဝဠာတစ်ခုလုံးကို မိမိ၏ဌာနချုပ်အသစ်အဖြစ်၊ ကမ္ဘာဂြိုဟ်မှစိန်ခေါ်ခဲ့သည်။

**လူသားတို့အပေါ်အကျိုးသက်ရောက်မှု။** ခရစ်တော်နှင့်စာတန်အကြားအငြင်းပွားမှု၏အကျိုးဆက်များသည် အပြစ်ကလူသားတို့၌ ဘုရားသခင်၏ပုံသဏ္ဍာန်ကိုပျက်စေချိန်တွင်ထင်ရှားလာခဲ့သည်။ ဘုရားသခင်သည် မိမိ၏ကျေးဇူးတော်ပဋိညာဉ်ကို လူသားတို့အား အာဒံနှင့်ဧဝတို့မှတစ်ဆင့်ပေးကမ်း (ကမ္ဘာ ၃း၁၅) သော်လည်း၊ သူတို့၏သားဦးကာဣနသည် သူ့ညီကိုသတ်ခဲ့သည် (ကမ္ဘာ ၄း၈)။ လူတို့၏ "စိတ်နှလုံးအကြံအစည်ရှိသမျှတို့သည် အစဉ်မပြတ်ဆိုးညစ်ခြင်းသက်သက်ရှိ" (ကမ္ဘာ ၆း၅) သည်ဟု ဘုရားသခင်ကဝမ်းနည်းစွာဆိုရသည်တိုင်အောင် ဆိုးသွမ်းမှုသည်ဆက်လက်ပွားများနေခဲ့သည်။

ဘုရားသခင်သည် ရေလွှမ်းမိုးခြင်းဘေးကြီးကိုအသုံးပြု၍၊ မပြောင်းလဲသောသူများ၏ကမ္ဘာကို သန့်ရှင်းစေပြီး၊ လူသားမျိုးနွယ်ကိုအသစ်အစပြုခဲ့သည် (ကမ္ဘာ ၇း၁၇–၂၀)။ သို့သော် မကြာမီသစ္စာရှိသောနောဧ၏သားမြေးစဉ်ဆက်တို့သည် ဘုရားသခင်၏ပဋိညာဉ်မှခွဲထွက်ခဲ့ကြသည်။ ဘုရားသခင်သည် ရေလွှမ်းမိုးခြင်းဘေးဖြင့် ကမ္ဘာတစ်ခုလုံးကိုဘယ်ခါမျှဖျက်ဆီးတော့မည်မဟုတ်ကြောင်းကို ကတိပေးခဲ့သော်လည်း၊ သူတို့သည်

ကောင်းကင်အထိရောက်ရှိရန် ဗာဗုလုန်ရဲတိုက်ကိုတည်ဆောက်ခြင်းဖြင့် ဘုရားအပေါ် မယုံကြည်ကြောင်းကို ဗြောင်ကျကျဖော်ပြခဲ့ကြသည်။ ထိုသို့ဖြင့်ဖြစ်လာနိုင်သော ရေလွှမ်းမိုးခြင်းမှလွတ်မြောက်ရန် လမ်းစရှိနိုင်မည်။ ဤအချိန်တွင် ဘုရားသခင်သည် လူတို့၏ပုန်ကန်မှုကို သူတို့၏အများသုံးဘုံစကားကိုရှုပ်ထွေးစေခြင်းဖြင့် ခြေမှုန်းခဲ့သည် (ကမ္ဘာ ၉း၁၊ ၁၁)။

နောက်ပိုင်း၊ ကမ္ဘာသည်လုံးလုံးဖောက်ပြန်လုဖြစ်လာချိန်တွင်၊ ဘုရားသခင်သည် သူ၏ပဋိညာဉ်ကို အာဗြဟံအထိဆွဲဆန့်ခဲ့သည်။ အာဗြဟံမှတစ်ဆင့်၊ ဘုရားသခင်သည် ကမ္ဘာပေါ်ရှိလူမျိုးအားလုံးကို ကောင်းချီးပေးရန်စီစဉ်ခဲ့သည် (ကမ္ဘာ ၁၂း၁–၃။ ၂၂း၁၅–၁၈)။ သို့သော်ငြားလည်း၊ အာဗြဟံ၏မျိုးဆက်များသည် ဘုရားသခင်၏ကျေးဇူးတော်ပဋိညာဉ်အပေါ် သစ္စာမဲ့ခဲ့ကြပြန်သည်။ အပြစ်၌ပိတ်မိနေလျက်၊ ပဋိညာဉ်ကိုအစပြုသူနှင့် ၎င်း၏အာမခံချက်ဖြစ်သူ ယေရှုခရစ်တော်ကိုကပ်တိုင်တင်သတ်ခြင်းအားဖြင့် မဟာအငြင်းပွားမှုတွင် စာတန်၏ရည်ရွယ်ချက်ပြည့်စုံရန် သူတို့ပါဝင်ကူညီခဲ့ကြသည်။

**စကြဝဠာ၏ဇာတ်စင်ဖြစ်သောကမ္ဘာမြေ။** ယောဘဝတ္ထုထဲမှအကြောင်းအရာထဲက စကြဝဠာဆိုင်ရာအစည်းအဝေးတွင် စကြဝဠာနေရာအမျိုးမျိုးမှကိုယ်စားလှယ်များ ပါဝင်ခြင်းသည် မဟာအငြင်းပွားမှု၏နောက်ထပ်သက်သေဖြစ်သည်။ ဖြစ်ရပ်ကိုဤသို့အစပြုသည်။ "ဘုရားသခင်၏သားတို့သည် ထာဝရဘုရားထံတော်၌ခစားခြင်းငှာ လာရသောနေ့ရက်အချိန်ရောက်လျှင်၊ စာတန်သည်လည်း သူတို့နှင့်ရောနှော၍လာ၏။ ထာဝရဘုရားကလည်း၊ သင်သည်အဘယ်အရပ်ကလာသနည်းဟု စာတန်ကိုမေးတော်မူလျှင်၊ စာတန်က၊ မြေကြီးပေါ်မှာလှည့်လည်၍ အရပ်ရပ်သွားလာခြင်းအမှုထဲကလာပါသည်ဟုပြန်လျှောက်လေ၏" (ယောဘ ၁း၆၊၇)။

ထိုအခါ၊ ဘုရားသခင်က "စာတန်၊ ယောဘကိုကြည့်ပါ။ သူသည်ငါ့ပညတ်ကို သစ္စာရှိရှိနားထောင်၏။ စုံလင်သောသူဖြစ်၏" ဟုဆိုခဲ့သည်၊ (ယောဘ ၁း၈ ကိုဖတ်ပါ)။

စာတန်ကလည်း၊ "မှန်ပါ၏။ ကိုယ်တော်ကိုကိုးကွယ်ရန် အကျိုးပေးသောကြောင့်သာသူပြည့်စုံသည်" ဟုပြန်ဖြေခဲ့သည်။ အသက်ကိုနုတ်ခြင်းမှတစ်ပါး မည်သည့်နည်းဖြင့်မဆိုစမ်းသပ်ရန် ဘုရားသခင်သည်စာတန်ကိုခွင့်ပြုခဲ့သည် (ယောဘ ၁း၉–၂း၇ ကိုဖတ်ပါ)။

ယောဘဝတ္ထုကို စကြဝဠာရှုထောင့်မှကြည့်သော်၊ ခရစ်တော်နှင့်စာတန်အကြား မဟာအငြင်းပွားမှုကြီး၏ ခိုင်မာသောသက်သေကိုမြင်နိုင်သည်။ ဤကမ္ဘာဂြိုဟ်သည် အမှန်နှင့်အမှားအကြား သတ်ပုတ်သည့်ဇာတ်စင်ဖြစ်သည်။ ပေါလုဖော်ပြသကဲ့သို့၊

"ငါတို့သည် လောကီသားများနှင့်ကောင်းကင်တမန်များမျက်မှောက်၌ ပွဲဝင်သောသူဖြစ်ကြ၏" (၁ကော ၄း၉)။

အပြစ်သည် ဘုရားသခင်နှင့်လူသားတို့အကြားဆက်ဆံရေးကိုဖြတ်ပစ်ကာ၊ "ယုံကြည်သောစိတ်မရှိဘဲ ကျင့်သမျှသောအကျင့်တို့သည်အပြစ်ရှိကြ၏" (ရောမ ၁၄း၂၃)။ ဘုရားသခင်၏ပညတ်ချက်များကိုလွန်ကျူးခြင်းသည် ယုံကြည်ခြင်းကင်းမဲ့ခြင်း၏ ချက်ချင်းအကျိုးဆက်ဖြစ်၍၊ ကွဲလွဲနေသောဆက်ဆံရေး၏သက်သေဖြစ်သည်။ အခြားတစ်ဖက်တွင်၊ ဘုရားသခင်သည်ကယ်တင်ခြင်းစီမံကိန်းအားဖြင့် ဖန်ဆင်းရှင်အပေါ် ယုံကြည်မှုပြန်လည်တည်ဆောက်ရန်ရည်ရွယ်ပြီး၊ ၎င်းသည် နားထောင်မှုရှိသောချစ်ဖွယ်ဆက်ဆံရေးကိုရရှိရန်ဖြစ်သည်။ ခရစ်တော်ဆိုခဲ့သကဲ့သို့၊ မေတ္တာသည်နားထောင်လိုက်လျှောက်စေသည် (ယောဟန် ၁၄း၁၅)။

ကျွန်ုပ်တို့၏ဥပဒေမဲ့သောခေတ်တွင် ပကတိအရာများကိုပျက်ပြယ်စေကြသည်၊ မရိုးသားမှုကိုချီးမွမ်းကြသည်၊ လာဘ်ပေးလာဘ်ယူခြင်းသည် ဖြစ်ရိုးဖြစ်စဉ်ဖြစ်လာသည်၊ မတရားသောမေထုန်သည် တောထနေသည်၊ သဘောတူညီမှုများလည်းကွဲကြေနေရသည်။ ကျွန်ုပ်တို့၏ရမ်းကားကြမ်းတမ်းသောကမ္ဘာကိုကျော်၍၊ ဂရုစိုက်သောအနန္တတန်ခိုးရှင်ဘုရားသခင်ကိုကြည့်ရန်မှာ ကျွန်ုပ်တို့၏အခွင့်ထူးဖြစ်သည်။ ဤသာ၍ကျယ်ပြန့်သောအမြင်သည် ဤစကြဝဠာဆိုင်ရာအငြင်းပွားမှုကို ချုပ်ငြိမ်းစေမည့် ကျွန်ုပ်တို့ကယ်တင်ရှင်၏အပြစ်ဖြေခြင်းလုပ်ငန်းအရေးကြီးမှုကို ကျွန်ုပ်တို့အားဖော်ပြသည်။

## စကြဝဠာနှင့်ချီသောပြဿနာ

ဤသေရေးရှင်ရေးရန်းကန်မှုတွင် အဓိကကျသောပြဿနာမှာအဘယ်နည်း။

**ဘုရားသခင်၏အုပ်ချုပ်မှုနှင့်ပညတ်။** ရပ်ပိုင်းဆိုင်ရာဥပဒေသများသည် ကိုယ်ခန္ဓာလုပ်ငန်းလည်ပတ်နိုင်ရန်အရေးကြီးသကဲ့သို့၊ ဘုရားသခင်၏ကိုယ်ကျင့်တရားဆိုင်ရာပညတ်သည် သူ၏စကြဝဠာတည်ရှိခြင်းအတွက်အရေးပါသည်။ အပြစ်သည် "ပညတ်တော်ကိုလွန်ကျူးခြင်းဖြစ်သတည်း" (၁ယော ၃း၄)။ ၎င်းသည် မူရင်းဟေလသစကားအရ "ဥပဒေမလိုက်နာခြင်း" ဖြစ်သည်။ ပညတ်တော်ကိုမလိုက်နာခြင်းသည် ဘုရားသခင်နှင့်သူ၏အုပ်စိုးမှုကို ငြင်းပယ်ခြင်းမှထွက်ပေါ်လာသည်။

ကမ္ဘာပေါ်တွင်ပညတ်မလိုက်နာခြင်းအတွက် တာဝန်ယူခြင်းမရှိဘဲ၊ စာတန်သည် ဘုရားသခင်ကိုအပြစ်တင်သည်။ အကြွင်းမဲ့အာဏာဆန်သည်ဟု သူစွပ်စွဲသည့်ဘုရားသခင်၏ပညတ်တော်သည် တစ်ဦးချင်းစီ၏လွတ်လပ်မှုကိုထိပါးသည်ဟုသူဆိုသည်။ ထို့ပြင်မက၊ ပညတ်တော်ကိုစောင့်၍မရနိုင်သောကြောင့် ၎င်းသည် လူသားတို့၏ကောင်းကျိုးများကိုတိုက်ခိုက်သည်ဟုလည်းသူစွပ်စွဲသည်။ ဤသို့ပညတ်တော်ကိုဆက်တိုက်မသိမသာ

လိုက်စားခြင်းအားဖြင့် စာတန်သည်ဘုရားသခင်၏အုပ်စိုးမှုနှင့် ဘုရားသခင်ကိုယ်တော်တိုင်ကို ဖြုတ်ချရန်ကြိုးပမ်းလျက်ရှိသည်။

**ခရစ်တော်နှင့်နားထောင်ခြင်းကိစ္စ။** မြေကြီးပေါ်အမှုဆောင်စဉ် ခရစ်တော်ရင်ဆိုင်ခဲ့ရသောစုံစမ်းခြင်းများသည် ဘုရားသခင်၏အလိုတော်ကိုနားထောင်ခြင်းနှင့် ဝန်ခံခြင်းတို့အပေါ် အငြင်းပွားမှု၏လေးနက်မှုကိုဖော်ပြခဲ့သည်။ သူ့ကို "ကရုဏာနှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ပြည့်စုံသောယဇ်ပုရောဟိတ်အကြီးဖြစ်အံ့သောငှာ" (ဟေဗြဲ ၂း၁၇) ပြင်ဆင်ပေးသောထိုစုံစမ်းခြင်းများကိုရင်ဆိုင်ရာတွင်၊ သူသည် သေစေနိုင်သောရန်သူနှင့် တိုက်ပွဲတစ်ခုဆင်နွှဲခဲ့သည်။ တောထဲတွင်ခရစ်တော်သည် ရက်ပေါင်း (၄၀) အစာရှောင်ပြီးနောက်၊ သူသည် အမှန်တကယ်ဘုရားသခင်၏သားတော်ဖြစ်ကြောင်း သက်သေပြရန် ကျောက်ခဲကိုမုန့်ဖြစ်စေရန် စာတန်သည်သူ့ကိုစုံစမ်းခဲ့သည် (မဿဲ ၄း၃)။ စာတန်သည်ဧဒင်ဥယျာဉ်တွင် ဧဝအားဘုရားသခင်၏စကားကိုသံသယဝင်ရန်စုံစမ်းခဲ့သကဲ့သို့၊ ယခုတွင်စာတန်သည် ခရစ်တော်အားရေနှစ်ခြင်းခံစဉ်က ဘုရားသခင်ပြောသောစကား "ဤသူကားငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း" (မဿဲ ၃း၁၇) ၏ခိုင်လုံမှုကိုသံသယဝင်ရန်စုံစမ်းခဲ့သည်။ ခရစ်တော်သည် ဤကိစ္စကိုမိမိသဘောအတိုင်းဖြေရှင်း၍၊ မိမိ၏သားတော်ဖြစ်ခြင်းကိုသက်သေပြရန် ကျောက်ခဲများကိုမုန့်ဖြစ်စေခဲ့လျှင်၊ သူသည် ဧဝကဲ့သို့ဘုရားသခင်အပေါ် ယုံကြည်မှုကင်းမဲ့ကြောင်းပေါ်လာလိမ့်မည်။ သူ၏အမှုတော်သည်လည်း အရှုံးဖြင့်ပြီးဆုံးသွားခဲ့လိမ့်မည်။

သို့သော် ခရစ်တော်၏အဦးစားပေးဆုံးသောအရာမှာ မိမိခမည်းတော်၏ပြောစကားအတိုင်းအသက်ရှင်ရန်ဖြစ်သည်။ အလွန်ပင်ဆာလောင်သော်လည်း၊ သူသည် စာတန်၏စုံစမ်းခြင်းကို၊ "လူသည်မုန့်အားဖြင့်သာအသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်" (မဿဲ ၄း၄) ဟု ဖြေခဲ့သည်။

ခရစ်တော်ကိုအောင်နိုင်ရန် နောက်ထပ်စုံစမ်းခြင်းတွင် စာတန်သည်သူ့ကိုလောကီနိုင်ငံစည်းစိမ်များကိုပြ၍၊ "ငါ့ကိုညွှတ်ပျပ်ကိုးကွယ်လျှင် ယခုပြလေသမျှတို့ကိုငါပေးမည်" (မဿဲ ၄း၉) ဟုကတိပေးခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ခရစ်တော်သည်လောကကိုပြန်လည်ရရှိနိုင်မည်ဖြစ်၍၊ ထိုသို့ဖြင့်ကရာနိကုန်းတွင် သောကဝေဒနာမခံစားရဘဲ သူ၏လုပ်ငန်းသည် ပြီးဆုံးသွားမည်ဖြစ်ဖြစ်ကြောင်း သွယ်ဝိုက်၍ဆိုခဲ့သည်။ တုံ့ဆိုင်းခြင်းမရှိဘဲ၊ ဘုရားသခင်အပေါ်လုံးလုံးသစ္စာခံလျက်၊ ယေရှုက "အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့" ဟုအမိန့်ပေးခဲ့သည်။ ထို့နောက်မဟာအငြင်းပွားမှုကြီးတွင် အထိရောက်ဆုံးလက်နက်ဖြစ်သော သမ္မာကျမ်းစာကိုအသုံးပြု၍၊ သူက "သင်၏ဘုရားသခင်ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာဝတ်ပြုရမည်" (မဿဲ ၄း၁၀) ဟုဆိုခဲ့သည်။

သူ၏စကားသည် တိုက်ပွဲကိုအဆုံးသတ်ခဲ့သည်။ ခမည်းတော်အပေါ်လုံးလုံးမှီခိုခြင်းကို စွဲကိုင်ခြင်းဖြင့်၊ ခရစ်တော်သည်စာတန်ကိုအနိုင်ယူခဲ့သည်။

**ကရာနိကုန်းပေါ်ကနောက်ဆုံးတိုက်ပွဲ။** ဤစကြဝဠာချီသောအငြင်းပွားမှုသည် ကရာနိကုန်းတွင်အရှင်းလင်းဆုံးသောအာရုံစိုက်မှုကိုရရှိသည်။ ခရစ်တော်၏သာသနာလုပ်ငန်းအတွက် အထွတ်အထိပ်သို့ရောက်လာချိန်တွင်၊ ၎င်းကိုဖျက်သိမ်းရန်စာတန်သည်အရှိန်မြှင့်တင်၍ကြိုးပမ်းခဲ့သည်။ ခရစ်တော်၏လူထုအကြားသာသနာပြုခြင်းကိုရပ်တန့်သွားစေရန် ဒုက္ခပေးသည့်ခရစ်တော်၏လူကြိုက်များခြင်းကိုမနာလိုသော ထိုအချိန်ကဘာသာရေးခေါင်းဆောင်များကိုအသုံးချရာတွင် စာတန်သည်အထူးအောင်မြင်ခဲ့သည် (ယောဟန် ၁၁း၄၅–၅၄)။ သူ့တပည့်တော်တစ်ဦး၏သစ္စာဖောက်ခြင်းနှင့် မုသားသက်သေခံချက်တို့ကြောင့် ယေရှုသည် အဖမ်းခံ၊ စစ်ဆေးခြင်းခံရပြီး၊ သေဒဏ်စီရင်ခံခဲ့ရသည် (မဿဲ ၂၆း၆၃၊၆၄။ ယောဟန် ၁၉း၇)။ မိမိခမည်းတော်၏အလိုတော်ကိုလုံးလုံးနားထောင်ရာတွင်၊ ယေရှုသည်သေသည်တိုင်အောင်သစ္စာစောင့်ခဲ့သည်။

ခရစ်တော်၏အသက်တာနှင့် သေခြင်းတို့၏အကျိုးကျေးဇူးများသည် လူသားတို့နေထိုင်ရာလောက၏ ကန့်သတ်ချက်၏တစ်ဖက်ကမ်းသို့ပင်ရောက်ရှိသည်။ လက်ဝါးကပ်တိုင်ကိုရည်ညွှန်း၍ ခရစ်တော်က "ယခုတွင်ဤလောကကိုအစိုးရသောမင်း (စာတန်) သည်ပြင်သို့နှင်ထုတ်ခြင်းကိုခံရလိမ့်မည်" (ယောဟန် ၁၂း၃၁) ဟုဆိုခဲ့သည်။

စကြဝဠာနှင့်ချီသောအငြင်းပွားမှုသည် လက်ဝါးကပ်တိုင်တွင်အထွတ်အထိပ်သို့ရောက်ရှိခဲ့သည်။ ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့်သစ္စာရှိရှိနားထောင်မှုသည် စာတန်၏ရက်စက်မှုရှေ့မှောက်တွင်၊ သူ၏နောက်ဆုံးကျရှုံးခန်းကိုသေချာစေသည့်လှိုက်စားနေသောသူ၏ရာထူးကိုထင်ရှားစေခဲ့သည်။

## ယေရှု၌ရှိသောသမ္မာတရားဆိုင်ရာအငြင်းပွားမှု

ယနေ့မဟာအငြင်းပွားမှုသည် ကိုယ်တော်၏ပညတ်တော်နှင့် သူ၏နှုတ်ကပတ်တော်သမ္မာကျမ်းစာအပေါ်၊ ခရစ်တော်၏အခွင့်အာဏာအပေါ် သဲသဲမဲမဲပြင်းထန်နေသည်။ သမ္မာကျမ်းစာကိုအနက်ဖွင့်ဆိုနည်းများသည် ဘုရားရှင်၏ဖော်ပြမှုအတွက် နေရာမရှိဖြစ်ရသည်။ သမ္မာကျမ်းစာကို အခြားသောရေးစာပေများနှင့် မခြားနားသည့်အလားသဘောထားကြပြီး၊ အလားတူအပြစ်ရှာသောနည်းလမ်းများဖြင့် စိစစ်ကြသည်။ သမ္မာကျမ်းစာကိုမမှားယွင်းနိုင်သော ဘုရားသခင်၏အလိုတော်ကိုဖော်ပြသည့် ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် မရှုမြင်တော့သောခရစ်ယာန်များ၊ ကျမ်းတတ်များအပါအဝင်၊ များပြားလာနေသည်။ သို့ဖြစ်၍၊ ကျမ်းစာရှုထောင့်မှလူသားခရစ်တော်၏ဇာတိ၊

ကညာပျိုမှ မွေးဖွားခြင်း၊ အံ့ဖွယ်နိမိတ်များနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်ငြင်းခုံနေကြသည်။

**အတိမ်းအစောင်းမခံသောမေးခွန်း။** ခရစ်တော်က "လူများတို့သည် လူသားဖြစ်သောငါ့ကို အဘယ်သူဖြစ်သည်ဆိုကြသနည်း" ဟုမေးသော်၊ တပည့်တော်တို့က၊ "တချို့က၊ ကိုယ်တော်သည်ဗတ္တိဇံဆရာယောဟန်ဖြစ်သည်ဟူ၍လည်းကောင်း၊ အချို့က၊ ဧလိယဖြစ်သည်ဟူ၍လည်းကောင်း၊ အချို့က၊ ယေရမိမှစ၍ပုရောဖက်တစ်ပါးပါးဖြစ်သည်ဟူ၍လည်းကောင်း ဆိုကြပါ၏" (မဿဲ ၁၆း၁၃၊၁၄) ဟုပြန်ဖြေကြသည်။ တစ်နည်းအားဖြင့်၊ သူ့ခေတ်ကလူအများစုသည် သူ့ကိုသာမန်လူကဲ့သို့မှတ်ယူခဲ့ကြသည်။ ခရစ်တော်သည် မိမိတပည့်တော်တို့အား "သင်တို့သည်လည်း ငါ့ကို အဘယ်သူဖြစ်သည်ဆိုကြသနည်း" ဟုမေးခဲ့သည်။

"ရှိမုန်ပေတရုက၊ ကိုယ်တော်သည်ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသောဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ဟု လျှောက်လေ၏။"

"ယေရှုကလည်း၊ ရှိမုန်ဗာယောန၊ သင်သည်မင်္ဂလာရှိ၏။ အကြောင်းမူကား၊ အသွေးအသားသည် ဤအကြောင်းအရာကိုသင့်အားဖော်ပြသည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်သည်ဖော်ပြတော်မူသတည်း" (မဿဲ ၁၆း၁၅–၁၇)။

ယနေ့လူတိုင်းသည် ခရစ်တော်ကသူ့တပည့်တော်များကိုမေးခဲ့သောမေးခွန်းကို ရင်ဆိုင်ကြရသည်။ ဤအတိမ်းအစောင်းမခံသောမေးခွန်းအပေါ် တစ်စုံတစ်ဦး၏အဖြေသည် ဘုရားသခင့်နှုတ်ကပတ်တော်ကို သူ၏ယုံကြည်ခြင်းအပေါ်မူတည်သည်။

**ကျမ်းစာယုံကြည်ချက်များ၏ဗဟို။** ခရစ်တော်သည် သမ္မာကျမ်းစာ၏အခရာဖြစ်သည်။ ဘုရားသခင်သည် ယေရှု၌ရှိသောသမ္မာတရားကိုနားလည်သဘောပေါက်ရန် ကျွန်ုပ်တို့ကိုဖိတ်ခေါ်သည် (ဧဖက် ၄း၂၁)။ အကြောင်းမှာသူသည် သမ္မာတရားဖြစ်သည် (ယောဟန် ၁၄း၅)။ စကြဝဠာနှင့်ချီသောအငြင်းပွားမှုတွင် စာတန်၏နည်းဗျူဟာတစ်ခုမှာ လူတို့သည် ယေရှုမပါဘဲသမ္မာတရားကိုနားလည်နိုင်သည်ဟု သူတို့လက်ခံယုံကြည်စေရန်ဖြစ်သည်။ ထို့ကြောင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ သမ္မာတရားတချို့ကိုအဆိုပြုထားသည်။ ၎င်းတို့မှာ (၁) လူသားများ၊ (၂) သဘာဝတရားသို့မဟုတ် မြင်နိုင်သောစကြဝဠာ၊ (၃) သမ္မာကျမ်းစာနှင့် (၄) အသင်းတော်ဖြစ်သည်။

ဤအရာအားလုံးသည် သမ္မာတရားကိုဖော်ပြရာတွင်ပါဝင်ကြသော်လည်း၊ သမ္မာကျမ်းစာသည် ခရစ်တော်ကိုအထက်ပါအရာတစ်ခုစီကို ဖန်ဆင်းသောအရှင်အဖြစ်တင်ဆက်ထားသည်။ ၎င်းတို့အားလုံးသည် ၎င်းတို့ကိုဖန်ဆင်းသောအရှင်ထံမှသာလျှင် စစ်မှန်သောအဓိပ္ပါယ်ကိုရှာဖွေတွေ့ရှိနိုင်သည်။ ကျမ်းစာယုံကြည်ချက်များကို ခရစ်တော်နှင့်ခွဲခြားထုတ်လိုက်ခြင်းသည် "လမ်းခရီး၊ သမ္မာတရားနှင့် အသက်" (ယောဟန် ၁၄း၆)

နှင့်သက်ဆိုင်၍၊ နားလည်မှုလွဲမှားသွားနိုင်သည်။ ခရစ်တော်မပါဘဲ၊ သမ္မာတရားကို အခြားသောအရာများအပေါ်ဗဟိုပြုရန်မှာ အန္တိခရစ်၏သဘာဝနှင့်ရည်ရွယ်ချက်ဖြစ်သည်။ အသင်းတော်၏ယုံကြည်ခြင်းနှင့်ကျင့်စဉ်များတွင် ခရစ်တော်ထက်အခြားသောယုံကြည်ချက်များကိုအစားထိုးခြင်းဖြင့်၊ စာတန်သည် လူသားတို့၏တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်တော်မူသောသူမှ အာရုံလွဲသွားရန်ဟူသောသူ၏ပန်းတိုင်ကိုရောက်ရှိသည်။

**ဘုရားနှင့်ဆိုင်သည့်ခရစ်ယာန်ဘာသာရေးယုံကြည်မှု (Theology) ၏ လုပ်ဆောင်ချက်များ။** စကြဝဠာနှင့်ချီသောအမြင်သည် စကြဝဠာနှင့်သမ္မာတရားတို့တွင် ခရစ်တော်ကိုသူ၏နေရာမှန်မှဖယ်ရှားရန် စာတန်၏ကြိုးပမ်းမှုကိုဖော်ပြသည်။ ဘုရားသခင်ကိုလည်းကောင်း၊ သူဖန်ဆင်းသောသတ္တဝါများနှင့် သူ၏ဆက်ဆံရေးကိုလည်းကောင်း လေ့လာသောသီအော်လော်ဂျီဘာသာသည် ခရစ်တော်၌ရှိသောယုံကြည်ချက်အားလုံးကို ဖော်ထုတ်ရမည်။ ခရစ်ယာန်သီအော်လော်ဂျီသည် ဘုရားသခင်နှုတ်ကပတ်တော်၏ အခွင့်အာဏာကို စိတ်ချယုံကြည်စေရန်နှင့်၊ အခြားအရာများအပေါ်အခြေပြုသည့် ယုံကြည်ချက်များကို ခရစ်တော်ဖြင့်အစားထိုးရန်ဖြစ်သည်။ ၎င်းသည် ထိုသို့လုပ်ဆောင်သောအခါ၊ စစ်မှန်သောခရစ်ယာန်သီအော်လော်ဂျီသည် အသင်းတော်ကိုအကျိုးပြုသည်။ အကြောင်းမှာ ၎င်းသည်စကြဝဠာနှင့်ချီသောအငြင်းပွားမှု၏အရင်းသို့ဆင်း၍၊ ၎င်းကိုဖော်ထုတ်ကာ၊ ခရစ်တော်နှင့်အတူ ၎င်းကိုရင်ဆိုင်သည်။ ဤရှုထောင့်မှဘုရားသခင်သည် သီအော်လော်ဂျီကိုထိရောက်သောကိရိယာအဖြစ်၊ မြေကြီးပေါ်တွင်စာတန်၏အားထုတ်မှုကို ဆန့်ကျင်ရာတွင် လူသားတို့ကိုကူညီရန်အတွက်အသုံးပြုသည်။

## ယုံကြည်ချက်၏အရေးပါမှု

မဟာအငြင်းပွားမှုဆိုင်ရာယုံကြည်ချက်သည် ကမ္ဘာပေါ်မွေးဖွားလာသူတိုင်းကို ထိခိုက်စေသည့်ကြီးမားသောစစ်ပွဲကိုဖော်ပြသည်။ ၎င်းသည် စကြဝဠာတစ်ခုလုံးပျံ့နှံ့သည်။ သမ္မာကျမ်းစာက "ငါတို့သည်အသွေးအသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွတ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်း၊ လောကီမှောင်မိုက်၌အစိုးတရပြုလုပ်သောမင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌နေသောနတ်ဆိုးတို့နှင့်လည်းကောင်း၊ ဆိုင်ပြိုင်တိုက်လှန်ရကြ၏" (ဧဖက် ၆း၁၂)။

**ယုံကြည်ချက်သည်အစဉ်နိုးကြားသောအနေအထားကိုဖန်တီးသည်။** ဤယုံကြည်ချက်ကိုနားလည်ခြင်းသည် မကောင်းမှုကိုတိုက်ခိုက်ရန်လိုအပ်ကြောင်း သဘောပေါက်စေသည်။ အောင်မြင်ခြင်းသည် "စစ်တိုက်ခြင်း၌ာတန်ခိုးကြီးတော်မူသော" (ဆာလံ ၂၄း၈) ယေရှုခရစ်တော်အပေါ်မှီခိုခြင်းအားဖြင့်သာဖြစ်နိုင်သည်။ ပေါလုသည်

ခရစ်တော်၏ ရှင်သန်ရပ်တည်မှုဗျူဟာကို လက်ခံရန်လိုအပ်ကြောင်းပြောသည်။ "ထို့ကြောင့်၊ ခဲယဉ်းဆိုးယုတ်သောနေ့ရက်ကာလ၌ဆီးတားနိုင်သဖြင့်၊ ကိစ္စအလုံးစုံတို့ကို ပြီးစီး၍ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကို ယူဆောင်ကြလော့။ သစ္စာတည်းဟူသောခါးပန်းကိုစည်းလျက်၊ ဖြောင့်မတ်ခြင်းပါရမီ တည်းဟူသော ရင်အုပ်တန်ဆာကိုဝတ်ဆင်လျက်၊ ငြိမ်သက်ခြင်းနှင့်ယှဉ်သောဧဝံဂေလိ တရားကိုဟောပြောအံ့သောငှာ ပြင်ဆင်သောအဖြစ်တည်းဟူသော ခြေစွပ်ကိုစွပ်လျက် ခံရပ်ကြလော့။ မာရ်နတ်ပစ်ခတ်သောမီးစက်လက်နက်ကို ကာသတ်နိုင်သော ယုံကြည်ခြင်းတည်းဟူသောလွှားကိုလည်း ခပ်သိမ်းသောလက်နက်တို့အပေါ်မှာထပ်ဆင့်၍ ယူဆောင်ကြလော့။ ကယ်တင်ခြင်းတည်းဟူသောသံခမောက်လုံးကိုလည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်တည်းဟူသော ဝိညာဉ်တော်၏ဓားကိုလည်းကောင်း ယူကြလော့။ ကာလအစဉ်စိတ်နှလုံးပါလျက် ဆုတောင်းပတ္ထနာပြုခြင်းအမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့။ ထိုသို့ဆုတောင်းခြင်းငှာအားမလျော့ဘဲလျက်၊ ငါမှစ၍သန့်ရှင်းသူ အပေါင်းတို့အဖို့ဆုတောင်းလျက်စောင့်ရှောက်ကြလော့" (ဧဖက် ၆း၁၃–၁၈)။ ဤအငြင်းပွား မှုအတွက်အမြဲတမ်းအဆင်သင့်ရှိလျက်၊ သည်းခံခြင်းနှင့်သစ္စာစောင့်ခြင်းဖြင့် အသက်ရှင် ရန်မှာ စစ်မှန်သောခရစ်ယာန်များအတွက်အခွင့်ထူးပါတကား (ဗျာ ၁၄း၂)။ ကျွန်ုပ်တို့ကို "အထူးသဖြင့်အောင်မြင်" (ရောမ ၈း၃၇) သောသူဖြစ်စေတော်မူသောသူအပေါ် အစဉ် မှီခိုနေခြင်းကိုဖော်ပြသောအသက်တာပါတကား။

**၎င်းသည်ဆင်းရဲဒုက္ခ၏နက်နဲမှုကိုရှင်းပြသည်။** မကောင်းမှုသည် ဘုရားသခင်ထံမှအစပြုခဲ့ခြင်းမဟုတ်ပါ။ "ဖြောင့်မတ်ခြင်းတရားကိုနှစ်သက်၍၊ မတရား သောအမှုကိုမုန်း" (ဟေဗြဲ ၁း၉) သောသူကို ကမ္ဘာ၏ဝေဒနာအတွက်အပြစ်တင်စရာ မရှိချေ။ ကျရှုံးသောကောင်းကင်တမန်ဖြစ်သည့်စာတန်သည် ရက်စက်မှုနှင့်ဆင်းရဲ ဒုက္ခများအတွက်တာဝန်ရှိသည်။ ဓားပြတိုက်ခြင်းများ၊ လူသတ်ခြင်းများ၊ အသုဘများ၊ ရာဇဝတ်မှုများ၊ မတော်တဆမှုများသည် မည်မျှပင်ကြေကွဲဖွယ်ဖြစ်သော်လည်း၊ မဟာ အငြင်းပွားမှုကြီး၏ဘောင်အတွင်းမှကြည့်သော်၊ ကျွန်ုပ်တို့သည်သာ၍နားလည်နိုင်သည်။

လက်ဝါးကပ်တိုင်သည် အပြစ်၏ဖျက်ဆီးခြင်းနှင့်အပြစ်သားများအတွက် ဘုရားသခင့်မေတ္တာ၏နက်ရှိုင်းမှုကိုသက်သေခံသည်။ ထို့ကြောင့်မဟာအငြင်းပွားမှုသည် အပြစ်ကိုမုန်း၍၊ အပြစ်သားကိုချစ်ရန်သွန်သင်သည်။

**၎င်းသည်လောကအတွက် ခရစ်တော်၏လက်ရှိချစ်ဖွယ်ဂရုစိုက်မှုကိုပြသည်။** ကောင်းကင်သို့တက်ကြွသွားသောအခါ၊ ခရစ်တော်သည် မိမိလူတို့ကို မျှော်လင့်ချက်မဲ့၊ အကူအညီမဲ့ဖြင့်မထားခဲ့ချေ။ ကြီးမားသောကရုဏာဖြင့် သူသည် မကောင်းမှုကိုတိုက်ခိုက်ရာတွင် ကျွန်ုပ်တို့အားဖြစ်နိုင်သမျှအကူအညီကိုပေးသည်။

သန့်ရှင်းသောဝိညာဉ်တော်ကို ခရစ်တော်အစားဝင်ရန်နှင့် ခရစ်တော်မကြွလာမီတိုင်အောင် ကျွန်ုပ်တို့၏အမြဲတမ်းမိတ်ဆွေဖြစ်၍ စေလွှတ်ခဲ့သည် (ယောဟန် ၁၄း၁၆)။ ကိုယ်တော်၏ကယ်တင်ခြင်းလုပ်ငန်းတွင်ပါဝင်ရန် ကောင်းကင်တမန်များသည် စေခိုင်းခြင်းခံရသည် (ဟေဗြဲ ၁း၁၄)။ ကျွန်ုပ်တို့၏အောင်မြင်ခြင်းအတွက် အာမခံချက်ပေးသည်။ ကျွန်ုပ်တို့၏အရှင်သခင်သည် အနာဂတ်ကိုထိန်းချုပ်သည်ဖြစ်ရာ၊ ကျွန်ုပ်တို့သည် အနာဂတ်ကိုရင်ဆိုင်ရာတွင် မျှော်လင့်ချက်နှင့်သတ္တိရှိနိုင်သည်။ ကျွန်ုပ်တို့၏နှုတ်ခမ်းသည် သူ၏ကယ်တင်ခြင်းလုပ်ငန်းအတွက်ချီးမွမ်းနိုင်သည်။

**၎င်းသည်လက်ဝါးကပ်တိုင်၏စကြဝဠာနှင့်ချီသောအရေးပါမှုကိုဖော်ပြသည်။** ခရစ်တော်၏အမှုဆောင်ခြင်းနှင့်သေခြင်းတို့တွင် လူသား၏ကယ်တင်ခြင်းသည် အဓိကကျသည်။ အကြောင်းမှာ သူသည်ကျွန်ုပ်တို့၏အပြစ်လွှတ်စေရန်အတွက် မိမိအသက်ကိုပေးရန်ကြွလာခဲ့သည်။ ထိုသို့ပြုခြင်းဖြင့်၊ သူသည် စာတန်ကထိပါးအောင်မားယွင်းစွာစွပ်စွဲသည့်ခမည်းတော်၏ဂုဏ်တော်၊ ပညတ်တော်နှင့်အုပ်စိုးမှုတို့ကိုသက်သေထူခဲ့သည်။

ခရစ်တော်၏အသက်တာသည် ဘုရားသခင်၏တရားမှုနှင့်ကောင်းမြတ်ခြင်းတို့ကိုသက်သေထူပြီး၊ ဘုရားသခင်၏ပညတ်တော်နှင့်အုပ်စိုးမှုသည် တရားမျှတကြောင်းပြသသည်။ ခရစ်တော်သည် ဘုရားသခင်အပေါ်စာတန်၏တိုက်ခိုက်မှုသည် အခြေအမြစ်မရှိကြောင်းဖော်ပြခဲ့ပြီး၊ ဘုရားသခင်၏တန်ခိုးနှင့်ကျေးဇူးတော်အပေါ် လုံးလုံးမှီခိုခြင်းဖြင့် နောင်တရသောယုံကြည်သူတို့သည် နေ့စဉ်ကြုံရသောစုံစမ်းခြင်းတို့အပေါ်သို့တက်၍၊ အပြစ်ကိုအောင်သောအသက်တာဖြင့် နေထိုင်နိုင်ကြောင်းကိုပြသသည်။

–၀–

# အခန်း– ၉
# ခရစ်တော်၏အသက်တာ၊ သေခြင်းနှင့် ထမြောက်ခြင်း

ဘုရားသခင်၏အလိုတော်ကို အပြည့်အဝနားထောင်သောခရစ်တော်၏အသက်တာ၊ သူ၏ဆင်းရဲခြင်းဒုက္ခ၊ သေခြင်းနှင့်ထမြောက်ခြင်း၌ ဘုရားသခင်သည် လူသားတို့၏အပြစ်ဖြေရန် တစ်ခုတည်းသောနည်းလမ်းကိုစီစဉ်ပေးခဲ့သည်။ ထိုသို့ဖြင့် ဤအပြစ်ဖြေခြင်းကို ယုံကြည်ခြင်းဖြင့်လက်ခံသောသူတို့သည် ထာဝရအသက်ကိုရရှိနိုင်ပြီး၊ ဖန်ဆင်းသောအရာအားလုံးသည် ဖန်ဆင်းရှင်၏အနန္တမေတ္တာ သန့်ရှင်းသောချစ်ခြင်းကို သာ၍ကောင်းစွာနားလည်နိုင်မည်။ ဤပြည့်စုံသောအပြစ်ဖြေခြင်းသည် ဘုရားသခင့်ပညတ်တော်၏ဖြောင့်မှန်ခြင်းနှင့် သူ့ဂုဏ်တော်၏ကရုဏာတရားကိုသက်သေထူသည်။ အကြောင်းမှာ၊ ၎င်းသည် ကျွန်ုပ်တို့၏အပြစ်ကိုရှုတ်ချ၍၊ ကျွန်ုပ်တို့၏အပြစ်လွတ်ခြင်းအတွက်လည်းစီစဉ်သည်။ ခရစ်တော်၏သေခြင်းသည် အစားထိုးခြင်းနှင့်အပြစ်ကိုခံယူခြင်း၊ သင့်မြတ်စေခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းကိုဖော်ဆောင်သည်။ ခရစ်တော်၏ရုပ်ခန္ဓာရှင်ပြန်ထမြောက်ခြင်းသည် မကောင်းမှု၏အင်အားစုအပေါ် ဘုရားသခင်၏အောင်နိုင်ခြင်းကိုကြွေးကြော်ပြီး၊ ဤအပြစ်ဖြေခြင်းတရားကိုလက်ခံသောသူတို့အား အပြစ်နှင့်သေခြင်းတို့အပေါ် နောက်ဆုံးသောအောင်မြင်မှုကိုအာမခံပေးသည်။ ၎င်းသည် ယေရှုခရစ်တော်၏အရှင်သခင်ဖြစ်ခြင်းကိုကြေညာပြီး၊ သူ့ရှေ့တော်တွင်ကောင်းကင်နှင့် မြေကြီးပေါ်တွင်ရှိသမျှတို့သည် ဒူးထောက်ကြလိမ့်မည်။ (ကမ္ဘာ ၃း၁၅။ ဆာလံ ၂၂း၁။ ဟေရှာ ၅၃။ ယောဟန် ၃း၁၆။ ၁၄း၃၀။ ရောမ ၁း၄။ ၃း၂၅။ ၄း၂၅။ ၈း၃၊၄။ ၁ကော ၁၅း၃၊၄၊၂၀–၂၂။ ၂ကော ၅း၁၄၊၁၅၊၁၉–၂၁။ ဖိ ၂း၆–၁၁။ ကောလော ၂း၁၅။ ၁ပေ ၂း၂၁၊ ၂၂။ ၁ယော ၂း၂။ ၄း၁၀)။

ပွင့်နေသောတံခါးသည် စကြဝဠာ၏အလယ်ဗဟိုဖြစ်သောကောင်းကင်ဘုံသို့ ဦးတည်ပေးသည်။ အသံတစ်သံက “ဤအရပ်သို့တက်လော့၊ နောင်ကာလ၌ဖြစ်ရမည့်အရာတို့ကိုငါပြမည်” ဟု ဖိတ်ခေါ်သည်။ ဝိညာဉ်တော်ကိုခံရ၍ တမန်တော်ယောဟန်သည် ဘုရားသခင်၏ပလ္လင်တည်ရာအခန်းကိုမြင်ရသည်။

တောက်ပသောမြကျောက်အရောင်သက်တံသည် အလယ်ဗဟို၌ရှိသောပလ္လင်ကို ဝန်းရံပြီး၊ ထိုနေရာမှလျှပ်စီးလက်ခြင်း၊ မိုးကြိုးသံနှင့်စကားပြောသံများထွက်လာသည်။ ဝတ်လုံဖြူဝတ်၍၊ ရွှေသရဖူဆောင်းသည့်အသက်ကြီးသူတို့သည် ပတ်ပတ်လည်ရှိပလ္လင်

များတွင်ထိုင်နေကြသည်။ ဂုဏ်တော်ချီးမွမ်းခြင်းပုံ့လွင့်လာရာ၊ အသက်ကြီးသူတို့သည် ကြည်ညိုခြင်းဖြင့် မိမိတို့ကိုယ်ကိုပျပ်ဝပ်လျက်၊ ပလ္လင်တော်ရှေ့တွင် မိမိတို့သရဖူများကို ချလိုက်ကြသည်။

တံဆိပ်ခုနစ်ချက်ခတ်ထားသောစာလိပ်ကိုကိုင်လျက်၊ ကောင်းကင်တမန်က "ဤစာစောင်ကိုဖွင့်၍၊ တံဆိပ်တို့ကိုခွာခြင်းငှာ အဘယ်သူထိုက်သနည်း" (ဗျာ ၅း၂) ဟု ကြွေးကြော်သည်။ တုန်လှုပ်လျက်၊ ယောဟန်သည် ထိုစာလိပ်ကိုဖွင့်ရန်ကောင်းကင်၊ မြေကြီး၌အဘယ်သူမျှမထိုက်တန်သည်ကိုမြင်သည်။ အသက်ကြီးသူတစ်ပါးက နှစ်သိမ့်သည်အထိသူငိုကြွေးခဲ့သည်။ ထိုသူက၊ "မငိုကြွေးနှင့်။ ယုဒအမျိုးခြင်္သေ့တည်းဟူသော ဒါဝိဒ်၏အမြစ်သည် ထိုစာကိုလည်းကောင်း၊ တံဆိပ်ခုနစ်ချက်တို့ကိုလည်းကောင်း ဖွင့်ခြင်းငှာအောင်မြင်လေပြီ" (ဗျာ ၅း၄၊၅) ဟုပြောဆိုသည်။

တစ်ဖန်ဘုန်းကြီးသောပလ္လင်ကိုကြည့်သောအခါ၊ ယောဟန်သည် အသေသတ်ခြင်းကိုခံ၍၊ ယခုတွင်အသက်ရှင်လျက်၊ ဝိညာဉ်တော်ဖြင့်အာဏာအပ်နှင်းခြင်းခံရသော သိုးသငယ်ကိုမြင်သည်။ ဤနိမ့်ကျသောသိုးသငယ်သည် စာစောင်ကိုခံယူသောအခါ၊ အသက်ရှင်သောသတ္တဝါတို့နှင့် အသက်ကြီးသူတို့က၊ "ကိုယ်တော်သည်အသေသတ်ခြင်းကိုခံတော်မူသောအားဖြင့်၊ အသီးအသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှ အကျွန်ုပ်တို့ကိုယူ၍၊ အသွေးတော်နှင့်ဘုရားသခင်အဖို့ရွေးနုတ်တော်မူ၏။ အကျွန်ုပ်တို့၏ဘုရားသခင့်ရှေ့မှာ၊ ရှင်ဘုရင်အရာ၌လည်းကောင်း၊ ယဇ်ပုရောဟိတ်အရာ၌လည်းကောင်း၊ ခန့်ထား၍၊ မြေကြီးပေါ်မှာစိုးစံရသောအခွင့်ကိုပေးတော်မူ၏။ ထို့ကြောင့် ကိုယ်တော်သည်စာစောင်ကိုခံယူ၍ တံဆိပ်တို့ကိုဖွင့်ထိုက်တော်မူ၏ဟု အသစ်သောသီချင်းကိုသီ၍ လျှောက်ဆိုကြ၏" (ဗျာ ၅း၉၊၁၀)။ ကောင်းကင်နှင့်မြေကြီးပေါ်က ဝေနေယျသတ္တဝါအပေါင်းတို့က "ပလ္လင်ပေါ်မှာထိုင်တော်မူသောသူနှင့် သိုးသငယ်သည် ကမ္ဘာအဆက်ဆက်ကောင်းချီးမင်္ဂလာ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိ ရှိတော်မူစေသတည်းဟုပြောဆိုကြသည်" (ဗျာ ၅း၁၃)။

ဤစာစောင်အကြောင်းနှင့်ပတ်သက်၍ မည်သည့်အရာသည်အလွန်အရေးကြီးသနည်း။ ၎င်းစာစောင်သည် စာတန်၏ကျေးကျွန်ဘဝမှလူသားများအား ကယ်တင်ခြင်းကိုမှတ်တမ်းတင်ထားပြီး၊ အပြစ်အပေါ် ဘုရားသခင်၏နောက်ဆုံးအောင်နိုင်ခြင်းကိုလည်း ဖော်ပြသည်။ ၎င်းသည် သူတို့၏ရွေးချယ်မှုမှုဖြင့် အပြစ်၏ဖမ်းဆီးခြင်းခံရသောသူတို့သည် သေခြင်းအကျဉ်းထောင်မှလွတ်မြောက်စေနိုင်သည့် အလွန်ပြည့်စုံသောကယ်တင်ခြင်းကိုဖော်ပြသည်။ ဗက်လင်မြို့တွင်မမွေးဖွားမီ ကြာမြင့်စွာကသိုးသငယ်သည် "ကျမ်းစာလိပ်၌ အကျွန်ုပ်ကိုအမှတ်ပြု၍ ရေးထားသည်နှင့်အညီ၊ အကျွန်ုပ်သည်သွားပါမည်ဟုဝန်ခံပါ၏။ အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်၏အလိုတော်ကိုဆောင်ရာ၌ အကျွန်ုပ်သည်

အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏" (ဆာလံ ၄၀း၇၊၈) ဟုကြွေးကြော်ခဲ့သည်။ ကမ္ဘာဦးကပင် ကွပ်မျက်ခြင်းခံရသော သိုးသငယ်၏ကြွလာခြင်းသည် လူသားတို့၏ကယ်တင်ခြင်းကို အကျိုးသက်ရောက်စေခဲ့သည် (ဗျာ ၁၃း၈)။

## ဘုရားသခင်၏ကယ်တင်သောကျေးဇူးတော်

သမ္မာကျမ်းစာသည် လူသားတို့၏ကယ်တင်ခြင်းအတွက် စိုးရိမ်ပူပန်မှုဖြင့် လွှမ်းမိုးနေသော ဘုရားတစ်ပါးကိုဖော်ပြသည်။ သုံးပါးတစ်ဆူဘုရားသည် လူတို့ကို မိမိတို့ဖန်ဆင်းရှင်နှင့် ပြန်လည်ပေါင်းစည်းခြင်းအလုပ်၌ တွဲလုပ်ကြသည်။ ယေရှုသည် ဘုရားသခင်၏ကယ်တင်သောမေတ္တာကို မီးမောင်းထိုးပြခဲ့သည်။ "ဘုရားသခင်၏ သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရ အသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" (ယောဟန် ၃း၁၆)။

"ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ" (၁ယော ၄း၈) ကြောင်းကို သမ္မာကျမ်းစာကဖော်ပြသည်။ သူသည် လူသားတို့ထံသို့ "ထာဝရမေတ္တာ" (ယေရမိ ၃၁း၃) ဖြင့်အရောက်လှမ်းလာသည်။ ကယ်တင်ခြင်းသို့ဖိတ်ကြားခြင်းကို တိုးချဲ့သော ဘုရားသည် အနန္တတန်ခိုးရှင်ဖြစ်သည်။ သို့သော်၊ ဖိတ်ခေါ်ခြင်းကိုတုံ့ပြန်ရာတွင် လွတ်လပ်စွာရွေးချယ်နိုင်အောင် သူ၏မေတ္တာသည် တစ်ဦးချင်းစီကိုခွင့်ပြုရန်လိုအပ်သည် (ဗျာ ၃း၂၀၊၂၁)။ သူ၏ဂုဏ်တော်နှင့်ဆန့်ကျင်သည့် အကျပ်ကိုင်မှုသည် သူ၏ ဗျူဟာတွင်မပါဝင်ချေ။

**ဘုရားရှင်ကအစပြုခြင်း။** အာဒံနှင့်ဧဝတို့သည် အပြစ်ပြုသောအခါ၊ ဘုရားသခင်သည် သူတို့ကိုအလျင်ရှာဖွေခဲ့သည်။ အပြစ်ရှိသောစုံတွဲသည် မိမိတို့ ဖန်ဆင်းရှင်၏အသံကိုကြားသောအခါ၊ အလျင်အတိုင်းသူ့ထံသို့ပျော်ရွှင်စွာပြေးမသွား ခဲ့တော့ချေ။ ထို့အစား၊ သူတို့ပုန်းရှောင်ခဲ့ကြသည်။ သူသည် ထပ်တလဲလဲ "သင်တို့သည် အဘယ်မှာရှိသနည်း" ဟုခေါ်ခဲ့သည်။

ဝမ်းနည်းခြင်းများစွာဖြင့် ဘုရားသခင်သည် သူတို့နားမထောင်ခြင်း၏ အကျိုးဆက်များဖြစ်သည့် သူတို့ရင်ဆိုင်ရမည့်နာကျင်မှုနှင့်အခက်အခဲများကို ဖော်ပြ ခဲ့သည်။ သို့သော်၊ သူတို့၏လုံးဝမျှော်လင့်ခြင်းကင်းမဲ့နေသောအခြေအနေတွင်၊ သူသည် အပြစ်နှင့်သေခြင်းကို နောက်ဆုံးတွင်အောင်နိုင်မည့်အံ့ဖွယ်အစီအစဉ်ကို ဖော်ပြခဲ့သည် (ကမ္ဘာ ၃း၁၅)။

**ကျေးဇူးတော်လော၊ သို့မဟုတ် တရားမျှတမှုလော။** သိနာတောင်တွင် ဣသရေလတို့ဖောက်ပြန်ပြီးနောက်တွင် ဘုရားသခင်သည် မိမိ၏စေတနာရှိပြီး၊ တရားမျှတသောဂုဏ်တော်ကို မောရှေအားဖော်ပြပြီး၊ "ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော၊ အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကိုစောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကိုဖြေလွှတ်သော်လည်း၊ အချည်းနှီးသက်သက်ဖြေလွှတ်တော်မမူထသော၊ သားစဉ်မြေးဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင် အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်တော်မူသော ဘုရားသခင်ဟု ကြွေးကြော်တော်မူ၏" (ထွက် ၃၄း၆၊၇)။

ဘုရားသခင်၏ဂုဏ်တော်သည် ကျေးဇူးတော်နှင့်တရားမျှတမှုတို့ တစ်မူထူး၍ရောစပ်ခြင်း၊ အပြစ်ကိုရှင်းပစ်လိုသည့် လိုလားမှုတို့ကိုဖော်ပြသည်။ ခရစ်တော်၌သာ ဤအရာနှစ်ခုသည် မည်သို့ပြန်လည်စေ့စပ်ပေါင်းထုပ်နိုင်သည်ကို ကျွန်ုပ်တို့နားလည်နိုင်သည်။

**ခွင့်လွှတ်မည်လား၊ သို့မဟုတ် အပြစ်ပေးမည်လား။** ဣသရေလလူများဖောက်ပြန်နေကြချိန်တွင်း၊ ဘုရားသခင်က မိမိလူတို့သည် သူတို့၏အပြစ်ကိုသိမှတ်၍ သူ့ထံသို့ပြန်လာရန် မကြာခဏတမ်းတစွာတောင်းပန်းခဲ့သည် (ယေရမိ ၃း၁၂–၁၄)။ သို့သော်၊ သူတို့သည် သူ၏ကြင်နာသောဖိတ်ခေါ်ခြင်းကို ပစ်ပစ်ခါခါငြင်းခဲ့ကြသည် (ယေရမိ ၅း၃)။ အပြစ်လွှတ်ခြင်းကို သရော်သည့်နောင်တမရသောစိတ်ဘောထားသည် မလွဲဧကန်အပြစ်ဒဏ်ကိုခံရမည် (ဆာလံ ၇း၁၂)။

ဘုရားသခင်သည် ကရုဏာရှိသော်လည်း၊ သူသည် အပြစ်ကိုတွယ်ဖက်သောသူတို့အား ခွင့်မလွှတ်နိုင်ချေ (ယေရမိ ၅း၇)။ အပြစ်လွှတ်ခြင်းသည် ရည်ရွယ်ချက်ရှိသည်။ ဘုရားသခင်သည် အပြစ်သားများကိုသန့်ရှင်းသူများအဖြစ်သို့ပြောင်းလဲပေးချင်သည်။ "ဆိုးသောသူသည် မိမိလမ်းကိုလည်းကောင်း၊ မတရားသောသူသည် မိမိအကြံတို့ကိုလည်းကောင်း စွန့်ပစ်၍၊ ထာဝရဘုရားအထံတော်သို့ပြောင်းလဲပါစေ။ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ ငါတို့ဘုရားသခင့်ထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် အထူးသဖြင့်အပြစ်ကိုလွှတ်တော်မူလိမ့်မည်" (ဟေရှာယ ၅၅း၇)။ ကိုယ်တော်၏ကယ်တင်ခြင်းသတင်းစကားသည် ကမ္ဘာအနှံ့ရှင်းလင်းစွာအသံလွှင့်သည်။ "မြေကြီးစွန်းသားအပေါင်းတို့၊ ငါ့ကိုမျှော်ကြည့်၍၊ ကယ်တင်ခြင်းကျေးဇူးကိုခံကြလော့။ ငါသည်ဘုရားသခင်ဖြစ်၏။ ငါမှတစ်ပါးအခြားသောဘုရားမရှိ" (ဟေရှာယ ၄၅း၂၂)။

**အပြစ်အပေါ်ဘုရားသခင်၏အမျက်ဒေါသ။** ကနဦးအပြစ်ကျူးလွန်ခြင်းသည် လူသားတို့၏စိတ်နှလုံးတွင် ဘုရားသခင်ကိုရန်ဘက်ပြုသောစိတ်ထားကို ဖန်တီးပေးခဲ့သည် (ကောလော ၁း၂၁)။ သို့ဖြစ်၍၊ ကျွန်ုပ်တို့သည်အပြစ်ကို "လောင်သောမီး" (ဟေဗြဲ ၁၂း၂၉) ဖြစ်သော ဘုရား၏မကျေနပ်မှုကိုခံထိုက်ပေသည်။ လေးနက်သောအမှန်တရားမှာ "လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍၊" (ရောမ ၃း၂၃)၊ လူအားလုံးသည် "အမျက်တော်ကိုခံရသောသူ" (ဧဖက် ၂း၃) များဖြစ်ကြကာ၊ "အပြစ်တရား၏အခကားသေခြင်း" (ရောမ ၆း၂၃) ဖြစ်သောကြောင့် သေမျိုးဖြစ်ကြသည်။

သမ္မာကျမ်းစာအရ ဘုရားရှင်၏အမျက်ဒေါသမှာ အပြစ်နှင့်မတရားမှုအပေါ် ဘုရားသခင်၏တုံ့ပြန်မှုဖြစ်သည် (ရောမ ၁း၁၈)။ ဖော်ပြထားသည့် ဘုရားသခင်၏ အလိုတော်တည်းဟူသောပညတ်တော်ကို တမင်ငြင်းပယ်ခြင်းသည် သူ၏တရားသော အမျက်ဒေါသကိုနှိုးဆွပေးသည် (၄ရာ ၁၇း၁၆–၁၈။ ၆ရာ ၃၆း၁၆)။ ဂျီ၊ အီး၊ လက် (G. E. Ladd) က၊ "လူတို့သည် ကျင့်ဝတ်တရားအရအပြစ်ရှိသည်။ ဘုရားသခင်သည် သူတို့၏အပြစ်ကို သူတို့အပေါ်မှာမှတ်သောအခါ၊ သူတို့သည် ဘုရားရှင်၏ အမျက်ဒေါသကိုခံရမည့် အပြစ်သားများကဲ့သို့လည်းကောင်း၊ ရန်သူများကဲ့သို့လည်းကောင်း ရှုမြင်လိမ့်မည်။ အကြောင်းမှာ၊ ကျင့်ဝတ်နှင့်ဘာသာရေးအရ ဘုရားသခင်၏ သန့်ရှင်းခြင်းသည် အပြစ်အပေါ်အမျက်ကိုထင်ရှားစေလိမ့်မည်။ သို့သော်လည်း၊ တစ်ချိန်တည်းတွင် ဘုရားသခင်သည်ပုန်ကန်သောလောကီသားများကို ကယ်တင်ရန်တမ်းတလျက်ရှိသည်။ သူသည် အပြစ်ဟူသမျှကိုမုန်းသော်လည်း၊ သူသည် အပြစ်သားတိုင်းကို ကြင်နာစွာဂရုစိုက်သည်။

**လူသားတို့၏တုံ့ပြန်မှု။** ဘုရားသခင်၏ဣသရေလတို့အပေါ်ဆက်ဆံခြင်းသည် ဘုရားရှင်၏ "ကျေးဇူးတော်၏အလွန်ကြွယ်ဝခြင်း" (ဧဖက် ၂း၇) ကို အရှင်းလင်းဆုံးမြင်စေသော ယေရှုခရစ်တော်၏သာသနာတွင် အထွတ်အထိပ်သို့ရောက်ခဲ့သည်။ ယောဟန်က၊ "ကျေးဇူးတော်နှင့်လည်းကောင်း၊ သစ္စာတော်နှင့်လည်းကောင်း၊ ပြည့်စုံလျက်ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌တစ်ပါးတည်းသော သားတော်၏ဘုန်းတော်ကဲ့သို့ သူ၏ဘုန်းတော်ကိုငါတို့မြင်ရကြပြီ" (ယောဟန် ၁း၁၄) ဟုဆိုခဲ့သည်။ ပေါလုက "ယေရှုခရစ်သည်... ငါတို့၌ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနုတ်ခြင်းဖြစ်တော်မူ၏။ သို့ဖြစ်၍ ကျမ်းစာလာသည်နှင့်အညီ၊ ဝါကြွားသောသူမည်သည်ကား၊ ထာဝရဘုရား၌သာဝါကြွားစေ" (၁ကော ၁း၃၀၊ ၃၁) ဟု ရေးခဲ့သည်။ ထိုကြောင့် အဘယ်သူသည် "ကြွယ်ဝစွာကျေးဇူးပြုတော်မူခြင်း၊ သည်းခံ

တော်မူခြင်း၊ စိတ်ရှည်တော်မူခြင်းတို့ကို" မထီမဲ့မြင်ပြုသနည်း။ "ဘုရားသခင်၏ ကျေးဇူးတော်သည် သင့်ကိုနောင်တလမ်းသို့သွေးဆောင်" (ရောမ ၂း၄) ကြောင်း ပေါလုကညွှန်ပြသည်မှာ အံ့အားသင့်စရာမရှိချေ။

ဘုရားသခင်၏ ကယ်တင်ခြင်းကမ်းလှမ်းမှုကို လူသားတို့၏ တုံ့ပြန်မှုကပင်လျှင် လူသားတို့မှအစပြုခြင်းမဟုတ်ဘဲ၊ ဘုရားသခင်ကအစပြုခဲ့သည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်း (ရောမ ၁၂း၃) နှင့် နောင်တတရား (တမန် ၅း၃၁) သည် ဘုရားသခင်၏ ဆုလက်ဆောင်ဖြစ်သည်။ ကျွန်ုပ်တို့၏ ချစ်ခြင်းသည် ဘုရားသခင်၏ မေတ္တာကိုတုံ့ပြန်ရာမှပေါ်လာသည် (၁ယော ၄း၁၉)။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုစာတန်၊ အပြစ်၊ ဆင်းရဲဒုက္ခနှင့် သေခြင်းမှမကယ်တင်နိုင်ချေ။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဖြောင့်မတ်ခြင်းသည် အဝတ်စုတ်ကဲ့သို့ဖြစ်သည် (ဟေရှာ ၆၄း၆))။ "ကရုဏာတော်နှင့်ကြွယ်ဝတော်မူသော ဘုရားသခင်သည် ငါတို့ကိုကိုချစ်တော်မူသောမဟာမေတ္တာတော်အားဖြင့်၊ ဒုစရိုက်အပြစ်၌ သေလျက်ရှိနေသောငါတို့ကို ခရစ်တော်နှင့်အတူအသက်ရှင်စေတော်မူပြီ။... ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှဝါကြွားစရာအခွင့်မရှိ" (ဧဖက် ၂း၄–၉)။

## ခရစ်တော်၏ ပြန်လည်သင့်မြတ်ခြင်းလုပ်ငန်း

သတင်းကောင်းမှာ "ဘုရားသခင်သည် ခရစ်တော်အထဲ၌ရှိနေလျက်၊ လောကီသားတို့၏ အပြစ်များကိုမှတ်တော်မမူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့စေတော်မူ၏" (၂ကော ၅း၁၉) ဖြစ်သည်။ သူ၏ ပြန်လည်သင့်မြတ်စေခြင်းသည် ဘုရားသခင်နှင့် လူသားတို့အကြားဆက်ဆံရေးကို အသစ်ဖြစ်စေသည်။ ဤလုပ်ငန်းစဉ်သည် ဘုရားသခင်ကို လူသားတို့နှင့်သင့်မြတ်စေသည်မဟုတ်ဘဲ၊ လူသားတို့ကို ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်စေခြင်းဖြစ်သည်။ အပြစ်သားများကို ဘုရားသခင်ထံသို့ပြန်၍ပို့ဆောင်သောအဓိကပုဂ္ဂိုလ်မှာ ယေရှုခရစ်တော်ဖြစ်သည်။ ဘုရားသခင်၏ ပြန်လည်သင့်မြတ်ခြင်းစီမံကိန်းသည် အံ့ဖွယ်ဘုရားရှင်၏ အညွှန့်ခံခြင်းပင်ဖြစ်သည်။ သူ၌လူသားတို့ကိုပျက်စီးစေနိုင်သောအခွင့်ရှိသည်။

ကျွန်ုပ်တို့လေ့လာခဲ့သကဲ့သို့ ဘုရားသခင်သည် သူနှင့်လူသားတို့အကြား ပြတ်တောက်သွားသောဆက်ဆံရေးကို ပြန်လည်အသစ်ဖြစ်ရေး၌အစပြုခဲ့သည်။ ပေါလုက "ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏ သားတော်အသေခံတော်မူခြင်းအားဖြင့်၊ ငါတို့သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းကိုခံရသည်" (ရောမ ၅း၁၀) ဟုဆိုခဲ့သည်။

သို့ဖြစ်၍၊ "ငါတို့သခင်ယေရှုခရစ်အားဖြင့် မိတ်သဟာယဖွဲ့ရာကျေးဇူးကိုယခုခံရပြီးလျှင်၊ ထိုသခင်အားဖြင့် ဘုရားသခင်၌ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏" (ရောမ ၅း၁၁)။

ပြန်လည်သင့်မြတ်ခြင်းလုပ်ငန်းစဉ်သည် အပြစ်ကိုပြေစေခြင်းနှင့် တွဲဖက်လျက်ရှိသည်။ "အပြစ်ပြေစေခြင်းသည် သဘောတူညီမှုရှိသောအခြေအနေကိုပြသည်။ သို့ဖြစ်၍၊ အပြစ်ဖြေခြင်းသည် ဆက်ဆံရေး၌စိတ်သဘောထားညီညွတ်ခြင်း၏လက္ခဏာဖြစ်သည်။ ခပ်တန်းတန်းဖြစ်သောအချိန်တွင် ပြန်လည်သင့်မြတ်ခြင်းလုပ်ငန်းစဉ်သည် ဤစိတ်သဘောထားညီညွတ်ခြင်းကိုဖြစ်စေလိမ့်မည်။ အပြစ်ကိုပြေစေခြင်း၏မူလအဓိပ္ပါယ်သည် ခပ်တန်တန်းအခြေအနေကိုရပ်တန့်ပစ်သည့် ပြည်လည်သင့်မြတ်သောအခြေအနေကို ရည်ညွှန်းသည်။"

များစွာသောခရစ်ယာန်တို့သည် အပြစ်ဖြေခြင်းကိုခရစ်တော်၏လူ့ဇာတိခံယူခြင်း၊ ဆင်းရဲဒုက္ခနှင့် သေခြင်းတို့၏ရွေးနုတ်သောအကျိုးဆက်များနှင့်သာ သီးသန့်ကန့်သတ်ထားကြသည်။ သို့သော်ငြားလည်း၊ တဲတော်လုပ်ငန်းတွင်အပြစ်ဖြေခြင်းသည် ယဇ်ကောင်သိုးသငယ်ကိုသတ်ခြင်းတစ်ခုသာမပါဝင်ဘဲ၊ သွန်းသောသွေးနှင့်ဆိုင်သည့် တဲတော်၌ ယဇ်ပုရောဟိတ်၏လုပ်ငန်းလည်းပါဝင်ခဲ့သည် (ဝတ် ၄း၂၀၊၂၆၊၃၅။ ၁၆း၁၅–၁၈၊၃၂၊၃၃)။ ထို့ကြောင့်ဤကျမ်းစာ၏အသုံးအနှုန်းအရ၊ အပြစ်ဖြေခြင်းသည် ခရစ်တော်၏လက်ဝါးကပ်တိုင်ပေါ်သေခြင်းနှင့် ကောင်းကင်ဗိမာန်တော်၌ သူ၏ကြားဖျန်ဖြေခြင်းလုပ်ငန်းတို့ကိုရည်ညွှန်းနိုင်သည်။ ထိုနေရာတွင် ယဇ်ပုရောဟိတ်မင်းအနေဖြင့် သူ၏ပြီးပြည့်စုံသောအပြစ်ဖြေခြင်း၊ ယဇ်ပူဇော်ခြင်း၏အကျိုးကျေးဇူးကို လူသားတို့အား ဘုရားသခင်နှင့်သင့်မြတ်စေခြင်း၌အသုံးပြုသည်။ "ခရစ်တော်သည် ကောင်းကင်သို့တက်ကြွသွားခဲ့ပြီး၊ လူတို့အတွက်သူ၏အပြစ်ဖြေခြင်းသည် ပြည့်စုံလုံလောက်ကြောင်း၊ သူ၏အသွေးတော်အားဖြင့် လူတိုင်းထာဝရအသက်ကိုရနိုင်ကြောင်း အာမခံချက်ကို ဘုရားသခင်ကိုယ်တော်တိုင်ထံမှကြားခဲ့သည်။ ခမည်းတော်သည် ခရစ်တော်နှင့်အတူပြုခဲ့သောပဋိညာဉ်ကို အတည်ပြုခဲ့သည်။ ထို့သို့ဖြင့်သူသည် နောင်တရ၍ နားထောင်သောသူတို့ကိုလက်ခံပြီး၊ မိမိသားတော်ကိုချစ်သကဲ့သို့ပင် သူတို့ကိုချစ်မည်။ ယေရှုသည် သူ၏အမှုတော်ကိုပြည့်စုံစေပြီး၊ 'လူသည်ရွှေစင်ထက်ထိုက်မည်အကြောင်း၊ ဆင်းရဲသားသည် ဩဖိရရွှေကျောက်ထက်အဖိုးထိုက်မည်အကြောင်း ငါပြုမည်' ဟူသောသူ၏ကတိကိုလည်းပြည့်စုံစေမည်။"

ဗင်းဆင့်တယ်လာ (Vincent Taylor) ရှင်းပြသကဲ့သို့ အပြစ်ဖြေခြင်းဆိုင်ရာ ယုံကြည်ချက်သည် ရှုထောင့်နှစ်ခုရှိသည်။ "၎င်းတို့မှာ (၁) ခရစ်တော်၏ကယ်တင်သောလုပ်ငန်းနှင့် (၂) သူ၏လုပ်ငန်းကိုတစ်ဦးချင်းဖြစ်စေ၊ အများနှင့်ဖြစ်စေ၊ ယုံကြည်ခြင်းဖြင့် အပိုင်ရယူခြင်းတို့ဖြစ်သည်။ ဤအရာနှစ်ခုသည် အပြစ်ဖြေခြင်းကိုဖြစ်လာ

စေသည်။ အပြစ်ဖြေခြင်းသည် ကျွန်ုပ်တို့အတွက်ပြီးမြောက်ပြီးဖြစ်၍၊ ကျွန်ုပ်တို့အထဲ၌ ဖြစ်ပေါ်စေခဲ့သည်။ ဤအခန်း (၉) သည် ခရစ်တော်သေခြင်းနှင့်သက်ဆိုင်သောအပြစ် ဖြေခြင်းကိုအထူးပြုသည်။ သူ၏ယဇ်ပုရောဟိတ်မင်းနှင့်ဆိုင်သော အပြစ်ဖြေခြင်းကိုမူ နောက်ပိုင်း (အခန်း ၂၄) တွင်လေ့လာကြမည်။

## ခရစ်တော်၏အပြစ်ဖြေခြင်းယဇ်

ကရာနိကုန်းတွင် ခရစ်တော်၏အပြစ်ဖြေခြင်းယဇ်သည် ဘုရားသခင်နှင့် လူသားဆက်ဆံရေးတွင် အလှည့်အပြောင်းဖြစ်စေခဲ့သည်။ လူတို့၏အပြစ်မှတ်တမ်းရှိ သော်ငြားလည်း၊ ပြန်လည်သင့်မြတ်စေခြင်း၏အကျိုးရလဒ်အဖြစ် ဘုရားသခင်သည် သူတို့၏အပြစ်များကိုမမှတ်ချေ (၂ကော ၅း၁၉)။ ဤအရာသည် ဘုရားသခင်သည် အပြစ်ဒဏ်ကိုဖယ်ပစ်သည် သို့မဟုတ် အပြစ်သည်သူ၏အမျက်ဒေါသကို မနှိုးဆွတော့ ချေဟူသောအဓိပ္ပါယ်မဟုတ်ပါ။ အမှန်မှာ၊ မိမိထာဝရပညတ်တော်၏တရားမျှတမှုကို စွဲကိုင်ထားနေလျက်ပင်၊ ဘုရားသခင်သည် နောင်တရသောအပြစ်သားများအား ခွင့်လွှတ် မည့်နည်းလမ်းကိုတွေ့ရှိခဲ့ပေပြီ။

**ခရစ်တော်၏သေခြင်းသည်လိုအပ်သည်။** မေတ္တာရှင်ဘုရားသခင်အတွက် သူ၏ဖြောင့်မတ်ခြင်းနှင့်တရားမျှတခြင်းကိုထိန်းသိမ်းရန်၊ ယေရှုခရစ်တော်၏အပြစ်ဖြေသော သေခြင်းသည် ကျင့်ဝတ်အရနှင့် တရားရေးအရလိုအပ်ချက်ဖြစ်သည်။ ဘုရားသခင်၏ တရားမျှတခြင်းသည် အပြစ်ကိုတရားစီရင်ရန်တောင်းဆိုသည်။ ထိုကြောင့် ဘုရားသခင် သည် အပြစ်နှင့်အပြစ်သားကိုတရားစီရင်ရမည်။ ဤစီရင်ချက်တွင် ဘုရားသခင်၏ သားတော်သည် ဘုရားသခင်၏အလိုတော်အတိုင်း အပြစ်သားများဖြစ်သောကျွန်ုပ်တို့၏ နေရာကိုဝင်ယူခဲ့သည်။ လူသားသည် ဘုရားသခင်၏တရားသောအမျက်ဒေါသ အောက်၌ ရပ်နေသောကြောင့် အပြစ်ဖြေခြင်းသည်လိုအပ်သည်။ ဤနေရာ၌ အပြစ်လွှတ်ခြင်းသတင်းကောင်း၏အချက်အချာနှင့် ခရစ်တော်၏လက်ဝါးကပ်တိုင်၏ နက်နဲခြင်းတည်ရှိသည်။ ခရစ်တော်၏ပြည့်စုံသောဖြောင့်မတ်ခြင်းသည် ဘုရားရှင်၏ တရားမျှတမှုကိုပြည့်ပြည့်ဝဝဖြည့်ဆည်းခဲ့ပြီး၊ ဘုရားသခင်သည် လူသားတို့၏သေခြင်း နေရာ၌ ခရစ်တော်၏သေခြင်းကိုလက်ခံရန် လိုလိုလားလားရှိသည်။"

ခရစ်တော်၏အပြစ်ဖြေသောအသွေးတော်ကို လက်မခံလိုသောသူတို့သည် အပြစ်ဖြေလွှတ်ခြင်းကိုမရရှိဘဲ၊ ဘုရားသခင်၏အမျက်ကိုခံနေကြရဆဲဖြစ်သည်။ "သားတော်ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကိုပယ်သော သူမူကားအသက်ကိုမတွေ့ရ။ ထိုသူ၏အပေါ်၌ ဘုရားသခင်၏အမျက်တော်တည် နေသည်ဟု ယောဟန်ဟောလေ၏" (ယောဟန် ၃း၃၆)။

ထို့ကြောင့် လက်ဝါးကပ်တိုင်သည် ဘုရားသခင်၏ကရုဏာနှင့် သူ၏တရားမျှတမှုကိုဖော်ပြသည်။ "ဘုရားသခင်သည် သည်းခံတော်မူ၍၊ လွန်ခဲ့ပြီးသောဒုစရိုက်အပြစ်များကိုမှတ်တော်မမူရာတွင်၊ ဖြောင့်မတ်ခြင်းတရားတော်ကိုထင်ရှားစေခြင်းငှာလည်းကောင်း၊ ယခုကာလ၌ ဖြောင့်မတ်ခြင်းတရားတော်ကိုထင်ရှားစေ၍၊ ယေရှုကိုယုံကြည်သောသူတို့၏အပြစ်ကိုလွှတ်တော်မူသော်လည်း၊ တရားသဖြင့်ပြုတော်မူခြင်းငှာလည်းကောင်း၊ ယေရှုခရစ်တော်၏အသွေးတော်ကိုယုံကြည်ခြင်းအားဖြင့်၊ ထိုခရစ်တော်ကို အပြစ်ဖြေရာအကြောင်းဖြစ်စေခြင်းငှာ ခန့်ထားတော်မူပြီ" (ရောမ ၃း၂၅၊၂၆)။

**မည်သည့်အရာကအပြစ်ဖြေသောယဇ်ကိုပြီးမြောက်စေသနည်း။** ခမည်းတော်ကိုယ်တိုင်မိမိသားတော်ကို "အပြစ်ဖြေရာယဇ်" (ရောမ ၃း၂၅) အဖြစ်ပေးအပ်သည်။ ဓမ္မသစ်ကျမ်းမှမူရင်းဟေလသစကားလုံးသည် ရုပ်တုကိုးကွယ်သူများက အမျက်ထွက်နေသောဘုရားသခင်ကိုဖျောင်းဖျခြင်း၊ သို့မဟုတ် အငြိုးကြီးသောဘုရား၊ ထင်တိုင်းကြဲသောဘုရား၊ ပြောင်းလဲလွယ်သောဘုရားကို ချွေးသိပ်ခြင်းနှင့်ဘာမျှမသက်ဆိုင်ချေ။ အထက်ပါကျမ်းချက်က "ဘုရားသခင်သည်မိမိကျေးဇူးကရုဏာဖြင့် လူသားတို့၏အပြစ်အပေါ် သူ၏သန့်ရှင်းသောအမျက်ဒေါသကိုပြေစေရန် ခရစ်တော်ကိုပေးအပ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ခရစ်တော်ကိုလူတို့၏ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ အပြစ်အပေါ်သူ၏စီရင်ချက်ကိုရရှိရန် အစားထိုးသောအရှင်အဖြစ်လည်းကောင်း လက်ခံခဲ့သည်။"

ဤရှုထောင့်မှတစ်စုံတစ်ဦးသည် ခရစ်တော်၏အသေခံခြင်းကို "မွှေးကြိုင်သောအနံ့ရှိစေခြင်းငှာ ကိုယ်ကိုကိုယ်ဆက်ကပ်၍ပူဇော်ခြင်း" (ဧဖက် ၅း၂) အဖြစ် ပေါလု၏ဖော်ပြခြင်းကိုနားလည်နိုင်သည်။ "ခရစ်တော်၏မိမိကိုယ်ကိုပူဇော်ခြင်းကို ဘုရားသခင်နှစ်သက်သည်။ အဘယ်ကြောင့်ဆိုသော် ဤဆက်ကပ်ပူဇော်ခြင်းသည် ဘုရားသခင်နှင့်အပြစ်ရှိသောလူတို့အကြားရှိ အတားအဆီးကိုပယ်ရှား၍၊ ထိုသို့ဖြင့်ခရစ်တော်သည်အပြစ်အပေါ် ဘုရားသခင်၏အမျက်ဒေါသကို အပြည့်အဝသယ်ဆောင်ခဲ့သည်။ ခရစ်တော်အားဖြင့်၊ ဘုရားသခင်၏ဒေါသသည် ချစ်ခြင်းမေတ္တာသို့ပြောင်းလဲသွားခြင်းမဟုတ်ဘဲ၊ ဘုရားရှင်၏အမျက်သည်လူတို့ထံမှလွဲသွား၍ မိမိကိုယ်တိုင်သယ်ဆောင်သည်။"

(ရောမ ၃း၂၅) သည် ခရစ်တော်၏ပူဇော်ဆက်သခြင်းအားဖြင့် အပြစ်အတွက်ကျေနပ်အောင်ပြုလုပ်ကြောင်းဖော်ပြသည်။ အပြစ်ပြေအောင်ပြုခြင်းသည် အပြစ်ဖြေသောအသွေးတော်က နောင်တရသောအပြစ်သားအပေါ် ပြုသောအမှုကိုပစ်မှတ်ထားသည်။ သူသည် ခွင့်လွှတ်ခြင်း၊ အပြစ်ဖြေလွှတ်ခြင်းနှင့် အပြစ်မှစင်ကြယ်ခြင်းတို့ကိုခံစားရ

သည်။

**တစ်ဆင့်ခံအပြစ်သယ်ဆောင်သူခရစ်တော်။** သမ္မာကျမ်းစာသည် ခရစ်တော်ကို လူတို့၏အပြစ်ကိုသယ်ဆောင်သူအဖြစ်ဖော်ပြသည်။ ဟေရှာယက ပုရောဖက်ပြု၍ဟောသောစကားမှာ "ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။... ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏။... ထာဝရဘုရားသည် သူ့ကိုနှိပ်စက်ခြင်းငှာအလိုတော်ရှိ၍နာစေတော်မူ၏။ သူသည်အပြစ်ဖြေသောယဇ်ကိုပူဇော်၏။... လူများတို့၏အပြစ်ကိုဆောင်၏" (ဟေရှာယ ၅၃း၅–၁၂) ဟူ၍ဖြစ်သည်။ ပေါလု သည်လည်း စိတ်ထဲ၌ ဤအနာဂတ္တိဟောချက်ကိုထားရှိလျက် "ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း၊ ငါတို့အပြစ်ကြောင့်အသေခံတော်မူ၏" (၁ကော ၁၅း၃) ဟု ဆိုခဲ့သည်။

ဤကျမ်းချက်များသည် ကယ်တင်ခြင်းစီမံကိန်းတွင် အရေးကြီးသောအမြင်သဘောထားကိုညွှန်ပြသည်။ ၎င်းမှာ ကျွန်ုပ်တို့ကိုညစ်ညူးစေသောအပြစ်ကို ကျွန်ုပ်တို့၏အပြစ်သယ်ဆောင်သူအပေါ်သို့ပြောင်းပေးလိုက်ခြင်းသည် ကျွန်ုပ်တို့ကိုစင်ကြယ်စေသည် (ဆာလံ ၅၁း၁၀)။ ဓမ္မဟောင်းကျမ်း တဲတော်၏ယဇ်ပူဇော်ခြင်းအခမ်းအနားများသည် ဤခရစ်တော်၏အခန်းကဏ္ဍကိုဖော်ပြခဲ့သည်။ ထိုအခမ်းအနားတွင် နောင်တရသော အပြစ်သားထံမှ အပြစ်မဲ့သောသိုးသငယ်ထံသို့ အပြစ်ကိုလွှဲပြောင်းခြင်းသည် အပြစ်သယ်ဆောင်သူခရစ်တော်ထံလွှဲပြောင်းခြင်းကိုပုံဆောင်ခဲ့သည်။

**အသွေး၏အခန်းကဏ္ဍကားအဘယ်နည်း။** အသွေးသည် တဲတော်လုပ်ငန်း၏အပြစ်ဖြေရာယဇ်ပူဇော်ခြင်းတွင် အရေးကြီးသောအခန်း၌ပါဝင်သည်။ ဘုရားသခင်သည်အပြစ်ဖြေခြင်းအတွက်ကြိုတင်စီမံထားခဲ့သည်။ "ကိုယ်ခန္ဓာအသက်သည် အသွေး၌တည်၏။ သင်တို့ပြုသောအပြစ်ကိုဖြေစေခြင်းငှာ၊ ထိုအသွေးကိုသင်တို့အား ယဇ်ပလ္လင်ပေါ်မှာငါပေးပြီ" (ဝတ် ၁၇း၁၁)။ တိရစ္ဆာန်ကိုသတ်ပြီးနောက်၊ အပြစ်ဖြေလွှတ်ခြင်းကို မခံရမီ ယဇ်ပုရောဟိတ်သည်အသွေးကိုသုတ်လိမ်းရမည်။

အစားထိုးသောအသွေးအားဖြင့်အပြစ်လွှတ်ခြင်း၊ သန့်ရှင်းခြင်းနှင့်ပြန်လည်သင့်မြတ်ခြင်းတို့အတွက် ဓမ္မဟောင်းအချိန်ကအခမ်းအနားများသည် ကရာနိကုန်းမှခရစ်တော်၏ ပူဇော်ခြင်း၏အပြစ်ဖြေသောအသွေး၌ပြည့်စုံကြောင်းကို ဓမ္မသစ်ကျမ်းကဖော်ပြသည်။ နည်းလမ်းဟောင်းနှင့်ဆန့်ကျင်၍၊ ဓမ္မသစ်ကျမ်းက၊ "အပြစ်ကင်းသောကိုယ်တော်ကို ထာဝရဝိညာဉ်တော်အားဖြင့် ဘုရားသခင့်ရှေ့၌တင်လှူပူဇော်သော ခရစ်တော်၏အသွေးသည် သေခြင်းနှင့်စပ်ဆိုင်သောအကျင့်ကိုပယ်ရှင်း၍၊ သင်တို့သည်အသက်ရှင်တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည်အကြောင်း၊ သင်တို့၌ကိုယ်ကိုကိုယ်သိသောစိတ်ကို စင်ကြယ်စေ

ခြင်းငှာ၊ သာ၍တတ်နိုင်တော်မူသည်မဟုတ်လော” (ဟေဗြဲ ၉း၁၄) ဟုဆိုသည်။ သူ၏အသွေးကိုသွန်းခြင်းဖြင့် အပြစ်ကိုပြေစေသည် (ရောမ ၃း၂၅)။ “ဘုရားသခင်သည်ငါတို့ကိုချစ်၍ ငါတို့၏အပြစ်ဖြေစရာအကြောင်းဖြစ်စေခြင်းငှာ၊ သားတော်ကိုစေလွှတ်တော်မူ၏” (၁ယော ၄း၁၀) ဟုယောဟန်ဆိုသည်။

အကျဉ်းချုပ်အားဖြင့်၊ “ဘုရားသခင်၏သင့်မြတ်ရာသင့်မြတ်ကြောင်း လုပ်ဆောင်ချက်သည် သူ၏သားတော်ခရစ်တော်ယေရှု၏ အပြစ်ကိုပြေစေသောအသွေးတော်အားဖြင့်ပြီးမြောက်ခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည် ပြန်လည်သင့်မြတ်ခြင်းကိုစီစဉ်သောသူနှင့် လက်ခံရရှိသူဖြစ်သည်။

## ရွေးနုတ်ဖိုးခရစ်တော်

လူသားတို့သည် အပြစ်၏စိုးမိုးမှုအောက်သို့ရောက်သွားသောအခါ၊ အပြစ်ဒဏ်စီရင်ခြင်းနှင့် ဘုရားသခင့်ပညတ်တော်၏ကျိန်ခြင်းကိုခံရသည် (ရောမ ၆း၄။ ဂလာတိ ၃း၁၀–၁၃)။ အပြစ်၏ကျွန်ဘဝ၊ သေမျိုးအဖြစ်မှသူတို့သည် မရုန်းထွက်နိုင်ကြချေ။ “မိမိညီအစ်ကိုကိုအဘယ်သူမျှအလျှင်းမရွေးနိုင်။ ရွေးရန်အဖိုးကိုဘုရားသခင်၌မပေးနိုင်” (ဆာလံ ၄၉း၇)။ ဘုရားသခင်သည်သာလျှင်ရွေးနုတ်ရန် တန်ခိုးအပ်နှင်းခြင်းခံရသည်။ “သူတို့ကိုမရဏာနိုင်ငံတန်ခိုးမှ ငါကယ်လွှတ်မည်။ သေမင်းလက်မှလည်းရွေးမည်” (ဟောရှေ ၁၃း၁၄)။

ဘုရားသခင်သည် သူတို့ကိုမည်ကဲ့သို့ရွေးခဲ့သနည်း။ “သူတစ်ပါးကိုစေစားခြင်းငှာမလာ၊ သူတစ်ပါးအစေကိုခံခြင်းငှာလည်းကောင်း၊ မိမိအသက်ကိုစွန့်၍၊ လူများကိုရွေးခြင်းငှာလည်းကောင်း၊ ကြွလာ” (မဿဲ ၂၀း၂၈) ကြောင်းကိုယ်တိုင်သက်သေခံသောသူယေရှုအားဖြင့်၊ ဘုရားသခင်သည် “မိမိအသွေးနှင့်” အသင်းတော်ကို “ဝယ်” ခဲ့သည် (တမန် ၂၀း၂၈)။ “သားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏” (ဧဖက် ၁း၈)။ “ယေရှုခရစ်သည် ခပ်သိမ်းသောဒုစရိုက်မှ ငါတို့ကိုရွေးနုတ်ခြင်းငှာလည်းကောင်း၊ ကောင်းသောအကျင့်ဘက်၌စိတ်အားကြီး၍၊ ပိုင်ထိုက်တော်မူသောအမျိုးကို မိမိအဖို့စင်ကြယ်စေခြင်းငှာလည်းကောင်း၊ ကိုယ်ကိုကိုယ်စွန့်ကြတော်မူပြီ” (တိတု ၂း၁၄)။

**ရွေးနုတ်ဖိုးသည်မည်သည့်အရာကိုပြီးမြောက်စေသနည်း။** ခရစ်တော်၏သေခြင်းသည် ဘုရားသခင်၏လူသားများအားပိုင်ဆိုင်မှုကို အတည်ဖြစ်စေသည်။ ပေါလုက၊ သင်တို့သည် “မိမိတို့ကိုမိမိတို့မပိုင်၊… သင်တို့သည်အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်” (၁ကော ၆း၁၉၊၂၀) သည် ဟုဆိုခဲ့သည်။

မိမိသေခြင်းအားဖြင့်၊ ခရစ်တော်သည်အပြစ်၏အုပ်စိုးမှုကို ချိုးဖျက်ခဲ့သည်၊ ဝိညာဉ်ရေးအကျဉ်းကျခြင်းကို အဆုံးသတ်သည်၊ ပညတ်တော်၏အပြစ်စီရင်ခြင်းနှင့် ကျိန်ခြင်းကိုဖယ်ရှားခဲ့သည်၊ နောင်တရသောအပြစ်သားအားလုံးအတွက် ထာဝရအသက်ကိုရရှိစေနိုင်ခဲ့သည်။ ပေတရုက ယုံကြည်သူများသည် "မိစဉ်ဘဆက်ကျင်လည်သောအချည်းနှီးကျင့်ကြံပြုမူခြင်း" (၁ပေ ၁း၁၈) မှရွေးနုတ်ခြင်းခံရသည်ဟုဆိုသည်။ အပြစ်၏ကျေးကျွန်ဘဝနှင့် ၎င်း၏သေစေနိုင်သောအကျိုးဆက်တို့မှ ရွေးနုတ်ခြင်းခံရသောသူတို့သည် ယခုတွင်ဘုရားသခင်၏အမှုတော်၌ရှိနေကြပြီး၊ "သန့်ရှင်းခြင်းအကျိုးကိုရကြ၏။ အဆုံး၌လည်း ထာဝရအသက်ကိုရကြလိမ့်မည်" (ရောမ ၆း၂၂)။

ရွေးယူခြင်းနိယာမကိုမသိကျိုးကျွန်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းသည် "ကျေးဇူးတော်နှင့်ဆိုင်သော ဧဝံဂေလိတရား၏အဓိကအချက်ကို ဆုံးရှုံးခြင်းနှင့် ဘုရားသခင်၏သိုးသငယ်အပေါ် အနက်ရှိုင်းဆုံးကျေးဇူးတင်သောစိတ်သဘောကို ငြင်းပယ်ခြင်းဖြစ်လိမ့်မည်။" ဤနိယာမသည် ကောင်းကင်ဘုံပလ္လင်ရှိရာခန်းမတွင်သီဆိုသောချီးမွမ်းခြင်း၏အဓိကကျသောအရာဖြစ်သည်။ "ကိုယ်တော်သည် အသေသတ်ခြင်းကိုခံတော်မူသောအားဖြင့်၊ အသီးအသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှ အကျွန်ုပ်တို့ကိုယူ၍၊ အသွေးတော်နှင့် ဘုရားသခင်အဖို့ရွေးနုတ်တော်မူ၏။ အကျွန်ုပ်တို့၏ဘုရားသခင့်ရှေ့မှာ ရှင်ဘုရင်အရာ၌လည်းကောင်း၊ ယဇ်ပုရောဟိတ်အရာ၌လည်းကောင်း ခန့်ထား၍၊ မြေကြီးပေါ်မှာစိုးစံရသောအခွင့်ကိုပေးတော်မူ၏" (ဗျာ ၅း၉၊၁၀)။

## လူသားတို့၏ကိုယ်စားလှယ်ခရစ်တော်

အာဒံနှင့် "နောက်ဆုံးဖြစ်သောအာဒံ" တည်းဟူသောခရစ်တော် သို့မဟုတ် "ဒုတိယလူ" (၁ကော ၁၅း၄၅၊၄၇) လူသားအားလုံးကိုကိုယ်စားပြုသည်။ ဇာတိပကတိဖြင့်မွေးဖွားခြင်းသည် အာဒံ၏လွန်ကျူးခြင်း၏အကျိုးဆက်များနှင့် တစ်ဦးချင်းစီကိုကုန်နှီးခွစီးပါသော်လည်း၊ ဝိညာဉ်တော်မွေးဖွားခြင်းကိုခံရသောသူတိုင်းသည် ခရစ်တော်၏ပြည့်စုံသောအသက်တာနှင့် သေခြင်း၏အကျိုးကျေးဇူးများကိုရရှိသည်။ "လူအပေါင်းတို့သည် အာဒံအားဖြင့်သေခြင်းသို့ရောက်သည်နည်းတူ၊ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ရောက်ရကြလတ္တံ့" (၁ကော ၁၅း၂၂)။

အာဒံ၏ပုန်ကန်မှုသည်အပြစ်၊ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် သေခြင်းကိုလူတိုင်းထံသို့ယူဆောင်လာခဲ့သည်။ ခရစ်တော်သည် ၎င်းကိုပြောင်းပြန်ဖြစ်စေခဲ့သည်။ မိမိ၏ကြီးမားသောမေတ္တာဖြင့် သူသည် မိမိကိုယ်ကိုအပြစ်အပေါ်၊ ဘုရားရှင်၏အပြစ်အပေါ် တရားစီရင်ခြင်းအောက်၌ထားရှိပြီး၊ လူသားတို့၏ကိုယ်စားလှယ်ဖြစ်လာခဲ့သည်။ သူ၏

အစားထိုးသေခြင်းသည် အပြစ်၏ပြစ်ဒဏ်မှရွေးနုတ်ခြင်းနှင့် နောင်တရသောအပြစ်သားများအတွက် ထာဝရအသက်ဆုကျေးဇူးတို့ကိုပေးခဲ့သည် (၂ကော ၅း၂၁။ ရောမ ၆း၂၃။ ၁ပေ ၃း၁၈)။

ခရစ်တော်၏အစားထိုးအသေခံခြင်းသည် လူတိုင်းအတွက်ဖြစ်သည်ကို သမ္မာကျမ်းစာကသွန်သင်သည်။ "ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်" သူသည် လူတိုင်းအတွက်အသေခံခဲ့သည်။ အာဒံကဲ့သို့၊ လူတိုင်းအပြစ်ရှိသည် (ရောမ ၅း၁၂)။ ထိုကြောင့် လူတိုင်းပထမသေခြင်းကိုတွေ့ကြုံကြရသည်။ လူတိုင်းအတွက် ခရစ်တော်မြည်းစမ်းခဲ့သောသေခြင်းသည် သေခြင်း၏ကျိန်ခြင်းဖြစ်သော ဒုတိယသေခြင်းဖြစ်သည် (ဗျာ ၂၀း၆)။

## ခရစ်တော်၏အသက်နှင့်ကယ်တင်ခြင်း

"ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏သားတော်အသေခံတော်မူခြင်းအားဖြင့်၊ ငါတို့သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းကျေးဇူးတော်ကို ခံရသည်မှန်လျှင်၊ မိတ်သဟာယဖွဲ့ပြီးမှ အသက်တော်အားဖြင့်ကယ်တင်တော်မူခြင်းသို့ရောက်မည်" (ရောမ ၅း၁၀)။ အပြစ်အားဖြင့်ထွင်းဖေါက်သောချောက်နက်ကြီးကိုပေါင်းကူးရန် ခရစ်တော်၏အသက်နှင့်သူ၏သေခြင်းကိုအပ်သည်။ ၎င်းတို့နှစ်ခုစလုံးသည်လိုအပ်ပြီး၊ ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက်ဖြည့်ဆည်းပေးသည်။

**ခရစ်တော်၏ပြည့်စုံသောအသက်သည် ကျွန်ုပ်တို့အတွက်မည်သည့်အရာကိုလုပ်ပေးနိုင်သနည်း။** ယေရှုသည် ဖြူစင်၊ သန့်ရှင်း၊ ချစ်ဖွယ်သောအသက်တာဖြင့် ဘုရားသခင်အပေါ်လုံးလုံးမှီခိုခဲ့သည်။ ဤအဖိုးကြီးသောအသက်ကို သူသည် နောင်တရသောအပြစ်သားတို့အား လက်ဆောင်အဖြစ်မျှဝေပေးသည်။ သူ၏ပြည့်စုံသောစာရိတ္တကို မင်္ဂလာဝတ်စုံ (မဿဲ ၂၂း၁၁) သို့မဟုတ် ဖြောင့်မတ်ခြင်းဝတ်လုံ (ဟေရှာ ၆၁း၁၀) ဖြင့်ခိုင်းနှိုင်းသည်။ ဖြောင့်မတ်ခြင်းရရန် လူသားတို့၏ကြိုးပမ်းမှုတည်းဟူသော ညစ်သောအဝတ် (ဟေရှာ ၆၄း၆) အစား ဖြောင့်မတ်ခြင်းဝတ်လုံကိုသူပေးသည်။

ကျွန်ုပ်တို့လူသားများ၏အကျင့်ပျက်မှုကြားမှ၊ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ခရစ်တော်ထံအပ်နှံသောအခါ၊ ကျွန်ုပ်တို့၏နှလုံးသည် သူ၏နှလုံးနှင့်ပေါင်းစည်းသည်၊ ကျွန်ုပ်တို့၏ဆန္ဒသည် သူ၏ဆန္ဒ၌ကူးပြောင်းသည်၊ ကျွန်ုပ်တို့၏စိတ်သည် သူ၏စိတ်နှင့်တစ်ခုတည်းဖြစ်လာသည်၊ ကျွန်ုပ်တို့၏အတွေးသည် သူ၏ဖမ်းစားခြင်းကိုခံရသည်၊ ကျွန်ုပ်တို့သည် သူ၏အသက်ဖြင့်အသက်ရှင်သည်။ ကျွန်ုပ်တို့သည် သူ၏ဖြောင့်မတ်ခြင်းဝတ်လုံဖြင့်လွှမ်းခြုံခြင်းခံရသည်။ ဘုရားသခင်သည် ယုံကြည်၍နောင်တရသောအပြစ်သားကိုကြည့်သောအခါ၊ သူသည် အပြစ်၏ဗလာဖြစ်ခြင်း သို့မဟုတ် ပုံပန်းပျက်ခြင်း

ကိုမမြင်ဘဲ၊ ပညတ်တော်ကို ခရစ်တော်၏အပြည့်အဝနားထောင်ခြင်းအားဖြင့် ဖြစ်ပေါ်လာသောဖြောင့်မတ်ခြင်းဝတ်လုံကိုမြင်သည်။ ဤဝတ်လုံဖြင့် လွှမ်းခြုံခြင်းမခံရပါက အဘယ်သူမျှစစ်မှန်စွာ ဖြောင့်မတ်ရာသို့မရောက်နိုင်ချေ။

မင်္ဂလာဆောင်ပွဲ၏အဝတ်ဆိုင်ရာဥပမာတွင် မိမိကိုယ်ပိုင်အဝတ်ဖြင့်ရောက်လာသောသူကို မယုံကြည်မှုကြောင့်ပြင်သို့မထုတ်ခဲ့ပါ။ သူသည်ပွဲတက်ရန်ဖိတ်ခေါ်ခြင်းကို လက်ခံခဲ့သည် (မဿဲ ၂၂း၁၀)။ သို့သော် သူရောက်လာခြင်းသည် မလုံလောက်ချေ။ သူသည်မင်္ဂလာပွဲဝတ်စုံလိုအပ်သည်။ အလားတူစွာ၊ လက်ဝါးကပ်တိုင်ကိုယုံကြည်ခြင်းသည် မလုံလောက်ချေ။ ရှင်ဘုရင်၏ရှေ့တော်တွင်ခစားနိုင်ရန်၊ ကျွန်ုပ်တို့သည်လည်း ခရစ်တော်၏ဖြောင့်မတ်သောအသက်တာ၊ သူ၏ဖြောင့်မတ်သောစာရိတ္တတော်ကိုလိုအပ်သည်။

အပြစ်သားများအနေဖြင့် ကျွန်ုပ်တို့၏အကြွေးကိုချေဖျက်ရန်လိုအပ်သည်သာမက၊ ကျွန်ုပ်တို့၏ဘဏ်စာရင်းကိုလည်းပြန်ဖြည့်ရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် အကျဉ်းထောင်မှလွတ်မြောက်ခြင်းလိုအပ်သည်ထက်၊ ဘုရင်မင်းမြတ်၏မိသားစုဝင်အဖြစ် မွေးစားခြင်းခံဖို့ရန်လည်းလိုအပ်သည်။ ရှင်ပြန်ထမြောက်သောခရစ်တော်၏ ကြားဖျန်ဖြေခြင်းအလုပ်သည် အပြစ်လွတ်ခြင်းနှင့် ဝတ်လုံဖြင့်လွှမ်းခြုံခြင်းဟူသော ရည်ရွယ်ချက်နှစ်ခုရှိပြီး၊ သူ၏သေခြင်းနှင့်အသက်ကို အကျွန်ုပ်တို့၏အသက်နှင့် ဘုရားသခင်၏ရှေ့တွင်ရပ်ခြင်း၌ အကျိုးသက်ရောက်စေသည်။ ကရာနိကုန်းမှ "အမှုပြီးပြီ" ဟူသောကြွေးကြော်သံသည် ပြည့်စုံသောအသက်နှင့် ပြည့်စုံသောယဇ်တို့၏ပြီးစီးခြင်းကိုပြသသည်။ အပြစ်သားများသည် ဤနှစ်ခုစလုံးကိုလိုအပ်သည်။

**ခရစ်တော်၏အသက်တာ၏စေ့ဆော်မှု။** ဤမြေကြီးပေါ် ခရစ်တော်၏ အသက်တာသည် လူသားတို့အားမည်သို့အသက်ရှင်နေထိုင်ရမည်ကို စံနမူနာပေးသည်။ ဥပမာ၊ ပေတရုက၊ အစော်ကားခံရချိန်တွင် ယေရှု၏တုံ့ပြန်သည့်နည်းလမ်းသည် ကျွန်ုပ်တို့အတွက်စံနမူနာဖြစ်ကြောင်း အကြံပြုသည် (၁ပေ ၂း၂၁–၂၃)။ သူသည် ကျွန်ုပ်တို့ကဲ့သို့စုံစမ်းခြင်းအမျိုးမျိုးကိုခံရပြီး၊ ဘုရားသခင်၏တန်ခိုးကိုမှီခိုသောသူတို့သည် ဆက်လက်၍အပြစ်၌ရှိရန်မလိုအပ်တော့ကြောင်း ကျွန်ုပ်တို့ကိုပြသခဲ့သည်။ ခရစ်တော်၏အသက်တာက၊ ကျွန်ုပ်တို့သည် အောင်အောင်မြင်မြင်အသက်ရှင်နေထိုင်နိုင်ကြောင်း အာမခံချက်ကိုပေးသည်။ ပေါလုက "ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကိုငါတတ်စွမ်းနိုင်၏" (ဖိလိပ္ပိ ၄း၁၃) ဟုသက်သေခံသည်။

## ခရစ်တော်၏ထမြောက်ခြင်းနှင့်ကယ်တင်ခြင်း

ပေါလုက "ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ ငါတို့ဟောပြောခြင်း၌ အကျိုးမရှိ၊ သင်တို့ယုံကြည်ခြင်း၌လည်းအကျိုးမရှိ။ ဒုစရိုက်အပြစ်အောက်၌ရှိကြသေး၏" (၁ကော ၁၅း၁၄၊၁၇)။ ယေရှုခရစ်တော်သည် ရုပ်ခန္ဓာဖြင့်ထမြောက်ခဲ့ပြီး (လုကာ ၂၄း၃၆–၄၃)၊ ကောင်းကင်ဘုံသို့ ဘုရား–လူသားအဖြစ်တက်ကြွကာ၊ ခမည်းတော်ဘုရား၏လက်ယာဘက်တွင် ကြားဖျန်ဖြေသူအဖြစ် သူ၏အရေးကြီးသော ကြားဖျန်ဖြေခြင်းလုပ်ငန်းကို စတင်ခဲ့သည် (ဟေဗြဲ ၈း၁၊၂)။

သောကြာနေ့ကပ်တိုင်တင်သတ်သောနေ့တွင် ကြေကွဲနေသောတပည့်တော်များ မမြင်နိုင်ခဲ့သောလက်ဝါးကပ်တိုင်၏အဓိပ္ပါယ်ကို ခရစ်တော်၏ထမြောက်ခြင်းကပေးခဲ့သည်။ သူ၏ထမြောက်ခြင်းသည် ဤလူများအား သမိုင်းကိုပြောင်းလဲစေသောစစ်တပ်ကြီးအဖြစ်သို့ပြောင်းလဲပေးခဲ့သည်။ ကပ်တိုင်တင်သတ်ခြင်းနှင့် ဘယ်ခါမှာဖြတ်ထုတ်၍မရနိုင်သောရှင်ပြန်ထမြောက်ခြင်းသည် သူတို့သာသနာ၏အဓိကဖြစ်လာခဲ့သည်။ သူတို့သည် မကောင်းမှုစစ်တပ်ကြီးအပေါ်အောင်နိုင်၍၊ အသေသတ်ခြင်းခံပြီးမှ ယခုအသက်ရှင်သောခရစ်တော်ကို ထုတ်ဖော်ပြောခဲ့ကြသည်။ ဤ၌တမန်တော်တို့သတင်းစကား၏တန်ခိုးရှိသည်။

ခရစ်တော်ရှင်ပြန်ထမြောက်ခြင်းသည် ခရစ်ယာန်ဘာသာမှာမှန်ကန်သည် သို့မဟုတ် မှားယွင်းသည်ကို အလေးအနက်မေးခွန်းထုတ်သည်။ ၎င်းသည် သမိုင်းတွင်ကျန်သည့်အကြီးမားဆုံးသောနိမိတ်လက္ခဏာ သို့မဟုတ် အကြီးမားဆုံးသောလှည့်ဖြားမှုဖြစ်သည်။ "ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ခရစ်ယာန်ယုံကြည်ခြင်း၏ဗဟိုချက်ဖြစ်သည်။ ဤအရာသည် ပထမရာစုနှစ်တွင် ကမ္ဘာကိုမှောက်လှန်သောယုံကြည်ချက်၊ ဂျူးဘာသာနှင့် မြေထဲပင်လယ်ဒေသကအယူမှားဘာသာများအထက်တွင် ခရစ်ယာန်ဘာသာကိုသိသိသာသာမြှင့်တင်သောယုံကြည်ချက်ဖြစ်သည်။ ထိုသို့ဖြစ်လျှင်၊ သခင်ယေရှုခရစ်တော်၏ဧဝံဂေလိသတင်း၌ အလွန်အရေးပါသောအရာနှင့် တစ်မူထူးခြားသောအရာအားလုံးနီးပါးသည်လည်းဖြစ်လိမ့်မည်။ "ခရစ်တော်သည်ထမြောက်တော်မမူလျှင်၊ သင်တို့သည် ယုံကြည်သော်လည်းအကျိုးမရှိ၊" (၁ကော ၁၅း၁၇)။[၁]

ခရစ်တော်၏လက်ရှိလုပ်ငန်းသည် သူ၏သေခြင်းနှင့် ထမြောက်ခြင်း၌တည်သည်။ ကရာနိကုန်းပေါ်က အပြစ်ဖြေရာယဇ်ပူဇော်ခြင်းသည် လုံလောက်ပြည့်စုံသော်လည်း၊ ထမြောက်ခြင်းမရှိလျှင်၊ ခရစ်တော်သည် ဤမြေကြီးပေါ်တွင်ဘုရားပေးတာဝန်ကို အောင်မြင်စွာပြီးမြောက်ခဲ့သည်ဟူသောအာမခံချက်ကို ကျွန်ုပ်တို့ရရှိလိမ့်မည်မဟုတ်။ ခရစ်တော်သည် ထမြောက်ပြီးဖြစ်သောကြောင့် သင်္ချိုင်းတစ်ဖက်၌အမှန်

တကယ်အသက်ရှင်ခြင်းကို အတည်ဖြစ်ပြီး၊ သူ၌ဘုရားသခင်၏ ထာဝရအသက်ကတိတော်၏ မှန်ကန်မှုကိုဖော်ပြသည်။

## ခရစ်တော်၏ကယ်တင်သောလုပ်ငန်း၏ အကျိုးရလဒ်များ

ခရစ်တော်၏အပြစ်ဖြေခြင်းလုပ်ငန်းသည် လူသားများကိုသာမက၊ စကြဝဠာတစ်ခုလုံးကို အကျိုးသက်ရောက်စေသည်။

**စကြဝဠာတစ်လျှောက်ပြန်လည်သင့်မြတ်ခြင်း။** အသင်းတော်အထဲ၌လည်းကောင်း၊ အသင်းတော်အားဖြင့် ခရစ်တော်၏ကယ်တင်ခြင်း၏ပမာဏကို ပေါလုဖော်ပြသည်။ "ကောင်းကင်အရပ်တို့၌ အထွတ်အမြတ်အာဏာစက်တို့သည်၊ ဘုရားသခင်၏ ထူးဆန်းသောပညာတော်ကို အသင်းတော်အားဖြင့် ယခုသိရကြမည်အကြောင်းတည်း" (ဧဖက် ၃း၁၁)၊ "လက်ဝါးကပ်တိုင်မှာသွန်းသောအသွေးတော်အားဖြင့် ရန်ကိုငြိမ်းစေ၍၊ ကောင်းကင်အရာဖြစ်စေ၊ မြေကြီးအရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို သားတော်အားဖြင့် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့စေခြင်းငှာ အလိုရှိတော်မူ၏" (ကောလော ၁း၂၀)။ ဆက်လက်၍ ပေါလုသည် ဤပြန်လည်သင့်မြတ်ခြင်း၏အံ့ဖွယ်ရလဒ်များကိုဖော်ပြသည်။ "ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသောသတ္တဝါတည်းဟူသော ခပ်သိမ်းသောသတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကိုဒူးထောက်၍၊ ယေရှုခရစ်သည်သခင်ဖြစ်တော်မူသည်ဟု နှုတ်နှင့်ဝန်ခံသဖြင့်၊ ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေမည်အကြောင်းတည်း" (ဖိလိပ္ပိ ၂း၁၀၊၁၁)။

**ဘုရားသခင်၏ပညတ်တော်ကိုသက်သေထူခြင်း။** ခရစ်တော်၏ပြည့်စုံသောအပြစ်ဖြေရာယဇ်သည် ဘုရားသခင့်သန့်ရှင်းသောပညတ်တော်၏တရားမျှတခြင်းနှင့် ကောင်းမြတ်ဖြောင့်မှန်ခြင်းနှင့်အတူ သူ၏ကြင်နာသောဂုဏ်တော်ကိုလည်း အတည်ပြုခဲ့သည်။ ခရစ်တော်၏သေခြင်းနှင့်ရွေးနုတ်ခြင်းသည် (အပြစ်ကိုပြစ်ဒဏ်ပေးရမည်ဟူသော) ပညတ်တော်၏တောင်းဆိုချက်များကို ဖြည့်ဆည်းပေး၍၊ နောင်တရသောအပြစ်သားများကို သူ၏ကျေးဇူးကရုဏာတော်အားဖြင့် ဖြောင့်မတ်စေသည်။ ပေါလုက "အပြစ်ဖြေဖို့ရာဇာတိပကတိ၌ အပြစ်ကိုဒဏ်ခတ်တော်မူ၏။ အကြောင်းမူကား၊ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သောငါတို့သည်၊ တရား၌ပါသောပညတ်တို့ကို စောင့်ရှောက်မည်အကြောင်းတည်း" (ရောမ ၈း၃၊၄) ဟု ဆိုခဲ့သည်။

**ဖြောင့်မတ်ခြင်း။** အပြစ်ခွင့်လွှတ်ခြင်းကိုလက်ခံသည့်အချိန်မှသာ ပြန်လည်သင့်မြတ်ခြင်းသည် အကျိုးသက်ရောက်လာသည်။ ပျောက်ဆုံးသောသားသည် ဖခင်၏မေတ္တာနှင့်အပြစ်ခွင့်လွှတ်ခြင်းကိုလက်ခံသောအခါ သူ၏ဖခင်နှင့်ပြန်လည်သင့်မြတ်ခဲ့သည်။

"ဘုရားသခင်သည် ခရစ်တော်၌လောကီသားများနှင့် မိမိကိုယ်ကိုပြန်လည်သင့်မြတ်စေကြောင်းကို ယုံကြည်ခြင်းဖြင့်လက်ခံသောသူတို့နှင့် သူ့ထံသို့ဆက်ကပ်သောသူတို့သည် ဘုရားသခင်ထံမှတန်ဖိုးမဖြတ်နိုင်သောဆုဖြစ်သည့် ဖြောင့်မတ်ခြင်းနှင့် ၎င်း၏ချက်ချင်းရလဒ်ဖြစ်သော ဘုရားသခင်နှင့်သင့်မြတ်ခြင်းကိုရရှိလိမ့်မည် (ရောမ ၅း၁)။ ဘုရားသခင်၏အမျက်ရှခြင်းကိုမခံရတော့ဘဲ၊ ဖြောင့်မတ်သောယုံကြည်သူတို့သည် ဘုရားသခင်၏မျက်နှာသာပေးခြင်းကိုရရှိလာသည်။ ခရစ်တော်အားဖြင့် ဘုရားသခင်၏ပလ္လင်ကိုအပြည့်အဝချဉ်းကပ်ခွင့်ရသည်ဖြစ်ရာ၊ သူတို့သည် အတားအဆီးအားလုံးနှင့် ယုဒနှင့်သာသနာပလူတို့အကြားရှိ ခွဲခြားသည့်ရန်လိုသောနံရံများကိုချိုးဖျက်ရန် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကို ရရှိကြသည် (ဧဖက် ၂း၁၄–၁၆)။"

**အကျင့်အားဖြင့်ကယ်တင်ခြင်း၏အချည်းနှီးဖြစ်ခြင်း။** ဘုရားသခင်၏ပြန်လည်သင့်မြတ်ခြင်းလုပ်ငန်းသည် ပညတ်တရား၏အကျင့်အားဖြင့် ကယ်တင်ခြင်းရရှိရန် လူသားတို့ကြိုးပမ်းမှု၏အဓိပ္ပါယ်မဲ့ခြင်းကိုဖော်ပြသည်။ ဘုရားရှင်၏ကျေးဇူးတော်ကိုသိမြင်ခြင်းသည် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်ရရှိသောဖြောင့်မတ်ခြင်းကိုလက်ခံရန် ပို့ဆောင်ပေးသည်။ အပြစ်ခွင့်လွှတ်ခြင်းကိုခံစားရသောသူတို့၏ကျေးဇူးတင်ခြင်းသည် နားထောင်ခြင်း၌ဝမ်းမြောက်သည်။ ထိုအခါ အကျင့်သည်ကယ်တင်ခြင်းအတွက်အခြေအမြစ်မဟုတ်ဘဲ၊ ၎င်း၏အသီးအပွင့်ဖြစ်သည်။

**ဘုရားသခင်နှင့်အသစ်သောဆက်ဆံရေး။** ခရစ်တော်၏ပြည့်စုံသောအသက်တာနှင့် နားထောင်ခြင်းကိုကမ်းပေးသော ဘုရားသခင်၏ကျေးဇူးတော်၊ သူ၏ဖြောင့်မတ်ခြင်းနှင့် သူ၏အပြစ်ဖြေသောယဇ်တို့ကို အခမဲ့လက်ဆောင်အဖြစ်ရရှိခံစားခြင်းသည် ဘုရားသခင်နှင့်သာ၍နက်နဲသောဆက်ဆံရေးသို့ပို့ပေးသည်။ ကျေးဇူးတင်ခြင်း၊ ချီးမွမ်းခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ဖြစ်ပေါ်လာ၍၊ နားထောင်ခြင်းသည်လည်းကြည်နူးစရာဖြစ်လာကာ၊ နှုတ်ကပတ်တော်ကိုလေ့လာခြင်းသည် ပျော်ရွှင်စရာဖြစ်လာပြီး၊ စိတ်နှလုံးသည်သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်ရာဖို့ အဆင်သင့်ဖြစ်လာသည်။ ဘုရားသခင်နှင့်နောင်တရသောအပြစ်သားအကြားတွင် အသစ်သောဆက်ဆံရေးရှိလာသည်။ ကြောက်ရွံ့၍တာဝန်အရဆက်ဆံရေးမျိုးမဟုတ်ဘဲ၊ ချစ်ခြင်းနှင့်ကြည်ညိုခြင်းကိုအခြေခံသည့် ဆက်ဆံရေးဖြစ်သည် (ယောဟန် ၁၅း၁–၁၀ ကိုဖတ်ပါ)။

လက်ဝါးကပ်တိုင်၏ရှုထောင့်မှ ဘုရားသခင်၏ကျေးဇူးတော်ကို ကျွန်ုပ်တို့သာ၍နားလည်လေ၊ မိမိကိုယ်ကိုဖြောင့်မတ်သည်ဟုခံစားချက်နည်းလေဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အဘယ်မျှကောင်းချီးခံရကြောင်းကို သဘောပေါက်လေဖြစ်သည်။ ခရစ်တော်ကို

ထမြောက်စေသော ထိုသန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးသည် ကျွန်ုပ်တို့၏အသက်တာကို ပြောင်းလဲပေးလိမ့်မည်။ ကျရှုံးခြင်းများအစား၊ ကျွန်ုပ်တို့သည် နေ့စဉ်အပြစ်ကို အောင်နိုင်လိမ့်မည်။

**သာသနာအတွက်လှုံ့ဆော်မှု။** ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်၏ ပြန်လည်သင့်မြတ်ခြင်းလုပ်ငန်း၌ ဖော်ပြသောအံ့ဖွယ်မေတ္တာသည် သူတစ်ပါးထံ ဧဝံဂေလိတရားဝေငှရန် ကျွန်ုပ်တို့ကိုနှိုးဆော်သည်။ ၎င်းကိုကျွန်ုပ်တို့ကိုယ်တိုင်တွေ့ကြုံခံစားသောအခါ၊ အပြစ်များအတွက် ခရစ်တော်၏ယဇ်ပူဇော်ခြင်းကိုလက်ခံသောသူတို့၏အပြစ်ကို ဘုရားသခင်သည်မှတ်ထားမည်မဟုတ်ကြောင်း အမှန်တရားကိုကျွန်ုပ်တို့သည် မပြောဘဲနေနိုင်မည်မဟုတ်ချေ။ "သင်တို့သည် ရန်ငြိမ်း၍၊ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ကြလော့။... အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့်အပြစ်ရှိသောသူဖြစ်စေတော်မူ၏" (၂ကော ၅း၂၀၊၂၁) ဟူသောဧဝံဂေလိတရား၏တိုက်တွန်းသောဖိတ်ခေါ်ခြင်းကို ကျွန်ုပ်တို့သည် အခြားသူတို့အားလက်ဆင့်ကမ်းကြလိမ့်မည်။

–o–

# အခန်း – ၁၀
# ကယ်တင်ခြင်းကိုတွေ့ကြုံခံစားခြင်း

အနန္တမေတ္တာနှင့်ကရုဏာတော်ကြောင့် ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သော ခရစ်တော်ကို ကျွန်ုပ်တို့အတွက်အပြစ်ဖြစ်စေခဲ့သည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည်သူ့အား ဖြင့် ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သောသူများဖြစ်မည်အကြောင်းတည်း။ သန့်ရှင်းသော ဝိညာဉ်တော်၏လမ်းပြခြင်းအားဖြင့် ကျွန်ုပ်တို့သည် မိမိတို့လိုအပ်ချက်ကိုခံစားသည်၊ အပြစ်ရှိခြင်းကိုဝန်ခံသည်၊ လွန်ကျူးခြင်းများကိုနောင်တရသည်၊ ပြီးနောက် ယေရှုကို ကယ်တင်ရှင်၊ သခင်၊ အစားထိုးသူနှင့်စံနမူနာအဖြစ် ကျွန်ုပ်တို့ယုံကြည်သည်။ ဤ ကယ်တင်သောယုံကြည်ခြင်းသည် နှုတ်ကပတ်တော်၏ဘုရားတန်ခိုးမှလာ၍၊ ၎င်းသည် ဘုရားသခင်၏ကျေးဇူးတော်ဆုလာဘ်ဖြစ်သည်။ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်ရာသို့ရောက်သည်၊ ဘုရားသခင်၏သားသမီးများအဖြစ်မွေးစားခံရသည်၊ ပြီးနောက် အပြစ်၏အုပ်စိုးမှုအောက်မှကယ်နုတ်ခြင်းခံရသည်။ ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့သည် ဒုတိယမွေးဖွားခြင်းကိုခံရ၍ သန့်ရှင်းခြင်းသို့ရောက်သည်။ ဝိညာဉ်တော် သည် ကျွန်ုပ်တို့၏စိတ်နှလုံးကိုအသစ်ပြောင်းလဲပေးသည်၊ ကျွန်ုပ်တို့၏စိတ်နှလုံးတွင် ချစ်ခြင်းမေတ္တာနှင့်ဆိုင်သော ဘုရားသခင်၏ပညတ်တော်ကိုရေးသည်၊ ထို့နောက် ကျွန်ုပ် တို့ကို သန့်ရှင်းသောအသက်တာဖြင့် နေထိုင်နိုင်ရန်တန်ခိုးပေးသည်။ ကိုယ်တော်၌ တည်နေခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားရှင်၏ဇာတိကိုယူတင်ဝတ်ဆင်သူများဖြစ်လာ ကြပြီး၊ ယခုအချိန်နှင့်တရားစီရင်ခြင်းတွင် ကယ်တင်ခြင်းအာမခံချက်ရှိသည်။ (ကမ္ဘာ ၃း၁၅။ ဟေရှာ ၄၅း၂၂။ ၅၃။ ယေရမိ ၃၁း၃၁–၃၄။ ယေဇ ၃၃း၁၁။ ၃၆း၂၅–၂၇။ ဟဗ ၂း၄။ မာကု ၉း၂၃၊၂၄။ ယောဟန် ၃း၃–၈၊၁၆၊ ၁၆း၈။ ရောမ ၃း၂၁–၂၆။ ၅း၆–၁၀။ ၈း၁–၄၊၁၄–၁၇။ ၁၀း၁၇။ ၁၂း၂။ ၂ကော ၅း၁၇–၂၁။ ဂလာ ၁း၄၊ ၃း၁၃၊၁၄၊၂၆။ ၄း၄–၇။ ဧဖက် ၂း၄–၁၀။ ကောလော ၁း၁၃၊၁၄။ တိတု ၃း၃–၇။ ဟေဗြဲ ၈း၇–၁၂။ ၁ပေ ၁း၂၃။ ၂း၂၁၊၂၂။ ၂ပေ ၁း၃၊၄။ ဗျာ ၁၃း၈)။

"ခရစ်တော်၌တည်သောအသက်တာသည် ငြိမ်သက်သောအသက်တာဖြစ်သည်။ အလွန်အမင်းစိတ်ခံစားမှုမျိုးမရှိဘဲရှိနိုင်သော်လည်း၊ တည်မြဲငြိမ်သက်သောယုံကြည် အားကိုးမှုရှိရမည်။ သင်၏မျှော်လင့်ချက်သည် သင့်ကိုယ်တိုင်အပေါ်၌မရှိ၊ ခရစ်တော်၌ ရှိသည်။ သင်၏အားနည်းချက်သည် သူ၏ခွန်အား၌လည်းကောင်း၊ သင်၏မသိ နားမလည်မှုသည် သူ၏ပညာ၌လည်းကောင်း၊ သင်၏အင်အားချည့်နဲ့ခြင်းသည် သူ၏

အင်အားနှင့်လည်းကောင်း ပေါင်းစပ်လာသည်။ ထို့ကြောင့်သင်သည် မိမိကိုယ်ကို မကြည့်ရ၊ သင့်ကိုယ်တိုင်အကြောင်းကိုမစွဲလမ်းရ၊ ခရစ်တော်ကိုသာကြည့်ရမည်။ စိတ်နှလုံးသည် သူ၏ချစ်ခြင်းမေတ္တာ၊ သူ၏တင့်တယ်ပြည့်စုံသောဂုဏ်တော်ကိုစွဲလမ်းနေရမည်။ ခရစ်တော်၏ကိုယ်ကိုငြင်းပယ်ခြင်း၊ စိတ်နှိမ့်ချခြင်း၊ စင်ကြယ်ခြင်းနှင့် သန့်ရှင်းခြင်း၊ အနှိုင်းမဲ့မေတ္တာတို့သည်သာ စိတ်ဝိညာဉ်တွေးတောဆင်ခြင်ရမည့်အကြောင်းအရာဖြစ်သည်။ ကိုယ်တော်ကိုချစ်ခြင်း၊ အတုယူခြင်း၊ လုံးလုံးမှီခိုခြင်းအားဖြင့် သင်သည် သူ၏ပုံသဏ္ဍာန်သို့ပြောင်းလဲခြင်းရှိရမည်။"

"ခရစ်တော်သည်အသင်းတော်ကို ချစ်တော်မူ၏။ . . . ထိုအသင်းတော်သည် သန့်ရှင်းလျက်၊ အပြစ်ကင်းလျက်ရှိသည်ဖြစ်၍၊ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှစသည်တို့နှင့်လွတ်ကင်းသဖြင့် အသရေတင့်တယ်လျက်ရှိသောအသင်းတော်ကို ခရစ်တော်သည် မိမိအားဆက်သအံ့သောငှာ၊ နှုတ်ကပတ်တော်ရေ၌ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည်အကြောင်း၊ ထိုအသင်းတော်အဖို့အလိုငှာ မိမိကိုယ်ကိုကိုယ်စွန့်တော်မူ၏" (ဧဖက် ၅း၂၅–၂၇) ဟု ပေါလုဆိုခဲ့သည်။ ထိုသို့သောသန့်ရှင်းခြင်းသည် အသင်းတော်၏ပန်းတိုင်ဖြစ်သည်။ ထို့ကြောင့် ယုံကြည်သူများဖြင့်ဖွဲ့စည်းသောအသင်းတော်က၊ "ငါတို့သည် စိတ်ပျက်အားလျော့ခြင်းနှင့်ကင်းလွတ်ကြ၏။ ငါတို့၏ပြင်လူသည် ဖောက်ပြန်ပျက်စီးခြင်းသို့ရောက်သော်လည်း၊ အတွင်းလူမူကား တစ်နေ့ထက်တစ်နေ့ပြုပြင်ခြင်းကိုခံရ၏" (၂ကော ၄း၁၆) ဟူ၍သက်သေခံနိုင်ကြမည်။ "ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့၊ သခင်ဘုရား၏ဘုန်းအသရေတော်ကိုကြည့်မြင်၍၊ ဝိညာဉ်တော်တရား၏အရှင်သည် ရောင်ခြည်တော်ကိုလွှတ်တော်မူသည်အတိုင်း၊ ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏" (၂ကော ၃း၁၈)။ ဤပြောင်းလဲခြင်းသည် အတွင်းစိတ်ပြောင်းလဲခြင်း၏အဆုံးစွန်ဖြစ်သည်။

သမ္မာကျမ်းစာတစ်ခုလုံးတွင် ယုံကြည်သူတစ်ဦး၏ကယ်တင်ခြင်း၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ စင်ကြယ်ခြင်းနှင့် ရွေးချယ်ခြင်းတို့တွေ့ကြုံခံစားခြင်းကိုဖော်ပြရာတွင် (၁) ပြီးမြောက်သွားခဲ့ပြီ၊ (၂) လက်ရှိတွေ့ကြုံခံစားနေရဆဲ၊ (၃) အနာဂတ်တွင်တွေ့ကြုံခံစားရမည်ဟူ၍ပြောဆိုသည်။ ဤရှုထောင့်သုံးခုကိုနားလည်ခြင်းသည် ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့် သန့်ရှင်းသောအသက်တာဆိုင်ရာအငြင်းပွားမှုကို ကူညီဖြေရှင်းနိုင်လိမ့်မည်။ ထို့ကြောင့် ဤအခန်း (၁၀) သည် ယုံကြည်သူ၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ကယ်တင်ခြင်းခံရခြင်းနှင့်ဆိုင်၍ အပိုင်းသုံးပိုင်းခွဲထားသည်။

## ကယ်တင်ခြင်းကိုတွေ့ကြုံခံစားခြင်းနှင့်အတိတ်

ဘုရားသခင်၏အကြောင်းနှင့် သူ၏ချစ်ခြင်းမေတ္တာနှင့်စေတနာအကြောင်း အချက်အလက်များကိုသိခြင်းသည် မလိုလောက်ချေ။ ခရစ်တော်မပါဘဲ၊ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားခြင်းသည် ဖြစ်ချင်သောအရာနှင့်တခြားစီဖြစ်သည်။ စိတ်ဝိညာဉ် အတွင်းထဲအထိရောက်ရှိသောကယ်တင်ခြင်းအတွေ့အကြုံသည် ဘုရားသခင်ထံမှသာ လာသည်။ ဤအတွေ့အကြုံနှင့်ပတ်သက်၍၊ ခရစ်တော်က "ဒုတိယမွေးခြင်းကိုမခံ သောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရ။... ရေနှင့်ဝိညာဉ်တော်မမွေး သောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရ" (ယောဟန် ၃း၃–၅) ဟု ပြောခဲ့သည်။

ယေရှုခရစ်တော်အားဖြင့်သာလျှင် ကယ်တင်ခြင်းကိုတွေ့ကြုံခံစားနိုင်သည်။ အကြောင်းမှာ "ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစ်စုံ တစ်ခုမျှ ကောင်းကင်အောက်လူတို့တွင် မပေါ်မရှိ" (တမန် ၄း၁၂)။ ယေရှုက "ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏" (ယောဟန် ၁၄း၆) ဟုဆိုသည်။

ကယ်တင်ခြင်းအတွေ့အကြုံတွင် နောင်တရခြင်း၊ အပြစ်ဝန်ခံခြင်း၊ အပြစ် ခွင့်လွှတ်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းခြင်းတို့ပါဝင်သည်။

**နောင်တရခြင်း။** ကပ်တိုင်တင်သတ်ခြင်းမတိုင်မီ၊ ယေရှုသည်တပည့်တော် တို့ကို သန့်ရှင်းသောဝိညာဉ်တော်ကိုပေးရန် ကတိပေးခဲ့သည်။ သူသည် "ဒုစရိုက်အပြစ် ကိုလည်းကောင်း၊ အပြစ်ကင်းခြင်းကိုလည်းကောင်း၊ အပြစ်စီရင်ခြင်းကိုလည်းကောင်း၊ လောကီသားတို့အားထင်ရှားစွာဖော်ပြမည်" (ယောဟန် ၁၆း၈)။ ပင်တေကုတ္တေပွဲတွင် သန့်ရှင်းသောဝိညာဉ်တော်သည် လူသားတို့အားကယ်တင်ရှင်လိုအပ်ကြောင်းကို ခံစား စေ၍–၊ သူတို့ကမည်သို့တုံ့ပြန်ရမည်အကြောင်း မေးသောအခါ၊ ပေတရုက "နောင်တရ ကြပါ" (တမန်တော် ၂း၃၇၊၃၈) ဟုပြန်ဖြေခဲ့သည်။

**၁။ နောင်တသည်အဘယ်နည်း။** "နောင်တ" ဟူသောစကားလုံးသည် "စိတ်မကောင်းဖြစ်သည်" ဟုအဓိပ္ပါယ်ရသောဟေဗြဲစကားလုံးမှလာသည်။ ဟေလသ မူရင်းစကားလုံးသည်လည်း "စိတ်ပြောင်းလဲသည်၊" "စိတ်ထိခိုက်သည်၊" "ဝမ်းနည်း သည်" ဟူ၍အဓိပ္ပာယ်ရသည်။ စစ်မှန်သောနောင်တသည် ဘုရားသခင်နှင့်အပြစ် အပေါ်ထားရှိသောစိတ်ထားကို လုံးလုံးပြောင်းလဲစေသည်။ ဘုရားသခင်၏ဝိညာဉ်တော် သည် သူ့ကိုလက်ခံရရှိသောသူတို့အား ဘုရားသခင်၏ဖြောင့်မတ်ခြင်းကိုသိရှိခံစားစေခြင်း အားဖြင့် အပြစ်၏လေးနက်ပြင်းထန်မှုနှင့် သူတို့ကိုယ်တိုင်ပျောက်ဆုံးနေသောအခြေအနေ ကိုသိစေသည်။ သူတို့သည်ဝမ်းနည်း၍၊ အပြစ်ရှိသည်ဟုခံစားလာသည်။ "မိမိအပြစ်ကို

ဝှက်ထားသောသူသည် ချမ်းသာမရ။ မိမိအပြစ်ကိုဖော်ပြဝန်ချ၍ စွန့်ပစ်သောသူမူကား၊ ကရုဏာတော်ကိုခံရလိမ့်မည်" (သုတ္တံ ၂၈း၁၃) ဟူသောအမှန်တရားကို သဘောပေါက်၍၊ သူတို့၏အပြစ်များကိုအတိအကျဖော်ပြဝန်ချကြသည်။ သူတို့ဆန္ဒအတိုင်း စိတ်ပိုင်းဖြတ်၍၊ ကယ်တင်ရှင်ထံလုံးလုံးဆက်ကပ်အပ်နှံကာ၊ သူတို့၏အပြစ်ရှိသောအပြုအမူများကို စွန့်လွှတ်ကြသည်။ ထိုသို့ဖြင့်နောင်တသည် ပြောင်းလဲခြင်း၌အထွတ်အထိပ်သို့ ရောက်ရှိသည်။ ပြောင်းလဲခြင်းသည် အပြစ်သားတစ်ယောက် ဘုရားသခင်ထံသို့ ဦးလှည့်လာခြင်းကိုဆိုလိုသည်။

ဒါဝိဒ်၏သူ့မယားကိုပြစ်မှားခြင်းနှင့် လူ့အသက်သတ်ခြင်းအပြစ်ကိုနောင်တရခြင်းသည် အပြစ်အပေါ်အောင်နိုင်ရန်နည်းလမ်းကို ဤအတွေ့အကြုံကမည်သို့ပြင်ဆင်ကြောင်းကို ကွက်ကွက်ကွင်းကွင်းဥပမာပေးသည်။ ဝိညာဉ်တော်၏လှုံ့ဆော်ခြင်းအားဖြင့် သူသည် သူ့အပြစ်ကိုစက်ဆုပ်ရွံရှာ၍၊ ဝမ်းနည်းကြေကွဲကာ၊ စင်ကြယ်ခြင်းကိုတောင်းလျှောက်ခဲ့သည်။ "အကျွန်ုပ်လွန်ကျူးပါပြီဟုဝန်ချလျက် ကိုယ်အပြစ်ကိုအစဉ်မပြတ်အောက်မေ့လျက်နေပါ၏။ ကိုယ်တော်ကိုပြစ်မှားပါပြီ။ ကိုယ်တော်ကိုသာပြစ်မှား၍ မျက်မှောက်တော်၌ပင် မတရားသောအမှုကိုပြုမိပါပြီ။" "အိုဘုရားသခင်၊ ကျေးဇူးပြုချင်သောစေတနာစိတ်တော်ရှိသည်အတိုင်း၊ အကျွန်ုပ်ကိုသနားတော်မူပါ။ စုံမက်တော်မူခြင်းကရုဏာများပြားသည်နှင့်အညီ အကျွန်ုပ်လွန်ကျူးခြင်းအပြစ်ကိုဖြေတော်မူပါ။" "အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌စင်ကြယ်သောနှလုံးကိုဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သောသဘောကို အသစ်ပြုပြင်တော်မူပါ" (ဆာလံ ၅၁း၃၊၄၊၁၊၁၀)။ ဒါဝိဒ်၏နောက်ပိုင်းအတွေ့အကြုံက၊ ဘုရားသခင်သည် အပြစ်ကိုခွင့်လွှတ်သည်သာမက၊ အပြစ်မှပြန်လည်ဆယ်တင်ကြောင်းကိုဖော်ပြသည်။

နောင်တသည်အပြစ်လွှတ်ခြင်းအလျင်ကျသော်လည်း၊ အပြစ်သားတို့သည် နောင်တရခြင်းဖြင့် ဘုရားသခင်၏ကောင်းချီးကိုသေချာရရှိရန် မိမိတို့ကိုယ်ကိုထိုက်တန်အောင်မပြုနိုင်ပါ။ အမှန်မှာ၊ အပြစ်သားများသည် မိမိတို့အထဲမှနောင်တတရားကို မထုတ်လုပ်နိုင်ချေ။ ၎င်းသည် ဘုရားသခင်၏ဆုကျေးဇူးဖြစ်သည် (တမန် ၅း၃၁)။ အပြစ်အတွက်စိတ်ရင်းဖြင့် ဝမ်းနည်း၍နောင်တတရားကိုတွေ့ရှိနိုင်မည်အကြောင်း သန့်ရှင်းသောဝိညာဉ်တော်သည် အပြစ်သားများကို ခရစ်တော်ထံသို့ခေါ်ဆောင်လာသည်။

**၂။ နောင်တရရန်လှုံ့ဆော်ခြင်း။** ယေရှုက "ငါသည်လည်းမြေကြီးနှင့်ခွာ၍မြှောက်ထားခြင်းကိုခံရလျှင်၊ လူအပေါင်းတို့ကိုငါ့ထံသို့ငါဆွဲမည်ဟုမိန့်တော်မူ၏" (ယောဟန် ၁၂း၃၂)။ ယေရှု၏သေခြင်းသည် ကျွန်ုပ်တို့ကိုဖြောင့်မတ်စေ၍၊ သေခြင်းအပြစ်ဒဏ်မှကယ်နုတ်ကြောင်းကို ခံစားရသောအခါ စိတ်နှလုံးသည်အရည်ပျော်၍၊ ချိုးနှိမ်ခြင်း

ခံရသည်။ သေဒဏ်စီရင်ခြင်းခံရသောအကျဉ်းသားသည် ကွပ်မျက်ခြင်းကိုစောင့်နေစဉ် ရုတ်တရက်အပြစ်လွှတ်ခြင်းခံလိုက်ရသောအခါ သူ၏ခံစားချက်ကိုတွေးကြည့်ပါ။

နောင်တရသောအပြစ်သားသည် ခရစ်တော်၌အပြစ်လွှတ်ခြင်းရသည်သာမက၊ အပြစ်မရှိဟုစီရင်ပြီး၊ ဖြောင့်မတ်သူအဖြစ်ကြေညာခြင်းခံရသည်။ သူသည် ထိုသို့သော အရေးယူမှုကိုမခံထိုက်ဘဲ၊ ရလည်းမရရှိနိုင်ချေ။ "စိတ်နှလုံးထဲတွင်အပြစ်ရှိသည်ဟုခံစားရသည်။ အပြစ်သားသည် ယေဟောဝါဘုရားရှင်၏ဖြောင့်မတ်ခြင်းကိုခံစားပြီး၊ စိတ်နှလုံးကိုဆန်းစစ်တော်မူသောသူ၏ရှေ့တော်တွင် မိမိကိုယ်ပိုင်အပြစ်နှင့်ညစ်ညူးခြင်းများဖြင့် ရောက်လာရမည့်အရေးကိုကြောက်ရွံ့နေသည်။ သူသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၊ သန့်ရှင်းခြင်း၏တင့်တယ်မှု၊ စင်ကြယ်ခြင်း၏ဝမ်းမြောက်ခြင်းတို့ကိုမြင်၍၊ သန့်ရှင်းစင်ကြယ်ရန်နှင့် သူနှင့်ဆက်ဆံရေးကိုပြန်လည်ထူထောင်ရန် လိုလားသည်။

ပေါလုဖော်ပြသကဲ့သို့၊ ကျွန်ုပ်တို့သည်အားနည်းစဉ်၊ အပြစ်ရှိစဉ်၊ ဘုရားတရားမရှိစဉ်၊ ဘုရားသခင်၏ရန်သူများဖြစ်နေချိန်တွင်ပင် ခရစ်တော်သည်ကျွန်ုပ်တို့ဖြောင့်မတ်ခြင်းရရှိနိုင်ရန် အသေခံခဲ့သည် (ရောမ ၅း၆–၁၀)။ ခရစ်တော်၏ခွင့်လွှတ်သောမေတ္တာကိုသိရှိခံစားခြင်းထက်၊ မည်သည့်အရာကမျှစိတ်ဝိညာဉ်ကိုနက်နက်ရှိုင်းရှိုင်း မတို့ထိနိုင်ချေ။ အပြစ်သားများသည် လက်ဝါးကပ်တိုင်တွင်ပြသသည့် ဤနက်နဲလွန်းသောဘုရားရှင်၏မေတ္တာကိုဆင်ခြင်သုံးသပ်သောအခါ၊ သူတို့သည် နောင်တရရန် အစွမ်းထက်ဆုံးသောလှုံ့ဆော်မှုကိုရရှိကြသည်။ ကျွန်ုပ်တို့ကို နောင်တရစေသောအရာမှာ ဘုရားသခင်၏ကောင်းမြတ်ခြင်းပင်ဖြစ်သည် (ရောမ ၂း၄)။

**ဖြောင့်မတ်ရာသို့ရောက်ခြင်း။** မိမိ၏အနန္တမေတ္တာနှင့် ကရုဏာတော်ဖြင့် ဘုရားသခင်သည် "အပြစ်နှင့်ကင်းစင်သောသူ (ခရစ်တော်) ကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူ (ခရစ်တော်) အားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း" (၂ကော ၅း၂၁)။ ယေရှုကိုယုံကြည်ခြင်းအားဖြင့် စိတ်နှလုံးသည် သူ၏ဝိညာဉ်တော်နှင့်ပြည့်ဝလာသည်။ ဘုရားသခင်၏ကျေးဇူးတော်ဆုလာဘ်ဖြစ်သော ထိုယုံကြည်ခြင်း (ရောမ ၁၂း၃။ ဧဖက် ၂း၈) အားဖြင့် နောင်တရသောအပြစ်သားများသည် ဖြောင့်မတ်ရာသို့ ရောက်ကြသည် (ရောမ ၃း၂၈)။

"ဖြောင့်မတ်ခြင်း" ဟူသောစကားလုံးသည် ဟေလသစကားလုံး ဒိုင်ကိုင်အိုးမား (dikaioma) မှလာ၍၊ "သမာဓိရှိသောသတ်မှတ်ချက်၊ အကျင့်၊ စည်းမျဉ်း၊" "တရားရေးဆိုင်ရာစီရင်ချက်၊" "တရားသောလုပ်ရပ်" ဟူ၍အဓိပ္ပါယ်ရသည်။ ဒိုင်ကိုင်အိုးစစ်စ် (dikaiosis) သည် "မှန်ကန်တရားမျှတမှု၊" "သက်သေထူခြင်း၊" "အပြစ်

မရှိစီရင်ခြင်း” ဟူ၍အဓိပ္ပါယ်ရသည်။ ဒိုင်ကိုင်အိုး (dikaioo) သည် “သမာဓိရှိသူအဖြစ်ကြေညာ၊ ဆက်ဆံသည်၊” “အပြစ်မရှိဟုကြေညာသည်၊” “လွတ်မြောက်စေသည်၊ စင်ကြယ်စေသည်” “မှန်ကန်ကြောင်းပြသည်၊” “သက်သေထူသည်၊” “တရားသဖြင့်ပြုသည်” ဟူ၍အဓိပ္ပါယ်ရသည်။”

သီအော်လော်ဂျီအရ၊ ယေဘုယျအားဖြင့် “ဖြောင့်မတ်ခြင်းသည်” ဘုရားသခင်က နောင်တရသောအပြစ်သားကို ဖြောင့်မတ်သူအဖြစ်ကြေညာသည့် သို့မဟုတ် ဖြောင့်မတ်သူအဖြစ်မှတ်ယူသည့် ဘုရားရှင်၏လုပ်ရပ်ဖြစ်သည်။ ဖြောင့်မတ်ခြင်းသည် အပြစ်ရှိကြောင်းစီရင်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်သည် (ရောမ ၅း၁၆)။” ဖြောင့်မတ်ခြင်းအတွက်အခြေခံအကြောင်းရင်းမှာ ကျွန်ုပ်တို့၏နားထောင်ခြင်းမဟုတ်ဘဲ၊ ခရစ်တော်၏နားထောင်မှုဖြစ်သည်။ “တစ်ယောက်သောသူ၏ဖြောင့်မတ်ခြင်းအားဖြင့် လူအပေါင်းတို့သည် အသက်နှင့်ယှဉ်သောဖြောင့်မတ်ရာသို့ရောက်ခြင်းအခွင့်ကိုရကြ၏။... တစ်ယောက်သောသူသည် နားထောင်သောအားဖြင့်၊ လူများတို့သည် ဖြောင့်မတ်ရာသို့ရောက်ကြ၏” (ရောမ ၅း၁၈၊၁၉)။ သူသည် ဤနားထောင်မှုကို “ကျေးဇူးတော်ကြောင့်ဖြောင့်မတ်ရာသို့ရောက်” (ရောမ ၃း၂၄) သောသူတို့ကိုပေးသည်။ “ငါတို့ကျင့်သောဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်ဘဲ၊ မိမိသနားခြင်းကရုဏာတော်နှင့်အညီ... ငါတို့ကိုကယ်တင်တော်မူ၏” (တိတု ၃း၅)။

**၁။ ယုံကြည်ခြင်းနှင့်အကျင့်၏အခန်းကဏ္ဍ။** များစွာသောသူတို့က ဘုရားသခင်ရှေ့သူတို့၏အဆင့်အတန်းသည် သူတို့၏ကောင်းသောအကျင့် သို့မဟုတ် မကောင်းသောအကျင့်အပေါ်မူတည်သည်ဟု မှားယွင်းစွာယုံကြည်ကြသည်။ ဘုရားသခင်ရှေ့တွင် လူတို့သည်မည်သို့ဖြောင့်မတ်ရာသို့ရောက်သည့်အကြောင်းကိစ္စကို ပေါလုသည် အတိအလင်းဤသို့ဖော်ပြသည်။ “ခပ်သိမ်းသောအရာတို့ကိုရှုံးစေသောအရာကဲ့သို့ငါထင်မှတ်၏။... ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်ရသော ဖြောင့်မတ်ခြင်းတည်းဟူသောယုံကြည်ခြင်းအတွက်ကြောင့် ဘုရားသခင်ပေးတော်မူသောဖြောင့်မတ်ခြင်းတည်း” (ဖိလိပ္ပိ ၃း၈–၁၁)။ ပေါလုသည် အာဗြဟံကိုရည်ညွှန်း၍၊ “အာဗြဟံသည် ဘုရားသခင်ကိုယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကိုဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏” (ရောမ ၄း၃။ ကမ္ဘာ ၁၅း၆) ဟုဆိုသည်။ သူသည် အရေဖျားလှီးခြင်းကိုမခံမီဖြောင့်မတ်သူကဲ့သို့မှတ်ခြင်းခံရသည် (ရောမ ၄း၉၊၁၀)။

အာဗြဟံသည် မည်သည့်ယုံကြည်ခြင်းမျိုးရှိသနည်း။ သမ္မာကျမ်းစာက၊ သူ၏မွေးရပ်မြေကိုစွန့်ရန် ဘုရားသခင်သည်သူ့ကိုခေါ်သောအခါ၊ “သူသည် အဘယ်အရပ်သို့သွားသည်ကိုကိုယ်တိုင်မသိဘဲလျက်၊ ယုံကြည်ခြင်းအားဖြင့်နားထောင်၍၊ ထွက်သွားလေ၏” (ဟေဗြဲ ၁၁း၈) ဟုဖော်ပြသည်။ သူသည် ဘုရားသခင်၌စစ်မှန်ပြီး၊ အသက်ရှင်သော

ယုံကြည်ခြင်းရှိကြောင်းကို နားထောင်ခြင်းဖြင့်ပြသခဲ့သည်။ သူသည် ဖြောင့်မတ်ရာသို့ ရောက်သည်အရာမှာ ဤတက်ကြွသောယုံကြည်ခြင်းအပေါ်အခြေခံသည်။

အလားတူအကျင့်မပြသဘဲ ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်သည် ဟူသောမှားယွင်းသည့်နားလည်မှုမျိုးကိုလည်း တမန်တော်ယာကုပ်ကသတိပေးခဲ့သည်။ သူကအကျင့်မပါဘဲစစ်မှန်သောယုံကြည်ခြင်းမရှိနိုင်ကြောင်းပြခဲ့သည်။ ယာကုပ်သည် ပေါလုကဲ့သို့ပင်အာဗြဟံ၏အတွေ့အကြုံကို ဥပမာပေးသည်။ မိမိသားဣဇာက်ကိုပူဇော်ခြင်းသည် (ယာကုပ် ၂း၂၁) သူ၏ယုံကြည်ခြင်းကိုပြသည်။ ယာကုပ်က "ယုံကြည်ခြင်းသည် အကျင့်နှင့်အတူပြုပြင်၍၊ အကျင့်အားဖြင့်စုံလင်သည်ကိုသိမြင်ရ၏" (ယာကုပ် ၂း၂၂) ဟုဆိုသည်။ "ထိုနည်းတူ၊ အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် တစ်ပါးတည်းရှိသောကြောင့်အသေဖြစ်၏" (ယာကုပ် ၂း၁၇)။

အကျင့်သည် ဘုရားသခင်နှင့်စစ်မှန်သောဆက်ဆံရေး၏သက်သေဖြစ်ကြောင်းကို အာဗြဟံ၏အတွေ့အကြုံကဖော်ပြခဲ့သည်။ ထို့ကြောင့်၊ ဖြောင့်မတ်ရာသို့ပို့ဆောင်ပေးသော ယုံကြည်ခြင်းသည် အကျင့်အားဖြင့်ပြသသည့်အသက်ရှင်သောယုံကြည်ခြင်းဖြစ်သည် (ယာကုပ်၂း၂၄)။

ပေါလုနှင့်ယာကုပ်သည် ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်သည်ဟူသောအချက်အပေါ် သဘောထားချင်းတိုက်ဆိုင်သည်။ ပေါလုက၊ အကျင့်အားဖြင့်ဖြောင့်မတ်ခြင်းကိုရယူခြင်း၏မှားယွင်းမှုကိုပြောကြားနေစဉ်၊ ယာကုပ်ကလည်း အကျင့်မပါဘဲဖြောင့်မတ်ခြင်းကိုရယူလိုခြင်း၏ အလားတူအန္တရာယ်ကိုဖြေရှင်းသည်။ အကျင့်နှင့်အသေဖြစ်သောယုံကြည်ခြင်းတို့သည် ဖြောင့်မတ်ရာသို့မပို့နိုင်ချေ။ မေတ္တာဖြင့်ကျင့်၍ (ဂလာတိ ၅း၆) စိတ်ဝိညာဉ်ကိုစင်ကြယ်စေသည့် စစ်မှန်သောယုံကြည်ခြင်းအားဖြင့်သာလျှင် ဖြောင့်မတ်ခြင်းကိုတွေ့ကြုံခံစားနိုင်မည်။

**၂။ ဖြောင့်မတ်ခြင်းကိုတွေ့ကြုံခံစားခြင်း။** ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ရာတွင်၊ သူ၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းအဖြစ်မှတ်ယူသည်။ ကျွန်ုပ်တို့၏အစားထိုးခရစ်တော်ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၌ဖြောင့်မတ်သူများဖြစ်လာကြသည်။ ပေါလုက "အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့်အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း" (၂ကော ၅း၂၁) ဟုဆိုခဲ့သည်။ နောင်တရသောအပြစ်သားများအနေဖြင့် ကျွန်ုပ်တို့သည် ပြည့်ဝစုံလင်သောအပြစ်လွှတ်ခြင်းကိုခံရကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်စေလေပြီတကား။

ယဇ်ပုရောဟိတ်မင်းယောရှုအကြောင်း ဇာခရိ၏ရူပါရုံသည် ဖြောင့်မတ်ရာသို့ ရောက်ခြင်းအကြောင်းကို လှလှပပပုံဖော်သည်။ ယောရှုသည် ဘုရားသခင်၏ ကောင်းကင်တမန်ရှေ့တွင် အပြစ်၏ညစ်ညမ်းမှုကိုပုံဆောင်သည့် ညစ်ညူးသောအဝတ်ကို ဝတ်လျက်ရပ်နေသည်။ သူသည်ထိုသို့ရပ်နေစဉ် စာတန်သည်သူ့ကိုပြစ်တင်ရှုတ်ချခဲ့သည်။ စာတန်၏စွပ်စွဲမှုသည်မှန်သည်။ ယောရှုသည် အပြစ်မရှိဟူသော စီရင်ချက်နှင့်မထိုက်တန်ချေ။ သို့သော် ဘုရားသခင်သည် ကရုဏာတော်ဖြင့် "ဤသူသည် မီးထဲကနုတ်သောထင်းစဖြစ်သည်မဟုတ်လောဟု စာတန်အားဆို၏" (ဇာခရိ ၃း၂)။ ဤသူသည် ငါအထူးနည်းလမ်းဖြင့်ကာကွယ်စောင့်ရှောက်သော၊ ငါ၏အဖိုးထိုက်သောသူမဟုတ်လောဟု စာတန်အားဆုံးမသည်။

ဘုရားသခင်သည် ယောရှုကိုယ်ပေါ်မှညစ်ညူးသောအဝတ်ကိုချွတ်ရန် အမိန့်ပေးပြီး၊ "သင့်အပြစ်ကို ငါဖြေရှင်းပြီ။ တင့်တယ်သောအဝတ်ကို ဝတ်စေမည်ဟုဆို၏" (ဇာခရိ ၃း၄)။ ချစ်ခြင်းမေတ္တာနှင့်ကရုဏာဖြင့်ပြည့်ဝသော ကျွန်ုပ်တို့၏ဘုရားသခင်သည် စာတန်၏စွပ်စွဲချက်များကိုဘေးဖယ်ပြီး၊ တုန်ယင်နေသောအပြစ်သားကို ခရစ်တော်၏ ဖြောင့်မတ်ခြင်းဝတ်လုံဖြင့်လွှမ်းခြုံလျက်၊ ဖြောင့်မတ်ရာသို့ရောက်စေသည်။ ယောရှု၏ ညစ်ညူးသောအဝတ်သည် အပြစ်ကိုပုံဆောင်သကဲ့သို့၊ ဝတ်လုံအသစ်သည် ယုံကြည်သူ၏ခရစ်တော်၌အသစ်သောအတွေ့အကြုံကိုပုံဆောင်သည်။ ဖြောင့်မတ်ခြင်းဖြစ်စဉ်တွင်၊ ဝန်ချ၍ခွင့်လွှတ်လိုက်သောအပြစ်ကို အပြစ်ကိုသယ်ဆောင်သောသိုးသငယ်တည်းဟူသော စင်ကြယ်သန့်ရှင်းသောဘုရားသခင်၏သားတော်အပေါ်သို့ လွှဲပြောင်းလိုက်သည်။ "သို့သော်လည်း၊ မထိုက်တန်သည့်နောင်တရသောအပြစ်သားကို ခရစ်တော်၏ ဖြောင့်မတ်ခြင်းဖြင့် ဝတ်ဆင်ပေးသည်။ ဤအဝတ်လဲလှယ်ခြင်းတည်းဟူသော ဘုရားရှင်၏ကယ်တင်သောအပေးအယူကိစ္စသည် ကျမ်းစာလာဖြောင့်မတ်ခြင်းအကြောင်း ယုံကြည်ချက်ဖြစ်သည်။" ဖြောင့်မတ်ရာသို့ရောက်သောယုံကြည်သူသည် အပြစ်ခွင့်လွှတ်ခြင်းနှင့် သူ၏အပြစ်များမှစင်ကြယ်စေခြင်းတို့ကို တွေ့ကြုံခံစားရသည်။

**အကျိုးရလဒ်များ။** နောင်တနှင့် ဖြောင့်မတ်ခြင်းတို့၏အကျိုးရလဒ်များကား အဘယ်နည်း။

**၁။ သန့်ရှင်းစင်ကြယ်ခြင်း။** "သန့်ရှင်းစင်ကြယ်ခြင်း" ဟူသောစကားလုံးသည် ဟေလသစကား ဟာဂီးရပ်စ်မော့စ် (hagiasmos) မှ၊ ဘာသာပြန်ဆိုခြင်းဖြစ်၍၊ "မွန်မြတ်သန့်စင်မှု၊" "ဆက်ကပ်ခြင်း၊" "သန့်ရှင်းစင်ကြယ်ခြင်း" ဟူ၍အဓိပ္ပါယ်ရသည်။ ဟာဂီရာဇို (hagiazo) သည် "သန့်ရှင်းစေသည်၊" "ဆက်ကပ်သည်၊"

"သန့်စင်စေသည်၊" "သီးသန့်ခွဲခြားသည်" ဟူ၍အဓိပ္ပာယ်ရသည်။ အဓိပ္ပာယ်တူသော ဟေဗြဲစကားလုံး ခါဒါးရှ် (qadash) သည် "အများအသုံးပြုခြင်းမှခွဲထားသည်" ဟူသော အဓိပ္ပာယ်ရှိသည်။

စစ်မှန်သောနောင်တနှင့်ဖြောင့်မတ်ခြင်းသည် သန့်ရှင်းစင်ကြယ်ခြင်းသို့ခေါ်ဆောင်သည်။ ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းစင်ကြယ်ခြင်းတို့သည် နီးနီးကပ်ကပ်ဆက်စပ်သည်။ ၎င်းတို့သည် ကွဲပြားသော်လည်း ဘယ်ခါမျှခွဲခြားမနေချေ။ ၎င်းတို့သည် ကယ်တင်ခြင်းဆိုင်ရာ ပြောင်းလဲတိုးတက်မှုအဆင့်နှစ်ဆင့်ကိုသတ်မှတ်သည်။ ဖြောင့်မတ်ခြင်းသည်ကျွန်ုပ်တို့အတွက် ဘုရားသခင်လုပ်ဆောင်သောအရာဖြစ်၍၊ သန့်ရှင်းစင်ကြယ်ခြင်းသည် ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်လုပ်ဆောင်သောအရာဖြစ်သည်။

ဖြောင့်မတ်ခြင်းဖြစ်စေ၊ သန့်ရှင်းစင်ကြယ်ခြင်းဖြစ်စေ၊ ကောင်းသောအကျင့်၏ရလဒ်မဟုတ်ပါ။ ၎င်းတို့နှစ်ခုလုံးသည် ခရစ်တော်၏ကျေးဇူးတော်နှင့် ဖြောင့်မတ်ခြင်းတို့သက်သက်ကြောင့်သာဖြစ်သည်။ "ဖြောင့်မတ်ခြင်းသည် ကျွန်ုပ်တို့အားဖြောင့်မတ်သည်ဟုသတ်မှတ်သောအရာဖြစ်၍၊ သန့်ရှင်းစင်ကြယ်ခြင်းမူကား၊ ကျွန်ုပ်တို့အားပေးသောဖြောင့်မတ်ခြင်းဖြစ်သည်။ ပထမတစ်ခုသည် ကောင်းကင်သို့ရောက်နိုင်ရန် ကျွန်ုပ်တို့ကိုတပ်ပေးသောဂုဏ်ပုဒ်ဖြစ်၍၊ ဒုတိယတစ်ခုမူကား၊ ကောင်းကင်အတွက်ကျွန်ုပ်တို့၏သင့်လျော်မှုဖြစ်သည်။"

သမ္မာကျမ်းစာအရ၊ သန့်ရှင်းစင်ကြယ်ခြင်း၏အဆင့်သုံးဆင့်မှာ (၁) ယုံကြည်သူ၏အတိတ်ကပြုပြီးသောအရာ၊ (၂) ယုံကြည်သူ၏လက်ရှိကြုံတွေ့ရသည့်ဖြစ်စဉ်၊ (၃) ခရစ်တော်ကြွလာချိန်တွင် ယုံကြည်သူတွေ့ကြုံရမည့်နောက်ဆုံးရလဒ်တို့ဖြစ်သည်။

ယုံကြည်သူ၏အတိတ်နှင့်သက်ဆိုင်၍၊ ဖြောင့်မတ်ခြင်းသို့ရောက်သည့်အခိုက်တွင်၊ ယုံကြည်သူသည် "သခင်ယေရှု၏နာမတော်အားဖြင့်လည်းကောင်း၊ ငါတို့ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်လည်းကောင်း" (၁ကော ၆း၁၁) သန့်ရှင်းခြင်းသို့ရောက်သည်။ သူသည် "သန့်ရှင်းသူ" ဖြစ်လာသည်။ ထိုတဒင်္ဂတွင် ယုံကြည်သူအသစ်သည် ရွေးနုတ်ခြင်းကိုခံရ၍၊ ဘုရားသခင်နှင့်လုံးလုံးသက်ဆိုင်သည်။

ဘုရားသခင့်ခေါ်တော်မူခြင်း၏ရလဒ်အနေဖြင့် (ရောမ ၁း၇) ယုံကြည်သူတို့သည် "သန့်ရှင်းသူများ" ဟုအခေါ်ခံရပြီး၊ သူတို့သည်အပြစ်မဲ့သောအခြေအနေသို့ရောက်ရှိသောကြောင့်မဟုတ်ဘဲ၊ သူတို့သည် "ခရစ်တော်၌" ရှိနေကြသောကြောင့်ဖြစ်သည် (ဖိလိပ္ပိ ၁း၁။ ယောဟန် ၁၅း၁–၇)။ ကယ်တင်ခြင်းသည် လက်ရှိတွေ့ကြုံခံစားရသောအရာဖြစ်သည်။ ပေါလုက "ကရုဏာတော်နှင့်အညီ… သန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်းအားဖြင့် ငါတို့ကိုကယ်တင်တော်မူ" (တိတု ၃း၅) ၍၊

သန့်ရှင်းသောရည်ရွယ်ချက်အတွက်နှင့် ဘုရားသခင်နှင့်လျှောက်လှမ်းရန်အတွက် ကျွန်ုပ်တို့ကို သီးခြားခွဲ၍၊ ဆက်ကပ်သည်ဟုဆိုခဲ့သည်။

**၂။ ဘုရားသခင်၏မိသားစုဝင်အဖြစ်မွေးစားခြင်း။** တစ်ချိန်တည်းတွင် အသစ်သောယုံကြည်သူများသည် "ဝိညာဉ်တော်၏မွေးစားခြင်း" ကိုလက်ခံရရှိသည်။ ဘုရားသခင်သည် သူတို့ကို သူ၏သားသမီးများအဖြစ်မွေးစားကာ၊ ယုံကြည်သူများသည် ရှင်ဘုရင်ကြီး၏သားများ၊ သမီးများဖြစ်လာသည်။ ကိုယ်တော်သည် သူတို့ကို "သခင်နှင့်ဆက်ဆံသောအမွေခံလည်းဖြစ်ကြ၏" (ရောမ ၈း၁၅–၁၇)။ အဘယ်မျှ ကြီးမားသောအခွင့်ထူး၊ ဂုဏ်ပြုခြင်းနှင့်ဝမ်းမြောက်ခြင်းဖြစ်ပါသည်တကား။

**၃။ ကယ်တင်ခြင်း၏အာမခံချက်။** ဖြောင့်မတ်ခြင်းသည် ယုံကြည်သူကို လက်ခံကြောင်းအာမခံချက်ကိုယူဆောင်လာသည်။ ၎င်းသည် ယခုဘုရားသခင်နှင့် ပြန်လည်ပေါင်းစပ်ခြင်း၏ဝမ်းမြောက်မှုကိုလည်း ယူဆောင်လာသည်။ တစ်စုံတစ်ဦး၏ အတိတ်ကအသက်တာသည် မည်မျှပင်အပြစ်ရှိခဲ့သော်လည်း အကြောင်းမဟုတ်ချေ။ ဘုရားသခင်သည် အပြစ်အားလုံးကိုခွင့်လွှတ်ပြီး၊ ကျွန်ုပ်တို့သည်ပညတ်တော်၏အပြစ်စီရင်ခြင်းနှင့်ကျိန်ခြင်းအောက်၌ရှိမနေကြတော့ချေ။ ရွေးနုတ်ခြင်းသည် အမှန်တကယ် ဖြစ်လာသည်။ "သားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏" (ဧဖက် ၁း၇)။

**၄။ အသစ်သောအောင်မြင်သည့်အသက်တာ၏အစ။** ကယ်တင်ရှင်၏ အသွေးသည် ကျွန်ုပ်တို့၏အတိတ်ကအပြစ်ကိုဖုံးအုပ်ကြောင်း သဘောပေါက်ခြင်း သည် ခန္ဓာ၊ စိတ်နှင့် ဝိညာဉ်တို့ကိုကျန်းမာစေသည်။ အပြစ်ရှိသည်ဟုခံစားသော စိတ်ကိုဘေးချိတ်၍ရသည်။ အကြောင်းမှာ ခရစ်တော်၌အပြစ်အားလုံးကိုခွင့်လွှတ်၍၊ အရာရာသည် အသစ်ဖြစ်လာသည်။ သူ၏ကျေးဇူးတော်ကိုနေ့စဉ်ပေးခြင်းဖြင့်၊ ခရစ်တော်သည် ကျွန်ုပ်တို့ကိုဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ စတင်ပြောင်းလဲပေး နေသည်။ "နှုတ်ကပတ်တော်သည် ဇာတိပကတိကိုဖျက်ဆီး၍၊ ခရစ်တော်ယေရှု၌ အသစ်သောအသက်တာကိုပေးသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် စိတ်ဝိညာဉ် ထဲသို့ဥပဇ္ဈာယ်ဆရာကဲ့သို့လာသည်။ သူ့ကျေးဇူးတော်၏ပြောင်းလဲခြင်းအားဖြင့်၊ ဘုရားသခင်၏ပုံသဏ္ဍာန်ကိုတပည့်တော်များ၌ ပြန်လည်ဖော်ထုတ်သည်။ လူသည် အသစ်သောသတ္တဝါဖြစ်လာသည်။ ချစ်ခြင်းမေတ္တာသည် မုန်းတီးခြင်းအစားဝင်လာ၍၊ စိတ်နှလုံးသည် ဘုရားရှင်နှင့်တူညီခြင်းအဖြစ်ကိုရရှိသည်။ ဤအရာသည် "ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်" ဟူသောအဓိပ္ပါယ်ပင်ဖြစ်သည်။

ကျွန်ုပ်တို့၏ကိုယ်တော်ကိုယုံကြည်ခြင်းသည် ကြီးထွားလာသည်နှင့်အမျှ၊ ကျွန်ုပ်တို့၏အနာကင်းခြင်းနှင့် ပြောင်းလဲခြင်းလည်းတိုးတက်လာသည်။ သူသည် ကျွန်ုပ်တို့အား မှောင်မိုက်၏တန်ခိုးများကို တိုး၍အောင်နိုင်ခြင်းကိုပေးသည်။ သူ၏ လောကကိုအောင်နိုင်ခြင်းသည် အပြစ်၏ကျေးကျွန်ဘဝမှ ကျွန်ုပ်တို့၏ကယ်နုတ်ခြင်း အတွက် အာမခံချက်ပေးသည် (ယောဟန် ၁၆း၃၃)။

**၅။ ထာဝရအသက်ဆုကျေးဇူး။** ကျွန်ုပ်တို့၏ခရစ်တော်နှင့်ဆက်ဆံရေး အသစ်သည် ထာဝရအသက်ဆုလာဘ်ကိုယူဆောင်လာသည်။ ယောဟန်က "သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကိုမရ သောသူမူကား၊ အသက်ကိုမရ" (၁ယော ၅း၁၂) ဟု အခိုင်အမာဆိုသည်။ ကျွန်ုပ် တို့၏အတိတ်ကအပြစ်ကိုဖြေရှင်းခဲ့ပြီ။ သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်း၏ကောင်းချီးများကိုခံစားရသည်။

## ကယ်တင်ခြင်းကိုတွေ့ကြုံခံစားခြင်းနှင့်လက်ရှိအချိန်

စင်ကြယ်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်းတို့ကိုယူဆောင်လာ သော ခရစ်တော်၏အသွေးတော်အားဖြင့်၊ ယုံကြည်သူသည် "အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည်ပြောင်းလဲ၍၊ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ" (၂ကော ၅း၁၇)။

**သန့်ရှင်းစင်ကြယ်သောအသက်တာသို့ခေါ်ဖိတ်ခြင်း။** ကယ်တင်ခြင်းသည် ကရာနိကုန်းတွင် ခရစ်တော်လုပ်ဆောင်ပြီးခဲ့သောအရာ၏အခြေအမြစ်ပေါ်တွင် စင်ကြယ် သောအသက်တာဖြင့်နေထိုင်ခြင်းပါဝင်သည်။ ပေါလုသည် ယုံကြည်သူတို့ကိုကျင့်ဝတ် ဆိုင်ရာ သန့်ရှင်းခြင်းနှင့် ကိုယ်ကျင့်တရား၌နှစ်ထားသောအသက်တာဖြင့်နေထိုင်ရန် မေတ္တာရပ်ခံသည် (၁သက် ၄း၇)။ သူတို့သည် သန့်ရှင်းစင်ကြယ်ခြင်းကိုတွေ့ကြုံခံစား နိုင်စေရန် ဘုရားသခင်သည်ယုံကြည်သူတို့အား "သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တန်ခိုး" (ရောမ ၁း၄) ကိုပေးသည်။ "ဝိညာဉ်တော်အားဖြင့်သင်တို့၏အတွင်းလူကို ခွန်အားနှင့်မြဲမြံခိုင်ခံ့စေ၍၊ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည်သင်တို့၏စိတ်နှလုံး အထဲ၌ကိန်းဝပ်တော်မူမည်" (ဧဖက် ၃း၁၆၊၁၇) ဟုပေါလုဆိုသည်။

အသစ်သောသတ္တဝါအနေဖြင့်၊ ယုံကြည်သူတို့သည်တာဝန်အသစ်ရှိလာသည်။ "သင်တို့သည် မိမိတို့ကိုယ်အင်္ဂါများကိုအဓမ္မအလိုငှာ ညစ်ညူးခြင်းတရား၊ အဓမ္မတရား ၌သွင်း၍ ကျွန်ခံစေဖူးသည်နည်းတူ၊ ယခုမှာကိုယ်အင်္ဂါများကို သန့်ရှင်းခြင်းအလိုငှာ ဖြောင့်မတ်ခြင်းတရား၌သွင်း၍ကျွန်ခံစေကြလော့" (ရောမ ၆း၁၉) ဟုပေါလုဆိုသည်။ ယခုတွင်သူတို့သည် "ဝိညာဉ်ပကတိ၌" အသက်ရှင်နေထိုင်ကြသည် (ဂလာတိ ၅း၂၅)။

ဝိညာဉ်တော်နှင့်ပြည့်သောယုံကြည်သူများသည် "ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်" (ရောမ ၈း၁) ကြသည်။ "ဇာတိပကတိစိတ်သဘောသည် သေခြင်းအကြောင်းဖြစ်၏။ ဝိညာဉ်ပကတိစိတ်သဘောထားသည် အသက်ရှင်ခြင်းအကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်း" (ရောမ ၈း၆) ဖြစ်သည့်အတွက် သူတို့သည် ပြောင်းလဲသွားကြသည်။ ဘုရားသခင်၏ဝိညာဉ်တော်ကိန်းဝပ်ခြင်းအားဖြင့် သူတို့သည် "ဇာတိပကတိဘက်၌မရှိ၊ ဝိညာဉ်ပကတိဘက်၌ရှိကြ၏" (ရောမ ၈း၉)။

ဝိညာဉ်တော်ပြည့်ဝသောအသက်တာ၏ အမြင့်မားဆုံးသောပန်းတိုင်မှာ ဘုရားသခင်၏စိတ်တော်နှင့်တွေ့ရန်ဖြစ်သည် (၁သက် ၄း၁)။ သန့်ရှင်းစင်ကြယ်ခြင်းသည် ဘုရားသခင်၏အလိုတော်ဖြစ်သည်ဟုပေါလုဆိုသည်။ ထို့ကြောင့်၊ "သင်တို့သည် မတရားသောမေထုန်ကိုကြဉ်ရှောင်၍၊ သန့်ရှင်းခြင်းငှာလည်းကောင်း၊... ဤအမှုအရာ၌လွန်ကျူး၍ ညီအစ်ကိုကိုပရိယာယ်အားဖြင့် မပြစ်မှားစေခြင်းငှာလည်းကောင်း၊ အလိုတော်ရှိ၏။... ဘုရားသခင်သည် ညစ်ညူးစေခြင်းငှာ ငါတို့ကိုခေါ်တော်မူသည်မဟုတ်၊ သန့်ရှင်းစေခြင်းငှာခေါ်တော်မူ၏" (၁သက် ၄း၃၊၆၊၇)။

**အတွင်းစိတ်ပြောင်းလဲခြင်း။** ဒုတိယအကြိမ်ကြွလာချိန်တွင် ကျွန်ုပ်တို့သည် ရုပ်ခန္ဓာပြောင်းလဲလိမ့်မည်။ ဤပုပ်တတ်သောခန္ဓာသည် မသေနိုင်သောအဖြစ်ကိုဝင်စားလိမ့်မည် (၁ကော ၁၅း၅၁–၅၄)။ သို့သော်လည်း ကျွန်ုပ်တို့၏အကျင့်စာရိတ္တသည် ဒုတိယအကြိမ်ကြွလာခြင်းအတွက်ပြင်ဆင်ရာတွင် ပြောင်းလဲခြင်းကိုခံယူရမည်။

စာရိတ္တပြောင်းလဲခြင်းတွင် နေ့စဉ်အသစ်ပြုပြင်ရမည့် "အတွင်းလူ" တည်းဟူသော ဘုရားသခင့်ပုံသဏ္ဍာန်တော်၏စိတ်ပိုင်းနှင့် ဝိညာဉ်ရေးပိုင်းပါဝင်သည် (၂ကော ၄း၁၆)။ "ခရစ်တော်၌အသစ်သောသတ္တဝါဖြစ်လာသောသူတို့အား ခရစ်တော်သည် 'ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း' (ဂလာတိ ၅း၂၂၊၂၃) ဟူသောဝိညာဉ်တော်အသီးကိုသီးစေလိမ့်မည်။ သူတို့သည် ယခင်ကတပ်မက်ခြင်းအတိုင်း မိမိတို့ကိုယ်ကိုပုံမသွင်းတော့ချေ။ ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းအားဖြင့် သူ၏ခြေရာကိုလိုက်၍၊ သူ၏ဂုဏ်တော်ကိုရောင်ပြန်ဟပ်ကာ၊ သူသန့်ရှင်းသကဲ့သို့ မိမိတို့ကိုယ်ကိုစင်ကြယ်စေကြသည်။ သူတို့သည် ယခင်ကမုန်းခဲ့သောအရာကို ယခုချစ်တတ်လာပြီး၊ ယခင်ချစ်ခဲ့သောအရာများကိုလည်း မုန်းလာကြသည်။ မာနကြီး၍မိမိကိုယ်ကိုယုံကြည်လွန်းသောသူတို့သည် စိတ်နှလုံးနှိမ့်ချသောသူများဖြစ်လာကြသည်။ အချည်းနှီးဂုဏ်မောက်သောသူတို့သည် တည်ငြိမ်လျက်ကုပ်ကုပ်နေလာကြသည်။ အရက်မူးသောသူသည် အရက်မသောက်တော့ဘဲ၊

အသုံးအဖြုန်းကြီးသောသူသည် ဖြုစင်လာသည်။ လောက၏အချည်းနှီးခလေ့များနှင့် ဆင်ယင်မှုများကိုဘေးဖယ်လိုက်ကြသည်။ ခရစ်ယာန်တို့သည် 'အပြင်တန်ဆာဆင်ခြင်း မဖြစ်ဘဲ၊... နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖောက်ပြန်မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏အတွင်းလူ' ဖြစ်ရန် ကြိုးပမ်းကြလိမ့်မည်။"

ထိုကြောင့် လုံးလုံးအပ်နှံသောခရစ်ယာန်တစ်ဦးချင်းစီသည် ဒုတိယအကြိမ်ကြွလာခြင်းတိုင်အောင် ဘုန်းအသရေတိုးပွား၍၊ ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ ပြောင်းလဲခြင်းသည် အပြီးသတ်လိမ့်မည်။

**၁။ ခရစ်တော်နှင့်သန့်ရှင်းသောဝိညာဉ်တော်ပါဝင်ခြင်း။** ဖန်ဆင်းရှင်ဘုရားတစ်ဆူတည်းသာ ကျွန်ုတို့အသက်တာပြောင်းလဲဖို့ရန် ဖန်တီးခြင်းအလုပ်ကို ပြီးမြောက်စေနိုင်သည်။ (၁သက် ၅း၂၃)။ မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့ပါဝင်မှုမရှိဘဲ ဘုရားမလုပ်ဆောင်ပါ။ ကျွန်ုပ်တို့မိမိကိုယ်ကို ဝိညာဉ်တော်လုပ်ဆောင်ခြင်း၏ဆက်ကြောင်းထဲသို့ပုံအပ်လိုက်ပြီး၊ ခရစ်တော်ကိုကြည့်ခြင်းဖြင့်လုပ်ဆောင်နိုင်ကြပါမည်။ ခရစ်တော်၏ အသက်တာအပေါ်အာရုံပြုလိုက်သည်နှင့် သန့်ရှင်းသောဝိညာဉ်တော်သည်၊ ခန္ဓာ၊ စိတ်၊ ဝိညာဉ်အစွမ်းတို့ကို နဂိုအတိုင်းပြန်လည်ဖြစ်စေမည်။ ခရစ်တော်ကိုဖော်ပြရာ၌ သော်လည်းကောင်း၊ ခရစ်တော်၏ပုံရိပ်အတွင်းသို့ ပြန်လည်တည်ဆောက်နိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်အလုပ်ပါဝင်လျက်ရှိသည်။ (ရောမ ၁း၈–၁၀)။

ဘုရားရှင်သည် သူ၏လူမျိုးအထဲရှိနေရန်ဆန္ဒပြင်းပြလျက်ရှိသည်။ အဘယ်ကြောင့် ဆိုသော်၊ (၂ကော ၆း၁၆။ ၁ယော ၃း၂၄။ ၄း၁၂) တွင်၊ "သင်တို့တွင်ငါကိန်းဝပ်မည်" ဟုကတိထားတော်မူခဲ့သောကြောင့်ဖြစ်သည်။ ပေါလုမှလည်း၊ "ခရစ်တော်သည် ငါ၌ ရှင်တော်မူသည် (ဂလာတိ ၂း၂၀။ ယောဟန် ၁၄း၂၃) ဟုပြောထားပါသည်။ ဖန်ဆင်းရှင်ဘုရား၏ နေ့စဉ်နေ့တိုင်းတည်ရှိနေခြင်းသည်၊ ယုံကြည်သူတို့၏အတွင်း စိတ်ကိုနိုးကြားစေပြီး (၂ကော ၄း၁၆) ၎င်းယုံကြည်သူတို့၏စိတ်နှလုံးသားများကို သစ်လွင်စေပါသည်။

**၂။ ဘုရားဇာတိပါဝင်ခြင်း။** ခရစ်တော်၏ "အလွန်ကြီးမြတ်၍အဖိုးထိုက်သောကတိများ" သည် ကျွန်ုပ်တို့စာရိတ္တပြောင်းလဲခြင်းပြည့်စုံရန် ဘုရားရှင်၏တန်ခိုးကို ကတိပြုသည် (၂ပေ ၁း၄)။ ဤသို့ဘုရားရှင်၏တန်ခိုးကိုရရှိခြင်းသည် ကျွန်ုပ်တို့အား "ယုံကြည်ခြင်း၌သီလကိုလည်းကောင်း၊ သီလ၌ပညာကိုလည်းကောင်း၊ ပညာ၌ ကာမဂုဏ်ချုပ်တည်းခြင်းကိုလည်းကောင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း၌သည်းခံခြင်းကို လည်းကောင်း၊ သည်းခံခြင်း၌ဘုရားဝတ်ကိုပြု၍မွေ့လျော်ခြင်းကိုလည်းကောင်း၊ ထိုမွေ့လျော်ခြင်း၌ညီအစ်ကိုစုံမက်ခြင်း၌လည်းကောင်း၊ ညီအစ်ကိုစုံမက်ခြင်း၌ချစ်ခြင်းမေတ္တာကို လည်းကောင်း" (၂ပေ ၁း၅–၇) ထပ်ဆင့်နိုင်ရန်ကူညီသည်။ ပေတရုက၊ "ထိုပါရမီ

တို့သည်သင်တို့၌ရှိ၍ကြွယ်ဝလျှင်၊ ငါတို့သခင်ယေရှုခရစ်ကိုသိကျွမ်းခြင်း၌ မပျင်းရိစေခြင်းငှာလည်းကောင်း၊ အကျိုးမဲ့မဖြစ်စေခြင်းငှာလည်းကောင်း၊ ပြုပြင်တတ်ကြ၏။ ထိုပါရမီနှင့်ကင်းသောသူမူကား၊ မျက်စိကန်း၏" (၂ပေ ၁း၈၊၉) ဟုဆိုသည်။

**က။ ခရစ်တော်အားဖြင့် သာ။** လူသားတို့ကို မိမိတို့ဖန်ဆင်းရှင်၏ပုံသဏ္ဍာန်နှင့်အညီပြောင်းလဲစေသောအရာမှာ သခင်ယေရှုခရစ်ကိုယူတင်ဝတ်ဆောင်ခြင်းဖြစ်သည် (ရောမ ၁၃း၁၄၊ ဟေဗြဲ ၃း၁၄)။ ၎င်းသည် "သန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်" (တိတု ၃း၅) ခြင်းဖြစ်သည်။ ၎င်းမှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံခြင်းဖြစ်သည် (၁ယော ၄း၁၂)။ ဤနေရာတွင် ဘုရားသခင်၏သားတော်သည် လူ့ဇာတိခံယူခြင်းနှင့်ဆိုင်သောနက်နဲမှုရှိသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်ဘုရားကိုလူ့ဇာတိခံစေနိုင်သကဲ့သို့၊ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ဘုရားရှင်၏ဂုဏ်တော်ကိုယူတင်ဝတ်ဆောင်စေနိုင်သည်။ ဤဘုရားဇာတိ၏သိမ်းပိုက်မှုသည် အတွင်းလူကိုအသစ်ပြုပြင်၍၊ မတူသောအဆင့်၌ရှိသော်လည်း ကျွန်ုပ်တို့ကိုခရစ်တော်နှင့်တူစေသည်။ ခရစ်တော်သည် လူသားဖြစ်လာခဲ့သော်လည်း၊ ယုံကြည်သူများသည် ဘုရားမဖြစ်နိုင်ကြချေ။ အမှန်မှာ သူတို့သည်အကျင့်စာရိတ္တ၌ဘုရားနှင့်တူလာကြသည်။

**ခ။ ပြောင်းလဲနေသောဖြစ်စဉ်။** သန့်ရှင်းစင်ကြယ်ခြင်းသည် အဆင့်ဆင့်တိုးတက်သည်။ ဆုတောင်းခြင်းနှင့် နှုတ်ကပတ်တော်ကိုလေ့လာခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်း၌ အစဉ်ကြီးထွားသည်။

ကယ်တင်ခြင်းစီမံကိန်းကို ဦးနှောက်အသိဖြင့်နားလည်ရုံမျှသည် မလုံလောက်ချေ။ "ယေရှုကလည်း၊ ငါအမှန်အကန်ဆိုသည်ကား၊ လူသား၏အသားကိုမစား၊ အသွေးကိုမသောက်လျှင် သင်တို့၌အသက်မရှိ။ ငါ၏အသားကိုစား၍ ငါ၏အသွေးကိုလည်းသောက်သောသူသည် ထာဝရအသက်ကိုရ၏။ ထိုသူကိုနောက်ဆုံးသောနေ့၌ ငါထမြောက်စေမည်။ ငါ၏အသားသည်စားစရာကောင်း၏။ ငါ၏အသွေးသည်လည်းသောက်စရာကောင်း၏။ ငါ၏အသားအသွေးကိုသောက်စားသောသူသည် ငါ၌တည်၏။ ထိုသူ၌လည်းငါတည်၏" (ယောဟန် ၆း၅၃-၅၆)။

သူ၏အသားကိုစားခြင်းနှင့် သူ၏အသွေးကိုသောက်ခြင်းသည် မည်သည့်အဓိပ္ပါယ်ဆောင်သနည်း။ ဤစိတ်ကူးယဉ်ပုံဖော်မှုက ယုံကြည်သူများသည် ခရစ်တော်၏နှုတ်ထွက်စကားကို စိတ်ထဲတွင်စွဲမှတ်စေရန်ဖြစ်ကြောင်း ကွင်းကွင်းကွက်ကွက်သိမြင်စေသည်။ "ခရစ်တော်၏အသားကိုစား၍ အသွေးကိုသောက်ခြင်းသည် သူ့ကိုကိုယ်ပိုင်ကယ်တင်ရှင်အဖြစ်လက်ခံခြင်း၊ ကျွန်ုပ်တို့၏အပြစ်များကိုသူသည်ခွင့်လွှတ်၍၊ ကျွန်ုပ်တို့သည် သူ၌ပြည့်စုံကြောင်းကိုယုံကြည်ခြင်းဖြစ်သည်။ သူ၏မေတ္တာကိုကြည့်ခြင်းဖြင့်

လည်းကောင်း၊ ၎င်းကိုစိတ်ထဲစွဲမှတ်ခြင်းဖြင့်လည်းကောင်း၊ ၎င်းကိုလက်ခံခြင်းဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့သည် ဘုရားရှင်၏ဇာတိကိုယူတင်သူများဖြစ်လာရမည်။ အစားအစာသည် ကိုယ်ခန္ဓာအတွက်ဖြစ်သကဲ့သို့၊ ခရစ်တော်သည်လည်း ဝိညာဉ်အတွက်ဖြစ်ရမည်။ အစာကိုကျွန်ုပ်တို့မစားလျှင်လည်းကောင်း၊ ၎င်းသည် ကျွန်ုပ်တို့၏အစိတ်အပိုင်းဖြစ်မလာလျှင်လည်းကောင်း အကျိုးမရှိချေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် သူ့ကိုကိုယ်ပိုင်ကယ်တင်ရှင်အဖြစ်မသိကျွမ်းလျှင်၊ ခရစ်တော်သည် ကျွန်ုပ်တို့အတွက်တန်ဖိုးမရှိချေ။ သီအိုရီအရသိခြင်းသည် ကျွန်ုပ်တို့ကိုအကျိုးမပြုချေ။ ကျွန်ုပ်တို့သည် သူ့ကိုမှီဝဲရမည်၊ စိတ်နှလုံးထဲတွင်လက်ခံရမည်။ ထိုသို့ဖြင့် သူ့အသက်သည်ကျွန်ုပ်တို့၏အသက်ဖြစ်လာသည်။ သူ၏မေတ္တာ၊ သူ၏ကျေးဇူးတော်ကိုစိတ်ထဲတွင်စွဲမှတ်ရမည်။

**၃။ ပြောင်းလဲခြင်းနှစ်မျိုး။** ဂျာမနီနိုင်ငံ၊ ဝိတင်းဘတ်မြို့ရှိရဲတိုက်ဘုရားရှိခိုးကျောင်းတံခါးတွင် လူးသာသည် သူ၏စာတမ်း (၉၅) ခုကိုချိတ်ဆွဲထားသောနှစ်၊ ၁၅၁၇ ခုနှစ်တွင်၊ ရာဖဲလ်သည်သူ၏နာမည်ကျော် ခရစ်တော်အသွင်ပြောင်းခြင်းပန်းချီကို ရောမမြို့တွင်စတင်ဆွဲခဲ့သည်။ ဤဖြစ်ရပ်နှစ်ခုတွင် တူညီသောအရာတချို့ရှိသည်။ လူးသာ၏လုပ်ဆောင်ချက်သည် ပရိတက်စတင့်ဝါဒ (ဘုရင်ဂိုဏ်းကိုဆန့်ကျင်ခွဲထွက်သောဝါဒ) စတင်မွေးဖွားလာပြီး၊ ရာဖဲလ်၏ပန်းချီကားချပ်သည် မရည်ရွယ်ဘဲလျက်ပြုပြင်ပြောင်းလဲခြင်းစိတ်ဓါတ်ကို သရုပ်ဖော်သည်။

ထိုပန်းချီတွင် ခရစ်တော်သည်တောင်ပေါ်တွင်ရပ်နေ၍၊ နတ်ဆိုးစွဲသောသူသည်ချိုင့်ဝှမ်းမှသူ့ကို မျှော်လင့်တကြီးကြည့်နေသည့်ပုံကိုဖော်ထားသည် (မာကု ၉း၂–၂၉ နှင့်နှိုင်းယှဉ်ပါ)။ တောင်ပေါ်၌ရှိသောတပည့်တော်များနှင့် ချိုင့်ဝှမ်း၌ရှိသောတပည့်တော်တို့သည် ခရစ်ယာန်နှစ်မျိုးနှစ်စားကိုပုံဖော်သည်။

တောင်ပေါ်၌ရှိသောတပည့်တော်တို့သည် အောက်ချိုင့်ဝှမ်း၌ရှိသောသူတို့၏လိုအပ်ချက်များကိုဂရုမစိုက်သည့်အလား၊ ခရစ်တော်နှင့်အတူကျန်နေချင်ခဲ့ကြသည်။ ရာစုနှစ်များတစ်လျှောက်၊ များစွာသောသူတို့သည် လောကီသားများ၏လိုအပ်ချက်များကိုဂရုမစိုက်ဘဲ၊ "တောင်" ပေါ်၌တည်ဆောက်၍နေကြသည်။ သူတို့သည် အကျင့်မပါဘဲဆုတောင်းခြင်းကိုသာပြုကြသည်။

အခြားတစ်ဖက်တွင်မူ၊ ချိုင့်ဝှမ်း၌ရှိသောတပည့်တော်တို့သည် ဆုတောင်းခြင်းမပါဘဲ၊ ကျင့်စောင့်နေကြသည်။ နတ်ဆိုးကိုနှင်ထုတ်ရန် သူတို့၏ကြိုးစားမှုသည်မအောင်မြင်ခဲ့ချေ။ များစွာသောသူတို့သည် တန်ခိုးမပါဘဲ အခြားသူတို့အတွက်လုပ်ဆောင်ခြင်း၊ သို့မဟုတ် အခြားသူတို့အတွက်လုပ်ဆောင်ခြင်းမရှိဘဲ များစွာ

ဆုတောင်းခြင်းတည်းဟူသော ထောင်ချောက်တွင်မိနေကြသည်။ ဤခရစ်ယာန်နှစ်မျိုးနှစ်စားသည် သူတို့တွင်ဘုရားသခင်၏ပုံသဏ္ဌာန်ကို ပြန်လည်ရရှိစေရန် လိုအပ်သည်။

**(က) စစ်မှန်သောပြောင်းလဲခြင်း။** ဘုရားသခင်သည် ကျရှုံးသောသူတို့၏ အလို၊ စိတ်၊ ဆန္ဒနှင့် အကျင့်စရိုက်များကိုပြောင်းလဲပေးခြင်းဖြင့် သူတို့ကိုသူ၏ပုံသဏ္ဌာန်နှင့်အညီ ပြောင်းလဲရန်မျှော်လင့်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူတို့အား ပြောင်းလဲချင်သောစိတ်ကိုပိုင်းဖြတ်စေသည်။ သူတို့သည် ခရစ်တော်ကြွလာသည်တိုင်အောင် ပျက်စီးတတ်သောခန္ဓာကိုယ်ဖြင့်ရှိနေကြသေးသော်လည်း ဝိညာဉ်တော်အသီးတည်းဟူသော "ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း" (ဂလာတိ ၅း၂၂၊၂၃) သည် ယခုတွင်သူတို့၏အသက်တာဖြစ်လာသည်။

ကျွန်ုပ်တို့သည် သူ့ကိုမငြင်းပယ်လျှင်၊ ခရစ်တော်သည် "ကျွန်ုပ်တို့၏အတွေးများ၊ ရည်ရွယ်ချက်များနှင့်အတူ၊ မိမိကိုယ်ကိုတန်းတူသဘောထားလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် သူ၏အလိုတော်နှင့်ကိုက်ညီလာမည်။ သူ့စကားကိုနားထောင်သောအခါ ကျွန်ုပ်တို့သည် စိတ်၏စေ့ဆော်မှုအတိုင်းလုပ်ဆောင်ကြမည်။ သန့်စင်၍စင်ကြယ်သောစိတ်အလိုသည် ဘုရားသခင်၏အမှုကိုဆောင်ရာ၌ အမြင့်မားဆုံးသောဝမ်းမြောက်ခြင်းကိုရှာတွေ့လိမ့်မည်။

**(ခ) လမ်းဆုံးနှစ်ခု။** ခရစ်တော်၏တင့်တယ်သောအသွင်ပြောင်းခြင်းသည် အခြားသောထင်ရှားသည့်ဆန့်ကျင်ဘက်ကိုဖော်ပြသည်။ ခရစ်တော်သည် အသွင်ပြောင်းခဲ့သည်။ ချိုင့်ဝှမ်းမှယောကျ်ားလေးလည်းပြောင်းလဲခဲ့သည် (မာကု ၉း၁–၂၉ ကိုဖတ်ပါ)။ ယောကျ်ားလေးသည် နတ်ဆိုးသဏ္ဌာန်သို့ပြောင်းသွားခဲ့သည်။ ဤနေရာတွင် ကျွန်ုပ်တို့သည် ခြားနားသောအကြံအစည်နှစ်ခုကိုမြင်နိုင်သည်။ ဘုရားသခင်၏အကြံအစည်မှာ ကျွန်ုပ်တို့ကိုပြန်လည်အသစ်ဖြစ်စေရန်ဖြစ်၍၊ စာတန်၏အကြံအစည်မှာမူ ကျွန်ုပ်တို့ကိုဖျက်ဆီးရန်ဖြစ်သည်။ ဘုရားသခင်သည်ကျွန်ုပ်တို့ကို "ထိမိလဲခြင်း" (ယုဒ ၂၄) မှစောင့်ရှောက်နိုင်ကြောင်း သမ္မာကျမ်းစာကဖော်ပြသည်။ အခြားတစ်ဖက်တွင်မူ၊ စာတန်သည် ကျွန်ုပ်တို့ကိုကျရှုံးသောအခြေအနေအတိုင်းရှိနေစေရန် အစွမ်းကုန်လုပ်ဆောင်သည်။

အသက်တာသည်အမြဲပြောင်းလဲနေသည်။ ကြားနေဝါဒမရှိပါ။ ကျွန်ုပ်တို့သည် ဂုဏ်ကျက်သရေတိုးလာသည်၊ သို့မဟုတ် အဆင့်အတန်းကျဆင်းလာနေသည်။ ကျွန်ုပ်တို့သည် "အပြစ်တရား၏ကျွန်" သို့မဟုတ် "ဖြောင့်မတ်ခြင်းတရား၏ကျွန်" (ရောမ ၆း၁၇၊၁၈)

တစ်ခုခုဖြစ်နေကြသည်။ ကျွန်ုပ်တို့၏စိတ်ကိုသိမ်းပိုက်သောသူသည် ကျွန်ုပ်တို့ကို သိမ်းပိုက်သည်။ အကယ်၍ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်သည်ကျွန်ုပ်တို့၏စိတ်ကိုသိမ်းပိုက်လျှင် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်တူသောသူများဖြစ်ကြလိမ့်မည်။ ဝိညာဉ်တော်နှင့်ပြည့်ဝသောအသက်တာသည် "ခပ်သိမ်းသောစိတ်တို့ကို ဖမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏စကားကိုနားထောင်စေ၏" (၂ကော ၁၀း၅)။ သို့သော် ခရစ်တော်မပါရှိခြင်းသည် ကျွန်ုပ်တို့ကိုအသက်နှင့်ပြောင်းလဲခြင်း၏အရင်းအမြစ်မှ ဖြတ်တောက်လိုက်ပြီး၊ မရှောင်ရှားနိုင်သောနောက်ဆုံးပျက်စီးခြင်းကိုရင်ဆိုင်ရမည်။

**ခရစ်တော်၏စုံလင်ခြင်း။** ကျမ်းစာအရ စုံလင်ခြင်းသည်အဘယ်နည်း။ ၎င်းကို မည်ကဲ့သို့ရရှိနိုင်မည်နည်း။

**၁။ ကျမ်းစာဆိုင်ရာစုံလင်ခြင်း။** "စုံလင်သည်" နှင့် "စုံလင်ခြင်း" ဟူသော စကားလုံးကိုဟေဗြဲစကားလုံး သမ်း (tam) သို့မဟုတ် သမ္မင်း (tamin) မှလာသည်။ ၎င်းသည် "ပြည့်စုံသော၊" "မှန်ကန်သော၊" "အေးချမ်းသော" "ခိုင်လုံသော၊" "သင့်မြတ်လျော်ကန်သော၊" သို့မဟုတ် "ခြောက်ပြစ်ကင်းသော" ဟူ၍အဓိပ္ပါယ်ရသည်။ ဟေလသစကားလုံး တဲလဲအော်စ် (teleios) သည် "ပြည့်စုံသော၊" "စုံလင်သော၊" "အရွယ်ရောက်သော" "ရည်ရွယ်ချက်ပြည့်စုံသော" ဟူ၍အဓိပ္ပါယ်ရသည်။

ဓမ္မဟောင်းကျမ်းတွင်၊ ဤစကားလုံးကိုလူသားနှင့်တွဲသုံးသောအခါ၊ ဆက်စပ်သောအဓိပ္ပါယ်ကိုဆောင်သည်။ နောဧ၊ အာဗြဟံနှင့် ယောဘတို့တစ်ဦးချင်းစီကို စုံလင်သောသူ သို့မဟုတ် ခြောက်ပြစ်ကင်းသူဟုဖော်ပြသည် (ကမ္ဘာ ၆း၉။ ၁၇း၁။ ၂၂း၁၈။ ယောဘ ၁း၁၊၈)။ သို့သော် သူတို့သည် မစုံလင်မှုများရှိခဲ့ကြသည် (ကမ္ဘာ ၉း၂၁။ ၂၀။ ယောဘ ၄၀း၂–၅)။

ဓမ္မသစ်ကျမ်းတွင် "စုံလင်သော" စကားလုံးသည် ရရှိသောအလင်းတရားအတိုင်းအကောင်းဆုံးအသက်ရှင်၍၊ သူတို့၏ဝိညာဉ်ရေး၊ စိတ်နှင့် ကာယအစွမ်း၏ စွမ်းဆောင်နိုင်ချေကိုရရှိသည့် ရင့်ကျက်သောလူသားကိုရည်ညွှန်းသည် (၁ကော ၁၄း၂၀။ ဖိ၊ ၃း၁၅။ ဟေဗြဲ ၅း၁၄)။ ယုံကြည်သူများသည် သူတို့၌ရှိသောကန့်သတ်ချက်အတွင်းစုံလင်ရန်ဖြစ်သည်။ ခရစ်တော်က၊ ဘုရားသခင်သည် သူ၏အကန့်အသတ်မဲ့သည့်နယ်ပယ်တွင် စုံလင်သည်ဟုဆိုခဲ့သည် (မဿဲ ၅း၄၈)။ ဘုရားသခင်၏ အမြင်တွင်၊ စုံလင်သောသူသည် ဘုရားသခင်ကိုကိုးကွယ်၍ သူ၏အမှုကိုဆောင်ရန် မိမိစိတ်နှလုံးနှင့်အသက်တာကို လုံးလုံးအပ်နှံသောသူ၊ ဘုရားရှင်ကိုသိကျွမ်းခြင်း၌ အစဉ်ကြီးထွားသောသူနှင့် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အောင်မြင်သောအသက်တာ၌ ပျော်မွေ့စဉ် သူရရှိသောအလင်းတရားအားလုံးအတိုင်း နေထိုင်သောသူဖြစ်သည် (ကောလော ၄း၁၂။ ယာကုပ် ၃း၂)။

**ခရစ်တော်၌ပြည့်ဝစုံလင်ခြင်း။** "သူ၏သားသမီးများအတွက် ဘုရားသခင်၏စံမှာ လူ့အတွေးရောက်ရှိနိုင်သည်ထက်၊ အမြင့်ဆုံးထက်မြင့်မားသောစံဖြစ်သည်။ 'ထို့ကြောင့် ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည် စုံလင်တော်မူသည်နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့။' ဤအမိန့်သည် ကတိလည်းဖြစ်သည်။ ရွေးနုတ်ခြင်းစီမံကိန်းသည် စာတန်၏တန်ခိုးမှကျွန်ုပ်တို့သည် အပြည့်အဝနာလန်ထူခြင်းကိုအာရုံပြုသည်။ ခရစ်တော်သည်နောင်တရသောဝိညာဉ်ကို အပြစ်မှခွဲခြားသည်။ သူသည် နတ်ဆိုး၏လုပ်ရပ်များကိုဖျက်ဆီးရန်ကြွလာခဲ့သည်။ နောင်တရသောဝိညာဉ်တိုင်းကို အပြစ်ပြုခြင်းမှကာကွယ်ရန်၊ သူသည် သန့်ရှင်းသောဝိညာဉ်တော်ကို ထိုသူတို့အတွက်စီစဉ်ပေးသည်။

ကျွန်ုပ်တို့သည်မည်ကဲ့သို့စုံလင်နိုင်မည်နည်း။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ခရစ်တော်၏စုံလင်ခြင်းသို့ယူဆောင်သွားသည်။ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၏စုံလင်သောစာရိတ္တသည် ကျွန်ုပ်တို့၏ဥစ္စာဖြစ်လာသည်။ စုံလင်ခြင်းသည် မိမိတို့၏မွေးရာပါပိုင်ဆိုင်မှု သို့မဟုတ် ရပိုင်ခွင့်ကြောင့် သူတို့၏ဥစ္စာအလား၊ လူတို့သည် ထိုစုံလင်ခြင်းကိုတသီးတခြားတောင်းဆို၍ ဘယ်ခါမျှမရနိုင်ချေ။ စုံလင်ခြင်းသည် ဘုရားသခင်၏ဆုကျေးဇူးဖြစ်သည်။

ခရစ်တော်မပါဘဲလူသားတို့သည် ဖြောင့်မတ်ခြင်းကိုမရရှိနိုင်ချေ။ သူက၊ "အကြင်သူသည်ငါ၌တည်၍ ငါသည်လည်းသူ၌တည်၏။ ထိုသူသည်များစွာသောအသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင်သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ" (ယောဟန် ၁၅း၅) ဟုဆိုသည်။ "ငါတို့၌ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနုတ်ခြင်းဖြစ်တော်မူ" (၁ကော ၁း၃၀) သောသူသည် ခရစ်တော်ပင်ဖြစ်သည်။

ခရစ်တော်၌ဤအရည်အချင်းများသည် ကျွန်ုပ်တို့၏စုံလင်ခြင်းကိုဖြစ်စေသည်။ သူသည် တစ်ကြိမ်နှင့်အပြီး ကျွန်ုပ်တို့၏သန့်ရှင်းစင်ကြယ်ခြင်းနှင့် ရွေးနုတ်ခြင်းကို ပြည့်စုံစေခဲ့သည်။ ကျွန်ုပ်တို့၏မင်္ဂလာဆောင်ဝတ်လုံ သို့မဟုတ် ဖြောင့်မတ်သောဝတ်လုံကို ခရစ်တော်၏အသက်တာ၊ သေခြင်းနှင့်ထမြောက်ခြင်းအားဖြင့် အစပြုခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ယခုတွင် ခရစ်ယာန်၏အသက်တာ၌ အပြီးသတ်အလုပ်ကိုဆောင်ရွက်နေသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် "ဘုရားသခင်၏ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံကြပါမည်" (ဧဖက် ၃း၁၉)။

**၃။ စုံလင်ခြင်းသို့ဆက်လက်သွားခြင်း။** ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ဤအရာအားလုံးတွင် မည်သည့်ကဏ္ဍ၌ပါဝင်ကြသနည်း။ ခရစ်တော်ကိန်းဝပ်ခြင်းအားဖြင့် ဝိညာဉ်ရေးရင့်ကျက်မှု၌ကြီးထွားကြသည်။ အသင်းတော်ကိုပေးသော ဘုရားသခင်၏ဆုကျေးဇူးအားဖြင့် ကျွန်ုပ်တို့သည် "ခရစ်တော်၏ပြည့်စုံခြင်း

ပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏အဖြစ်သို့" (ဧဖက် ၄း၁၃) ကြီးထွားနိုင်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးသူငယ်ဘဝ (ဧဖက် ၄း၁၄) တည်းဟူသော ခရစ်ယာန်အတွေ့အကြုံ၏အခြေခံသမ္မာတရားကိုလွန်၍ ကြီးထွားပြီး၊ ရင့်ကျက်သောယုံကြည်သူများအတွင်းပြင်ဆင်သော "ကြေခဲသောအစာအာဟာရကိုသုံးဆောင်ရကြ၏" (ဟေဗြဲ ၅း၁၄)။ ပေါလုက "ထိုကြောင့်... ခရစ်တော်၏ဘာသာ၌အစအဦးဖြစ်သော အကြောင်းအရာတို့ကိုထား၍၊ စုံလင်သောအဖြစ်သို့တက်ကြကုန်အံ့ (ဟေဗြဲ ၆း၂)။ "သင်တို့သည် ခြားနားသောအရာတို့ကိုပိုင်းခြားစေခြင်းငှာ ဉာဏ်ပညာအမျိုးမျိုးရှိလျက်၊ မေတ္တာပါရမီတိုးပွား၍၊ ပြည့်စုံမည်အကြောင်းကိုလည်းကောင်း၊ ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ဘုန်းအသရေတော်ကို ထင်ရှားစေတတ်သောဖြောင့်မတ်ခြင်းအကျင့်နှင့် သင်တို့သည် ပြည့်စုံ၍၊ ခရစ်တော်၏နေ့ရက်တိုင်အောင်စိတ်ကြည်ဖြူလျက်၊ တိမ်းလဲခြင်းအမှုနှင့်ကင်းလွတ်လျက်ရှိမည်အကြောင်းကိုလည်းကောင်း၊ ငါဆုတောင်းပတ္ထနာပြု၏" (ဖိလိပ္ပိ ၁း၉–၁၁) ဟုဆိုသည်။

သန့်ရှင်းစင်ကြယ်သောအသက်တာသည် ပြင်းထန်သောအခက်အခဲများနှင့်အတားအဆီးများမရှိသောအသက်တာမဟုတ်ချေ။ ပေါလုက ယုံကြည်သူတို့ကို "ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့် ကိုယ်ကိုကယ်တင်ခြင်းငှာ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့" ဟုတိုက်တွန်းခဲ့သည်။ သို့သော် အားပေးစကားကိုလည်းသူပြောခဲ့သည်။ "သင်တို့သည်အလိုရှိစေခြင်းငှာလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှာလည်းကောင်း၊ သင်တို့အထဲ၌စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား၊ ဘုရားသခင်ပေတည်း" (ဖိလိပ္ပိ ၂း၁၂၊၁၃)။

သူက "ဒုစရိုက်၏လှည့်ဖြားခြင်းအားဖြင့် သင်တို့စိတ်နှလုံးမခိုင်မာစေခြင်းငှာ၊... နေ့တိုင်းအစဉ်အချင်းချင်းတစ်ယောက်ကိုတစ်ယောက် တိုက်တွန်းနှိုးဆော်ကြလော့။ ငါတို့သည်စိတ်စွဲလမ်းခြင်းကိုအစပြုသကဲ့သို့ အဆုံးတိုင်အောင်တည်ကြည်လျှင်၊ ခရစ်တော်နှင့်ဆက်ဆံသောသူဖြစ်ကြ၏" (ဟေဗြဲ ၃း၁၃၊၁၄) ဟုဆိုသည်။

သို့သော်၊ သမ္မာကျမ်းစာက "သမ္မာတရားကိုသိပြီးမှ ကိုယ်အလိုသို့လိုက်၍ ပြစ်မှားပြန်လျှင်၊ နောက်တစ်ဖန်အပြစ်ဖြေသောယဇ်ကို ပူဇော်ရာအခွင့်မရှိဘဲ၊ ဒဏ်စီရင်ခြင်းကိုခံရမည်ဟု ကြောက်မက်ဖွယ်သောမျှော်လင့်ရသောအကြောင်း၊ ငြင်းဆန်သောသူတို့ကိုဖျက်ဆီးဖို့ရာ အမျက်တော်မီးလောင်ခြင်းကိုခံရသောအကြောင်းရှိ၏" (ဟေဗြဲ ၁၀း၂၆၊၂၇) ဟုသတိပေးသည်။

ခရစ်ယာန်တို့သည် "ဥပဒေဆိုင်ရာဖြောင့်မတ်ခြင်း သို့မဟုတ် သန့်ရှင်းစင်ကြယ်ခြင်းသက်သက်ထက်ပို၍လိုအပ်သည်။ ကယ်တင်ခြင်းသည် အမြဲတမ်းယုံကြည်ခြင်းအားဖြင့်ဖြစ်သော်လည်း၊ သူတို့သည် သန့်ရှင်းသောစာရိတ္တလိုအပ်သည်။ ကောင်းကင်ဘုံ

သို့ဝင်ရန်ဂုဏ်ပုဒ်သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းအပေါ်၌သာတည်သည်။ ဖြောင့်မတ်ခြင်းအပြင်၊ ဘုရားသခင်၏ကယ်တင်ခြင်းစီမံကိန်းသည် ခရစ်တော်ကိန်းဝပ်ခြင်းအားဖြင့် ကောင်းကင်အတွက်သင့်လျော်ခြင်းဂုဏ်ပုဒ်ကိုပေးသည်။ ဤသင့်လျော်မှုသည်ကယ်တင်ခြင်းရရှိကြောင်းအထောက်အထားအဖြစ် လူ၏ကိုယ်ကျင့်စာရိတ္တ၌ပေါ်လွင်နေရမည်။

ဤအရာသည် လူ့သတ်မှတ်ချက်တွင်မည်သည့်အဓိပ္ပါယ်ရှိသနည်း။ စဉ်ဆက်မပြတ်ဆုတောင်းခြင်းသည် ကြီးထွားမှုအဆင့်တိုင်း၏စုံလင်မှုဖြစ်သည့် သန့်ရှင်းစင်ကြယ်သောအသက်တာဖြင့် နေထိုင်ခြင်းအတွက်မရှိမဖြစ်လိုအပ်သည်။ "ထိုကြောင့် ငါတို့သည် ကြားရသောနေ့မှစ၍၊ သင်တို့အဖို့အလိုငှာ အစဉ်မပြတ်ဆုတောင်းပတ္ထနာပြုလျက်နေကြ၏။... သခင်ဘုရားနှင့်ထိုက်လျောက်စွာကျင့်၍ အရာရာ၌နှစ်သက်တော်မူစေခြင်းငှာ၊ ပညာအမျိုးမျိုး၊ ဓမ္မဉာဏ်အမျိုးမျိုးအားဖြင့် အလိုတော်ကိုအကုန်အစင် နားလည်ပါမည်အကြောင်း ဆုတောင်းပတ္ထနာပြု၏" (ကောလော ၁း၉၊ ၁၀၊ ၁၁)။

**နေ့စဉ်ဖြောင့်မတ်ရာသို့ရောက်ခြင်း။** ဝိညာဉ်တော်ပြည့်ဝသော (ခရစ်တော်ပိုင်ဆိုင်သော) အသက်တာဖြင့် နေထိုင်သောယုံကြည်သူအားလုံးသည် အမှတ်တမဲ့အမှားများကိုပြုလုပ်နိုင်သောကြောင့် နေ့စဉ်ဖြောင့်မတ်ရာသို့ရောက်ရန်ဆက်၍လိုအပ်သည်။ လူ့စိတ်နှလုံး၏ယုတ်မာခြင်းကိုသဘောပေါက်လျက်၊ ဒါဝိဒ်သည် "မထင်ရှားသောဒုစရိုက်အပြစ်" (ဆာလံ ၁၉း၁၂) အတွက် ခွင့်လွှတ်ခြင်းကိုတောင်းခဲ့သည်။ ယုံကြည်သူတို့၏အပြစ်များကို အထူးရည်ညွှန်းလျက်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို "တစ်စုံတစ်ယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင်၊ ဖြောင့်မတ်တော်မူသောအရှင်ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ရှိတော်မူ၏" (၁ယော ၂း၁) ဟုအခိုင်အမာဆိုသည်။

## ကယ်တင်ခြင်းကိုတွေ့ကြုံခံစားခြင်းနှင့်အနာဂတ်

ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ရှင်ပြန်ထမြောက်ချိန် သို့မဟုတ် ကောင်းကင်သို့အသက်ရှင်လျက်ပြောင်းလဲချိန်၌ ကျွန်ုပ်တို့သည်ဘုန်းတော်သို့ဝင်စားသောအခါ နောက်ဆုံးပြည့်စုံ၍ပြီးမြောက်သွားမည်။ ဘုန်းတော်ဝင်စားခြင်းအားဖြင့် ဘုရားသခင်သည် ရွေးနုတ်ခံသူတို့နှင့်အတူ မိမိတောက်ပသောဘုန်းတော်ကိုမျှဝေသည်။ ဤအရာသည် ဘုရားသခင်၏သားသမီးများအနေဖြင့် ကျွန်ုပ်တို့အားလုံးစောင့်စားသောမျှော်လင့်ချက်ဖြစ်သည်။ ပေါလုက "သို့ဖြစ်၍၊ ဘုရားသခင်၏ဘုန်းတော်ကိုမျှော်လင့်၍ ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏" (ရောမ ၅း၂) ဟုဆိုသည်။

ဘုန်းတော်ဝင်စားခြင်းသည် ဒုတိယအကြိမ်ကြွလာချိန်တွင်၊ ခရစ်တော်သည် "မျှော်လင့်လျက်နေသောသူတို့ကို ကယ်တင်ခြင်းအလိုငှာ" (ဟေဗြဲ ၉း၂၈) ပေါ်ထွန်းတော်မူသောအခါပြည့်စုံလိမ့်မည်။

**ဘုန်းဝင်စားခြင်းနှင့်သန့်ရှင်းစင်ကြယ်ခြင်း။** ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ခရစ်တော်ကိန်းဝပ်ခြင်းသည် အနာဂတ်ကယ်တင်ခြင်းတည်းဟူသော သေနိုင်သည့် ကိုယ်ခန္ဓာသည် ဘုန်းတော်ဝင်စားခြင်းအတွက် အခြေအနေတစ်ရပ်ဖြစ်သည်။ ပေါလုက "ဘုန်းအသရေကိုမျှော်လင့်ခြင်းအကြောင်းတည်းဟူသော သင်တို့အထဲ၌တည်တော်မူသော ခရစ်တော်ပေတည်း" (ကော ၁း၂၇) ဟုဆိုသည်။ "ယေရှုကိုသေခြင်းမှထမြောက်စေတော်မူသော ဘုရား၏ဝိညာဉ်သည် သင်တို့အထဲ၌ကိန်းဝပ်တော်မူလျှင်၊ ခရစ်တော်ကို သေခြင်းမှထမြောက်စေတော်မူသောဘုရားသည် သင်တို့အထဲ၌ ကိန်းဝပ်သော မိမိဝိညာဉ်တော်အားဖြင့်၊ သေတတ်သောသင်တို့၏ကိုယ်ကာယကိုပင် ရှင်စေတော်မူမည်" (ရောမ ၈း၁၁)။ ပေါလုက ကျွန်ုပ်တို့ကိုအခိုင်အမာဆိုသည်မှာ၊ "သင်တို့သည် စိတ်သန့်ရှင်းခြင်း၊ သမ္မာတရားကိုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်စိမ့်အံ့သောငှာ ဘုရားသခင်သည် ရှေးဦးစွာကပင် သင်တို့ကိုရွေးကောက်တော်မူသည်။... အကြောင်းမူကား၊ သင်တို့သည် ငါတို့သခင်ယေရှုခရစ်၏ဘုန်းကို ပိုင်ရမည် အကြောင်းတည်း" (၂သက် ၂း၁၃၊၁၄) ဟူ၍ဖြစ်သည်။

ကိုယ်တော်၌ကျွန်ုပ်တို့သည် ကောင်းကင်ရာဇပလ္လင်တော်ရှေ့တွင်ရောက်ရှိနေကြသည် (ကော ၃း၁–၄)။ "သန့်ရှင်းသောဝိညာဉ်တော်ကိုခံယူ" သောသူတို့သည် "နောင်ကပ်ကာလ၏တန်ခိုးများကို" အမှန်ပင်မြည်းစမ်းခဲ့ကြပြီ (ဟေဗြဲ ၆း၄၊၅)။ ထာဝရဘုရား၏ဘုန်းတော်ကိုအာရုံပြု၍၊ ခရစ်တော်၏ဂုဏ်တော်၏စွဲမက်ဖွယ်တင့်တယ်မှုကို ကြည့်ရှုခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် "ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏" (၂ကော ၃း၁၈)။ ကျွန်ုပ်တို့သည် ခရစ်တော်ဒုတိယအကြိမ် ကြွလာခြင်း၌ တွေ့ကြုံရမည့်ပြောင်းလဲခြင်းအတွက် ပြင်ဆင်နေကြသည်။

ကျွန်ုပ်တို့၏နောက်ဆုံးရွေးနုတ်ခြင်းနှင့် ဘုရားသခင်၏သားသမီးများအဖြစ် မွေးစားခြင်းသည် အနာဂတ်တွင်ဖြစ်လိမ့်မည်။ "ဤလောကသည် ဘုရားသခင့်သားတို့၏ပေါ်ထွန်းခြင်းအရာကို အလွန်တောင့်တမျှော်လင့်လျက်နေ၏။" ထိုမျှမက "သားအရာ၌ ချီးမြှောက်ခြင်းအကြောင်းတည်းဟူသော ကိုယ်ခန္ဓာရွေးနုတ်ခြင်းချမ်းသာကိုမျှော်လင့်၍၊ စိတ်နှလုံးအထဲ၌ညည်းတွားလျက်နေကြ၏" (ရောမ ၈း၁၉၊၂၃)။

ဤဖြစ်ရပ်၏အထွတ်အထိပ်သည် "အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်တော်မူသောကပ်ကာလ" (တမန် ၃း၂၁) တွင် ဖြစ်ပျက်လိမ့်မည်။ ခရစ်တော်က ၎င်းကို "အလုံးစုံသောအရာတို့ကိုအသစ်ပြုပြင်" (မဿဲ ၁၉း၂၈) ခြင်းဟုခေါ်ဆိုသည်။ ထိုအခါ၊

"ဘုရားသခင်သားတို့၏ ထူးမြတ်သောလွတ်ခြင်းချမ်းသာတည်းဟူသော ဖေါက်ပြန်ပျက်စီးခြင်းအနှောင်အဖွဲ့မှ ကယ်လွှတ်ခြင်းချမ်းသာကိုဝင်စားမည်" (ရောမ ၈း၂၁)။

ကျမ်းစာ၏ရှုထောင့်အရ၊ သားသမီးအဖြစ်မွေးစားခြင်းနှင့် ရွေးနုတ်ခြင်းသို့မဟုတ် ကယ်တင်ခြင်းသည် တစ်နည်းအားဖြင့်ပြီးမြောက်သွားခဲ့ပြီဖြစ်ကြောင်းနှင့် နောက်တစ်နည်းအားဖြင့်မပြီးမြောက်သေးကြောင်းတို့သည် လူတချို့ကိုစိတ်ရှုပ်ထွေးစေသည်။ ကယ်တင်ရှင်အဖြစ် ခရစ်တော်၏လုပ်ငန်းအလုံးစုံကိုလေ့လာခြင်းသည် အဖြေကိုပေးသည်။ "ပေါလုသည် ကျွန်ုပ်တို့၏လက်ရှိကယ်တင်ခြင်းကို ခရစ်တော်၏ပထမအကြိမ်ကြွလာခြင်းနှင့်ဆက်စပ်သည်။ လက်ဝါးကပ်တိုင်ပေါ် သေခြင်း၊ ထမြောက်ခြင်းနှင့် ခရစ်တော်၏ကောင်းကင်ဆိုင်ရာလုပ်ငန်းသည် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်းကိုတစ်ကြိမ်နှင့်အပြီး လုံခြုံစိတ်ချစေခဲ့သည်။ သို့သော်ငြားလည်း၊ ပေါလုသည် ကျွန်ုပ်တို့၏အနာဂတ်ကယ်တင်ခြင်းတည်းဟူသော ကျွန်ုပ်တို့၏ကိုယ်ခန္ဓာဘုန်းဝင်စားခြင်းကို ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းနှင့်ဆက်စပ်သည်။

"ဤအကြောင်းကြောင့်၊ လွန်ခဲ့သောအချိန်က ခရစ်တော်၏သေခြင်းနှင့်ထမြောက်ခြင်းကိုထောက်ရှု၍ 'ငါတို့သည် ကယ်တင်ခြင်းခံရပြီ' ဟူ၍လည်းကောင်း၊ အနာဂတ်တွင် ခရစ်တော်ကြွလာ၍ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာအတွက်ရွေးနုတ်ခြင်းကိုထောက်ရှု၍၊ 'ငါတို့သည် ကယ်တင်ခြင်းမခံရသေး' ဟူ၍ ပေါလုကဤအရာနှစ်ခုကိုတစ်ပြိုင်တည်းပြောဆိုနိုင်ခြင်းဖြစ်သည်။"

လက်ရှိကယ်တင်ခြင်းကို အလေးပေး၍အနာဂတ်ကယ်တင်ခြင်းကို ချန်လှပ်ထားခြင်းသည် ခရစ်တော်၏ပြည့်စုံသောကယ်တင်ခြင်းအကြောင်းကို မမှန်မကန်နားလည်စေသည်။

**ဘုန်းဝင်စားခြင်းနှင့်စုံလင်ခြင်း။** ဘုန်းဝင်စားခြင်းကဖော်ဆောင်မည့်နောက်ဆုံးစုံလင်ခြင်းကို လူသားများအတွက်ရှိနေပြီဟူ၍ လူတချို့သည်မှားယွင်းစွာယုံကြည်ကြသည်။ သို့သော် ပေါလုသည် မိမိအသက်တာ၏အဆုံးပိုင်းတွင် ဤသို့ရေးခဲ့သည်။ "ထိုသို့ဆိုသော် အကျိုးကိုခံရပြီ၊ စုံလင်ခြင်းသို့ရောက်ရပြီဟုငါမဆိုလို။ အကြင်အကျိုးကိုပေးခြင်းငှာ ခရစ်တော်သည်ငါ့ကိုကိုင်ဖမ်းတော်မူ၏၊ ထိုအကျိုးကိုကိုင်မိခြင်းငှာငါပြေး၍လိုက်သေး၏။ ညီအစ်ကိုတို့ ငါကိုင်မိပြီဟုကိုယ်ကိုမထင်သော်လည်း၊ ငါပြုသောအမှုတစ်ခုဟူမူကား၊ နောက်ကျသောအရာတို့ကိုမမှတ်ဘဲ၊ ရှေ့၌ရှိသောအရာတို့ကိုလှမ်းကမ်း၍၊ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည်အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့်ဆိုင်သောဆုကိုရခြင်းငှာ၊ ပန်းတုံးတိုင်သို့ငါလိုက်ပြေး၏" (ဖိ ၃း၁၂-၁၄)။

သန့်ရှင်းစင်ကြယ်ခြင်းသည် တစ်သက်လုံးလုပ်ငန်းစဉ်ဖြစ်သည်။ ယခုကျွန်ုပ်တို့၏စုံလင်ခြင်းသည် ခရစ်တော်၌သာဖြစ်သည်။ သို့သော် နောက်ဆုံးကျွန်ုပ်တို့၏

အသက်တာသည် ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ အလုံးစုံပြောင်းလဲခြင်းသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာချိန်၌ ဖြစ်ပျက်လိမ့်မည်။ ပေါလုက "အကြင်သူသည် မိမိတည်ကြည်လျက်နေသည်ဟုမိမိထင်မှတ်၏။ ထိုသူသည် မလဲခြင်းငှာသတိပြုစေ" (၁ကော ၁၀း၁၂) ဟုသတိပေးသည်။ ဣသရေလတို့၏သမိုင်းနှင့် ဒါဝိဒ်၊ ရှောလမုန်၊ ပေတရုတို့၏အသက်တာသည် လူအားလုံးအတွက်လေးနက်သော သတိပေးချက်ဖြစ်သည်။ "အသက်ရှင်နေသရွေ့ ခိုင်မာသောစိတ်ပိုင်းဖြတ်ချက်ဖြင့် စိတ်ခံစားမှုနှင့်စွဲလမ်းမှုတို့ကို စောင့်ကြပ်ရန်လိုအပ်သည်။ အတွင်းစိတ်ပျက်စီးနေသည်။ ပြင်ပ၌လည်းစုံစမ်းခြင်းများရှိသည်။ ဘုရားသခင်၏အမှုတော်တိုးတက်သောနေရာတိုင်းတွင် လူတို့ထံသို့ပြင်းထန်သောအရှိန်ဖြင့် စုံစမ်းခြင်းများရောက်လာစေရန် စာတန်သည်အခြေအနေများကို စီစဉ်ကြံစည်သည်။ ဘုရားသခင်၌ ခရစ်တော်နှင့်အတူအသက်တာကိုဝှက်ထား၍၊ ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ်မှီခိုမှသာလျှင် အချိန်တိုင်းလုံခြုံစေနိုင်သည်။"

ကျွန်ုပ်တို့၏နောက်ဆုံးဖန်တီးနိုင်စွမ်းသောပြောင်းလဲခြင်းသည် မပုပ်ပျက်နိုင်သောအဖြစ်နှင့် မသေနိုင်ခြင်းအဖြစ်တို့ကို ကျွန်ုပ်တို့ပိုင်ဆိုင်သောအချိန်၊ သန့်ရှင်းသောဝိညာဉ်တော်သည် မူလဖန်ဆင်းခြင်းအတိုင်း ပြန်လည်ပြုပြင်သောအချိန်တွင် ပြီးမြောက်သွားမည်။

## ဘုရားသခင်သည်ကျွန်ုပ်တို့ကိုလက်ခံရသည့်ကိစ္စ

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလက်ခံရသည့်အကြောင်းမှာ ကောင်းသောစာရိတ္တမဟုတ်၊ အများကင်းသောအပြုအမူလည်းမဟုတ်ချေ။ ကယ်တင်သောဖြောင့်မတ်ခြင်းသည် ဖြောင့်မတ်သောလူသား၊ ယေရှုထံမှလာ၍၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ကိုပေးအပ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းဆုကျေးဇူးအတွက် ဘာမျှမဖြည့်ဆည်းနိုင်ချေ။ ကျွန်ုပ်တို့သည် ၎င်းကိုလက်ခံရရှိရုံသာဖြစ်သည်။ ခရစ်တော်မှလွဲ၍၊ ဖြောင့်မတ်သောသူမရှိ (ရောမ ၃း၁၀)။ ဘုရားအပေါ်မမှီခိုသောလူသား၏ဖြောင့်မတ်ခြင်းသည် အဝတ်စုတ်မျှသာဖြစ်သည် (ဟေရှာယ ၆၄း၆)။

ခရစ်တော်၏ကယ်တင်သောမေတ္တာကိုတုံ့ပြန်ရာတွင် ကျွန်ုပ်တို့ပြုသောအရာပင်လျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလက်ခံနိုင်သောအကြောင်းရင်းကို မဖန်တီးနိုင်ချေ။ ထိုလက်ခံတော်မူခြင်းသည် ခရစ်တော်၏လုပ်ဆောင်မှု၌တည်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်ကိုကျွန်ုပ်တို့အားပေးသောကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလက်ခံသည်။

ကျွန်ုပ်တို့ကိုလက်ခံခြင်းသည် ခရစ်တော်၏ဖြောင့်မတ်ခြင်း သို့မဟုတ် သူ၏သန့်ရှင်းစင်ကြယ်ခြင်း သို့မဟုတ် နှစ်ခုစလုံးတွင်တည်သလော။ ဂျွန်ခဲဗင်းန် (John Calvin) က "ခရစ်တော်ကိုအပိုင်းပိုင်းခွဲ၍မရနိုင်သကဲ့သို့၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်းတို့ကိုခွဲခြား၍မရနိုင်ပါ" ဟုဆိုသည်။ ခရစ်တော်လုပ်ငန်းတို့ကို စုပေါင်းထားသည့်အရာအဖြစ်ရှုမြင်ရမည်။ ထို့ကြောင့် "ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းစင်ကြယ်ခြင်းတို့အကြား ခြားနားမှုအချက်အလက်များကို အသေးစိတ်အနက်ဖွင့်ဆိုခြင်းကို ရှောင်ကြဉ်ရမည်။ ထို့အစား၊ ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းဆိုင်ရာအရေးကြီးသောမေးခွန်းများကို အဘယ်ကြောင့်သာ၍အသေးစိတ်မလေ့လာရမည်နည်း။"

နေ၏အလင်းနှင့်အပူရှိန်တို့သည် သီးခြားလုပ်ငန်းများရှိသော်လည်း၊ ခွဲခြား၍မရနိုင်သကဲ့သို့၊ ခရစ်တော်သည် ကျွန်ုပ်တို့အတွက်ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်းဖြစ်လာသည် (၁ကော ၁း၃၀)။ ကျွန်ုပ်တို့သည် ကိုယ်တော်၌လုံးလုံးဖြောင့်မတ်သည်သာမက၊ အပြည့်အဝသန့်ရှင်းစင်ကြယ်သည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ကရာနိကုန်းမှ "အမှုပြီးပြီ" ကို ကျွန်ုပ်တို့အထဲသို့ဆောင်ယူလာ၍၊ ဘုရားသခင်ကလူသားတို့အားလက်ခံခြင်းအတွေ့အကြုံကိုပေးသည်။ ဤလက်ဝါးကပ်တိုင်ပေါ်မှ "အမှုပြီးပြီ" သည် ဘုရားသခင်ရှေ့တော်၌ လက်ခံခြင်းအခွင့်ကိုရရှိရန် လူသားတို့၏ကြိုးပမ်းမှုအားလုံးသည် မထိုက်တန်ကြောင်းကိုဖော်ပြသည်။ အသေခံတော်မူသောသူကို စိတ်နှလုံးထဲယူဆောင်လာခြင်းဖြင့်၊ ဝိညာဉ်တော်သည် တစ်ခုတည်းသောဘုရားသခင်၏ ကျွန်ုပ်တို့ကိုလက်ခံခြင်းအကြောင်းရင်းကိုဖော်ဆောင်၍၊ တစ်ခုတည်းသောကယ်တင်ခြင်းအတွက် ဂုဏ်ပုဒ်နှင့်သင့်လျော်မှုကို ကျွန်ုပ်တို့အတွက်ရရှိစေနိုင်ရန်စီစဉ်ပေးသည်။

–၀–

# အခန်း – ၁၁
# ခရစ်တော်၌ကြီးထွားခြင်း

လက်ဝါးကပ်တိုင်အပေါ်အသေခံခြင်းဖြင့် ယေရှုသည်နတ်ဆိုးနှင့်အပေါင်းအပါ အပေါ်အောင်နိုင်ခဲ့သည်။ သူ၏မြေကြီးပေါ်သာသနာပြုစဉ်အတွင်း နတ်ဆိုးဝိညာဉ်များကို နှိမ်နင်းခဲ့သောသူသည် သူတို့၏တန်ခိုးကိုချိုးဖျက်၍၊ သူတို့၏နောက်ဆုံးသေခြင်းကို သေချာသွားစေခဲ့သည်။ ကျွန်ုပ်တို့သည် သူနှင့်အတူငြိမ်သက်ဝမ်းမြောက်ခြင်းနှင့် သူ၏မေတ္တာအာမခံချက်တို့၌ လျှောက်လှမ်းကြစဉ်၊ ယေရှု၏အောင်မြင်ခြင်းသည် ကျွန်ုပ်တို့ကိုထိန်းချုပ်ရန်ကြိုးစားနေသေးသော နတ်ဆိုးအပေါင်းအပါအပေါ် အောင်နိုင်ခြင်းကို ကျွန်ုပ်တို့အားပေးသည်။ ယခုတွင် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်ပြီး၊ တန်ခိုးကိုပေးသည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်နှင့် အရှင်သခင်အဖြစ် ယေရှုထံသို့အစဉ်အဆက်ဆက်ကပ်သောအခါ၊ ကျွန်ုပ်တို့သည် အတိတ်ကလုပ်ဆောင်ချက်များ၏ ဝန်ထုပ်မှလွတ်မြောက်ကြသည်။ ကျွန်ုပ်တို့သည် မှောင်မိုက်၌အသက်မရှင်ကြတော့ဘဲ၊ နတ်ဆိုး၏တန်ခိုးများကို ကြောက်ရွံ့ခြင်း၊ မသိနားမလည်ခြင်းနှင့် ယခင်အသက်ရှင်နေထိုင်မှု၏အဓိပ္ပါယ်မဲ့ခြင်းတို့မှ လွန်မြောက်ကြပြီ။ ဤအသစ်သော ခရစ်တော်၌လွတ်လပ်ခြင်း၌၊ ကျွန်ုပ်တို့သည် သူ၏ပုံသဏ္ဍာန်နှင့်တူညီခြင်း၊ နေ့စဉ်ဆုတောင်းခြင်း၌ သူနှင့်ရင်းရင်းနှီးနှီးရှိခြင်း၊ နှုတ်ကပတ်တော်ကိုမှီဝဲခြင်း၊ နှုတ်ကပတ်တော်နှင့် ဘုရားရှင်၏စောင်မမှုအပေါ်အာရုံပြုခြင်း၊ သူ၏ချီးမွမ်းသီချင်းများကိုသီဆိုခြင်း၊ ဝတ်ပြုရန်အတွက်စုရုံးခြင်းနှင့် အသင်းတော်၏သာသနာလုပ်ငန်းတွင်ပါဝင်ခြင်း စသည်တို့၌ကြီးထွားရန် ခေါ်တော်မူခြင်းခံရသည်။ လူသားတို့၏ကိုယ်ကာယ၊ ဉာဏ၊ မိတ္တဗလ၊ လူမှုရေး၊ စိတ်ခံစားမှုနှင့် ဝိညာဉ်ရေးစသည်တို့၏လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးခြင်းအားဖြင့် ခရစ်တော်၏ပုံနမူနာကိုလိုက်လျှောက်ရန် ကျွန်ုပ်တို့ကိုခေါ်သည်။ ကျွန်ုပ်တို့သည် မိမိတို့ပတ်ဝန်းကျင်ရှိသူတို့ကို မေတ္တာဖြင့်အလုပ်အကျွေးပြုခြင်းနှင့် သူ၏ကယ်တင်ခြင်းအကြောင်းကို သက်သေခံခြင်းတို့၌ မိမိတို့ကိုယ်ကိုပေးဆပ်သောအခါ၊ ဝိညာဉ်တော်အားဖြင့် သူသည် ကျွန်ုပ်တို့နှင့်အတူရှိနေခြင်းသည် ဝိညာဉ်ရေးအတွေ့အကြုံ၌ အချိန်တိုင်း၊ လုပ်ဆောင်မှုတိုင်းကိုပြောင်းလဲပေးသည်။ (၅ရာ ၂၉း၁၁။ ဆာလံ ၁း၁၊၂။ ၂၃း၄။ ၇၇း၁၁၊၁၂။ မဿဲ ၂၀း၂၅–၂၈။ ၂၅း၃၁–၄၆။ လုကာ ၁၀း၁၇–၂၀။ ယောဟန် ၂၀း၂၁။ ရောမ ၈း၃၈၊၃၉။ ၂ကော ၃း၁၇၊၁၈။ ဂလာတိ ၅း၂၂–၂၅။ ဧဖက် ၅း၁၉၊၂၀။ ၆း၁၂–၁၈။ ဖိ ၃း၇–၁၄။ ကော ၁း၁၃၊၁၄။ ၂း၆၊၁၄၊၁၅။ ၁သက် ၅း၁၆–၁၈၊၂၃။ ဟေဗြဲ ၁၀း၂၅။ ယာ ၁း၂၇။ ၂ပေ ၂း၉။ ၃း၁၈။ ၁ယော ၄း၄)။

**မွေးဖွားခြင်းသည် ဝမ်းမြောက်ဖွယ်အခိုက်အတန့်ဖြစ်သည်။** မျိုးစေ့သည် အညှောက်ပေါက်လာ၍ ပထမအရွက်နှစ်ရွက်ထွက်လာခြင်းသည် ဥယျာဉ်မှူးကိုပျော်ရွှင်စေသည်။ ကလေးမွေးဖွားလာ၍ပထမငိုခြင်းသည် ကမ္ဘာကြီးအတွက်ထည့်တွက်ရမည့် လူတစ်ဦးရောက်ရှိလာကြောင်းကို ကြေညာသည်။ မိခင်သည် သူမ၏နာကျင်မှုအားလုံးကိုမေ့ပျောက်၍၊ ကျန်မိသားစုဝင်များနှင့်အတူဝမ်းမြောက်သည်။ လူမျိုးတစ်မျိုးလွတ်လပ်ခြင်းကိုရလာသောအခါ၊ လူအားလုံးသည်လမ်းမပေါ်တွင်စုရုံးပြီး၊ မြို့ရင်ပြင်၌ပြည့်နေကြကာ၊ အသစ်ရလာသောဝမ်းမြောက်ခြင်းကိုသရုပ်ဖော်မှုအဖြစ် လက်ဝှေ့ယမ်းကြသည်။ သို့သော် ထိုသစ်ရွက်နှစ်ရွက်သည်လေးရွက်ဖြစ်မလာဘဲ ထိုအတိုင်းရှိနေခဲ့သော်၊ သို့မဟုတ် ပျောက်ကွယ်သွားခဲ့သော်၊ တစ်နှစ်ကြာလာပြီးနောက် ကလေးငယ်သည် ပြုံးလည်းမပြုံး၊ ပထမခြေလှမ်းလည်းမလှမ်းဘဲ လောကထဲကိုရောက်လာသည့် အချိန်ကအတိုင်းမလှုပ်မရှားဖြစ်နေခဲ့သော်၊ အသစ်စက်စက်လွတ်လပ်လာသောလူမျိုးသည် တစ်ခဏအတွင်းကြောက်ရွံ့ခြင်း၊ ညှဉ်းဆဲခြင်းနှင့် ဖမ်းချုပ်ခြင်းစသည့် အကျဉ်းထောင်ထဲသို့ကျရောက်ခဲ့သော်၊ သင်စဉ်းစားကြည့်ပါ။

ဥယျာဉ်မှူး၏ပျော်ရွှင်မှု၊ မိခင်၏ပီတိနှင့် လွတ်လပ်ခြင်းပြည့်ဝသောအနာဂတ်မျှော်မှန်းချက်တို့သည် စိတ်ပျက်ခြင်း၊ ဝမ်းနည်းခြင်းနှင့် ငိုကြွေးခြင်းအဖြစ်သို့ပြောင်းသွားလိမ့်မည်။ အဆက်မပြတ်အမြဲတမ်းကြီးထွားခြင်း၊ အရွယ်ရောက်လာခြင်း၊ အသီးကိုသီးသောကြီးထွားခြင်းတို့သည် အသက်အတွက်မုချလိုအပ်သည်။ ကြီးထွားခြင်းမရှိပါက၊ မွေးဖွားခြင်းသည် အဓိပ္ပါယ်မရှိ၊ ရည်ရွယ်ချက်မရှိ၊ အလားအလာလည်းမရှိချေ။

ကိုယ်ခန္ဓာနှင့်ဝိညာဉ်ရေးကြီးထွားခြင်းသည် အသက်နှင့်အတူတူပင်ဖြစ်၍ ခွဲခြားမရနိုင်ချေ။ ကိုယ်ခန္ဓာကြီးထွားခြင်းအတွက်၊ အာဟာရ၊ ပတ်ဝန်းကျင်၊ ပြုစုပျိုးထောင်ခြင်း၊ ကာယလေ့ကျင့်ခန်း၊ ပညာရေး၊ လေ့ကျင့်မှုသင်တန်း၊ ရည်မှန်းချက်ရှိသောအသက်တာတို့လိုအပ်သည်။ သို့သော် စဉ်းစားရမည့်အရေးမှာ ဝိညာဉ်ရေးကြီးထွားမှုဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌မည်ကဲ့သို့ကြီးထွားမည်နည်း။ ခရစ်ယာန်များအနေဖြင့် မည်ကဲ့သို့ရင့်ကျက်မည်နည်း။ ဝိညာဉ်ရေးကြီးထွားမှု၏လက္ခဏာများကားအဘယ်နည်း။

## အသက်သည်သေခြင်းနှင့်စတင်သည်

ခရစ်ယာန်အသက်တာ၏အခြေခံအကျဆုံးနှင့် တစ်မူထူးခြားသောနိယာမမှာ၊ ၎င်းသည် သေခြင်း၊ အမှန်ပင်သေခြင်းနှစ်မျိုးနှင့်စတင်သည်။ ပထမသေခြင်းမှာ၊ ကျွန်ုပ်တို့၏အသစ်သောအသက်တာကိုရရှိစေသောလက်ဝါးကပ်တိုင်ပေါ် ခရစ်တော်၏သေခြင်း

ဖြစ်သည်။ ၎င်းသည်စာတန်၏အုပ်စိုးမှုမှလည်းကောင်း (ကော ၁း၁၃၊၁၄)၊ အပြစ်၏စီရင်ခြင်းမှလည်းကောင်း (ရောမ ၈း၁)၊ အပြစ်ကြောင့်သေခြင်းအပြစ်ဒဏ်မှလည်းကောင်း (ရောမ ၆း၂၃) လွတ်မြောက်စေ၍၊ ဘုရားသခင်နှင့်လူသားတို့ကိုပြန်လည်သင့်မြတ်စေသည်။ ဒုတိယသေခြင်းမှာ မိမိကိုယ်၌သေခြင်းဖြစ်၍၊ ခရစ်တော်ပေးအပ်သောအသက်သည် ကျွန်ုပ်တို့အတွက်ဖြစ်စေသည်။ ထို့သို့ဖြင့် ကျွန်ုပ်တို့သည် အသစ်သောအသက်တာ၌လျှောက်လှမ်းကြသည်။

**ခရစ်တော်၏သေခြင်း။** လက်ဝါးကပ်တိုင်သည် ဘုရားသခင်၏ကယ်တင်ခြင်းစီမံကိန်းတွင်အဓိကဖြစ်သည်။ ၎င်းမရှိဘဲ၊ စာတန်နှင့်သူ၏နတ်ဆိုးအပေါင်းအပါများကို အနိုင်ယူခဲ့လိမ့်မည်မဟုတ်၊ အပြစ်၏ပြဿနာကိုလည်းဖြေရှင်းနိုင်မည်မဟုတ်ဘဲ၊ သေခြင်းကိုလည်းချေမှုန်းပစ်နိုင်မည်မဟုတ်ချေ။ တမန်တော်က ကျွန်ုပ်တို့ကိုဤသို့ပြောပြသည်။ "ဘုရားသခင်၏သားတော် ယေရှုခရစ်၏အသွေးတော်သည်၊ ငါတို့အပြစ်ရှိသမျှကိုဆေးကြောတော်မူ၏" (၁ယော ၁း၇)။ ကျမ်းစာ၏အနှစ်သက်ဆုံးကျမ်းချက်က "ဘုရားသခင်သည် လောကီသားတို့ကိုချစ်တော်မူ၏" ဟုဆိုသည်။ ဘုရားသခင်၏မေတ္တာသည် ကယ်တင်ခြင်းစီမံကိန်းကိုအစပြုခဲ့သည်မှန်လျှင်၊ ၎င်းစီမံကိန်းကို ၎င်းကျမ်းပိုဒ်၏ဒုတိယအပိုင်း "မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်" ကရှင်းပြပေးသည်။ ဘုရားသခင့်ဆုလက်ဆောင်၏ထူးခြားမှုမှာ မိမိသားတော်ကိုပေးခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့၏အပြစ်များအတွက်အသေခံရန် သူ့ကိုပေးခြင်းပင်ဖြစ်သည်။ လက်ဝါးကပ်တိုင်မရှိလျှင် အပြစ်လွတ်ခြင်း၊ ထာဝရအသက်၊ စာတန်ကိုအောင်နိုင်ခြင်းတို့ရှိနိုင်မည်မဟုတ်။

လက်ဝါးကပ်တိုင်ပေါ်သေခြင်းဖြင့်၊ ခရစ်တော်သည် စာတန်ကိုအောင်နိုင်ခဲ့သည်။ တောထဲ၌ပြင်းထန်သောစုံစမ်းခြင်းမှ ဂေသရေမန်ဥယျာဉ်၌ မချိမဆံ့ဝေဒနာခံစားခြင်းတစ်လျှောက်၊ စာတန်သည် ဘုရားသားတော်ကိုသူ၏စိတ်ဆန္ဒအားနည်းသွားစေရန်၊ သူ၏လမ်းခရီးတုံ့ဆိုင်းသွားစေရန်၊ သူ၏ခမည်းတော်ကိုအယုံအကြည်မဲ့စေရန် တစ်ဆင့်ခံယဇ်ကောင်အဖြစ် လူသားတို့အပြစ်၏ခါးသီးသောခွက်ဖလားကို သယ်ဆောင်သောလမ်းမှလွဲသွားအောင်ဖိအားပေးရန် ကရုဏာကင်းမဲ့စွာတိုက်ခိုက်ခဲ့သည်။ လက်ဝါးကပ်တိုင်သည် နောက်ဆုံးအပြင်းအထန်တိုက်ခိုက်ခြင်းဖြစ်သည်။ ထိုနေရာတွင် "စာတန်နှင့်သူ၏တမန်များသည် လူ့အယောင်ဆောင်၍ရှိနေခဲ့ကြသည်။" ခရစ်တော်သည် ယခုပင်လက်ဝါးကပ်တိုင်ပေါ်မှဆင်းလာ၍၊ အပြစ်အတွက်ယဇ်ပူဇော်ရာအဖြစ် မိမိသားတော်ကိုရွေးနုတ်ခြင်းစီမံကိန်းပေးသည့်ရည်ရွယ်ချက် (ယောဟန် ၃း၁၆) မပြည့်စုံစေရန် မျှော်လင့်ချက်ဖြင့်၊ သူတို့သည် ဘုရားသခင်ကိုကြီးမားသောစစ်ပွဲခင်းကျင်းခဲ့ကြသည်။ သို့သော် ခရစ်တော်သည် လက်ဝါးကပ်တိုင်အပေါ်တွင် မိမိအသက်ကိုပေးခြင်းအားဖြင့်

စာတန်၏တန်ခိုးကိုဖျက်ဆီးပစ်ပြီး၊ "အထွတ်အမြတ်၊ အာဏာစက်တို့ကိုလုယူ၍၊ လက်ဝါးကပ်တိုင်အားဖြင့် အောင်ပွဲကိုခံတော်မူပြီ" (ကော ၂း၁၅)။ လက်ဝါးကပ်တိုင်ပေါ်တွင် "စစ်ပွဲကိုအောင်နိုင်ခဲ့ပြီ။... သူ [ခရစ်တော်] ၏လက်ယာလက်နှင့် သန့်ရှင်းသောလက်တော်သည် သူ့ကိုအောင်မြင်ခြင်းရယူပေးခဲ့ပြီ။ အောင်နိုင်သူအဖြစ် သူ၏အောင်လံကို ထာဝရတောင်တော်၌လွှင့်ထူခဲ့သည်။ ကောင်းကင်တစ်ခုလုံးသည် ခရစ်တော်၏အောင်ပွဲတွင်အောင်နိုင်ခဲ့သည်။ စာတန်သည် ရှုံးနိမ့်ခဲ့ပြီး၊ သူ၏နိုင်ငံသည်လည်း ပျောက်ဆုံးသွားကြောင်းကိုသိခဲ့သည်။"

တမန်တော်၏ကောလောသဲမြို့သားတို့၌ ပိပြင်သောသရုပ်ဖော်ရေးသားချက်သည် မှတ်သားလောက်သည်။ ရှေးဦးစွာ၊ ခရစ်တော်သည် အထွတ်အမြတ်၊ အာဏာစက်တို့ကိုလုယူသည်။ "လုယူသည်" ၏မူရင်းဟေလသစကားလုံးသည် "ခွာသည်၊ ချွတ်သည်" ဟူ၍အဓိပ္ပါယ်ရသည်။ လက်ဝါးကပ်တိုင်ကြောင့်၊ ဘုရားသခင်၏လူတို့သည် လက်ဝါးကပ်တိုင်အပေါ် အောင်မြင်ခြင်းကိုယူဆောင်တော်မူသောသူကိုယုံကြည်အားကိုးနေသရွေ့၊ စာတန်သည် သူတို့ရှေ့တွင်သူ၏နတ်ဆိုးတန်ခိုးများအားလုံးချွတ်ချလျက်ရပ်နေသည်။ ဒုတိယအနေဖြင့်လက်ဝါးကပ်တိုင်သည် စာတန်နှင့်သူ၏အပေါင်းအပါများကို စကြဝဠာရှေ့တွင် "လူအများလက်ညှိုးထိုးခံ" ဖြစ်စေသည်။ တစ်ချိန်က အမြင့်ဆုံးသောဘုရားကဲ့သို့ငါနေမည်" (ဟေရှာ ၁၄း၁၄) ဟူ၍ကြွားလုံးထုတ်ခဲ့သောသူသည် ယခုတွင် စကြဝဠာရှေ့၌ရှက်ရွံ့ခြင်းနှင့် ရှုံးနိမ့်ခြင်းဖြင့်အများလက်ညှိုးအထိုးခံဖြစ်သွားရသည်။ မှောင်မိုက်ထဲမှအလင်းနိုင်ငံတော်သို့ ရောက်ရှိသွားသောယုံကြည်သူများအပေါ်တွင် စာတန်သည်မစိုးမိုးနိုင်တော့ချေ။ တတိယအနေဖြင့်၊ လက်ဝါးကပ်တိုင်သည် စာတန်၊ အပြစ်နှင့် သေခြင်းအပေါ်နောက်ဆုံးအောင်နိုင်ခြင်းကိုသေချာစေသည်။

ထို့ကြောင့်လက်ဝါးကပ်တိုင်သည် နတ်ဆိုးများကိုဘုရားသခင်အနိုင်ယူသောလက်နက်ဖြစ်သည်။

- ✳ ထိုသို့ဖြင့် အပြစ်လွှတ်ခြင်းကိုဖြစ်လာစေသောနည်းလမ်း (ကော ၂း၁၃)။
- ✳ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်း (၂ကော ၅း၁၉)။
- ✳ သို့ဖြစ်၍ အပြစ်သည်ကျွန်ုပ်တို့၏စိတ်နှင့်ခန္ဓာတွင်မစိုးမိုးဘဲ၊ အောင်မြင်သောအသက်နှင့် ခရစ်တော်၌ကြီးထွားခြင်းတို့သည် လက်ရှိဖြစ်နိုင်ရန်အတွက်အာမခံချက်ဖြစ်၍၊ ကျွန်ုပ်တို့၏ဘုရားသခင့်သားသမီးများဖြစ်ခြင်းကို သေချာစေသည် (ရောမ ၆း၁၂။ ၈း၁၄)။
- ✳ တစ်ချိန်ကစာတန်သည် မတရားသိမ်းယူခဲ့သည့် ဆိုးယုတ်သောကမ္ဘာမှအပြစ်၏ရှိနေခြင်းနှင့်တန်ခိုးကို နောက်ဆုံးတွင်သန့်ရှင်းစေမည် (ဗျာ ၂၁း၁)။

ဤရွေးနုတ်ခြင်းနှင့် အောင်မြင်ခြင်း၏လေ့ကားထစ်တိုင်းတွင်၊ ခရစ်တော်၏ "စာတန်သည်လျှပ်စစ်ကဲ့သို့ ကောင်းကင်မှကျသည်ကိုငါမြင်ပြီ" (လုကာ ၁၀:၁၈) ဟူသောအနာဂတ်ဟောကြားချက်၏ပြည့်စုံခြင်းကို ကျွန်ုပ်တို့မြင်ရသည်။

လက်ဝါးကပ်တိုင်ပေါ်ကခရစ်တော်သည် အပြစ်ပြဿနာအတွက် ဘုရားသခင်၏ ရွေးနုတ်သောလုပ်ရပ်ဖြစ်သည်။ သူ၏အသွေးသည် "လူများတို့၏အပြစ်ကိုလွှတ်စေခြင်းငှာသွန်း–" (မဿဲ ၂၆း၂၈) ကြောင်း၊ ခရစ်တော်အခိုင်အမာပြောဆိုချက်ကို ကျွန်ုပ်တို့ မေ့သွားမည်ကိုစိုးရိမ်စရာရှိသည်။ ထိုသွန်းသောအသွေးသည် ကယ်တင်ခြင်းကိုတွေ့ကြုံ ခံစားခြင်းနှင့်တန်ဖိုးထားမှုအတွက် မရှိမဖြစ်အရေးပါသည်။ တနည်းအားဖြင့် ၎င်းသည် အပြစ်အကြောင်းကိုပြောသည်။ အပြစ်သည်အမှန်အကန်ဖြစ်သည်။ အပြစ်သည် တန်ဖိုးကြီးသည်။ အပြစ်၏ချုပ်ကိုင်ခြင်းသည် အလွန်ပြင်းထန်၍သေစေနိုင်သည်ဖြစ်ရာ၊ အပြစ်ခွင့်လွှတ်ခြင်းနှင့် အပြစ်၏တန်ခိုးနှင့် အပြစ်ရှိခြင်းမှလွတ်မြောက်ခြင်းတို့သည် "ခရစ်တော်၏အသွေးတော်မြတ်" (၁ပေ ၁း၁၉) မပါဘဲမဖြစ်နိုင်ချေ။ ဤမှန်ကန်သောအပြစ်အကြောင်းကို ထပ်ခါထပ်ခါပြောဆိုရန်လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အပြစ်သည်အမှန်ဖြစ်သည်ကို ငြင်းပယ်သောကမ္ဘာ သို့မဟုတ် ၎င်းကို ဂရုမစိုက်သောကမ္ဘာတွင်နေထိုင်ကြသည်။ သို့သော်၊ လက်ဝါးကပ်တိုင်တွင်၊ ကျွန်ုပ်တို့သည် "လူများတို့၏အပြစ်ကိုလွှတ်စေခြင်းငှာသွန်း" (မဿဲ ၂၆း၂၈) သော အသွေးအားဖြင့်သာလျှင် သန့်ရှင်းစေနိုင်သည့်အပြစ်၏ဆိုးယုတ်သောဇာတိနှင့် ထိပ်တိုက် တွေ့ကြရသည်။

ယေရှုသည် ကျွန်ုပ်တို့၏အပြစ်များအတွက်အသေခံခဲ့သည်ဟူသောအချက်ကို ဘယ်ခါမျှမမေ့ကြရန် အသိရှိကြပါစို့။ သူ၏သေခြင်းမရှိလျှင်၊ အပြစ်ခွင့်လွှတ်ခြင်းမရှိ နိုင်ချေ။ ယေရှုကိုလက်ဝါးကပ်တိုင်ပေါ်တင်သောအရာမှာ ကျွန်ုပ်တို့၏အပြစ်များပင် ဖြစ်သည်။ ပေါလုဖော်ပြသကဲ့သို့ "ငါတို့သည် အကျိုးနည်းရှိစဉ်တွင် အချိန်တန်မှ ခရစ်တော်သည်မတရားသောသူတို့အတွက်ကြောင့် အသေခံတော်မူ၏။ ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့်အသေခံတော်မူသည်" (ရောမ ၅း၆–၈)။ အယ်လင်ဂျီဝှိုက်ကလည်း၊ အပြစ်သည် "ခရစ်တော်အပေါ်တွင် အလွန် လေးလံ၍၊ အပြစ်အပေါ်ဘုရားသခင်၏အမျက်ဒေါသကိုခံစားခြင်းသည် သူ့အသက်ကို နင်းခြေသည်" ဟုဆိုသည်။ ယေရှု၏ "တစ်ကြိမ်သာ" (ရောမ ၆း၁၀။ ဟေဗြဲ ၇း၂၇။ ၁၀း၁၀) ယဇ်ကောင်အဖြစ်အစားထိုးသေခြင်းကို အခိုင်အမာကြွေးကြော်ဟောပြောခြင်းမှ အဘယ်သူမျှမလွတ်မြောက်နိုင်ချေ။

ကျွန်ုပ်တို့သည် ခရစ်တော်၏ကောင်းမြတ်ခြင်း၊ ဘုရား–လူသားဖြစ်ခြင်း၊ ကြီးမြတ်သောဆရာဖြစ်ခြင်း သို့မဟုတ် အပြစ်ကင်းသောစံနမူနာအားဖြင့် ကယ်တင်ခြင်းခံရသည်မဟုတ်။ ကျွန်ုပ်တို့သည်လက်ဝါးကပ်တိုင်ပေါ် ခရစ်တော်၏အသေခံခြင်းအားဖြင့် ကယ်တင်ခြင်းခံရသည်။ "ကျွန်ုပ်တို့သည် ခရစ်တော်ခံစားထိုက်သောအရာကို ခံစားနိုင်ရန် သူသည် ကျွန်ုပ်တို့ခံစားထိုက်သည့်အပြစ်ဒဏ်ကိုခံခဲ့သည်။ ကျွန်ုပ်တို့နှင့် မထိုက်တန်သောသူ၏ဖြောင့်မတ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှာ သူသည် ကျွန်ုပ်တို့၏အပြစ်များကြောင့် မိမိနှင့်မပတ်သက်သောအပြစ်ဒဏ်စီရင်ခြင်းကိုခံခဲ့သည်။ ကျွန်ုပ်တို့သည် သူ၏အသက်ကိုရနိုင်မည်အကြောင်း၊ သူသည် ကျွန်ုပ်တို့၏ခံယူရမည့်အရာဖြစ်သော သေခြင်းကိုခံခဲ့သည်။ 'သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။'"

ထို့ကြောင့်၊ ယေရှု၏အသွေးသည် အပြစ်လွှတ်ခြင်းကိုသေချာစေ၍၊ အသစ်သောကြီးထွားခြင်းအတွက် မျိုးစေ့ကိုစိုက်ပေးသည်။ ခရစ်ယာန်အသက်တာ၌ စိတ်သစ်လူသစ်ဖြစ်ခြင်းနှင့် ကြီးထွားခြင်းတို့၏လက္ခဏာတစ်ခုမှာ ပြန်လည်သင့်မြတ်ခြင်းဖြစ်သည်။ လက်ဝါးကပ်တိုင်သည် လူသားများ၏သူ–နှင့်ပြန်လည်သင့်မြတ်ခြင်းကို ထိရောက်စေရန်အတွက် ဘုရားသခင်၏တန်ဆာပလာဖြစ်သည်။ တမန်တော်ပေါလုက "ဘုရားသခင်သည် ခရစ်တော်အထဲ၌ရှိနေလျက်၊ လောကီသားတို့ကို... ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့စေတော်မူ၏" (၂ကော ၅း၁၉) ဟုဆိုသည်။ လက်ဝါးကပ်တိုင်ပေါ်တွင်လုပ်ဆောင်ခဲ့သောအရာကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တွင်အပြစ်မရှိ၊ ကြောက်ရွံ့ခြင်းကင်းလျက်ရပ်နေနိုင်ကြသည်။ ကျွန်ုပ်တို့အား ဘုရားသခင်နှင့်ခပ်တန်းတန်းဖြစ်သွားစေသောအရာကိုဖြေရှင်းခဲ့ပြီးဖြစ်သည်။ "အရှေ့မျက်နှာစွန်းသည် အနောက်မျက်နှာစွန်းနှင့်ဝေးသည်အတိုင်း၊ ငါတို့၏အပြစ်များကို ငါတို့နှင့်ဝေးစေတော်မူ၏" (ဆာလံ ၁၀၃း၁၂)။ လက်ဝါးကပ်တိုင်ပေါ်မှလူသားသည် ဘုရားသခင်၏ရှေ့တော်သို့ သွားသောလမ်းအသစ်ကိုဖွင့်ပေးတော်မူခဲ့သည်။ သူသည် လက်ဝါးကပ်တိုင်ပေါ်တွင် "အမှုပြီးပြီ" ဟုကြေညာပြီး၊ သူ၏နောက်လိုက်များကို ဘုရားသခင်နှင့်အစဉ်မိတ်သဟာယဖွဲ့ခြင်းထဲသို့ဝင်စားကြရန် သူတိုက်တွန်းသည်။

ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းသည် ရွေးနုတ်ခြင်း၌ကြီးထွားမှုလုပ်ငန်းစဉ်၏ဒုတိယအဆင့်ဖြစ်သော ကျွန်ုပ်တို့လူသားချင်းနှင့် ပြန်လည်သင့်မြတ်ခြင်းအတွက် ချက်ချင်းလမ်းဖွင့်ပေးသည်။ လက်ဝါးကပ်တိုင်မြင်ကွင်း၏လှပမှုတစ်ခုမှာ ထိုနေရာတွင်လူအမျိုးမျိုးစုရုံးနေကြခြင်းဖြစ်သည်။ သူတို့အားလုံးသည် ယေရှုကိုကြည်ညို သူများမဟုတ်ကြချေ။ သူတို့အားလုံးသည် သန့်ရှင်းသူများလည်းမဟုတ်ကြပါ။ သို့သော် ထိုသူများကိုကြည့်ပါ။ မိမိတို့စီးပွားရေးအမြင်ထက်မြက်မှုကြောင့် ဂုဏ်ယူ

နေကြသော အီဂျစ်လူမျိုးများ၊ မိမိတို့ယဉ်ကျေးမှု၌ဝါကြွားသောရောမလူမျိုးများ၊ သူတို့၏လေ့လာသင်ကြားမှုတွင် ထူးချွန်သောဟေလသလူမျိုးများ၊ မိမိတို့ကိုယ်ကို ဘုရားသခင်ရွေးချယ်သောလူမျိုးအဖြစ် ယူဆသောယုဒလူမျိုးများ၊ သူတို့သည် ရွေးချယ်သောလူမျိုးမှ ရွေးချယ်ခံရသူများဟုထင်ကြသောဖာရိရှဲများ၊ ယုံကြည်ချက်အရာ၌ စင်ကြယ်သည်ဟု မိမိတို့ကိုယ်တိုင်ထင်သောဇဒ္ဒုကဲများ၊ လွတ်မြောက်ရာကိုရှာသော ကျွန်များ၊ ဖိမ်ခံနေကြသောလူလွတ်များ၊ လူယောကျ်ား၊ မိန်းမနှင့်ကလေးများစသည် ဖြင့်ရှိနေကြသည်။

သို့သော်လက်ဝါးကပ်တိုင်သည် ဤလူအားလုံးကိုမခွဲခြားချေ။ ၎င်းသည် သူတို့အားလုံးကိုအပြစ်သားများအဖြစ်ဆုံးဖြတ်သည်။ ၎င်းသည် သူတို့အားလုံးကို ဘုရားရှင်နှင့်ပြန်လည်သင့်မြတ်သည့်လမ်းစဉ်ကို ကမ်းပေးသည်။ လက်ဝါးကပ်တိုင် ခြေရင်းတွင် အားလုံးတပြေးညီသည်။ သူတို့အားလုံးရောက်လာကြသည်။ လူသားတို့ကိုဘယ်အရာကမျှမခွဲခြားတော့ချေ။ အသစ်သောညီအစ်ကိုဖြစ်ခြင်းအစပျိုးလာခဲ့သည်။ အသစ်သောမိတ်သဟာယဖွဲ့ခြင်းလည်းစတင်လာသည်။ အရှေ့အရပ်သည် အနောက်အရပ်နှင့်ပူးပေါင်းပြီးကာ၊ မြောက်အရပ်သည်လည်း တောင်အရပ်သို့ဆင်းလာသည်။ လူဖြူသည် လူမည်းကိုလက်ဆွဲနူတ်ဆက်၍၊ ချမ်းသာသောသူသည် သူဆင်းရဲသားတို့အပေါ် ဝမ်းမြောက်လျက်လက်ခုပ်တီးသည်။ လက်ဝါးကပ်တိုင်သည် လူအားလုံးကိုအသက်တာ၏ ချိုမြိန်မှုကိုမြည်းစမ်းရန်၊ ကျေးဇူးတော်တွေ့ကြုံခံစားမှုကိုဝေငှရန်၊ အသစ်သောအသက်တာ၊ အသစ်သောမိသားစုပေါ်ထွန်းလာခြင်းကို လောကသို့ကြေညာရန် အသွေးစမ်းရေသို့ ဖိတ်ကြားသည် (ဧဖက် ၂း၁၄–၁၆)။ ထိုသို့ဖြင့်လက်ဝါးကပ်တိုင်သည် စာတန်နှင့် အပြစ်အပေါ်အောင်နိုင်ခြင်းကို အစပျိုးပေး၍၊ ခရစ်တော်၌အသစ်သောအသက်တာကို ယူဆောင်လာခဲ့သည်။

**မိမိကိုယ်၌သေခြင်း။** ခရစ်ယာန်၏စိတ်သစ်လူသစ်ဖြစ်ခြင်းနှင့် ကြီးထွားခြင်း၏အရေးကြီးသောဒုတိယလက္ခဏာမှာ ကျွန်ုပ်တို့၏လူဟောင်း၌သေခြင်းဖြစ်သည်။ ခရစ်ယာန်၏အသစ်သောအသက်တာ၌ ဤအခြေခံလက္ခဏာကိုဆုပ်ကိုင်ခြင်းမရှိဘဲ သင်သည် ဓမ္မသစ်ကျမ်းကိုဖတ်၍မရနိုင်ချေ။ (ဂလာတိ ၂း၂၀) ကိုဖတ်ပါ။ “ငါသည် ခရစ်တော်နှင့်အတူလက်ဝါးကပ်တိုင်မှာအသေခံပြီ။ သို့သော်လည်းအသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည်ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းအားဖြင့် တည်၏။ သားတော်သည်ငါ့ကိုချစ်၍ ငါ့အဖို့ကိုယ်ကိုစွန့်တော်မူ၏။” သို့မဟုတ် (ရောမ ၆း၆–၁၁ ကိုဖတ်ပါ။ “ငါတို့၏လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံပြီဟုငါတို့သိကြ၏။ အကြောင်းမူကား၊

ငါတို့သည် နောက်မှအပြစ်တရား၏အစေကိုမခံစေခြင်းငှာ၊ အပြစ်တရား၏ကိုယ်ကို ဖျက်ဆီးမည်အကြောင်းတည်း။... ထိုနည်းတူသင်တို့သည် အပြစ်တရားနှင့်ဆိုင်သော အရာ၌ကား၊ အသေဖြစ်သည်ဟူ၍လည်းကောင်း၊ ဘုရားသခင်နှင့်ဆိုင်သောအရာ၌ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် အသက်ရှင်သည်ဟူ၍လည်းကောင်း၊ ကိုယ်ကိုကိုယ်ထင် မှတ်ကြလော့။" သို့မဟုတ် ခရစ်တော်၏အသစ်သောအသက်တာဆိုင်ရာ အခြေခံ သဘောတရားရှင်းလင်းစွာဖော်ပြချက်ကိုဖတ်ပါ။ "မြေ၌ကျသောစပါးစေ့သည် မပျက် လျှင်တစ်ခုတည်းနေ၏။ ပျက်လျှင်မူကား များစွာသောအသီးကိုသီးတတ်၏" (ယောဟန် ၁၂း၂၄)။

ထိုကြောင့်၊ ခရစ်ယာန်အသက်တာသည် မွေးဖွားခြင်းဖြင့်မစတင်ချေ။ ၎င်းသည် သေခြင်းနှင့်စသည်။ မိမိကိုယ်၌မသေ၊ မိမိကိုယ်ကို ကားစင်မတင်သတ်လျှင်၊ လုံး၀ အစပြုခြင်းမရှိသေးချေ။ တမင်ရည်ရွယ်လျက် မိမိကိုယ်ကိုလုံးလုံးပြောင်းလဲခြင်းရှိရမည်။ "လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသော အရာတို့သည်ပြောင်းလဲ၍၊ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ" (၂ကော ၅း၁၇)။ "ခရစ်ယာန်တစ်ယောက်၏အသက်တာသည် လူဟောင်းကိုပြုပြင်မွမ်းမံခြင်း သို့မဟုတ် ပိုကောင်းအောင်ပြုလုပ်ခြင်းမဟုတ်ဘဲ၊ ဇာတိသဘောကိုပြောင်းလဲခြင်းဖြစ် သည်။ အပြစ်နှင့်မိမိကိုယ်၌သေပြီး၊ အသစ်သောအသက်တာရှိရမည်။ ဤပြောင်းလဲ ခြင်းကိုသန့်ရှင်းသောဝိညာဉ်တော်၏ ထိရောက်သောလုပ်ဆောင်မှုအားဖြင့်သာလျှင် ဖြစ်လာနိုင်သည်။" တမန်တော်သည် ရေနှစ်ခြင်းအတွေ့အကြုံအားဖြင့် အပြစ်၌ သေခြင်းနှင့် အသစ်သောအသက်တာ၌ထမြောက်ခြင်းတို့ကို မီးမောင်းထိုးပြသည်။ "ယေရှုခရစ်၌ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် အသေခံတော်မူခြင်း၌ဗတ္တိဇံကိုခံကြသည် ဟုသင်တို့မသိကြသလော။ ထိုကြောင့်အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသောအားဖြင့်၊ ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကိုခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှထမြောက်တော်မူသည်နည်းတူ၊ ငါတို့ သည်လည်း အသစ်သောအသက်တာ၌ကျင်လည်ရကြသတည်း" (ရောမ ၆း၃၊၄)။ ထိုကြောင့် နှစ်ခြင်းသည်အသစ်သောအသက်တာ၏တံခါးကို ဖွင့်ပေးသည်ကိုပုံဆောင်၍၊ ကျွန်ုပ်တို့ကို ခရစ်တော်၌ကြီးထွားရန်ဖိတ်ကြားသည်။

ယေရှုကိုကယ်တင်ရှင်နှင့် အရှင်သခင်အဖြစ်လက်ခံသောသူ၌ ပြောင်းလဲမှုဖြစ်ပေါ် လာသည်။ ကြောက်ရွံ့သောရှိမုန်သည် ရဲရင့်သောပေတရုဖြစ်လာသည်။ ညှဉ်းဆဲသော ရှောလုသည် သတင်းဟောပြောသောပေါလုဖြစ်လာသည်။ သံသယကြီးသောသောမတ် သည် ရှေ့တန်းသာသနာပြုဖြစ်လာသည်။ သူရဲဘောကြောင်ခြင်းနေရာ၌ရဲစွမ်းသတ္တိဝင် လာသည်။ မယုံကြည်မှုကိုယုံကြည်ခြင်းမီးရှူးကအစားထိုးလာသည်။ မနာလိုမှုကို

ချစ်ခြင်းမေတ္တာကဝါးမျိုလိုက်သည်။ တစ်ကိုယ်ကောင်းဆန်ခြင်းသည် ညီအစ်ကိုချင်း ချစ်ခြင်းအထဲ၌ပျောက်ကွယ်သွားရသည်။ စိတ်နှလုံးထဲတွင် အပြစ်အတွက်နေရာမရှိ တော့ပြီ။ မိမိကိုယ်ကိုကားစင်တင်သတ်ခဲ့ပြီ။ ထိုအကြောင်းကြောင့်၊ ပေါလုက "သင်တို့သည် လူဟောင်း၏အကျင့်တို့နှင့် လူဟောင်း၏ကိုယ်ကိုချွတ်ပယ်၍၊ ဖန်ဆင်း တော်မူသောသူ၏ပုံသဏ္ဌာန်နှင့်အညီ၊ မှန်သောပညာအားဖြင့် အသစ်ပြုပြင်သောလူသစ် ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏" (ကောလော ၃း၉၊၁၀) ဟုရေးခဲ့သည်။

ယေရှုက "ငါ့ကိုဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်" (မဿဲ ၁၆း၂၄) ဟု အခိုင် အမာဆိုသည်။ ခရစ်ယာန်အသက်တာ၌ မိမိကိုယ်၌သေခြင်းသည် ရွေးစရာမဟုတ်ဘဲ မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ လက်ဝါးကပ်တိုင်နှင့် ၎င်း၏ချက်ချင်းနှင့်နောက်ဆုံး တောင်းဆိုချက်တို့သည် ခရစ်ယာန်တပည့်တော်ဖြစ်ခြင်းကိုရင်ဆိုင်ဖြေရှင်းရမည်ဖြစ်၍၊ လုံးလုံးတုံ့ပြန်မှုကိုလည်းတောင်းဆိုသည်။ "အကယ်၍ ကျွန်ုပ်တို့၏ခရစ်ယာန်ဘာသာ သည် တပည့်တော်ဖြစ်စေခြင်းအကြောင်း၏လေးနက်မှုကို ရပ်တန့်စေ၍၊ ဧဝံဂေလိ တရားကိုတန်ဖိုးမရှိသောတောင်းဆိုမှုကို ဖန်တီးသောစိတ်ခံစားမှုကိုမြှင့်တင်သည့်အရာ မျှအဖြစ် ပေါ့ပျက်သွားစေပြီး၊ သဘာဝဖြစ်လာသောအရာနှင့် ခရစ်ယာန်အတွေ့အကြုံ တို့ကိုမခွဲခြားနိုင်ခဲ့လျှင်၊ ကျွန်ုပ်တို့သည်လက်ဝါးကပ်တိုင်ထမ်းခြင်းကို သာမန်နေ့စဉ် ဘေးဒုက္ခ၊ အသက်တာ၏စမ်းသပ်မှုနှင့် ကြီးစွာသောဒုက္ခတစ်ခုအဖြစ်မျှသာ သဘော ထားကြလိမ့်မည်။ ခရစ်တော်သည် လူတစ်ဦးကိုခေါ်သောအခါ၊ သူ့ထံသို့လာရန်နှင့် သေရန်ဖိတ်ခေါ်သည်။... ၎င်းသည် အချိန်တိုင်းယေရှုခရစ်၌သေခြင်း၊ ဖိတ်ခေါ်ခြင်း ခံရချိန်၌ လူဟောင်းသေခြင်းကိုဆိုလိုသည်။

ထိုကြောင့် ခရစ်ယာန်အသက်တာ၌ခေါ်ခြင်းသည် လက်ဝါးကပ်တိုင်သို့ခေါ်ခြင်း ဖြစ်သည်။ မိမိကိုယ်ကိုနှင့် မိမိကိုယ်တိုင်ကယ်တင်ရှင်ဖြစ်လိုသောဆန္ဒတို့ကို အစဉ် ငြင်းပယ်ခြင်းဖြစ်သည်။ ထိုနောက်၊ ကျွန်ုပ်တို့၏ "ယုံကြည်ခြင်းသည် လူပညာ အားဖြင့်မတည်၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့်တည်စေခြင်းငှာ" (၁ကော ၂း၅) လက်ဝါးကပ်တိုင်ပေါ်မှလူသားအပေါ် လုံးလုံးဆည်းကပ်ခြင်းဖြစ်သည်။

**အသစ်သောအသက်တာဖြင့်နေထိုင်ခြင်း။** ခရစ်တော်၌ကြီးထွားခြင်း၏ တတိယလက္ခဏာမှာ အသစ်သောအသက်တာဖြင့်နေထိုင်ခြင်းဖြစ်သည်။ ခရစ်ယာန် အသက်တာကိုနားလည်မှုလွဲမှားစေသည့်အရာတစ်ခုမှာ ကယ်တင်ခြင်းသည် ဘုရား သခင့်ကျေးဇူးတော်၏ဆုလက်ဆောင်ဖြစ်သည်။ ၎င်းပြီးနောက် အခြားဘာမျှမလိုအပ်

တော့ပါဟူသောအရာဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ "အသွေးအားဖြင့်အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြသည်" (ဧဖက် ၁း၇၊ ၈) မှာမှန်ကန်သည်။ "ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။ သို့ဖြစ်၍အဘယ်သူမျှဝါကြွားစရာအခွင့်မရှိ" (ဧဖက် ၂း၈၊၉) ဆိုသည်မှာလည်းမှန်ကန်သည်။

ကျေးဇူးတော်သည် အခမဲ့ဖြစ်သည်မှာမှန်သည်။ သို့သော် ကျေးဇူးတော်ကို ဘုရားသခင့်သားတော်၏အသက်ဖြင့် အဖိုးပေးရသည်။ အခမဲ့ကျေးဇူးတော်သည် ဈေးပေါပေါကျေးဇူးတော်ကိုမဆိုလိုပါ။ "ဈေးပေါပေါကျေးဇူးတော်သည် နောင်တမရသော်လည်း အပြစ်ခွင့်လွှတ်ခြင်း၊ အသင်းတော်စည်းမျဉ်းမလိုက်လျှောက်ဘဲ နှစ်ခြင်းခံခြင်း၊ အပြစ်ဝန်ချခြင်းမရှိဘဲပွဲတော်ဝင်ခြင်း၊ ကိုယ်တိုင်အပြစ်မဝန်ခံဘဲ အပြစ်ဖြေပေးခြင်းတို့ဖြစ်သည်။ ဈေးပေါပေါကျေးဇူးတော်သည် တပည့်တော်ဖြစ်စေခြင်းမပြုသောကျေးဇူးတော်၊ လက်ဝါးကပ်တိုင်မပါသောကျေးဇူးတော်၊ အသက်ရှင်၍လူ့ဇာတိခံယူသည့် ယေရှုခရစ်မပါသောကျေးဇူးတော်ဖြစ်သည်။

ဈေးပေါပေါကျေးဇူးတော်သည် ယေရှု၏ခေါ်တော်မူခြင်းနှင့်လုံးဝမသက်ဆိုင်ချေ။ ယေရှုသည် လူတစ်ဦးကိုခေါ်သောအခါ၊ သူထမ်းဖို့ရာလက်ဝါးကပ်တိုင်ကိုပေးသည်။ တပည့်တော်ဖြစ်ခြင်းသည် နောက်လိုက်ဖြစ်ခြင်းဖြစ်၍၊ ယေရှု၏နောက်လိုက်ဖြစ်ခြင်းသည်၊ ဈေးပေါပေါလုပ်ရပ်မဟုတ်ချေ။ ကောရိန္သုမြို့သားများထံသို့ ပေါလုသည်ကျေးဇူးတော်၏ဝတ္တရားများကို အားမာန်ပါပါရေးခဲ့သည်။ ရှေးဦးစွာ သူ့ကိုယ်ပိုင်အတွေ့အကြုံကိုပြောသည်။ "ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သာ ငါဖြစ်သည်အတိုင်းငါဖြစ်၏။ ငါခံရသောကျေးဇူးတော်ကိုလည်း အကျိုးမဲ့ခံရသည်မဟုတ်။ အခြားသောတမန်တော်အပေါင်းတို့ထက်၊ ငါသည်သာ၍ကြိုးစားခြင်းကိုပြု၏။ ထိုသို့ဆိုသော်လည်း၊ ငါကြိုးစားသည်မဟုတ်။ ငါနှင့်အတူရှိသော ဘုရားသခင်၏ကျေးဇူးတော်သည် ကြိုးစားတော်မူ၏" (၁ကော ၁၅း၁၀)။ ထို့ကြောင့် ပေါလုသည်သူ့အသက်တာတွင် ဘုရားသခင့်ကျေးဇူးတော်၏ကြီးစိုးမှုကိုအသိအမှတ်ပြုသည်။ ကျေးဇူးတော်ကို သူ့အားအကျိုးမဲ့မပေးကြောင်းကို သူထပ်၍ပြောသည်။ ဟေလသစကားလုံး အဲစ်ကဲနုန် (eis kenon) သည် "အလွတ်၊ ဗလာ–" ဟူ၍အဓိပ္ပါယ်ရသည်။ ဆိုလိုသည်မှာ၊ ပေါလုသည်အချည်းနှီးဖြစ်သော ဗလာအသက်တာဖြင့်နေထိုင်ရန် ကျေးဇူးတော်ကိုရရှိခဲ့ခြင်းမဟုတ်ဘဲ၊ ဝိညာဉ်တော်အသီးနှင့်ပြည့်ဝသောအသက်တာဖြင့် အသက်ရှင်ရန်ရရှိခြင်းဖြစ်သည်။

ထိုအရာပင်လျှင် သူ၏ကိုယ်ပိုင်ခွန်အားဖြင့်မဟုတ်ဘဲ၊ သူ့အထဲ၌ကိန်းဝပ်သော ကျေးဇူးတော်၏တန်ခိုးအားဖြင့်ဖြစ်သည်။ အလားတူစွာ၊ သူသည်ယုံကြည်သူများအား "ဘုရားသခင်၏ကျေးဇူးတော်ကို အကျိုးမဲ့မခံကြ" (၂ကော ၆း၁) ရန်တောင်းဆိုသည်။

ဘုရားသခင်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့ကိုအလွတ်ဗလာဖြစ်ခြင်းမှ အခြားအချည်းနှီးဖြစ်ခြင်းသို့ရွှေ့နုတ်ရန် ရောက်လာခြင်းမဟုတ်ချေ။ ဘုရားသခင်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့ကိုသူနှင့်ပြန်လည်သင့်မြတ်စေရန်၊ သူ၏မိသားစုဝင်ဖြစ် စေရန်၊ စာတန်ကိုကြောက်ရွံ့ခြင်းနှင့်သူ၏အချုပ်အနှောင်မှ ကျွန်ုပ်တို့ကိုလွတ်မြောက် စေရန် သူ၏လုပ်ဆောင်မှုဖြစ်သည်။ မိသားစုထဲသို့ရောက်လာသောအခါ၊ ကျွန်ုပ်တို့ သည် မိသားစုအထဲတွင်နေထိုင်၍၊ သူ၏အံ့ဖွယ်ကျေးဇူးတော်တန်ခိုးအားဖြင့် ဘုရားသခင်၏ မေတ္တာအသီးများကိုသီးသည်။

ထိုကြောင့် ခရစ်တော်၌ကြီးထွားခြင်းသည် ရင့်ကျက်ခြင်း၌ကြီးထွားခြင်းဖြစ် သည်။ ထိုသို့ဖြင့် နေ့စဉ်ကျွန်ုပ်တို့သည် ခရစ်တော်၏အလိုကိုရောင်ပြန်ဟပ်၍၊ ခရစ်တော်၏လမ်း၌ လျှောက်လှမ်းကြသည်။ ထိုသို့ဆိုသော်၊ ဤရင့်ကျက်သော အသက်တာ၏လက္ခဏာများနှင့် ၎င်း၏အစဉ်ကြီးထွားခြင်း၏အမှတ်အသားများကား အဘယ်နည်း။ ကျွန်ုပ်တို့သည် အောက်ပါဝိသေသလက္ခဏာခုနစ်ခု (ဤမျှနှင့်သာ မပြီးဆုံးသေးပါ) အပေါ် ရောင်ပြန်ဟပ်နိုင်ကြသည်။

## ခရစ်တော်၌ကြီးထွားခြင်း၏ဝိသေသလက္ခဏာများ

**၁။ ဝိညာဉ်ပကတိအသက်တာ။** ယေရှုသည် နိကောဒင်ကို "ရေနှင့် ဝိညာဉ်တော်မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရ" (ယောဟန် ၃း၅) ဟုပြောပြခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ပြန်လည် အားဖြည့်သောတန်ခိုးမပါဘဲ၊ ခရစ်ယာန်အသက်တာကိုအစပြု၍ပင်မရနိုင်ချေ။ သူသည် သမ္မာတရားနှင့်ပြည့်ဝသောဝိညာဉ်တော်ဖြစ်သည် (ယောဟန် ၁၄း၁၇)။ သူသည် သမ္မာတရားကိုအကြွင်းမဲ့သွန်သင်ပြသပြီး (ယောဟန် ၁၆း၁၃)၊ သမ္မာကျမ်းစာ၌ ဖော်ပြထားသည့်အတိုင်း ဘုရားသခင်၏အလိုတော်ကို ကျွန်ုပ်တို့အားနားလည်စေ သည်။ သူသည် ဒုစရိုက်အပြစ်၊ ဖြောင့်မတ်ခြင်းနှင့် အပြစ်စီရင်ခြင်းတို့ကိုဖော်ပြမည် (ယောဟန် ၁၆း၇၊၈)။ ထိုသို့မဟုတ်ပါက၊ ကျွန်ုပ်တို့၏အပြုအမူများနှင့် အသက်တာက ပို့ဆောင်မည့် လက်ရှိအကျိုးဆက်နှင့် ထာဝရအကျိုးဆက်တို့ကို ကျွန်ုပ်တို့မသိနိုင်ချေ၊ ၎င်းသည် ပြောင်းလဲခြင်းတန်ခိုးဖြစ်၍၊ ကျွန်ုပ်တို့အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော် ရှိခြင်းသည် ကျွန်ုပ်တို့ကို ဘုရားသခင်၏သားများ၊ သမီးများဖြစ်စေသည် (ရောမ ၈း၁၄)။

ခရစ်တော်သည် "ငါ့တို့၌တည်တော်မူသည်" (၁ယော ၃း၂၄) အရာမှာ ဝိညာဉ်တော်အားဖြင့်ဖြစ်သည်။ ဝိညာဉ်တော်ကိန်းဝပ်ခြင်းနှင့်အတူ၊ ဘုရားသခင်၏အလိုတော်နှင့် ဆန့်ကျင်သည့် ဟောင်းသောအတွေး၊ အပြုအမူ၊ ဆက်ဆံရေးများကို ငြင်းပယ်သော အသက်တာအသစ်၊ ကျွန်ုပ်တို့ကိုအသစ်သောသတ္တဝါ၊ ပြန်လည်သင့်မြတ်သောသူ၊ ရွေးနုတ်ခံရသောသူဖြစ်စေသည့် အသစ်သောအသက်တာ၊ ဖြောင့်မတ်ခြင်း၌ကြီးထွားရန် (ရောမ ၈း၁–၁၆) နှင့် "ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဍာန်တော်နှင့်အညီပြောင်းလဲခြင်းရှိ" (၂ကော ၃း၁၇၊၁၈) ရန်အလို့ငှာ အပြစ်မှလွတ်မြောက်သောအသက်တာအသစ်သည် ရောက်ရှိလာသည်။ "ဘုရားသခင်၏ဝိညာဉ်တော်သည် စိတ်နှလုံးကိုသိမ်းပိုက်သော အခါ၊ အသက်တာကိုပြောင်းလဲသည်။ အပြစ်ရှိသောအတွေးများကိုဖယ်ရှားသည်၊ မကောင်းသောအကျင့်များကိုစွန့်လွှတ်သည်။ ချစ်ခြင်း၊ နှိမ့်ချခြင်းနှင့် ဝမ်းမြောက်ခြင်းတို့သည် စိတ်ဆိုးခြင်း၊ ဝန်တိုခြင်းနှင့်ပဋိပက္ခတို့နေရာကိုယူလာကြသည်။ ဝမ်းမြောက်ခြင်းသည် ဝမ်းနည်းခြင်းကိုအစားထိုး၍၊ မျက်နှာသည်ကောင်းကင်၏အလင်းကိုရောင်ပြန်ဟပ်သည်။ ဝန်ထုပ်ကိုပင့်မပေးသောလက်၊ သို့မဟုတ် အထက်မှဆင်းသက်လာသော အလင်းကိုအဘယ်သူမျှမမြင်ရချေ။ အသက်ဝိညာဉ်သည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ထံအပ်နှံသောအခါ၊ ကောင်းချီးမင်္ဂလာရောက်လာသည်။ ထိုအခါ လူ့မျက်စိဖြင့်မမြင်နိုင်သောတန်ခိုးသည် ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ အသစ်သောသတ္တဝါကိုဖန်ဆင်းသည်။"

ဝိညာဉ်တော်အားဖြင့်၊ ကျွန်ုပ်တို့သည် "ဘုရားသခင်၏အမွေခံဖြစ်ကြ၏။ ခရစ်တော်နှင့်အတူ ဘုန်းဝင်စားမည်အကြောင်း၊ ထိုသခင်နှင့်အတူဆင်းရဲဒုက္ခကိုခံရလျှင်၊ ထိုသခင်နှင့်ဆက်ဆံသောအမွေခံလည်းဖြစ်ကြ၏" (ရောမ ၈း၁၇)။ ဝိညာဉ်ပကတိရှိသော အသက်တာသည် ဝိညာဉ်ရေးလှုပ်ရှားမှုရှိရန်ခေါ်ခြင်းဖြစ်သည်။ ခရစ်တော်နှင့်အတူ အနာဂတ်ဘုန်းတော်ကိုကျွန်ုပ်တို့သည် ဝင်စားနိုင်ရန်အလို့ငှာ၊ ယခုဘဝတွင်ခရစ်တော်၏ ဒုက္ခဆင်းရဲကိုမျှဝေခံစား၍၊ အပြစ်ဟောင်းကိုငြင်းပယ်ရန် ခေါ်ခြင်းဖြစ်သည်။ ထို့ကြောင့် ခရစ်ယာန်ဝိညာဉ်ရေးသည် စိတ်ကူးယဉ်ကမ္ဘာ၊ နတ်ဘုံသို့ပျံသန်းသွားခြင်းမဟုတ်ချေ။ ၎င်းသည် ဒုက္ခခံရန်၊ ဝေငှရန်၊ သက်သေခံရန်၊ ဝတ်ပြုကိုးကွယ်ရန်နှင့် ဤကမ္ဘာပေါ်၊ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်နှင့်နေအိမ်တို့တွင် ခရစ်တော်၏အသက်တာနှင့် နေထိုင်အသက်ရှင်ရန်ဖြစ်သည်။ ဤအရာသည် ဝိညာဉ်တော်ကိန်းအောင်းခြင်းအားဖြင့်သာလျှင် ဖြစ်နိုင်သည်။ ယေရှု၏ဆုတောင်းချက်မှာ ကျွန်ုပ်တို့သည်ဤလောကတွင်ရှိနေကြသော်လည်း လောကနှင့်မဆိုင်ရန်ဖြစ်သည် (ယောဟန် ၁၇း၁၅)။ ကျွန်ုပ်တို့သည်

ကမ္ဘာပေါ်တွင်နေထိုင်ရမည်။ ၎င်းသည် ကျွန်ုပ်တို့နေထိုင်ရာ၊ သာသနာပြုရာလယ်ပြင်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည်ဤလောကနှင့်မသက်ဆိုင်ချေ။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံသားများဖြစ်၍၊ လာမည့်ကမ္ဘာကိုမျှော်လင့်နေကြသည် (ဖိ ၃း၂၀)။

ပေါလုက ဤဝိညာဉ်ရေးနှင့်ပြည့်သောအသက်တာသည် ဝိညာဉ်ရေး၌ကြီးထွားရင့်သန်သောသူဖြစ်သည်ဟုဖော်ပြသည်။ ထိုရင့်ကျက်မှုသည် ဇာတိပကတိအကျင့်တည်းဟူသော "သူ့မယားကိုပြစ်မှားခြင်း၊ မတရားသောမေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာလွန်ကျူးခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်း၊ သူတစ်ပါးကိုပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်း၊ အချင်းချင်းကွဲပြားခြင်း၊ သင်းခွဲခြင်း၊ သူ့အကျိုးကိုငြူစူခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ ယစ်မျိုးကိုသောက်ကြူးခြင်း၊ ပွဲလုပ်ခြင်း" (ဂလာတိ ၅း၁၉–၂၁) တို့ကိုငြင်းပယ်၍၊ ဝိညာဉ်တော်၏အသီးတည်းဟူသော "ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း" (ဂလာတိ ၅း၂၂၊၂၃) တို့ကိုလက်ခံ၍၊ သီးလိမ့်မည်။

**၂။ ချစ်ခြင်းနှင့်စည်းလုံးခြင်းရှိသောအသက်တာ။** ခရစ်ယာန်အသက်တာသည် စည်းလုံးသောအသက်တာ၊ ဘုရားသခင်နှင့်လည်းကောင်း၊ လူသားအချင်းချင်းနှင့်လည်းကောင်း ပြန်လည်သင့်မြတ်သောအသက်တာဖြစ်သည်။ ပြန်လည်သင့်မြတ်ခြင်းသည် ဆက်ဆံရေးပြတ်တောက်ခြင်းကိုကုစားခြင်းဖြစ်၍၊ ဤဆက်ဆံရေးပြတ်တောက်သွားရခြင်း၏အဓိကအကြောင်းရင်းမှာ အပြစ်ဖြစ်သည်။ အပြစ်သည် ကျွန်ုပ်တို့ကိုဘုရားသခင်ထံမှကွာစေ၍ (ဟေရှာ ၅၉း၂)၊ လူသားတို့ကို လူမျိုးရေး၊ လူမျိုးစု၊ ယောကျ်ားမိန်းမ၊ နိုင်ငံသား၊ အသားအရောင်၊ အမျိုးဇာတ်၊ လူမျိုးနွယ်စု စသည်ဖြင့်အပိုင်းပိုင်းခွဲခဲ့ပြီ။ ယေရှု၏ဧဝံဂေလိသတင်းစကားသည် အပြစ်နှင့်၎င်းနှင့်တွဲနေသောဆက်ဆံရေးပြတ်တောက်ခြင်းပြဿနာဖြေရှင်းပြီး၊ အသစ်သောစည်းလုံးခြင်းနှင့်ပြန်လည်သင့်မြတ်ခြင်းစနစ်ကိုဖန်တီးပေးသည်။ ထို့ကြောင့် ပေါလုက၊ "ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့စေတော်မူ၏" (၂ကော ၅း၁၈) ဟူ၍ပြောနိုင်သည်။ ဤပြန်လည်သင့်မြတ်ခြင်းမှ အသစ်သောလူစုမွေးဖွားလာသည်။ ဤရွေးနုတ်ခံလူစုကို ဘုရားသခင်နှင့်အထက်အောက်စည်းလုံးခြင်းနှင့် မိမိတို့လူသားချင်းနှင့်တပြေးညီစည်းလုံးခြင်းတို့ဖြင့်မှတ်သားရသည်။ အမှန်မှာ ဤချစ်ခြင်းနှင့်စည်းလုံးခြင်းရှိသောအသက်တာသည် ဧဝံဂေလိတရား၏အနှစ်ချုပ်ဖြစ်သည်။ ယေရှုသည်ယဇ်ပုရောဟိတ်မင်းဆုတောင်းချက်ကို ဤသို့ဆိုခဲ့သည်။ "ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို လောကီသားတို့သည် ယုံကြည်

မည်အကြောင်း၊ ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍၊ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့၊ ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှာ ဆုတောင်းပါ၏" (ယောဟန် ၁၇း၂၁)။ ခရစ်တော်၏ကယ်တင်သောသာသနာတစ်ခုလုံးနှင့် ဧဝံဂေလိတရား၏တန်ခိုးတို့သည် ရွေးနုတ်ခံလူစုတို့ကို မေတ္တာနှင့်စည်းလုံးခြင်း၌သက်သေထူရန်အတွက် ကြွေးကြော်သည်။ ထိုသို့သောမေတ္တာနှင့်စည်းလုံးခြင်းမရှိဘဲ ခရစ်ယာန်အသက်တာကြီးထွားခြင်းမရှိနိုင်ချေ။ ဤစည်းလုံးခြင်းနှင့်မေတ္တာလွှမ်းမိုးသောနေရာတွင်၊ လူများအကြား ခြားထားသောတံတိုင်းအားလုံးသည်ပြိုလဲသွားလိမ့်မည်။ လူမျိုး၊ နိုင်ငံသား၊ ယောကျ်ားမိန်းမ၊ အမျိုးဇာတ်၊ လူမျိုးစု၊ အသားအရောင်စသည့်အတားအဆီးများနှင့် အခြားခွဲခြားသောအကြောင်းရင်းများသည် အသစ်သောအသက်တာ၊ အသစ်သော ကိုယ်ချင်းစာမှုတို့ကို တွေ့ကြုံခံစားသောသူ၏အသက်တာတွင် ဖျက်သိမ်းခြင်းခံရသည် (ဧဖက် ၂း၁၁–၁၆)။ ထိုသူသည်ကြီးထွား၍၊ ရင့်ကျက်လာသောအခါ၊ ပြန်လည်သင့်မြတ်ခြင်း၊ ချစ်ခြင်းနှင့်စည်းလုံးခြင်းတို့၏ခမ်းနားသောအမှန်တရားသည် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၌လည်းကောင်း၊ ခရစ်ယာန်အသက်တာကို စုပေါင်းဖော်ထုတ်ရာ၌လည်းကောင်း သာ၍သာ၍တောက်ပလာသည်။

ခရစ်ယာန်ကြီးထွားခြင်း၌ ချစ်ခြင်းမေတ္တာသည် ဧဝံဂေလိတရားအတွက် ထူးခြားမှုဖြစ်သည်။ ယေရှုသည် ၎င်းကိုအသစ်သောပညတ်ချက်ဟုခေါ်သည် (ယောဟန် ၁၃း၃၄)။ သို့သော် ထိုအသစ်သည် ချစ်ခြင်းမေတ္တာကိုရည်ညွှန်းသည်မဟုတ်၊ မေတ္တာဦးတည်ချက်ကိုဆိုလိုသည်။ လူတို့သည်ချစ်ကြသည်။ သို့သော် သူတို့သည် ချစ်စရာကောင်းသောအရာ၊ မိမိတို့နှင့်ဆိုင်သောအရာကိုသာချစ်ကြသည်။ သို့သော် ယေရှုသည်ချစ်ရမည့်အကြောင်းရင်းအသစ်ကို မိတ်ဆက်ပေးခဲ့သည်။ "ငါသည် သင်တို့ကို ချစ်သည်နည်းတူ၊ သင်တို့လည်းအချင်းချင်းချစ်ကြလော့။" ဆိုလိုသည်မှာ ယေရှု၏ လူတိုင်းကိုချစ်သောမေတ္တာ၊ ပေးဆပ်သောမေတ္တာ၊ ပြည့်စုံသောမေတ္တာကဲ့သို့၊ ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာသည်လည်းဖြစ်ရမည်။ မေတ္တာအသစ်သည် အတားအဆီးများကို မတည်ဆောက်ချေ။ ၎င်းတွင်လူသားအားလုံးပါဝင်သည်။ ၎င်းသည် ရန်သူကိုပင်ချစ်သည်။ ထိုသို့သောမေတ္တာသည် "ပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းရှိသမျှတို့၏အချုပ်အခြာပင်ဖြစ်သတည်း" (မဿဲ ၂၂း၃၇–၄၀)။

အိမ်နီးချင်းကိုချစ်ပါဟူသောပညတ်ချက်ကို ပြုပြင်မွမ်းမံ၍မရပါ။ ကျွန်ုပ်တို့သည် ချစ်ရမည့်သူကိုမရွေးရပါ။ ကျွန်ုပ်တို့အား လူတိုင်းကိုချစ်ရန်တောင်းဆိုသည်။ ကောင်းသောရှမာရိဥပမာတွင်၊ "သင်၏အိမ်နီးချင်းသည် သင်နှင့်ဆိုင်သောအသင်းတော်၊

သို့မဟုတ် ယုံကြည်ခြင်းတူသူတို့ကိုမဆိုလိုချေ။ ၎င်းသည် လူမျိုး၊ အသားရောင်၊ အဆင့်အတန်းခြားနားခြင်းကိုလည်းမရည်ညွှန်းချေ။ ကျွန်ုပ်တို့၏အိမ်နီးချင်းသည် ကျွန်ုပ်တို့၏အကူအညီကိုလိုအပ်သောသူတိုင်းဖြစ်သည်။ ကျွန်ုပ်တို့၏အိမ်နီးချင်းသည် ရန်သူစာတန်ကအနာတရဖြစ်စေသော ဝိညာဉ်အားလုံးဖြစ်သည်။ ကျွန်ုပ်တို့၏အိမ်နီးချင်းသည် ဘုရားသခင်ပိုင်ဆိုင်သောလူတိုင်းဖြစ်သည်။

စစ်မှန်သောအိမ်နီးချင်းကိုချစ်ခြင်းသည် အသားအရောင်မခွဲခြားဘဲ၊ လူသားဆန်မှုကိုရင်ဆိုင်ပေးသည်။ ၎င်းသည် အမျိုးဇာတ်မြင့်ဇာတ်နိမ့်မခွဲဘဲ၊ ဝိညာဉ်၏ကြွယ်ဝချမ်းသာခြင်းကိုဖြည့်ဆည်းပေးသည်။ ၎င်းသည် လူတစ်ဦး၏ဂုဏ်သိက္ခာကိုသိက္ခာမဲ့ခြင်းမှကယ်တင်သည်။ ၎င်းသည် ဝါဒ၊ ဒဿနတို့၏မီးလောင်တိုက်သွင်းခြင်းကပ်ဆိုးမှ လူ့ကြမ္မာကိုကယ်တင်သည်။ အမှန်မှာ၊ စစ်မှန်သောမေတ္တာရှိသောသူသည် တစ်ဦးချင်းစီ၏မျက်နှာတွင် ဘုရားသခင်၏ပုံသဏ္ဌာန်၊ စွမ်းရည်၊ မီးခဲပြာဖုံးဖြစ်ခြင်း သို့မဟုတ် အစစ်အမှန်ကိုမြင်သည်။ ကြီးထွား၍ရင့်ကျက်သောခရစ်ယာန်သည် ခရစ်ယာန်အားလုံး၏စည်းလုံးခြင်းတွင် အမှန်ပင်အခြေခံဖြစ်သည့် ထိုသို့သောမေတ္တာမျိုးကိုပိုင်ဆိုင်လိမ့်မည်။

**၃။ လေ့လာသင်ယူသောအသက်တာ။** အစားအစာသည် ကြီးထွားခြင်းအတွက်အခြေခံလိုအပ်ချက်ဖြစ်သည်။ မည်သည့်သက်ရှိမဆို လုပ်ငန်းလုပ်ဆောင်ရန် လုံလောက်သောအာဟာရကို အမြဲလိုအပ်သည်။ ဝိညာဉ်ရေးကြီးထွားမှုသည်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ဝိညာဉ်ရေးအစာကိုအဘယ်မှာတွေ့ရှိနိုင်မည်နည်း။ အဓိကအားဖြင့် အရင်းအမြစ်နှစ်ခုမှရနိုင်သည်။ ၎င်းတို့မှာ နှုတ်ကပတ်တော်လေ့လာခြင်းနှင့် ဆုတောင်းသောအသက်တာကို ပျိုးထောင်ခြင်းတို့အားဖြင့် ဘုရားသခင်နှင့်ရင်းရင်းနှီးနှီးဆက်ဆံခြင်းဖြစ်သည်။ ယေရှုကိုယ်တိုင်၏စကားတွင် ရှင်းလင်းစွာသွန်သင်သကဲ့သို့ ဝိညာဉ်ရေးအသက်တာအတွက် ဘုရားသခင်၏နှုတ်ကပတ်တော်သည် အရေးကြီးသည်။ “လူသည် မုန့်အားဖြင့်သာအသက်မွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာလာသည်” (မဿဲ ၄း၄)။ ယေရှုသည် စာတန်ကိုရင်ဆိုင်ရာတွင် နှုတ်ကပတ်တော်ကိုမည်သို့အသုံးပြုကြောင်း ပြည့်စုံသောနမူနာကိုပေးသည်။ “ယေရှုသည်စာတန်ကိုကျမ်းစာစကားဖြင့်ရင်ဆိုင်ခဲ့သည်။ ‘ကျမ်းစာလာသည်’ ဟုသူပြောခဲ့သည်။ စုံစမ်းခြင်းတိုင်းတွင် သူ၏လက်နက်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်။ စာတန်သည် ခရစ်တော်ကိုသူ၏ဘုရားဖြစ်ကြောင်း နိမိတ်လက္ခဏာပြရန်တောင်းဆိုခဲ့သည်။

သို့သော် နိမိတ်လက္ခဏာအားလုံးထက်သာ၍အားကြီးသော၊ 'ထာဝရဘုရားမိန့်တော်မူသည်ကား' အပေါ်ခိုင်မြဲသောမှီခိုခြင်းသည် လက်သင့်မခံနိုင်သောနိမိတ်လက္ခဏာမဟုတ်ချေ။ ခရစ်တော်သည် ဤရပ်တည်ချက်၌စွဲမြဲနေသရွေ့၊ စုံစမ်းသူသည်အမြတ်မထုတ်နိုင်ခဲ့ချေ။"

ကျွန်ုပ်တို့လည်း ထိုသို့ပင်ဖြစ်သည်။ ဆာလံဆရာက "ကိုယ်တော်ကိုမပြစ်မှားဘဲနေနိုင်မည်အကြောင်း၊ ဗျာဒိတ်တော်ကိုနှလုံးထဲမှာသိုထားပါပြီ" (ဆာလံ ၁၁၉း၁၁) ဟုဆိုသည်။ ဤအရာအပေါ်မှာတမန်တော်သည် ကတိကိုထပ်ဆင့်ပေးသည်။ "ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြည့်ပြင်ခြင်း၊ သန်လျက်တကာတို့ထက်ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့်စိတ်ဝိညာဉ်ကိုလည်းကောင်း၊ အရိုးဆစ်နှင့်ခြင်ဆီကိုလည်းကောင်း ပိုင်းခြား၍ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏" (ဟေဗြဲ ၄း၁၂)။ စာတန်၏တိုက်ခိုက်မှုကိုရှောင်လွဲနိုင်ရန် ဤထက်သောဝိညာဉ်တော်၏သန်လျက်ကို ခရစ်ယာန်တို့သည်အသုံးပြုသောအခါ၊ သူတို့သည် စစ်ပွဲ၏အောင်နိုင်သောဘက်တွင်ရှိနေကြသည်။ ယုံကြည်သူသည် ဝိညာဉ်ကြီးထွားခြင်းကိုတာဆီးသောအရာဟူသမျှကိုထိုးဖောက်၍ပိုင်းဖြတ်နိုင်ရန်၊ အမှန်တရားဘက်မှာ အမြဲရွေးချယ်နိုင်အောင် အမှန်နှင့်အမှားကိုခွဲခြားနိုင်ရန်၊ ဘုရားသခင်၏အသံနှင့်နတ်ဆိုး၏တီးတိုးပြောသံကို ခွဲခြားသိမြင်တတ်ရန် လုပ်နိုင်သောအစွမ်းကိုပေးခြင်းခံရသည်။ ဝိညာဉ်ရေးကြီးထွားမှုအတွက်နှုတ်ကပတ်တော်သည် အစားထိုးမရသောတန်ဆာပလာဖြစ်သည်။

ပေါလုက "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍၊ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလိုငှာပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကိုပြုတတ်၏" (၂တိ ၃း၁၆၊၁၇) ဟုရေးခဲ့သည်။ သင်သည် သမ္မာတရားနှင့်ယုံကြည်ချက်၌ကြီးထွားလိုပါသလား။ ဘုရားသခင်အတွက်သင့်ဝိညာဉ်ကို လမ်းကြောင်းမှန်ပေါ်မည်သို့ထိန်းကျောင်းရမည်ကို သင်သိလိုပါသလား။ ဘုရားသခင်သည်သင့်အတွက် ယနေ့၊ မနက်ဖြန်နှင့်နောက်နေ့များအတွက် မည်သည့်အရာသိုထားသည်ကိုသင်သိလိုပါသလား။ စာတန်နှင့်သင့်ကိုတိုက်ခိုက်ရာတွင် အသုံးပြုသည့်မရေမတွက်နိုင်သောသူ၏နည်းလမ်းများကိုသင်ခုခံလိုပါသလား။ သမ္မာကျမ်းစာကိုဖတ်ပါ။ နေ့စဉ်လေ့လာသင်ယူပါ။ ဆုတောင်းခြင်းနှင့်ဖတ်ပါ။ ဘုရားသခင်၏အလိုတော်ကိုသိရန်၊ သူ၏လမ်းကြောင်းကိုသိရန်နှင့်သူ၏အောင်မြင်ခြင်းကိုတွေ့ကြုံခံစားရန် သာ၍ကောင်းသောနည်းလမ်းမရှိတော့ပါ။

**၄။ ဆုတောင်းသောအသက်တာ။** ဘုရားသခင်သည် ကျွန်ုပ်တို့ကိုသူ၏နှုတ်ကပတ်တော်အားဖြင့်စကားပြောသည်။ သူ၏အလိုတော်ကိုနားလည်ခြင်းသည် ဝိညာဉ်ရေးကြီးထွားမှုနှင့် သူနှင့်ရင်းနှီးသောဆက်ဆံရေး၏အစိတ်အပိုင်းဖြစ်သည်။ ဤကိုယ်တော်နှင့်ရင်းနှီးသောဆက်ဆံရေးနှင့် သူ၌ကြီးထွားခြင်း၏အခြားလက္ခဏာတစ်ခုမှာ ဆုတောင်းခြင်းဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်ကိုအားဖြစ်စေသောအစာဖြစ်လျှင်၊ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်ကိုအသက်ရှင်စေသောထွက်သက်ဝင်သက်ဖြစ်သည်။ ဆုတောင်းခြင်းသည် ဘုရားသခင်နှင့်စကားပြောခြင်း၊ သူ၏အသံကိုနားထောင်ခြင်း၊ ဒူးထောက်လျက်အပ်နှံခြင်း၊ ဘုရားသခင်၏ခွန်အားဖြင့် အားပြည့်လျက်ထခြင်းဖြစ်သည်။ ၎င်းသည် မိမိကိုယ်ကိုငြင်းပယ်ခြင်း၊ ကိုယ်တော်၏ခွန်အားကိုမှီခြင်းနှင့် သူ့ကိုမျှော်ကိုးခြင်းမှတစ်ပါး မည်သည့်အရာမျှမတောင်းဆိုချေ။ ထိုသို့စောင့်မျှော်ခြင်းမှစီးဆင်းလာသောတန်ခိုးအားဖြင့် ကျွန်ုပ်တို့သည် ခရစ်ယာန်လမ်းခရီးကိုလျှောက်လှမ်းနိုင်ပြီး၊ ဝိညာဉ်ရေးတိုက်ပွဲကိုတိုက်ခိုက်နိုင်သည်။ ဂေသရေမန်ဉယျာဉ်မှဆုတောင်းခြင်းသည် လက်ဝါးကပ်တိုင်၏အောင်မြင်ခြင်းကိုစိတ်ချစေသည်။

ပေါလုကဆုတောင်းခြင်းသည် ခရစ်ယာန်အသက်တာနှင့်ကြီးထွားခြင်းတွင်အလွန်အရေးကြီးသည်ဟုသဘောထားကာ၊ အခြေခံစည်းမျဉ်းခြောက်ခုကိုဖော်ပြသည်။ ၎င်းတို့မှာ “မခြားမလပ်ဆုတောင်းပတ္ထနာပြုကြလော့၊” “ကာလအစဉ်စိတ်နှလုံးပါလျက်ဆုတောင်းပတ္ထနာပြုခြင်းအမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့။” “စိတ်နှလုံးနှင့်ဆုတောင်းရမည်။” “ဆုတောင်းလျက်စောင့်နေကြလော့” “အားမလျှော့ဘဲဆုတောင်းကြလော့” နှင့် “သန့်ရှင်းသူအပေါင်းတို့အဖို့ဆုတောင်း....... ကြလော့” (ဧဖက် ၆း၁၈) တို့ဖြစ်သည်။ ဖါရိရှဲကဲ့သို့ (လုကာ ၁၈း၁၁) ကျွန်ုပ်တို့သည် ရုပ်ပြသက်သက်အတွက်၊ ကိုယ့်ကိုကိုယ်အတွက်၊ သို့မဟုတ် လုပ်ရိုးလုပ်စဉ်မျှအတွက်ဆုတောင်းရန် မကြာခဏသွေးဆောင်ခြင်းခံရသည်။ သို့သော် ထိရောက်သောဆုတောင်းခြင်းမှာ မိမိကိုယ်ကိုငြင်းပယ်၍၊ ဝိညာဉ်တော်ပြည့်ဝလျက်၊ အခြားသောသူတို့၏လိုအပ်ချက်များအတွက် ကြားဝင်ဆုတောင်းပေးခြင်းဖြစ်သည်။ ထို့ပြင်မက၊ ဘုရားသခင်၏သစ္စာရှိသောသက်သေခံများဖြစ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဤမြေကြီးပေါ်တွင်သူ၏အလိုပြည့်စုံစေရန် ဆုတောင်းရမည်။ ဆုတောင်းခြင်းသည် ဘုရားသခင်နှင့်ရင်းရင်းနှီးနှီးအမြဲဆက်ဆံခြင်းဖြစ်သည်။ ၎င်းသည် အသက်ဝိညာဉ်၏အောက်စီဂျင်ဖြစ်၍၊ ၎င်းမပါလျှင်ဝိညာဉ်သည်ချည့်နဲ့လာ၍သေသွားလိမ့်မည်။ “ဆုတောင်းခြင်းသည် အခြေခံအကျဆုံးသောတာဝန်တစ်ခုဖြစ်သည်။

ဆုမတောင်းပါက ခရစ်ယာန်တစ်ယောက်ပုံမှန်လျှောက်လှမ်းနိုင်မည်မဟုတ်ချေ။ ၎င်းသည် လူကိုမြှင့်တင်သည်၊ အားဖြည့်ပေးသည်၊ ပြီးနောက် ကျက်သရေတိုးစေသည်။ ၎င်းသည် ဘုရားသခင်နှင့်စကားပြောခြင်းဖြစ်သည်။"

**၅။ အသီးသီးသောအသက်တာ။** ယေရှုက၊ သူတို့၏ "အကျင့် (အသီး) ကိုထောက်သော် သူတို့၏သဘောကိုသိရကြလိမ့်မည်" (မဿဲ ၇း၂၀) ဟုဆိုသည်။ အသီးသီးခြင်းသည် ခရစ်ယာန်ကြီးထွားခြင်း၏ အရေးကြီးသောလက္ခဏာတစ်ခုဖြစ်သည်။ ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းသည် နားထောင်ခြင်းနှင့် အသီးသီးခြင်းကို ငြင်းပယ်ခြင်းအဖြစ် မကြာမကြာအထင်လွဲခံရသည်။ ကျမ်းစာ၏သမ္မာတရားအပြင် နောက်ထပ်ဘာမျှထပ်ထည့်၍မရပါ။ ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် ဘုရားသခင်၏ ကျေးဇူးတော်က လုပ်ဆောင်ခဲ့ပြီးသောအရာကို ယုံကြည်ခြင်းအားဖြင့် အခမဲ့ကယ်တင်ခြင်း ရသည်မှာမှန်သည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ်ဂုဏ်ဝါကြွားစရာဘာမျှမရှိချေ (ဧဖက် ၂း၇၊၈။ ယောဟန် ၃း၁၆)။ သို့သော် ကျွန်ုပ်တို့ကိုလုပ်ချင်ရာလုပ်ရန် ကယ်တင်ခြင်းခံရသည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်နှင့်အညီအသက်ရှင်ရန် ကယ်တင်ခြင်းခံရသည်။ ပညတ်တော်စောင့်ခြင်းဖြင့်ကယ်တင်ခြင်းသို့မရောက်၊ သို့သော် အကျင့်သည်အပြစ်မှဘုရားသခင်၏ကျေးဇူးတော်ကြောင့် လွတ်ခြင်း၏သဘာဝ လိုက်လာသောအရာဖြစ်သည်။ ထို့ကြောင့် "အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် တစ်ပါးတည်းရှိသောကြောင့်အသေဖြစ်၏" (ယာကုပ် ၂း၁၇)။

(ယောဟန် ၁၄ နှင့် ၁၅) မှ ယေရှု၏အခိုင်အမာပြောဆိုချက်နှင့် မျှော်လင့်ချက်တို့ကိုစဉ်းစားကြည့်ပါ။ အခိုင်အမာပြောသည့်အရာမှာ သူနှင့်ခမည်းတော်၏ဆက်ဆံရေးဖြစ်၍၊ မျှော်လင့်ချက်မှုကား သူနှင့်သူ၏တပည့်တော်များ၏ဆက်ဆံရေးအတွက်ဖြစ်သည်။ ရှေးဦးစွာယေရှုက "ငါသည်ခမည်းတော်၏ပညတ်တို့ကိုစောင့်ရှောက်၍၊ ခမည်းတော်၏မေတ္တာ၌တည်နေသည်" (ယောဟန် ၁၅း၁၀) ဟု အခိုင်အမာဆိုသည်။ ယေရှု၏ခမည်းတော်၏စကားကိုနားထောင်ခြင်းသည် ပညတ်ချက်အရလိုက်နာခြင်း မဟုတ်ဘဲ၊ ခမည်းတော်၏မေတ္တာ၌တည်နေခြင်း၏ရလဒ်ဖြစ်သည်။ ခမည်းတော်နှင့် သားတော်အကြားရင်းနှီးသောဆက်ဆံရေးသည် မေတ္တာတစ်ခုတည်း၌သာအခြေခံ၍၊ ဤမေတ္တာသည်သားတော်အား ဘုရားသခင်၏အလိုတော်ကိုလက်ခံစေပြီး၊ ခါးသီးသော ဂေသရေမန်ဥယျာဉ်အတွေ့အကြုံနှင့် ကရာနိကုန်းဖြစ်ရပ်များကိုမြည်းစမ်းစေသည်။

ယေရှုသည် သူနှင့်ခမည်းတော်အကြား မေတ္တာအခြေခံသောဆက်ဆံရေးကို သူနှင့်သူ့တပည့်တော်များအကြားရှိရမည့် ဆက်ဆံရေးမျိုးအဖြစ်အသုံးပြုသည်။ ယေရှုနှင့် ခမည်းတော်၏ဆက်ဆံရေးသည် ခမည်းတော်၏စကားနားထောင်ခြင်းသို့ရှေ့ဆက်

သကဲ့သို့ပင်၊ တပည့်တော်များနှင့် ယေရှု၏ဆက်ဆံရေးသည် သူ့စကားကိုနားထောင်ခြင်းသို့ရှေ့ဆက်ရမည်။ "ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကိုစောင့်ရှောက်ကြလော့" (ယောဟန် ၁၄း၁၅)။ "ငါသည်ခမည်းတော်ကိုချစ်သည်ကိုလည်းကောင်း၊ ခမည်းတော်မှာတော်မူသည်အတိုင်း ငါပြုသည်ကိုလည်းကောင်း၊ လောကီသားတို့သိမည်အကြောင်းတည်း" (ယောဟန် ၁၄း၃၁)။

မိမိတပည့်တော်များအတွက် ယေရှုထားရှိသောမျှော်လင့်ခြင်းကိုလေ့လာပါ။ သူသည်ခမည်းတော်မိန့်မှာခဲ့သည်အတိုင်းပြုရာတွင်၊ သူနှင့်ခမည်းတော်၏မေတ္တာကိုအခြေခံသောဆက်ဆံရေးကို လောကီသားများသိရှိရန်ဖြစ်သည်။ မေတ္တာအခြေခံသောဆက်ဆံရေးသည် ခမည်းတော်၏အလိုကိုဆောင်စေသည်။ သူသည် ခမည်းတော်ကိုချစ်သောကြောင့် ခမည်းတော်၏အလိုကို လိုလိုလားလားဆောင်ရွက်သည်။ ထိုနည်းတူ၊ ယေရှုသည် မိမိတပည့်တော်များမှ မေတ္တာစမ်းရေကိုကြိုတင်မျှော်မှန်းသည်။ သူက "ငါ၌တည်နေကြလော့။ ငါသည်လည်းသင်တို့၌တည်မည်။ စပျစ်ခက်သည်အပင်၌မတည်လျှင်၊ ကိုယ်အလိုအလျောက်အသီးမသီးနိုင်သကဲ့သို့၊ သင်တို့သည် ငါ၌မတည်လျှင်အသီးမသီးနိုင်ကြ" (ယောဟန် ၁၅း၄) ဟုဆိုသည်။ အသီးသီးခြင်း၊ နားထောင်ခြင်းနှင့် ဘုရားသခင်၏အလိုတော်အတိုင်းအသက်ရှင်ခြင်းတို့သည် ဝိညာဉ်ရေးကြီးထွားခြင်း၏မရှိမဖြစ်လိုအပ်သောအမှတ်အသားများဖြစ်သည်။ အသီးမရှိခြင်းသည် ခရစ်တော်၌မတည်ကြောင်းကိုပြသသည်။

**၆။ ဝိညာဉ်ရေးတိုက်ပွဲဝင်သောအသက်တာ။** ခရစ်ယာန်တပည့်တော်ဖြစ်ခြင်းသည် လွယ်ကူသောခရီးမဟုတ်ချေ။ ကျွန်ုပ်တို့သည် အမှန်အကန်စစ်ပွဲ၊ အန္တရာယ်ရှိသောစစ်ဆင်ရေးကိုဆင်နွှဲနေကြသည်။ "ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွတ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်လည်းကောင်း၊ ဆိုင်ပြိုင်တိုက်လှန်ရကြ၏။ ထိုကြောင့်၊ ခဲယဉ်းဆိုးယုတ်သောနေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့်၊ ကိစ္စအလုံးစုံတို့ကိုပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကိုယူဆောင်ကြလော့" (ဧဖက် ၆း၁၂၊၁၃)။

ဤစစ်ပွဲတွင်၊ နတ်ဆိုးများသည် ကျွန်ုပ်တို့ကိုအပြစ်ကျူးလွန်သည်ဟုစွပ်စွဲသည်။ ဘုရားသခင့်နောက်လိုက်များ၏အမှုကိုဆောင်ရွက်နေကြသော ထာဝရဘုရား၏ကောင်းကင်တမန်များသည် သူတို့ကိုမကောင်းမှုမှကယ်နုတ်၍၊ ဝိညာဉ်ရေးကြီးထွားခြင်း၌ သူတို့ကိုကူညီသည် (ဆာလံ ၃၄း၇။ ဗျာ ၁၁း၁၂။ တမန် ၅း၁၉၊၂၀။ ဟေဗြဲ ၁း၁၄။ ၁၂း၂၂)။ ထိုကြောင့် စာတန်နှင့်အပေါင်းအပါသည် ကျွန်ုပ်တို့ကို

တပည့်တော်ဖြစ်ခြင်း၏တောင်းဆိုချက်များမှလှည့်သွားရန် အလေးအနက်လုပ်ကြံနေသည်။ စာတန်နှင့်သူ၏တမန်များသည် ယေရှု၏နောက်လိုက်များအပေါ် အမျက်ထွက်၍ (ဗျာ ၁၂း၁၇)၊ စာတန်ကိုယ်တိုင်သည် "ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမျိုရမည်နည်းဟူ၍ ရှာဖွေလျက်ရှိ၏" (၁ပေ ၅း၈)။ ဝိညာဉ်ရေးကြီးထွားရာသို့သွားသောလမ်းသည် စာတန်၏ထောင်ချောက်များနှင့်ပြည့်ပြီး၊ ဤနေရာတွင် ကျွန်ုပ်တို့၏ဝိညာဉ်ရေးတိုက်ပွဲသည် ရက်စက်ကြမ်းတမ်းလျက်ရှိသည်။ ထို့ကြောင့်ပေါလုသည် အားရှိစေသောစကားလုံးများကိုအသုံးပြုသည် (ဧဖက် ၆း၁၂၊၁၃)။ "ခရစ်ယာန်အသက်တာသည် စစ်ပွဲသို့ချီတက်ခြင်းဖြစ်သည်။ ဤတိုက်ပွဲတွင်ဖယ်ရှောင်ခြင်းမရှိ၊ ဇွဲကောင်းကောင်းဖြင့်ဆက်လက်ကြိုးပမ်းရမည်။ မရပ်မနားကြိုးစားခြင်းဖြင့် ကျွန်ုပ်တို့သည် စာတန်၏စုံစမ်းခြင်းအပေါ် အောင်မြင်ခြင်းကိုထိန်းသိမ်းသည်။ ခရစ်ယာန်ရိုးသားဖြောင့်မှန်ခြင်းကို အဆက်မပြတ်အားထုတ်ခြင်းဖြင့်ရှာ၍၊ ခိုင်မာသောဆုံးဖြတ်ချက်ဖြင့် ထိန်းသိမ်းရမည်။.... လူတိုင်းသည် ဤတိုက်ပွဲတွင်သူတို့အတွက်ပါဝင်ရမည်။ ကျွန်ုပ်တို့၏တိုက်ပွဲကို အခြားသူမှဝင်တိုက်ပေး၍မရပါ။ ကျွန်ုပ်တို့သည် တစ်ဦးချင်းစီအနေဖြင့် တိုက်ပွဲဝင်ရန် တာဝန်ရှိကြသည်။"

သို့သော်လည်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဤတိုက်ပွဲတွင်တစ်ယောက်တည်းမထားခဲ့ချေ။ ဘုရားသခင်ခရစ်တော်ယေရှု၌၊ သူ့အားဖြင့်အောင်မြင်ခြင်းကိုစီစဉ်ပေးထားပြီးဖြစ်သည် (၁ကော ၁၅း၅၇)။ သူသည် ကျွန်ုပ်တို့အားရန်သူကိုရင်ဆိုင်ရန်အသုံးပြုရမည့် အသေအချာစမ်းသပ်ထားသောလက်နက်စုံကို ပေးထားပြီးဖြစ်သည်။ ဤလက်နက်စုံတွင် သစ္စာခါးပန်း၊ ဖြောင့်မတ်ခြင်းရင်အုပ်၊ ဧဝံဂေလိခြေစွပ်၊ ယုံကြည်ခြင်းဒိုင်းလွှား၊ ကယ်တင်ခြင်းသံခမောက်၊ ဝိညာဉ်တော်ဓားနှင့် မကျရှုံးနိုင်သောဆုတောင်းခြင်းတန်ခိုးတို့ပါဝင်ကြောင်း ပေါလုဖော်ပြသည် (ဧဖက် ၆း၁၃–၁၈)။ ထိုသို့သောလက်နက်စုံဖြင့် ကာကွယ်လျက်၊ အားထား၍ယုံကြည်ကိုးစားရသော သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကို လုံးလုံးမှီခိုသောအခါမှသာ၊ ကျွန်ုပ်တို့သည် ဝိညာဉ်ရေး၌ကြီးထွား၍၊ ကျွန်ုပ်တို့ဆင်နွှဲနေသောတိုက်ပွဲကိုအောင်နိုင်လိမ့်မည်။

**၇။ ဝတ်ပြုကိုးကွယ်၊ သက်သေခံ၊ မျှော်လင့်သောအသက်တာ။** ခရစ်ယာန်ကြီးသည် အလိုလိုဖြစ်မလာချေ။ တစ်နည်းအားဖြင့်၊ ၎င်းသည် ရွေးနုတ်ခံသူလူစုအထဲ၌ဖြစ်ပေါ်သည်။ အခြားတစ်ဖက်တွင်လည်း၊ ရွေးနုတ်ခြင်းခံဖို့လိုသောလူစုထဲ၌ သက်သေခံအဖြစ်ဖြစ်ပေါ်သည်။ တမန်တော်တို့အစုကိုလေ့လာကြည့်ပါ။ ခရစ်တော်တက်ကြွပြီးမကြာမီ၊ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုရရှိသော ရှေးဦးအသင်းတော်သည် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြင့်ဖြစ်စေ၊ ဝတ်ပြုကိုးကွယ်ခြင်း၊ မိတ်သဟာယဖွဲ့ခြင်း၊ ကျမ်းစာလေ့လာခြင်းနှင့် သက်သေခံခြင်းတို့၌ ကြီးထွားရင့်ကျက်ကြောင်းကိုပြသခဲ့သည်

(တမန် ၂း၄၂–၄၇။ ၅း၄၁၊၄၂။ ၆း၇)။ စုပေါင်းဝတ်ပြုကိုးကွယ်ခြင်းမရှိလျှင် ကျွန်ုပ်တို့၏ ၏မိတ်သဟာယ၏ကိုယ်ပိုင်လက္ခဏာသည် လွဲချော်သွားသည်။ ကျွန်ုပ်တို့သည် ကြီးထွား၍ရင့်ကျက်လာသည့်အရာမှာ ဤမိတ်သဟာယဖွဲ့ခြင်းနှင့် အခြားသူများနှင့် ဆက်နွယ်မှုတို့အားဖြင့်ဖြစ်သည်။ ထိုကြောင့်တမန်တော်ကဤသို့အကြံပြုသည်။ "မေတ္တာစိတ်ရှိစေခြင်းငှာလည်းကောင်း၊ ကောင်းသောအကျင့်ကိုကျင့်စေခြင်းငှာလည်းကောင်း၊ တိုက်တွန်းနှိုးဆော်ရသောအခွင့်ကိုရှာ၍၊ အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ထောက်စာကြည့်ရှုကြကုန်အံ့။ လူအချို့တို့၏ထုံးစံရှိသည်အတိုင်း၊ အချင်းချင်းစည်းဝေးခြင်းအမှုကိုမရှောင်မလွှဲကြနှင့်။ အချင်းချင်းတို့ကိုတိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန်ရောက်လုနီးသည်ကိုထောက်သဖြင့်၊ သာ၍ကြိုးစားကြလော့" (ဟေဗြဲ ၁၀း၂၄၊၂၅)။

ကျွန်ုပ်တို့သည် ဝတ်ပြုကိုးကွယ်ခြင်း၊ ကျမ်းစာလေ့လာခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်းတို့၌ကြီးထွားလေ၊ ကျွန်ုပ်တို့သည်အစေခံရန်နှင့် သက်သေခံရန်တိုက်တွန်းခြင်းခံရလေဖြစ်သည်။ ခရစ်ယာန်ကြီးထွားခြင်းသည် အစေခံခြင်း၌ကြီးထွားခြင်း (မဿဲ ၂၀း၂၅–၂၈) နှင့် သက်သေခံခြင်း၌ကြီးထွားခြင်းတို့ကိုတောင်းဆိုသည်။ ယေရှုက "ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသည်နည်းတူ၊ သင်တို့ကိုငါစေလွှတ်သည်" (ယောဟန် ၂၀း၂၁) ဟုဆိုသည်။ ခရစ်ယာန်အသက်တာသည် မိမိတို့အသိုက်အဝန်းထဲကအသက်တာမျိုးကို ဘယ်ခါမျှမဆိုလိုချေ။ ၎င်းသည် သူတစ်ပါးကိုအလုပ်အကျွေးပြုခြင်းနှင့် သက်သေခံခြင်းတို့၌ပေးဆပ်သောအသက်တာဖြစ်သည်။ (ရှင်မဿဲခရစ်ဝင် ၂၈) တွင်မဟာစေစားချက်က လူအားလုံးသည် ဘုရားသခင်၏ကယ်တင်သောကျေးဇူးတော်ကိုသိခြင်းငှာ ကမ္ဘာတစ်ဝန်းသို့ အပြစ်ခွင့်လွှတ်ခြင်းဧဝံဂေလိတရားကိုယူဆောင်ရန်အတွက် ကျေနပ်ဖွယ်ရင့်ကျက်ရန် ခရစ်ယာန်တို့ကိုတာဝန်ပေးသည်။ ဝိညာဉ်ပကတိအသက်တာနှင့် ခရစ်ယာန်ကြီးထွားခြင်း၏အမှတ်အသားမှာ ယေရှုရှလင်မြို့မှစ၍၊ ယုဒပြည်၊ ရှမာရိပြည်နှင့် မြေကြီးစွန်းတိုင်အောင် (တမန် ၁း၈) အမြဲတမ်းတိုးချဲ့၍သက်သေခံသောအသက်တာဖြစ်သည်။

ကျွန်ုပ်တို့သည်ယခုတိုင်ဝတ်ပြုကိုးကွယ်၍၊ မိတ်သဟာယဖွဲ့လျက်သက်သေခံနေကြသေးသော်လည်း၊ ခရစ်ယာန်များအတွက်အချိန်သည် အနာဂတ်ကိုကြိုတင်မျှော်မှန်းနေသည်။ ပေါလုက၊ "ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှခေါ်တော်မူခြင်းနှင့်ဆိုင်သောဆုကိုရခြင်းငှာ၊ ပန်းတိုင်သို့ငါလိုက်၍ပြေး၏" (ဖိ ၃း၁၂–၁၄)။ ထိုတမန်တော်ကပင် "ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ၊ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကို အပြစ်တင်ခွင့်နှင့်ကင်းလွတ်စေခြင်းငှာ" (၁သက် ၅း၂၃) သန့်ရှင်းစင်ကြယ်သောအသက်တာဖြင့်နေထိုင်ပါ။ ထိုကြောင့် ခရစ်တော်၌

ကြီးထွားခြင်းသည် သူ၏မေတ္တာ၊ သန့်ရှင်းစင်ကြယ်ခြင်းနှင့် သက်သေခံခြင်းတို့၌ ကြီးထွားခြင်းနှင့် လာမည့်နိုင်ငံတော်၌ ကယ်တင်ခြင်းအတွေ့အကြုံ၏ နောက်ဆုံး ပြီးပြည့်စုံခြင်းကိုမျှော်လင့်စောင့်စားခြင်း၌ ကြီးထွားခြင်းတို့ဖြစ်သည်။ "နိမ့်ချ၍ယုံကြည်သောသူတို့အတွက် မြေကြီးပေါ်ကဘုရားသခင်၏အိမ်တော်သည် ကောင်းကင်ဂိတ်တံခါးဖြစ်သည်။ ဘုရားသခင်၏ကိုယ်စားလှယ်များ၏ ချီးမွမ်းခြင်းသီချင်း၊ ဆုတောင်းခြင်းနှင့် ပြောသောစကားများသည် အထက်ကအသင်းတော်အတွက်နှင့် မည်သည့်ညစ်ညူးသောအရာမျှမဝင်နိုင်သည့်နေရာ၌ သာ၍မြင့်မြတ်သောဝတ်ပြုကိုးကွယ်ခြင်းအတွက် လူတို့ကိုပြင်ဆင်ရန် ဘုရားသခင်ခန့်ထားသောလုပ်ငန်းများဖြစ်သည်။"

–o–

# အခန်း – ၁၂
# အသင်းတော်

အသင်းတော်သည် ယေရှုခရစ်တော်ကို အရှင်သခင်နှင့်ကယ်တင်ရှင်အဖြစ် ဝန်ခံသောယုံကြည်သူလူစုဖြစ်သည်။ ဓမ္မဟောင်းကျမ်းခေတ်မှဘုရားသခင်၏လူတို့နှင့် အတူဆက်လက်၍ ကျွန်ုပ်တို့သည်လောကီအရာမှခေါ်ထုတ်ခြင်းခံရပြီး၊ ကျွန်ုပ်တို့သည် ဝတ်ပြုကိုးကွယ်ခြင်း၊ ပေါင်းသင်းဆက်ဆံခြင်း၊ နှုတ်ကပတ်တော်မှသွန်သင်ချက်များကို ခံယူခြင်း၊ သခင်ဘုရား၏ညစာကိုကျင်းပခြင်း၊ လူသားအကျိုးဆောင်ရွက်ခြင်းနှင့် ကမ္ဘာတစ်ဝန်းဧဝံဂေလိတရားကိုကြွေးကြော်ခြင်း စသည်တို့အတွက် အတူတကွပေါင်းစည်းကြသည်။ အသင်းတော်သည် သမ္မာကျမ်းစာတွင်ဖော်ပြသည့် နှုတ်ကပတ်တော်အဖြစ် ခံယူသော ခရစ်တော်ထံမှငင်း၏အခွင့်အာဏာကိုရရှိသည်။ အသင်းတော်သည် ဘုရားသခင်၏မိသားစုဖြစ်၍၊ သူတို့သည်သားသမီးများအဖြစ်သူ၏မွေးစားခြင်းကို ခံရသူများ၊ ပဋိညာဉ်အသစ်၏အခြေခံအပေါ်အသက်ရှင်သောသူများဖြစ်ကြသည်။ အသင်းတော်သည် ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်၍၊ ခရစ်တော်ကိုယ်တိုင်ဦးခေါင်းဖြစ်သော ယုံကြည်သူလူစုဖြစ်သည်။ အသင်းတော်သည် သတို့သမီးဖြစ်၍၊ သူမကိုသန့်ရှင်းစင်ကြယ်စေခြင်းငှာ ခရစ်တော်အသေခံခဲ့သည်။ အောင်ပွဲခံခြင်းနှင့် သူပြန်ကြွလာသောအခါ။ ခေတ်အဆက်ဆက်မှမိမိအသွေးဖြင့်ဝယ်၍ အပြစ်စွန်းထင်းခြင်း သို့မဟုတ် အရေတွန့်ခြင်းမရှိ၊ သန့်ရှင်း၍အပြစ်တင်ခြင်းနှင့်ကင်းလွတ်သည့် သစ္စာရှိသူများ တည်းဟူသော အသရေတင့်တယ်သောအသင်းတော်ကို မိမိထံသို့သိမ်းယူလိမ့်မည်။ (ကမ္ဘာ ၁၂း၁–၃။ ထွက် ၁၉း၃–၇။ မဿဲ ၁၆း၁၃–၂၀။ ၁၈း၁၈။ ၂၈း၁၉၊၂၀။ တမန် ၂း၃၈–၄၂။ ၇း၃၈။ ၁ကော ၁း၂။ ဧဖက် ၁း၂၂၊၂၃။ ၂း၁၉–၂၂။ ၃း၈–၁၁။ ၅း၂၃–၂၇။ ကောလော ၁း၁၇၊၁၈။ ၁ပေ ၂း၉)။

ဣသရေလတို့သည် ဇိနတောသို့ရောက်၍ ကာဒေရှအရပ်၌စခန်းချသောအခါ၊ "ပရိသတ်တို့သောက်စရာရေမရှိ" (တော ၂၀း၂) ခဲ့ချေ။ တစ်ချိန်က၊ ဣသရေလတို့သည် ဟောရပ်အရပ်၌သောက်စရာရေမရှိသည်ဖြစ်ရာ၊ ဘုရားသခင်သည် မောရှေအား "ထိုကျောက်ကိုရိုက်ရမည်" ဟုအမိန့်တော်ရှိ၍၊ ဣသရေလလူမျိုးများဝလင်စွာသောက်ဖို့ရန် ရေများအံ့ဖွယ်ပန်းထွက်လာခဲ့သည်။ ယခုတွင်ဣသရေလလူမျိုးတို့သည် သောက်စရာရေမရှိသည့်အလားတူပြဿနာကို ရင်ဆိုင်ခဲ့ရပြန်သည်။ ဘုရားသခင်သည် မောရှေအား

"ကျောက်ကိုမှာထားလော့။ ကျောက်သည် မိမိရေကိုပေးလိမ့်မည်" (တော ၂၀း၈) ဟု ခိုင်းခဲ့သည်။ သို့သော်လည်း ကျောက်ကိုမှာမည့်အစား၊ အမျက်ထွက်လျက် မောရှေက "ကျောက်ကိုလှံတံနှင့်နှစ်ကြိမ်ရိုက်" (တော ၂၀း၁၁) ခဲ့သည်။ ရေသည်များစွာထွက်လာသည်။ သို့သော် မောရှေသည် ဘုရားသခင်ကိုပြစ်မှားခဲ့ပြီ။ ထိုအပြစ်ကြောင့် သူသည်ကတိထားတော်မူသောပြည်ကိုမဝင်ခဲ့ရချေ (တော ၂၀း၁၁၊၁၂)။

"သူ၏မဆင်မခြင်လုပ်ရပ်ကြောင့် မောရှေသည် ဘုရားသခင်ကရည်ရွယ်ချက်ရှိရှိသင်ပေးလိုသောသင်ခန်းစာ၏စွမ်းအားကို ဖယ်ရှားပစ်ခဲ့သည်။ ခရစ်တော်ကိုပုံဆောင်သောထိုကျောက်ကို တစ်ကြိမ်ရိုက်ခဲ့ခြင်းက ခရစ်တော်သည်တစ်ကြိမ်တည်းပူဇော်ခြင်းခံရမည်ကိုပုံဆောင်သည်။ ကျွန်ုပ်တို့သည် ယေရှု၏နာမ၌ကောင်းချီးမင်္ဂလာများကိုတောင်းခံရန်သာလိုတော့သကဲ့သို့၊ ဒုတိယအကြိမ်တွင် ကျောက်ကိုစကားပြောရန်သာလိုသည်။ ကျောက်ကိုဒုတိယအကြိမ်ရိုက်လိုက်ခြင်းသည် ဤနှစ်သက်ဖွယ်ခရစ်တော်ကိုပုံဆောင်မှု၏အနှစ်သာရကို ဖျက်ဆီးပစ်ခဲ့သည်။"

ထိုကျောက်သည် ဘုရားသခင်ကသူ၏လူတို့ကို တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြစ်စေ၊ တည်ဆောက်သည့်အုတ်မြစ်တည်းဟူသော ခရစ်တော်ပင်ဖြစ်သည်။ ဤပုံဆောင်မှုကို သမ္မာကျမ်းစာတစ်အုပ်လုံးတွင်တွေ့ရသည်။

မောရှေသည်ဣသရေလတို့အား နောက်ဆုံးဟောသောတရားတွင်၊ ဤဖြစ်ရပ်ကို ပြန်လည်သတိရပြီး၊ ဘုရားသခင်၏တည်ငြိမ်ခိုင်ခံ့မှုနှင့် ယုံကြည်အားကိုးလောက်မှုကိုပုံဖော်ရာတွင် ကျောက်ကိုဥပမာပေး၍အသုံးပြုသည်။

"ငါတို့ဘုရားသခင်၏ဘုန်းအာနုဘော်တော်ကို ချီးမွမ်းကြလော့။
ဘုရားသခင်သည် မူလအမြစ် (ကျောက်) ဖြစ်၍၊ အမှုတော်သည်စုံလင်ပေ၏။
စီရင်တော်မူသမျှတို့သည် တရားနှင့်ညီလျက်၊ သစ္စာစောင့်သောဘုရား၊
အပြစ်ကင်းလွတ်၍၊ ဟုတ်မှန်ဖြောင့်မတ်သောဘုရားဖြစ်တော်မူ၏"
(တရားဟော ၃၂း၃၊၄)။

ရာစုနှစ်များကုန်လွန်ပြီးနောက် ဒါဝိဒ်သည်သူ၏ကယ်တင်ရှင်ကို ကျောက်ကဲ့သို့နှိုင်း၍ အလားတူအာဘော်ကိုပဲ့တင်ထပ်ခဲ့သည်။

"ငါ့ကိုကယ်တင်ခြင်းအကြောင်း၊ ငါ၏ဘုန်းပွင့်ခြင်းအကြောင်းကား၊
ဘုရားသခင်ပေတည်း။
ငါ့ကိုအားပေးသောကျောက်၊ ငါခိုလှုံရာကား၊ ဘုရားသခင်ပေတည်း" (ဆာလံ ၆၂း၇)။

ဟေရှာယသည်လည်း ကြွလာမည့်မေရှိယနှင့်ပတ်သက်၍၊ "စုံစမ်းသော အမြစ်ကျောက်တည်းဟူသော၊ မလှုပ်နိုင်အောင်မြဲမြံသော တိုက်ထောင့်အမြစ်ကျောက်မြတ်" (ဟေရှာ ၂၈း၁၆) ဟူ၍ အလားတူပုံဆောင်မှုကိုအသုံးပြုသည်။

ပေတရုသည်ဤကြိုတင်ဟောကိန်းကို ခရစ်တော်သည်ပြည့်စုံစေကြောင်းကို သက်သေခံသည်မှာ၊ သူသည် သာမန်ကျောက်မဟုတ်ဘဲ၊ "လူတို့ပယ်ထား၍ ဘုရားသခင်ရွေးချယ်တော်မူသောအသက်ကျောက်မြတ်" (၁ပေ ၂း၄) ဟူ၍ဖြစ်သည်။ ပေါလုကလည်း၊ ကိုယ်တော်ကိုတစ်ခုတည်းသောခိုင်မာသည့်တိုက်မြစ်အဖြစ် သဘောထား၍၊ ဤသို့ဆိုသည်။ "ယေရှုခရစ်တော်တည်းဟူသော၊ ချလျက်ရှိသောတိုက်မြစ်မှတစ်ပါး အခြားသောတိုက်မြစ်ကိုအဘယ်သူမျှမချနိုင်" (၁ကော ၃း၁၁)။ မောရှေရိုက်ခဲ့သောကျောက်ကိုရည်ညွှန်း၍၊ သူက "ထိုသူတို့နောက်၌လိုက်သောဓမ္မကျောက်မှထွက်သောရေကိုသောက်ကြ၏။ ထိုကျောက်ကား ခရစ်တော်ဖြစ်သတည်း" (၁ကော ၁ဝး၄) ဟုဆိုသည်။

ယေရှုကိုယ်တိုင်ထိုပုံဆောင်မှုကို တိုက်ရိုက်အသုံးပြု၍၊ "ဤကျောက်ပေါ်မှာ ငါ၏အသင်းတော်ကိုငါတည်ဆောက်မည်။ ထိုအသင်းတော်ကို မရဏာနိုင်ငံ၏တံခါးတို့သည်မနိုင်ရာ" (မဿဲ ၁၆း၁၈) ဟုဆိုသည်။ သူသည် ခရစ်ယာန်အသင်းတော်ကို အသက်ရှင်သောကျောက်တည်းဟူသော သူကိုယ်တိုင်အပေါ်တွင်တည်ထောင်ခဲ့သည်။ သူစီစဉ်သောခိုင်မာသည့်တိုက်မြစ်ပေါ်တွင် တည်ဆောက်သောအသင်းတော်ကို မည်သည့်အရာကမျှမအောင်နိုင်ချေ။ ဤကျောက်တော်မှ ရေငတ်သောလူအပေါင်းတို့အတွက် အနာငြိမ်းစေသောရေစီးဆင်းလိမ့်မည် (ယေဇကျေ ၄၇း၁–၁၂။ ယောဟန် ၇း၃၇၊ ၃၈။ ဗျာ ၂၂း၁–၅)။

ယေရှုသည်ထိုသို့ပြောခဲ့စဉ်က၊ အသင်းတော်သည်အလွန်ချည့်နဲ့၍ အားနည်းခဲ့သည်။ ၎င်းတွင် မောပန်းသောသူနှင့် သံသယဝင်နေသူအနည်းငယ်၊ ဝါကြွားသောတပည့်တော်များ၊ အမျိုးသမီးလက်တစ်ဆုပ်စာနှင့် ကျောက်တော်သည်ရိုက်ခြင်းခံရသောအခါ ပျောက်ကွယ်သွားသည့်စိတ်ပြောင်းလဲလွယ်သော လူအုပ်တို့ပါဝင်ခဲ့သည်။ သို့သော် အသင်းတော်ကိုချည့်နဲ့သောလူသား၏ပညာနှင့် ဦးနှောက်အပေါ်တွင်မဟုတ်ဘဲ၊ ကာလအစဉ်တည်သောကျောက်တော်ပေါ်တွင် တည်ဆောက်သည်။ မည်သည့်အရာကမျှ သူ၏အသင်းတော်ကိုမဖျက်ဆီးနိုင်ကြောင်းနှင့် ၎င်းဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေခြင်းနှင့် ယောကျ်ားမိန်းမတို့ကို ကယ်တင်ရှင်ထံသို့ပို့ဆောင်ခြင်းလုပ်ငန်းကို မဟန့်တားနိုင်ကြောင်းကို အချိန်ကဖော်ပြလိမ့်မည် (တမန် ၄း၁၂၊၁၃၊၂ဝ–၃၃)။

## ကျမ်းစာအရ “အသင်းတော်” ၏အဓိပ္ပါယ်

သမ္မာကျမ်းစာထဲက “အသင်းတော်” ဟူသောစကားလုံးသည် ဟေလသ စကားလုံး အယ်ကလိရှား (ekklesia) မှလာ၍၊ “ခေါ်ထုတ်ခြင်း” ဟူ၍အဓိပ္ပါယ်ရသည်။ ဤစကားအသုံးအနှုန်းကို မည်သည့်စည်းဝေးပွဲများ၌မဆိုတွေ့ဆုံရန် လူတို့ကိုခေါ်ခြင်းမျိုးကိုအများအားဖြင့်ဆိုလိုသည်။

ယေရှုအချိန်ကအသုံးများသည့် ဟေလသဘာသာဖြင့်ဘာသာပြန်ဆိုထားသော ဓမ္မဟောင်းကျမ်း (Septuagint) တွင် ဟေဗြဲစကားလုံး ခါဟားလ် (qahal) ကို အယ်ကလိရှား (ekklesia) ဟုဘာသာပြန်ဆိုပြီး၊ “စည်းဝေးပွဲ” သို့မဟုတ် “ပရိသတ်အပေါင်း” ဟုအဓိပ္ပါယ်ရသည် (တရားဟော ၉း၁၀။ ၁၈း၁၆။ ၁ရာ ၁၇း၄၇။ ၃ရာ ၈း၁၄။ ၅ရာ ၁၃း၂)။

ဤအသုံးပြုနည်းကို ဓမ္မသစ်ကျမ်းတွင်ချဲ့ထွင်ထားသည်။ အောက်ပါအချက်များကိုလေ့လာသုံးသပ်ပါ။ (၁) ယုံကြည်သူများသည် သတ်သတ်မှတ်မှတ်နေရာတွင် ဝတ်ပြုကိုးကွယ်ရန်စုဝေးကြသည် (၁ကော ၁၁း၁၈။ ၁၄း၁၉၊၂၈)။ (၂) ယုံကြည်သူများသည် နေရာတချို့တွင်နေထိုင်ကြသည် (၁ကော ၁၆း၁။ ဂလာ ၁း၂။ ၁သက် ၂း၁၄)။ (၃) ယုံကြည်သူများသည် တစ်ဦးချင်းစီ၏အိမ်တွင်စုရုံးကြသည် (၁ကော ၁၆း၁၉။ ကော ၄း၁၅။ ဖိလေမုန် ၂)။ (၄) အရပ်ရပ်၌ရှိသောအသင်းတော် (တမန် ၉း၃၁)။ (၅) ကမ္ဘာတစ်ဝန်း၌ရှိသောယုံကြည်သူအပေါင်း (မဿဲ ၁၆း၁၈။ ၁ကော ၁၀း၃၂။ ၁၂း၂၈)။ (၆) ကောင်းကင်နှင့်မြေကြီးပေါ်၌ရှိသောသစ္စာရှိသူအပေါင်းတည်းဟူသောအသင်းတော် (ဧဖက် ၁း၂၀–၂၂)။

## အသင်းတော်၏သဘောသဘာဝ

သမ္မာကျမ်းစာသည် အသင်းတော်ကိုဘုရားရှင်၏အဖွဲ့အစည်းအဖြစ်ပုံဖော်ပြီး၊ ၎င်းကို “ဘုရားသခင်၏အသင်းတော်” ဟုခေါ်သည် (တမန် ၂၀း၂၈။ ၁ကော ၁း၂)။ ယေရှုသည်အသင်းတော်ကို မိမိအခွင့်အာဏာအပ်နှင်းသည် (မဿဲ ၁၈း၁၇၊၁၈)။ ဓမ္မဟောင်းကျမ်းမှအကြောင်းရင်းများနှင့် ဓမ္မသစ်ကျမ်းမှ ၎င်းကိုခိုင်းနှိုင်းချက်များတို့အားဖြင့်၊ ကျွန်ုပ်တို့သည် ခရစ်ယာန်အသင်းတော်၏သဘောသဘာဝကို နားလည်နိုင်သည်။

**ခရစ်ယာန်အသင်းတော်၏အရင်းအမြစ်များ။** ဓမ္မဟောင်းကျမ်းသည် အသင်းတော်ကိုဖွဲ့စည်းထားသော ဘုရားသခင်၏လူစုအဖြစ်ပုံဖော်သည်။ ရှေးယခင်မှစ၍၊ အာဒံ၊ ရှေသ၊ နောဧ၊ ရှေမနှင့် အာဗြဟံတို့မှဆင်းသက်သည့် ဘုရားကိုကြောက်ရွံ့သောမိသားစုများသည် ကိုယ်တော်၏သမ္မာတရားကိုစောင့်ရှောက်သူများဖြစ်ခဲ့ကြသည်။

ဖခင်သည် ယဇ်ပုရောဟိတ်အဖြစ်ဆောင်ရွက်သော ဤမိသားစုများကို အသေးစား အသင်းတော်အဖြစ်မှတ်ယူနိုင်သည်။ ဘုရားသခင်သည် အာဗြဟံကိုသူ၏အိမ်ထောင် မိသားစုသည် တဖြည်းဖြည်းလူမျိုးကြီးဖြစ်လာမည်ဟု ထူးကဲသောကတိတော်ကိုပေးခဲ့ သည်။ ဣသရေလတို့၏တာဝန်လုပ်ငန်းမှာ အာဗြဟံအားပေးထားသည့်လူမျိုးအတွက် ကောင်းချီးဖြစ်ခြင်း (ကမ္ဘာ ၁၂း၁–၃) နှင့် ကမ္ဘာကိုဘုရားသခင်၏မေတ္တာကိုဖော်ပြ ခြင်းတွင် ရိုးရိုးတိုးချဲ့လုပ်ဆောင်ရန်ဖြစ်သည်။

အီဂျစ်ပြည်မှဘုရားသခင်ထုတ်ဆောင်ခဲ့သောလူမျိုးကို "တောတွင်ရှိသောအစည်း အဝေး (အသင်းတော်၊ KJV)" (တမန် ၇း၃၈) ဟုခေါ်သည်။ ၎င်း၏အသင်းဝင်များကို လည်း "မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး" (ထွက် ၁၉း၆)။ ဘုရားသခင်၏ "သန့်ရှင်းသောအမျိုး" (တရားဟော ၂၈း၉) သို့မဟုတ် အသင်းတော်အဖြစ်သဘောထားသည်။

ဘုရားသခင်သည်သူတို့ကို ကမ္ဘာ၏အဓိကယဉ်ကျေးမှု၏ဗဟိုဖြစ်သော ပါလေတ္တိန တိုင်းပြည်တွင် နေရာချခဲ့သည်။ ဥရောပတိုက်၊ အာရှတိုက်နှင့် အာဖရိကတိုက်တို့သည် ပါလေတ္တိနပြည်တွင်လာဆုံကြသည်။ ဤပြည်တွင်ယုဒလူတို့သည် အခြားလူမျိုးတို့အား ဘုရားသခင်၏လူများအဖြစ် သူတို့နှင့်ပူပေါင်းခြင်းငှာ ဖိတ်ခေါ်ခြင်းကိုတိုးချဲ့ရန်နှင့် သူတို့ကို "အစေခံ" ရန် ရောက်ရှိနေကြခြင်းဖြစ်သည် အတိုချုပ်ရသော်၊ အခြားလူမျိုး များကိုခေါ်ဝင်လာစေရန် ဘုရားသခင်သည်သူတို့ကိုခေါ်ထုတ်ခဲ့သည် (ဟေရှာ ၅၆း၇)။ ဘုရားသခင်သည် ဣသရေလလူတို့အားဖြင့် ကမ္ဘာပေါ်တွင်အကြီးဆုံးသောအသင်းတော်၊ ကမ္ဘာပေါ်ရှိလူမျိုးအားလုံး၏ကိုယ်စားလှယ်များ လာရောက်ဝတ်ပြုကိုးကွယ်၍၊ စစ်မှန် သောဘုရားသခင်ကိုသင်ယူကာ၊ မိမိတို့လူမျိုးထံသို့ပြန်၍ ကယ်တင်ခြင်းသတင်းစကား ကို ပြန်မျှဝေမည့်သူများတက်ရောက်သည့် အသင်းတော်ကိုထူထောင်လိုသည်။

ဘုရားသခင်သည် မိမိလူတို့ကိုအစဉ်ဂရုစိုက်နေလင့်ကစား၊ ဣသရေလလူတို့ သည် ရုပ်တုကိုးကွယ်ခြင်း၊ တံခါးပိတ်ဝါဒ၊ အမျိုးသားရေးဝါဒ၊ မာန်မာနနှင့် အတ္တ ဆန်ခြင်းများကိုကျင့်သုံးလာခဲ့သည်။ ဘုရားသခင်၏လူတို့သည် သူတို့၏လုပ်ငန်းတာဝန် ကို ကျေပွန်အောင်မဆောင်ရွက်နိုင်ခဲ့ချေ။

ယေရှုခ်ဣသရေလတို့သည် အလှည့်အပြောင်းကိုရင်ဆိုင်ခဲ့ကြရသည်။ ဘုရားသခင် ၏လူတို့သည် သူတို့ကိုသူတို့မှလွတ်မြောက်စေမည့်မေရှိယကိုမရှာဘဲ၊ သူတို့လူမျိုးကို လွတ်မြောက်စေမည့်မေရှိယကိုရှာဖွေခဲ့ကြသည်။ လက်ဝါးကပ်တိုင်တွင်၊ ဣသရေလ တို့၏ဝိညာဉ်ရေးချွတ်ခြုံကျခြင်းသည်ထင်ရှားခဲ့သည်။ ခရစ်တော်ကိုကပ်တိုင်တင်သတ်ခြင်း

အားဖြင့် သူတို့၏အတွင်းပိုင်းဆွေးမြည့်ခြင်းကိုမြင်သာအောင် ပြသခဲ့ကြသည်။ သူတို့သည် "အကျွန်ုပ်တို့၌ကဲသာဘုရင်မှတစ်ပါး အဘယ်ရှင်ဘုရင်မျှမရှိပါ" (ယောဟန် ၁၉း၁၅) ဟုဟစ်အော်ချိန်တွင်၊ ဘုရားသခင်သည် သူတို့အားအုပ်စိုးခွင့်ကိုငြင်းဆန်နေခဲ့ကြသည်။

လက်ဝါးကပ်တိုင်တွင် ဆန့်ကျင်ဘက်လုပ်ငန်းတာဝန်နှစ်ခု အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ပထမတစ်ခုမှာ၊ ၎င်းကိုဖြစ်တည်စေတော်မူသည့်သူကို မမြင်နိုင်လောက်အောင် အတ္တဆန်၍၊ လမ်းလွဲသောအသင်းတော်ဖြစ်သည်။ ဒုတိယတစ်ခုမှာမူ၊ သူတို့ထာဝရအသက်ရှင်စေရန် သူတို့အစားအသေခံ၍ လူတို့ကိုချစ်ခြင်း၌တည်သော ခရစ်တော်၏အသင်းတော်ဖြစ်သည်။

လက်ဝါးကပ်တိုင်သည် ဣသရေလတို့၏လုပ်ငန်းတာဝန်နိဂုံးကိုဖော်ပြစဉ်၊ ခရစ်တော်၏ထမြောက်ခြင်းသည် ခရစ်ယာန်အသင်းတော်နှင့် ခရစ်တော်၏အသွေးအားဖြင့် ကယ်တင်ခြင်းသို့ရောက်သည်ဟူသော ဧဝံဂေလိတရားကိုဟောကြားခြင်းတည်းဟူသော ၎င်း၏လုပ်ငန်းတာဝန်ကို သမိုင်းသစ်စခဲ့သည်။ ယုဒလူမျိုးတို့သည် သူတို့၏လုပ်ငန်းတာဝန်ပျောက်ဆုံးသွားသောအခါ၊ သူတို့သည် အခြားသောလူမျိုးမျှသာဖြစ်လာ၍၊ ဘုရားသခင်၏အသင်းတော်ဖြစ်ခြင်းမှရပ်စဲသွားခဲ့သည်။ သူတို့နေရာတွင် ဘုရားသခင်သည် လူမျိုးအသစ်တည်းဟူသော အသင်းတော်ကိုတည်ထောင်၍၊ ၎င်းသည် ကိုယ်တော်၏သာသနာလုပ်ငန်းကို လောကီသားများအတွက်သယ်ဆောင်လိမ့်မည်။ (မဿဲ ၂၁း၄၁၊၄၃)။

ရှေးဣသရေလယုံကြည်သူလူစုနှင့်နီးနီးကပ်ကပ်ဆက်စပ်သော ဓမ္မသစ်ကျမ်းအသင်းတော်သည် ပြောင်းလဲသောယုဒများနှင့် ယေရှုခရစ်တော်ကိုယုံကြည်သောတစ်ပါးအမျိုးသားတို့ဖြင့်ဖွဲ့စည်းသည်။ ထို့ကြောင့် စစ်မှန်သောဣသရေလလူမျိုးသည် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် လက်ခံသောသူအားလုံးဖြစ်သည် (ဂလာ ၃း၂၆–၂၉)။ ပေါလုသည် ဤကွဲပြားသောလူတို့၏ဇီဝဆက်ဆံရေးသစ်ပင်နှစ်ပင်ဖြင့် သရုပ်ဖော်သည်မှာ ကောင်းသောသံလွင်ပင်သည် ဣသရေလလူမျိုးဖြစ်၍၊ သံလွင်ပင်အရိုင်းသည် တစ်ပါးအမျိုးသားများဖြစ်သည်။ ခရစ်တော်ကိုလက်မခံသောယုဒလူတို့သည် ဘုရားသခင်၏သားသမီးများမဟုတ်တော့ချေ (ရောမ ၉း၆–၈)။ သူတို့ကို ကောင်းသောသစ်ပင်မှကျိုးကျသောအကိုင်းဖြင့် ကိုယ်စားပြု၍၊ ခရစ်တော်ကိုလက်ခံရရှိသူယုဒများမှာမူ ပင်စည်နှင့်ဆက်နေသောအကိုင်းဖြင့်ကိုယ်စားပြုသည်။

ပေါလုသည်ထပ်၍ ခရစ်တော်ကိုလက်ခံသောတစ်ပါးအမျိုးသားတို့အား၊ ကောင်းသောသံလွင်ပင်၌ ကိုင်းဆက်ကူးသောအရိုင်းပင်၏အခက်များအဖြစ် ပုံဖော်သည် (ရောမ ၁၁း၁၇–၂၅)။ သူသည် ဤအသစ်သောတစ်ပါးအမျိုးသားခရစ်ယာန်များအား

ဘုရားသခင်ရွေးကောက်သော လူတို့၏အမွေအနှစ်ကိုလေးစားရန် ညွှန်ကြားသည်။ "အမြစ်သန့်ရှင်းလျှင်၊ အခက်အလက်များလည်းသန့်ရှင်းကြလိမ့်မည်။ အချို့သောအခက်တို့ကိုချိုးဖဲ့ပြီးမှ၊ ရိုင်းသောသံလွင်ပင်တည်းဟူသော သင်ကိုအထက်ငုတ်၌ဆက်၍စိုက်သဖြင့်၊ အခက်များနှင့်အတူသံလွင်ပင်အမြစ်ကိုလည်းကောင်း၊ အဆီသြဇာကိုလည်းကောင်း ဆက်ဆံလျှင်၊ ချိုးဖဲ့သောအခက်တို့ကိုကဲ့ရဲ့ဝါကြွားခြင်းမရှိနှင့်။ ဝါကြွားလျှင်မူကား၊ သင်သည် အမြစ်ကိုမဆောင်၊ အမြစ်သည် သင့်ကိုဆောင်၏" (ရောမ ၁၁:၁၆–၁၈)။

ဓမ္မသစ်ကျမ်းအသင်းတော်သည် အရည်အသွေးတူဓမ္မဟောင်းကျမ်းအသင်းတော်နှင့် သိသာထင်ရှားစွာခြားနားသည်။ တမန်တော်များအသင်းတော်သည် ဣသရေလလူမျိုးမှခွဲထွက်၍ သီးခြားအဖွဲ့အစည်းဖြစ်လာခဲ့သည်။ အမျိုးသားရေးနယ်နိမိတ်များကိုစွန့်ပစ်၍၊ တစ်လောကလုံးနှင့်ဆိုင်သောအသင်းတော်ဖြစ်လာသည်။ လူမျိုးနှင့်ဆိုင်သောအသင်းတော်မဟုတ်တော့ဘဲ၊ ၎င်းသည် သာသနာပြုသောအသင်းတော်၊ ဘုရားသခင်၏မူလအကြံအစည်ကိုပြီးစီးစေရန် လုပ်ဆောင်သောအသင်းတော်၊ အသင်းတော်ကိုတည်ထောင်သောယေရှုခရစ်တော်၏ "လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလော့" (မဿဲ ၂၈:၁၉) ဟုပြဌာန်းချက်ကို ဆောင်ရွက်သောအသင်းတော်ဖြစ်လာသည်။

## အသင်းတော်ကိုဥပမာတင်စား၍ဖော်ပြခြင်း

ဓမ္မသစ်ကျမ်းအသင်းတော်ကို ခိုင်းနှိုင်းဖော်ပြချက်များသည် အသင်းတော်၏သဘောသဘာဝကိုမီးမောင်းထိုးပြသည်။

**၁။ ကိုယ်ခန္ဓာကဲ့သို့သောအသင်းတော်။** ကိုယ်ခန္ဓာနှင့်တင်စားခြင်းသည် အသင်းတော်၏စည်းလုံးခြင်းနှင့် အသင်းတော်အတွက်အသင်းသားတစ်ဦးစီ၏လုပ်ငန်းဆိုင်ရာဆက်ဆံရေးတို့ကို အလေးပေးသည်။ လက်ဝါးကပ်တိုင်သည် ယုံကြည်သူအားလုံးကို "ကိုယ်တော်၌.... တစ်ကိုယ်တည်းဖြစ်စေခြင်းငှာ၊" (ဧဖက် ၂:၁၆) ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့စေသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူတို့သည် "တစ်ကိုယ်တည်း (အသင်းတော်) ထဲသို့ဗတ္တိဇံကိုခံကြ၏" (၁ကော ၁၂:၁၃)။ ကိုယ်ခန္ဓာအနေဖြင့်၊ အသင်းတော်သည် ခရစ်တော်၏ကိုယ်လည်းဖြစ်သည် (ဧဖက် ၁:၂၃)။ ခရစ်တော်သည် သူ၏စုံလင်ခြင်းကိုပေးသောအရာမှာ ဤအင်္ဂါအဖွဲ့အစည်းအားဖြင့်ဖြစ်သည်။ ယုံကြည်သူများသည် သူ့ကိုယ်ခန္ဓာ၏အင်္ဂါအစိတ်အပိုင်းများဖြစ်သည် (ဧဖက် ၅:၃၀)။ သို့ဖြင့်၍ သူသည်ဝိညာဉ်ရေးအသက်တာကိုသူ၏တန်ခိုးနှင့်

ကျေးဇူးတော်အားဖြင့် စစ်မှန်သောယုံကြည်သူတိုင်းကိုပေးသည်။ ခရစ်တော်သည် "ကိုယ်၏ဦးခေါင်း" (ကော ၁း၁၈)၊ "အသင်းတော်၏အပေါ်မှာခေါင်း" (ဧဖက် ၅း၂၃) ဖြစ်သည်။

သူ၏မေတ္တာဖြင့်ဘုရားသခင်သည် သူ၏ကိုယ်ခန္ဓာတည်းဟူသောအသင်းတော်၏အသင်းဝင်အယောက်စီတိုင်းကို အနည်းဆုံးဝိညာဉ်ဆုကျေးဇူးတစ်ခုပေး၍၊ ထိုသို့ဖြင့် သူတို့သည် အရေးကြီးသောလုပ်ငန်းကိုလုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ ကိုယ်အင်္ဂါတစ်ခုချင်းစီသည် လူ့ခန္ဓာကိုယ်၌အရေးကြီးသောအရာကို လုပ်ဆောင်သကဲ့သို့ပင်၊ အသင်းတော်၏သာသနာလုပ်ငန်းအောင်မြင်စွာပြီးစီးနိုင်ရေးသည် အသင်းသူအသင်းသားများအားပေးသောဝိညာဉ်ဆုကျေးဇူးများကို တစ်ဦးချင်းစီ၏အသုံးချမှုအပေါ်မူတည်သည်။ နှလုံးမပါသောကိုယ်ခန္ဓာသည် ဘာအတွက်ကောင်းသနည်း။ သို့မဟုတ် မျက်စိ သို့မဟုတ် ခြေထောက်မပါလျှင် အဘယ်မျှထိရောက်မှုလျော့နည်းမည်နည်း။ အကယ်၍ အသင်းသူအသင်းသားများသည် သူတို့ခံရသောဆုကျေးဇူးများကိုထိမ်ချန်ထားလျှင် အသင်းတော်သည် နားပင်း သို့မဟုတ် မျက်ကန်း သို့မဟုတ် အနည်းဆုံးမသန်မစွမ်းဖြစ်လိမ့်မည်။ သို့သော်ငြားလည်း၊ ဤဘုရားသခင်ခွဲဝေပေးသောအထူးဆုကျေးဇူးများသည် ၎င်းတို့ဘာသာမကုန်ခန်းချေ။

"အသင်းတော်သည်ကြွယ်ဝသောခရစ်တော်၏ကျေးဇူးတော်ကို သိလှောင်ရာဖြစ်သည်။ အသင်းတော်အားဖြင့်၊ 'လောကီမှောင်မိုက်၌အစိုးတရပြုသောမင်းတို့နှင့် မိုးကောင်းကင်၌နေသောနတ်ဆိုးတို့' နှင့် ဘုရားသခင်၏မေတ္တာကို နောက်ဆုံးအပြည့်အဝပြသခြင်းတို့ကို နောက်ဆုံးတွင်ထင်ရှားစေလိမ့်မည်။ အသင်းတော်သည် ဘုရားသခင်၏ခံတပ်မြို့၊ ပုန်ကန်သောလောကတွင် သူစွဲကိုင်သောခိုလှုံရာမြို့ဖြစ်သည်။ ၎င်းသည် သူ၏ကျေးဇူးတော်ကိုပြသသောဇာတ်ရုံဖြစ်၍၊ ဘုရားသခင်သည် လူ့စိတ်နှလုံးကိုပြောင်းလဲပေးသောသူ၏တန်ခိုးဖြင့် ပြသခြင်းကိုနှစ်သက်သည်။" "မိမိအသင်းတော်အတွက် ဘုရားသခင်၏မေတ္တာသည်အဆုံးမရှိချေ။ သူ၏အမွေခံများအပေါ်စောင့်ရှောက်မှုသည်လည်း ရပ်စဲသွားခြင်းမရှိချေ။"

**၂။ ဗိမာန်တော်ကဲ့သို့သောအသင်းတော်။** အသင်းတော်သည် "ဘုရားသခင်၏ဗိမာန်တော်၊" သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်သော "ဘုရားသခင်၏ဗိမာန်တော်" ဖြစ်သည်။ ယေရှုခရစ်တော်သည် ၎င်း၏ "တိုက်မြစ်" ဖြစ်သည် (၁ကော ၃း၉–၁၆။ ဧဖက် ၂း၂၀)။ ဤဗိမာန်တော်သည် သေနေသောအဆောက်အဦမဟုတ်ပါ။ ၎င်းသည် ပြောင်းလဲပြီးကြီးထွားမှုကိုပြသသည်။ ပေတရုက၊ ခရစ်တော်သည် "အသက်ကျောက်မြတ်" ဖြစ်သကဲ့သို့ ယုံကြည်သူများသည်လည်း "ဓမ္မတိုက်" ကိုတည်ဆောက်သည့် "အသက်ကျောက်" များဖြစ်ကြသည် (၁ပေ ၂း၄–၆)။

ဤတိုက်ကိုဆောက်၍မပြီးသေးပါ။ "ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကိန်းဝပ်တော်မူခြင်းအလိုငှာ၊... တည်ဆောက်လျက်ရှိ" (ဧဖက် ၂း၂၂) သောထိုဗိမာန်တော်တွင် အသက်ကျောက်အသစ်များအဆက်မပြတ်တိုးလာနေသည်။ ပေါလုသည် ယုံကြည်သူတို့ကို ဤဗိမာန်တွင်အကောင်းဆုံးသောပစ္စည်းကိုအသုံးပြုရန် တိုက်တွန်းသည်။ ထိုသို့ဖြင့်အမှုဆုံးဖြတ်ရာနေ့ရက်တွင် ပြင်းထန်သောစစ်ဆေးခြင်းကို ခံနိုင်လိမ့်မည် (၁ကော ၃း၁၂–၁၅)။

ဗိမာန်တော်ကဲ့သို့တင်စားခြင်းသည် ဒေသခံအသင်းတော်နှင့် အသင်းတော်အများစု၏သန့်ရှင်းမှုကိုအထူးပြုသည်။ ပေါလုက၊ ဘုရားသခင်၏ဗိမာန်တော်သည် သန့်ရှင်း၏။ "အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီး၏။ ထိုသူကို ဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။" (၁ကော ၃း၁၇) ဟုဆိုသည်။ မယုံကြည်သူများနှင့် အနီးကပ်ပူးပေါင်းခြင်းသည် ၎င်း၏သန့်ရှင်းသောလက္ခဏာနှင့်ဆန့်ကျင်ကြောင်း ပေါလုမှတ်ချက်ပြုသည်။ ထို့ကြောင့်၊ "တရားသောအမှုသည် မတရားသောအမှုကို အဘယ်သို့လက်ခံနိုင်မည်နည်း။.... ဘုရားသခင်၏ဗိမာန်တော်သည် ရုပ်တုတို့နှင့် အဘယ်သို့စပ်ဆိုင်သနည်း" (၂ကော ၆း၁၄–၁၆)။ (ပေါလု၏အကြံပြုချက်သည် စီးပွားရေးလုပ်ငန်းနှင့် လက်ထပ်ထိမ်းမြားခြင်းတို့ပါဝင်သည်)။ အသင်းတော်သည် ဘုရားသခင်အထူးဂရုစိုက်သောအရာဖြစ်ရာ၊ များစွာကြည်ညိုလေးစားရမည်။

**၃။ သတို့သမီးကဲ့သို့သောအသင်းတော်။** အသင်းတော်ကိုသတို့သမီးအဖြစ်နှင့် ထာဝရဘုရားကိုသတို့သားအဖြစ်သရုပ်ဖော်သည်။ ထာဝရဘုရားက "ငါသည်ကိုယ်အဖို့သင့်ကိုအစဉ်အမြဲသိမ်းယူမည်။ ဖြောင့်မတ်ခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ ချစ်သနားစုံမက်ခြင်းနှင့်အညီ ကိုယ်အဖို့သင့်ကိုသိမ်းယူမည်" (ဟောရှေ ၂း၁၉) ဟူ၍လေးနက်စွာကတိပေးသည်။ ဆက်လက်၍၊ "ငါသည် သင့်ကိုရွေးယူ (လက်ထပ်–အင်္ဂလိမ်ကျမ်းစာ) ပြီ" (ယေရမိ ၃း၁၄) ဟုအခိုင်အမာဆိုသည်။

ပေါလုသည် အလားတူတင်စားခြင်းကိုအသုံးပြုသည်။ "ငါသည် သင်တို့ကို သီလနှင့်ပြည့်စုံသောသတို့သမီးကညာကဲ့သို့ ခရစ်တော်အားဆက်သသည်" (၂ကော ၁၁း၂)။ ခရစ်တော်၏မေတ္တာသည် အသင်းတော်အပေါ်အလွန်နက်နဲပြီးကြာရှည်ခံသည်ဖြစ်ရာ၊ သူသည် "အသင်းတော်အဖို့အလို့ငှာ ကိုယ်ကိုကိုယ်စွန့်တော်မူ၏" (ဧဖက် ၅း၂၆)။ သူသည် "နှုတ်ကပတ်တော်ရေ၌ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည်အကြောင်း" (ဧဖက် ၅း၂၆) ဤစွန့်ခြင်းအမှုကိုပြုခဲ့သည်။

ဘုရားသခင့်နှုတ်ကပတ်တော်၏သန့်ရှင်းစင်ကြယ်စေသောဩဇာ (ယောဟန် ၁၇း၁၇) နှင့် ရေနှစ်ခြင်းကပေးသောစင်ကြယ်ခြင်းတို့အားဖြင့်၊ ခရစ်တော်သည် အသင်းတော်၏အဖွဲ့ဝင်များကို စင်ကြယ်စေနိုင်၍၊ သူ၏ပြည့်စုံသောဖြောင့်မတ်ခြင်း

ဝတ်လုံကို ဝတ်ဆင်နိုင်ရန် သူတို့၏ညစ်ညူးသောအဝတ်ကိုဖယ်ရှားခဲ့သည်။ ထို့ကြောင့် သူသည်၊– "အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှစသည်တို့နှင့် လွတ်လပ်သဖြင့်၊ အသရေတင့်တယ်လျက်ရှိသောအသင်းတော်" (ဧဖက် ၅း၂၇) တည်းဟူသောသတို့သမီးဖြစ်ရန်ပြင်ဆင်နိုင်သည်။ အသင်းတော်၏ပြည့်စုံသောဘုန်းအသရေကို ခရစ်တော်မကြွလာမီအထိမြင်တွေ့ရမည်မဟုတ်ချေ။

**၄။ အထက်မှယေရုရှလင်မြို့ကဲ့သို့အသင်းတော်။** သမ္မာကျမ်းစာသည် ယေရုရှလင်မြို့ကို ဇိအုန်မြို့ဟုခေါ်သည်။ ထိုနေရာတွင် ဘုရားသခင်သည် သူ၏လူတို့နှင့်နေထိုင်သည် (ဆာလံ ၉း၁၁)။ ကယ်တင်ခြင်းသည် ဇိအုန်မြို့မှလာသည် (ဆာလံ ၁၄း၇။ ၅၃း၆)။ ထိုမြို့သည် "မြေကြီးတစ်ပြင်လုံးရွှင်လန်းရာဖြစ်သည် (ဆာလံ ၄၈း၂)။

ဓမ္မသစ်ကျမ်းသည် အသင်းတော်ကိုမြေကြီးပေါ်ရှိယေရုရှလင်မြို့၏ဝိညာဉ်ရေးအဆင့်တူ "အပေါ်မှာရှိသောယေရုရှလင်မြို့" (ဂလာ ၄း၂၆) ကဲ့သို့ရှုမြင်သည်။ ဤယေရုရှလင်မြို့သူမြို့သားများသည် "ကောင်းကင်ဘုံနှင့်စပ်ဆိုင်လျက်ရှိကြ၏" (ဖိလိပ္ပိ ၃း၂၀)။ သူတို့သည် "ကတိတော်နှင့်စပ်ဆိုင်သောသား၊" "ဝိညာဉ်တော်အားဖြင့်ဖွားသောသား၊" ယေရှုပေးသောလွတ်ခြင်းအခွင့်၌ မွေ့လျော်သူများဖြစ်ကြသည် (ဂလာ ၄း၂၈၊၂၉။ ၅း၁)။ ဤမြို့သူမြို့သားများသည် "ပညတ်တရားအားဖြင့်ဖြောင့်မတ်ရာသို့" (ဂလာ ၄း၂၂၊၂၆၊၃၁။ ဂလာ ၅း၄) ရောက်ရန် ကြိုးပမ်းမှု၏အချုပ်အနှောင်တွင်မရှိကြတော့ပြီ။ "ဝိညာဉ်တော်အားဖြင့်၊" သူတို့သည် "ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်မည်ဟု" စိတ်အားထက်သန်စွာစောင့်နေကြသည်။ သူတို့ကိုမြို့သူမြို့သားဖြစ်ရသောအခွင့်ကိုပေးသောအရာမှာ၊ ယေရှုခရစ်၌ "မေတ္တာအားဖြင့်ပြုပြင်တတ်သောယုံကြည်ခြင်း" ဖြစ်သည်ကို သူတို့သဘောပေါက်ကြသည် (ဂလာ ၅း၅၊၆)။

ဤဘုန်းကျက်သရေရှိသောအဖွဲ့တွင်ပါဝင်သောသူတို့သည် "ဇိအုန်တောင်သို့လည်းကောင်း၊ အသက်ရှင်တော်မူသောဘုရားသခင်၏မြို့တော်တည်းဟူသော ကောင်းကင်ယေရုရှလင်မြို့သို့လည်းကောင်း၊ အတိုင်းမသိများစွာသော ကောင်းကင်တမန်တို့၏စည်းဝေခြင်းသို့လည်းကောင်း၊ ကောင်းကင်စာရင်း၌ဝင်သောသားဦးတို့၏အသင်းတော်သို့လည်းကောင်း.... ရောက်ကြ၏" (ဟေဗြဲ ၁၂း၂၂၊၂၃)။

**၅။ မိသားစုကဲ့သို့သောအသင်းတော်။** ကောင်းကင်၌ရှိသောအသင်းတော်နှင့် မြေကြီးပေါ်ရှိအသင်းတော်တို့သည် တစ်မိသားစုတည်းဖြစ်သည်ဟုသဘောရသည် (ဧဖက် ၃း၁၅)။ ဤတင်စားမှုနှစ်ခုကို ဤမိသားစု၌မွေးစားခြင်း (ရောမ ၈း၁၄–၁၆။

ဖေဖက် ၁း၄–၆) နှင့် အသစ်မွေးဖွားခြင်း (ယောဟန် ၃း၈) တို့ဖြင့်လူတို့သည်လာရောက်ပူးပေါင်းခြင်းကိုဖော်ပြရန်အသုံးပြုသည်။ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် နှစ်ခြင်းခံသူအသစ်တို့သည် ကျွန်မဟုတ်ကြတော့ဘဲ၊ အသစ်သောပဋိညာဉ်၌နေထိုင်ကြသော၊ ကောင်းကင်ဘုံကအဖ၏သားသမီးများဖြစ်လာကြသည် (ဂလာ ၃း၂၆–၄း၇)။ ယခုတွင် သူတို့သည် ("ယုံကြည်ခြင်း၏အိမ်သူအိမ်သား" (ဂလာ ၆း၁၀) တည်းဟူသော "ဘုရားသခင်၏အိမ်တော်သား" (ဧဖက် ၂း၁၉) ဖြစ်လာကြသည်။)

ဘုရားသခင်၏အိမ်သူအိမ်သားများသည် သူ့ကို "အဘ" (ဂလာ ၄း၆) ဟုခေါ်ကြပြီး၊ အချင်းချင်းကိုညီအစ်ကိုနှမကဲ့သို့ဆွေမျိုးတော်ကြသည်။ (ယာကုပ် ၂း၁၅။ ၁ကော ၈း၁၁။ ရောမ ၁၆း၁)။ ပေါလုသည် လူများစွာကိုအသင်းတော်မိသားစုထဲသို့ခေါ်ဆောင်လာသောကြောင့်၊ သူ့ကိုယ်သူ ဝိညာဉ်ရေးဖခင်အဖြစ်ရှုမြင်သည်။ သူက "ဧဝံဂေလိတရားအားဖြင့် ငါသည်သင်တို့ကိုယေရှုခရစ်၌ဖြစ်ဖွားစေပြီ" (၁ကော ၄း၁၅) ဟုဆိုသည်။ သူခေါ်ဆောင်လာသောသူတို့ကို "ချစ်သား" (၁ကော ၄း၁၄) ကဲ့သို့မှတ်သည်။

မိသားစုအနေဖြင့်အသင်းတော်၏အထူးလက္ခဏာတစ်ခုမှာ မိတ်သဟာယဖွဲ့ခြင်းဖြစ်သည်။ ခရစ်ယာန်မိတ်သဟာယဖွဲ့ခြင်းသည် ရင်းနှီးစွာရောနှောဆက်ဆံရုံမျှမကဘဲ၊ "ဧဝံဂေလိတရား၌ဆက်ဆံခြင်း" (ဖိလိပ္ပိ ၁း၅) ဖြစ်သည်။ ၎င်းသည် ခမည်းတော်ဘုရား၊ သူ၏သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း (၁ယော ၁း၃။ ၁ကော ၁း၉။ ၂ကော ၁၃း၁၄)၊ ယုံကြည်သူများနှင့်လည်းကောင်း (၁ယော ၁း၃၊၇) စစ်မှန်သောမိတ်သဟာယဖွဲ့ခြင်းပါဝင်သည်။ ထိုအခါ၊ အသင်းသူအသင်းသားများသည် မိသားစုဝင်ဖြစ်လာသူမည်သူကိုမဆို "လက်ယာလက်ခံခြင်း" မိတ်သဟာယကိုပြုနိုင်ကြမည် (ဂလာ ၂း၉)။

မိသားစုအဖြစ်တင်စားခြင်းသည် ဂရုစိုက်သောအသင်းတော်ကိုပြသသည်။ အသင်းတော်သည် "လူများကိုအရေးကြီးပုဂ္ဂိုလ်ကဲ့သို့ချစ်ခင်လေးစား၍၊ အသိအမှတ်ပြုရသောနေရာ၊ လူတို့သည် သူတို့တစ်ဦးကိုတစ်ဦးလိုအပ်သည်ဟုအသိအမှတ်ပြုသောနေရာဖြစ်သည်။ အစွမ်းများကိုတိုးပွားစေသောနေရာဖြစ်သည်။ လူများကြီးထွားသောနေရာဖြစ်သည်။ လူတိုင်းလိုအင်ဆန္ဒပြည့်ဝသောနေရာဖြစ်သည်။" မိသားစုသည် တာဝန်ခံမှု၊ ဝိညာဉ်ရေးမိဘများကိုရိုသေမှု၊ ဝိညာဉ်ရေးညီအစ်ကိုမောင်နှမများကိုစောင့်ရှောက်ခြင်းတို့ကိုဆိုလိုသည်။ နောက်ဆုံးတွင်၊ ၎င်းသည် စောင်မ၍ခွန်အားပေးသည့် နက်နဲသောသစ္စာရှိခြင်းကိုပေါက်ဖွားစေသောမေတ္တာဖြင့် အသင်းသူအသင်းသားများ တစ်ဦးကိုတစ်ဦးချစ်ကြသည်ဟုဆိုလိုသည်။

အသင်းတော်မိသားစုတွင်အသင်းဝင်ခြင်းသည် သဘာဝစိတ်နေသဘောထား ချင်းများစွာ ခြားနားနေသောတစ်ဦးချင်းစီကို၊ အချင်းချင်းသာယာကြည်နူးခြင်းနှင့် ထောက်မအားပေးခြင်းရှိစေသည်။ အသင်းတော်မိသားစုဝင်များသည် မိမိတို့၏ကိုယ်ပိုင် လက္ခဏာကိုမပပျောက်စေဘဲ၊ စည်းလုံးစွာနေထိုင်ခြင်းကိုသင်ယူကြသည်။

**၆။ သမ္မာတရား၏ထောက်တိုင်နှင့်အုတ်မြစ်ကဲ့သို့သောအသင်းတော်။** အသက်ရှင်သောဘုရားသခင်၏အသင်းတော်သည် "သမ္မာတရား၏အမှီတံကဲဖြစ်၏။ သမ္မာတရား၏တည်ရာလည်းဖြစ်၏" (၁တိ ၃း၁၅)။ ၎င်းသည် သမ္မာတရားကို သိုလှောင်ရာနှင့် ကာကွယ်ရာနေရာဖြစ်၍၊ ရန်သူတိုက်ခိုက်မှုမှသမ္မာတရားကိုကာကွယ် ပေးသည်။ သို့သော်လည်း သမ္မာတရားသည်တန့်မနေဘဲ၊ ရွေ့လျားသည်။ အကယ်၍ အသင်းသူအသင်းသားတို့သည် အလင်းအသစ်ရ၍၊ ယုံကြည်ချက်အသစ် သို့မဟုတ် သမ္မာကျမ်းစာကိုအနက်ဖွင့်ဆိုချက်အသစ်ကိုတွေ့သည်ဟု ဆိုလာလျှင်၊ ထိုသို့တွေ့ ရှိသောသွန်သင်မှုအတွေ့အကြုံအသစ်ကို သမ္မာကျမ်းစာအားဖြင့်စစ်ဆေးရမည် (ဟေရှာ ၈း၂၀)။ အကယ်၍အလင်းတရားအသစ်သည် ဤစံချိန်နှင့်ကိုက်ညီလျှင် အသင်းတော် သည် ၎င်းကိုလက်ခံရမည်။ အကယ်၍မကိုက်ညီပါက ငြင်းပယ်ရမည်။ အသင်းသူ အသင်းသားအားလုံးသည် ကျမ်းစာကိုအခြေခံသည့်ဆုံးဖြတ်ချက်ကိုလိုက်နာရမည်။ အကြောင်းမှာ "အကြံပေးနိုင်သောသူအများရှိလျှင်မူကား၊ ဘေးလွတ်တတ်၏" (သုတ္တံ ၁၁း၁၄)။

သမ္မာတရားကိုပျံ့နှံ့စေခြင်းအားဖြင့် (ဥပမာ၊ သက်သေခံခြင်းအားဖြင့်) အသင်းတော် သည် "လောက၏အလင်း၊" "မကွယ်နိုင်" သည့် "တောင်ထိပ်၌တည်သောမြို့၊" "လောက၏ဆား" ဖြစ်လာသည် (မဿဲ ၅း၁၃–၁၅)။

**၇။ တိုက်ပွဲဝင်၍အောင်မြင်သည့်စစ်တပ်ကဲ့သို့သောအသင်းတော်။** မြေကြီးပေါ်ရှိအသင်းတော်သည် တိုက်ပွဲဆင်နွှဲနေသောစစ်တပ်ကဲ့သို့ဖြစ်သည်။ ၎င်းကို ဝိညာဉ်ရေးအမှောင်ထုကိုစစ်တိုက်ခြင်းဟုခေါ်သည်။ "ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့်ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွတ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်း၊ လောကီမှောင်မိုက်၌အစိုးတရပြုသောမင်းတို့နှင့်လည်း ကောင်း၊ မိုးကောင်းကင်၌နေသောနတ်ဆိုးတို့နှင့်လည်းကောင်း ဆိုင်ပြိုင်တိုက်လှန်ရကြ ၏" (ဧဖက် ၆း၁၂)။ ခရစ်ယာန်တို့သည် "ခဲယဉ်းဆိုးယုတ်သောနေ့ရက်ကာလ၌ဆီး တားနိုင်သဖြင့်၊ ကိစ္စအလုံးစုံတို့ကိုပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင် ပြင်ဆင်တော်မူသောလက်နက်စုံကိုဝတ်ဆင်" (ဧဖက် ၆း၁၃) ရမည်။

ရာစုသစ်များတစ်လျှောက်အသင်းတော်သည် အတွင်းရန်သူနှင့်အပြင်ရန်သူကို တိုက်ခဲ့ရသည် (တမန် ၂၀း၂၉၊၃၀။ ၁တိ ၄း၁)။ ၎င်းသည် ထူးခြားသောတိုးတက်မှုကို လုပ်ဆောင်ပြီးအောင်မြင်မှုများကိုရရှိခဲ့သော်လည်း၊ ၎င်းသည် အောင်ပွဲခံသောအသင်းတော် မဟုတ်သေးချေ။ ကံမကောင်းစွာ၊ အသင်းတော်သည်ကြီးမားသောအပြစ်အနာအဆာ ရှိနေသေးသည်။ ယေရှုသည် အခြားသောဥပမာဖြင့် အသင်းတော်အထဲကမစုံလင်မှုကို ရှင်းပြသည်။ "ကောင်းကင်နိုင်ငံတော်သည် ကောင်းသောမျိုးစေ့ကိုလယ်၌ကြဲသောသူနှင့် တူ၏။ လူတို့သည် အိပ်ပျော်သောအခါ သူ၏ရန်သူသည်လာ၍၊ ကောင်းသော စပါးနှင့်လက္ခဏာတူသောတောမျိုးစေ့ကို စပါးအထဲ၌ကြဲ၍သွားလေ၏" (မဿဲ ၁၃း၂၄၊၂၅)။ အစေခံတို့သည် တောပင်တို့ကိုနုတ်လိုရာ၊ လယ်ပိုင်ရှင်က "တောပင်တို့ကိုရွေးနုတ်လျှင် စပါးပင်တို့ကိုရောနှော၍နုတ်မိမည်စိုးရိမ်စရာအကြောင်းရှိ၏။ စပါးရိတ်သည်ကာလ တိုင်အောင်အပင်နှစ်မျိုးတို့သည် အတူကြီးပွားပါလေစေ" (မဿဲ ၁၃း၂၉း၃၀) ဟုဆို၏။ တောပင်နှင့်စပါးပင်တို့သည် အတူတူလယ်၌ရှင်သန်ကြသည်။ ဘုရားသခင်သည် ပြောင်းလဲသောသူတို့ကိုအသင်းတော်သို့ခေါ်ဆောင်လာစဉ်၊ စာတန်သည် မပြောင်းလဲ သူများကိုယူဆောင်လာသည်။ ဤနှစ်ဖွဲ့သည် ကိုယ်ခန္ဓာတစ်ခုလုံးကိုလွှမ်းမိုးသည်။ တစ်ဖွဲ့သည်စင်ကြယ်ခြင်းအတွက်လုပ်ဆောင်၍၊ အခြားတစ်ဖွဲ့သည် အကျင့်ပျက်ခြင်း အတွက်လုပ်ဆောင်သည်။ အသင်းတော်ထဲ၌သူတို့အကြားပဋိပက္ခသည် ခရစ်တော် ဒုတိယအကြိမ်ကြွလာချိန်၊ ရိတ်သိမ်းရာကာလအထိဆက်လက်ရှိနေမည်။

အသင်းတော်၏အပြင်တိုက်ပွဲသည်လည်း မပြီးဆုံးသေးချေ။ ကြီးစွာသော ဆင်းရဲဒုက္ခနှင့်ပဋိပက္ခသည် ရှေ့တွင်စောင့်နေသည်။ မိမိအချိန်အနည်းငယ်သာရှိသည်ကို သိသောစာတန်သည် ဘုရားသခင်၏အသင်းတော်ကိုဒေါသထွက်၍ (ဗျာ ၁၂း၁၂၊၁၇)၊ အသင်းတော်အပေါ်တွင် "လူမျိုးတစ်စုံတစ်မျိုးမျှဖြစ်သည်ကာလမှစ၍ ထိုကာလ တိုင်အောင်၊ မဖြစ်စဖူးသောဆင်းရဲဒုက္ခကပ်" ကိုရောက်စေလိမ့်မည်။ သို့သော် ခရစ်တော်သည် မိမိ၏သစ္စာရှိသောလူတို့ကိုယ်စားကြားဝင်ဖြေရှင်းလိမ့်မည်။ "စာစောင်၌ စာရင်းဝင်" သောသူတို့သည် "ကယ်လွှတ်ခြင်းသို့ရောက်ကြလိမ့်မည်" (ဒံ၊ ၁၂း၁)။ "အကြင်သူသည် အဆုံးတိုင်အောင်တည်ကြည်၏၊ ထိုသူသည်ကယ်တင်ခြင်းသို့ရောက်လိမ့် မည်" (မဿဲ ၂၄း၁၃) ဟုခရစ်တော်အာမခံသည်။

ခရစ်တော်ကြွလာချိန်တွင် အောင်မြင်သောအသင်းတော်ပေါ်ထွက်လာမည်။ ထိုအချိန်တွင်၊ ခေတ်အဆက်ဆက်သစ္စာရှိ၍၊ မိမိအသွေးနှင့်ဝယ်ယူသည့် "အညစ် အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှစသည်တို့နှင့်လွတ်လပ်သဖြင့်၊ အသရေရှိလျက် တင့်တယ်သောအသင်းတော်ကို ခရစ်တော်သည် မိမိအားဆက်သ" (ဧဖက် ၅း၂၇) လိမ့်မည်။

**မြင်နိုင်သောအသင်းတော်နှင့်မမြင်နိုင်သောအသင်းတော်။** "မြင်နိုင်သော" နှင့် "မမြင်နိုင်သော" ဟူသည့်စကားလုံးနှစ်ခုသည် မြေကြီးပေါ်ရှိအသင်းတော်၏ ရှုထောင့်နှစ်ခုကိုခွဲခြားရန်အသုံးပြုသည်။ အထက်ကကျွန်ုပ်တို့လေ့လာခဲ့သောတင်စားမှုများသည် အထူးသဖြင့်မြင်နိုင်သောအသင်းတော်အတွက်အသုံးချသည်။

**၁။ မြင်နိုင်သောအသင်းတော်။** မြင်နိုင်သောအသင်းတော်သည် အမှုတော်အတွက်ဖွဲ့စည်းသော ဘုရားသခင်၏အသင်းတော်ဖြစ်သည်။ ၎င်းသည် ဧဝံဂေလိတရားကို လောကီအရပ်ရပ်သို့သယ်ဆောင်ရန် ခရစ်တော်၏မဟာစေစားခြင်း (မဿဲ ၂၈း၁၈–၂၀) ကိုပြည့်စုံစေ၍၊ သူ၏ဘုန်းအသရေနှင့်ကြွလာခြင်းအတွက် လူများကိုပြင်ဆင်သည် (၁သက် ၅း၂၃။ ဗျာ ၅း၂၇)။

ခရစ်တော်အထူးရွေးချယ်သော သက်သေတည်းဟူသောအသင်းတော်သည် ကမ္ဘာကိုအလင်းပေး၍၊ ကိုယ်တော်ပြုခဲ့သကဲ့သို့၊ ဆင်းရဲသားတို့ကိုဧဝံဂေလိသတင်းကြားပြောခြင်း၊ ကြေကွဲသောသူတို့ကိုအနာပျောက်စေခြင်း၊ ဖမ်းချုပ်ထားသောသူတို့ကိုလွှတ်ခြင်းနှင့် မျက်စိကန်းသောသူတို့ကိုမြင်စေခြင်း၊ ညှဉ်းဆဲခံရသောသူတို့ကိုကယ်မခြင်း၊ ထာဝရဘုရား၏မင်္ဂလာနှစ်ကာလကိုကြားပြောခြင်း (လုကာ၊ ၄း၁၈၊၁၉) တို့ကိုလုပ်ဆောင်သည်။

**၂။ မမြင်ရသောအသင်းတော်။** မမြင်ရသောအသင်းတော်ကို ကမ္ဘာ့အသင်းတော်ဟုလည်းခေါ်ဆိုပြီး၊ တစ်ကမ္ဘာလုံးရှိဘုရားသခင်၏လူတို့ဖြင့် ဖွဲ့စည်းထားသည်။ ၎င်းအသင်းတော်တွင် မြင်ရသောအသင်းတော်ထဲကယုံကြည်သူများနှင့် အသင်းတော်အဖွဲ့အစည်းနှင့်မသက်ဆိုင်သော်လည်း၊ ခရစ်တော်ပေးသောအလင်းတရားအားလုံးကိုလိုက်လျှောက်သည့်သူများ (ယောဟန်၊ ၁း၉) များပါဝင်သည်။ ဤဒုတိယအဖွဲ့တွင် ခရစ်တော်အကြောင်း သမ္မာတရားကိုဘယ်ခါမျှသင်ယူခွင့်မရရှိခဲ့သော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်၏လှုံ့ဆော်မှုကိုတုံ့ပြန်၍၊ "ပညတ်တရားကိုမသိဘဲ၊ ကိုယ်အလိုအလျောက်တရားတော်ကိုကျင့်သော" (ရောမ၊ ၂း၁၄) သူများပါဝင်သည်။

မမြင်ရသောအသင်းတော်တည်ရှိနေခြင်းက ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခြင်းသည် ဝိညာဉ်ရေးရာဖြစ်ကြောင်းကိုဖော်ပြသည်။ ယေရှုက "ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်ကိုနံဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာတရားနှင့်လည်းကောင်း၊ ကိုးကွယ်ရမည့်အချိန်ကာလသည်လာ၍ ယခုပင်ရောက်လျက်ရှိ၏။ အကြောင်းမူကား၊ ထိုသို့ကိုးကွယ်သောသူတို့ကို ခမည်းတော်သည်အလိုရှိတော်မူ၏" (ယောဟန်၊ ၄း၂၃) ဟုဆိုသည်။ စစ်မှန်သောကိုးကွယ်မှု၏ဝိညာဉ်ရေးသဘောသဘာဝကြောင့်၊ မည်သူသည် ဘုရားသခင့်အသင်းတော်၏အစိတ်အပိုင်းဖြစ်သည်မဖြစ်သည်ကို တိတိကျကျတွက်ချက်၍မရပါ။

သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘုရားသခင်သည် သူ၏လူတို့ကိုမမြင်နိုင်သောအသင်းတော်မှမြင်နိုင်သောအသင်းတော်နှင့်ပူးပေါင်းရန်ပို့ဆောင်သည်။ "ဤသိုးခြံသို့မဝင်သောအခြားသိုးတို့ကိုလည်းငါပိုင်သေး၏။ ထိုသိုးတို့ကိုငါဆောင်ခဲ့ရမည်။ သူတို့သည်လည်း ငါ့စကားသံကိုနားထောင်သဖြင့်၊ သိုးခြံတစ်ခုသိုးထိန်းတစ်ပါးတည်းရှိရလိမ့်မည်" (ယောဟန်၊ ၁၀း၁၆)။ သူတို့သည် ဘုရားသခင်၏သမ္မာတရား၊ ချစ်ခြင်းမေတ္တာနှင့် မိတ်သဟာယဖွဲ့ခြင်းကို မြင်နိုင်သောအသင်းတော်တွင်သာ အပြည့်အဝတွေ့ကြုံခံစားနိုင်သည်။ အဘယ်ကြောင့်ဆိုသော်၊ အသင်းသူအသင်းသားများကို အစုအဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ တည်ဆောက်သည့်ဝိညာဉ်ရေးဆုကျေးဇူးကို ဘုရားသခင်သည် မြင်နိုင်သောအသင်းတော်တွင်ပေးသောကြောင့်ဖြစ်သည် (ဧဖက်၊ ၄း၄–၁၆)။ ပေါလုသည် ပြောင်းလဲလာသောအခါ၊ ဘုရားသခင်သည် သူ့ကိုမြင်နိုင်သောအသင်းတော်နှင့် ထိတွေ့စေပြီးနောက်၊ အသင်းတော်၏လုပ်ငန်းတာဝန်ကိုထမ်းဆောင်ရန် တာဝန်ပေးခဲ့သည် (တမန်၊ ၉း၁၀–၂၂)။ ယနေ့တွင်လည်း ထိုသို့ပင်ဖြစ်သည်။ ကိုယ်တော်သည် မိမိလူတို့ကို ဘုရားသခင်၏ပညတ်တော်ကိုစောင့်၍၊ ယေရှု၏ယုံကြည်ခြင်းကို ပိုင်ဆိုင်သည့် မြင်နိုင်သောအသင်းတော်ထဲသို့ ပို့ဆောင်ရန်ရည်ရွယ်သည်။ ထိုသို့ဖြင့် သူတို့သည် မြေကြီးပေါ်သူ၏သာသနာပြီးစီးအောင်လုပ်ဆောင်ရာတွင်ပါဝင်နိုင်ကြမည်ဖြစ်သည်။ (ဗျာ၊ ၁၄း၁၂။ ၁၈း၄၊ မဿဲ၊ ၂၄း၁၄)။

မမြင်နိုင်သောအသင်းတော်၏သဘောတရားသည် ကောင်းကင်၌ရှိသောအသင်းတော်နှင့် မြေကြီးပေါ်ရှိအသင်းတော်တို့ပေါင်းစည်းသောအသင်းတော် (ဧဖက်၊ ၁း၂၂၊၂၃) နှင့် ညှဉ်းဆဲခြင်းကာလတွင် ပုန်းရှောင်သောအသင်းတော် (ဗျာ၊ ၁၂း၆၊၁၄) တို့ပါဝင်သည်ဟုသဘောထားသည်။

## အသင်းတော်အဖွဲ့အစည်း

တစ်လောကလုံးသို့ ဧဝံဂေလိတရားကိုဟောပြောရန် ခရစ်တော်၏ပြဋ္ဌာန်းချက်တွင် ဧဝံဂေလိတရားကိုလက်ခံပြီးသောသူတို့အား ပြုစုပျိုးထောင်ရန်လည်းပါသည်။ ယုံကြည်သူအသင်းဝင်များကို ယုံကြည်ခြင်း၌အခြေခိုင်စေ၍၊ သူတို့၏ဘုရားပေးအစွမ်းများနှင့် ဝိညာဉ်ဆုကျေးဇူးများကို အမှုတော်တွင်အသုံးပြုရန်သွန်သင်ရမည်။ "ဘုရားသခင်သည် ရှန်းရင်းခတ်သောအမှုကိုပြုစုတော်မမူ။" သို့သော် "ခပ်သိမ်းသောအမှုတို့ကိုတင့်တယ်လျောက်ပတ်စွာအစဉ်အတိုင်းစီရင်" (၁ကော၊ ၁၄း၃၃၊၄၀) ရန်အလိုရှိသည်။ အသင်းတော်သည် ရိုးရိုးနှင့်ထိရောက်သောအဖွဲ့အစည်းဖြစ်ရမည်။

**အဖွဲ့အစည်း၏သဘောသဘာဝ။** အသင်းတော်အဖွဲ့အစည်းနှင့် ၎င်း၏အသင်းဝင်များအကြောင်းကို သုံးသပ်ကြပါစို့။

**၁။ အသင်းသူအသင်းသားများ။** ပြောင်းလဲသူများသည် အရည်အချင်း တချို့ကိုပြည့်မီသောအခါ၊ အသစ်သောပဋိညာဉ်၏ယုံကြည်သူလူစု၌ အသစ်သော အသင်းဝင်များဖြစ်လာကြသည်။ အသင်းဝင်ခြင်းတွင် အခြားလူများ၊ နိုင်ငံတော်အစိုးရ၊ ဘုရားသခင်စသည်တို့နှင့် အသစ်သောဆက်ဆံရေးကိုလက်ခံခြင်းပါဝင်သည်။

**(က) အသင်းဝင်များ၏အရည်အချင်းများ။** ကိုယ်တော့်အသင်းတော်၏ အသင်းဝင်များဖြစ်လာလိုသောသူတို့သည် ယေရှုခရစ်ကိုအရှင်သခင်နှင့် ကယ်တင်ရှင် အဖြစ်လက်ခံ၍၊ သူတို့၏အပြစ်များကိုနောင်တရကာ၊ ရေနှစ်ခြင်းခံရမည် (တမန်၊ ၂း၃၆–၄၁)။ သူတို့သည်အသစ်မွေးဖွားခြင်းအတွေ့အကြုံရှိရမည်ဖြစ်ပြီး၊ ကိုယ်တော်သည် သူတို့အား သွန်သင်သမျှကိုစောင့်ရှောက်ရန် သူတစ်ပါးကိုသင်ပေးရမည်ဟူသော ခရစ်တော်၏လုပ်ငန်းတာဝန်ကို လက်ခံပြီးဖြစ်ရမည် (မဿဲ၊ ၂၈း၂၀)။

**(ခ) တန်းတူရှိခြင်းနှင့် အမှုဆောင်ခြင်း။** "သင်တို့အပေါင်းသည် ညီအစ်ကိုချင်းဖြစ်ကြ၏" နှင့် "သင်တို့တွင်အကြီးဖြစ်သောသူသည် သင်တို့၏အစေခံ ဖြစ်ရမည်" ဟူသောခရစ်တော်၏ကြေညာချက်နှင့်အညီ၊ အသင်းသူအသင်းသားများ သည် အချင်းချင်းတန်းတူဆက်ဆံကြရမည်။ သို့သော်လည်း၊ ခရစ်တော်၏စံနမူနာကို လိုက်ခြင်းသည် သူတစ်ပါး၏လိုအပ်ချက်များကို ဆောင်ရွက်ပေးခြင်း၊ သူတို့ကို သခင်ဘုရားထံသို့ခေါ်ဆောင်ခြင်းကိုလည်းဆိုလိုကြောင်း သူတို့သဘောပေါက်ရမည်။

**(ဂ) ယုံကြည်သူအားလုံးယဇ်ပုရောဟိတ်ဖြစ်ခြင်း။** ကောင်းကင်ဗိမာန်တော် ၌ ခရစ်တော်၏အမှုဆောင်ခြင်းနှင့်အတူ၊ ဝတ်ပြုရာယဇ်ပုရောဟိတ်လုပ်ငန်း၏အကျိုး သက်ရောက်မှုသည် နိဂုံးချုပ်သွားခဲ့သည်။ ယခုတွင် အသင်းတော်သည် "သန့်ရှင်းသော ယဇ်ပုရောဟိတ်မျိုး" (၁ပေ၊ ၂း၅) ဖြစ်သည်။ ပေတရုက "သင်တို့မူကား၊ မှောင်မိုက် ထဲမှအံ့ဖွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသောသူ၏ဂုဏ်ကျေးဇူးများကိုဖော်ပြ စေခြင်းငှာ၊ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသောအပေါင်းအသင်းဖြစ်ကြ၏" (၁ပေ၊ ၂း၉) ဟု ဆိုသည်။

ယုံကြည်သူအားလုံးယဇ်ပုရောဟိတ်ဖြစ်ခြင်းဟူသော ဤစနစ်အသစ်သည် အသင်းတော်လူစုအပေါ်တာဝန်ခံမှုမရှိဘဲ တစ်ဦးချင်းစီသည် မိမိကြိုက်သလိုစဉ်းစား၊ ယုံကြည်၊ သွန်သင်ရန်အခွင့်အာဏာမပေးချေ။ ၎င်းသည် ဘုရားသခင်၏နာမ၌အခြား သူများကိုအမှုဆောင်ရန် အသင်းသားတစ်ဦးစီ၌တာဝန်ရှိကြောင်း၊ ကြားဝင်ဖျန်ဖြေသူ လူသားမရှိဘဲလျက် ကိုယ်တော်နှင့်တိုက်ရိုက်ဆက်သွယ်နိုင်ကြောင်းတို့ကိုဆိုလိုသည်။ ၎င်းသည်အသင်းသူအသင်းသားများ တစ်ဦးကိုတစ်ဦးအမှီပြုခြင်းနှင့် သူတို့၏အမှီအခို ကင်းခြင်းတို့ကိုအလေးထားသည်။ ဤယဇ်ပုရောဟိတ်ဖြစ်ခြင်းသည် ဆရာသမားများနှင့်

သာမန်အသင်းသားများအကြား အရည်အသွေးဆိုင်ရာခြားနားမှုမရှိပါ။ သို့သော် သူတို့အကြားတွင် လုပ်ငန်းဆိုင်ရာခြားနားမှုရှိသည်။

**(ဃ) ဘုရားသခင်နှင့်နိုင်ငံတော်အပေါ်သစ္စာခံခြင်း။** သမ္မာကျမ်းစာသည် ဘုရားသခင်ကအစိုးရများကိုထူထောင်သည်ကို အသိအမှတ်ပြု၍၊ ယုံကြည်သူများသည် အရပ်ဘက်အာဏာပိုင်များကိုရိုသေပြီး၊ နားထောင်ရန်အခိုင်အမာဆိုသည်။ အရပ်ဘက် အခွင့်အာဏာရှိသောသူတို့သည် "အပြစ်တရားစီရင်၍၊ ရာဇဝတ်ပေးပိုင်သောသူတည်းဟူသော ဘုရားသခင်၏အစေခံဖြစ်သတည်း။" ထို့ကြောင့် အသင်းသူ၊ အသင်းသားများ၊ "အခွန်ကိုခံထိုက်သောသူအားအခွန်ကိုလည်းကောင်း၊ အကောက်ကိုခံထိုက်သောသူအား အကောက်ကိုလည်းကောင်းပေးကြလော့။ ကြောက်ထိုက်သောသူကိုကြောက်ကြလော့။ ရိုသေထိုက်သောသူကိုရိုသေကြလော့" (ရောမ၊ ၁၃း၄၊၇)။

နိုင်ငံတော်အပေါ်အသင်းသူအသင်းသားများ၏စိတ်သဘောထားကို ခရစ်တော်၏နည်းဥပဒေသအားဖြင့်လမ်းပြပေးရမည်။ "ကဲသာဘုရင်၏ဥစ္စာကိုကဲသာဘုရင်အား ဆက်ပေးကြလော့။ ဘုရားသခင်၏ဥစ္စာကိုကား ဘုရားသခင်အားဆက်ပေးကြလော့" (မဿဲ၊ ၂၂း၂၁)။ သို့သော် အကယ်၍နိုင်ငံတော်သည် ဘုရား၏ပညတ်ကိုဝင်စွက်လာလျှင်၊ ဘုရားသခင်အပေါ်အမြင့်ဆုံးသစ္စာခံရမည်။ တမန်တော်များက "လူ၏စကားထက် ဘုရားသခင်၏စကားတော်ကိုနားထောင်သင့်ပါ၏" (တမန်၊ ၅း၂၉) ဟုဆိုခဲ့ကြသည်။

**၂။ အသင်းတော်အဖွဲ့အစည်း၏အဓိကလုပ်ငန်း။** ဘုရားသခင်၏ဘုန်းတော်ကိုသိကျွမ်းခြင်းနှင့် ဤကမ္ဘာဂြိုဟ်ကိုပြည့်စေရန်ဟူသော ဘုရားသခင်၏အကြံအစည်ကို ပြီးမြောက်စေရန် အသင်းတော်ကိုဖွဲ့စည်းခဲ့သည်။ မြင်နိုင်သောအသင်းတော်ကသာလျှင် ဤတာဝန်ကိုဖြည့်ဆည်းစေရန် အရေးကြီးသောလုပ်ငန်းအတော်များများကိုဆောင်ရွက်နိုင်သည်။

**(က) ဝတ်ပြုကိုးကွယ်ခြင်းနှင့်တိုက်တွန်းခြင်း။** သမိုင်းတစ်လျှောက် အသင်းတော်သည် ဥပုသ်နေ့တွင်ဖန်ဆင်းရှင်ကိုကိုးကွယ်ရန် ယုံကြည်သူများကိုစုရုံးရန်အတွက် ဘုရားသခင်၏ကိုယ်စားလှယ်ဖြစ်နေခဲ့သည်။ ခရစ်တော်နှင့်သူ၏တပည့်တော်တို့သည် ဤဝတ်ပြုကိုးကွယ်ခြင်းအလေ့အကျင့်ကို လိုက်လျှောက်ခဲ့ကြသည်။ သမ္မာကျမ်းစာသည် ယနေ့ယုံကြည်သူများအား "အချင်းချင်းစည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်။ အချင်းချင်းတို့ကို တိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန်ရောက်လုနီးသည်ကိုထောက်သဖြင့်၊ သာ၍ကြိုးစားကြလော့" (ဟေဗြဲ၊ ၁၀း၂၅) ဟုတိုက်တွန်းသည်။ လူထုစုဝေး၍ ဝတ်ပြုကိုးကွယ်ခြင်းသည် ဝတ်ပြုကိုးကွယ်သူများကို အားသစ်လောင်းခြင်း၊ အားပေးတိုက်တွန်းခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ကိုယူဆောင်လာပေးသည်။

**(ခ) ခရစ်ယာန်မိတ်သဟာယ။** အသင်းတော်အားဖြင့် အသင်းသူအသင်းသားများ၏မိတ်သဟာယဖွဲ့လိုသည့် အနက်ရှိုင်းဆုံးသောလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးသည်။ "ဧဝံဂေလိတရားကိုဆက်ဆံ" (ဖိလိပ္ပိ၊ ၁း၅) ခြင်းသည် အခြားသောဆက်ဆံရေးအားလုံးကိုကျော်လွန်သည်။ အကြောင်းမှာ ၎င်းသည် ဘုရားသခင်နှင့်လည်းကောင်း၊ ယုံကြည်ခြင်းတူသောအခြားသူများနှင့်လည်းကောင်း ရင်းနှီးသောဆက်ဆံရေးကိုပေးသည် (၁ယော၊ ၁း၃၊၆၊၇)။

**(ဂ) သမ္မာကျမ်းစာထဲကညွှန်ကြားချက်။** ခရစ်တော်သည်အသင်းတော်ကို "ကောင်းကင်နိုင်ငံတော်၏သော့တို့ကို" ပေးသည် (မဿဲ၊ ၁၆း၁၉)။ ဤသော့များသည် ခရစ်တော်၏နှုတ်ထွက်စကားတည်းဟူသော သမ္မာကျမ်းစာ၏စကားလုံးများအားလုံးဖြစ်သည်။ အတိအကျပြောရလျှင်၊ ၎င်းသည် နိုင်ငံတော်သို့မည်သို့ဝင်ရမည်နှင့်ပတ်သက်၍ "ပညာဖွင့်သောသော့" ဖြစ်သည် (လုကာ၊ ၁၁း၅၂)။ ယေရှု၏နှုတ်ထွက်စကားကိုလက်ခံရရှိသူအားလုံးအတွက် အသက်ဝိညာဉ်ဖြစ်သည် (ယောဟန်၊ ၆း၆၃)။ ၎င်းတို့သည် ထာဝရအသက်ကိုယူဆောင်လာသည် (ယောဟန် ၆း၆၈)။

အသင်းတော်သည် ကျမ်းစာထဲကသမ္မာတရားများကိုဟောပြောသောအခါ၊ ဤကယ်တင်ခြင်းသော့များသည် ချည်နှောင်နိုင်၊ လွှတ်နိုင်သောတန်ခိုး၊ ကောင်းကင်ကိုဖွင့်နိုင်၊ ပိတ်နိုင်သောတန်ခိုးရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မည်သို့သောသူကိုလက်ခံမည် သို့မဟုတ် ငြင်းပယ်မည်၊ မည်သူသည် ကယ်တင်ခြင်းရမည် သို့မဟုတ် ပျောက်ဆုံးမည်ဟူသောစံအမှတ်ကိုပြောကြားသည်။ အသင်းတော်၏ဧဝံဂေလိတရားဟောပြောချက်ကိုလက်ခံ၍၊ ၎င်း၏ပညတ်ချက်များနှင့်ကတိတော်များအတိုင်း မိမိတို့အသက်တာကိုအပ်နှံသောသူတို့ကို ဧဝံဂေလိတရားက "အသက်ရှင်ခြင်း၏အမွှေးအကြိုင်" (၂ကော၊ ၂း၁၆) အဖြစ်ထုတ်ဖော်ပြသည်။ ဧဝံဂေလိတရားကိုငြင်းပယ်သောသူတို့မူကား "သေခြင်း၏အမွှေးအကြိုင်ဖြစ်ကြ၏" (၂ကော၊ ၂း၁၆)။

ယေရှုသည် "ဘုရားသခင်မိန့်တော်မူသမျှ" (မဿဲ၊ ၄း၄) အတိုင်းအသက်ရှင်ခြင်း၏အရေးကြီးမှုကိုသိသည်။ ထိုသို့ပြုခြင်းအားဖြင့်သာလျှင်၊ အသင်းတော်သည် ခရစ်တော်၏လူမျိုးတကာတို့ကို "ငါသည် သင်တို့အားပေးသမျှသောပညတ်တော်တို့ကိုစောင့်ရှောက်စေ" (မဿဲ၊ ၂၈း၂၀) ရန်ဟူသောအမိန့်တော်ကိုပြည့်စုံစေနိုင်သည်။

**(ဃ) ဘုရားရှင်၏မင်္ဂလာအမှုများကိုဆောင်ရွက်ခြင်း။** အသင်းတော်ထဲသို့ဝင်ရန်ရေနှစ်ခြင်းပေးခြင်း၊ ခြေဆေးမင်္ဂလာနှင့် သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာတို့ကိုဆောင်ရွက်ရန်အတွက် အသင်းတော်သည် ဘုရားသခင်၏တန်ဆာပလာဖြစ်သည်။

**(င) ဧဝံဂေလိတရားကိုကမ္ဘာတစ်ဝန်းဟောပြောခြင်း။** အသင်းတော်ကိုဣသရေလတို့မလုပ်နိုင်ခဲ့သော သာသနာလုပ်ငန်းအတွက် ဖွဲ့စည်းခြင်းဖြစ်သည်။

အရှင်သခင်၏အသက်တာ၌တွေ့ရသကဲ့သို့၊ လောကကိုအသင်းတော်ကပေးသော အကြီး မားဆုံးဝန်ဆောင်မှုမှာ၊ သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံအားဖြင့် ခွန်အားပြည့်လျက် "ဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ဟော" (မဿဲ၊ ၂၄း၁၄) ခြင်း လုပ်ငန်းပြီးဆုံးအောင် အပြည့်အဝဆောင်ရွက်ခြင်းဖြစ်သည်။

ဤလုပ်ငန်းတာဝန်တွင် ခရစ်တော်ကြွလာခြင်းအတွက်ပြင်ဆင်ခြင်း၊ သတင်း စကားဟောပြောခြင်းပါဝင်၍၊ ဤသတင်းစကားကို အသင်းတော်ကိုယ်၌လည်းကောင်း၊– (၁ကော၊ ၁း၇၊၈။ ၂ပေ၊ ၃း၁၄။ ဗျာ၊ ၃း၁၄–၂၂။ ၁၄း၅)။ ကျန်လူသားများအားလုံးထံသို့ လည်းကောင်း ဟောပြောရန်ဖြစ်သည် (ဗျာ၊ ၁၄း၆–၁၂၊ ၁၈း၄)။

## အသင်းတော်အုပ်ချုပ်ပုံနည်းစနစ်

ယေရှုကောင်းကင်သို့တက်ကြွပြီးနောက် အသင်းတော်၏ခေါင်းဆောင်မှုသည် တမန်တော်များလက်ထဲသို့ရောက်လာခဲ့သည်။ အခြားယုံကြည်သူများ၏အကြံပြုချက်ဖြင့် သူတို့၏ပထမဆုံးသောအဖွဲ့အစည်းဆိုင်ရာဆုံးဖြတ်ချက်မှာ ယုဒ၏အစား အခြား တမန်တော်ကိုရွေးကောက်ရန်ဖြစ်သည် (တမန်၊ ၁း၁၅–၂၆)။

အသင်းတော်ကြီးထွားလာသောအခါ၊ တမန်တော်တို့သည် ဧဝံဂေလိတရား ဟောပြောခြင်းနှင့် အသင်းတော်၏လတ်တလောကိစ္စများကို ပြုစုစောင့်ရှောက်ခြင်းတို့ကို တွဲလုပ်ရန်မဖြစ်နိုင်ကြောင်း သဘောပေါက်ခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် အသင်းတော်၏လက်တွေ့လုပ်ဆောင်ရသောလုပ်ငန်းကို အသင်းတော်ကခန့်ထားသော လူခုနစ်ဦးကိုလွှဲအပ်ခဲ့သည်။ အသင်းတော်သည် "ဘုရားသခင်၏နှုတ်ကပတ်တော်ဟော ခြင်း" နှင့် "စားပွဲ၌လုပ်ကျွေးမှု" တို့ကိုခွဲခြားသော်လည်း (တမန်၊ ၆း၁–၄)၊ အသင်းတော် ၏သာသနာလုပ်ငန်းကိုဆောင်ရွက်ရာတွင် ဆရာသမားများနှင့် သာမန်အသင်းသူ အသင်းသားများကိုခွဲခြားခြင်းမရှိချေ။ အမှန်မှာ၊ ထိုလူခုနစ်ဦးထဲမှ သတေဖန်နှင့် ဖိလိပ္ပု တို့၏ထိရောက်သောတရားဟောခြင်းနှင့် ဧဝံဂေလိတရားဖြန့်ဝေခြင်းတို့ကြောင့် သတိပြုမိ ခြင်းခံရကြသည် (တမန်၊ ၇ နှင့် ၈)။

အသင်းတော်သည် အာရှတိုက်နှင့် ဥရောပတိုက်တို့တွင်ချဲ့ထွင်လာရာ၊ အသင်းတော်တွင် နောက်ထပ်ခြေလှမ်းများဆက်လှမ်းရသည်။ အသင်းတော်အသစ်များစွာ တည်ထောင်ခြင်းနှင့်အတူ၊ ခေါင်းဆောင်မှုအပိုင်းတည်ငြိမ်စေရန် "အသင်းတော်တိုင်းတွင် အသင်းလူကြီးများကိုခန့်အပ်ခဲ့သည် (တမန်၊ ၁၄း၂၃)။

ကြီးမားသောအကျပ်အတည်းပေါ်ပေါက်လာသောအခါ၊ နှစ်ဖက်သောအဖွဲ့တို့ကို သူတို့၏ရပ်တည်ချက်များတင်ပြရန်၊ အသင်းတော်ကိုကိုယ်စားပြုသောအသင်းလူကြီးများ နှင့် တမန်တော်တို့ဖြင့်ဖွဲ့စည်းသော အထွေထွေအစည်းအဝေးတွင်ခွင့်ပြုခဲ့သည်။ ဤအစည်း

အဝေး၏ဆုံးဖြတ်ချက်များကို အားလုံးကလိုက်နာပြီး၊ ဘုရားသခင်၏စကားသံကဲ့သို့လက်ခံခဲ့ကြသည်။ (တမန်၊ ၁၅း၁–၂၉)။ အသင်းတော်တစ်ခုလုံးကို ထိခိုက်စေသောပြဿနာဖြစ်လာသောအခါ၊ ဒေသခံအသင်းတော်ထက်သာ၍ကျယ်ပြန့်သော အကြံပြုချက်နှင့်အခွင့်အာဏာတို့ဖြင့် ဖြေရှင်းရမည်ဖြစ်ကြောင်း ဤဖြစ်ရပ်ကပြသသည်။ ဤကိစ္စအရေး အစည်းအဝေး၏ဆုံးဖြတ်ချက်သည် အဖွဲ့အားလုံးကိုယ်စားလှယ်များမှ သဘောတူညီချက်ဖြင့်ရရှိလာခြင်းဖြစ်သည် (တမန်၊ ၁၅း၂၂၊၂၅)။

လိုအပ်ချက်များပေါ်လာသောအခါ၊ ထိုလိုအပ်ချက်များအတိအကျကိုဖြေရှင်းရန် သူ့အမှုတော်၏ခေါင်းဆောင်မှုကို ဘုရားသခင်သည်လမ်းပြကြောင်း ဓမ္မသစ်ကျမ်းက ရှင်းလင်းစွာဖော်ပြသည်။ သူ၏လမ်းပြမှုနှင့်အသင်းတော်၏အကြံပြုချက်တို့ဖြင့်၊ အသင်းလူကြီးတို့သည် ယနေ့ကျင့်သုံးနေသောအသင်းတော်အုပ်ချုပ်ပုံစနစ်ကိုပုံဖော်ခဲ့သည်။ ဤအုပ်ချုပ်မှုသည် အသင်းတော်ကိုဖောက်ပြန်ခြင်းမှကာကွယ်၍၊ မဟာစေစားခြင်းကို ပြည့်စုံစေနိုင်လိမ့်မည်။

## အသင်းတော်အုပ်ချုပ်မှု၏ကျမ်းစာဆိုင်ရာစည်းမျဉ်းများ

**၁။ ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းဖြစ်သည်။** ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းဖြစ်ခြင်းသည် အဓိကအားဖြင့် သူ၏ကြားဖျန်ဖြေခြင်းလုပ်ငန်း အပေါ်အခြေခံသည်။ လက်ဝါးကပ်တိုင်ပေါ်တွင် စာတန်ကိုအနိုင်ယူပြီးနောက်၊ ယေရှုသည် "ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း၊ စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို" (မဿဲ၊ ၂၈း၁၈) ပေးအပ်ခြင်းခံရသည်။ ဘုရားသခင်သည် သူ၏ "ခြေဖဝါးတော်အောက်သို့အလုံးစုံတို့ကိုချထားသဖြင့်၊ အသင်းတော်အဖို့အလို့ငှာ၊ သူ့ကိုအလုံးစုံတို့၏အချုပ်အခြာဦးခေါင်းဖြစ်စေတော်မူ၏" (ဧဖက်၊ ၁း၂၂)။ ထို့ကြောင့် သူသည် "သခင်တို့၏သခင်၊ ဘုရင်တို့၏ဘုရင်ဖြစ်တော်မူ၏" (ဗျာ၊ ၁၇း၁၄)။

အသင်းတော်သည် သူ၏ကိုယ်ခန္ဓာဖြစ်သောကြောင့်၊ ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းဖြစ်သည် (ဧဖက်၊ ၁း၂၃။ ကောလောသဲ၊ ၁း၁၈)။ ယုံကြည်သူများသည် "ဘုရားသခင်၏အသားတော်၊ အရိုးတော်တို့အဝင်ဖြစ်၍၊ ကိုယ်တော်မြတ်၏အင်္ဂါဖြစ်ကြ၏" (ဧဖက်၊ ၅း၃၀)။ သူတို့သည် ကိုယ်တော်နှင့်ရင်းနှီးသောဆက်နွယ်မှုရှိရမည်။ အဘယ်ကြောင့်ဆိုသော်၊ အသင်းတော်သည် ကိုယ်တော်၌ "အဆစ်အပိုင်းအထုံးအဖွဲ့များအားဖြင့်အားဖြည့်သည်" (ကောလောသဲ၊ ၂း၁၉)။

**၂။ ခရစ်တော်သည် ၎င်း၏အခွင့်အာဏာအားလုံး၏အရင်းအမြစ်ဖြစ်သည်။** ခရစ်တော်သည် မိမိအခွင့်အာဏာကိုဖော်ပြသောနေရာများမှာ၊ (၁) ခရစ်ယာန်အသင်းတော်ကိုတည်ထောင်ခြင်း (မဿဲ၊ ၁၆း၁၈)၊ (၂) အသင်းတော်ကလုပ်ဆောင်

ရမည့် ခမ္မမင်္ဂလာအမှုတို့ကိုပြဋ္ဌာန်းခြင်း (မဿဲ၊ ၂၆း၂၆–၃၀။ ၂၈း၁၉၊၂၀။ ၁ကော၊ ၁၁း၂၃–၂၉။ ယောဟန်၊ ၁၃း၁–၁၇)၊ (၃) သူ၏နာမဖြင့်လုပ်ဆောင်ရန် ဘုရားရှင်၏ အခွင့်အာဏာကိုအပ်နှင်းခြင်း၊ (မဿဲ၊ ၁၆း၁၉။ ၁၈း၁၅–၁၈။ ယောဟန်၊ ၂၀း၂၁–၂၃)၊ (၄) သူ၏အခွင့်အာဏာအောက်၌ အသင်းတော်ကိုလမ်းပြရန် သန့်ရှင်းသောဝိညာဉ်တော် ကိုစေလွှတ်ခြင်း (ယောဟန်၊ ၁၅း၂၆။ ၁၆း၁၃–၁၅)၊ (၅) အသင်းတော်ထဲတွင် အထူး ဝိညာဉ်တော်ဆုကျေးဇူးများကိုချပေးခြင်းတို့ဖြစ်သည်။ ထိုသို့ဖြင့် အသင်းသူအသင်းသား များကို အမှုတော်အတွက်ပြင်ဆင်ရန်နှင့် အားလုံးသည်ယုံကြည်ခြင်း၌စည်းလုံး၍ "ခရစ်တော်၏ပြည့်စုံခြင်း" ကိုရောင်ပြန်ဟပ်သည်တိုင်အောင် ခရစ်တော်၏ကိုယ်ခန္ဓာကို တည်ဆောက်ရန် တစ်ဦးချင်းစီကိုတမန်တော်များ၊ ပရောဖက်များ၊ သာသနာပြုများ၊ အသင်းအုပ်ဆရာများ၊ ဆရာအရာတို့၌ခန့်ထားသည် (ဧဖက်၊ ၄း၇–၁၃)။

**၃။ သမ္မာကျမ်းစာသည် ခရစ်တော်၏အခွင့်အာဏာကိုကိုင်ဆောင်သည်။** ခရစ်တော်သည် မိမိအသင်းတော်ကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လမ်းပြသော်လည်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အသင်းတော်လုပ်ငန်း လည်ပတ်ရာတွင်တစ်ခုတည်းသောစံနှုန်းဖြစ်သည်။ ၎င်း၏အသင်းဝင်အားလုံးသည် ထိုနှုတ်ကပတ်တော်ကိုနားထောင်ရမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ပကတိသဘောအရပြည့်တ်ချက်ဖြစ်သည်။ လူသားတို့၏ယဉ်ကျေးမှုထုံးတမ်းစဉ်လာ ဓလေ့အားလုံးသည် သမ္မာကျမ်းစာ၏အခွင့်အာဏာအောက်၌ရှိသည် (၂တိ၊ ၃း၁၅–၁၇)။

**၄။ ခရစ်တော်၏အခွင့်အာဏာနှင့် အသင်းတော်၏လုပ်ငန်းများ။** ခရစ်တော်သည် မိမိအခွင့်အာဏာကိုအသင်းတော်နှင့် ၎င်း၏အထူးခန့်ထားသောအစေခံ များမှတစ်ဆင့်အသုံးချသော်လည်း၊ သူ၏တန်ခိုးကို ဘယ်ခါမျှမလွှဲပြောင်းချေ။ ခရစ်တော် နှင့် နှုတ်ကပတ်တော်တို့မှခွဲထွက်၍ မည်သူမျှသီးခြားအခွင့်အာဏာမရှိချေ။

ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းသူအသင်းသားများသည် မိမိတို့၏ အရာရှိများကိုရွေးကောက်တင်မြှောက်သည်။ သို့သော်၊ ဤအရာရှိများသည် လူတို့၏ ကိုယ်စားလှယ်များအဖြစ်ဆောင်ရွက်ကြစဉ်၊ သူတို့၏အခွင့်အာဏာသည် ခရစ်တော်ထံမှ လာသည်။ သူတို့ကိုရွေးကောက်တင်မြှောက်ခြင်းသည် သူတို့သည် ခရစ်တော်ထံမှ ရရှိသောခေါ်တော်မူခြင်းကို အတည်ပြုပေးရုံမျှဖြစ်သည်။ ရွေးကောက်ခံလူကြီးများ၏ အဓိကတာဝန်မှာ ဝတ်ပြုကိုးကွယ်ခြင်း၊ စည်းကမ်းရှိခြင်းနှင့် ဧဝံဂေလိတရားကို ဟောခြင်းတို့၌ကျမ်းစာ၏ညွှန်ကြားချက်များကို လိုက်လျှောက်မှုရှိမရှိကြည့်ရှုရန်ဖြစ် သည်။ အသင်းတော်သည် ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်သောကြောင့်၊ သူတို့၏ ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်မှုတို့နှင့်သက်ဆိုင်၍ နှုတ်ကပတ်တော်၏အကြံအဉာဏ် ကိုရယူရန်ဖြစ်သည်။

**ဓမ္မသစ်ခေတ်ကအသင်းတော်၏ခေါင်းဆောင်များ။** ဓမ္မသစ်ကျမ်းသည် အသင်းတော်၏ခေါင်းဆောင်နှစ်မျိုးကိုဖော်ပြသည်။ ၎င်းတို့မှာ အသင်းလူကြီးနှင့်အသင်းထောက်ဖြစ်သည်။ ဤလုပ်ငန်းတာဝန်နှစ်ခု၏အရေးကြီးမှုကို ၎င်းတာဝန်ကိုထမ်းဆောင်မည့်သူများအတွက် မြင့်မားသောကိုယ်ကျင့်တရားနှင့် ဝိညာဉ်ရေးသတ်မှတ်ချက်များကမီးမောင်းထိုးပြသည်။ အသင်းတော်သည် လက်တင်မင်္ဂလာပေးခြင်းအားဖြင့် ခေါင်းဆောင်မှုအတွက် ဘိသိက်ပေးခြင်း၏မြင့်မြတ်မှုကိုအသိအမှတ်ပြုသည် (တမန်၊ ၆း၆။ ၁၃း၂၊၃။ ၁တိ၊ ၄း၁၄။ ၅း၂၂)။

### ၁။ အသင်းလူကြီးများ

**(က) အသင်းလူကြီးသည်အဘယ်သူနည်း။** "အသင်းလူကြီး" များသည် ဒေသခံအသင်းတော်တွင် အရေးကြီးဆုံးသောခေါင်းဆောင်များဖြစ်ကြသည်။ အသင်းလူကြီးဆိုရာတွင် အသက်ကြီးသူဟူ၍အဓိပ္ပါယ်ရပြီး၊ ဂုဏ်သိက္ခာနှင့်လေးစားမှုကိုဆိုလိုသည်။ ဤရာထူးသည် တရားဇရပ်ကိုကြီးကြပ်သူ၏ရာထူးနှင့်အတူတူဖြစ်သည်။ သင်းအုပ်သည် အုပ်ချုပ်သူကိုဆိုလိုသည်။ ပေါလုသည် ဤဝေါဟာရများကိုအပြန်အလှန်လဲလှယ်အသုံးပြုသည်။ အသင်းလူကြီးသည် အုပ်ချုပ်သူ သို့မဟုတ် သင်းအုပ်နှင့်အတူတူဖြစ်သည် (တမန်၊ ၂၀း၁၇၊၂၈။ တိတု၊ ၁း၅၊၇)။

ဤရာထူးကိုရထားသောသူတို့သည် အသစ်ဖွဲ့စည်းသောအသင်းတော်များကိုကြီးကြပ်ခဲ့ကြသည်။ "အသင်းလူကြီး" သည် အဆင့်၊ ရာထူးကိုရည်ညွှန်း၍၊ "သင်းအုပ်" သည် လုပ်ငန်းတာဝန်ကိုဆိုလိုသည်။ တမန်တော်တို့သည်လည်း သူတို့ကိုယ်ကို၊ အသင်းလူကြီးများဟုခေါ်ကြ (၁ပေ၊ ၅း၁၊၂။ ၂ယော၊ ၁။ ၃ယော၊ ၁) သောကြောင့်၊ ဒေသခံအသင်းလူကြီးနှင့် နယ်လှည့်သောအသင်းလူကြီးဟူ၍ နှစ်မျိုးရှိကြောင်းထင်ရှားသည်။ သို့သော် ဤအသင်းလူကြီးနှစ်မျိုးစလုံးသည် ယုံကြည်သူလူစု၏သိုးထိန်းများအဖြစ်လုပ်ဆောင်ကြသည်။

**(ခ) အရည်အချင်းများ။** အသင်းလူကြီး၏အရည်အချင်းများပြည့်မီဖို့ရန် တစ်စုံတစ်ဦးသည် "အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူ၊ မယားတစ်ယောက်တည်းရှိသောသူ၊ သမ္မာသတိရှိသောသူ၊ ဣန္ဒြေစောင့်သောသူ၊ လျောက်ပတ်စွာကျင့်သောသူ၊ ဧည့်သည်ဝတ်ကိုပြုတတ်သောသူ၊ ဆုံးမသြဝါဒပေးတတ်သောသူဖြစ်ရမည်။ စပျစ်ရည်နှင့်ပျော်မွေ့ခြင်း၊ သူတစ်ပါးကိုရိုက်ပုတ်ခြင်း၊ မစင်ကြယ်သောစီးပွားကိုတပ်မက်ခြင်းမရှိ၊ စိတ်ဖြည်းညင်းသောသူ၊ ရန်မတွေ့တတ်သောသူ၊ ငွေကိုမတပ်မက်သောသူဖြစ်ရမည်။ မိမိအိမ်ကိုကောင်းမွန်စွာအုပ်စိုး၍၊ သမ္မာသမာဓိရှိသည်နှင့်၊ မိမိသားသမီးကိုဆုံးမနိုင်သောသူဖြစ်ရမည်။ (မိမိအိမ်ကိုမအုပ်စိုးတတ်လျှင်၊ ဘုရားသခင်၏အသင်းတော်ကိုအဘယ်သို့ပြုစု

လိမ့်မည်နည်း။) မာနနှင့်ယစ်မူးလျက်၊ မာရ်နတ်၏အပြစ်ရောက်မည်ဟုစိုးရိမ်စရာရှိ၍၊ ဘာသာဝင်လူသစ်မဖြစ်ရ။ ကဲ့ရဲ့ပြစ်တင်ခြင်း၊ မာရ်နတ်ဖမ်းမိခြင်းနှင့် ကင်းလွတ်မည်အကြောင်း၊ ပြင်ပလူတို့တွင်အသရေရှိသောသူဖြစ်ရမည်” (၁တိ၊ ၃း၁–၁၇)။

ထိုကြောင့် တာဝန်မပေးအပ်မီရွေးကောက်ခံရမည့်ကိုယ်စားလှယ်သည် သူတို့၏ခေါင်းဆောင်မှုစွမ်းရည်ကို မိမိတို့အိမ်၌ပြသရမည်။ “အဆိုတင်သွင်းထားသည့်သူ၏မိသားစုကိုစဉ်းစားသုံးသပ်ရမည်။ သူတို့သည် နာခံမှုရှိသလား၊ ထိုသူသည် သူ၏မိသားစုကိုဂုဏ်သိက္ခာဖြင့်အုပ်ချုပ်နိုင်သလား။ သူ၏သားသမီးများသည် မည်သည့်အကျင့်စာရိတ္တရှိကြသနည်း။ သူတို့သည် ဖခင်၏ဩဇာလွှမ်းမိုးမှုကိုလေးစားမှုရှိကြမည်လား။ အကယ်၍သူသည် အိမ်၌လိမ္မာပါးနပ်မှု၊ ဉာဏ်ပညာနှင့်ဘုရားဝတ်၌မွေ့လျော်ခြင်းတန်ခိုးမရှိလျှင်၊ အလားတူချွတ်ယွင်းချက်များကိုအသင်းတော်ထဲသို့ သယ်ဆောင်လာ၍၊ အလားတူမသန့်ရှင်းသောစီမံအုပ်ချုပ်မှုကိုလည်း အသင်းတော်တွင်မြင်ရလိမ့်မည်ဟုမှတ်ချက်ချနိုင်သည်။” အကယ်၍အဆိုပြုခြင်းခံရသောသူသည် အိမ်ထောင်ရှိပါက၊ “ဘုရားသခင်၏အသင်းတော်” (၁တိ၊ ၃း၁၅) ၏ခေါင်းဆောင်မှုတာဝန်ကိုပေးအပ်ခြင်းမခံရမီ၊ သူ၏အိမ်၌ဦးဆောင်နိုင်မှုကိုပြသရမည်။

ဤတာဝန်သည် အရေးကြီးသောကြောင့်၊ ပေါလုက “အဘယ်သူ၏အပေါ်၌လက်ကိုအလျင်တဆောမတင်နှင့်” (၁တိ၊ ၅း၂၂) ဟုညွှန်ကြားခဲ့သည်။

**(ဂ) အသင်းလူကြီး၏တာဝန်နှင့်အာဏာ။** ရှေးဦးစွာအသင်းလူကြီးများသည် ဝိညာဉ်ရေးခေါင်းဆောင်များဖြစ်ကြသည်။ သူတို့သည် “အသင်းတော်ကိုလုပ်ကျွေး” (တမန်၊ ၂၀း၂၈) ရန်ရွေးချယ်ခံရသည်။ သူတို့၏တာဝန်တွင် အားနည်းသောသူတို့ကိုမစခြင်း (တမန်၊ ၂၀း၃၅)၊ နားကောက်သူကိုသတိပေးခြင်း (၁သက်၊ ၅း၁၂)၊ သင်းကွဲခြင်းကိုဖြစ်စေနိုင်သောသွန်သင်ချက်များအတွက် နိုးနိုးကြားကြားရှိခြင်း (တမန်၊ ၂၀း၂၉–၃၁) တို့ပါဝင်သည်။ အသင်းလူကြီးများသည် ခရစ်ယာန်အသက်တာနေထိုင်မှုပုံစံ (ဟေဗြဲ၊ ၁၃း၇။ ၁ပေ၊ ၅း၃) နှင့် ရက်ရောခြင်း (တမန်၊ ၂၀း၃၅) တို့၌ပုံနမူနာပြသရမည်။

**(ဃ) အသင်းလူကြီးများအပေါ်သဘောထား။** ကြီးမားသောအတိုင်းအတာအထိ၊ ထိရောက်သောအသင်းတော်၏ခေါင်းဆောင်မှုသည် အသင်းသူအသင်းသားများ၏သစ္စာရှိခြင်းအပေါ်မူတည်သည်။ ပေါလုသည် ယုံကြည်သူများအားသူတို့၏ခေါင်းဆောင်များကိုလေးစားရန်နှင့် “သူတို့ပြုသောအမှုကြောင့် မေတ္တာစိတ်နှင့်အလွန်ချစ်ခင်မြတ်နိုး” (၁သက်၊ ၅း၁၃) ရန်အားပေးသည်။ သူက “တရားဟောခြင်း၊ ဆုံးမဩဝါဒပေးခြင်းအမှုကိုကြိုးစားအားထုတ်သောသူတို့သည် အလျှူနှစ်ဆကိုအထူးသဖြင့်ခံထိုက်သောသူဖြစ်သည်ဟူ၍မှတ်ရမည်” (၁တိ၊ ၅း၁၇) ဟုဆိုသည်။

သမ္မာကျမ်းစာသည် အသင်းတော်ခေါင်းဆောင်များကို ရိုသေလေးစားရန်လိုအပ်ကြောင်း ရှင်းလင်းစွာဖော်ပြသည်။ "သင်တို့ကိုအုပ်သောသူတို့၏စကားကိုနားထောင်၍၊ နှိမ့်ချလျက်နေကြလော့။ သူတို့သည် ကိုယ်တိုင်စစ်ကြောခြင်းကိုခံရသောသူကဲ့သို့၊ သင်တို့စိတ်ဝိညာဉ်၏အကျိုးအလိုငှာ စောင့်နေကြ၏" (ဟေဗြဲ၊ ၁၃း၁၇)။ ဘုရားပေးတာဝန်ကိုထမ်းဆောင်သောခေါင်းဆောင်များအတွက် အသင်းသူအသင်းသားများက အခက်အခဲကိုဖန်တီးပေးသောအခါ၊ နှစ်ဖက်စလုံးသည် ဝမ်းနည်းခြင်းကိုခံစား၍၊ ဘုရားသခင်၏ကြွယ်ဝခြင်း၌ ဝမ်းမြောက်ခြင်းကိုလက်လွှတ်ကြရသည်။

ယုံကြည်သူများသည် ခေါင်းဆောင်တို့၏ခရစ်တော်နှင့်တူသော အသက်ရှင်နေထိုင်ပုံကိုကြည့်၍လိုက်နာရမည်။ "သူတို့သည်အဘယ်သို့ကျင့်ကြံပြုမူ၍၊ စုတေသည်ကိုစေ့စေ့ဆင်ခြင်လျက်၊ သူတို့၏ယုံကြည်ခြင်းကိုမှီအောင်လိုက်ကြလော့" (ဟေဗြဲ၊ ၁၃း၇)။ အသင်းသူအသင်းသားတို့သည် အတင်းအဖျင်းစကားများကိုနားမထောင်သင့်ချေ။ ပေါလုက "သက်သေခံနှစ်ဦးသုံးဦးမရှိလျှင်၊ သင်းအုပ်၌အပြစ်တင်သောစကားကိုနားမထောင်နှင့်" (၁တိ၊ ၅း၁၉) ဟုသတိပေးသည်။

**၂။ အသင်းထောက်များနှင့်အသင်းထောက်မယ်များ။** "အသင်းထောက်" ဟူသောနာမည်သည် ဟေလသစကား "ဒီးယားကောနော့စ်" (diakonos) မှလာ၍ "အစေခံ" သို့မဟုတ် "အိမ်ဖော်" ဟုအဓိပ္ပါယ်ရသည်။ တမန်တော်များသည် "နှုတ်ကပတ်တရားတော်ကို ဟောပြောခြင်းအမှုတို့ကိုအမြဲပြု" (တမန်၊ ၆း၄) နိုင်ရန် အသင်းထောက်အလုပ်ကို စတင်ဖွဲ့စည်းခဲ့သည်။ အသင်းထောက်များသည် အသင်းတော်၏လောကီရေးရာကိစ္စများကိုဆောင်ရွက်ရမည်ဖြစ်သော်လည်း၊ သူတို့သည် ဧဝံဂေလိတရားဟောခြင်းအလုပ်တွင်လည်း တက်တက်ကြွကြွပါဝင်ရန်ဖြစ်သည် (တမန်၊ ၆း၈။ ၈း၅–၁၃၊၂၆–၄၀)။

သင်းထောက်မိန်းမဟူသောဝေါဟာရကို (ရောမ၊ ၁၆း၁) တွင်တွေ့ရသည်။ ဘာသာပြန်များကဤစကားလုံးကို "အစေခံ" သို့မဟုတ် "အသင်းထောက်မယ်" ဟူ၍ ဘာသာပြန်သည်။ "ဤစကားလုံးနှင့်ဤကျမ်းချက်ပုံကိုထောက်လျှင်၊ အသင်းထောက်မယ်၏လုပ်ငန်းသည် ရောမဩဝါဒစာကို ပေါလုရေးချိန်ကအသင်းတော်၌ရှိနှင့်ခဲ့ပြီးဖြစ်နိုင်သည်။"

အသင်းလူကြီးများကဲ့သို့၊ အသင်းထောက်များကိုလည်း အသင်းတော်ကရွေးချယ်သည်။ ထိုသို့ခန့်အပ်ရာတွင် အသင်းတော်သည် သူတို့၏ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေးအရည်အချင်းများကို ဂရုတစိုက်လေ့လာရသည်။

**အသင်းတော်၏စည်းကမ်း။** ခရစ်တော်သည် အသင်းတော်ကိုအသင်းဝင်တို့အား အရေးယူအပြစ်ပေးရန်အာဏာကိုပေး၍၊ ထိုသို့ပြုနိုင်ရန်သင့်လျော်သောစဉ်းမျဉ်းများ

ကိုလည်းစီစဉ်ပေးသည်။ အသင်းတော်သည် “သန့်ရှင်းသောယဇ်ပုရောဟိတ်အမျိုး” နှင့် “သန့်ရှင်းသောလူမျိုး” (၁ပေ၊ ၂း၅၊၉) အဖြစ်မွန်မြတ်သောခေါ်တော်မူခြင်းကို ထိန်းသိမ်းရန်လိုအပ်သောအချိန်တိုင်းတွင် ဤစည်းမျဉ်းများကိုအကောင်အထည်ဖော်ရန် ကိုယ်တော်မျှော်လင့်သည်။ သို့သော်လည်း အသင်းတော်သည် မှားယွင်းသောအသင်းသူအသင်းသားများက မိမိတို့အကျင့်စရိုက်ကိုပြုပြင်နိုင်မည်အကြောင်း၊ သူတို့ကိုတိုက်တွန်းရန်ကြိုးပမ်းရမည်။ ဖေက်အသင်းတော်သည် “မတရားသောသူတို့ကို လက်မခံနိုင်” (ဗျာ၊ ၂း၂) နိုင်သောကြောင့် ခရစ်တော်ချီးကျူးသည်။ သို့သော် ပေရဂံအသင်းတော်နှင့် သွာတိရအသင်းတော်တို့ကိုမူ ဘာသာရေးအယူမှားခြင်းနှင့်အကျင့်ပျက်ခြင်းတို့ကို သည်းခံသောကြောင့် ကိုယ်တော်ဆုံးမသည် (ဗျာ၊ ၂း၁၄၊၁၅၊၂၀)။ စည်းကမ်းနှင့်သက်ဆိုင်၍ ကျမ်းစာ၏အကြံပြုချက်ကိုမှတ်သားပါ။

**(၁) ပုဂ္ဂလိကပြစ်မှုများကိုကိုင်တွယ်ခြင်း။** အသင်းသားတစ်ဦးသည် အခြားသူတစ်ယောက်ကိုပြစ်မှားသောအခါ (မဿဲ၊ ၁၈း၁၅၊၁၇)၊ ပြစ်မှားခြင်းခံရသောသူသည် ပြစ်မှုကျူးလွန်သူထံသို့သွား၍ သူ၏အပြုအမူများကိုပြောင်းလဲရန် သူ့ကိုဖျောင်းဖျရမည်ဟု ခရစ်တော်အကြံပြုသည်။ အကယ်၍မအောင်မြင်လျှင်၊ ပြစ်မှားခြင်းခံရသောသူသည် ဘက်မလိုက်သောသက်သေတစ်ဦး၊ နှစ်ဦးကိုခေါ်၍ ဒုတိယအကြိမ်ကြိုးစားရမည်။ ဤကြိုးစားမှုသည်လည်း မအောင်မြင်လျှင်၊ ဤကိစ္စကိုအသင်းတော်တစ်ခုလုံးရှေ့သို့ချပြရမည်။

ခရစ်တော်၏အသင်းတော်၏အမြော်အမြင်နှင့် အာဏာကိုငြင်းပယ်သည့်ပြစ်မှားသောအသင်းသားများသည် အသင်းတော်မိတ်သဟာယမှ သူတို့ကိုယ်ကိုအဆက်ဖြတ်ရမည်။ မှားယွင်းသောသူကိုထုတ်ပယ်ရာတွင်၊ အသင်းတော်သည် သူ၏အခြေအနေကိုအတည်ပြုပေးခြင်းသာဖြစ်သည်။ အကယ်၍အသင်းတော်သည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုဖြင့်၊ ကျမ်းစာ၏အကြံဉာဏ်ကိုဂရုတစိုက်လိုက်လျှောက်လျှင်၊ ၎င်း၏ဆုံးဖြတ်ချက်ကို ကောင်းကင်၌အသိအမှတ်ပြုလိမ့်မည်။ ယေရှုက “မြေကြီးပေါ်မှာ သင်တို့ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ချည်နှောင်လျက်ရှိလိမ့်မည်။ မြေကြီးပေါ်မှာဖြေလွှတ်သမျှသည် ကောင်းကင်ဘုံ၌ဖြေလွှတ်လျက်ရှိလိမ့်မည်” (မဿဲ၊ ၁၈း၁၈) ဟုဆိုသည်။

**(၂) လူသိရှင်ကြားပြစ်မှုများကိုကိုင်တွယ်ခြင်း။** “လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍၊ ဘုရားသခင့်ရှေ့တော်၌အသရေပျက်ကြ” (ရောမ၊ ၃း၂၃) သော်လည်း၊ အသင်းတော်အတွက် အပြစ်တင်စရာဖြစ်သော ပြောင်ပြောင်တင်းတင်းကျူးလွန်ခြင်းနှင့် ပုန်ကန်သောပြစ်မှုများကို ပြစ်မှားသောသူကိုထုတ်ပစ်ခြင်းအားဖြင့် ချက်ချင်းကိုင်တွယ်ရမည်။

အသင်းတော်မှထုတ်ပယ်ခြင်းသည် မကောင်းမှုကိုဖယ်ရှားခြင်းဖြစ်သည်။ ထိုသို့မဟုတ်ပါက တဆေးကဲ့သို့ပွားများလိမ့်မည်။ ထိုသို့ပြုခြင်းသည် အသင်းတော်၏

စင်ကြယ်မှုကိုပြန်ရစေ၍၊ အပြစ်ကျူးလွန်သူအတွက် ကယ်တင်သောဆေးတစ်ပါးဖြစ်သည်။ ကောရိန္သုအသင်းတော်၌ လိင်ပိုင်းဆိုင်ရာအကျင့်ယိုယွင်းခြင်းအကြောင်းကိုသိသောအခါ၊ ချက်ချင်းအရေးယူရန်ပေါလုတိုက်တွန်းသည်။ "ငါတို့သခင်ယေရှုခရစ်၏အခွင့်အားဖြင့် သင်တို့သည် ငါ့ဝိညာဉ်နှင့်အတူစည်းဝေးပြီးမှ ငါတို့သခင်ယေရှုခရစ်၏တန်ခိုးတော်ကိုအမှီပြု၍၊ ထိုသူ၏ဝိညာဉ်သည် ယေရှုခရစ်၏နေ့ရက်၌ကယ်တင်ခြင်းသို့ရောက်မည်အကြောင်း၊ သူ၏ကိုယ်ခန္ဓာပျက်စီးဖို့ရာ သူ့ကိုစာတန်လက်သို့အပ်နှံကြစေ။.... အသစ်သောမုန့်စိမ်းဖြစ်မည်အကြောင်း၊ ဟောင်းသောတဆေးကို သုတ်သင်ပယ်ရှင်းကြလော့" (၁ကော၊ ၅း၄–၇) ဟုသူဆိုသည်။ "ညီအစ်ကိုဟုခေါ်ဝေါ်သောသူသည် မတရားသောမေထုန်၌မှီဝဲခြင်း၊ လောဘလွန်ကျူးခြင်း၊ ရုပ်တုကိုးကွယ်ခြင်း၊ ဆဲရေးကဲ့ရဲ့ခြင်း၊ သေရည်သေရက်နှင့်ယစ်မူးခြင်း၊ အနိုင်အထက်လုယူခြင်းမှုစ၍၊ ထိုသို့သောအမှုကိုပြုသောသူနှင့်မပေါင်းဖော်ရ။.... ထိုဆိုးညစ်သောသူကို သင်တို့အထဲမှနှင်ထုတ်ကြလော့" (၁ကော၊ ၅း၁၁–၁၃)။

**၃။ သင်းခွဲသောသူများကိုကိုင်တွယ်ခြင်း။** အသင်းသားအထဲတွင် "ဆန့်ကျင်ဘက်ဖြစ်သောသင်းခွဲခြင်းကိုပြုတတ်သောသူ" (ရောမ၊ ၁၆း၁၇)၊ "နည်းဥပဒေအတိုင်းမကျင့်ဘဲ၊ မတရားစွာပြုသောညီအစ်ကိုရှိသမျှတို့" သည် သူတို့၏စိတ်သဘောထားကို "ရှက်ကြောက်စေခြင်းငှာ၊ အပေါင်းအဖော်မလုပ်ကြနှင့်။ သို့သော်လည်း ရန်သူကဲ့သို့မမှတ်၊ ညီအစ်ကိုကဲ့သို့မှတ်၍သတိပေးကြလော့" (၂သက်၊ ၃း၆၊၁၄၊၁၅) ဟု ပေါလုပြောခဲ့သည်။ "သင်းခွဲသောသူကို နှစ်ကြိမ်မြောက်အောင်ဆုံးမပြီးမှ ပယ်ရှားနှင်ထုတ်လော့။ ထိုသို့သောသူသည် ကိုယ်အပြစ်ကိုသိလျက်ပင်အပြစ်ပြု၍၊ မှောက်လှန်သောစိတ်ရှိသောသူဖြစ်သတည်း" (တိတု၊ ၃း၁၀၊၁၁)။

**၄။ ပြစ်မှုကျူးလွန်သူများကိုပြန်လည်သိမ်းသွင်းခြင်း။** အသင်းသူအသင်းသားများသည် အသင်းတော်မှထုတ်ပယ်ခံရသောသူကို မထီမဲ့ပြင်ပြုခြင်း၊ ရှောင်ကြဉ်ခြင်း၊ သို့မဟုတ် လျစ်လျူရှုခြင်းမပြုရ။ ထို့အစား၊ ထိုသူသည် နောင်တနှင့်အသစ်မွေးဖွားခြင်းအားဖြင့် ခရစ်တော်နှင့်ဆက်ဆံရေးအသစ်ပြန်လည်ရရှိစေရန် ကြိုးစားပေးရမည်။ အသင်းတော်မှထုတ်ပယ်ခြင်းခံရသောသူသည် အမှန်အကန်နောင်တရကြောင်း သက်သေအလုံအလောက်ပြသလာသောအခါ၊ အသင်းတော်မိတ်သဟာယထဲသို့ ပြန်လည်လက်ခံရမည် (၂ကော၊ ၂း၆–၁၀)။

အထူးသဖြင့်အပြစ်သားများကို အသင်းတော်ထဲသို့သိမ်းသွင်းသောအခါ၊ ဘုရားသခင်၏တန်ခိုး၊ ဘုန်းတော်နှင့်ကျေးဇူးတော်ထင်ရှားသည်။ သူသည် အပြစ်၏အကျဉ်းသားများကိုလွှတ်၍၊ မှောင်မိုက်သောနိုင်ငံမှအလင်းနိုင်ငံတော်ထဲသို့ သူတို့ကိုပြောင်းရွှေ့လို

သည်။ စကြဝဠာ၏ဇာတ်စင်မြင့်ဖြစ်သော ဘုရားသခင်၏အသင်းတော်သည် ခရစ်တော်၏ အပြစ်ဖြေသောယဇ်ပူဇော်ခြင်း၏တန်ခိုးကို လူယောကျ်ား၊ မိန်းမတို့၏အသက်တာတွင် ပြသည်။

ယနေ့ခရစ်တော်သည် အသင်းတော်မှတစ်ဆင့်လူအားလုံးကို သူ၏မိသားစုဝင်များ ဖြစ်လာရန်ဖိတ်ခေါ်သည်။ သူက "ငါသည်တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍၊ တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ငါဝင်၍၊ သူနှင့် အတူစားသောက်မည်။ သူသည်လည်း ငါနှင့်အတူစားသောက်ရလိမ့်မည်" (ဗျာ၊ ၃း၂၀) ဟုဖိတ်ခေါ်သည်။

–o–

# အခန်း– ၁၃
# ကျန်ကြွင်းသောအသင်းတော်နှင့် ယင်း၏သာသနာလုပ်ငန်း

တစ်ကမ္ဘာလုံးနှင့်ဆိုင်သောအသင်းတော်ကို ခရစ်တော်ကိုအမှန်ယုံကြည်သောသူအားလုံးဖြင့်ဖွဲ့စည်းထားသည်။ သို့သော် နောက်ဆုံးသောကာလ၊ အယူဖောက်ပြန်ခြင်းပျံ့နှံ့သောအချိန်တွင်၊ ကျန်ကြွင်းသောလူတစ်စုသည် ဘုရားသခင်၏ပညတ်တော်နှင့်ယေရှု၏ယုံကြည်ချက်ကိုစောင့်ရန် ခေါ်ထုတ်ခြင်းခံရသည်။ ဤကျန်ကြွင်းသောအသင်းတော်သည် တရားစီရင်ရာနေ့ရက်ရောက်လာကြောင်းကြေညာသည်။ ခရစ်တော်အားဖြင့်ကယ်တင်ခြင်းရကြောင်းကို ထုတ်ဖော်ဟောကြားသည်။ သူ၏ဒုတိယအကြိမ်ကြွလာခြင်းနီးကြောင်းကိုလည်းကြွေးကြော်သည်။ ဤထုတ်ဖော်ဟောကြားခြင်းကို (ဗျာဒိတ်၊ ၁၄) တွင်ပါရှိသော ကောင်းကင်တမန်သုံးပါးအားဖြင့် အမှတ်အသားပြုသည်။ ၎င်းသည် ကောင်းကင်ကတရားစီရင်ခြင်းအမှုနှင့်တိုက်ဆိုင်ပြီး၊ မြေကြီးပေါ်တွင်နောင်တရခြင်းနှင့်ပြောင်းလဲခြင်းလုပ်ငန်းကို အကျိုးဆက်ဖြစ်ပေါ်စေသည်။ ဤကမ္ဘာအနှံ့သက်သေခံခြင်းတွင် ကိုယ်တိုင်ပါဝင်ရန် ယုံကြည်သူတိုင်းသည် ဖိတ်ခေါ်ခြင်းခံရသည်။ (ဟေရှာ၊ ၁း၉။ ၁၁း၁၁။ ယေ၊ ၂၃း၃။ ဒံ၊ ၇း၉–၁၄။ မိက္ခာ၊ ၂း၁၂။ ၂ကော၊ ၅း၁၀။ ၁ပေ၊ ၁း၁၆–၁၉။ ၄း၁၇။ ၂ပေ၊ ၃း၁၀–၁၄။ ယုဒ၊ ၃၊၁၄။ ဗျာ၊ ၁၂း၁၇။ ၁၄း၆–၁၂။ ၁၈း၁–၄)။

အဆင်းနီသောနဂါးကြီးသည်ဝပ်၍၊ အဆင်သင့်ဖြစ်နေသည်။ သူသည် ကောင်းကင်တမန်များသုံးပုံတစ်ပုံကို ကောင်းကင်မှဆွဲချပြီးဖြစ်သည် (ဗျာ၊ ၁၂း၄၊ ၇–၉)။ ယခု၊ သူသည်မွေးဖွားလာမည့်ကလေးကို ဝါးမျိုနိုင်ခဲ့လျှင်၊ သူသည် တိုက်ပွဲကိုအောင်နိုင်လိမ့်မည်။

သူ့ရှေ့၌ရပ်နေသောမိန်းမသည် နေကိုဝတ်လျက်၊ လကိုလည်းနင်း၍၊ ကြယ်တစ်ဆယ့်နှစ်လုံးရှိသောသရဖူကိုဆောင်းသည်။ သူမဖွားမြင်မည့်သားတော်သည် “လူမျိုးတကာတို့ကို သံလှံတံနှင့်အုပ်စိုးလတ္တံ့။”

နဂါးသည်ခုန်အုပ်သော်လည်း၊ ထိုကလေးကိုသတ်မည့်ကြိုးပမ်းမှုများသည် အချည်းနှီးဖြစ်ရသည်။ “ထိုသားကို ဘုရားသခင့်ထံသို့လည်းကောင်း၊ ပလ္လင်တော်သို့လည်းကောင်းချီယူတော်မူ၏။” အမျက်ထွက်သောနဂါး၏ဒေါသသည် မိန်းဘက်သို့လှည့်လာသည်။ မိန်းမသည် အတောင်ပံကိုရ၍၊ တစ်ကာလ၊ နှစ်ကာလနှင့် ကာလတစ်ဝက် ဖြစ်သောသုံးနှစ်ခွဲ သို့မဟုတ် ရက်ပေါင်း (၁၂၆၀) ပတ်လုံးတော၌ကျွေးမွေးခြင်းကိုခံဖို့ရာဘုရားသခင်ပြင်ဆင်သောနေရာသို့ ခေါ်ဆောင်ခြင်းခံရသည်။ (ဗျာ၊ ၁၂း၁–၆၊၁၃၊၁၄)။

ကျမ်းစာ၏ပုရောဖက်ပြုချက်တွင် စင်ကြယ်သောမိန်းမသည် ဘုရားသခင်၏ သစ္စာရှိသောအသင်းတော်ကိုကိုယ်စားပြုသည်။ ဖောက်ပြန်သောမိန်းမသည် ဖောက်ပြန်သောဘုရားသခင်၏လူတို့ကိုကိုယ်စားပြုသည် (ယေ၈၊ ၁၆၊ ဟောရှာ၊ ၅၇း၈။ ယေ၊ ၃၁း၄၊၅။ ဟောရှေ၊ ၁–၃။ ဗျာ၊ ၁၇း၁–၅)။

"မာရ်နတ်စာတန်အမည်ရှိသော ရှေးမြွေဟောင်းတည်းဟူသောနဂါးကြီး" သည် ကြာမြင့်စွာကမျှော်လင့်ထားသော ယေရှုခရစ်၊ သားတော်ကိုဝါးမျိုဖို့ရန် စောင့်စားနေသည်။ ယေရှုကိုစစ်ခင်းနေသောစာတန်သည် ရောမအင်ပါယာကိုလက်နက်အဖြစ် အသုံးပြုခဲ့သည်။ မည်သည့်အရာကမျှ၊ လက်ဝါးကပ်တိုင်ပေါ်သေခြင်းပင်လျှင်၊ ယေရှုကို လူသားတို့၏ကယ်တင်ရှင်အဖြစ် သူ၏လုပ်ငန်းတာဝန်မှတားဆီးရန်မတတ်နိုင်ခဲ့ချေ။

လက်ဝါးကပ်တိုင်တွင် ခရစ်တော်သည်စာတန်ကိုအနိုင်ယူခဲ့သည်။ ကပ်တိုင်တင်သတ်ခြင်းနှင့်စပ်လျဥ်း၍၊ ခရစ်တော်က "ယခုတွင်ဤလောကသည် တရားစီရင်ခြင်းကိုခံရ၏။ ယခုတွင် ဤလောကကိုအစိုးရသောမင်းသည် နှင်ထုတ်ခြင်းကိုခံရလိမ့်မည်" (ယောဟန်၊ ၁၂း၃၁) ဟုဆိုသည်။ ဗျာဒိတ်ကျမ်းသည် ကောင်းကင်သားတို့၏အောင်မြင်ခြင်းသီချင်းကိုဖော်ပြသည်။ "ယခုမှာကယ်တင်ခြင်းဖြစ်၏။ တန်ခိုးတော်လည်းဖြစ်၏။ ငါတို့ဘုရားသခင်၏နိုင်ငံတော်နှင့် သူ၏ခရစ်တော်၏အာဏာတော်စက်လည်းဖြစ်၏။ အကြောင်းမူကား၊ ငါတို့ညီအစ်ကိုများကို ငါတို့ဘုရားသခင့်ရှေ့တော်၌ နေ့ညမပြတ် အပြစ်တင်သောရန်သူကို အောက်သို့ချလေပြီ။...... ထိုကြောင့်၊ ကောင်းကင်နှင့်ကောင်းကင်သားတို့ရွှင်လန်းကြလော့" (ဗျာ၊ ၁၂း၁၀–၁၂)။ ကောင်းကင်မှနှင်ထုတ်ခံရခြင်းသည် စာတန်၏အလုပ်ကိုကန့်သတ်လိုက်သည်။ စာတန်သည် ဘုရားသခင်၏လူတို့ကို ကောင်းကင်သားများရှေ့တွင် အပြစ်တင်၍မရတော့ချေ။

သို့သော် ကောင်းကင်သားများရွှင်လန်းနေစဉ်၊ မြေကြီးသားတို့သည်သတိပေးချက်ကိုသတိချပ်ရမည်။ "မြေကြီးနှင့်ပင်လယ်သည် အမင်္ဂလာရှိ၏။ အကြောင်းမူကား၊ မာရ်နတ်သည် မိမိကာလတစ်ခဏသာရှိသည်ကိုသိ၍၊ ပြင်းစွာသောဒေါသအမျက်နှင့်တကွ သင်တို့ရှိရာသို့ဆင်းလေပြီ" (ဗျာ၊ ၁၂း၁၂)။

မိမိဒေါသထွက်ပေါက်အတွက်၊ စာတန်သည် မိန်းမတည်းဟူသောအသင်းတော်ကို စတင်ညှဥ်းဆဲတော့သည် (ဗျာ၊ ၁၂း၁၃)။ သူမသည် ကြီးမားသောဆင်းရဲဒုက္ခခံရသော်လည်း အသက်ဆက်နိုင်ခဲ့သည်။ ရက်ပေါင်း (၁၂၆၀) သို့မဟုတ် နှစ်ပေါင်း (၁၂၆၀) အတွင်း၊ ဘုရားသခင်၏သစ္စာရှိသူတို့အတွက် ခိုလှုံရာကိုလူသူနည်းပါးသော "တော" ၌ စီစဉ်ခဲ့သည် (ဗျာ၊ ၁၂း၁၄–၁၆)။

တောထဲပုန်းရှောင်ပြီးနောက်၊ ဘုရားသခင်၏လူတို့သည် ခရစ်တော်မကြာမီကြွလာခြင်း၏နိမိတ်လက္ခဏာများကို တုံ့ပြန်ရာတွင်ပေါ်ထွန်းစပြုလာခဲ့ကြသည်။ ယောဟန်

သည် ဤသစ္စာရှိသူတို့ကိုဖော်ထုတ်ခွဲခြားခဲ့သည်။ ကျန်ကြွင်းသောသူတို့သည် "ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်၍၊ ယေရှု၏သက်သေခံချက်ကိုစွဲလမ်း" ကြသည်။ အထူးသဖြင့်စာတန်သည် ဤကျန်ကြွင်းသောသူတို့ကိုမုန်းတီးသည်။

ဤညှဉ်းဆဲခြင်းသည် မည်သည့်အချိန်နှင့်နေရာတွင် ဖြစ်ပျက်ခဲ့သနည်း။ မည်ကဲ့သို့ဖြစ်ပျက်လာခဲ့သနည်း။ မည်သည့်အချိန်တွင် ကျန်ကြွင်းသောသူတို့သည် ပေါ်လာခဲ့သနည်း။ ၎င်း၏လုပ်ငန်းတာဝန်ကားအဘယ်နည်း။ ဤမေးခွန်းများကို ဖြေဆိုရာတွင် သမ္မာကျမ်းစာ ဓမ္မဟောင်း၊ ဓမ္မသစ်နှင့်သမိုင်းတို့ကိုပြန်လည်သုံးသပ်ရန်လိုအပ်သည်။

## ကြီးမားသောအယူဖောက်ပြန်ခြင်း

ခရစ်ယာန်အသင်းတော်ကို ညှဉ်းပန်းနှိပ်စက်ခြင်းသည် ရုပ်တုကိုးကွယ်သောရောမနိုင်ငံမှစတင်ဖြစ်လာခဲ့သည်။ ထို့နောက်၊ ၎င်း၏ကိုယ်ပိုင်အထဲက အယူဖောက်ပြန်ခြင်းအားဖြင့်ဆက်ဖြစ်ခဲ့သည်။ အယူဖောက်ပြန်ခြင်းသည် အံ့သြစရာအကြောင်းမရှိချေ။ ခရစ်တော်၊ ပေါလုနှင့် ယောဟန်တို့ကကြိုတင်ဟောခဲ့ပြီးဖြစ်သည်။

သူ၏နောက်ဆုံးအခါကဟောပြောချက်တွင်၊ ယေရှုသည် မိမိတပည့်တော်များကို ရောက်လာမည့်လှည့်ဖြားခြင်းကိုသတိပေးခဲ့သည်။ ယေရှုက "သင်တို့ကိုအဘယ်သူမျှမလှည့်ဖြားစေခြင်းငှာ သတိပြုကြလော့။ အကြောင်းမူကား၊ ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာပုရောဖက်တို့သည်ပေါ်လာ၍၊ ရွေးချယ်သူတို့ကိုပင်လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင်ကြီးစွာသောနိမိတ်လက္ခဏာ အံ့ဖွယ်သောအမှုတို့ကိုပြုကြလိမ့်မည်" (မဿဲ၊ ၂၄း၄၊၂၄) ဟုဆိုသည်။ သူ၏နောက်လိုက်များသည် "ကြီးစွာသောဒုက္ခ" ကိုကြုံရလိမ့်မည်။ သို့သော်၊ သူတို့သည် အသက်ရှင်ကျန်ကြလိမ့်မည် (မဿဲ၊ ၂၄း၂၁၊၂၂)။

ပေါလုကလည်း ဤသို့သတိပေးသည်။ "ငါမရှိသည်နောက်၊ ကြမ်းတမ်းသောတောခွေးတို့သည် သိုးများကိုမသနားဘဲ၊ သင်တို့အထဲသို့ဝင်မည်ကိုလည်းကောင်း၊ တပည့်တော်များကိုသွေးဆောင်ခြင်းငှာ၊ မှားသောစကားကိုပြောတတ်သောလူတို့သည် သင်တို့အထဲ၌လည်းပေါ်လာမည်" (တမန်၊ ၂၀း၂၉၊၃၀)။ ဤ "တောခွေးများ" သည် အသင်းတော်ကို "အယူဖောက်ပြန်ခြင်း" သို့မဟုတ် "ဖောက်ပြန်သင်းခွဲခြင်း" သို့ ပို့ဆောင်လိမ့်မည်။

ဤအယူဖောက်ပြန်ခြင်းသည် ခရစ်တော်မကြွလာမီဖြစ်ပျက်ရမည်ဖြစ်ကြောင်း ပေါလုဆိုခဲ့သည်။ ၎င်းသည် မဖြစ်ပျက်သေးကြောင်းသေချာမှုသည် ခရစ်တော်ကြွလာခြင်းမနီးသေးသော သေချာသည့်အမှတ်လက္ခဏာဖြစ်သည်။ "အဘယ်သူမျှသင်တို့ကို

မလှည့်ဖြားစေနှင့်။ ထိုနေ့ရက်မရောက်မီ ဖောက်ပြန်သင်းခွဲခြင်း (အယူဖောက်ပြန်ခြင်း) သည်အလျင်ဖြစ်၍၊ ဒုစရိုက်လူတည်းဟူသောပျက်စီးခြင်း၏သားသည် ပေါ်လာရလိမ့်မည်။ ထိုသူသည် ဘုရားသခင်ဟူ၍လည်းကောင်း၊ ဘုရားဟူ၍လည်းကောင်း၊ ခေါ်ဝေါ်သမျှသောအရာတို့ကိုရန်ဘက်ပြု၍၊ ကိုယ်ကိုကိုယ်ချီးမြှောက်သောအားဖြင့်၊ ဘုရားသခင်၏ဗိမာန်တော် (အသင်းတော်) ၌ ဘုရားသခင်ကဲ့သို့ထိုင်၍၊ ဘုရားသခင်ဖြစ်ယောင်ဆောင်လျက် ကိုယ်ကိုပြသောသူဖြစ်သတည်း (၂သက်၊ ၂း၃၊၄)။

ပေါလုအချိန်၌ပင်လျှင် ဤအယူဖောက်ပြန်ခြင်းသည် အကန့်အသတ်တစ်ခုဖြင့်စတင်နေပြီဖြစ်သည်။ ထိုအဓမ္မလူ၏လုပ်ဆောင်မှုသည် "စာတန်ပြုပြင်သောအားဖြင့် မုသားနှင့်စပ်ဆိုင်သောထူးဆန်းသောတန်ခိုး၊ နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုအမျိုးမျိုးနှင့်လည်းကောင်း၊ ပျက်စီးခြင်းသို့ရောက်သူတို့တွင် မတရားသောလှည့်ဖြားခြင်းအမျိုးမျိုးနှင့်လည်းကောင်း လာလိမ့်မည်" (၂သက်၊ ၂း၉၊၁၀)။ ပထမရာစုမကုန်မီ၊ ယောဟန်က၊ "မိစ္ဆာပုရောဖက်အများတို့သည် ဤလောကသို့သွားကြပြီ။ ယခုပင်လာလျက်ရှိသော အန္တိခရစ်၏ဝိညာဉ်ဖြစ်၏" (၁ယော၊ ၄း၁၊၃) ဟုဆိုသည်။

ဤအယူဖောက်ပြန်စနစ်သည် မည်ကဲ့သို့ပေါ်ပေါက်လာသနည်း။

**"အဓမ္မလူ" ၏ကြီးစိုးမှု။** "အသင်းတော်သည် 'ရှေးဦးစွာသောချစ်ခြင်းမေတ္တာ' ချန်ထားသောအခါ၊ အသင်းတော်သည် ၎င်း၏စင်ကြယ်သောယုံကြည်ချက်၊ ၎င်း၏မြင့်မားသောကိုယ်ပိုင်အပြုအမူ၏စံနှင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ပေးသည့် မမြင်နိုင်သောစည်းလုံးခြင်းနှောင်ကြိုးတို့ကို လက်လွှတ်ခဲ့သည်။ ဝတ်ပြုကိုးကွယ်ခြင်းတွင်၊ အနှစ်မပါသောလုပ်ထုံးလုပ်နည်းသည် ရိုးစင်းသောအရာကိုအစားထိုးခဲ့သည်။ ရှေးဦးစွာဒေသခံအသင်းတော်အတွင်းတွင် အာဏာကိုတိုးမြှင့်ရယူ၍၊ နောက်ပိုင်းတွင်အိမ်နီးချင်းအသင်းတော်များအပေါ်၌ပါ အာဏာချဲ့ရန်ကြိုးစားသောခေါင်းဆောင်များကို ရွေးချယ်ရာတွင် ထင်ပေါ်ကျော်ကြားမှုနှင့် ကိုယ်ပိုင်အစွမ်းများသည် ရွေးချယ်မှုကိုဆုံးဖြတ်ပေးသောအရာများတဖြည်းဖြည်းဖြစ်လာသည်။

"သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုအောက်၌ ဒေသခံအသင်းတော်၏အုပ်ချုပ်မှုသည် နောက်ဆုံးတွင် ခရစ်ယာန်ဘုန်းကြီးတစ်ဦးတည်း၏လက်ထဲတွင် ခရစ်ယာန်အာဏာရှင်ဝါဒအဖြစ်သို့ပြောင်းလဲသွား၍၊ အသင်းသားတိုင်းသည် သူ့လက်အောက်သို့ရောက်ရှိလာကာ၊ ထိုသူအားဖြင့်သာ ကယ်တင်ခြင်းကိုရနိုင်သည်။ ထိုအချိန်မှစ၍နောင်တွင်၊ ခေါင်းဆောင်မှုသည် အသင်းတော်ကိုအလုပ်အကျွေးပြုခြင်းအစား၊ အုပ်ချုပ်မှုသက်သက်ဖြစ်လာ၍၊ လူအားလုံးကိုအစေခံသောသူကိုလည်း အကြီးဆုံးသောသူအဖြစ်မယူဆတော့ချေ။ ထို့ကြောင့်၊ တစ်ဦးချင်းနှင့်သူ၏သခင်ယေရှုအကြားဝင်လာသောယဇ်ပုရောဟိတ်ဆိုင်ရာရာထူးအဆင့်ဆင့်ကို တဖြည်းဖြည်းကြီးထွားလာခဲ့သည်။

လူတစ်ဦးချင်းနှင့် ဒေသခံအသင်းတော်၏အရေးပါမှုသည် တစ်စတစ်စလျော့ပါးလာသောအခါ၊ ရောမမြို့၏ခရစ်ယာန်ဘုန်းကြီးသည် ခရစ်ယာန်ဘာသာတွင် အထွတ်အထိပ်အာဏာစက်အဖြစ်ပေါ်ထွက်လာခဲ့သည်။ ဧကရာဇ်မင်း၏အကူအညီဖြင့် ဤအကြီးဆုံးသောဘုန်းကြီး၊ သို့မဟုတ် ပုပ်ရဟန်းမင်းသည် ကမ္ဘာတစ်ဝန်းအသင်းတော်၏မြင်နိုင်သောဦးခေါင်းအဖြစ် အသိအမှတ်ခံရပြီး၊ တစ်ကမ္ဘာလုံးရှိအသင်းတော်ခေါင်းဆောင်အားလုံးအပေါ် အထွတ်အထိပ်အာဏာအပ်နှင်းခြင်းခံခဲ့ရသည်။

ပုပ်ရဟန်းမင်း၏ဦးဆောင်မှုအောက်တွင် ခရစ်ယာန်အသင်းတော်သည်သာ၍နက်သောအယူဖောက်ပြန်ခြင်းထဲသို့ နစ်ဝင်သွားခဲ့သည်။ အသင်းတော်ကိုလူကြိုက်များလာခြင်းသည် ၎င်း၏ကျဆင်းမှုကိုအရှိန်မြင့်စေသည်။ နှိမ့်ထားသောစံနှုန်းများသည် မပြောင်းလဲသောသူတို့ကို အသင်းတော်တွင်စိတ်လက်ချမ်းသာနေစေသည်။ စစ်မှန်သောခရစ်ယာန်ဘာသာကို အနည်းငယ်မျှသာသိသောလူများစွာတို့သည် အမည်ခံမျှဖြင့်အသင်းတော်ထဲသို့ဝင်လာ၍၊ သူတို့၏ရုပ်တုကိုးကွယ်ခြင်းယုံကြည်ချက်များ၊ ရုပ်တုများ၊ ဝတ်ပြုကိုးကွယ်မှုပုံစံ၊ ပွဲလမ်းသဘင်များ၊ ပျော်ပွဲများနှင့်အမှတ်အသားဖြင့်သရုပ်ဖော်မှုတို့ကို သူတို့နှင့်အတူယူဆောင်လာခဲ့ကြသည်။

ခရစ်ယာန်ဘာသာနှင့်ရုပ်တုကိုးကွယ်မှုအကြား ဤအပေးအယူလုပ်ခြင်းသည် "အဓမ္မလူ" တည်းဟူသော၊ အမှန်နှင့်အမှားရောနှောထားသည့် ရောမမှားယွင်းသောဘာသာရေးစနစ်ကို ဖွဲ့စည်းစေခဲ့သည်။ သက်သာလောနိတ်သြဝါဒစာဒုတိယစောင်အခန်းကြီး (၂) သည် လူတစ်ဦးတစ်ယောက်ကိုအပြစ်မတင်ဘဲ၊ ကြီးမားသောအယူဖောက်ပြန်ခြင်းအတွက် တာဝန်ရှိသောဘာသာရေးအဖွဲ့အစည်းကို ဖော်ထုတ်ခြင်းသာဖြစ်သည်။ သို့သော်လည်း၊ ဤအဖွဲ့အစည်းအတွင်း၌ရှိသော ယုံကြည်သူများစွာတို့သည် ဘုရားသခင်၏တစ်ကမ္ဘာလုံးနှင့်ဆိုင်သောအသင်းတော်နှင့်သက်ဆိုင်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် သူတို့ရရှိသောအလင်းတရားအားလုံးအတိုင်း အသက်ရှင်နေထိုင်ကြသောကြောင့်ဖြစ်သည်။

**ဆင်းရဲဒုက္ခခံရသောအသင်းတော်။** ဝိညာဉ်ရေးကျဆင်းခြင်းနှင့်အတူ၊ ရောမအသင်းတော်သည် ဧကရာဇ်အစိုးရနှင့် ပိုမိုနီးကပ်စွာဆက်ဆံမှုများနှင့်အတူလောကီဆန်လာခဲ့သည်။ အသင်းတော်နှင့်နိုင်ငံသည် မသန့်ရှင်းသောမဟာမိတ်ကိုဖွဲ့စည်းခဲ့သည်။

သြဇာအရှိဆုံးသောအသင်းတော်ဖခင်ကြီးတစ်ဦးဖြစ်သော သြဂတ္တင်းသည် သူ၏ "ဘုရားသခင်၏မြို့တော်" ဟူသောစာအုပ်သည် ရောမအသင်းတော်သည် တစ်လောကလုံးဆိုင်ရာအသင်းတော်ဖြစ်၍၊ ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးကိုထိန်းချုပ်သည်ဟူသောသဘောကို မွေးထုတ်ပေးသည်။ သြဂတ္တင်း၏အတွေးခေါ်သည် အလယ်ခေတ်ပုပ်ရဟန်းမင်းနှင့်ဆိုင်သောသွန်သင်ချက်တို့၏ အုတ်မြစ်ကိုချပေးခဲ့သည်။

(အေဒီ ၅၃၃)၊ ဂျက်စ်တီးနီးယန်း (Justinian) ဥပဒေတွင်ထည့်သွင်းထားသော စာ၌၊ ဧကရာဇ်ဂျက်စ်တီးနီးယန်းက ရောမမြို့၏ဘုန်းကြီးသည် အသင်းတော်အားလုံး အပေါ်မှာ ခေါင်းဖြစ်သည်ဟုကြေညာခဲ့သည်။ ဘာသာဖောက်ပြန်သူများကို ဖယ်ရှားပစ်ရာ တွင် ပုပ်ရဟန်းမင်း၏ဩဇာကိုသူအသိအမှတ်ပြုသည်။

ဂျက်စ်တီးနီးယန်း၏ဗိုလ်ချုပ် "ဘဲလီဆာရီးယားစ်" (Belisarius) သည် ရောမမြို့ကို (အေဒီ ၅၃၈) တွင် လွတ်မြောက်စေသောအခါ၊ ရောမအသင်းတော်၏တိုးတက်မှု ကို ကန့်သတ်သည့် အာရီယာန်ဝါဒ (Arianism) ကို ဆွဲကိုင်သော အော်စ်ထရိုဂေါ့စ် (Ostrogoths) တို့၏ထိန်းချုပ်မှုမှ ရောမမြို့၏ဘုန်းကြီးသည်လည်း လွတ်မြောက်ခဲ့ သည်။ ယခုအချိန်တွင် ဘုန်းကြီးသည် (အေဒီ ၅၃၃) က ဂျက်စ်တီးနီးယန်း၏အမိန့်က သူ့ကိုပေးအပ်သောအာဏာကိုအသုံးပြုနိုင်ခဲ့ပြီး၊ ပါပရဟန်းမင်း၏တရားရေးအာဏာ ကိုလည်းတိုးမြှင့်နိုင်ခဲ့သည်။ ကျမ်းစာ၏အနာဂတ်ဟောပြောချက်အတိုင်း၊ ထိုအချိန်မှစ၍ ညှဥ်းဆဲခြင်း နှစ်ပေါင်း (၁၂၆၀) ကာလသည် စတင်ခဲ့သည် (ဒံ၊ ၇း၂၅။ ဗျာ၊ ၁၂း၆၊၁၄။ ၁၃း၅–၇)။

ဝမ်းနည်းဖွယ်ရာမှာ အသင်းတော်သည် နိုင်ငံ၏အကူအညီဖြင့် ၎င်း၏ဥပဒေများ နှင့်သွန်သင်ချက်များကို ခရစ်ယာန်အားလုံးအပေါ်တွင် အတင်းအကျပ်ပြုရန် ကြိုးစား လာခဲ့သည်။ များစွာသောသူတို့သည် ညှဥ်းဆဲခြင်းကိုကြောက်၍ သူတို့၏ယုံကြည်ချက် များကိုစွန့်လွှတ်ခဲ့ကြသော်လည်း၊ သမ္မာကျမ်းစာ၏သွန်သင်ချက်များအပေါ် သစ္စာရှိသော သူတို့သည် ပြင်းထန်သောညှဥ်းဆဲခြင်းကိုကြုံတွေ့ခဲ့ကြရသည်။

များစွာသောသူတို့သည် ဘုရားသခင်၏နာမတော်၌အကျဥ်းချခြင်း သို့မဟုတ် ကွပ်မျက်ခြင်းခံခဲ့ကြရသည်။ ညှဥ်းဆဲခြင်းနှစ်ပေါင်း (၁၂၆၀) အတွင်း သစ္စာရှိသော ယုံကြည်သူသန်းပေါင်းများစွာတို့သည် ကြီးမားသောဆင်းရဲဒုက္ခကိုခံရစဥ်၊ များစွာသော သူတို့သည် သူတို့၏ခရစ်တော်အပေါ်သစ္စာရှိမှုအတွက် အသက်ဖြင့်ပေးဆပ်ခဲ့ကြရသည်။

လျှံထွက်ယိုဖိတ်လာသောသွေးစက်တိုင်းသည် ဘုရားသခင်နှင့်ယေရှုခရစ်၏ နာမတော်ကိုစွန်းထင်းစေခဲ့သည်။ ဤအကြင်နာမဲ့သောညှဥ်းဆဲခြင်းထက် မည်သည့် အရာကမျှခရစ်ယာန်ဘာသာ၏အရေးကို ပိုမိုထိခိုက်နစ်နာစေသောအရာမရှိချေ။ အသင်းတော်၏ဤလုပ်ဆောင်မှုများကြောင့် ဘုရားသခင်၏ဂုဏ်တော်အပေါ်လွန်စွာ မမှန် မကန်ရှုမြင်ခြင်းနှင့် ကောင်းကင်မရောက်မီသေသောသူ၏ဝိညာဥ်ကို သန့်စင်ပေးရာဘုံနှင့် ထာဝစဥ်ညှဥ်းပန်းခြင်းဆိုင်ရာ ယုံကြည်ချက်များကြောင့် ခရစ်ယာန်ဘာသာကိုလုံးဝ ငြင်းပယ်သွားကြသည်။

ဘာသာရေးပြုပြင်ပြောင်းလဲခြင်းမတိုင်မီနှစ်များစွာက၊ ရောမအသင်းတော် ၏ရန်ဘက်များကို ကရုဏာမဲ့သတ်ဖြတ်ခြင်း၊ ၎င်း၏စိတ်ကြီးဝင်သောပြောဆိုချက်များနှင့်

အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကို ဆန့်ကျင်သည့်အသံများ ၎င်းအသင်းတော်ထဲကထွက်လာခဲ့သည်။ အသင်းတော်၏ပြန်လည်ပြုပြင်ရန်လိုလားမှုမရှိခြင်းသည် (၁၆) ရာစုနှစ်တွင် ပရိုတက်စတန့်ပြုပြင်ပြောင်းလဲခြင်းမွေးဖွားပေးခဲ့သည်။ ၎င်း၏အောင်မြင်မှုသည် ရောမအသင်းတော်၏အာဏာနှင့် သိက္ခာအတွက်ကြီးမားသောထိုးနှက်မှုဖြစ်ခဲ့သည်။ တန်ပြန်ပြုပြင်ပြောင်းလဲခြင်းအစီအစဉ်အားဖြင့် ပုပ်ရဟန်းမင်းသည် ဘာသာရေးပြုပြင်ပြောင်းလဲခြင်းကိုချေဖျက်ပစ်ရန် သွေးထွက်သံယိုရုန်းကန်လှုပ်ရှားမှုကို ဆက်လုပ်ခဲ့သည်။ သို့သော် ၎င်းသည် အရပ်ဘက်နှင့်ဘာသာရေးလွတ်လပ်မှုအတွက် ကြိုးစားသည့်အင်အားစုကို စစ်ဆင်ရာတွင် တဖြည်းဖြည်းအရေးနိမ့်လာခဲ့သည်။

နောက်ဆုံးတွင်၊ (အေဒီ ၅၃၈) တွင် စတင်ခဲ့သောနှစ်ပေါင်း (၁၂၆၀) ၏အဆုံး၊ (၁၇၉၈) ခုနှစ်တွင်၊ ရောမအသင်းတော်သည် သေလောက်သောထိုးနှက်မှုရရှိခဲ့သည် (ဗျာ၊ ၁၃း၃)။ အီတလီတွင် နပိုလျံစစ်တပ်၏အံ့မခန်းအောင်မြင်မှုများသည် ရဟန်းမင်းကို ပြင်သစ်တော်လှန်ရေးအစိုးရ၏သက်ညှာမှုအောက်တွင် ရောက်သွားစေခဲ့သည်။ ထိုသို့ဖြင့် ရောမအသင်းတော်ကို အစိုးရ၏ညှိနှိုင်းမရသောရန်သူအဖြစ်ရှုမြင်ခဲ့သည်။ ပြင်သစ်အစိုးရသည် နပိုလျံအား ရဟန်းမင်းကိုအကျဉ်းသားအဖြစ်ခေါ်ဆောင်လာရန် အမိန့်ပေးခဲ့သည်။ သူ၏အမိန့်ဖြင့် ဗိုလ်ချုပ်ဘားသီးယားသည် ရောမမြို့ကိုချင်းနင်း၍၊ ရဟန်းမင်း၏နိုင်ငံရေးအုပ်ချုပ်မှုအဆုံးသတ်ကြောင်း ကြေညာခဲ့သည်။ ဘားသီးယားသည် ရဟန်းမင်းကိုအကျဉ်းသားအဖြစ်၊ ပြင်သစ်သို့ခေါ်ဆောင်ပြီး၊ သူသည် ထိုနေရာတွင် သေဆုံးခဲ့သည်။

ရဟန်းမင်းကိုဖြုတ်ချခြင်းသည် ၎င်း၏အာဏာတောက်လျှောက်ကျဆင်းနေသောဖြစ်ရပ်တို့၏အထွတ်အထိပ်ဖြစ်သည်။ ထိုဖြစ်ရပ်သည် ကြိုတင်ဟောထားသောနှစ်ပေါင်း (၁၂၆၀) ၏အဆုံးကိုရည်မှတ်သည်။ များစွာသောပရိုတက်စတန့်တို့သည် ဤဖြစ်ရပ်ကို ပရောဖက်ပြုဟောကြားချက်ပြည့်စုံခြင်းအဖြစ် အနက်ဖွင့်ဆိုကြသည်။

## ပြုပြင်ပြောင်းလဲခြင်း

ကျမ်းစာနှင့်မညီသောယုံကြည်ချက်များသည် ထုံးတမ်းအစဉ်အလာအပေါ်အခြေခံသည်။ ခရစ်ယာန်ဘုန်းကြီးများ၏ဩဝါဒကိုလက်မခံသောသူတို့အား အတောမသတ်ညှဉ်းဆဲခြင်း၊ စာရိတ္တပျက်ပြားခြင်းနှင့် ဝိညာဉ်ရေးကျဆင်းခြင်းတို့သည် တည်ထောင်ထားသောအသင်းတော်အတွင်း ပြုပြင်ပြောင်းလဲရေးအတွက် လူများကိုကြွေးကြော်စေသည့်အဓိကအချက်များဖြစ်သည်။

**ယုံကြည်ချက်နှင့်ဆိုင်သောပြဿနာများ။** အောက်ပါတို့မှာ ကျမ်းစာနှင့်မညီသောယုံကြည်ချက်နမူနာများဖြစ်သည်။ ၎င်းတို့သည် ပရိုတက်စတန့်ပြုပြင်ပြောင်းလဲခြင်းအားပေး၍၊ ပရိုတက်စတန့်နှင့် ရောမအသင်းတော်ကို ခွဲခြားနေသေးသည်။

**၁။ မြေကြီးပေါ်အသင်းတော်၏ဦးခေါင်းသည် ခရစ်တော်၏ကိုယ်စားပြုဘုန်းကြီးဖြစ်သည်။** ရောမမြို့၏ဘုန်းကြီးသာလျှင် မြေကြီးပေါ်တွင်ခရစ်တော်၏ကိုယ်စားလှယ်ဖြစ်၍၊ အသင်းတော်၏မြင်နိုင်သောဦးခေါင်းဖြစ်သည်ဟု ဤယုံကြည်ချက်ကအခိုင်အမာဆိုသည်။ အသင်းတော်ခေါင်းဆောင်မှုဆိုင်ရာကျမ်းစာ၏ရှုထောင့်နှင့်ဆန့်ကျင်၍၊ ဤယုံကြည်ချက်သည် ခရစ်တော်က ပေတရုကိုအသင်းတော်၏မြင်နိုင်သောဦးခေါင်းအဖြစ်ခန့်၍၊ ရဟန်းမင်းသည်လည်း ပေတရု၏အရိုက်အရာဆက်ခံသူဖြစ်သည်ဟူသောယူဆချက်အပေါ်အခြေခံသည်။

**၂။ အသင်းတော်နှင့်၎င်း၏ဦးခေါင်းသည်မမှားနိုင်ခြင်း။** ရောမအသင်းတော်၏ဩဇာတိက္ကမကို အကြီးမားဆုံးပံ့ပိုးသောယုံကြည်ချက်မှာ ၎င်း၏မမှားနိုင်ခြင်းဖြစ်သည်။ အသင်းတော်က ၎င်းသည် ဘယ်ခါမျှမမှားခဲ့၊ နောင်၌လည်းဘယ်ခါမျှမှားလိမ့်မည်မဟုတ်ဟု အခိုင်အမာဆိုသည်။ ၎င်းသည် ဤသွန်သင်ချက်ကိုကျမ်းစာအထောက်အထားမရှိသည့် အောက်ပါဆင်ခြင်တုံတရားအပေါ်အခြေခံသည်။ ၎င်းမှာ၊ အသင်းတော်သည် ဘုရားကဲ့သို့ဖြစ်သောကြောင့်၊ ၎င်း၏ရှိရင်းစွဲအရည်အချင်းတစ်ခုမှာ မမှားနိုင်ခြင်းဖြစ်သည်။ ထို့ပြင်မက၊ ဤဘုရားကဲ့သို့သောအသင်းတော်အားဖြင့်၊ ဘုရားသခင်သည် စိတ်ထားကောင်းသောသူအားလုံးကို ကောင်းကင်သို့ခေါ်ဆောင်ရန် ရည်ရွယ်သောကြောင့်၊ အသင်းတော်သည် ယုံကြည်ခြင်းနှင့်ကိုယ်ကျင့်တရားတို့ကိုသွန်သင်ရာတွင်မမှားနိုင်ဖြစ်ရမည်။ ထို့ကြောင့် ခရစ်တော်သည် အသင်းတော်ကိုသန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးဖြင့် အမှားအားလုံးမှကင်းလွတ်အောင်ထိန်းသိမ်းလိမ့်မည်။

လူသားတို့၏ပင်ကိုစာရိတ္တပျက်ပြားခြင်းကို ငြင်းပယ်သောကျိုးကြောင်းဆက်စပ်ဆင်ခြင်မှုအရ၊ အသင်းတော်၏ခေါင်းဆောင်သည်လည်း မမှားနိုင်သောသူဖြစ်ရမည်ဟုဆိုသည်။ သို့ဖြစ်၍ ရောမဘာသာဝင်စာပေများအရ ၎င်း၏ခေါင်းဆောင်သည် ဘုရားရှင်၏အခွင့်အာဏာရှိသည်ဟုအခိုင်အမာဆိုသည်။

**၃။ ခရစ်တော်၏ယဇ်ပုရောဟိတ်မင်းနှင့်ဆိုင်သောကြားဖျန်ဖြေခြင်းအလုပ်မေးမှိန်သွားခြင်း။** ရောမအသင်းတော်၏ဩဇာကြီးထွားလာသောအခါ၊ ယုံကြည်သူတို့၏စိတ်အာရုံသည် ဓမ္မဟောင်းတဲတော်၌ နေ့စဉ်ယဇ်ပူဇော်ခြင်းကိုပုံဆောင်သောခရစ်တော်၏ကောင်းကင်၌ယဇ်ပုရောဟိတ်မင်းအဖြစ် ဆက်လက်လုပ်နေသောကြားဖျန်ဖြေခြင်းအလုပ်မှ ရောမအသင်းတော်ခေါင်းဆောင်၏ မြေကြီးပေါ်ယဇ်ပုရောဟိတ်လုပ်ငန်းသို့ပြောင်းရွှေ့သွားရသည်။ အပြစ်ဖြေလွတ်ခြင်းနှင့် ထာဝရကယ်တင်ခြင်းအတွက်ခရစ်တော်ကိုယုံကြည်အားကိုးမည့်အစား၊ ယုံကြည်သူတို့သည် ရဟန်းမင်းများနှင့်ခရစ်ယာန်ဘုန်းကြီးများကိုပြောင်း၍ ယုံကြည်ကြတော့သည်။ ယုံကြည်သူအားလုံးသည်ယဇ်ပုရောဟိတ်အမျိုးဖြစ်သည်ဟူသော ဓမ္မသစ်ကျမ်း၏သွန်သင်ချက်နှင့်ဆန့်ကျင်၍၊

ယခုတွင်၊ ဘုန်းကြီး၏အပြစ်ဖြေခြင်းလုပ်ငန်းသည် ကယ်တင်ခြင်းအတွက်မရှိမဖြစ်လိုအပ်သည်ဟု ယုံကြည်လာကြသည်။

ခရစ်တော်သည် သူ၏အပြစ်ဖြေရာယဇ်၏အကျိုးကျေးဇူးများကို နောင်တရသောယုံကြည်သူများအတွက် အကျိုးသက်ရောက်စေသောကောင်းကင်ကသူ၏ယဇ်ပုရောဟိတ်လုပ်ငန်းကို အသင်းတော်သည် သူတို့ကိုယ်ပိုင်သခင်ဘုရား၏ညစာစားပွဲပုံစံဖြင့် အစားထိုးပြီးငြင်းဆိုသည်။ သူ၏သေခြင်းကိုအောက်မေ့ဖို့ရာနှင့် သူ၏လာမည့်နိုင်ငံတော်ကိုနိမိတ်ပြသောယေရှုစတင်ခဲ့သည့် သခင်ဘုရား၏ညစာစားပွဲနှင့်မတူဘဲ၊ ရောမအသင်းတော်ကပွဲတော်သည် ဘုရားသခင်ထံလူသားယဇ်ပုရောဟိတ်က သွေးမသွန်းသောခရစ်တော်၏ယဇ်ပူဇော်ခြင်းဖြစ်ရမည်ဟုဆိုသည်။ လက်ဝါးကပ်တိုင်တွင် သူသည်ပူဇော်ခြင်းခံရသကဲ့သို့၊ ခရစ်တော်ကိုတစ်ဖန်ပူဇော်ခြင်းဖြစ်သောကြောင့်၊ ပွဲတော်သည် ယုံကြည်သူများနှင့်ကွယ်လွန်သောသူတို့အတွက် အထူးကျေးဇူးတော်ကိုယူဆောင်လာသည်ဟုသဘောထားသည်။

သမ္မာကျမ်းစာကို လျစ်လျူရှု၍၊ လူသားယဇ်ပုရောဟိတ်၏ပွဲတော်ကိုသာသိခြင်းအားဖြင့်၊ လူများစွာတို့သည် ကျွန်ုပ်တို့၏ကြားဖျန်ဖြေသူ၊ ယေရှုခရစ်တော်ထံတိုက်ရိုက်ရောက်ခြင်း၏ကောင်းချီးကိုဆုံးရှုံးကြသည်။ ထို့ကြောင့်၊ ကတိတော်နှင့်ဖိတ်ခေါ်ခြင်းမှာ၊ "ထိုကြောင့် ငါတို့သည်သနားခြင်းကရုဏာကိုလည်းကောင်း၊ တော်လျော်သောမစခြင်းကျေးဇူးတော်ကိုလည်းကောင်းခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့တိုးဝင်ချဉ်းကပ်ကြကုန်အံ့" (ဟေဗြဲ၊ ၄း၁၆) ဖြစ်သည်။

**၄။ ကောင်းသောအကျင့်၏ထိုက်တန်သောအကျိုး။** ကောင်းသောအကျင့်ကိုကျင့်ခြင်းအားဖြင့် လူတစ်ဦးသည် ကယ်တင်ခြင်းအတွက်ပဓာနဖြစ်သောကောင်းမှုကုသိုလ်ကိုရရှိနိုင်ပြီး၊ ယုံကြည်ခြင်းသည် မကယ်တင်နိုင်ဟူသောအမြင်သည် ပျံ့နှံ့နေသည်။ သို့သော် ၎င်းသည် ဓမ္မသစ်ကျမ်း၏သွန်သင်ချက်နှင့်ဆန့်ကျင်သည်။ ကျေးဇူးတော်၏ရလဒ်ဖြစ်သည့်ကောင်းသောအကျင့်သည် အပြစ်သား၏စိတ်နှလုံးထဲကိုသွင်းပေးကာ ထိုက်တန်သောအကျိုးကိုပေးသည်ဟု ရောမအသင်းတော်ကသွန်သင်သည်။ ဆိုလိုသည်မှာ ထိုအကျင့်သည် လူတစ်ဦးကိုကယ်တင်ခြင်းအတွက် တရားမျှတသောတောင်းဆိုနိုင်ခွင့်ကိုပေးသည်။ အမှန်မှာ၊ လူတစ်ဦးသည်၊ သူတော်စင်များကဲ့သို့၊ ကယ်တင်ခြင်းအတွက်လိုအပ်သည်ထက်ပိုသော ကောင်းမှုကိုပြုနိုင်သည်။ ထိုသို့ဖြင့် အပိုကောင်းမှုများကိုစုဆောင်းသည်။ ဤအပိုကောင်းမှုကို အခြားသူတို့၏အကျိုးအတွက်အသုံးပြုနိုင်သည်။ အပြစ်သားများ၏စိတ်နှလုံးထဲသို့သွင်းပေးလိုက်သောဖြောင့်မတ်ခြင်းအားဖြင့် သူတို့သည်ဖြောင့်မတ်ရာသို့ရောက်သည်ဟု အသင်းတော်သည်စွဲကိုင်သောကြောင့်၊ ကောင်းသောအကျင့်သည် လူတစ်ဦးဖြောင့်မတ်ခြင်းသို့ရောက်ရာတွင်အရေးကြီးသောကဏ္ဍပါဝင်သည်။

ကောင်းသောအကျင့်သည် ငရဲကလေးဆိုင်ရာယုံကြည်ချက်တွင်လည်း အရေးကြီးသောကဏ္ဍတွင်ပါဝင်သည်။ စုံလင်စွာစင်ကြယ်ခြင်းမရှိသောသူတို့သည် ကောင်းကင်၏ဝမ်းမြောက်ခြင်းထဲသို့မဝင်စားမီ ငရဲကလေးတွင် သူတို့၏အပြစ်များအတွက်သန့်ရှင်းစေရန်၊ ခဏတာပြစ်ဒဏ်ခံရမည်ဟုသွန်သင်သည်။ အသက်ရှင်သောယုံကြည်သူတို့၏ဆုတောင်းခြင်း၏ ကောင်းသောအကျင့်တို့သည် ငရဲကလေးတွင်ရှိနေသောသူတို့၏ဝေဒနာခံစားသည့်ကာလကိုတိုစေ၍၊ ၎င်း၏ပြင်းထန်မှုကိုလည်းလျှော့ချနိုင်သည်။

**၅။ အာပတ်ဖြေခြင်းနှင့်ပြစ်ဒဏ်လျှော့ချခြင်းဆိုင်ရာယုံကြည်ချက်။**

အာပတ်ဖြေခြင်းမှာ ခရစ်ယာန်တို့သည် ရေနှစ်ခြင်းခံပြီးနောက်ကျူးလွန်သောအပြစ်များအတွက် ခွင့်လွှတ်ခြင်းရရှိစေနိုင်သောပွဲတော်ဖြစ်သည်။ ဤအပြစ်ခွင့်လွှတ်ခြင်းကို ခရစ်ယာန်ဘုန်းကြီး၏အပြစ်ဖြေခြင်းအားဖြင့်ရရှိသည်။ သို့သော်၊ အပြစ်လွှတ်ခြင်းကိုမရရှိနိုင်မီ၊ ခရစ်ယာန်တို့သည် မိမိတို့စိတ်ကိုဆန်းစစ်ရမည်၊ သူတို့၏အပြစ်များကိုနောင်တရရမည်၊ ပြီးနောက် ဘုရားသခင်ကိုဘယ်ခါမျှမပြစ်မှားရန်ဆုံးဖြတ်ရမည်။ ထို့နောက် သူတို့သည် မိမိတို့အပြစ်များကို ခရစ်ယာန်ဘုန်းကြီးထံဝန်ချ၍၊ ဘုန်းကြီးခိုင်းသည့်အတိုင်းအာပတ်ဖြေခြင်းကိုပြုရမည်။

သို့သော်၊ အာပတ်ဖြေခြင်းသည် အပြစ်သားများကိုလုံးလုံးလွှတ်ငြိမ်းခွင့်မပေးချေ။ သူတို့သည် ဤအသက်တာတွင် သို့မဟုတ် ငရဲကလေးတွင် ယာယီအပြစ်ဒဏ်ခံရဦးမည်။ ဤအပြစ်ဒဏ်ကိုကိုင်တွယ်ရန် အသင်းတော်သည် ပြစ်ဒဏ်လွှတ်ခြင်းလုပ်ငန်းစဉ်ကိုပြဋ္ဌာန်းခဲ့သည်။ ၎င်းသည် အပြစ်လွှတ်ငြိမ်းခွင့်ပြုပြီးနောက်၊ အပြစ်ကြောင့်ကျန်ရှိနေသေးသောယာယီပြစ်ဒဏ်မှ ကင်းလွတ်စေသည်။ အသက်ရှင်သောသူနှင့်ငရဲကလေးတွင်ရှိသောသူတို့အတွက် အကျိုးပြုနိုင်သော ဤအပြစ်ဒဏ်လွှတ်စေခြင်းကို၊ နောင်တရခြင်းအခြေအနေနှင့် ပြဋ္ဌာန်းသည့်ကောင်းသောအလုပ်ကိုလုပ်ဆောင်မှုအပေါ်အခြေခံ၍ပေးသည်။ တစ်ခါတစ်ရံအသင်းတော်ကို ငွေကြေးပေးခြင်းအားဖြင့် ၎င်းကိုရနိုင်သည်။

ပြစ်ဒဏ်လွှတ်ခြင်းကိုရရှိစေနိုင်သောအရာမှာ မာတုရများ၊ သူတော်စင်များနှင့်တမန်တော်များ၊ အထူးသဖြင့်ယေရှုခရစ်တော်နှင့် မယ်တော်မာရိတို့၏အပိုကောင်းမှုကုသိုလ်များဖြစ်သည်။ သူတို့၏ကောင်းမှုကုသိုလ်များကို “ကုသိုလ်ဘဏ်တိုက်” တွင်ထည့်ထားပြီး၊ လျော့နေသောယုံကြည်သူတို့၏ဘဏ်စာရင်းသို့ လွှဲပြောင်းပေးနိုင်သည်။ ပေတရု၏အရိုက်အရာဆက်ခံသူဟုဆိုသော ပုပ်ရဟန်းမင်းသည် ဤဘဏ်၏သော့များကိုထိန်းထားပြီး၊ သူတို့ကိုဘဏ်တိုက်မှပေးချေခြင်းအားဖြင့်၊ လူတို့ကိုယာယီပြစ်ဒဏ်မှလွတ်စေနိုင်သည်။

**၆။ အသင်းတော်၌တည်သောအဆုံးစွန်အာဏာ။** ရာစုနှစ်များတစ်လျှောက်၊ ဖွဲ့စည်းထားသောအသင်းတော်သည် ရုပ်တုကိုးကွယ်သူတို့၏ယုံကြည်မှုများ၊ သန့်ရှင်းသောနေ့များနှင့် အထိမ်းအမှတ်များကိုလက်ခံခဲ့သည်။ ဤစက်ဆုပ်ရွံရှာဖွယ်များကိုဆန့်ကျင်သောအသံများထွက်လာသောအခါ၊ ရောမမြို့ရှိအသင်းတော်တစ်ခုတည်းကသာလျှင် သမ္မာကျမ်းစာကိုအနက်ဖွင့်ဆိုနိုင်သောအခွင့်ရှိသည်။ သမ္မာကျမ်းစာမဟုတ်ဘဲ၊ အသင်းတော်သည် နောက်ဆုံးလုပ်ပိုင်ခွင့်အာဏာရှိသည်။ အသင်းတော်က ဘုရားရှင်၏သမ္မာတရားသည် အရင်းအမြစ်နှစ်ခုမှလာသည်ဟုအကြောင်းပြသည်။ (၁) မွန်မြတ်သောသမ္မာကျမ်းစာနှင့် (၂) ရှေးအသင်းတော်ခေါင်းဆောင်များ၏စာပေများ၊ အသင်းတော်ကောင်စီ၏ထုတ်ပြန်ချက်များ၊ ထောက်ခံထားသောအယူဝါဒများနှင့် အသင်းတော်၏အခမ်းအနားများပါဝင်သော အသင်းတော်၏ထုံးတမ်းစဉ်လာတို့ဖြစ်သည်။ အသင်းတော်၏ယုံကြည်ချက်များကို ကျမ်းစာအားဖြင့်မဟုတ်ဘဲ၊ ထုံးတမ်းစဉ်လာအားဖြင့် ပံ့ပိုးထားသောအချိန်တိုင်းတွင်၊ ထုံးတမ်းစဉ်လာသည် ဦးစားပေးခံရသည်။ သာမန်ယုံကြည်သူတို့သည် သမ္မာကျမ်းစာ၌ ဘုရားသခင်ဖော်ပြသောယုံကြည်ချက်များကို အနက်ဖွင့်ဆိုရန်အခွင့်အာဏာမရှိချေ။ ထိုအခွင့်အာဏာသည် ရောမအသင်းတော်၌သာရှိသည်။

**နေ့သစ်၏အရုဏ်ဦး။** (၁၄) ရာစုနှစ်တွင် "ဂျွန်ဝိကလစ်" (John Wycliffe) သည် အင်္ဂလန်၌သာမက၊ ခရစ်ယာန်လောကတွင် အသင်းတော်ပြုပြင်ပြောင်းလဲရေးအတွက်တောင်းဆိုသည်။ ထိုအချိန်တွင် သမ္မာကျမ်းစာအုပ်အနည်းငယ်သာရှိသည်။ သူသည် သမ္မာကျမ်းစာတစ်အုပ်လုံးကို အင်္ဂလိပ်ဘာသာဖြင့်ဘာသာပြန်ခဲ့သည်။ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်သာ ကယ်တင်ခြင်းရကြောင်းနှင့် သမ္မာကျမ်းစာသည်သာ မမှားနိုင်ကြောင်း သူ၏သွန်သင်ချက်များသည် ပရိုတက်စတန့်ပြုပြင်ပြောင်းလဲရေးအတွက်အုတ်မြစ်ကိုချပေးခဲ့သည်။ ပြုပြင်ပြောင်းလဲခြင်း၏နံနက်သားမိုးသောက်ကြယ်အဖြစ်၊ သူသည် ခရစ်တော်၏အသင်းတော်ကို ရုပ်တုကိုးကွယ်ခြင်းဝါဒ၏မသိဘဲချည်နှောင်ခြင်းရှိနေခြင်းမှလွတ်မြောက်စေရန်ကြိုးစားခဲ့သည်။ သူသည် လူတစ်ဦးချင်း၏စိတ်လွတ်လပ်စေရန်နှင့် တစ်မျိုးသားလုံးဘာသာရေးအမှား၏ချုပ်ကိုင်ခြင်းမှလွတ်မြောက်စေရန် လှုပ်ရှားမှုတစ်ခုကို သမိုင်းသစ်စခဲ့သည်။ "ဝိကလစ်" ၏စာပေများသည် "ဟပ်စ်" (Huss)၊ "ဂျေရုန်း" (Jorome)၊ "လူးသာ" (Luther) နှင့် အခြားများစွာသောသူတို့၏စိတ်ကိုတို့ထိခဲ့သည်။

ပြင်းပြ၍ရဲစွမ်းသတ္တိရှိပြီး အလျှော့မပေးတတ်သော "မာတင်လူးသာ" သည် ဘာသာရေးပြုပြင်ပြောင်းလဲခြင်း၏ အကျော်ကြားဆုံးသောပုဂ္ဂိုလ်ဖြစ်နိုင်သည်။ အခြားသူများထက်သူသည် လူတို့ကိုသမ္မာကျမ်းစာသို့လည်းကောင်း၊ ယုံကြည်ခြင်းအားဖြင့်

ဖြောင့်မတ်ရာသို့ရောက်သည်ဟူသော ကြီးမားသည့်သမ္မာတရားသို့လည်းကောင်း ပြန်လည်ပို့ဆောင်ပြီး၊ သူသည် အကျင့်အားဖြင့်ကယ်တင်ခြင်းကိုလည်း ဆန့်ကျင်ခဲ့သည်။

ယုံကြည်သူတို့သည် သမ္မာကျမ်းစာထက်အခြားနေရာမှအခွင့်အာဏာကို မရရှိသင့်ကြောင်းကိုကြေညာလိုက်ရာ၊ သူသည် လူတို့၏မျက်စိကို လူတို့၏အကျင့်၊ ဘုန်းကြီးများနှင့်အာပတ်ဖြေခြင်းတို့မှ၊ သူတို့၏တစ်ပါးတည်းသောကြားဖျန်ဖြေသူနှင့်ကယ်တင်ရှင်အဖြစ် ခရစ်တော်ထံသို့လှည့်ပေးခဲ့သည်။ သူက၊ လူတို့အကျင့်ဖြင့်ကျူးလွန်ခြင်းအပြစ်ကိုလျှော့ချခြင်း သို့မဟုတ် ၎င်း၏ပြစ်ဒဏ်ကိုရှောင်လွှဲခြင်းတို့မှာ မဖြစ်နိုင်ပါ။ ဘုရားသခင်ထံနောင်တရခြင်းနှင့် ခရစ်တော်ကိုယုံကြည်ခြင်းတို့ကသာလျှင် အပြစ်သားများကိုကယ်တင်နိုင်သည်။ ၎င်းသည် အခမဲ့ပေးသောဆုလာဘ်ဖြစ်သောကြောင့် ဝယ်ယူ၍မရပါ။ ထိုကြောင့် လူတို့သည်ပုပ်ရဟန်းမင်း၏ပြစ်ဒဏ်လွှတ်စေခြင်းကြောင့်မဟုတ်ဘဲ၊ ကပ်တိုင်တင်သတ်ခြင်းခံရသောကယ်တင်ရှင်၏သွန်းသောအသွေးကြောင့် မျှော်လင့်ချက်ရှိနိုင်သည်ဟုဆိုခဲ့သည်။

ရှေးဟောင်းသုတေသနဆိုင်ရာ စူးစမ်းလေ့လာရေးခရီးစဉ်တွင် ရာစုနှစ်များစွာမြေအောက်၌စုပုံနေသည့်ဘဏ္ဍာများကို ရှာဖွေတွေ့ရှိသကဲ့သို့၊ ပြုပြင်ပြောင်းလဲခြင်းသည် ကာလကြာမြင့်စွာမေ့ပျောက်ခဲ့သောသမ္မာတရားများကို ဖော်ထုတ်ခဲ့သည်။ ဧဝံဂေလိတရား၏ကြီးမားသောအခြေခံသဘောတရားဖြစ်သော ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ခြင်းကိုပြန်လည်ဖော်ထုတ်ခဲ့သည်။ ယေရှုခရစ်တော်၏တစ်ခါတည်းအပြစ်ဖြေသော ယဇ်ပူဇော်ခြင်းနှင့် သူ၏ပြီးပြည့်စုံသောကြားဖျန်ဖြေသည့် ယဇ်ပုရောဟိတ်အလုပ်တို့ကို အသစ်တစ်ဖန်သဘောပေါက်လာခဲ့သည်။ ကျမ်းစာသွန်သင်ချက်များနှင့်မညီသော သေသောသူတို့အတွက်ဆုတောင်းခြင်း၊ သူတော်စင်တို့၏ကျန်ရစ်သောအရာများကို ကြည်ညိုလေးစားခြင်း၊ ပွဲတော်ကိုကျင်းပပုံ၊ မယ်တော်မာရိကိုကိုးကွယ်ခြင်း၊ ငရဲကလေး၊ အာပတ်ဖြေခြင်း၊ သန့်ရှင်းသောရေ၊ ဘုန်းကြီးများအိမ်ထောင်မပြုခြင်း၊ ပုတီးစိပ်ခြင်း၊ အယူဝါဒကွဲသူများကိုနှိပ်စက်ခြင်း၊ ပွဲတော်မုန့်နှင့်စပျစ်ရည်သည် ခရစ်တော်၏အသွေးအသားအဖြစ်သို့ပြောင်းလဲခြင်း၊ အလွန်အကျွံဆီလူးခြင်းနှင့် ထုံးတမ်းစဉ်လာအပေါ်မှီခိုခြင်းတို့ကို ငြင်းပယ်၍စွန့်လွှတ်ခဲ့ကြသည်။

ပရိုတက်စတန့်ပြုပြင်ပြောင်းလဲရေးသမားများအားလုံးနီးပါးသည် ရဟန်းမင်း၏စနစ်ကို "အခမ္မလူ၊" "ဝှက်ထားလျက်ရှိသောအခမ္မအရာ၊" ဒုတိယကြွလာခြင်းမတိုင်မီနှစ်ပေါင်း (၁၂၆၀) အတွင်း ဘုရားသခင်၏စစ်မှန်သောလူတို့ကို ညှဉ်းဆဲသည့်အဖွဲ့အစည်းဖြစ်သော ဒံယေလကျမ်းမှ "ချိုငယ်" စသည်တို့ဖြင့် တညီတညွတ်တည်း တန်းတူသဘောထားခဲ့ကြသည်။ (ဗျာ၊ ၁၂း၆၊၁၄။ ၁၃း၅)။

သမ္မာကျမ်းစာနှင့်၎င်း၏သွန်သင်ချက်ကသာလျှင် ယုံကြည်ခြင်းနှင့်ကိုယ်ကျင့်တရား၏စံအဖြစ် ပရိုတက်စတန့်ဝါဒ၏အခြေခံဖြစ်လာခဲ့သည်။ လူတို့၏ထုံးတမ်းစဉ်လာအားလုံးသည် သမ္မာကျမ်းစာ၏နောက်ဆုံးနှင့် ပိုမိုမြင့်သောအာဏာအောက်တွင်ရှိရမည်ဟု ပြုပြင်ပြောင်းလဲရေးသမားများက သဘောထားခဲ့ကြသည်။ ဘာသာရေးယုံကြည်ချက်နှင့်ဆိုင်သောအရေးတို့တွင် ပုပ်ရဟန်းမင်း၊ အတိုင်ပင်ခံအဖွဲ့၊ ရှေးအသင်းတော်ဖခင်ကြီးများ၊ ရှင်ဘုရင်များ သို့မဟုတ် ကျမ်းတတ်ပုဂ္ဂိုလ်များတို့သည် သြတ္တပ္ပစိတ်ကိုအုပ်ချုပ်နိုင်သောအာဏာမရှိချေ။ အမှန်မှာ၊ ခရစ်ယာန်လောကသည် အိပ်ပျော်ရာမှစတင်နိုးထလာပြီး၊ အဆုံးတွင်နိုင်ငံများစွာ၌ ဘာသာရေးလွတ်လပ်ခြင်းကိုကြေညာခဲ့သည်။

## ရပ်တန့်နေသောပြုပြင်ပြောင်းလဲခြင်း

ခရစ်ယာန်အသင်းတော်၏ပြုပြင်ပြောင်းလဲခြင်းသည် (၁၆) ရာစုတွင် နိဂုံးမချုပ်သင့်ချေ။ ပြုပြင်ပြောင်းလဲရေးသမားများသည် များစွာဆောင်ရွက်ခဲ့သော်လည်း၊ အယူဖောက်ပြန်ခြင်းကာလအတွင်း ပျောက်ဆုံးသောအလင်းတရားအားလုံးကို ပြန်လည်မဖော်ထုတ်နိုင်ခဲ့ချေ။ သူတို့သည် ခရစ်ယာန်ဘာသာကိုမှောင်မိုက်အတိထဲမှဆွဲထုတ်ခဲ့သော်လည်း၊ ၎င်းသည် အရိပ်၌ရှိနေသေးသည်။ သူတို့သည် အလယ်ခေတ်အသင်းတော်၏သံလက်ကိုရိုက်ချိုးပြီး၊ သမ္မာကျမ်းစာကိုကမ္ဘာသို့ပေးနိုင်ခဲ့သော်လည်း၊ သူတို့သည် အခြားအရေးကြီးသောသမ္မာတရားများကို ရှာဖွေတွေ့ရှိခြင်းမရှိခဲ့ချေ။ ရေ၌နှစ်မြုပ်သောနှစ်ခြင်းမျိုး၊ ခရစ်တော်ကြွလာချိန်တွင် ဖြောင့်မတ်သူတို့အားမသေနိုင်သောအဖြစ်ကို ဆုလာဘ်အဖြစ်ပေးခြင်း၊ ကျမ်းစာ၏သတ္တမနေ့ဥပုသ်နှင့် အခြားသမ္မာတရားများတို့သည် အရိပ်ထဲတွင်ပျောက်ဆုံးနေရဆဲဖြစ်သည်။

ပြုပြင်ပြောင်းလဲခြင်းကိုတိုးတက်အောင်ပြုလုပ်မည့်အစား၊ သူတို့၏အရိုက်အရာကိုဆက်ခံသူတို့သည် ၎င်း၏အောင်မြင်မှုများကိုခိုင်မာအောင်ပြုလုပ်ခဲ့ကြသည်။ သူတို့၏အာရုံသည် သမ္မာကျမ်းစာ၌မဟုတ်ဘဲ၊ ပြုပြင်ပြောင်းလဲရေးသမားများ၏စကားများနှင့်အယူအဆများအပေါ်သို့ရောက်ရှိသွားသည်။ လူအနည်းငယ်က သမ္မာတရားအသစ်များကိုရှာဖွေတွေ့ရှိသော်လည်း၊ အများစုသည် အစောပိုင်းကပြုပြင်ရေးသမားတို့ယုံကြည်ခဲ့သည့်အရာကို ကျော်၍တိုးတက်အောင်လုပ်ရန်ငြင်းဆန်ခဲ့ကြသည်။ ထို့ကြောင့် ပရိုတက်စတန့်ယုံကြည်ခြင်းသည် အနှစ်သာရကင်းသောအစဉ်အလာကို အလေးပေးသောဝါဒနှင့် ခရစ်ယာန်ဝါဒကိုအခြေခံသည့်ဒဿနပညာနှင့် စွန့်ပယ်ရမည့်အမှားများကို အမြတ်တနိုးထိန်းသိမ်းခြင်းစသည့်အရာသို့ ဆုတ်ယုတ်ကျဆင်းသွားခဲ့သည်။ ပြုပြင်ပြောင်းလဲခြင်းမီးလျှံသည် တဖြည်းဖြည်းငြိမ်းသွား၍၊ ပရိုတက်စတန့်အသင်းတော်များကိုယ်တိုင်အေးစက်လာ၍ သမားရိုးကျဆန်လာပြီး၊ ပြုပြင်ပြောင်းလဲခြင်းကိုလိုအပ်လာခဲ့သည်။

ပြုပြင်ပြောင်းလဲခြင်းကာလနောက်ပိုင်းတွင် ကျမ်းစာကိုလေ့လာခြင်းလှုပ်ရှားမှု ရှိလာ၍၊ ဝိညာဉ်ရေးဆိုင်ရာတိုးတက်မှုလည်းရှိလာခဲ့သည်။ ဖရဲဒရစ်ဒပလျူ၊ ဖာရာ (Frederic W. Farrar) ကဤသို့ရေးခဲ့သည်။ ယခုအချိန်တွင် "လွတ်မြောက်ရေးကိုအချုပ်အနှောင်ဖြင့် လည်းကောင်း၊ လူတိုင်းနှင့်ဆိုင်သောစည်းမျဉ်းများကို မဖြစ်စလောက်သောအရာများဖြင့် လည်းကောင်း၊ သမ္မာတရားကိုတစ်ယူသန်ဝါဒဖြင့်လည်းကောင်း၊ လွတ်လပ်ခြင်းကို ထုံးတမ်းစဉ်လာဖြင့်လည်းကောင်း၊ ဘာသာရေးကိုနည်းစနစ်ဖြင့်လည်းကောင်း အလဲလှယ်ပြုလုပ်ကြသည်။ အသက်ရှင်သောသမ္မာကျမ်းစာကြည်ညိုမှုကို သေနေသော ကျမ်းစာမှုတ်သွင်းခြင်းအယူအဆကအစားထိုးခဲ့သည်။ ချစ်စရာအမှုအကျင့်သည် တင်းကျပ်သော တစ်ပုံစံတည်းရှိခြင်းကိုလည်းကောင်း၊ ရှင်သန်နေသောအတွေးသည် အငြင်းပွားခြင်းကိုလည်းကောင်း နေရာဖယ်ပေးလိုက်ရသည်" "ဘာသာရေးပြုပြင် ပြောင်းလဲခြင်းသည် ရှေးခရစ်ယာန်ဝါဒကိုအခြေခံသည့် ဒဿနပညာ၏လေးလံသော ရာဇလုံတံကိုရိုက်ချိုးခဲ့" သော်လည်း၊ ပရိုတက်စတန့်အသင်းတော်များသည် "သံလုံတံ ကို ကိုင်ဆောင်သောခရစ်ယာန်ဝါဒကို အခြေခံသည့်ဒဿနပညာသစ်ကို" အစပြုခဲ့ကြ သည်။ "ရောဘတ်အမ်ဂရန့်" (Robert M. Grant) က ဤဒဿနပညာသစ်သည် "အလယ်ခေတ်သီဩလော်ဂျီတည်ဆောက်မှုကဲ့သို့ပင်ကျပ်တည်းသည်။" ပရိုတက်စတန့်တို့ သည် "လက်တွေ့ကျကျ၊ သူတို့၏လက်ရှိယုံကြည်ချက်များ၏ကန့်သတ်ချက်များအားဖြင့် သူတို့ကိုယ်ကိုချည်နှောင်ကြသည်" ဟုဆိုသည်။

အငြင်းပွားမှုများပေါ်ပေါက်လာခဲ့သည်။ "လူတို့သည် အခြားသူ၏အမှားများကို ထုတ်ဖော်ရာတွင် အလွန်ပင်အလုပ်များသည့်ခေတ် သို့မဟုတ် သူတို့သည် အခြားသူ တစ်ယောက်ကိုကဲ့ရဲ့ပြစ်တင်သောနာမည်များစွာဖြင့် ခေါ်သောအချိန်အခါမျိုး ဘယ်ခါမှ မရှိခဲ့ဖူးချေ။" ထို့ကြောင့် ကောင်းသောသတင်းသည် တိုက်ခိုက်သောစကားလုံးများဖြစ် လာသည်။ "သမ္မာကျမ်းစာသည် စိတ်နှလုံးထဲမျှ၌ပင် စကားမပြောတော့ဘဲ၊ အပြစ်ရှာ သောဉာဏ်ကသာ စကားပြောတော့သည်။" "ယုံကြည်ချက်သည် သမားရိုးကျဖြစ်လာ ၍၊ ဝိညာဉ်ရေးသည် ပျောက်ကွယ်သွားသည်။ သီဩလော်ဂျီသည် အောင်မြင်လာ၍၊ မေတ္တာသည် ငြိမ်းသွားခဲ့သည်။"

## ကျန်ကြွင်းသောသူများ

အယူဖောက်ပြန်ခြင်းနှင့် နှစ်ပေါင်း (၁၂၆၀) အတွင်း ကြီးမားသောဆင်းရဲ ဒုက္ခရှိခဲ့သော်လည်း၊ ယုံကြည်သူတချို့သည် တမန်တော်တို့တည်ခဲ့သောအသင်းတော်၏ စင်ကြယ်မှုကိုဆက်လက်ရောင်ပြန်ဟပ်ခဲ့ကြသည်။ နှစ်ပေါင်း (၁၂၆၀) ဖိနှိပ်ခြင်းသည်

(အေဒီ ၁၇၉၈) တွင် ပြီးဆုံးသောအခါ၊ နဂါးသည် ဘုရားသခင်၏သစ္စာရှိသောလူတို့ကို အမြစ်ဖြတ်မချေမှုန်းနိုင်ခဲ့ချေ။ စာတန်သည် ဆက်လက်၍သူတို့အား ဖျက်ဆီးရန်ကြိုးပမ်းလျက်ရှိသည်။ ယောဟန်သည် ဤသို့ရေးခဲ့သည် "နဂါးသည် မိန်းမကိုအငြိုးထား၏။ ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်၍၊ ယေရှု၏သက်သေခံတော်မူချက်ကိုစွဲလမ်းသောသူတည်းဟူသော ထိုမိန်းမ၌ကြွင်းသောအမျိုးအနွယ်ကို စစ်တိုက်ခြင်းငှာသွား၏" (ဗျာ၊ ၁၂း၁၇)။

**ကျန်ကြွင်းသောသူတို့သည်အဘယ်သူနည်း။** နဂါးသည် မိန်းမနှင့်သူ၏အမျိုးအနွယ်ကိုစစ်တိုက်ခြင်းကိုပုံဖော်ရာတွင်၊ ယောဟန်သည် "မိန်းမ၌ကြွင်းသောအမျိုးအနွယ်" (ဗျာ၊ ၁၂း၁၇) ဟူသောစကားအသုံးအနှုန်းကိုအသုံးပြုသည်။ ထိုအသုံးအနှုန်းသည် "ကျန်ကြွင်းသောသူများ" ဟူ၍အဓိပ္ပါယ်ရသည်။ သမ္မာကျမ်းစာသည် ကျန်ကြွင်းသူများကို ဘေးဒုက္ခများ၊ စစ်ပွဲများနှင့်အယူဖောက်ပြန်ခြင်းတစ်လျှောက် ဘုရားသခင်အပေါ်ဆက်၍သစ္စာရှိသော ဘုရားသခင်၏လူနည်းစုအဖြစ်ပုံဖော်သည်။ ဤကျန်ကြွင်းသူများသည် မြေကြီးပေါ်ရှိမြင်နိုင်သောအသင်းတော်ကို တိုးပွားစေရန်ဘုရားသခင်အသုံးပြုသောသစ်မြစ်ဖြစ်ရမည် (ဖရာ၊ ၃၀း၆။ ဇေရ၊ ၉း၁၄၊၁၅။ ဟေရှာ၊ ၁၀း၂၀–၂၂။ ယော၊ ၄၂း၂။ ယေဇ၊ ၆း၈။ ၁၄း၂၂)။

ဘုရားသခင်သည် ကျန်ကြွင်းသူများကို သူ၏ဘုန်းတော်ထင်ရှားစေရန်နှင့်ကမ္ဘာတစ်ဝန်းပြန့်ကျဲနေသောသူ၏လူတို့ကို "သန့်ရှင်းသောတောင်၊ ယေရုရှလင်မြို့" တည်းဟူသော "ဇိအုန်တောင်" (ဟေရှာ၊ ၃၇း၃၁၊၃၂။ ၆၆း၂၀) သို့ပို့ဆောင်ရန်ဘုရားသခင်စေခိုင်းသည်။ ထိုသို့အတူတကွစုရုံးလာသောသူတို့ကို သမ္မာကျမ်းစာက "ထိုသူတို့သည်...... သိုးသငယ်သွားလေရာရာအရပ်သို့ နောက်တော်၌လိုက်သောသူဖြစ်ကြ၏" (ဗျာ၊ ၁၄း၄) ဟုဆိုသည်။

(ဗျာဒိတ်ကျမ်း ၁၂း၁၇) သည် ဘုရားသခင်သည် သစ္စာရှိသောယုံကြည်သူများကိုရွေးချယ်ရာတွင် နောက်ဆုံးကျန်ကြွင်းသောသူတို့ကိုဖော်ပြချက်ပါဝင်သည်။ သူတို့သည် ခရစ်တော်ဒုတိယအကြိမ်မကြွလာမီ နောက်ဆုံးသောနေရက်တွင် သူ၏သစ္စာရှိသောသက်သေခံများဖြစ်ကြသည်။

**ကျန်ကြွင်းသောသူတို့၏ထူးခြားသောလက္ခဏာများ။** နောက်ဆုံးသောအချိန်ကျန်ကြွင်းသောသူတို့ကို လွယ်လွယ်နှင့်မမှားနိုင်ပါ။ ယောဟန်သည် ဤလူစုကိုတိကျသောစကားရပ်များဖြင့်ဖော်ပြသည်။ နှစ်ပေါင်း (၁၂၆၀) ညှဉ်းပန်းခြင်းနောက်ပိုင်းတွင်ပေါ်ထွက်လာသော ဤသူတို့သည် "ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်၍၊ ယေရှု၏သက်သေခံတော်မူချက်ကိုစွဲလမ်းသောသူ" (ဗျာ၊ ၁၂း၁၇) တို့ဖွဲ့စည်းထားသောသူများဖြစ်သည်။

သူတို့သည် ခရစ်တော်မကြွလာမီအချိန်လေးတွင်၊ တစ်ကမ္ဘာလုံးသို့ ဘုရားသခင်၏နောက်ဆုံးသတိပေးချက်တည်းဟူသော ကောင်းကင်တမန်သုံးပါး၏သတင်းစကားများ (ဗျာ၊ ၁၄း၆–၁၂) ကိုဟောပြောရမည့်တာဝန်ရှိသည်။ ဤသတင်းစကားကိုယ်၌က ကျန်ကြွင်းသောသူတို့အကြောင်းကိုဖော်ပြသည်။ ဤသူတို့သည် "ဘုရားသခင်၏ပညတ်တို့ကိုလည်းကောင်း၊ ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်း၊ စောင့်ရှောက်သောသန့်ရှင်းသူတို့" (ဗျာ၊ ၁၄း၁၂) ဖြစ်ကြသည်။ ဤထူးခြားသောလက္ခဏာတစ်ခုစီကို ပို၍နီးကပ်စွာလေ့လာကြပါစို့။

**၁။ ယေရှု၏ယုံကြည်ခြင်း။** ဘုရားသခင်၏ကျန်ကြွင်းသောလူတို့ကို ယေရှု၌ရှိသောအလားတူယုံကြည်ခြင်းဖြင့်ဖော်ပြသည်။ သူတို့သည် ယေရှု၏ဘုရားသခင်အပေါ်မတုန်လှုပ်သောယုံကြည်အားကိုးမှုနှင့် သမ္မာကျမ်းစာ၏အခွင့်အာဏာကိုရောင်ပြန်ဟပ်ကြသည်။ ယေရှုခရစ်တော်သည် ကြိုတင်ဟောထားသောမေရှိယ၊ လောက၏ကယ်တင်ရှင်အဖြစ်ကြွလာသော ဘုရားသခင်၏သားတော်ဖြစ်သည်ဟု သူတို့ယုံကြည်ကြသည်။ သူတို့၏ယုံကြည်ခြင်းသည် ခရစ်တော်ယုံကြည်၍ သွန်သင်သောသမ္မာကျမ်းစာ၏သမ္မာတရားအားလုံးကိုလွှမ်းခြုံသည်။

ထို့ကြောင့်၊ ဘုရားသခင်၏ကျန်ကြွင်းသောသူတို့သည် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရသည်ဟူသော ထာဝရဧဝံဂေလိတရားကိုဟောလိမ့်မည်။ ဘုရားသခင်၏တရားစီရင်ခြင်းအချိန်ရောက်လာပြီဟု ကမ္ဘာကိုသူတို့သတိပေးလိမ့်မည်။ သူတို့သည် အခြားသူတို့ကို သူတို့၏မကြာမီကြွလာမည့်သခင်ဘုရားကိုတွေ့ဆုံရန်ပြင်ဆင်လိမ့်မည်။ သူတို့သည် လူတို့ထံဘုရားသခင်၏သက်သေများအဖြစ် တစ်ကမ္ဘာလုံးဆိုင်ရာသာသနာလုပ်ငန်းတွင် ပါဝင်ကြလိမ့်မည် (ဗျာ၊ ၁၄း၆၊၇။ ၁၀း၁၁။ မဿဲ၊ ၂၄း၁၄)။

**၂။ ဘုရားသခင်၏ပညတ်ချက်များ။** ကျန်ကြွင်းသောသူတို့သည် ယေရှုကိုအမှန်ယုံကြည်ခြင်းဖြင့် သူ၏စံနမူနာကိုလိုက်ကြသည်။ ယောဟန်က၊ "ထိုသခင်၌ငါတည်၏ဟုဆိုသောသူသည် ထိုသခင်ကျင့်တော်မူသည်နည်းတူကျင့်ရမည်" (၁ယော၊ ၂း၆) ဟုဆိုသည်။ ခရစ်တော်သည် သူ့ခမည်းတော်၏ပညတ်ချက်များကို စောင့်သောကြောင့်၊ သူ၏နောက်လိုက်များသည်လည်း ဘုရားသခင်၏ပညတ်ချက်များကိုနားထောင်လိမ့်မည် (ယောဟန်၊ ၁၅း၁၀)။

အထူးသဖြင့်၊ သူတို့သည် ကျန်ကြွင်းသောသူများဖြစ်သောကြောင့် သူတို့၏အပြုအမူသည် သူတို့၏ယုံကြည်ချက်နှင့်ကိုက်ညီရမည်။ ထိုသို့မဟုတ်ပါက အချည်းနှီးဖြစ်သည်။ ယေရှုက၊ "သခင်၊ သခင်ဟုငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ဝင်ရလိမ့်မည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်၏

အလိုတော်ကိုဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်” (မဿဲ၊ ၇း၂၁) ဟုဆိုသည်။ ခရစ်တော်ပေးသောခွန်အားဖြင့်၊ သူတို့သည် ဘုရားသခင်၏မပြောင်းလဲသောပညတ်တော် (၁၀) ပါးအပါအဝင်၊ ဘုရားသခင်၏ပညတ်ချက်များကို လိုက်လျှောက်ကြသည် (ထွက်၊ ၂၀း၁–၁၇။ မဿဲ၊ ၅း၁၇–၁၉။ ၁၉း၁၇။ ဖိလိပ္ပိ၊ ၄း၁၃)။

**၃။ ယေရှု၏သက်သေခံတော်မူချက်။** ယောဟန်သည် “ယေရှု၏သက်သေခံခြင်း” ကို “ပရောဖက်ဟောသောစကား” (ဗျာ၊ ၁၉း၁၀) ဟူ၍အနက်ပြန်ဆိုသည်။ ကျန်ကြွင်းသောသူတို့သည် ယေရှု၏သက်သေခံချက်ကို သယ်ဆောင်သောပရောဖက်စာပေများအားဖြင့် လမ်းပြခြင်းခံရလိမ့်မည်။

ဉာဏ်ပညာဥ်တော်ဆုကျေးဇူးသည် “ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့လည်းကောင်း၊ ဘုရားသခင်၏သားတော်ကိုသိကျွမ်းခြင်းသို့လည်းကောင်း၊ တညီတညွတ်တည်းရောက်၍၊ ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏အဖြစ်သို့ရောက်သည်တိုင်အောင်” (ဧဖက်၊ ၄း၁၃)။ အသင်းတော်သမိုင်းတစ်လျှောက်တွင် ဆက်လက်လုပ်ဆောင်နေသည်။ ထို့ကြောင့်၊ ၎င်းသည် ကျန်ကြွင်းသောသူတို့၏အမှတ်လက္ခဏာတစ်ခုဖြစ်သည်။

ထိုသို့ပရောဖက်၏လမ်းပြခြင်းဖြင့် ကျန်ကြွင်းသောသူတို့သည် ပရောဖက်ပြုချက်သတင်းစကားကိုဟောပြောကြသည်။ သူတို့သည် ပရောဖက်ပြုချက်များကိုနားလည်၍၊ ၎င်းကိုသင်ပေးလိမ့်မည်။ ကျန်ကြွင်းသောသူတို့ထံရောက်လာသော သမ္မာတရားဖော်ပြချက်သည် ခရစ်တော်ကြွလာခြင်းအတွက် ကမ္ဘာကိုပြင်ဆင်ရာတွင် သူတို့၏လုပ်ငန်းကိုပြီးစီးစေလိမ့်မည်။

**နောက်ဆုံးသောနေ့၌ကျန်ကြွင်းသောသူတို့၏အရေးပေါ်အခြေအနေ။** ကျန်ကြွင်းသောသူတို့သည် ကြီးမားသောညှဉ်းပန်းနှိပ်စက်ခြင်းကာလ၏နောက်ပိုင်းတွင် ကမ္ဘာ့ဇာတ်စင်မြင့်ပေါ်၌ ပေါ်လာမည်ဟုသမ္မာကျမ်းစာကညွှန်ပြသည် (ဗျာ၊ ၁၂း၁၄–၁၇)။ ပုပ်ရဟန်းမင်းကိုဖမ်းဆီး၍ နှစ်ပေါင်း (၁၂၆၀) ကို (၁၇၉၈) ခုနှစ်တွင် အဆုံးသတ်ခဲ့သည့်ပြင်သစ်တော်လှန်ရေး၏ တုန်လှုပ်ဖွယ်ဖြစ်ရပ်များ၊ ခရစ်တော်ကြွလာခြင်းနီးကြောင်း သက်သေခံသည့် နေ၊ လ၊ ကြယ်တို့၌ပုပ္ပနိမိတ်များပြည့်စုံထင်ရှားခြင်းတို့သည် အနာဂတ်ဟောပြောချက်များကိုလေ့လာရန် ကြီးမားသောနိုးကြားမှုကိုဖြစ်စေသည်။ ယေရှုမကြာမီကြွလာမည်ဟူသောမျှော်လင့်ချက်သည် ကျယ်ကျယ်ပြန့်ပြန့်ထွက်လာသည်။ ကမ္ဘာတစ်ဝန်းများစွာသောခရစ်ယာန်တို့သည် “အမှုကုန်ဆုံးရသည်ကာလ” (ဒံ၊ ၁၂း၄) ရောက်လာပြီဟု အသိအမှတ်ပြုခဲ့ကြသည်။

၁၈ ရာစု၏ဒုတိယအပိုင်းနှင့် ၁၉ ရာစု၏ပထမပိုင်းအတွင်း ကျမ်းစာ၏ပရောဖက်ပြုဟောချက်များပြည့်စုံခြင်းသည် ဒုတိယအကြိမ်ကြွလာခြင်းကိုမျှော်လင့်ချက်

အပေါ်ဗဟိုပြုသည့် ယုံကြည်ခြင်းခြားနားသူများပေါင်းစည်း၍ အားကြီးသောလှုပ်ရှားမှု တစ်ခုပေါ်ထွက်လာခဲ့သည်။ အသင်းတော်တိုင်းတွင် ခရစ်တော်ကြွလာခြင်းနီးကြောင်း ယုံကြည်သူများရှိပြီး၊ သူတို့သည် ဆုတောင်း၊ လုပ်ဆောင်ရင်းဖြင့် ခေတ်အဆက်ဆက်၏ အထွတ်အထိပ်ကိုစောင့်စားနေကြသည်။

ခရစ်တော်ကြွလာခြင်းကိုမျှော်လင့်ခြင်းသည် ယုံကြည်သူများအကြားတွင် နက်နဲသောစည်းလုံးမှုကိုယူဆောင်လာပြီး၊ ခရစ်တော်မကြာမီကြွလာမည့်အကြောင်းကို ကမ္ဘာအားသတိပေးရန် လူများစွာပူးပေါင်းလာခဲ့သည်။ ခရစ်တော်ကြွလာခြင်းကိုမျှော်လင့်သောလှုပ်ရှားမှုသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ခရစ်တော်ကြွလာခြင်းကိုမျှော်လင့်ချက်အပေါ်ဗဟိုပြုသော ယုံကြည်ချက်မတူသောသူတို့အကြား အမှန်ပင်ကျမ်းစာနှင့်ညီသောလှုပ်ရှားမှုဖြစ်သည်။

သူတို့သည် သမ္မာကျမ်းစာကိုလေ့လာလေလေ၊ ရပ်တန့်နေသောခရစ်ယာန်အသင်းတော်၏ပြုပြင်ပြောင်းလဲခြင်းကိုဆက်ရန်၊ ဘုရားသခင်သည် ကျန်ကြွင်းသောသူတို့ကိုခေါ်နေသည်ဟူ၍ သူတို့အခိုင်အမာယုံကြည်လေလေဖြစ်သည်။ သူတို့၏အသင်းတော်အသီးသီးတွင် စစ်မှန်သောပြုပြင်ပြောင်းလဲခြင်းစိတ်ဓာတ်နှင့် ဒုတိယအကြိမ်ကြွလာခြင်းအတွက်လေ့လာရန်နှင့် ပြင်ဆင်ရန်စိတ်ဝင်စားမှုမရှိကြောင်းကို သူတို့ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ကြပြီ။ သူတို့၏သမ္မာကျမ်းစာလေ့လာခြင်းက၊ ဘုရားသခင်ကျော်ဖြတ်စေခဲ့သောစမ်းသပ်မှုများနှင့် စိတ်ပျက်ခြင်းများသည် သူတို့ကို ဘုရားသခင်၏ကျန်ကြွင်းသူများအဖြစ် စုရုံးစေသောဝိညာဉ်ရေးနှင့် စင်ကြယ်စေသောအတွေ့အကြုံဖြစ်သည်ကို ဖော်ပြသည်။ ဘုရားသခင်သည် ပြုပြင်ပြောင်းလဲခြင်းကိုဆက်ရန် သူတို့ကိုတာဝန်အပ်နှင်းခဲ့ပြီး၊ အသင်းတော်တွင်များစွာသောဝမ်းမြောက်ခြင်းနှင့် တန်ခိုးကိုယူဆောင်လာခဲ့သည်။ ဘဝင်မြင့်စိတ်အစွဲတစ်ခုခုကြောင့် ဘုရားသခင်၏စေခိုင်းချက်သည် သူတို့ထံရောက်မလာကြောင်းကို သဘောပေါက်၍၊ ကျေးဇူးတင်သောစိတ်နှိမ့်ချခြင်းဖြင့် သူတို့၏လုပ်ငန်းတာဝန်ကို လက်ခံခဲ့ကြသည်။ ခရစ်တော်၏ကရုဏာနှင့် တန်ခိုးအားဖြင့်သာလျှင် သူတို့သည် မည်သည့်နည်းဖြင့်မဆို အောင်မြင်နိုင်သည်။

## ကျန်ကြွင်းသောသူတို့၏လုပ်ငန်းတာဝန်

ဗျာဒိတ်ကျမ်း၏အနာဂတ်ဟောပြောချက်များသည် ကျန်ကြွင်းသောသူတို့၏ လုပ်ငန်းတာဝန်ကိုရှင်းလင်းစွာဖော်ပြသည်။ ကျန်ကြွင်းသောသူတို့၏ဟောကြားချက်သည် ဧဝံဂေလိသမ္မာတရားကို နောက်ဆုံးပြန်လည်၍အပြည့်အဝအသက်သွင်းမည်ဖြစ်ကြောင်းကို (ဗျာ၊ ၁၄း၆–၁၂) က ကောင်းကင်တမန်သုံးပါးသတင်းစကားသည်ဖော်ပြသည်။ ခရစ်တော်မကြွလာမီအခိုက်တွင် ကမ္ဘာကိုမွေ့မည့်စာတန်လှည့်ဖြားခြင်း၏လွှမ်းမိုးမှုအပေါ်

ဘုရားသခင်၏တုံ့ပြန်မှုများသည် ဤသတင်းသုံးပါးတွင်ပါဝင်သည် (ဗျာ၊ ၁၃း၃၊၈၊၁၄–၁၆)။ လောကကိုဘုရားသခင်သည် နောက်ဆုံးမေတ္တာရပ်ခံချက်အပြီး၊ ချက်ချင်းခရစ်တော်သည် စပါးရိတ်သိမ်းရန်ကြွလာလိမ့်မည် (ဗျာ၊ ၁၄း၁၄–၂၀)။

## ပထမကောင်းကင်တမန်သတင်းစကား

"မြေကြီးပေါ်မှာနေသောသူတည်းဟူသော အသီးအသီးဘာသာစကားကိုပြောသော လူမျိုးအနွယ်ခပ်သိမ်းတို့အား ထာဝရဧဝံဂေလိတရားကိုဟောရသောကောင်းကင်တမန်တစ်ပါးက၊ ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ။ ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကိုဖန်ဆင်းတော်မူသောအရှင်ကို ကိုးကွယ်ကြလော့ဟု ကြီးသောအသံနှင့်ပြောဆို၍၊ ကောင်းကင်အလယ်၌ ပျံဝဲလျက်ရှိသည်ကိုငါမြင်၏" (ဗျာ၊ ၁၄း၆၊၇)။

ပထမကောင်းကင်တမန်သည် ဧဝံဂေလိတရားကိုလောကသို့သယ်ဆောင်သော ဘုရားသခင်၏ကျန်ကြွင်းသောသူတို့ကိုပုံဆောင်သည်။ ဤဧဝံဂေလိတရားသည် ရှေးပုရောဖက်များနှင့် တမန်တော်များဟောခဲ့သည့် ဘုရားသခင်၏အနန္တမေတ္တာနှင့်ဆိုင်သော အလားတူသတင်းကောင်းပင်ဖြစ်သည် (ဟေဗြဲ၊ ၄း၂)။ ကျန်ကြွင်းသောသူတို့သည် ခြားနားသောဧဝံဂေလိတရားကိုမဟောပါ။ တရားစီရင်ခြင်းရှုထောင့်မှအပြစ်သားများသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်၍၊ ယေရှု၏ဖြောင့်မတ်ခြင်းကို ရရှိသည်ဟူသော ထာဝရဧဝံဂေလိတရားကို သူတို့သည်ပြန်၍အတည်ပြုကြသည်။

ဤသတင်းစကားသည် လောကီသားများကိုနောင်တရရန်ဖိတ်ခေါ်သည်။ ၎င်းသည် ဘုရားသခင်ကို "ကြောက်ရွံ့၍ချီးမွမ်း" ရန်ခေါ်ဖိတ်သည်။ ကျွန်ုပ်တို့သည် ဤရည်ရွယ်ချက်အတွက်ဖန်ဆင်းခြင်းခံရသည်။ ကျွန်ုပ်တို့၏ပြောစကားနှင့် အပြုအမူများအားဖြင့် ဘုရားသခင်ကိုချီးမွမ်း၍၊ သူ၏ဘုန်းတော်ကိုထင်ရှားစေနိုင်သည်။ "သင်တို့သည် များစွာသောအသီးကိုသီးခြင်းအားဖြင့်၊ ငါ့ခမည်းတော်၏ဘုန်းတော်ကိုထင်ရှားတော်မူ၏" (ယောဟန်၊ ၁၅း၈)။

ခရစ်တော်ကြွလာခြင်းအတွက် လောကကိုပြင်ဆင်သောလှုပ်ရှားမှုသည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန်အတွက် သမ္မာကျမ်းစာကိုပြန်၍အလေးထားစေသည်ဟု ယောဟန်ကကြိုတင်ဟောခဲ့သည်။ အလျှင်အတိုင်းမဟုတ်ဘဲ၊ ၎င်းသည် ကျွန်ုပ်တို့၏အသက်တာကို ထိန်းသိမ်းရမည့်မွန်မြတ်သောတာဝန်အတွက် ဓမ္မသစ်ကျမ်း၏တောင်းဆိုမှုကိုဟောပြောသည်။ "သင်တို့ကိုယ်ခန္ဓာသည်...... သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်၏။" ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၊ စိတ်နှင့်ဝိညာဉ်တန်ခိုးများကို သီးသန့်လုပ်ပိုင်ခွင့်မရှိချေ။ ခရစ်တော်သည် ဤအရာများကိုလက်ဝါးကပ်တိုင်ပေါ်က အသွေးဖြင့်

ဝယ်ယူခဲ့သည်။ ထို့ကြောင့်၊ "ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေကြလော့" (၁ကော၊ ၆း၁၉၊၂၀)။ "သင်တို့သည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်း၊ ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကိုပြုကြလော့" (၁ကော၊ ၁၀း၃၁)။

"တရားစီရင်တော်မူသောအချိန်ရောက်လာပြီ" ဟူသောအချက်သည် နောင်တရရန် ဖိတ်ခေါ်ခြင်းကိုအရေးတကြီးပြုရန်လိုအပ်ကြောင်း ပြောပါသည်။ (ဗျာ၊ ၁၄း၇) က "တရားစီရင်ခြင်း" ဟူသောစကားလုံးသည် (လုပ်ဆောင်နေဆဲအရာကိုပြသသည့်) တရားစီရင်နေသည်ဟူ၍အဓိပ္ပါယ်ရသောဟေလသစကားလုံး "ကရီးစစ်" (krisis) မှလာ၍၊ စီရင်ချက် သို့မဟုတ် စီရင်ခြင်း "ကရီးမား" (krima) ဟုအဓိပ္ပါယ်မဟုတ်ပါ။ ၎င်းသည် တရားစီရင်ခြင်းလုပ်ငန်းစဉ်တစ်ခုလုံးဖြစ်သော ဘုရားသခင်၏တရားစီရင်ရေးခန်းမတွင် လူများကို ရုံးတင်စစ်ဆေးခြင်း၊ အသက်တာမှတ်တမ်းများကိုစုံစမ်းစစ်ဆေးခြင်း၊ အပြစ်ရှိကြောင်း သို့မဟုတ် အပြစ်မရှိကြောင်းဆုံးဖြတ်ချက်၊ ထာဝရအသက် သို့မဟုတ် သေဒဏ်ကိုပေးခြင်းစသည်တို့အားလုံးပါဝင်သည် (မဿဲ၊ ၁၆း၂၇။ ရောမ၊ ၆း၂၃။ ဗျာ၊ ၂၂း၁၂)။ တရားစီရင်ခြင်းအချိန်နှင့်ဆိုင်သော သတင်းစကားသည် အယူဖောက်ပြန်သူအားလုံးအပေါ် ဘုရားသခင်၏တရားစီရင်ခြင်းကိုလည်းကြေညာသည် (ဒံ၊ ၇း၉–၁၁၊၂၆။ ဗျာ၊ ၁၇။ ၁၈)။

တရားစီရင်ခြင်းအချိန်နှင့်ဆိုင်သောသတင်းစကားသည် တရားစီရင်ရေးအတွက် ခရစ်တော်ဝင်သွားသောကောင်းကင်တဲတော်၌ သူ့ယဇ်ပုရောဟိတ်မင်းလုပ်ငန်း၏ နောက်ဆုံးပိုင်းအချိန်ကို အထူးသဖြင့်ညွှန်ပြသည်။

ဤသတင်းစကားသည် ဖန်ဆင်းရှင်အားကိုးကွယ်ရန် လူအားလုံးကိုလည်း ခေါ်ဖိတ်သည်။ ဘုရားသခင်ကိုကိုးကွယ်ရန်ဖိတ်ခေါ်ခြင်းသည် သားရဲနှင့်သူ၏ရုပ်တုကို ကိုးကွယ်ရာဆင့်ခေါ်ခြင်းနှင့် ခြားနားသည် (ဗျာ၊ ၁၃း၃၊၈၊၁၅)။ မကြာမီလူတိုင်းသည် မှန်သောဝတ်ပြုခြင်းနှင့် မှားသောဝတ်ပြုခြင်း၊ ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ ရောက်၍ ဘုရားသခင်ကိုကိုးကွယ်ခြင်း သို့မဟုတ် အကျင့်အားဖြင့်ဖြောင့်မတ်ရာသို့ ရောက်ရန်ကြိုးစား၍ ဘုရားသခင်ကိုကိုးကွယ်ခြင်းအကြား ရွေးချယ်မှုလုပ်ရလိမ့်မည်။ "ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကိုဖန်ဆင်းတော်မူသောအရှင်ကို ကိုးကွယ်" (ဗျာ၊ ၁၄း၇။ ထွက်၊ ၂၀း၁၁) ရန် ကျွန်ုပ်တို့ကိုအမိန့်ပေးခြင်းအားဖြင့်၊ ဤသတင်းစကားသည် စတုတ္ထပညတ်တော်ကိုအာရုံရောက်သွားစေသည်။ ၎င်းသည် လူတို့ကိုဖန်ဆင်းရှင်အား စစ်မှန်သောကိုးကွယ်မှုထဲသို့ပို့ဆောင်သည်။ ဤသတင်းစကားသည် ဖန်ဆင်းချိန်၌ပြဋ္ဌာန်း၍ ပညတ်တော် (၁၀) ပါး၌အတည်ဖြစ်သော၊ သူ၏

ဖန်ဆင်းခြင်း၏အထိမ်းအမှတ်ဖြစ်သော ထာဝရဘုရား၏သတ္တမနေ့ဥပုသ်ကို ဂုဏ်ပြုခြင်း ပါဝင်သည့် အတွေ့အကြုံတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့်၊ ပထမကောင်းကင်တမန်၏ သတင်းစကားသည် ဖန်ဆင်းရှင်နှင့် ကျမ်းစာထဲကဥပုသ်နေ့၏အရှင်သခင်ဖြစ်သော ယေရှုကို လောကီသားများရှေ့တွင်တင်ပြခြင်းအားဖြင့် စစ်မှန်သောကိုးကွယ်ခြင်းကို ပြန်လည်အသစ်ဖြစ်စေရန်ဖိတ်ခေါ်သည်။ ဤနေ့သည် ဖန်ဆင်းခံသတ္တဝါအများစုက လျစ်လျူရှုသည့်လက္ခဏာ၊ ဘုရားသခင်၏ဖန်ဆင်းခြင်းအမှတ်လက္ခဏာဖြစ်သည်။ ချားစ်ဒါဝင်၏ "မျိုးစိတ်များ၏မူလ" (Origin of Species) ဟူသောစာအုပ်ပုံနှိပ်ခြင်းမှ ဆင့်ကဲဖြစ်စဉ်အတွေးအခေါ်သည် အဓိကတွန်းအားရလာသောအချိန်တွင်၊ ကံကောင်း ထောက်မ၍၊ ဤသတင်းစကားဟောပြောခြင်းသည် ဖန်ဆင်းရှင်ဘုရားကို အာရုံစိုက်လာ စေရန်ဖိတ်ခေါ်သည်။ ပထမကောင်းကင်တမန်၏သတင်းစကားကိုဟောပြောခြင်းသည် ဆင့်ကဲဖြစ်စဉ်အယူအဆတိုးတက်နေမှုအတွက် အကြီးမားဆုံးသောအတားအဆီးဖြစ် သည်။

နောက်ဆုံးတွင်၊ ဤဖိတ်ခေါ်ခြင်းသည် "အဓမ္မလူ" (၂သက်၊ ၂း၃) နင်းခြေ ပြီးသော ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်ကို ပြန်လည်လေးစားခြင်းကိုလည်း ဆိုလိုသည်။ စစ်မှန်သောကိုးကွယ်ခြင်းကို နဂိုအတိုင်းပြန်ဖြစ်စေ၍ ယုံကြည်သူတို့သည် ဘုရားသခင့်နိုင်ငံတော်၏စည်းမျဉ်းအတိုင်း နေထိုင်သောအခါမှသာလျှင် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားနိုင်မည်။

## ဒုတိယကောင်းကင်တမန်၏သတင်စကား

"ဗာဗုလုန်မြို့ကြီးပြိုလဲပြီ။ မိမိမတရားသောမေထုန်၏အဆိပ်အတောက်တည်းဟူ သောစပျစ်ရည်ကို လူမျိုးအပေါင်းတို့အားတိုက်လေပြီးသော ဗာဗုလုန်မြို့ကြီးပြိုလဲပြီ" (ဗျာ၊ ၁၄း၈)။

အစောပိုင်းအချိန်မှစ၍ဗာဗုလုန်မြို့သည် ဘုရားသခင်အားအာခံခြင်းကိုပံ့ဆောင် သည်။ ဗာဗုလုန်ရဲတိုက်သည် အယူဖောက်ပြန်ခြင်း၏အထိမ်းအမှတ်နှင့် ပုန်ကန်ခြင်း၏ ဗဟိုဖြစ်ခဲ့သည် (ကမ္ဘာ၊ ၁၁း၁–၉)။ လူစီဖာ (စာတန်) သည် ၎င်း၏မမြင်နိုင်သော ရှင်ဘုရင်ဖြစ်သည် (ဟေရှာ၊ ၁၄း၄၊၁၂–၁၄)။ သူသည် လူသားမျိုးနွယ်ကိုအုပ်ချုပ်ရန် အတွက် ဗာဗုလုန်ကိုသူ့မဟာအကြံအစည်၏ ဆောင်ကြဉ်းပေးသည့်အရာဖြစ်စေလိုဟန် ရှိသည်။ သမ္မာကျမ်းစာတစ်ခုလုံးတွင် ဘုရားသခင်၏မြို့တော်ယေရုရှလင်မြို့နှင့် စာတန် ၏မြို့တော်၊ ဗာဗုလုန်မြို့တို့အကြားတိုက်ခိုက်မှုသည် အကောင်းနှင့်အဆိုးအကြား ပဋိပက္ခကိုသာဓကပြသည်။

ရှေးဦးခရစ်ယာန် ရာစုနှစ်များအတွင်း၊ ရောမတို့သည် ယုဒလူများနှင့် ခရစ်ယာန်များကိုဖိနှိပ်သောအခါ၊ ယုဒနှင့်ခရစ်ယာန်စာပေများက ရောမမြို့ကိုဗာဗုလုန်မြို့ကဲ့သို့ရည်ညွှန်းခဲ့သည်။ ပေတရုသည် ဗာဗုလုန်မြို့ကိုရောမမြို့၏နာမည်ဝှက်အဖြစ် အသုံးပြုသည်ဟု လူများစွာကယုံကြည်သည် (၁ပေ၊ ၅း၁၃)။ ၎င်း၏အယူဖောက်ပြန်ခြင်းနှင့် ညှဉ်းဆဲခြင်းကြောင့်၊ ပရိုတက်စတန့်ပြုပြင်ပြောင်းလဲရေးသမားများနှင့် ပြုပြင်ပြောင်းလဲခြင်းနောက်ပိုင်းအများစုသည် ရောမအသင်းတော်ကို ဘုရားသခင့်လူတို့၏ရန်သူ၊ ဝိညာဉ်ရေးဗာဗုလုန်အဖြစ် ရည်ညွှန်းခဲ့ကြသည် (ဗျာ၊ ၁၇)။

ဗျာဒိတ်ကျမ်းတွင်လည်း၊ ဗာဗုလုန်မြို့ကိုဆိုးယုတ်သောမိန်းမ၊ ပြည့်တန်ဆာတို့နှင့် စက်ဆုပ်ဖွယ်သောအရာတို့၏အမိဟူ၍လည်း ဖော်ပြသည် (ဗျာ၊ ၁၇း၅)။ ၎င်းသည် အထူးသဖြင့် (ဗျာ၊ ၁၃း၁၅–၁၇) တွင် ဖော်ပြသည့်နောက်ဆုံးဆင်းရဲဒုက္ခကိုဖြစ်စေသည့် သားရဲနှင့်သူ၏ရုပ်တုအကြား ကြီးမားသည့်အယူဖောက်ပြန်သော ဘာသာရေးမဟာမိတ်ကိုရည်ညွှန်းသော်လည်း၊ ၎င်းသည် အယူဖောက်ပြန်သောဘာသာရေးအဖွဲ့အစည်းအားလုံးနှင့် ၎င်းတို့၏ခေါင်းဆောင်မှုကိုပုံဆောင်သည်။

ဒုတိယကောင်းကင်တမန်၏သတင်းစကားသည် ဗာဗုလုန်၏အယူဖောက်ပြန်ခြင်းနှင့် ၎င်း၏နိုင်ထက်စီးနင်းသောတန်ခိုးတို့၏သဘောသဘာဝကို ဖော်ထုတ်ရာတွင် ဤသို့ဆိုထားသည်။ "မိမိမတရားသောမေထုန်၏အဆိပ်အတောက်တည်းဟူသော စပျစ်ရည်ကို လူမျိုးအပေါင်းတို့အားတိုက်လေပြီ။" ဗာဗုလုန်မြို့၏ "စပျစ်ရည်" သည် ၎င်း၏ အယူမှားသောသွန်သင်ချက်များကိုပုံဆောင်သည်။ ဗာဗုလုန်မြို့သည် ၎င်း၏မှားယွင်းသောသွန်သင်ချက်များနှင့်ဥပဒေများကို တစ်ကမ္ဘာလုံးအတင်းအကျပ်ပြုရန် နိုင်ငံတော်အာဏာများကိုဖိအားပေးလိမ့်မည်။

ဖော်ပြထားသည့် "မတရားသောမေထုန်" သည် ဗာဗုလုန်မြို့နှင့် နိုင်ငံများအကြား၊ အယူဖောက်ပြန်သောအသင်းတော်နှင့် အရပ်ဘက်အာဏာအကြား တရားမဝင်ဆက်ဆံရေးကိုပုံဆောင်သည်။ အသင်းတော်သည် ၎င်း၏သခင်ဘုရားနှင့်လက်ထပ်ယူရမည်ဖြစ်သည်။ နိုင်ငံ၏အထောက်အပံ့ကိုရှာယူခြင်းဖြင့်၊ ၎င်းသည် မိမိခင်ပွန်းကိုထားခဲ့၍၊ ဝိညာဉ်ရေးမတရားသောမေထုန်ကိုကျူးလွန်သည် (ယေဇ၊ ၁၆း၁၅။ ယာကုပ်၊ ၄း၄)။

ဤတရားမဝင်သောဆက်ဆံရေးသည် အဖြစ်ဆိုးကိုရောက်သွားစေသည်။ မြေကြီးသားတို့သည် မှားယွင်းသောသွန်သင်ချက်ဖြင့် "ယစ်မူး" ကြသည်သည်ကို ယောဟန်မြင်သည်။ ဗာဗုလုန်မြို့ကိုယ်တိုင်သည် ၎င်း၏ကျမ်းစာနှင့်မညီသောယုံကြည်ချက်များကို လက်ခံရန်နှင့် ၎င်း၏အာဏာကိုနာခံရန်ငြင်းပယ်သောသူ၊ "သန့်ရှင်းသူတို့၏အသွေး၊ ယေရှု၏သက်သေခံတို့၏အသွေးနှင့် ယစ်မူးသည်ကိုငါမြင်၏" (ဗျာ၊ ၁၇း၂၊၆)။

ဗာဗုလုန်မြို့ပြိုလဲရခြင်းမှာ ၎င်းသည် ပထမကောင်းကင်တမန်၏သတင်းစကား ဖြစ်သော ဖန်ဆင်းရှင်ကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည်ဟူသော ဧဝံဂေလိတရားကို ငြင်းပယ်သောကြောင့်ဖြစ်သည်။ အစောပိုင်းအတွင်း ရောမ အသင်းတော်သည် အယူဖောက်ပြန်သကဲ့သို့၊ ယနေ့များစွာသောခရစ်ယာန်တို့သည် ပြုပြင် ပြောင်းလဲခြင်းကိုဖော်ဆောင်သော ကြီးမားသောသမ္မာကျမ်းစာ၏သမ္မာတရားများမှ ထွက်ခွာသွားကြပေပြီ။ ဗာဗုလုန်မြို့ပြိုလဲမည့်အကြောင်း ကြိုတင်ဟောကိန်းသည် တစ်ချိန်က ပြုပြင်ပြောင်းလဲခြင်းကို အားကြီးစွာမဖြစ်မနေလုပ်စေသည့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည်ဟူသော ထာဝရဧဝံဂေလိတရား၏စင်ကြယ်ခြင်းနှင့် ရိုးရှင်း မှုတို့ ပရိုတက်စတန့်ဝါဒသည် ထွက်ခွာသွားချိန်တွင်ပြည့်စုံသည်။

ဒုတိယကောင်းကင်တမန်၏သတင်းစကားသည် နောက်ဆုံးသောကာလနီးလာ ချိန်တွင် တိုး၍ဆီလျော်မှုရှိလာသည်။ ပထမကောင်းကင်တမန်၏သတင်းစကားကို ငြင်းပယ်ခဲ့ကြသောဘာသာရေးအဖွဲ့အစည်းအမျိုးမျိုးသည် မဟာမိတ်ဖွဲ့လာချိန်တွင် ၎င်း၏ပြည့်စုံမှုကိုတွေ့လာရမည်။ ဗာဗုလုန်မြို့ပြိုလဲခြင်းသတင်းစကားကို (ဗျာ၊ ၁၈း၂–၄) တွင် ထပ်ဆိုသည်။ ၎င်းသည် ဗာဗုလုန်မြို့၏လုံးလုံးပြိုလဲခြင်းအကြောင်းကြေညာပြီး၊ ဗာဗုလုန်မြို့ထဲရှိ ဘာသာရေးအဖွဲ့အမျိုးမျိုးတွင်ရှိနေသေးသောသူတို့ထံမှ ဘုရားသခင်၏ လူတို့ကိုခေါ်ထုတ်သည်။ ကောင်းကင်တမန်က "ငါ၏လူမျိုးတို့၊ သူ၏အပြစ်တို့ကို ဆက်ဆံခြင်းနှင့်လည်းကောင်း၊ သူ၏ဘေးဒဏ်များကိုခံခြင်းနှင့်လည်းကောင်း၊ ကင်းလွတ် အံ့သောငှာ သူ၏အထဲကထွက်ကြလော့" (ဗျာ၊ ၁၈း၄) ဟုဆိုသည်။

## တတိယကောင်းကင်တမန်သတင်းစကား

"အကြင်သူသည် သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်၍၊ သူ၏တံဆိပ်လက်မှတ် ကို နဖူး၌ခံသည်ဖြစ်စေ၊ လက်၌ခံသည်ဖြစ်စေ၊ ထိုသူသည် ဘုရားသခင်၏ဒေါသဖလား ၌ လောင်းသောအမျက်တော်စပျစ်ရည်စစ်ကို သောက်ရလိမ့်မည်။ သန့်ရှင်းသော ကောင်းကင်တမန်တို့ရှေ့၊ သိုးသငယ်ရှေ့တွင်၊ ကန့်နှင့်ရောသောမီးထဲမှာ ပြင်းစွာသော ညှဉ်းဆဲခြင်းကိုခံရလိမ့်မည်။ ထိုညှဉ်းဆဲခြင်း၏မီးခိုးသည် ကမ္ဘာအဆက်ဆက်တက်လျက် ရှိ၏။ သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်၍၊ သူ၏နာမတံဆိပ်လက်မှတ်ကိုခံသောသူတို့ သည် နေ့ညမပြတ်သက်သာခြင်းမရကြ။...... ဘုရားသခင်၏ပညတ်တို့ကိုလည်းကောင်း၊ ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်း၊ စောင့်ရှောက်သောသန့်ရှင်းသူတို့သည် ဤအရာ ၌ သည်းခံစရာအကြောင်းရှိ၏" (ဗျာ၊ ၁၄း၉–၁၂)။

ပထမကောင်းကင်တမန်သတင်းစကားသည် ထာဝရဧဝံဂေလိတရားကိုကြေညာပြီး၊ ဖန်ဆင်းရှင်အဖြစ် ဘုရားသခင်အားအမှန်အကန်ကိုးကွယ်ခြင်းကို နဂိုအတိုင်းပြန်လည်ဖြစ်စေရန်ဖိတ်ခေါ်သည်။ အဘယ်ကြောင့်ဆိုသော် တရားစီရင်သောအချိန်ရောက်လာပြီ။ ဒုတိယကောင်းကင်တမန်ကမူ လူသားတို့ဖန်တီးသောကိုးကွယ်မှုပုံစံအားလုံးကိုသတိပေးသည်။ နောက်ဆုံးတွင် တတိယကောင်းကင်တမန်သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းဧဝံဂေလိတရားကို ငြင်းပယ်သောသူအားလုံးအား သားရဲနှင့်သူ၏ရုပ်တုကိုမကိုးကွယ်ရန် ဘုရားသခင်၏အလေးနက်ဆုံးသောသတိပေးစကားကို ကြေညာသည်။

ဗျာဒိတ်ကျမ်း၊ ၁၃း၁–၁၀ တွင် ဖော်ပြသောသားရဲသည် ရာစုနှစ်များစွာခရစ်ယာန်လောကကိုစိုးမိုးသောအသင်းတော်နှင့် နိုင်ငံအစိုးရပူးပေါင်းမှု၊ ပေါလုက “အဓမ္မလူ” (၂သက်၊ ၂း၂–၄) ဟုဖော်ပြသောသူ၊ ဒံယေလကလည်း “ချိုငယ်” (ဒံ၊ ၇း၈၊၂၀–၂၅။ ၈း၉–၁၂) ဟူ၍ခေါ်သောသူဖြစ်သည်။ သားရဲ၏ရုပ်တုမှာမူ၊ စစ်မှန်သောပြုပြင်ပြောင်းလဲရေးစိတ်ဓာတ်ပျောက်ဆုံးသောအသင်းတော်များသည် သူတို့၏သွန်သင်ချက်များကို အခြားသူတို့အပေါ်အတင်းအကျပ်သွတ်သွင်းရန် နိုင်ငံအစိုးရနှင့်ပေါင်းစည်းသောအခါ၊ ပေါ်ထွန်းလာမည့်အယူဖောက်ပြန်သော ဘာသာရေးအဖွဲ့ကိုပုံဆောင်သည်။ အသင်းတော်နှင့်နိုင်ငံအစိုးရတို့ပေါင်းစည်းရာတွင် နှစ်ပေါင်း (၁၂၆၀) ကြာ ညှဥ်းပန်းသည့်အယူဖောက်ပြန်သော အသင်းတော်တည်းဟူသော သားရဲ၏ပြည့်စုံသောရုပ်တုဖြစ်လာလိမ့်မည်။

တတိယကောင်းကင်တမန်သတင်းစကားသည် သမ္မာကျမ်းစာတွင်အလေးနက်ဆုံးနှင့် ကြောက်စရာအကောင်းဆုံးသောသတိပေးချက်ကိုကြေညာသည်။ ၎င်းသည် ကမ္ဘာ့နောက်ဆုံးဆင်းရဲဒုက္ခကာလတွင် လူတို့၏အာဏာကိုနာခံသောသူတို့သည် ဘုရားသခင်အစား သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်လိမ့်မည်ဟုဖော်ပြသည်။ ဤနောက်ဆုံးပဋိပက္ခအတွင်း လူနှစ်မျိုးပေါ်လာလိမ့်မည်။ ပထမလူအမျိုးအစားသည် လူတို့ဖန်တီးသောတရားကိုထောက်ခံ၍၊ သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်ကာ၊ သူတို့ကိုယ်ကိုအပေါ်သို့ ကြေကွဲဖွယ်အကောင်းဆုံးသောတရားစီရင်ခြင်းကို ယူဆောင်ကြလိမ့်မည်။ အခြားလူအမျိုးအစားမှာမူ၊ သိသိသာသာကွာခြားသည်။ သူတို့သည် စစ်မှန်သောဧဝံဂေလိတရားအတိုင်းအသက်ရှင်၍၊ “ဘုရားသခင်၏ပညတ်တို့ကိုလည်းကောင်း၊ ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်း စောင့်ရှောက်” (ဗျာ၊ ၁၄း၉၊၁၂) ကြသည်။ နောက်ဆုံးအရေးတွင် စစ်မှန်သောကိုးကွယ်ခြင်းနှင့်မှားယွင်းသောကိုးကွယ်ခြင်း၊ စစ်မှန်သောဧဝံဂေလိတရားနှင့် မှားယွင်းသောတရားတို့ပါဝင်လိမ့်မည်။ ဤအရေးကို ကမ္ဘာကြီးရှေ့သို့ရှင်းလင်းစွာချပြသောအခါ၊ ဘုရားသခင်၏ဖန်ဆင်းရှင်ဖြစ်ကြောင်း အထိမ်းအမှတ်ဖြစ်သောကျမ်းစာထဲမှ

ဥပုသ်နေ့ကိုငြင်းပယ်၍၊ သိသိကြီးဖြင့်တနင်္ဂနွေနေ့ကိုရိုသေ၍ ထိုနေ့တွင်ကိုးကွယ်ရန် ရွေးချယ်သောသူတို့သည် "သားရဲ၏အမှတ်တံဆိပ်" ကိုရရှိလိမ့်မည်။ ဤအမှတ်တံဆိပ်သည် ပုန်ကန်ခြင်းအမှတ်အသားဖြစ်သည်။ သားရဲက သူကိုယ်တိုင်ကိုးကွယ်ရာနေ့ကို ပြောင်းလဲခြင်းသည် ဘုရားသခင်၏ပညတ်တော်ထက်ပင် ၎င်းသည်အာဏာရှိကြောင်းကို ပြသသည်ဟုဆိုသည်။

တတိယသတင်းစကားသည် လောကီသားတို့၏အာရုံကိုထာဝရဧဝံဂေလိတရားနှင့် စစ်မှန်သောကိုးကွယ်ခြင်းကိုပြန်လည်ထူထောင်ရန်၊ ဘုရားသခင်၏သတင်းစကားကို လက်ခံရန် ငြင်းဆန်ခြင်း၏အကျိုးဆက်သို့ဦးတည်ပေးသည်။ ၎င်းသည် ကိုးကွယ်ခြင်းနှင့် သက်ဆိုင်၍ လူတို့၏ရွေးချယ်မှု၏နောက်ဆုံးရလဒ်ကို ရှင်းလင်းစွာပုံဖော်ပေးသည်။ ရွေးချယ်မှုပြုရန်မှာမလွယ်ကူချေ။ အကြောင်းမှာ ဘာပဲရွေးရွေးဆင်းရဲဒုက္ခပါဝင်လိမ့်မည်။ ဘုရားသခင်၏စကားကိုနားထောင်သောသူတို့သည် နဂါး၏အမျက်ဒေါသကို တွေ့ကြုံခံစား၍ (ဗျာ၊ ၁၂း၁၇)၊ နောက်ဆုံးတွင် သေခြင်းဖြင့်ခြိမ်းခြောက်ခံရမည် (ဗျာ၊ ၁၃း၁၅)။ တစ်ချိန်တည်းတွင် သားရဲနှင့်သူ၏ရုပ်တုကို ကိုးကွယ်ရန်ရွေးချယ်သောသူတို့ အပေါ်သို့ နောက်ဆုံးသောဘေးဒဏ်ခုနစ်ပါးကျရောက်၍၊ နောက်ဆုံးတွင် "မီးအိုင်" ထဲသို့ချပစ်ခြင်းခံရမည် (ဗျာ၊ ၁၅။ ၁၆။ ၂၀း၁၄၊၁၅)။

ရွေးချယ်မှုနှစ်ခုစလုံးတွင် ဆင်းရဲဒုက္ခပါသော်လည်း၊ ၎င်းတို့၏ရလဒ်မှာ ခြားနားသည်။ ဖန်ဆင်းရှင်ကိုကိုးကွယ်သောသူတို့သည် နဂါး၏သေစေလောက်သော အမျက်ဒေါသမှလွတ်မြောက်၍၊ သိုးသငယ်နှင့်အတူဇိအုန်တောင်ပေါ်တွင် အတူတကွ ရပ်နေကြရလိမ့်မည် (ဗျာ၊ ၁၄း၁။ ၇း၂၊၄)။ သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်သောသူတို့မူကား ဘုရားသခင်၏အမျက်ဒေါသအပြည့်ကိုရရှိ၍၊ သန့်ရှင်းသောကောင်းကင်တမန်များနှင့် သိုးသငယ်၏ရှေ့တွင်သေရကြလိမ့်မည် (ဗျာ၊ ၁၄း၉၊၁၀။ ၂၀း၁၄)။

လူတိုင်းသည် မည်သူ့အားကိုးကွယ်ရမည်ကိုရွေးချယ်ရမည်။ ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ခြင်းကိုရွေးချယ်လျှင် ဘုရားသခင်ထောက်ခံသောကိုးကွယ်မှုပုံစံ၌ ပါဝင်သူအဖြစ်ထင်ရှားလိမ့်မည်။ အကျင့်အားဖြင့်ဖြောင့်မတ်ခြင်းကိုရွေးချယ်မှုမှာမူ၊ ဘုရားသခင်တားမြစ်သော်လည်း၊ သားရဲနှင့်သူ၏ရုပ်တုကအမိန့်ပေးသည့်လူလုပ်ကိုးကွယ်မှုပုံစံ၌ ပါဝင်ခြင်း၌ထင်ရှားလိမ့်မည်။ ဘုရားသခင်သည် ဤဒုတိယကိုးကွယ်မှုပုံစံကို လက်မခံနိုင်ချေ။ အကြောင်းမှာ ၎င်းသည် ဘုရားသခင်၏ပညတ်ချက်များထက် လူလုပ်ပညတ်ချက်များကို သာ၍ဦးစားပေးသောကြောင့်ဖြစ်သည်။ ၎င်းသည် ဖြောင့်မတ်ခြင်းကိုဘုရားသခင်အားဖန်ဆင်းရှင်၊ ရွေးနုတ်ရှင်၊ ပြန်လည်ဖန်ဆင်းရှင်အဖြစ် လုံးလုံးအပ်နှံခြင်းမှလာသောယုံကြည်ခြင်းဖြင့်မဟုတ်ဘဲ၊ လူတို့အကျင့်အားဖြင့်ရရှိရန်ကြိုးပမ်းသည်။ ထို့ကြောင့် ဤသဘောတွင်၊ တတိယကောင်းကင်တမန်၏သတင်းစကားသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းဖြစ်သည်။

ဘုရားသခင်သည် အသင်းတော်အားလုံးတွင် သူ၏သားသမီးများရှိသည်။ သို့သော်၊ ကျန်ကြွင်းသောအသင်းတော်အားဖြင့်၊ သူ၏လူတို့ကိုအယူဖောက်ပြန်ခြင်းမှ ခေါ်ထုတ်၍၊ ခရစ်တော်ကြွလာခြင်းအတွက်ပြင်ဆင်ခြင်းအားဖြင့် သူ၏စစ်မှန်သော ကိုးကွယ်ခြင်းကိုပြန်လည်ထူထောင်သော ဤသတင်းစကားကို ဘုရားသခင်ကြေညာသည်။ များစွာသောဘုရားသခင်၏လူတို့သည် လာရောက်ပူးပေါင်းဦးမည်ကိုသိမှတ်၍၊ ကျန်ကြွင်းသောသူတို့သည် ဤလေးနက်သောသာသနာလုပ်ငန်းကို ပြည့်စုံစေရန်ကြိုးစားရာတွင်၊ သူတို့၏မပြည့်စုံမှုများနှင့် အားနည်းချက်များကိုခံစားကြသည်။ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့်သာလျှင် သူတို့၏လေးနက်သောတာဝန်ကိုပြီးစီးစေနိုင်မည်ဟု သူတို့သဘောပေါက်သည်။

ခရစ်တော်မကြာမီကြွလာခြင်းနှင့် သူနှင့်တွေ့ဆုံရန်ပြင်ဆင်ခြင်းလိုအပ်ချက်တို့ကြောင့်၊ ဘုရားသခင်၏အရေးတကြီး၊ အကြင်နာမေတ္တာဖြင့်ခေါ်ခြင်းသည် ကျွန်ုပ်တို့အယောက်စီတိုင်းထံသို့ရောက်လာသည်။ “ငါ၏လူမျိုးတို့၊ သူ၏အပြစ်တို့ကိုဆက်ဆံခြင်းနှင့်လည်းကောင်း၊ သူ၏ဘေးဒဏ်များကိုခံခြင်းနှင့်လည်းကောင်း၊ ကင်းလွတ်အံ့သောငှာ၊ သူ၏အထဲကထွက်ကြလော့။ သူ၏အပြစ်တို့သည် ကောင်းကင်ဘုံတိုင်အောင်မိကြသည်ဖြစ်၍၊ သူ၏မတရားသောအမှုတို့ကို ဘုရားသခင်သတိရတော်မူပြီ” (ဗျာ၊ ၁၈း၄၊၅)။

–၀–

# အခန်း– ၁၄
# ခရစ်တော်၏ကိုယ်ခန္ဓာ၌စည်းလုံးခြင်း

အသင်းတော်သည် လူအမျိုးအနွယ်အသီးသီး၊ ဘာသာစကားအသီးသီးတို့မှ ခေါ်တော်မူခြင်းကိုခံရသော အသင်းဝင်များစွာရှိသည့် အစုအဖွဲ့တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌အသစ်သောသတ္တဝါဖြစ်ကြသည်။ ကျွန်ုပ်တို့သည် အမျိုးအနွယ်၊ ယဉ်ကျေးမှု၊ အတန်းပညာနှင့် နိုင်ငံသားတို့အရကွဲပြား၍၊ အနိမ့်အမြင့်၊ ဆင်းရဲချမ်းသာ၊ ယောကျ်ားမိန်းမစသည်ဖြင့် ခြားနားကြသော်လည်း၊ ကျွန်ုပ်တို့အကြား၌ စိတ်ဝမ်းကွဲမှုမရှိချေ။ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်၌တူညီကြသည်။ ကိုယ်တော်နှင့်လည်းကောင်း၊ အချင်းချင်းနှင့်လည်းကောင်း မိတ်သဟာယတစ်ခု၌ ခရစ်တော်သည် ဝိညာဉ်တော်တစ်ပါးအားဖြင့် ကျွန်ုပ်တို့ကိုချည်နှောင်ခဲ့ပြီ။ ကျွန်ုပ်တို့သည် အလုပ်အကျွေးပြုရာတွင်လည်းကောင်း၊ အပြုအစုခံရာတွင်လည်းကောင်း မျက်နှာလိုက်ခြင်းနှင့်ခွဲခြားချန်ခြင်းမရှိရချေ။ သမ္မာကျမ်းစာတွင် ယေရှုခရစ်တော်၏ထုတ်ဖော်ပြသခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် တူညီသောယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းရှိ၍၊ သက်သေခံချက်တစ်ခုဖြင့် လူအားလုံးထံသို့အရောက်သွားကြသည်။ ဤစည်းလုံးခြင်းသည် ကျွန်ုပ်တို့ကိုသူ၏သားသမီးများအဖြစ် မွေးစားသောသုံးပါးတစ်ဆူဘုရား၏ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းမှလာသည်။ (ဆာလံ၊ ၁၃၃း၁။ မဿဲ၊ ၂၈း၁၉၊၂၀။ ယောဟန်၊ ၁၇း၂၀–၂၃။ တမန်၊ ၁၇း၂၆၊၂၇။ ရောမ၊ ၁၂း၄၊၅။ ၁ကော၊ ၁၂း၁၂–၁၄။ ၂ကော၊ ၅း၁၆၊၁၇။ ဂလာ၊ ၃း၂၇–၂၉။ ဧဖက်၊ ၂း၁၃–၁၆။ ၄း၃–၆၊၁၁–၁၆။ ကော၊ ၃း၁၀–၁၅)။

ယေရှုသည် မြေကြီးပေါ်သူ၏အလုပ်ကိုပြီးဆုံးသွားသောအခါ (ယောဟန်၊ ၁၇း၄)၊ သူအသေမခံမီညနေ၌ပင် သူ၏တပည့်တော်များ၏အခြေအနေအပေါ် ဆက်လက်၍သောကပွားခဲ့ရသည်။

မနာလိုမှုကြောင့် မည်သူသည်အကြီးဆုံးဖြစ်သည်၊ မည်သူသည် ခရစ်တော်၏နိုင်ငံတော်တွင် အမြင့်ဆုံးသောရာထူးကိုရမည်ဟူ၍ငြင်းခုံခဲ့ကြသည် (မဿဲ၊ ၂၀း၂၅၊၂၆)။ ယေရှုက နှိမ့်ချခြင်းသည် သူ့နိုင်ငံ၏အခြေအမြစ်ဖြစ်ကြောင်း၊ စစ်မှန်သောသူ၏နောက်လိုက်များသည် အစေခံဖြစ်ရမည်ဖြစ်ကြောင်း၊ ကျေးဇူးတင်ခြင်းကိုပင် မမျှော်လင့်ဘဲ မိမိတို့ကိုယ်ကိုလိုလိုလားလားပေးဆပ်လိုခြင်းဖြစ်ကြောင်း ရှင်းပြသည်။ မည်သူမျှမပြုလုပ်လိုသောအချိန်တွင် သူသည် ကိုယ်ကိုကိုင်း၍ သူတို့၏ခြေထောက်ကိုဆေး၍ပြခဲ့သည့်ပုံပမာသည်လည်း အချည်းနှီးဖြစ်ဟန်ရှိသည်။

ယေရှုသည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ သူ၏ထောက်ထားမှုကြောင့် လူအုပ်သည် သူ့နောက်သို့ဆက်လိုက်ကြခြင်းဖြစ်သည်။ ဤကိုယ်ကျိုးမဖက်သောမေတ္တာကို နားမလည်သောတပည့်တော်တို့သည် ယုဒလူမျိုးမဟုတ်သူများ၊ အမျိုးသမီးများ၊ "အပြစ်သားများ၊" ဆင်းရဲသားများအပေါ်ပြင်းထန်သောမလိုမုန်းထားမှုဖြင့် ပြည့်ခဲ့ကြသည်။ ထိုစိတ်ဓာတ်ကြောင့် ဤမုန်းစရာကောင်းသောသူတို့အပေါ် ခရစ်တော်၏လူသားအားလုံးကိုလွှမ်းခြုံသောမေတ္တာကို သူတို့မမြင်နိုင်ဖြစ်ခဲ့ရသည်။ ကိုယ်တော်သည် နာမည်ဆိုးရှိသောရှမာရိအမျိုးသမီးနှင့်စကားပြောသည်ကို တပည့်တော်တို့မြင်တွေ့သောအခါ၊ လယ်၌ရှိသောစပါးအမျိုးမျိုးတို့သည် ရိတ်သိမ်းရန်ဝင်းမှည့်နေပြီဖြစ်ကြောင်းကို သူတို့မသိခဲ့ချေ။ ခရစ်တော်၏နိုင်ငံတော်တွင် ယုဒလူမျိုးနှင့် သာသနာပလူတို့အကြား၊ ရှောမနှင့်ဟေလသတို့အကြား၊ ယောကျာ်းနှင့်မိန်းမအကြား ခွဲခြားမှုမရှိကြောင်းကို သူတို့လက်မခံနိုင်ခဲ့သေးချေ။ လူသားအားလုံးသည် အပြစ်သားများဖြစ်ကြပြီး၊ ဘုရားသခင်၏နိုင်ငံတော်တွင်ပါဝင်ရန် အားလုံးဖိတ်ခေါ်ခြင်းခံရသည်။

ခရစ်တော်ကို ထုံးတမ်းစဉ်လာ၊ လူထုအမြင် သို့မဟုတ် မိသားစုထိန်းချုပ်မှုကပင် ယိမ်းယိုင်အောင်မလုပ်နိုင်ချေ။ သူ၏ထိန်းချုပ်၍မရနိုင်သောမေတ္တာသည် ပျက်စီးနေသောလူသားတို့ထံသို့ရောက်၍၊ သူတို့ကိုပြန်လည်ထူထောင်သည်။ ထိုသို့သောမေတ္တာသည် သူတို့ကိုသတိမမူသောအများပြည်သူများနှင့်ခွဲခြားပြီး၊ စစ်မှန်သောတပည့်တော်များဖြစ်ခြင်း၏အထောက်အထားဖြစ်လိမ့်မည်။ "ငါသည် သင်တို့ကိုချစ်သည်နည်းတူ၊ သင်တို့သည် အချင်းချင်းချစ်ကြလော့" (ယောဟန်၊ ၁၅း၁၂) မှ ကိုယ်တော်၏ပညတ်ဖြစ်သည်။ လောကီသားများသည် ခရစ်ယာန်များကို သူတို့၏ယုံကြည်ခြင်းကြောင့်မဟုတ်ဘဲ၊ သူတို့၌ ခရစ်တော်၏မေတ္တာကိုဖော်ပြခြင်းအားဖြင့် အမြဲတမ်းခွဲခြားသိမြင်နိုင်လိမ့်မည် (ယောဟန်၊ ၁၃း၃၄၊၃၅)။

ထိုကြောင့် ဂေသရေမန်ဥယျာဉ်၌ပင်လျှင်၊ ခရစ်တော်၏စိတ်ထဲ၌အဓိကရှိသောအရာမှာ သူ၏အသင်းတော်တည်းဟူသော၊ "လောကထဲမှယူ" (ယောဟန်၊ ၁၇း၆) ခြင်းကိုခံရသောသူတို့၏စည်းလုံးခြင်းပင်ဖြစ်သည်။ သုံးပါးတစ်ဆူဘုရားအထဲ၌ရှိသောအလားတူစည်းလုံးခြင်းမျိုး အသင်းတော်တွင်ရှိစေရန် သူသည် ခမည်းတော်ကိုဆုတောင်းခဲ့သည်။ "ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို လောကီသားတို့သည် ယုံကြည်မည်အကြောင်း၊ ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍၊ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့၊ ထိုသူအပေါင်းတို့သည် ငါတို့၌တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှာ" ယေရှုဆုတောင်းခဲ့သည်။ (ယောဟန်၊ ၁၇း၂၁)။

ထိုသို့သောစည်းလုံးခြင်းသည် အထိရောက်ဆုံးသောသက်သေခံခြင်း၏လက်နက်ဖြစ်သည်။ အကြောင်းမှာ လူသားများအတွက် ခရစ်တော်၏ကိုယ်ကျိုးမဖက်သောမေတ္တာ၏သက်သေဖြစ်သည်။ "ကိုယ်တော်သည်လည်း အကျွန်ုပ်၌ရှိတော်မူသောအားဖြင့် သူတို့သည်တစ်လုံးတစ်ဝတည်းဖြစ်၍၊ တစ်လုံးတစ်ဝတည်း၌စုံလင်စေခြင်းငှာလည်းကောင်း၊ ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကိုချစ်တော်မူသကဲ့သို့ သူတို့ကိုလည်းချစ်တော်မူကြောင်းကို လောကီသားတို့ကိုသိစေ" ပါကို ယေရှုဆိုခဲ့သည် (ယောဟန်၊ ၁၇း၂၃)။

## ကျမ်းစာထဲကစည်းလုံးခြင်းနှင့်အသင်းတော်

ယနေ့ရှုပအဖြစ်မြင်ရသောအသင်းတော်အတွက် ခရစ်တော်၏စိတ်ထဲ၌မည်သည့်စည်းလုံးမှုမျိုးရှိသနည်း။ ထိုသို့သောမေတ္တာနှင့်စည်းလုံးခြင်းသည် မည်ကဲ့သို့ဖြစ်နိုင်မည်နည်း။ ၎င်း၏အခြေအမြစ်ကားအဘယ်နည်း။ ၎င်း၏အစိတ်အပိုင်းများကားအဘယ်နည်း။ ၎င်းသည် တညီတညာတည်းဖြစ်ခြင်းကိုတောင်းဆိုသလော၊ သို့မဟုတ် မတူကွဲပြားမှုကိုခွင့်ပြုသလော။ ဤစည်းလုံးခြင်းသည် မည်ကဲ့သို့လုပ်ဆောင်သနည်း။

**ဝိညာဉ်တော်၌စည်းလုံးခြင်း။** သန့်ရှင်းသောဝိညာဉ်တော်သည် အသင်းတော်စည်းလုံးခြင်း၏နောက်ကွယ်တွင် လှုပ်ရှားသောစွမ်းအားဖြစ်သည်။ သူသည် ယုံကြည်သူများကိုအသင်းတော်ထဲသို့ပို့ဆောင်သည်။ ဝိညာဉ်တော်အားဖြင့် သူတို့သည် "တစ်ကိုယ်တည်းထဲသို့ဗတ္တိဇံကိုခံကြ၏" (၁ကော၊ ၁၂း၁၃)။ ဤနှစ်ခြင်းခံပြီးသောအသင်းဝင်များသည် ပေါလုဖော်ပြသကဲ့သို့ "စိတ်သဘောမခြားမနားတစ်လုံးတစ်ဝတည်း" ဖြင့်စည်းလုံးမှုရှိရမည် (ဧဖက်၊ ၄း၃)။

တမန်တော်သည် ဝိညာဉ်တော်၌စည်းလုံးခြင်း၏အစိတ်အပိုင်းများကိုဖော်ပြသည်။ "ကိုယ်တစ်ကိုယ်၊ ဝိညာဉ်တစ်ဝိညာဉ်တည်းရှိ၏။ သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊ ဗတ္တိဇံတစ်ပါး၊ ခပ်သိမ်းသောငါတို့၏အဘဖြစ်သော ဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏" (ဧဖက်၊ ၄း၄–၆)။ ခုနစ်ကြိမ်မှာ "တစ်" ဟူသောစကားလုံးကို ဤကျမ်းချက်တွင် ထပ်တလဲလဲအသုံးပြုခြင်းမှာ ပေါလုမျှော်မှန်းသောပြည့်စုံသည့်စည်းလုံးခြင်းကိုအလေးပေးသည်။

နိုင်ငံသားတိုင်းနှင့်လူမျိုးတိုင်းအထဲက သူတို့ကိုခေါ်ထုတ်၍၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကိုယ်တစ်ကိုယ်ဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတည်းဟူသောအသင်းတော်ထဲသို့ သူတို့ကိုဗတ္တိဇံပေးသည်။ သူတို့သည် ယေရှု၌ကြီးထွားလာသောအခါ၊ ယဉ်ကျေးမှုခြားနားခြင်းများသည် စိတ်ဝမ်းကွဲစေသောအရာများမဟုတ်တော့ပြီ။

သန့်ရှင်းသောဝိညာဉ်တော်သည် အနိမ့်အမြင့်၊ ဆင်းရဲချမ်းသာ၊ ယောကျ်ားမိန်းမ အကြားရှိ အတားအဆီးများကိုရိုက်ချိုးပစ်သည်။ ဘုရားသခင်ရှေ့၌ သူတို့အားလုံး သည် အတူတူဖြစ်သည်ကိုသဘောပေါက်လျက်၊ အချင်းချင်းလေးစားကြသည်။

ဤစည်းလုံးမှုသည် အသင်းအဖွဲ့အဆင့်၌လည်းအလုပ်လုပ်သည်။ ၎င်းသည် အသင်းတော်တချို့မှာ အခြားနိုင်ငံများမှ ငွေကြေးနှင့်သာသနာပြုများကိုလက်ခံရရှိ သော်လည်း၊ နေရာတိုင်းရှိအသင်းတော်အားလုံးသည် အတူတူဖြစ်သည်ဟုဆိုလိုသည်။ ထိုသို့သောဝိညာဉ်ရေးပေါင်းစည်းမှုတွင် ကြီးစဉ်ငယ်လိုက်ဟူ၍ အဆင့်ဆင့်မရှိချေ။ ဒေသခံလူများနှင့် သာသနာပြုများသည် ဘုရားသခင်ရှေ့တွင်အတူတူဖြစ်သည်။

စည်းလုံးသောအသင်းတော်သည် မျှော်လင့်ချက်တစ်ခုရှိသည်။ ၎င်းမှာ ကြီးမြတ်သောဘုရားသခင်နှင့် "ငါတို့ကိုကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ်၏ ဘုန်းအသရေတော်ထင်ရှားပေါ်ထွန်းခြင်း" တည်းဟူသော "မင်္ဂလာရှိသောမျှော်လင့်ရာ" ပင်ဖြစ်သည်။ (တိတု၊ ၂း၁၃)။ ဤမျှော်လင့်ချက်သည်၊ ပျော်ရွှင်ငြိမ်သက်ခြင်း၏ဇာစ်မြစ် ဖြစ်၍၊ ပူးပေါင်းသက်သေခံခြင်းအတွက် အားကြီးသောနှိုးဆော်မှုကိုပေးသည်။ (မဿဲ၊ ၂၄း၁၄)။ ၎င်းသည် ပြောင်းလဲခြင်းကိုပေးသည်။ အကြောင်းမှာ၊ "ထိုသို့မျှော်လင့်သော သူမည်သည်ကား၊ ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ၊ ကိုယ်ကိုကိုယ်သန့်ရှင်းစေ တတ်၏" (၁ယော ၃း၃)။

ယေရှုခရစ်တော်၏အပြစ်ဖြေရာယဇ်ကို အတူတကွကိုယ်တိုင်ယုံကြည်ခြင်းအားဖြင့် အားလုံးသည် ခန္ဓာကိုယ်တစ်ခု၏ကိုယ်အင်္ဂါများဖြစ်လာကြသည်။ ခရစ်တော်နှင့်အတူ သင်္ဂြိုဟ်၍၊ သူ၏ထမြောက်ခြင်း၌ သူနှင့်အတူထမြောက်ခြင်းကိုပုံဆောင်သည့်နှစ်ခြင်း တစ်ပါးသည် (ရောမ၊ ၆း၃–၆) ယုံကြည်သူ၏ယုံကြည်ခြင်းနှင့် ခရစ်တော်၏ ကိုယ်ခန္ဓာနှင့်ပေါင်းစည်းကြောင်း သက်သေခံခြင်းတို့ကိုပြည့်ပြည့်စုံစုံဖော်ပြသည်။

နောက်ဆုံးတွင်၊ သမ္မာကျမ်းစာသည် ဝိညာဉ်တော်တစ်ပါး၊ သခင်တစ်ပါး၊ ခမည်းတော်ဘုရားတစ်ပါးတည်းရှိကြောင်းကိုသင်ပေးသည်။ အသင်းတော်၏စည်းလုံး ခြင်း၏ကဏ္ဍအားလုံးသည် သုံးပါးတစ်ဆူဘုရား၏တစ်လုံးတစ်ဝတည်းရှိခြင်းမှလာသည်။ "ဆုကျေးဇူးတော်အထူးထူးအထွေထွေရှိကြသော်လည်း ဝိညာဉ်တော်တစ်ပါးတည်းရှိ၏။ ဓမ္မဆရာအမှုအထူးထူးအထွေထွေရှိကြသော်လည်း သခင်တစ်ပါးတည်းရှိ၏။ ပြုပြင် ခြင်းအမှုအထူးထူးအထွေထွေရှိကြသော်လည်း၊ ခပ်သိမ်းသောသူတို့၌ပြုပြင်သမျှကို ပြုပြင်တော်မူသောဘုရားသခင်တစ်ပါးတည်းရှိ၏" (၁ကော၊ ၁၂း၄–၆)။

**စည်းလုံးခြင်း၏ပမာဏ။** ယုံကြည်သူများသည် စိတ်နှလုံးနှင့်ဆင်ခြင်တုံ တရားတို့တွင် စည်းလုံးကြသည်။ အောက်ပါတိုက်တွန်းချက်များကိုဂရုပြုပါ။ "သင်တို့ သည် ငါတို့သခင်ယေရှုခရစ်၏ခမည်းတော်တည်းဟူသော ဘုရားသခင်ကိုတညီ တညွတ်တည်းနှုတ်မြွက်၍ချီးမွမ်းစေခြင်းငှာ၊ ယေရှုခရစ်၏အလိုတော်အတိုင်းအချင်းချင်း

စိတ်တညီတညွတ်တည်းရှိကြမည်အကြောင်း၊ သည်းခံခြင်း၊ သက်သာခြင်း၏အရှင်၊ ဘုရားသခင်သည်ကယ်မသနားတော်မူပါစေသော" (ရောမ၊ ၁၅း၅၊၆)။ "ညီအစ်ကိုတို့၊ သင်တို့ရှိသမျှသည် စကားတညီတညွတ်တည်းဖြစ်၍၊ အချင်းချင်းမကွဲပြားဘဲ၊ စိတ်သဘောတစ်သံတစ်သမတ်တည်းရှိသည်နှင့်၊ စေ့စပ်စုံလင်ကြမည်အကြောင်း၊ ငါတို့သခင်ယေရှုခရစ်၏နာမတော်ကိုအမှီပြု၍ သင်တို့ကိုငါနှိုးဆော်တောင်းပန်ပါ၏" (၁ကော၊ ၁း၁၀)။ "စုံလင်ခြင်း၊ သက်သာဝမ်းမြောက်ခြင်းရှိကြလော့။ စိတ်တညီတညွတ်တည်းဖြစ်၍၊ အချင်းချင်းအသင့်အတင့်နေကြလော့" (၂ကော၊ ၁၃း၁၁)။

ထို့ကြောင့်၊ ဘုရားသခင်၏အသင်းတော်သည် စိတ်သဘောထားနှင့်အပြုအမူတို့တွင် စည်းလုံးမှုကိုပြသသင့်ပေသည်။ ဤအရာသည် အသင်းသူအသင်းသားများ၏စိတ်သဘောထားနှင့်အပြုအမူတို့သည် ချွတ်စွပ်တူရမည်ဟုဆိုလိုပါသလား။ ကျမ်းစာထဲကစည်းလုံးခြင်းသည် အားလုံးတထေရာတည်းဖြစ်ခြင်းကိုဆိုလိုပါသလား။

**မတူကွဲပြားမှုထဲကစည်းလုံးခြင်း။** ကျမ်းစာထဲကစည်းလုံးခြင်းသည် ထပ်တူကျခြင်းကိုမဆိုလိုချေ။ ကျမ်းစာကလူ့ကိုယ်ခန္ဓာနှင့်တင်စားခြင်းသည် မတူကွဲပြားခြင်းထဲ၌ အသင်းတော်၏စည်းလုံးမှုရှိကြောင်းကိုဖော်ပြသည်။ ကိုယ်ခန္ဓာ၌ အင်္ဂါများစွာရှိသည်။ ၎င်းတို့အားလုံးကကိုယ်ခန္ဓာသည် အကောင်းဆုံးစွမ်းဆောင်မှုရှိနိုင်ရန်ပံ့ပိုးကြသည်။ အင်္ဂါတစ်ခုစီ၏အလုပ်သည် ကွဲပြားသော်လည်း၊ အရေးပါသောတာဝန်ကိုထမ်းဆောင်သည်။ အသုံးမဝင်သောအရာတစ်ခုမျှမရှိပါ။

ဤအလားတူနိယာမသည် အသင်းတော်ကိုလည်းပတ်ပေးသည်။ ဘုရားသခင်သည် သူ၏ဆုကျေးဇူးများကို "အလိုတော်ရှိသည်အတိုင်းဝေငှ၍ပေးတော်မူ" (၁ကော၊ ၁၂း၁၁) ၍၊ အသင်းသူအသင်းသားများကို အကျိုးပြုသည့်ကောင်းမွန်သောမတူကွဲပြားမှုကိုဖန်တီးပေးသည်။ အသင်းသားများအားလုံး တစ်မျိုးတည်းမစဉ်းစားကြပါ။ အလုပ်တစ်ခုကိုလုပ်ဆောင်ရန်လည်း သူတို့အားလုံး၌အရည်အချင်းမရှိကြပါ။ သို့သော်လည်း၊ အားလုံးသည် ဝိညာဉ်တော်တစ်ပါးတည်း၏လမ်းညွှန်မှုအောက်၌ လုပ်ဆောင်ကြကာ၊ သူတို့အား ဘုရားပေးစွမ်းရည်များကို အကောင်းဆုံးအသုံးပြု၍ အသင်းတော်ကို တည်ဆောက်နေကြသည်။

၎င်း၏လုပ်ငန်းတာဝန်ကိုပြီးစီးအောင်၊ အသင်းတော်သည် အားလုံး၏ဝိညာဉ်ဆုကျေးဇူးများဖြင့် ထောက်ပံ့မှုကိုလိုအပ်သည်။ သူတို့သည် ဧဝံဂေလိတရား၏တွန်းအားကို အတူတကွစုပေါင်းပံ့ပိုးကြသည်။ အသင်းတော်၏အောင်မြင်မှုသည် အသင်းသားတစ်ဦးချင်းသည် အတူတူဖြစ်နေခြင်းနှင့် အခြားအသင်းသားများအယောက်စီတိုင်းကဲ့သို့လုပ်ဆောင်ခြင်း၌မတည်ချေ။ အမှန်မှာ၊ အသင်းသားအားလုံးသည် ဘုရားပေးတာဝန်များကိုထမ်းဆောင်ခြင်းအပေါ်တွင် အသင်းတော်၏အောင်မြင်ခြင်းတည်သည်။

သဘာဝတရား၌ စပျစ်နွယ်ပင်နှင့်၎င်း၏အကိုင်းအခက်များသည် မတူကွဲပြားခြင်း၌ စည်းလုံးခြင်းကိုပုံပြသည်။ ယေရှုသည် သူနှင့်ယုံကြည်သူများပေါင်းစည်းခြင်းကိုပုံဖော်ရာ စပျစ်နွယ်ပင်ဥပမာကိုအသုံးပြုသည် (ယောဟန်၊ ၁၅း၁–၆)။ အကိုင်းများတည်းဟူသော ယုံကြည်သူများသည် စစ်မှန်သောစပျစ်နွယ်ပင်၊ ခရစ်တော်မှဖြာထွက်သောသူများဖြစ်ကြသည်။ အကိုင်းနှင့်အရွက်များကဲ့သို့၊ ခရစ်ယာန်တစ်ဦးချင်းစီသည် အခြားသူများနှင့် ခြားနားကြသည်။ သို့သော်လည်း၊ သူတို့အားလုံးသည် စပျစ်နွယ်ပင်တစ်ခုတည်းမှ အာဟာရများကိုရရှိသောကြောင့်၊ တစ်လုံးတဝတည်းရှိနေကြသည်။ စပျစ်နွယ်ပင် အကိုင်းအခက်များသည် အချင်းချင်းသီးခြားရှိနေပြီး၊ တစ်ခုနှင့်တစ်ခုရောစပ်ခြင်းမရှိချေ။ သို့သော်လည်း အကိုင်းအခက်တစ်ခုစီသည် ပင်စည်တစ်ခုတည်း၌ဆက်နေကြလျှင်၊ အချင်းချင်းမိတ်သဟာယဖွဲ့ခြင်းရှိလိမ့်မည်။ ၎င်းတို့အားလုံးသည် အရင်းအမြစ်တစ်ခုတည်းမှအာဟာရကိုရရှိ၍၊ အသက်ပေးသောဂုဏ်သတ္တိကိုလက်ခံရရှိကြသည်။

ထို့ကြောင့်ခရစ်ယာန်စည်းလုံးခြင်းသည် ခရစ်တော်အထဲသို့အသင်းဝင်များ ကိုင်းဆက်ကူးခြင်းအပေါ်မူတည်သည်။ သူ့ထံမှခရစ်ယာန်အသက်တာကို အသက်ပေးသောတန်ခိုးထွက်လာသည်။ သူသည် အသင်းတော်၏အလုပ်ပြီးစီးရန်လိုအပ်သော စွမ်းရည်နှင့်တန်ခိုးတို့၏အရင်းအမြစ်ဖြစ်သည်။ သူနှင့်ချိတ်ဆက်ခြင်းသည် ခရစ်ယာန်အားလုံး၏အတွေ့အကြုံ၊ အကျင့်ဓလေ့နှင့် အသက်ရှင်နေထိုင်မှုပုံစံကိုပုံသွင်းပေးသည်။ သူ့အားဖြင့် အသင်းသူအသင်းသားအားလုံးသည် အချင်းချင်းချိတ်ဆက်ကြပြီး၊ ဘုံအမှုတော်၌ပူးပေါင်းကြသည်။ အသင်းသူအသင်းသားများသည် သူ၌တည်ကြသောအခါ၊ တစ်ကိုယ်ကောင်းဆန်ခြင်းသည်ပျောက်လွင့်၍၊ ခရစ်ယာန်စည်းလုံးခြင်းအခြေခိုင်လာကာ၊ သူ၏အမှုတော်ကိုပြီးမြောက်စေနိုင်သည်။

ထို့ကြောင့်အသင်းတော်တွင် ခြားနားသောပင်ကိုစရိုက်များရှိနေသော်လည်း၊ အားလုံးသည် ဦးခေါင်းတစ်ခု၏အောက်၌လုပ်ဆောင်နေကြသည်။ ဆုကျေးဇူးအများရှိသော်လည်း၊ ဝိညာဉ်တော်တစ်ပါးတည်းရှိသည်။ ဆုကျေးဇူးများသည် ခြားနားသော်လည်း၊ တွဲဖက်ညီညီလုပ်ဆောင်မှုရှိသည်။

**ယုံကြည်ခြင်း၌စည်းလုံးခြင်း။** ဆုကျေးဇူးများသည် ကွဲပြားသော်ငြားလည်း၊ ယုံကြည်ချက်တို့၌ခြားနားသည်ဟုမဆိုလိုပါ။ နောက်ဆုံးသောနေ့ရက်တွင် ဘုရားသခင်၏အသင်းတော်သည် ထာဝရဧဝံဂေလိတရားတစ်ခုတည်းကို မျှဝေသော သူတို့ဖြင့်ဖွဲ့စည်းသည်။ သူတို့၏အသက်တာကို ဘုရားသခင်၏ပညတ်တို့နှင့်ယေရှု၏ ယုံကြည်ခြင်းကိုကိုင်စွဲခြင်းအားဖြင့်သိနိုင်သည် (ဗျာ၊ ၁၄း၁၂)။ သူတို့သည် ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ဖိတ်ခေါ်ခြင်းကို လောကီသားအား အတူတကွကြေညာကြသည်။

## အသင်းတော်၏ စည်းလုံးခြင်းသည် မည်မျှအရေးကြီးသနည်း။

စည်းလုံးခြင်းသည် အသင်းတော်အတွက်အခြေခံလိုအပ်ချက်ဖြစ်သည်။ "ကျွန်ုပ်တို့၏ သခင်ဘုရားသည် သူ၌ရှိသောပြည့်စုံလုံလောက်ခြင်းကို သူ၏အသင်းတော်သည် လောကီသားတို့အားရောင်ပြန်ဟပ်ရန် ကြံရွယ်ခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကြွယ်ဝခြင်းကိုအမြဲရရှိနေကြသည်။ ၎င်းကိုအလားတူပေးခြင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့်အကျိုးပြုခြင်းတို့ကို လောကီသားတို့ထံတင်ဆက်ရမည် ဖြစ်သည်။ ကောင်းကင်တစ်ခုလုံးသည် ရုတ်ရုတ်သဲသဲဖြစ်၍၊ ကမ္ဘာမြေကြီး၏ နေရာတိုင်းသို့ ရွေးနုတ်ခြင်းအမှုကိုသယ်ဆောင်ရန် ကောင်းကင်တမန်များကိုစေလွှတ်နေစဉ်၊ အသက်ရှင်သောဘုရားသခင်၏အသင်းတော်သည်လည်း ခရစ်တော်နှင့်အတူ ပူပေါင်းလုပ်ဆောင်ရမည်။ ကျွန်ုပ်တို့သည် သူ၏ထူးခြားနက်နဲသောကိုယ်ခန္ဓာ၏အင်္ဂါ အစိတ်အပိုင်းများဖြစ်ကြသည်။ သူသည် ဦးခေါင်းဖြစ်၍၊ ခန္ဓာ၏အင်္ဂါအားလုံးကို ထိန်းချုပ်သည်။ ယေရှုကိုယ်တိုင် သူ၏အနန္တကရုဏာဖြင့် လူသားတို့၏စိတ်နှလုံး ထဲတွင်အလုပ်လုပ်နေသည်။ ထို့သို့ဖြင့် ကောင်းကင်တမန်များက အံ့ဩဝမ်းမြောက်စွာ ကြည့်နေကြသည့် အလွန်အံ့အားသင့်ဖွယ်ဝိညာဉ်ရေးပြောင်းလဲခြင်းဖြစ်လာသည်။"

စည်းလုံးခြင်းမရှိပါက၊ အသင်းတော်သည် ၎င်း၏မွန်မြတ်သောလုပ်ငန်းတာဝန်ကို ပြီးစီးအောင်မလုပ်နိုင်ချေ။

**စည်းလုံးခြင်းသည်အသင်းတော်၏ကြိုးပမ်းမှုများကိုထိရောက်စေသည်။** သဘောထားကွဲလွဲမှုနှင့် အငြင်းပွားမှုများအားဖြင့် ပြိုကွဲနေသောလောကတွင်၊ ပင်ကိုစရိုက်၊ ပင်ကိုစိတ်ခြားနားသော အသင်းသူအသင်းသားများအကြား၌ရှိသောချစ်ခြင်းမေတ္တာနှင့် စည်းလုံးခြင်းသည် အခြားအရာအားလုံးထက်ပိုမိုအားကြီးစွာ အသင်းတော်၏သတင်းစကားကိုသက်သေခံနိုင်သည်။ တစ်နည်းအားဖြင့်၊ ဤစည်းလုံးခြင်းသည် သူတို့နှင့် ကောင်းကင်ဆက်သွယ်ခြင်းကိုပြသည့် မငြင်းနိုင်သောသက်သေ--- နှင့် ခရစ်တော်၏ နောက်လိုက်များအဖြစ် သူတို့၏အထောက်အထားဖြစ်သည် (ယောဟန်၊ ၁၃း၃၅)။ ၎င်းသည် ဘုရားသခင့်နှုတ်ကပတ်တော်၏တန်ခိုးကိုသက်သေပြသည်။

အခြားတစ်ဖက်တွင်၊ ယုံကြည်သူခရစ်ယာန်များအကြား ပဋိပက္ခနှင့်မစည်းလုံးမှုတို့သည် မယုံကြည်သူများကိုချောက်ချားစေပြီး၊ သူတို့သည် ခရစ်ယာန်ယုံကြည်ခြင်းကို လက်ခံနိုင်ရန်အတွက် အကြီးမားဆုံးသောအတားအဆီးဖြစ်နေနိုင်သည်။ ယုံကြည်သူများ အကြားစစ်မှန်သောစည်းလုံးခြင်းသည် ဤစိတ်သဘောကိုငြိမ်းသွားစေသည်။ ခရစ်တော်သည် သူတို့အတွက်ကယ်တင်ရှင်ဖြစ်ကြောင်း လောကီသားတို့အတွက်အဓိကအထောက်အထားမှာ စည်းလုံးခြင်းဖြစ်သည် (ယောဟန်၊ ၁၇း၂၃)။

**စည်းလုံးခြင်းသည် ဘုရားသခင်၏နိုင်ငံတော်အမှန်တကယ်ရှိကြောင်းကို ပြသည်။** မြေကြီးပေါ်ရှိအမှန်အကန်စည်းလုံးသောအသင်းတော်က၊ ၎င်း၏အသင်းသူ အသင်းသားများသည် ကောင်းကင်ဘုံတွင်အတူတကွနေထိုင်မည့်အရေးကိုမျှော်လင့်ရာတွင် အလေးအနက်ရှိကြသည်ကိုဖော်ပြသည်။ မြေကြီးပေါ်စည်းလုံးခြင်းသည် ဘုရားသခင် ၏ထာဝရနိုင်ငံတော်အမှန်တကယ်ရှိကြောင်းကိုပြသသည်။ ဤနည်းအတိုင်းအသက်ရှင် သောသူတို့တွင် သမ္မာကျမ်းစာသည်ပြည့်စုံလိမ့်မည်။ "ညီအစ်ကိုတို့သည် သဘောတူလျက် ပေါင်းဖော်ကြသည်အရာမှာ အလွန်ကောင်းပေ၏။ အလွန်တင့်တယ်လျောက်ပတ်ပေ၏" (ဆာလံ၊ ၁၃၃း၁)။

**စည်းလုံးခြင်းသည် အသင်းတော်၏ခွန်အားကိုပြသည်။** စည်းလုံးခြင်း သည် ခွန်အားဖြစ်၍၊ မစည်းလုံးခြင်းသည် အားနည်းခြင်းဖြစ်သည်။ အသင်းသူ အသင်းသားများသည် ခရစ်တော်နှင့်လည်းကောင်း၊ အချင်းချင်းနှင့်လည်းကောင်း ပေါင်းစည်း၍၊ လောကီသားများ၏ကယ်တင်ခြင်းအတွက် လက်တွဲညီစွာလုပ်ဆောင် သောအခါ၊ အသင်းတော်သည် အမှန်ပင်ကြီးပွား၍ခွန်အားရှိသည်။ ထိုသို့ဖြစ်မှသာ လျှင်၊ အမှန်ကန်ဆုံးသဘောအရ၊ သူတို့သည် "ဘုရားသခင့်ထံ၌အလုပ်လုပ်သောသူချင်း ဖြစ်ကြ၏" (၁ကော၊ ၃း၉)။

ခရစ်ယာန်စည်းလုံးခြင်းသည် ကျွန်ုပ်တို့၏တိုး၍တိုး၍မစည်းလုံးသောကမ္ဘာ၊ မေတ္တာ ကင်းမဲ့ခြင်းနှင့် တစ်ကိုယ်ကောင်းဆန်ခြင်းတို့ကြောင့် ပြိုကွဲနေသောကမ္ဘာကိုစိန်ခေါ်လျက် ရှိသည်။ စည်းလုံးသောအသင်းတော်သည် ယဉ်ကျေးမှု၊ လူမျိုးနွယ်စု၊ လူမျိုးဇာတ်၊ ကျား၊ မ၊ နိုင်ငံသားစသည်အားဖြင့်ကွဲနေသောလူ့အဖွဲ့အစည်းအတွက် အဖြေကို ထုတ်ဖော်ပြသည်။ စည်းလုံးသောအသင်းတော်သည် စာတန်၏တိုက်ခိုက်မှုကိုခုခံလိမ့် မည်။ အမှန်မှာ၊ မှောင်မိုက်၏တန်ခိုးများက ခရစ်တော်သည် သူတို့ကိုချစ်သည်အတိုင်း အချင်းချင်းချစ်သောအသင်းတော်သည် ထိရောက်စွာမစွမ်းဆောင်နိုင်အောင်တိုက်ခိုက် သည်။

စည်းလုံးသောအသင်းတော်၏အပြုသဘောဆောင်၍ တင့်တယ်သောအကျိုး သက်ရောက်မှုများကို သံစုံတီးဝိုင်း၏ဖျော်ဖြေတင်ဆက်မှုနှင့်နှိုင်းယှဉ်၍ရနိုင်သည်။ သံစုံ တီးဝိုင်းကို ရှေ့၌လက်ဖြင့်ညွှန်ပြသူမရောက်မီအခိုက်အတန့် အတီးအမှုတ်သမားများသည် မိမိတို့တူရိယာများကိုညှိ၍လေ့ကျင့်ချိန်တွင်၊ စီလောင်ဆူညံသံထွက်လာသည်။ သို့သော် လက်ဖြင့်လှုပ်ရှားညွှန်ပြသူရောက်လာသောအခါ၊ ရှုပ်ထွေးဆူညံသံများရပ်သွားပြီး၊ အားလုံး က သူ့ကိုကြည့်ကြသည်။ သံစုံတီးဝိုင်း၏အဖွဲ့ဝင်တိုင်းသည် နေသားတကျထိုင်၍၊ သူညွှန်ပြသည်အတိုင်းလုပ်ဆောင်ရန် အဆင်သင့်ဖြစ်နေကြသည်။ ဦးဆောင်သူ၏ ညွှန်ပြမှုကိုလိုက်လျှောက်ခြင်းဖြင့် သံစုံတီးဝိုင်းသည် သာယာနာပျော်ဖွယ်ကောင်းသော တေးသွားကိုတီးမှုတ်ကြတော့သည်။

"ခရစ်တော်၏ကိုယ်ခန္ဓာ၌စည်းလုံးခြင်းသည် တံဘိုဝိုင်းခေါင်းဆောင်ဘုရားရှင်၏ အချက်ပြတုတ်တံအောက်၌ ခေါ်ထုတ်ခြင်းခံရသူများ၏ မဟာသံစုံတီးဝိုင်းတွင် ကျွန်ုပ်အသက်တာ၏တူရိယာပေါင်းထည့်လိုက်ခြင်းကိုဆိုလိုသည်။ သူ၏အချက်ပြမှု၌၊ ဖန်ဆင်းခြင်း၏မူလတေးသွားကို လိုက်၍တီးခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင့် မေတ္တာတေးသွားကို လူသားတို့အတွက်တီးခတ်ပေးနိုင်သောအခွင့်အရေးရှိသည်။

## စည်းလုံးမှုဖြစ်ထွန်းခြင်း

အသင်းတော်၌စည်းလုံးခြင်းရှိနိုင်ရန် သုံးပါးတစ်ဆူဘုရားနှင့် ယုံကြည်သူများ ပါဝင်ရမည်။ စည်းလုံးခြင်း၏ဇာစ်မြစ်ကားအဘယ်နည်း။ မည်ကဲ့သို့ရရှိနိုင်သနည်း။ ယုံကြည်သူများသည် မည်သည့်ကဏ္ဍတွင်ပါဝင်သနည်း။

**စည်းလုံးခြင်း၏ဇာစ်မြစ်။** စည်းလုံးခြင်း၏ဇာစ်မြစ်ကို သမ္မာကျမ်းစာက ဖော်ပြသည်မှာ (၁) ဘုရားသခင်၏ထိန်းထားသောတန်ခိုး (ယောဟန်၊ ၁၇း၁၁)၊ (၂) ခရစ်တော်သည် သူ၏နောက်လိုက်များကိုပေးသောဘုရားသခင်၏ဘုန်းတော် (ယောဟန်၊ ၁၇း၂၂) နှင့် (၃) ယုံကြည်သူများ၌ခရစ်တော်၏ကိန်းဝပ်ခြင်း (ယောဟန်၊ ၁၇း၂၃) တို့ ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ခရစ်တော်၏ကိုယ်ခန္ဓာအထဲ၌ ရှိသော "ခရစ်တော်၏ဝိညာဉ်" သည် အစိတ်အပိုင်းတစ်ခုစီ၌ရှိ၍၊ ၎င်းတို့ကိုပေါင်းစည်း ပေးသောတန်ခိုးဖြစ်သည်။

လှည်းဘီးတစ်ဘီးက စပုတ်တိုင်နှင့်အလယ်ကပုံတောင်းကဲ့သို့၊ အသင်းသူ အသင်းသားများ (စပုတ်တိုင်) သည် ခရစ်တော် (ပုံတောင်း) ထံသို့သာ၍နီးကပ်လေ၊ သူတို့လည်းအချင်းချင်းနီးကပ်လေဖြစ်သည်။ "အသင်းတော်နှင့်မိသားစု၌ စစ်မှန်သော စည်းလုံးမှု၏လျှို့ဝှက်ချက်သည် လူမှုဆက်ဆံရေးပညာ၊ စီမံခန့်ခွဲခြင်း၊ အာဂလူ၏ ကြိုးပမ်းမှုများမဟုတ်ပါ။ ခရစ်တော်နှင့်ပေါင်းစည်းခြင်းဖြစ်သည်။

**စည်းလုံးပေးသောသန့်ရှင်းသောဝိညာဉ်တော်။** "ခရစ်တော်၏ဝိညာဉ်တော်" နှင့် "သမ္မာတရားနှင့်ပြည့်ဝသောဝိညာဉ်တော်" အဖြစ်၊ သန့်ရှင်းသောဝိညာဉ်တော်သည် စည်းလုံးခြင်းကိုယူဆောင်လာပေးသည်။

**၁။ စည်းလုံးခြင်း၏အာရုံစိုက်ရာ။** ဝိညာဉ်တော်သည် ယုံကြည်သူအထဲ၌ ကိန်းဝပ်သောအခါ၊ သူတို့အား ယဉ်ကျေးမှု၊ လူမျိုးနွယ်၊ ကျား၊ မ၊ အသားအရောင်၊ နိုင်ငံသားနှင့် အဆင့်အတန်းခွဲခြားသည့်လူသား၏အစွဲအလမ်းကို ကျော်ဖြတ်စေသည် (ဂလာတိ၊ ၃း၂၆–၂၈)။ သူသည် ခရစ်တော်ကိုစိတ်နှလုံးထဲသို့ယူဆောင်လာခြင်းအားဖြင့်၊ ဤအရာကိုပြီးမြောက်စေသည်။ သူတို့၏ခရစ်တော်နှင့်ပေါင်းစည်းခြင်းသည် ဝိညာဉ် တော်၏ကိန်းဝပ်ခြင်း၏အသီးဖြစ်သော သူတို့အကြား၌စည်းလုံးခြင်းကိုဖြစ်စေသည်။

ထိုသို့ဖြင့် သူတို့သည် သူတို့၏ခြားနားမှုများကိုလျှော့ချ၍၊ ခရစ်တော်၏ဘုန်းတော်ကို ထင်ရှားစေရန် အမှုတော်တွင်ပူပေါင်းစေသည်။

**၂။ ဤစည်းလုံးမှုကိုရယူရာတွင် ဝိညာဉ်တော်ဆုကျေးဇူးများ၏ကဏ္ဍ။** အသင်းတော်စည်းလုံးရန် ပန်းတိုင်ကိုမည်ကဲ့သို့ရရှိနိုင်မည်နည်း။ ခရစ်တော်သည် ကောင်းကင်တွင် သူ၏ခမည်းတော်နံဘေး၌ ကြားဖျန်ဖြေခြင်းအမှုကိုစတင်ခဲ့စဉ်က၊ သူ၏လူတို့ကိုပေါင်းစည်းမည့်ပန်းတိုင်သည် စိတ်၏လှည့်စားမှုမဟုတ်ကြောင်းကို သူသေချာစေခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယုံကြည်သူများအကြား "စိတ်သဘောမခြားမနားတစ်လုံးတစ်ဝတည်း" ကိုထူထောင်နိုင်ရန် ခရစ်တော်သည်ဝိညာဉ်တော်ဆုကျေးဇူးများကိုအထူးရည်ရွယ်သည်။

ဤဆုကျေးဇူးများကိုဆွေးနွေးရာတွင်၊ ပေါလုက၊ "ထိုသခင်သည် လူအချို့တို့ကိုတမန်တော်အရာ၌လည်းကောင်း၊ အချို့တို့ကိုပရောဖက်အရာ၌လည်းကောင်း၊ အချို့တို့ကိုသာသနာပြုအရာ၌လည်းကောင်း၊ အချို့တို့ကိုသင်းအုပ်ဆရာ၊ ဆရာအရာ၌လည်းကောင်း ခန့်ထားတော်မူ၏" ဟုဆိုသည်။ အသင်းတော်သည် "ယုံကြည်ခြင်းသို့လည်းကောင်း၊ ဘုရားသခင်၏သားတော်ကိုသိကျွမ်းခြင်းသို့လည်းကောင်း၊ တညီတညွတ်တည်းရောက်၍၊ ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏အဖြစ်သို့ရောက်ကြ" စေရန် ဤဆုကျေးဇူးများကိုပေးခြင်းဖြစ်သည် (ဧဖက်၊ ၄:၁၁–၁၃)။

ဤတစ်မူထူးသောဆုကျေးဇူးများကို "စိတ်သဘောမခြားမနားတစ်လုံးတစ်ဝတည်း" နှင့် "ယုံကြည်ခြင်း၌တညီတညွတ်တည်း" (ဧဖက် ၄:၃၊၁၃) ၌ကြီးထွားစေရန် ပုံစံဆွဲထားခြင်းဖြစ်သည်။ ထိုသို့ဖြင့်ယုံကြည်သူတို့သည် ကြီးရင့်သောသူဖြစ်လာ၍၊ "သူတစ်ပါးတို့သည် လူပရိယာယ်နှင့်အပြစ်သို့သွေးဆောင်ခြင်းငှာ လှည့်ဖြားပြောဆိုသဖြင့်၊ ငါတို့သည် နောက်တစ်ဖန်ခပ်သိမ်းသောဩဝါဒလေတိုက်၍ ဖရိုဖရဲလွင့်သွားသောသူငယ်မဖြစ်" မည်အကြောင်းတည်း (ဧဖက်၊ ၄:၁၄)။

ဤဆုကျေးဇူးများအားဖြင့် ယုံကြည်သူများသည် သမ္မာတရားကိုဟောပြော၍၊ အသင်းတော်၏ဦးခေါင်းဖြစ်သောခရစ်တော်၌ကြီးထွား၍၊ မေတ္တာ၏စည်းလုံးခြင်း၌ ကြီးထွားလာသည်။ ခရစ်တော်၌ "အဆစ်အပိုင်းများတို့သည် အားဖြည့်သဖြင့်၊ တစ်ကိုယ်လုံးသည် စေ့စပ်ထုံးဖွဲ့သဖြင့်၊ အသီးအသီးအင်္ဂါများ ကိုယ်ငန်းကိုယ်တာအတိုင်း ပြုပြင်သည်နှင့်အညီ၊ မိမိကိုယ်ကိုမေတ္တာ၌တည်ဆောက်ခြင်းငှာ ကြီးပွားစေတတ်၏" (ဧဖက်၊ ၄:၁၆) ဟုပေါလုဆိုသည်။

**၃။ စည်းလုံးခြင်းအတွက်အခြေခံ။** သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်၏ကတိများပြည့်စုံစေရန် လုပ်ဆောင်သည့်အရာမှာ၊ သူသည် "သမ္မာတရားနှင့်ပြည့်စုံသောဝိညာဉ်တော်" (ယောဟန်၊ ၁၅:၂၆) ကဲ့သို့လုပ်ဆောင်သည်။ သူ၏

လုပ်ငန်းမှာ ယုံကြည်သူများအား သမ္မာတရားကိုအကြွင်းမဲ့သွန်သင်ခြင်းဖြစ်သည် (ယောဟန်၊ ၁၆း၁၃)။ ထို့ကြောင့် ခရစ်တော်ကိုဗဟိုပြုသောသမ္မာတရားသည် စည်းလုံးခြင်း၏အခြေခံဖြစ်သည်မှာရှင်းသည်။

သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ငန်းတာဝန်မှာ ယုံကြည်သူများကို ခရစ်တော်၌ရှိသောသမ္မာတရားထဲသို့လမ်းပြရန်ဖြစ်သည်။ ထိုသို့သောလေ့လာမှုသည် စည်းလုံးမှုကိုဖြစ်စေသည်။ သို့သော် လေ့လာမှုတစ်ခုတည်းသည် စစ်မှန်သောစည်းလုံးခြင်းအတွက် မလုံလောက်ချေ။ မိတ်သဟာယ၊ ဝိညာဉ်တော်ဆုကျေးဇူးများနှင့် ချစ်ခြင်းမေတ္တာတို့အားလုံးသည် အရေးကြီးသည်။ သို့သော် ၎င်းတို့၏ပြည့်စုံမှုသည် "ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏" (ယောဟန်၊ ၁၄း၆) ဟုဆိုသောသူအားဖြင့် လာသည်။ ယေရှုက၊ "ကိုယ်တော်၏သမ္မာတရားအားဖြင့် သူတို့ကိုသန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါ၏" (ယောဟန်၊ ၁၇း၁၇) ဟုဆုတောင်းသည်။ ထို့ကြောင့် ယုံကြည်သူများသည် စည်းလုံးခြင်းကိုတွေ့ကြုံရရှိစေရန် နှုတ်ကပတ်တော်မှလာသည်အတိုင်း အလင်းတရားကိုလက်ခံရရှိရမည်။

ဤယေရှု၌ရှိသောသမ္မာတရားသည် စိတ်နှလုံးထဲ၌ရှိသောအခါ၊ ၎င်းသည် အသက်တာကိုမွမ်းမံ၊ မြှင့်တင်၍စင်ကြယ်စေပြီး၊ မုန်းတီးမှုနှင့်ပဋိပက္ခအားလုံးကိုဖယ်ရှင်းလိမ့်မည်။ ယုံကြည်သူသည် "သူ၏အသက်ရှင်သည့်ဦးခေါင်းဖြစ်သော ခရစ်တော်၌ ကြီးထွားနိုင်သည်။ ၎င်းသည် အချိန်တိုကာလအတွင်း လုပ်ဆောင်မှုမဟုတ်ဘဲ၊ တစ်သက်ပတ်လုံး လုပ်ဆောင်ရမည့်အရာဖြစ်သည်။ ဘုရားရှင်၏အသက်တာ၌ နေ့စဉ်ကြီးထွားခြင်းအားဖြင့်၊ သူ၏ကရုဏာကာလမဆုံးမချင်း၊ သူသည် ခရစ်တော်၌စုံလင်သောလူ၏ပြည့်စုံသောအဆင့်သို့ ရောက်ရှိလိမ့်မည်မဟုတ်ချေ။ ကြီးထွားခြင်းသည် စဉ်ဆက်မပြတ်သောအလုပ်ဖြစ်သည်။ စိတ်ပြင်းပြသောသူသည် မိမိကိုယ်နှင့်အစဉ်ပဋိပက္ခရှိသည်။ သို့သော် တိုက်ပွဲပြင်းထန်လေ၊ အောင်မြင်ခြင်းနှင့် ထာဝရတည်သောဆုလာဘ်သည်သာ၍ဘုန်းကျက်သရေရှိလိမ့်မည်။"

**ခရစ်တော်၏ပညတ်အသစ်။** အသင်းတော်သည် လူသားကဲ့သို့ ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခြင်းခံရသည်။ သုံးပါးတစ်ဆူဘုရားသည် အချင်းချင်းချစ်သည်။ ထိုနည်းတူ အသင်းသူအသင်းသားများသည် အချင်းချင်းချစ်ရမည်။ ယုံကြည်သူတို့သည် ဘုရားသခင်ကိုချစ်သောသူတို့၏ချစ်ခြင်းကို မိမိတို့ကိုယ်ကိုချစ်သကဲ့သို့ သူတစ်ပါးကိုချစ်ခြင်းအားဖြင့်ပြသရမည်ဟု ခရစ်တော်ပညတ်ခဲ့ပေသည် (မဿဲ၊ ၂၂း၃၉)။

ယေရှုကိုယ်တိုင်မေတ္တာ၏အခြေခံသဘောတရားကို အဆုံးထိတိုင်လက်ဝါးကပ်တိုင်သို့သယ်ဆောင်သွားခဲ့သည်။ သူမသေမီအချိန်လေးတွင် သူ၏တပည့်တော်တို့

အားပေးခဲ့သောပညတ်အသစ်၊ "ငါသည်သင်တို့ကိုချစ်သည်နည်းတူ၊ သင်တို့သည်လည်း အချင်းချင်းချစ်ကြလော့" (ယောဟန်၊ ၁၅း၁၂) ကိုထပ်တိုးချဲ့ခဲ့သည်။ သူသည် တပည့်တော်တို့အား ဤသို့ပြောနေသည့်အလားဖြစ်သည်။ "သင်တို့၏အခွင့်အရေး အတွက်ရပ်တည်ရန်၊ ရသင့်ရထိုက်သည်ကိုရအောင်လုပ်ရန်၊ မရရှိပါကတရားစွဲဆိုရန် သင်တို့ကို ငါတောင်းဆိုသည်မဟုတ်။ ကျောပွတ်အတွက်ကျောကုန်းကိုခင်းပေးရန်၊ နောက်ပါးတစ်ဖက်ကိုလှည့်ပေးရန်၊ မှားယွင်းစွာစွပ်စွဲ၊ ကဲ့ရဲ့၊ လှောင်ပြောင်ခြင်းကိုခံရန်၊ လက်ဝါးကပ်တိုင်တွင်ပွန်းပဲ့၊ ကျိုးပျက်၊ သံအရိုက်ခံရန်နှင့် မြေသင်္ဂြိုဟ်ခြင်းကိုခံရန်ပင် သင်တို့ကိုငါတောင်းဆို၏။ ဤသည်မှာ ငါသည် သင်တို့ကိုချစ်သည်နည်းတူ သူတစ်ပါးကိုချစ်ခြင်းဖြစ်၏။"

**၁။ မဖြစ်နိုင်သောအရာဖြစ်နိုင်ခြေ။** ကျွန်ုပ်တို့သည် ခရစ်တော်ချစ်သကဲ့သို့ မည်ကဲ့သို့ချစ်နိုင်မည်နည်း။ မချစ်နိုင်ပါ။ ခရစ်တော်သည် မဖြစ်နိုင်သောအရာကို တောင်းဆိုသည်။ သို့သော် သူသည် မဖြစ်နိုင်သောအရာကိုစွမ်းဆောင်နိုင်ခဲ့သည်။ သူက "ငါသည်လည်း မြေကြီးနှင့်ခွာ၍မြှောက်ထားခြင်းကိုခံရလျှင်၊ လူအပေါင်းတို့ကို ငါ့ထံသို့ငါဆွဲမည်" (ယောဟန်၊ ၁၂း၃၂) ဟု ကတိပေးသည်။ ခရစ်တော်၏ ကိုယ်၌စည်းလုံးခြင်းသည် လူ့ဇာတိကိုခံယူသောနှုတ်ကပတ်တော်အားဖြင့် ယုံကြည်သူ များနှင့် ဘုရားသခင်ကိုပေါင်းစည်းပေးသည်။ ယုံကြည်သူများသည်လည်း စပျစ်နွယ်ပင် ဖြစ်တော်မူသောသူနှင့် ဆက်သွယ်ခြင်းအားဖြင့်စည်းလုံးကြသည်။ အဆုံးတွင် လက်ဝါးကပ်တိုင်ပေါ်မှချစ်ခြင်းမေတ္တာသည် ယုံကြည်သူများအထဲတွင် အရဏ်လင်းလာ သည်။ "ခရစ်တော်ချစ်သကဲ့သို့ချစ်ခြင်းသည် အချိန်တိုင်း၊ နေရာတိုင်းတွင်ကြင်နာသော စကားများနှင့် နှစ်လိုဖွယ်အကြည့်များအားဖြင့် ကိုယ်ကျိုးမဖက်သောစိတ်ကိုဖော်ပြခြင်းဖြစ် သည်။ ဤအရာများကိုပေးသောသူအတွက် ဘာမျှမကုန်သော်လည်း၊ ၎င်းတို့၏ နောက်တွင် စိတ်ဝိညာဉ်ကိုရစ်ပတ်သောမွှေးရနံ့ကျန်ရစ်သည်။ ၎င်းတို့၏အကျိုး သက်ရောက်မှုကို ဘယ်ခါမျှခန့်မှန်း၍မရနိုင်ချေ။ ၎င်းတို့သည် ရရှိသောသူတို့အတွက် ကောင်းချီးဖြစ်သည်သာမက၊ ပေးသောသူအတွက်လည်း မင်္ဂလာဖြစ်သည်။ အကြောင်း မှာ ထိုလုပ်ဆောင်မှုများသည် သူတို့အပေါ်ပြန်ရောက်လာသည်။ စစ်မှန်သောမေတ္တာ သည် ကောင်းကင်၌မြစ်ဖျားခံသည့်တန်ဖိုးကြီးသောအရည်အချင်းဖြစ်၍၊ သူတစ်ပါးကို ဝေပေးသည့်အချိုးအစားအတိုင်း မွှေးရနံ့လည်းတိုးပွားသည်။"

**၂။ လက်ဝါးကပ်တိုင်၌စည်းလုံးခြင်း။** အသင်းတော်စည်းလုံးခြင်းသည် လက်ဝါးကပ်တိုင်၌ဖြစ်ပေါ်သည်။ ကျွန်ုပ်တို့သည် ယေရှုကဲ့သို့မချစ်နိုင်၊ ချစ်လည်း မချစ်သည်ကိုသဘောပေါက်၍၊ သူ၏အမြဲတမ်းရှိနေခြင်းကိုလိုအပ်ကြောင်းဝန်ခံကာ၊ "ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ" (ယောဟန်၊ ၁၅း၅) ဟုဆိုသောသူကိုယုံကြည်မှသာ ၎င်းသည်ဖြစ်လာသည်။ သူသည် လက်ဝါးကပ်တိုင်ပေါ်

တွင် ကျွန်ုပ်တို့အတွက်သာမဟုတ်၊ လူတိုင်းအတွက်အသေခံကြောင်းကို ကျွန်ုပ်တို့ သဘောပေါက်သည်။ ဆိုလိုသည်မှာ သူသည် အားလုံးသောနိုင်ငံသားများ၊ လူမျိုးနွယ်စုများ၊ အသားအရောင်များ၊ အဆင့်အတန်းများတို့ကိုချစ်သည်။ သူတို့၏ခြားနားမှုများ မည်သို့ပင်ရှိစေကာမူ၊ သူသည် တစ်ဦးချင်းစီကိုတန်းတူချစ်သည်။ ထိုအကြောင်းကြောင့် စည်းလုံးခြင်းသည် ဘုရားသခင်၌အမြစ်တွယ်သည်။ လူသား၏ကျဉ်းမြောင်းသောအမြင်သည် လူတို့ကိုခွဲခွာသောသဘောရှိသည်။ လက်ဝါးကပ်တိုင်သည် လူသား၏ မျက်ကန်းခြင်းကိုရိုက်ချိုး၍၊ လူတိုင်းအပေါ်တွင် ဘုရားသခင်၏ဈေးနှုန်းကတ်ပြားကို ချိတ်ထားသည်။ ၎င်းသည် မည်သူမျှတန်ဖိုးမမဲ့ကြောင်းကိုပြသသည်။ အကယ်၍ ယေရှုသည် သူတို့ကိုချစ်လျှင်၊ ကျွန်ုပ်တို့လည်းချစ်ရမည်။

သူ၏ကပ်တိုင်တင်သတ်ခံခြင်းသည် လူအားလုံးကိုသူ့ထံသို့ဆွဲယူမည်ဖြစ်ကြောင်း ခရစ်တော်သည် ကြိုတင်မိန့်ကြားချိန်တွင်၊ အကြီးမားဆုံးသောဒုက္ခခံသူ သူ့ကိုယ်တိုင်၏ သံလိုက်ဆွဲအားတန်ခိုးဖြင့်၊ သူ၏ကိုယ်ခန္ဓာတည်းဟူသောအသင်းတော်၌ စည်းလုံးခြင်းကို ယူဆောင်လာမည်ဟုသူဆိုလိုသည်။ ကောင်းကင်နှင့်ကျွန်ုပ်တို့အကြား ကျယ်ပြန့်သောအက်ကွဲကြောင်းကို ခရစ်တော်သည် ဖြတ်ကျော်ခဲ့ပြီး၊ အရေးမပါသောညီအစ်ကို မောင်နှမများထံသို့ အရောက်လှမ်းနိုင်ရန် ကျွန်ုပ်တို့လျှောက်ရမည့်လေ့ကားထစ်ငယ်များကို လမ်းများ၊ မြို့များတွင်ပြုလုပ်သည်။ ကရာနိကုန်းသည် "ထမ်းရွက်စရာဝန်ချင်းတို့ကို အချင်းချင်းကူညီ၍ထမ်းရွက်" (ဂလာ၊ ၆း၂) ခြင်းကိုဆိုလိုသည်။ သူသည် ကျွန်ုပ်တို့ကို အသက်ပေး၍ အချင်းချင်းကူညီနိုင်ရန် လွတ်မြောက်စေခြင်းငှာ၊ သူ့အသက်ကိုနင်းခြေခဲ့သည့် လူသားအားလုံး၏ဝန်ထုပ်တစ်ခုလုံးကိုသူထမ်းခဲ့သည်။

**စည်းလုံးရန်ခြေလှမ်းများ။** စည်းလုံးခြင်းသည် အလိုအလျောက်ဖြစ်မလာချေ။ ယုံကြည်သူများသည် ၎င်းကိုစိတ်ချရစေရန် ခြေလှမ်းတချို့ကိုလှမ်းရမည်။

**၁။ အိမ်၌စည်းလုံးခြင်း။** အသင်းတော်စည်းလုံးခြင်းအတွက် အကောင်းဆုံးသောသင်တန်းနေရာမှာနေအိမ်ဖြစ်သည်။ အကယ်၍အိမ်တွင် လက်ဝါးကပ်တိုင်ကိုဗဟိုထား၍ အမြော်အမြင်ရှိသောစီမံခန့်ခွဲမှု၊ ကြင်နာခြင်း၊ သိမ်မွေ့ခြင်း၊ သည်းခံခြင်းနှင့် ချစ်ခြင်းတို့ကိုသင်ယူလျှင်၊ ကျွန်ုပ်တို့သည် ဤအရာများကိုအသင်းတော်တွင်ကျင့်သုံးနိုင်မည်။

**၂။ စည်းလုံးခြင်းကိုရည်မှန်းပါ။** ကျွန်ုပ်တို့သည် စည်းလုံးခြင်းအတွက် တာဝန်သိသိလုပ်ဆောင်ခြင်းမရှိလျှင် ဘယ်ခါမျှရရှိနိုင်မည်မဟုတ်ချေ။ ထို့နောက် ရရှိပြီဟုကျွန်ုပ်တို့သည် ဘယ်ခါမျှမိမိဘာသာအားရကျေနပ်စွာထင်မှတ်၍လည်းမရနိုင်ပါ။ ကျွန်ုပ်တို့သည် စည်းလုံးခြင်းအတွက်နေ့စဉ်ဆုတောင်းရမည်။ ၎င်းကိုဂရုတစိုက်ပျိုးထောင်ရမည်။

ကျွန်ုပ်တို့သည် ခြားနားမှုများကိုလျှော့ချ၍၊ အရေးမပါသောငြင်းခုံမှုများကို ရှောင်ရမည်။ ကျွန်ုပ်တို့အား ခွဲခြားသောအရာကိုအာရုံစိုက်မည့်အစား၊ ကျွန်ုပ်တို့ကို ပေါင်းစည်းသောမှန်မြတ်သည့်သမ္မာတရားများကို များများပြောကြရမည်။ စည်းလုံးခြင်း အကြောင်းကိုပြော၍၊ ခရစ်တော်၏ဆုတောင်းချက်သည် ပြည့်စုံလာစေရန်ဆုတောင်းပါ။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ဘုရားသခင်သည်ကျွန်ုပ်တို့၌ရှိရန် အလိုရှိသောစည်းလုံးညီညွတ်ခြင်းကို သဘောပေါက်နိုင်သည်။

**၃။ ပန်းတိုင်တစ်ခုအတွက်အတူတကွလုပ်ဆောင်ပါ။** အသင်းတော်သည် ယေရှုခရစ်တော်၏ဧဝံဂေလိတရားကိုဟောပြောရာတွင် တစ်လုံးတစ်ဝတည်းမရှိမခြင်း စည်းလုံးမှုရှိလိမ့်မည်မဟုတ်ချေ။ ထိုသို့သောအမှုတော်သည် ညီညွတ်မှုကိုသင်ယူရာတွင် အကောင်းဆုံးသောသင်ကြားလေ့ကျင့်မှုကိုပေးသည်။ ယုံကြည်သူအားလုံးသည် ဘုရားသခင့်အားကြီးသောမိသားစုဝင်များဖြစ်ကြောင်းနှင့် အားလုံး၏ပျော်ရွှင်မှုသည် တစ်ဦးချင်းစီ၏ကောင်းစားခြင်းအပေါ်မူတည်ကြောင်းတို့ကို ၎င်းကသင်ပေးသည်။

သူ၏သာသနာလုပ်ငန်းတွင် ခရစ်တော်သည် စိတ်ဝိညာဉ်ထူထောင်ခြင်းနှင့် ကိုယ်ခန္ဓာကောင်းစားခြင်းတို့ကို အတူတကွပေါင်းစပ်ခဲ့သည်။ ပြီးနောက် သူသည် တပည့်တော်များကို သာသနာပြုရန်စေလွှတ်သောအခါ အလားတူအလေးပေးမှုဖြစ်သည့် တရားဟောခြင်းနှင့် ကုသခြင်းတို့ကိုပြုရန် ထပ်တလဲလဲတောင်းဆိုသည် (လုကာ၊ ၉း၂။ ၁၀း၉)။

ထို့ကြောင့် ခရစ်တော်၏အသင်းတော်သည် တရားဟောခြင်းဖြစ်သည့် နှုတ်ကပတ်တော်ကိုဟောပြောခြင်းနှင့် ဆေးဝါးသာသနာပြုခြင်းအမှုတို့ကိုလုပ်ဆောင်ရမည်။ ဘုရားသခင်အမှုတော်၏ ဤကဏ္ဍနှစ်ခုကို သီးခြားစီသော်လည်းကောင်း၊ တစ်ခုခုကို ဦးစားပေး၍သော်လည်းကောင်း လုပ်ဆောင်ရန်မဟုတ်ချေ။ ခရစ်တော်အချိန်ကကဲ့သို့ ချိန်ခွင်လျှာညီညီ၊ သဟဇာတဖြစ်အောင်အတူတူ၊ ဝိညာဉ်များအတွက်လုပ်ဆောင်ရာတွင် ဖော်ဆောင်ရမည်။

အသင်းတော်၏လုပ်ငန်းကဏ္ဍအသီးသီးတွင် ပါဝင်သောသူတို့သည် အကယ်၍ ထိရောက်သောနည်းလမ်းဖြင့် လောကီသားတို့ကို ဧဝံဂေလိတရား၏ခေါ်ဖိတ်ခြင်းကို ပေးလိုလျှင်၊ သူတို့သည် နီးနီးကပ်ကပ်ပူးပေါင်း၍လုပ်ဆောင်ရမည်။ စည်းလုံးခြင်း သည်ထိရောက်မှုအတွက် တစ်ခုတည်းအဖြစ်စုစည်းခြင်းကိုဆိုလိုသည်ဟု တချို့က ခံစားကြသည်။ သို့ရာတွင် ကိုယ်ခန္ဓာဖြင့်တင်စားခြင်းသည် ကိုယ်အင်္ဂါတစ်ခုချင်းစီသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ အရေးကြီးသည်ကိုညွှန်ပြသည်။ ယှဉ်ပြိုင်ခြင်း မဟုတ်ဘဲ၊ ပူးပေါင်းဆောင်ရွက်ခြင်းသည် သူ၏တစ်ကမ္ဘာလုံးဆိုင်ရာအမှုတော်အတွက် ဘုရားသခင်၏အကြံအစည်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်၏ကိုယ်ခန္ဓာ၌စည်းလုံးခြင်း

သည် လက်ဝါးကပ်တိုင်၌ထင်ထင်ရှားရှားဖော်ပြသည့် ခရစ်တော်၏ကိုယ်ကျိုးမဖက်သော မေတ္တာကိုသရုပ်ပြသည့်အရာဖြစ်လာသည်။

**၄။ တစ်ကမ္ဘာလုံးဆိုင်ရာအမြင်ကိုတိုးတက်စေပါ။** အသင်းတော်သည် ဘုရားသခင်၏အမှုတော်ကို ကမ္ဘာအနှံ့တက်တက်ကြွကြွမဟောပြောလျှင်၊ စစ်မှန်သော စည်းလုံးမှုကိုမပြသနိုင်ချေ။ အသင်းတော်သည် နိုင်ငံရေး၊ ယဉ်ကျေးမှု သို့မဟုတ် ဒေသအလိုက်သီးသန့်နေခြင်းကိုရှောင်ရှားရန် လုပ်နိုင်သမျှကိုလုပ်ဆောင်ရမည်။ ဝေဖန်ပိုင်းခြားခြင်း၊ ရည်ရွယ်ချက်နှင့်အပြုအမူတို့တွင် စည်းလုံးခြင်းရရှိနိုင်ရန် လူမျိုး၊ နိုင်ငံခြားသောယုံကြည်သူများသည် ရောနှော၍အတူတကွအမှုဆောင်ရမည်။

အသင်းတော်သည် ၎င်း၏စည်းလုံးမှု၊ ကမ္ဘာအနှံ့သာသနာကိုထိခိုက်နစ်နာစေသော ခွဲခြားသောလူမျိုးရေးစိတ်ဝင်စားမှုကို အားပေးမြှင့်တင်ခြင်းမပြုရချေ။ အသင်းတော်ခေါင်းဆောင်မှုသည် တန်းတူဖြစ်ခြင်းနှင့် စည်းလုံးခြင်းကိုထိန်းသိမ်းရန် ထိုသို့လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ကမ္ဘာ့အခြားနေရာများတွင် အမှုတော်ကိုထိခိုက်စေသည့်အခြားတစ်နေရာရာတွင် အစီအစဉ်များ သို့မဟုတ် ပစ္စည်းထောက်ပံ့မှုမျိုးပြုလုပ်ပေးခြင်းမျိုးကိုမပြုချေ။

**၅။ ကွဲပြားစေသောစိတ်ထားများကိုရှောင်ပါ။** ယုံကြည်သူများအကြား တစ်ကိုယ်ကောင်းဆန်ခြင်း၊ မာန်မာန၊ ကိုယ့်ကိုကိုယ်ယုံကြည်စိတ်ရှိခြင်း၊ မိမိဘာသာဖူလုံခြင်း၊ စိတ်ကြီးဝင်ခြင်း၊ မလိုမုန်းထားခြင်း၊ ပြစ်တင်ဝေဖန်ခြင်း၊ ရှုတ်ချခြင်းနှင့် အပြစ်ရှာခြင်းစိတ်သဘောထားများသည် အသင်းတော်၏မစည်းလုံးမှုကိုဖြစ်စေသည်။ မကြာမကြာခရစ်ယာန်အတွေ့အကြုံတွင် "ရှေးဦးစွာသောချစ်ခြင်းမေတ္တာ" ကို ဆုံးရှုံးခြင်းသည် ဤစိတ်ထားများကြောင့်ဖြစ်သည်။ လက်ဝါးကပ်တိုင်ပေါ်ကဘုရားသခင်၏ ဆုကျေးဇူး ခရစ်တော်ကိုအသစ်တစ်ဖန်ကြည့်ခြင်းသည် အချင်းချင်းချစ်ခြင်းကို အသစ်ပြုပြင်နိုင်သည် (၁ယော၊ ၄း၉–၁၁)။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကြွားဝင်ဖျန်ဖြေသောဘုရားသခင်၏ကျေးဇူးတော်သည် ဇာတိစိတ်နှလုံးမှမစည်းလုံးခြင်း၏ ဤအရင်းအမြစ်များကိုနှိမ်နင်းနိုင်သည်။

ဓမ္မသစ်ကျမ်းအချိန်အသင်းတော်တစ်ခု၌ မစည်းလုံးသည့်ပြဿနာပေါ်လာသောအခါ၊ ပေါလုကအသင်းတော်ကို "ဝိညာဉ်ပကတိအတိုင်းကျင့်" (ဂလာ၊ ၅း၁၆) ရန်အကြံပြုခဲ့သည်။ အမြဲဆုတောင်းခြင်းအားဖြင့်၊ ကျွန်ုပ်တို့ကိုစည်းလုံးစေသော သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုကို ကျွန်ုပ်တို့ရှာရမည်။ ဝိညာဉ်ပကတိ၌လျှောက်လှမ်းခြင်းအားဖြင့်၊ မစည်းလုံးမှုကိုထိရောက်စွာဖြေသောဆေးဖြစ်သော ဝိညာဉ်တော်အသီးကိုသီးလိမ့်မည်။ ၎င်းတို့မှာ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းတို့ဖြစ်သည် (ဂလာ၊ ၅း၂၂၊၂၃)။

ယာကုပ်သည် မစည်းလုံးခြင်း၏အခြားအရင်းအမြစ်ဖြစ်သည့် ချမ်းသာကြွယ်ဝမှု သို့မဟုတ် အဆင့်အတန်းအပေါ်အခြေခံ၍ အခြားသူတို့အားဆက်ဆံခြင်းကိုရှုတ်ချသည်။ ပြင်းထန်သောစကားလုံးဖြင့် မျက်နှာသာပေးခြင်းကိုရှုတ်ချသည်။ "လူမျက်နှာကိုထောက်လျှင်၊ ဒုစရိုက်ကိုပြုသောသူဖြစ်ကြ၏။ တရားကိုလွန်ကျူးသောသူဟုပညတ်တော်အားဖြင့်ထင်ရှားစွာဖြစ်ကြ၏" (ယာကုပ်၊ ၂း၉)။ ဘုရားသခင်သည် မျက်နှာမလိုက်သောကြောင့် (တမန်၊ ၁၀း၃၄)၊ ကျွန်ုပ်တို့သည် ရာထူးအဆင့်၊ ချမ်းသာကြွယ်ဝမှု သို့မဟုတ် အရည်အချင်းများကြောင့် အချို့အသင်းသားများကို အခြားသောသူများထက် သာ၍လိုက်လျောမှုမပေးရချေ။ ကျွန်ုပ်တို့သည် သူတို့ကိုလေးစားပေလိမ့်မည်။ သို့သော် ထိုသူတို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသောကျွန်ုပ်တို့၏အဘ၏ရှေ့တွင် အနိမ့်ကျဆုံးသော ဘုရားသခင်၏သားထက်ပိုမိုအဖိုးထိုက်သည်ဟု မထင်မှတ်ရချေ။ ခရစ်တော်၏စကားသည် ကျွန်ုပ်တို့၏အမြင်ကိုလမ်းပြရမည်။ "သင်တို့သည် ဤသူတည်းဟူသောငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အားပြုကြသမျှတို့ကို ငါ့အားပြုကြပြီ" (မဿဲ၊ ၂၅း၄၀)။ အငယ်ဆုံးသောသူသည်လည်းကောင်း၊ အသင်းတော်ထဲမှကောင်းချီးအရများဆုံးသောသူသည်လည်းကောင်း သူ့ကိုကိုယ်စားပြုသည်။ အားလုံးသည် သူ၏သားသမီးများဖြစ်သောကြောင့်၊ သူ့အတွက်ညီတူညီမျှအရေးကြီးကြသည်။

ကျွန်ုပ်တို့၏အရှင်သခင်လူသားသည် အာဒံ၏သားသမီးအားလုံး၏ညီအစ်ကိုဖြစ်လာခဲ့သည်။ ထို့ကြောင့်၊ သူ့နောက်လိုက်များဖြစ်သောကျွန်ုပ်တို့သည် စိတ်နှလုံးနှင့်အမှုတော်၌စည်းလုံး၍၊ "အသီးအသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့" (ဗျာ၊ ၁၄း၆) မှ ကျွန်ုပ်တို့၏ညီအစ်ကိုများထံသို့ပေးဆပ်သောနည်းလမ်းများဖြင့်အရောက်လှမ်းကြရမည်။

–၀–

# အခန်း– ၁၅
# ရေနှစ်ခြင်း

ရေနှစ်ခြင်းခံယူခြင်းအားဖြင့် ယေရှု၏အသေခံခြင်းနှင့်ထမြောက်ခြင်းကို ယုံကြည်ကြောင်း ကျွန်ုပ်တို့ဝန်ခံကြပြီး၊ အပြစ်၌သေခြင်းနှင့်အသစ်သောအသက်တာ၌ လျှောက်လှမ်းရန်စိတ်ပိုင်းဖြတ်ခြင်းကို ကျွန်ုပ်တို့သက်သေခံသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ကိုအရှင်သခင်နှင့် ကယ်တင်ရှင်အဖြစ်အသိအမှတ်ပြုပြီး၊ သူ၏လူများဖြစ်လာကာ၊ သူ၏အသင်းတော်တွင် အသင်းဝင်များအဖြစ်ပါဝင်ခွင့်ရရှိသည်။ ရေနှစ်ခြင်းသည် ခရစ်တော်နှင့်ကျွန်ုပ်တို့ပေါင်းစည်းခြင်း၊ ကျွန်ုပ်တို့၏အပြစ်များကို လွှတ်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုလက်ခံရရှိခြင်းတို့၏ သင်္ကေတဖြစ်သည်။ ရေထဲနှစ်ခြင်းသည် ယေရှုအားယုံကြည်ခြင်းကိုသစ္စာဆိုခြင်းနှင့် အပြစ်နောင်တရခြင်း၏အထောက်အထားကို ဖော်ပြသောအရာဖြစ်သည်။ ၎င်းသည် သမ္မာကျမ်းစာ၏ညွှန်ကြားချက်များ၊ သွန်သင်ချက်များနှင့်ညီညွတ်သည်။ (မဿဲ၊ ၂၈း၁၉၊၂၀။ တမန်၊ ၂း၃၈။ ၁၆း၃၀–၃၃။ ၂၂း၁၆။ ရောမ၊ ၆း၁–၆။ ဂလာ၊ ၃း၂၇။ ကောလောသဲ၊ ၂း၁၂၊၁၃။)

ညောင်ဝီရာ (Nyangwira) သည် အဖရိကအလယ်ပိုင်းတွင်နေထိုင်သည်။ ရေနှစ်ခြင်းသည်ရွေးစရာတစ်ခုမျှသာဟုသူမမယူဆချေ။ တစ်နှစ်ကျော်မျှသမ္မာကျမ်းစာကို စိတ်ပါစွာလေ့လာခဲ့သည်။ သူမသည် ခရစ်ယာန်တစ်ဦးဖြစ်လာချင်သည်။

တစ်ညနေခင်းတွင် သူမသည် သူသင်ယူခဲ့သောအရာများကိုသူမ၏ခင်ပွန်းသည်အားပြောပြခဲ့သည်။ ယမ်းပုံမီးကျသည့်အလား သူက "ဒီလိုမျိုးဘာသာရေးကို ငါ့အိမ်မှာ ငါမလိုချင်ဘူး။ မင်းဆက်ပြီးလေ့လာမယ်ဆိုရင်၊ မင်းကိုငါသတ်မယ်" ဟု အော်ငေါက်ခဲ့သည်။ သူမသည် ကြေကွဲသော်လည်း၊ ကျမ်းစာကိုဆက်လေ့လာပြီး၊ မကြာမီ ရေနှစ်ခြင်းခံရန် အဆင်သင့်ဖြစ်နေခဲ့သည်။

ရေနှစ်ခြင်းမင်္ဂလာပွဲသို့မသွားမီ၊ ညောင်ဝီရာသည် လင်ယောကျ်ားရှေ့တွင် ရိုသေစွာဒူးထောက်၍၊ ရေနှစ်ခြင်းခံမည့်အကြောင်းကိုပြောပြခဲ့သည်။ သူသည် အမဲလိုက်ဓားမကိုကောက်ယူ၍၊ "မင်းရေနှစ်ခြင်းခံတာ ငါမလိုချင်ဘူးလို့ငါပြောပြီးပြီ။ မင်းရေနှစ်ခြင်းခံတဲ့နေ့မှာ မင်းကိုငါသတ်မယ်" ဟုအော်ဟစ်ခဲ့သည်။

သို့သော်ညောင်ဝီရာသည်၊ သူ့သခင်၏နောက်သို့လိုက်ရန်ဆုံးဖြတ်ပြီး၊ ယောကျ်ား၏ခြိမ်းခြောက်မှုသည် နားထဲပဲ့တင်ထပ်နေရင်း၊ ထွက်သွားခဲ့သည်။

ရေထဲသို့မဆင်းမီ၊ ထိုနေ့တွင် သူမ၏အသက်ကိုသူ့သခင်ဘုရားထံပေးဆပ်ရမည် မပေးဆပ်ရမည်ကို မသိသည်ဖြစ်ရာ၊ သူမ၏အပြစ်များကိုဖော်ပြဝန်ချ၍၊ မိမိ၏အသက်ကို သူမ၏ကယ်တင်ရှင်ထံသို့အပ်နှံခဲ့သည်။ ရေနှစ်ခြင်းခံသောအခါ သူမ၏စိတ်နှလုံးသည် ငြိမ်သက်ခြင်းနှင့်ပြည့်နေခဲ့သည်။

သူမအိမ်သို့ပြန်ရောက်သောအခါ၊ ခါးကိုယူ၍ ယောကျ်ားကိုကမ်းပေးလိုက်သည်။ သူက "မင်းရေနှစ်ခြင်းခံပြီးလား" ဟုဒေါသတကြီးမေးခဲ့သည်။ ညောင်ဝီရာက "ဟုတ်ကဲ့၊ ရှေ့ဒီမှာခါး" ဟု ရိုးရိုးပင်ပြန်ဖြေခဲ့သည်။ "မင်းအသတ်ခံဖို့အဆင်သင့်ပဲလား" ဟုမေးရာ၊ "ဟုတ်ကဲ့၊ အဆင်သင့်ပဲ" ဟုပြန်ဖြေခဲ့သည်။ သူမ၏သတ္တိအပေါ်အံ့သြပြီး၊ ယောကျ်ားသည် သူမကိုသတ်လိုစိတ်မရှိတော့ချေ။

## ရေနှစ်ခြင်းသည်မည်မျှအရေးကြီးသနည်း။

ရေနှစ်ခြင်းအတွက် မိမိအသက်ကိုစွန့်စားထိုက်ပါသလား။ ဘုရားသခင်သည် အမှန်တကယ်ရေနှစ်ခြင်းကို တောင်းဆိုပါသလား။ ကယ်တင်ခြင်းသည် ရေနှစ်ခြင်းခံခြင်း၊ မခံခြင်းအပေါ်မူတည်ပါသလား။

**ယေရှု၏ပုံနမူနာ။** တစ်နေ့တွင်ယေရှုသည် မိသားစုကိုနှုတ်ဆက်၍၊ နာဇရက်မြို့မှထွက်ခွာလာကာ၊ သူ၏တစ်ဝမ်းကွဲယောဟန်တရားဟောသည့်နေရာ ယော်ဒန်မြစ်သို့ကြွလာခဲ့သည်။ ယောဟန်ဆီသို့ချဉ်းကပ်လာပြီး ရေနှစ်ခြင်းပေးရန် တောင်းဆိုခဲ့သည်။ ယောဟန်သည် အံ့သြလျက်၊ "အကျွန်ုပ်သည် ကိုယ်တော်ထံ၌ ဗတ္တိဇံကိုခံရမည်အကြောင်းရှိပါသည်ဖြစ်၍၊ ကိုယ်တော်သည် အကျွန်ုပ်ထံသို့ကြွလာတော်မူသလော" ဟု မလုပ်ရန်ဖျောင်းဖျခဲ့သည်။

"ယေရှုကလည်း၊ အလုံးစုံသောတရားတို့ကိုအကုန်အစင်ကျင့်သင့်သည်ဖြစ်၍၊ ယခုအခွင့်ပေးပါဟုပြန်ပြောတော်မူ၏" (မဿဲ၊ ၃း၁၃–၁၅)။

ယေရှု၏ရေနှစ်ခြင်းခံခြင်းသည် ဘုရားရှင်ပြဋ္ဌာန်းသောအမိန့်ဖြစ်ကြောင်းကို အမြဲပြသသည် (မဿဲ၊ ၃း၁၃–၁၇)။ ဖြောင့်မတ်ခြင်းကိုယုံကြည်လက်ခံခြင်းနှင့် မိမိ၏အသက်တာတိုးတက်အောင်အပ်နှံခြင်းအဖြစ် ရေနှစ်ခြင်းသည် လူအားလုံးပါဝင်နိုင်သောဝိညာဉ်ရေးလုပ်ဆောင်မှုတစ်ခုဖြစ်သည်။ အပြစ်မဲ့သောခရစ်တော်သည် "အလုံးစုံသောတရားတို့" ပြည့်စုံစေရန် ရေနှစ်ခြင်းခံသည်ဖြစ်ရာ၊ အပြစ်သားကျွန်ုပ်တို့သည် အလားတူပြုလုပ်သင့်ပေသည်။

**ယေရှု၏ပညတ်ချက်။** သူ၏သာသနာအဆုံးတွင် ခရစ်တော်သည် မိမိတပည့်တော်တို့ကိုဤသို့မိန့်ကြားခဲ့သည်။ "သင်တို့သည်သွား၍ လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌

ဗတ္တိဇံကိုပေးကြလော့။ ငါသည် သင်တို့အားပေးသမျှသောပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှာဆုံးမသြဝါဒပေးကြလော့" (မဿဲ၊ ၂၈း၁၉၊၂၀)။

ဤစေစားချက်တွင် ခရစ်တော်သည်သူ၏အသင်းတော်တည်းဟူသော သူ၏ဝိညာဉ်ရေးနိုင်ငံတော်၏အသင်းဝင်ဖြစ်လိုသောသူတို့ကို ရေနှစ်ခြင်းပေးရန်လိုအပ်ကြောင်း ရှင်းလင်းပြသခဲ့သည်။ တပည့်တော်တို့၏သာသနာပြုခြင်းအားဖြင့်၊ သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့ကိုနောင်တရစေ၍၊ ယေရှုကိုမိမိတို့ကယ်တင်ရှင်အဖြစ်လက်ခံစေသောအခါ၊ သူတို့သည် သုံးပါးတစ်ဆူဘုရား၏နာမဖြင့်ရေနှစ်ခြင်းခံရမည်။ သူတို့၏ရေနှစ်ခြင်းခံခြင်းက သူတို့သည် ခရစ်တော်နှင့်ကိုယ်တိုင်ဆက်ဆံရေးကိုစတင်ခြင်းနှင့် ကျေးဇူးတော်နိုင်ငံတော်၏စည်းမျဉ်းနှင့်အညီ နေထိုင်မည်ဖြစ်ကြောင်း အပ်နှံခြင်းတို့ကို ပြသသည်။ ရေနှစ်ခြင်းပေးရန်ပြဋ္ဌာန်းချက်ကို ယေရှုက "ငါသည်လည်းကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်" (မဿဲ၊ ၂၈း၂၀) ဟူသောအာမခံချက်ဖြင့်အဆုံးသတ်သည်။

ခရစ်တော်တက်ကြွသွားပြီးနောက်၊ တမန်တော်တို့သည် ရေနှစ်ခြင်းခံရန်လိုအပ်ကြောင်းနှင့် အရေးတကြီးဖြစ်ကြောင်းကိုကြေညာခဲ့ကြသည် (တမန်၊ ၂း၃၈။ ၁၀း၄၈။ ၂၂း၁၆)။ လူများစွာတို့သည် ရေနှစ်ခြင်းခံခြင်းဖြင့်တုံ့ပြန်ခဲ့ကြပြီး ဓမ္မသစ်အသင်းတော်ကို တည်ထောင်ခဲ့ကြသည် (တမန်၊ ၂း၄၁၊၄၇။ ၈း၁၂)။ သူတို့၏ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏အခွင့်အာဏာကိုလက်ခံကြသည်။

**ရေနှစ်ခြင်းနှင့်ကယ်တင်ခြင်း။** ခရစ်တော်က "ယုံကြည်၍ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့" (မာကု၊ ၁၆း၁၆) ဟု သွန်သင်ခဲ့သည်။ တမန်တော်ခေတ်အသင်းတော်တွင်၊ ခရစ်တော်ကိုလက်ခံပြီးနောက် ရေနှစ်ခြင်းက လိုက်လာသည်။ ၎င်းသည် ယုံကြည်သူအသစ်၏ယုံကြည်ခြင်းကို အတည်ပြုခြင်းဖြစ်သည် (တမန်၊ ၈း၁၂။ ၁၆း၃၀–၃၄)။

ပေတရုသည်ရေနှစ်ခြင်းနှင့် ကယ်တင်ခြင်းအကြားဆက်စပ်မှုကိုဖော်ပြရန် နောဧအချိန်ကရေလွှမ်းမိုးခြင်းအတွေ့အကြုံကိုအသုံးပြုခဲ့သည်။ ရေမလွှမ်းမိုးမီအချိန်တွင် အပြစ်သည်လွန်စွာကြီးမားရာ၊ နောဧအားဖြင့်ဘုရားသခင်သည် လောကီသားတို့ကို နောင်တရရန် သို့မဟုတ် ပျက်စီးခြင်းကိုရင်ဆိုင်ရန်သတိပေးခဲ့သည်။ လူရှစ်ဦးသာ ယုံကြည်၍ သင်္ဘောထဲသို့ဝင်ကာ၊ "ရေအားဖြင့်ကယ်တင်" ခြင်းခံခဲ့ကြရသည်။ ပေတရုက "ထိုသို့သောဥပမာအတိုင်း၊ ဗတ္တိဇံ (ကိုယ်ကာယ၏အညစ်အကြေးဆေးကြောခြင်းကိုမဆိုလို။ ကိုယ်ကိုကိုယ်သိသောစိတ်ကြည်လင်၍၊ ဘုရားသခင့်ရှေ့ဥဒ္ဓဝန်ခံခြင်းကိုဆိုလိုသည်။) ယေရှုခရစ်ထမြောက်တော်မူသောအားဖြင့်၊ ငါတို့ကိုကယ်တင်တတ်၏" (၁ပေ၊ ၃း၂၀၊၂၁) ဟုဆိုသည်။

နောဧနှင့်သူ၏မိသားစုသည် ရေအားဖြင့်ကယ်တင်ခြင်းခံရသကဲ့သို့ ကျွန်ုပ်တို့သည် ရေနှစ်ခြင်းအားဖြင့် ကယ်တင်ခြင်းခံရကြောင်း ပေတရုရှင်းပြခဲ့သည်။ အမှန်မှာ လွှမ်းမိုးသောရေအားဖြင့်မဟုတ်ဘဲ၊ ဘုရားသခင်သည်နောဧကိုကယ်တင်ခဲ့သည်။ အလားတူ၊ ရေနှစ်ခြင်းမဟုတ်ဘဲ၊ ခရစ်တော်၏အသွေးသည် ယုံကြည်သူ၏အပြစ်ကို ဖယ်ရှားပေးသည်။ "သို့သော်၊ သင်္ဘောထဲဝင်ရန် (နောဧ၏) နားထောင်ခြင်းကဲ့သို့၊ ရေနှစ်ခြင်းသည် 'ကိုယ်ကိုကိုယ်သိသောစိတ်ကြည်လင်၍၊ ဘုရားသခင့်ရှေ့၌ဝန်ခံခြင်းကိုဆိုလိုသည်။' လူတစ်ဦးကို ဘုရားသခင်၏တန်ခိုးတော်သည် အဖြေကိုပေးသောအခါ၊ 'ခရစ်တော်ထမြောက်' ခြင်းအားဖြင့်ပေးသောကယ်တင်ခြင်းသည် အကျိုးသက်ရောက်မှုရှိလာသည်။"

ရေနှစ်ခြင်းသည် ကယ်တင်ခြင်းနှင့်အလွန်ဆက်နွှယ်မှုရှိသော်ငြားလည်း၊ ကယ်တင်ခြင်းကိုအာမမခံချေ။ ပေါလုသည် ဣသရေလတို့၏ထမြောက်ခြင်းအတွေ့အကြုံသည် ရေနှစ်ခြင်းကိုပုံဆောင်သည်ဟုထင်မှတ်သည်။ "ငါတို့ဘိုးဘေးအပေါင်းတို့သည် မိုးတိမ်အောက်မှာရှိ၍၊ ပင်လယ်အလယ်၌လျှောက်သွားကြသည်ဟူ၍လည်းကောင်း၊ မိုးတိမ်နှင့်ပင်လယ်ထဲမှာ မောရှေ၌ဗတ္တိဇံကိုခံကြသည်ဟူ၍လည်းကောင်း၊ ဓမ္မအစာကိုအတူစားကြသည်ဟူ၍လည်းကောင်း၊ ဓမ္မရေကိုအတူသောက်ကြသည်ဟူ၍လည်းကောင်း သင်တို့မသိမမှတ်ဘဲနေစေခြင်းငှာ ငါအလိုမရှိ။ ထိုသူတို့နောက်၌လိုက်သောဓမ္မကျောက်မှ ထွက်သောရေကို သောက်ကြ၏" (၁ကော၊ ၁၀း၁–၄)။ မိုးတိမ်အောက်နှင့်ပင်လယ်အလယ်မှာနေသော ဣသရေလလူတို့သည် ပင်လယ်နီဖြတ်သွားချိန်တွင် ရေ၌နှစ်ခြင်းကဲ့သို့ဖြစ်ကာ၊ ၎င်းသည် ရေနှစ်ခြင်းကိုပုံဆောင်သည်။ သို့ရာတွင် ၎င်းအတွေ့အကြုံရှိလင့်ကစား၊ "ထိုသူတို့တွင် များစွာသောသူတို့ကိုဘုရားသခင်သည် အားရနှစ်သက်တော်မမူ" (၁ကော၊ ၁၀း၅)။ ထို့ကြောင့်၊ ယနေ့တွင်လည်း၊ ရေနှစ်ခြင်းသည် အလိုအလျောက်ကယ်တင်ခြင်းကိုအာမမခံချေ။ ဣသရေလတို့အတွေ့အကြုံသည် "ကပ်ကာလအဆုံးတွင်ဖြစ်သော ငါတို့ကိုဆုံးမစရာဖို့ကျမ်းစာ၌ရေးထားလျက်ရှိသတည်း။ ထို့ကြောင့် အကြင်သူသည် မိမိတည်ကြည်လျက်နေသည်ဟုမိမိထင်မှတ်၏၊ ထိုသူသည် မလဲခြင်းငှာသတိပြုစေ" (၁ကော၊ ၁၀း၁၁၊၁၂)။

## "ဗတ္တိဇံတစ်ပါး"

ခရစ်ယာန်လောကတွင် နှစ်ခြင်းပေးသည့်အလေ့အကျင့်နည်းအမျိုးမျိုးရှိသည်။ တချို့သောသူတို့သည် ရေထဲ၌နှစ်ခြင်း၊ အခြားသူတို့ကရေဖျန်းခြင်း၊ နောက်ထပ်အခြားသူတို့ကမူ ရေလောင်းခြင်းစသည်ဖြင့်အသုံးပြုကြသည်။ သို့သော် သမ္မာကျမ်းစာက နှစ်ခြင်းတစ်မျိုးတည်းရှိသည်ဟုဆိုသည် (ဧဖက်၊ ၄း၅)။ ၎င်းသည် အသင်းတော်၏

သဘောသဘာ၀ကို မီးမောင်းထိုးပြသောစည်းလုံးခြင်းလက္ခဏာဖြစ်သည်။ ဗတ္တိဇံဟူသော ဝေါဟာရ၏အဓိပ္ပါယ်မှာ၊ ၎င်းကိုလက်တွေ့လုပ်ခြင်းနှင့် ၎င်း၏ဝိညာဉ်ရေးဆိုင်ရာအရေးပါမှု တို့ကို သမ္မာကျမ်းစာသည် မည်ကဲ့သို့ဖော်ပြသနည်း။

**ဗတ္တိဇံ၏အဓိပ္ပါယ်။** ဟေလသစကားလုံးဗတ္တိဇံသည် နစ်မြုပ်ခြင်းဟုသွယ်ဝိုက်ဆိုလိုပြီး၊ "အထဲသို့ သို့မဟုတ် အောက်သို့နှစ်သည်" ဟူ၍အဓိပ္ပါယ်ရသည်။ ထို့ကြောင့် ဗတ္တိဇံဟူသောစကားလုံးသည် နှစ်ခြင်းကိုညွှန်းဆိုရာတွင်၊ ရေထဲနှစ်လိုက်ခြင်း သို့မဟုတ် လူကိုရေအောက်၌နှစ်ခြင်းဟူသောသဘောကိုဆောင်သည်။

ဓမ္မသစ်ကျမ်းတွင် ဗတ္တိဇံဟူသောစကားလုံးကို (၁) ရေ၌နှစ်ခြင်းကိုရည်ညွှန်းရန် (မဿဲ၊ ၃း၆။ မာကု၊ ၁း၉။ တမန်၊ ၂း၄၁)၊ (၂) ခရစ်တော်၏ဆင်းရဲဒုက္ခနှင့် သေခြင်းကိုတင်စားရန် (မဿဲ၊ ၂၀း၂၂၊၂၃။ မာကု၊ ၁၀း၃၈၊၃၉။ လုကာ၊ ၁၂း၅၀)။ (၃) သန့်ရှင်းသောဝိညာဉ်တော်၏ဆင်းသက်လာခြင်း (မဿဲ၊ ၃း၁၁။ မာကု၊ ၁း၈။ လုကာ၊ ၃း၁၆။ ယောဟန်၊ ၁း၃၃။ တမန်၊ ၁း၅။ ၁၁း၆) နှင့် (၄) လက်ဆေးခြင်း ထုံးတမ်းဓလေ့ (မာကု၊ ၇း၃၊၄။ လုကာ၊ ၁၁း၃၈) အတွက်အသုံးပြုခဲ့သည်။ ဤနံပါတ် (၄) အချက်သည် ဝိနည်းအရမစင်ကြယ်မှုကိုစင်ကြယ်စေခြင်းသာဖြစ်ပြီး၊ ရေလောင်းခြင်းဖြင့် နှစ်ခြင်းပေးခြင်းကို တရားဝင်စေခြင်းမဟုတ်ပါ။ သမ္မာကျမ်းစာသည် ဗတ္တိဇံကို ရေနှစ်ခြင်းနှင့် ခရစ်တော်၏သေခြင်းတို့အတွက်အသုံးပြုသည် (မဿဲ၊ ၃း၇။ ၂၀း၂၂)။

ဓမ္မသစ်ကျမ်းသည် "တမန်တော်များကရေဖျန်းခြင်းကို ကျင့်သုံးသည့်အထောက်အထားကိုမပေးချေ။ အမှန်မှာ၊ ၎င်းသည် နောက်ပိုင်းမှကျင့်သုံးခဲ့ကြောင်း အထောက်အထားအားလုံးကညွှန်ပြသည်။"

**ဓမ္မသစ်ကျမ်းထဲကဗတ္တိဇံ။** ဓမ္မသစ်ကျမ်း၌မှတ်တမ်းတင်ထားသောနှစ်ခြင်းခံသည့်ဖြစ်စဉ်များတွင် နစ်မြုပ်ခြင်းပါ၀င်သည်။ ယောဟန်သည် ယော်ဒန်မြစ် (မဿဲ၊ ၃း၆) နှင့် "ရှာလိမ်မြို့နှင့်အနီး အဲနုန်အရပ်၌ရေများသောကြောင့်" (ယောဟန်၊ ၃း၂၃) ရေနှစ်ခြင်းပေးသည်ကို ကျွန်ုပ်တို့ဖတ်ရသည်။ ရေထဲနှစ်ရန် "ရေများများ" လိုအပ်သည်။

ယောဟန်သည် ယေရှုကိုရေအောက်သို့နှစ်ခဲ့သည်။ သူသည် ယေရှုကို ယော်ဒန်မြစ်တွင် ရေနှစ်ခြင်းပေး၍၊ နှစ်ခြင်းခံအပြီးတွင် ယေရှုသည် "ရေမှပေါ်ထ" လာခဲ့သည်။ (မာကု၊ ၁း၉၊၁၀)။

တမန်တော်ခေတ်ကအသင်းတော်သည် ရေ၌နှစ်မြုပ်ခြင်းအားဖြင့် နှစ်ခြင်းပေးခဲ့သည်။ တရားဟောဆရာဖိလိပ္ပုသည် အဲသယောပိအမတ်ကိုနှစ်ခြင်းပေးသောအခါ သူတို့နှစ်ဦးသည် "ရေထဲသို့ဆင်း၍ဗတ္တိဇံကိုပေး၏" (တမန်၊ ၈း၃၈၊၃၉)။

**သမိုင်းထဲကရေနှစ်ခြင်း။** ခရစ်ယာန်ခေတ်မရောက်မီ ယုဒလူတို့သည် သူတို့၏ဘာသာကိုလက်ခံသူတို့အား ရေ၌နှစ်၍နှစ်ခြင်းပေးခဲ့ကြသည်။ ခွန်ရမ်အရပ်၌ နေထိုင်ခဲ့သောသူတို့သည် အသင်းဝင်များနှင့် ပြောင်းလဲလာသူများကို ရေနှစ်ခြင်းပေးခဲ့ သည်။

မြေအောက်သင်္ချိုင်းဂူများနှင့် ဘုရားကျောင်းများရှိပန်းချီများ၊ ကြမ်းပြင်၊ နံရံနှင့် မျက်နှာကြက်တို့မှကျောက်စီပန်းချီများ၊ ပန်းပုရုပ်ကြွင်းများ၊ ရှေးဓမ္မသစ်ချိန်ကပန်းချီများ စသည်တို့မှအထောက်အထားသည် "ပထမရာစု (၁၀) စုမှ (၁၄) ရာစုနှစ်အတွင်း ခရစ်ယာန်အသင်းတော်၌ ရေ၌နှစ်ခြင်းမှာ ပုံမှန်နှစ်ခြင်းပေးသည့်ပုံစံဖြစ်ကြောင်း အလွန်ပင်သက်သေခံလျက်ရှိသည်။ ရှေးဘုရားကျောင်းကြီးငယ်များ၌ရှိသော ရေနှစ်ခြင်း ကန်များ၊ မြောက်အာဖရိက၊ တူရကီ၊ အီတလီ၊ ပြင်သစ်နှင့် အခြားနေရာများက အပျက်အစီးများတို့သည် ဤဓလေ့မှာရှေးကပင်ရှိခဲ့ကြောင်းသက်သေခံနေသေးသည်။

## ရေနှစ်ခြင်း၏အဓိပ္ပါယ်

ရေနှစ်ခြင်းသည် ၎င်းကိုကျင့်သုံးသည့်နည်းနှင့် နီးနီးကပ်ကပ်ဆက်စပ်သည်။ "နှစ်ခြင်းခံရာတွင် ရေ၌နှစ်မှသာ ၎င်း၏ပြည့်စုံသောအဓိပ္ပါယ်ကိုမြင်နိုင်သည်။

**ခရစ်တော်၏သေခြင်းနှင့်ထမြောက်ခြင်းတို့၏သင်္ကေတ။** ရေအားဖြင့် ဖုံးအုပ်သကဲ့သို့ ဒုက္ခဝေဒနာလွှမ်းမိုးခြင်းကိုပုံဆောင်သည် (ဆာလံ၊ ၄၂း၇။ ၆၉း၂။ ၁၂၄း၄၊၅)။ ထို့ကြောင့် ခရစ်တော်၏ရေနှစ်ခြင်းခံခြင်းသည် ပုရောဖက်ပြုဟောခဲ့သော သူ၏ဆင်းရဲဒုက္ခ၊ သေခြင်းနှင့်မြှုပ်နှံခြင်း (မာကု၊ ၁၀း၃၈။ လုကာ၊ ၁၂း၅၀) ကို လည်းကောင်း၊ ရေထဲကပေါ်ထွက်လာခြင်းသည် နောက်ဆက်တွဲထမြောက်ခြင်း (ရောမ၊ ၆း၃–၅) ကိုလည်းကောင်းပုံဆောင်သည်။

ခရစ်တော်၏ဆင်းရဲဒုက္ခခံခြင်းကိုပုံဆောင်သည့်အနေဖြင့် "တမန်တော်ခေတ်က အသင်းတော်သည် နှစ်ခြင်းကိုရေ၌နှစ်ခြင်းဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့်ကျင့်သုံးခဲ့လျှင်၊" ရေနှစ်ခြင်းသည် အဓိပ္ပါယ်ကင်းမဲ့သွားလိမ့်မည်။ ထို့ကြောင့် "ရေ၌နှစ်၍နှစ်ခြင်းပေးခြင်း သည် ကျမ်းစာ၏သွန်သင်ချက်နှင့် အကိုက်ညီဆုံးဖြစ်သည်။"

**အပြစ်၌သေခြင်းနှင့်ဘုရားသခင်၌အသက်ရှင်ခြင်း၏သင်္ကေတ။** ယုံကြည် သူများသည် ရေနှစ်ခြင်းခံရာတွင် ကျွန်ုပ်တို့သခင်ဘုရား၏ဝေဒနာခံစားခြင်းပါဝင်ကြောင်း ပုံဆောင်သည်။ ပေါလုက "ယေရှုခရစ်၌ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် အသေခံတော် မူခြင်း၌ ဗတ္တိဇံကိုခံကြသည်ဟုသင်တို့မသိကြသလော။ ထို့ကြောင့်၊ အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသောအားဖြင့်၊ ထိုသခင်နှင့်အတူသင်္ဂြိုဟ်ခြင်းကိုခံကြ၏။ ခရစ်တော်သည်..... ထမြောက်တော်မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သောအသက်၌ကြင်လည်ရကြ သတည်း" (ရောမ၊ ၆း၃၊၄) ဟု ဆိုသည်။

ယုံကြည်သူများနှင့် ခရစ်တော်၏ရင်းနှီးသောဆက်ဆံမှုကို "ယေရှုခရစ်၌ဗတ္တိဇံခံသည်၊" "အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသည်။" "ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံသည်" ဟူသောအသုံးအနှုန်းများကဖော်ပြသည်။ ဟောင်းဝပ်က "ယုံကြည်သူ၏ ရေနှစ်ခြင်းခံခြင်းသည် ခရစ်တော်၏သေခြင်း၌ပါဝင်ခြင်းကိုပုံဆောင်၍၊ ထိုသေခြင်းသည် သူ၏သေခြင်းဖြစ်လာသည်။ ထို့နောက် သူသည် ခရစ်တော်၏ထမြောက်ခြင်း၌ပါဝင်၍၊ ထိုထမြောက်ခြင်းသည် သူ၏ထမြောက်ခြင်းဖြစ်လာသည်" ဟုဆိုသည်။ ကျွန်ုပ်တို့ သခင်ဘုရား၏ဝေဒနာခံစားခြင်း၌ ယုံကြည်သူ၏ပါဝင်ခြင်းသည် မည်သည့်အရာကို ဆိုလိုသနည်း။

**၁။ အပြစ်၌သေခြင်း။** ရေနှစ်ခြင်းခံရာတွင် ယုံကြည်သူများသည် "ထိုသခင်နှင့်အတူ..... စိုက်ပျိုးလျက်ရှိကြသည်" (ရောမ၊ ၆း၅)။ ဆိုလိုသည်မှာ "ငါတို့၏လူဟောင်းသည် ထိုသခင်နှင့်အတူလက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံပြီ။..... အကြောင်းမူကား၊ ငါတို့သည် နောက်မှအပြစ်တရား၏အစေကိုမခံစေခြင်းငှာ၊ အပြစ်တရား၏ကိုယ်ကိုဖျက်ဆီးမည်အကြောင်းတည်း။ သေသောသူသည် အပြစ်တရား၏ လက်မှလွတ်လျက်ရှိ၏" (ရောမ၊ ၆း၆၊၇)။ "သခင်ဘုရား၏ပဋိညာဉ်သည် သူ၏သန့်ရှင်းသူများနှင့်အတူရှိ၏။ လူတိုင်းသည် မိမိစာရိတ္တ၏အားနည်းချက်ကိုခွဲခြားသိမြင်၍၊ အားသွန်ခွန်စိုက်စောင့်ထိန်းရမည်။ ရေနှစ်ခြင်း၌ ခရစ်တော်နှင့်အတူသင်္ဂြိုဟ်ခြင်းခံရ၍၊ သူထမြောက်သည်နည်းတူ ထမြောက်သောသူအားလုံးသည် အသစ်သောအသက်တာ၌ကြင်လည်ရန် မိမိတို့ကိုယ်ကိုကတိပြုခဲ့ကြပြီ။"

ယုံကြည်သူများသည် သူတို့၏ယခင်အသက်ရှင်နေထိုင်မှုပုံစံကို စွန့်လွှတ်ခဲ့ကြသည်။ သူတို့သည် အပြစ်၌သေဆုံးခဲ့ပြီးဖြစ်ရာ၊ "ဟောင်းသောအရာတို့သည် ပြောင်းလဲ" (၂ကော၊ ၅း၁၇) သွားကြောင်းကိုခိုင်မာစေပြီး၊ သူတို့၏အသက်သည် ဘုရားသခင်၌ ခရစ်တော်နှင့်အတူဝှက်ထားခြင်းခံလျက်ရှိသည်။ ရေနှစ်ခြင်းသည် အသက်တာဟောင်းကို ကပ်တိုင်တင်သတ်ခြင်းကိုပုံဆောင်သည်။ ၎င်းသည် သေခြင်းသာမကဘဲ၊ သင်္ဂြိုဟ်ခြင်းလည်းပါသည်။ ကျွန်ုပ်တို့သည် "ဗတ္တိဇံအားဖြင့် ထိုသခင်နှင့်အတူသင်္ဂြိုဟ်ခြင်းကိုခံကြ၏" (ကော၊ ၂း၁၂)။ လူတစ်ယောက်သေဆုံးပြီးနောက် သင်္ဂြိုဟ်ရသကဲ့သို့၊ ယုံကြည်သူသည် ယေရှုခရစ်တော်သင်္ဂြိုဟ်ခြင်းကိုလက်ခံသောအခါ သူ၏လူဟောင်းကို ရေသင်္ချိုင်း၌သင်္ဂြိုဟ်လိုက်သည်။

ရေနှစ်ခြင်းခံရာတွင် ယုံကြည်သူသည် လောကကိုစွန့်လွှတ်လိုက်သည်။ "သင်တို့သည် ထိုသူတို့အထဲမှထွက်၍၊ အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်" (၂ကော၊ ၆း၁၇) ဟူသောပညတ်ချက်ကိုနားထောင်၍၊ ရေနှစ်ခြင်းခံယူသူသည် စာတန်၏အမှုထမ်းရွက်ခြင်းကိုစွန့်လွှတ်ကြောင်းနှင့် ခရစ်တော်ကို မိမိအသက်တာ၌လက်ခံရရှိကြောင်းကို လူသိရှင်ကြားကြေညာသည်။

တမန်တော်ခေတ်အသင်းတော်၌ နောင်တရရန်ဖိတ်ခေါ်ခြင်းတွင် ရေနှစ်ခြင်းခံရန်ဖိတ်ခေါ်ခြင်းလည်းပါဝင်သည် (တမန်၊ ၂း၃၈)။ ထို့ကြောင့် ရေနှစ်ခြင်းသည်စစ်မှန်သောနောင်တ၏အမှတ်အသားဖြစ်သည်။ ယုံကြည်သူများသည် ပညတ်တော်ကိုကျူးလွန်ခြင်း၌သေ၍၊ စင်ကြယ်စေသောယေရှုခရစ်တော်၏အသွေးအားဖြင့် အပြစ်လွှတ်ခြင်းကိုရရှိသည်။ နှစ်ခြင်းမင်္ဂလာသည် ဝန်ချတောင်းပန်သောအပြစ်များကိုဆေးကြော၍၊ စိတ်နှလုံးစင်ကြယ်ခြင်းကိုပြသည်။

**၂။ ဘုရားသခင်၌အသက်ရှင်ခြင်း။** ခရစ်တော်၏ထမြောက်သောတန်ခိုးသည် ကျွန်ုပ်တို့၏အသက်တာတွင်အလုပ်လုပ်သည်။ ၎င်းသည် ကျွန်ုပ်တို့ကိုအသစ်သောအသက်တာ၌လျှောက်လှမ်းစေနိုင်သည် (ရောမ၊ ၆း၄)။ ကျွန်ုပ်တို့သည် ယခုအပြစ်၌သေ၍၊ "သခင်ယေရှုခရစ်အားဖြင့်အသက်ရှင်သည်" (ရောမ၊ ၆း၁၁)။ လူဟောင်းအပေါ်အသက်တာ၏အောင်မြင်ခြင်းအတွက် တစ်ခုတည်းသောမျှော်လင့်ချက်မှာ၊ သန့်ရှင်းသောဝိညာဉ်တော်၏အားရှိစေသောတန်ခိုးအားဖြင့် အသစ်သောအသက်တာကိုပေးသည့်ထမြောက်တော်မူသောသခင်ဘုရား၏ကျေးဇူးတော်၌ရှိသည်။ ဤအသက်တာအသစ်သည် ကျွန်ုပ်တို့ကို လူသားတို့အတွေ့အကြုံမှမြင့်တင်ပေး၍၊ ယေရှုခရစ်တော်ထံဆက်ကပ်အပ်နှံခြင်းကို အာရုံပြုသောအသစ်သောစံနှုန်း၊ ပြင်းပြသောရည်မှန်းချက်နှင့် ဆန္ဒတို့ကိုကျွန်ုပ်တို့အားပေးသည်။

**ပဋိညာဉ်ဆိုင်ရာဆက်ဆံရေး၏သင်္ကေတ။** ဓမ္မဟောင်းကျမ်းအချိန်တွင် အရေဖျားလှီးခြင်းသည် ဘုရားသခင်နှင့်အာဗြဟံတို့အကြား ပဋိညာဉ်ဆိုင်ရာဆက်ဆံရေး၏အမှတ်အသားဖြစ်သည် (ကမ္ဘာ၊ ၁၇း၁-၁၁)။

အာဗြဟံနှင့်ဆိုင်သောပဋိညာဉ်သည် ဝိညာဉ်ရေးနှင့်လူမျိုးရေးဟူ၍ ကဏ္ဍနှစ်ခုရှိသည်။ အရေဖျားလှီးခြင်းသည် လူမျိုးနှင့်ဆိုင်သောအမှတ်အသားဖြစ်သည်။ အာဗြဟံကိုယ်တိုင်နှင့် သူ၏မိသားစုထဲမှ (၈) ရက်နှင့်အထက်ကြီးသောယောကျ်ားဟူသမျှသည် အရေဖျားလှီးကြရသည်။ (ကမ္ဘာ၊ ၁၇း၁၀-၁၄၊၂၅-၂၇)။ အရေဖျားမလှီးသောယောကျ်ားမှန်သမျှသည် ဘုရားသခင်၏လူထဲမှ "ပယ်ရှင်း" ရမည်။ အကြောင်းမှာ သူသည် ပဋိညာဉ်ကို ချိုးဖောက်သောကြောင့်ဖြစ်သည် (ကမ္ဘာ၊ ၁၇း၁၄)။

ပဋိညာဉ်သည် ဘုရားသခင်နှင့်အရွယ်ရောက်ပြီးအာဗြဟံနှင့်ပြုခြင်းသည် ၎င်း၏ဝိညာဉ်ရေးပမာဏကိုဖော်ပြသည်။ အာဗြဟံ၏အရေဖျားလှီးခြင်းသည် သူ၏အလျင်ကယုံကြည်ခြင်းဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်းကိုဖော်ပြ၍၊ အတည်ဖြစ်စေသည်။ သူ၏အရေဖျားလှီးခြင်းသည် "အရေဖျားလှီးခြင်းကိုမခံမီရှိသော ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းတံဆိပ်တည်း" (ရောမ၊ ၄း၁၂)။

သို့သော် အရေဖျားလှီးခြင်းတစ်ခုတည်းသည် ပဋိညာဉ်၏စစ်မှန်သောဝိညာဉ်ရေး ပမာဏထဲသို့ဝင်နိုင်မည့်အာမခံချက်ကိုမပေးချေ။ ဘုရားသခင်၏ပြောရေးဆိုခွင့်ရှိသူများက ဝိညာဉ်ရေးပမာဏသည်သာ လုံလောက်မည်ဖြစ်ကြောင်းကို သတိပေးခဲ့ကြသည်။ "သင်၏နှလုံးအရေဖျားကိုလှီးဖြတ်လော့။ နောက်တစ်ဖန်ခိုင်မာသောလည်ပင်းမရှိစေနှင့်" (တရားဟော၊ ၁၀း၁၆)။ "စိတ်နှလုံးအားဖြင့်အရေဖျားလှီးခြင်းကိုမခံသောသူသည်" သာသနာပလူများနှင့် အတူပြစ်ဒဏ်ခံရကြမည်။ (ယေရမိ၊ ၉း၂၅၊၂၆)။

ယုဒလူတို့သည် ယေရှုကိုမေရှိယအဖြစ်ငြင်းပယ်ကြသောအခါ၊ သူတို့၏ဘုရားသခင်နှင့်ဖွဲ့သောပဋိညာဉ်ကိုချိုးဖောက်ပြီး၊ သူ၏ရွေးချယ်သောလူမျိုးအဖြစ် အထူးအဆင့်အတန်းသည် နိဂုံးချုပ်ခဲ့သည် (ဒံ၊ ၉း၂၄–၂၇)။ ဘုရားသခင်၏ပဋိညာဉ်နှင့် သူ၏ကတိများသည် မပြောင်းမလဲရှိနေသေးသော်လည်း၊ သူသည် လူမျိုးအသစ်ကိုရွေးချယ်ခဲ့သည်။ ဝိညာဉ်ရေးဆိုင်ရာဣသရေလလူမျိုးသည် ယုဒလူမျိုးကိုအစားထိုးခဲ့သည် (ဂလာ၊ ၃း၂၇–၂၉။ ၆း၁၅၊၁၆)။

ခရစ်တော်၏သေခြင်းသည် ပဋိညာဉ်အသစ်ကိုအတည်ပြုခဲ့သည်။ လူတို့သည် ဤပဋိညာဉ်တွင် ဝိညာဉ်ရေးအရေဖျားလှီးခြင်းတည်းဟူသော ခရစ်တော်၏အပြစ်ဖြေသော သေခြင်းကိုယုံကြည်ခြင်းအားဖြင့်ပါဝင်သည်။ ခရစ်ယာန်များသည် "အရေဖျားလှီးခြင်းနှင့် မစပ်ဆိုင်သောဧဝံဂေလိတရား" ရှိသည် (ဂလာ၊ ၂း၇)။ ပဋိညာဉ်အသစ်သည် ဝိညာဉ်ရေးဣသရေလတို့၏ အပြင်ပန်းဘာသာရေးဓလေ့မဟုတ်ဘဲ၊ အတွင်းပိုင်းယုံကြည်ခြင်းကိုတောင်းဆိုသည်။ တစ်စုံတစ်ဦးသည် မျိုးရိုးအားဖြင့်ယုဒလူမျိုးဖြစ်နိုင်သော်လည်း၊ အသစ်မွေးဖွားခြင်းအားဖြင့်သာ ခရစ်ယာန်တစ်ဦးဖြစ်နိုင်သည်။ "ယေရှုခရစ်ထံ၌အရေဖျားလှီးခြင်းအကျိုးမရှိ။ မခံဘဲနေခြင်းလည်းအကျိုးမရှိ။ မေတ္တာအားဖြင့်ပြုပြင်တတ်သောယုံကြည်ခြင်းသာအကျိုးရှိ၏" (ဂလာ၊ ၅း၆)။ အရေးကြီးသောအရာမှာ ဝိညာဉ်တော်၌စိတ်နှလုံးအရေဖျားလှီးခြင်းဖြစ်သည် (ရောမ၊ ၂း၂၈၊၂၉)။

ယေရှုနှင့်ကယ်တင်သော ဆက်ဆံရေးရှိခြင်း၏အမှတ်အသားဖြစ်သော ရေနှစ်ခြင်းသည် ဤဝိညာဉ်ရေးအရေဖျားလှီးခြင်းကိုပုံဆောင်သည်။ "ခရစ်တော်၏အရေဖျားလှီးခြင်းအားဖြင့် ဇာတိပကတိအပြစ်၏ကိုယ်ကိုပယ်ရှင်း၍၊ လက်ဖြင့်မလုပ်သောအရေဖျားလှီးခြင်းကို ထိုသခင်၌သင်တို့သည်ခံကြသည်ဖြစ်၍၊ ဗတ္တိဇံအားဖြင့် ထိုသခင်နှင့်အတူသင်္ဂြိုဟ်ခြင်းကိုခံကြ၏။ ခရစ်တော်ကိုသေခြင်းမှထမြောက်စေတော်မူသော ဘုရားသခင်၏ပြုပြင်အားထုတ်တော်မူခြင်းကိုယုံကြည်သောအားဖြင့်၊ ဗတ္တိဇံကိုခံ၍ ထိုသခင်နှင့်အတူထမြောက်ခြင်းသို့ရောက်ကြ၏" (ကော၊ ၂း၁၁၊၁၂)။

"ယေရှု၏ဝိညာဉ်ရေးအရေဖျားလှီးခြင်းအားဖြင့်၊ ဇာတိပကတိအပြစ်၏ကိုယ်ကိုပယ်ရှင်း၍၊" ရေနှစ်ခြင်းကိုခံသောသူသည် ယခုတွင်ခရစ်တော်ကိုယူတင်ဝတ်ဆောင်၍၊

ခရစ်တော်နှင့် ပဋိညာဉ်နှင့်ဆိုင်သောဆက်ဆံရေးတွင်ပါဝင်လာသည်။ ရလဒ်အနေဖြင့်၊ သူသည် ပဋိညာဉ်နှင့်ဆိုင်သောကတိတော်များကိုရရှိနိုင်တော့မည်။" "ခရစ်တော်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် ခရစ်တော်ကိုယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။.... ခရစ်တော်နှင့်စပ်ဆိုင်လျှင် အာဗြဟံ၏အမျိုးအနွယ်ဖြစ်၍၊ ကတိတော်အတိုင်းအမွေခံ၏ အရာ၌တည်ကြ၏" (ဂလာ၊ ၃း၂၇–၂၉)။ ဤပဋိညာဉ်ဆိုင်ရာဆက်ဆံရေး၌ပါဝင်သော သူတို့သည် "ငါသည် သူတို့၏ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့် မည်" (ယေရမိ၊ ၃၁း၃၃) ဟူသော ဘုရားသခင်၏အာမခံချက်ကို တွေ့ကြုံခံစားရကြ လိမ့်မည်။

**ခရစ်တော်၏အမှုတော်၌ဆက်ကပ်ခြင်း၏သင်္ကေတ။** ရေနှစ်ခြင်းခံယူချိန် တွင် ယေရှုသည် အထူးသန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းကိုရရှိ၍၊ သူ၏ ခမည်းတော်ပေးသောလုပ်ငန်းတာဝန်အတွက် ဘိသိက်ပေးခြင်း သို့မဟုတ် ဆက်ကပ်ခြင်း ကိုဖော်ပြသည် (မဿဲ၊ ၃း၁၃–၁၇။ တမန်၊ ၁၀း၃၈)။ သူ၏အတွေ့အကြုံသည် ရေနှစ်ခြင်းနှင့်သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိခြင်းတို့သည် တစ်ခုနှင့်တစ်ခုသက်ဆိုင် ကြောင်းပြသသည်။ သန့်ရှင်းသောဝိညာဉ်တော်မရရှိသောရေနှစ်ခြင်းခံယူခြင်းသည် မပြည့်စုံချေ။

တမန်တော်ခေတ်အသင်းတော်တွင် ရေနှစ်ခြင်းခံယူပြီးနောက် သန့်ရှင်းသော ဝိညာဉ်တော်သွန်းလောင်းခြင်းကလိုက်လာသည်။ ထို့ကြောင့် ယနေ့ကျွန်ုပ်တို့သည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုခံသောအခါ၊ ကျွန်ုပ်တို့သည် သုံးပါးတစ်ဆူဘုရားနှင့်ပူးပေါင်း၍၊ ထာဝရဧဝံဂေလိတရားကိုဖြန့်ဝေရန် ဆက်ကပ်ကြသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကိုအပြစ်မှစင်ကြယ်စေ ခြင်းအားဖြင့် ဤအမှုတော်အတွက် ကျွန်ုပ်တို့ကိုပြင်ဆင်သည်။ ယောဟန်က၊ ယေရှု သည် "သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ မီးနှင့်လည်းကောင်း သင်တို့ကို ဗတ္တိဇံပေးမည်" (မဿဲ၊ ၃း၁၁) ဟုကြွေးကြော်ခဲ့သည်။ ဘုရားသခင်သည် မိမိလူတို့ကို "တရားစီရင်သောဝိညာဉ်၊ မီးလောင်သောဝိညာဉ်တော်အားဖြင့်" (ဟေရှာ၊ ၄း၄) သူတို့၏ ညစ်ညူးခြင်းမှသန့်ရှင်းစေမည်ဟု ဟေရှာယဖော်ပြခဲ့သည်။ ဘုရားသခင်သည် "သင့်ကို လည်း ငါကိုင်ယူပြီးလျှင်၊ ချော်နှင့်ရှင်းရှင်းကင်းစင်စေ၍၊ သင်၏ကြေးဖြူရှိသမျှကိုလည်း ပယ်ရှားမည်" (ဟေရှာ၊ ၁း၂၅) ဟုဆိုခဲ့သည်။ အပြစ်အတွက် "ဘုရားသခင်သည် လောင်သောမီးဖြစ်တော်မူ၏" (ဟေဗြဲ၊ ၁၂း၂၉)။ သန့်ရှင်းသောဝိညာဉ်တော်သည် မိမိတို့အသက်တာကို သူ့ထံသို့အပ်နှံသောသူအားလုံးကို၊ သူတို့၏အပြစ်များလောင်ကျွမ်း စေခြင်းဖြင့် စင်ကြယ်စေလိမ့်မည်။

ထိုအခါ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အား သူ၏ဆုကျေးဇူးများကိုပေးသည်။ သူ၏ဆုကျေးဇူးများမှာ "အသင်းတော်ကိုအလုပ်အကျွေးပြုနိုင်ရန်နှင့် ယေရှုခရစ်တော်ကိုလက်မခံသေးသောသူတို့ကိုသာသနာပြုနိုင်ရန် ယုံကြည်သူသည် ရေနှစ်ခြင်းခံချိန်တွင် ရရှိသော ဘုရားရှင်၏အထူးပံ့ပိုးမှုဖြစ်သည်။" သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံသည် ရှေးဦးအသင်းတော်ကိုသက်သေခံရန် တန်ခိုးကိုပေးခဲ့သည် (တမန်၊ ၁း၅၊၈)။ ထိုအလားတူ ဗတ္တိဇံကသာလျှင်၊ အသင်းတော်ကို နိုင်ငံတော်၏ထာဝရဧဝံဂေလိတရားဟောပြောရမည့်တာဝန်ကို ပြီးမြောက်စေလိမ့်မည် (မဿဲ၊ ၂၄း၁၄။ ဗျာ၊ ၁၄း၆)။

**အသင်းတော်ထဲဝင်ခြင်း၏သင်္ကေတ။** လူတစ်ယောက်၏အသစ်ပြုပြင်ခြင်းသို့မဟုတ် အသစ်မွေးဖွားခြင်း၏လက္ခဏာဖြစ်သကဲ့သို့ (ယော၊ ၃း၃၊၅)၊ ရေနှစ်ခြင်းသည်လည်း ခရစ်တော်၏ဝိညာဉ်ရေးနိုင်ငံတော်ထဲသို့ လူတစ်ယောက်ဝင်ခြင်း၏အမှတ်အသားဖြစ်သည်။ ရေနှစ်ခြင်းသည် ယုံကြည်သူကိုခရစ်တော်နှင့်ပေါင်းစည်းပေးသောကြောင့်၊ ၎င်းသည် အသင်းတော်၏တံခါးဝအဖြစ် အမြဲလုပ်ဆောင်သည်။ ရေနှစ်ခြင်းအားဖြင့် သခင်ဘုရားသည် တပည့်တော်အသစ်များကို သူ၏ကိုယ်ခန္ဓာတည်းဟူသောအသင်းတော်ထဲသို့သွင်းသည် (တမန်၊ ၂း၄၁၊၄၇။ ၁ကော၊ ၁၂း၁၃)။ ထိုအခါသူတို့သည် ဘုရားသခင်၏မိသားစုဝင်များဖြစ်လာကြသည်။ အသင်းတော်မိသားစုနှင့်မပေါင်းစည်းဘဲ တစ်ဦးတည်းနှစ်ခြင်းခံယူခြင်းမျိုးမရနိုင်ပါ။

## ရေနှစ်ခြင်းအတွက်သတ်မှတ်ချက်များ

**ယုံကြည်ခြင်း။** ရေနှစ်ခြင်းခံယူရန်မရှိမဖြစ်လိုအပ်ချက်မှာ ယေရှု၏အပြစ်ဖြေသောယဇ်ကို အပြစ်မှကယ်တင်ခြင်းအတွက် တစ်ခုတည်းသောနည်းလမ်းအဖြစ်ယုံကြည်ခြင်းဖြစ်သည်။ ယေရှုက "ယုံကြည်၍ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့" (မာကု၊ ၁၆း၁၆) ဟု ဆိုခဲ့သည်။ တမန်တော်ခေတ်အသင်းတော်တွင် ဧဝံဂေလိတရားကိုယုံကြည်သောသူတို့သာလျှင် ရေနှစ်ခြင်းခံယူခဲ့ကြသည် (တမန်၊ ၈း၁၂၊ ၃၆၊၃၇။ ၁၈း၈)။

"ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏" (ရောမ၊ ၁၀း၁၇)။ ထို့ကြောင့် ရေနှစ်ခြင်းအတွက်ပြင်ဆင်ရာတွင် အရေးပါသောအရာတစ်ခုမှာကျမ်းစာသင်ပေးခြင်းဖြစ်သည်။ ခရစ်တော်၏မဟာစေခိုင်းချက်သည် ထိုသို့သောသင်ပေးခြင်း၏အရေးကြီးမှုကိုအတည်ဖြစ်စေသည်။ "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည် သင်တို့အားပေးသမျှသောပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှာ ဆုံးမဩဝါဒ

ပေးကြလော့။” (မဿဲ၊ ၂၈း၁၉၊၂၀)။ တပည့်တော်တစ်ဦးဖြစ်လာခြင်းတွင် စေ့စေ့စပ်စပ်ကျမ်းစာသင်ပေးခြင်းပါဝင်သည်။

**နောင်တ။** ပေတရုက “သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှာ တစ်ယောက်မျှမကြွင်း နောင်တရကြလော့” (တမန်၊ ၂း၃၈) ဟုဆိုခဲ့သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သွန်သင်ခြင်းသည် ယုံကြည်ခြင်းကိုသာမက၊ နောင်တနှင့်ပြောင်းလဲခြင်းကိုလည်းဖြစ်စေသည်။ ဘုရားသခင်၏ခေါ်တော်မူခြင်းကိုတုံ့ပြန်ရာတွင်၊ လူတို့သည် သူတို့၏ပျောက်ဆုံးနေသောအခြေအနေကိုမြင်၍၊ သူတို့၏အပြစ်များကိုဝန်ချတောင်းပန်ကြသည်။ သူတို့သည် မိမိကိုယ်ကိုဘုရားသခင်ထံအပ်နှံ၍၊ အပြစ်ကိုနောင်တရကြသည်။ ခရစ်တော်၏အပြစ်ဖြေခြင်းကိုလက်ခံကာ၊ ကိုယ်တော်နှင့်အတူအသစ်သောအသက်တာ၌ မိမိတို့ကိုယ်ကိုဆက်ကပ်ကြသည်။ ပြောင်းလဲခြင်းမရှိဘဲ သူတို့သည် ယေရှုခရစ်တော်နှင့်အတူ ကိုယ်ပိုင်ဆက်ဆံရေးမရှိနိုင်ချေ။ နောင်တရခြင်းအားဖြင့်သာလျှင်၊ သူတို့သည် ရေနှစ်ခြင်းခံရန်အတွက် မရှိမဖြစ်လိုအပ်သောအဖြစ်၌ သေခြင်းကိုတွေ့ကြုံခံစားနိုင်သည်။

**နောင်တ၏အကျိုးကျေးဇူးများ။** ရေနှစ်ခြင်းခံလိုသောသူသည် ယုံကြည်ခြင်းကိုဝန်ခံ၍၊ နောင်တရရမည်။ သို့သော် သူတို့သည် “နောင်တရခြင်းနှင့်ထိုက်တန်သောအကျင့်ကို” (မဿဲ၊ ၃း၈) မယူဆောင်သေးလျှင်၊ သူတို့သည် ရေနှစ်ခြင်းခံရန်ကျမ်းစာ၏သတ်မှတ်ချက်နှင့်မပြည့်စုံသေးချေ။ သူတို့၏အသက်တာသည် ယေရှု၌ရှိသောသမ္မာတရား၌ သူတို့၏ဆက်ကပ်မှုကိုဖော်ပြ၍၊ ဘုရားသခင်၏ပညတ်ချက်များကိုလိုက်လျှောက်ခြင်းအားဖြင့် သူ့ကိုချစ်ကြောင်းပြသရမည်။ ရေနှစ်ခြင်းအတွက်ပြင်ဆင်ရာတွင် မှားယွင်းသောယုံကြည်မှုများနှင့် ဓလေ့ထုံးစံများကိုစွန့်လွှတ်ရမည်။ သူတို့၏အသက်တာ၌ ထင်ရှားသောဝိညာဉ်တော်အသီးသည် သူတို့၌ဘုရားသခင်တည်နေ၍၊ သူတို့သည်လည်း ဘုရားသခင်၌တည်နေကြောင်းကိုဖော်ပြလိမ့်မည် (ယောဟန်၊ ၁၅း၁–၈)။ သူတို့၏ခရစ်တော်နှင့်ဆက်ဆံရေးကို အထောက်အထားမပြသနိုင်သေးလျှင်၊ သူတို့သည် အသင်းတော်ထဲဝင်ရန်အဆင်သင့်မရှိကြသေးချေ။

**ရေနှစ်ခြင်းခံမည့်သူများကိုစစ်ဆေးခြင်း။** အသင်းသားတစ်ဦးဖြစ်လာခြင်းတွင် ဝိညာဉ်ရေးခြေလှမ်းလှမ်းခြင်းပါဝင်သည်။ ၎င်းသည် အသင်းတော်မှတ်တမ်းစာအုပ်တွင်နာမည်ရေးရုံမျှသာမဟုတ်ပါ။ ရေနှစ်ခြင်းပေးသောသူတို့သည် ရေနှစ်ခြင်းခံယူမည့်သူတို့၏အဆင်သင့်ရှိနေမှုကိုဆုံးဖြတ်ရန်တာဝန်ရှိသည်။ ရေနှစ်ခြင်းခံယူမည့်သူ၏အသင်းတော်၏ရပ်တည်ချက်စည်းမျဉ်းများကိုနားလည်ခြင်း၊ အသစ်သောအသက်တာနှင့် သခင်ယေရှု၌ပျော်ရွှင်သောအတွေ့အကြုံရှိခြင်း စသည်တို့ကိုသေချာအောင်လုပ်ရမည်။

သို့သော်၊ သူတို့သည်ရေနှစ်ခြင်းခံယူရသည့်ရည်ရွယ်ချက်များကိုမူ မစစ်ဆေးရချေ။ "လူတစ်ယောက်အသင်းဝင်ဖြစ်လာရန် မိမိကိုယ်ကိုတင်ပြလာသောအခါ၊ ကျွန်ုပ်တို့သည် သူ့အသက်တာ၏အသီးအပွင့်များကို စစ်ဆေးရမည်ဖြစ်သော်လည်း၊ သူ၏ရည်ရွယ်ချက်ကိုမူ သူ့ဘာသာသူစစ်ဆေးပါလေစေ။"

လူတချို့သည်နှစ်ခြင်းခံရာတွင် ရေ၌အရှင်လတ်လတ်သင်္ဂြိုဟ်ခြင်းခံရကြသည်။ သို့သော် သူတို့၏လူဟောင်းသည်မသေခဲ့ချေ။ ဤသူတို့သည် ခရစ်တော်၌အသစ်သော အသက်တာကိုမရရှိကြချေ။ ဤနည်းဖြင့်အသင်းတော်ထဲဝင်လာသူတို့သည် ဆိုးယုတ်ခြင်းနှင့်အယူဖောက်ပြန်ခြင်းမျိုးစေ့ကို သူတို့နှင့်အတူယူဆောင်ခဲ့ကြသည်။ သူတို့၏မစင်ကြယ်သောဩဇာလွှမ်းမိုးမှုသည် အသင်းသားများနှင့် အပြင်လူတို့ကိုရှုပ်ထွေးစေပြီး၊ အသင်းတော်၏သက်သေခံခြင်းကိုထိခိုက်စေသည်။

**နို့စို့သူငယ်များနှင့်ကလေးများကိုရေနှစ်ခြင်းပေးသင့်သလော။** ရေနှစ်ခြင်းသည် ယုံကြည်သူအသစ်များကိုအသစ်မွေးဖွားခြင်းဖြင့် အသင်းတော်နှင့်ပေါင်းစည်းစေသည်။ သူတို့၏ပြောင်းလဲခြင်းသည် ရေနှစ်ခြင်းခံရန်နှင့် အသင်းသားဖြစ်လာရန် ဘောင်ဝင်စေသည်။ ဤပါဝင်ပေါင်းစည်းခြင်းသည် မွေးဖွားချိန်တွင်မဟုတ်ဘဲ အသစ်မွေးဖွားချိန်တွင်ဖြစ်လာသည်။ ထို့ကြောင့် "ယောက်ျား၊ မိန်းမတို့သည် ဗတ္တိဇံကိုခံကြ၏" (တမန်၊ ၈း၁၂၊၁၃၊၂၉–၃၈။ ၉း၁၇၊၁၈။ ၁ကော၊ ၁း၁၄)။ ဓမ္မသစ်ကျမ်းတွင် နို့စို့သူငယ်ကိုနှစ်ခြင်းပေးရန်ခွင့်ပြုချက် သို့မဟုတ် ပညတ်ချက်မည်သည့်နေရာတွင်မျှ မရှိပါ။ "ကျွန်တော်ကိုယ်တိုင် ဓမ္မသစ်ကျမ်းအချိန်အသင်းတော်၏ဗတ္တိဇံတွင် နို့စို့သူငယ်အား နှစ်ခြင်းပေးသည်ကိုသတိမပြုမိပါ။"

နို့စို့သူငယ်များနှင့်ကလေးငယ်များသည် ပြောင်းလဲခြင်းကိုတွေ့ကြုံခံစားနိုင်ခြင်းမရှိသေးသောကြောင့်၊ သူတို့သည် ရေနှစ်ခြင်းအတွက်ကန့်သတ်ချက်မပြည့်မီသေးချေ။ ထိုသို့ဆိုရာတွင် သူတို့သည် ပဋိညာဉ်အသစ်နှင့်ဆိုင်သော အသင်းသားစုမှဖယ်ထုတ်ရမည်လော။ ယေရှုသည် သူတို့ကိုသူ၏ကျေးဇူးတော်နိုင်ငံတော်မှမချန်လှပ်ချေ။ သူက "ထိုသူငယ်တို့ကိုရှိစေတော့။ ငါ့ထံသို့လာသည်ကိုမဆီးတားကြနှင့်။ ကောင်းကင်နိုင်ငံတော်သည် ထိုသို့သောသူတို့၏နိုင်ငံဖြစ်သည်ဟုမိန့်တော်မူ၍၊ သူငယ်တို့အပေါ်မှာ လက်ကိုတင်လေ၏" (မဿဲ၊ ၁၉း၁၄၊၁၅) ဟုဆိုသည်။ ယုံကြည်သူမိဘများသည် မိမိတို့သားသမီးများကို ခရစ်တော်နှင့်အတူဆက်ဆံရေးရှိစေရန်ဦးဆောင်ရာတွင် အရေးကြီးသော လုပ်ငန်းကိုထမ်းဆောင်ရမည်။ ၎င်းသည် နောက်ဆုံးတွင် သူတို့ကိုရေနှစ်ခြင်းကို ခံယူစေလိမ့်မည်။

မိမိသားသမီးများကိုကောင်းချီးပေးရန်ခေါ်လာသောမိခင်များအပေါ် ယေရှု၏အပြုသဘောဆောင်သောတုံ့ပြန်မှုသည် ကလေးဆက်ကပ်ခြင်းဓလေ့ကိုဖန်တီးခဲ့သည်။

ဤ၌အစီအစဉ်တွင် မိဘတို့သည်မိမိတို့သားသမီးများကို ဘုရားသခင်ထံဆက်ကပ်ရန် ဘုရားကျောင်းသို့ခေါ်လာကြသည်။

လူတစ်ယောက်သည် မည်သည့်အသက်အရွယ်တွင်ရေနှစ်ခြင်းအတွက်အဆင်သင့်ဖြစ်သနည်း။ တစ်စုံတစ်ဦးသည် အကယ်၍ (၁) ရေနှစ်ခြင်းခံယူခြင်း၏အဓိပ္ပါယ်ကို နားလည်နိုင်သောအရွယ်ရောက်၍၊ (၂) ခရစ်တော်ထံအပ်နှံ၍ပြောင်းလဲသောအချိန်၊ (၃) ခရစ်ယာန်ဘာသာ၏အခြေခံစည်းမျဉ်းများကိုနားလည်သောအချိန်နှင့် (၄) အသင်းဝင်ဖြစ်ခြင်း၏အရေးပါမှုကိုသဘောပေါက်သောအချိန်တွင် ရေနှစ်ခြင်းခံနိုင်သည်။ လူတို့သည် တာဝန်ခံမှုကိုယူနိုင်သည့်အသက်အရွယ်ရောက်လာချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်၏ ဩဇာလွှမ်းမိုးမှုကိုငြင်းပယ်သောအခါမှသာ သူတို့၏ကယ်တင်ခြင်းကိုထိခိုက်နိုင်သည်။

လူတစ်ဦးချင်းစီသည် ဝိညာဉ်ရေးရင့်သန်မှုအရွယ်ခြားနားသောကြောင့်၊ အချို့သောသူတို့သည် အခြားသောသူများထက်ရေနှစ်ခြင်းခံရန် အသက်ငယ်စဉ်တွင်စောစောအဆင်သင့်ဖြစ်ကြသည်။ ထို့ကြောင့် ရေနှစ်ခြင်းခံရမည့်အသက်အရွယ်ကိုသတ်မှတ်၍ မရပါ။ မိဘများသည် သားသမီးများစောစောရေနှစ်ခြင်းခံယူခြင်းကို သဘောတူသောအခါ၊ သူတို့သည် သားသမီးတို့၏ဝိညာဉ်ရေးနှင့် စာရိတ္တကြီးထွားတိုးတက်မှုအတွက် တာဝန်ယူရမည်။

## ရေနှစ်ခြင်း၏အကျိုး

ရေနှစ်ခြင်းခံယူခြင်း၏ထူးကဲသောအသီးမှာ ခရစ်တော်အတွက်အသက်ရှင်နေထိုင်သောအသက်တာဖြစ်သည်။ ရည်မှန်းချက်ပန်းတိုင်များသည် မိမိအပေါ်အာရုံမစိုက်ဘဲ၊ ခရစ်တော်အပေါ်၌သာအာရုံပြုသည်။ "သင်တို့သည် ခရစ်တော်နှင့်အတူထမြောက်ကြသည်မှန်လျှင်၊ ဘုရားသခင်၏လက်ယာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာအရပ်၌ရှိသော အထက်အရာတို့ကိုရှာကြလော့။ မြေကြီးပေါ်မှာရှိသော အရာတို့ကိုစွဲလမ်းသောစိတ်မရှိကြနှင့်။ အထက်အရာတို့ကိုသာစိတ်စွဲလမ်းကြလော့" (ကော၊ ၃း၁၊၂)။ ရေနှစ်ခြင်းခံယူခြင်းသည် ခရစ်ယာန်အသက်တာ၌ရရှိနိုင်သော အမြင့်ဆုံးနေရာကိုရောက်ရှိခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးအရကြီးထွားသောအခါ၊ တိုးပွားခြင်းအတွက် ဘုရားသခင်၏အကြံအစည်အပေါ် အခြားသူတို့အားအလုပ်အကျွေးပြုရာတွင်အသုံးပြုရန် ခရစ်ယာန်ကျေးဇူးတော်ကိုရရှိသည်။ "ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌များပြားပါစေသော" (၂ပေ၊ ၁း၂)။ ကျွန်ုပ်တို့သည် နှစ်ခြင်းမင်္ဂလာကတိခံဝန်ချက်ကို သစ္စာရှိရှိလိုက်လျှောက်သောအခါ၊ ကျွန်ုပ်တို့သည်

သူတို့၏နာမ၌ဗတ္တိဇံကိုခံခဲ့သော ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရားက၊ ကျွန်ုပ်တို့ရေနှစ်ခြင်းခံပြီးနောက် ရင်ဆိုင်နိုင်သည့်အရာရာတိုင်း၌ကူညီရန် ဘုရားရှင်၏တန်ခိုးကိုရရှိကြောင်းအာမခံသည်။

ဒုတိယအသီးမှာ ခရစ်တော်၏အသင်းတော်အတွက် အသက်ရှင်သောအသက်တာဖြစ်သည်။ ကျွန်ုပ်တို့သည် သီးခြားရှိမနေတော့ချေ။ ကျွန်ုပ်တို့သည် ခရစ်တော်၏အသင်းတော်တွင် အသင်းဝင်များဖြစ်လာကြပြီ။ အသက်ရှင်သောကျောက်များကဲ့သို့ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဗိမာန်တော်ကိုတည်ဆောက်ကြသည် (၁ပေ၊ ၂း၂-၅)။ ကျွန်ုပ်တို့သည် အသင်းတော်၏ဦးခေါင်းတည်းဟူသော ခရစ်တော်နှင့်အထူးသောဆက်ဆံရေးကိုထိန်းသိမ်းကြသည်။ ကျွန်ုပ်တို့သည် မေတ္တာ၌ကြီးထွားတိုးတက်ရန်အတွက် သူ့ထံမှကျေးဇူးတော်ကို နေ့စဉ်ရရှိသည် (ဧဖက်၊ ၄း၁၆)။ ကျွန်ုပ်တို့သည် ပဋိညာဉ်နှင့်ဆိုင်သောအသင်းသားလူစုထဲတွင် ရေနှစ်ခြင်းခံယူသူအသစ်များအတွက် တာဝန်ယူကြရသည် (၁ကော၊ ၁၂း၁၂-၂၆)။ သူတို့ကိုယ်တိုင်နှင့် အသင်းတော်ကောင်းစားရေးအတွက် ဤအသင်းဝင်အသစ်များသည် ဝတ်ပြုကိုးကွယ်ခြင်း၊ ဆုတောင်းခြင်းနှင့် အမှုတော်တို့၌ပါဝင်ရမည်။

နောက်ဆုံးအသီးမှာ လောက၌ လောကီသားများအတွက်အသက်ရှင်နေထိုင်သောအသက်တာဖြစ်သည်။ ရေနှစ်ခြင်းခံယူပြီးသောကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံသားအဖြစ်ကိုကိုင်ဆောင်ကြသည်မှာ အမှန်ပင်ဖြစ်သည် (ဖိလိပ္ပိ၊ ၃း၂၀)။ ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာ (အသင်းတော်) ၌သင်တန်းယူပြီး၊ လောကသို့ပြန်သွားကာ အစေခံများကဲ့သို့ ခရစ်တော်၏ကယ်တင်ခြင်းအမှုတော်၌ပါဝင်ရန်အတွက် လောကမှခေါ်ထုတ်ခြင်းခံခဲ့ကြရသည်။ စစ်မှန်သောတပည့်တော်များသည် အသင်းတော်ထဲဝင်ရန် လောကကိုစွန့်ခွာမသွားကြချေ။ ကျွန်ုပ်တို့သည် ခရစ်တော်၏နိုင်ငံတော်တွင် သာသနာပြုများအဖြစ်မွေးဖွားလာကြသည်။ နှစ်ခြင်းဆိုင်ရာကတိဝန်ခံချက်ကို သစ္စာရှိရှိစောင့်ခြင်းတွင် သူတစ်ပါးကိုကျေးဇူးတော်နိုင်ငံထဲသို့ခေါ်ဆောင်ခြင်းလည်းပါသည်။

ယနေ့ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူကြင်နာစွာပေးသည့်ကြွယ်ဝသောအသက်တာထဲသို့ဝင်ရန် လိုလားတောင့်တစွာစောင့်နေသည်။ "သင်သည် အဘယ်ကြောင့်ဆိုင်းလင့်၍နေသနည်း။ ထလော့။ သခင်ဘုရားကိုပတ္ထနာပြုလျက် ဗတ္တိဇံကိုခံ၍၊ သင်၏အပြစ်များကိုဆေးကြောလော့" (တမန်၊ ၂၂း၁၆)။

-၀-

# အခန်း– ၁၆
# သခင်ဘုရား၏ပွဲတော်

သခင်ဘုရား၏ပွဲတော်သည် ကျွန်ုပ်တို့၏အရှင်သခင်နှင့် ကယ်တင်ရှင်ဖြစ်သော ယေရှုကိုယုံကြည်ကြောင်းဖော်ပြခြင်းအဖြစ် သူ၏ကိုယ်နှင့်အသွေးကိုသုံးဆောင်ခြင်း အထိမ်းအမှတ်၌ပါဝင်ခြင်းဖြစ်သည်။ ဤပွဲတော်မင်္ဂလာကျင်းပရာတွင် ခရစ်တော်သည် မိမိလူတို့ကိုတွေ့ဆုံရန်နှင့် ခွန်အားပေးရန်ကြွရောက်သည်။ ပွဲတော်မင်္ဂလာတွင်ပါဝင်ခြင်းအားဖြင့် သခင်ဘုရား၏အသေခံခြင်းကို တစ်ဖန်သူကြွလာသည်တိုင်အောင် ဝမ်းမြောက်စွာထုတ်ပြန်ကြေညာကြသည်။ ညစာစားပွဲအတွက်ပြင်ဆင်ခြင်းတွင် မိမိကိုယ်ကိုဆန်းစစ်ခြင်း၊ နောင်တရခြင်းနှင့် အပြစ်ဝန်ချတောင်းပန်ခြင်းတို့ပါဝင်သည်။ သခင်ဘုရားသည် ခြေဆေးမင်္ဂလာကို အသစ်တစ်ဖန်ဆေးကြောခြင်းကို သဘောဆောင်ရန်၊ ခရစ်တော်၏နှိမ့်ချခြင်းကဲ့သို့ အချင်းချင်းကူညီမစလိုခြင်းကိုဖော်ပြရန်၊ ကျွန်ုပ်တို့၏စိတ်နှလုံးကို ချစ်ခြင်းမေတ္တာ၌ပေါင်းစည်းရန် ချမှတ်ခဲ့သည်။ ပွဲတော်မင်္ဂလာတွင် ယုံကြည်သူခရစ်ယာန်များအားလုံးပါဝင်ခွင့်ရှိသည်။ (မဿဲ၊ ၂၆း၁၇–၃၀။ ယောဟန်၊ ၆း၄၈–၆၃။ ၁၃း၁–၁၇။ ၁ကော၊ ၁၀း၁၆၊၁၇။ ၁၁း၂၃–၃၀။ ဗျာ၊ ၃း၂၀။)

ဖုန်ပေသောခြေထောက်များဖြင့် သူတို့သည် ပသခါပွဲအတွက်အထက်ခန်းသို့ ရောက်လာခဲ့ကြသည်။ တစ်စုံတစ်ဦးသည် ခြေဆေးခြင်းဓလေ့အတွက် နူတ်သီးပါသောရေကိုင်းခွက်၊ ရေဇလုံနှင့် ကိုယ်သုတ်ပဝါကိုပြင်ဆင်ထားခဲ့သည်။ သို့သော် မည်သူကမျှအစေခံအလုပ်ကိုမလုပ်လိုကြချေ။

မကြာမီသေရတော့မည်ကိုသိ၍၊ ယေရှုကဝမ်းနည်းစွာဤသို့ဆိုသည်။ “ငါသည် အသေမခံမီ ဤပသခါပွဲကိုသင်တို့နှင့်အတူစားခြင်းငှာ အလွန်အလိုရှိလေပြီ။ ငါဆိုသည်ကား၊ ဘုရားသခင်၏နိုင်ငံတော်၌ ပသခါပွဲမပြည့်စုံမီတိုင်အောင် ယခုမှစ၍ ဤပွဲကို တစ်ဖန်ငါမစားရ” (လုကာ၊ ၂၂း၁၅၊၁၆)။

တပည့်တော်များအချင်းချင်းမနာလိုမှုသည် ယေရှု၏စိတ်နှလုံးကိုဝမ်းနည်းစေခဲ့သည်။ သူ၏နိုင်ငံတော်တွင် မည်သူသည်အကြီးဆုံးဖြစ်မည်ကို သူတို့ယှဉ်ပြိုင်နေကြသည်ကို သူသဘောပေါက်သည် (လုကာ၊ ၂၂း၂၄။ မဿဲ၊ ၁၈း၁။ ၂၀း၂၁)။ ရာထူးအတွက်အကွက်ဆင်ကြသည့်အရာမှာ သူတို့၏မာန်မာနနှင့် မိမိကိုယ်ကိုအထင်ကြီးခြင်းကြောင့်ဖြစ်သည်။ ၎င်းတို့သည် တပည့်တော်တို့အား မိမိကိုယ်ကိုနှိမ့်ချခြင်းမှတားဆီးပြီး၊ အခြားသူတို့၏ခြေကိုဆေးရန် အစေခံ၏နေရာကိုအစားမထိုးနိုင်ခဲ့ကြချေ။ ဘုရားသခင်၏နိုင်ငံတွင် စစ်မှန်သောကြီးမြတ်ခြင်းသည် နှိမ့်ချခြင်းနှင့် မေတ္တာဖြင့်အစေခံခြင်းအားဖြင့်ထင်ရှားကြောင်းကို သူတို့သည်သင်ယူနိုင်ကြပါဦးမည်လော။

"ညစာကိုစားကြစဉ်" (ယောဟန်၊ ၁၃း၂၊၄)၊ ယေရှုသည် ညင်သာစွာထ၍၊ ကိုယ်သုတ်ပဝါကိုယူပြီး၊ ဇလုံတွင်ရေလောင်းထည့်ကာ၊ ထို့နောက်ဒူးထောက်ပြီး တပည့်တော်တို့၏ခြေကိုစတင်ဆေးခဲ့သည်။ သခင်သည် အစေခံကဲ့သို့ဖြစ်သည်တကား။ စကားမပြောဘဲ အပြစ်တင်ဆုံးမခြင်းကိုနားလည်၍၊ တပည့်တော်တို့သည် ရှက်စိတ်နှင့်ပြည့်နေခဲ့ကြသည်။ မိမိတပည့်တော်များ၏ခြေကိုဆေးပြီးနောက် ယေရှုသည်စားပွဲတွင် မိမိနေရာကိုပြန်ယူပြီး ဤသို့ဆိုသည်။ "သင်တို့သည် ငါ့ကိုအရှင်ဘုရားဟူ၍လည်းကောင်း၊ သခင်ဟူ၍လည်းကောင်း ခေါ်တတ်ကြ၏။ ထိုစကားသည်လည်း ဟုတ်မှန်သောစကားဖြစ်၏။ အကြောင်းမူကား၊ သင်တို့ခေါ်ကြသည်အတိုင်း ငါမှန်၏။ ငါသည် သခင်ဖြစ်လျက်၊ အရှင်ဘုရားလည်းဖြစ်လျက်နှင့် သင်တို့၏ခြေကိုဆေးလျှင်၊ သင်တို့သည်အချင်းချင်းတို့၏ခြေကိုဆေးရကြမည်။ ငါသည် သင်တို့၌ပြုသကဲ့သို့ သင်တို့သည်ပြုစေခြင်းငှာ ပုံသက်သေကိုပြခဲ့ပြီ။ ငါအမှန်အကန်ဆိုသည်ကား၊ ကျွန်သည် သခင်ထက်ကြီးမြတ်သည်မဟုတ်၊ တမန်သည်လည်း စေလွှတ်သောသူထက်သာ၍ ကြီးမြတ်သည်မဟုတ်။ ဤအရာများကိုသင်တို့သိ၍ သိသည်အတိုင်းကျင့်လျှင် မင်္ဂလာရှိကြ၏။ (ယောဟန်၊ ၁၃း၁၄–၁၇)။

ထို့နောက်ယေရှုသည်ပသခါပွဲအစား သူ၏ကြီးမားသောပေးဆပ်ခြင်းကိုအောက်မေ့ဖို့ရန် သခင်ဘုရား၏ပွဲတော်ကိုစတင်ပြဋ္ဌာန်းခဲ့သည်။ သူသည် တဆေးမပါသောမုန့်ကိုယူ၍၊ "ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍...... တပည့်တော်တို့အားပေးတော်မူ၏" (မဿဲ၊ ၂၆း၂၆)။ ထိုနောက်၊ "ဤမုန့်ကား၊ သင်တို့အဖို့အလိုငှာ ချိုးဖဲ့သောငါ၏ကိုယ်ဖြစ်၏။ ယူ၍စားကြလော့။ ငါ့ကိုအောက်မေ့ဖို့ရာ ဤသို့ပြုကြလော့ဟုမိန့်တော်မူ၏" (၁ကော၊ ၁၁း၂၄)။ တစ်ဖန်သူသည် "ခွက်ကိုလည်းယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ သူတို့အားပေးတော်မူ၍၊ သင်တို့ရှိသမျှသည်သောက်ကြလော့။ ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏အပြစ်ကိုလွှတ်စေခြင်းငှာသွန်းသော ငါ၏အသွေးဖြစ်၏" (မဿဲ၊ ၂၆း၂၇၊၂၈)။ "ငါကိုအောက်မေ့ဖို့ရာ ဤသို့ပြုကြလော့ဟုမိန့်တော်မူ၏။ အကြောင်းမူကား၊ သင်တို့သည် ထိုမုန့်ကိုစား၍၊ ထိုခွက်ကိုသောက်သောအခါခါ၊ သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမီတိုင်အောင်ပြကြ၏" (၁ကော၊ ၁၁း၂၅၊၂၆) ဟုဆိုသည်။

ခြေဆေးမင်္ဂလာနှင့် သခင်ဘုရား၏ပွဲတော်တို့သည် ပွဲတော်မင်္ဂလာကိုဖြစ်လာစေသည်။ ထို့ကြောင့် ခရစ်တော်သည် သူနှင့်အတူရင်းနှီးကျွမ်းဝင်ခြင်း၌ဝင်စားစေခြင်းငှာ ကျွန်ုပ်တို့ကိုကူညီရန် ဤအရာနှစ်ခုကိုပြဋ္ဌာန်းခဲ့သည်။

## ခြေဆေးမင်္ဂလာ

ထုံးတမ်းစဉ်လာအရယုဒလူမိသားစုများသည် ပသခါပွဲတွင်မိမိတို့အိမ်များမှ တဆေးအားလုံးကိုဖယ်ရှားရသည်။ အကြောင်းမှာ တဆေးသည်အပြစ်ကိုပုံဆောင်သည်။ တဆေးမပါသောမုန့်စားရသောအပတ်၏ပထမနေ့မတိုင်မီ ၎င်းကိုဖယ်ရှားပြီးနောက် (ထွက်၊ ၁၂း၁၅၊၁၉၊၂၀)။ ယုံကြည်သူများသည် အပြစ်ဝန်ချတောင်းပန်၍၊ သူတို့သည် ခရစ်တော်နှင့် အနက်ရှိုင်းဆုံးသောအဆင့်၌ပွဲတော်ဝင်နိုင်ရန် မာန်မာန၊ ယှဉ်ပြိုင်မှု၊ မနာလိုဝန်တိုမှု၊ အမျက်ဒေါသနှင့် တစ်ကိုယ်ကောင်းဆန်ခြင်း စသည့်အပြစ်များကိုနှောင်တရရမည်။

ဤအရာအတွက် ခရစ်တော်သည်ခြေဆေးမင်္ဂလာကိုပြဋ္ဌာန်းခဲ့သည်။ သူသည် ပုံနမူနာပြသခြင်းသက်သက်မဟုတ်ဘဲ၊ အလားတူပြုရကြမည်။ ထိုသို့ပြုလျှင် ကောင်းချီးရမည်ဟုဖော်ပြကတိပေးခဲ့သည်။ "ဤအရာများကိုသင်တို့သိ၍၊ သိသည်အတိုင်းကျင့်လျှင် မင်္ဂလာရှိကြ၏" (ယောဟန်၊ ၁၃း၁၇)။ ပွဲတော်မဝင်မီဤခြေဆေးခြင်းသည် "မထိုက်မတန်ဘဲစားသောက်" (၁ကော၊ ၁၁း၂၇–၂၉) ခြင်းမရှိစေရန် လူတိုင်းမိမိတို့ကိုယ်ကိုစစ်ကြောမည်အကြောင်း ဤအမိန့်ကိုလိုက်နာခြင်းဖြစ်သည်။

**ခြေဆေးခြင်း၏အဓိပ္ပါယ်။** ဤခြေဆေးခြင်းသည် ခရစ်တော်၏သာသနာနှင့် ပါဝင်သူတို့၏အတွေ့အကြုံအကြောင်းကိုဖော်ပြသည်။

**၁။ ခရစ်တော်၏အောက်ကျို့ခြင်းအထိမ်းအမှတ်။** ခြေဆေးမင်္ဂလာသည် ခရစ်တော်၏လူ့ဇာတိခံယူခြင်းနှင့် အမှုဆောင်သောအသက်တာတို့၌ အရှက်ရခြင်းကိုအောက်မေ့ခြင်းဖြစ်သည်။ ကောင်းကင်ဘုံ၌ဘုန်းကျက်သရေများအကြောင်းတွင် သူသည် အဖခမည်းတော်နှင့်အတူ ရာထူးတူခဲ့သော်လည်း၊ သူသည် "မိမိအသရေကိုစွန့်၍၊ အစေခံကျွန်၏သဏ္ဌာန်ကိုယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းကိုခံတော်မူ၏" (ဖိလိပ္ပိ၊ ၂း၇)။

သူကယ်တင်ရန်လာသည့် လူအများစု၏ငြင်းပယ်ခြင်းခံရန်သာ ကိုယ်ကျိုးမဖက်၊ မေတ္တာဖြင့်ပေးဆပ်ခြင်းသည် ဘုရားသခင်၏သားတော်အတွက်အရှက်ရခြင်းပင်ဖြစ်သည်။ ခရစ်တော်၏လူသားဘဝတစ်လျှောက်၊ စာတန်သည် သူ့ကိုလုပ်ဆောင်လေသမျှတွင် အဆုံးစွန်အရှက်ရစေရန် စိတ်ပိုင်းဖြတ်ခဲ့သည်။ အပြစ်မဲ့သောသူကို ရာဇဝတ်သားကဲ့သို့ ကပ်တိုင်တင်သတ်ခြင်းသည် အရှက်ကွဲရသည့်အဖြစ်ပါတကား။

ခရစ်တော်သည် ကိုယ်ကျိုးမဖက်သည့်လုပ်ဆောင်သောအသက်တာဖြင့် နေထိုင်ခဲ့သည်။ သူသည်၊ "သူတစ်ပါးကိုစေစားခြင်းငှာမလာ၊ သူတစ်ပါးအစေကိုခံခြင်းငှာကြွလာသည်" (မဿဲ၊ ၂၀း၂၈)။ ခြေဆေးပေးခြင်းအားဖြင့် မည်သည့်အလုပ်မဆို၊ မည်မျှ

ပင်နိမ့်ကျပါစေ၊ လူတို့ကိုကယ်တင်ရန် လုပ်ဆောင်မည်ဖြစ်ကြောင်းကိုပြသခဲ့သည်။ ထို့ကြောင့် သူ၏အစေခံခြင်းအသက်တာနှင့် စိတ်သိမ်မွေ့ခြင်းတို့သည် သူ့နောက်လိုက်များ၏စိတ်ထဲတွင်စွဲထင်စေခဲ့သည်။

ခြေဆေးမင်္ဂလာအတွက်ပြင်ဆင်ရာတွင်၊ အခြားသူတို့ကိုအစေခံစေနိုင်မည့် နှုးညံ့သိမ်မွေ့ခြင်းနှင့် ချစ်တတ်သောအဆင့်သို့ရောက်လာစေရန် ခရစ်တော်ရည်ရွယ်ခဲ့သည်။ ဤခြေဆေးခြင်းသည် သူတစ်ပါးတို့ကိုနှိမ့်ချခြင်းနှင့် အသိတရားဖြင့်ဆက်ဆံသောသူတို့ကိုအားပေးသည်။ ခရစ်တော်၏ခြေဆေးခြင်းကိုလိုက်လျှောက်၍.....၊ ကျွန်ုပ်တို့သည် "အချင်းချင်းချစ်၍ အမှုချင်းကိုဆောင်ရွက်" (ဂလာ၊ ၅း၁၃) သောအားဖြင့်၊ သူ၏စိတ်ဓာတ်ကိုအတိအလင်းထုတ်ဖော်သည်။

ခြေဆေးကြခြင်းသည် နိမ့်ကျသော်လည်း၊ ၎င်းသည် အရှက်ရသိက္ခာကျစေသောအရာ လုံးဝမဟုတ်ပါ။ ခရစ်တော်ရှေ့၌ဦးညွှတ်၍ လက်ဝါးကပ်တိုင်တွင် သံမှိုရိုက်ခြင်းခံရသော ထိုခြေထောက်ကိုဆေးရခြင်းကို မည်သူကအခွင့်ထူးမဟုတ်ဟု ခံစားလိမ့်မည်နည်း။ ယေရှုက၊ "ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီ" (မဿဲ၊ ၂၅း၄၀) ဟုဆိုသည်။

**၂။ ပိုမိုမြင့်မြတ်သောဆေးကြောခြင်း။** ခြေဆေးခြင်းသည် ခြေထောက်သန့်ရှင်းသွားသည်ထက်ပိုသည်။ ၎င်းသည် ပိုမိုမြင့်မြတ်သောစင်ကြယ်ခြင်းဖြစ်သည့် စိတ်နှလုံးစင်ကြယ်ခြင်းကိုပုံဆောင်သည်။ ပေတရုသည် ယေရှုအား သူ့တစ်ကိုယ်လုံးကို ဆေးကြောရန်တောင်းဆိုသောအခါ၊ ယေရှုက "ရေချိုးပြီးသောသူမည်သည်ကား၊ ခြေဆေးခြင်းမှတစ်ပါး ဆေးရသောအကြောင်းမရှိ၊ တစ်ကိုယ်လုံးစင်ကြယ်၏" (ယောဟန်၊ ၁၃း၁၀) ဟုဆိုသည်။

ရေချိုးသောသူသည် စင်ကြယ်သည်။ သို့သော်လည်း၊ ဖိနပ်စီးသောခြေထောက်သည် ဟင်းလင်းပွင့်နေသောကြောင့်ဖုန်ပေကာ၊ တစ်ဖန်ဆေးကြောရန်လိုအပ်သည်။ တပည့်တော်များလည်း ထိုသို့ပင်ဖြစ်သည်။ သူတို့၏အပြစ်များကိုရေနှစ်ခြင်းခံယူခြင်းဖြင့် ဆေးကြောခဲ့ပြီဖြစ်သည်။ သို့သော် စုံစမ်းခြင်းသည် သူတို့၏စိတ်နှလုံးတွင်မာန်မာန၊ မနာလိုဝန်တိုမှုနှင့် မကောင်းမှုတို့ကိုမြတ်နိုးစေသည်။ သူတို့သည် သူတို့၏အရှင်သခင်နှင့်ပွဲတော်ဝင်ရန်နှင့် ကိုယ်တော်သည် သူတို့နှင့်ပြုမည့်ပဋိညာဉ်ကိုလက်ခံရန် အဆင်သင့်မဖြစ်သေးချေ။ ခြေဆေးခြင်းအားဖြင့်၊ ခရစ်တော်သည် သူတို့ကိုညစာစားပွဲတွင်ပါဝင်ရန် ပြင်ဆင်လိုခဲ့သည်။ သစ္စာဖောက်ယုဒမှလွဲ၍ သူတို့၏စိတ်နှလုံးသည် ခရစ်တော်၏ကျေးဇူးတော်အားဖြင့် တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် မာန်မာနတို့မှစင်ကြယ်ခဲ့ပြီး၊ သူတို့သည် အချင်းချင်းမေတ္တာ၌စည်းလုံးခဲ့ကြသည်။ ခရစ်တော်၏ကိုယ်ကျိုးမဖက်သောလုပ်ဆောင်မှုအားဖြင့် သူတို့သည်နှိမ့်ချ၍သင်ယူတတ်သူများဖြစ်လာခဲ့ကြသည်။

တပည့်တော်များကဲ့သို့၊ ကျွန်ုပ်တို့သည် ခရစ်တော်ကိုလက်ခံ၍ရေနှစ်ခြင်းခံယူပြီးသောအခါ၊ သူ၏အသွေးဖြင့်သန့်ရှင်းကြပြီဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာတွင် အမှားပြုမိကြသည်။ ကျွန်ုပ်တို့၏ခြေထောက်သည် ဖုန်ပေလာသည်။ ကျွန်ုပ်တို့သည် တစ်ဖန်ခရစ်တော်ထံသို့လာ၍၊ သူ၏စင်ကြယ်စေသောကျေးဇူးတော်ဖြင့် ဤအညစ်အကြေးများကိုဆေးကြောရမည်။ သို့သော်လည်း၊ ကျွန်ုပ်တို့သည် ရေနှစ်ခြင်းပြန်ခံရန်မလိုအပ်ချေ။ အကြောင်းမှာ ရေချိုးပြီးသောသူသည် ခြေဆေးရန်သာလိုအပ်သည် (ယောဟန်၊ ၁၃း၁၀)။ ခြေဆေးခြင်းမင်္ဂလာသည် ပုံမှန်ဆေးကြောခြင်းကိုလိုအပ်မှုနှင့် ကျွန်ုပ်တို့သည် ခရစ်တော်၏အသွေး၌မှီခိုကြောင်းတို့ကိုသတိရစေသည်။ ခြေဆေးခြင်းသက်သက်သည် အပြစ်ကိုမဆေးကြောနိုင်ချေ။ ခရစ်တော်ကသာလျှင် ကျွန်ုပ်တို့ကိုစင်ကြယ်စေနိုင်သည်။

**၃။ အပြစ်ခွင့်လွှတ်ခြင်းမိတ်သဟာယ။** ခြေဆေးမင်္ဂလာဝင်သောသူတို့အကြားတွင်ရှိသော အပြစ်ခွင့်လွှတ်ခြင်းစိတ်သဘောထားက ဤခြေဆေးခြင်းကပုံဆောင်သောအရာကို အကျိုးသက်ရောက်စေကြောင်းညွှန်ပြသည်။ ကျွန်ုပ်တို့သည် အပြစ်လွှတ်မှသာ ဘုရားသခင်၏အပြစ်လွှတ်ခြင်းကိုတွေ့ကြုံခံစားနိုင်သည်။ ခရစ်တော်သည် ဆုတောင်းခြင်းကိုသင်ပေးသောအချိန်တွင် ဤအရာကိုဆိုလိုသည်။ "သူတစ်ပါးသည် အကျွန်ုပ်တို့ကိုပြစ်မှားသောအပြစ်များကို အကျွန်ုပ်တို့သည်လွှတ်သကဲ့သို့၊ အကျွန်ုပ်တို့၏အပြစ်များကို လွှတ်တော်မူပါ" (မဿဲ၊ ၆း၁၂)။ "သင်တို့သည် သူတစ်ပါးတို့၏အပြစ်ကိုလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည် သင်တို့၏အပြစ်ကိုလွှတ်တော်မူမည်။ သင်တို့သည် သူတစ်ပါးတို့၏အပြစ်ကိုမလွှတ်လျှင်၊ သင်တို့အဘသည် သင်တို့၏အပြစ်ကိုလွှတ်တော်မမူ" (မဿဲ၊ ၆း၁၄၊၁၅)။

ယေရှုသည်ကျွန်ုပ်တို့ကို "သင်တို့သည်အချင်းချင်းတို့၏ခြေကိုဆေးရကြမည်" (ယောဟန်၊ ၁၃း၁၄) ဟုညွှန်ကြားချိန်တွင်၊ သူသည် ကျွန်ုပ်တို့ကိုသူတစ်ပါးခြေကိုဆေးရန်နှင့် သူတစ်ပါး၏ခြေဆေးခြင်းကိုခံရန် လိုလိုလားလားရှိရမည့်အကြောင်းကိုသင်ပေးခဲ့သည်။ သူတစ်ပါး၏ခြေဆေးခြင်းကိုခံခြင်းသည် ဝိညာဉ်ရေးအကူအညီလိုအပ်ကြောင်းကိုဝန်ခံခြင်းဖြစ်သည်။

ခြေဆေးခြင်းအမှုပြီးသွားသောအခါ၊ ကျွန်ုပ်တို့၏အပြစ်များကိုဆေးကြောပြီးဖြစ်သောကြောင့် သန့်ရှင်းပြီဟုကျွန်ုပ်တို့၏ယုံကြည်ခြင်းက ကျွန်ုပ်တို့ကိုယုံကြည်စိတ်ချစေသည်။ အပြစ်များကိုခရစ်တော်ကဆေးကြောသည်။ သို့သော်၊ ခရစ်တော်၏ဆေးကြောခြင်း၏အမှတ်အသားကို ကျွန်ုပ်တို့၏ခြေဆေးသောသူတို့က လုပ်ဆောင်ကြသည်။ ထို့ကြောင့် ခြေဆေးခြင်းသည် အပြစ်ခွင့်လွှတ်ခြင်းမိတ်သဟာယဖြစ်သည်။

**၄။ ခရစ်တော်နှင့်ယုံကြည်သူများတို့နှင့် မိတ်သဟာယဖွဲ့ခြင်း။** ခရစ်တော်သည် သူ့နောက်လိုက်များကို "အဆုံးတိုင်အောင်ချစ်တော်မူ" (ယောဟန်၊ ၁၃း၁) ကြောင်းကို ခြေဆေးခြင်းအမှုကဖေါ်ပြသည်။ ပေတရုသည် သူ၏ခြေကိုအဆေးမခံသောအခါ၊ ခရစ်တော်က "သင့်ကိုငါမဆေးရလျှင် သင်သည်ငါနှင့်မဆက်ဆံရ" (ယောဟန်၊ ၁၃း၈) ဟုပြန်ပြောခဲ့သည်။ ဆေးကြောခြင်းမရှိပါက၊ မိတ်သဟာယမရှိနိုင်ပါ။ ခရစ်တော်နှင့် အတူဆက်လက်၍မိတ်သဟာယဖွဲ့လိုသောသူတို့သည် ခြေဆေးခြင်းမင်္ဂလာတွင်ပါဝင်လိမ့်မည်။

ထိုညတွင်ပင်ယေရှုက "သင်တို့သည် အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ချစ်ကြလော့။ ငါသည် သင်တို့ကိုချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့ဟု ပညတ်သစ်ကိုငါပေး၏" (ယောဟန်၊ ၁၃း၃၄) ဟုဆိုသည်။ ခြေဆေးခြင်းနှင့်ဆိုင်သောသတင်းစကားသည်ရှင်းပါသည်။ "အချင်းချင်းချစ်၍၊ အမှုချင်းကိုဆောင်ရွက်ကြလော့" (ဂလာ၊ ၅း၁၃)။ ဤကဲ့သို့သောချစ်ခြင်းမျိုးရှိခြင်းဆိုသည်မှာ သူတစ်ပါးသည် ကိုယ်ထက်သာ၍ကောင်းမြတ်သည်ဟုနှိမ့်ချသောစိတ်ဖြင့် မှတ်ယူခြင်းဖြစ်သည် (ဖိလိပ္ပိ ၂း၃)။ ၎င်းသည် ကျွန်ုပ်တို့နှင့်ခြားနားသောသူတို့ကိုချစ်ရန် စည်းမျဉ်းချမှတ်သည်။ ၎င်းသည် ကျွန်ုပ်တို့၌ကြီးစိုးမှုနှင့် ဘက်လိုက်မှုတို့ကိုခွင့်မပြုချေ။ ကျွန်ုပ်တို့၏အသက်ရှင်နေထိုင်ပုံသည် သူတစ်ပါးတို့အားချစ်သောအချစ်ကို ရောင်ပြန်ဟပ်လိမ့်မည်။ သူတို့ရှေ့၌ ဒူးထောက်၍၊ သူတို့၏ခြေကိုဆေးခြင်းဖြင့်၊ ကျွန်ုပ်တို့သည် အချင်းချင်းတန်းတူဖြစ်ကြောင်း၊ ထာဝရကာလတစ်လျှောက်ကောင်းချီးမင်္ဂလာကို အတူတူခံစားရမည်ဖြစ်ကြောင်းတို့ကို ဝန်ခံခြင်းဖြစ်သည်။ ခရစ်တော်၏ခြေဆေးခြင်းနမူနာကို လိုက်လျှောက်သောသူအားလုံးသည် ခရစ်တော်ချစ်သကဲ့သို့ ချစ်ခြင်း၏ဆိုလိုရင်းအဓိပ္ပါယ်ကို တနည်းနည်းဖြင့်တွေ့ကြုံခံစားလိမ့်မည်။ ထိုသို့သောမေတ္တာသည် အားကြီးသောသက်သေခံခြင်းဖြစ်နိုင်သည်။

တစ်ချိန်ကဗုဒ္ဓဘုန်းကြီးတစ်ပါးသည် ခရစ်ယာန်သာသနာပြုအား ခရစ်ယာန်ဘာသာကိုပုံဖော်သောမြင်ကွင်းကိုပြရန်တောင်းဆိုခဲ့သည်။ အပြန်အလှန်စကားပြောကြပြီးနောက်၊ သာသနာပြုဆရာက (ယောဟန် ၁၃) မှဖြစ်ရကိုဝေငှခဲ့သည်။ ၎င်းဖြစ်စဉ်ကို သာသနာပြုဆရာက ဤသို့ပြန်ပြောပြသည်။ "ကျွန်တော်ဖတ်သောအချိန်တွင် ဘုန်းကြီးသည် ဘာမျှမပြောခဲ့ပါ။ တပည့်တော်တို့၏ခြေကို ယေရှုကဆေးသည့်ကျမ်းပိုဒ်ကိုဖတ်နေစဉ်တွင် ထူးဆန်းသောအံ့ဩထိတ်လန့်ဖွယ်တိတ်ဆိတ်ခြင်းနှင့် တန်ခိုးကိုကျွန်တော်ခံစားရသည်။" ထိုယဉ်ကျေးမှုတွင် လူထုရှေ့၌ခြေထောက်နှင့်ဆိုင်သောအရာများကို ဆွေးနွေးခြင်းသည် အလွန်ပင်ယဉ်ကျေးရည်မွန်မှုမရှိဟုယူဆကြသည်။

"ကျွန်တော်ဖတ်ပြီးသောအခါ၊ ခဏမျှတိတ်ဆိတ်သွားခဲ့သည်။ သူသည် ကျွန်တော့်ကိုမယုံကြည်နိုင်သောအကြည့်ဖြင့်ကြည့်၍၊ ခင်ဗျားတို့ဘာသာကိုတည်ထောင်သောသူသည် သူ့တပည့်များ၏ခြေထောက်ကိုဆေးသည်ဟုသင်ဆိုလိုပါသလား" ဟုပြောခဲ့သည်။

"'မှန်ပါသည်' ဟုကျွန်တော်ပြန်ဖြေခဲ့သည်။ မျက်ခုံးမွေးနှင့်ဆံပင်ကိုရိတ်ထားသည့် ပုံမှန်တည်ငြိမ်သောမျက်နှာဝိုင်းဝိုင်းသည် အံ့ဩတုန်လှုပ်လျက်တွန့်ရှုံ့သွားခဲ့သည်။ သူသည် မှင်တက်မိနေပြီး၊ ကျွန်တော်လည်း နှုတ်ဆိတ်နေခဲ့သည်။ ကျွန်တော်သည် အကြိမ်ကြိမ်တံတွေးကိုခပ်ပြင်းပြင်းမျိုချခဲ့ပြီး၊ ကျွန်တော်တို့နှစ်ယောက်သည် ၎င်းဖြစ်ရပ်၏ဇာတ်လမ်းတွင်မျောနေခဲ့ကြသည်။ ကျွန်တော်သည် သူ့ကိုငေးကြည့်နေစဉ်၊ သူ့မျက်နှာပေါ်က မယုံကြည်နိုင်သောအကြည့်သည် ကြည်ညိုလေးစားသည့်အဖြစ်သို့ပြောင်းသွားသည်။ ခရစ်ယာန်ဘာသာကိုတည်ထောင်သောသူသည် ညစ်ပေသောတံငါသည်တို့၏ခြေထောက်ကို ကိုင်၍ဆေးပေးပါသည်တကား။ ခဏကြာပြီးနောက် သူသည် မိမိကိုယ်ကိုထိန်းထားရင်း၊ မိမိခြေထောက်ပေါ်မတ်တတ်ရပ်လိုက်သည်။ 'အခုဘုန်းဘုန်း၊ ခရစ်ယာန်ဘာသာ၏အနှစ်သာရကိုမြင်သွားပြီ။'"

## သခင်ဘုရား၏ညစာစားပွဲကိုကျင်းပခြင်း

ပရိုတက်စတန့်အသင်းတော်များအကြားတွင် ပွဲတော်အတွက်အများသုံးနာမည်မှာ "သခင်ဘုရား၏ပွဲတော်" ဖြစ်သည် (၁ကော၊ ၁၁း၂၀)။ အခြားနာမည်များမှာလည်း၊ "သခင်ဘုရား၏စားပွဲ" (၁ကော၊ ၁၀း၂၁။ RSV)၊ "မုန့်ကိုဖဲ့ခြင်း" (တမန်၊ ၂၀း၇။ ၂း၄၂)၊ ပွဲတော်၏ကျေးဇူးတင်ခြင်းနှင့် ကောင်းချီးပေးခြင်းကဏ္ဍကိုရည်ညွှန်းသည့် ခရစ်တော်၏နောက်ဆုံးညစာစားပွဲ (မဿဲ၊ ၂၆း၂၆၊၂၇။ ၁ကော၊ ၁၀း၁၆။ ၁၁း၂၄) တို့ဖြစ်ကြသည်။

သခင်ဘုရား၏ပွဲတော်သည် ဝမ်းနည်းရမည့်အချိန်မဟုတ်၊ ပျော်ရွှင်ရမည့်အချိန်ဖြစ်သည်။ အလျှင်ကျသောခြေဆေးမင်္ဂလာသည် မိမိကိုယ်ကိုဆန်းစစ်ခြင်း၊ အပြစ်များကိုဝန်ချတောင်းပန်ခြင်း၊ သဘောထားချင်းမတိုက်ဆိုင်မှုများကိုညှိနှိုင်းခြင်းနှင့် အပြစ်ခွင့်လွှတ်ခြင်းစသည်တို့အတွက် အခွင့်အရေးကိုဖန်တီးပေးခဲ့သည်။ ကယ်တင်ရှင်၏အသွေးအားဖြင့် သန့်စင်စေပြီးကြောင်းအာမခံချက်ကိုရရှိပြီးဖြစ်ရာ၊ ယုံကြည်သူများသည် မိမိတို့သခင်ဘုရားနှင့်အတူ အထူးပွဲတော်ပါဝင်ရန် အဆင်သင့်ဖြစ်နေကြသည်။ သူတို့သည် လက်ဝါးကပ်တိုင်၏အရိပ်၌မဟုတ်ဘဲ၊ ကယ်တင်ခြင်းအလင်းတရား၌ဝမ်းမြောက်စွာဖြင့် ခရစ်တော်၏ရွေးနုတ်သောအောင်မြင်ခြင်းကို ချီးကျူးဂုဏ်ပြုရန် ကိုယ်တော်၏စားပွဲတွင်ရှိနေကြသည်။

**သခင်ဘုရား၏ပွဲတော်၏အဓိပ္ပါယ်။** သခင်ဘုရား၏ပွဲတော်သည် ပဋိညာဉ်အဟောင်းခေတ်ကပသခါပွဲကိုအစားထိုးသည်။ ပသခါပွဲသည် ပသခါ၏သိုးသငယ်ဖြစ်သောခရစ်တော်သည် မိမိအသက်ကိုပေးချိန်တွင်ပြည့်စုံသွားခဲ့သည်။ မိမိအသေမခံမီ၊ ခရစ်တော်ကိုယ်တိုင်သည် အသစ်သောပဋိပညာဉ်အောက်တွင် ဝိညာဉ်ရေးဣသရေလတို့၏ မဟာပွဲတော်ဖြင့်အစားထိုးမှုပြုခဲ့သည်။ ထို့ကြောင့် သခင်ဘုရား၏ပွဲတော်၏ပုံဆောင်မှုအရင်းအမြစ်ကို ပသခါပွဲကျင်းပခဲ့သည့်အချိန်ကာလသို့ရောက်ရှိသွားသည်။

**၁။ အပြစ်မှကယ်လွှတ်ခြင်းအထိမ်းအမှတ်ပွဲ။** ပသခါပွဲသည် ဣသရေလလူမျိုးများ အီဂျစ်ပြည်ကျွန်ဘဝမှ လွတ်မြောက်ခြင်းအထိမ်းအမှတ်ပွဲဖြစ်သကဲ့သို့၊ သခင်ဘုရား၏ပွဲတော်သည် ဝိညာဉ်ရေးအီဂျစ်ပြည်တည်းဟူသော အပြစ်၏ကျေးကျွန်ဘဝမှလွတ်မြောက်ခြင်းအထိမ်းအမှတ်ပွဲဖြစ်သည်။

တံခါးထုပ်တိုင်၌သုတ်လိမ်းသော ပသခါသိုးသငယ်၏အသွေးသည် ထိုအိမ်၌နေထိုင်သောသူတို့ကိုသေခြင်းမှကာကွယ်သည်။ ၎င်းအသား၏အာဟာရသည် သူတို့ကိုအီဂျစ်ပြည်မှလွတ်မြောက်ရန် ခွန်အားကိုပေးသည် (ထွက်၊ ၁၂း၃-၈)။ ထိုနည်းတူခရစ်တော်၏ယဇ်ပူဇော်ခြင်းသည် သေခြင်းမှလွတ်မြောက်ခြင်းကိုယူဆောင်လာသည်။ ယုံကြည်သူများသည် သူ၏ကိုယ်ခန္ဓာနှင့်အသွေးကိုစားသောက်ခြင်းအားဖြင့် ကယ်တင်ခြင်းခံရကြသည် (ယောဟန်၊ ၆း၅၄)။ ခရစ်တော်၏လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်းသည် ကျွန်ုပ်တို့အတွက်ကယ်တင်ခြင်း၊ အပြစ်လွှတ်ခြင်းကိုပေး၍၊ ထာဝရအသက်ကိုအာမခံပေးသည်။

ယေရှုက "ငါ့ကိုအောက်မေ့ဖို့ရာဤသို့ပြုကြလော့" (၁ကော၊ ၁၁း၂၄) ဟုဆိုသည်။ ဤပွဲတော်သည် ခရစ်တော်၏အပြစ်ဖြေခြင်းပမာဏကို အလေးပေးသည်။ ယေရှုက "ဤမုန့်ကား၊ သင်တို့အဖို့အလို့ငှာ ချိုးဖဲ့သောငါ၏ကိုယ်ဖြစ်၏" (၁ကော၊ ၁၁း၂၄) ဟုဆိုသည်။ လက်ဝါးကပ်တိုင်ပေါ်တွင် အပြစ်ရှိသူတို့အစား အပြစ်မဲ့သောသူ၊ မဖြောင့်မတ်သောသူတို့အစား ဖြောင့်မတ်တော်မူသောသူဖြင့်အစားထိုးခဲ့သည်။ ဤစိတ်ထားမြင့်မြတ်သောလုပ်ဆောင်မှုသည် အပြစ်သားသည်သေရမည်ဟူသောပညတ်တော်၏တောင်းဆိုမှုကိုဖြည့်ဆည်းပေး၍၊ အပြစ်လွှတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် နောင်တရသောအပြစ်သားအား ထာဝရအသက်အာမခံချက်တို့ကိုပေးသည်။ လက်ဝါးကပ်တိုင်သည် ကျွန်ုပ်တို့အားအပြစ်စွဲချက်ကိုဖယ်ရှားပေးပြီး၊ ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်လုံနှင့် မကောင်းမှုကိုအောင်နိုင်သောတန်ခိုးကိုပေးသည်။

**က။ မုန့်နှင့်စပျစ်နွယ်ပင်၏အသီး။** ယေရှုသည် မိမိအကြောင်းသမ္မာတရားများကိုသွန်သင်ရန် ဥပမာများစွာအသုံးပြုသည်။ သူက "ငါသည် တံခါးဝဖြစ်၏" (ယောဟန်၊ ၁၀း၇)၊ "ငါသည်လမ်းခရီးဖြစ်၏" (ယောဟန်၊ ၁၄း၆)၊ "ငါသည်မှန်သော

စပျစ်နွယ်ပင်ဖြစ်၏" (ယောဟန်၊ ၁၅း၁)၊ "ငါသည်အသက်မုန့်ဖြစ်၏" (ယောဟန်၊ ၆း၃၅) ဟုဆိုသည်။ ကျွန်ုပ်တို့သည် ဤစကားအသုံးအနှုန်းများကို တိုက်ရိုက်အဓိပ္ပါယ်ကောက်၍မရပါ။ အကြောင်းမှာ သူသည် တံခါး၊ လမ်းခရီး သို့မဟုတ် စပျစ်နွယ်ပင်တိုင်း၌မရှိချေ။ ထို့အစား၊ ၎င်းတို့သည် သာ၍နက်နှိုင်းသောသမ္မာတရားများကိုပုံဆောင်သည်။

လူပေါင်း (၅,၀၀၀) ကိုမယုံနိုင်လောက်အောင်ကျွေးမွေးသောအချိန်တွင်၊ ယေရှုသည် သူ့ကိုယ်ခန္ဓာနှင့်အသွေး၏ သာ၍နက်နဲသောအဓိပ္ပါယ်ကိုဖော်ပြသည်။ စစ်မှန်သောမုန့်အဖြစ်၊ ယေရှုက--- "မောရှေသည် သင်တို့အားကောင်းကင်မုန့်ကိုမပေး။ ခမည်းတော်သည်မှန်သောကောင်းကင်မုန့်ကို သင်တို့အားပေးတော်မူ၏။ ဘုရားသခင်၏မုန့်မူကား၊ ကောင်းကင်မှဆင်းသက်၍ လောကီသားတို့အားအသက်ကိုပေးသောမုန့်ပေတည်း ဟုမိန့်တော်မူလျှင်၊ သခင်၊ ထိုမုန့်ကိုအကျွန်ုပ်တို့အား အစဉ်မပြတ်ပေးတော်မူပါဟုလျှောက်ကြ၏။ ယေရှုကလည်း၊ ငါသည်အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တစ်ဖန်အဆာအမွတ်မခံရ။ ငါ့ကိုယုံကြည်သောသူသည် နောက်တစ်ဖန်ရေငတ်မခံရ" (ယောဟန်၊ ၆း၃၂-၃၅) ဟုဆိုသည်။ သူသည် ကျွန်ုပ်တို့၏အနက်ရှိုင်းဆုံးသောလိုအပ်ချက်များနှင့်လိုအင်ဆန္ဒများအတွက် ဆာလောင်ငတ်မွတ်ခြင်းကို ဖြည့်ဆည်းပေးရန် သူ၏ကိုယ်ခန္ဓာနှင့်အသွေးကိုပေးအပ်ခဲ့သည် (ယောဟန်၊ ၆း၅၀-၅၄)။

ယေရှုစားသောပသခါမုန့်သည် တဆေးမပါပေ။ စပျစ်ရည်သည်လည်းကစော်မပေါက်ချေ။ မုန့်ကိုပွစေ၍ ကစော်ပေါက်စေသည့်တဆေးသည် အပြစ်၏သင်္ကေတအဖြစ်ယူဆသည် (၁ကော၊ ၅း၇၊၈)။ ထို့ကြောင့် ၎င်းသည် "အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သောသိုးသငယ်" (၁ပေ၊ ၁း၁၉) ကိုကိုယ်စားပြုရန်မသင့်လျော်ချေ။ တဆေးမပါ၊ သို့မဟုတ် ကစော်မပေါက်သောမုန့်ကသာလျှင် အပြစ်ကင်းသောခရစ်တော်၏ကိုယ်ခန္ဓာကိုပုံဆောင်နိုင်သည်။ ထိုနည်းတူမပုပ်သောစပျစ်သီး သို့မဟုတ် ကစော်မပေါက်သောစပျစ်ရည်ကသာလျှင် အပြစ်ကင်း၍ပြည့်စုံသည့် စင်ကြယ်စေသောခရစ်တော်၏အသွေးကို လျော်ကန်စွာပုံဆောင်နိုင်သည်။

**ခ။ စားခြင်းနှင့်သောက်ခြင်း။** "လူသား၏အသားကိုမစား၊ အသွေးကိုမသောက်လျှင် သင်တို့၌အသက်မရှိ။ ငါ၏အသားကိုစား၍၊ ငါ၏အသွေးကိုလည်းသောက်သောသူသည် ထာဝရအသက်ကိုရ၏။ ထိုသူကိုနောက်ဆုံးသောနေ့၌ ငါထမြောက်စေမည်" (ယောဟန်၊ ၆း၅၃၊၅၄)။

ခရစ်တော်၏အသားကိုစားခြင်းနှင့် အသွေးကိုသောက်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို စိတ်တွင်စွဲမှတ်ခြင်းကိုပုံဆောင်သည်။ နှုတ်ကပတ်တော်အားဖြင့် ယုံကြည်သူများသည် ကောင်းကင်နှင့်ရင်းနှီးမှုကိုထိန်းသိမ်းပြီး၊ ဝိညာဉ်ရေးအသက်တာ

ကိုရရှိစေနိုင်သည်။ ကိုယ်တော်က "ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏" (ယောဟန်၊ ၆း၆၃)။ "လူသည် မုန့်အားဖြင့်သာအသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်" (မဿဲ၊ ၄း၄) ဟုဆိုသည်။

ယုံကြည်သူများသည် အသက်ပေးသောနှုတ်ကပတ်တော်သမ္မာကျမ်းစာကို စားသုံးခြင်းအားဖြင့် အသက်မုန့်ဖြစ်သော ခရစ်တော်ကိုမှီဝဲကြသည်။ ထိုနှုတ်ကပတ်တော်နှင့်အတူ ခရစ်တော်၏အသက်ပေးသောတန်ခိုးလာသည်။ ပွဲတော်မင်္ဂလာတွင်လည်း၊ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်၊ သူ၏နှုတ်ကပတ်တော်ကိုစိတ်ထဲစွဲမှတ်ခြင်းဖြင့် ခရစ်တော်ကိုသုံးဆောင်ကြသည်။ ဤအကြောင်းကြောင့် သခင်ဘုရား၏ပွဲတော်တိုင်းတွင် နှုတ်ကပတ်တော်ကိုဟောပြောခြင်းပါရှိသည်။

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၏အပြစ်ဖြေရာယဇ်၏အကျိုးအမြတ်များကို အပိုင်စီးသည်ဖြစ်ရာ၊ သခင်ဘုရား၏ပွဲတော်သည် အထိမ်းအမှတ်စားပွဲမျှထက်ပိုသည်။ ပွဲတော်၌ပါဝင်ခြင်းသည် ကျွန်ုပ်တို့အားအသက်နှင့်ဝမ်းမြောက်ခြင်းကိုပေးသည့် ခရစ်တော်၏ထိန်းထားသောတန်ခိုးအားဖြင့်၊ ကျွန်ုပ်တို့၏အသက်တာ ရှင်သန်တက်ကြွလာစေခြင်းကိုဆိုလိုသည်။ အကျဉ်းအားဖြင့်၊ "ကျွန်ုပ်တို့သည် ကာယအသက်အတွက်အစာရေစာအပေါ်မှီနေရသကဲ့သို့၊ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးအသက်တာအတွက် ခရစ်တော်ကိုမှီခိုနေရကြောင်း" ကို ဤပုံဆောင်မှုကပြသသည်။ ပွဲတော်မင်္ဂလာအတွင်း ကျွန်ုပ်တို့သည် ခွက်ကိုကောင်းချီးပေးသည် (၁ကော၊ ၁၀း၁၆)။ ဤအရာသည် ယေရှုက ခွက်ကိုယူ၍ ဂုဏ်တော်ကိုချီးမွမ်း" (မဿဲ၊ ၂၆း၂၇) သကဲ့သို့ဖြစ်သည်။ ထိုကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်၏အသွေးအတွက်ကျေးဇူးတင်သည်။

**၂။ ခရစ်တော်နှင့်အတူပွဲတော်ဝင်ခြင်း။** ပဋိပက္ခနှင့်သဘောထားကွဲလွဲမှုတို့ဖြင့်ပြည့်နေသောလောကတွင် ဤပွဲတော်မင်္ဂလာများ၌ ကျွန်ုပ်တို့ပေါင်းစည်းပါဝင်ခြင်းသည် အသင်းတော်၏စည်းလုံးခြင်းနှင့် တည်ငြိမ်ခြင်းတို့အတွက်ထောက်ပံ့ပေးပြီး၊ ခရစ်တော်နှင့်လည်းကောင်း၊ အချင်းချင်းသော်လည်းကောင်း စစ်မှန်သောရင်းနှီးဆက်ဆံမှုကိုပြသည်။ ဤရင်းနှီးသောဆက်ဆံမှုကို အထူးပြုလျက်၊ ပေါလုက "ငါတို့သည် ကျေးဇူးတော်ကိုချီးမွမ်းရာမင်္ဂလာခွက်ဖလားမူကား၊ ခရစ်တော်၏အသွေးကိုဆက်ဆံခြင်းဖြစ်သည်မဟုတ်လော။ မုန့်တစ်လုံးတည်းရှိသည်ဖြစ်၍၊ ငါတို့ရှိသမျှသည် တစ်လုံးတည်းဖြစ်သောထိုမုန့်ကိုဆက်ဆံလျက်ခံယူကြသောကြောင့်၊ အများဖြစ်သောငါတို့သည် တစ်လုံးတစ်ကိုယ်တည်းဖြစ်ကြ၏" (၁ကော၊ ၁၀း၁၆၊၁၇) ဟုဆိုသည်။

"ပွဲတော်မုန့်တစ်ခုတည်းမှအပိုင်းပိုင်းဖဲ့၍ ယုံကြည်သူများကစားကြသည့်အရာမှာ၊ ပွဲတော်ကိုစားသောယုံကြည်သူအားလုံးသည် ချိုးဖဲ့သောမုန့်ကပုံဆောင်သည့် ကြေမွသော ခရစ်တော်၏ကိုယ်ခန္ဓာ၌ စည်းလုံးခြင်းကိုပုံဆောင်သည်။ ဤပွဲတော်မင်္ဂလာတွင် အတူ တကွပါဝင်ခြင်းအားဖြင့် ခရစ်ယာန်တို့သည် ခရစ်တော်သည်ဦးခေါင်းဖြစ်သည့် မိသားစု ကြီး၌စည်းလုံး၍ ၎င်းနှင့်သက်ဆိုင်ကြောင်းကို လူသိရှင်ကြားပြသသည်။"

အသင်းသူအသင်းသားအားလုံးသည် ဤမွန်မြတ်သောပွဲတော်မင်္ဂလာကိုဝင်ကြရ မည်။ အဘယ်ကြောင့်ဆိုသော်၊ ထိုနေရာတွင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်၊ "ခရစ်တော်သည် သူ၏လူတို့နှင့်တွေ့ဆုံ၍၊ သူပါရှိနေခြင်းအားဖြင့် သူတို့ကိုခွန်အား ပေးသည်။ ပွဲတော်ကိုပေးသောသူသည် စိတ်နှလုံးနှင့်လက်မစင်ကြယ်သောသူဖြစ်နိုင် သည်။ သို့သော်လည်း ခရစ်တော်သည် သူ၏သားသမီးများကိုပွဲတော်ပေးရန် ထိုနေရာ တွင်ရှိနေသည်။ သူ့အပေါ်ခိုင်မြဲသောယုံကြည်ခြင်းနှင့် လာသောသူအားလုံးသည် များစွာ ကောင်းချီးခံရမည်။ ဤဘုရားရှင်၏အခွင့်ထူးအချိန်အခါကို လျစ်လျူရှုသောသူအားလုံး သည် ဆုံးရှုံးမှုကိုခံစားရလိမ့်မည်။ ထိုသူတို့အား 'သင်တို့အားလုံးသည်မစင်ကြယ်' ဟု ပြောလျှင်သင့်လျော်လိမ့်မည်။"

ကျွန်ုပ်တို့သည် သခင်ဘုရား၏စားပွဲတွင် အခိုင်မာဆုံးနှင့်အနက်ရှိုင်းဆုံးသော လူစုအဖြစ်ခံယူမှုကိုတွေ့ကြုံခံစားရသည်။ ဤနေရာတွင် ကျွန်ုပ်တို့ကိုခွဲခြားသောအတား အဆီးများကျိုးပျက်ခြင်းနှင့်အတူ အခြေခံတူညီမှု၌တွေ့ဆုံကြသည်။ လူ့အသိုက်အဝန်းတွင် ကျွန်ုပ်တို့ကိုခွဲခြားသောအရာများစွာရှိသော်လည်း၊ ခရစ်တော်၌ကျွန်ုပ်တို့ကိုစည်းလုံးရန် လိုအပ်သောအရာဟူသမျှရှိကြောင်းကို ဤနေရာတွင် ကျွန်ုပ်တို့သဘောပေါက်ရသည်။ ခွက်ကိုအတူတူသောက်ကြစဉ်၊ ယေရှုသည် သူ့တပည့်တော်တို့ကိုပဋိညာဉ်အသစ်ကိုပေး ခဲ့သည်။ သူက "သင်တို့ရှိသမျှသည် သောက်ကြလော့။ ဤခွက်ကားပဋိညာဉ်တရားသစ်နှင့် ဆိုင်၍ လူများတို့အပြစ်ကိုလွှတ်စေခြင်းငှာ သွန်းသောငါ၏အသွေးဖြစ်၏" (မဿဲ၊ ၂၆း၂၇၊၂၈) ဟုဆိုသည်။ ပဋိညာဉ်အဟောင်းကို ယဇ်ပူဇော်သောတိရစ္ဆာန်၏အသွေးအားဖြင့် တည်စေ သကဲ့သို့ (ထွက်၊ ၂၄း၈)၊ ပဋိညာဉ်အသစ်ကိုမူ ခရစ်တော်၏အသွေးအားဖြင့်တည်စေ သည်။ ဤပွဲတော်မင်္ဂလာတွင် ယုံကြည်သူတို့သည် ယေရှု၌ဘုရားသခင်သည် မိမိ ကိုယ်ကိုလူသားတို့နှင့်နှောင်ဖွဲ့သည့်သဘောတူညီမှု၌ သူတို့လည်းပါဝင်ကြောင်းကို အသစ်တစ်ဖန်အမှတ်ရ၍၊ သူတို့၏သခင်ဘုရားအပေါ်သစ္စာစောင့်ရန် သူတို့၏ကတိကို အသစ်ပြန်စကြသည်။ ဤပဋိညာဉ်၌ပါဝင်သည်ဖြစ်ရာ၊ သူတို့သည်ပွဲခံရန်ရှိသည်။ ထို့ကြောင့် သခင်ဘုရား၏ပွဲတော်သည် ထာဝရကျေးဇူးတော်နှင့်ဆိုင်သောပဋိညာဉ် တံဆိပ်ခတ်ခြင်း၏အထိမ်းအမှတ်နှင့် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းခြင်းဖြစ်သည်။ ပါဝင်သောသူတို့၏ယုံကြည်ခြင်းရှိသည်အတိုင်း ကောင်းချီးမင်္ဂလာကိုရရှိကြသည်။

**၃။ ဒုတိယအကြိမ်ကြွလာခြင်းကိုမျှော်လင့်စောင့်စားခြင်း။** "သင်တို့သည် ဤမုန့်ကိုစား၍ ဤခွက်ကိုသောက်သောအခါခါ၊ သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမီတိုင်အောင်ပြုကြ၏" (၁ကော၊ ၁၁း၂၆)။ ပွဲတော်မင်္ဂလာသည် ကရာနိကုန်းနှင့် ဒုတိယအကြိမ်ကြွလာခြင်းအကြားကာလကိုလွှမ်းခြုံသည်။ ၎င်းသည် လက်ဝါးကပ်တိုင်နှင့် နိုင်ငံတော်ကိုချိတ်ဆက်သည်။ ၎င်းသည် "ဖြစ်ပြီးသောအရာ" နှင့် ခမ္ဘသစ်ကျမ်း၏အမြင်၏အချုပ်ဖြစ်သော "မဖြစ်သေးသောအရာ" ကိုဆက်ပေးသည်။ ၎င်းသည် ကယ်တင်ရှင်၏ဆက်ကပ်ပူဇော်ခြင်းနှင့် သူ၏ဒုတိယအကြိမ်ကြွလာခြင်း၊ ကြိုတင်စီမံသောကယ်တင်ခြင်းနှင့် အထမြောက်သောကယ်တင်ခြင်းတို့ကို အတူတူဆုပ်ကိုင်ထားသည်။ ခရစ်တော်သည် ဝိညာဉ်တော်အားဖြင့် သူထင်ရှားစွာကြွလာသည်တိုင်အောင် ကျွန်ုပ်တို့နှင့်အတူတူရှိနေကြောင်း ၎င်းကကြေညာသည်။

"ဤစပျစ်ရည်မျိုးအသစ်ကို ငါ့ခမည်းတော်၏နိုင်ငံ၌သင်တို့နှင့်အတူ ငါမသောက်မီနေ့တိုင်အောင် ယခုမှစ၍တစ်ဖန်ငါမသောက်ရ" (မဿဲ၊ ၂၆း၂၉) ဟူသောခရစ်တော်၏သစ္စာကတိသည် အနာဂတ်ပြောကြားချက်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို နိုင်ငံတော်၌ကျွန်ုပ်တို့၏ကယ်တင်ရှင်နှင့်အတူ ပွဲတော်ကျင်းပမည့်အနာဂတ်သို့လမ်းညွှန်ပေးသည်။ ထိုအခါသမယသည် ကြီးကျယ်ခမ်းနားသော "သိုးသငယ်၏မင်္ဂလာဆောင်ပွဲ" (ဗျာ၊ ၁၉း၉) ဖြစ်သည်။

ဤပွဲအတွက်ပြင်ဆင်ရန် ခရစ်တော်ကဤသို့ညွှန်ကြားသည်။ "သင်တို့သည် ခါးပန်းစည်းလျက်၊ ဆီမီးထွန်းလျက်နေသဖြင့်၊ သခင်သည် မင်္ဂလာဆောင်ပွဲမှပြန်လာ၍ တံခါးကိုခေါက်သောအခါ ချက်ချင်းဖွင့်ခြင်းငှာ သခင်လာမည်ကိုမျှော်လင့်၍နေသော ကျွန်ကဲ့သို့ရှိနေကြလော့။ အကြင်ကျွန်တို့သည်စောင့်လျက်နေသည်ကို သခင်သည် ပြန်လာ၍တွေ့၏။ ထိုကျွန်တို့သည်မင်္ဂလာရှိကြ၏။ ငါအမှန်ဆိုသည်ကား၊ သခင်သည် ခါးပန်းစည်းလျက် ကျွန်တို့ကိုစားပွဲ၌လျောင်းစေပြီးမှ၊ ကိုယ်တိုင်လာ၍ သူတို့အား လုပ်ကျွေးလိမ့်မည်" (လုကာ၊ ၁၂း၃၅–၃၇)။

ဂုဏ်ပြုထမင်းစားပွဲ၌ သူ့နောက်လိုက်များနှင့်အတူစုရုံး၍ ခရစ်တော်သည် ယေရုရှလင်မြို့၌ပြုခဲ့သည်နည်းတူ ညစာစားပွဲကိုကျင်းပလိမ့်မည်။ သူသည်ကြာမြင့်စွာကပင် ဤအခွင့်အခါကိုစောင့်မျှော်နေခဲ့ပြီး၊ ယခုတွင် အားလုံးသည်အဆင်သင့်ဖြစ်နေသည်။ သူသည် မိမိပလ္လင်မှကြွ၍၊ တည်ခင်းကျွေးမွေးရန်ရှေ့သို့လှမ်းလာသည်။ လူအားလုံးအံ့အားသင့်နေကြသည်။ ခရစ်တော်သည် သူတို့ကိုကျွေးမွေး၍ဂုဏ်ပြုခြင်းကို လုံးဝမထိုက်တန်ဟုသူတို့ခံစားကြသည်။ သူတို့က "ကျွန်တော်လုပ်ပါရစေ" ဟု ကန့်ကွက်ကြသည်။ သို့သော် ခရစ်တော်သည် ညင်သာစွာဖြင့်သူတို့ကိုထိုင်ရန် မရမကတောင်းဆိုသည်။

"ခရစ်တော်သည် အစေခံ၏နေရာကိုယူ၍ မိမိကိုယ်ကိုနှိမ့်ချသောအချိန် သခင်ဘုရား၏ပွဲတော်၏အောက်မေ့ဖွယ်အခါသမယထက်၊ သူသည် မြေကြီးပေါ်တွင်အမှန်တကယ်သာ၍ကြီးမြတ်ခြင်းဘယ်ခါမျှမရှိခဲ့ချေ။ သူ၏သန့်ရှင်းသူများကိုပြုစုစောင့်ရှောက်သောအချိန်ထက် ခရစ်တော်သည် ကောင်းကင်ဘုံတွင်ဘယ်ခါမျှသာ၍မကြီးမြတ်ချေ။" ဤအရာသည် သခင်ဘုရား၏ပွဲတော်ကကျွန်ုပ်တို့ကိုညွှန်ပြသည့် ထာဝရနိုင်ငံတော်တွင် ခရစ်တော်နှင့်အတူ ကိုယ်တိုင်မိတ်သဟာယဖွဲ့မည့် အနာဂတ်ဘုန်းတော်ဝမ်းမြောက်ခြင်းကို မျှော်လင့်နေခြင်းဖြစ်သည်။

**ပွဲတော်ဝင်ရန်သတ်မှတ်ချက်များ။** ရေနှစ်ခြင်းနှင့် သခင်ဘုရား၏ပွဲတော်သည် ခရစ်ယာန်ယုံကြည်ခြင်းကိုဖော်ပြသည်။ ရေနှစ်ခြင်းသည် အသင်းတော်ထဲဝင်ရန်ဂိတ်ပေါက်ဖြစ်၍၊ ပွဲတော်သည် အသင်းဝင်သောသူတို့ကိုအကျိုးဖြစ်စေသည်။ ခရစ်တော်သည် သူ၏နောက်လိုက်များကိုသာပွဲတော်ပေးခဲ့သည်။ ထို့ကြောင့် ပွဲတော်မင်္ဂလာသည် ယုံကြည်သူခရစ်ယာန်များအတွက်ဖြစ်သည်။ ကလေးများသည် ရေနှစ်ခြင်းမခံသေးပါက၊ အစဉ်အလာအရပွဲတော်တွင်ပါဝင်ခြင်းမရှိကြချေ။

ပွဲတော်မင်္ဂလာကိုဝင်မည့်ယုံကြည်သူများသည် သခင်ဘုရားကိုကြည်ညိုရမည်ဟု သမ္မာကျမ်းစာကညွှန်ကြားသည်။ အကြောင်းမှာ၊ "သခင်ဘုရား၏မုန့်နှင့်ခွက်ကိုမထိုက်မတန်ဘဲစားသောက်သောသူမည်သည်ကား၊ သခင်ဘုရား၏ကိုယ်တော်နှင့် အသွေးတော်တို့ကိုပြစ်မှားရာရောက်၏" (၁ကော၊ ၁၁:၂၇)။ ဤမထိုက်တန်သည့်အပြုအမူတွင် "မသင့်လျော်သောအပြုအမူ (၁ကော၊ ၁၁:၂၁) သို့မဟုတ် ခရစ်တော်၏အပြစ်ဖြေသောယဇ်ကိုယုံကြည်မှုမရှိခြင်းတို့ပါဝင်သည်။" ထိုသို့သောအပြုအမူသည် သခင်ဘုရားအား မရိုမသေမှုကိုပြသ၍၊ ကယ်တင်ရှင်ကိုငြင်းပယ်ရာရောက်သောကြောင့် သူ့ကိုကပ်တိုင်တင်သတ်သောသူတို့၏အပြစ်သည် သူတို့အပေါ်သင့်သည်ဟုမှတ်ယူနိုင်သည်။

မလျော်မကန်ပွဲတော်ဝင်ခြင်းသည် ဘုရားသခင်ကိုမကျေမချမ်းဖြစ်စေသည်။ မထိုက်မတန်ဘဲစားသောက်သောသူတို့သည် "သခင်ဘုရား၏ကိုယ်တော်ကိုပိုင်းခြား၍ မသိသောကြောင့်၊ မိမိတို့အပေါ်သို့အပြစ်ရောက်စေသည်" (၁ကော၊ ၁၁:၂၉)။ သူတို့သည် သာမန်အစာနှင့်ခရစ်တော်၏သေခြင်းကိုပုံဆောင်သည့် ဆက်ကပ်ထားသောမုန့်နှင့်စပျစ်ရည်ကိုမခွဲခြားတတ်ချေ။ "ယုံကြည်သူများသည် ပွဲတော်မင်္ဂလာကိုသမိုင်းထဲကဖြစ်ရပ်တစ်ခု၏အထိမ်းအမှတ်ပွဲအဖြစ်မျှသာ သဘောမထားရချေ။ ၎င်းသည် ထိုထက်များစွာပိုသည်။ ၎င်းသည် အပြစ်ကြောင့် ဘုရားသခင်ပေးဆပ်လိုက်ရသည့်အရာနှင့် ကယ်တင်ရှင်အပေါ် လူသားတို့အကြွေးတင်သည့်အရာတို့ကို ပြန်လည်သတိပေးသောအရာဖြစ်သည်။ ၎င်းသည် ဘုရားသခင့်သားတော်၏အပြစ်ဖြေရာသေခြင်းအပေါ် ယုံကြည်သူတစ်ဦး၏ယုံကြည်ခြင်းကို လူအများရှေ့၌ သက်သေခံရမည့်တာဝန်ကို စိတ်ထဲတွင် အမြဲအမှတ်ရစေသောအရာလည်းဖြစ်သည်။"

ဤသတိပေးချက်ရှုထောင့်မှ၊ ပေါလုသည် ယုံကြည်သူများကိုသခင်ဘုရား၏ ပွဲတော်၌မပါဝင်မီ "ကိုယ်ကိုကိုယ်စစ်ကြော" ရန် အကြံပြုသည် (၁ကော၊ ၁၁း၂၈)။ ပွဲတော်မဝင်မီ၊ ယုံကြည်သူတို့သည် မိမိတို့၏ခရစ်ယာန်အတွေ့အကြုံ၊ အပြစ်ဝန်ချခြင်းနှင့် ပြတ်တောက်သွားသောဆက်ဆံရေးကို ပြန်လည်ပြုပြင်ခြင်းတို့ကိုဆုတောင်းလျက် ပြန်လည် ဆန်းစစ်ရမည်။

ရှေးဦးမြော်လင့်ခြင်းကို ရှေ့ဆောင်သူတို့၏အတွေ့အကြုံသည် ထိုသို့သော ဆန်းစစ်ခြင်းသည် မည်မျှကောင်းချီးမင်္ဂလာဖြစ်သည်ကိုဖော်ပြသည်။ "ကျွန်ုပ်တို့ အသင်းဝင်နည်းနေချိန်စဉ်က၊ ပွဲတော်မင်္ဂလာကျင်းပခြင်းသည် အကျိုးအဖြစ်ထွန်း ဆုံးသောအခါသမယဖြစ်သည်။ သောကြာနေ့မတိုင်မီ၊ အသင်းသူအသင်းသားတိုင်း သည် သူတို့၏ညီအစ်ကိုများနှင့် ဘုရားသခင်ထံတော်မှသူတို့ကိုခွဲခွာစေနိုင်သောအရာ ဟူသမျှကို ရှင်းထုတ်ပစ်ကြသည်။ စိတ်နှလုံးများကို အနီးကပ်ဆန်းစစ်ကြသည်။ ပုန်းကွယ် နေသောအပြစ်များကို ဘုရားရှင်ဖော်ပြရန်စိတ်အားထက်သန်စွာဆုတောင်းကြသည်။ ကုန်သွယ်မှုတွင် အလွန်အကျွံပြုခြင်း၊ အလျင်စလိုမသင့်လျော်သောစကားကိုပြောခြင်း၊ မြတ်နိုးနေသောအပြစ် စသည်တို့ကိုဝန်ချတောင်းပန်သည်။ သခင်ဘုရားသည် အနီးသို့ ကြွလာပြီး၊ ကျွန်ုပ်တို့သည်များစွာခွန်အားရကြသည်။"

ဤဆန်းစစ်ခြင်းသည် ကိုယ်ပိုင်အလုပ်ဖြစ်သည်။ ၎င်းအတွက် အခြားသူတို့ကို အစားထိုး၍မရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော်၊ စိတ်နှလုံးကိုအဘယ်သူဖတ်နိုင်သနည်း၊ သို့မဟုတ် စပါးနှင့်ပေါင်းပင်ကိုအဘယ်သူခွဲခြားနိုင်သနည်း။ ကျွန်ုပ်တို့၏စံနမူနာခရစ်တော် သည် ပွဲတော်တွင်အထူးသီးသန့်ပြုလုပ်ခြင်းကိုငြင်းပယ်သည်။ လူမြင်သူမြင်အပြစ် အပြစ် ပြုသောသူကို ပွဲတော်ဝင်ရန်ချန်လှပ်သော်လည်း (၁ကော၊ ၅း၁၁)၊ ယေရှုကိုယ်တိုင်သည် အပြင်ပန်းဖြင့်နောက်လိုက်အဖြစ်ဝန်ခံ၍ အတွင်း၌သူခိုး၊ သစ္စာဖောက်ဖြစ်သော ယုဒနှင့် အတူပွဲတော်ဝင်ခဲ့သည်။

ပွဲတော်မင်္ဂလာဝင်ရန် သတ်မှတ်ချက်ပြည့်မီသောသူတို့ကို အသင်းဝင်ဖြစ်ခြင်း အားဖြင့်မဟုတ်၊ ခရစ်တော်ထံအပြည့်အဝဆက်ကပ်အပ်နှံ၍ သူ၏အသေခံခြင်းကို ယုံကြည်ခြင်းဟူသော စိတ်နှလုံး၏အခြေအနေကအမှတ်အသားပြုသည်။ ထို့ကြောင့် အသင်းတော်အားလုံးက ယုံကြည်သူခရစ်ယာန်များသည် သခင်ဘုရား၏ပွဲတော်တွင် ပါဝင်နိုင်သည်။ ဤပဋိညာဉ်သစ်၏မဟာပွဲတော်ကို မကြာခဏကျင်းပရန် အားလုံးကို ဖိတ်ခေါ်သည်။ သူတို့၏ပွဲတော်ဝင်ခြင်းအားဖြင့် ခရစ်တော်ကိုမိမိ၏ကိုယ်ပိုင်ကယ်တင်ရှင် အဖြစ်လက်ခံခြင်းကို သက်သေခံကြသည်။

–ဝ–

# အခန်း– ၁၇
# ဝိညာဉ်ဆုကျေးဇူးများနှင့်သာသနာလုပ်ငန်းများ

ဘုရားသခင်သည် ခေတ်ကာလတစ်လျှောက်လုံးတွင် သူ့အသင်းတော်၏ အသင်းဝင်များအားလုံးအား ဝိညာဉ်ဆုကျေးဇူးများကိုပေးအပ်ပေးသည်။ အသင်းသား တစ်ဦးစီသည် အသင်းတော်နှင့်လူသားတို့၏ဘုံကောင်းကျိုးအတွက် မေတ္တာဖြင့်အမှုတော် ဆောင်ရာတွင် ၎င်းတို့ကိုအသုံးပြုသည်။ မိမိအလိုရှိသည်အတိုင်း အသင်းသားတစ်ဦး ချင်းစီကိုခွဲဝေပေးသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ပေးသော ဤဆုကျေးဇူးများ သည် အသင်းတော်အားဖြင့် ၎င်း၏ဘုရားပေးလုပ်ငန်းများကို ဖြည့်စွမ်းရန်လိုအပ်သော စွမ်းရည်အားလုံးနှင့် သာသနာလုပ်ငန်းကိုစီစဉ်ပေးသည်။ သမ္မာကျမ်းစာအရ၊ ဤ ဆုကျေးဇူးများတွင် ယုံကြည်ခြင်း၊ အနာရောဂါငြိမ်းစေခြင်း၊ ပရောဖက်ပြုခြင်း၊ သတင်းဟောပြောခြင်း၊ သင်ကြားပေးခြင်း၊ စီမံအုပ်ချုပ်ခြင်း၊ ပြန်လည်သင့်မြတ်စေခြင်း၊ သနားကြင်နာခြင်း၊ ကိုယ်ကျိုးမဖက်သောလုပ်ဆောင်မှု၊ လူတို့ကိုကူညီအားပေးရန် စွန့်ကြဲခြင်းတို့ပါဝင်သည်။ အသင်းသားများကိုအမှုတော်အတွက် လက်နက်တပ်ဆင်ပေး ရန်၊ အသင်းတော်ကို ဝိညာဉ်ရေး၌ရင့်ကျက်လာအောင်တည်ဆောက်ရန်နှင့်၊ ယုံကြည် ခြင်းနှင့် ဘုရားသခင်ကိုသိကျွမ်းခြင်း၌စည်းလုံးခြင်းကိုမြှင့်တင်ရန် အထူးလိုအပ်သော သာသနာလုပ်ငန်းများဖြစ်သည့် ဓမ္မဆရာအရာ၊ ဧဝံဂေလိတရားဟောပြောခြင်းအရာနှင့် သွန်သင်ခြင်းတို့အတွက် ဘုရားသခင်သည် လူတချို့ကိုခေါ်တော်မူ၍၊ အသင်းတော် အားဖြင့် အသိအမှတ်ပြုသောလုပ်ငန်းများအတွက် သန့်ရှင်းသောဝိညာဉ်တော်သည်ပံ့ပိုး သည်။ အသင်းသားများသည် ဘုရားသခင့်ကျေးဇူးတော်၏သစ္စာရှိသော ဘဏ္ဍာစိုးများ အဖြစ် ဤဝိညာဉ်ဆုကျေးဇူးများကိုအသုံးပြုသောအခါ၊ အသင်းတော်သည် မှားယွင်း သောယုံကြည်ချက်၏ အဖျက်သြဇာသက်ရောက်မှုမှကာကွယ်ခြင်းခံရပြီး၊ ဘုရားသခင့်ထံမှ ရရှိသောကြီးထွားမှုမျိုးဖြင့်ကြီးထွား၍၊ ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာတွင်တည်ဆောက် ခြင်းခံရသည်။ (တမန်၊ ၆း၁–၇။ ရောမ၊ ၁၂း၄–၈။ ၁ကော၊ ၁၂း၇–၁၁၊၂၇၊၂၈။ ဧဖက်၊ ၄း၈၊၁၁–၁၆။ ၁တိ၊ ၃း၁–၁၃။ ၁ပေ၊ ၄း၁၀၊၁၁။)

ကောင်းကင်သို့မတက်ကြွမီအချိန်လေးတွင် ယေရှုပြောသောစကားသည် သမိုင်း ကိုပြောင်းလဲစေခဲ့သည်။ သူသည် တပည့်တော်တို့ကို "သင်တို့သည် လောကီနိုင်ငံ အရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟော ကြလော့" (မာကု၊ ၁၆း၁၅) ဟုစေခိုင်းခဲ့သည်။

တစ်ကမ္ဘာလုံးရှိလူအားလုံးထံသို့ ဧဝံဂေလိတရားဟောခြင်းမှာ မဖြစ်နိုင်သော အလုပ်ဟုတပည့်တော်များစဉ်းစားကောင်းစဉ်စားခဲ့ကြလိမ့်မည်။ ခရစ်တော်သည် သူတို့၏ခိုကိုးရာမဲ့နေခြင်းကိုသိ၍၊ သူတို့ကို "ယေရုရှလင်မြို့မှမထွက်မသွားဘဲ၊ ခမည်းတော်၏ကတိကိုငံ့နေမည်အကြောင်း မှာတော်မူ၏။" ထိုနောက် သူတို့ကို "သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ၊ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်" (တမန်၊ ၁း၄၊၈) ဟု အခိုင်အမာဆိုသည်။

ကောင်းကင်သို့ယေရှုတက်ကြွသွားပြီးနောက်ပိုင်း၊ တပည့်တော်တို့သည် ဆုတောင်းခြင်းဖြင့်အချိန်များစွာကုန်စေကြသည်။ ယေရှုနှင့်အတူရှိနေသောအချိန်များစွာကို ရုပ်ပျက်စေခဲ့သောသဘောထားကွဲလွဲခြင်းနှင့် မနာလိုမှုများကိုညီညွတ်မှုနှင့် နှိမ့်ချခြင်းတို့က အစားထိုးခဲ့သည်။ တပည့်တော်များပြောင်းလဲခဲ့ကြသည်။ ခရစ်တော်နှင့်အတူရင်းနှီးသောဆက်ဆံရေးနှင့် ၎င်း၏အကျိုးဆက်ဖြစ်သောစည်းလုံးခြင်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းရန်အတွက် လိုအပ်သောပြင်ဆင်မှုဖြစ်သည်။

ယေရှုသည် သူ၏သာသနာလုပ်ငန်းနှင့်သင့်လျော်စေရန် ဝိညာဉ်တော်၏အထူးဘိသိက်ပေးခြင်းကိုခံခဲ့ရသကဲ့သို့ (တမန်၊ ၁၀း၃၈)၊ တပည့်တော်များသည် သက်သေခံနိုင်ရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံကိုခံခဲ့ကြသည် (တမန်၊ ၁း၅)။ ၎င်း၏ရလဒ်မှာ အံ့သြတုန်လှုပ်စရာပင်ဖြစ်သည်။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးကိုရရှိသောနေ့တွင်၊ လူပေါင်း (၃,၀၀၀) ကို ရေနှစ်ခြင်းပေးခဲ့ကြသည် (တမန်၊ ၂း၄၁)။

## သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးများ

ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးကို ဥပမာတစ်ခုဖြင့် ပုံခိုင်းခဲ့သည်။ "လူတစ်ဦးသည် အခြားသောပြည်သို့သွားမည်ဟုအကြံရှိလျက်၊ မိမိငယ်သားတို့ကိုခေါ်၍ မိမိဥစ္စာများကိုအပ်ပေး၏။ သူတို့သည် အသီးအသီးအစွမ်းရှိသည်အတိုင်း၊ တစ်ဦး၌ ငွေအခွက်ငါးဆယ်၊ တစ်ဦး၌ အခွက်နှစ်ဆယ်၊ တစ်ဦး၌ အခွက်တစ်ဆယ်စသည်အသီးအသီးကိုကိုအပ်ပေးပြီးမှ ချက်ချင်းသွားလေ၏" (မဿဲ၊ ၂၅း၁၄၊၁၅)။

ဝေးသောပြည်သို့ခရီးသွားမည့်လူသည် ကောင်းကင်သို့တက်ကြွမည့်ခရစ်တော်ကိုပုံဆောင်သည်။ ထိုသူ၏ "ငယ်သားတို့" မှာ "ခရစ်တော်၏အသွေးတော်မြတ်နှင့်" (၁ပေ၊ ၁း၁၉) "အဖိုးနှင့်ဝယ်ယူတော်မူသော" (၁ကော၊ ၆း၂၀) သူ၏နောက်လိုက်များဖြစ်ကြသည်။ ခရစ်တော်သည် သူတို့ကိုအမှုတော်အတွက်ရွေးနုတ်ခဲ့သည်။ ထို့ကြောင့်

"သူတို့သည်တစ်ဖန်ကိုယ်အလိုသို့လိုက်၍မရှင်၊ သူတို့အတွက်ကြောင့်အသေခံပြီးမှ ထမြောက်တော်မူသောသူ၏အလိုသို့လိုက်ကြ၏" (၂ကော၊ ၅း၁၅)။

ခရစ်တော်သည် ငယ်သားတစ်ဦးစီကိုသူတို့၏အစွမ်းရှိသည်အတိုင်း ဥစ္စာနှင့် "ဆောင်ရွက်စရာ" (မာကု၊ ၁၃း၃၄) ကို အသီးသီးပေးသည်။ ဤဥစ္စာများနှင့်အတူ ဆုလာဘ်များနှင့် အစွမ်းများသည် ဝိညာဉ်တော်အားဖြင့်ပေးသော အထူးဆုကျေးဇူး များကိုပုံဆောင်သည်။

အထူးသဖြင့်ခရစ်တော်သည် ဤအထူးဆုကျေးဇူးများကို ပင်တေကုတ္တေပွဲနေ့ တွင် အသင်းတော်အားပေးသည်။ ပေါလုက၊ သူသည် "မြင့်သောအရပ်သို့တက်ကြွ တော်မူ" သောအခါ "လူတို့အားဆုလာဘ်များကိုပေးတော်မူသည်။" ထို့ကြောင့် "ခရစ်တော် သည် ဆုပေးတော်မူသည်အတိုင်း၊ ငါတို့သည် ကျေးဇူးတော်ကိုအသီးအသီးကိုယ်စီရကြပြီ" (ဧဖက်၊ ၄း၇၊၈)။ "ဝိညာဉ်တော်သည်ပြုပြင်၍ လူအသီးအသီးတို့အား အသီးအသီး ခံရသောအခွင့်ကို အလိုတော်ရှိသည်အတိုင်း ဝေငှ၍ပေးတော်မူ၏" (၁ကော၊ ၁၂း၁၁)။ ဤဆုကျေးဇူးများသည် အသင်းတော်အား ၎င်း၏အလုပ်ကိုဆောင်ရွက်စေနိုင်သည်။

## ဝိညာဉ်ဆုကျေးဇူးများ၏ရည်မှန်းချက်

သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူအားလုံးအား အထူးစွမ်းရည်ကို ပေး၍၊ အသင်းတော်သည် အမှုတော်ကိုဖြည့်စွမ်းရာတွင် သူတို့ကိုကူညီစေသည်။

**အသင်းတော်အတွင်းညီညွတ်ခြင်း။** ကောရိန္သုအသင်းတော်သည် မည်သည့် ဝိညာဉ်ဆုကျေးဇူးမျှကင်းမဲ့ခြင်းမရှိခဲ့ချေ (၁ကော၊ ၁း၄၊၇)။ သို့သော်၊ သူတို့သည် ကလေးများကဲ့သို့မည်သည့်ဆုကျေးဇူးသည် အရေးကြီးဆုံးဖြစ်သည်ကိုငြင်းခုံခဲ့ကြသည်။

သူတို့၏အသင်းတော်ထဲ၌ကွဲပြားမှုကို အမှုထား၍၊ ပေါလုသည် ကောရိန္သုမြို့သား တို့အား ဤဆုကျေးဇူး၏သဘောသဘာဝနှင့် ၎င်းတို့သည် မည်သို့လုပ်ဆောင်ကြသည့် အကြောင်းကိုစာရေးခဲ့သည်။ ဝိညာဉ်ဆုကျေးဇူးများသည် ကျေးဇူးတော်၏ဆုလာဘ်များ ဖြစ်သည်ဟု သူရှင်းပြသည်။ ဝိညာဉ်တော်တစ်ပါးတည်းထံမှ "ဆုကျေးဇူးတော်အထူးထူး အထွေထွေ" လာ၍၊ ၎င်းတို့သည် "ဓမ္မဆရာအမှုအထူးထူးအထွေထွေ" နှင့် "ပြုပြင်ခြင်း အမှုအထူးထူးအထွေထွေ" ကိုဆောင်ရွက်စေသည်။ သို့သော် ပေါလုက "ခပ်သိမ်းသော သူတို့၌ပြုပြင်သမျှကိုပြုတော်မူသော (သူသည်) ဘုရားသခင်တစ်ပါးတည်း" ဖြစ်ကြောင်း ကို အလေးပေးပြောဆိုခဲ့သည် (၁ကော၊ ၁၂း၄–၆)။

ဝိညာဉ်တော်သည် ယုံကြည်သူတိုင်းအား အသင်းတော်ကိုမြှင့်တင်ရန် သို့မဟုတ် တည်ဆောက်ရန်အတွက် ဆုကျေးဇူးများကိုဝေငှသည်။ ဘုရားသခင့်အမှုတော်၏လိုအပ်

ချက်အပေါ်ဝိညာဉ်တော်သည် မည်သည့်ဆုကိုမည်သူအားပေးရမည်ကိုဆုံးဖြတ်သည်။ လူအားလုံးသည် တူညီသောဆုကျေးဇူးများကိုမရကြပါ။ ပေါလုက ဝိညာဉ်တော်သည် လူအသီးအသီးတို့အား ပညာတရား၊ ထိုးထွင်းခြင်းတရား၊ ယုံကြည်ခြင်း၊ အနာရောဂါကိုငြိမ်းစေနိုင်ခြင်း၊ တန်ခိုးကိုပြနိုင်ခြင်း၊ ပရောဖက်ပြုနိုင်ခြင်း၊ စိတ်ဝိညာဉ်ကိုပိုင်းခြားသိနိုင်ခြင်း၊ ဘာသာစကားအမျိုးမျိုးကိုပြောနိုင်ခြင်း၊ ဘာသာစကားကိုအနက်ဖွင့်နိုင်ခြင်းဟူ၍ခွဲဝေပေးသည်။ သို့သော် "ဤအခွင့်ရှိသမျှတို့ကို တစ်ပါးတည်းသောဝိညာဉ်တော်သည် ပြုပြင်၍လူအသီးအသီးတို့အား အသီးအသီးခံရသောအခွင့်ကိုအလိုတော်ရှိသည်အတိုင်း ဝေငှ၍ပေးတော်မူ၏" (၁ကော၊ ၁၂း၁၁)။ ဤဆုကျေးဇူးအတွက်ရရှိအသုံးပြုသူကို မဟုတ်ဘဲ၊ ၎င်းကိုပေးတော်မူသောသူအပေါ်သာကျေးဇူးတင်ရမည်။ ဤဆုကျေးဇူးများသည် တစ်ဦးချင်းစီအတွက်မဟုတ်ဘဲ၊ အသင်းတော်အတွက်ပေးခြင်းဖြစ်သောကြောင့်၊ ဆုကျေးဇူးများကိုရရှိသောသူတို့သည် မိမိတို့ကိုယ်ပိုင်ဥစ္စာအဖြစ်မမှတ်ယူအပ်ချေ။

ဝိညာဉ်တော်သည် သင့်လျော်သည်ဟုမြင်သည်အတိုင်း ဤဆုကျေးဇူးများကိုဝေငှသည်ဖြစ်ရာ၊ မည်သည့်ဆုကိုမျှမထီမဲ့မြင်ပြု သို့မဟုတ် ဘေးချိတ်ရန်မဟုတ်ချေ။ မည်သည့်အသင်းသားကမျှ သီးသန့်ပေးသောတာဝန် သို့မဟုတ် လုပ်ငန်းဖြစ်သောကြောင့် စိတ်ကြီးဝင်ရန်အခွင့်မရှိပါ။ သို့တည်းမဟုတ် နိမ့်ကျသောအလုပ်တွင် တာဝန်ပေးခြင်းခံရသောကြောင့် မည်သူတစ်စုံတစ်ဦးမျှသိမ်ငယ်သည်ဟုလည်း ခံစားရန်မဟုတ်ချေ။

**၁။ လုပ်ငန်းဆောင်ရွက်ခြင်းစံနမူနာ။** ပေါလုသည် ကွဲပြားခြားနားသောဆုကျေးဇူးတွင် ညီညွတ်မှုကိုသရုပ်ပြရန် လူ့ကိုယ်ခန္ဓာကိုအသုံးပြုခဲ့သည်။ ကိုယ်ခန္ဓာသည်အင်္ဂါများစွာရှိ၍ တစ်ခုချင်းစီသည် သီးခြားလုပ်ဆောင်နေကြသည်။ "ဘုရားသခင်သည် အလိုတော်ရှိသည်အတိုင်း အင်္ဂါများအသီးအသီးတို့ကို ကိုယ်၌စီရင်ခန့်ထားတော်မူ၏" (၁ကော၊ ၁၂း၁၈)။

မည်သည့်ကိုယ်အင်္ဂါတစ်ခုကမျှ အခြားသောအင်္ဂါကို "သင့်ကိုငါအလိုမရှိ" ဟု မဆိုရ။ သူတို့အားလုံးသည် အချင်းချင်းမှီခိုနေကြရသည်။ "အသရေနည်းဟန်ရှိသောအင်္ဂါတို့အားလည်း၊ သာ၍ကြီးသောအသရေကိုပေးတတ်၏။ တင့်တယ်ခြင်းမရှိသောအင်္ဂါတို့သည် သာ၍ကြီးသောတင့်တယ်ခြင်းကိုခံရကြ၏။ တင့်တယ်လျက်ရှိသောအင်္ဂါတို့သည် အခြားသောတင့်တယ်ခြင်းကိုမလိုကြ" (၁ကော၊ ၁၂း၂၂-၂၄)။

အင်္ဂါတစ်ခုခုချို့ယွင်းလျှင် ကိုယ်ခန္ဓာတစ်ခုလုံးကိုထိခိုက်လိမ့်မည်။ ကိုယ်ခန္ဓာ၌ ဦးနှောက်မရှိလျှင် အစာအိမ်သည်အလုပ်လုပ်မည်မဟုတ်၊ အစာအိမ်မရှိလျှင်လည်း ဦးနှောက်သည် အသုံးကျလိမ့်မည်မဟုတ်ချေ။ ထိုနည်းတူ မည်မျှပင်မဖြစ်စလောက်ဖြစ်သောအသင်းသားတစ်စုံတစ်ဦးသည် ပျောက်ဆုံးနေခဲ့လျှင် အသင်းတော်သည်ထိခိုက်လိမ့်မည်။

ကိုယ်ခန္ဓာတည်ဆောက်ပုံအရ သာ၍အားနည်းသောအင်္ဂါများသည် အထူးအကာအကွယ်ကိုလိုအပ်သည်။ လူတစ်ယောက်သည် လက်တစ်ဖက် သို့မဟုတ် ခြေတစ်ဖက်မရှိဘဲအလုပ်လုပ်နိုင်သော်လည်း၊ အသည်း၊ နှလုံး သို့မဟုတ် အဆုတ်မရှိပါကအသက်မရှင်နိုင်ပါ။ ကျွန်ုပ်တို့သည် အများအားဖြင့်မျက်နှာနှင့်လက်ကိုဖော်ကြသော်လည်း၊ အခြားကိုယ်ခန္ဓာအစိတ်အပိုင်းများကိုမူရိုးရိုးယဉ်ယဉ် သို့မဟုတ် ယဉ်ကျေးဖွယ်ဖြစ်ရန်အတွက် အဝတ်အစားများဖြင့်ဖုံးအုပ်ကြသည်။ သာ၍သေးသော ဆုကျေးဇူးများကို လုံးဝပေါ့ပေါ့တန်တန်မထားရပါ။ အသင်းတော်၏ကျန်းမာရေးသည် သူတို့အပေါ်မှီနေရသောကြောင့် ကျွန်ုပ်တို့သည် သူတို့ကိုပိုမိုပြုစုစောင့်ရှောက်ရမည်။

ဘုရားသခင်သည် "ကိုယ်ခန္ဓာ၌အချင်းချင်းကွဲပြားခြင်းမရှိ" စေရန်၊ ညီညွတ်ခြင်းနှင့် အချင်းချင်းအားပြုခြင်းစိတ်ဓာတ်ကိုမွေးထုတ်ရန်ရည်ရွယ်၍ အသင်းတော်တွင် ဝိညာဉ်ဆုကျေးဇူးများကိုဝေငှသည်။ ထိုသို့ဖြင့် "အင်္ဂါများတို့သည် အချင်းချင်းသူ့ကိုကိုယ်နှင့်အမျှ သတိပြုစေ။...... အင်္ဂါတစ်ခုတည်းဆင်းရဲခြင်းကိုခံရလျှင် အင်္ဂါအပေါင်းတို့သည် အတူခံရကြ၏။ အင်္ဂါတစ်ခုသည် ချီးမြှောက်ခြင်းကိုခံရလျှင်၊ အင်္ဂါအပေါင်းတို့သည် အတူဝမ်းမြောက်ကြ၏" (၁ကော၊ ၁၂း၂၅၊၂၆)။ ထို့ကြောင့် ယုံကြည်သူတစ်ဦးသည် ဒုက္ခရောက်သောအခါ၊ အသင်းတော်သည်၎င်းကိုသတိမူမိ၍၊ ဒုက္ခပြေပျောက်စေရန်ကူညီရမည်။ ထိုပုဂ္ဂိုလ်သည် ပြန်လည်ကောင်းမွန်လာသောအခါမှသာ၊ အသင်းတော်၏ကျန်းမာရေးသည်စိတ်ချရသည်။

ပေါလုသည် ဆုကျေးဇူးတစ်ခုစီ၏တန်ဖိုးကိုဆွေးနွေးပြီးနောက်၊ ၎င်းတို့ကိုဤသို့စီချသည်။ "ဘုရားသခင်သည် ပဌမအရာ၌တမန်တော်တို့ကိုလည်းကောင်း၊ ဒုတိယအရာ၌ပုရောဖက်တို့ကိုလည်းကောင်း၊ တတိယအရာ၌ဆရာတို့ကိုလည်းကောင်း၊ ထိုနောက် တန်ခိုးပြသောသူတို့ကိုလည်းကောင်း၊ ထိုနောက် အနာရောဂါကိုငြိမ်းစေနိုင်သောအခွင့်ရှိသောသူတို့ကိုလည်းကောင်း၊ သင်းထောက်တို့ကိုလည်းကောင်း၊ စီရင်အုပ်စိုးသောသူတို့ကိုလည်းကောင်း၊ အမျိုးမျိုးသောဘာသာစကားကိုပြောနိုင်သောသူတို့ကိုလည်းကောင်း အသင်းတော်၌ခန့်ထားတော်မူ၏" (၁ကော၊ ၁၂း၂၈)။ မည်သူကမျှဆုကျေးဇူးအားလုံးကိုမရရှိသည်ဖြစ်ရာ၊ အသင်းတော်အတွက်အသုံးကျဆုံးသောဆုကျေးဇူးများကိုရည်ညွှန်း၍၊ "အမြတ်ဆုံးသောဆုကျေးဇူးတော်တို့ကို အလွန်အလိုရှိကြ" (၁ကော၊ ၁၂း၃၁) ရန် ပေါလုသည်အားလုံးကိုအားပေးခဲ့သည်။

**၂။ မရှိမဖြစ်သောအရာ။** သို့သော်ငြားလည်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးများသည် သူတို့ဘာသာသူတို့လုံလောက်မှုမရှိကြချေ။ "သာ၍မြတ်သောလမ်း" ရှိနေသည် (၁ကော၊ ၁၂း၃၁)။ ဝိညာဉ်တော်၏ဆုကျေးဇူးများသည် ခရစ်တော်ကြွလာသောအချိန်တွင် ကွယ်ပျောက်သွားမည်ဖြစ်သော်လည်း၊ ဝိညာဉ်တော်၏အသီးသည်

ထာဝရတည်သည်။ ၎င်းတွင် ထာဝရတည်သောမေတ္တာနှင့်၊ မေတ္တာနှင့်အတူတွဲပါလာသော ငြိမ်သက်ခြင်း၊ ကောင်းမြတ်ခြင်း၊ ဖြောင့်မတ်ခြင်းတို့လည်းပါဝင်သည် (ဂလာ၊ ၅း၂၂၊၂၃။ ဧဖက်၊ ၅း၉)။ ပရောဖက်ပြု၍ဟောပြောခြင်း၊ ဘာသာစကားအမျိုးမျိုးပြောတတ်ခြင်းနှင့် အသိဉာဏ်တို့သည် ကွယ်ပျောက်သွားမည်ဖြစ်သော်လည်း၊ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခြင်းတို့သည်တည်မြဲလိမ့်မည်။ "ဤသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း" (၁ကော၊ ၁၃း၁၃)။

ဤဘုရားသခင်ပေးသောအာဂပေမေတ္တာသည် ကိုယ်ကျိုးစွန့်၍ပေးကမ်းသောမေတ္တာဖြစ်သည် (၁ကော၊ ၁၃း၄–၈)။ ၎င်းသည် "သာ၍မြင့်မြတ်သောမေတ္တာမျိုးဖြစ်သည်။ ၎င်းသည် ချစ်ရသောသူ သို့မဟုတ် အရာတစ်ခု၌တန်ဖိုးရှိသောအရာကို အသိအမှတ်ပြုသည်။ ခံစားချက်အပေါ်မဟုတ်ဘဲ၊ အခြေခံစည်းမျဉ်းအပေါ်အခြေခံသောမေတ္တာဖြစ်သည်။ ချီးမွမ်းနှစ်လိုဖွယ်သောအရည်အချင်းများကို အလေးထားမှုမှကြီးထွားလာသောမေတ္တာဖြစ်သည်။" မေတ္တာကင်းမဲ့သောဆုကျေးဇူးများသည် အသင်းတော်ထဲတွင် ရှုပ်ထွေးမှုနှင့်ကွဲပြားမှုတို့ကိုဖြစ်စေသည်။ ထို့ကြောင့် သာ၍မြတ်သောလမ်းသည် ဝိညာဉ်ဆုကျေးဇူးကိုရရှိသောသူတစ်ဦးစီသည် ဤလုံးဝကိုယ်ကျိုးမဖက်သောမေတ္တာကိုပိုင်ဆိုင်ခြင်းဖြစ်သည်။ "ချစ်ခြင်းမေတ္တာကိုမှီအောင်လိုက်ကြလော့။ ဝိညာဉ်ဆုကျေးဇူးတို့ကို အလွန်အလိုရှိသည်တွင်၊ ပရောဖက်ပြုရသောအခွင့်ကို သာ၍လိုချင်သောစိတ်ရှိကြလော့" (၁ကော၊ ၁၄း၁)။

**ဘုရားသခင်၏ဘုန်းတော်အတွက်အသက်ရှင်ခြင်း။** ပေါလုသည် ဝိညာဉ်ဆုကျေးဇူးအကြောင်းကို ရောမသြဝါဒစာတွင်လည်းပြောခဲ့သည်။ ယုံကြည်သူတိုင်းကို ဘုရားသခင်၏ဘုန်းတော်အတွက်အသက်ရှင်ရန် ဖိတ်ခေါ်ရင်း (ရောမ၊ ၁၁း၃၆–၁၂း၂)၊ ပေါလုသည် အသင်းတော်တွင်အတူတကွပါဝင်သောယုံကြည်သူတို့ကို သရုပ်ဖော်သည့်အရာသည် ကွဲပြားသော်လည်း စည်းလုံးကြောင်းကိုပြသရန် ကိုယ်ခန္ဓာ၏အင်္ဂါအစိတ်အပိုင်းများကိုအသုံးပြုသည် (ရောမ၊ ၁၂း၃–၆)။

ယုံကြည်ခြင်းနှင့်ဝိညာဉ်ဆုကျေးဇူးများသည် ဘုရားသခင်၏ကျေးဇူးတော်မှလာသည်ကိုသိမှတ်၍ ယုံကြည်သူများသည်စိတ်နှိမ့်ချရမည်။ ယုံကြည်သူများသည် ဝိညာဉ်ဆုကျေးဇူးကိုပိုမိုရရှိ၍၊ သူတို့၏ဝိညာဉ်ရေးသြဇာသည် သာ၍ကြီးမားလေလေ၊ သူတို့၏ဘုရားသခင်အပေါ်မှီခိုမှုသည် ပိုမိုကြီးမားလေလေဖြစ်သည်။

ရောမသြဝါဒစာ ၁၂ တွင် ပေါလုသည် ဝိညာဉ်ဆုကျေးဇူးများကိုရေးချထားသည်။ ၎င်းတို့မှာ ပရောဖက်ပြုခြင်း၊ ဓမ္မဆရာအမှုဆောင်ရွက်ခြင်း၊ ဆုံးမသြဝါဒပေးခြင်း၊ နှိုးဆော်သွေးဆောင်ခြင်း၊ စွန့်ကြဲဝေငှခြင်း၊ အုပ်ချုပ်ခြင်း၊ သနားခြင်းကရုဏာတို့ဖြစ်သည်။ (၁ကော၊ ၁၂) မှာကဲ့သို့၊ သူ၏ဆွေးနွေးတင်ပြမှုကို အကြီးမားဆုံးသောခရစ်ယာန်အခြေခံစည်းမျဉ်းဖြစ်သောမေတ္တာ (၁ကော၊ ၁၃း၁၃) ဖြင့် အဆုံးသတ်သည်။

ခပ်သိမ်းသောအရာတို့သည် အဆုံးသို့ရောက်လုသည်ကိုထောက်၍၊ ပေတရုသည် ဝိညာဉ်ဆုကျေးဇူးအကြောင်းကိုတင်ပြခဲ့သည် (၁ပေ၊ ၄း၇)။ အရေးတကြီးဖြစ်နေသောအချိန်ကာလက၊ ယုံကြည်သူများသည် ဆုကျေးဇူးများကိုအသုံးပြုရမည်ဖြစ်ကြောင်းချမှတ်သည်။ သူက၊ "သင်တို့သည် ဆုကျေးဇူးတော်ကို အသီးအသီးခံရကြသည်နှင့်အညီ၊ ဘုရားသခင်၏အထူးထူးအပြားပြားသော ကျေးဇူးတော်ဘဏ္ဍာစိုးကောင်းကဲ့သို့၊ အချင်းချင်းဝေငှပေးကမ်းကြလော့" (၁ပေ၊ ၄း၁၀)။ ပေါလုကဲ့သို့ပေတရုသည် ဤဆုကျေးဇူးများမှာ မိမိတို့ဂုဏ်ကျက်သရေအတွက်မဟုတ်ကြောင်းနှင့်၊ "ဘုရားသခင်သည် အရာရာ၌.... ဘုန်းတော်ထင်ရှားစေမည်အကြောင်း" သွန်သင်ခဲ့သည် (၁ပေ၊ ၄း၁၁)။ သူသည်လည်း ဝိညာဉ်ဆုကျေးဇူးများနှင့် ချစ်ခြင်းမေတ္တာကို တွဲဖက်ပေးခဲ့သည် (၁ပေ၊ ၄း၈)။

**အသင်းတော်၏ကြီးထွားမှု။** ပေါလု၏ဝိညာဉ်တော်ဆုကျေးဇူးအကြောင်း တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်ဆွေးနွေးတင်ဆက်မှုတွင်၊ ပေါလုကယုံကြည်သူများကို "ခေါ်တော်မူခြင်းကျေးဇူးတော်ကို သင်တို့သည်ခံရသည်နှင့်အထိုက်အလျောက်ကျင့်ဆောင်ကြလော့။ အရာရာ၌စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့်ပြည့်စုံသဖြင့်၊ မေတ္တာစိတ်နှင့် တစ်ယောက်ကိုတစ်ယောက်သည်းခံခြင်းရှိကြ၍၊ အသင့်အတင့်ပေါင်းဖော်ခြင်းအဖွဲ့အစည်းအားဖြင့်၊ သင်တို့သည် အချင်းချင်းစိတ်သဘောမခြားမနားတစ်လုံးတစ်ဝတည်းဖြစ်အံ့သောငှာ ကြိုးစားအားထုတ်ကြလော့" (ဧဖက်၊ ၄း၁–၃) ဟုတိုက်တွန်းသည်။

ဝိညာဉ်တော်ဆုကျေးဇူးသည် အသင်းတော်ကိုကြီးထွားစေသောစည်းလုံးမှုကိုမြှင့်တင်ရန်ပံ့ပိုးသည်။ ယုံကြည်သူတိုင်းသည် "ခရစ်တော်သည်ဆုပေးတော်မူသည်အတိုင်း.... ဆုကျေးဇူးကို အသီးအသီးကိုယ်စီရကြပြီ" (ဧဖက်၊ ၄း၇)။

ခရစ်တော်ကိုယ်တိုင်သည် "လူတချို့တို့ကိုတမန်တော်အရာ၌လည်းကောင်း၊ တချို့တို့ကိုပုရောဖက်အရာ၌လည်းကောင်း၊ တချို့တို့ကိုသာသနာပြုအရာ၌လည်းကောင်း၊ တချို့တို့ကိုသင်းအုပ်အရာ၊ ဆရာအရာ၌လည်းကောင်းခန့်ထားတော်မူ၏" ဤအရာများသည် သာသနာလုပ်ငန်းကိုဖောင်းပေးသောဆုကျေးဇူးများဖြစ်၍၊ "ခရစ်တော်၏ကိုယ်တော်ကိုတည်ဆောက်၍၊ ဓမ္မဆရာအမှုကိုပြုတတ်မည်အကြောင်း၊.... ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့လည်းကောင်း၊ ဘုရားသခင်၏သားတော်ကိုသိကျွမ်းခြင်းသို့လည်းကောင်း၊ တညီတညွတ်တည်းရောက်၍၊ ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူအဖြစ်သို့ရောက်ကြ" (ဧဖက်၊ ၄း၁၁–၁၃) ရန်အတွက်ပေးထားခြင်းဖြစ်သည်။ ဝိညာဉ်ဆုကျေးဇူးများကိုရရှိသောသူတို့သည် အထူးသဖြင့်ယုံကြည်သူ၏ဆုကျေးဇူးအတိုင်း သာသနာလုပ်ငန်းအတွက် သူတို့ကိုသင်ကြားလေ့ကျင့်

ပေးခြင်းဖြင့် အလုပ်အကျွေးပြုရန်ဖြစ်သည်။ ဤအရာသည် အသင်းတော်ကိုရင့်သန်လာရန်တည်ဆောက်ပေး၍၊ ခရစ်တော်၏ပြည့်စုံသောကိုယ်ခန္ဓာအဖြစ်သို့ရောက်ရှိရန်ဖြစ်သည်။

ဤသာသနာလုပ်ငန်းသည် ဝိညာဉ်ရေးတည်ငြိမ်မှုကိုတိုးပွားစေပြီး၊ မှားယွင်းသောယုံကြည်ချက်များကိုကာကွယ်ရန် အသင်းတော်ကိုခွန်အားပေးသည်။ ထို့ကြောင့် ယုံကြည်သူများသည် "နောက်တစ်ဖန်ခပ်သိမ်းသောဩဝါဒလေတိုက်၍ ဖရိုဖရဲလွင့်သွားသောသူငယ်မဖြစ်ဘဲလျက်၊ မေတ္တာစိတ်နှင့်သမ္မာတရားကိုဟောပြောသဖြင့်၊ ဦးခေါင်းတည်းဟူသောခရစ်တော်မှာ အရာရာတို့၌ကြီးပွားမည်အကြောင်းတည်း" (ဧဖက်၊ ၄း၁၄၊၁၅)။

နောက်ဆုံးတွင် ဝိညာဉ်တော်ဆုကျေးဇူးများသည် ခရစ်တော်၌စည်းလုံးခြင်းနှင့် အသင်းတော်၏ကြွယ်ဝမှုတို့ကိုဖြစ်လာစေသည်။ "ထိုဦးခေါင်းမှအဆစ်အပိုင်းများတို့သည် အားဖြည့်သဖြင့်၊ တစ်ကိုယ်လုံးသည်စေ့စပ်ထုံးဖွဲ့လျက်၊ အသီးအသီးအင်္ဂါများ ကိုယ်ငန်းကိုယ်တာအတိုင်း၊ ပြုပြင်သည်နှင့်အညီ၊ မိမိကိုယ်ကိုမေတ္တာ၌တည်ဆောက်ခြင်းငှာကြီးပွားစေတတ်၏" (ဧဖက်၊ ၄း၁၆)။ ဘုရားသခင်ရည်ရွယ်သောကြီးထွားမှုကို အသင်းတော်သည် တွေ့ကြုံခံစားနိုင်ရန်၊ အသင်းသားတစ်ဦးစီသည် သူပေးသောဆုကျေးဇူးကိုအသုံးပြုရမည်။

ရလဒ်အနေဖြင့်အသင်းတော်သည် အသင်းသားဦးရေကြီးထွားမှုနှင့် တစ်ဦးချင်းစီ၏ဝိညာဉ်ရေးဆုကျေးဇူးတိုးပွားခြင်းတည်းဟူသော ကြီးထွားခြင်းနှစ်ဆကိုရရှိသည်။ တစ်ဖန်၊ ချစ်ခြင်းမေတ္တာသည် ဤခေါ်တော်မူခြင်း၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အကြောင်းမှာ အသင်းတော်သည် ဤဆုကျေးဇူးများကိုမေတ္တာဖြင့်အသုံးပြုသောအခါမှသာလျှင် ဤတည်ဆောက်ကြီးထွားမှုကိုသဘောပေါက်နိုင်သည်။

## ဝိညာဉ်ဆုကျေးဇူးများဂယက်ရိုက်ခတ်မှု

**ဘုံသာသနာလုပ်ငန်း။** သာမန်အသင်းသားများသည် ဘုရားကျောင်းခုံတန်းရှည်ကိုနွေးစေရုံမျှထိုင်၍ တရားနာရန်စောင့်နေစဉ် ဓမ္မဆရာသည် သာသနာလုပ်ငန်းဆောင်ရွက်နေရမည်ဟူသောအမြင်ကို သမ္မာကျမ်းစာကမထောက်ခံချေ။ ဓမ္မဆရာများနှင့်သာမန်အသင်းသားတို့သည် ဘုရားသခင် "ပိုင်ထိုက်တော်မူသောအပေါင်းအသင်း" (၁ပေ၊ ၂း၉) ဖြစ်၍၊ အတူတကွအသင်းတော်ကိုထူထောင်ကြသည်။ သူတို့သည် အသင်းတော်၏ကောင်းစားရေးအတွက်နှင့် ၎င်း၏ကြီးပွားချမ်းသာခြင်းအတွက် အတူတကွတာဝန်ရှိကြသည်။ သူတို့သည် ခရစ်တော်ပေးသောဆုကျေးဇူးများရရှိသည့်အတိုင်း အတူတကွအမှုတော်တွင် ပါဝင်လုပ်ဆောင်ရန်ခေါ်တော်မူခြင်းခံရကြသည်။ ဆုကျေးဇူးများ

ခြားနားမှုသည် အမျိုးမျိုးသောအမှုတော်ကိုဖန်တီးပေး၍၊ ဘုရားသခင်၏နိုင်ငံတော်တိုးချဲ့ရန်နှင့် လောကီသားများအား သူတို့၏ကယ်တင်ရှင်တွေ့ဆုံစေခြင်းအလိုငှာ ပြင်ဆင်ရန်သူတို့၏သက်သေခံခြင်းတွင် အားလုံးပေါင်းစည်းကြသည် (မဿဲ၊ ၂၈း၁၈–၂၀။ ဗျာ၊ ၁၄း၆–၁၂)။

**ဓမ္မဆရာ၏ကဏ္ဍ။** ဝိညာဉ်ဆုကျေးဇူးဆိုင်ရာ ယုံကြည်ချက်သည် အသင်းသားများအား သင်ကြားလေ့ကျင့်ပေးသည့်တာဝန်ကို ဓမ္မဆရာတို့ပခုံးတွင်ပေးလိုက်သည်။ ဘုရားသခင်သည် သူ၏လူတို့ကို သာသနာလုပ်ငန်းအတွက်လက်နက်တပ်ဆင်ပေးရန် တမန်တော်များ၊ ပရောဖက်များ၊ ဧဝံဂေလိတရားဟောဆရာများ၊ အသင်းအုပ်ဆရာများ၊ စာသင်ဆရာများတို့ကိုတာဝန်ပေးခဲ့ပေပြီ။ "ဓမ္မဆရာများသည် အသင်းတော်နှင့်ဆိုင်သောအလုပ်ကို မလုပ်သင့်ချေ။ ထိုသို့ဖြင့် သူတို့ကိုယ်ကိုစိတ်ပင်ပန်းနွမ်းနယ်စေပြီး၊ အခြားသူများကို သူတို့၏တာဝန်ကိုထမ်းဆောင်ခြင်းမှတားဆီးရာရောက်သည်။ သူတို့သည် အသင်းသားများကို အသင်းတော်နှင့်ပတ်ဝန်းကျင်ရပ်ကွက်တို့၌ မည်သို့လုပ်ဆောင်ရမည်ကို သင်ပြပေးရမည်။

သင်ကြားလေ့ကျင့်ပေးခြင်းဆိုင်ရာဆုကျေးဇူးမရှိသောဓမ္မဆရာသည် အသင်းအုပ်အလုပ်နှင့်စပ်ဆိုင်သူမဟုတ်ဘဲ၊ ဘုရားသခင်၏အခြားသောအမှုတော်နှင့် ပိုမိုသက်ဆိုင်သည်။ အသင်းတော်အတွက် ဘုရားသခင်၏အစီအစဉ်အောင်မြင်ခြင်းသည် အသင်းသားများက ဘုရားသခင်ပေးသောဆုကျေးဇူးများကိုအသုံးပြုရန် သင်တန်းပေးရာတွင် အသင်းအုပ်ဆရာများ၏စိတ်ပါဝင်စားမှုနှင့် စွမ်းဆောင်ရည်တို့အပေါ်မူတည်သည်။

**ဆုကျေးဇူးများနှင့်လုပ်ငန်းတာဝန်။** ဘုရားသခင်သည် ဝိညာဉ်ဆုကျေးဇူးများကိုရရှိသောသူတို့တစ်ဦးစီ၏ အကျိုးအမြတ်အတွက်မဟုတ်ဘဲ၊ အသင်းတော်တစ်ခုလုံး၏အကျိုးကျေးဇူးအတွက်ပေးသည်။ ဆုကျေးဇူးများကိုရရှိသောသူတို့သည် သူတို့ကိုယ်ပိုင်အတွက်ရရှိခြင်းမဟုတ်သကဲ့သို့၊ အသင်းတော်သည်လည်း ဆုကျေးဇူးတစ်ရပ်လုံးကို မိမိကိုယ်ပိုင်အတွက်ရရှိခြင်းမဟုတ်ပါ။ ဘုရားသခင်သည် သူတာဝန်ပေးထားသော လောကကိုသာသနာပြုရမည့်တာဝန်ကို ဖြည့်ဆည်းနိုင်ရန် အသင်းတော်တစ်ရပ်လုံးကို ဆုကျေးဇူးများဖြင့်ပံ့ပိုးပေးသည်။

ဝိညာဉ်ဆုကျေးဇူးများသည် အလုပ်ကောင်းစွာလုပ်ခြင်းအတွက် လက်ဆောင်မဟုတ်ပါ။ ၎င်းတို့သည် အလုပ်ကောင်းစွာလုပ်နိုင်ရန်၊ လက်နက်ကိရိယာများဖြစ်သည်။ ပင်ကိုစွမ်းရည်များသည် ဝိညာဉ်ဆုကျေးဇူးမဟုတ်သော်လည်း၊ လူပုဂ္ဂိုလ်၏ပင်ကိုစွမ်းရည်နှင့်သဟဇာတဖြစ်သောဆုကျေးဇူးများကို အများအားဖြင့်ဝိညာဉ်တော်ကပေးသည်။ အသစ်မွေးဖွားသောသူကို ဝိညာဉ်တော်၏ခွန်အားပေးခြင်းလိုအပ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ဆုကျေးဇူးများဖြင့်ပံ့ပိုးခြင်းခံရနိုင်ဖို့ အသစ်တစ်ဖန်မွေးဖွားရန်လိုအပ်သည်။

**တူညီခြင်းမဟုတ်၊ ကွဲပြားမှု၌စည်းလုံးခြင်းဖြစ်သည်။** တချို့သော ခရစ်ယာန်များသည် အခြားယုံကြည်သူတိုင်းကို မိမိတို့နှင့်တူအောင်ကြိုးစားကြသည်။ ဤအရာသည် လူ့အစီအစဉ်သာဖြစ်ပြီး၊ ဘုရားသခင်၏အကြံအစည်မဟုတ်ပါ။ ပင်ကို စွမ်းရည်များကိုပြည့်စုံစေရန် အမျိုးမျိုးသောဝိညာဉ်ဆုကျေးဇူးများရှိသော်လည်း အသင်းတော်သည် ဆက်လက်၍စည်းလုံးလျက်ရှိသည်။ ၎င်းက ဘုရားသခင့် အသင်းတော်၏တိုးတက်မှုသည် ယုံကြည်သူအယောက်စီတိုင်းအပေါ်တွင်မှီခိုကြောင်း ညွှန်ပြသည်။ အသင်းတော်အထဲကအားလုံးသောဆုကျေးဇူးများ၊ သာသနာလုပ်ငန်း များနှင့် လုပ်ငန်းလည်ပတ်မှုများသည်ပေါင်းစပ်၍ ရှေးကအသင်းတော်အားဖြင့်ချခဲ့သော အုတ်ဖြစ်အပေါ်တွင်တည်ဆောက်ကြရန် ဘုရားသခင်ရည်ရွယ်သည်။ တိုက်ထောင့် အမြစ်တည်းဟူသောယေရှုခရစ်တော်၌ "တစ်တိုက်လုံးသည် စေ့စပ်၍ကြီးပွားသဖြင့်၊ သခင်ဘုရားအဖို့အလိုငှာ သန့်ရှင်းသောဗိမာန်တော်ဖြစ်၏" (ဧဖက်၊ ၂း၂၁)။

**ဆုကျေးဇူးများ၏ရည်ရွယ်ချက်ဖြစ်သောသက်သေခံခြင်း။** ယုံကြည်သူ များသည် အမျိုးမျိုးသောဆုကျေးဇူးများကိုရကြသည်အရာမှာ၊ အယောက်စီတိုင်းအတွက် သီးခြားသာသနာရှိကြောင်းကိုညွှန်ပြသည်။ ယုံကြည်သူအားလုံးသည် သူတို့၏ ယုံကြည်ခြင်းကိုသက်သေခံခြင်း၊ ယုံကြည်မှုများကိုမျှဝေခြင်းနှင့် သူတို့၏အသက်တာ၌ ဘုရားသခင်ပြုလုပ်ခဲ့သောအရာများကို ပြောပြခြင်းစသည်တို့ကိုပြုလုပ်နိုင်ရမည်။ ဘုရားသခင်ပေးသောဆုတစ်ခုစီသည် မည်သည့်ဆုပင်ဖြစ်သော်လည်း၊ ၎င်း၏ရည်ရွယ် ချက်မှာ ထိုဆုကျေးဇူးကိုပိုင်ဆိုင်သူသည် သက်သေခံနိုင်ရန်အတွက်ဖြစ်သည်။

**ဝိညာဉ်ဆုကျေးဇူးများကိုအသုံးပြုရန်ပျက်ကွက်ခြင်း။** မိမိတို့၏ဝိညာဉ် ဆုကျေးဇူးများကို အသုံးပြုရန်ငြင်းဆန်သောသူတို့သည် သူတို့၏ဆုကျေးဇူးများအသုံး မပြုခြင်းကြောင့် သေးသိမ်သွားသည်သာမက၊ သူတို့၏ထာဝရကယ်တင်ခြင်းကိုလည်း ထိခိုက်စေကြသည်။ မိမိအစွမ်းကိုအသုံးမပြုခဲ့သောငယ်သားသည် သူ၏ထာဝရဆုလာဘ်ကို လက်လွတ်လိုက်ရသော "ဆိုးညစ်ပျင်းရိသောငယ်သား" ဖြစ်ကြောင်း ယေရှုသည် မေတ္တာဖြင့်အလေးအနက်သတိပေးခဲ့သည်။ သစ္စာမရှိသောငယ်သားက သူ၏ပျက်ကွက်မှု သည် တမင်သက်သက်ကြိုတင်ကြံရွယ်ထားခြင်းဖြစ်ကြောင်းကို ပွင့်ပွင့်လင်းလင်းဝန်ခံခဲ့ သည်။ ထို့ကြောင့် သူ၏ပျက်ကွက်မှုအတွက် သူတာဝန်ယူရလိမ့်မည်။ "နောက်ဆုံးသော တရားစီရင်ခြင်းနေ့ကြီးတွင် တာဝန်ဝတ္တရားများကိုရှောင်တိမ်း၊ ခေါင်းရှောင်၍၊ လွှင့်မျော နေသောသူတို့ကို တရားသူကြီးမင်းသည် မကောင်းမှုကိုကျူးလွန်သူများနှင့်တန်းတူ အဆင့်၌ထားလိမ့်မည်။"

## ဝိညာဉ်ဆုကျေးဇူးများကို ရှာဖွေတွေ့ရှိခြင်း

အသင်းသူအသင်းသားများသည် အသင်းတော်၏လုပ်ငန်းတွင်အောင်မြင်စွာပါဝင်နိုင်ရန် သူတို့၏ဆုကျေးဇူးများကိုနားလည်ရမည်။ ဆုကျေးဇူးများသည် သံလိုက်အိမ်မြှောင်ကဲ့သို့လုပ်ဆောင်၍၊ ၎င်းကိုပိုင်ဆိုင်သောသူအား အမှုတော်နှင့်ကြွယ်ဝသောအသက်တာ၏ဝမ်းမြောက်ခြင်း စသည်တို့ဘက်သို့ညွှန်ပြပေးသည် (ယောဟန်၊ ၁၀း၁၀)။ “ကျွန်ုပ်တို့၏ဆုကျေးဇူးများကို အသိအမှတ်ပြုရန်၊ တိုးပွားစေရန်၊ အသုံးပြုရန်ကျွန်ုပ်တို့မရွေးချယ်လျှင်၊ အသင်းတော်သည် ဖြစ်နိုင်သည့်အဆင့်ထက်နည်းနေသည်။ ဘုရားသခင်ရည်ရွယ်သည့်အဆင့်ထက်လည်းလျော့ကျနေသည်။”

ကျွန်ုပ်တို့၏ဝိညာဉ်ဆုကျေးဇူးများကို ရှာဖွေတွေ့ရှိနိုင်မည့်လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

**ဝိညာဉ်ရေးဆိုင်ရာပြင်ဆင်မှု။** တမန်တော်များသည် အပြစ်သားများကိုခရစ်တော်ထံသို့ပို့ဆောင်မည့်စကားများကို ပြောနိုင်အောင်သင့်လျော်မှုရှိရန်အတွက်စိတ်အားထက်သန်စွာဆုတောင်းခဲ့ကြသည်။ သူတို့အကြား၌ရှိသော ခြားနားမှုများနှင့်အကြီးအကဲဖြစ်လိုမှုတို့ကိုဖယ်ရှားခဲ့ကြသည်။ အပြစ်ကိုဝန်ချခြင်းနှင့် နောင်တတရားသည် သူတို့ကိုခရစ်တော်နှင့်အတူ ရင်းနှီးသောဆက်ဆံရေးထဲသို့ခေါ်ဆောင်လာခဲ့သည်။ ယနေ့ခရစ်တော်ကိုလက်ခံရရှိသောသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံအတွက်ပြင်ဆင်ရာတွင် အလားတူအတွေ့အကြုံမျိုးလိုအပ်သည်။

သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံသည် တစ်ကြိမ်တည်းသာဖြစ်သောဖြစ်ရပ်မဟုတ်ချေ။ ကျွန်ုပ်တို့သည် ၎င်းကိုနေ့စဉ်တွေ့ကြုံခံစားနိုင်သည်။ ကျွန်ုပ်တို့သည် ထိုဗတ္တိဇံအတွက်၊ ဘုရားသခင်ကိုတောင်းလျှောက်ရန်လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော်၊ ၎င်းသည် အသင်းတော်အား ဧဝံဂေလိတရားကိုသက်သေခံဟောပြောရန်တန်ခိုးကိုပေးသည်။ ဤအရာကိုလုပ်ဆောင်ရန်၊ ကျွန်ုပ်တို့၏အသက်တာကို ဘုရားသခင်ထံအမြဲတမ်းဆက်ကပ်အပ်နှံရမည်၊ ခရစ်တော်၌လုံးလုံးတည်နေရမည်၊ ကျွန်ုပ်တို့၏ဆုကျေးဇူးကိုရှာဖွေတွေ့ရှိနိုင်ရန် ဘုရားသခင်ထံဉာဏ်ပညာကိုတောင်းရမည် (ယာကုပ်၊ ၁း၅)။

**သမ္မာကျမ်းစာကို လေ့လာခြင်း။** ဓမ္မသစ်ကျမ်းက ဝိညာဉ်ဆုကျေးဇူးအကြောင်း သင်ပေးသောအရာကို ဆုတောင်းခြင်းဖြင့်လေ့လာခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အတွက်ထားရှိသည့်တိကျသောအမှုတော်ကို ကျွန်ုပ်တို့၏စိတ်ထဲတွင်စွဲမှတ်စေသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏အမှုတော်အတွက်အနည်းဆုံးဆုကျေးဇူးတစ်ခုပေးသည်ကို ကျွန်ုပ်တို့ယုံကြည်ရန်အရေးကြီးသည်။

**ဘုရားရှင်၏လမ်းပြမှုကိုခံယူခြင်း။** ကျွန်ုပ်တို့သည် ဝိညာဉ်တော်ကိုအသုံးပြုရန် မဟုတ်၊ သူ၏အသုံးပြုခြင်းကိုခံရန်ဖြစ်သည်။ "အကြောင်းမူကား၊ သင်တို့သည် အလိုရှိစေခြင်းငှာလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှာလည်းကောင်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း" (ဖိလိပ္ပိ၊ ၂း၁၃)။ ဘုရားသခင်၏လမ်းပြမှုအတိုင်း မည်သည့်အမှုတော်လုပ်ငန်းမဆိုလုပ်ဆောင်လိုခြင်းမှာ အခွင့်ထူးတစ်ခုဖြစ်သည်။ အခြားသူများမှတစ်ဆင့် အလုပ်လုပ်ဆောင်နိုင်မည့်အခွင့်အရေးကို ကျွန်ုပ်တို့သည် ဘုရားသခင်အားပေးရမည်။ ထို့ကြောင့် အသင်းတော်၏လိုအပ်မှုများ ပေါ်လာသောအချိန်တိုင်းကူညီရန် ကျွန်ုပ်တို့အဆင်သင့်ရှိရမည်။ ကျွန်ုပ်တို့သည် အသစ်သောအရာကိုစမ်းသပ်လုပ်ဆောင်ရန်မကြောက်ရချေ။ သို့သော်၊ ကျွန်ုပ်တို့၏အကူအညီကိုတောင်းဆိုလာသောအခါ ကျွန်ုပ်တို့၏စွမ်းရည်များနှင့် အတွေ့အကြုံတို့ကိုပြောပြရန် ဝန်မလေးပါနှင့်။

**အသင်းတော်မှအတည်ပြုချက်။** ဘုရားသခင်သည် ဤဆုကျေးဇူးများကို အသင်းတော်တည်ဆောက်ရန်ပေးထားသည်ဖြစ်ရာ၊ ကျွန်ုပ်တို့ရရှိသောဝိညာဉ်ဆုကျေးဇူးများကို ကိုယ်ပိုင်ခံစားချက်ဖြင့်မဟုတ်ဘဲ၊ အသင်းတော်တစ်ခုလုံးကအသိအမှတ်ပြုပေးရမည်။ မကြာခဏသူတစ်ပါး၏ဆုကျေးဇူးထက် ကိုယ့်ဆုကျေးဇူးကိုသိရှိရန်ပိုမိုခက်ခဲတတ်သည်။ ကျွန်ုပ်တို့၏ဆုကျေးဇူးအကြောင်းကို သူတစ်ပါးကကျွန်ုပ်တို့အားပြောပြသည်ကို နားထောင်လိုစိတ်ရှိသည်သာမက၊ သူတစ်ပါး၌ ဘုရားသခင်၏ဆုကျေးဇူးကို အသိအမှတ်ပြုပေးရန်လည်းအရေးကြီးသည်။

ကျွန်ုပ်တို့အတွက်ဘုရားရှင်သတ်မှတ်ပေးသောအလုပ် သို့မဟုတ် အမှုတော်ကို လုပ်ဆောင်နေရကြောင်းကိုသိရှိခြင်းထက် ပိုမိုစိတ်လှုပ်ရှား၍ကျေနပ်ဖွယ်သောအရာဘာမျှ မရှိချေ။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်သည်ကျွန်ုပ်တို့အားပေးသော အထူးဆုကျေးဇူးကို သူ၏အမှုတော်တွင်အသုံးပြုရခြင်းသည် အလွန်ကြီးမားသော ကောင်းချီးပါတကား။ ခရစ်တော်သည် သူ၏ကျေးဇူးတော်ဆိုင်ရာအစွမ်းများကိုမျှဝေစေလို သည်။ ယနေ့ကျွန်ုပ်တို့သည် သူ၏ဖိတ်ခေါ်ခြင်းကိုလက်ခံ၍၊ ဝိညာဉ်တော်နှင့် ပြည့်ဝသောအသက်တာ၌ သူ၏ဆုကျေးဇူးသည် မည်သည့်အရာပြုလုပ်နိုင်သည်ကို ရှာဖွေတွေ့ရှိနိုင်သည်။

–၀–

# အခန်း– ၁၈
# ပုရောဖက်ပြုခြင်းဆုကျေးဇူး

သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးများအနက်မှ တစ်ခုသောဆုကျေးဇူးမှာ ပုရောဖက်ပြုခြင်းဖြစ်ကြောင်း သမ္မာကျမ်းစာကသက်သေခံသည်။ ဤဆုကျေးဇူးသည် ကျန်ကြွင်းသောအသင်းတော်ကို ခွဲခြားနိုင်သောအမှတ်အသားဖြစ်၍၊ ၎င်းသည် အယ်လင်ဂျီဝှိုက်၏သာသနာလုပ်ငန်းတွင် ထင်ရှားသည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ သူမ၏စာပေလက်ရာသည် ပုရောဖက်ပြုသောအခွင့်အာဏာပြောဆို၍၊ အသင်းတော်အတွက်နှစ်သိမ့်ခြင်း၊ လမ်းညွှန်မှု၊ သင်ကြားပို့ချမှုနှင့် အမှားပြင်ခြင်းတို့ကိုပေးသည်။ အားလုံးသောသွန်သင်မှုများနှင့်အတွေ့အကြုံတို့ကို စစ်ဆေးရသောစံချိန်စံညွှန်းမှာ သမ္မာကျမ်းစာဖြစ်ကြောင်းကို သူမ၏စာပေများကရှင်းလင်းစွာဖော်ပြသည်။ (တော၊ ၁၂း၆၊ ဇာရာ၊ ၂၀း၂၀။ ယောလ၊ ၂း၂၈၊၂၉။ အာမုတ်၊ ၃း၇။ တမန်၊ ၂း၁၄–၂၁။ ၂တိ၊ ၃း၁၆၊၁၇။ ဟေဗြဲ၊ ၁း၁–၃။ ဗျာ၊ ၁၂း၁၇။ ၁၉း၁၀။ ၂၂း၈၊၉။)

ယုဒရှင်ဘုရင်ယောရှဖတ်သည် စိတ်သောကရောက်ခဲ့သည်။ ရန်သူစစ်တပ်ကြီးသည် ချဉ်းကပ်လာနေပြီး၊ အလားအလာရှိသည့်အခြေအနေမှ မျှော်လင့်ချက်ကင်းမဲ့ဟန်ရှိသည်။ ယောရှဖတ်သည်..... "ထာဝရဘုရားကိုရှာခြင်းငှာ သဘောချလျက်၊ အစာရှောင်ရာအချိန်ကို ယုဒပြည်တစ်လျှောက်လုံး၌ ကြေညာစေတော်မူ၏" (ဇာရာ၊ ၂၀း၃)။ လူတို့သည် ဘုရားသခင်ကယ်နုတ်ခြင်းကိုတောင်းခံရန် ဗိမာန်တော်သို့တဖွဲဖွဲရောက်လာခဲ့ကြသည်။

ယောရှဖတ်သည် ဆုတောင်းခြင်းကိုဦးဆောင်နေချိန်တွင်၊ သူသည် အခြေအနေကိုပြောင်းသွားစေရန် ဘုရားသခင်ကိုတောင်းလျှောက်ခဲ့သည်။ သူသည် "ဘိုးဘေးတို့၏ဘုရားသခင်ထာဝရဘုရား၊ ကိုယ်တော်သည် ကောင်းကင်ဘုံ၏အရှင်ဘုရားသခင်ဖြစ်တော်မူသည်မဟုတ်လော။ တစ်ပါးအမျိုးသားနေရာတိုင်းနိုင်ငံရှိသမျှတို့ကို အစိုးရတော်မူသည်မဟုတ်လော။ အဘယ်သူမျှမတားဆီးနိုင်အောင် ခွန်အားတန်ခိုးကြီးတော်မူသည်မဟုတ်လော" ဟု ဆုတောင်းခဲ့သည်။ (ဇာရာ၊ ၂၀း၆)။ ဘုရားသခင်သည် မိမိလူတို့ကိုအလျင်ကအထူးကာကွယ်ခဲ့သည်မဟုတ်လော။ ဤပြည်ကိုသူရွေးချယ်သောလူမျိုးတို့အား ပေးခဲ့ပြီမဟုတ်လော။ ထို့ကြောင့် ယောရှဖတ်သည် "အိုအကျွန်ုပ်တို့၏ဘုရားသခင်၊ သူတို့ကိုမစီရင်ဘဲနေတော်မူမည်လော။ ကျွန်ုပ်တို့သည်..... မတတ်နိုင်ပါ။ အဘယ်သို့ပြုရမည်ကိုမသိပါ။ ကိုယ်တော်ကိုသာမျှော်ကြည့်လျက်နေကြပါသည်" (ဇာရာ၊ ၂၀း၁၂) ဟူ၍အသနားခံခဲ့သည်။

ယုဒလူအားလုံးသည် ထာဝရဘုရားရှေ့တွင်ရပ်နေကြစဉ်၊ ယဟာဇေလသည် ထလာခဲ့သည်။ သူ၏သတင်းစကားသည် ကြောက်ရွံ့နေသောလူတို့ကိုသတ္တိနှင့် ညွှန်ကြားချက်များကိုပေးသည်။ သူက "မကြောက်ကြနှင့်။...... စစ်မှုသည် သင်တို့တာ မဟုတ်၊ ဘုရားသခင့်တာဖြစ်၏။...... သင်တို့သည် စစ်တိုက်စရာအကြောင်းမရှိသည် ဖြစ်၍၊ တည်ကြည်စွာမတ်တတ်ရပ်နေလျက်၊ ထာဝရဘုရား၏ကယ်တင်တော်မူခြင်း ကျေးဇူးကိုကြည့်ရှုကြလော့။...... ထာဝရဘုရားသည် သင်တို့နှင့်အတူရှိတော်မူလိမ့်မည် ဟု မြွက်ဆို၏" (၆ရာ၊ ၂၀း၁၅–၁၇)။ နံနက်အချိန်တွင် ယောရှဖတ်သည် မိမိတပ်စု ကြီးကို "သင်တို့၏ဘုရားသခင်ကိုယုံကြည်ကြလော့။ သို့ပြုလျှင်တည်ကြည်ကြလိမ့်မည်။ ပုရောဖက်တို့ကိုယုံကြည်ကြလော့။ သို့ပြုလျှင် အောင်မြင်ကြလိမ့်မည်ဟုမိန့်တော်မူ၏" (၆ရာ၊ ၂၀း၂၀)။

ရှင်ဘုရင်သည် လူသိနည်းသောပုရောဖက်ယဟာဇေလကိုအပြည့်အဝယုံကြည် သည်ဖြစ်ရာ၊ စစ်တပ်ကြီး၏အရှေ့တွင် ထာဝရဘုရား၏သန့်ရှင်းခြင်းအသရေကိုချီးမွမ်း ရသောသီချင်းသည်တို့ကိုချထားသည်။ ချီးမွမ်းခြင်းသီချင်းကိုစဆိုသောအခါ၊ ထာဝရဘုရား သည် ယုဒလူတို့ကိုတိုက်မည့်မဟာမိတ်စစ်တပ်ကြီးအကြားတွင် ရှုပ်ထွေးမှုဖြစ်စေခဲ့သည်။ လူသတ်ပွဲသည် အလွန်ကြီးမားသည်ဖြစ်ရာ "တစ်ယောက်မျှမလွတ်" ခဲ့ချေ (၆ရာ၊ ၂၀း၂၄)။

ယဟာဇေလသည် ထိုအထူးအချိန်အခါအတွက် ဘုရားသခင်၏သတင်းကို ပြောသူဖြစ်ခဲ့သည်။

ပုရောဖက်တို့သည် ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းအချိန်တို့တွင် မရှိမဖြစ် လိုအပ်သောကဏ္ဍပါဝင်ခဲ့ကြရသည်။ သို့သော် သမ္မာကျမ်းစာအချိန်အဆုံးသတ်သွား ချိန်တွင် ပုရောဖက်ပြုခြင်းလုပ်ငန်းရပ်စဲသွားပါသလား။ အဖြေကိုရရှိနိုင်ရန်၊ ပုရောဖက် ပြုခြင်းသမိုင်းကြောင်းကိုခြေရာပြန်ကောက်ကြပါစို့။

## သမ္မာကျမ်းစာအချိန်ကပုရောဖက်ပြုခြင်းဆုကျေးဇူး

အပြစ်သည် ဘုရားသခင်နှင့်လူသားတို့အကြား မျက်နှာချင်းဆိုင်ဆက်သွယ်မှုကို နိဂုံးချုပ်ခဲ့သော်လည်း (ဟေရှာယ၊ ၅၉း၂)၊ ဘုရားသခင်သည် လူသားတို့နှင့်ရင်းနှီးမှုကို အဆုံးမသတ်ခဲ့ချေ။ ထို့အစား၊ သူသည် အခြားဆက်သွယ်ရေးနည်းလမ်းများကို ဖန်တီး ခဲ့သည်။ သူသည် အမျိုးသားအမျိုးသမီးပုရောဖက်များအားဖြင့် မိမိ၏အားပေးခြင်း၊ သတိပေးခြင်းနှင့် အပြစ်တင်ခြင်းသတင်းစကားများကိုစတင်ပေးပို့ခဲ့သည်။ သမ္မာကျမ်းစာ ထဲတွင် ပုရောဖက်သည် "ဘုရားသခင်ထံမှသတင်းပေးပို့ချက်ကိုရရှိ၍၊ ၎င်းတို့၏ရည်ရွယ် ချက်ကို ဘုရားသခင်၏လူတို့ထံသို့သယ်ဆောင်သောသူဖြစ်သည်။" ပုရောဖက်များသည်

မိမိတို့သဘောဖြင့်မဟောပြောကြချေ။ "အကြောင်းမူကား၊ အနာဂတ္တိစကားသည် လူအလို အားဖြင့်ဖြစ်ဖူးသည်မဟုတ်။ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော် ၏တိုက်တွန်းတော်မူခြင်းကိုခံရ၍ဟောပြောကြ၏" (၂ပေ၊ ၁း၂၁)။

ဓမ္မဟောင်းကျမ်းတွင် "ပုရောဖက်" ဟူသောစကားလုံးသည် ဟေဗြဲစကားလုံး "နာဘီး" (nabi) မှ ဘာသာပြန်ဆိုခြင်းဖြစ်သည်။ ၎င်း၏အဓိပ္ပါယ်ကို (ထွက်မြောက်ရာကျမ်း ၇း၁၊၂) တွင်ဖော်ပြထားသည်။ "ထာဝရဘုရားကလည်း၊ သို့ဖြစ်၍ သင့်ကိုဖာရောဘုရင်၏ ဘုရားအရာ၌ငါခန့်ထား၏။ သင်၏အစ်ကို အာရုန်သည် သင်၏ပုရောဖက်ဖြစ်ရလိမ့်မည်။ ငါမိန့်တော်မူသမျှတို့ကို သင်သည် ပြန်ပြောရမည်။ ဖာရောဘုရင်သည် ဣသရေလအမျိုးသားတို့ကို မိမိပြည်မှ လွှတ်လိုက်ရမည်အကြောင်းကို၊ သင်၏အစ်ကိုအာရုန်သည် သူ့ထံ၌လျှောက်ရမည်။" မောရှေနှင့်ဖာရောဘုရင်တို့၏ဆက်နွှယ်မှုသည် ဘုရားသခင်သည် မိမိလူတို့ကို ဆက်ဆံသကဲ့သို့ဖြစ်သည်။ အာရုန်သည် မောရှေ၏သတင်းစကားကို ဖါရောဘုရင် အားပြောပြသကဲ့သို့၊ ပုရောဖက်သည်လည်း ဘုရားသခင်၏သတင်းစကားကို လူတို့ထံသို့သယ်ဆောင်ပေးသည်။ ထို့ကြောင့် ပုရောဖက်သည် ဘုရားရှင်ခန့်ထားသော ဘုရားသခင်အတွက်ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။ ဟေဗြဲစကား "နာဘီး" နှင့် အဓိပ္ပါယ် တူသောဟေလသစကားလုံး "ပုရောဖက်တီးစ်" (prophetes) မှ ပုရောဖက် (အင်္ဂလိပ် စကားလုံး) ဟူသောစကားလုံးမှဆင်းသက်လာသည်။

"မြင်သောသူ" သည် ဟေဗြဲစကား "ရိုအဲ့" (roeh ဟေရှာယ၊ ၃၀း၁၀) သို့မဟုတ် "ချိုဇက်" (chozeh ၂ရာ၊ ၂၄း၁၁။ ၄ရာ၊ ၁၇း၁၃) ကိုဘာသာပြန်ဆိုခြင်း ဖြစ်ပြီး၊ ပုရောဖက်ပြုခြင်းဆုကျေးဇူးကို ရရှိသောသူတို့အတွက် အခြားဂုဏ်ထူးဖြစ် သည်။ "ပုရောဖက်" နှင့် "မြင်သောသူ" သည် နီးကပ်စွာဆက်စပ်သည်။ ၎င်းကို သမ္မာကျမ်းစာကရှင်းပြသည်။ "ရှေးကာလ၌ဣသရေလအမျိုးသားတို့သည် ဘုရားသခင် ကိုမေးမြန်းခြင်းငှာသွားမည်ဟုအကြံရှိလျှင်၊ မြင်သောသူထံသို့သွားကြစို့ဟုဆိုတတ် ကြ၏။ ပုရောဖက်ဟူ၍ ယခုခေါ်ဝေါ်သောသူကို ရှေးကာလ၌မြင်သောသူဟူ၍ ခေါ်ဝေါ်ကြသတည်း" (၁ရာ၊ ၉း၉)။ မြင်သောသူဟူသောဂုဏ်ထူးသည် ပုရောဖက်က ဘုရားသခင်၏သတင်းစကားလက်ခံရရှိခြင်းကို အလေးပေးသည်။ ဘုရားသခင်သည် ပုရောဖက်တို့အား သူ၏လူများတို့ထံသို့သယ်ဆောင်စေလိုသော သတင်းအချက်အလက် အတွက် သူသည် သူတို့၏ "မျက်စိ" သို့မဟုတ် စိတ်ကိုဖွင့်ပေးသည်။

နှစ်ကာလများတစ်လျှောက်၊ ဘုရားသခင်သည် သူ့လူတို့အတွက်သူ့အလိုတော် ဖော်ပြချက်များကို ပုရောဖက်ပြုခြင်းဆုကျေးဇူးရရှိသောသူတို့အားဖြင့် ပေးခဲ့ပြီးဖြစ်သည်။ "အကယ်စင်စစ်၊ အရှင်ထာဝရဘုရားသည် မိမိကျွန်ပုရောဖက်တို့အား မဖော်မပြဘဲ အဘယ်အမှုကိုမျှစီရင်တော်မမူ" (အာမုတ်၊ ၃း၇)။

**ဓမ္မသစ်ကျမ်းတွင် ပုရောဖက်ပြုခြင်းဆုကျေးဇူး၏ လုပ်ဆောင်မှုများ။**
ဓမ္မသစ်ကျမ်းသည် ပုရောဖက်ပြုခြင်းကို သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးများ အထဲတွင် အရေးပါသောနေရာတွင်ထားသည်။ အသင်းတော်အတွက် အသုံးဝင်ဆုံးသော သာသနာလုပ်ငန်းများအထဲတွင် တစ်ကြိမ် ပထမနေရာ၌လည်းကောင်း၊ နှစ်ကြိမ် ဒုတိယနေရာ၌လည်းကောင်း သတ်မှတ်သည် (ရောမ၊ ၁၂း၆။ ၁ကော၊ ၁၂း၂၈။ ဧဖက်၊ ၄း၁၁)။ ၎င်းသည် ယုံကြည်သူတို့အား ဤဆုကျေးဇူးကိုအလိုရှိရန်တိုက်တွန်း သည် (၁ကော၊ ၁၄း၁၊၃၉)။

ဓမ္မသစ်ကျမ်းသည် ပုရောဖက်တို့၏လုပ်ဆောင်မှုများကို အောက်တွင်ဖော်ပြ သည်။

**၁။ သူတို့သည် အသင်းတော်တည်ထောင်ရာတွင်ကူညီခဲ့ကြသည်။**
အသင်းတော်သည် "တမန်တော်တို့မှစ၍ ပုရောဖက်များတည်းဟူသောတိုက်မြစ်အပေါ် ၌... တည်ဆောက်လျက်ရှိကြ၏။ ထိုတိုက်ထောင့်အမြစ်ကျောက်ကား၊ ယေရှုခရစ်ဖြစ် သတည်း" (ဧဖက်၊ ၂း၂၀၊၂၁)။

**၂။ သူတို့သည် အသင်းတော်၏ပြင်ပသာသနာကိုစတင်ခဲ့ကြသည်။**
သန့်ရှင်းသောဝိညာဉ်တော်သည် ပေါလုနှင့်ဗာနဗတို့ကို သူတို့၏ပထမသာသနာခရီး အတွက် ရွေးချယ်၍ (တမန်၊ ၁၃း၁၊၂)၊ သူတို့သည် ဘယ်နေရာတွင်သာသနာပြုရမည် အကြောင်း ညွှန်ကြားချက်ပေးခဲ့သည်မှာ ပုရောဖက်များအားဖြင့်ဖြစ်သည် (တမန်၊ ၁၆း၆–၁၀)။

**၃။ သူတို့သည် အသင်းတော်ကိုတည်ဆောက်ခဲ့ကြသည်။** ပေါလုက "ပုရောဖက်ပြုသောသူမူကား၊ အသင်းတော်ကိုတည်ဆောက်၏။" "ပုရောဖက်ပြုသောသူ မူကား၊ တည်ဆောက်ခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ သက်သာခြင်းအလို့ငှာ လူတို့ အားဟောပြောကြ၏" (၁ကော၊ ၁၄း၃၊၄) ဟုဆိုသည်။ ဘုရားသခင်သည် ယုံကြည် သူများအား "ခရစ်တော်၏ကိုယ်တော်ကိုတည်ဆောက်၍၊ ဓမ္မဆရာ၏အမှုတို့ကိုပြုတတ် မည်အကြောင်း" (ဧဖက်၊ ၄း၁၁) ပြင်ဆင်ရန် အသင်းတော်သို့ ပုရောဖက်ပြုခြင်းအရာ ကိုပေးခဲ့သည်။

**၄။ သူတို့သည် အသင်းတော်ကိုစည်းလုံး၍ကာကွယ်ခဲ့ကြသည်။** ပုရောဖက် များသည် ယုံကြည်ခြင်း၌စည်းလုံးရန်ကူညီ၍၊ မှားယွင်းသောယုံကြည်ချက်များမှ အသင်းတော် ကိုကာကွယ်ခဲ့ကြသည်။ ထို့ကြောင့် "သူတစ်ပါးတို့သည် လူပရိယာယ်နှင့် အပြစ်သို့သွေးဆောင်ခြင်းငှာ လှည့်ဖြားပြောဆိုသဖြင့်၊ ငါတို့သည် နောက်တစ်ဖန် ခပ်သိမ်းသောဩဝါဒလေတိုက်၍၊ ဖရိုဖရဲလွင့်သွားသောသူငယ်မဖြစ်ရမည်အကြောင်း တည်း" (ဧဖက်၊ ၄း၁၄)။

**၅။ သူတို့သည် အနာဂတ်အခက်အခဲများကို သတိပေးခဲ့ကြသည်။** ဓမ္မသစ်ကျမ်းအချိန်တွင် ပုရောဖက်တစ်ပါးသည် ချဉ်းကပ်လာနေသည့်အငတ်ဘေးကို သတိပေးခဲ့သည်။ ထိုသို့တုံ့ပြန်ရာတွင် အသင်းတော်သည် ငတ်မွတ်ဘေးကြောင့်ဒုက္ခရောက်သောသူတို့ကိုကူညီရန် ကယ်ဆယ်ရေးအစီအစဉ်ကို အစပြုခဲ့ကြသည် (တမန်၊ ၁၁း၂၇–၃၀)။ အခြားပုရောဖက်များကလည်း ပေါလုကိုဖမ်းဆီး၍၊ ယေရုရှလင်မြို့၌ ထောင်ချမည့်အကြောင်းကိုသတိပေးခဲ့ကြသည် (တမန်၊ ၂၀း၂၃။ ၂၁း၄၊၁၀–၁၄)။

**၆။ သူတို့သည် အငြင်းပွားမှုအချိန်ကာလတွင် ယုံကြည်ခြင်းကိုတည်မြဲစေခဲ့ကြသည်။** အသင်းတော်၏ပထမကောင်စီအစည်းအဝေးတွင် သန့်ရှင်းသောဝိညာဉ်တော်သည် အသင်းတော်ကိုတစ်ပါးအမျိုးသားခရစ်ယာန်များ၏ ကယ်တင်ခြင်းအကြောင်းနှင့်ပတ်သက်သော ငြင်းခုံမှုကိုဆုံးဖြတ်ရန်လမ်းပြခဲ့သည်။ ထို့နောက် ဝိညာဉ်တော်သည် ပုရောဖက်များအားဖြင့် ယုံကြည်သူများကိုမှန်ကန်သောယုံကြည်ချက်၌ ထပ်လောင်းအတည်ပြုခဲ့သည်။ အစည်းအဝေးဆုံးဖြတ်ချက်ကို အသင်းသူအသင်းသားတို့အားပေးသိပြီးနောက်၊ "ယုဒနှင့်သိလတို့သည် ပုရောဖက်ဖြစ်သောကြောင့် များစွာသောစကားနှင့် ညီအစ်ကိုတို့ကိုဆုံးမ၍၊ မြဲမြဲခိုင်ခံ့စေကြ၏" (တမန်၊ ၁၅း၃၂)။

## နောက်ဆုံးသောနေ့ရက်၌ပုရောဖက်ပြုခြင်းဆုကျေးဇူး

များစွာသောခရစ်ယာန်များက ပုရောဖက်ပြုခြင်းဆုကျေးဇူးသည် တမန်တော်များခေတ်အဆုံးတွင် နိဂုံးချုပ်သွားပြီဟုယုံကြည်ကြသည်။ သို့သော် သမ္မာကျမ်းစာသည် နောက်ဆုံးသောအချိန် အကျပ်အတည်းကာလအတွင်းတွင် အသင်းတော်၏ အထူးဆုကျေးဇူးလိုအပ်ချက်ကိုဖော်ပြသည်။ ဓမ္မသစ်ကျမ်းအချိန်ပြီးနောက် ပုရောဖက်ဆုကျေးဇူးကို ဆက်လက်ပေးအပ်ရန်လိုအပ်ကြောင်း ၎င်းကသက်သေခံသည်။

**ဝိညာဉ်ဆုကျေးဇူးများဆက်လက်လုပ်ဆောင်ခြင်း။** အသင်းတော်ကိုပေးသောဝိညာဉ်ဆုကျေးဇူးများ၏ရည်ရွယ်ချက်မပြည့်စုံမီ ဘုရားသခင်သည် ၎င်းတို့ကိုရုပ်သိမ်းမည်ဟု သမ္မာကျမ်းစာကမည်သည့်နေရာတွင်မျှမပြောချေ။ ပေါလု၏အဆိုအရ၊ ၎င်း၏ရည်ရွယ်ချက်မှာ "ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့လည်းကောင်း၊ ဘုရားသခင်၏သားတော်ကိုသိကျွမ်းခြင်းသို့လည်းကောင်း၊ တညီတညွတ်တည်းရောက်၍၊ ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူအဖြစ်သို့ရောက်ကြသည်တိုင်အောင် ဖြစ်သတည်း" (ဧဖက်၊ ၄း၁၃)။ အသင်းတော်သည် ဤအခြေအနေသို့မရောက်ရှိသေးသောကြောင့်၊ ဝိညာဉ်ဆုကျေးဇူးအားလုံးကို လိုအပ်နေသေးသည်။ ပုရောဖက်ပြုခြင်းဆုကျေးဇူးအပါအဝင် ဤဆုကျေးဇူးများသည် ခရစ်တော်မကြွလာမီတိုင်အောင်

ဘုရားသခင့်လူတို့၏ကောင်းကျိုးအတွက် ဆက်လက်လုပ်ဆောင်နေဦးမည်။ ထိုအကြောင်းကြောင့် ပေါလုသည် ယုံကြည်သူများအား "ဝိညာဉ်တော်၏အရှိန်ကိုမငြိမ်းစေကြနှင့်။ ပရောဖက်ပြုခြင်းကို မထီမဲ့မြင်မမှတ်ကြနှင့်" (၁သက်၊ ၅း၁၉၊၂၀) ဟူ၍ သတိပေးပြီး၊ "ဝိညာဉ်ဆုကျေးဇူးကိုအလွန်အလိုရှိသည်တွင်၊ ပရောဖက်ပြုရသောအခွင့်ကို သာ၍လိုချင်စိတ်ရှိကြလော့" ဟု အကြံပြုခဲ့သည် (၁ကော၊ ၁၄း၁)။

ဤဆုကျေးဇူးများသည် ခရစ်ယာန်အသင်းတော်တွင် အမြဲတမ်းအလျှံပယ်မထင်ရှားချေ။ တမန်တော်များသေဆုံးပြီးနောက်၊ ပရောဖက်များသည် အေဒီ (၃၀၀) တိုင်အောင် နေရာအတော်များများတွင် သိက္ခာရှိနေခဲ့ကြသည်။ သို့သော် အသင်းတော်၌ ဝိညာဉ်ရေးကျဆင်းခြင်းနှင့် ၎င်း၏အကျိုးဆက်အယူဖောက်ပြန်ခြင်းတို့သည် ဝိညာဉ်တော်ရှိနေခြင်းနှင့် သူ၏ဆုကျေးဇူးများတို့ကိုလျော့နည်းလာစေသည်။ တစ်ချိန်တည်းတွင် မှားယွင်းသောပရောဖက်တို့သည် ပရောဖက်ပြုခြင်းဆုကျေးဇူးအပေါ် ယုံကြည်စိတ်ချရမှုကို ပျောက်ဆုံးစေခဲ့ကြသည်။ ကာလတစ်ခုအတွင်း အသင်းတော်သမိုင်း၌ ပရောဖက်ပြုခြင်းဆုကျေးဇူးကျဆင်းခြင်းသည် ဘုရားသခင်ကဤဆုကျေးဇူးကို အမြဲတစေရုပ်သိမ်းသွားပြီဟုမဆိုလိုပါ။ နောက်ဆုံးသောကာလ ဤဆုကျေးဇူးသည် ထိုခက်ခဲသောကာလတစ်လျှောက် အသင်းတော်ကိုကူညီရန် ရှိနေလိမ့်မည်ဖြစ်ကြောင်း သမ္မာကျမ်းစာကညွှန်ပြသည်။ ထို့မျှမက၊ ဤဆုကျေးဇူးသည် သာ၍ပင်တိုးပွားမည်ဖြစ်ကြောင်းကိုဖော်ပြသည်။

**ဒုတိယအကြိမ်ကြွလာခြင်းမတိုင်မီအချိန်လေးတွင် ရှိမည့်ပရောဖက်ပြုခြင်းဆုကျေးဇူး။** ဘုရားသခင်သည် ပရောဖက်ပြုခြင်းဆုကျေးဇူးကို နှစ်ခြင်းဆရာယောဟန်အား ခရစ်တော်၏ပထမကြွလာခြင်းကိုကြေညာရန်ပေးခဲ့သည်။ ထိုနည်းအတိုင်း၊ ကျွန်ုပ်တို့သည် ဒုတိယအကြိမ်ကြွလာခြင်းကိုဟောပြောရန်၊ တစ်ဖန်ပရောဖက်ပြုခြင်းဆုကျေးဇူးကို ဘုရားသခင်ပို့ပေးမည်ဟုမျှော်လင့်နိုင်သည်။ ထိုသို့ဖြင့် လူတိုင်းသည် ကယ်တင်ရှင်ကိုတွေ့ဆုံခြင်း၌ ပြင်ဆင်ရသောအခွင့်ကိုရရှိကြလိမ့်မည်။

အမှန်မှာ၊ ခရစ်တော်သည် သူကြွလာခြင်းနီးကြောင်း လက္ခဏာတစ်ခုအဖြစ် မှားယွင်းသောပရောဖက်များပေါ်လာမည်ကိုဖော်ပြခဲ့သည် (မဿဲ၊ ၂၄း၁၁၊၂၄)။ အကယ်၍ နောက်ဆုံးသောကာလတွင် မှန်ကန်သောပရောဖက်များရှိမည်မဟုတ်ပါက၊ ဤဆုကျေးဇူးရသည်ဟုဆိုသောသူတစ်စုံတစ်ဦးနှင့်သက်ဆိုင်၍ ခရစ်တော်သည် သတိပေးလိမ့်မည်မဟုတ်ချေ။ သူ၏မှားယွင်းသောပရောဖက်နှင့်ပတ်သက်သော သတိပေးချက်သည် မှန်ကန်သောပရောဖက်များလည်းရှိမည်ဖြစ်ကြောင်းကို အဓိပ္ပါယ်ပေါ်လွင်စေသည်။

ပရောဖက်ယောလသည် ခရစ်တော်မကြွလာမီအချိန်လေးတွင် ပရောဖက်ပြုခြင်း၊ ဆုကျေးဇူးသွန်းလောင်းခြင်းကို ဤသို့ကြိုတင်ဟောခဲ့သည်။ "ထိုနောက်မှလူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကိုငါသွန်းလောင်းမည်။ သင်တို့၏သားသမီးတို့သည်

ပုရောဖက်ဉာဏ်နှင့်ဟောပြောရကြလိမ့်မည်။ အသက်ကြီးသောသူတို့သည် နိမိတ်အိပ်မက်တို့ကိုမြင်မက်ရကြလိမ့်မည်။ အသက်ငယ်သောသူတို့သည်လည်း ဗျာဒိတ်ရူပါရုံကိုမြင်ရကြလိမ့်မည်။ ငါ၏အမှုကိုဆောင်ရွက်သောယောကျ်ား၊ မိန်းမတို့အပေါ်သို့ငါ၏ဝိညာဉ်တော်ကိုငါသွန်းလောင်း၍၊ သူတို့သည် ပုရောဖက်ဉာဏ်နှင့်ဟောပြောရကြလိမ့်မည်။ မိုးကောင်းကင်၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း အံ့ဖွယ်သောအရာတည်းဟူသော သွေး၊ မီးလျှံ၊ မီးခိုးတိုင်တို့ကိုငါပြမည်။ ထာဝရဘုရား၏ကြောက်မက်ဖွယ်သောနေ့ကြီးမတိုင်မီ နေသည်မှောင်မိုက်အတိဖြစ်လိမ့်မည်။ လသည်လည်း သွေးဖြစ်လိမ့်မည်" (ယောလ၊ ၂း၂၈–၃၁)။

ပထမပင်တေကုတ္တေပွဲတွင် ဝိညာဉ်တော်၏မှတ်သားဖွယ်ထင်ရှားမှုကိုမြင်ခဲ့ရသည်။ ပေတရုသည် ယောလ၏အနာဂတ္တိစကားကိုကိုးကား၍၊ ထိုသို့သောကောင်းချီးများကို ဘုရားသခင်ကတိပေးကြောင်း ထောက်ပြခဲ့သည် (တမန်၊ ၂း၂–၂၁)။ သို့သော်လည်း၊ ကျွန်ုပ်တို့သည် ပင်တေကုတ္တေပွဲနေ့တွင် ယောလ၏အနာဂတ္တိစကားသည် အဆုံးစွန်ပြည့်စုံခြင်းသို့ရောက်ပြီလော၊ သို့တည်းမဟုတ် အခြားသာ၍စုံလင်သောပြည့်စုံမှုကိုရှိလိမ့်ဦးမည်လောဟူ၍မေးနိုင်သည်။ ယောလပြောခဲ့သော နေ၊ လတို့၌နိမိတ်များသည် ထိုဝိညာဉ်တော်သွန်းလောင်းခြင်းမတိုင်မီ သို့မဟုတ် ၎င်းအပြီးတွင်ဆက်တိုက်ဖြစ်ပွားခြင်းအထောက်အထားများမတွေ့ရပါ။ ဤနိမိတ်များသည် နောက်ပိုင်းရာစုနှစ်များစွာအချိန်အထိမဖြစ်ပျက်ခဲ့ချေ။

ထိုကြောင့်၊ ပင်တေကုတ္တေပွဲသည် ခရစ်တော်မကြွလာမီဝိညာဉ်တော်အပြည့်အဝထင်ရှားခြင်း၏အမြည်းဖြစ်သည်။ ကောက်ပဲသီးနှံများစိုက်ပျိုးပြီးမကြာမီ၊ ဆောင်းရာသီအကူးတွင် ရွာသောပါလေတိနပြည်၏အလျင်မိုးကဲ့သို့၊ ပင်တေကုတ္တေပွဲနေ့တွင်သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းသည် ဝိညာဉ်တော်၏ဖြန့်ဝေခြင်းကိုသမိုင်းသစ်စတင်ခဲ့သည်။ ယောလ၏အနာဂတ္တိစကားနောက်ဆုံးအစုံအလင်ပြည့်စုံမှုသည် သီးနှံများကိုမှည့်စေသည့်နွေဦးကာလတွင်ရွာသော နောက်မိုးနှင့်အလားသဏ္ဍာန်တူသည် (ယောလ၊ ၂း၂၃)။ ထိုနည်းတူ၊ ဘုရားသခင်၏ဝိညာဉ်တော်ကို နောက်ဆုံးအပ်နှင်းခြင်းသည် ကြိုတင်ဟောခဲ့သော နေ၊ လ၊ ကြယ်နိမိတ်များအပြီး၊ ခရစ်တော်မကြွလာမီအချိန်လေးတွင်ဖြစ်ပျက်လိမ့်မည် (မဿဲ၊ ၂၄း၂၉။ ဗျာ၊ ၆း၁၂–၁၇။ ယောလ၊ ၂း၃၁)။ နောက်မိုးကဲ့သို့၊ ဤဝိညာဉ်တော်ကို နောက်ဆုံးသွန်းလောင်းခြင်းသည် မြေကြီးပေါ်ရိတ်သိမ်းခြင်းကို မှည့်ဝင်းစေလိမ့်မည်။ "ထိုအခါ၊ ထာဝရဘုရားကိုပတ္ထနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ရောက်ကြလတ္တံ့" (ယောလ၊ ၂း၃၂)။

**ကျန်ကြွင်းသောအသင်းတော်အထဲက ပုရောဖက်ပြုခြင်းဆုကျေးဇူး** ဗျာဒိတ်ကျမ်း ၁၂ တွင် ကြီးမားသောညှဉ်းပန်းနှိပ်စက်ခြင်းကာလနှစ်ခုကိုဖော်ပြသည်။ ပထမညှဉ်းပန်းခြင်းကာလသည် အေဒီ (၅၃၈) မှ အေဒီ (၁၇၉၈) အထိရှည်ကြာခဲ့ပြီး၊

သစ္စာရှိသောယုံကြည်သူများသည် ပြင်းထန်သောညှဥ်းပန်းခြင်းကိုခံခဲ့ကြရသည်။ တစ်ဖန်၊ ခရစ်တော်ဒုတိယအကြိမ်မကြွလာမီ၊ စာတန်သည် "မိန်းမဥ္စကြွင်းသောအမျိုးအနွယ်" တည်းဟူသော ခရစ်တော်၌သစ္စာရှိသည့်ကျန်ကြွင်းသောအသင်းတော်ကို တိုက်ခိုက်လိမ့်မည်။ ဗျာဒိတ်ကျမ်းသည် ကျန်ကြွင်းသူများဖြစ်သည့် သစ္စာရှိသောယုံကြည်သူများကို "ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်၍၊ ယေရှု၏သက်သေခံတော်မူချက်ကိုစွဲလမ်းသောသူ" များအဖြစ်သရုပ်ဖော်သည် (ဗျာ၊ ၁၂း၁၇)။

"ယေရှု၏သက်သေခံတော်မူချက်" ဟူသောစကားစုသည် ကောင်းကင်တမန်နှင့်ယောဟန်တို့အကြား နောက်ပိုင်းပြောဆိုသောအနာဂတ္တိဖော်ပြချက်တွင်ရှင်းလင်းသည်။

ဗျာဒိတ်ကျမ်း၏အဆုံးပိုင်းတွင် ထိုကောင်းကင်တမန်သည် မိမိကိုယ်ကို "ယေရှု၏သက်သေခံတော်မူချက်ကိုဆောင်သော သင်၏ညီအစ်ကိုတို့၏လုပ်ဖော်ကိုင်ဖက်" (ဗျာ၊ ၁၉း၁၀) နှင့် "သင်၏လုပ်ဖော်ကိုင်ဖက်ဖြစ်၏။ သင်၏အစ်ကိုပုရောဖက်တို့နှင့် ဤစာ၏စကားကိုစောင့်ရှောက်သောသူတို့၏ လုပ်ဖော်ကိုင်ဖက်လည်းဖြစ်၏" (ဗျာ၊ ၂၂း၉) ဟု ထုတ်ဖော်သည်။ ခရစ်တော်၏သက်သေခံတော်မူချက်ကို ပိုင်ဆိုင်သောသူတို့မှာ ပုရောဖက်များဖြစ်ကြောင်းကို ဤကျမ်းချက်နှစ်ခုကရှင်းလင်းသည်။ ဤအရာက "ပုရောဖက်ဟောသောစကားချက်သဘောသည် ယေရှု၏သက်သေ" (ဗျာ၊ ၁၉း၁၀) ဖြစ်ကြောင်း ကောင်းကင်တမန်၏ဖော်ပြချက်ကိုရှင်းပြသည်။

ဤကျမ်းချက်ကို "ဂျိမ်းစ်မောဖတ်" (James Moffatt) က ဤသို့သုံးသပ်ရေးသားခဲ့သည်။ "ယေရှု၏သက်သေခံချက်သည် ပုရောဖက်ပြု၍ဟောပြောချက်ဖြစ်သည်။" ဤအရာသည် အထူးသဖြင့် ယေရှု၏သက်သေခံချက်ကိုစွဲလမ်းသောသူတို့ကို ပုရောဖက်ပြု၍ရေးသားချက်များအဖြစ် ပိုင်ဆိုင်သောသူများဖြစ်သည်ဟု သတ်မှတ်ထားသည်။ ယေရှု၏သက်သေခံချက်သည် ယေရှု၏သက်သေခံခြင်းအတူတူနီးနီးဖြစ်သည်။ ၎င်းသည် ခရစ်ယာန်ပုရောဖက်များကို စေ့ဆော်တိုက်တွန်းသောယေရှု၏ မိမိကိုယ်ကိုဖွင့်ချခြင်းဖြစ်သည်။"

ထို့ကြောင့် ပုရောဖက်ပြုဟောပြောချက်ဟူသော အသုံးအနှုန်းသည် (၁) သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်ထံမှဖော်ပြချက်ဖြင့် ပုရောဖက်များကိုမှုတ်သွင်းခြင်း၊ (၂) ပုရောဖက်ပြုဟောပြောချက်၏လုပ်ငန်း၊ သို့မဟုတ် (၃) ပုရောဖက်ပြုခြင်းတစ်ခုတည်း၏ဆက်သွယ်ရေးနည်းလမ်းကို ရည်ညွှန်းနိုင်သည်။

ပုရောဖက်ပြုခြင်း၏ဆက်သွယ်ရေးနည်းလမ်းအားဖြင့် အသင်းတော်သို့ ယေရှု၏သက်သေခံချက်တည်းဟူသော ပုရောဖက်ပြုခြင်းဆုကျေးဇူးသည် ကျန်ကြွင်းသောအသင်းတော်၏တစ်မူထူးသောလက္ခဏာဖြစ်သည်။ ယေရမိသည်ဤဆုကျေးဇူးပျက်စီးခြင်းကို ပညတ်ချက်မလိုက်နာမှုနှင့်ဆက်စပ်သည်။ "တရားတော်မရှိ၊ ပုရောဖက်တို့သည်

ထာဝရဘုရား၏ဗျာဒိတ်တော်ကိုမခံမရကြ” (မြည်တမ်းစကား၊ ၂း၉)။ ဗျာဒိတ်ကျမ်းသည် နောက်ဆုံးအသင်းတော်ပိုင်ဆိုင်သည့် တစ်မူထူးသောလက္ခဏာနှစ်ခုကိုဖော်ပြသည်။ ၎င်း၏အသင်းဝင်များသည် “ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်၍၊ ယေရှု၏သက်သေခံတော်မူချက်ကိုစွဲလမ်းသောသူ” များဖြစ်ကြသည် (ဗျာ၊ ၁၂း၁၇)။

ဘုရားသခင်သည် လွတ်မြောက်လာသော “အသင်းတော်” (ဣသရေလလူတို့)ကိုဖွဲ့စည်းရန်၊ သူ၏လူတို့ကိုညွှန်ကြားရန်နှင့်လမ်းပြရန် ပုရောဖက်ပြုခြင်းကျေးဇူးကိုပေးခဲ့သည် (တမန်၊ ၇း၃၈)။ “ထာဝရဘုရားသည် ပုရောဖက်အားဖြင့် ဣသရေလအမျိုးကို အဲဂုတ္တုပြည်မှကယ်နုတ်၍၊ ပုရောဖက်အားဖြင့်လည်း စောင့်မတော်မူ၏” (ဟောရှေ၊ ၁၂း၁၃)။ ထို့ကြောင့် ကောင်းကင်ခါနာန်ပြည်သို့သွားရန် အပြစ်နှင့်ညစ်ညမ်းသောကမ္ဘာဂြိုဟ်မှ နောက်ဆုံးလွတ်မြောက်ခြင်း၌ပါဝင်မည့်သူများအထဲတွင် ပါဝင်သောသူတို့၌ထိုဆုကျေးဇူးကိုတွေ့ရသည်မှာ အံ့ဩစရာအကြောင်းမရှိချေ။ ဒုတိယအကြိမ်ကြွလာခြင်းတွင် ဤလွတ်မြောက်ခြင်းသည် ပြည့်စုံသွားလိမ့်မည်။ “ထိုကာလ၌ ထာဝရဘုရားသည် လက်တော်ကိုဆန့်၍၊ ကျန်ကြွင်းသောကိုယ်တော်၏လူတို့ကို.... ကယ်ယူခြင်းငှာတစ်ဖန်ပြုတော်မူလိမ့်မည်။ (ဟေရှာ၊ ၁၁း၁၁)။

**နောက်ဆုံးသောအကျပ်အတည်းမှအကူအညီ။** ကမ္ဘာ့သမိုင်း၏အဆုံးပိုင်းတွင်ရှိသော ဘုရားသခင်၏လူတို့သည် သူတို့ကိုနောက်ဆုံးဖျက်ဆီးရန် ကြိုးစားသောစာတန်၏အဆုံးစွန်အမျက်ဒေါသကို တွေ့ကြုံခံစားကြလိမ့်မည် (ဗျာ၊ ၁၂း၁၇)။ “လူမျိုးတစ်စုံတစ်မျိုးမျှဖြစ်သည်ကာလမှစ၍ ထိုကာလတိုင်အောင်၊ မဖြစ်စဖူးသောဆင်းရဲဒုက္ခကပ်ကာလသည် ရောက်လိမ့်မည်” (ဒံ၊ ၁၂း၁)။ ခေတ်အဆက်ဆက်၏အပြင်းထန်ဆုံးသောပဋိပက္ခကို သူတို့ကျော်လွှားနိုင်စေရန်၊ ဘုရားသခင်သည် မေတ္တာကရုဏာဖြင့် သူ၏လူတို့ကို အထီးကျန်ထားမည်မဟုတ်ကြောင်း အာမခံချက်ပေးခဲ့သည်။ ယေရှု၏သက်သေခံချက်တည်းဟူသော ပုရောဖက်ပြုဟောပြောချက်သည် ဒုတိယအကြိမ်ကြွလာချိန်တွင် သူတို့၏ကယ်တင်ရှင်နှင့်ပေါင်းစည်းရမည့် နောက်ဆုံးရည်မှန်းချက်အထိ သူတို့ကိုလုံခြုံစွာလမ်းပြလိမ့်မည်။

အောက်ပါသရုပ်ဖော်ပြချက်သည် သမ္မာကျမ်းစာနှင့်ကျမ်းစာနောက်ပိုင်းပုရောဖက်ပြုခြင်းဆုကျေးဇူး၏ဖြစ်စဉ်များအကြား ဆက်စပ်မှုကိုရှင်းပြသည်။ “ကျွန်ုပ်တို့သည် ရေကြောင်းခရီးရှည်စတင်ထွက်သည်ဆိုပါစို့။ သင်္ဘောပိုင်ရှင်သည် ကျွန်ုပ်တို့ခရီးစဉ်တစ်ခုလုံးအတွက် လုံလောက်သောညွှန်ကြားချက်များပါရှိသည့် လမ်းညွှန်စာအုပ်ကိုပေးလိုက်သည်။ ကျွန်ုပ်တို့သည် ၎င်းတို့ကိုအရေးစိုက်မည်ဆိုလျှင် လိုရာဆိပ်ကမ်းကိုလုံခြုံစွာရောက်ရှိနိုင်မည်။ ရွက်လွှင့်လာရာတွင်၊ ကျွန်ုပ်တို့သည် စာအုပ်ထဲကအကြောင်းအရာများကို လေ့လာရန်ဖွင့်လိုက်သည်။ စာရေးသူသည် ရေကြောင်းခရီးစဉ်၌ ကျွန်ုပ်တို့

ကို လိုက်နာရမည့်အထွေထွေစည်းမျဉ်းများကိုရေးချထားသည်။ လက်တွေ့ကျသောအရာများကိုညွှန်ကြားထားပြီး၊ ခရီးဆုံးအထိဖြစ်ပေါ်လာနိုင်သော အရေးပေါ်ကိစ္စများကိုလည်းရေးသားထားသည်။ သို့သော် သင်္ဘောပိုင်ရှင်က ခရီးစဉ်၏ဒုတိယအပိုင်းသည် အထူးသဖြင့်အန္တရာယ်များကြောင်း၊ ကမ်းခြေ၏အသွင်အပြင်သည် သဲဗွက်နှင့်လှိုင်းလုံးများကြောင့်အမြဲပြောင်းလဲနေကြောင်းပြောပြသည်။ သူကဆက်၍ 'သို့သော်၊ ဤခရီးစဉ်အပိုင်းအတွက် ရေကြောင်းလမ်းပြတစ်ဦးကိုစီစဉ်ပေးမည်။ သူသည် သင်တို့နှင့်တွေ့ဆုံ၍၊ ပတ်ဝန်းကျင်အခြေအနေများနှင့် အန္တရာယ်များအတွက်လိုအပ်လာသောအခါ သင်တို့ကိုညွှန်ကြားချက်ပေးလိမ့်မည်' ဟုပြောသွားသည်။ ဤညွှန်ကြားချက်များနှင့်အတူ ကျွန်ုပ်တို့သည် အန္တရာယ်ရှိသောနေရာကိုရောက်ရှိလာကြသည်။ ကတိပေးခဲ့သည့်အတိုင်းရေကြောင်းလမ်းပြသည်လည်းပေါ်လာသည်။ သို့သော် သူသည် လုပ်ငန်းစတင်ချိန်တွင်သင်္ဘောသားတချို့သည် သူ့ကိုဆန့်ကျင်လာကြသည်။ သူတို့က 'ကျွန်တော်တို့မှာမူလလမ်းညွှန်စာအုပ်ရှိသည်ဖြစ်၍၊ ၎င်းသည် ကျွန်တော်တို့အတွက်လုံလောက်ပြီ။ ကျွန်တော်တို့သည် ဤစာအုပ်တစ်ခုတည်းအတိုင်းလုပ်ဆောင်ကြသည်။ ကျွန်တော်တို့ခင်ဗျားကိုမလိုအပ်ပါ' ဟုဆိုကြသည်။ ယခုတွင် အဘယ်သူသည် မူလလမ်းညွှန်စာအုပ်ကိုဂရုစိုက်ကြသနည်း။ ရေကြောင်းလမ်းပြကို အဘယ်သူငြင်းပယ်သနည်း။ သို့တည်းမဟုတ်စာအုပ်ညွှန်ကြားချက်အတိုင်း သူ့ကိုအဘယ်သူလက်ခံရရှိသနည်း။ သင်တို့စီရင်ဆုံးဖြတ်ကြကုန်။"

## ကျမ်းစာအချိန်နောက်ပိုင်းပေါ်လာသောပုရောဖက်များနှင့် သမ္မာကျမ်းစာ

ပုရောဖက်ပြုခြင်းဆုကျေးဇူးမှ သမ္မာကျမ်းစာအုပ်ထွက်ပေါ်လာခဲ့သည်။ ကျမ်းစာအချိန်နောက်ပိုင်းတွင် ပုရောဖက်ပြုခြင်းဆုကျေးဇူးသည် သမ္မာကျမ်းစာကိုအစားမထိုးသလို၊ ထပ်၍လည်းမပေါင်းထည့်ချေ။ အဘယ်ကြောင့်ဆိုသော် ပင်မသမ္မာကျမ်းစာသည် ယခုအပြီးသတ်ခဲ့ပြီဖြစ်သည်။

ပုရောဖက်ပြုခြင်းဆုကျေးဇူးသည် တမန်တော်များအချိန်ကကဲ့သို့ နောက်ဆုံးသောအချိန်တွင် အသုံးပြုနိုင်သည်။ ၎င်း၏ဆိုလိုရင်းမှာ ယုံကြည်ခြင်းနှင့်ကျင့်စဉ်၏အခြေခံအဖြစ် သမ္မာကျမ်းစာကိုထိန်းသိမ်းရန်၊ ၎င်း၏သွန်သင်ချက်များကိုရှင်းပြရန်နှင့် နေ့စဉ်အသက်တာတွင် ၎င်း၏စည်းမျဉ်းများကိုလိုက်နာရန်တို့ဖြစ်သည်။ ၎င်းသည် အသင်းတော်တည်ဆောက်ရာတွင်လည်းကောင်း၊ အသင်းတော်၏ဘုရားပေးလုပ်ငန်းတာဝန်ကိုထမ်းဆောင်ရာတွင်လည်းကောင်း ပါဝင်သည်။ ပုရောဖက်ပြုခြင်းဆုကျေးဇူးသည် တစ်ဦးချင်းစီဖြစ်စေ၊ အသင်းတော်အလိုက်ဖြစ်စေ အပြစ်တင်၊ သတိပေး၊ လမ်းပြ၍၊ အားပေး၍၊ သူတို့ကိုအယူလွဲခြင်းမှကာကွယ်ပြီး၊ ကျမ်းစာ၏သမ္မာတရားများအပေါ်စည်းလုံးစေသည်။

ကျမ်းစာနောက်ပိုင်းမှ ပေါ်လာသောပုရောဖက်များသည် ကျမ်းစာအချိန်၌ အသက်ရှင်နေထိုင်၍ သူတို့၏သက်သေခံချက်များသည် သမ္မာကျမ်းစာ၏အစိတ်အပိုင်း ဖြစ်မလာသော ပုရောဖက်များဖြစ်ကြသည့် နာသန်၊ ဂဒ်၊ အာသပ်၊ ရှေမိရာမုတ်၊ အာဇရိ၊ ဧလျာဇာ၊ အဟိယ၊ ဩဗက်၊ မိရိအံ၊ ဒေဗောရ၊ ဟုလဒ၊ ရှုမောင်၊ နှစ်ခြင်းဆရာယောဟန်၊ အာဂဗု၊ သိလ၊ အာနနှင့် ဖိလိပ္ပု၏သမီးလေးယောက် စသည်တို့ကဲ့သို့လုပ်ဆောင်မှုတွင်များစွာတူသည်။ သမ္မာကျမ်းစာကိုရေးသားခဲ့သော ပုရောဖက်များကို စကားပြောခဲ့သော ထိုဘုရားသခင်ကပင် ဤပုရောဖက်များကိုမှုတ်သွင်းခဲ့သည်။ သူတို့၏သတင်းစကားများသည် ယခင်ဘုရားရှင်၏ဖွင့်ပြချက်များကို မှတ်တမ်းတင်ခဲ့သောအရာနှင့်ဆန့်ကျင်မှုမရှိချေ။

**ပုရောဖက်ပြုခြင်းဆုကျေးဇူးကိုစစ်ဆေးခြင်း။** ခရစ်တော်မကြွလာမီ မှားယွင်းသောပုရောဖက်များပေါ်လာမည်ဖြစ်ကြောင်းကို သမ္မာကျမ်းစာသည် သတိပေးထားသောကြောင့်၊ ကျွန်ုပ်တို့သည် ပုရောဖက်ပြုခြင်းဆုကျေးဇူးကိုရသည်ဟုဆိုသော သူအားလုံးကို စုံစမ်းစစ်ဆေးရမည်။ ပေါလုက "ပုရောဖက်ပြုခြင်းကိုမထီမဲ့မြင်မပြုကြနှင့်။ ခပ်သိမ်းသောအရာတို့ကိုစုံစမ်း၍၊ ကောင်းသောအရာကိုအမြဲကိုင်စွဲကြလော့။ မကောင်းသောအမှုအမျိုးမျိုးရှိသမျှကိုရှောင်ကြလော့" (၁သက်၊ ၅း၂၀–၂၂။ ၁ယော၊ ၄း၁)။

ကျွန်ုပ်တို့သည် စစ်မှန်သောပုရောဖက်ပြုခြင်းကို အတုအယောင်မှခွဲခြားနိုင်ရန် လမ်းညွှန်ချက်တချို့ကို အောက်ပါအတိုင်းသမ္မာကျမ်းစာကပြဋ္ဌာန်းထားသည်။

**၁။ သတင်းစကားသည်သမ္မာကျမ်းစာနှင့်ကိုက်ညီပါသလား။** "တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်း နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင်၊ သူတို့၌အရုဏ်မတက်သေး" (ဟေရှာ၊ ၈း၂၀)။ ဤကျမ်းချက်ကိုဆိုလိုသည်မှာ မည်သည့်ပုရောဖက်မဆို သူ၏ သတင်းစကားများသည် ဘုရားသခင်၏ပညတ်တော်နှင့် သမ္မာကျမ်းစာ၌ဖော်ပြသော သက်သေခံချက်တို့နှင့် ကိုက်ညီရမည်ဖြစ်သည်။ နောက်မှပေါ်လာသောပုရောဖက်သည် အလျင်ကပုရောဖက်တို့နှင့်ဆန့်ကျင်ဘက်ပြော၍မရပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် သူအလျင်ပေးခဲ့သောသက်သေခံချက်နှင့် ဘယ်သောအခါမျှဆန့်ကျင်ဘက်ပြောဆိုခြင်း မရှိချေ။ အကြောင်းမှာ၊ ဘုရားသခင်သည် "ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့်ကင်းလွတ်တော်မူ၏" (ယာကုပ်၊ ၁း၁၇)။

**၂။ ကြိုတင်ဟောပြောချက်များသည် အမှန်ဖြစ်လာပါသလား။** "သင်ကလည်း ထာဝရဘုရားမိန့်တော်မူသည်မမူသည်ကို ငါတို့သည်အဘယ်သို့သိနိုင်သနည်းဟုတွေးတောလျှင်၊ ပုရောဖက်သည် ထာဝရဘုရား၏အခွင့်ကိုဆောင်၍၊ ဟောပြောသည်အတိုင်းအမှုမဖြစ်၊ ဟောပြောသောစကားမပြည့်စုံလျှင်၊ ထိုစကားကို ထာဝရဘုရားမိန့်တော်

မမူ။ ပုရောဖက်သည် ရဲရင့်စွာဟောပြောပြီ။ သူ့ကိုမကြောက်ရ” (တရားဟော၊ ၁၈း၂၁၊၂၂။ ယေရမိ၊ ၂၈း၉)။ ကြိုတင်ဟောပြောချက်သည် အနာဂတ္တိသတင်းစကားတွင် အနည်းငယ်မျှသာပါဝင်နိုင်သော်လည်း၊ ၎င်း၏တိကျမှန်ကန်မှုသည် ထင်ရှားနေရမည်။

**၃။ ခရစ်တော်၏လူ့ဇာတိခံယူခြင်းကိုအသိအမှတ်ပြုသလား။** “ဘုရားသခင်၏ဝိညာဉ်တော်ကို အဘယ်သို့သိနိုင်သနည်းဟူမူကား၊ လူဇာတိအားဖြင့်ကြွလာတော်မူသောယေရှုခရစ်တော်ကိုဝန်ခံသော ဝိညာဉ်မည်သည်ကား၊ ဘုရားသခင်နှင့်စပ်ဆိုင်၏။ လူဇာတိအားဖြင့် ကြွလာတော်မူသောယေရှုခရစ်ကို ဝန်မခံသောဝိညာဉ်မည်သည်ကား၊ ဘုရားသခင်နှင့်မစပ်ဆိုင်” (၁ယော၊ ၄း၂၊၃)။ ဤစစ်ဆေးမှုသည် မြေကြီးပေါ်တွင်ယေရှုခရစ်တော်နေထိုင်ခဲ့သည်ကို အသိအမှတ်ပြုခြင်းသက်သက်ထက်ပိုသည်။ စစ်မှန်သောပုရောဖက်သည် ခရစ်တော်၏လူဇာတိခံယူခြင်းအပေါ် ကျမ်းစာ၏သွန်သင်ချက်များဖြစ်သော သူ၏ဘုရားဇာတိနှင့်အစအဦး၌ပင်ရှိခဲ့ခြင်း၊ သူ၏အပျိုကညာမှမွေးဖွားခြင်း၊ လူသားအစစ်အမှန်ဖြစ်ခြင်း၊ အပြစ်ကင်းသောအသက်တာ၊ အပြစ်ဖြေခြင်းအတွက်အသေခံခြင်း၊ ထမြောက်ခြင်း၊ ကောင်းကင်သို့တက်ကြွခြင်း၊ ကြားဖျန်ဖြေခြင်းကိုဆောင်ရွက်ခြင်းနှင့် ဒုတိယအကြိမ်ကြွလာခြင်းတို့ကိုဝန်ခံရမည်။

**၄။ ပုရောဖက်သည် ကောင်းသောအသီး သို့မဟုတ် မကောင်းသောအသီးကိုသီးသလား။** ပုရောဖက်ပြုခြင်းသည် “ဘုရားသခင်၏သန့်ရှင်းသူတို့” (၂ပေ၊ ၁း၂၁) ကို သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းခြင်းအားဖြင့်လာသည်။ ကျွန်ုပ်တို့သည် မှားယွင်းသောပုရောဖက်များကို သူတို့၏အသီးများအားဖြင့်ခွဲခြားသိရှိနိုင်သည်။ ယေရှုက “ကောင်းသောအပင်သည်မကောင်းသောအသီး၊ မကောင်းသောအပင်သည်ကောင်းသောအသီးကိုမသီးနိုင်။ ကောင်းသောအသီးမသီးသောအပင်ရှိသမျှတို့ကိုခုတ်လှဲ၍ မီးထဲသို့ချလိုက်တတ်၏။” ထို့ကြောင့် “ထိုသူတို့၏အကျင့်ကိုထောက်၍၊ သူတို့၏သဘောကိုသိကြလိမ့်မည်” (မဿဲ၊ ၇း၁၆၊၁၈–၂၀)။

ဤအကြံပြုချက်သည် ပုရောဖက်၏ပြောဆိုချက်ကိုအကဲဖြတ်ရာတွင် အရေးကြီးသည်။ ၎င်းသည် ပုရောဖက်၏အသက်တာကိုအလျင်ပြောသည်။ ပုရောဖက်သည် လုံးဝစုံလင်ရမည်ဟုမဆိုလိုပါ။ သမ္မာကျမ်းစာက “ဧလိယသည် ငါတို့ကဲ့သို့လောကခံတရား၌ကျင်လည်သောသူ” ဖြစ်သည်ဟုဆိုသည် (ယာကုပ်၊ ၅း၁၇)။ သို့သော်ပုရောဖက်၏အသက်တာသည် ဇာတိပကတိ၏အကျင့်အားဖြင့်မဟုတ်ဘဲ၊ ဝိညာဉ်တော်အသီးအားဖြင့် ထူးခြားသောအသွင်ကိုဆောင်ရမည် (ဂလာ၊ ၅း၁၉–၂၃)။

ဒုတိယအနေဖြင့်၊ ဤသတ်မှတ်ချက်သည် သူတစ်ပါးအပေါ် ပုရောဖက်၏သြဇာလွှမ်းမိုးမှုနှင့်လည်းသက်ဆိုင်သည်။ သတင်းစကားကိုလက်ခံရရှိသောသူတို့၏အသက်တာ

တွင် မည်သည့်တိုးပွားမှုရှိလာသနည်း။ သူတို့၏သတင်းစကားသည် ဘုရားသခင်၏လူတို့ကို အမှုတော်အတွက်လက်နက်တပ်ဆင်ပေးပါသလား၊ သူတို့ကိုယုံကြည်ခြင်း၌ပေါင်းစည်းပါသလား (ဧဖက်၊ ၄း၁၂–၁၆)။

ပုရောဖက်ပြုခြင်းဆုကျေးဇူးကိုရသည်ဟု ဆိုသောသူမည်သူကိုမဆို ဤကျမ်းစာ၏စစ်ဆေးမှုကိုခံယူကြရမည်။ အကယ်၍ သူသည် ဤစံချိန်များချိန်သားကိုက်လျှင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသူအား ပုရောဖက်ပြုခြင်းဆုကျေးဇူးကိုပေးသည်ဟု ကျွန်ုပ်တို့ယုံကြည်စိတ်ချနိုင်သည်။

## ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်အထဲက ပုရောဖက်ဟောသောစကား

ပုရောဖက်ပြုခြင်းဆုကျေးဇူးသည် ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်ကို တည်ထောင်သောသူတို့အထဲက တစ်ဦးဖြစ်သော အယ်လင်ဂျီဝိုက်၏သာသနာလုပ်ငန်းတွင်လှုပ်ရှားခဲ့သည်။ သူမသည် နောက်ဆုံးသောကာလအတွင်းနေထိုင်သောဘုရားသခင်၏လူတို့အတွက် ဝိညာဉ်တော်မှုတ်သွင်းသောညွှန်ကြားချက်များကိုပေးသည်။ အယ်လင်ဂျီဝိုက်သည် ဘုရားသခင်၏သတင်းစကားများကို စတင်ဟောပြောသောအချိန်၊ (၁၉) ရာစုနှစ်၏အစောပိုင်းကာလသည် အမျိုးသားများကြီးစိုးသောအချိန်ဖြစ်သည်။ ပုရောဖက်ပြုခြင်းအတွက် သူမ၏ခေါ်တော်မူခြင်းသည် စေ့စေ့စပ်စပ်စစ်ဆေးခြင်းခံခဲ့ရသည်။ ကျမ်းစာအားဖြင့်စစ်ဆေးခြင်းကိုအောင်မြင်ပြီးနောက်၊ သူမသည် အနှစ် (၇၀) လုံးလုံးပုရောဖက်ပြုခြင်းဆုကျေးဇူးဖြင့် အမှုတော်ဆောင်ခဲ့သည်။ သူမ (၁၇) နှစ်အရွယ်ရောက်ချိန် (၁၈၄၄) ခုနှစ်မှစ၍၊ သူမကွယ်လွန်သောနှစ် (၁၉၁၅) ခုနှစ်အထိ၊ သူမသည် ရူပါရုံပေါင်း (၂၀၀၀) ထက်မကရရှိခဲ့သည်။ သူမသည် အမေရိက၊ ဥရောပနှင့် ဩစတြေးလျတို့၌နေထိုင်၍ အမှုထမ်းချိန်အတွင်း၊ အကြံပေးခြင်း၊ စာရေးခြင်း၊ တရားဟောခြင်းနှင့် အမှုတော်အသစ်တို့ထူထောင်ခြင်း စသည်တို့ကိုဆောင်ရွက်ခဲ့သည်။

အယ်လင်ဂျီဝိုက်သည် ပုရောဖက်ရာထူးကိုဘယ်ခါမျှလက်မခံခဲ့သော်လည်း၊ သူတစ်ပါးကသူမအား ထိုရာထူးဖြင့်ခေါ်ဝေါ်ခြင်းကိုမူမငြင်းပယ်ခဲ့ချေ။ သူမက "ကျွန်ုပ်ငယ်ရွယ်ချိန်တွင်၊ ခင်ဗျားကပုရောဖက်လားဟုအကြိမ်ကြိမ်အမေးခံရသည်။ ကျွန်ုပ်ဘယ်သောအခါမျှပြန်မဖြေပါ။ ကျွန်ုပ်သည် ဘုရားသခင်၏တမန်ဖြစ်သည်။ များစွာသောလူတို့က ကျွန်ုပ်အားပုရောဖက်ဟုခေါ်ကြသည်ကို ကျွန်ုပ်သိသည်။ သို့သော် ကျွန်ုပ်ပုရောဖက်ဖြစ်သည်ဟုမဆိုခဲ့ပါ။...... ပုရောဖက်ဖြစ်ပါသည်ဟု အဘယ်ကြောင့်မဆိုခဲ့ပါသနည်း။ ဤအချိန်တွင် သူတို့သည် ပုရောဖက်ဖြစ်သည်ဟုရဲရဲဆိုကြသောသူတို့သည် ခရစ်တော်၏အမှုတော်၌ချဉ်းကပ်လာကြသောကြောင့်ဖြစ်သည်။ ကျွန်ုပ်၏အလုပ်သည် "ပုရောဖက်"

ဟူသောစကားလုံး၏အဓိပ္ပါယ်ထက်ပိုသောကြောင့်လည်းဖြစ်သည်။..... "ပုရောဖက်မဖြစ်ပါသည်ဟုပြောဆိုခြင်းမှာ ကျွန်ုပ်ဘယ်ခါမျှမလိုဖူးသောအရာဖြစ်သည်။ လူတို့သည် ကျွန်ုပ်ကို ထိုနာမည်ဖြင့်ခေါ်လျှင်မူ၊ သူတို့နှင့်အငြင်းမပွားပါ။ သို့သော် ကျွန်ုပ်၏လုပ်ငန်းသည် အကြောင်းအရာများစွာပါရှိနေရာ၊ မိမိကိုယ်ကိုစေတမန်တစ်ဦးအဖြစ်ထက် အခြားနာမဖြင့်မခေါ်နိုင်ပါ။"

**ပုရောဖက်စစ်ဆေးချက်များကိုအသုံးပြုခြင်း။** အယ်လင်ဂျီဝှိုက်သည် ပုရောဖက်တစ်ပါးဖြစ်ကြောင်း ကျမ်းစာဖြင့်မည်သို့စစ်ဆေးသနည်း။

**၁။ သမ္မာကျမ်းစာနှင့်ကိုက်ညီခြင်း။** သူမ၏များစွာသောစာပေထုတ်လုပ်မှုတွင် ကျမ်းချက်ပေါင်းထောင်သောင်းချီ၍ပါဝင်ပြီး၊ အချို့သောကျမ်းချက်များကို အသေးစိတ်ရှင်းလင်းသည်။ စေ့စပ်သေချာသောလေ့လာမှုက သူမ၏စာပေလက်ရာသည် တစ်သမတ်တည်းရှိ၍၊ တိကျမှန်ကန်ကာ၊ သမ္မာကျမ်းစာနှင့်အပြည့်အဝသဘောတူညီမှုရှိကြောင်းကိုပြသည်။

**၂။ ကြိုတင်ဟောပြောချက်များ၏တိကျမှန်ကန်မှု။** အယ်လင်ဂျီဝှိုက်၏စာပေလက်ရာတွင် ကြိုတင်ဟောပြောချက်အနည်းငယ်သာပါရှိပါသည်။ အချို့သည် ပြည့်စုံဆဲရှိနေစဉ်၊ အခြားတို့မှာမူ အနာဂတ်တွင်ပြည့်စုံကြလိမ့်မည်။ သို့သော် စစ်ဆေးပြီးသောအရာတို့သည် အံ့ဖွယ်ကောင်းလောက်အောင် တိကျမှန်ကန်စွာပြည့်စုံခဲ့ပြီဖြစ်သည်။ ပြည့်စုံပြီးသောအရာနှစ်ခုကို အောက်တွင်ဖော်ပြထားသည်။

**က။ ခေတ်သစ်လိပ်ပြာခေါ်ခြင်းပေါ်ထွန်းလာခြင်း။** ၁၈၅၀ ခုနှစ်တွင်၊ လိပ်ပြာခေါ်ခြင်းတည်းဟူသော ဝိညာဉ်လောကနှင့်လည်းကောင်း၊ သေသောသူတို့နှင့်လည်းကောင်း ဆက်သွယ်ခြင်းကိုအမွှမ်းတင်သောလှုပ်ရှားမှုသည် စတင်ပေါ်ထွန်းလာခဲ့သည်။ အယ်လင်ဂျီဝှိုက်သည် ၎င်းကိုနောက်ဆုံးနေ့ရက်၏လှည့်ဖြားမှုအဖြစ်သဘောထားပြီး၊ ၎င်း၏ကြီးထွားမှုကိုကြိုတင်ဟောခဲ့သည်။ ထိုအချိန်က ၎င်းလှုပ်ရှားမှုသည် ပြတ်သားစွာခရစ်ယာန်ဆန့်ကျင်ရေးဖြစ်ခဲ့သော်လည်း၊ ဤရန်လိုမှုသည်ပြောင်းလဲ၍၊ ခရစ်ယာန်များအကြားတွင် ကြည်ညိုဖွယ်ရာဖြစ်လာမည်ကို သူမကြိုမြင်ခဲ့သည်။ ထိုအချိန်မှစ၍ လိပ်ပြာခေါ်ခြင်းသည် တစ်ကမ္ဘာလုံးသို့ပျံ့နှံ့ခဲ့ပြီး၊ ထောက်ခံသူနောက်လိုက်သန်းပေါင်းများစွာရှိလာသည်။ ၎င်း၏ခရစ်ယာန်ဆန့်ကျင်ရေးသည် ပြောင်းလဲသွားခဲ့ပြီ။ အမှန်မှာ၊ များစွာသောခရစ်ယာန်များသည် မိမိတို့ကိုယ်ကိုခရစ်ယာန်ဝိညာဉ်ခေါ်သူများဟုခေါ်ဆိုကြကာ၊ သူတို့သည် စစ်မှန်သောခရစ်ယာန်ယုံကြည်ခြင်းရှိသည်ဟုဆိုကြသည်။ သူတို့က "ဝိညာဉ်များနှင့်ဆက်သွယ်သူများသည် ကတိထားသောခရစ်တော်၏ဆုကျေးဇူးများကိုအသုံးပြုသော ဘာသာရေးသမားများသာဖြစ်၍၊ ဤဆုကျေးဇူးအားဖြင့် လူနာများကိုရောဂါပျောက်ကင်းစေကြပြီ၊ အနာဂတ်တွင် အသိနိုးကြားလျက်

တိုးတက်တည်ရှိနေနိုင်ကြောင်းကို သူတို့လက်တွေ့ပြသသည်" ဟုဆိုကြသည်။ သူတို့ကလိပ်ပြာခေါ်ခြင်းသည် "သင့်အားကြီးမြတ်သောဘာသာရေးစနစ်တို့အားလုံးကို သိရှိစေသည်။ ထိုထက်မက၊ ၎င်းသည် ကျမ်းစာအနက်ဖွင့်ကျမ်းအားလုံးပေါင်းထက် သင့်အားခရစ်ယာန်သမ္မာကျမ်းစာကိုပိုမိုသိရှိစေသည်။ သမ္မာကျမ်းစာသည် လိပ်ပြာခေါ်ခြင်းစာအုပ်တစ်အုပ်ဖြစ်သည်" ဟုလည်းအခိုင်အမာဆိုကြသည်။

**ခ။ ပရိုတက်စတန့်များနှင့် ရိုမန်ကာသိုလိပ်တို့အကြား ရင်းနှီးသောပူးပေါင်းလုပ်ဆောင်မှု။** အယ်လင်ဂျီဝှိုက်အသက်ရှင်စဉ်က ပရိုတက်စတန့်များနှင့် ရိုမန်ကာသိုလိပ်တို့အကြား တည်ရှိသောအက်ကြောင်းကြီးသည် ၎င်းတို့နှစ်ဖက်အကြားမည်သည့်ပူးပေါင်းလုပ်ဆောင်မှုကိုမဆို ဟန့်တားမည့်သဘောရှိသည်။ ကာသိုလိပ်ဆန့်ကျင်ရေးဝါဒသည် ပရိုတက်စတန့်များအကြားတွင် ထိန်းမနိုင်လောက်အောင်ပြင်းထန်လျက်ရှိခဲ့သည်။ ပရိုတက်စတန့်ဝါဒအထဲတွင် ကြီးမားသောပြောင်းလဲမှုကြီးသည် ဘာသာရေးပြုပြင်ပြောင်းလဲခြင်း၏ယုံကြည်ခြင်းမှ ထွက်ခွာသွားလိမ့်မည်ဖြစ်ကြောင်း အယ်လင်ဂျီဝှိုက်က အနာဂတ္တိဟောကြားခဲ့သည်။ သို့ဖြစ်၍ ပရိုတက်စတန့်နှင့် ကာသိုလိပ်တို့အကြား ခြားနားမှုများသည်လျော့နည်းလာ၍၊ ၎င်းတို့နှစ်ဖွဲ့ကို ခြားထားသောနက်ရှိုင်းသည့်အက်ကြောင်းကြီးကို တံတားထိုးလာလိမ့်မည်။

သူမကွယ်လွန်ပြီးနှစ်များတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံညီညွတ်ရေးလှုပ်ရှားမှုပေါ်လာ၍၊ ကမ္ဘာ့အသင်းတော်များကောင်စီကိုတည်ထောင်လိုက်ကြသည်။ ကာသိုလိပ်အသင်းတော်သည်လည်း ဒုတိယဗာတီကင်ကိုတည်ထောင်ခဲ့ကြသည်။ ပရိုတက်စတန့်တို့သည် အနာဂတ္တိအနက်ပြန်ဆိုချက်နှင့်ဆိုင်သော ပြုပြင်ပြောင်းလဲခြင်း၏အမြင်ကိုလည်း ငြင်းပယ်လာခဲ့သည်။ ဤကြီးမားသောပြောင်းလဲမှုများသည် ပရိုတက်စတန့်များနှင့် ကာသိုလိပ်တို့အကြားရှိအတားအဆီးများကိုရိုက်ချိုးခဲ့ပြီး၊ ပူးပေါင်းဆောင်ရွက်မှုသည် ကြီးထွားလာနေသည်။

**၃။ ခရစ်တော်၏လူအဖြစ်ခံယူခြင်းကိုအသိအမှတ်ပြုခြင်း။** အယ်လင်ဂျီဝှိုက်သည် ခရစ်တော်၏အသက်တာအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်ရေးခဲ့သည်။ အရှင်သခင်နှင့်ကယ်တင်ရှင်အဖြစ် ခရစ်တော်၏အခန်းကဏ္ဍ၊ သူ၏လက်ဝါးကပ်တိုင်ပေါ် အပြစ်ဖြေရာယဇ်အဖြစ်အသေခံခြင်း၊ သူ၏လက်ရှိကြားဖျန်ဖြေခြင်းလုပ်ငန်းတို့သည် သူမ၏စာပေလက်ရာများကို စိုးမိုးလျက်ရှိသည်။ သူမ၏ "ထာဝရလိုအင်သက်တော်စဉ်" စာအုပ်သည် ခရစ်တော်၏အသက်တာအကြောင်း ရေးထားသမျှသောစာအုပ်တွင် ဝိညာဉ်ရေးအပြည့်ဝဆုံးသောစာအုပ်တစ်အုပ်အဖြစ် ချီးကျူးခြင်းခံရစဉ်၊ သူမ၏ အကျယ်ပြန့်ဆုံးဝေငှခံရသော "သုခချမ်းသာလမ်းညွှန်" သည်လည်း လူသန်းပေါင်းများစွာကို ခရစ်တော်နှင့်နက်ရှိုင်းသောဆက်ဆံမှုကိုရရှိစေသည်။

သူမ၏စာပေများသည် ခရစ်တော်ကိုဘုရားဇာတိအပြည့်အဝနှင့် လုံးလုံးလျားလျားလူသားဖြစ်သောပုဂ္ဂိုလ်အဖြစ် ရှင်းလင်းစွာပုံဖော်သည်။ သူမ၏ချိန်ခွင်လျှာညီမျှသောရှင်းလင်းချက်များသည် ကျမ်းစာ၏ရှုထောင့်နှင့်လုံးလုံးကိုက်ညီသည်။ ခရစ်တော်၏ဇာတိတစ်ခုခုကိုဖောင်းပေးခြင်းကို ဂရုတစိုက်ရှောင်ရှားသည်။ ထိုသို့ဖောင်းပေးမှုသည် ခရစ်ယာန်သမိုင်းတစ်လျှောက် အငြင်းပွားမှုများစွာဖြစ်စေသောပြဿနာဖြစ်ခဲ့သည်။

သူမ၏ခရစ်တော်၏သာသနာကို တင်ပြဆွေးနွေးမှုတစ်ခုလုံးသည် လက်တွေ့ကျသည်။ သူမသည် မည်သည့်ရှုထောင့်ကိုပြောပြော၊ သူမ၏ပဓာနကျသောအလေးထားမှုမှာ စာဖတ်သူသည် ကယ်တင်ရှင်နှင့်ပိုမိုရင်းနှီးသောဆက်ဆံရေးရရှိရန်ဖြစ်သည်။

**၄။ သူမ၏သာသနာလုပ်ငန်း၏ဩဇာလွှမ်းမိုးမှု။** အယ်လင်ဂျီဝှိုက်သည် ပုရောဖက်ပြုခြင်းဆုကျေးဇူးကိုရရှိခဲ့သည်မှာ ရာစုနှစ်တစ်ခုထက်မကကျော်လွန်လာခဲ့ပေပြီ။ သူမ၏အသင်းတော်နှင့် သူမ၏အကြံပြုချက်များကို ဂရုစိုက်သောသူတို့၏အသက်တာတို့သည် သူမ၏အသက်တာနှင့် သတင်းစကားတို့၏အကျိုးသက်ရောက်မှုကိုဖော်ပြကြသည်။

"သူမသည် ဘယ်ခါမျှတရားဝင်ရာထူးမရှိ၊ လက်တင်ရဓမ္မဆရာလည်းမဟုတ်၊ သူမ၏ခင်ပွန်းသည် မကွယ်လွန်မီအချိန်ထိ ဘယ်ခါမျှလစာမရရှိသောသူဖြစ်ခဲ့သော်လည်း၊ သမ္မာကျမ်းစာမှလွဲ၍၊ သူမ၏ဩဇာလွှမ်းမိုးမှုထက် ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်ကို ပုံသွင်းပေးသောအရာမရှိခဲ့ပါ။" သူမသည် အသင်းတော်၏ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း၊ ကျောင်းများ၊ ဆေးဝါးဆိုင်ရာသာသနာလုပ်ငန်း၊ ကမ္ဘာအနှံ့သာသနာဖြန့်ခြင်းလုပ်ငန်းတို့၏နောက်ကွယ်တွင် တွန်းအားပေးသောစွမ်းအားဖြစ်ခဲ့သည်။ ထိုလုပ်ငန်းများသည် ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်ကို အကြီးမားဆုံးနှင့်တိုးတက်မှုအမြန်ဆုံးသော ပရိုတက်စတန့်သာသနာပြုအဖွဲ့အစည်းအထဲတွင် တစ်ခုဖြစ်စေခဲ့သည်။

သူမရေးခဲ့သောစာများကို စာအုပ် (၈၀) ကျော်၊ စာအုပ်ငယ်နှင့်လက်ကမ်းစာစောင် (၂၀၀) ကျော်၊ အပတ်စဉ် သို့မဟုတ် လစဉ်ထုတ်စာစောင်များတွင် ဆောင်းပါးပေါင်း (၄,၆၀၀) ကျော်တို့ကို လွှမ်းခြုံထားသည်။ တရားဟောချက်များ၊ နေ့စဉ်မှတ်တမ်းများ၊ အထူးသက်သေခံချက်များနှင့် ပေးစာများသည်လည်း၊ စာမူစာမျက်နှာပေါင်း (၆၀,၀၀၀) ကျော်နောက်ထပ်ရှိနေသည်။

ဤစာပေ၏နယ်ပယ်သည် အလွန်အံ့အားသင့်ဖွယ်ကောင်းသည်။ အယ်လင်ဂျီဝှိုက်၏ကျွမ်းကျင်မှုသည် ကျဉ်းမြောင်းသောနယ်ပယ်အနည်းငယ်ဖြင့် ကန့်သတ်မထားချေ။ ထာဝရဘုရားသည် သူမအား ကျန်းမာရေး၊ ပညာရေး၊ မိသားစုအရေး၊ ချုပ်တည်း

ခြိုးခြံခြင်း၊ သာသနာပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းသာသနာ၊ သင့်တင့်သောအစားအစာ၊ ဆေးဘက်ဆိုင်ရာလုပ်ငန်းနှင့် အခြားကဏ္ဍများစွာနှင့်ဆိုင်သောအရေးတို့တွင် အကြံဉာဏ်ကိုပေးသည်။ ကျန်းမာရေးနှင့်ဆိုင်သောသူမ၏စာပေသည် အံ့အားသင့်ဖွယ် အကောင်းဆုံးဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော်၊ လွန်ခဲ့သောနှစ်ပေါင်း (၁၀၀) ကျော်က သူမ၏ကျန်းမာရေးနှင့်ဆိုင်သောထိုးထွင်းဉာဏ်ကို ခေတ်သစ်သိပ္ပံပညာက မှန်ကန်ကြောင်းအတည်ပြုသည်။

သူမ၏စာပေလက်ရာသည် ယေရှုခရစ်တော်ကိုဗဟိုပြု၍၊ ယုဒ–ခရစ်ယာန် ထုံးတမ်းစဉ်လာ၏ မြင့်မြတ်သောကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်ဆိုင်ရာများကိုမြှင့်တင်သည်။

များစွာသောသူမ၏စာပေတို့သည် ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်ကို တိုက်ရိုက်ရည်စူးသော်လည်း၊ အခြားစာပေများစွာကို များစွာသောပရိသတ်များက အသိအမှတ်ပြုကြသည်။ သူမ၏နာမည်ကြီးစာအုပ် "သုခချမ်းသာလမ်းညွှန်" ကို ဘာသာစကားပေါင်း (၁၀၀) မက ဘာသာပြန်ဆိုခဲ့ပြီး၊ စာအုပ်ပေါင်း (၁၁၅) သန်းကျော် ရောင်းချပြီးဖြစ်သည်။ သူမ၏အကြီးမားဆုံးသောလက်ရာဖြစ်သည့် ထာဝရအငြင်းပွားမှု ဖြစ်စဉ်ကို (၅) အုပ်တွဲစာအုပ်အဖြစ်ရေးသားခဲ့ပြီး၊ ၎င်းသည် ခရစ်တော်နှင့်စာတန်တို့ အကြားမဟာအငြင်းပွားမှုကို အပြစ်စတင်ချိန်မှစ၍ အပြစ်ကိုစကြဝဠာမှဖျက်ပယ်သည် အထိအသေးစိတ်ဖော်ပြသည်။

လူတစ်ဦးချင်းအပေါ်သူမ၏စာပေ၏အကျိုးသက်ရောက်မှုသည် အလွန်ကြီးကျယ် သည်။ မကြာသေးမီက "အန်ဒရူးယူနီဗာစတီ" (Andrews University) သည် မြော်လင့် ခြင်းအသင်းသားတို့၏ ခရစ်ယာန်စိတ်သဘောထားနှင့် အပြုအမူတို့ကိုအခြေခံသည့် လေ့လာမှုတစ်ခုကို သူမ၏စာအုပ်များပုံမှန်ဖတ်သောသူများနှင့် မဖတ်သောသူများတို့တွင် ပြုလုပ်ခဲ့သည်။ သူတို့၏ရှာဖွေတွေ့ရှိမှုသည် သူမ၏စာပေများကိုဖတ်သောသူတို့အပေါ် အကျိုးသက်ရောက်မှုကို ထင်ထင်ရှားရှားမီးမောင်းထိုးပြသည်။ "စာဖတ်သူတို့သည် ခရစ်တော်နှင့်ပိုမိုရင်းနှီးသောဆက်ဆံရေးရှိကြ၍၊ ဘုရားသခင်နှင့်အတူရပ်တည်မှုသည် လည်း ပိုမိုခြားနားကာ၊ သူတို့၏ဝိညာဉ်ရေးဆုကျေးဇူးများကိုလည်း ပိုမိုဖော်ထုတ်နိုင် ကြသည်။ သူတို့သည် လူထုတရားပွဲတွင်ပိုမိုပါဝင်ကြပြီး၊ ဒေသခံသာသနာလုပ်ငန်း တွင်လည်းပိုမိုပံ့ပိုးကြသည်။ သူတို့သည် သက်သေခံခြင်းအတွက်သာ၍ပြင်ဆင်မှု ရှိကြပြီး၊ သက်သေခံခြင်းနှင့် ပြင်ပသာသနာတွင် အမှန်တကယ်ပါဝင်ကြသည်။ သူတို့သည် နေ့စဉ်ကျမ်းစာလေ့လာခြင်း၊ လူတို့အတွက်ဆုတောင်းပေးခြင်း၊ အဖွဲ့လိုက် ဖြင့်မိတ်သဟာယဖွဲ့ခြင်း၊ နေ့စဉ်မိသားစုဝတ်ပြုခြင်းစသည်တို့ကို ပိုမိုလုပ်ဆောင်ကြ

သည်။ သူတို့၏အသင်းတော်ကိုအကောင်းဘက်မှပိုမြင်ကြသည်။ သူတို့သည် လူအများ ပြောင်းလဲခြင်းအတွက် တာဝန်ယူကြသည်။”

**ပုရောဖက်ဟောပြောသောစကားချက်နှင့်သမ္မာကျမ်းစာ။** အယ်လင်ဂျီဝှိုက်၏စာပေမည်သည် သမ္မာကျမ်းစာကိုအစားထိုးသောအရာမဟုတ်ပါ။ ၎င်းတို့ကို သမ္မာကျမ်းစာနှင့်တူညီသောအဆင့်၌လည်း ထား၍မရနိုင်ချေ။ သမ္မာကျမ်းစာသည် ထီးထီးကြီးတည်ရှိနေပြီး၊ ၎င်း၏စံချိန်ဖြင့်သူမ၏စာပေအားလုံးကိုစိစစ်ရမည်။

**၁။ သမ္မာကျမ်းစာသည်အမြင့်ဆုံးစံချိန်ဖြစ်သည်။** ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းသားများသည် ဘာသာရေးပြုပြင်ပြောင်းလဲခြင်း၏ “သမ္မာကျမ်းစာတစ်ခုတည်းသာ” ဟူသောစည်းမျဉ်းကိုအပြည့်အဝထောက်ခံသည်။ သမ္မာကျမ်းစာကိုယ်၌က ၎င်း၏အနက်ပြန်ဆိုသူဖြစ်၍၊ သမ္မာကျမ်းစာသာလျှင်ယုံကြည်ချက်အားလုံး၏ အခြေခံဖြစ်သည်။ အသင်းတော်ကိုတည်ထောင်သောသူတို့သည် အခြေခံယုံကြည်မှုများကို သမ္မာကျမ်းစာလေ့လာခြင်းအားဖြင့် စတင်တည်ဆောက်ခဲ့ကြသည်။ သူတို့သည် ဤယုံကြည်ချက်များကို အယ်လင်ဂျီဝှိုက်၏ရူပါရုံများမှရရှိခဲ့ခြင်းမဟုတ်ချေ။ သူတို့၏ယုံကြည်ချက်များကိုစတင်တည်ဆောက်ကြရာတွင် သူမ၏အဓိကကဏ္ဍမှာ သမ္မာကျမ်းစာကို နားလည်ခြင်း၌လမ်းပြခြင်းနှင့် ကျမ်းစာကိုလေ့လာခြင်းအားဖြင့်ရရှိလာသောသုံးသပ်ချက်များကို အတည်ပြုခြင်းတို့ဖြစ်သည်။

အယ်လင်ဂျီဝှိုက်က၊ သမ္မာကျမ်းစာသည် အသင်းတော်အတွက်အခြေခံသတ်မှတ်ချက်ဖြစ်သည်ကိုယုံကြည်ပြီး၊ သွန်သင်ခဲ့သည်။ ၁၈၅၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော သူမ၏ပထမစာအုပ်တွင်၊ သူမက “ချစ်သောစာဖတ်သူများ၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သင်တို့၏ယုံကြည်ခြင်းနှင့် ကျင့်စဉ်တို့၏စည်းမျဉ်းအဖြစ်၊ ကျွန်ုပ်သည် သင်တို့ကိုအကြံပြုထောက်ခံပါသည်။ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့သည် တရားစီရင်ခြင်းခံရမည်။” သူမသည် ဤသဘောထားကိုဘယ်ခါမျှမပြောင်းလဲခဲ့ချေ။ နှစ်ပေါင်းများစွာလွန်ပြီးနောက် သူမသည် ဤသို့ရေးခဲ့သည်။ “ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်တွင် ကယ်တင်ခြင်းအတွက်လိုအပ်သောအသိဉာဏ်ပညာကို လူတို့အားပေးအပ်ခဲ့သည်။ သမ္မာကျမ်းစာကို ခိုင်လုံသောဘုရားသခင်၏အလိုတော်ကို ဖော်ပြခြင်းအဖြစ်လက်ခံရမည်။ ၎င်းသည် အကျင့်စာရိတ္တ၏စံချိန်၊ ယုံကြည်ချက်များကို ဖော်ပြသောအရာ၊ အတွေ့အကြုံကိုစစ်ဆေးသောအရာဖြစ်သည်” ဟု ရေးခဲ့သည်။ ၁၉၀၉ ခုနှစ်၊ အသင်းတော်၏အထွေထွေညီလာခံတွင် သူမ၏နောက်ဆုံးမိန့်ခွန်းကို ချွေခဲ့စဉ်က၊ သူမသည်သမ္မာကျမ်းစာအုပ်ကိုဖွင့်၍၊ ပရိသတ်ရှေ့တွင်မြှောက်ကိုင်ကာ၊ “ညီအစ်ကိုမောင်နှမတို့၊ ကျွန်ုပ်သည် သင်တို့အား ဤစာအုပ်ကိုအကြံပြုထောက်ခံပါသည်” ဟုပြောခဲ့သည်။

သူမ၏စာပေကို သမ္မာကျမ်းစာ၌ဖြည့်စွက်ချက်အဖြစ် ခံယူသောယုံကြည်သူများကို တုံ့ပြန်ရာတွင် သူမက စာရေး၍ပြောလိုက်သည်မှာ "ကျွန်ုပ်သည် သမ္မာကျမ်းစာကိုခံယူပြီး၊ ဘုရားသခင်၏လူတို့အတွက်ပေးသော 'အသင်းတော်အတွက်သက်သေခံချက်များ' ဖြင့် ၎င်းကိုဝန်းရံထားသည်။... သင်တို့သည် သမ္မာကျမ်းစာနှင့်ရင်းနှီးမှုမရှိကြ။ သင်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျမ်းစာ၏စံချိန်စံညွှန်းအတိုင်းရောက်ရှိရန်ဆန္ဒနှင့် ခရစ်ယာန်စုံလင်ခြင်းကိုရလိုသောဆန္ဒတို့ဖြင့်လေ့လာခဲ့လျှင်၊ သင်တို့သည် ဤသက်သေခံချက်များကို လိုအပ်ကြလိမ့်မည်မဟုတ်ပါ။ ဘုရားသခင်သည် သင်တို့ကို ရိုးရိုးနှင့်တိုက်ရိုက်သက်သေခံချက်များအားဖြင့် အရောက်လှမ်းလိုသည့်သမ္မာကျမ်းစာကို သိကျွမ်းရန် သင်တို့သည်လျစ်လျူရှုသောကြောင့်၊ ဤသက်သေခံချက်များသည် သင်တို့နားမထောင်လိုသော နှုတ်ကပတ်တော်သို့ သင်တို့၏အာရုံကိုလှည့်ပေးပြီး၊ ၎င်း၏စင်ကြယ်မြင့်မြတ်သော သွန်သင်ချက်အတိုင်း အသက်ရှင်ရန်တိုက်တွန်းသည်" ဟူ၍ဖြစ်သည်။

**၂။ သမ္မာကျမ်းစာသို့လမ်းပြပေးသည်။** သူမ၏စာပေများသည် လူတို့ကိုသမ္မာကျမ်းစာသို့ပို့ဆောင်သည်ဟု သူမမြင်သည်။ ထို့ကြောင့် သူမက "သမ္မာကျမ်းစာကို အနည်းငယ်သာအလေးထားအာရုံပြုကြသည်။ ဘုရားသခင်သည် အမျိုးသား၊ အမျိုးသမီးများကို အလင်းကြီးသို့ပို့ဆောင်ရန် အလင်းငယ်ကိုပေးခဲ့ပြီ" ဟုဆိုသည်။

သူမက "ဘုရားသခင်၏နှုတ်ကပတ်တော်သည် အဆိုးဆုံးမှိုင်းမိနေသောစိတ်ကို သိမြင်ရှင်းလင်းစေရန်လုံလောက်ပြီး၊ ၎င်းကိုနားလည်လိုသောသူတို့သည် နားလည်နိုင်သည်။ သို့သော် ဤအရာအားလုံးဖြစ်နေပါလျက်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာပါသည်ဟုဆိုသောသူတချို့သည် ၎င်း၏အရိုးရှင်းဆုံးသောသွန်သင်ချက်များနှင့် တိုက်ရိုက်အသက်ရှင်နေထိုင်ကြသည်ကိုတွေ့ရသည်။ ထို့ကြောင့် အမျိုးသား၊ အမျိုးသမီးတို့သည် ဆင်ခြင်ပေးစရာမရှိစေခြင်းငှာ၊ ဘုရားသခင်သည် ရိုးရှင်း၍ဖြောင့်ကျသောသက်သေခံချက်များကိုပေး၍၊ သူတို့လိုက်လျှောက်ရန် လျစ်လျူရှုသောနှုတ်ကပတ်တော်သို့ သူတို့ကိုပြန်လည်ခေါ်ယူသည်။"

**၃။ သမ္မာကျမ်းစာကိုနားလည်စေရန်လမ်းပြသည်။** အယ်လင်ဂျီဝှိုက်က သူမ၏စာပေလက်ရာသည် သမ္မာကျမ်းစာကိုပိုမိုရှင်းလင်းအောင်နားလည်စေသည့်လမ်းပြအဖြစ်မှတ်ယူသည်။ "နောက်ထပ်သမ္မာတရားကိုဖော်ထုတ်သည်မဟုတ်ပါ။ ဘုရားသခင်သည် ပေးထားပြီးသောမွန်မြတ်သည့်သမ္မာတရားများကို 'သက်သေခံချက်များ' အားဖြင့် ရှင်းလင်းလွယ်ကူစေခဲ့သည်။ သူရွေးချယ်သောနည်းလမ်းဖြစ်သော 'သက်သေခံချက်များ' အားဖြင့် စိတ်နှလုံးကိုနိုးကြားစွဲမှတ်စေရန် လူတို့ရှေ့တွင်ချပြခဲ့သည်။ ထိုသို့ဖြင့် လူအားလုံးသည် ဆင်ခြေပေးရန်မရှိတော့ချေ။" "ရေးသားထားသောသက်သေခံချက်များသည် အလင်းအသစ်ကိုပေးခြင်းမဟုတ်ဘဲ၊ ဖော်ပြပြီးသောနှုတ်ကပတ်တော်၏ သမ္မာတရားများကို စိတ်ထဲတွင်အထင်သားစွဲမှတ်စေရန်ဖြစ်သည်။"

**၄။ ကျမ်းစာ၏စည်းမျဉ်းများကိုကျင့်သုံးရန်လမ်းပြသည်။** များစွာသော အယ်လင်ဂျီဝှိုက်၏စာပေသည် နေ့စဉ်အသက်တာအတွက် ကျမ်းစာ၏အကြံပြုချက်ကို လက်တွေ့အသုံးချသည်။ သူမသည် "စကားပြောခြင်းနှင့် စာရေးခြင်းတို့၌ အထွေထွေ စည်းများကိုဖော်ထုတ်၍၊ တစ်ချိန်တည်းတွင် အားလုံးတို့သည် သတိပေး၊ အပြစ်တင်၍ အကြံပြုခြင်းခံစေခြင်းငှာ၊ လူတချို့၏အန္တရာယ်များ၊ အမှားများနှင့်အပြစ်များတို့ကို ထောက်ပြသည်။" ခရစ်တော်သည် သူ၏အသင်းတော်အား ထိုသို့သောပရောဖက် လမ်းပြမှုကိုကတိပေးခဲ့ပြီးဖြစ်သည်။ အယ်လင်ဂျီဝှိုက်သည် ဤသို့မှတ်ချက်ပြုသည်။ "ဘုရားသခင်သည် သူ၏အလိုတော်ကို မိမိလူတို့အား သူ၏နှုတ်ကပတ်တော်အားဖြင့် ဖော်ပြခဲ့ပြီဟူသောအချက်သည် သန့်ရှင်းသောဝိညာဉ်တော်၏ဆက်လက်ရှိနေခြင်းနှင့် လမ်းပြခြင်းတို့၏မလိုအပ်မှုကိုဖော်ပြခြင်းမဟုတ်ပါ။ ဤအရာနှင့်ဆန့်ကျင်၍၊ မိမိလူတို့ အား နှုတ်ကပတ်တော်ကိုဖွင့်ပြရန်၊ ၎င်း၏သွန်သန်ချက်များကို လင်းပြပြီးလက်တွေ့ကျင့် သုံးရန် ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ဝိညာဉ်တော်ကိုပေးရန်ကတိပေးခဲ့ပေပြီ။"

**ယုံကြည်သူအတွက်စိန်ခေါ်မှု။** "ယေရှု၏သက်သေခံချက်" သည် ကမ္ဘာ့ နောက်ဆုံးသောနေ့ရက်များ၌ "ပရောဖက်ဟောသောစကားချက်" အားဖြင့် ထင်ရှားလိမ့် မည်ဟူသောဗျာဒိတ်ကျမ်း၏အနာဂတ္တိစကားသည် လူတိုင်းအားစိတ်မဝင်စားမှု သို့မဟုတ် မယုံကြည်မှုစိတ်သဘောထားကိုမကိုင်စွဲဘဲ၊ "ခပ်သိမ်းသောအရာကိုစုံစမ်း" ၍ "ကောင်းသောအရာကိုအမြဲကိုင်စွဲ" ကြရန် စိန်ခေါ်လျက်ရှိသည်။ ကျွန်ုပ်တို့သည် ဤ သမ္မာကျမ်းစာ၏လုပ်ပိုင်ခွင့်အရ စုံစမ်းစစ်ဆေးခြင်းကိုဆက်လက်လုပ်ဆောင်မှုအပေါ် မူတည်၍၊ ရရှိရန် သို့မဟုတ် ဆုံးရှုံးရန်များစွာရှိသည်။ ယောရှဖတ်က "သင်တို့၏ ဘုရားသခင်ကိုယုံကြည်ကြလော့။ သို့ပြုလျှင်တည်ကြည်ကြလိမ့်မည်။ ပရောဖက်တော်တို့ကို ယုံကြည်ကြလော့၊ သို့ပြုလျှင်အောင်မြင်ကြလိမ့်မည် ဟုမိန့်တော်မူ၏" (၆ရာ၊ ၂၀း၂၀)။ ဤစကားသည် ယနေ့တွင်လည်းမှန်ကန်သည်။

–o–

# အခန်း– ၁၉
# ဘုရားသခင်၏ပညတ်တော်

ဘုရားသခင့်ပညတ်တရား၏ အရေးကြီးသောအခြေခံမှုများကို ပညတ်တော်ဆယ်ပါးတွင်ရုပ်လုံးဖော်ထားပြီး၊ ခရစ်တော်၏အသက်တာတွင်လည်း သာဓကပြ၍ထင်ရှားစေခဲ့သည်။ ၎င်းအခြေခံပညတ်များသည် လူသားတို့၏ပြုမူဆက်ဆံရေးနှင့်သက်ဆိုင်သော ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၊ လိုအင်ဆန္ဒနှင့်ရည်ရွယ်ချက်များကိုဖော်ပြပြီး၊ ခေတ်ကာလတိုင်းတွင် လူသားတို့ကိုတာဝန်ခံစေခဲ့သည်။ ဤပညတ်ချက်များသည် ဘုရားသခင်နှင့်သူ၏လူတို့စပ်ကြား ပဋိညာဉ်တရား၏အခြေခံဖြစ်၍၊ ဘုရားသခင်၏ စီရင်ဆုံးဖြတ်ချက်ချရာတွင် စံချိန်စံညွှန်းလည်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ဆောင်ကြဉ်းပေးမှုဖြင့်၊ ၎င်းတို့သည် အပြစ်ကိုညွှန်ပြပြီး၊ ကယ်တင်ရှင်တစ်ပါးလိုအပ်သည်ကိုသိစေသည်။ ကယ်တင်ခြင်းသည် အကျင့်အားဖြင့်မဟုတ်ဘဲ၊ ကျေးဇူးတော်သက်သက်အားဖြင့်သာဖြစ်ပြီး၊ ၎င်း၏အကျိုးအမြတ်မှာ ပညတ်တော်ဆယ်ပါးကိုနားထောင်ခြင်းဖြစ်သည်။ ဤနားထောင်ခြင်းသည် ခရစ်ယာန်စာရိတ္တကိုပွားများတိုးတက်စေပြီး၊ ကိုယ်စိတ်နှစ်ပါးကို အကျိုးဖြစ်ထွန်းစေသည်။ ၎င်းသည် ထာဝရဘုရားအပေါ်ထားရှိသော ကျွန်ုပ်တို့၏ချစ်ခြင်းနှင့် မိမိတို့လူသားခြင်းအပေါ် ကျွန်ုပ်တို့၏ဂရုစိုက်မှုတို့၏သက်သေခံအထောက်အထားဖြစ်သည်။ ယုံကြည်ခြင်းအားဖြင့် နားထောင်ခြင်းသည် အသက်တာကိုပြောင်းလဲသော ခရစ်တော်၏တန်ခိုးကိုဖော်ပြသောကြောင့်၊ ခရစ်ယာန်သက်သေခံခြင်းကို အင်အားတိုးမြှင့်စေသည်။ (ထွက်၊ ၂၀း၁–၁၇။ တရားဟော၊ ၂၈း၁–၁၄။ ဆာလံ၊ ၁၉း၇–၁၄။ ၄၀း၇၊၈။ မဿဲ ၅း၁၇–၂၀။ ၂၂း၃၆–၄၀။ ယောဟန်၊ ၁၄း၁၅။ ၁၅း၇–၁၀။ ရောမ၊ ၈း၃၊၄။ ဧဖက်၊ ၂း၈–၁၀။ ဟေဗြဲ၊ ၈း၈–၁၀။ ၁ယော၊ ၂း၃။ ၅း၃။ ဗျာ၊ ၁၂း၁၇။ ၁၄း၁၂။)

**အားလုံး၏မျက်စိသည် တောင်ပေါ်ကိုအာရုံစိုက်နေခဲ့သည်။** တောင်ထိပ်ကိုတိမ်ထုကြီးသည်ဖုံးအုပ်၍၊ ဆက်လက်မှောင်မည်းလာကာ၊ တောင်တစ်ခုလုံးကိုဆန်းကြယ်စွာဖုံးလွှမ်းသွားသည်အထိပြိုဆင်းလာသည်။ အမှောင်ထုထဲမှလျှပ်စစ်လက်ပြီး၊ မိုးချုန်းသံသည်လည်း ထပ်ခါထပ်ခါပဲ့တင်ထပ်လျက်ရှိသည်။ “ထာဝရဘုရားသည် မီးဖြင့်လွှမ်းလျက်၊ သိနာတောင်ပေါ်သို့ဆင်းသက်တော်မူသောကြောင့်၊ တစ်တောင်လုံးမီးခိုးထွက်လေ၏။ မီးခိုးသည်လည်း မီးဖို၏မီးခိုးကဲ့သို့တက်၍၊ တစ်တောင်လုံးပြင်းစွာလှုပ်လေ၏။ တံပိုးမြည်သံသည် ကြာကြာမြည်လျက်၊ အသံတိုး၍ကြီးသောအခါ၊ မောရှေသည်ခေါ်၍၊ ဘုရားသခင်သည် စကားသံနှင့်ထူးတော်မူ၏” (ထွက်၊ ၁၉း၁၈၊၁၉)။

ဤသို့ဘုရားသခင်ရှိနေခြင်းကို ကြီးကျယ်စွာဖော်ပြခြင်းသည် အလွန်အားကြီးသည်ဖြစ်ရာ ဣသရေလလူအားလုံးသည် ကြောက်ရွံ့တုန်လှုပ်ကြသည်။

ရုတ်တရက်မိုးချုန်းသံနှင့် တံပိုးမှုတ်သံတို့သည်ရပ်သွားပြီး၊ ထိတ်လန့်ဖွယ် တိတ်ဆိတ်သွားခဲ့သည်။ ထို့နောက် ဘုရားသခင်သည် တောင်၌မတ်တတ်ရပ်လျက် သူ့ကိုလွှမ်းအုပ်ထားသောအမှောင်ထုထဲကစကားမိန့်ခဲ့သည်။ မိမိလူတို့ကိုအလွန်ချစ်သော စိတ်ဖြင့် ပညတ်တော်ဆယ်ပါးကိုကြေညာခဲ့သည်။ "ထာဝရဘုရားသည် သိနာတောင်ပေါ်က ကြွတော်မူ၏။...... သန့်ရှင်းသူသောအထောင်အသောင်းတို့နှင့်အတူကြွတော်မူ၍၊ ဓမ္မမီး သည် ဣသရေလလူတို့အဖို့၊ လက်ယာလက်တော်မှထွက်လေ၏။ အကယ်စင်စစ် ထိုလူမျိုးကိုချစ်တော်မူ၏။ မိမိသန့်ရှင်းသူအပေါင်းတို့သည် အထံတော်ပါးတွင်ရှိကြ၏။ သူတို့သည် ခြေတော်ရင်း၌ပျက်ဝပ်၍၊ စကားတော်ကိုနာခံကြလေ၏" (တရားဟော၊ ၃၃း၂၊၃)။

ဘုရားသခင်သည် ပညတ်တော်ကိုသိနာတောင်တွင်ပေးချိန်က၊ စကြဝဠာ၏ ဘုန်းကြီးသောအမြင့်ဆုံးအာဏာပိုင်အဖြစ်သာ မိမိကိုယ်ကိုဖော်ပြခဲ့ခြင်းမဟုတ်ပါ။ မိမိ လူတို့၏ရွေးနုတ်ရှင်အဖြစ်လည်း မိမိကိုယ်ကိုပုံဖော်ခဲ့သည် (ထွက်၊ ၂၀း၂)။ သူသည် ကယ်တင်ရှင်ဖြစ်သောကြောင့်၊ ဣသရေလလူတို့ကိုသာမက၊ လူသားအားလုံးကို (ဒေသနာ၊ ၁၂း၁၃) ပညတ်တော်ဆယ်ပါးကိုနားထောင်ရန်ခေါ်ခဲ့သည်။ ထိုပညတ်တော် သည် ဘုရားသခင်နှင့်မိမိတို့လူသားချင်းအပေါ် လူတို့၏တာဝန်ကိုခြုံငုံသည့် ပြီးပြည့်စုံပြီး ခိုင်လုံသောစည်းမျဉ်းများဖြစ်သည်။

ထို့နောက် ဘုရားသခင်သည် အောက်ပါအတိုင်းမိန့်တော်မူခဲ့သည်။

**"ငါမှတစ်ပါး အခြားသောဘုရားကိုမကိုးကွယ်နှင့်။– အထက်မိုးကောင်းကင် ၌လည်းကောင်း၊ အောက်အရပ်မြေကြီးပေါ်၌လည်းကောင်း၊ မြေကြီးအောက် ရေထဲ၌ လည်းကောင်း ရှိသောအရာနှင့်ပုံသဏ္ဍာန်တူအောင်၊ ရုပ်တုဆင်းတုကိုကိုယ်အဖို့မလုပ် နှင့်။– ဦးမချဝတ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါထာဝရဘုရား သည်၊ သင်၌အပြစ်ရှိသည်ဟုယုံလွယ်သောဘုရား၊ ငါ့ကိုမုန်းသောသူတို့၏အမျိုးအစဉ် အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်သောဘုရား၊– ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကိုကျင့်သောသူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင်၊ ကရုဏာကိုပြသောဘုရား ဖြစ်၏။– သင်၏ဘုရားသခင်ထာဝရဘုရား၏နာမတော်ကို မုသားနှင့်ဆိုင်၍ မမြွက် မဆိုနှင့်။ အကြောင်းမူကား၊ နာမတော်ကို မုသားနှင့်ဆိုင်၍မြွက်ဆိုသောသူကို**

**အပြစ်မရှိဟုထာဝရဘုရားမှတ်တော်မမူ။– ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကိုအောက်မေ့လော့။– ခြောက်ရက်ပတ်လုံးအလုပ်မျိုးကို ကြိုးစား၍ လုပ်ဆောင်လော့။– သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ ဖြစ်၏။ ထိုနေ့၌ သင်မှစ၍သင်၏သားသမီး၊ ကျွန်ယောကျ်ားမိန်းမ၊ တိရစ္ဆာန်၊ သင်၏တံခါးအတွင်း၌နေသော ဧည့်သည်အာဂန္တုသည် အလုပ်မလုပ်ရ။– အကြောင်းမူကား၊ ထာဝရဘုရားသည် မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်တို့၌ ရှိသမျှတို့ကို ခြောက်ရက်တွင်ဖန်ဆင်း၍ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထို့ကြောင့် ထာဝရဘုရားသည် သတ္တမနေ့ရက်ကိုကောင်းချီးပေး၍ သန့်ရှင်းစေတော်မူ၏။– သင်၏ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူသောပြည်၌ သင်၏အသက်တာရှည်မည်အကြောင်း၊ သင်၏မိဘကိုရိုသေစွာပြုလော့။– လူအသက်ကို မသတ်နှင့်။– သူ့မယားကိုမပြစ်မှားနှင့်။– သူ့ဥစ္စာကိုမခိုးနှင့်။– ကိုယ်နှင့်စပ်ဆိုင်သောသူတစ်ဘက်၌ မမှန်သောသက်သေကိုမခံနှင့်။– ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်ကို တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ မယား၊ သူ၏ ကျွန်ယောကျ်ား မိန်းမ၊ နွား၊ မြည်းမှစ၍ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ ဥစ္စာတစ်စုံတစ်ခုကိုမျှ တပ်မက်လိုချင်သောစိတ်မရှိစေနှင့်ဟု မိန့်တော်မူ၏" (ထွက်မြောက်ရာကျမ်း ၂၀း၃–၁၇)။**

## ပညတ်တော်၏သဘောသဘာဝ

ဘုရားသခင်၏ဂုဏ်တော်ကိုရောင်ပြန်ဟပ်သောအရာအဖြစ်၊ ပညတ်တော်ဆယ်ပါးသည် လူ့ကျင့်ဝတ်ဖြစ်၍၊ ဝိညာဉ်ရေးလည်းဖြစ်ပြီး၊ ပြည့်စုံသည်ဖြစ်ရာ၊ လူသားအားလုံးနှင့်ဆိုင်သောစည်းမျဉ်းများပါရှိသည်။

**ပေးသောသူ၏ဂုဏ်တော်ကိုရောင်ပြန်ဟပ်သောပညတ်တော်။** သမ္မာကျမ်းစာသည် ဘုရားသခင်၏ဂုဏ်ရည်ကို သူ၏ပညတ်တော်တွင်မြင်ရသည်။ ဘုရားသခင်ကဲ့သို့၊ "ထာဝရဘုရား၏တရားတော်သည် စုံလင်သည်၊...... ထာဝရဘုရား၏နည်းဥပဒေသတို့သည် ဖြောင့်မတ်သည်" (ဆာလံ၊ ၁၉း၇၊၈)။ "တရားတော်သည် သန့်ရှင်းခြင်းရှိ၏။ ပညတ်တရားလည်းသန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းရှိ၏" (ရောမ၊ ၇း၁၂)။ "အလုံးစုံသောပညတ်တော်တို့သည် သစ္စာဖြစ်ကြပါ၏။ သက်သေခံတော်မူချက်တို့ကို အစဉ်အမြဲထားတော်မူကြောင်းကို၊ ရှေးဦးစွာမှစ၍ အကျွန်ုပ်သိပါ၏" (ဆာလံ၊ ၁၁၉း၁၅၁၊၁၅၂)။ အကယ်စင်စစ်၊ "အလုံးစုံသောပညတ်တော်တို့သည် ဖြောင့်မတ်ပါသည်" (ဆာလံ၊ ၁၁၉း၁၇၂)။

**လူကျင့်ဝတ်ဆိုင်ရာပညတ်တော်။** ပညတ်တော်ဆယ်ပါးသည် လူသားတို့အတွက် အပြုအမူဆိုင်ရာ ဘုရားသခင်၏စံနမူနာကိုသိရှိစေသည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်၊ ရွေးနုတ်ရှင်နှင့်အတူဆက်ဆံရေးကိုလည်းကောင်း၊ ကျွန်ုပ်တို့၏ လူသားချင်းများအပေါ် ကျွန်ုပ်တို့၏တာဝန်ကိုလည်းကောင်း အတိအကျပြဋ္ဌာန်းထားသည်။ သမ္မာကျမ်းစာက ဘုရားသခင်၏ပညတ်တော်ကို ကျူးလွန်ခြင်းကိုအပြစ်ဟု ခေါ်ဆိုသည် (၁ယော၊ ၃း၄)။

**ဝိညာဉ်ရေးဆိုင်ရာပညတ်တော်။** "ပညတ်တရားသည် ဝိညာဉ်ပကတိနှင့် စပ်ဆိုင်သည်" (ရောမ၊ ၇း၁၄)။ ထိုကြောင့်၊ ဝိညာဉ်ရေးရှိသောသူနှင့် ဝိညာဉ်တော်အသီးရှိသောသူတို့သာလျှင် ၎င်းကိုလိုက်လျှောက်နိုင်သည် (ယောဟန်၊ ၁၅း၄။ ဂလာ၊ ၅း၂၂၊၂၃)။ သူ၏အလိုတော်ကိုလုပ်ဆောင်နိုင်ရန် အစွမ်းပေးသောသူမှာ ဘုရားသခင်၏ ဝိညာဉ်တော်ပင်ဖြစ်သည် (တမန်၊ ၁း၈။ ဆာလံ၊ ၅၁း၁၀-၁၂)။ ခရစ်တော်၌တည်နေခြင်းအားဖြင့်၊ သူ၏ဘုန်းတော်အတွက် အသီးသီးနိုင်ရန် ကျွန်ုပ်တို့လိုအပ်သောတန်ခိုးကို ကျွန်ုပ်တို့ရရှိသည်" (ယောဟန်၊ ၁၅း၅)။

လူသားတို့ဥပဒေများသည် ဖြောင့်ကျကျလုပ်ရပ်များကိုသာပြောသည်။ သို့သော် ပညတ်တော်ဆယ်ပါးသည် "အလွန်ကျယ်ဝန်း" သည်ဖြစ်၍ (ဆာလံ၊ ၁၁၉း၉၆)၊ ကျွန်ုပ်တို့၏အလျှို့ဝှက်ဆုံးသော အတွေးများ၊ ဆန္ဒများနှင့်၊ မနာလိုဝန်တိုခြင်း၊ တဏှာနှင့်ရည်မှန်းချက်ကဲ့သို့သောစိတ်ခံစားမှုတို့ပါ အကျုံးဝင်သည်။ တောင်ပေါ်ဒေသနာတွင် ယေရှုသည် ဤပညတ်တော်၏ဝိညာဉ်ရေးဆိုင်ရာရှုထောင့်ကို အလေးပေးပြောဆိုပြီး၊ ကျူးလွန်ခြင်းသည် စိတ်နှလုံးမှစတင်ကြောင်းဖော်ပြခဲ့သည် (မဿဲ၊ ၅း၂၁၊၂၂၊၂၇၊၂၈။ မာကု၊ ၇း၂၁-၂၃)။

**အပြုသဘောဆောင်သောပညတ်တော်။** ပညတ်တော်ဆယ်ပါးသည် တာဝန်များ၊ တားမြစ်ချက်များစသည့်ထိုမျှထက်ပိုသည်။ ၎င်းတို့သည် ဝေးဝေးသို့ ရောက်သောစည်းကမ်းများပါဝင်သည်။ ၎င်းတို့သည် ကျွန်ုပ်တို့မလုပ်ဆောင်သင့်သော အရာများသာမက၊ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာများကိုလည်း ပါဝင်ပတ်သက်စေသည်။ ကျွန်ုပ်တို့သည် မကောင်းသောအလုပ်နှင့် စိတ်ကူးများကိုသာရှောင်ရမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကောင်းသောအရာကိုလုပ်ဆောင်ရန် ဘုရားသခင်ပေးထားသော စွမ်းရည်များနှင့် ဆုကျေးဇူးများကို အသုံးပြုရန်သင်ယူရမည်။ ထို့ကြောင့် တားမြစ်ချက်ပါသောပညတ်ချက်များသည် လုပ်ဆောင်စေသောပညတ်ချက်လည်းဖြစ်သည်။

ဥပမာအနေဖြင့်၊ "လူအသက်ကိုမသတ်နှင့်" ဟူသောဆဋ္ဌမပညတ်သည် "လူအသက်ကိုထောက်မပါ" ဟူသောခိုင်းစေချက်ပါရှိသည်။ "ဘုရားသခင်၏ နောက်လိုက်များသည် သူတို့၏ဩဇာလွှမ်းမိုးမှုနယ်ပယ်အတွင်း လာသောသူတိုင်း၏

ကောင်းစားရေးနှင့် ပျော်ရွှင်မှုကိုမြှင့်တင်ရန်ရှာကြံခြင်းမှာ ဘုရားသခင်၏အလိုတော်ဖြစ်သည်။ လေးနက်သောသဘောဖြင့်၊ ယေရှုခရစ်တော်၌ကယ်တင်ခြင်းနှင့် ထာဝရအသက်ရှိသည်ဟူသောဧဝံဂေလိတရားကိုဟောရန် စေခိုင်းချက်သည် ဆဋ္ဌမပညတ်တွင် ပုံဖော်သည့်အပြုသဘောဆောင်သော စည်းမျဉ်းအပေါ်၌တည်သည်။"

ပညတ်တော်ဆယ်ပါးကို "တားမြစ်ခြင်းဘက်မှမကြည့်ဘဲ၊ သနားကြင်နာမှုရှုထောင့်မှမြင်ရမည်။ ၎င်း၏တားမြစ်ချက်များသည် နာခံခြင်း၌ဝမ်းမြောက်ခြင်းရှိသည်ကိုအာမခံသည်။ ခရစ်တော်၌လက်ခံရရှိသကဲ့သို့၊ ၎င်းသည် ထာဝရကာလတစ်လျှောက်လုံး ကျွန်ုပ်တို့ကိုပျော်ရွှင်မှုပေးမည့် စင်ကြယ်သောစာရိတ္တကို ကျွန်ုပ်တို့အထဲ၌လုပ်ဆောင်သည်။ နာခံသောသူအတွက် ၎င်းသည် ကွယ်ကာရာတံတိုင်းဖြစ်သည်။ လူတို့အား မပြောင်းလဲနိုင်သော ဖြောင့်မတ်သည့်စည်းမျဉ်းများကိုဖော်ပြခြင်းအားဖြင့် ကျူးလွန်ခြင်း၏ရလဒ်ဖြစ်သော မကောင်းမှုမှသူတို့ကိုကာကွယ်ရန် ကြိုးပမ်းနေသောဘုရားသခင်၏ကောင်းမြတ်ခြင်းကို ကျွန်ုပ်တို့သည် ပညတ်တော်တွင်ရှုမြင်ရသည်။"

**ရိုးစင်းသောပညတ်တော်။** ပညတ်တော်ဆယ်ပါးသည် ၎င်း၏ရိုးစင်းသောပြည့်စုံမှုသည် နက်နဲသိမ်မွေ့သည်။ ၎င်းသည် အတိုချုပ်ဖြစ်ရာကလေးငယ်ပင်လျှင်မြန်မြန်အလွတ်ကျက်မှတ်နိုင်သည်။ သို့သော်လည်း ၎င်းသည် ဖြစ်နိုင်ချေအပြစ်ဟူသမျှကိုဖုံးအုပ်ထားသည်။

"ဘုရားသခင်၏ပညတ်တော်တွင် လျှို့ဝှက်သောအရာမရှိပါ။ ၎င်းပုံဖော်ထားသည့် ကြီးမြတ်သောသမ္မာတရားများကို လူတိုင်းနားလည်နိုင်သည်။ အားအနည်းဆုံးသောအသိဉာဏ်သည် ဤစည်းမျဉ်းများကိုနားလည်သဘောပေါက်နိုင်သည်။ ပညာအမဲ့ဆုံးသောသူသည် ထိန်းညှိ၍ ဘုရားရှင်၏စံချိန်အတိုင်း စာရိတ္တကိုပုံသွင်းနိုင်သည်။"

**အခြေခံကျသောပညတ်တော်။** ပညတ်တော်ဆယ်ပါးသည် မှန်ကန်သောစည်းမျဉ်းအားလုံး၏အကျဉ်းချုပ်ဖြစ်၍၊ ၎င်းသည် အချိန်တိုင်းအတွက် လူတိုင်းနှင့်သက်ဆိုင်သည်။ သမ္မာကျမ်းစာက "ဘုရားသခင်ကိုကြောက်ရွံ့၍၊ ပညတ်တော်တို့ကိုစောင့်ရှောက်လော့။ ဤရွေ့ကား၊ လူနှင့်ဆိုင်သောအမှုအရာအလုံးစုံတို့ကို ချုပ်ခြာသတည်း" (ဒေသနာ၊ ၁၂:၁၃)။

"ကျောက်ပြားပေါ်မှာပဋိညာဉ်စကား၊ ပညတ်တော်ဆယ်ပါး" (ထွက်၊ ၃၄:၂၈) သည် အပိုင်းနှစ်ပိုင်းပါဝင်ပြီး၊ ၎င်းကို ဘုရားသခင်ရေးသားသောကျောက်ပြားနှစ်ပြားအားဖြင့်ညွှန်ပြသည် (တရားဟော၊ ၄:၁၃)။ ပထမပညတ်လေးခုသည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်နှင့်ရွေးနုတ်ရှင်အပေါ် ကျွန်ုပ်တို့၏တာဝန်စည်းမျဉ်းဖြစ်၍၊ နောက်ဆုံးခြောက်ခုသည် လူသားများအပေါ်ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ ဤနှစ်ပိုင်းသည် ဘုရားသခင်၏

နိုင်ငံတော်စီမံခန့်ခွဲသော မဟာအခြေခံစည်းမျဉ်းနှစ်ခုဖြစ်သော ချစ်ခြင်းမေတ္တာမှလာသည်။ "သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့" (လုကာ၊ ၁၀း၂၇။ တရားဟော၊ ၆း၄၊၅)။ ဤအခြေခံစည်းမျဉ်းများအတိုင်း နေထိုင်သောသူတို့သည် ပညတ်တော်ဆယ်ပါးနှင့် လုံးဝသဟဇာတဖြစ်လိမ့်မည်။ အကြောင်းမှာ ပညတ်တော်သည် ဤအခြေခံစည်းမျဉ်းများကို ပိုမိုပြီးအသေးစိတ်ဖော်ပြသည်။

ပထမပညတ်သည် စစ်မှန်သောဘုရားတစ်ပါးကိုကိုးကွယ်ရန် ညွှန်ကြားသည်။ ဒုတိယပညတ်သည် ရုပ်တုကိုးကွယ်ခြင်းကိုတားမြစ်သည်။ တတိယပညတ်သည် ဘုရားသခင်၏နာမအလွဲသုံးစားပြုခြင်းကိုတားမြစ်သည်။ စတုတ္ထပညတ်သည် ဥပုသ်နေ့ကိုစောင့်ထိန်းရန်ဖိတ်ခေါ်ပြီး၊ စစ်မှန်သောဘုရားအား ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းသောအရှင်အဖြစ်ဖော်ထုတ်သည်။

ပဉ္စမပညတ်သည်သားသမီးများအား ဘုရားသခင်ကသူ၏ဖော်ပြထားသော အလိုတော်ကိုမျိုးဆက်များထံလက်ဆင့်ကမ်းရန် ဘုရားသခင်ခန့်ထားသောမိဘများကို ရိုသေရန်တောင်းဆိုသည် (တရားဟော၊ ၄း၆–၉။ ၆း၁–၇)။ ဆဋ္ဌမပညတ်သည် အသက်ကိုမွန်မြတ်သောအရာအဖြစ်ကာကွယ်သည်။ သတ္တမပညတ်သည် ထိမ်းမြားခြင်း၏ စင်ကြယ်မှုကိုစောင့်ထိန်းရန် သြဝါဒပေးသည်။ အဋ္ဌမပညတ်သည် ပိုင်ဆိုင်မှုကိုကာကွယ်သည်။ နဝမပညတ်သည် အမှန်တရားကိုကာကွယ်ပြီး၊ မုသားသက်သေခံခြင်းကို တားမြစ်သည်။ ဒသမပညတ်သည် အခြားသူတို့၏ပိုင်ဆိုင်မှုကိုတပ်မက်ခြင်းမှ တားမြစ်ခြင်းအားဖြင့်၊ လူသားအားလုံး၏ဆက်ဆံရေးအရင်းခံသို့ပို့ပေးသည်။

**တစ်မူထူးသောပညတ်တော်။** ပညတ်တော်ဆယ်ပါး၏ တစ်မူထူးခြားချက်မှာ ဣသရေလလူမျိုးတစ်ခုလုံးကြားနိုင်အောင် တစ်ခုတည်းသောဘုရားသခင်မိန့်တော်မူသောစကားဖြစ်သောကြောင့်ဖြစ်သည် (တရားဟော၊ ၅း၂၂)။ သူတို့သည် အလွန်မေ့လွယ်ကြသည်ဖြစ်ရာ၊ ဘုရားသခင်သည် ဤပညတ်တော်ကို ကျောက်ပြားနှစ်ပြားပေါ်တွင် မိမိလက်ဖြင့်အက္ခရာတင်ရေးသားခဲ့ပြီး၊ ၎င်းတို့ကို ပဋိညာဉ်သေတ္တာထဲတွင် ထိန်းသိမ်းထားသည် (ထွက်၊ ၃၁း၁၈။ တရားဟော၊ ၁၀း၂)။

ဣသရေလတို့သည် ဤပညတ်တော်ကိုကျင့်သုံးနိုင်စေရန်၊ ဘုရားသခင်သည် သူတို့အား သူနှင့်လည်းကောင်း၊ အချင်းချင်းသော်လည်းကောင်း ဆက်ဆံရေးအတွက်အသေးစိတ်ပညတ်ချက်များကိုထပ်၍ပေးခဲ့သည်။ နောက်ထပ်ပေးသည့် တချို့ပညတ်ချက်များသည် ဣသရေလတို့၏ အရပ်ဘက်ဆိုင်ရာအရေးကိစ္စကိုအာရုံစိုက်၍၊ (အရပ်ဘက်ဆိုင်ရာဥပဒေ)၊ အခြားပညတ်ချက်များမှာမူ တဲတော်ဆိုင်ရာလုပ်ငန်း၏

အခမ်းအနားများနှင့်သက်ဆိုင်သော စည်းမျဉ်းများဖြစ်သည်။ ဘုရားသခင်သည် ဤနောက်ထပ်ပေးသောပညတ်ချက်များကို မောရှေမှတစ်ဆင့် လူတို့ကိုပြောခဲ့သည်။ မောရှေသည် ၎င်းတို့ကိုဥပဒေကျမ်းတွင် အကုန်အစင်ရေးပြီး၊ ၎င်းကို ဘုရားသခင်၏အမြင့်ဆုံးဖော်ပြချက်ဖြစ်သော ပညတ်တော်ဆယ်ပါးရေးထားသည့် ကျောက်ပြားနှစ်ပြားကဲ့သို့ ပဋိညာဉ်သေတ္တာထဲတွင်မထည့်ဘဲ၊ ၎င်း၏နံဘေးတွင်ထားရှိသည် (တရားဟော၊ ၃၁း၂၅၊၂၆)။ ဤနောက်ထပ်ပေးသောပညတ်ချက်များကို "မောရှေ၏ပညတ္တိကျမ်း" (ယောရှု၊ ၈း၃၁။ နေဟမိ၊ ၈း၁။ ဖရာ၊ ၂၅း၄) သို့မဟုတ် မောရှေ၏ပညတ် (၄ရာ၊ ၂၃း၂၅။ ဖရာ၊ ၂၃း၁၈) ဟူ၍သိရသည်။

**နှစ်သက်ဖွယ်သောပညတ်။** ဘုရားသခင်၏ပညတ်တော်သည် စိတ်နှလုံးကိုနှိုးဆော်ပေးသည်။ ဆာလံဆရာက "ကိုယ်တော်၏တရားကို အကျွန်ုပ်သည်အလွန်နှစ်သက်ပါ၏။ တစ်နေ့လုံးဆင်ခြင်အောက်မေ့လျက်နေပါ၏။" "အကျွန်ုပ်မှုကား၊ ပညတ်တော်တို့ကိုရွှေထက်မက၊ ရွှေစင်ထက်သာ၍ နှစ်သက်ပါ၏။" "ဆင်းရဲညှိုးငယ်ခြင်းသို့ရောက်သော်လည်း၊ ပညတ်တော်တို့သည် အကျွန်ုပ်မွေ့လျော်ရာဖြစ်ပါ၏" (ဆာလံ၊ ၁၁၉း၉၇၊၁၂၇၊၁၄၃)။ ဘုရားသခင်ကိုချစ်သောသူတို့အဖို့ "ပညတ်တော်တို့ကိုစောင့်ခဲသည်မဟုတ်" (၁ယော၊ ၅း၃)။ ပညတ်တော်ကို ကြီးလေးသောထမ်းပိုးအဖြစ် မှတ်ယူသောသူတို့သည် ကျူးလွန်သူများသာဖြစ်သည်။ အကြောင်းမှာ အပြစ်ရှိသောစိတ်သည် "ဘုရားသခင်၏တရားတော်အလိုသို့မလိုက်တတ်၊ ထိုမျှမကမလိုက်နိုင်" (ရောမ၊ ၈း၇)။

## ပညတ်တော်၏ရည်ရွယ်ချက်

ဘုရားသခင်သည် လူတို့အားကြွယ်ဝစွာသောကောင်းချီးများပေး၍၊ သူတို့ကိုသူနှင့်ကယ်တင်သောဆက်ဆံရေးရှိစေရန် ပညတ်တော်ကိုပေးခဲ့သည်။ အောက်ဖော်ပြပါသတ်သတ်မှတ်မှတ်ရည်ရွယ်ချက်များကိုဂရုပြုပါ။

**၎င်းသည် လူသားများအတွက် ဘုရားသခင်၏အလိုတော်ကိုဖော်ပြသည်။** ဘုရားသခင်၏ဂုဏ်တော်နှင့်မေတ္တာကို ဖော်ပြသောအရာအဖြစ် ပညတ်တော်ဆယ်ပါးသည် လူသားများအတွက် သူ၏အလိုတော်နှင့်ရည်ရွယ်ချက်ကိုဖော်ပြသည်။ ၎င်းသည် စုံလင်သောနာခံမှုကိုတောင်းဆိုသည်။ "ပညတ်တရားအလုံးစုံကိုစောင့်ရှောက်သည်တွင် တစ်စုံတစ်ခု၌မှားမိလျှင်၊ ပညတ်တရားအလုံးစုံကိုလွန်ကျူးသောအပြစ်ရှိ၏" (ယာကုပ်၊ ၂း၁၀)။ ဘဝစည်းမျဉ်းအဖြစ် ပညတ်တော်ကိုနာခံထောင်ခြင်းသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် အလွန်အရေးပါသည်။ ယေရှုက "အသက်ရှင်ခြင်းသို့ဝင်စားလိုလျှင် ပညတ်တော်တို့ကိုစောင့်ရှောက်လော့ဟုမိန့်တော်မူ၏" (မဿဲ၊ ၁၉း၁၇)။ ဤနာခံထောင်

ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်ခြင်းအားဖြင့်၊ ပေးသောတန်ခိုးအားဖြင့်သာလျှင်ဖြစ်နိုင်သည်။

**၎င်းသည် ဘုရားသခင့်ပဋိညာဉ်၏အခြေခံဖြစ်သည်။** မောရှေသည် ပညတ်တော်ဆယ်ပါးနှင့် အခြားရှင်းလင်းဖော်ပြသောပညတ်ချက်များကို ပဋိညာဉ်စာအုပ်တွင် ရေးသားခဲ့သည် (ထွက်၊ ၂၀း၁–၂၄း၈)။ နောက်ပိုင်းတွင် သူသည် ပညတ်တော်ဆယ်ပါးကို "ပဋိညာဉ်တရားကိုရေးထားသောကျောက်ပြား" ဟုခေါ်ဆိုပြီး၊ ထာဝရတည်သောပဋိညာဉ်အဖြစ် ၎င်း၏အရေးကြီးမှုကိုညွှန်ပြသည် (တရားဟော၊ ၉း၉)။

**၎င်းသည် တရားစီရင်ရေး၏စံချိန်အဖြစ်လုပ်ဆောင်သည်။** ဘုရားသခင်ကဲ့သို့၊ "အလုံးစုံသောပညတ်တော်တို့သည် ဖြောင့်မတ်ပါသည်" (ဆာလံ၊ ၁၁၉း၁၇၂)။ ထို့ကြောင့် ပညတ်တော်သည် ဖြောင့်မတ်ခြင်းတရား၏စံချိန်စံညွှန်းဖြစ်သည်။ ကျွန်ုပ်တို့အယောက်စီတိုင်းကို၊ ကျွန်ုပ်တို့၏သြတ္တပ္ပစိတ်အားဖြင့်မဟုတ်ဘဲ၊ ဤဖြောင့်မတ်သောစည်းမျဉ်းများအားဖြင့် စီရင်လိမ့်မည်။ သမ္မာကျမ်းစာက "ပညတ်တော်တို့ကိုစောင့်ရှောက်လော့။...... အကြောင်းမူကား၊ ဘုရားသခင်သည် ခပ်သိမ်းသောဝှက်ထားခြင်းမှစ၍၊ အလုံးစုံသောအမှု၊ ကောင်းမကောင်းရှိသမျှတို့ကိုစစ်ကြော၍၊ စီရင်တော်မူလတ္တံ့" (ဒေသနာ၊ ၁၂း၁၃၊၁၄) ဟုဆိုသည်။

လူတို့၏အသိစိတ်သည် ပြောင်းလဲသည်။ အချို့သောအသိစိတ်သည် "အားနည်း" နေချိန်တွင်၊ အချို့မှာ "မစင်ကြယ်၊" "ဆိုးယုတ်" သို့မဟုတ် "သံပူနှင့်ခတ်ခြင်းကိုခံ" ရသည် (၁ကော၊ ၈း၇၊၁၂။ တိတု၊ ၁း၁၅။ ဟေဗြဲ၊ ၁၀း၂၂။ ၁တိ၊ ၄း၂)။ လက်ပတ်နာရီကဲ့သို့ မည်မျှပင်ကောင်းမွန်စွာလည်ပတ်နေပါစေ၊ ၎င်းတို့သည် တန်ဖိုးရှိစေရန် တိကျသောစံတော်ချိန်နှင့်ချိန်ညှိရသည်။ ကျွန်ုပ်တို့၏သြတ္တပ္ပစိတ်သည် မှန်သောအရာကိုပြုလုပ်ရမည်ဟု ကျွန်ုပ်တို့ကိုပြောသော်လည်း၊ မှန်ကန်သောအရာသည် ဘယ်အရာဖြစ်သည်ကို မပြောပြပါ။ ဘုရားသခင်၏မဟာစံတော်ချိန်ဖြစ်သော သူ၏ပညတ်တော်နှင့် သြတ္တပ္ပစိတ်များကိုချိန်ညှိမှသာလျှင် အပြစ်ထဲသို့လွင့်ပါးခြင်းမှ ကျွန်ုပ်တို့ကိုစောင့်ထိန်းနိုင်သည်။

**၎င်းသည် အပြစ်ကိုထောက်ပြသည်။** ပညတ်တော်ဆယ်ပါးမရှိဘဲ၊ လူတို့သည် ဘုရားသခင်၏သန့်ရှင်းခြင်း၊ သူတို့ကိုယ်ပိုင်အပြစ်များ သို့မဟုတ် နောင်တရရန် သူတို့လိုအပ်ချက်ကိုမမြင်နိုင်ကြချေ။

သူတို့သည် ဘုရားသခင်၏ပညတ်တော်ကို သူတို့ကျူးလွန်ကြောင်းမသိသောအခါ၊ သူတို့၏ပျောက်ဆုံးနေမှု သို့မဟုတ် အပြစ်ဖြေရာခရစ်တော်၏အသွေးလိုအပ်မှုကို သူတို့မခံစားကြချေ။

လူတို့အား သူတို့၏အခြေအနေမှန်ကိုမြင်နိုင်စေရန်၊ ပညတ်တော်သည် ကြည့်မှန်ကဲ့သို့လုပ်ဆောင်သည် (ယာကုပ်၊ ၁း၂၃–၂၅)။ ပညတ်တော်ကို "ကြည့်" သောသူတို့သည် ဘုရားသခင်၏ဖြောင့်မတ်သောဂုဏ်တော်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့် သူတို့ကိုယ်ပိုင်စာရိတ္တ၏ချွတ်ယွင်းချက်များကိုမြင်ကြသည်။ လောကီသားအားလုံးသည် ဘုရားသခင်၏ရှေ့တွင် အပြစ်ရှိသည်ဖြစ်ရာ (ရောမ၊ ၃း၁၉)၊ သူ့အပေါ်လုံးဝတာဝန်ရှိကြောင်းကို ပညတ်တော်ကပြသသည်။

"ပညတ်တရားသည် ဒုစရိုက်အပြစ်ကိုထင်ရှားစေသည်" (ရောမ၊ ၃း၂၀)။ အဘယ်ကြောင့်ဆိုသော်၊ "ဒုစရိုက်သည်ကား ပညတ်တော်ကိုလွန်ကျူးခြင်းဖြစ်သတည်း" (၁ယော၊ ၃း၄)။ ပေါလုက၊ "ပညတ်တရားအားဖြင့်သာ အပြစ်သဘောကိုငါသိရ၏" (ရောမ၊ ၇း၇) ဟုဆိုသည်။ အပြစ်သားများအား သူတို့၏အပြစ်ကိုခံယူစေရာတွင်၊ သူတို့သည် ဘုရားသခင်၏အမျက်ဒေါသစီရင်ခြင်းအောက်၌ ပြစ်ဒဏ်ချမှတ်ခြင်းကိုခံရ၍၊ ထာဝရသေခြင်းပြစ်ဒဏ်ကိုရင်ဆိုင်နေကြရကြောင်းကို ၎င်းက နားလည်သဘောပေါက်စေသည်။ ၎င်းသည် သူတို့၏လုံးဝခိုကိုးရာမဲ့နေမှုကို သူတို့အားသိစေသည်။

**၎င်းသည် ပြောင်းလဲပေးသောအရာဖြစ်သည်။** သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုပြောင်းလဲစေရန်အသုံးပြုသောအရာမှာ ဘုရားသခင်၏ပညတ်တော်ဖြစ်သည်။ "ထာဝရဘုရား၏တရားတော်သည် စုံလင်သည်ဖြစ်၍၊ စိတ်ဝိညာဉ်ကိုပြုပြင်တတ်၏" (ဆာလံ၊ ၁၉း၇)။ ကျွန်ုပ်တို့၏စစ်မှန်သောစာရိတ္တကိုမြင်ပြီးနောက်၊ ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်၍၊ သေမိန့်ကိုစောင့်ကာ မျှော်လင့်ချက်မဲ့နေကြောင်းကို နားလည်သဘောပေါက်သောအခါ၊ ကျွန်ုပ်တို့သည် ကယ်တင်ရှင်လိုအပ်ကြောင်းကို သိရှိခံစားလာကြသည်။–– ထိုအခါ ဝမ်းမြောက်ဖွယ်ဧဝံဂေလိတရားသည် အကယ်စင်စစ် အဓိပ္ပါယ်ပြည့်ဝလာသည်။ ထို့ကြောင့် ပညတ်တော်သည် ကျွန်ုပ်တို့၏ဆိုးဝါးသောအခြေအနေမှ ကျွန်ုပ်တို့ကိုလွတ်မြောက်စေနိုင်သည့် တစ်ဦးတည်းသောသူ ခရစ်တော်ကိုညွှန်ပြသည်။ ဤရှုထောင့်မှကြည့်၍ ပေါလုသည် လူကျင့်ဝတ်ဆိုင်ရာပညတ်တော်နှင့် ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်ချက်များကို "ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှာ...... ခရစ်တော်ထံသို့ ငါတို့ကိုပို့ဆောင်၍ ငါတို့၏အထိန်းဖြစ်သတည်း" (ဂလာတိ၊ ၃း၂၄) ဟုဆိုသည်။

ပညတ်တော်သည် ကျွန်ုပ်တို့၏အပြစ်ကိုဖော်ပြသော်လည်း၊ ၎င်းသည် ကျွန်ုပ်တို့ကိုဘယ်ခါမျှမကယ်တင်နိုင်ချေ။ ညစ်ပေသောမျက်နှာကိုစင်ကြယ်စေရန် ရေကိုအသုံးပြုရသကဲ့သို့၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏လူကျင့်ဝတ်ဆိုင်ရာပညတ်တော်တည်းဟူသောကြည့်မှန်၌ ကျွန်ုပ်တို့၏လိုအပ်ချက်ကိုရှာဖွေတွေ့ရှိပြီးနောက်၊ "ဒုစရိုက်အပြစ်အညစ်

အကြေးကို ဆေးကြောစရာဖို့စမ်းရေတွင်း" (ဇာခရိ၊ ၁၃း၁) သို့ပြီးနောက်၊ "သိုးသငယ်၏အသွေး" (ဗျာ၊ ၇း၁၄) အားဖြင့်စင်ကြယ်ခြင်းသို့ရောက်ကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုကြည့်ရမည်။ "ခရစ်တော်သည် ကရာနိကုန်းပေါ်ကလက်ဝါးကပ်တိုင်ပေါ်တွင် တစ်လောကလုံး၏ လေးလံသောအပြစ်ဝန်ထုပ်အောက်၌ သေလုမြောပါးဖြစ်နေချိန်တွင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် မိမိတို့ကျူးလွန်မှုများကို နောင်တရသောသူအားလုံးအပေါ် ဘုရားသခင်၏စိတ်သဘောထားကိုပြသသည်။" ထိုအခါ ကျွန်ုပ်တို့၏စိတ်ဝိညာဉ်သည် မျှော်လင့်ချက်နှင့်ပြည့်၍၊ ကျွန်ုပ်တို့အား ထာဝရအသက်ကိုကမ်းပေးသောကယ်တင်ရှင်ထံသို့ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့်ရောက်ရှိသည် (ယောဟန်၊ ၃း၁၆)။

**၎င်းသည် စစ်မှန်သောလွတ်လပ်မှုကိုပေးသည်။** ခရစ်တော်က "ဒုစရိုက်ကိုပြုသမျှသောသူတို့သည် ဒုစရိုက်၏ကျွန်ဖြစ်ကြ၏" (ယောဟန်၊ ၈း၃၄) ဟုဆိုသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်တော်ကို ကျူးလွန်သောအခါ၊ လွတ်လပ်မှုမရှိကြချေ။ သို့သော် ပညတ်တော်ဆယ်ပါးကိုနားထောင်ခြင်းသည် ကျွန်ုပ်တို့အား စစ်မှန်သောလွတ်လပ်မှုကိုအာမခံသည်။ ဘုရားသခင့်ပညတ်တော်၏ဘောင်ထဲ၌နေထိုင်ခြင်းသည် အပြစ်မှလွတ်မြောက်ခြင်းကိုဆိုလိုသည်။ ပြီးနောက် ၎င်းသည် အပြစ်နောက်၌လိုက်ပါလာသော အစဉ်ပူပန်ခြင်း၊ စိတ်ဒဏ်ရာ၊ ကျွန်ုပ်တို့အသက်တာ၌ပဓာနကျသောစွမ်းအင်များကို ကုန်ခန်းစေသောနောင်တတို့မှ လွတ်မြောက်ခြင်းကိုလည်းဆိုလိုသည်။ ဆာလံဆရာက "ပေးတော်မူသောဩဝါဒများကို အကျွန်ုပ်ရှာဖွေမေးမြန်းသည်ဖြစ်၍၊ အဆီးအတားမရှိဘဲသွားလာရပါ၏" (ဆာလံ၊ ၁၁၉း၄၅) ဟုဆိုသည်။ ယာကုပ်သည် ပညတ်တော်ကို "ရွှေပညတ်တော်၊" "လွတ်လပ်ခြင်းနှင့်စပ်ဆိုင်၍ စုံလင်သောတရား" ဟုရည်ညွှန်းသည် (ယာကုပ်၊ ၂း၈။ ၁း၂၅)။

ကျွန်ုပ်တို့သည် ဤလွတ်လပ်မှုကိုရစေခြင်းငှာ၊ ယေရှုသည် ကျွန်ုပ်တို့၏အပြစ်ဝန်ထုပ်များနှင့် သူ့ထံသို့လာရန် ကျွန်ုပ်တို့ကိုဖိတ်ခေါ်သည်။ သူသည် ကျွန်ုပ်တို့၏ဝန်ထုပ်အစား၊ သူ၏ထမ်းလွယ်သောထမ်းပိုးကိုကမ်းပေးသည် (မဿဲ၊ ၁၁း၂၉၊၃၀)။ ထမ်းပိုးသည် အလုပ်လုပ်ရန်တန်ဆာပလာဖြစ်သည်။ ဝန်ကိုခွဲဝေလိုက်သောအခါ၊ ထမ်းပိုးသည် ထမ်းရလွယ်ကူသည်။ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူတူထမ်းပိုးထမ်းရန်ကမ်းလှမ်းသည်။ ထိုထမ်းပိုးကိုယ်၌က "မေတ္တာနှင့်ဆိုင်သော မဟာပညတ်တော်တည်းဟူသော ဧဒင်ဥယျာဉ်၌ဖော်ပြသောပညတ်၊ သိနာတောင်ပေါ်၌ကြေညာသောပညတ်၊ ဘုရားသခင်၏အလိုတော်၌ လူသားတို့ကိုချဉ်နှောင်၍၊ စိတ်နှလုံးထဲတွင်ရေးသားသောပဋိညာဉ်အသစ်ပညတ်ဖြစ်သည်။" ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ

ထမ်းပိုးထမ်းသောအခါ၊ သူသည် ကျွန်ုပ်တို့၏လေးသောဝန်ကိုထမ်း၍၊ နားထောင်မှုကို ပျော်ရွှင်မှုဖြစ်စေသည်။ သူသည် ကျွန်ုပ်တို့အား အလျင်ကမဖြစ်နိုင်သောအရာကို ကျော်လွှားနိုင်စေသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏စိတ်နှလုံးတွင် ရေးသားသော ပညတ်တော်သည် နှစ်သက်ဖွယ်နှင့် ဝမ်းမြောက်ဖွယ်ဖြစ်လာသည်။ ကျွန်ုပ်တို့သည် သူ၏မိန့်တော်မူချက်အတိုင်း လုပ်ဆောင်လိုသောကြောင့်လွတ်လပ်သည်။

အကယ်၍ပညတ်တော်ကို ဘုရားသခင်၏ကယ်တင်သောတန်ခိုးမပါဘဲ ပေးခဲ့မည်ဆိုလျှင်၊ အပြစ်မှလွတ်မြောက်ခြင်းမရှိချေ။ သို့သော် ပညတ်တော်ကိုမပယ်သော ဘုရားသခင်၏ကယ်တင်သောကျေးဇူးတော်သည် အပြစ်မှလွတ်မြောက်စေသောတန်ခိုးကို ပေးသည်။ အကြောင်းမူကား၊ "သခင်ဘုရား၏ဝိညာဉ်တော်တရားသည် လွတ်ခြင်းချမ်းသာကိုပေးတတ်၏" (၂ကော၊ ၃း၁၇)။

**၎င်းသည် မကောင်းမှုကိုထိန်းချုပ်၍၊ ကောင်းချီးကိုယူဆောင်လာသည်။** လောကကိုလွှမ်းမိုးနေသောရာဇဝတ်မှု၊ အကြမ်းဖက်မှု၊ အကျင့်ပျက်ခြင်းနှင့်ဆိုးယုတ်ခြင်းတို့တိုးပွားခြင်းသည် ပညတ်တော်ဆယ်ပါးကိုလျစ်လျူရှုခြင်းမှလာသည်။ ဤပညတ်တော်ကိုလက်ခံသောအခါ၊ ၎င်းသည် အပြစ်ကိုထိန်းချုပ်သည်၊ ကောင်းသောအပြုအမူကိုအားပေးသည်။ ဖြောင့်မတ်ခြင်းကိုဆောက်တည်သော နည်းလမ်းလည်းဖြစ်လာသည်။ ၎င်း၏စည်းမျဉ်းများကို မိမိတို့ဥပဒေများတွင် ထည့်သွင်းသောနိုင်ငံများသည် ကြီးမားသောကောင်းချီးကိုတွေ့ကြုံခံစားကြသည်။ အခြားတစ်ဖက်တွင်မူ၊ ၎င်း၏စည်းမျဉ်းများကိုစွန့်ပယ်ခြင်းသည် မှန်မှန်ဆုတ်ယုတ်သွားစေသည်။

ဓမ္မဟောင်းကျမ်းအချိန်တွင်၊ ဘုရားသခင်သည် သူ၏ပညတ်တော်ကို အတိုင်းအတာတစ်ခုအထိ နာခံသောလူမျိုးများဖြစ်စေ၊ တစ်ဦးချင်းစီဖြစ်စေ မကြာမကြာကောင်းချီးပေးခဲ့သည်။ "ဖြောင့်မတ်ခြင်းတရားသည် ပြည်သားတို့ကိုချီးမြှောက်တတ်၏။" "ရာဇပလ္လင်သည် ဖြောင့်မတ်ခြင်းအားဖြင့်သာ တည်တတ်၏" (သုတ္တံ၊ ၁၄း၃၄။ ၁၆း၁၂)။ ဘုရားသခင်၏ပညတ်ချက်များကို နာခံရန်ငြင်းဆန်သောသူတို့သည် ဘေးဒုက္ခများကို ရင်ဆိုင်ကြရသည် (ဆာလံ၊ ၈၉း၃၁၊၃၂)။ "မတရားသောသူ၏နေရာသည် ထာဝရဘုရားကျိန်တော်မူခြင်းကိုတွေ့တတ်၏။ တရားသောသူ၏နေရာကိုကား၊ ကောင်းချီးပေးတော်မူ၏" (သုတ္တံ၊ ၃း၃၃)။ ဤအလားတူအခြေခံမူသည် ယနေ့တွင်လည်းမှန်ကန်သည်။

## ပညတ်တော်အမြဲတည်ခြင်း

ပညတ်တော်ဆယ်ပါးသည် ဘုရားသခင်၏ဂုဏ်တော်ကို ရောင်ပြန်ဟပ်သည်ဖြစ်ရာ၊ ၎င်း၏အခြေခံမူများသည် ယာယီ သို့မဟုတ် အခြေအနေပေါ်မတည်ဘဲ၊ လူသားတို့အတွက် လုံးဝမပြောင်းမလဲ၊ အစဉ်ခိုင်လုံမှုရှိသည်။ ရာစုနှစ်အဆက်ဆက်က

ခရစ်ယာန်များသည် ဘုရားသခင့်ပညတ်တော်၏တည်မြဲခြင်းကို အခိုင်အမာထောက်ခံကြပြီး၊ ၎င်း၏ဆက်လက်တရားဝင်မှုကိုလည်း စွဲစွဲမြဲမြဲခံယူခဲ့ကြသည်။

**သိနာတောင်မတိုင်မီရှိခဲ့သောပညတ်တော်။** ပညတ်တော်သည် ဘုရားသခင်က ဣသရေလတို့အား ပညတ်တော်ဆယ်ပါးကို သိနာတောင်ပေါ်တွင်မပေးမီ ကြာမြင့်စွာကရှိခဲ့သည်။ အကယ်၍မရှိခဲ့လျှင်၊ သိနာတောင်မတိုင်မီအပြစ်ရှိနိုင်မည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော်၊ "ဒုစရိုက်သည်ကား ပညတ်တော်ကိုလွန်ကျူးခြင်းဖြစ်သတည်း" (၁ယော၊ ၃း၄)။ လူစီဖါနှင့်သူ၏တမန်များ အပြစ်ပြုခဲ့ကြသည့်အရာမှာ ဖန်ဆင်းခြင်းမတိုင်မီကပင်၊ ပညတ်တော်ရှိခဲ့သည့်အထောက်အထားပင်ဖြစ်သည် (၂ပေ၊ ၂း၄)။

ဘုရားသခင်သည် အာဒံနှင့်ဧဝကို မိမိပုံသဏ္ဌာန်အတိုင်းဖန်ဆင်းချိန်က၊ သူတို့၏စိတ်နှလုံးတွင် ပညတ်တော်၏ လူ့ကျင့်ဝတ်ဆိုင်ရာအခြေခံစည်းမျဉ်းများကို ထားပေးခဲ့ပြီ၊ သူတို့အတွက် ကိုယ်တော်၏အလိုတော်လိုက်လျှောက်ခြင်းကို ပင်ကိုဗီဇဖြစ်စေခဲ့သည်။ သူတို့၏လွန်ကျူးခြင်းသည် အပြစ်ကိုလူ့မိသားစုထဲသို့စတင်ပေးခဲ့သည် (ရောမ၊ ၅း၁၂)။

နောက်ပိုင်းတွင် ဘုရားသခင်သည် အာဗြဟံအကြောင်းနှင့်ပတ်သက်၍၊ "အာဗြဟံသည် ငါ့စကားကိုနားထောင်၍၊ ငါစီရင်မှာထားသောပညတ်တရားအမျိုးမျိုးတို့ကိုစောင့်ရှောက်သတည်းဟုမိန့်တော်မူ၏" (ကမ္ဘာ၊ ၂၆း၅)။ ထို့နောက် မောရှေသည် သိနာတောင်မတိုင်မီ ဘုရားသခင်၏နည်းဥပဒေသများနှင့် ပညတ်ချက်များကိုသင်ပေးခဲ့သည် (ထွက်၊ ၁၆။ ၁၈း၁၆)။ ကမ္ဘာဦးကျမ်းကိုလေ့လာရာတွင် ပညတ်တော်ဆယ်ပါးကို သိနာတောင်မတိုင်မီ ကောင်းစွာသိနေခဲ့ကြောင်းသိရှိနိုင်သည်။ ဘုရားသခင်သည် ပညတ်တော်ဆယ်ပါးကိုမပေးမီ၊ ၎င်းတားမြစ်သောလုပ်ရပ်များသည် အမှား၊ အပြစ်အဖြစ် လူများသိရှိမှတ်ယူခဲ့ကြကြောင်းကို ကမ္ဘာဦးကျမ်းကရှင်းလင်းစွာဖော်ပြသည်။ ဤလူ့ကျင့်ဝတ်ဆိုင်ရာပညတ်တော်ကို ယေဘုယျနားလည်ခြင်းက ဘုရားသခင်သည် လူသားတို့အား ပညတ်တော်ဆယ်ပါးသိရှိခြင်းအခွင့်ကို ပေးခဲ့ပြီးဖြစ်ရမည်ဟူသော အချက်ကိုပြသသည်။

**သိနာတောင်ပေါ်တွင်ပေးသောပညတ်တော်။** ကြာမြင့်စွာသော အီဂျစ်ပြည်၏ကျွန်ဘဝအတွင်း၊ စစ်မှန်သောဘုရားကိုမသိတော့သည့်လူမျိုး (ထွက်၊ ၅း၂) ဣသရေလတို့သည် ရုပ်တုကိုးကွယ်ခြင်းနှင့်အကျင့်ပျက်ခြင်းတို့အလယ်တွင် နေထိုင်ခဲ့ကြသည်။ အကျိုးဆက်အဖြစ်သူတို့သည် ဘုရားသခင်၏သန့်ရှင်းခြင်း၊ စင်ကြယ်ခြင်းနှင့် လူ့ကျင့်ဝတ်ဆိုင်ရာအခြေခံမှုတို့ကို မသိနားမလည်တော့ချေ။ သူတို့၏ကျွန်ဖြစ်ရခြင်းသည်လည်း သူတို့၏ဝတ်ပြုကိုးကွယ်ခြင်းအတွက် အခက်အခဲဖြစ်စေခဲ့သည်။

အကူအညီအတွက် သူတို့၏အပြင်းအထန်အော်ဟစ်ခြင်းကို တုံ့ပြန်သောအားဖြင့်၊ ဘုရားသခင်သည် အာဗြဟံနှင့်ပြုသောပဋိညာဉ်ကိုသတိရ၍၊ မိမိလူတို့သည် "အထုံးအဖွဲ့တော်တို့အတိုင်းကျင့်၍၊ ပညတ်တရားတော်ကိုစောင့်ရှောက်" (ဆာလံ၊ ၁၀၅း၄၃၊၄၄) နိုင်မည့်တိုင်းပြည်ကိုခေါ်ဆောင်ခြင်းအားဖြင့်၊ "သံမီးဖို" (တရားဟော၊ ၄း၂၀) မှကယ်နုတ်ရန်စိတ်ပိုင်းဖြတ်ခဲ့သည်။

သူတို့သည် အီဂျစ်ပြည်မှလွတ်မြောက်ပြီးနောက်၊ ဘုရားသခင်သည် သူတို့ကို သိနာတောင်သို့ပို့ဆောင်ကာ၊ လူ့ကျင့်ဝတ်ဆိုင်ရာပညတ်တော်ကိုပေးခဲ့သည်။ ထိုပညတ်သည် ဘုရားသခင့်အုပ်ချုပ်မှု၏စံချိန်စံညွှန်း၊ ကယ်တင်ရှင်၏အပြစ်ဖြေရာအသေခံခြင်းအားဖြင့် သူတို့ကိုကယ်တင်ခြင်းလမ်းကြောင်းကို ပြသသောဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်ချက်များ၏စံချိန်စံညွှန်းဖြစ်သည်။ "ဒုစရိုက်များကြောင့်" (ဂလာ၊ ၃း၁၉) ဘုရားသခင်သည် ရိုးစင်းသောစကားအသုံးအနှုန်းများဖြင့် သိနာတောင်တွင် ပညတ်တော်ကိုတိုက်ရိုက်ပေးခဲ့သည်။ "ထိုသို့ဖြစ်သောကြောင့် အပြစ်တရားသည် ပညတ်တော်အားဖြင့် အလွန်အပြစ်နှင့်ပြည့်စုံခြင်းရှိသတည်း" (ရောမ၊ ၇း၁၃)။ ဘုရားသခင့်ပညတ်တော်၏ထင်ရှားပြတ်သားသောမီးမောင်းထိုးပြမှုကြောင့် ဣသရေလတို့သည် မိမိတို့၏ကျူးလွန်မှုများကိုသိမြင်လာ၍၊ သူတို့၏ခိုကိုးရာမဲ့မှုကိုတွေ့ရှိကာ၊ ကယ်တင်ခြင်းလိုအပ်မှုကိုမြင်လာခဲ့ကြသည်။

**ခရစ်တော်မကြွလာမီတိုက်ခိုက်ခြင်းခံရမည့်ပညတ်တော်။** ဘုရားသခင်၏ပညတ်တော်သည် စာတန်၏တိုက်ခိုက်မှုကိုခံရပြီး၊ ၎င်းတိုက်ပွဲသည် ခရစ်တော်မကြွလာမီအချိန်လေးတွင် အထွတ်အထိပ်သို့ရောက်လိမ့်မည်ဖြစ်ကြောင်း ကျမ်းစာကဖော်ပြသည်။ အနာဂတ္တိစကားသည် စာတန်ကလူအများတို့အား ဘုရားသခင်၏စကားကိုမနာခံရန်ဦးဆောင်လိမ့်မည် (ဗျာ၊ ၁၂း၉)။ "သားရဲ" ၏တန်ခိုးမှတစ်ဆင့်လုပ်ဆောင်လျက်၊ သူသည် လောကီသားတို့၏အာရုံကို ဘုရားသခင်ထံအစား၊ သားရဲဘက်သို့ဆွဲဆောင်ရန်ညွှန်ကြားလိမ့်မည် (ဗျာ၊ ၁၃း၃)။

**၁။ တိုက်ခိုက်ခြင်းခံရသောပညတ်တော်။** ဒံယေလအခန်းကြီး (၇) သည် ထိုတန်ခိုးကိုချိုငယ်ကဲ့သို့ဖော်ပြသည်။ ဤအခန်းကြီးသည် သားရဲလေးကောင်အကြောင်းကိုဖော်ပြပြီး၊ ၎င်းတို့သည် ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သော ဗာဗုလုန်၊ မေဒိ–ပေရသိ၊ ဂရိနှင့် ရောမစသည့်နိုင်ငံများအဖြစ် ခရစ်တော်အချိန်မှစ၍ ကျမ်းအနက်ဖွင့်ဆိုသူများကဖော်ထုတ်ခဲ့ကြသည်။ စတုတ္ထသားရဲ၏ချိုဆယ်ချောင်းသည် ရောမအင်ပါယာကျဆုံးချိန် (အေဒီ ၄၇၆) တွင် ကွဲသွားသောနိုင်ငံများကိုကိုယ်စားပြုသည်။

ဒံယေလ၏ရူပါရုံသည် ချိုဆယ်ချောင်းအထဲကထွက်လာသည့် ကြောက်မက်ဖွယ်ဘုရားရှင်ကိုစော်ကားသောချိုငယ်လေးကိုဗဟိုပြု၍၊ ၎င်းကို ရောမအင်ပါယာကျဆုံးပြီးနောက်ထွက်လာသော ထိတ်လန့်ဖွယ်တန်ခိုးအဖြစ်ဖော်ပြသည်။ ဤတန်ခိုးသည် ဘုရားသခင်၏

ပညတ်တော်ကိုပြောင်းလဲရန်ကြိုးစား၍ (ဒံ၊ ၇း၂၅)၊ ခရစ်တော်မကြွလာမီတိုင်အောင် ဆက်လက်လုပ်ဆောင်သွားလိမ့်မည်။ ဤတိုက်ခိုက်မှုကိုယ်၌က ကယ်တင်ခြင်းစီမံကိန်းတွင် ပညတ်တော်၏ ဆက်လက်အရေးပါမှု၏အထောက်အထားဖြစ်သည်။ တရားစီရင်ခြင်းသည် ဤချိုင်ယ်လေးကိုဖျက်ဆီးပစ်မည်ဖြစ်သောကြောင့် (ဒံ၊ ၇း၁၁၊၂၆–၂၈) ဤတန်ခိုးသည် ပညတ်တော်ကိုရှင်းပစ်ခြင်းသည် အောင်မြင်လိမ့်မည်မဟုတ်ကြောင်းကို ဘုရားသခင်သည် မိမိလူတို့အားအခိုင်အမာမိန့်ဆိုမှုဖြင့် ဤရူပါရုံသည်ပြီးဆုံးသွားသည်။

**၂။ သန့်ရှင်းသူတို့သည် ပညတ်တော်ကိုကာကွယ်ကြသည်။** နာခံမှုသည် ဒုတိယအကြိမ်ကြွလာခြင်းကို မျှော်လင့်သောသူတို့၏လက္ခဏာဖြစ်သည်။ နောက်ဆုံးသောပဋိပက္ခတွင် သူတို့သည် ဘုရားသခင်၏ပညတ်တော်ကိုထိန်းသိမ်းရန်လှုံ့ဆော်စည်းရုံးကြသည်။ သမ္မာကျမ်းစာကသူတို့သည် "ဘုရားသခင်၏ပညတ်တော်တို့ကိုကျင့်၍၊ ယေရှု၏သက်သေခံတော်မူချက်ကိုစွဲလမ်းသောသူ" (ဗျာ၊ ၁၂း၁၇။ ၁၄း၁၂) များ၊ ခရစ်တော်ကြွလာခြင်းကို စိတ်ရှည်သည်းခံလျက် စောင့်မျှော်သူများအဖြစ်ဖော်ပြသည်။

ဒုတိယအကြိမ်ကြွလာခြင်းအတွက်ပြင်ဆင်ရာတွင်၊ ဤသူတို့သည် ဧဝံဂေလိတရားကိုဟောပြောပြီး၊ ဖန်ဆင်းရှင်အဖြစ် ထာဝရဘုရားကိုကိုးကွယ်ရန် အခြားသူတို့ကိုဖိတ်ခေါ်သည် (ဗျာ၊ ၁၄း၆၊၇)။ ဘုရားသခင်ကိုမေတ္တာထား၍ ကိုးကွယ်သောသူတို့သည် နာခံမှုရှိကြသည်။ ယောဟန်က၊ "ပညတ်တော်တို့ကိုစောင့်ခြင်းအရာသည် ဘုရားသခင်ကိုချစ်ရာရောက်၏။ ပညတ်တော်တို့ကိုစောင့်ခဲသည်မဟုတ်" (၁ယော၊ ၅း၃) ဟုဆိုသည်။

**၃။ ဘုရားသခင်၏တရားစီရင်ခြင်းနှင့်ပညတ်တော်။** နာခံမှုမရှိသောသူတို့အပေါ် ဘုရားသခင်၏နောက်ဆုံးဘေးဒဏ်ခုနစ်ပါးဖြင့် တရားစီရင်ခြင်းသည် "ကောင်းကင်ဘုံ၌ သက်သေခံတော်မူချက်ဌာပနာရာတဲတော် (ဗျာ၊ ၁၅း၅) အထဲကထွက်လာသည်။ ဣသရေလတို့သည် "သက်သေခံတော်မူချက်ဌာပနာရာတဲတော်" အကြောင်းကို ကောင်းစွာသိကြသည်။ ၎င်းသည် မောရှေတည်ဆောက်ခဲ့သောတဲတော်ဖြစ်သည် (တော၊ ၁း၅၀၊၅၃။ ၁၇း၈။ ၁၈း၂)။ တဲတော်အထဲတွင် "သက်သေခံကျောက်ပြားနှစ်ပြား" (ထွက်၊ ၃၁း၁၈) ကိုထည့်ထားသော "သက်သေခံချက်သေတ္တာ" (ထွက်၊ ၂၆း၃၄) ရှိသည်။ ထို့ကြောင့် ပညတ်တော်ဆယ်ပါးသည် ဘုရားသခင်၏အလိုတော်ကိုလူတို့ထံ "သက်သေခံချက်" ဖြစ်သည် (ထွက်၊ ၃၄း၂၈၊၂၉)။

သို့သော်၊ ဗျာဒိတ်ကျမ်း ၁၅း၅ သည် "ကောင်းကင်ဘုံ၌သက်သေခံတော်မူချက်ဌာပနာရာတဲတော်" ကိုရည်ညွှန်းသည်။ မောရှေ၏တဲတော်သည် ကောင်းကင်ဘုံကဗိမာန်တော်၏ပုံစံကိုကူးယူခြင်းမျှသာဖြစ်သည် (ထွက်၊ ၂၅း၈၊၄၀။ ဟေဗြ၊ ၈း၁–၅)။ ပညတ်တော်ဆယ်ပါးမူရင်းကို ထိုနေရာတွင်သိမ်းဆည်းထားသည်။ နောက်ဆုံးသော

တရားစီရင်ခြင်းသည် ဘုရားသခင်၏ပညတ်တော်လွန်ကျူးခြင်းနှင့် အတွင်းကျကျ ဆက်စပ်နေမှုသည်လည်း၊ ပညတ်တော်ဆယ်ပါးတည်မြဲခြင်း၏ သက်သေအထောက်အထားကို ထပ်ပေါင်းပေးသည်။

"တစ်ဖန်ကောင်းကင်ဘုံ၌ ဗိမာန်တော်ကိုဖွင့်ထား၍၊ ဗိမာန်တော်ထဲမှာ ပဋိညာဉ်သေတ္တာထင်ရှားလေ၏" (ဗျာ၊ ၁၁း၁၉)။ "ပဋိညာဉ်သေတ္တာ" ဟူသောစကားစုသည် မြေကြီးပေါ်က တဲတော်မှသေတ္တာတော်ကိုဆိုလိုပြီး၊ ထိုအထဲတွင် "ပဋိညာဉ်စကား၊ ပညတ်တော်ဆယ်ပါးကိုရေးထား" (ထွက်၊ ၃၄း၂၈) သောကျောက်ပြားနှစ်ပြားထည့်ထားသည်။ ကောင်းကင်ဗိမာန်တော်ထဲက "ပဋိညာဉ်သေတ္တာသည် ထာဝရတည်သော ပဋိညာဉ်စကားပါသည့် မူလပညတ်တော်ဆယ်ပါးထည့်ထားသည့် သေတ္တာတော်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏မြေကြီးပေါ်နောက်ဆုံးတရားစီရင်သည့်အချိန်သည် (ဗျာ၊ ၁၁း၁၈) ကောင်းကင်ဗိမာန်ကိုဖွင့်၍ ပညတ်တော်ဆယ်ပါးပါရှိသော ပဋိညာဉ်သေတ္တာကို ပြသခြင်းနှင့် ဆက်စပ်နေခြင်းမှာ တရားစီရင်ခြင်း၏စံချိန်စံညွှန်းအဖြစ် ဘုရားသခင့်ပညတ်တော်၏အရေးကြီးမှုကို ရှင်းလင်းစွာပြသည်။

## ပညတ်တော်နှင့်ဧဝံဂေလိတရား

ကယ်တင်ခြင်းသည် ပညတ်တော်၏အကျင့်အားဖြင့်မဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့်ရသောဆုလာဘ်ဖြစ်သည်။ "ပညတ်တော်၏အကျင့်၊ မည်မျှပင်ကြိုးစား၍လုပ်ဆောင်သောကောင်းမှုသည် များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ၊ အနစ်နာခံမှုဖြစ်စေ၊ မည်သည့်နည်းအားဖြင့်မျှအပြစ်သားကို ဖြောင့်မတ်ရာသို့မရောက်စေနိုင်ချေ (တိတု၊ ၃း၅။ ရောမ၊ ၃း၂၀)။"

သမ္မာကျမ်းစာတစ်အုပ်လုံးတွင် ပညတ်တော်နှင့်ဧဝံဂေလိတရားတို့အကြားတွင် လုံးလုံးသဟဇာတဖြစ်ပြီး၊ တစ်ခုနှင့်တစ်ခုအတည်ပြုပေးကြသည်။

**သိနာတောင်မတိုင်မီကပညတ်တော်နှင့် ဧဝံဂေလိတရားဆက်စပ်မှု။** အာဒံနှင့်ဧဝတို့သည် အပြစ်ပြုသောအခါ၊ အပြစ်ရှိခြင်း၊ ကြောက်ရွံ့ခြင်းနှင့် လိုအပ်မှုရှိခြင်းတို့သည် မည်သည့်အရာဖြစ်သည်ကိုသိလာခဲ့ကြသည် (ကမ္ဘာ၊ ၃း၁၀)။ ဘုရားသခင်သည် သူတို့၏လိုအပ်ချက်ကို သူတို့အားအပြစ်တင်သောပညတ်တော်ကို ဖယ်ရှားခြင်းအားဖြင့် မဟုတ်ဘဲ၊ ထို့အစား သူနှင့်မိသဟာယဖွဲ့၍ သူ့စကားကိုနာခံခြင်းသို့ သူတို့ကိုခေါ်ဆောင်မည့်ဧဝံဂေလိတရားကိုပေးခဲ့သည်။

ဤဧဝံဂေလိတရားသည် တစ်နေ့သောအခါကြွလာ၍ မကောင်းမှုကိုအောင်နိုင်မည့်မိန်းမ၏အမျိုးအနွယ်တည်းဟူသော ကယ်တင်ရှင်အားဖြင့် ရွေးနုတ်ခြင်းကတိပါရှိသည် (ကမ္ဘာ၊ ၃း၁၅)။ ဘုရားသခင်ပြသခဲ့သောယဇ်ပူဇော်ခြင်းစနစ်သည် အပြစ်

ဖြေခြင်းဆိုင်ရာ အရေးကြီးသောသမ္မာတရားကို သူတို့အားသင်ပေးခဲ့သည်။ အပြစ်ဖြေလွှတ်ခြင်းကို ကယ်တင်ရှင်၏အသွေး၊ သေခြင်းအားဖြင့်သာ ရရှိနိုင်ကြောင်းကို သင်ပေးခဲ့သည်။ သူတို့ကိုယ်စား ကယ်တင်ရှင်၏အပြစ်ဖြေရာအသေခံခြင်းကို ပုံဆောင်သည့် တိရစ္ဆာန်ယဇ်ပူဇော်ခြင်းကို ယုံကြည်ခြင်းအားဖြင့် သူတို့သည် အပြစ်ခွင့်လွှတ်ခြင်းကိုရရှိခဲ့ကြသည်။ သူတို့သည် ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းခံခဲ့ရကြသည်။

ဤဧဝံဂေလိတရားသည် လူသားတို့အားပေးသော ဘုရားသခင့်ထာဝရပဋိညာဉ်ကျေးဇူးတော်၏ဗဟိုချက်မဖြစ်သည် (ကမ္ဘာ၊ ၁၂း၁–၃။ ၁၅း၄၊၅။ ၁၇း၁–၉)။ ၎င်းသည် ဘုရားသခင်၏ပညတ်တော်နားထောင်ခြင်းနှင့် နီးကပ်စွာဆက်စပ်သည် (ကမ္ဘာ၊ ၁၈း၁၈၊ ၁၉။ ၂၆း၄၊၅)။ ဘုရားသခင့်ပဋိညာဉ်၏အာမခံသူမှာ၊ "ကမ္ဘာဦးကပင်ကွပ်မျက်သောသိုးသငယ်" (ဗျာ၊ ၁၃း၈) တည်းဟူသော ဧဝံဂေလိတရား၏အခရာဖြစ်သည့် ဘုရားသခင်၏သားတော်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ကျေးဇူးတော်သည် အာဒံနှင့်ဧဝတို့အပြစ်ပြုပြီးသည်နှင့် ချက်ချင်းစတင်အကျိုးသက်ရောက်ခဲ့သည်။ ဒါဝိဒ်က "ထာဝရဘုရား၏ကရုဏာတော်မူကား၊ ကြောက်ရွံ့သောသူတို့အပေါ်သို့ ကာလအစဉ်အဆက်သက်ရောက်တတ်၏။ သစ္စာတော်ကိုစောင့်၍ ပညတ်တော်တို့ကိုကျင့်ခြင်းငှာ၊ သတိပြုသောသူတို့၏သားစဉ်မြေးဆက်တို့သည် ကုသလတရားတော်နှင့်ဆိုင်ရကြ၏" (ဆာလံ၊ ၁၀၃း၁၇၊၁၈) ဟုဆိုသည်။

**သိနာတောင်တွင် ပညတ်တော်နှင့်ဧဝံဂေလိတရားဆက်စပ်မှု။** ပညတ်တော်ဆယ်ပါးနှင့်ဧဝံဂေလိတရားသည် နီးကပ်သောဆက်ဆံမှုရှိသည်။ ဥပမာ၊ ပညတ်တော်၏နိဒါန်းသည် ဘုရားသခင်ကိုရွေးနုတ်သောအရှင်အဖြစ် ရည်ညွှန်းသည် (ထွက်၊ ၂၀း၁)။ ပညတ်တော်ဆယ်ပါးကိုကြေညာပြီးနောက်တစ်ဆက်တည်း၊ ဘုရားသခင်သည် ဣသရေလတို့အား ယဇ်ပလ္လင်ကိုတည်၍၊ သူ၏ကယ်တင်သောကျေးဇူးတော်ကိုဖော်ပြသည့်ယဇ်ပူဇော်ခြင်းများကို စတင်ရန်ညွှန်ကြားခဲ့သည်။

သိနာတောင်ပေါ်တွင် ဘုရားသခင်သည် တဲတော်တည်ဆောက်ခြင်းနှင့်ဆိုင်သောပညတ်ချက်အများစုကို မောရှေအားပေးခဲ့သည်။ ထိုတဲတော်တွင် ဘုရားသခင်သည် သူ၏လူတို့နှင့်ကိန်းဝပ်၍၊ သူ၏ကောင်းချီးများကိုဝေငှရန်နှင့် သူတို့၏အပြစ်များကိုလွှတ်ရန် သူတို့နှင့်တွေ့ဆုံသည် (ထွက်၊ ၂၄း၉–၃၁း၁၈)။ သိနာတောင်မတိုင်မီကရှိခဲ့သည့်ရိုးစင်းသောယဇ်ပူဇော်ခြင်းကို ဤသို့ချဲ့ကားလိုက်ခြင်းသည် အပြစ်သားများ၏ကယ်တင်ခြင်းအတွက် ခရစ်တော်၏ကြားဖျန်ဖြေခြင်းလုပ်ငန်းနှင့် ဘုရားသခင့်ပညတ်တော်၏အခွင့်အာဏာနှင့် သန့်ရှင်းခြင်းကို သက်သေထူခြင်းတို့ကိုနိမိတ်ပြခဲ့သည်။

ဘုရားသခင်ကိန်းဝပ်သောနေရာမှာ လောကတဲတော်၏အသန့်ရှင်းဆုံးအခန်းရှိ၊ ပညတ်တော်ဆယ်ပါးကိုထည့်ထားသော ပဋိညာဉ်သေတ္တာ၏အပေါ်က ကရုဏာပလ္လင်ဖြစ်သည်။ တဲတော်၏လုပ်ငန်းအားလုံးသည် ကယ်တင်ရှင်ကိုပုံဆောင်သည်။ သွေးသွန်းသော ယဇ်ပူဇော်ခြင်းသည် ပညတ်တော်၏အပြစ်စီရင်ခြင်းမှ လူသားမျိုးနွယ်ကိုလွတ်မြောက်စေမည့် ခရစ်တော်၏အပြစ်ဖြေသောသေခြင်းကိုညွှန်ပြသည်။

ပညတ်တော်ဆယ်ပါးကို ရေးသောကျောက်ပြားတို့ကို သေတ္တာတော်ထဲတွင် ထားရှိသော်လည်း၊ ဘုရားသခင်ပေးခဲ့သည့်ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်များနှင့် အရပ်ဘက်ဆိုင်ရာဥပဒေများကို ရေးထားသော "ပညတ္တိကျမ်းစာ" ကို လူတို့၏တစ်ဖက်၌သက်သေဖြစ်မည်အကြောင်း ပဋိညာဉ်သေတ္တာနံဘေးတွင်ထားရှိခဲ့သည် (တရားဟော၊ ၃၁း၂၆)။ သူတို့သည် အပြစ်ပြုသည့်အခါတိုင်း၊ ဤ "သက်သေ" သည် သူတို့၏လုပ်ဆောင်မှုများကိုအပြစ်တင်၍၊ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းအတွက် လိုအပ်ချက်များကို အသေးစိတ်စီစဉ်ပြင်ဆင်ထားသည်။ သိနာတောင်မှစ၍၊ ခရစ်တော်သေသည်တိုင်အောင် ပညတ်တော်ဆယ်ပါးကိုကျူးလွန်သူတို့သည် ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်ချက်မှတဲတော်လုပ်ငန်းအားဖြင့် ပုံဖော်ထားသောဧဝံဂေလိတရားကို ယုံကြည်ခြင်းအားဖြင့်မျှော်လင့်ချက်၊ အပြစ်လွတ်ခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်းတို့ကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

**လက်ဝါးကပ်တိုင်နောက်ပိုင်း ပညတ်တော်နှင့်ဧဝံဂေလိတရားဆက်စပ်မှု။** များစွာသောခရစ်ယာန်များသုံးသပ်သကဲ့သို့၊ ခရစ်တော်၏သေခြင်းသည် ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်တရားကိုပယ်ဖျက်၍၊ ပညတ်တော်ဆယ်ပါးကိုတည်စေကြောင်း သမ္မာကျမ်းစာကညွှန်ပြသည်။ အောက်ပါအထောက်အထားများကိုမှတ်သားပါ။

**၁။ ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်။** ခရစ်တော်အသေခံသောအချိန်တွင်၊ အနာဂတ္တိပုံဆောင်မှုဖြစ်သော ယဇ်ပူဇော်ခြင်းစနစ်ကို သူသည် ပြည့်စုံစေခဲ့သည်။ ပုံဆောင်မှုကို အစစ်အမှန်ကပြီးစီးစေခဲ့ပြီး၊ ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်သည် ဆုံးခန်းတိုင်ခဲ့သည်။ အစောပိုင်းရာစုနှစ်များစွာက၊ မေရှိယ၏အသေခံခြင်းသည် "ယဇ်ပူဇော်ခြင်းနှင့်ဆက်ကပ်ခြင်းကိုပပျောက်စေလိမ့်မည်" (ဒံ၊ ၉း၂၇) ဟု ဒံယေလကကြိုတင်ဟောခဲ့သည်။ ယေရှုအသက်စွန့်ချိန်တွင် ဗိမာန်တော်၏ကန့်လန့်ကာသည် ထူးဆန်းစွာအထက်မှအောက်သို့ စုတ်ပြဲသွားခဲ့သည် (မဿဲ၊ ၂၇း၅၁)။ ၎င်းသည် ဗိမာန်တော်လုပ်ငန်း၏ ဝိညာဉ်ရေးဆိုင်ရာအရေးပါမှုသည် အဆုံးသတ်သွားပြီဖြစ်ကြောင်းညွှန်ပြသည်။

ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်သည် ခရစ်တော်မသေမီကမရှိမဖြစ်အရေးကြီးသော ကဏ္ဍကိုဖြည့်ဆည်းပေးခဲ့သော်လည်း၊ ၎င်းသည် နည်းလမ်းများစွာတွင်မပြည့်စုံခဲ့ချေ။ ၎င်းသည် "နောက်ဖြစ်လတ္တံ့သောမင်္ဂလာအကျိုးတို့၏… အရိပ်ကိုသာပြသည်" (ဟေဗြဲ၊ ၁၀း၁)။

၎င်းသည် ယာယီရည်ရွယ်ချက်အတွက်ဖြစ်၍၊ အသစ်ပြုပြင်ခြင်းကာလတိုင်ရုံမျှသာ" (ဟေဗြဲ၊ ၉း၁၀) ဖြစ်သော ဘုရားသခင်၏စစ်မှန်သည့် သိုးသငယ်အဖြစ် ခရစ်တော် အသေခံသည်အထိ ဘုရားသခင်၏လူတို့အပေါ် ပြဋ္ဌာန်းထားခဲ့သည်။

ခရစ်တော်သေသည့်အချိန်တွင် ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်၏စီရင်ပိုင်ခွင့်နှင့် လုပ်ငန်းသည် ပြီးဆုံးသွားခဲ့သည်။ ကိုယ်တော်၏အပြစ်ဖြေရာအသေခံခြင်းသည် အပြစ်အားလုံးအတွက် ခွင့်လွှတ်ခြင်းကိုစီမံပေးသည်။ ဤလုပ်ဆောင်မှုသည် "ဝိနည်းအထုံးအဖွဲ့နှင့်စပ်ဆိုင်သောလက်မှတ်ကိုချေ၍၊ လက်ဝါးကပ်တိုင်မှာရိုက်ထားလျက်၊ ငါတို့စပ်ကြားထဲကပယ်ရှင်းတော်မူပြီ" (ကောလော၊ ၂း၁၄)။ ထို့ကြောင့် မည်သည့်နည်းနှင့်မျှအပြစ်ကိုမပယ်နိုင် သို့မဟုတ် သြတ္တပ္ပစိတ်ကိုမစင်ကြယ်စေနိုင်သော ဤအထုံးအဖွဲ့များကို ဆက်လက်လုပ်ဆောင်ရန်မလိုအပ်တော့ချေ (ဟေဗြဲ၊ ၁၀း၄။ ၉း၉၊၁၄)။ ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်ချက်များ၏ တောင်းဆိုချက်များဖြစ်သော စားသောက်ခြင်းအမှု၊ ပွဲနေ့များ၊ ပသခါပွဲ၊ ပင်တေကုတ္တေပွဲစသည်ဖြင့်)၊ လဆန်းနေ့ သို့မဟုတ် ဝိနည်းထုံးဖွဲ့ဆိုင်ရာဥပုသ်များအတွက် ပူပန်စရာမလိုတော့ချေ (ကောလော၊ ၂း၁၆)။ "ထိုအရာတို့သည် နောက်ဖြစ်လတ္တံ့သောအရာတို့၏အရိပ်ဖြစ်ကြ၏" (ကောလော၊ ၂း၁၇)။

ယေရှု၏သေခြင်းနှင့်အတူ၊ ယုံကြည်သူတို့သည် ခရစ်တော်၌အစစ်ဖြစ်သောအရာကို ရောင်ပြန်ဟပ်သည့်အရိပ်များနှင့် မည်သို့မျှစပ်ဆိုင်မှုမရှိတော့ချေ။ ယခုတွင် သူတို့သည် ကယ်တင်ရှင်ကိုယ်တိုင်ထံသို့ တိုက်ရိုက်ချဉ်းကပ်နိုင်သည်။ အကြောင်းမူကား၊ အစားထိုးသောအရာသည် ခရစ်တော်ဖြစ်သောကြောင့်တည်း (ကောလော၊ ၂း၁၇)။

ဂျူးလူမျိုးတို့၏သာသနာပြန်အဓိပ္ပါယ်ဖွင့်ဆိုခဲ့ရာ၌၊ ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်သည်၊ သူတို့နှင့်အခြားလူမျိုးများတို့အကြား၊ နံရံတံတိုင်းသဖွယ်အတားအဆီးဖြစ်ခဲ့ပါသည်။ ကမ္ဘာကြီးကို ဘုရားသခင်၏ဘုန်းတော်ဖြင့် အလင်းထွန်းလင်းနိုင်ဖို့ရန်၊ ၎င်းကသာသနာလုပ်ငန်းကို ကြီးမားစွာအတားအဆီး၊ အနှောင့်အယှက်ဖြစ်စေခဲ့ပါသည်။ ခရစ်တော်၏အသေခံသွားခြင်းသည်၊ အမိန့်ပြန်တမ်းများ၌ပါဝင်သောပညတ်ဥပဒေတို့ကို ဖျက်သိမ်းသွားစေပြီး၊ ဂျူးလူမျိုးများနှင့်တစ်ပါးအမျိုးသားတို့အကြား စည်းခြားထားသောနံရံ (အတားအဆီး) များကို ကျိုးပဲ့သွားစေပြီး၊ "ကပ်တိုင်အားဖြင့် ခန္ဓာကိုယ်တစ်ခုတည်း" အဖြစ်ယုံကြည်သူများကို မိသားစုဝင်တစ်ခုတည်းဖြစ်သွားရန် ပြန်လည်သင့်မြတ်စေခဲ့ပါသည် (ဧဖက်၊ ၂း၁၄–၁၆)။

**၂။ ပညတ်တော်ဆယ်ပါးနှင့်လက်ဝါးကပ်တိုင်။** ခရစ်တော်၏သေခြင်းသည် ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်၏အခွင့်အာဏာကို အဆုံးသတ်လိုက်ချိန်တွင်၊ ၎င်းသည် ပညတ်ဆယ်ပါးကိုတည်စေခဲ့သည်။ ခရစ်တော်သည် ပညတ်၏ကျိန်ခြင်းကို

ဖယ်ရှားသောကြောင့် ယုံကြည်သူများကို ၎င်း၏အပြစ်စီရင်ခြင်းမှလွတ်မြောက်စေသည်။ သို့သော်လည်း၊ ထိုသို့ပြုခြင်းအားဖြင့် ပညတ်တော်ကိုပယ်ဖျက်၍၊ ၎င်း၏စည်းမျဉ်းများကိုကျူးလွန်နိုင်ရန် လွတ်လပ်မှုကိုပေးသည်ဟုမဆိုလိုပါ။ ပညတ်တော်၏အမြဲတည်ခြင်းနှင့်ဆိုင်သော ကျမ်းချက်၏သက်သေခံချက်များသည် ထိုသို့သောအမြင်ကိုငြင်းဆိုသည်။

"ခရစ်တော်ကြွလာခြင်းသည် ကျွန်ုပ်တို့ကိုပညတ်တော်၏ အခွင့်အာဏာမှလွတ်မြောက်စေသည်ဟု ကျွန်ုပ်တို့မတွေးရပါ။ အဘယ်ကြောင့်ဆိုသော်၊ ၎င်းသည်ဖြူစင်သန့်ရှင်းသောအသက်တာ၏ အမြဲတမ်းစည်းကမ်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏တရားမျှတခြင်း မပြောင်းလဲနိုင်သကဲ့သို့အမြဲတည်နေရမည်။"

ပေါလုသည် နားထောင်ခြင်းနှင့်ကယ်တင်သောကျေးဇူးတော်ဆိုင်ရာ ဧဝံဂေလိတရားတို့အကြားဆက်စပ်မှုကိုဖော်ပြသည်။ သူသည် ယုံကြည်သူတို့ကို သန့်ရှင်းသောအသက်တာဖြင့်နေထိုင်ရန်ခေါ်ဖိတ်ပြီး၊ သူတို့အား၊ "သုစရိုက်လက်နက်ဖြစ်စေ၍၊ ဘုရားသခင်အားဆက်ကြလော့။ သင်တို့သည် ပညတ်တရားလက်၌မရှိ၊ ကျေးဇူးတရားလက်၌ရှိသောကြောင့် အပြစ်တရားသည် သင်တို့ကိုမအုပ်စိုးရ" (ရောမ၊ ၆း၁၃၊၁၄) ဟုစိန်ခေါ်ခဲ့သည်။ ထို့ကြောင့် ခရစ်ယာန်များသည် ကယ်တင်ခြင်းကိုရရှိရန် ပညတ်တော်ကိုမစောင့်ကြချေ။ ထိုသို့ပြုသောသူတို့သည် အပြစ်၏သာ၍နက်ရှိုင်းသောကျွန်ဘဝကိုသာရှာတွေ့စေလိမ့်မည်။ "လူတစ်ဦးသည် ပညတ်တော်အောက်၌ရှိနေသရွေ့၊ သူသည် အပြစ်၏စိုးမိုးမှုအောက်၌လည်းရှိနေသည်။ အကြောင်းမှာ၊ ပညတ်တော်သည် ထိုသူကို အပြစ်၏စီရင်ခြင်း သို့မဟုတ် တန်ခိုးမှမကယ်တင်နိုင်ချေ။ သို့သော်၊ ကျေးဇူးတော်အောက်၌ ရှိသောသူတို့သည် အပြစ်စီရင်ခြင်းမှလွတ်မြောက်ခြင်းကို ရရှိသည်သာမက (ရောမ၊ ၈း၁)၊ အပြစ်အောင်နိုင်သောတန်ခိုးကိုရရှိကြသည် (ရောမ၊ ၆း၁၄)။ ထို့ကြောင့် အပြစ်သည် သူတို့အပေါ်လွှမ်းမိုးခြင်းရှိတော့မည်မဟုတ်ချေ။"

ပေါလုကထပ်၍၊ "ယုံကြည်သောသူအပေါင်းတို့သည် ဖြောင့်မတ်ရာသို့ရောက်မည်အကြောင်း၊ ပညတ်တရားသည် ခရစ်တော်အားဖြင့်စုံလင်ခြင်းရှိ၏" (ရောမ၊ ၁၀း၄) ဟုဆိုသည်။ ထို့ကြောင့်၊ ခရစ်တော်သည် ပညတ်တရားကိုစုံလင်စေခြင်းသည် ဖြောင့်မတ်ခြင်းကိုရရှိသောနည်းလမ်းအဖြစ်၊ ခရစ်တော်ကိုယုံကြည်သူတိုင်းသည် သဘောပေါက်ကြသည်။ ကျွန်ုပ်တို့ကိုယ်၌က အပြစ်သားများဖြစ်ကြသည်။ သို့သော် ယေရှုခရစ်တော်၌ ကျွန်ုပ်တို့သည် သူပေးသောဖြောင့်မတ်ခြင်းအားဖြင့် ဖြောင့်မတ်သူများဖြစ်ကြသည်။

သို့သော်လည်း၊ ကျေးဇူးတရားအောက်၌ရှိနေခြင်းသည် ယုံကြည်သူတို့အား "အပြစ်တရားကိုကျင့်၍နေရမည်" အခွင့်မဟုတ်ချေ (ရောမ၊ ၆း၁)။ အမှန်မှာ ကျေးဇူးတော်သည် နာခံနိုင်သည့်တန်ခိုး၊ အပြစ်ကိုအောင်နိုင်သောတန်ခိုးကိုပေးသည်။ "ယေရှုခရစ်၌

တည်၍ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏" (ရောမ၊ ၈း၁)။

ခရစ်တော်၏သေခြင်းသည် ပညတ်တော်ကိုပိုမိုထင်ရှားစေ၍၊ လူတိုင်းအပေါ် ၎င်း၏အခွင့်အာဏာကိုတည်စေသည်။ အကယ်၍ ပညတ်တော်ဆယ်ပါးသည်ပြောင်းလဲ၍ရနိုင်ခဲ့သော်၊ သူသည် အသေခံစရာလိုအပ်မည်မဟုတ်ချေ။ သို့သော်၊ ဤပညတ်တော်သည် အကြွင်းမဲ့ပြောင်းလဲ၍မရနိုင်သောကြောင့်၊ ၎င်းချမှတ်သောပြစ်ဒဏ်ကို သေခြင်းဖြင့်ပေးဆပ်ရန်လိုအပ်သည်။ ဤတောင်းဆိုမှုကို ခရစ်တော်သည် လက်ဝါးကပ်တိုင်တွင် အသေခံခြင်းအားဖြင့် အပြည့်အဝပေးဆပ်ခဲ့ပြီးဖြစ်ရာ၊ သူ၏ကြီးမားသောပေးဆပ်မှုကို လက်ခံသောသူအားလုံးအတွက် ထာဝရအသက်ကိုရရှိစေနိုင်သည်။

## ပညတ်တော်ကိုနာခံခြင်း

လူတို့သည် ကယ်တင်ခြင်းကို မိမိတို့၏ကောင်းသောအကျင့်အားဖြင့်မရရှိနိုင်ပါ။ နာခံမှုသည် ခရစ်တော်၌ကယ်တင်ခြင်း၏အသီးဖြစ်သည်။ အထူးသဖြင့်လက်ဝါးကပ်တိုင်တွင် ပြသခဲ့သောသူ၏အံ့ဖွယ်ကျေးဇူးတော်အားဖြင့်၊ ဘုရားသခင်သည် မိမိလူတို့၏အပြစ်၏ပြစ်ဒဏ်နှင့် ကျိန်ခြင်းမှလွတ်မြောက်စေခဲ့ပြီဖြစ်သည်။ သူတို့သည် အပြစ်သားများဖြစ်ကြသော်လည်း၊ ခရစ်တော်သည် သူတို့အား ထာဝရအသက်ဆုကျေးဇူးကို စီမံပေးနိုင်ရန် မိမိအသက်ကိုပေးခဲ့သည်။ ဘုရားသခင်၏ကြွယ်ဝသောမေတ္တာသည် နောင်တရသောအပြစ်သား၏စိတ်ကိုနိုးဆော်၍၊ အလျှံပယ်ပေးထားသောကျေးဇူးတော်တန်ခိုးအားဖြင့် ချစ်သောနာခံမှုဖြင့် ပြန်လည်တုံ့ပြန်သည်။ ခရစ်တော်သည် ပညတ်တော်ကို တန်ဖိုးထားကြောင်း နားလည်သောသူနှင့် နာခံမှု၏ကောင်းချီးကိုနားလည်သောသူသည် ခရစ်တော်နှင့်တူသောအသက်တာဖြင့်နေထိုင်ရန် အလွန်တက်ကြွလိမ့်မည်။

**ခရစ်တော်နှင့်ပညတ်တော်။** ခရစ်တော်သည် ပညတ်တော်ကိုအမြင့်ဆုံးနေရာ၌အလေးထားသည်။ "ငါဖြစ်သည်" ဟုအမည်ရှိသောသူကိုယ်တိုင်သည် သိနာတောင်ပေါ်တွင် ခမည်းတော်၏လူ့ကျင့်ဝတ်ဆိုင်ရာပညတ်တော်ကိုကြေညာခဲ့သည်။ (ယောဟန်၊ ၈း၅၈။ ထွက်၊ ၃း၁၄)။ ဤမြေကြီးပေါ် သူ၏လုပ်ငန်းတစ်စိတ်တစ်ပိုင်းသည် "တရားတော်ကိုချီးမြှောက်၍ ဂုဏ်အသရေနှင့်ပြည့်စုံစေ" (ဟေရှာ၊ ၄၂း၂၁) ရန်ဖြစ်သည်။ ဓမ္မသစ်ကျမ်းသည် ခရစ်တော်နှင့်သက်ဆိုင်၍ ဆာလံကျမ်းမှကိုးကားသောကျမ်းပိုဒ်သည် ပညတ်တော်အပေါ် သူ၏စိတ်ထားကိုရှင်းလင်းစွာဖော်ပြသည်။ "အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်၏အလိုကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားတော်သည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏" (ဆာလံ၊ ၄၀း၈)။

ကိုယ်တော်၏ဧဝံဂေလိတရားသည် ပညတ်တော်ဆယ်ပါး၏တရားဝင်ခိုင်လုံမှုကို ခိုင်မြဲစွာအတည်ပြုသောယုံကြည်ခြင်းကိုဖြစ်စေသည်။ ပေါလုက "ယုံကြည်ခြင်းအားဖြင့် ငါတို့သည်ပညတ်တရားကိုပယ်ကြသလော။ အလျှင်းမပယ်၊ သာ၍တည်စေကြ၏" (ရောမ၊ ၃း၃၁) ဟုဆိုသည်။

ထို့ကြောင့် ခရစ်တော်သည် လူသားတို့ကိုရွေးနုတ်ရန်သာမက၊ ဘုရားသခင့်ပညတ်တော်၏အခွင့်အာဏာနှင့် သန့်ရှင်းခြင်းကိုသက်သေထူရန်ကြွလာခဲ့သည်။ ထိုသို့ဖြင့် ၎င်း၏ခမ်းနားမှုနှင့် ဘုန်းကျက်သရေကိုလူတို့ရှေ့တွင်တင်ပြပြီး၊ ၎င်းနှင့်မည်သို့ဆက်စပ်ရမည်အကြောင်းကို သူတို့ရှေ့တွင်ပုံနမူနာပေးခဲ့သည်။ သူ၏နောက်လိုက်များအနေဖြင့် ခရစ်ယာန်တို့သည် မိမိတို့အသက်တာတွင် ဘုရားသခင်၏ပညတ်တော်ကိုထင်ရှားစေရန် ခေါ်ခြင်းကိုခံရကြသည်။ သူကိုယ်တိုင်သည် ချစ်ခင်နားထောင်မှုရှိသောအသက်တာဖြင့် နေထိုင်ခဲ့သည်ဖြစ်ရာ၊ သူ့နောက်လိုက်များသည် ပညတ်တော်စောင့်သောသူများဖြစ်ရမည်ဟု ခရစ်တော်အလေးပေးပြောဆိုသည်။ ထာဝရအသက်အတွက် မည်သည့်အရာလုပ်ဆောင်ရမည်ကိုမေးလာသောအခါ၊ သူက "အသက်ရှင်ခြင်းသို့ဝင်စားလိုလျှင် ပညတ်တော်တို့ကိုစောင့်ရှောက်လော့ဟုမိန့်တော်မူ၏" (မဿဲ၊ ၁၉း၁၇)။ ဤစည်းမျဉ်းကို ကျူးလွန်ခြင်းကိုလည်း သူသတိပေးခဲ့သည်။ "သခင်၊ သခင်ဟုငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ဝင်ရလိမ့်မည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသောငါ့ခမည်းတော်၏အလိုကို ဆောင်သောသူသာလျှင်ဝင်ရလိမ့်မည်။" ပညတ်တော်ကိုချိုးဖောက်သောသူတို့အား ကောင်းကင်နိုင်ငံတော်ထဲသို့ဝင်ခြင်းမှာ ငြင်းပယ်ခြင်းခံရကြလိမ့်မည် (မဿဲ၊ ၇း၂၁–၂၃)။

ခရစ်တော်ကိုယ်တိုင် ပညတ်တော်ကိုဖျက်ဆီးခြင်းအားဖြင့်မဟုတ်ဘဲ၊ နာခံမှုရှိသောအသက်တာအားဖြင့် ပြည့်စုံစေခဲ့သည်။ သူက "ကောင်းကင်နှင့်မြေကြီးမပျက်စီးမီတိုင်အောင်၊ ပညတ္တိကျမ်း၌ အငယ်ဆုံးသောစာလုံးဗိန္ဒုတစ်လုံးမျှပြည့်စုံခြင်းသို့ မရောက်မီမပျက်စီးရ" (မဿဲ၊ ၅း၁၈) ဟုဆိုသည်။ ဘုရားသခင့်ပညတ်တော်၏မဟာရည်ရွယ်ချက်ဖြစ်သော ဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှနှင့်ချစ်ရန်နှင့် အိမ်နီးချင်းကိုကိုယ်နှင့်အမျှချစ်ရန် ခရစ်တော်သည် လွန်စွာအသားပေးသည် (မဿဲ၊ ၂၂း၃၇၊၃၈)။ သို့သော်လည်း သူ၏နောက်လိုက်များသည် လောကီသားများအနက်ဖွင့်ဆိုသည့်ကိုယ်ကျိုးဖက်သည့်အချစ်၊ စိတ်ကူးယဉ်ဆန်သောအချစ်ဖြင့် အချင်းချင်းမချစ်ကြရန်အလိုရှိသည်။ သူပြောခဲ့သောချစ်ခြင်းမေတ္တာကိုရှင်းပြရန် ခရစ်တော်သည် "ပညတ်သစ်ကိုပေး၏" (ယောဟန်၊ ၁၃း၃၄)။ ဤပညတ်သစ်သည် ပညတ်တော်ဆယ်ပါးကို အစားထိုးရန်မဟုတ်ဘဲ၊ ယုံကြည်သူတို့အား "မြေကြီးပေါ်တွင် ဘယ်အချိန်ကမျှမမြင်ဘူး

သောမေတ္တာ၊ မှန်ကန်၍ကိုယ်ကျိုးမဖက်သောမေတ္တာသည် ဘယ်အရာဖြစ်သည်ကိုပေးရန်ဖြစ်သည်။ ဤသဘောမျိုးဖြင့် သူ၏ပညတ်ချက်ကိုအသစ်ဖြစ်သည်ဟုဖော်ပြနိုင်သည်။ 'အချင်းချင်းချစ်ကြ' ရုံမျှမဟုတ်ဘဲ၊ ယေရှုသည် ကျွန်ုပ်တို့ကိုချစ်သည်အတိုင်း အချင်းချင်းချစ်ကြရန်အမိန့်ပေးသည် (ယောဟန်၊ ၁၅း၁၂)။ တိတိကျကျပြောရလျှင်၊ ကျွန်ုပ်တို့သည် ခရစ်တော်က သူ၏အဖခမည်းတော်ဘုရားသခင်ပညတ်တော်ကို မည်သို့ပိုမိုထင်ရှားစေကြောင်း နောက်ထပ်သက်သေတစ်ခုကိုရရှိသည်။"

နာခံမှုသည် ထိုသို့သောမေတ္တာကိုဖော်ပြသည်။ ယေရှုက "ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကိုစောင့်ရှောက်ကြလော့" (ယောဟန်၊ ၁၄း၁၅) ဟုဆိုသည် "ငါသည် ငါ့ခမည်းတော်၏ပညတ်တို့ကိုစောင့်ရှောက်၍ ခမည်းတော်၏မေတ္တာ၌တည်နေသကဲ့သို့၊ သင်တို့သည် ငါ့ပညတ်တို့ကိုစောင့်ရှောက်လျှင်၊ ငါ့မေတ္တာ၌တည်နေကြလိမ့်မည်" (ယောဟန်၊ ၁၅း၁၀)။ အလားတူစွာ၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုချစ်လျှင်၊ ဘုရားသခင်၏လူတို့ကိုချစ်ကြမည်ဖြစ်ပြီး၊ သူ၏ပညတ်တော်တို့ကိုစောင့်ရှောက်ကြလိမ့်မည်။ (၁ယော၊ ၂း၃)။

ခရစ်တော်၌တည်နေခြင်းအားဖြင့်သာလျှင်၊ ကျွန်ုပ်တို့သည် နှလုံးသားဖြင့်နာခံမှုရှိနိုင်သည်။ သူက "စပျစ်ခက်သည် အပင်၌မတည်လျှင်၊ ကိုယ်အလိုအလျောက်အသီးမသီးနိုင်သကဲ့သို့၊ သင်တို့သည် ငါ၌မတည်လျှင်အသီးမသီးနိုင်ကြ။.... အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏၊ ထိုသူသည် များစွာသောအသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည်အဘယ်အမှုကိုမျှမတတ်နိုင်ကြ" (ယောဟန်၊ ၁၅း၄၊၅) ဟုဆိုသည်။ ခရစ်တော်၌တည်နေရန် ကျွန်ုပ်တို့သည် သူနှင့်အတူအသေသတ်ခြင်းကိုခံရမည်ဖြစ်၍၊ "ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏" (ဂလာ၊ ၂း၂၀) ဟူသောပေါလုရေးသားချက်ကိုတွေ့ကြုံခံစားရမည်။ ဤအခြေအနေ၌ရှိနေသော သူတို့အတွက် ခရစ်တော်သည် သူ့ပဋိညာဉ်သစ်နှင့်ဆိုင်သောကတိတော်ကို ပြည့်စုံစေနိုင်သည်။ ထိုကတိတော်ကား၊ "ငါ့ပညတ်တို့ကို သူတို့စိတ်ဝိညာဉ်ထဲသို့သွင်းမည်။ သူတို့စိတ်နှလုံးပေါ်မှာရေးထားမည်။ ငါသည် သူတို့၏ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်" (ဟေဗြဲ၊ ၈း၁၀) ဟူ၍ဖြစ်သည်။

**နားထောင်ခြင်း၏ကောင်းချီးများ။** နာခံခြင်းသည် ခရစ်ယာန်အကျင့်စာရိတ္တကိုတိုးတက်စေပြီး၊ ချမ်းသာသုခ အကျိုးကိုဖြစ်ပေါ်စေသည်။ ၎င်းသည် ယုံကြည်သူတို့ကို "ဖွားစသောသူငယ်" အဖြစ်မှခရစ်တော်၏ပုံသဏ္ဍာန်နှင့်အညီ ပြောင်းလဲခြင်းသို့ကြီးထွားစေသည် (၁ပေ၊ ၂း၂။ ၂ကော၊ ၃း၁၈)။ ဤအပြစ်သားများ အပြစ်မှ ဘုရားသခင်၏သားသမီးများအဖြစ်သို့ပြောင်းလဲခြင်း ခရစ်တော်၏တန်ခိုးကို ထိရောက်စွာသက်သေခံသည်။

သမ္မာကျမ်းစာက "ထာဝရဘုရား၏တရားလမ်း၌ မလွဲမတိမ်းလိုက်သွားသောသူ" (ဆာလံ၊ ၁၁၉း၁)၊ "ထာဝရဘုရား၏တရားတော်၌မွေ့လျော်၍.... နေ့ညမပြတ်ဆင်ခြင်အောက်မေ့သောသူ" (ဆာလံ၊ ၁း၂) တို့သည် "မင်္ဂလာရှိ၏" ဟုဆိုသည်။ နာခံမှု၏များစွာသောကောင်းချီးများမှာ၊ (၁) ဉာဏ်ပညာနှင့်ထိုးထွင်းဉာဏ် (ဆာလံ၊ ၁၁၉း၉၈၊၉၉)၊ (၂) ငြိမ်သက်ခြင်း (ဆာလံ၊ ၁၁၉း၁၆၅။ ဟေရှာ၊ ၄၈း၁၈)၊ (၃) ဖြောင့်မတ်ခြင်း (တရားဟော၊ ၆း၂၅။ ဟေရှာ၊ ၄၈း၁၈)၊ (၄) စင်ကြယ်ခြင်းနှင့်ကိုယ်ကျင့်တရားရှိခြင်း၊ (သုတ္တံ၊ ၇း၁–၅)၊ (၅) သမ္မာတရားကိုသိခြင်း (ယောဟန်၊ ၇း၁၇)၊ (၆) အနာရောဂါမှကာကွယ်ခြင်း (ထွက်၊ ၁၅း၂၆)၊ (၇) အသက်ရှည်ခြင်း (သုတ္တံ၊ ၃း၁၊၂။ ၄း၁၀၊၂၂)၊ (၈) ဆုတောင်းချက်ကိုနားညောင်းမည့်အာမခံချက် (၁ယော၊ ၃း၂၂။ ဆာလံ ၆၆း၁၈) တို့ဖြစ်သည်။

ဘုရားသခင်သည် နားထောင်မှုရှိရန် ဖိတ်ခေါ်ပြီး၊ များစွာသောကောင်းချီးများကိုကတိပေးသည် (ဝတ်၊ ၂၆း၃–၁၀၊ တရားဟော၊ ၂၈း၁–၁၂)။ ကျွန်ုပ်တို့သည် အပြုသဘောဖြင့်တုံ့ပြန်သောအခါ၊ ကျွန်ုပ်တို့သည် သူ၏ "ပိုင်ထိုက်သောဘဏ္ဍာ၊.... မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုးဖြစ်ရကြ" (ထွက်၊ ၁၉း၅၊၆) ၍၊ "လူမျိုးတကာတို့ထက်ချီးမြှောက်ကာ၊ အမြီးမဖြစ်ဘဲ ဦးခေါင်းဖြစ်လိမ့်မည်" (တရားဟော၊ ၂၈း၁၊၁၃)။

–၀–

# အခန်း– ၂၀
# ဥပုသ်နေ့

သနားခြင်းကရုဏာနှင့်ပြည့်စုံသောဖန်ဆင်းရှင်သည် ခြောက်ရက်ပတ်လုံးဖန်ဆင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးနောက် သတ္တမနေ့ရက်တွင်ငြိမ်ဝပ်စွာနေခဲ့သည်။ သူသည် ဥပုသ်နေ့ကိုလူသားအားလုံးအတွက် ဖန်ဆင်းခြင်းအထိမ်းအမှတ်အဖြစ် စတင်ပြဋ္ဌာန်းခဲ့သည်။ ဘုရားသခင်၏မပြောင်းလဲနိုင်သောပညတ်တော်၏ စတုတ္ထပညတ်သည် ဤသတ္တမနေ့ဥပုသ်ကို ငြိမ်ဝပ်ရာနေ့နှင့်ဝတ်ပြုကိုးကွယ်ရာနေ့အဖြစ်၊ ဥပုသ်နေ့၏အရှင်သခင်ဖြစ်သော ယေရှု၏သွန်သင်ချက်နှင့်ကျင့်သုံးမှုများအတိုင်း စောင့်ထိန်းရန်တောင်းဆိုသည်။ ဥပုသ်နေ့သည် ဘုရားသခင်နှင့်လည်းကောင်း၊ လူသားအချင်းချင်းတို့နှင့်လည်းကောင်း၊ နှစ်သက်ဖွယ်သောပေါင်းသင်းဆက်ဆံရာနေ့ဖြစ်သည်။ ဥပုသ်နေ့သည် ခရစ်တော်၌ရရှိသောကယ်တင်ခြင်း၏အထိမ်းအမှတ်၊ ကျွန်ုပ်တို့၏စင်ကြယ်သန့်ရှင်းခြင်းလက္ခဏာ၊ ကျွန်ုပ်တို့၏သစ္စာစောင့်သိခြင်းသင်္ကေတ၊ ဘုရားသခင်၏အနာဂတ်ထာဝရနိုင်ငံတော်ကို ကျွန်ုပ်တို့ကြိုတင်ခံစားခြင်းဖြစ်သည်။ ဥပုသ်နေ့သည် ဘုရားသခင်နှင့်သူ၏လူတို့အကြား ထာဝရပဋိညာဉ်၏ရာသက်ပန် အမှတ်လက္ခဏာဖြစ်သည်။ ဤသန့်ရှင်းသောအချိန်ကို ညဦးချိန်မှညဦးချိန်အထိ၊ နေဝင်ချိန်မှနေဝင်ချိန်အထိ ဝမ်းမြောက်စွာစောင့်ထိန်းခြင်းသည် ဘုရားသခင်၏ဖန်ဆင်းခြင်းနှင့် ရွေးနုတ်ခြင်းလုပ်ဆောင်မှုများကို ဆင်ယင်ကျင်းပခြင်းဖြစ်သည်။ (ကမ္ဘာ၊ ၂း၁–၃။ ထွက်၊ ၂၀း၈–၁၁။ ၃၁း၁၃–၁၇။ ဝတ်၊ ၂၃း၃၂။ တရားဟော၊ ၅း၁၂–၁၅။ ဟေရှာ၊ ၅၆း၅၊၆။ ၅၈း၁၃၊၁၄။ ယေဇ၊ ၂၀း၁၂၊၂၀။ မဿဲ၊ ၁၂း၁–၁၂။ မာကု၊ ၁း၃၂။ လုကာ၊ ၄း၁၆။ ဟေဗြ၊ ၄း၁–၁၁။)

အာဒံနှင့်ဧဝတို့သည် ဘုရားသခင်နှင့်အတူသူတို့၏ပါရဒိအိမ်ကို စူးစမ်းလေ့လာခဲ့ကြသည်။ ရှုခင်းသည် ဖော်ပြသည်ထက်ကျော်လွန်၍၊ ရင်သပ်ရှုမောဖွယ်ကောင်းလှသည်။ ဖန်ဆင်းခြင်း၏ဆဋ္ဌမနေ့သောကြာနေ့တွင် နေမင်းကြီးသည်ဖြည်းဖြည်းချင်းဝင်သွားပြီး၊ ကြယ်တာယာများလည်း အရောင်အဝါစတင်ထွန်းတောက်လာချိန်တွင် "ဘုရားသခင်သည်မိမိဖန်ဆင်းသမျှသောအရာတို့ကိုကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကို မြင်တော်မူ၏" (ကမ္ဘာ၊ ၁း၃၁)။ ထိုသို့ဖြင့် "ကောင်းကင်မြေကြီးနှင့်တကွ၊ ခပ်သိမ်းသောတန်ဆာတို့သည် ပြီးစီးလျက်ရှိကြ၏" (ကမ္ဘာ၊ ၂း၁)။

ဘုရားသခင်ပြီးစီးစေခဲ့ပြီးသောကမ္ဘာသည် လှချင်တိုင်းလှနေသော်လည်း၊ အသစ်ဖန်ဆင်းသောစုံတွဲအား ဘုရားသခင်ပေးနိုင်သောအကြီးမားဆုံးဆုလာဘ်မှာ သူနှင့်အတူ

ကိုယ်တိုင်ရင်းနှီးစွာ ပေါင်းဖော်ခြင်းအခွင့်အရေးပင်ဖြစ်သည်။ ထို့ကြောင့် သူသည် ထိုသူတို့အား အထူးကောင်းချီးပေးသောနေ့၊ မိမိတို့ဖန်ဆင်းရှင်နှင့်ရင်းနှီးပေါင်းသင်း၍ မိတ်သဟာယဖွဲ့သောနေ့ဖြစ်သည့် ဥပုသ်နေ့ကိုပေးခဲ့သည်။

## သမ္မာကျမ်းစာတစ်အုပ်လုံးမှဥပုသ်နေ့

ဥပုသ်နေ့သည် ဘုရားသခင်အား ကျွန်ုပ်တို့ဝတ်ပြုကိုးကွယ်ခြင်းတွင် အဓိကကျသည်။ ဖန်ဆင်းခြင်း၏အထိမ်းအမှတ်ဖြစ်သော ဥပုသ်နေ့သည် ဘုရားသခင်အား ဝတ်ပြုရသည့်အကြောင်းရင်းကိုဖော်ပြသည်။ ၎င်းမှာ သူသည်ဖန်ဆင်းရှင်ဖြစ်၍၊ ကျွန်ုပ်တို့သည် သူဖန်ဆင်းသောသတ္တဝါများဖြစ်သောကြောင့်တည်း။ "ထို့ကြောင့် ဥပုသ်နေ့သည် ဘုရားရှင်အားဝတ်ပြုကိုးကွယ်ခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။ အကြောင်းမှာ၊ ၎င်းသည် ဤကြီးမြတ်သောသမ္မာတရားကို မြတ်နိုးဖွယ်အကောင်းဆုံးသောပုံစံဖြင့် သင်ပြပြီး၊--- အခြားမည်သည့်အရာကမျှထိုသို့မပြုချေ။ သတ္တမနေ့ဝတ်ပြုကိုးကွယ်ခြင်းမျှသာမဟုတ်ဘဲ၊ ဘုရားဝတ်ပြုကိုးကွယ်ခြင်းအားလုံး၏ စစ်မှန်သောအခြေအမြစ်ကို ဖန်ဆင်းရှင်နှင့် သူဖန်ဆင်းသောသတ္တဝါများအကြားရှိသော ခြားနားမှုတွင်တွေ့ရသည်။ ဤကြီးမားသောအမှန်တရားသည် ဘယ်ခါမျှခေတ်နောက်ကျခြင်းမရှိဘဲ၊ ဘယ်ခါမျှလည်းမမေ့အပ်ချေ။" ဤအမှန်တရားသည် လူတို့ရှေ့တွင်အမြဲရှိနေစေရန် ဘုရားသခင်သည် ဥပုသ်နေ့ကိုပြဋ္ဌာန်းခဲ့သည်။

**ဖန်ဆင်းခြင်းအချိန်ကဥပုသ်နေ့။** ဥပုသ်နေ့သည် အပြစ်မဲ့သောကမ္ဘာမှ ကျွန်ုပ်တို့ထံသို့လာသည်။ ၎င်းသည် ဘုရားသခင်၏အထူးဆုလာဘ်ဖြစ်၍၊ လူသားတို့အား မြေကြီးပေါ်တွင် ကောင်းကင်ဘုံအမှန်တကယ်ရှိနေခြင်းကို တွေ့ကြုံခံစားစေသည်။ ဘုရားသခင်သည် ထင်ရှားသောလုပ်ဆောင်မှုသုံးခုအားဖြင့် ဥပုသ်နေ့ကိုတည်ထောင်ခဲ့သည်။

**၁။ ဘုရားသခင်သည် ဥပုသ်နေ့တွင်ငြိမ်ဝပ်စွာနေခဲ့သည်။** သတ္တမနေ့တွင် ဘုရားသခင်သည် "ငြိမ်ဝပ်စွာနေလျက်အားဖြည့်တော်မူသည်" (ထွက်၊ ၃၁း၁၇) သော်လည်း၊ သူသည် အနားယူရန်လိုအပ်သောကြောင့် နားခြင်းမဟုတ်ချေ (ဟေရှာယ၊ ၄၀း၂၈)။ "ငြိမ်ဝပ်စွာနေသည်" ဟူသောကြိယာသည် အလုပ် သို့မဟုတ် လှုပ်ရှားမှုမှ "ရပ်စဲသည်" ဟုတိုက်ရိုက်အဓိပ္ပါယ်ရသည် (ကမ္ဘာ၊ ၈း၂၂)။ "ဘုရားသခင်၏နားနေခြင်းသည် မောပန်းနွမ်းနယ်ခြင်းကြောင့်မဟုတ်ဘဲ၊ ယခင်အလုပ်မှရပ်စဲလိုက်ခြင်းသာဖြစ်သည်။

ဘုရားသခင်သည်ငြိမ်ဝပ်စွာနေ၍ လူသားများလိုက်လျှောက်ရန်အတွက် ပုံနမူနာကို ထားခဲ့သည် (ထွက်၊ ၂၀း၁၁)။

အကယ်၍ဘုရားသခင်သည် ဆဋ္ဌမနေ့တွင်ဖန်ဆင်းခြင်းကိုပြီးဆုံးစေခဲ့သည် (ကမ္ဘာ၊ ၂း၁) ရှိသော်၊ သမ္မာကျမ်းစာက သူသည် သတ္တမနေ့တွင် “ဖန်ဆင်းခြင်းအမှုကို လက်စသတ်တော်မူခဲ့သည်” ဟုဆိုရာတွင် မည်သည့်အဓိပ္ပါယ်ရှိသနည်း။ ဘုရားသခင်သည် ခြောက်ရက်အတွင်း ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းခြင်းပြီးဆုံးခဲ့သော်လည်း၊ သူသည် ဥပုသ်နေ့ကိုဖန်ဆင်းရဦးမည်။ သူသည် ထိုနေ့တွင်နားနေခြင်းအားဖြင့် ဥပုသ်နေ့ကိုဖန်ဆင်းခဲ့သည်။ ဥပုသ်နေ့သည် သူ၏နောက်ဆုံးဖန်ဆင်းခြင်းလက်ရာဖြစ်သည်။

**၂။ ဘုရားသခင်သည် ဥပုသ်နေ့ကိုကောင်းချီးပေးခဲ့သည်။** ဘုရားသခင်သည် ဥပုသ်နေ့ကိုဖန်ဆင်းသည်သာမက၊ ကောင်းချီးပေးခဲ့သည်။ “ဥပုသ်နေ့ကို ကောင်းချီးပေးခြင်းသည် ထိုသို့အားဖြင့် ဘုရားရှင်၏အထူးမျက်နှာသာပေးသောအရာအဖြစ်ကြေညာခြင်းနှင့် သူဖန်ဆင်းသောသတ္တဝါများအတွက် ကောင်းချီးကိုယူဆောင်လာပေးသောနေ့ဖြစ်ကြောင်းကိုဆိုလိုသည်။”

**၃။ ဘုရားသခင်သည် ဥပုသ်နေ့ကိုသန့်ရှင်းစေခဲ့သည်။ ။** အရာတစ်ခုခုကို သန့်ရှင်းစေသည်ဟူသောအဓိပ္ပါယ်မှာ “မြင့်မြတ်စေသည်၊” “သန့်စင်စေသည်၊” သို့မဟုတ် “သန့်ရှင်းသောအရာအတွက်အသုံးပြုရန်၊ ဆက်ကပ်ရန် သီးသန့်ဖယ်ထားသည်” ဖြစ်သည်။ လူများ၊ (တဲတော်၊ ဗိမာန်တော် သို့မဟုတ် ဘုရားကျောင်းကဲ့သို့သော) နေရာများ၊ အချိန် (သန့်ရှင်းသောနေ့များ) စသည်တို့ကို သန့်ရှင်းစေ၍ရသည်။ ဘုရားသခင်သည် သတ္တမနေ့ရက်ကိုသန့်ရှင်းစေသည်ဟူသောအဓိပ္ပါယ်မှာ ထိုနေ့သည် သန့်ရှင်း၍၊ ဘုရားရှင်နှင့်လူသားတို့ဆက်ဆံရေးကြွယ်ဝတိုးတက်စေရန် မြင့်မြတ်သောရည်ရွယ်ချက်အတွက် သူသည် ၎င်းကိုသီးသန့်ဖယ်ထားသည်။

ဘုရားသခင်သည် သတ္တမနေ့ဥပုသ်ကို ကောင်းချီးပေး၍သန့်ရှင်းစေခဲ့သည်။ အဘယ်ကြောင့်ဆိုသော်၊ သူသည် ထိုနေ့တွင်အလုပ်အားလုံးမှနားခဲ့သည်။ သူသည် ထိုနေ့ကိုကောင်းချီးပေး၍၊ သန့်ရှင်းစေသည့်အရာမှာ သူကိုယ်တိုင်အတွက်မဟုတ်ဘဲ၊ လူသားများအတွက်ဖြစ်သည်။ ဥပုသ်နေ့တွင် ဘုရားသခင်၏ကောင်းချီးနှင့် သန့်ရှင်းခြင်းကို ယူဆောင်လာသောအရာမှာ သူ၏ရှိနေခြင်းပင်ဖြစ်သည်။

**သိနာတောင်ပေါ်ကဥပုသ်နေ့။** ဣသရေလလူများ အီဂျစ်ပြည်မှထွက်လာပြီးနောက်ပိုင်းဖြစ်ရပ်များက သူတို့သည် ဥပုသ်နေ့ကိုများစွာမေ့နေပြီဖြစ်ကြောင်းပြသသည်။ ကျွန်ဖြစ်စဉ်က တင်းကျပ်သောပြဋ္ဌာန်းချက်များကြောင့် ဥပုသ်နေ့ကိုစောင့်ရန် အလွန်ခက်ခဲဟန်ရှိသည်။ သူတို့လွတ်မြောက်လာပြီးနောက်မကြာမီတွင်၊ မန္နမုန့်ချပေးသည့်နိမိတ်အားဖြင့်လည်းကောင်း၊ ပညတ်တော်ဆယ်ပါးကိုကြေညာခြင်းအားဖြင့်လည်းကောင်း၊ ဘုရားသခင်သည် သူတို့အားသတ္တမနေ့ဥပုသ်စောင့်ရမည့် သူတို့၏တာဝန်ကို ပြင်းထန်စွာသတိရစေခဲ့သည်။

**၁။ ဥပုသ်နေ့နှင့်မန္နမုန့်။** သိနာတောင်ပေါ်မှပညတ်တော်ကို မကြေညာမီ တစ်လက၊ ဘုရားသခင်ကမိမိလူတို့သည် သူ၏ "ပညတ်တရားတော်အလိုသို့လိုက်၍၊ စီရင်တော်မူချက်တို့ကိုစောင့်ရှောက်လျှင်၊" သူတို့ကိုအနာရောဂါမှကာကွယ်မည်ဟုကတိပေးခဲ့သည် (ထွက်၊ ၁၅း၂၆)။ ဤကတိပေးပြီးမကြာမီ၊ ဘုရားသခင်သည် ဣသရေလလူတို့အား ဥပုသ်နေ့၏သန့်ရှင်းမြင့်မြတ်ခြင်းကို ပြန်လည်သတိပေးခဲ့သည်။ မန္နမုန့်ပေးသည့်နိမိတ်အားဖြင့်၊ သူတို့သည် သတ္တမနေ့၌နားသည်ကို ကိုယ်တော်ကမည်မျှအရေးကြီးသည်ဟုယူဆကြောင်းကို သူတို့အားတိကျသောစကားလုံးများဖြင့် ပြန်လည်သတိပေးခဲ့သည်။

စနေနေ့မှလွဲ၍ကျန်သည့်နေ့တိုင်းတွင် ဘုရားသခင်သည် ဣသရေလတို့အား ထိုနေ့အတွက် သူတို့၏လိုအပ်ချက်အတိုင်း လုံလောက်သောမန္နမုန့်ကိုပေးခဲ့သည် (ထွက်၊ ၁၆း၄၊ ၁၆–၁၈)။ ခြောက်ရက်မြောက်နေ့တွင် ထိုနေ့နှင့်ဥပုသ်နေ့တွင် သူတို့၏လိုအပ်မှုအတွက်လုံလောက်မည့် ခါတိုင်းထက်နှစ်ဆကို ကောက်ကြရန်ဖြစ်သည်။ ဆဋ္ဌမနေ့သည် ပြင်ဆင်ရာနေ့ဖြစ်ကြောင်းနှင့် ဥပုသ်နေ့ကိုမည်သို့စောင့်ရမည်ဖြစ်ကြောင်း သွန်သင်ခြင်းဖြစ်သည်။ ဘုရားသခင်က၊ "နက်ဖြန်နေ့သည် ထာဝရဘုရားရှေ့၌ သန့်ရှင်းသောဥပုသ်နေ့၊ ငြိမ်ဝပ်စွာနေရသောနေ့ဖြစ်၏။ မုန့်ကိုပေါင်းချင်သည်အတိုင်းပေါင်းကြလော့။ ကျန်သောအရာကိုနံနက်တိုင်အောင်စောင့်၍၊ သိုထားကြလော့" (ထွက်၊ ၁၆း၂၃)။ သတ္တမနေ့တွင်သာ မန္နမုန့်သည်မပျက်မစီးရှိနေသည် (ထွက်၊ ၁၆း၂၄)။ စတုတ္ထပညတ်ချက်တွင်ပါရှိသော အလားတူစကားလုံးကို မောရှေကဤနေရာတွင်သုံးခဲ့သည်။ "ခြောက်ရက်ပတ်လုံးသိမ်းယူရကြ၏။ ဥပုသ်နေ့တည်းဟူသော ခုနစ်ရက်မြောက်သောနေ့တွင်မတွေ့ရ" (ထွက်၊ ၁၆း၂၆)။

နှစ်ပေါင်း (၄၀) သို့မဟုတ် အပတ်စဉ်ဥပုသ်နေ့ဆက်တိုက် (၂၀၀၀) ကျော်ပတ်လုံး၊ ဣသရေလတို့သည် တောထဲ၌ရှိ၍၊ မန္နမုန့်နိမိတ်သည် ခြောက်ရက်ပတ်လုံးအလုပ်လုပ်၍ သတ္တမနေ့တွင်နားရမည်ဟူသောပုံစံကို ပြန်လည်သတိရစေသည်။

**၂။ ဥပုသ်နေ့နှင့်ပညတ်တော်။** ဘုရားသခင်သည် ဥပုသ်နေ့ပညတ်ကို ပညတ်တော်ဆယ်ပါး၏အလယ်တွင်ထားရှိသည်။ ၎င်းမှာ အောက်ပါအတိုင်းဖြစ်သည်။

**"ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကိုအောက်မေ့လော့။– ခြောက်ရက်ပတ်လုံးအလုပ်မျိုးကို ကြိုးစား၍လုပ်ဆောင်လော့။– သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍သင်၏သားသမီး၊ ကျွန်ယောက်ျားမိန်းမ၊ တိရစ္ဆာန်၊ သင်၏တံခါးအတွင်း၌နေသောဧည့်သည်အာဂန္တုသည် အလုပ်မလုပ်ရ။– အကြောင်းမူကား၊ ထာဝရဘုရားသည်မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင်ဖန်ဆင်း၍**

**သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထို့ကြောင့် ထာဝရဘုရားသည် သတ္တမနေ့ရက်ကိုကောင်းချီးပေး၍ သန့်ရှင်းစေတော်မူ၏" (ထွက်၊ ၂၀း၈–၁၁)။**

ပညတ်တော်ဆယ်ပါးမှပညတ်ချက်အားလုံးသည် မရှိမဖြစ်အရေးကြီးပြီး၊ မည်သည့်ပညတ်ချက်ကိုမျှ လျစ်လျူရှုရမည်မဟုတ်ချေ (ယာကုပ်၊ ၂း၁၀)။ သို့သော်လည်း ဘုရားသခင်သည် ဥပုသ်နေ့ပညတ်ကို အခြားသောပညတ်ချက်အားလုံးမှခွဲခြားသည်။ ဤအရာနှင့်သက်ဆိုင်၍၊ သူက "အောက်မေ့လော့" ဟုမိန့်တော်မူရာတွင်၊ ၎င်း၏အရေးကြီးမှုကို မေ့သည့်အန္တရာယ်မှသတိရှိစေသည်။

ဤပညတ်ကို "ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကိုအောက်မေ့လော့" ဟူသောစကားလုံးများသည် ဥပုသ်နေ့မှာ သိနာတောင်၌ပထမအကြိမ်ပြဋ္ဌာန်းခြင်းမဟုတ်ကြောင်းကိုပြသသည်။ အမှန်မှာ ၎င်းပညတ်သည် အခြားသောပညတ်ချက်များကဲ့သို့ ဖန်ဆင်းခြင်းအချိန်ကအစပြုခဲ့သည်ကို ဤစာကြောင်းကညွှန်ပြသည်။ ဥပုသ်နေ့ကို ဘုရားသခင်၏ဖန်ဆင်းခြင်းအထိမ်းအမှတ်အဖြစ် ကျွန်ုပ်တို့စောင့်ထိန်းရန် ဘုရားသခင်ရည်ရွယ်သည်။ ထိုနေ့သည် အနားယူရာနှင့်ဝတ်ပြုကိုးကွယ်ရာနေ့ဖြစ်၍၊ ဘုရားသခင်နှင့်သူ၏လက်ရာများကိုအာရုံပြုရန် ကျွန်ုပ်တို့ကိုညွှန်ကြားသည်။

ဖန်ဆင်းခြင်း၏အထိမ်းအမှတ်အဖြစ်၊ ဥပုသ်နေ့ကိုစောင့်ထိန်းခြင်းသည် ရုပ်တုကိုးကွယ်ခြင်းအတွက်ဖြေဆေးဖြစ်သည်။ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းခဲ့ကြောင်း ကျွန်ုပ်တို့အား ပြန်လည်အမှတ်ရစေခြင်းအားဖြင့်၊ ၎င်းသည် ဘုရားသခင်ကို မှားယွင်းသောဘုရားအားလုံးမှ ခွဲခြားသိမြင်စေသည်။ ထို့ကြောင့် ဥပုသ်စောင့်ခြင်းသည် စစ်မှန်သောဘုရားသခင်အပေါ် ကျွန်ုပ်တို့သစ္စာရှိခြင်း၏အမှတ်အသား၊ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်နှင့် ရှင်ဘုရင်အဖြစ်သူ၏အချုပ်အခြာအာဏာကို အသိအမှတ်ပြုခြင်း၏လက္ခဏာဖြစ်လာသည်။

ဥပုသ်နေ့ပညတ်သည် ဘုရားသခင့်ပညတ်တော်၏အမှတ်တံဆိပ်အဖြစ် လုပ်ဆောင်သည်။ ယေဘုယျအားဖြင့်တံဆိပ်တုံးများသည် တံဆိပ်ပိုင်ဆိုင်သူ၏ နာမည်၊ ရာထူးနှင့် စီရင်ပိုင်သောနယ်စသည်ဖြင့် သုံးခုပါရှိသည်။ တရားဝင်တံဆိပ်များကို အရေးကြီးသောစာရွက်စာတမ်းများ၏ခိုင်လုံမှုအတွက်အသုံးပြုသည်။ စာရွက်စာတမ်းတွင် တံဆိပ်ရိုက်နှိပ်သောအရာရှိ၏အခွင့်အာဏာသက်ရောက်သည်။ အရာရှိကိုယ်တိုင် ထိုစာရွက်စာတမ်းကိုအတည်ပြု၍၊ ၎င်း၏နောက်ကွယ်တွင် သူ့ရာထူး၏လုပ်ပိုင်ခွင့်အားလုံးပါရှိသည်ဟု တံဆိပ်ခတ်ခြင်းကဆိုလိုသည်။

ပညတ်တော်ဆယ်ပါးတွင် တံဆိပ်တစ်ခု၏မရှိမဖြစ်လိုအပ်သောအရာများပါရှိသောပညတ်မှာ ဥပုသ်နေ့ပညတ်ဖြစ်သည်။ ပညတ်ဆယ်ချက်ထဲက ဤတစ်ခုတည်းကသာလျှင် စစ်မှန်သောဘုရား၏နာမတော်ဖြစ်သော "သင်၏ဘုရားသခင်ထာဝရဘုရား၊"

သူ၏ရာထူးဖြစ်သော "ဖန်ဆင်းရှင်" နှင့် သူ၏နယ်ပယ်ဖြစ်သော "ကောင်းကင်နှင့်မြေကြီး" တို့ပါရှိသည် (ထွက်၊ ၂၀း၁၀၊၁၁)။ စတုတ္ထပညတ်ကသာ၊ ပညတ်တော်ဆယ်ပါးကိုမည်သူ၏အခွင့်အာဏာနှင့်ပေးသည်ကို ပြသသောကြောင့်၊ ၎င်းသည် "ဘုရားသခင်၏တံဆိပ်ပါရှိသည်။" ဤအချက်သည် ပညတ်တော်မှန်ကန်ကြောင်းနှင့် လိုက်လျှောက်ရမည်ဖြစ်ကြောင်းကိုပြသသည်။

အမှန်စင်စစ်၊ ဘုရားသခင်သည် ဥပုသ်နေ့ကို "အပြစ်နှင့်ပုန်ကန်ခြင်းတို့ဖြင့် မစွန်းထင်းခဲ့သောကမ္ဘာကြီး၌ သူ့တန်ခိုးနှင့်အာဏာကို ပြန်လည်သတိပေးသောအရာသို့မဟုတ် အမှတ်အသားအဖြစ်ဖန်ဆင်းခဲ့သည်။ 'ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကိုအောက်မေ့လော့' (ထွက်၊ ၂၀း၈) ဟူသောသတိပေးချက်အားဖြင့် ဤနေ့ကို အစဉ်အမြဲစောင့်ထိန်းရမည့်ကိုယ်ပိုင်တာဝန်ကို ညွှန်ပြပေးသည်။"

ဤပညတ်ချက်သည် ရက်သတ္တပတ်ကိုနှစ်ပိုင်းခွဲသည်။ ဘုရားသခင်သည် လူသားတို့အား "အလုပ်မျိုးကိုကြိုးစား၍လုပ်ဆောင်" ရန် (၆) ရက် ကိုပေးသည်။ သို့သော် သတ္တမနေ့ရက်တွင်မူ "အလုပ်မလုပ်ရ" (ထွက်၊ ၂၀း၉၊၁၀)။ ဤပညတ်က (၆) ရက်သည် အလုပ်လုပ်သောနေ့၊ သတ္တမနေ့သည် နားရသောနေ့ဖြစ်သည်ဟုဆိုသည်။ သတ္တမနေ့ရက်သည် ဘုရားသခင်၏တစ်မူထူးသော နားရာနေ့ဖြစ်သည်ကို၊ ဤပညတ်၏အစ "ဥပုသ်နေ့ (နားနေရာနေ့) ကိုသန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကိုအောက်မေ့လော့" ဟူသောစာသားကသက်သေထူသည်။

လူသားများသည် သူတို့၏ကိုယ်ခန္ဓာပြန်လည်အားရှိစေရန် ကာယအနားယူခြင်းကိုလိုအပ်သော်လည်း၊ ဘုရားသခင်၏ပုံနမူနာအတိုင်းကျွန်ုပ်တို့သည် ဥပုသ်နေ့တွင် နားသည်ဟူသောအချက်အပေါ်တွင် ဘုရားသခင်သည် ဤပညတ်ချက်ကိုတည်သည်။ ကမ္ဘာမြေကြီးဖန်ဆင်းခြင်းပထမအပတ်လုပ်ဆောင်မှုအားလုံးမှ သူသည် နားခဲ့သောကြောင့်၊ ကျွန်ုပ်တို့လည်းနားရမည်။

**၃။ ဥပုသ်နေ့နှင့်ပဋိညာဉ်တရား။** ဘုရားသခင်၏ပညတ်တော်သည် ပဋိညာဉ်တရား၏အဓိကကျသောအရာဖြစ်သကဲ့သို့ (ထွက်၊ ၃၄း၂၇)၊ ပညတ်တော်၏ အလယ်ဗဟိုတွင်ရှိသောဥပုသ်နေ့သည် ကိုယ်တော်၏ပဋိညာဉ်တရားတွင်အရေးပါသည်။ ဘုရားသခင်က "ငါထာဝရဘုရားသည် သူတို့ကိုသန့်ရှင်းစေသည်ဟုသူတို့သည် သိမည်အကြောင်း၊ ငါနှင့်သူတို့စပ်ကြားမှာ လက္ခဏာသက်သေဖြစ်စေခြင်းငှာ၊ ငါ၏ဥပုသ်နေ့ကို ငါခန့်ထား၏" (ယေဇ၊ ၂၀း၁၂၊၂၀။ ထွက်၊ ၃၁း၁၇) ဟုဆိုသည်။ ထို့ကြောင့်၊ သူက ဥပုသ်စောင့်ခြင်းသည် "ထာဝရပဋိညာဉ်" ဖြစ်သည်ဟုဆိုသည် (ထွက်၊ ၃၁း၁၆)။ "ပဋိညာဉ်တရားသည် ဘုရားသခင်၏မိမိလူတို့အပေါ်ထားရှိသောမေတ္တာ၌ အခြေခံသကဲ့သို့ (တရားဟော၊ ၇း၇၊၈)၊ ပဋိညာဉ်၏အမှတ်လက္ခဏာဖြစ်သောဥပုသ်နေ့သည် ဘုရားရှင်မေတ္တာ၏အမှတ်အသားဖြစ်သည်။"

**၄။ နှစ်စဉ်ကျင်းပသောဥပုသ်နေ့များ။** အပတ်စဉ်ဥပုသ်နေ့များ (ဝတ်ပြု၊ ၂၃း၃) များအပြင်၊ ဣသရေလတို့၏ဘာသာရေးပြက္ခဒိန်တွင် နှစ်စဉ်ကျင်းပရသော ဥပုသ်နေ့ခုနစ်ခုရှိသည်။ ဤနှစ်စဉ်ကျင်းပရသောဥပုသ်နေ့များသည် သတ္တမနေ့ဥပုသ် သို့မဟုတ် အပတ်စဉ်ဥပုသ်နေ့နှင့်တိုက်ရိုက်ဆက်စပ်မှုမရှိချေ။ ဤဥပုသ်နေ့များသည် "ထာဝရဘုရား၏ဥပုသ်နေ့" အပြင် အခြားသောဥပုသ်နေ့များဖြစ်သည် (ဝတ်ပြု၊ ၂၃း၃၈)။ ထိုဥပုသ်နေ့များမှာ ပသခါပွဲ၊ ပင်တေကုတ္တေပွဲ၊ တံပိုးမှုတ်ပွဲ၊ အပြစ်ဖြေရာနေ့နှင့် သကေနေပွဲတို့၏ ပထမနေ့နှင့်နောက်ဆုံးနေ့တို့ဖြစ်သည် (ဝတ်ပြု၊ ၂၃း၇၊၈၊၂၁၊၂၄၊၂၅၊ ၂၇၊၂၈၊၃၅၊၃၆)။

ဤဥပုသ်နေ့များကိုတွက်ဆမှုသည် လပြက္ခဒိန်ကိုအခြေခံသည့်နှစ်၏အစအပေါ် မှီတည်နေသောကြောင့်၊ ရက်သတ္တပတ်၏မည်သည့်ရက်တွင်မဆို ဥပုသ်နေ့ကျရောက်နိုင် သည်။ ၎င်းတို့သည် အပတ်စဉ်ဥပုသ်နေ့နှင့် တိုက်ဆိုင်သောအခါ "ကြီးမြတ်သောဥပုသ် နေ့" (ယောဟန်၊ ၁၉း၃၁) ဟုခေါ်သည်။ "အပတ်စဉ်ဥပုသ်နေ့သည် ဖန်ဆင်းခြင်း၏ အဆုံးတွင် လူသားအားလုံးအတွက်အစပြုခဲ့သော်လည်း၊ ဤနှစ်စဉ်ဥပုသ်နေ့များသည် သိနာတောင်ပေါ်တွင်ပေးသည့် ယုဒလူတို့၏ထုံးတမ်းစနစ်နှင့် ပွဲများနှင့်တစ်သားတည်း ဖြစ်သည်။... ၎င်းတို့သည် ကွေလာမည့်မေရှိယကိုညွှန်ပြ၍၊ လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်းနှင့်အတူ ထိုဥပုသ်နေ့များကိုစောင့်ခြင်းလည်းအဆုံးသတ်ခဲ့သည်။

**ဥပုသ်နေ့နှင့်ခရစ်တော်။** အဖခမည်းတော်ကဲ့သို့ပင်၊ အမှန်စင်စစ်ခရစ်တော် သည် ဖန်ဆင်းရှင်ဖြစ်ကြောင်းကို သမ္မာကျမ်းစာကဖော်ပြသည် (၁ကော၊ ၈း၆၊ ဟေဗြဲ၊ ၁း၁၊၂။ ယောဟန်၊ ၁း၃)။ ထို့ကြောင့် သူသည် လူသားများအတွက် သတ္တမနေ့ကို နားနေရာနေ့အဖြစ် သီးသန့်ဖယ်ထားသောသူဖြစ်သည်။

အနေးနှင့်အမြန်ခရစ်တော်သည် ဥပုသ်နေ့ကိုသူ၏ရွေးနုတ်ခြင်းနှင့်လည်းကောင်း၊ သူ၏ဖန်ဆင်းခြင်းနှင့်လည်းကောင်းတွဲဖက်ခဲ့သည်။ "ငါဖြစ်သည်" (ယောဟန်၊ ၈း၅၈။ ထွက်၊ ၃း၁၄) ဟူသောဘုရားအဖြစ်၊ သူသည် ဤအပတ်စဉ်ဖန်ဆင်းရှင်နှင့်အတူ ဝတ်ပြုကိုးကွယ်ခြင်းကို အားမာန်ပါသောသတိပေးချက်အဖြစ် ဥပုသ်နေ့ကိုပညတ်တော် ဆယ်ပါးတွင်ထည့်သွင်းခဲ့သည်။ ထို့နောက် သူသည် ဥပုသ်နေ့စောင့်ရခြင်း၏အခြား အကြောင်းရင်းတစ်ခုကိုထပ်ပေးခဲ့သည်။ ၎င်းမှာ လူတို့ကိုရွေးနုတ်ခြင်းအကြောင်းဖြစ် သည် (တရားဟော၊ ၅း၁၄၊၁၅)။ ထို့ကြောင့် ဥပုသ်နေ့သည် ယေရှုအားဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်အဖြစ်လက်ခံပြီးသောသူတို့ကို အမှတ်အသားပြုသည်။

ဖန်ဆင်းရှင်နှင့်ကယ်တင်ရှင်အဖြစ် ခရစ်တော်၏ကဏ္ဍနှစ်ရပ်သည်၊ လူသား အနေဖြင့် သူသည် "ဥပုသ်နေ့ကိုပင်အစိုးရသည်" (မာကု၊ ၂း၂၈) ဟုအဘယ်ကြောင့် ပြောဆိုသည်ကိုရှင်းလင်းစေသည်။ ထိုသို့သောအခွင့်အာဏာဖြင့် သူသည် အလိုရှိခဲ့သော်

ဥပုသ်နေ့ကိုဖယ်ရှားပစ်နိုင်သည်၊ သို့သော် ထိုသို့မပြုခဲ့ချေ။ ထိုအရာနှင့်ဆန့်ကျင်၍၊ သူသည် ဥပုသ်နေ့ကို လူသားအားလုံးအတွက်အကျိုးသက်ရောက်စေ၍၊ "ဥပုသ်နေ့သည် လူ့အဖို့ဖြစ်၏" (မာကု၊ ၂း၂၇) ဟုဆိုခဲ့သည်။

မြေကြီးပေါ်အမှုဆောင်စဉ်တစ်လျှောက် ခရစ်တော်သည် ကျွန်ုပ်တို့အတွက် သစ္စာရှိစွာဥပုသ်စောင့်ခြင်းကိုနမူနာပြခဲ့သည်။ ဥပုသ်နေ့တွင် ဝတ်ပြုကိုးကွယ်ခြင်းသည် သူ၏ထုံးစံဖြစ်သည် (လုကာ၊ ၄း၁၆)။ ဥပုသ်နေ့ဝတ်ပြုခြင်းများ၌ သူပါဝင်ခြင်းက သူသည် ထိုနေ့ကိုဝတ်ပြုကိုးကွယ်ရာနေ့အဖြစ် အတည်ပြုကြောင်းကိုဖော်ပြသည်။

ခရစ်တော်သည် ဥပုသ်နေ့၏သန့်ရှင်းမွန်မြတ်ခြင်းကို အလွန်အလေးထားသည်ဖြစ်ရာ၊ သူသည် ကောင်းကင်ဘုံသို့တက်ကြွပြီးနောက် ဖြစ်ပျက်မည့်ညှဉ်းဆဲခြင်းအကြောင်းကို ပြောကြားရာတွင်၊ သူ၏တပည့်တို့ကိုအကြံပြုသည်မှာ၊ "သင်တို့ပြေးရသောအချိန်သည် ဆောင်းကာလ၌မကျ၊ ဥပုသ်နေ့၌လည်းမကျမည်အကြောင်း ဆုတောင်းကြလော့" (မဿဲ၊ ၂၄း၂၀) ဟူ၍ဖြစ်သည်။ "ထိုအချိန်က ခရစ်ယာန်များပင်လျှင် ဥပုသ်နေ့ကိုကျပ်တည်းစွာစောင့်ထိန်းကြရကြောင်း" ကို ရှင်းလင်းစွာပြသသည်။

ခရစ်တော်သည် ဖန်ဆင်းခြင်းအမှုကိုပြီးသောအခါ၊ သတ္တမနေ့တွင်နားခဲ့သည်။ ဤနားနေခြင်းသည် ပြည့်စုံခြင်းနှင့်ပြီးမြောက်ခြင်းတို့ကိုညွှန်ပြသည်။ မြေကြီးပေါ်အမှုထမ်းခြင်း၏အဆုံးအချိန်၊ သမိုင်းတွင် သူ၏ကြီးမားသောဒုတိယအပိုင်းလုပ်ဆောင်မှုကို အပြီးသတ်သောအခါ အလားတူပြုခဲ့သည်။ ရက်သတ္တပတ်၏ဆဋ္ဌမနေ့သောကြာနေ့မွန်းလွဲပိုင်းတွင် ခရစ်တော်သည် ဤမြေကြီးပေါ်သူ၏ရွေးနုတ်ခြင်းလုပ်ငန်းကို အပြီးသတ်ခဲ့သည်။ သူ၏နောက်ဆုံးစကားမှာ "အမှုပြီးပြီ" (ယောဟန်၊ ၁၉း၃၀) ဟူ၍ဖြစ်သည်။ သမ္မာကျမ်းစာကသူ့အသေခံချိန်သည် "အဖိတ်နေ့ဖြစ်၍ ဥပုသ်နေ့အချိန်နီးသတည်း" (လုကာ၊ ၂၃း၅၄) ဟု အလေးပေးဖော်ပြသည်။ သူသေပြီးနောက်သင်္ချိုင်းဂူတွင်နားနေခြင်းသည်၊ လူတို့၏ရွေးနုတ်ခြင်းကို သူပြီးမြောက်စေခဲ့ပြီဖြစ်ကြောင်းပုံဆောင်သည်။"

ထို့ကြောင့် ဥပုသ်နေ့သည် ခရစ်တော်၏ဖန်ဆင်းခြင်းလုပ်ငန်းနှင့် ရွေးနုတ်ခြင်းအမှုတို့ကိုသက်သေခံသည်။ ဥပုသ်နေ့ကိုစောင့်ခြင်းအားဖြင့် သူ၏နောက်လိုက်များသည် သူနှင့်အတူလူသားများအတွက် သူ၏ပြီးမြောက်စေခဲ့မှုများအပေါ်ဝမ်းမြောက်ကြသည်။

**ဥပုသ်နေ့နှင့်တမန်တော်များ။** တမန်တော်တို့သည် ဥပုသ်နေ့ကိုလွန်စွာအလေးထားခဲ့ကြသည်။ ဤအရာသည် ခရစ်တော်အသေခံချိန်တွင် ပေါ်လွင်ထင်ရှားသည်။ ဥပုသ်နေ့ရောက်လာသောအခါ၊ မြေမြှုပ်ရန်ပြင်ဆင်ခြင်းကိုရပ်၍၊ "ပညတ်တော်အတိုင်းဥပုသ်နေ့၌ အလုပ်မလုပ်ဘဲနေကြ" ပြီးလျှင်၊ "ခုနစ်ရက်တွင်ပထမနေ့" တနင်္ဂနွေနေ့တွင် ဆက်လုပ်ရန်စီစဉ်ခဲ့ကြသည်။ (လုကာ၊ ၂၃း၅၆။ ၂၄း၁)။

ခရစ်တော်ပြုသကဲ့သို့၊ တမန်တော်တို့သည် သတ္တမနေ့ဥပုသ်တွင်ဝတ်ပြုကိုးကွယ်ခဲ့ကြသည်။ သူ၏သာသနာခရီးစဉ်တွင် ပေါလုသည် ဥပုသ်နေ့တွင်တရားဇရပ်၌တက်ရောက်၍ ခရစ်တော်အကြောင်းကိုဟောခဲ့သည် (တမန်၊ ၁၃း၁၄။ ၁၇း၁၊၂။ ၁၈း၄)။ တစ်ပါးအမျိုးသားများကပင်လျှင် သူ့ကိုဥပုသ်နေ့တွင် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောပြောရန်ဖိတ်ခဲ့သည် (တမန်၊ ၁၃း၄၂၊၄၄)။ တရားဇရပ်မရှိသည့်ဒေသများတွင်၊ သူသည် ဥပုသ်နေ့ဝတ်ပြုကိုးကွယ်ခြင်းအတွက် ထုံးတမ်းနှင့်ညီသောနေရာကိုရှာခဲ့သည် (တမန်၊ ၁၆း၁၃)။ ဥပုသ်နေ့ဝတ်ပြုခြင်းအစီအစဉ်တွင် ခရစ်တော်၏ပါဝင်ခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်းအတွက်အထူးနေ့အဖြစ် သတ္တမနေ့ကိုသူလက်ခံကြောင်းပြသသကဲ့သို့၊ ပေါလုလည်းပြုခဲ့သည်။

ပေါလု၏အပတ်စဉ်ဥပုသ်နေ့ကို သစ္စာရှိစွာစောင့်ခြင်းသည် နှစ်စဉ်ထုံးဖွဲ့ဆိုင်ရာဥပုသ်နေ့များအပေါ် သူ၏သဘောထားနှင့်လုံးဝဆန့်ကျင်နေသည်။ ခရစ်တော်သည် ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်များကို လက်ဝါးကပ်တိုင်တွင် သံမှိုရိုက်ပြီးသောကြောင့်၊ ခရစ်ယာန်တို့သည် နှစ်စဉ်ကျင်းပသောနားနေရက်များကိုစောင့်ရန် တာဝန်မရှိတော့ကြောင်းသူရှင်းပြသည်။ သူက "ထို့ကြောင့် စားသောက်ခြင်းအမှု၊ ပွဲနေ့၊ လဆန်းနေ့၊ ဥပုသ်နေ့တို့ကိုစောင့်ခြင်းအမှုတွင် သင်တို့ကိုအဘယ်သူမျှမစစ်ကြောမစီရင်စေနှင့်။ ထိုအရာတို့သည် နောက်ဖြစ်လတ္တံ့သောအရာတို့၏အရိပ်ဖြစ်ကြ၏။ ကိုယ်မူကား၊ ခရစ်တော်၏ကိုယ်ဖြစ်၏" (ကောလော၊ ၂း၁၆၊၁၇) ဟုဆိုသည်။ "ဤကျမ်းချက်၏ရှေ့နောက်စကားစပ်သည် ထုံးတမ်းဓလေ့ကိစ္စများနှင့်သက်ဆိုင်သည်။ ဤကျမ်းချက်မှ ဥပုသ်နေ့များသည် ခရစ်တော်၌ပြည့်စုံသည့်အရိပ်များဖြစ်သော ယုဒလူတို့၏နှစ်စဉ်ပွဲနေ့များ၏ထုံးတမ်းဆိုင်ရာဥပုသ်နေ့များဖြစ်သည်။"

ထိုနည်းတူ၊ ဂလာတိသြဝါဒစာတွင် ပေါလုသည် ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်၏တောင်းဆိုမှုများနာခံခြင်းကိုကန့်ကွက်ခဲ့သည်။ သူက၊ "နှစ်၊ လ၊ နေ့ရက်၊ အချိန်ကာလများကိုစောင့်ကြလေပြီတကား။ ငါသည် သင်တို့ဆီမှာအချည်းနှီးကြိုးစားအားထုတ်သည်ဟု သင်တို့၏အကြောင်းကြောင့်စိုးရိမ်လျက်ရှိ၏" (ဂလာ၊ ၄း၁၀၊၁၁)။

ယောဟန်က၊ ငါသည် "သခင်ဘုရားနေ့၌ဝိညာဉ်တော်ကိုခံရသည်" ဟုဆိုသည့်စကားပါရှိသော (ဗျာဒိတ်၊ ၁း၁၀) သည် မကြာခဏနားလည်မှုလွဲခံရသောကျမ်းချက်ဖြစ်သည်။ သူသည် "သခင်ဘုရားနေ့" ဟုပြောသောအခါ၊ ယောဟန်သည် တနင်္ဂနွေနေ့ကိုဆိုလိုသည်ဟု များစွာသောသူတို့ကစွဲမှတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့တွင်ခရစ်တော်ထမြောက်သောကြောင့်ဖြစ်သည်။ သို့သော် ဤကျမ်းချက်သည် ရှင်ပြန်ထမြောက်သောနေ့နှင့်ဘာမျှသက်ဆိုင်မှုမရှိချေ။ သမ္မာကျမ်းစာတွင် ဘုရားသခင်၏အထူးပိုင်ဆိုင်မှုအဖြစ်ရည်ညွှန်းသည့် တစ်ခုတည်းသောနေ့ရက်မှာ ဥပုသ်နေ့ဖြစ်သည်။

ခရစ်တော်က "သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏" (ထွက်၊ ၂၀း၁၀) ဟုဖော်ပြပြီး၊ နောက်ပိုင်းတွင် ထိုနေ့ကို "ငါ့သန့်ရှင်းသောနေ့" (ဟေရှာယ၊ ၅၈း၁၃) ဟုခေါ်သည်။ ထိုနောက် ခရစ်တော်သည် မိမိကိုယ်ကို ဥပုသ်နေ့ကိုအစိုးရသောသူဟုခေါ်ခဲ့သည် (မာကု၊ ၂း၂၈)။ သမ္မာကျမ်းစာတွင် ထာဝရဘုရားသည် သူ့ကိုယ်ပိုင်ပိုင်ဆိုင်သည့်တစ်ခုတည်းသောနေ့ရက်မှာ သတ္တမနေ့ ဥပုသ်ဖြစ်သောကြောင့်၊ ယောဟန်သည် ဥပုသ်နေ့ကိုရည်ညွှန်းသည်ဟုကျိုးကြောင်းဆီလျော်စွာကောက်ချက်ချနိုင်သည်။ သူသည် ထိုဝေါဟာရကို ရက်သတ္တပတ်၏ ပထမနေ့ သို့မဟုတ် တနင်္ဂနွေနေ့ရည်ညွှန်းရန်အသုံးပြုကြောင်း အမှန်ပင်ကျမ်းစာမှ သာဓကမရှိချေ။

သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အားဥပုသ်နေ့မှလွဲ၍၊ တစ်ရက်ရက်ကိုစောင့်ရန် ပညတ်သည့်ကျမ်း ဘယ်နေရာတွင်မျှမရှိချေ။ အခြားနေ့များကိုကောင်းချီးပေးသည် သို့မဟုတ် သန့်ရှင်းစေသည်ဟူသောကျမ်းချက်မရှိချေ။ ဘုရားသခင်သည် ဥပုသ်နေ့ကို အခြားတစ်ရက်ရက်သို့ပြောင်းခဲ့သည်ဟူ၍လည်း ဓမ္မသစ်ကျမ်းကမညွှန်ပြချေ။

ထိုအရာနှင့်ဆန့်ကျင်၍၊ ဘုရားသခင်သည် သူ၏လူတို့အားဥပုသ်နေ့ကိုထာဝရကာလတစ်လျှောက်လုံးစောင့်ရန်ရည်ရွယ်ကြောင်း သမ္မာကျမ်းစာကဖော်ပြသည်။ "ငါဖန်ဆင်းသောကောင်းကင်သစ်နှင့်မြေကြီးသစ်သည် ငါ့ရှေ့၌တည်သကဲ့သို့၊ သင်တို့၏အမျိုးအနွယ်နှင့် သင်တို့၏နာမသည်လည်းတည်ရလိမ့်မည်။.... လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာကိုးကွယ်ခြင်းငှါ လဆန်းနေ့နှင့်ဥပုသ်နေ့အစဉ်အတိုင်းလာကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏" (ဟေရှာယ၊ ၆၆း၂၂၊၂၃)။

**ဥပုသ်နေ့၏အဓိပ္ပါယ်။** ဥပုသ်နေ့သည် ကျယ်ပြန့်သောအဓိပ္ပါယ်ရှိပြီး၊ နက်နဲကြွယ်ဝသောဝိညာဉ်ရေးနှင့်ပြည့်သည်။

**၁။ ဖန်ဆင်းခြင်း၏ရာသက်ပန်အထိမ်းအမှတ်။** ကျွန်ုပ်တို့လေ့လာခဲ့သကဲ့သို့၊ ဥပုသ်နေ့ကိုပညတ်တော်ဆယ်ပါးတွင် ထည့်သွင်းရခြင်း၏အခြေခံအကြောင်းရင်းမှာ ၎င်းသည် ဘုရားသခင်အားဖန်ဆင်းရှင်အဖြစ် အမှတ်ရစေသောကြောင့်ဖြစ်သည်။ ထိုပညတ်ချက်သည် လူယောကျာ်းမိန်းမအားလုံးကို ဘုရားသခင်အားဖန်ဆင်းရှင်အဖြစ်ကြည်ညို၊ ကိုးကွယ်ရန်တောင်းဆိုသည် (ထွက်၊ ၂၀း၁၁၊၁၂)။ သတ္တမနေ့ကိုဥပုသ်နေ့အဖြစ်စောင့်ရမည်ဟူသောပညတ်သည် "ဖန်ဆင်းခြင်းအမှုနှင့်ခွဲ၍မရနိုင်အောင်ဆက်နေသည်။ ဥပုသ်နေ့ကိုတည်ထောင်၍၊ ထိုနေ့ကိုစောင့်စေသောအမိန့်သည် ဖန်ဆင်းခြင်းအမှု၏တိုက်ရိုက်အကျိုးဆက်ဖြစ်သည်။ ထို့ပြင်မက၊ လူသားမိသားစုတစ်ခုလုံးသည် ဘုရားရှင်၏ဖန်ဆင်းခြင်းကြောင့်တည်ရှိလာသည်ဖြစ်ရာ၊ ထိုနေ့ကိုအောက်မေ့ရမည်။ သို့ဖြစ်၍၊ ဘုရားသခင်၏ဖန်ဆင်းခြင်းတန်ခိုး၏ အထိမ်းအမှတ်အဖြစ် ဥပုသ်နေ့ပညတ်ကို

လိုက်နာရန်ဝတ္တရားသည် လူသားမျိုးနွယ်တစ်ခုလုံးအပေါ်တွင် လွဲပြောင်းကျရောက်သည်။" "ဥပုသ်နေ့သည် သူ၏ဖန်ဆင်းခြင်းလုပ်ငန်းကိုသတိရရန် ဘုရားသခင်သတ်မှတ်သည့် ထာဝရဝတ္တရားဖြစ်သည်။"

ဥပုသ်နေ့ကိုဖန်ဆင်းခြင်းအထိမ်းအမှတ်အဖြစ် စောင့်သောသူတို့က "ဘုရားသခင်သည် သူတို့၏ဖန်ဆင်းရှင်နှင့် သူတို့၏စစ်မှန်သောအချုပ်အခြာအာဏာပိုင်ဖြစ်ကြောင်း–၊ သူတို့သည် သူ၏ဖန်ဆင်းခြင်းလက်ရာများဖြစ်၍၊ သူ၏အာဏာအောက်၌ရှိကြောင်းကို ဝမ်းမြောက်စွာအသိအမှတ်ပြုခြင်းအဖြစ် ဥပုသ်နေ့ကိုစောင့်ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဥပုသ်နေ့သည် လုံးလုံးဂုဏ်ပြုသောအထိမ်းအမှတ်ဖြစ်၍၊ လူသားအားလုံးကိုပေးသည်။ ၎င်း၌ အရိပ်ဟူသည်မရှိ၊ မည်သူနှင့်မျှလည်းကန့်သတ်ထားခြင်းမရှိချေ။" ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် သူ့ကိုကိုးကွယ်နေသရွေ့၊ ဥပုသ်နေ့သည် ဖန်ဆင်းခြင်း၏အမှတ်လက္ခဏာနှင့် အထိမ်းအမှတ်အဖြစ်ဆက်ရှိနေလိမ့်မည်။

၂။ **ရွေးနုတ်ခြင်း၏အမှတ်အသား။** ဘုရားသခင်သည် ဣသရေလတို့ကို အီဂျစ်ပြည်၏အချုပ်အနှောင်မှကယ်နုတ်သောအချိန်က၊ ဖန်ဆင်းခြင်း၏အထိမ်းအမှတ်အဖြစ်နှင့်ပြီးသောဥပုသ်နေ့သည် ကယ်နုတ်ခြင်း၏အထိမ်းအမှတ်လည်းဖြစ်လာခဲ့သည် (တရားဟော၊ ၅း၁၅)။ "အပတ်စဉ်ဥပုသ်နေ့နားနေခြင်းကို ကောင်းစွာစောင့်ခဲ့မည်ဆိုလျှင်၊ ဘုရားသခင်သည် လူတို့ကိုအီဂျစ်ပြည်သာမက၊ ခေတ်အဆက်ဆက်ကမည်သည့်တိုင်းပြည်၏အချုပ်အနှောင်ထဲကမဆို အစဉ်လွှတ်ပေးရန်ကြံရွယ်ခဲ့သည်။ ယနေ့လူတို့သည် လောဘကြီးခြင်း၊ အကျိုးအမြတ်နှင့်တန်ခိုးအာဏာ၊ လူမှုရေးမညီမျှမှု၊ အပြစ်နှင့်တစ်ကိုယ်ကောင်းဆန်ခြင်း စသည်တို့မှလာသောအချုပ်အနှောင်မှလွတ်မြောက်ရန်လိုအပ်သည်။"

ကျွန်ုပ်တို့သည် လက်ဝါးကပ်တိုင်ကိုကြည့်သောအခါ၊ ဥပုသ်နေ့နားနေခြင်းသည် ရွေးနုတ်ခြင်း၏အထူးအမှတ်အသားအဖြစ်ထင်ရှားနေသည်။ "၎င်းသည် ဗမာန္တေလဘုရား၏ခေါင်းဆောင်မှုအောက်၌ အပြစ်၏အချုပ်အနှောင်မှလွတ်မြောက်ခြင်းအထိမ်းအမှတ်ဖြစ်သည်။ ကျွန်ုပ်တို့သယ်ဆောင်သောအကြီးမားဆုံးဝန်ထုပ်မှာ ကျွန်ုပ်တို့နားမထောင်သောအပြစ်ဖြစ်သည်။ အပြစ်ကိုအောင်နိုင်သည့်နားနေခြင်းဖြစ်သောသချိုင်းဂူတွင် ခရစ်တော်၏နားနေခြင်းကို ပြန်လည်ညွှန်းဆိုခြင်းအားဖြင့် ဥပုသ်နေ့နားနေခြင်းသည် ခရစ်ယာန်တို့အား ခရစ်တော်၏အပြစ်လွှတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့်နားနေခြင်းကို လက်ခံရရှိရန်နှင့်တွေ့ကြုံခံစားရန် သေချာသောအခွင့်အရေးဖြစ်သည်။"

၃။ **သန့်ရှင်းစင်ကြယ်ခြင်း၏အမှတ်အသား။** ဥပုသ်နေ့သည် ဘုရားသခင့်ပြောင်းလဲစေခြင်းတန်ခိုးအမှတ်အသား၊ သန့်ရှင်းခြင်းနှင့်စင်ကြယ်ခြင်း၏လက္ခဏာဖြစ်သည်။ "ငါသည် သင်တို့ကိုသန့်ရှင်းစေသောထာဝရဘုရားဖြစ်ကြောင်းကို သင်တို့

သိစေခြင်းငှာ၊ ငါနှင့်သင်တို့၏သားစဉ်မြေးဆက်စပ်ကြား၌ လက္ခဏာသက်သေဖြစ်ဖို့ရာ၊ ငါ့ပုဥသ်နေ့ကိုစင်စစ်စောင့်ရကြမည်" (ထွက်၊ ၃၁း၁၃)။ ထိုကြောင့် ဥပုသ်နေ့သည် သန့်ရှင်းစင်ကြယ်စေသူအဖြစ် ဘုရားသခင်၏အမှတ်အသားဖြစ်သည်။ ဟေဗြဲသြဝါဒစာကိုရေးသားသောသူက ဘုရားသခင်သည် ကျွန်ုပ်တို့ကိုခရစ်တော်၏အသွေးအားဖြင့် သန့်ရှင်းစင်ကြယ်စေသည်ဟုဖော်ပြသည် (ဟေဗြဲ၊ ၁၃း၁၂)။ ဤအကြောင်းကြောင့်၊ ကျွန်ုပ်တို့၏အပြစ်များခွင့်လွှတ်ခြင်းအတွက် ခရစ်တော်သွန်းသောအသွေးကိုလက်ခံခြင်းအားဖြင့် ကျွန်ုပ်တို့သည် သန့်ရှင်းစင်ကြယ်ခြင်းသို့ရောက်ကြောင်း အမှတ်လက္ခဏာအဖြစ် ဥပုသ်နေ့သည်ရပ်တည်နေသည်။

ဘုရားသခင်သည် ဥပုသ်နေ့ကိုသန့်ရှင်းသောရည်ရွယ်ချက်အတွက် သီးသန့်ဖယ်ထားသည်နည်းတူ၊ သူ၏လူတို့ကိုလည်း သူ၏အထူးသက်သေခံများဖြစ်စေရန်၊ သန့်ရှင်းသောရည်ရွယ်ချက်အတွက် သီးသန့်ထားရှိသည်။ သူတို့သည် ကိုယ်တော်နှင့်အတူ ထိုနေ့၌ရင်းနှီးသောဆက်ဆံမှုသည် သန့်ရှင်းခြင်းသို့ပို့ဆောင်သည်။ သူတို့သည် မိမိတို့ကိုယ်ပိုင်အင်အားအပေါ်မမှီခိုဘဲ၊ သူတို့ကို သန့်ရှင်းစေသောဘုရားသခင်အပေါ်မှီခိုရန် သင်ယူကြသည်။

"အရာခပ်သိမ်းကိုဖန်ဆင်းသောတန်ခိုးသည် လူကိုသူ၏ပုံသဏ္ဌာန်အတိုင်း ပြန်လည်ဖန်ဆင်းသောတန်ခိုးပင်ဖြစ်သည်။ ဥပုသ်နေ့ကိုသန့်ရှင်းစွာစောင့်သောသူတို့အတွက်၊ ထိုနေ့သည် သန့်ရှင်းစင်ကြယ်ခြင်း၏အမှတ်အသားဖြစ်သည်။ စစ်မှန်သောသန့်ရှင်းစင်ကြယ်ခြင်းသည် ဘုရားသခင်နှင့်စိတ်သဘောထားချင်းညီညွတ်၍၊ စရိုက်တွင် တစ်လုံးတစ်ဝတည်းရှိသည်။ ဤသို့သောအဖြစ်ကို သူ၏ဂုဏ်တော်ကိုကူးယူထားသောစည်းမျဉ်းများ နာခံခြင်းအားဖြင့်ရရှိသည်။ ထိုနောက် ဥပုသ်နေ့သည် နာခံခြင်း၏အမှတ်အသားဖြစ်သည်။ စိတ်နှလုံးထဲက စတုတ္ထပညတ်ကိုနာခံသောသူသည် ပညတ်တော်တစ်ခုလုံးကို လိုက်လျှောက်လိမ့်မည်။ ထိုသူသည် နားထောင်ခြင်းအားဖြင့် သန့်ရှင်းစင်ကြယ်သည်။"

**၄။ သစ္စာရှိခြင်း၏အမှတ်အသား။** အာဒံနှင့်ဧဝတို့၏သစ္စာရှိခြင်းကို ဧဒင်ဥယျာဉ်၌ရှိသော ကောင်းမကောင်းသိကျွမ်းရာအပင်အားဖြင့် စမ်းသပ်သကဲ့သို့၊ လူသားတိုင်း၏ ဘုရားသခင်အပေါ်သစ္စာရှိခြင်းကို ပညတ်တော်ဆယ်ပါး၌ပါရှိသောဥပုသ်နေ့ပညတ်အားဖြင့်စမ်းသပ်လိမ့်မည်။

ခရစ်တော်ဒုတိယအကြိမ်မကြွလာမီလောကီသားအားလုံးသည် "ဘုရားသခင်၏ပညတ်တို့ကိုလည်းကောင်း၊ ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်း၊ စောင့်ရှောက်သောသန့်ရှင်းသောသူတို့" နှင့် "သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်" သောသူတို့ဟူ၍ နှစ်ဖွဲ့ကွဲလိမ့်မည်ဟု သမ္မာကျမ်းစာကဖော်ပြသည် (ဗျာ၊ ၁၄း၁၂၊၉)။ ထိုအချိန်တွင်

ဘုရားသခင်၏သမ္မာတရားသည် လောကီသားများရှေ့တွင်ထင်ရှား၍၊ သမ္မာကျမ်းစာထဲက သတ္တမနေ့ဥပုသ်ကိုစောင့်သည့်နာခံမှုရှိသောသူအားလုံး ဖန်ဆင်းရှင်အပေါ်သစ္စာရှိခြင်း၏သက်သေကိုပြကြသည်။

**၅။ မိတ်သဟာယဖွဲ့သောအချိန်။** ဘုရားသခင်သည် တိရစ္ဆာန်များကိုလူသားတို့၏အပေါင်းအဖော်အတွက်ဖန်ဆင်းခဲ့သည် (ကမ္ဘာ၊ ၁း၂၄၊၂၅)။ ပိုမိုအဆင့်မြင့်သောပေါင်းဖော်မှုအတွက် လူယောကျ်ားနှင့်မိန်းမတို့ကို အချင်းချင်းအတွက်ပေးခဲ့သည် (ကမ္ဘာ၊ ၂း၁၈–၂၅)။ သို့သော်၊ ဥပုသ်နေ့တွင်မူ၊ ဘုရားသခင်သည် အကြီးမားဆုံးသောပေါင်းဖော်ခြင်းဖြစ်သည့် သူနှင့်ပေါင်းဖော်ခြင်းအခွင့်ကိုဆုချပေးခဲ့သည်။ လူသားတို့သည် တိရစ္ဆာန်များနှင့်လည်းကောင်း၊ လူသားအချင်းချင်းနှင့်သော်လည်းကောင်း ပေါင်းဖော်ရန်သာမဟုတ်ပါ။ သူတို့သည် ဘုရားသခင်အတွက်ဖန်ဆင်းခြင်းခံရကြသည်။

ဥပုသ်နေ့တွင် အထူးသဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အလယ်၌ ဘုရားသခင်ရှိခြင်းကိုတွေ့ကြုံခံစားနိုင်သည်။ ဥပုသ်နေ့မရှိခဲ့သော် လူတိုင်းသည်အလုပ်သာလုပ်ရ၍ ချွေးထွက်ခြင်းလည်းဆုံးတော့မည်မဟုတ်ချေ။ နေ့တိုင်းသည် အတူတူဖြစ်၍၊ လောကီရေးရာများနှင့်သာကုန်ဆုံးလိမ့်မည်။ သို့သော်လည်း ဥပုသ်နေ့ရောက်လာခြင်းသည် မျှော်လင့်ချက်၊ ဝမ်းမြောက်မှု၊ ရည်မှန်းချက်နှင့် သတ္တိကိုယူဆောင်လာသည်။ ၎င်းသည် ဝတ်ပြုကိုးကွယ်ခြင်း၊ ဆုတောင်းခြင်း၊ သီချင်းဆိုခြင်း၊ နှုတ်ကပတ်တော်လေ့လာခြင်းနှင့် ဧဝံဂေလိတရားကိုတစ်ပါးသူတို့အား ဝေငှခြင်းတို့အားဖြင့် ဘုရားသခင်နှင့်အတူ ရင်းရင်းနှီးနှီးပေါင်းဖော်ရသောအချိန်ကိုစီမံပေးသည်။ ဥပုသ်နေ့သည် ဘုရားသခင်၏ရှိနေခြင်းကိုတွေ့ကြုံခံစားရန် ကျွန်ုပ်တို့၏အခွင့်အရေးဖြစ်သည်။

**၆။ ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ခြင်းအမှတ်အသား။** ဥာဏ်အလင်းရသောသြတ္တပ္ပစိတ်၏လမ်းပြမှုအားဖြင့် သမ္မာတရားကိုရိုးရိုးသားသားရှာဖွေသောခရစ်ယာန်မဟုတ်သောသူတို့ကို သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ပညတ်တော်မှ အထွေထွေစည်းမျဉ်းများကိုနားလည်နိုင်ရန် ပို့ဆောင်ပေးနိုင်သည် (ရောမ၊ ၂း၁၄–၁၆)။ ဤအရာက ခရစ်ယာန်မဟုတ်သောသူတို့သည် ဥပုသ်နေ့မှလွဲ၍ ကျန်ပညတ်ချက်ကိုးချက်ကို အဘယ်ကြောင့်လိုက်နာသည်ကိုရှင်းပြသည်။ သို့သော် ဥပုသ်နေ့ပညတ်ကိစ္စမှာထိုသို့မဟုတ်ချေ။

များစွာသောလူတို့သည် အပတ်စဉ်နားနေခြင်း၏အကြောင်းရင်းကို မြင်နိုင်ကြသည်။ သို့သော်၊ ရက်သတ္တပတ်၏အခြားနေ့များတွင် လုပ်ကောင်းသောအရာများကိုသတ္တမနေ့တွင်ပြုလုပ်ခြင်းသည် အပြစ်ဖြစ်ကြောင်းကိုနားလည်ရန်အခက်အခဲရှိနေကြသည်။ သဘာဝတရားသည် သတ္တမနေ့ကိုစောင့်ရန်အတွက် မည်သည့်အခြေခံမျှ

မပေးချေ။ ဂြိုဟ်တို့သည် မိမိတို့လမ်းကြောင်းအတိုင်းရွေ့လျားကြသည်၊ ကောက်ပဲသီးနှံများကြီးထွားကြသည်၊ မိုးရေနှင့်နေရောင်ခြည်သည် တစ်လှည့်စီဖြစ်ပေါ်နေသည်၊ တောသားရဲများသည်လည်း နေ့ရက်တိုင်းသည် အတူတူဖြစ်နေသည့်အလားသွားလာနေကြသည်။ ထိုသို့ဆိုသော်၊ အဘယ်ကြောင့်လူတို့သည် သတ္တမနေ့ဥပုသ်ကိုစောင့်ရမည်နည်း။ "ခရစ်ယာန်များအတွက် အကြောင်းရင်းတစ်ခုသာရှိသည်၊ အခြားမရှိ။ သို့သော် ထိုအကြောင်းရင်းမှာလုံလောက်သည်။ ၎င်းမှာ ဘုရားသခင်မိန့်တော်မူခဲ့ပြီးဖြစ်သောကြောင့်တည်း။"

ဘုရားသခင့်အထူးဖော်ပြမှု၏အခြေခံအကြောင်းရင်းအားဖြင့်သာ လူတို့သည် သတ္တမနေ့စောင့်ရခြင်း၏ကျိုးကြောင်းသင့်မှုကို နားလည်နိုင်သည်။ ထို့ကြောင့် သတ္တမနေ့ကို စောင့်သောသူတို့သည် ၎င်းကိုစောင့်ရန်ပညတ်ချက်ပေးသော ခရစ်တော်ကိုယုံကြည်အားကိုးခြင်းဖြင့်စောင့်ကြသည်။ ဥပုသ်နေ့ကိုစောင့်ခြင်းအားဖြင့်၊ ယုံကြည်သူတို့သည် မိမိတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်အပေါ်မှီခိုမည့်အစား၊ မိမိတို့အသက်တာအတွက် ဘုရားသခင်၏အလိုတော်ကို လိုလိုလားလားလက်ခံခြင်းကိုဖော်ပြကြသည်။

သတ္တမနေ့စောင့်ခြင်းအားဖြင့်၊ ယုံကြည်သူတို့သည် မိမိတို့ကိုယ်ကိုဖြောင့်မတ်ရန်ကြိုးစားနေခြင်းမဟုတ်ပါ။ အမှန်မှာ၊ ဖန်ဆင်းရှင်နှင့်ရွေးနုတ်ရှင်ဖြစ်သောခရစ်တော်နှင့်အတူ ဆက်ဆံရေးရှိခြင်း၏အကျိုးဆက်အဖြစ် သူတို့သည် ဥပုသ်နေ့ကိုစောင့်ကြသည်။ ဥပုသ်စောင့်ခြင်းသည် ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့် သန့်ရှင်းစင်ကြယ်စေခြင်းအရာတို့၌ ခရစ်တော်၏ဖြောင့်မတ်ခြင်း၏အကျိုးရလဒ်ဖြစ်၍၊ သူတို့သည် အပြစ်၏အချုပ်အနှောင်မှလွတ်မြောက်ပြီးကြောင်းနှင့် ခရစ်တော်၏စုံလင်သောဖြောင့်မတ်ခြင်းကိုရရှိပြီးကြောင်းကိုဖော်ပြသည်။

"ပန်းသီးပင်သည် ပန်းသီးများသီးခြင်းအားဖြင့် ပန်းသီးပင်ဖြစ်မလာချေ။ ၎င်းသည် ရှေးဦးစွာပန်းသီးပင်ဖြစ်နေရမည်။ ထိုအခါပန်းသီးများသည် သဘာဝအလျောက်သီးလာလိမ့်မည်။ ထို့ကြောင့် စစ်မှန်သောခရစ်ယာန်တို့သည် ဥပုသ်နေ့ သို့မဟုတ် အခြားပညတ်ကိုးချက်တို့ကို မိမိတို့ကိုယ်ကိုဖြောင့်မတ်စေရန် စောင့်ကြခြင်းမဟုတ်ချေ။ အမှန်မှာ၊ ခရစ်တော်သည် သူတို့အားမျှဝေသောဖြောင့်မတ်ခြင်း၏အသီးဖြစ်သည်။ ဤနည်းလမ်းဖြင့် ဥပုသ်နေ့ကိုစောင့်သောသူသည် အကျင့်သမားမဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော်၊ အပြင်ပန်းဥပုသ်စောင့်ခြင်းသည် ယုံကြည်သူ၏အတွင်းပိုင်းဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်းအတွေ့အကြုံကိုညွှန်ပြသည်။ သို့ဖြစ်၍ စစ်မှန်သောဥပုသ်စောင့်သူသည် ဘုရားသခင်၏မျက်နှာသာကိုရလိုသောအားဖြင့် ဥပုသ်နေ့တွင်တားမြစ်သောအရာများကိုမပြုလုပ်ခြင်းမဟုတ်ဘဲ၊ သူသည် ဘုရားသခင်ကိုချစ်သောကြောင့် သူနှင့်အနီးကပ်ဆုံးမိတ်သဟာယဖွဲ့လိုသောကြောင့် ဥပုသ်နေ့ကိုစောင့်ခြင်းဖြစ်သည်။"

ထို့ကြောင့် ဖန်ဆင်းရှင်ခရစ်တော်ကသာလျှင် ကျွန်ုပ်တို့ကိုကယ်တင်နိုင်ကြောင်းကို သဘောပေါက်သည်ဖြစ်ရာ၊ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုအားကိုးခြင်းမှရပ်တန့်လိုက်ပြီဖြစ်ကြောင်း ဥပုသ်နေ့စောင့်ခြင်းကဖော်ပြသည်။ အမှန်မှာ၊ "စစ်မှန်သောဥပုသ်နေ့စောင့်ခြင်း၏စိတ်ဓာတ်မှာ ကျွန်ုပ်တို့ကို အသစ်သောပုဂ္ဂိုလ်များဖြစ်စေသည့် ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်ဖြစ်သောယေရှုခရစ်တော်ကို အကြီးမြတ်ဆုံးချစ်ကြောင်းကိုဖော်ပြသည်။ မှန်ကန်သောနေ့ရက်ကို မှန်ကန်သောနည်းလမ်းဖြင့်စောင့်ခြင်းသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း၏အမှတ်အသားဖြစ်သည်။"

**၇။ ခရစ်တော်၌နားနေခြင်း၏အမှတ်အသား။** ခါနာန်ပြည်တွင်နားနေရန် ဘုရားသခင်သည် ဣသရေလတို့ကိုအီဂျစ်ပြည်မှကယ်နုတ်ခြင်း၏ အထိမ်းအမှတ်ဖြစ်သောဥပုသ်နေ့သည် ထိုအချိန်က ရွေးနုတ်ခြင်းခံရသောသူတို့ကို ပတ်ဝန်းကျင်လူမျိုးများမှခွဲခြားသိမြင်စေသည်။ အလားတူနည်းလမ်းဖြင့် ဥပုသ်နေ့သည် လောကီသားများမှ ရွေးနုတ်ခံသူတို့ကို သီးသန့်ဖယ်ထားခြင်းတည်းဟူသော ဘုရားသခင်၏ငြိမ်ဝပ်ခြင်းကို ရရှိရန် အပြစ်မှကယ်နုတ်ခြင်း၏အမှတ်အသားဖြစ်သည်။

ဘုရားသခင်ဖိတ်ခေါ်သည့် နားနေခြင်းထဲသို့ဝင်သောသူအားလုံးသည် "ဘုရားသခင်သည် မိမိအမှုအရာတို့ကိုပြီးစီး၍ ငြိမ်ဝပ်စွာနေတော်မူသည်နည်းတူ၊.... မိမိအမှုအရာကိုပြီးစီး၍ ငြိမ်ဝပ်စွာနေရ၏" (ဟေဗြဲ၊ ၄း၁၀)။ "ဤငြိမ်ဝပ်စွာနေခြင်းသည် ဝိညာဉ်ရေးဆိုင်ရာနားနေခြင်း၊ မိမိတို့ကိုယ်ပိုင်အလုပ်များမှနားခြင်း၊ အပြစ်ပြုခြင်းမှရပ်တန့်ခြင်းဖြစ်သည်။ ဘုရားသခင်သည် မိမိလူတို့ကိုဖိတ်ခေါ်သည်မှာ ဤချမ်းသာခြင်းထဲသို့ဖြစ်သည်။ ၎င်းသည် ဥပုသ်နေ့နှင့်ခါနာန်ပြည်၌ ငြိမ်ဝပ်စွာနေခြင်း၏အမှတ်အသားဖြစ်သည်။"

ဘုရားသခင်သည် မိမိ၏ဖန်ဆင်းခြင်းအမှုကိုပြီးဆုံး၍ သတ္တမနေ့တွင်နားနေသောအခါ၊ သူသည် ဥပုသ်နေ့တွင်အာဒံနှင့်ဧဝတို့အား သူ့၌နားနေခြင်းအခွင့်ကိုပေးခဲ့သည်။ သူတို့သည် ကျရှုံးခဲ့သော်လည်း၊ လူသားများအတွက်နားနေခြင်းကိုပေးသောဘုရားသခင်၏မူလရည်ရွယ်ချက်သည် မပြောင်းမလဲရှိနေသည်။ အပြစ်ဝင်လာပြီးနောက်ပိုင်းတွင် ဥပုသ်နေ့သည် ထိုနားနေခြင်းကိုပြန်လည်သတိရစေသောအရာအဖြစ်ဆက်လက်ရှိနေသည်။ "ထို့ကြောင့် သတ္တမနေ့ဥပုသ်ကိုစောင့်ခြင်းသည် ဘုရားသခင်အားအရာခပ်သိမ်းကိုဖန်ဆင်းသောအရှင်အဖြစ် ယုံကြည်ခြင်းကိုသာမက၊ အသက်တာကိုပြောင်းလဲ၍၊ မြေကြီးပေါ်တွင်နေထိုင်သောသူတို့အတွက် မူလရည်ရွယ်သည့် "နားနေခြင်း" ထဲသို့ လူယောက်ျား၊ မိန်းမတို့ကို အရည်အချင်းပြည့်မီစေသောတန်ခိုးကိုယုံကြည်ခြင်းဖြစ်သည်။"

ဘုရားသခင်သည် တကယ့်ဣသရေလတို့အား ဤဝိညာဉ်ရေးချမ်းသာကို ကတိပေးခဲ့ပြီးဖြစ်သည်။ သူတို့သည် ထိုချမ်းသာခြင်းထဲသို့ဝင်စားရန် မအောင်မြင်ခဲ့လင့်ကစား၊ ဘုရားသခင်၏ဖိတ်ခေါ်ခြင်းသည် ရှိနေဆဲဖြစ်သည်။ "ထိုကြောင့် ဘုရားသခင်၏လူတို့အဖို့အလိုငှာ၊ ငြိမ်ဝပ်ခြင်းချမ်းသာတစ်မျိုးသည် ကျန်ရစ်သေး၏" (ဟေဗြဲ၊ ၄း၉)။ ထိုငြိမ်ဝပ်ခြင်းချမ်းသာသို့ ဝင်လိုသောသူအားလုံးသည် ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်၏ဝိညာဉ်ရေးနားနေခြင်းတည်းဟူသော အပြစ်နှင့်ကယ်တင်ခြင်းအတွက် ကြိုးစားလုပ်ဆောင်ခြင်းတို့မှ နားနေခြင်းကိုအလျင်ရှိရမည်။"

ဓမ္မသစ်ကျမ်းသည် ခရစ်ယာန်တို့အား ဤကျေးဇူးတော်နှင့်ယုံကြည်ခြင်းတို့၏ ငြိမ်ဝပ်ခြင်းကိုတွေ့ကြုံခံစားရန်အတွက် စောင့်ဆိုင်းမနေရန်တောင်းဆိုသည်။ အဘယ်ကြောင့်ဆိုသော်၊ "ယနေ့" သည် ထိုငြိမ်ဝပ်ခြင်းထဲသို့ ဝင်ရမည့်အခွင့်ထူးအချိန်ဖြစ်သည်။ (ဟေဗြဲ၊ ၄း၇။ ၃း၁၃)။ ဤငြိမ်ဝပ်ခြင်းတည်းဟူသော ယေရှုခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်သောကျေးဇူးတော်ကိုရရှိသောသူအားလုံးသည် မိမိတို့ကိုယ်ပိုင်အကျင့်အားဖြင့် ဖြောင့်မတ်ခြင်းကိုရလိုသောကြိုးပမ်းမှုအားလုံးကို ရပ်စဲလိုက်ကြသည်။ ဤနည်းအားဖြင့် သတ္တမနေ့ဥပုသ်ကိုစောင့်ခြင်းသည် ယုံကြည်သူတို့သည် ဧဝံဂေလိတရား၏ ငြိမ်ဝပ်ခြင်းချမ်းသာထဲဝင်ရောက်ခြင်း၏ အမှတ်သင်္ကေတဖြစ်သည်။

## ဝတ်ပြုကိုးကွယ်ရာနေ့ကိုပြောင်းလဲရန်ကြိုးပမ်းမှု

ဥပုသ်နေ့သည် ဘုရားသခင်ကိုဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်အဖြစ်ကိုးကွယ်ရာတွင် မရှိမဖြစ်ကဏ္ဍပါဝင်သောကြောင့်၊ စာတန်သည် ဤမြင့်မြတ်သောပြဋ္ဌာန်းချက်ကို အစွမ်းကုန်တိုက်ခိုက်သည်မှာ အံ့သြစရာမရှိချေ။

ဘုရားသခင်သည် ဧဒင်ဥယျာဉ်တွင်ဖန်ဆင်း၍၊ သိနာတောင်တွင်ပြန်လည်ဖော်ပြခဲ့သော ဝတ်ပြုကိုးကွယ်ရာနေ့မှပြောင်းလဲခြင်းကို သမ္မာကျမ်းစာသည် မည်သည့်နေရာတွင်မျှလုပ်ပိုင်ခွင့်မပေးချေ။ တနင်္ဂနွေနေ့ကိုစောင့်သောသူများကိုယ်တိုင်၊ အခြားသော ခရစ်ယာန်များသည် ဤအရာကိုအသိအမှတ်ပြုကြသည်။ ကာသိုလိပ်အသင်းတော် ဘုန်းကြီး ဂျိန်းစ်ဂိဘွန်း (Cardinal James Gibbon) အချိန်က "သင်သည်သမ္မာကျမ်းစာကို ကမ္ဘာဦးကျမ်းမှဗျာဒိတ်ကျမ်းအထိဖတ်နိုင်ခဲ့သည်။ တနင်္ဂနွေနေ့ကိုသန့်ရှင်းစေသည့် ခွင့်ပြုချက်အထောက်အထား စာကြောင်းတစ်ကြောင်းမျှ သင်တွေ့ရလိမ့်မည်မဟုတ်ပါ။ သမ္မာကျမ်းစာသည် သတ္တမနေ့ကိုဘာသာရေးနှင့်ဆိုင်၍ စောင့်ရန်အတင်းအကျပ်ပြုသည်" ဟုဆိုသည်။

ကာသိုလိပ်အသင်းတော်မှခွဲထွက်သူတစ်ဦးဖြစ်သော အေတီလင်ကွန်း (A. T. Lincoln) က "ခရစ်တော်ရှင်ပြန်ထမြောက်ခြင်းကစ၍ ဘုရားသခင်သည် ပထမနေ့ကို ဥပုသ်နေ့ကဲ့သို့စောင့်ရမည်ဟု သတ်မှတ်သည်ဟူသောယုံကြည်ချက်အတွက် ဓမ္မသစ်ကျမ်းကိုယ်၌က ခွင့်ပြုချက်ပေးသည်ဟုငြင်းခုံ၍မရနိုင်ပါ" ဟုဝန်ခံခဲ့သည်။ ဆက်လက်၍သူက၊ "သတ္တမနေ့ဥပုသ်ကိုစောင့်သောသူဖြစ်လာခြင်းသည် ပညတ်တော်ဆယ်ပါးတစ်ခုလုံးကို လူ့ကျင့်ဝတ်ဆိုင်ရာပညတ်အဖြစ် လိုက်နာသောသူမည်သူမဆိုအတွက် တစ်ခုတည်းသော တစ်သမတ်တည်းရှိသည့်လမ်းကြောင်းဖြစ်သည်" ဟုအသိအမှတ်ပြုခဲ့သည်။

ခရစ်တော် သို့မဟုတ် သူ၏တပည့်တော်တို့သည် ဝတ်ပြုကိုးကွယ်ရာနေ့ကို သတ္တမနေ့မှပြောင်းခဲ့သည့်ကျမ်းစာအထောက်အထားမရှိခဲ့သော်၊ မည်သို့သောအားဖြင့် အလွန်များစွာသောခရစ်ယာန်တို့သည် ထိုနေ့အစား တနင်္ဂနွေနေ့ကိုလက်ခံလာကြသနည်း။

**တနင်္ဂနွေနေ့ကိုစောင့်ခြင်းပေါ်ပေါက်လာခြင်း။** ဥပုသ်နေ့မှတနင်္ဂနွေနေ့ ဝတ်ပြုကိုးကွယ်ခြင်းအပြောင်းအလဲသည် တဖြည်းဖြည်းချင်းဖြစ်လာခဲ့သည်။ ဒုတိယရာစုမတိုင်မီ၊ ခရစ်ယာန်တို့၏အပတ်စဉ် တနင်္ဂနွေနေ့ဝတ်ပြုကိုးကွယ်ခြင်းအထောက်အထားမရှိချေ။ သို့သော် ထိုရာစုနှစ်၏အလယ်တွင် တနင်္ဂနွေနေ့ကိုနားနေရာနေ့အဖြစ်မဟုတ်ဘဲ၊ ဝတ်ပြုကိုးကွယ်ရာနေ့အဖြစ် ခရစ်ယာန်တချို့သည် မိမိတို့ဆန္ဒအလျောက်စောင့်ခဲ့သည့် အထောက်အထားရှိသည်။

တနင်္ဂနွေနေ့ဝတ်ပြုကိုးကွယ်ခြင်းကို ဦးတည်လာခြင်းသည် တစ်ပါးအမျိုးသား ယုံကြည်သူအများစုဖြင့် ဖွဲ့စည်းသော (ရောမ၊ ၁၁း၁၃) ရောမအသင်းတော်နှင့် အဓိကအားဖြင့်စတင်ခဲ့သည်။ ရောမအင်ပါယာ၏မြို့တော်ရောမမြို့တွင် ပြင်းထန်သော ယုဒလူတို့ကိုဆန့်ကျင်သည့်သဘောထားပျံ့နှံ့ခဲ့ပြီး၊ အချိန်ကြာလာသည်နှင့်အမျှ ပိုမိုပြင်းထန်လာသည်။ ဤသဘောထားများကိုတုံ့ပြန်သောအားဖြင့် ထိုမြို့ထဲကခရစ်ယာန်တို့သည် ယုဒလူမျိုးများမှ မိမိတို့ကိုယ်ကိုခွဲခြားရန်ကြိုးပမ်းလာခဲ့ကြသည်။ သူတို့သည် ယုဒလူတို့နှင့်အတူတူကျင့်သုံးခဲ့သောအရာတချို့ကိုထားရစ်ခဲ့ပြီး၊ ဥပုသ်နေ့ကိုကြည်ညိုကိုင်းရှိုင်းမှုမှစတင်ထွက်ခွာလာပြီး၊ တနင်္ဂနွေနေ့ကိုသာစောင့်ခြင်းဘက်သို့ ဦးတည်လာခဲ့ကြသည်။

နှစ်ရာစုမှငါးရာစုနှစ်အထိ တနင်္ဂနွေနေ့စောင့်ခြင်းအရှိန်သည် ကြီးထွားလာနေချိန်တွင်၊ ရောမအင်ပါယာတစ်ခုလုံးနီးပါးတွင် ခရစ်ယာန်များသည် သတ္တမနေ့ဥပုသ်ကို ဆက်လက်စောင့်ခဲ့သည်။ ငါးရာစုနှစ်၏သမိုင်းဆရာ ဆိုကရေးတီး (Socrates) က ဤသို့ရေးခဲ့သည်။ "ကမ္ဘာအနှံ့အသင်းတော်အားလုံးနီးပါးက အပတ်စဉ်ဥပုသ်နေ့တွင် မွန်မြတ်သောအခမ်းအနားများကိုကျင်းပကြသည်။ သို့ရာတွင် အလက်ဇန္ဒြီးယားမြို့နှင့်

ရောမမြို့ရှိခရစ်ယာန်များမှာမူ ထိုသို့သောလုပ်ဆောင်မှုကိုရပ်တန့်လိုက်ပြီး၊ ရှေးထုံးတမ်းတချို့ကိုလိုက်လျှောက်ကြသည်။"

လေးရာစုနှင့်ငါးရာစုတွင် များစွာသောခရစ်ယာန်တို့သည် ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့တွင် ဝတ်ပြုကိုးကွယ်ကြသည်။ ထိုခေတ်က အခြားသမိုင်းဆရာဖြစ်သူ ဆိုဇိုမင်း (Sozomen) ကလည်း ဤသို့ရေးခဲ့သည်။ "ကွန်စတန်တီနိုဘယ်လ်မြို့နှင့် နေရာတိုင်းနီးပါးတွင် လူတို့သည်ဥပုသ်နေ့တွင်လည်းကောင်း၊ ရောမမြို့ သို့မဟုတ် အလက်ဇန္ဒြီယားမြို့တို့တွင် ဘယ်ခါမျှစောင့်သည့်ထုံးစံမရှိခဲ့သောရက်သတ္တပတ်၏ပထမနေ့တွင်လည်းကောင်းစုရုံးခဲ့ကြသည်။" ဤကိုးကားချက်များသည် ဥပုသ်နေ့စောင့်ခြင်းကို ဥပေက္ခာပြုရာတွင် ရောမမြို့၏ဦးဆောင်မှုကိုဖော်ပြသည်။

အဘယ်ကြောင့်သတ္တမနေ့တွင် ဝတ်ပြုကိုးကွယ်ခြင်းမှလှည့်ထွက်သွားသောသူတို့သည် အခြားနေ့ကိုမရွေးဘဲ၊ တနင်္ဂနွေနေ့ကိုရွေးခဲ့ကြသနည်း။ အဓိကအကြောင်းရင်းမှာ ရက်သတ္တပတ်၏ပထမနေ့ဖြစ်သောတနင်္ဂနွေနေ့သည် ယေရှု၏ရှင်ပြန်ထမြောက်ရာနေ့ဖြစ်သောကြောင့်ဖြစ်သည်။ ဥပုသ်နေ့ကိုသတ္တမနေ့မှ ပထမနေ့သို့ပြောင်းလဲခြင်းအတွက် ရှင်ပြန်ထမြောက်ရာနေ့ကို အကြောင်းရင်းအဖြစ်ထားရှိရာတွင်၊ ရှေးဦးအသင်းတော်သည် ရှင်ပြန်ထမြောက်ခြင်းကိုဂုဏ်ပြုသောအားဖြင့် တနင်္ဂနွေနေ့တွင်ဝတ်ပြုကိုးကွယ်ခြင်းကို တရားဝင်ခွင့်ပြုသည်ဟု လူတချို့ကဆိုကြသည်။ သို့ရာတွင် ထိုသို့သောအကြောင်းပြချက်ကို ဓမ္မသစ်ကျမ်းတွင်မတွေ့ရပါ။ အမှန်မှာ "ဒုတိယနှင့်တတိယရာစုနှစ်ကစာရေးဆရာတစ်ဦးတစ်ယောက်ကမျှ ဥပုသ်နေ့အစား တနင်္ဂနွေနေ့ဝတ်ပြုကိုးကွယ်ခြင်းအတွက် တရားဝင်ခွင့်ပြုသောကျမ်းချက်တစ်ခုမျှမကိုးကားခဲ့သည်မှာ အလွန်ထူးဆန်းလှသည်။ ယေရှုနှင့်မရှေးမနှောင်းအသက်ရှင်ခဲ့ကြသည့် စာရေးဆရာများဖြစ်သော ဗားနဗားစ်၊ အစ်နီးရှားစ်၊ ဂျားစ်တင်း၊ အီရဲနီးယားစ်၊ တာတူးလျံ၊ ရောမမြို့က ကလေးမန့်၊ အလက်ဇန္ဒြီယားမြို့က ကလေးမန့်၊ အော်ရီဂန်၊ ဆိုင်ပရီယန်၊ ဗစ်တိုးရီးနားစ်၊ သို့မဟုတ် အခြားတစ်ဦးဦးကမျှ ယေရှုထံမှလည်းကောင်း၊ ကျမ်းချက်တစ်ခုခုမှသော်လည်းကောင်း၊ ထိုသို့သောမည်သည့်ညွှန်ကြားချက်မျှမသိခဲ့ကြချေ။"

ဤကဲ့သို့တနင်္ဂနွေနေ့စောင့်ခြင်းသည် ခိုင်လုံသည့်ကျမ်းချက်အထောက်အထားမရှိသော်လည်း၊ ရုပ်တုကိုးကွယ်သည့်ရောမမြို့သားများအကြား နေကိုကိုးကွယ်ခြင်း၏ လူကြိုက်များမှုနှင့် သြဇာလွှမ်းမိုးမှုနှင့် တနင်္ဂနွေနေ့ကိုဝတ်ပြုကိုးကွယ်ရာနေ့အဖြစ်လက်ခံမှုတိုးပွားလာခြင်းတို့သည် သဘောထားချင်းတိုက်ဆိုင်လျက်ရှိသည်။ နေကိုကိုးကွယ်ခြင်းသည် ရှေးဟောင်းကမ္ဘာတစ်ခုလုံးတွင် အရေးကြီးသောကဏ္ဍတွင်ပါဝင်သည်။ ၎င်းသည် "ရောမဘာသာ၏သက်တမ်းအရင့်ဆုံးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။"

အရှေ့တိုင်းတွင် နေကိုကိုးကွယ်ခြင်းအစွန်းရောက်များကြောင့် "ဒုတိယရာစုနှစ်အစောပိုင်းကာလမှစ၍၊ ရောမမြို့နှင့် ရောမအင်ပါယာ၏အခြားဒေသများတွင် နေဘုရား (Sol Invictus) ကိုးကွယ်မှုသည်ကြီးစိုးနေခဲ့သည်။

ဤရေပန်းစားသောဘာသာရေးသည် ရှေးဦးအသင်းတော်ကိုအသစ်ပြောင်းလဲလာသောသူများအားဖြင့် အကျိုးသက်ရောက်စေခဲ့သည်။ "ရုပ်တုကိုးကွယ်ခြင်းမှပြောင်းလဲလာသောခရစ်ယာန်များ၏ နေကိုအမွန်အမြတ်ထားခြင်းသည် အစဉ်ဆွဲဆောင်မှုရှိနေခဲ့သည်။ ဤအရာကိုရှေးအသင်းတော်ခေါင်းဆောင်များက ဤကျင့်စဉ်ကိုမကြာခဏပြစ်တင်ရှုတ်ချမှုကသာမက၊ ခရစ်ယာန်တို့ဝတ်ပြုချိန်တွင်ဖတ်သည့် ဝတ်တက်စာတွင် နေကိုးကွယ်ခြင်းကိုပါရှိစေခြင်းတို့ကပြသသည်။"

စတုတ္ထရာစုနှစ်တွင် တနင်္ဂနွေနေ့ကိုစောင့်ရန် ဥပဒေများစတင်ထွက်ရှိလာခဲ့သည်။ ပထမတွင် အရပ်ဘက်ဆိုင်ရာတနင်္ဂနွေနေ့ဥပဒေများထုတ်ခဲ့သည်။ ထို့နောက်ဘာသာရေးအသွင်ဆောင်သော တနင်္ဂနွေနေ့ဥပဒေများထပ်ထွက်လာခဲ့သည်။ ဧကရာဇ်မင်းကွန်စတန်တင်းသည် ပထမအရပ်ဘက်ဆိုင်ရာတနင်္ဂနွေနေ့ဥပဒေကို (အေဒီ၊ ၃၂၁ ခု၊ မတ်လ ၇ရက်) တွင်ထုတ်ပြန်ကြေညာခဲ့သည်။ နေကိုကိုးကွယ်သူများအကြား တနင်္ဂနွေနေ့ရေပန်းစားမှုနှင့် များစွာသောခရစ်ယာန်များကလည်း ၎င်းကိုအလေးထားမှုတို့ကြောင့်၊ ကွန်စတန်တင်းသည် တနင်္ဂနွေနေ့ကိုအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ခြင်းအားဖြင့်၊ သူ၏အစိုးရအတွက် ဤနှစ်ဖွဲ့၏ထောက်ခံမှုကိုအသေအချာရရှိနိုင်မည်ဟု သူမျှော်လင့်ခဲ့သည်။

ကွန်စတန်တင်း၏တနင်္ဂနွေနေ့ဥပဒေသည် နေကိုကိုးကွယ်သူအဖြစ်သူ၏နောက်ကြောင်းကိုထင်ဟပ်စေခဲ့သည်။ "ကြည်ညိုဖွယ်နေ၏နေ့ (တနင်္ဂနွေနေ့) တွင် မြို့များ၌ရှိကြကုန်သောဝန်ထမ်းများနှင့် လူထုတို့သည်နားကြစေ။ အလုပ်ရုံအားလုံးလည်းပိတ်စေ၊ သို့သော်လည်း၊ တိုင်းပြည်ထဲတွင်စိုက်ပျိုးရေးလုပ်သောသူတို့သည် လွတ်လွတ်လပ်လပ်၊ ဥပဒေနှင့်လျော်ညီစွာ မိမိတို့၏လုပ်ငန်းကိုဆက်လက်လုပ်နိုင်သည်" ဟူ၍ဖြစ်သည်။

ဆယ်စုနှစ်ကာလတစ်ခုကျော်လွန်လာပြီးနောက်၊ အသင်းတော်သည် သူ၏နမူနာကိုလိုက်ခဲ့သည်။ အသင်းတော်အားလုံးမပါဝင်ဘဲ၊ ရိုမန်ကာသိုလိပ်ကသာကျင်းပသည့်လောဒိကိကောင်စီ (အေဒီ၊ ၃၆၄ ခုနှစ်) တွင်၊ ပထမဦးဆုံးခရစ်ယာန်အသင်းတော်နှင့်ဆိုင်သောတနင်္ဂနွေနေ့ဥပဒေကိုထုတ်ခဲ့သည်။ ဥပဒေပုဒ်မ (၂၉) တွင် ခရစ်ယာန်တို့သည် တနင်္ဂနွေနေ့ကိုလေးစားဂုဏ်ပြုရမည်ဖြစ်ကြောင်းနှင့် "အကယ်၍ဖြစ်နိုင်လျှင်ထိုနေ့တွင်အလုပ်မလုပ်ရ" ဟူ၍အသင်းတော်ကပြဋ္ဌာန်းခဲ့သည်။ တစ်ချိန်တည်းတွင်ဥပုသ်နေ့တွင်နားနေခြင်းဓလေ့ကိုရှုတ်ချပြီး၊ ခရစ်ယာန်တို့သည် "စနေနေ့တွင်ပျင်းရိမနေဘဲ၊ ထိုနေ့တွင်အလုပ်လုပ်ကြရမည်" ဟုပါရှိသည်။

အနာဂတ္တိစကား၏နှစ်ပေါင်း (၁၂၆၀) ၏အစဖြစ်သော (အေဒီ၊ ၅၃၈ ခုနှစ်) တွင်၊ ရိုမန်ကာသိုလိပ်အသင်းတော်သည် အော်လင်းစ် (Orleans) က တတိယကောင်စီတွင် ကွန်စတန်တင်း၏ဥပဒေထက်သာ၍ပင် ပိုမိုပြင်းထန်သောဥပဒေတစ်ခုကိုထုတ်ခဲ့သည်။ ထိုအစည်းအဝေး၏ဆုံးဖြတ်ချက် နံပါတ် (၂၈) တွင်၊ တနင်္ဂနွေနေ့၌ "လူတို့သည် ဘုရားကျောင်းကိုတက်ရောက်ခြင်းမှမဟန့်တားစေရန်၊ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများကိုဘေးဖယ်ထားရမည်" ဟူ၍ပါရှိသည်။

**ကြိုတင်ဟောခဲ့သောအပြောင်းအလဲ။** ခရစ်ယာန်တို့၏ပြဋ္ဌာန်းချက်အဖြစ် တနင်္ဂနွေနေ့ကိုစောင့်ခြင်းသည် ပေါလုအချိန်ကရှိနှင့်ခဲ့ပြီးသော "ဝှက်ထားလျက်ရှိသောထိုအဓမ္မအရာ" (၂သက်၊ ၂း၇) မှစတင်ခဲ့ကြောင်း သမ္မာကျမ်းစာကဖော်ပြသည်။ (ဒံယေလအနာဂတ္တိကျမ်း ၇) အားဖြင့် ဘုရားသခင်သည် ဝတ်ပြုကိုးကွယ်ရာနေ့ပြောင်းလဲခြင်းကို သူကြိုတင်သိခဲ့ကြောင်းဖော်ပြသည်။

ဒံယေလ၏ရူပါရုံသည် ဘုရားသခင်၏လူတို့နှင့် သူ၏ပညတ်တော်အပေါ်တိုက်ခိုက်မှုကိုပုံဖော်ထားသည်။ ချိုငယ်အားဖြင့်ပုံဆောင်သည့်တိုက်ခိုက်သောအာဏာစက်နှင့် (ဗျာဒိတ်ကျမ်း ၁၃း၁–၁၀ မှသားရဲ) သည် ခရစ်ယာန်အသင်းတော်ထဲတွင် ကြီးမားသောအယူဖောက်ပြန်ခြင်းကိုယူဆောင်လာသည်။ စတုတ္ထသားရဲမှပေါ်ထွက်လာ၍၊ ရောမကျဆုံးပြီးနောက် အဓိကညွှဉ်းဆဲသည့်အာဏာဆက်ဖြစ်လာသောချိုငယ်သည် "ပညတ်တရားတို့ကိုပြောင်းလဲစေခြင်းငှာ "ကြံ့းပမ်းသည်" (ဒံ၊ ၇း၂၅)။ ဤအယူဖောက်ပြန်သောအာဏာစက်သည် လောကီသားအများစုကိုလှည့်ဖြားရာတွင် အလွန်အောင်မြင်သည်။ သို့သော်လည်း အဆုံးတွင်၎င်းကိုတရားစီရင်လိမ့်မည် (ဒံ၊ ၇း၁၁၊ ၂၂၊၂၆)။ နောက်ဆုံးသောဆင်းရဲဒုက္ခအတွင်း ဘုရားသခင်သည် မိမိလူတို့ကိုယ်စားကြားဝင်လာ၍ သူတို့ကိုကယ်နုတ်လိမ့်မည် (ဒံ၊ ၁၂း၁–၃)။

ဤအနာဂတ္တိစကားသည် ခရစ်ယာန်ဘာသာအထဲတွင် အာဏာစက်တစ်ခုတည်းနှင့်သာကိုက်ညီသည်။ ဘာသာရေးအဖွဲ့အစည်းတစ်ခုတည်းကသာ ဘုရားရှင်၏ပညတ်တော်များကို ပြောင်းလဲနိုင်သောအခွင့်အာဏာပိုင်ဆိုင်သည်ဟု အခိုင်အမာဆိုသည်။ သမိုင်းတစ်လျှောက် ရိုမန်ကာသိုလိပ်အာဏာပိုင်များ၏ပြောဆိုချက်များကိုသတိပြုပါ။

ခရစ်နှစ် (၁၄၀၀) ခန့်တွင် ပက်တရားစ်ဒီအန်ကျာရာနို (Petrus de Ancharano) က၊ "ပုပ်ရဟန်းမင်း၏တန်ခိုးသည် လူတန်ခိုးမဟုတ်ဘဲ၊ ဘုရားသခင်၏တန်ခိုးဖြစ်သောကြောင့် သူသည် ဘုရားရှင်၏ပညတ်တော်ကိုပြောင်းလဲနိုင်သည်။ ပြီးနောက် သူသည် မြေကြီးပေါ်တွင် ဘုရားသခင်၏ကိုယ်စား သူ၏သိုးတို့အားချည်နှောင်ခြင်းနှင့် လွှတ်ခြင်းကိုအစွမ်းကုန်တန်ခိုးဖြင့်လုပ်ဆောင်သည်" ဟုပြတ်ပြတ်သားသားပြောခဲ့သည်။

ဤအံ့ဖွယ်ပြတ်သားစွာပြောဆိုခြင်း၏အကျိုးသက်ရောက်မှုသည် ဘာသာရေးပြုပြင်ပြောင်းလဲခြင်းကာလအတွင်းထင်ရှားခဲ့သည်။ လူးသာက အသင်းတော်၏ထုံးတမ်းစဉ်လာမဟုတ်ဘဲ၊ သမ္မာကျမ်းစာသည် သူ၏အသက်တာ၌လမ်းပြဖြစ်သည်ဟု အခိုင်အမာဆိုခဲ့သည်။ သူ၏ဆောင်ပုဒ်မှာ "သမ္မာကျမ်းစာတစ်ခုတည်းသာ" ဟူ၍ဖြစ်သည်။ ကာသိုလိပ်အသင်းတော်၏ယုံကြည်ခြင်းကို အလျင်ဦးဆုံးကာကွယ်သောသူများထဲမှ တစ်ဦးဖြစ်သော ဂျွန်အိုက် (John Eck) က အသင်းတော်၏အခွင့်အာဏာသည် သမ္မာကျမ်းစာအထက်တွင်ရှိသည်ဟု ပြတ်သားစွာပြောဆိုခြင်းဖြင့် လူးသာကိုတိုက်ခိုက်ခဲ့သည်။ သူသည် လူးသာကိုကျမ်းစာ၏ဥပုသ်နေ့အစား တနင်္ဂနွေနေ့စောင့်ခြင်းအပေါ်စိန်ခေါ်ခဲ့သည်။ "သမ္မာကျမ်းစာသည် 'ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကိုအောက်မေ့လော့။ ခြောက်ရက်ပတ်လုံးအလုပ်မျိုးကို ကြိုးစား၍လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏' ဟု သွန်သင်သည်။ သို့ရာတွင် အသင်းတော်သည် ၎င်း၏ကိုယ်ပိုင်အခွင့်အာဏာဖြင့် ဥပုသ်နေ့ကိုတနင်္ဂနွေနေ့သို့ပြောင်းလဲခဲ့ပြီ၊ ဤအရာကို သင် (လူးသာ) သည် ကျမ်းစာ၌ရှာတွေ့မည်မဟုတ်ပါ" ဟုသူဆိုခဲ့သည်။

ပရိုတက်စတန့်ဝါဒကိုတန်ပြန်ရန်၊ ပုပ်ရဟန်းမင်း၏စီမံမှုဖြင့်ကျင်းပသောထရန့်မြို့ကအစည်းအဝေး (၁၅၄၅–၁၅၆၃) တွင် ရက်ဂျီအိုမြို့၏ဂိုဏ်းချုပ်သည် ဤပြဿနာကိုပြန်ဖော်ထုတ်သည်။ သူက "ထိုကြောင့်အသင်းတော်၏အခွင့်အာဏာကို သမ္မာကျမ်းစာသည် ရှင်းလင်းစွာဖော်ပြသည်။ တစ်ဖက်တွင် အသင်းတော်သည်ကျမ်းစာကိုထောက်ခံသည်၊ ဘုရားရှင်ထံမှလာသည်ဟုကြေညာသည်၊ ဖတ်ဖို့ရာကျွန်ုပ်တို့ကိုပေးသည်။..... အခြားတစ်ဖက်တွင်မူ သခင်ဘုရားသွန်သင်ခဲ့သောသမ္မာကျမ်းစာက တရားဝင်ပညတ်ချက်များသည် (သူသည် ပညတ်တော်တို့ကိုဖျက်ဆီးခြင်းငှာမလာ၊ ပြည့်စုံစေခြင်းငှာလာသတည်းဟူသော) ခရစ်တော်၏သွန်သင်ချက်အားဖြင့် ရပ်စဲသွားခဲ့ပြီဖြစ်သည်။ သို့သော် ပညတ်တော်သည် အသင်းတော်၏အခွင့်အာဏာအားဖြင့်ပြောင်းလဲခဲ့ပြီ" ဟုဆိုသည်။

အသင်းတော် (ကာသိုလိပ်) သည် ဤရပ်တည်ချက်ကိုထိန်းသိမ်းပေးပါသလား။ (၁၉၇၇) ခုနှစ်တွင်ထုတ်ဝေသော "ကာသိုလိပ်ယုံကြည်ချက်ဆိုင်ရာအမေးအဖြေများ" စာအုပ်တွင် အောက်ပါမေးခွန်းများနှင့် အဖြေများပါရှိသည်။

"မေး။ မည်သည့်နေ့သည်ဥပုသ်နေ့ဖြစ်ပါသနည်း။

ဖြေ။ စနေနေ့သည်ဥပုသ်နေ့ဖြစ်သည်။

မေး။ အဘယ်ကြောင့်ကျွန်ုပ်တို့သည် စနေနေ့အစားတနင်္ဂနွေနေ့ကိုစောင့်ပါသနည်း။

ဖြေ။ ကျွန်ုပ်တို့သည် စနေနေ့အစားတနင်္ဂနွေနေ့ကိုစောင့်ရခြင်းမှာ ကာသိုလိပ်အသင်းတော်သည် စနေနေ့၏လေးနက်မှုကိုတနင်္ဂနွေနေ့သို့ပြောင်းခဲ့သောကြောင့်ဖြစ်သည်။"

သူ၏အရောင်းရဆုံးစာအုပ် "သန်းပေါင်းများစွာတို့၏ယုံကြည်ခြင်း" တွင် ကာသိုလိပ်ကျမ်းတတ် ဂျွန်အေအိုဘရိန်း (John A. O' Brien) က အတင်းအကျပ်လက်ခံရမည့်သဘောသက်ရောက်သော ကောက်ချက်ကိုချခဲ့သည်။ "တနင်္ဂနွေနေ့မဟုတ်ဘဲ၊ စနေနေ့သည် သမ္မာကျမ်းတွင်အတိအကျရှိသည့်အတွက်၊ မိမိတို့ဘာသာကို (ကာသိုလိပ်) အသင်းတော်မှမဟုတ်ဘဲ၊ သမ္မာကျမ်းစာမှတိုက်ရိုက်ယူသည်ဟုဝန်ခံသည့် ကာသိုလိပ်အသင်းသားမဟုတ်သောသူတို့သည် စနေနေ့အစားတနင်္ဂနွေနေ့ကိုစောင့်ခြင်းမှာ ထူးဆန်းသည်မဟုတ်ပါလား။ အမှန်စင်စစ် ၎င်းသည် ရှေ့နောက်မညီချေ။" သူက၊ တနင်္ဂနွေနေ့ကိုစောင့်ခြင်းသည် "သမ္မာကျမ်းစာထဲက တိကျသောကျမ်းချက်အပေါ်၌မတည်ဘဲ၊ ကာသိုလိပ်အသင်းတော်၏အခွင့်အာဏာအပေါ်တည်သည်။ ထို (တနင်္ဂနွေနေ့) စောင့်ခြင်းသည် အိမ်မှထွက်ပြေးသော်လည်း သူ၏အိတ်ကပ်ထဲတွင် အမေ့ဓာတ်ပုံ သို့မဟုတ် ဆံညှပ်ကိုထည့်ထားဆဲဖြစ်သောယောကျ်ားလေးကဲ့သို့၊ ကာသိုလိပ်မဟုတ်သောအသင်းကွဲများသည် မိခင်အသင်းတော်မှခွဲထွက်ခဲ့ကြောင်း အမှတ်ရစေသောအရာအဖြစ်ကျန်ရစ်နေသည်" ဟုဆိုသည်။

ဤအခွင့်အာဏာများကိုရရှိသည်ဟုပြောဆိုခြင်းများသည် အနာဂတ္တိစကားကိုပြည့်စုံစေ၍၊ ချိုငယ်အာဏာစက်၏ပင်ကိုလက္ခဏာကိုပေါ်လွင်စေသည်။

**ဥပုသ်နေ့ကိုပြန်လည်အသက်သွင်းခြင်း။** ဟေရှာယအနာဂတ္တိကျမ်း ၅၆ နှင့် ၅၈ တွင် ဘုရားသခင်သည် ဣသရေလတို့ကိုဥပုသ်နေ့ပြုပြင်ခြင်းအတွက်ခေါ်သည်။ သူ၏သိုးခြံထဲသို့ တစ်ပါးအမျိုးသားများစုရုံးလာမည့်အနာဂတ် အထူးကြည်နူးဖွယ်ရာကိုဖော်ပြခြင်းဖြင့်၊ ဘုရားသခင်သည် ဤကယ်တင်ခြင်းလုပ်ငန်း၏အောင်မြင်ခြင်းကိုသန့်ရှင်းစွာဥပုသ်နေ့စောင့်ခြင်းနှင့် တွဲဖက်ထားသည် (ဟေရှာ၊ ၅၆း၁၊၂၊၆၊၇)။

ဘုရားသခင်သည် သူ့လူများတို့၏အလုပ်အတိအကျကို ဂရုတစိုက်စီထားသည်။ သူတို့၏သာသနာသည် ကမ္ဘာနှင့်ချီသော်လည်း၊ မိမိတို့ကိုယ်ကိုယုံကြည်သူများဟုဝန်ခံလျက်ပင်၊ လက်တွေ့တွင် ဘုရားရှင်၏ပညတ်ချက်များမှထွက်ခွာသွားသောသူတို့ကိုရည်ရွယ်သည် (ဟေရှာ၊ ၅၈း၁၊၂)။ ယုံကြည်သူများဟုဝန်ခံသောသူတို့ထံသို့ဟောရမည့်တာဝန်ကို ဘုရားရှင်သည်အောက်ပါအတိုင်းဖော်ပြသည်။ "သင်၏အမျိုးအနွယ်သည် ရှေးပြိုပျက်ရာတို့ကိုပြုပြင်ကြလိမ့်မည်။ ရှေးကာလ၌တည်ဖူးသောတိုက်မြစ်များအပေါ်မှာ ထပ်ဆင့်၍တည်ဆောက်ကြလိမ့်မည်။ သင်သည်လည်း ပြိုပျက်သော

မြို့ရိုးကိုပြုပြင်သောသူ၊ လူနေရာလမ်းများကိုပြင်ဆင်သောသူဟူ၍ သမုတ်ခြင်းကိုခံရလိမ့်မည်။ သင်သည် ဥပုသ်နေ့ကိုမရှုတ်ချ၊ ငါသန့်ရှင်းသောနေ့မှာ ကိုယ်အလိုသို့မလိုက်၊ ဥပုသ်နေ့ကိုမွေ့လျော်ရာနေ့၊ ထာဝရဘုရားအဖို့သန့်ရှင်းသောနေ့၊ ရိုသေဖွယ်သောနေ့ဟူ၍ခေါ်သဖြင့် ကိုယ်အမှုကိုမပြု၊ ကိုယ်အလိုသို့မလိုက်၊ ကိုယ်စကားကိုမပြောဘဲနေ၍၊ ထိုနေ့ကိုရိုသေလျှင်၊ သင်သည် ထာဝရဘုရား၌မွေ့လျော်ရလိမ့်မည်။ မြေကြီးပေါ်မှာမြင့်သောအရပ်တို့ကိုငါစီးစေ၍၊ သင့်အဘယာကုပ်၏အမွေဥစ္စာနှင့် ငါကျွေးမည်ဟု ထာဝရဘုရား၏နှုတ်တော်ထွက်အမိန့်တော်ရှိ၏" (ဟေရှာ၊ ၅၈း၁၂–၁၄)။

ဝိညာဉ်ရေးဣသရေလတို့နှင့် ရှေးဣသရေလတို့၏လုပ်ငန်းတာဝန်သည် အတူတူပင်ဖြစ်သည်။ ချိုင်ယ်အာဏာစက်သည် ဥပုသ်နေ့ကိုပြောင်းသောအချိန်တွင် ဘုရားသခင်၏ပညတ်တော်သည် ချိုးဖျက်ခြင်းခံရသည်။ နင်းချေခြင်းခံရသောဥပုသ်နေ့သည် ဣသရေလလူတို့တွင် ပြန်လည်အသက်သွင်းရန်ဖြစ်သကဲ့သို့၊ ခေတ်သစ်အချိန်တွင် ဘုရားရှင်၏ဥပုသ်နေ့ကို ပြန်လည်အသက်သွင်းရန်နှင့် ဘုရားသခင်၏ပညတ်တော်မှ ပြိုပျက်သောနံရံကိုပြုပြင်ရန်ဖြစ်သည်။

ဗျာဒိတ်ကျမ်း ၁၄း၆–၁၂ မှ သတင်းစကားကို ထာဝရဧဝံဂေလိတရားနှင့် ဆက်စပ်၍ဟောပြောခြင်းသည် ပညတ်တော်ကိုပြန်လည်အသက်သွင်းခြင်းနှင့် ထင်ရှားစေခြင်းအလုပ်ကိုပြီးမြောက်စေသည်။ ဤသတင်းစကားကိုဟောပြောခြင်းသည် ဒုတိယအကြိမ်ကြွလာချိန်တွင် ဘုရားသခင့်အသင်းတော်၏လုပ်ငန်းတာဝန်ဖြစ်သည်။ ဤသတင်းစကားသည် လောကီသားများကိုနိုးကြားစေ၍၊ တရားစီရင်ခြင်းအတွက် လူတိုင်းကိုပြင်ဆင်ရန်ခေါ်ဖိတ်သည်။

"ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကိုဖန်ဆင်းတော်မူသောအရှင်" (ဗျာ၊ ၁၄း၇) ဟူသောဖန်ဆင်းရှင်ကိုကိုးကွယ်ရန် လှုံ့ဆော်သောစကားအသုံးအနှုန်းသည် ဘုရားသခင့်၏ထာဝရတည်သောပညတ်တော်၏ စတုတ္ထပညတ်ကိုတိုက်ရိုက်မှီငြမ်းခြင်းဖြစ်သည်။ ဤနောက်ဆုံးသတိပေးချက်တွင် ဤအရာကိုပါဝင်စေခြင်းသည် ကျယ်ကျယ်ပြန့်ပြန့်မေ့ထားသောဥပုသ်နေ့ကို ဒုတိယအကြိမ်ကြွလာခြင်းမတိုင်မီ ပြန်လည်အသက်သွင်းရန် ဘုရားသခင်၏အထူးအမှုထားစရာဖြစ်ကြောင်းကို အတည်ပြုသည်။

ဤသတင်းစကားကိုဟောပြောခြင်းသည် တစ်လောကလုံးပါဝင်မည့်ပဋိပက္ခသို့ တွန်းပို့လိမ့်မည်။ အဓိကပြဿနာမှာ ဘုရားသခင်၏ပညတ်တော်ကိုနာခံခြင်းနှင့် ဥပုသ်နေ့ကိုစောင့်ခြင်းတို့ဖြစ်လိမ့်မည်။ ဤပဋိပက္ခကိုရင်ဆိုင်ရာတွင် လူတိုင်းသည် ဘုရားသခင်၏ပညတ်ချက်များ သို့မဟုတ် လူတို့၏ပညတ်ချက်များတစ်ခုခုကိုလိုက်နာရန်ဆုံးဖြတ်ရမည်။ ဤသတင်းစကားသည် ဘုရားသခင်၏ပညတ်တို့နှင့် ယေရှု၏

ယုံကြည်ခြင်းတို့ကို စွဲလမ်းသောလူတို့ကိုမွေးထုတ်ပေးလိမ့်မည်။ ၎င်းသတင်းစကားကို ငြင်းဆန်သောသူတို့သည် နောက်ဆုံးတွင် သားရဲ၏အမှတ်တံဆိပ်ကိုရရှိကြလိမ့်မည် (ဗျာ၊ ၁၄း၉၊၁၂)။

ဘုရားသခင်၏ပညတ်တော်ကိုချိုးဖောက်ခြင်းနှင့် လျစ်လျူရှုခံရသောဥပုသ်နေ့ကို လေးစားခြင်းလုပ်ငန်းကို အောင်မြင်စွာပြီးမြောက်စေရန်၊ ဘုရားသခင်၏လူတို့သည် ဥပုသ်နေ့စောင့်ခြင်းနှင့် ကိုက်ညီသောချစ်ဖွယ်ပုံနမူနာကိုပြသရမည်။

## ဥပုသ်နေ့ကိုစောင့်ခြင်း

"ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကိုအောက်မေ့" (ထွက်၊ ၂၀း၈) ရန်၊ ကျွန်ုပ်တို့သည် တစ်ပတ်လုံးဥပုသ်နေ့အကြောင်းကိုစဉ်းစား၍၊ ဘုရားသခင်နှစ်သက်သောအပြုအမူဖြင့် ထိုနေ့ကိုစောင့်နိုင်ရန် လိုအပ်သောပြင်ဆင်မှုများကိုပြုလုပ်ရမည်။ ကျွန်ုပ်တို့သည် ဥပုသ်နေ့ဝတ်ပြုခြင်းအစီအစဉ်တွင် မပါဝင်နိုင်လောက်အောင်ရက်သတ္တပတ်အတွင်း ကျွန်ုပ်တို့၏အင်အားများမကုန်ခန်းသွားစေရန် သတိထားရမည်။

ဥပုသ်နေ့သည် ဖန်ဆင်းခြင်းနှင့်ရွေးနုတ်ခြင်း၌ ဘုရားသခင်၏ကြင်နာသောလုပ်ဆောင်မှုများကိုပျော်ရွှင်စွာကျင်းပရန် ကျွန်ုပ်တို့အားဖိတ်ခေါ်သည့်ဘုရားသခင်နှင့်အတူ အထူးရင်းနှီးစွာပေါင်းသင်းသည့်နေ့ရက်ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် ၎င်း၏သန့်ရှင်းမြင့်မြတ်ခြင်းကိုလျော့ပါးစေမည့် မည်သည့်အရာကိုမဆို ရှောင်ရှားရန်အရေးကြီးသည်။ ကျွန်ုပ်တို့သည် ဥပုသ်နေ့တွင်လောကီရေးရာအလုပ်များကိုရပ်စဲရန် သမ္မာကျမ်းစာကပြဋ္ဌာန်းသည် (ထွက်၊ ၂၀း၁၀)။ အသက်မွေးဝမ်းကျောင်းအလုပ်များနှင့် စီးပွားရေးလုပ်ငန်းအားလုံးကိုရှောင်ရှားရမည် (နေဟမိ၊ ၁၃း၁၅–၂၂)။ ကျွန်ုပ်တို့သည် "ကိုယ်အမှုကိုမပြု၊ ကိုယ်အလိုသို့မလိုက်၊ ကိုယ်စကားကိုမပြောဘဲနေ" (ဟေရှာ၊ ၅၈း၁၃) ခြင်းအားဖြင့် ဘုရားသခင်ကိုဂုဏ်ပြုရမည်။ ဤနေ့ကိုမိမိတို့ကိုယ်ကိုပျော်ရွှင်စေခြင်း၊ လောကီရေးရာအကျိုးများ၌ပါဝင်ခြင်း၊ လောကီရေးရာပြောဆိုခြင်းနှင့်တွေးတောခြင်း သို့မဟုတ် အားကစားများ၌ပါဝင်ခြင်းစသည်တို့သည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်နှင့် ရင်းနှီးသောပေါင်းဖော်ခြင်းကိုရှုတ်ချမည်ဖြစ်၍၊ ဥပုသ်နေ့၏သန့်ရှင်းမြင့်မြတ်ခြင်းကို ကျူးလွန်ရာရောက်လိမ့်မည်။ ကျွန်ုပ်တို့၏ဥပုသ်နေ့ပညတ်ကိုအလေးထားမှုသည် ကျွန်ုပ်တို့၏စီရင်ပိုင်ခွင့်အောက်၌ရှိသောသူအားလုံး– ကျွန်ုပ်တို့၏သားသမီးများ၊ ကျွန်ုပ်တို့အတွက်အလုပ်လုပ်သောသူများ၊ ကျွန်ုပ်တို့၏ဧည့်သည်များနှင့် တိရစ္ဆာန်များသို့ပင်လျှင် တိုးချဲ့ရမည် (ထွက်၊ ၂၀း၁၀)၊ ထိုသို့ဖြင့် သူတို့သည်လည်း ဥပုသ်နေ့၏ကောင်းချီးများကိုခံစားနိုင်ကြမည်။

ဥပုသ်နေ့သည် သောကြာနေ့ညနေနေဝင်ချိန်၌စတင်၍ စနေနေ့ညနေနေဝင်ချိန်တွင်ပြီးဆုံးသည် (ကမ္ဘာ၊ ၁း၅။ မာကု၊ ၁း၃၂)။ သမ္မာကျမ်းစာက ဥပုသ်နေ့မတိုင်မီနေ့ (သောကြာနေ့) ကို ဥပုသ်နေ့၏သန့်ရှင်းမြင့်မြတ်ခြင်းကိုမပျက်စီးစေရန် ဥပုသ်နေ့အတွက်ပြင်ဆင်ရာနေ့၊ အဖိတ်နေ့ဟုခေါ်သည် (မာကု၊ ၁၅း၄၂)။ ဤနေ့တွင် မိသားစုအတွက် အစားအစာကိုပြင်ဆင်သောသူတို့သည် ဥပုသ်နေ့အတွက်အစားအစာကိုပြင်ဆင်သင့်သည်။ ထိုသို့ဖြင့် ဤမွန်မြတ်သောအချိန်အတွင်း သူတို့သည်လည်း သူတို့၏အလုပ်များမှနားနေနိုင်မည် (ထွက်၊ ၁၆း၂၃)။

ဥပုသ်နေ့၏သန့်ရှင်းသောအချိန်နာရီနီးကပ်လာသောအခါ၊ မိသားစုဝင်များ သို့မဟုတ်ယုံကြည်သူတို့သည် အတူတကွစုရုံး၍၊ သောကြာနေ့နေမဝင်မီအချိန်လေးတွင် သီချင်းဆိုခြင်း၊ ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်းတို့ကိုပြု၍၊ ခရစ်တော်၏ဝိညာဉ်တော်ကို ဉ္ဖိတ်ခေါ်ခြင်းသည် အလွန်ကောင်းသည်။ အလားတူစွာ၊ သူတို့သည် စနေနေ့ညနေဥပုသ်နေ့အဆုံးပိုင်းတွင် စုရုံးဝတ်ပြု၍၊ လာမည့်တစ်ပတ်လုံးအတွက် ဘုရားသခင်၏ပါရှိမှုနှင့် လမ်းပြမှုကိုတောင်းခံခြင်းအားဖြင့် ဥပုသ်နေ့ကိုအဆုံးသတ်သင့်သည်။

ဥပုသ်နေ့သည် မွေ့လျော်ရာနေ့ဖြစ်စေရန် ဘုရားသခင်သည် မိမိလူတို့ကိုခေါ်သည် (ဟေရှာယ၊ ၅၈း၁၃)။ သူတို့သည် ဤအရာကိုမည်သို့ပြုလုပ်နိုင်မည်နည်း။ သူတို့သည် ဥပုသ်နေ့၏အရှင်သခင်၊ ခရစ်တော်၏ပုံနမူနာကိုလိုက်ခြင်းအားဖြင့်သာ၊ ဘုရားသခင်သည် ထိုနေ့တွင်သူတို့အတွက်ထားသော စစ်မှန်သောဝမ်းမြောက်ခြင်းနှင့် စိတ်ကျေနပ်မှုတို့ကိုတွေ့ကြုံခံစားရန် မျှော်လင့်နိုင်ကြသည်။

ခရစ်တော်သည် ဥပုသ်နေ့တွင်ပုံမှန်ဝတ်ပြုကိုးကွယ်သည်၊ အစီအစဉ်များတွင်ပါဝင်သည်၊ ဘာသာရေးသွန်သင်ချက်များကိုလည်းဟောခဲ့သည် (မာကု၊ ၁း၂၁။ ၃း၁–၄။ လုကာ၊ ၄း၁၆–၂၇။ ၁၃း၁၀)။ သို့သော် သူသည်ဝတ်ပြုခြင်းထက်ပိုမိုလုပ်ဆောင်ခဲ့သည်။ သူသည် အခြားသူများနှင့်ပေါင်းဖော်သည် (မာကု၊ ၁း၂၉–၃၁။ လုကာ၊ ၁၄း၁)၊ ပြင်ပတွင်အချိန်ယူသည် (မာကု၊ ၂း၂၃)၊ သန့်ရှင်းသောသနားခြင်းအမှုများကိုလည်းလုပ်ဆောင်သည်။ သူသည် တတ်နိုင်သည့်နေရာတိုင်းတွင် ဖျားနာသူများနှင့် ဝေဒနာခံစားသူများကိုအနာငြိမ်းစေသည် (မာကု၊ ၁း၂၁–၃၁။ ၃း၁–၅။ လုကာ၊ ၁၃း၁၀–၁၇။ ၁၄း၂–၄။ ယောဟန်၊ ၅း၁–၁၅။ ၉း၁–၁၄)။

ဝေဒနာခံစားမှုကိုပြေပျောက်စေခြင်းအတွက် ဝေဖန်ခြင်းခံရသောအခါ၊ ယေရှုက၊ “ဥပုသ်နေ့၌ကျေးဇူးပြုအပ်သည်” (မဿဲ၊ ၁၂း၁၂) ဟုပြန်ဖြေခဲ့သည်။ သူ၏အနာငြိမ်းစေခြင်းလုပ်ဆောင်မှုများသည် ဥပုသ်နေ့ကိုချိုးဖောက်ခြင်းမဟုတ်၊ ၎င်းကိုဖျက်သိမ်းခြင်းလည်းမဟုတ်ချေ။ သို့သော် သူသည် ဝန်ထုပ်ဝန်ပိုးများ၊ ဝိညာဉ်ရေးအားဖြည့်ခြင်းနှင့်

မွေ့လျော်ခြင်းအတွက် ဘုရားသခင်၏တန်ဆာပလာအဖြစ် ဥပုသ်နေ့၏အဓိပ္ပါယ်ကို လွဲမှားစေသည့်လူလုပ်စည်းမျဉ်းများကို အမှန်ပင်အဆုံးသတ်ခဲ့သည်။ ဘုရားသခင်သည် ဥပုသ်နေ့ကိုလူသားတို့၏ ဝိညာဉ်ရေးအားဖြည့်လန်းဆန်းမှုအတွက်ရည်ရွယ်သည်။ ဘုရားသခင်နှင့်ရင်းနှီးသောပေါင်းဖော်ခြင်းကို မြှင့်တင်ပေးသောလုပ်ဆောင်မှုများသည် သင့်လျော်သည်။ သို့သော် ထိုရည်ရွယ်ချက်မှလွဲစေ၍၊ ဥပုသ်နေ့ကိုအားလပ်ရက်အဖြစ် ပြောင်းလဲစေသောလုပ်ဆောင်မှုများမှာမူ မသင့်လျော်ချေ။

ဥပုသ်နေ့၏အရှင်သခင်သည် သူ၏စံနမူနာကိုလိုက်ရန် လူသားအားလုံးကိုဖိတ်ခေါ်သည်။ သူ၏ခေါ်ခြင်းကိုလက်ခံသောသူတို့သည် ဥပုသ်နေ့ကို ကောင်းကင်ဘုံကိုကြိုတင်မြည်းစမ်းခြင်းဖြစ်သော မွေ့လျော်ရာနှင့် ဝိညာဉ်ရေးပျော်ပွဲအဖြစ်တွေ့ကြုံခံစားကြသည်။ "ဥပုသ်နေ့သည် ဝိညာဉ်ရေးစိတ်ဓာတ်ကျခြင်းကိုကာကွယ်ရန် ဘုရားသခင်စီစဉ်ထားသောအရာဖြစ်သည်" ကို သူတို့တွေ့ရှိကြသည်။ "တစ်ပတ်ပြီးတစ်ပတ်သတ္တမနေ့သည် ကျွန်ုပ်တို့၏စိတ်ကိုနှစ်သိမ့်ပေး၍၊ ကျွန်ုပ်တို့၏မပြည့်စုံသောစာရိတ္တရှိသော်ငြားလည်း၊ ကျွန်ုပ်တို့သည် ခရစ်တော်၌ပြည့်စုံလျက်ရပ်နေနိုင်ကြောင်းကိုစိတ်ချစေသည်။ ကရာနိကုန်းတွင် ကိုယ်တော်၏အောင်မြင်ခြင်းသည် ကျွန်ုပ်တို့၏အပြစ်ဖြေခြင်းအဖြစ်မှတ်ယူသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ငြိမ်ဝပ်ခြင်းချမ်းသာထဲသို့ဝင်စားကြသည်။"

–၀–

# အခန်း– ၂၁
# ဘဏ္ဍာစိုးလုပ်ငန်း

ကျွန်ုပ်တို့သည်အချိန်နှင့်အခွင့်အရေးများ၊ စွမ်းရည်များနှင့်ပစ္စည်းဥစ္စာများ၊ မြေကြီး၏ကောင်းချီးများနှင့် ၎င်း၏သယံဇာတများပေးအပ်ခြင်းခံရသည့် ဘုရားသခင်၏ ဘဏ္ဍာစိုးများဖြစ်ကြသည်။ ၎င်းတို့ကို မှန်ကန်စွာအသုံးပြုရန် ကျွန်ုပ်တို့သည် ကိုယ်တော်၌တာဝန်ရှိသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်ကျွန်ုပ်တို့လူသားချင်းတို့၏အမှုကို သစ္စာရှိရှိထမ်းရွက်ခြင်းအားဖြင့်လည်းကောင်း၊ ဧဝံဂေလိတရားဟောခြင်းနှင့် ကိုယ်တော်၏ အသင်းတော်တိုးတက်မှုအတွက်ထောက်ပံ့ရန်အတွက် ဆယ်ဖို့တစ်ဖို့ကိုပြန်ပေး၍ အလှူငွေကိုပေးလှူခြင်းအားဖြင့်လည်းကောင်း ဘုရားသခင်၏ပိုင်ဆိုင်မှုကိုအသိအမှတ်ပြုကြသည်။ ဘဏ္ဍာစိုးလုပ်ငန်းသည် ချစ်ခြင်းမေတ္တာတွင်ပြုစုပျိုးထောင်ရန်နှင့် တစ်ကိုယ်ကောင်းဆန်ခြင်းနှင့်တပ်မက်ခြင်းကိုအောင်နိုင်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အားပေးသောအခွင့်ထူးဖြစ်သည်။ ဘဏ္ဍာစိုးများသည် မိမိတို့သစ္စာရှိခြင်းအကျိုးဆက်ကြောင့် သူတစ်ပါးများအပေါ်ကောင်းချီးများသက်ရောက်ခြင်းတွင် ဝမ်းမြောက်ကြသည်။ (ကမ္ဘာ၊ ၁း၂၆–၂၈။ ၂း၁၅။ ၁ရာ၊ ၂၉း၁၄။ ဟဂ္ဂဲ၊ ၁း၃–၁၁။ မာလခိ၊ ၃း၈–၁၂။ မဿဲ၊ ၂၃း၂၃။ ရောမ၊ ၁၅း၂၆၊၂၇။ ၁ကော၊ ၉း၉–၁၄။ ၂ကော၊ ၈း၁–၁၅။ ၉း၇။)

ခရစ်ယာန်အသက်တာဖြင့်နေထိုင်ခြင်းသည် လုံးလုံးအပ်နှံခြင်းတည်းဟူသော မိမိတို့ကိုယ်ကိုအပ်နှံခြင်းနှင့် ခရစ်တော်အားလက်ခံခြင်းကိုဆိုလိုသည်။ ယေရှုသည် မည်မျှအညံ့ခံ၍၊ ကျွန်ုပ်တို့အတွက် မိမိကိုယ်ကိုမည်မျှအပ်နှံသည်ကို ကျွန်ုပ်တို့မြင်ရသကဲ့သို့၊ ကျွန်ုပ်တို့သည် သူ့အတွက်အကြွင်းမဲ့အပ်နှံရမည်။

သို့သော်လည်း၊ ကျွန်ုပ်တို့သည် လုံးလုံးဆက်ကပ်အပ်နှံမှုပြုသည်ဟုစဉ်းစားသောအခါ၊ ကျွန်ုပ်တို့၏ဆက်ကပ်ခြင်းသည် မည်မျှပင်မလေးနက်ကြောင်းထင်ရှားလာသည်။ ကျွန်ုပ်တို့၏အသက်တာတွင် ဘုရားသခင်ထံပေးအပ်ရမည့် ကဏ္ဍအသစ်ကိုရှာဖွေတွေ့ရှိချိန်တွင် ကျွန်ုပ်တို့၏ဆက်ကပ်မှုသည်ကြီးထွားလာသည်။ ထိုအခါအညင်သာဆုံးဖြင့်၊ သူသည် ကျွန်ုပ်တို့၏အာရုံကို အခြားအပ်နှံရန်လိုသောကဏ္ဍများသို့ပြောင်းပေးသည်။ ထိုသို့ဖြင့် ခရစ်ယာန်၏ပြန်လည်ဆက်ကပ်မှုများသည် တသီတတန်းကြီးဖြစ်လာ၍၊ ကျွန်ုပ်တို့၏ပြုမူတုံ့ပြန်မှုများဖြစ်သော အသက်တာနေထိုင်မှုပုံစံသည် နက်သည်ထက်နက်ရှိုင်းလာသည်။

ကျွန်ုပ်တို့ဖြစ်သည့်အရာ၊ ရှိသည့်အရာအားလုံးကိုပိုင်ဆိုင်သောဘုရားသခင် (၁ကော၊ ၃း၂၁–၄း၂) ကိုပေးသောအခါ၊ သူသည် လက်ခံပြီးနောက်၊ ၎င်းတို့ကိုကျွန်ုပ်တို့အား ပြန်၍ထိန်းသိမ်းဖို့ရာပေးအပ်ကာ၊ ကျွန်ုပ်တို့ပိုင်ဆိုင်သမျှကို ယာယီထိန်းသိမ်းသူ

သို့မဟုတ် ဘဏ္ဍာစိုးအဖြစ်တာဝန်ပေးသည်။ ဘုရားသခင်၏ဘဏ္ဍာစိုးများအဖြစ် ကျွန်ုပ်တို့၏တာဝန်ကိုလက်ခံခြင်းသည် ကိုယ်ကျိုးကိုသာငဲ့၍ ဇိမ်ကျစွာနေထိုင်လိုစိတ်ကို ဖျက်ဆီးပြီး၊ ဘဏ္ဍာစိုးလုပ်ငန်းတွင် ယေရှုထားခဲ့သည့်ခိုင်မြဲသောပုံနမူနာကို အမှတ်ရစေသည်။ ကျွန်ုပ်တို့သည် ဘဏ္ဍာစိုးဆိုင်ရာလုပ်ငန်းတာဝန်အလုံးစုံကို သိနိုင်မည်အကြောင်း သူသည် ဆာလောင်ငတ်မွတ်ခြင်း၊ အနေဆင်းရဲခြင်း၊ အဝတ်ဗလာဖြစ်ခြင်းနှင့် နောက်ဆုံးတွင် လက်ဝါးကပ်တိုင်တွင်သေခြင်းတိုင်အောင်ပင် ထိုအရာများကိုခံစားခဲ့သည်။ ထိုဘဏ္ဍာစိုးလုပ်ငန်းတွင် "သင်တို့သည်သွား၍၊ လူမျိုးတကာတို့ကိုသွန်သင်လော့" ဟူသောသူ၏စေခိုင်းချက်လည်းပါဝင်သည်။ ထိုတာဝန်တွင် အသင်းတော်၏လုပ်ငန်းများဖြစ်သော သက်သေခံဝေငှခြင်း၊ သင်ကြားပေးခြင်း၊ ဟောပြောခြင်းနှင့် ရေနှစ်ခြင်းပေးခြင်း ပါဝင်ကာ၊ ၎င်းတို့သည် ကျွန်ုပ်တို့အတွက်သာ၍အဖိုးထိုက်လာသည်။ ကိုယ်တော်ကြောင့်သာ ကျွန်ုပ်တို့သည် သစ္စာရှိသောဘဏ္ဍာစိုးများဖြစ်ရန် ခေါ်ခြင်းကိုခံရကြသည်။

## ဘဏ္ဍာစိုးလုပ်ငန်းဆိုသည်မှာအဘယ်နည်း။

"သင်တို့ကိုယ်ခန္ဓာသည်.... သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိတို့ကိုယ်ကိုမိမိတို့မပိုင်ကြောင်းကိုလည်းကောင်း၊ မသိကြသလော။ သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့်၊ ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေကြလော့။" (၁ကော၊ ၆း၁၉၊၂၀)။ မြင့်မားသောတန်ဖိုးဖြင့် ကျွန်ုပ်တို့ကိုဝယ်ယူ၊ ရွေးနုတ်ခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်သက်ဆိုင်သည်။ သို့သော် ထိုသို့သောအရာသည် ရထိုက်သည်ကိုတောင်းဆိုမှုမျှသာဖြစ်သည်။ အကြောင်းမှာ သူသည် ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့သည်။ သူသည် ကျွန်ုပ်တို့ကို "အစအဦး၌" ဖန်ဆင်းခဲ့သောကြောင့်၊ ကျွန်ုပ်တို့သည် အစအဦးကပင်သူနှင့်သက်ဆိုင်ခဲ့သည်။ သမ္မာကျမ်းစာသည် ဤအချက်ကို ရှင်းလင်းစွာဖော်ပြသည်မှာ "ထာဝရဘုရားသည် မြေကြီးနှင့်မြေကြီးတန်ဆာကိုလည်းကောင်း၊ လောကဓာတ်နှင့် လောကသားတို့ကိုလည်းကောင်း ပိုင်တော်မူ၏" (ဆာလံ၊ ၂၄း၁) ဟူ၍ဖြစ်သည်။

ဖန်ဆင်းခြင်းအချိန်က၊ ဘုရားသခင်သည် သူ၏ပိုင်ဆိုင်မှုများကိုခွဲဝေခဲ့သည်။ ထို့နောက် သူသည် လောကနှင့်လောကသားများ၊ မြေကြီးတန်ဆာများတို့၏စစ်မှန်သော ပိုင်ရှင်အဖြစ်ဆက်လက်ရှိနေသည် (ဆာလံ၊ ၂၄း၁)။ လူသားသည် ကျရှုံးချိန်တွင် စာတန်အားလက်လွှတ်ပေးလိုက်ရသောအရာကို မိမိကိုယ်ပိုင်အဖြစ် သူသည် လက်ဝါးကပ်တိုင်တွင် ရထိုက်သည့်အရာအဖြစ်ပြန်လည်ရယူခဲ့သည် (၁ကော၊ ၆း၁၉၊၂၀)။ ယခုတွင် သူသည် မိမိလူတို့အားမိမိပိုင်ဆိုင်မှုများကို ထိန်းသိမ်းသူများအဖြစ်ခန့်ထားသည်။

ဘဏ္ဍာစိုးမှာ အိမ်သူအိမ်သားများ သို့မဟုတ် အခြားသူ၏အိမ်ရာမြေကွက်ကို စီမံကွပ်ကဲရန်အပ်နှံခြင်းခံရသောသူဖြစ်သည်။ ဘဏ္ဍာစိုးလုပ်ငန်းမှာမူ ဘဏ္ဍာစိုး၏ရာထူး၊ တာဝန်များ သို့မဟုတ် အလုပ်ကိုခေါ်သည်။

ခရစ်ယာန်အတွက်မူ၊ ဘဏ္ဍာစိုးလုပ်ငန်းမှာ "ဘုရားသခင်သည် မိမိလူတို့ကို ပေးအပ်သည့်အသက်၊ ကိုယ်ခန္ဓာ၊ အချိန်၊ စွမ်းရည်နှင့်တတ်ကျွမ်းမှု၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ၊ သူတစ်ပါး၏အကူအညီဖြစ်ရန်နှင့် သူတို့သည် သမ္မာတရားကိုသိစေရန်အခွင့်အရေး စသည်တို့အတွက်နှင့် ၎င်းတို့ကိုအသုံးပြုရန်" ဘုရားသခင့်လူတို့၏တာဝန်ကို ဆိုလိုသည်။ ခရစ်ယာန်တို့သည် ဘုရားသခင်၏ပိုင်ဆိုင်မှုများကို စောင့်ရှောက်သော မန်နေဂျာများကဲ့သို့ဖြစ်သည်။ သူတို့သည် အသက်တာကို "သစ္စာရှိသောဘဏ္ဍာစိုးဖြစ်ရန် သင်ယူခြင်းအားဖြင့်၊ အနာဂတ်အသက်တာတွင် ထာဝရနှင့်ဆိုင်သောအရာများ၏ သာ၍မြင့်မားသောဘဏ္ဍာစိုးလုပ်ငန်းအတွက် ထိုက်တန်မှုရှိရန်အတွက် သင်ယူရန်" ဘုရားပေးအခွင့်အရေးအဖြစ်ရှုမြင်သည်။

ထို့ကြောင့်၊ ပိုမိုကျယ်ပြန့်စွာကြည့်လျှင် ဘဏ္ဍာစိုးလုပ်ငန်းသည် "အသက်တာကိုပညာရှိရှိ၊ ကိုယ်ကျိုးမဖက်ဘဲအသုံးပြုခြင်းဖြစ်သည်။"

## ဘုရားသခင်၏ပိုင်ဆိုင်မှုကိုသိရှိနိုင်မည့်နည်းလမ်းများ

အသက်တာကိုလေးပိုင်းခွဲခြားနိုင်ပြီး၊ ၎င်းတစ်ခုချင်းစီသည် ဘုရားသခင်ထံမှ လက်ဆောင်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့အား ကိုယ်ခန္ဓာ၊ စွမ်းရည်များ၊ အချိန်နှင့် ပစ္စည်းဥစ္စာများကိုပေးသည်။ ထို့ပြင်မက၊ ကျွန်ုပ်တို့၏စိုးမိုးမှုအောက်၌ရှိသော ပတ်ဝန်းကျင်ကိုလည်း ကျွန်ုပ်တို့ဂရုစိုက်ရမည်။

**ကိုယ်ခန္ဓာကိုစောင့်ရှောက်ခြင်း။** ဘုရားသခင်၏လူတို့သည် မိမိတို့ကိုယ်ကိုစောင့်ရှောက်သောဘဏ္ဍာစိုးများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်ချစ်ရမည် (လုကာ၊ ၁၀း၂၇)။

ခရစ်ယာန်တို့သည် မိမိတို့၏စွမ်းရည်များနှင့် အခွင့်အရေးများကိုအကောင်းဆုံး၌ဖြစ်စေရန်၊ သူတို့၏ကာယနှင့်ဉာဏတန်ခိုးများကိုတိုးတက်စေရန် အခွင့်ထူးရှိသည်။ ထိုသို့ပြုခြင်းအားဖြင့် သူတို့သည် ဘုရားသခင်ကိုဂုဏ်ပြုရာရောက်ပြီး၊ မိမိတို့လူသားချင်းအတွက် ပိုမိုကြီးမားသောကောင်းချီးများလည်းဖြစ်လာနိုင်သည်။

**စွမ်းရည်များကို ထက်မြက်တိုးတက်စေခြင်း။** လူတိုင်းသည် ပင်ကိုစွမ်းရည်ကိုယ်စီရှိကြသည်။ တစ်ဦးသည် တေးဂီတနယ်ပယ်တွင်လည်းကောင်း၊ အခြားတစ်ဦးသည် စက်ချုပ်ခြင်း သို့မဟုတ် စက်ပြင်ခြင်းစသည့်လက်မှုပညာတို့ကို တတ်ကျွမ်းနိုင်

သည်။ အချို့သည် လွယ်လင့်တကူမိတ်ဆွေဖွဲ့၍ အခြားသူများနှင့်ရောနှောနေစဉ်၊ အခြားသူတို့သည်လည်း တစ်ဦးတည်းနေတတ်ကြပြန်သည်။

ပင်ကိုစွမ်းရည်တိုင်းကိုပိုင်ဆိုင်သောသူ သို့မဟုတ် ပေးတော်မူသောသူ၏ ဂုဏ်ကျက်သရေကိုတိုးစေရန်အတွက် အသုံးပြုနိုင်သည်။ လူတစ်ဦးသည် ဘုရားသခင်၏ ဘုန်းတော်အတွက် သို့မဟုတ် မိမိကိုယ်ကျိုးအတွက်စွမ်းရည်ကို ဖွံ့ဖြိုးအကောင်းဆုံးဖြစ်အောင်လုပ်နိုင်သည်။

ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ပေးသောဆုကျေးဇူးများကို တိုးပွားအောင်ပြုစုပျိုးထောင်သင့်သည် (မဿဲ၊ ၂၅)။ ကောင်းသောဘဏ္ဍာစိုးများသည် မိမိတို့သခင်အတွက် ပိုမိုပြည့်ဝသောအကျိုးကို ယူဆောင်လာပေးရန် မိမိတို့ဆုကျေးဇူးများကို ရက်ရောစွာအသုံးပြုသည်။

**အချိန်ကိုလေးစားခြင်း။** သစ္စာရှိသောဘဏ္ဍာစိုးများအဖြစ်၊ ကျွန်ုပ်တို့သည် အချိန်ကိုပညာရှိရှိအသုံးပြုခြင်းအားဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေသည်။ “လူ၏အမှုကိုသာဆောင်ရွက်သကဲ့သို့မဟုတ်၊ သခင်ဘုရား၏အမှုတော်ကိုဆောင်ရွက်သကဲ့သို့ပြုလေသမျှတို့၌ စေတနာစိတ်နှင့်ပြုကြလော့။ သင်တို့သည် သခင်ခရစ်တော်၏အစေကိုခံကြသည်ဖြစ်၍၊ အမွေတော်တည်းဟူသောအကျိုးကို ထိုသခင်ဘုရား၏လက်တော်မှခံရလိမ့်မည်ဟု သိမှတ်ကြလော့” (ကောလော၊ ၃း၂၃၊၂၄)။

သမ္မာကျမ်းစာသည် ကျွန်ုပ်တို့ကို “ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့.... ယခုနေ့ရက်ကာလသည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကိုရွေးနုတ်ကြလော့” (ဧဖက်၊ ၅း၁၅၊၁၆) ဟု တိုက်တွန်းသည်။ အချိန်သည် ဘုရားသခင်၏ဆုလာဘ်ဖြစ်သောကြောင့်၊ အချိန်တိုင်းသည်တန်ဖိုးရှိသည်။ အချိန်ကိုထာဝရအသက်အတွက် စာရိတ္တကိုပုံသွင်းရန်ပေးထားသည်။ ကျွန်ုပ်တို့၏အချိန်ကို သစ္စာရှိရှိလေးစားခြင်းသည် ကျွန်ုပ်တို့၏သခင်ဘုရားကိုသိကျွမ်းရန်၊ ကျွန်ုပ်တို့၏လူသားချင်းကိုကူညီရန်၊ ဧဝံဂေလိတရားကိုဝေငှရန်စသည်တို့အတွက် အသုံးပြုခြင်းကိုဆိုလိုသည်။

ဖန်ဆင်းခြင်းအချိန်က၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအချိန်ပေးစဉ်က သူသည် သတ္တမနေ့ဥပုသ်ကို သူနှင့်အတူရင်းနှီးစွာဆက်ဆံရန်အတွက် သန့်ရှင်းသောအချိန်အဖြစ်ထိန်းသိမ်းထားသည်။ သို့သော် ခြောက်ရက်ကိုမူ အသုံးဝင်သောလုပ်ငန်း၌ပါဝင်ရန်အတွက်လူသားတို့ကိုစီမံပေးခဲ့သည်။

**ပိုင်ဆိုင်မှုပစ္စည်းများကိုထိန်းသိမ်းခြင်း။** ဘုရားသခင်သည် ကျွန်ုပ်တို့၏မိဦးဖဦးတို့အား မြေကြီးကိုပြည့်စေရန်၊ တိရစ္ဆာန်များကိုအုပ်စိုးရန်နှင့် ဧဒင်ဥယျာဉ်ကိုပြုစုစောင့်ရှောက်ရန်တာဝန်ပေးခဲ့သည် (ကမ္ဘာ၊ ၁း၂၈။ ၂း၁၅)။ ဤအရာအားလုံးသည် သူတို့၏ပျော်ရွှင်ခြင်းအတွက်ဖြစ်သည်သာမက၊ ၎င်းတို့ကိုစီမံထိန်းသိမ်းရန်လည်းဖြစ်သည်။

သူတို့အတွက်အရာတစ်ခုကိုတားမြစ်ထားသည်။ သူတို့သည် ကောင်းမကောင်း သိကျွမ်းရာအပင်၏အသီးကိုမစားရချေ။ ဤအပင်က ဘုရားသခင်သည် ကမ္ဘာမြေကို ပိုင်သောအရှင်၊ ၎င်းအပေါ်အာဏာရှိသောသူဖြစ်ကြောင်းကို အမြဲအမှတ်ရစေသည်။ ဤကန့်သတ်ချက်ကိုလေးစားခြင်းအားဖြင့် ရှေးဦးစုံတွဲသည် စာတန်၏သားကောင်အဖြစ် မကျရှုံးမီအချိန်ထိ၊ ဘုရားသခင်အပေါ်သစ္စာရှိခြင်းကိုပြသခဲ့ကြသည်။

အပြစ်ထဲကျရောက်ပြီးနောက်၊ ဘုရားသခင်သည် ကောင်းမကောင်းသိကျွမ်းရာအပင်အားဖြင့် စမ်းသပ်၍မရနိုင်တော့ချေ။

ဘုရားသခင်သည် ကောင်းမွန်ပြည့်စုံသောဆုလာဘ်အားလုံး၏ အရင်းအမြစ်ဖြစ်ကြောင်းကို အမြဲသတိပေးမည့်အရာကို လူသားတို့လိုအပ်နေသေးသည် (ယာကုပ်၊ ၁း၁၇)။ ဆိုလိုသည်မှာ သူသည် ကျွန်ုပ်တို့အားကြွယ်ဝချမ်းသာမှုကိုရရှိစေရန် အစွမ်းတန်းခိုးကိုပေးသည် (တရားဟော၊ ၈း၁၈)။ သူသည် ကောင်းချီးမင်္ဂလာအားလုံး၏ အရင်းအမြစ်ဖြစ်ကြောင်းကို ကျွန်ုပ်တို့အားအမှတ်ရစေရန်၊ ဘုရားသခင်သည် ဆယ်ဖို့တစ်ဖို့နှင့် အလှူငွေစနစ်ကိုပြဋ္ဌာန်းခဲ့သည်။

ဤစနစ်သည် နောက်ဆုံးတွင် ဣသရေလတို့ဗိမာန်တော်၏ယဇ်ပုရောဟိတ်များကိုထောက်ပံ့ရန်အတွက် ငွေကြေးဆိုင်ရာနည်းစနစ်ကိုစီမံပေးခဲ့သည်။ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းသားများသည် ဤနည်းစနစ်ကို ကမ္ဘာတစ်ဝန်းဧဝံဂေလိတရားရောက်ရှိရန် ငွေကြေးထောက်ပံ့မှုအတွက် အခြေအမြစ်ရှိသောကျမ်းစာနည်းလမ်းအဖြစ်ခံယူသည်။ ဧဝံဂေလိတရားကိုဝေငှခြင်းသည် သူ့လူတို့၏ကြိုးစားအားထုတ်မှုနှင့် အလှူငွေများအပေါ်မူတည်ရန် ဘုရားသခင်သည်စီမံခဲ့ပြီးဖြစ်သည်။ ဆယ်ဖို့တစ်ဖို့များနှင့် အလှူငွေများကို သူ့အားပေးခြင်းအားဖြင့် သူနှင့်အတူကိုယ်ကျိုးမဖက်သော ပူးတွဲလုပ်ဆောင်သူများဖြစ်ရန် ဘုရားသခင်ခေါ်တော်မူသည်။

**၁။ ဆယ်ဖို့တစ်ဖို့များ။** ကျွန်ုပ်တို့အချိန်၏ခုနစ်ပုံတစ်ပုံ (ဥပုသ်နေ့) သည် ဘုရားသခင်နှင့်သက်ဆိုင်သကဲ့သို့၊ ကျွန်ုပ်တို့ဆည်းပူးသောပစ္စည်းအားလုံး၏ ဆယ်ပုံတစ်ပုံသည်လည်း ဘုရားသခင်နှင့်သက်ဆိုင်သည်။ ဆယ်ဖို့တစ်ဖို့သည် "ထာဝရဘုရားအတွက်သန့်ရှင်းရမည်" (ဝတ်၊ ၂၇း၃၀၊၃၂) ဟူသောအချက်သည် အရာရာကို ဘုရားသခင်ပိုင်ဆိုင်ကြောင်း ပုံဆောင်သည်ဟုသမ္မာကျမ်းစာက ကျွန်ုပ်တို့ကိုဖော်ပြပေးသည်။

ဆယ်ဖို့တစ်ဖို့ပေးခြင်းစနစ်သည် တင့်တယ်ပြီးရိုးစင်းသည်။ ၎င်း၏သာတူညီမျှမှုသည် ဆင်းရဲ၊ ချမ်းသာသူများအပေါ် အချိုးကျတောင်းဆိုကြောင်းပြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏ပစ္စည်းဥစ္စာကိုပေးသည့်အချိုးအစားအတိုင်း၊ ကျွန်ုပ်တို့သည် သူ့အားဆယ်ဖို့တစ်ဖို့ကိုပြန်ပေးရန်ဖြစ်သည်။

**က။ ဆယ်ဖို့တစ်ဖို့ပေးခြင်းနမူနာများ။** ဆယ်ဖို့တစ်ဖို့ပေးခြင်းသည် သမ္မာကျမ်းစာတစ်လျှောက် လက်ခံကျင့်သုံးသောအရာတစ်ခုဖြစ်သည်။ အာဗြဟံသည် အမြင့်ဆုံးသောဘုရားသခင်၏ယဇ်ပုရောဟိတ်ဖြစ်သော မေလခိဇေဒက်အား "ဥစ္စာရှိသမျှ... ဆယ်ဖို့တစ်ဖို့" ကိုပေးခဲ့သည် (ကမ္ဘာ၊ ၁၄း၂၀)။ ထိုသို့ပြုလုပ်ခြင်းအားဖြင့်၊ မေလခိဇေဒက်သည် ဘုရားရှင်၏ယဇ်ပုရောဟိတ်ဖြစ်ကြောင်းကို သူသည် အသိအမှတ်ပြုကြောင်းနှင့်၊ သူသည် ဤမြင့်မြတ်သောပြဋ္ဌာန်းချက်နှင့် အကျွမ်းတဝင်ဖြစ်ကြောင်းကို ပြသခဲ့သည်။ ဤဆယ်ဖို့တစ်ဖို့ပေးခြင်းအကိုးအကားသည် စောစောပိုင်းကတည်းက အခြေခိုင်ပြီးသောဓလေ့ဖြစ်နှင့်ပြီးကြောင်းကိုညွှန်ပြသည်။

ယာကုပ်သည်လည်း ဆယ်ဖို့တစ်ဖို့ပေးရန်တောင်းဆိုချက်ကိုနားလည်ခဲ့ကြောင်း ထင်ရှားသည်။ အနှင်ခံ၍ထွက်ပြေးတိမ်းရှောင်နေသူအဖြစ် သူသည် ထာဝရဘုရားအား "ပေးသနားတော်မူသမျှတို့ကို ဆယ်ဖို့တစ်ဖို့ပူဇော်ပါမည်ဟူ၍ သစ္စာပြုလေ၏" (ကမ္ဘာ၊ ၂၈း၂၂)။ ကျွန်ဘဝမှလွတ်မြောက်ပြီးနောက် ဣသရေလတို့သည် အမျိုးသားနိုင်ငံကို ထူထောင်သောအချိန်တွင်၊ ဘုရားသခင်သည် ဆယ်ဖို့တစ်ဖို့ပေးခြင်းပညတ်ကို ဣသရေလတို့၏ဥစ္စာပစ္စည်းအပေါ်မူတည်၍ ဘုရားရှင်၏ပြဋ္ဌာန်းချက်အဖြစ် ထပ်လောင်းအတည်ပြုခဲ့သည် (ဝတ်၊ ၂၇း၃၀–၃၂။ တော၊ ၁၈း၂၄၊၂၆၊၂၈။ တရားဟော၊ ၁၂း၆၊၁၁၊၁၇)။

ဤပြဋ္ဌာန်းချက်ကိုပယ်ဖျက်ခြင်းနှင့်ဝေးစွ၊ ဓမ္မသစ်ကျမ်းသည် ၎င်း၏ခိုင်လုံမှုကိုလက်ခံသည်။ ယေရှုသည် ဆယ်ဖို့တစ်ဖို့ပေးခြင်းကိုထောက်ခံပြီး၊ ၎င်းကိုချိုးဖောက်သောသူတို့အား အပြစ်တင်သည် (မဿဲ၊ ၂၃း၂၃)။ ခရစ်တော်၏အပြစ်ဖြေရာယဇ်ကို ပုံဆောင်သည့် ယဇ်ပူဇော်ခြင်းနှင့်ဆိုင်သော ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်များသည် ခရစ်တော်အသေခံချိန်တွင် ပြီးဆုံးခဲ့သော်လည်း၊ ဆယ်ဖို့တစ်ဖို့ပေးခြင်းပညတ်မူကား၊ မပြီးဆုံးခဲ့ချေ။

အာဗြဟံသည် ယုံကြည်သူအားလုံး၏ဖခင်ဖြစ်သောကြောင့်၊ သူသည် ခရစ်ယာန်များအတွက် ဆယ်ဖို့တစ်ဖို့ပေးခြင်းနှင့်ဆိုင်သော ပုံနမူနာဖြစ်သည်။ အာဗြဟံသည် အမြင့်ဆုံးသောဘုရားသခင်၏ယဇ်ပုရောဟိတ်ဖြစ်သော မေလခိဇေဒက်ကို ဆယ်ဖို့တစ်ဖို့ ပေးသကဲ့သို့၊ ဓမ္မသစ်အချိန်ကယုံကြည်သူများသည် မေလခိဇေဒက်ကဲ့သို့သော ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်း ခရစ်တော် (ဟေဗြဲ၊ ၅း၉၊၁၀။ ၇း၁–၂၂) အား ဆယ်ဖို့တစ်ဖို့ ကိုပေးကြသည်။

**ခ။ ဆယ်ဖို့တစ်ဖို့ကိုအသုံးပြုခြင်း။** ဆယ်ဖို့တစ်ဖို့သည် မြင့်မြတ်သည် ဖြစ်ရာ၊ သန့်ရှင်းသောရည်ရွယ်ချက်အတွက်သာအသုံးပြုရမည်။ "မြေကဖြစ်သမျှသော အသီးအနှံဆယ်စုတစ်စုသည် ထာဝရဘုရား၏ဘဏ္ဍာတော်ဖြစ်၏။ ထာဝရဘုရားအဖို့

သန့်ရှင်းရမည်။.... နွားဖြစ်စေ၊ သိုး၊ ဆိတ်ဖြစ်စေ၊ ကြိမ်လုံးအောက်၌သွားသမျှသော အကောင်ဆယ်စုတစ်စုသည် ထာဝရဘုရားအဖို့သန့်ရှင်းရမည်" (ဝတ်၊ ၂၇း၃၀–၃၂)။ ထာဝရဘုရားသည် "ဆယ်ဖို့တစ်ဖို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍၊ ငါ့အိမ်တော်၌ စားစရာရှိစေခြင်းငှာပြုကြလော့" (မာလခိ၊ ၃း၁၀) ဟု ဆိုခဲ့သည်။

ဣသရေလတို့ပြည်တွင် ဆယ်ဖို့တစ်ဖို့ကိုမြေယာဝေခွဲမှုကို မရရှိသောသူ၊ မိမိတို့ အချိန်အားလုံးကို ဣသရေလတို့၏ဝတ်ပြုကိုးကွယ်ခြင်း၊ တဲတော်၌အမှုတော်ဆောင်ခြင်း၊ ဘုရားသခင်၏ပညတ်ချက်များကို လူတို့အားသွန်သင်ခြင်းတို့၌အသုံးပြုသောသူ၊ လေဝိ သားများအတွက် သီးသန့်အသုံးပြုခဲ့သည် (တော၊ ၁၈း၂၁၊၂၄)။

ကပ်တိုင်တင်သတ်ခြင်းခံရပြီးနောက်၊ ဘုရားရှင်သတ်မှတ်သောလေဝိသားတို့၏ ယဇ်ပုရောဟိတ်လုပ်ငန်းပြီးဆုံးသွားသောအချိန်တွင်၊ ဆယ်ဖို့တစ်ဖို့ကို ဘုရားသခင် အသင်းတော်၏သာသနာလုပ်ငန်းကိုထောက်ပံ့ရန် အသုံးပြုရသေးသည်။ ပေါလုသည် လေဝိအမျိုးသားတို့၏လုပ်ငန်းနှင့် အသစ်ထူထောင်သောဧဝံဂေလိသာသနာလုပ်ငန်းတို့ အကြား တူညီမှုကိုနှိုင်းယှဉ်ခြင်းအားဖြင့် ဤစနစ်၏အခြေခံစည်းမျဉ်းကို သာဓကဖြင့် ပုံခိုင်းခဲ့သည်။ "ငါတို့သည် သင်တို့၌ဓမ္မမျိုးစေ့ကိုစိုက်ပြီးမှ သင်တို့၏လောကီအသီးကို သုံးဆောင်လျှင် ကျေးဇူးကြီးမည်လော။ အခြားသောသူတို့သည် သင်တို့ထံမှာထိုအခွင့်ကို ရလျှင် ငါတို့သည်သာ၍ရထိုက်သည်မဟုတ်လော။..... ဓမ္မကိစ္စအမှုကိုဆောင်ရွက်သော သူတို့သည် ဗိမာန်တော်ကိုအမှီပြု၍ စားရသည်ကိုလည်းကောင်း၊ ယဇ်ပူဇော်ခြင်း အမှုကိုဆောင်ရွက်သောသူတို့သည် ယဇ်ပလ္လင်နှင့်ဆက်ဆံ၍စားရသည်ကိုလည်းကောင်း၊ သင်တို့မသိကြသလော။ ထိုနည်းတူ၊ ဧဝံဂေလိတရားကိုဟောသောသူတို့သည် ဧဝံဂေလိတရားကိုအမှီပြု၍ အသက်မွေးရမည်အကြောင်း၊ သခင်ဘုရား၏ပညတ်တော် မူချက်ရှိ၏" (၁ကော၊ ၉း၁၁–၁၄)။

ထို့ကြောင့် အသင်းသူအသင်းသားများသည် လိုလိုလားလားမိမိတို့ "ဆယ်ဖို့ တစ်ဖို့ရှိသမျှတို့ကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍၊ ငါ့ (ဘုရားသခင့်) အိမ်တော်၌စားစရာ ရှိစေခြင်းငှာပြုကြ" ရမည် (မာလခိ၊ ၃း၁၀)။ တစ်နည်းအားဖြင့်၊ သာသနာလုပ်ငန်း၏ အသက်မွေးဝမ်းကျောင်းကိုထောက်ပံ့ရန်နှင့် ဧဝံဂေလိတရားကိုပျံ့နှံ့အောင်ဟောပြောနိုင်ရန် ဘုရားသခင့်၏အသင်းတော်တွင် လုံလောက်သောရန်ပုံငွေရှိလိမ့်မည်။

**၂။ အလှူငွေများ။** ကျေးဇူးသိတတ်သောခရစ်ယာန်တို့သည် အသင်းတော်သို့ ဆယ်ဖို့တစ်ဖို့နှင့်သာ သူတို့၏ပေးကမ်းမှုကိုကန့်သတ်မထားကြချေ။ ဣသရေလတို့အထဲ တွင် တဲတော်၊ ပြီးနောက် ဗိမာန်တော်တို့ကို "ကြည်ညိုသောစိတ်နှင့်လှူသောအလှူ" ဖြင့်ဆောက်ခဲ့ကြသည်။ (ထွက်၊ ၃၆း၂–၇။ ၅ရာ၊ ၂၉း၁၄)။ အထူးအလှူငွေများကိုမူ ဤဝတ်ပြုရာနေရာများကိုထိန်းသိမ်းစရိတ်အဖြစ်အသုံးပြုသည် (ထွက်၊ ၃၀း၁၂–၁၆။

၄ရာ၊ ၁၂း၄၊၅။ ဖရာ၊ ၂၄း၄–၁၃။ နေဟ၊ ၁၀း၃၂၊၃၃)။ ဣသရေလတို့သည် ဘာသာရေးနှင့်အလှူအတွက် သူတို့ဝင်ငွေ၏လေးပုံတစ်ပုံမှ သုံးပုံတစ်ပုံအထိပေးလှူခဲ့ကြဟန်ရှိသည်။ ထိုသို့သောများပြားသည့်ထည့်ဝင်သောငွေကြေးကြောင့် ဆင်းရဲသွားခဲ့ကြပါသလား။ ထိုအရာနှင့်ဆန့်ကျင့်၍ ဘုရားသခင်သည် သူတို့၏သစ္စာရှိမှုအပေါ် သူတို့ကို ကောင်းချီးပေးရန်ကတိပေးခဲ့သည် (မာလခိ၊ ၃း၁၀–၁၂)။

ယနေ့တွင်လည်း ထာဝရဘုရားသည် ကျွန်ုပ်တို့ကိုကြီးပွားစေသည့်အတိုင်း ရက်ရောသောပေးကမ်းခြင်းအတွက် ခေါ်လျက်ရှိသည်။ ဘုရားကျောင်းများကို တည်ဆောက်ရန်၊ ထိန်းသိမ်းရန်၊ အသင်းတော်ကိုလည်ပတ်ရန်၊ ဧဝံဂေလိတရား၏ လက်တွေ့ကျသောရည်ရွယ်ချက်ကို ပြသသည့်အနေဖြင့် သာသနာလုပ်ငန်း၏ကောင်းမွန်သောအခြေအနေကိုတည်ထောင်ရန် အလှူငွေလိုအပ်သည်။

ကျွန်ုပ်တို့သည် ဣသရေလလူတို့ပေးသလောက်ပေးရမည်လော၊ သို့တည်းမဟုတ် သူတို့၏ပေးကမ်းခြင်းပုံစံသည် အပ်စပ်မှုမရှိတော့ပြီလော။ ဓမ္မသစ်ကျမ်းတွင် ခရစ်တော်သည် စစ်မှန်သောဘဏ္ဍာစိုးလုပ်ငန်း၏အခြေခံမှုကိုချခဲ့သည်။ ၎င်းမှာ ဘုရားသခင်အားပေးသော ကျွန်ုပ်တို့၏လက်ဆောင်ပစ္စည်းသည် ကျွန်ုပ်တို့ရရှိသော အလင်းတရားနှင့် အခွင့်အရေး၏အချိုးကျအတိုင်းဖြစ်ရမည်။ "အကြင်သူသည် များစွာသောကျေးဇူးကိုခံရ၏၊ ထိုသူသည် အများကိုဆပ်ရ၏။ အကြင်သူ၌ များစွာသော ဥစ္စာကိုအပ်နှင်း၏၊ ထိုသူကိုများစွာတောင်းလိမ့်မည်" (လုကာ၊ ၁၂း၄၈) ဟုသူဆိုခဲ့သည်။ ခရစ်တော်သည် သူ၏နောက်လိုက်များကို သာသနာအတွက်လွှတ်သောအခါ၊ "သင်တို့သည် အဖိုးမပေးဘဲကျေးဇူးတော်ကိုခံရကြပြီဖြစ်၍၊ အဖိုးမခံဘဲပေးကမ်းကြလော့" (မဿဲ၊ ၁၀း၈) ဟုဆိုသည်။ ဤအခြေခံမှုသည် ကျွန်ုပ်တို့၏ငွေကြေးဆိုင်ရာ ကောင်းချီးများလည်းအကျုံးဝင်သည်။

ဓမ္မသစ်ကျမ်း၏မည်သည့်နေရာတွင်မျှ ထိုစနစ်ကိုရုပ်သိမ်း သို့မဟုတ် လျှော့ပေါ့ပေးခြင်းမရှိချေ။ ကျွန်ုပ်တို့၏အခွင့်အရေးများနှင့်ကောင်းချီးများကို ဣသရေလတို့ခံရသောအရာများနှင့် နှိုင်းယှဉ်သောအခါ၊ ခရစ်တော်၌ကျွန်ုပ်တို့ရရှိသောအရာသည် ရှင်းလင်းစွာသာလွန်ကြီးမားသည်ကိုမြင်နိုင်သည်။ ကျွန်ုပ်တို့၏ကျေးဇူးသိတတ်မှုသည် ပိုမိုရက်ရောမှုအားဖြင့်ထင်ရှားလိမ့်မည်။ ထိုသို့ဖြင့်ကယ်တင်ခြင်းဧဝံဂေလိတရားသည် သူတစ်ပါးထံသို့တိုးချဲ့နိုင်သည်။ ဧဝံဂေလိတရားကိုပိုမိုကျယ်ကျယ်ပြန့်ပြန့်ဟောလေ။ ၎င်းသည် ထောက်ပံ့မှုကိုပိုမိုလိုအပ်လေဖြစ်သည်။

**၃။ လက်ကျန်နှင့်ဆိုင်သောအခြေခံမှု။** ဘဏ္ဍာန်စိုးလုပ်ငန်း၏အခြေခံမှုသည် ကျွန်ုပ်တို့ထိန်းသိမ်းသောအရာနှင့် ပေးသောအရာတို့တွင်အကျုံးဝင်သည်။ ဆယ်ဖို့တစ်ဖို့သည် ကျွန်ုပ်တို့၏လောကီပိုင်ဆိုင်မှုပစ္စည်းဥစ္စာအပေါ် ကျွန်ုပ်တို့၏ဘဏ္ဍာစိုးလုပ်ငန်းကို

အခြေခံစမ်းသပ်သောအရာဖြစ်၍၊ ကျန်ရှိသောအများစုကို အသုံးပြုခြင်းသည်လည်း ကျွန်ုပ်တို့ကိုစမ်းသပ်သည်။

ကျွန်ုပ်တို့၏ဥစ္စာပစ္စည်းကိုအသုံးပြုမှုသည် ဘုရားသခင်နှင့်ကျွန်ုပ်တို့၏အိမ်နီးချင်းကို ကျွန်ုပ်တို့မည်မျှချစ်ကြောင်းကိုဖော်ပြသည်။ ငွေကြေးသည် ကောင်းသောအရာအတွက် တန်ခိုးဖြစ်နိုင်သည်။ ကျွန်ုပ်တို့၏လက်ထဲ၌ရှိသော ငွေဖြင့်ဆာငတ်နေသောသူတို့အတွက် အစာ၊ ရေငတ်သောသူတို့အတွက် သောက်စရာရေ၊ အဝတ်မဲ့သောသူတို့အတွက် အဝတ်အထည်ကိုစီမံပေးနိုင်သည် (မဿဲ၊ ၂၅း၃၄–၄၀)။ ဘုရားသခင်၏ရှုထောင့်မှ ငွေသည် အသက်တာ၏လိုအပ်ချက်များကိုစီမံရန်၊ သူတစ်ပါးကိုကောင်းချီးပေးရန်၊ သူ၏ အမှုတော်ကိုထောက်ပံ့ရန် အဓိကအသုံးပြုမှသာလျှင်တန်ဖိုးရှိသည်။

**၄။ ဆယ်ဖို့တစ်ဖို့များနှင့်အလှူငွေများအပေါ်သစ္စာမဲ့ခြင်း။** ယေဘုယျအားဖြင့် ပြောရလျှင်၊ လူတို့သည် ဘဏ္ဍာစိုးလုပ်ငန်းဆိုင်ရာ ဘုရားရှင်၏အခြေခံမှုများကို လျစ်လျူရှုထားကြသည်။ ခရစ်ယာန်များအကြား၌ပင်လျှင် ဘဏ္ဍာန်စိုးများအဖြစ် မိမိတို့၏ အခန်းကဏ္ဍကို သိသောသူအနည်းငယ်သာရှိသည်။ ဣသရေလတို့၏သစ္စာမရှိမှုအပေါ် ဘုရားသခင်၏တုံ့ပြန်မှုသည် ဤကိစ္စကိုသူမည်မျှအလေးထားကြောင်း ရှင်းလင်းစွာမြင်ရသည်။ သူတို့သည် ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများကို မိမိတို့ကိုယ်ကျိုးအတွက် အသုံးပြုသောအခါ၊ ၎င်းသည် ခိုးမှုသဘောသက်ရောက်သည်ကို သတိပေး၍ (မာလခိ၊ ၃း၈)၊ သူတို့၏ကြွယ်ဝချမ်းသာမှုမရှိခြင်းသည် သူတို့၏ငွေကြေးသစ္စာမရှိခြင်းကြောင့် ဖြစ်သည်ဟုမှတ်ယူခဲ့သည်။ "သင်တို့သည် ကျိန်ခြင်းအမင်္ဂလာကိုခံရကြ၏။ အကြောင်းမူကား၊ ပြည်သူပြည်သားအပေါင်းတို့သည် ငါ့ဥစ္စာကိုလုယူကြပြီ" (မာလခိ၊ ၃း၉)။

ထာဝရဘုရားသည် ကျေးဇူးတော်ကိုကမ်းလှမ်းခြင်းနှင့်အတူ၊ သတိပေးချက်ကို နိဒါန်းပျိုးခြင်းအားဖြင့်၊ သူ၏စိတ်ရှည်ခြင်း၊ မေတ္တာနှင့်ကရုဏာကိုပြသခဲ့သည်။ "ငါ့ထံသို့ပြန်လာကြလော့။ ငါသည်လည်း သင်တို့ဆီသို့ပြန်လာမည်" (မာလခိ၊ ၃း၇)။ သူသည် သူတို့အားကြွယ်ဝသောကောင်းချီးကိုကမ်းလှမ်း၍၊ သူ၏သစ္စာစောင့်သိမှုကို စမ်းသပ်ရန် သူတို့ကိုစိန်ခေါ်ခဲ့သည်။ "ဆယ်ဖို့တစ်ဖို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့ သွင်း၍၊ ငါ့အိမ်တော်၌ စားစရာရှိစေခြင်းငှာပြုကြလော့။ ငါသည် မိုးကောင်းကင် ပြတင်းပေါက်တို့ကိုဖွင့်၍ ကောင်းချီးမင်္ဂလာကို အကုန်အစင်သွန်းလောင်းမည် မသွန်း လောင်းမည်ကို ထိုသို့စုံစမ်းကြလော့ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူ၏။ ကိုက်စားတတ်သောအကောင်ကို သင်တို့အတွက်ငါဆုံးမ၍၊ သင်တို့၏ မြေအသီးအနှံကိုမဖျက်ဆီးရ။ သင်တို့၏စပျစ်ဥယျာဉ်သည် အသီးမသီးဘဲမနေရဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။ လူမျိုးအပေါင်းတို့သည် သင်တို့ကို

မင်္ဂလာရှိသောသူဟူ၍ ခေါ်ဝေါ်ကြလိမ့်မည်။ သင်တို့ပြည်သည်လည်း နှစ်သက်ဖွယ်သောပြည်ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏" (မာလခိ၊ ၃း၁၀–၁၂)။

**ကမ္ဘာမြေကို စောင့်ရှောက်ခြင်း။** ခေတ်သစ်သိပ္ပံပညာသည် ကမ္ဘာမြေကို သိပ္ပံလက်တွေ့သုတေသနအတွက် ကျယ်ပြန့်သောဓာတ်ခွဲခန်းဖြစ်စေခဲ့ကြပြီ။ ထိုသို့သော သုတေသနများသည် များစွာသောအကျိုးများကိုဖြစ်စေသည်။ သို့သော် စက်မှုတော်လှန်ရေးသည် လေ၊ ရေနှင့် ကုန်းမြေကိုညစ်ညမ်းစေခဲ့သည်။ တချို့ဖြစ်စဉ်များတွင် နည်းပညာသည် သဘာဝတရားကိုပညာရှိရှိထိန်းသိမ်းခြင်းသည်ထက် ခြယ်လှယ်အသုံးချသည်။

ကျွန်ုပ်တို့သည် ဤလောကကိုထိန်းသိမ်းသောသူများဖြစ်၍၊ နဂိုအတိုင်းဂေဟစနစ်ချိန်ခွင်လျှာကိုထိန်းသိမ်းခြင်းအားဖြင့် သက်ရှိအားလုံးကိုထိန်းသိမ်းရန် လုပ်နိုင်သမျှကိုလုပ်ရမည်။ ခရစ်တော်သည် ကြွလာသောအခါ၊ "မြေကြီးကို ဖျက်ဆီးသောသူတို့ကို ဖျက်ဆီးတော်မူမည်" (ဗျာ၊ ၁၁း၁၈)။ ဤရှုထောင့်၌ ခရစ်ယာန်ဘဏ္ဍာစိုးများသည် မိမိတို့ကိုယ်ပိုင်ဥစ္စာအတွက်သာမက၊ သူတို့ပတ်ဝန်းကျင်ကမ္ဘာမြေအတွက်တာဝန်ရှိသည်။

## ဘဏ္ဍာစိုးအဖြစ်ခရစ်တော်

မှန်ကန်သောဘဏ္ဍာစိုးလုပ်ငန်းမှ ကိုယ်ကျိုးမဖက်ခြင်းတည်းဟူသော ဘုရားသခင်ထံ မိမိကိုယ်ကိုလုံးလုံးပေးအပ်ခြင်းနှင့် လူသားတို့ကိုအလုပ်အကျွေးပြုခြင်းဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့ကိုချစ်သောကြောင့် လက်ဝါးကပ်တိုင်တွင်ရက်စက်မှု၊ မိမိလူတို့ကပင် ငြင်းပယ်သောပိုမိုပြင်းထန်သောနာကျင်မှု၊ ဘုရားသခင်၏ကမ်းကုန်ကျောခိုင်းမှုတို့ကိုကြံ့ကြံ့ခံခဲ့သည်။ ဤဆုလက်ဆောင်နှင့်နှိုင်းယှဉ်လျှင်၊ မည်သည့်အရာကို ကျွန်ုပ်တို့ပေးနိုင်မည်နည်း။ သူသည် အရာရာကိုပိုင်ဆိုင်သော်လည်း သူကိုယ်တိုင်သည် ဆုလက်ဆောင်ဖြစ်သည်။ ထိုသို့သောအရာသည် ဘဏ္ဍာန်စိုးလုပ်ငန်းဖြစ်သည်။ ထိုအကြီးမားဆုံးသောဆုလက်ဆောင်ကို စူးစိုက်ကြည့်ရာတွင် မိမိတို့အဖြစ်ကရုန်းထွက်၍၊ ကိုယ်တော်နှင့်တူရန်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ကိုယုံကြည်သူအသိုက်အဝန်းနှင့် ပတ်ဝန်းကျင်ရှိလူစုများကို ပြုစုစောင့်ရှောက်သောအသင်းတော်အဖြစ်သို့ တွန်းပို့လိမ့်မည်။ ခရစ်တော်သည် လောကအတွက်အသေခံသည့်အတွက်၊ အကျယ်ပြန့်ဆုံးသဘောဖြင့်ကြည့်လျှင်၊ ဘဏ္ဍာစိုးလုပ်ငန်းသည် လောကအတွက်ဖြစ်သည်။

## ဘဏ္ဍာစိုးလုပ်ငန်း၏ကောင်းချီးများ

ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူ့အတွက်မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏အကျိုးအတွက် ဘဏ္ဍာစိုးအခန်းကဏ္ဍ၌ထားရှိသည်။

**ကိုယ်ပိုင်ကောင်းချီး။** ဘုရားသခင်သည် ကျွန်ုပ်တို့ကိုသူ့အား ကျွန်ုပ်တို့၏အချိန်စွမ်းရည်များ၊ ကိုယ်ခန္ဓာနှင့်ပိုင်ဆိုင်မှုပစ္စည်းဥစ္စာများကိုထပ်တလဲလဲတောင်းဆိုရသည့်အကြောင်းရင်းတစ်ခုမှာ ကျွန်ုပ်တို့၏ကိုယ်ပိုင်ဝိညာဉ်ရေးကြီးထွားမှုနှင့် စာရိတ္တတိုးတက်မှုတို့ကိုအားပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် အရာရာကိုဘုရားသခင်ပိုင်ဆိုင်ကြောင်းနှင့် ကျွန်ုပ်တို့ကိုအစဉ်ချစ်ကြောင်းတို့ကို အမြဲသတိရနေသောအခါ၊ ကျွန်ုပ်တို့၏ချစ်ခြင်းနှင့် ကျေးဇူးတရားသည်ပျိုးထောင်ခြင်းခံရသည်။

စစ်မှန်သောဘဏ္ဍာစိုးလုပ်ငန်းသည် တပ်မက်ခြင်းနှင့် တစ်ကိုယ်ကောင်းဆန်ခြင်းတို့ကို အောင်နိုင်ရာတွင်လည်းကူညီသည်။ ကျွန်ုပ်တို့၏အကြီးမားဆုံးသောရန်သူတစ်ခုဖြစ်သည့်တပ်မက်ခြင်းကို ပညတ်တော်ဆယ်ပါးကရှုတ်ချသည်။ ယေရှုကလည်း ၎င်းကိုသတိပေးသည်။ "လောဘလွန်ကျူးခြင်းကို သတိနှင့်ကြဉ်ရှောင်ကြလော့။ အကြောင်းမူကား၊ စည်းစိမ်ရှိသော်လည်း စည်းစိမ်၌အသက်မတည်ဟုမိန့်တော်မူ၏" (လုကာ၊ ၁၂း၁၅)။ ကျွန်ုပ်တို့၏ပုံမှန်ပေးကမ်းခြင်းသည် တပ်မက်ခြင်းနှင့် တစ်ကိုယ်ကောင်းဆန်ခြင်းတို့ကို ကျွန်ုပ်တို့အသက်တာမှအမြစ်လှန်ပစ်ရန်ကူညီသည်။

ဘဏ္ဍာစိုးလုပ်ငန်းသည် ခွေတာရေးနှင့်ထိရောက်မှုဆိုင်ရာဓလေ့ကို တိုးတက်စေသည်။ "ဇာတိပကတိစိတ်များနှင့် အလိုဆန္ဒများကို လက်ဝါးကပ်တိုင်မှာရိုက်ထားကြပြီ" (ဂလာတိ၊ ၅း၂၄) ဖြစ်၍၊ ကျွန်ုပ်တို့သည် မည်သည့်အရာကိုမျှ ကျွန်ုပ်တို့၏ကိုယ်ကျိုးဖက်သောအားရကျေနပ်မှုအတွက် အသုံးပြုကြမည်မဟုတ်ပါ။ "ဘဏ္ဍာစိုးလုပ်ငန်းဆိုင်ရာအခြေခံမှုများသည် အသက်တာကိုစိုးမိုးသောအခါ၊ စိတ်ဝိညာဉ်သည် ဉာဏ်အလင်းရလာသည်၊ ရည်ရွယ်ချက်သည် တစ်သမတ်တည်းဖြစ်သည်၊ လူမှုရေးအပျော်အပါးများမှ အကျိုးမပြုသောအရာများကိုဖြတ်တောက်သည်၊ စီးပွားရေးကို ခွေပညတ်၏လွှမ်းမိုးမှုအောက်တွင်ပြုလုပ်သည်၊ ဝိညာဉ်ကယ်ဆယ်ရေးစိတ်သည်ပြင်းပြသည်။ ထိုသို့သောအရာများသည် သစ္စာရှိသောအသက်တာနှင့် သစ္စာရှိခြင်းတို့၌ ဘုရားသခင်စီမံပေးသည့်ကြွယ်ဝသောကောင်းချီးများဖြစ်သည်။

ခရစ်တော်အသေခံခဲ့သောသူတို့၏ကယ်တင်ခြင်းအတွက် အရာရာ၌ရင်းနှီးမြှုပ်နှံခြင်းအပေါ်၊ "မင်းကြီးက၊.... သင်တို့သည် ဤသူတည်းဟူသောငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီ" (မဿဲ၊ ၂၅း၄၀) ဟူ၍ အသိအမှတ်ပြုကြောင်း အာမခံချက်မှအတွင်းကျကျစိတ်ကျေနပ်မှုနှင့် ဝမ်းမြောက်ခြင်းတို့မှလာသည်။ "ယေရှုကိုပေးရန် တန်ဖိုးကြီးလွန်းသောအရာ ဘာမျှမရှိပါ။ ကျွန်ုပ်တို့အား

ထိန်းသိမ်းရန်ပေးသောအစွမ်းများကို သူ့အားပြန်ပေးခဲ့လျှင်၊ သူ ကျွန်ုပ်တို့လက်ထဲတွင် သာ၍များစွာပေးလိမ့်မည်။ ခရစ်တော်အတွက် ကျွန်ုပ်တို့ကြိုးပမ်းသမျှကို ပြန်၍ဆုချလိမ့်မည်။ သူ၏နာမ၌ ကျွန်ုပ်တို့ထမ်းဆောင်သမျှသောတာဝန်တိုင်းသည် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းကိုဖြစ်စေလိမ့်မည်။

**သူတစ်ပါးအတွက်ကောင်းချီး။** စစ်မှန်သောဘဏ္ဍာစိုးသည် သူတို့ထိတွေ့သောသူအားလုံးကို ကောင်းချီးပေးသည်။ သူတို့သည် ပေါလု၏ဘဏ္ဍာစိုးဆိုင်ရာအမိန့်ကိုလိုက်နာဆောင်ရွက်သည်။ "သူတစ်ပါးအားကျေးဇူးပြုခြင်း၊ ကောင်းသောအကျင့်၌ကြွယ်ဝပြည့်စုံခြင်း၊ စွန့်ကြဲချင်သောစေတနာစိတ်ရှိခြင်း၊ အချင်းချင်းဆက်ဆံခြင်း၊ မှန်သောအသက်ကိုဝင်စားလိုသော၄ာ၊ နောင်ဘဝ၌ ကောင်းသောဘဏ္ဍာကို မိမိတို့အဖို့ဆည်းပူးခြင်းတို့ကိုပြုရမည်" (၁တိ၊ ၆း၁၈၊၁၉)။

ဘဏ္ဍာစိုးလုပ်ငန်းသည် သူတစ်ပါးကိုအလုပ်အကျွေးပြုခြင်းနှင့် အခြားသူများကို အကျိုးပြုနိုင်မည့် ဘုရားသခင်ပေးသောအရာဟူသမျှကိုဝေငှရန် စိတ်စေတနာရှိခြင်းတို့ပါဝင်သည်။ ဤအရာက "ကျွန်ုပ်တို့၌ရှိသော ငွေ၊ ကျွန်ုပ်တို့ပိုင်ဆိုင်သောဂုဏ်ပုဒ်များ၊ ကျွန်ုပ်တို့သိသောအရေးကြီးပုဂ္ဂိုလ်များ၊ ကျွန်ုပ်တို့နေထိုင်သောအိမ်နှင့် အိမ်နီးချင်းများ၊ ကျွန်ုပ်တို့ပိုင်ဆိုင်သည်ဟုထင်ရသောရာထူးနှင့် ဩဇာစသည်များပါဝင်သောအသက်တာကို ကျွန်ုပ်တို့ထည့်သွင်းမစဉ်းစားတော့ခြင်းကိုဆိုလိုသည်။" စစ်မှန်သောအသက်တာသည် ဘုရားသခင်ကိုသိကျွမ်းခြင်း၊ သူ၏ဂုဏ်တော်ကဲ့သို့သော နှစ်သက်ဖွယ်ပင်ကိုအရည်အချင်းကိုတိုးတက်စေခြင်း၊ ကျွန်ုပ်တို့အား ကြွယ်ဝမှုကိုပေးသည်အတိုင်းတတ်နိုင်သောအရာကိုပေးခြင်း စသည်တို့ဖြစ်သည်။ ခရစ်တော်၏စိတ်သဘောဖြင့် အမှန်တကယ်ပေးခြင်းသည် မှန်မှန်ကန်ကန်နေထိုင်ခြင်းဖြစ်သည်။

**အသင်းတော်အတွက်ကောင်းချီး။** ဘဏ္ဍာစိုးဆိုင်ရာကျမ်းစာ၏အစီအစဉ်ကိုလက်ခံခြင်းသည် အသင်းတော်အတွက်မရှိမဖြစ်သောအရာဖြစ်သည်။ ပေးကမ်းခြင်း၌ အသင်းသူအသင်းသားများဆက်လက်ပါဝင်ခြင်းသည် လူ့ခန္ဓာကိုယ်အတွက် လေ့ကျင့်ခန်းလုပ်သကဲ့သို့ ၎င်းသည် အသင်းတော်ကိုသန်မာစေသည်။ အသင်းတော်အပေါ် ခရစ်တော်ပေးထားသောကောင်းချီးများကို ဝေငှရာတွင်ပါဝင်စေသည်။ ဘုရားသခင်၏အမှုတော်တွင် လိုအပ်သောအရာဟူသမျှကိုတုံ့ပြန်ရန် အဆင်သင့်ရှိစေသည်။ အသင်းတော်သည် သာသနာလုပ်ငန်းကိုထောက်ပံ့ရန်၊ အနီးပတ်ဝန်းကျင်တွင် ဘုရားသခင်၏နိုင်ငံတော်ကို ကျယ်ပြန့်စေရန်နှင့် ဝေးသောကမ္ဘာ့နေရာများအထိတိုးချဲ့ရန် လုံလောက်သောရန်ပုံငွေရှိလိမ့်မည်။ ၎င်းသည် လိုလိုလားလားဖြင့် အချိန်၊ စွမ်းရည်များနှင့် ငွေကြေးများကို ဘုရားသခင်၏ကောင်းချီးများရသောကြောင့် ချစ်ခြင်းနှင့်ကျေးဇူးသိတတ်ခြင်းဖြင့် ဘုရားရှင်အတွက်သုံးစွဲရနိုင်စေသည်။

"နိုင်ငံတော်နှင့်ယှဉ်သောဇဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟောရ..... ပြီးမှ" (မဿဲ၊ ၂၄း၁၄) သူကြွလာမည်ဟူသောခရစ်တော်၏အာမခံချက်ကို အကြောင်းပြု၍၊ လူအားလုံးကို ဘဏ္ဍာစိုးများဖြစ်ရန်နှင့် သူနှင့်အတူပူးပေါင်းလုပ်ဆောင်သူများဖြစ်ကြရန် ဖိတ်ခေါ်လျက်ရှိသည်။ ထိုသို့ဖြင့် အသင်းတော်၏သက်သေခံချက်သည် လောကအတွက် အားကြီးသောကောင်းချီးဖြစ်လိမ့်မည်။ အသင်းတော်၏သစ္စာရှိဘဏ္ဍာစိုးများသည် သူတစ်ပါးထံတိုးချဲ့သည့် ဇဝံဂေလိတရား၏ကောင်းချီးများကို မြင်သောအခါ၊ ဝမ်းမြောက်ကြလိမ့်မည်။

–၀–

# အခန်း– ၂၂
# ခရစ်ယာန်အပြုအမူ

ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်ရေးနှင့် လူမှုရေးအသက်တာ၏ကဏ္ဍအားလုံးတွင် ကျမ်းစာ၏မူများနှင့်အညီ တွေးခေါ်၊ ခံစား၊ ပြုမူသည့် ဘုရားတရားကြည်ညိုသည့် လူများအဖြစ် ခေါ်တော်မူခြင်းခံရသည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲတွင် သခင်ဘုရား၏စာရိတ္တမျိုးကို ပြန်လည်ဖန်ဆင်းရန်အတွက်၊ ကျွန်ုပ်တို့အသက်တာ၌ ခရစ်တော်နှင့်တူသော စင်ကြယ်ခြင်း၊ ကျန်းမာခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ကိုဖြစ်ပွားစေမည့်အရာများ၌သာ ကျွန်ုပ်တို့ပါဝင်ရမည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ပျော်ရွှင်မှုနှင့် ဖျော်ဖြေရေးများသည် ခရစ်ယာန်အရသာနှင့် တင့်တယ်မှု၏အမြင့်ဆုံးစံချိန်စံညွှန်းနှင့် ကိုက်ညီရမည်။ ယဉ်ကျေးမှုဆိုင်ရာခြားနားမှုများကို အသိအမှတ်ပြုလျက်၊ ကျွန်ုပ်၏ ဝတ်စားဆင်ယင်မှုသည် ရိုးစင်း၊ ယဉ်ကျေး၊ သပ်ရပ်သည်။ သူတို့၏စစ်မှန်သော တင့်တယ်မှုသည် အပြင်ပန်းဆင်ယင်မှုမပါဘဲ၊ မပျက်စီးနိုင်သော နူးညံ့သိမ်မွေ့သော စိတ်သဘောဖြင့် ဆင်ယင်ခြင်း၌သင့်လျော်မှုရှိသည်။ ၎င်းပြင် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်သောကြောင့်၊ အသိဉာဏ်ရှိရှိ စောင့်ရှောက်ပြုစုရမည်ဟုလည်းဆိုလိုသည်။ လုံလောက်သောကာယလေ့ကျင့်ခန်းနှင့် အနားယူခြင်းတို့နှင့်အတူ ကျွန်ုပ်တို့သည် ရနိုင်သည့်ကျန်းမာရေးနှင့် အညီညွတ်ဆုံးသော အစားအစာကိုရွေးချယ်ရန်ဖြစ်ပြီး၊ သမ္မာကျမ်းစာတွင်ဖော်ပြသည့် မသန့်ရှင်းသောအစားအစာကိုလည်းရှောင်ကြဉ်ရမည်။ သေရည်သေရက်ပါဝင်သော အဖျော်ယမကာများ၊ ဆေးရွက်ကြီး၊ ဆေးဝါးများနှင့် မူးယစ်ဆေးများကို တာဝန်မဲ့စွာသုံးစွဲခြင်းတို့သည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာအတွက် အန္တရာယ်ရှိသောကြောင့်၊ ထိုအရာများကိုလည်းကြဉ်ရှောင်ရမည်။ ထို့အစား၊ ကျွန်ုပ်တို့၏ကျန်းမာပျော်ရွှင်မှုနှင့် ကောင်းစားခြင်းကိုလိုလားသော ခရစ်တော်၏စည်းကမ်းဘောင်အတွင်းသို့ ကျွန်ုပ်တို့၏အတွေးအခေါ်နှင့် ကိုယ်ခန္ဓာကိုရောက်စေနိုင်သော မည်သည့်အရာတွင်မဆို ကျွန်ုပ်တို့သည်ပါဝင်ရမည်။ (ကမ္ဘာ၊ ၇း၂။ ထွက်၊ ၂၀း၁၅။ ဝတ်၊ ၁၁း၁–၄၇။ ဆာလံ၊ ၁၀၆း၃။ ရောမ၊ ၁၂း၁၊၂။ ၁ကော၊ ၆း၁၉၊၂၀။ ၁၀း၃၁။ ၂ကော၊ ၆း၁၄–၇း၁။ ၁၀း၅။ ဧဖက်၊ ၅း၁–၂၁။ ဖိလိပ္ပိ၊ ၂း၄။ ၄း၈။ ၁တိ၊ ၂း၉၊၁၀။ တိတု၊ ၂း၁၁၊၁၂။ ၁ပေ၊ ၃း၁–၄။ ၁ယော၊ ၂း၆။ ၃ယော၊ ၂။)

ခရစ်ယာန်အပြုအမူဟုဆိုသော ဘုရားသခင့်နောက်လိုက်၏နေပုံထိုင်ပုံသည် ခရစ်တော်အားဖြင့် ဘုရားသခင်၏ကြီးမားသောကယ်တင်ခြင်းကို ကျေးဇူးဖြင့်တုံ့ပြန်ရာမှ ပေါ်လာသည်။ ပေါလုသည် ခရစ်ယာန်အားလုံးကို ဤသို့မေတ္တာရပ်ခံသည်။ "ညီအစ်ကို

တို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဖွယ်သောလက္ခဏာနှင့်ပြည့်စုံသောယဇ်ကို သင်တို့သည်ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အားဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကိုပြုမည်အကြောင်း၊ ဘုရားသခင်၏ကရုဏာတော်ကိုထောက်ထား၍၊ သင်တို့ကိုငါတိုက်တွန်းနှိုးဆော်ပေ၏။ သင်တို့သည် လောကီပုံသဏ္ဌာန်ကိုမဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကိုအသစ်ပြုပြင်၍ ပုံသဏ္ဌာန်ပြောင်းလဲခြင်းသို့ရောက်ကြလော့" (ရောမ၊ ၁၂း၁၊၂။ ထို့ကြောင့် ခရစ်ယာန်တို့သည် သူတို့၏ဖန်ဆင်းရှင်နှင့် ရွေးနုတ်ရှင်ကိုဂုဏ်ပြုနိုင်မည်အကြောင်း၊ သူတို့၏စိတ်၊ ခန္ဓာနှင့်ဝိညာဉ်ရေးအစွမ်းများကို လိုလိုလားလားကာကွယ်တိုးတက်စေကြသည်။

ခရစ်တော်သည် "ဤသူတို့ကို ဤလောကမှနုတ်ယူတော်မူမည်အကြောင်း၊ အကျွန်ုပ်တောင်းသည်မဟုတ်ပါ။ မကောင်းသောအမှုအရာနှင့် ကင်းလွတ်စေခြင်းငှာစောင့်မတော်မူမည်အကြောင်းသာတောင်းပါ၏။ အကျွန်ုပ်သည် ဤလောကနှင့်မဆက်ဆံသကဲ့သို့ ဤသူတို့သည်မဆက်ဆံကြပါ" ရန် ဆုတောင်းခဲ့သည် (ယောဟန်၊ ၁၇း၁၅၊၁၆)။ ခရစ်ယာန်တစ်ဦးသည် လောက၌နေရင်း၊ လောကနှင့်မည်သို့ကင်းကွာနိုင်မည်နည်း။ ခရစ်ယာန်နေပုံထိုင်ပုံသည် လောကီသားတို့၏လူနေမှုပုံစံနှင့် မည်ကဲ့သို့ခြားနားရမည်နည်း။

ခရစ်ယာန်များသည် ကွဲပြားခြားနားရန်အတွက်သက်သက်မဟုတ်ဘဲ၊ ဘုရားသခင်သည် သူတို့ကိုအခြေခံစည်းမျဉ်းများအတိုင်းနေထိုင်ရန် ခေါ်သောကြောင့် ခြားနားသောနေထိုင်မှုပုံစံကိုလက်ခံရမည်။ ဘုရားသခင်သည် သူတို့ကိုရောက်ရှိစေလိုသည့်အမြင့်မားဆုံးသောဖြစ်နိုင်ခြေအတိုင်း နေထိုင်မှုပုံစံသည်၊ သူ၏အမှုတော်တွင် သူတို့ကိုထိရောက်စေသည်။ ကွဲပြားခြားနားခြင်းသည် သူတို့၏သာသနာလုပ်ငန်းတည်းဟူသောလောက၏ဆားနှင့် အလင်းဖြစ်ခြင်းတို့ကိုတိုးတက်စေသည်။ ဆားသည် အရသာကင်းမဲ့၍၊ အလင်းသည် မှောင်မိုက်နှင့်မခြားနားလျှင် မည်သည့်တန်ဖိုးရှိသနည်း။

ခရစ်တော်သည် ကျွန်ုပ်တို့၏စံနမူနာဖြစ်သည်။ သူသည် "စားကြူးသောသူ၊ စပျစ်ရည်သောက်ကြူးသောသူ" (မဿဲ၊ ၁၁း၁၉) ဟူ၍ သူ့ကိုစွပ်စွဲသောသူများနေထိုင်ရာလောကတွင် သူသည် မခွင်းမချန်နေထိုင်ခဲ့သော်လည်း၊ သူသည် ထိုသို့မဟုတ်ခဲ့ပါ။ သူသည် ဘုရားသခင်၏စည်းမျဉ်းများအတိုင်း ကိုက်ညီစွာနေထိုင်ခဲ့သောကြောင့်၊ သူသည် အပြစ်ရှိသည်ဟုမည်သူကမျှသက်သေမပြနိုင်ခဲ့ချေ (ယောဟန်၊ ၈း၄၆)။

## အပြုအမူနှင့်ကယ်တင်ခြင်း

သင့်လျော်သောအပြုအမူသည် အဘယ်အရာနည်းဟူ၍ဆုံးဖြတ်ရာတွင်၊ ကျွန်ုပ်တို့သည် အစွန်းရောက်မှုနှစ်ခုကိုရှောင်ရမည်။ ပထမအစွန်းရောက်မှုမှာ ကယ်တင်ခြင်းနည်းလမ်းအဖြစ်အခြေခံစည်းမျဉ်းများကို လက်ခံကျင့်သုံးခြင်းဖြစ်သည်။ ပေါလုသည် ဤအစွန်းရောက်မှုကို ဤသို့အကျဉ်းချုပ်ထားသည်။ "ပညတ်တရားအားဖြင့် ဖြောင့်မတ်ရာသို့ရောက်သမျှသောသင်တို့သည် ခရစ်တော်နှင့်ကွာ၍ ကျေးဇူးတရား၌မတည်၊ ရွေ့လျော့ကြပြီ" (ဂလာတိ၊ ၅း၄)။

၎င်းနှင့်ဆန့်ကျင်ဘက်အစွန်းရောက်မှုမှာ အကျင့်သည် မကယ်တင်သောကြောင့် အရေးမကြီး၊ လုပ်ဆောင်သောအရာသည်လည်း အမှန်တကယ်အရေးမပါဟုယုံကြည်ခြင်းဖြစ်သည်။ ပေါလုသည် ဤအစွန်းရောက်မှုကိုလည်းပြောခဲ့သည်။ "ညီအစ်ကိုတို့၊ သင်တို့သည် လွတ်ခြင်းအခွင့်ကိုရသောသူဖြစ်ကြ၏။ သို့သော်လည်း ဇာတိပကတိအားအခွင့်ကိုပေး၍၊ ထိုလွတ်ခြင်းကိုအခွင့်မပေးကြနှင့်။ အချင်းချင်းချစ်၍ အမှုချင်းကိုဆောင်ရွက်ကြလော့" (ဂလာတိ၊ ၅း၁၃)။ အသင်းသားတစ်ဦးစီသည် မိမိကိုယ်ပိုင်သြတ္တပ္ပစိတ်ကိုလိုက်သောအခါ၊ "ရှင်မဿဲခရစ်ဝင်ကျမ်း ၁၈ နှင့် ဂလာတိသြဝါဒစာ ၆း၁၊၂ တို့ကိုကျင့်သုံးရာတွင် ရောင်းရင်းခရစ်ယာန်တို့၏ အပြန်အလှန်ထိန်းသိမ်းကြပ်မတ်ခြင်းမရှိချေ။ အသင်းတော်သည် အပြန်အလှန်ချစ်ခြင်းနှင့် ဂရုစိုက်ခြင်းရှိသည့် ခရစ်တော်၏ကိုယ်ဖြစ်မလာတော့ချေ။ ၎င်းသည် တစ်သီးပုဂ္ဂလနေသောသူများစုရုံးရာဖြစ်လာပြီး၊ အခြားသူအတွက်တာဝန်ယူမှု သို့မဟုတ် သူတို့အတွက်မည်သည့်ပူပန်မှုကို လက်ခံခြင်းကင်းမဲ့လာကာ၊ ကိုယ့်လမ်းကိုကိုယ်သွားကြသည်။"

ကျွန်ုပ်တို့၏အပြုအမူနှင့် ဝိညာဉ်ရေးတို့သည် နီးကပ်စွာဆက်စပ်သော်လည်း၊ ကျွန်ုပ်တို့သည် မှန်ကန်သောအပြုအမူအားဖြင့် ကယ်တင်ခြင်းကိုမရနိုင်ချေ။ အမှန်မှာ၊ ခရစ်ယာန်အပြုအမူသည် ကယ်တင်ခြင်း၏သဘာဝအသီးဖြစ်၍၊ ကရာနိကုန်းတွင် ကျွန်ုပ်တို့အတွက် ခရစ်တော်သည်ပြီးမြောက်အောင်မြင်ခဲ့ပြီးသောအရာ၌တည်သည်။

## သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်များ

ဘုရားကျောင်းတည်းသာမက၊ ခရစ်ယာန်တစ်ဦးချင်းစီသည် သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်ရာဗိမာန်တော်ဖြစ်ကြသည်။ "သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသောဝိညာဉ်တော်တည်းဟူသော၊ သင်တို့အထဲ၌ကိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိတို့ကိုမိမိတို့မပိုင်ကြောင်းကိုလည်းကောင်း မသိကြသလော" (၁ကော၊ ၆း၁၉)။

ထို့ကြောင့် ခရစ်ယာန်တို့သည် ခရစ်တော်၏ဝိညာဉ်တော်ကိန်းဝပ်ရာ သူတို့၏ ကိုယ်ခန္ဓာဗိမာန်များကို အမိန့်ပေးရာဇဗိုလ်ဖြစ်သောဦးနှောက်ကိုကာကွယ်ရန် ကောင်းသော ကျန်းမာရေးအလေ့အထကိုလေ့ကျင့်ပါ။ ဤအကြောင်းကြောင့် ခရစ်တော်ကိုမြော်လင့် သောသတ္တမနေ့အသင်းသားများသည် လွန်ခဲ့သောနှစ်ပေါင်း (၁၅၀) ၏သမိုင်း တစ်လျှောက် သင့်လျော်သောကျန်းမာရေးအလေ့အထများ၏အရေးကြီးမှုကို အလေး ပေးခဲ့သည်။ ဤအလေးပေးမှုသည် အောင်မြင်နေသည်။ မြော်လင့်ခြင်းအသင်းသားများ သည် အထွေထွေလူဦးရေထက် ကြီးမားသောရောဂါအားလုံးနီးပါးခံရမှုတွင် လျော့နည်းဖွယ်ရှိကြောင်းကို မကြာသေးမီကသုတေသနကဖော်ပြသည်။

ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့သည် လူတို့အသက်တာ၏ဝိညာဉ်ရေးနှင့် ကာယဆိုင်ရာကဏ္ဍများကိုစိတ်ဝင်စားသည်။ ကျွန်ုပ်တို့၏စံနမူနာဖြစ်သော ယေရှုသည် "အနာရောဂါအမျိုးမျိုးတို့ကို ငြိမ်းစေသည်" (မဿဲ၊ ၄း၂၃)။

သမ္မာကျမ်းစာသည် လူသားများကို တပေါင်းတစည်းတည်းရှုမြင်သည်။ "ဝိညာဉ်ရေးနှင့်ရုပ်ပိုင်းအကြားခွဲခြားမှုသည် သမ္မာကျမ်းစာနှင့်လုံးဝမသက်ဆိုင်ချေ။ ထို့ကြောင့် သန့်ရှင်းခြင်းအတွက် ဘုရားသခင်၏ခေါ်တော်မူခြင်းသည် ကာယ ကျန်းမာရေးနှင့် ဝိညာဉ်ရေးကျန်းမာခြင်းအတွက် ခေါ်ခြင်းပါဝင်သည်။ "သင်၏ ဆင်ခြင်တုံတရားကို အားနည်းစေသောအရာဟူသမျှသည် သင့်သြတ္တပ္ပစိတ်၏ သိမ်မွေ့မှုကိုထိခိုက်စေ၍၊ သင်၏ဘုရားသခင်အား ထိတွေ့-ခံစားမှုကိုမှေးမှိန်စေကာ၊ သင့်ကိုယ်ခန္ဓာအပေါ် စိတ်၏ထိန်းချုပ်သည့်ခွန်အားသည် လျော့နည်းစေသည်။ ၎င်း ကိုယ်၌က မည်မျှပင်အပြစ်မဲ့သယောင်ရှိသော်လည်းမှားနေသည်။"

ကျန်းမာရေးပညတ်ချက်များပါရှိသော ဘုရားသခင်၏ပညတ်ချက်များသည် မတရားခြင်းမရှိ၊ ကျွန်ုပ်တို့သည် အသက်တာကိုအကောင်းဆုံးပျော်နိုင်စေရန် ကျွန်ုပ်တို့ ဖန်ဆင်းရှင်အားဖြင့် စီမံထားခြင်းဖြစ်သည်။ ရန်သူစာတန်သည် ကျွန်ုပ်တို့၏ ကျန်းမာရေး၊ ပျော်ရွှင်မှု၊ စိတ်ငြိမ်သက်ခြင်းတို့ကိုခိုးယူ၍၊ အဆုံးတွင် ကျွန်ုပ်တို့ကို ဖျက်ဆီးချင်သည် (ယောဟန်၊ ၁၀း၁၀)။

## အလုံးစုံကျန်းမာရေးအတွက် ဘုရားသခင်၏ကောင်းချီးများ

အလုံးစုံကျန်းမာရေးကိုရရှိခြင်းသည် ရိုးစင်းပြီးထိရောက်သော ဘုရားပေး စည်းမျဉ်းများအနည်းငယ်ကို ကျင့်သုံးခြင်းအပေါ်တည်သည်။ ဤအရာတချို့သည် လူအများစုအတွက်ရှင်းပြီး အသေအချာသဘောတူနိုင်သည်။ သင့်လျော်သောအစားအစာ

ကဲ့သို့သော အခြားအရာတို့မှာ ကျွန်ုပ်တို့နေထိုင်မှုပုံစံ၌ အလွန်အခြေခံကျသော အသားကျပြီးအလေ့အထများပါဝင်သောကြောင့် လက်ခံရန်ပိုမိုခက်ခဲသည်။ ဤအကြောင်းကြောင့်၊ နားလည်မှုလွဲသော၊ ငြင်းခုံရသော သို့မဟုတ် ငြင်းပယ်သော ထိုစည်းမျဉ်းများအတွက် ပိုမိုပြည့်စုံအောင်ဖော်ပြပေးမည်။

**ကာယလေ့ကျင့်ခန်း၏ကောင်းကျိုး။** ပုံမှန်ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်းသည် စွမ်းအားတိုးခြင်း၊ ကြံ့ခိုင်သောကိုယ်ခန္ဓာ၊ စိတ်ဖိစီးမှုသက်သာခြင်း၊ ပိုမိုကျန်းမာသော အသားအရေ၊ မိမိကိုယ်ကိုပိုမိုယုံကြည်စိတ်ချခြင်း၊ ထိရောက်သောကိုယ်ခန္ဓာအလေးချိန် ထိန်းချုပ်ခြင်း၊ အစာခြေခြင်းကိုတိုးတက်စေ၍ ဝမ်းမှန်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါတို့ကိုလျှော့ချခြင်း စသည်တို့အတွက် ရိုးစင်းသောပုံသေနည်းဖြစ်သည်။ ကာယလေ့ကျင့်ခန်းသည် ရွေးချယ်စရာတစ်ခုမျှသာမဟုတ်ပါ။ ၎င်းသည် ကာယနှင့်ဉာဏတို့၏အသင့်လျော်ဆုံးသောကျန်းမာရေးထိန်းသိမ်းရန် အခြေခံလိုအပ်ချက်ဖြစ်သည်။

အသုံးဝင်သောလှုပ်ရှားမှုသည် သာယာဝပြောမှုကိုဖြစ်စေ၍၊ လှုပ်ရှားမှုမရှိခြင်းနှင့် ပျင်းရိခြင်းတို့သည် ဆင်းရဲဒုက္ခကိုဖြစ်စေသည် (သုတ္တံ၊ ၆း၆–၁၃။ ၁၄း၂၃)။ ဘုရားသခင်သည် ရှေးဦးယောကျ်ားနှင့်မိန်းမတို့ကို လဟာပြင်တွင် ဥယျာဉ်ကိုပြုစုရသောတာဝန်ကိုညွှန်ကြားခဲ့သည် (ကမ္ဘာ၊ ၂း၅၊၁၅။ ၃း၁၉)။ ခရစ်တော်ကိုယ်တိုင် ကာယလှုပ်ရှားမှုနမူနာကိုချပြခဲ့သည်။ သူအသက်တာတစ်ခုလုံးနီးပါးကို လက်သမားအဖြစ်လက်မှုအလုပ်၌နှစ်ခဲ့ပြီး၊ သူ၏သာသနာပြုချိန်အတွင်း ပါလေတိနပြည်၏ လမ်းမများတွင်လမ်းလျှောက်ခဲ့သည်။

**နေရောင်ခြည်၏ကောင်းကျိုး။** အလင်းရောင်သည် အသက်အတွက် ပဓာနကျသည် (ကမ္ဘာ၊ ၁း၃)။ ၎င်းသည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကိုအားဖြည့်၍ အားရှိစေပြီး၊ အသက်ရှင်ရန်ရှိရမည့်အောက်စီဂျင်ကို လွှတ်ပေးသည့်အာဟာရဓာတ်များကို ထုတ်လုပ်ပေးသောလုပ်ငန်းစဉ်ကို စွမ်းအားပေးသည်။ နေရောင်ခြည်သည် ကျန်းမာရေးနှင့် ရောဂါပျောက်ကင်းခြင်းကိုအားပေးသည်။

**ရေ၏ကောင်းကျိုး။** လူသားကိုယ်ခန္ဓာသည် (၇၅) ရာခိုင်နှုန်းရေဖြစ်သည်။ သို့သော် ဤမရှိမဖြစ်လိုအပ်သောရေကို လေရှူထုတ်ခြင်း၊ ချွေးထွက်ခြင်းနှင့် အညစ်အကြေးစွန့်ထုတ်ခြင်းတို့အားဖြင့် တောက်လျှောက်ဆုံးရှုံးရသည်။ တစ်ရက်ကို သန့်ရှင်းသောရေခြောက်ခွက်မှ ရှစ်ခွက်အထိသောက်ခြင်းသည် ပျော်ရွှင်ကျန်းမာခြင်းကို ထိန်းသိမ်းရာတွင်ကူညီသည်။ အခြားသောအရေးကြီးသည့်ရေ၏လုပ်ငန်းမှာ သန့်ရှင်းမှုနှင့် ၎င်းကပေးနိုင်သော စိတ်ပြေလက်ပျောက်ခြင်းတို့အတွက် အသုံးပြုခြင်းတို့ဖြစ်သည်။

**သန့်ရှင်းလတ်ဆတ်သောလေ၏ကောင်းကျိုး။** အိမ်ထဲ သို့မဟုတ် အိမ်ပြင်ရှိ မသန့်ရှင်းသောလေသည် ဆဲလ်အားလုံးအကောင်းဆုံးလုပ်ဆောင်နိုင်ရန် လိုအပ်သည်ထက် နည်းသောအောက်စီဂျင်ကို သွေးတွင်လျော့နည်းစေသည်။ ဤအရာသည် လူတစ်ဦး၏ နိုးကြားမှုနှင့်တုံ့ပြန်မှုတို့ကိုနှေးကွေးစေသည်။ ထို့ကြောင့် နေ့စဉ်သန့်ရှင်းလတ်ဆတ်သော လေကို များစွာရရှိနိုင်ရန် လုပ်နိုင်သမျှကိုလုပ်ရမည်။

**စိတ်ကြွမူးယစ်ဆေးကင်း၍ချုပ်တည်းသောနေထိုင်မှု၏ကောင်းကျိုး။** မူးယစ်ဆေးများသည် စိတ်ကြွစေ၍၊ စိတ်ဖိစီးမှုနှင့် နာကျင်မှုတို့ကိုလျော့ပါးစေသောကြောင့် ၎င်းတို့သည် ကျွန်ုပ်တို့၏လူ့အဖွဲ့အစည်းတွင် ပြည့်နှက်နေသည်။ ခရစ်ယာန်တို့ကို မူးယစ်ဆေးများ၏စွဲမက်မှုနှင့် ဖိတ်ခေါ်မှုများကဝန်းရံနေသည်။ အန္တရာယ်ကင်းမဲ့သယောင်ရှိသော အဖျော်ယမကာများသည် မူးယစ်ဆေးဝါးများပါရှိသည်။ ကော်ဖီ၊ လက်ဖက်ရည်နှင့် ကိုလာအအေးတို့သည် ကဖိန်းဓာတ်ပါရှိပြီး၊ သစ်သီးအရသာထည့်ထားသော ဝိုင်ကိုလာတို့သည်လည်း အရက်ပါရှိသည်။ သုတေသနများကလည်း၊ မပြင်းသောဆေးဝါးများသည် ပိုမိုပြင်းထန်သည့်စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးသို့ အဆင့်ဆင့်သုံးစွဲစေသောလမ်းစဖြစ်ကြောင်းဖော်ပြခဲ့သည်။ ပညာရှိသောခရစ်ယာန်များသည် အန္တရာယ်ရှိသောအရာအားလုံးကိုရှောင်ကြဉ်၍၊ ကောင်းသောအရာကိုသာ အသင့်အတင့် သုံးစွဲလိမ့်မည်။

**၁။ ဆေးရွက်ကြီး။** မည်သည့်ပုံစံဖြင့်ထုတ်လုပ်သည်ဖြစ်စေ၊ ဆေးရွက်ကြီးသည် ကာယ၊ ဉာဏနှင့် ကိုယ်ကျင့်တရားဆိုင်ရာအစွမ်းများကို ဖြည်းဖြည်းချင်းအန္တရာယ်ဖြစ်စေသောအဆိပ်ဖြစ်သည်။ အစတွင် ၎င်း၏အကျိုးသက်ရောက်မှုများကို သတိမထားမိချေ။ ၎င်းသည် အာရုံကြောများကိုတက်ကြွစေပြီး၊ နောက်ပိုင်းတွင် အကြောကိုသေစေသည်။ ဦးနှောက်ကိုလည်းအားနည်းစေ၍၊ ထိုင်းမှိုင်းစေသည်။ ဆေးရွက်ကြီးကိုစွဲလမ်းသောသူတို့သည် "လူအသက်ကိုမသတ်နှင့်" (ထွက်၊ ၂၀း၁၃) ဟူသောဆဋ္ဌမပညတ်ကို ကျူးလွန်ပြီး မိမိကိုယ်ကိုတဖြည်းဖြည်းသတ်သေသောသူဖြစ်သည်။

**၂။ အရက်ယမကာများ။** အရက်သည် ကမ္ဘာပေါ်တွင်အသုံးများဆုံးသော မူးယစ်စေသောအရာတစ်ခုဖြစ်သည်။ ၎င်းသည် မရေမတွက်နိုင်သောလူသန်းပေါင်းများစွာကိုပျက်စီးစေခဲ့သည်။ ၎င်းသည် သုံးစွဲသောသူတို့ကိုသာ နာကျင်စေသည်မဟုတ်ဘဲ၊ ၎င်းသည် အကြမ်းဖျင်းဆင်းရဲနွမ်းပါးခြင်း၊ အိမ်ထောင်ကွဲခြင်းနှင့် မတော်တဆသေဆုံးမှုများအားဖြင့် လူ့အသိုက်အဝန်းတွင် သေဆုံးမှုကိုအတိအကျဖြစ်စေသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစိတ်အားဖြင့်သာ ဆက်သွယ်သည်ဖြစ်ရာ၊ အရက်သည် ဦးနှောက်ကိုဆန့်ကျင်ဘက်အကျိုးဖြစ်စေသည်ကို ကောင်းစွာအောက်မေ့ရမည်။ အရက်၏ရေချိန်သည် ကိုယ်ခန္ဓာထဲတွင်မြင့်တက်လာသောအခါ၊ အရက်သောက်သူသည်

ညှိနှိုင်းဆောင်ရွက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ သတိလစ်မေ့မြောခြင်း၊ သေခြင်းစသည်တို့ တိုး၍ဖြစ်လာသည်။ ပုံမှန်အရက်သောက်ခြင်းသည် နောက်ဆုံးတွင် မှတ်ဉာဏ်၊ ဆင်ခြင်တုံတရားနှင့် သင်ယူနိုင်သောစွမ်းရည်များဆုံးရှုံးရသည်။

အရက်သောက်ခြင်းပါဝင်သော ကျမ်းစာထဲကဖြစ်ရပ်များက ဘုရားသခင်သည် အရက်သောက်ခြင်းကိုထောက်ခံသည်ဟု ယုံစရာအကြောင်းရှိနိုင်သည်။ ထိုသို့သောဖြစ်ရပ်များကိုအနက်ဖွင့်ဆိုရာတွင် ဘုရားသခင်သည် သူခွင့်ပြုသောအရာအားလုံးကို ထောက်ခံသည်ဟုမဆိုလိုကြောင်း စိတ်ထဲမှတ်သားရာတွင် အထောက်အကူပြုသည်။ ဥပမာ၊ ဘုရားသခင်၏လူတို့သည် လူမှုရေးဓလေ့များဖြစ်သော အိမ်ထောင်ကွဲခြင်း၊ တစ်ချိန်တည်းမယားပြိုင်ယူခြင်းနှင့် ကျေးကျွန်ထားခြင်းစသည်တို့ကို ကျင့်သုံးခဲ့ကြသော်လည်း၊ ဘုရားသခင်သည် ခွင့်မလွှတ်ခဲ့ကြောင်း သမ္မာကျမ်းစာကညွှန်ပြသည်။

မောရှေသည် အဘယ်ကြောင့်ကွာရှင်းခြင်းကို ခွင့်ပြုခဲ့သနည်းဟူသောမေးခွန်းကို ယေရှုကဤသို့ဖြေခဲ့သည်။ "သင်တို့စိတ်နှလုံးခိုင်မာသောကြောင့် မယားနှင့်ကွာရသောအခွင့်ကို မောရှေသည်စီရင်၏။ အစအဦး၌ ထိုသို့မဟုတ်" (မဿဲ၊ ၁၉း၈)။ ဧဒင်ဥယျာဉ်သည် ဧဝံဂေလိတရားက ကျွန်ုပ်တို့ကိုပြန်လည်ပို့ဆောင်မည့် ဘုရားရှင်၏ပုံစံနမူနာဖြစ်သည်။ ဤအခြားသောအကျင့်ဓလေ့များကဲ့သို့ပင်၊ အရက်သောက်ခြင်းသည် ဘုရားသခင်၏မူလအစီအစဉ်မဟုတ်ချေ။

**၃။ အခြားဆေးဝါးများနှင့်မူးယစ်ဆေးဝါးများ။** စာတန်သည် လူ့အသက်ကို သတ်သည့် အခြားအန္တရာယ်ရှိသောဆေးဝါးများနှင့် မူးယစ်ဆေးဝါးများ မြောက်မြားစွာ ရှိသည်။ ခရစ်တော်ကိုကြည့်ခြင်းအားဖြင့်၊ စစ်မှန်သောခရစ်ယာန်တို့သည် သူ၏အသွေးတော်အားဖြင့်ဝယ်ယူ၍၊ သူ၏တန်ဖိုးကြီးပိုင်ဆိုင်မှုဖြစ်သော မိမိတို့ကိုယ်ခန္ဓာဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေလိမ့်မည်။

**အနားယူခြင်း၏ကောင်းကျိုး။** သင့်လျော်သောအနားယူခြင်းသည် ခန္ဓာနှင့် စိတ်ကျန်းမာရေးအတွက် ပဓာနကျသည်။ ခရစ်တော်သည် သူ၏နွမ်းလျသော တပည့်တော်များအားပေးသည့် အကြင်နာပိုသောညွှန်ကြားချက်ကို ကျွန်ုပ်တို့အား ကမ်းလှမ်းသည်။ "တော၌ဆိတ်ကွယ်ရာအရပ်သို့လာကြ။ ခဏအားဖြည့်၍၊ ငြိမ်သက်စွာ နေကြ" (မာကု၊ ၆း၃၁)။ နားနေသောအချိန်သည် ဘုရားသခင်နှင့်ဆက်သွယ်ရန်အတွက် အလွန်လိုအပ်သောဆိတ်ငြိမ်ခြင်းကိုပေးသည်။ "ငြိမ်ဝပ်လျက်နေကြလော့။ ငါကား၊ ဘုရားသခင်ဖြစ်သည်ဟုသိမှတ်ကြလော့" (ဆာလံ၊ ၄၆း၁၀)။ ရက်သတ္တပတ်၏ သတ္တမနေ့ကိုနားနေရာနေ့အဖြစ် သီးသန့်ဖယ်ထားခြင်းအားဖြင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်နားရန်လိုအပ်ချက်ကို အလေးပေးသည် (ထွက်၊ ၂၀း၁၀)။

နားနေခြင်းသည် အိပ်ခြင်း သို့မဟုတ် ပုံမှန်အလုပ်ကိုရပ်စဲခြင်းတို့ထက်ပိုသည်။ ၎င်းသည် အားလပ်သောအချိန်ကို ကျွန်ုပ်တို့အသုံးပြုသည့်ပုံစံလည်းပါသည်။ နွမ်းနယ်မှုသည် စိတ်ဖိစီးခြင်းအားဖြင့်လည်းကောင်း၊ သို့မဟုတ် အလုပ်ပြင်းထန်စွာလုပ်ခြင်း သို့မဟုတ် အချိန်ကြာကြာလုပ်ခြင်းအားဖြင့်လည်းကောင်း၊ အမြဲတမ်းတော့မဖြစ်ပါ။ ကျွန်ုပ်တို့၏စိတ်သည် သတင်းအချက်အလက်များ၊ ဖျားနာခြင်း သို့မဟုတ် အခြားကိုယ်ပိုင်ပြဿနာများအားဖြင့်နွမ်းနယ်နိုင်သည်။

အပန်းဖြေခြင်းသည် အမှန်ကန်ဆုံးသောသဘောအရ ပြန်လည်ဖန်ဆင်းခြင်းပင်ဖြစ်သည်။ ၎င်းသည် ခန္ဓာနှင့်စိတ်ကိုအားဖြည့်၊ တည်ဆောက်၍၊ လန်းဆန်းစေသည်။ ထို့ကြောင့် ယုံကြည်သူများကို အသစ်သောအားမာန်ဖြင့် မိမိတို့အလုပ်သို့ပြန်ဝင်ရန် ပြင်ဆင်ပေးသည်။ အသက်တာကိုအကောင်းဆုံးနေထိုင်ရန်အတွက်၊ ခရစ်ယာန်တို့သည် ခရစ်တော်နှင့်သူတို့၏ရင်းနှီးမှုကိုခိုင်မာစေ၍၊ ကျန်းမာရေးကိုတိုးတက်စေသော အပန်းဖြေခြင်းနှင့် ဖျော်ဖြေမှုပုံစံများကိုသာလေ့လာလိုက်စားရမည်။

ခရစ်ယာန်တို့သည် ကောင်းသောအပန်းဖြေခြင်းကိုရွေးချယ်နိုင်စေရန်၊ သမ္မာကျမ်းစာသည် အောက်ပါအခြေခံမူကိုချပြသည်။ "လောကကိုလည်းကောင်း၊ လောက၌ရှိသောအရာတို့ကိုလည်းကောင်း၊ မချစ်ကြနှင့်။ လောကကိုချစ်သောသူမည်သည်ကား၊ ခမည်းတော်ကိုချစ်ခြင်းမေတ္တာမရှိ။ လောက၌ရှိသမျှသောအရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏" (၁ယော၊ ၂း၁၅၊၁၆)။

**၁။ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် ဗွီဒီယိုများ။** ဤဖော်ပြပါမီဒီယာများသည် ကြီးမားသောပညာရေးကို ဆောင်ကြဉ်းပေးနိုင်သည်။ ၎င်းတို့သည် "ကျွန်ုပ်တို့ခေတ်သစ်လောက၏အခြေအနေတစ်ခုလုံးကို ပြောင်းလဲခဲ့သည်။ ၎င်းသည် ကျွန်ုပ်တို့ကို ကမ္ဘာကြီးတစ်ခုလုံး၏သက်ရှိလောက၊ အတွေးအခေါ်နှင့် လှုပ်ရှားမှုများတို့နှင့် လွယ်ကူစွာထိတွေ့စေသည်။" ရုပ်မြင်သံကြားနှင့် ဗွီဒီယိုတို့သည် အခြားမည်သည့်လှုပ်ရှားမှုတစ်ခုခုထက် အသက်တာတွင်ပိုမိုကြီးမားသောအကျိုးသက်ရောက်မှုရှိကြောင်းကို ခရစ်ယာန်များသတိရသင့်သည်။

ဗွီဒီယို၊ ရုပ်မြင်သံကြားတို့နှင့် ၎င်းတို့၏စဉ်ဆက်မပြတ်ဇာတ်လမ်းတင်ဆက်မှုများသည် အိမ်ထောင်တွင် စိတ်ဓာတ်မမြင့်တင်ပေးသည့် မသင့်လျော်သောဩဇာသက်ရောက်မှုများကိုယူဆောင်လာသည်။ အကယ်၍ ကျွန်ုပ်တို့သည် ဆုံးဖြတ်နိုင်စွမ်းနှင့်ပြတ်သားမှုမရှိလျှင်၊ "၎င်းတို့သည် ယုတ်ညံ့သောအစီအစဉ်များကို ကျွန်ုပ်တို့၏အိမ်ထဲသို့

တန်းတန်းယူဆောင်လာလိမ့်မည်။" ဆက်ကပ်သောခရစ်ယာန်များသည် မလျော်မကန်၊ ကြမ်းရမ်းသောကာမအာရုံကြွစေသည့်ရုပ်ရှင်များနှင့် ရုပ်မြင်သံကြားအစီအစဉ်များကို ရှောင်ကွင်းလိမ့်မည်။

မြင်နိုင်၊ ကြားနိုင်သောမီဒီယာများသည် ၎င်းတို့ကိုယ်၌အဆိုးမဟုတ်ပါ။ လူတို့၏ဆိုးယုတ်မှုကိုပြသသောထိုရုပ်သံလှိုင်းတွင် ကယ်တင်ခြင်းဧဝံဂေလိတရားကို ဟောနိုင်သည်။ အခြားအကျိုးရှိသောအစီအစဉ်များကိုလည်းထုတ်လွှင့်သည်။ သို့သော် လူတို့သည် ကောင်းသောအစီအစဉ်များကိုပင် ဘဝ၏ဝတ္တရားများကိုရှောင်ကွင်းရန် အသုံးပြုနိုင်သည်။ ခရစ်ယာန်တို့သည် မည်သည့်အရာကြည့်ရန်သာမက၊ မည်မျှ ကြာကြာကြည့်ရန်ကိုလည်း သတ်မှတ်ထားရမည်။ ထိုသို့ဖြင့် ဝိညာဉ်ရေးကြီးထွားမှု၊ လူမှုရေးဆက်ဆံမှုများနှင့် ဘဝဝတ္တရားများစသည်တို့ထိခိုက်နစ်နာမည်မဟုတ်ချေ။

ကျွန်ုပ်တို့သည် အကဲဖြတ်နိုင်စွမ်းမရှိ၊ သို့မဟုတ် မီဒီယာကိုထိန်းချုပ်နိုင်စွမ်းမရှိ ဖြစ်နေခဲ့လျှင်၊ ၎င်းတို့သည် ကျွန်ုပ်တို့၏အသက်တာကို စိတ်ညစ်ညမ်းစေခြင်းအားဖြင့် သို့မဟုတ် အချိန်ကိုအလွန်အကျွံအသုံးပြုခြင်းအားဖြင့် စိုးမိုးစေခြင်းထက် ၎င်းတို့ကို ဘေးချိတ်လိုက်ခြင်းသည် သာ၍ကောင်းသည် (မဿဲ၊ ၅း၂၉၊၃၀ ကိုဖတ်ပါ)။

ကောရိန္သုအသင်းတော်ကိုစာရေးရာတွင်၊ ပေါလုသည် အကျင့်စာရိတ္တ ပြောင်းလဲခြင်း၏အရေးကြီးသော အခြေခံမှုကိုဖော်ပြခဲ့သည်။ ခရစ်တော်ကိုကြည့်ခြင်း အားဖြင့်၊ ကျွန်ုပ်တို့သည် "ဘုန်းအသရေတိုးပွား၍၊ ပုံသဏ္ဌာန်တော်နှင့်အညီပြောင်းလဲ ခြင်းရှိရကြ၏" (၂ကော၊ ၃း၁၈)။ ကြည့်ခြင်းသည် ပြောင်းလဲခြင်းကိုဖြစ်စေသည်။ ဤအခြေခံမှုသည် အပျက်သဘောဆောင်သည့်ဘက်၌လည်း ဖြစ်လာသည်ကို ခရစ်ယာန်များသည် အစဉ်သတိရရမည်။ လူသတ်မှု၊ လင်မယားအကြားဖောက်ပြန်မှု၊ ဓားပြတိုက်မှုနှင့် အခြားပျက်စီးစေသောလုပ်ဆောင်မှုများ စသည့်လူသားတို့၏အပြစ်များနှင့် ရာဇဝတ်မှုများကို ကွက်ကွက်ကွင်းကွင်းပြသသောရုပ်ရှင်များသည် လက်ရှိကိုယ်ကျင့် တရားပျက်ပြားမှုကိုဖြစ်စေသည်။

ဖိလိပ္ပိသြဝါဒစာ ၄း၈ မှ ပေါလု၏အကြံပြုချက်သည် တန်ဖိုးရှိသောအပန်းဖြေမှု ပုံစံများကိုခွဲခြားသိမြင်နိုင်ရန် အခြေခံစည်းမျဉ်းကိုချပြသည်။ "ညီအစ်ကိုတို့၊ သမ္မာ တရားနှင့်ဆိုင်သောအကျင့်၊ လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတစ်ပါးနှစ်သက်ဖွယ်သောအကျင့်၊ ချီးမွမ်းဖွယ်သောအကျင့် ရှိသမျှတို့ကိုလည်းကောင်း၊ ပါရမီတစ်ပါးပါး၊ ကောင်းသောသတင်းတစ်ပါးပါးနှင့် ဆိုင်သောအကျင့်တို့ကိုလည်းကောင်း၊ နှလုံးသွင်းကြလော့။"

**၂။ စာဖတ်ခြင်းနှင့်တေးဂီတ။** အလားတူမြင့်မားသောစံချိန်စံညွှန်းသည် စာဖတ်ခြင်းနှင့် တေးဂီတတို့နှင့်လည်းသက်ဆိုင်သည်။ တေးဂီတသည် စင်ကြယ်မြင့်မြတ်

သောအတွေးအခေါ်များကိုနိုးထစေရန် ဘုရားသခင်၏ဆုလက်ဆောင်ဖြစ်သည်။ ထို့ကြောင့် ကောင်းသောတေးဂီတသည် အကျင့်စာရိတ္တ၏အကောင်းဆုံးသော အရည်အချင်းများကို တိုးမြှင့်သည်။

အခြားတစ်ဖက်တွင်မူ၊ အဆင့်မရှိသောတေးဂီတသည် "ကိုယ်ကျင့်တရားကို ပျက်စီးစေပြီး၊ ဘုရားသခင်နှင့်ဆက်ဆံခြင်းမှ ကျွန်ုပ်တို့ကိုအဝေးသို့ဆွဲထုတ်သည်။" ထို့ကြောင့် ခရစ်တော်၏နောက်လိုက်များသည် "Jazz, rock တေးဂီတ၊ ထိုသို့သော တေးဂီတမျိုး သို့မဟုတ် မိုက်မဲပေါ့တန်သောစိတ်ကူးယဉ်စာသားများကို ရှောင်ရှားရမည်" ခရစ်ယာန်တစ်ဦးသည် စိတ်ကူးယဉ်စာသား သို့မဟုတ် သံစဉ်များဖြင့်ဖွဲ့ဆိုသော တေးဂီတကိုနားမထောင်ချေ" (ရောမ၊ ၁၃း၁၁-၁၄။ ၁ပေ၊ ၂း၁၁)။

စာဖတ်ခြင်းသည်လည်း အလွန်အဖိုးတန်သည်။ ကောင်းသောစာပေသည် စိတ်ကိုပျိုးထောင်ပေး၍ အမြင်ကျယ်စေသည်။ သို့သော်၊ "မြောက်မြားစွာထွက်ရှိလာသော စာပေများသည် မကြာမကြာဆွဲဆောင်မှုအရှိဆုံးသောအသွင်ဖြင့် စိတ်နှင့်ကိုယ်ကျင့် တရားကိုဖျက်ဆီးသည်။ ပရမ်းပတာစွန့်စားမှု၊ အကျင့်သိက္ခာလျော့ရဲမှုဆိုင်ရာပုံပြင်တို့ သည် အမှန်ဖြစ်စေ၊ စိတ်ကူးယဉ်ဖြစ်စေ၊ မည်မျှပင်ကောင်းသော်လည်း၊ ခရစ်ယာန်များ မည်သည့်အရွယ်အတွက်မဆိုမသင့်လျော်ချေ။" အဘယ်ကြောင့်ဆိုသော်၊ ၎င်းတို့သည် မြင့်မြတ်၊ ရိုးသား၊ စင်ကြယ်သောနေထိုင်မှုပုံစံကို အရသာမတွေ့ဖြစ်စေပြီး၊ ခရစ်တော်နှင့် ပေါင်းစည်းခြင်း၏တိုးတက်မှုကိုဟန့်တားသည်။

**၃။ လက်မခံနိုင်သောအပြုအမူများ။** မြော်လင့်ခြင်းအသင်းသားများသည် လောင်းကစားပြုခြင်း၊ ဖဲရိုက်ခြင်း၊ ပွဲလမ်းသဘင်သွားခြင်း၊ ကခုန်ခြင်းတို့ကိုရှောင်ကြဉ် ရန်လည်း သွန်သင်သည် (၁ယော၊ ၂း၁၅-၁၇)။ သူတို့သည် ကြမ်းကြုတ်သောအားကစား များကိုကြည့်ခြင်း၌ အချိန်ကုန်စေခြင်းကိုလည်း မေးခွန်းထုတ်သည် (ဖိလိပ္ပိ၊ ၄း၈)။ ကျွန်ုပ်တို့၏သခင်ဘုရားနှင့်ဆက်ဆံရေးကို အားနည်းစေ၍၊ ထာဝရကောင်းကျိုးကိုမျက်ခြည် ပြတ်စေသောအပြုအမူတစ်ခုခုသည် ကျွန်ုပ်တို့ကိုစာတန်၏သံကြိုးများနှင့်ချည်နှောင်သည်။ ခရစ်ယာန်တို့ ကာယ၊ ဉာဏ၊ ဝိဉာဏတို့ကိုအားဖြည့်ပေးသော သင့်မြတ်လျော်ကန်သည့် အပြုအမူများ၌သာပါဝင်ကြသည်။

**အာဟာရဖြစ်သောအစာ၏ကောင်းကျိုး။** ရှေးဦးစုံတွဲတို့အား ဖန်ဆင်းရှင်သည် အကောင်းဆုံးသော အစားအစာကိုပေးခဲ့သည်။ "မြေတစ်ပြင်လုံး၌ စပါးသီးကိုဖြစ်စေသော စပါးပင်အမျိုးမျိုးတို့ကိုလည်းကောင်း၊ မျိုးစေ့ကိုဖြစ်စေသောအသီးနှင့်ပြည့်စုံသောသစ်ပင် အမျိုးမျိုးတို့ကိုလည်းကောင်း၊ သင်တို့စားစရာအဖို့ငါပေး၏" (ကမ္ဘာ၊ ၁း၂၉)။ အပြစ် ကျရောက်ပြီးနောက်၊ ဘုရားသခင်သည် "လယ်၌ဖြစ်သောဟင်းသီးဟင်းရွက်တို့ကို" စားစရာအဖို့ထပ်ပေးခဲ့သည် (ကမ္ဘာ၊ ၃း၁၈)။

ယနေ့ကျန်းမာရေးပြဿနာများသည် အစားအစာနှင့် နေထိုင်မှုပုံစံတို့မှတိုက်ရိုက်လာသောရောဂါများကြောင့် ပိုဆိုးလာနေသည်။ ဘုရားသခင်စီမံသောအစားအစာတွင် ဂျုံ၊ စပါး၊ သစ်သီးများ၊ အခွံမာသီးများနှင့် ဟင်းသီးဟင်းရွက်များပါဝင်ပြီး၊ ၎င်းတို့သည် အသင့်လျော်ဆုံးသောကျန်းမာရေးကို ထောက်ပံ့သောအာဟာရများပါရှိသည်။

**၁။ မူလအစားအစာ။** သမ္မာကျမ်းစာသည် သန့်ရှင်းသောအသားစားခြင်းကို မရှုတ်ချပါ။ သို့သော် လူသားများအတွက် ဘုရားသခင်၏မူလအစားအစာတွင် အသားမပါဝင်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော်၊ ဘုရားသခင်သည် တိရစ္ဆာန်အသက်ကိုသတ်ရန်မမျှော်မှန်းခဲ့ချေ။ သိပ္ပံပညာ၏အထောက်အထားများအရ မျှတသောဟင်းသီးဟင်းရွက်ကိုစားခြင်းသည် ကျန်းမာရေးအတွက်အကောင်းဆုံးဖြစ်သည်။ ဘက်တီးရီးယားပိုး သို့မဟုတ် ဗိုင်းရပ်စ်ပိုးပါရှိသော တိရစ္ဆာန်ထွက်အစားအစာကို လူများစားသုံးခြင်းသည် သူတို့၏ကျန်းမာရေးကိုထိခိုက်စေသော ရောဂါကိုဖြစ်စေနိုင်သည်။ နှစ်စဉ်အမေရိကန်နိုင်ငံတစ်ခုတည်းတွင် ကြက်ဘဲအသားကြောင့် လူပေါင်းသန်းချီ၍သေဆုံးရသည်ဟု ခန့်မှန်းထားသည်။ အကြောင်းမှာ ရောဂါပိုးများကို စစ်ဆေးရန်ပျက်ကွက်သောကြောင့်ဖြစ်သည်။ "အစားအစာမှဓာတုပစ္စည်းနှင့် တာရှည်ခံဆေးတို့ထက် ဘက်တီးရီးယားပိုးမွှားသည်များစွာသာလွန်၍အန္တရာယ်ရှိပြီး၊" ဤဘက်တီးရီးယားပိုးများကြောင့်ဖြစ်သောရောဂါများအထောက်အထားကိုလည်း ပိုမိုတိုးပွားလိမ့်မည်ဟု ကျွမ်းကျင်သူများကဖော်ပြသည်။

ထို့ပြင်မက၊ မကြာသေးမီကလေ့လာမှုများအရ၊ အသားကိုပိုမိုစားသုံးလာခြင်းသည် သွေးကြောကျဉ်းရောဂါ၊ ကင်ဆာ၊ ကျောက်ကပ်ရောဂါ၊ အရိုးပွရောဂါ၊ အသားစားခြင်းမှရသောရောဂါများကိုဖြစ်စေနိုင်ပြီး၊ အသက်ကိုတိုစေနိုင်သည်။

ဘုရားသခင်သည် ဧဒင်ဥယျာဉ်တွင်ပေးသောအစာဖြစ်သည့် ဟင်းသီးဟင်းရွက်သည် အကောင်းဆုံးအစားအစာဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် တစ်ခါတစ်ရံအကောင်းဆုံးကိုမရရှိနိုင်ချေ။ ထိုသို့သောအခြေအနေ သို့မဟုတ် နေရာမျိုးတွင် အသင့်လျော်ဆုံးသောကျန်းမာရေးကိုရရှိလိုသောသူသည် သူတို့ရနိုင်သည့်အကောင်းဆုံးသောအစာကိုစားလိမ့်မည်။

**၂။ စင်ကြယ်သောအသားနှင့် မစင်ကြယ်သောအသား။** ရေလွှမ်းမိုးပြီးနောက်မှသာ ဘုရားသခင်သည် အသားကိုအစားအစာအဖြစ်စတင်ပေးခဲ့သည်။ ဟင်းသီးဟင်းရွက်အားလုံးပျက်စီးသည်ဖြစ်ရာ၊ ဘုရားသခင်သည် နောဧနှင့်သူ၏မိသားစုအားအသားစားခွင့်ကိုပေးခဲ့ပြီး၊ အသားထဲကအသွေးကိုမူ မစားရန်စည်းကမ်းချမှတ်ခဲ့သည် (ကမ္ဘာ၊ ၉း၃–၅)။

ဘုရားသခင်သည် နောဧနှင့်သူ၏မိသားစုအား စင်ကြယ်သောတိရစ္ဆာန်အဖြစ်ဘုရားခွဲခြားသတ်မှတ်သောအရာကိုသာပေးကြောင်း သမ္မာကျမ်းစာကဖော်ပြသည်။ နောဧနှင့်သူ့မိသားစုသည် အစားအစာအတွက်နှင့် ယဇ်ပူဇော်ရန်အတွက် သန့်ရှင်းသော

တိရစ္ဆာန်များကိုလိုအပ်သည်ဖြစ်ရာ (ကမ္ဘာ၊ ၈း၂၀)၊ ဘုရားသခင်သည် နောဧကိုစင်ကြယ်သောတိရစ္ဆာန်တစ်မျိုးစီကိုခုနစ်စုံစီနှင့် မစင်ကြယ်သောတိရစ္ဆာန်ကိုမူ တစ်မျိုးလျှင်တစ်စုံသာယူရန် ညွှန်ကြားခဲ့သည် (ကမ္ဘာ၊ ၇း၂၊၃)။ ဝတ်ပြုရာကျမ်း ၁၁ နှင့် တရားဟောရာကျမ်း ၁၄ တို့သည် စင်ကြယ်သောအစာနှင့် မစင်ကြယ်သောအစာကို ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းထားသည်။

သဘာဝအားဖြင့်၊ မစင်ကြယ်သောတိရစ္ဆာန်များသည် အကောင်းဆုံးသောအစာတွင်မပါဝင်ချေ။ ခြင်္သေ့နှင့်ဝက်မှစ၍ လင်းတနှင့်ရေအောက်မှအညစ်အကြေးစုပ်ငါးအမျိုးအစားများအထိ များစွာသောတိရစ္ဆာန်တို့သည် အသေကောင်နှင့်အမှိုက်သရိုက်စား၊ သို့မဟုတ် အသားစားများဖြစ်ကြသည်။ ၎င်းတို့၏အကျင့်ဓလေ့ကြောင့်၊ ၎င်းတို့သည် ရောဂါပိုးများကိုပိုမိုသယ်ဆောင်လွယ်သည်။

“ဝက်သားနှင့် အခွံမာအကောင်တို့၌တွေ့ရသော အတန်အသင့် ကိုလက်စထရောအပြင်၊ ၎င်းအစားအစာများသည် အဆိပ်များစွာရှိပြီး၊ အစာအဆိပ်သင့်မှုနှင့် ဆက်နွှယ်နေသည်” ဟု လေ့လာမှုများကဖော်ပြသည်။

မစင်ကြယ်သောအစားအစာကိုရှောင်ခြင်းအားဖြင့်၊ ဘုရားသခင်၏လူတို့သည် ပျက်စီး၍မသန့်ရှင်းသောသူတို့၏ပတ်ဝန်းကျင်မှ သူတို့ကိုရွေးနုတ်ခြင်းအတွက် ကျေးဇူးတင်ကြောင်းကိုပြသခဲ့ကြသည် (ဝတ်၊ ၂၀း၂၄–၂၆။ တရားဟော၊ ၁၄း၂)။ ဘုရားသခင်၏ဝိညာဉ်တော်ကိန်းဝပ်ရာကိုယ်ခန္ဓာထဲသို့ မစင်ကြယ်သောအစာကိုထည့်ခြင်းသည် ဘုရားသခင်၏စံချိန်စံညွှန်းမှယုတ်လျော့ခြင်းဖြစ်သည်။

ဓမ္မသစ်ကျမ်းသည် စင်ကြယ်သောအစာနှင့် မစင်ကြယ်သောအစာတို့အကြားခြားနားမှုကိုမဖျက်သိမ်းခဲ့ချေ။ လူတချို့က ဤအစားအစာဆိုင်ရာပညတ်ချက်များကိုဝတ်ပြုရာကျမ်းတွင်ဖော်ပြသောကြောင့်၊ ၎င်းတို့သည် ဝိနည်းထုံးဖွဲ့ဆိုင်ရာများသာဖြစ်ရာ၊ ခရစ်ယာန်များအတွက် အကျုံးမဝင်တော့ဟုယုံကြည်ကြသည်။ သို့ရာတွင် စင်ကြယ်သောတိရစ္ဆာန်နှင့် မစင်ကြယ်သောတိရစ္ဆာန်အကြားခြားနားမှုသည် ဣသရေလလူမျိုးမရှိမီနှစ်များစွာက၊ နောဧအချိန်တွင်သတ်မှတ်ပြီးဖြစ်သည်။ ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများအဖြစ်၊ ဤအစားအစာနှင့်ဆိုင်သောပညတ်များကို ဆက်လက်စောင့်ထိန်းရမည်။

**၃။ ရိုးစင်းမှု၊ နှစ်ဖက်ညီမျှမှုနှင့် ပုံမှန်ဖြစ်မှု။** အောင်မြင်သောအစားအစာဆိုင်ရာပြုပြင်ပြောင်းလဲခြင်းသည် အဆင့်ဆင့်တိုးတက်ရမည်ဖြစ်၍၊ ပညာသားပါပါလိုက်လျှောက်ရမည်။ နောက်ဆုံးတွင် အဆီများသောအစာ၊ သကြားပါသောအစားအစာတို့ကိုဖယ်ထုတ်ရန် သို့မဟုတ် အနည်းငယ်သာစားသုံးရန် ကျွန်ုပ်တို့သင်ယူသင့်သည်။

ထို့ပြင်မက၊ ကျွန်ုပ်တို့စားသောအစာကို ရိုးရိုးရှင်းရှင်းနှင့်အတတ်နိုင်ဆုံးသဘာဝကျအောင်၊ အကောင်းဆုံးသောအကျိုးရရှိရန်အတွက် ပြင်ဆင်ပြီး၊ အချိန်မှန်စားရမည်။ ရှုပ်ထွေးပြီးလုံ့ဆော်မှုပေးသောအစာများသည် ကျန်းမာရေးအတွက်အကောင်းဆုံးမဟုတ်ချေ။ များစွာသောဟင်းခတ်အမွှေးအကြိုင်များသည် အစာခြေရာလမ်းကြောင်းကို ကျိန်းစပ်စေပြီး၊ ၎င်းတို့ကိုစားသုံးသောဓလေ့သည် ကျန်းမာရေးပြဿနာများစွာနှင့်ဆက်စပ်သည်။

**ခရစ်ယာန်ဝတ်စားဆင်ယင်မှု၏ကောင်းကျိုး။** ဘုရားသခင်သည် အာဒံနှင့်ဧဝတို့အတွက် အလျှင်ဦးဆုံးသောအဝတ်အစားကို စီမံပေးခဲ့ပြီး၊ ကျွန်ုပ်တို့သည်လည်း ယနေ့သင့်လျော်သောအဝတ်အစားကို လိုအပ်ကြောင်းသိသည် (မဿဲ၊ ၆း၂၅–၃၃)။ ကျွန်ုပ်တို့၏အဝတ်အစားရွေးချယ်မှုသည် ရိုးရှင်းမှု၊ ကျနေ့ရမှု၊ အသုံးဝင်မှု၊ ကျန်းမာရေးနှင့်ဆွဲဆောင်မှုစသည်တို့အပေါ်အခြေခံရမည်။

**၁။ ရိုးရှင်းသော။** ကျွန်ုပ်တို့အသက်တာ၏ အခြားကဏ္ဍအားလုံးမှာကဲ့သို့ပင်၊ ခရစ်ယာန်တို့အား ရိုးရှင်းမှုရှိရန်ဖိတ်ခေါ်ခြင်းကို ကျွန်ုပ်တို့၏ဝတ်စားဆင်ယင်မှုပုံစံက ထိခိုက်စေသည်။ "ခရစ်ယာန်သက်သေခံခြင်းသည် ရိုးရှင်းရမည်။ ကျွန်ုပ်တို့၏ဝတ်စားဆင်ယင်မှုက ကျွန်ုပ်တို့သည်မည်သူမည်ဝါဖြစ်သည်ကိုဖော်ပြသည်။"

**၂။ ကောင်းသောအကျင့်သီလ။** ခရစ်ယာန်တို့သည် သူတို့အကျင့်စာရိတ္တ၏တင့်တယ်မှုကို "ကိုယ်ကာယတပ်မက်ခြင်း" (၁ယော၊ ၂း၁၆) နှိုးဆွသောစတိုင်အားဖြင့်ရပ်ပျက်စေလိမ့်မည်မဟုတ်ချေ။ သူတို့သည် သူတစ်ပါးကိုသက်သေခံလိုကြသည်ဖြစ်ရာ၊ လိင်ဆန္ဒကိုနှိုးဆွပေးသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းများကိုပေါ်လွင်မနေစေဘဲ၊ ရိုးရိုးယဉ်ယဉ်ဖြင့်ဝတ်စားပြုမူလိမ့်မည်။ ကျနေ့ရခြင်းသည် ကိုယ်ကျင့်တရားကိုမြှင့်တင်ပေးသည်။ ခရစ်ယာန်တို့၏ရည်ရွယ်ချက်သည် မိမိကိုယ်ကိုမဟုတ်ဘဲ၊ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန်ဖြစ်သည်။

**၃။ လက်တွေ့ဆန်ပြီးချွေတာရာရောက်ခြင်း။** သူတို့သည် ဘုရားသခင်ပေးသောငွေကြေးကို ထိန်းသိမ်းသောသူများဖြစ်သောကြောင့်၊ ခရစ်ယာန်တို့သည်ချွေတာရေးကိုကျင့်သုံးပြီး၊ "ရွှေတန်ဆာ၊ ကျောက်ပုလဲအဖိုးထိုက်သောအဝတ်" (၁တိ၊ ၂း၉) များကိုရှောင်သည်။ သို့သော်လည်း၊ ချွေတာရေးကိုကျင့်သုံးခြင်းသည် ဈေးအနည်းဆုံးဖြင့်ရနိုင်သော အဝတ်အစားဝယ်ခြင်းကိုမဆိုလိုပါ။ တစ်ခါတစ်ရံ၊ အရည်အသွေးမြင့်သောအရာများသည် ရေရှည်တွင်သာ၍ချွေတာရာရောက်သည်။

**၄။ ကျန်းမာရေးနှင့်ညီညွတ်သော။** လူတစ်ဦး၏ကျန်းမာရေးကို အစားအစာကသာ အကျိုးသက်ရောက်စေသည်မဟုတ်ပါ။ ခရစ်ယာန်တို့သည် ကိုယ်ခန္ဓာကိုလုံလုံခြုံခြုံမကာကွယ်သောအဝတ်အစားပုံစံများ သို့မဟုတ် ကျန်းမာရေးကိုထိခိုက်စေသောဝတ်စားဆင်ယင်မှုများကိုရှောင်လိမ့်မည်။

**၅။ ကျက်သရေရှိပြီး၊ သဘာဝကျသည့်လှပသောအသွင်။** ခရစ်ယာန်တို့သည် "လောကီစည်းစိမ်၌ဝါကြွားခြင်း" (၁ယော၊ ၂း၁၆) အကြောင်းသတိပေးချက်ကို နားလည်ကြသည်။ တောနှင်းပင်တို့ကိုရည်ညွှန်းလျက်၊ ယေရှုက၊ "ဘုန်းကြီးသောရှောလမုန်မင်းကြီး၏အဝတ်သည် ထိုအပင်တစ်ပင်မျှ၏အဝတ်ကိုမမီ" (မဿဲ၊ ၆း၂၉) ဟုဆိုခဲ့သည်။ ထို့ကြောင့်၊ ဘုရားသခင်သည် လှပတင့်တယ်မှုကို ကျက်သရေ၊ ရိုးရှင်းမှု၊ စင်ကြယ်မှုနှင့် သဘာဝအလှတို့အားဖြင့်သတ်မှတ်ကြောင်း သူဥပမာပေးခဲ့သည်။ ခေတ္တခဏပန်းဖက်ရှင်များ၌ မြင်ရသကဲ့သို့၊ လောကဆန်သောဝတ်စားဆင်ယင်မှုသည် ဘုရားသခင်၏မျက်စိတွင် တန်ဖိုးမရှိချေ (၁တိ၊ ၂း၉)။

ခရစ်ယာန်တို့သည် လောကီသားကဲ့သို့ဝတ်စားမှုနှင့် ပြုမူခြင်းအားဖြင့်မဟုတ်ဘဲ၊ ဆွဲဆောင်မှုရှိပြီး၊ လန်းဆန်းမှုရှိသောခြားနားမှုအားဖြင့် မယုံကြည်သူများကိုအောင်နိုင်သည်။ ပေတရုက မယုံကြည်သောလင်ယောကျ်ားများသည် "ကြောက်ရွံ့ခြင်းနှင့်စင်ကြယ်သောအကျင့်တို့ကိုထောက်ရှု၍၊ မိမိမယား၏အကျင့်အားဖြင့် သွေးဆောင်လျက်အတူပါမည်အကြောင်းရှိ၏" ဟုဆိုသည်။ အပြင်ပန်းတန်ဆာဆင်ခြင်းအစား၊ ယုံကြည်သူများသည် "ဘုရားသခင့်ရှေ့မှာ အဖိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖောက်ပြန်မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသောစိတ်နှလုံး၏အတွင်းလူဖြစ်စေကြလော့" (၁ပေ၊ ၃း၁–၄) ဟုသူအကြံပြုခဲ့သည်။ သမ္မာကျမ်းစာကသွန်သင်သည်မှာ–

**(က) အကျင့်စာရိတ္တသည်လူတစ်ဦး၏စစ်မှန်သောလှပမှုကိုပြသသည်။** ပေတရုနှင့်ပေါလုတို့သည် တန်ဆာဆင်ခြင်းအရာ၌ ခရစ်ယာန်ယောကျ်ားနှင့်မိန်းမတို့ကို လမ်းပြရန်အတွက် အခြေခံစည်းမျဉ်းကိုချပြကြသည်။ "သင်တို့၌တန်ဆာဆင်ခြင်းမူကား၊ ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာဆင်ခြင်းမဖြစ်စေနှင့်" (၁ပေ၊ ၃း၃)။ "မိန်းမတို့သည် ကျစ်သောဆံပင်၊ ရွှေတန်ဆာ၊ ကျောက်ပုလဲ၊ အဖိုးထိုက်သောအဝတ်နှင့်ကိုယ်ကိုမဆင်ဘဲ၊ ရှက်ကြောက်ခြင်း၊ ဣန္ဒြေစောင့်ခြင်းအားဖြင့် လျောက်ပတ်သောအဝတ်နှင့်လည်းကောင်း၊ ဘုရားသခင်အား ရိုသေလေးမြတ်ခြင်းကိုဝန်ခံပြုစုသောမိန်းမဆင်သင့်သည်အတိုင်း ကောင်းသောအကျင့်နှင့်လည်းကောင်း၊ ကိုယ်ကိုတန်ဆာဆင်စေခြင်းငှာ ငါအလိုရှိ၏" (၁တိ၊ ၂း၉၊၁၀)။

**(ခ) ရိုးရှင်းမှုသည် ပြုပြင်ပြောင်းလဲခြင်း၊ ပြန်လည်နိုးကြားခြင်းတို့နှင့်ကိုက်ညီသည်။** ယာကုပ်သည် သူ၏မိသားစုအား မိမိတို့ကိုယ်ကို ဘုရားသခင်ထံဆက်ကပ်ရန်တောင်းဆိုသောအခါ၊ သူတို့သည် "မိမိတို့၌ပါသော တစ်ပါးအမျိုးသားတို့၏ဘုရားအပေါင်းတို့နှင့်၊ နား၌ပန်သောနားပန်တန်ဆာရှိသမျှတို့ကို ယာကုပ်အားပေး၍၊ ယာကုပ်သည်လည်း ရှေခင်မြို့နားတွင်ရှိသော သပိတ်ပင်အောက်၌မြှုပ်ထားလေ၏" (ကမ္ဘာ၊ ၃၅း၂၄)။

ဣသရေလတို့သည် ရွှေနွားသငယ်ရုပ်ကိုးကွယ်ဖောက်ပြန်ပြီးနောက်၊ ဘုရားသခင်သည် သူတို့ကို "သင်တို့၌အဘယ်သို့ငါပြုရမည်ကိုငါသိခြင်းငှာ၊ သင်တို့တန်ဆာများကို ချွတ်ကြလော့" ဟုမိန့်တော်မူခဲ့သည်။ "ဣသရေလအမျိုးသားတို့သည် ဟောရပ်တောင်ခြေရင်း၌ မိမိတို့တန်ဆာများကိုချွတ်ကြ၏" (ထွက်၊ ၃၃း၅၊၆)။ ဤအယူဖောက်ပြန်မှုသည် "ကပ်ကာလအဆုံးတွင်ဖြစ်သော ငါတို့ကိုဆုံးမစရာဖို့ ကျမ်းစာ၌ရေးထားလျက်ရှိသတည်း" (၁ကော၊ ၁၀း၁၁) ဟူ၍ ပေါလုကရှင်းလင်းစွာဖော်ပြသည်။

**(ဂ) ကောင်းသောဘဏ္ဍာစိုးသည် ပေးဆပ်သောနေထိုင်မှုကိုလိုအပ်သည်။** ကမ္ဘာပေါ်ရှိလူများစွာတို့သည် အာဟာရချို့တဲ့နေချိန်တွင် ခရစ်ယာန်တို့၏ရှေ့တွင် စျေးကြီးသော အဝတ်အစားများ၊ ကားများ၊ လက်ဝတ်လက်စားနှင့် ဇိမ်ခံအိမ်ကြီးများဟူသောရုပ်ဝါဒ စုံစမ်းခြင်းရှိနေသည်။ နေထိုင်မှုပုံစံနှင့် ပုံပန်းသဏ္ဍာန်၏ရိုးရှင်းမှုသည် ခရစ်ယာန်များကို လူထက်ပစ္စည်းဥစ္စာကိုတန်ဖိုးထားသော (၂၁) ရာစုလူ့အဖွဲ့အစည်းမှ လောဘကြီးခြင်း၊ ရုပ်ဝါဒ၊ အပြင်အဆင်လွန်ကဲခြင်းစသည်တို့နှင့် လုံးဝခြားနားစေသည်။

ဤသမ္မာကျမ်းစာ၏သွန်သင်ချက်များနှင့် အထက်ကချပြသောအခြေခံစည်းမျဉ်းတို့၏ရှုထောင့်တွင်၊ ခရစ်ယာန်တို့သည် မိမိတို့ကိုယ်ကိုလက်ဝတ်ရတနာများမဆင်မြန်းသင့်ဟူ၍ ကျွန်ုပ်တို့ယုံကြည်သည်။ လက်စွပ်၊ နားကပ်နားကွင်း၊ လည်ဆွဲနှင့် လက်ဝတ်တန်ဆာ၊ ကြွားလွန်းသောလည်စည်း၊ ရုပ်အင်္ကျီလက်ကြယ်သီးနှင့် ဆံထိုးရင်ထိုးစသည်တို့ကိုဝတ်ဆင်ခြင်းသည် မလိုအပ်ကြောင်းနှင့် သမ္မာကျမ်းစာကတိုက်တွန်းသော ရိုးရှင်းသောဆင်ယင်မှုနှင့်လည်း မကိုက်ညီကြောင်းကို ကျွန်ုပ်တို့နားလည်သဘောပေါက်ထားသည်။

သမ္မာကျမ်းစာကလွန်ကဲသောအလှပြင်ဆင်မှုကို ဒိဋ္ဌိဝါဒ၊ အယူဖောက်ပြန်ခြင်းတို့နှင့်ဆက်စပ်သည် (၄ရာ၊ ၉း၃၀။ ယေ၊ ၄း၃၀)။ ထို့ကြောင့် အလှပြင်ပစ္စည်းများနှင့်ပတ်သက်၍ ခရစ်ယာန်တို့သည် ကျန်းမာရေးနှင့်ညီညွတ်သောသဘာဝအလှပုံပန်းကို ထိန်းသိမ်းရမည်ဟူ၍ ကျွန်ုပ်တို့ယုံကြည်သည်။ အကယ်၍ကျွန်ုပ်တို့သည် အပြောအဆို၊ အပြုအမူ၊ အဝတ်အစားတို့တွင် ကယ်တင်ရှင်ကိုမြှောက်ထားလျှင်၊ လူများကိုသူ့ထံသို့ ဆွဲဆောင်သောသံလိုက်ကဲ့သို့ ကျွန်ုပ်တို့ဖြစ်လာသည်။

## ခရစ်ယာန်စံချိန်စံညွှန်းများ၏အခြေခံမှု

ခရစ်ယာန်နေထိုင်မှုပုံစံအားလုံးသည် ခရစ်တော်အားဖြင့်ရသောကယ်တင်ခြင်းကို တုံ့ပြန်ခြင်းဖြစ်သည်။ ခရစ်ယာန်တို့သည် ဘုရားသခင်ကိုဂုဏ်ပြုရန်နှင့် ယေရှုနေထိုင်မည့်ပုံစံဖြင့် အသက်ရှင်ရန်အလိုရှိကြသည်။ လူတချို့က ခရစ်ယာန်နေထိုင်မှုပုံစံသည် တားမြစ်ထားသည့်အရာများနှင့် ပြည့်နေသည်ဟုရှုမြင်ကြသော်လည်း၊ ကျွန်ုပ်တို့သည်

၎င်းကိုကယ်တင်ခြင်းဘောင်အတွင်းမှ အပြုသဘောဆောင်သောစည်းမျဉ်းများအဖြစ်မြင်ရမည်။ ကျွန်ုပ်တို့သည် ကြွယ်ဝသောအသက်ကိုရမည်အကြောင်း သူလာသည်ဟု ယေရှုကအလေးပေးပြောဆိုသည်။ ကျွန်ုပ်တို့ကိုပြည့်ဝသောအသက်တာသို့ ပို့ဆောင်သောအခြေခံမှုများကားအဘယ်နည်း။ သန့်ရှင်းသောဝိညာဉ်တော်သည် တစ်ဦးချင်းစီ အသက်တာထဲသို့ဝင်ရောက်လာသောအခါ၊ ထိုပုဂ္ဂိုလ်၏ပတ်ဝန်းကျင်ရှိလူတို့အတွက် ထင်ရှားသောပြောင်းလဲမှုသည် သက်သေဖြစ်သည် (ယောဟန်၊ ၃း၈)။ ဝိညာဉ်တော်သည် အသက်တာတွင်ပြောင်းလဲမှုကိုစတင်သည်သာမက၊ သူ၏အကျိုးသက်ရောက်စေမှုသည် ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ ဝိညာဉ်တော်၏အသီးသည် ချစ်ခြင်းမေတ္တာဖြစ်သည် (ဂလာတိ၊ ၅း၂၂၊၂၃)။ ခရစ်ယာန်ဘာသာ၏ခိုင်လုံမှုအတွက် အားအကောင်းဆုံးသောအကြောင်းပြချက်မှာ ချစ်တတ်သောခရစ်ယာန်နှင့် ချစ်စရာကောင်းသောခရစ်ယာန်ဖြစ်ခြင်းဖြစ်သည်။

**ခရစ်တော်၏စိတ်သဘောနှင့်နေထိုင်ခြင်း။** "ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့" (ဖိလိပ္ပိ၊ ၂း၅)။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ အခြေအနေအားလုံးအောက်တွင်၊ ကျွန်ုပ်တို့သည် ခရစ်တော်၏အလိုတော်နှင့် စိတ်သဘောကိုနားလည်ရန်နှင့် ထိုအတိုင်းအသက်ရှင်ရန်ကြိုးစားရမည် (၁ကော၊ ၂း၁၆)။

အယ်လင်ဂျီဝှိုက်သည် ခရစ်တော်နှင့်ဆက်ဆံသောအသက်တာ၏လှပသောရလဒ်များကို ရေးမှတ်ခဲ့သည်။ "စစ်မှန်သောနာခံမှုအားလုံးသည် စိတ်နှလုံးမှလာသည်။ စိတ်နှလုံးသည် ခရစ်တော်နှင့်အတူအလုပ်လုပ်သည်။ ကျွန်ုပ်တို့လိုက်လျောမည်ဆိုလျှင်၊ သူသည် ကျွန်ုပ်တို့၏အတွေးများနှင့်ရည်ရွယ်ချက်များ၌ မိမိကိုယ်ကိုထင်ရှားစေ၍၊ ကျွန်ုပ်တို့၏စိတ်နှလုံးကို သူ၏အလိုတော်နှင့်ကိုက်ညီစေရန် ပေါင်းစပ်လိမ့်မည်။ ကျွန်ုပ်တို့သည် သူ့စကားကိုနားထောင်သောအခါ၊ ကျွန်ုပ်တို့ကိုယ်ပိုင်ဆန္ဒဖြင့် ဆက်လက်လုပ်ဆောင်မည်။ သန့်ရှင်းစင်ကြယ်စေသောလိုအင်ဆန္ဒသည် သူ၏အလိုတော်ကို ထမ်းဆောင်ရာတွင် အမြင့်မားဆုံးသောပျော်ရွှင်မှုကိုရှာတွေ့လိမ့်မည်။ ဘုရားသခင်အား သိကျွမ်းခြင်းကိုအခွင့်အရေးအဖြစ် ကျွန်ုပ်တို့သိလာသောအခါ၊ ကျွန်ုပ်တို့၏အသက်တာသည် ဆက်လက်နာခံမှုရှိသောအသက်တာဖြစ်လိမ့်မည်။ ခရစ်တော်၏စာရိတ္တတော်ကိုမြတ်နိုး၍၊ ဘုရားသခင်နှင့်ရင်းနှီးစွာဆက်ဆံခြင်းအားဖြင့်၊ အပြစ်သည် ကျွန်ုပ်တို့အတွက်မုန်းစရာဖြစ်လာလိမ့်မည်။"

**ဘုရားသခင်ကိုချီးမွမ်း၍ ဘုန်းတော်ထင်ရှားစေရန်အသက်ရှင်ခြင်း။** ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်များစွာလုပ်ပေးခဲ့ပြီ။ ကျေးဇူးတင်ကြောင်းပြသနိုင်သည့်နည်းလမ်းတစ်ခုမှာ သူ့ကိုချီးမွမ်းခြင်းဖြစ်သည်။

ဆာလံကျမ်းသည် ဝိညာဉ်ရေးအသက်တာ၏ဤဘက်အခြမ်းကို အထူးအလေးပေးသည်။ "ဘုန်းတန်ခိုးအာနုဘော်တော်ကိုမြင်ခြင်းငှာ၊ သန့်ရှင်းရာဌာနတော်၌ ထိုသို့ကိုယ်တော်ကိုဖူးမြော်ပါပြီ။ ကရုဏာတော်သည် အသက်ထက်သာ၍ကောင်းသောကြောင့်၊ အကျွန်ုပ်၏နှုတ်သည် ကိုယ်တော်ကိုချီးမွမ်းရပါမည်။ ထိုသို့အသက်ရှင်စဉ်တွင် ကိုယ်တော်ကိုကောင်းချီးပေးပါမည်။ နာမတော်ကိုအမှီပြုလျက် လက်ကိုချီပါမည်။ အိပ်ရာပေါ်မှာကိုယ်တော်ကိုအောက်မေ့၍၊ ညဉ့်ယံတို့၌ ကိုယ်တော်ကိုဆင်ခြင်လျက်နေသောအခါ၊ ဆီဥကိုလည်းကောင်း၊ ဆူသောအသားကိုလည်းကောင်း စား၍ဝသကဲ့သို့၊ အကျွန်ုပ်၏ဝိညာဉ်သည် ဝ၍ရွှင်လန်းသောနှုတ်ခမ်းနှင့် အကျွန်ုပ်၏နှုတ်သည် ကိုယ်တော်ကိုချီးမွမ်းပါမည်" (ဆာလံ၊ ၆၃း၂-၅)။

ခရစ်ယာန်များအတွက်၊ ထိုသို့သောချီးမွမ်းသည့်စိတ်သဘောထားသည် အသက်တာ၏အခြားသောအရေးကိစ္စများကို သင့်လျော်သောရှုထောင့်တွင်ထားရှိလိမ့်မည်။ အပြစ်တရား၏ပြစ်ဒဏ်နှင့်တန်ခိုးတို့မှ ကျွန်ုပ်တို့ကိုကယ်နုတ်သည့်အသေခံသော ကယ်တင်ရှင်ကိုကြည့်ခြင်းဖြင့်၊ ကျွန်ုပ်တို့သည် "နှစ်သက်တော်မူသောအကျင့်တို့ကို" (၁ယော၊ ၃း၂၂) သာလုပ်ဆောင်ရန် စိတ်တက်ကြွကြသည်။ ခရစ်ယာန်တို့သည် "သူတို့အတွက်ကြောင့် အသေခံပြီးမှထမြောက်တော်မူသောသူ၏အလိုသို့လိုက်၍" အသက်ရှင်ကြသည် (၂ကော၊ ၅း၁၅)။ စစ်မှန်သောခရစ်ယာန်တို့သည် သူတို့ပြုလုပ်သောအရာအားလုံး၊ စဉ်းစားသောအရာအားလုံး၊ ပြောသောအရာအားလုံး၊ လိုချင်သောအရာအားလုံးတို့၌ ဘုရားသခင်ကိုပထမနေရာတွင်ထားလိမ့်မည်။ သူတို့၏ရွေးနုတ်ရှင်မှတစ်ပါး အခြားသောဘုရားတို့၌မရှိချေ (၁ကော၊ ၁၀း၃၁)။

**စံနမူနာဖြစ်ရန်အသက်ရှင်ခြင်း။** ပေါလုက တစ်စုံတစ်ဦး၏ "ထိမိ၍လဲစရာအကြောင်း" (၁ကော၊ ၁၀း၃၂) မဖြစ်ရန်ပြောသည်။ "ဘုရားသခင်ကိုပြစ်မှားပြီ၊ လူတို့ကိုပြစ်မှားပြီဟု ကိုယ်စိတ်နှလုံးသည် ကိုယ်၌အပြစ်တင်ခွင့်နှင့် အစဉ်ကင်းလွတ်မည်အကြောင်း အကျွန်ုပ်သည် ကြိုးစားအားထုတ်ပါ၏" (တမန်၊ ၂၄း၁၆)။ ကျွန်ုပ်တို့၏စံနမူနာသည် တစ်ပါးသူတို့ကိုအပြစ်သို့ပို့ဆောင်ခဲ့သော်၊ ကျွန်ုပ်တို့သည် ခရစ်တော်အသေခံခဲ့သောသူတို့အတွက် ခလုတ်တိုက်စရာဖြစ်လာသည်။ "ထိုသခင်၌ ငါတည်၏ဟုဆိုသောသူသည် ထိုသခင်ကျင့်တော်မူသည်နည်းတူကျင့်ရမည်" (၁ယော၊ ၂း၆)။

**အမှုဆောင်ရန်အသက်ရှင်ခြင်း။** ခရစ်ယာန်တို့အသက်ရှင်ခြင်း၏အဓိကရည်ရွယ်ချက်မှာ ပျောက်ဆုံးသောယောကျ်ားမိန်းမတို့ကိုကယ်တင်ရန်ဖြစ်သည်။ ပေါလုက "လူများတို့သည် ကယ်တင်ခြင်းသို့ရောက်စိမ့်သောငှာ၊ ငါသည် ကိုယ်အကျိုးကိုမရှာဘဲ၊ သူ့အကျိုးကိုရှာ၍၊ ခပ်သိမ်းသောလူတို့၏အလိုသို့ အရာရာ၌လိုက်သည်" (၁ကော၊ ၁၀း၃၂၊၃၃)။

## သတိမှတ်ချက်များနှင့်လမ်းညွှန်ချက်များ

ကျွန်ုပ်တို့၏နေထိုင်မှုပုံစံသည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးအတွေ့အကြုံနှင့်သက်သေခံခြင်းတို့ကို အကျိုးသက်ရောက်စေသည်ဖြစ်ရာ၊ အသင်းတော်အဖွဲ့အစည်းအနေဖြင့် ကျွန်ုပ်တို့သည် အသင်းသားများဖြစ်လာရန်အတွက် နေထိုင်မှုပုံစံ စံချိန်စံညွှန်းတချို့ကို အနည်းအကျဉ်းမျှသတိမှတ်ထားသည်။ ဤစံချိန်စံညွှန်းတွင် ဆေးရွက်ကြီး၊ သေရည်သေရက်၊ စိတ်ကိုပြောင်းလဲစေသောဆေးများ၊ မစင်ကြယ်သောအသားများ စသည်တို့ကိုရှောင်ကြဉ်ခြင်း၊ ဝတ်စားဆင်ယင်မှုကိစ္စနှင့် အချိန်ပိုအသုံးပြုခြင်းတို့တွင် ခရစ်ယာန်အတွေ့အကြုံ၌ကြီးထွားခြင်းတို့ပါဝင်သည်။ ဤအနည်းအကျဉ်းမျှသော စံချိန်စံညွှန်းများသည် ယုံကြည်သူအတွက် ဘုရားသခင်၏စံနမူနာအားလုံးကိုမခြုံငုံမိချေ။ ၎င်းတို့သည် တောက်ပသောခရစ်ယာန်အတွေ့အကြုံ၌ ကြီးထွားခြင်း၏ပထမအဆင့်သာဖြစ်သည်။ ဤစံချိန်စံညွှန်းများသည် ယုံကြည်သူလူ့အသိုက်အဝန်းအထဲတွင် စည်းလုံးရန်အခြေခံလိုအပ်ချက်ကိုပေးသည်။

ခရစ်ယာန်အပြုအမူကြီးထွားမှုတည်းဟူသော ဘုရားသခင်နှင့်တူခြင်းသည် အဆင့်ဆင့်တိုးတက်ပြီး၊ ခရစ်တော်နှင့်တစ်သက်လုံးပေါင်းဖော်ခြင်းလည်းပါဝင်သည်။ သန့်ရှင်းသောအသက်ရှင်ခြင်းသည် ခရစ်တော်၏စိုးမိုးမှုအောက်၌ နေ့စဉ်နေလိုစိတ်၊ သမ္မာကျမ်းနှင့်ဆုတောင်းခြင်းတို့၌ဖော်ပြသည့် သူ၏သွန်သင်ချက်များအတိုင်း နေ့စဉ်သဘောထားကိုက်ညီခြင်းတို့ပင်ဖြစ်သည်။ မတူညီသောစံနှုန်းများဖြင့် ကျွန်ုပ်တို့သည် ရင့်ကျက်လာသည်ဖြစ်ရာ၊ ကျွန်ုပ်တို့သည် ပိုမိုအားနည်းသောညီအစ်ကိုမောင်နှမများအား ဝေဖန်ခြင်းမှရှောင်ကြဉ်ရန်အရေးကြီးသည် (ရောမ၊ ၁၄း၁။ ၁၅း၁)။

ကယ်တင်ရှင်နှင့်ရင်းနှီးသောပေါင်းဖော်ခြင်း၌ ခရစ်ယာန်တို့၏စံနမူနာတစ်ခုမှာ သူတို့၏ကယ်တင်ခြင်းအတွက် ကြွယ်ဝသောအကြံအစည်ကိုပေးသော ကောင်းကင်ဘုံရှိခမည်းတော်ကို အကောင်းဆုံးဂုဏ်ပြုခြင်းဖြစ်သည်။ ထို့ကြောင့် "သင်တို့သည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်း၊ ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကိုပြုကြလော့" (၁ကော၊ ၁၀း၃၁)။

–ဝ–

# အခန်း– ၂၃
# လက်ထပ်ခြင်းနှင့်မိသားစု

လက်ထပ်ခြင်းကို ဧဒင်ဥယျာဉ်တွင် ဘုရားရှင်သည်ထူထောင်ခဲ့ပြီး၊ ကြင်နာသောပေါင်းဖော်ခြင်း၌ ယောကျ်ားတစ်ဦးနှင့်မိန်းမတစ်ဦးအကြား ဘဝတစ်လျှောက်ပေါင်းသင်းနေထိုင်ရန် ယေရှုအားဖြင့်အတည်ပြုခဲ့သည်။ ခရစ်ယာန်များအတွက်လက်ထပ်ခြင်းသည် ဘုရားနှင့်သာမက အိမ်ထောင်ဖက်နှင့်ကတိကဝတ်ပြုခြင်းဖြစ်ပြီး ယုံကြည်ခြင်းတူသောယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးအကြား၌သာ ပြုရသည့်ကတိဖြစ်သည်။ အပြန်အလှန်ချစ်ခြင်း၊ ဂုဏ်ပြုခြင်း၊ လေးစားခြင်းနှင့် တာဝန်ယူခြင်းတို့သည် ဤဆက်ဆံရေး၏အဆောက်အအုံဖြစ်၍၊ ခရစ်တော်နှင့်သူ၏အသင်းတော်အကြားချစ်ခြင်း၊ မွန်မြတ်သန့်ရှင်းခြင်း၊ ရင်းနှီးခြင်းနှင့် ဆက်ဆံရေးတို့ကိုရောင်ပြန်ဟပ်ရန်ဖြစ်သည်။ လင်မယားကွာရှင်းခြင်းနှင့်စပ်လျဉ်း၍၊ မှားယွင်းခြင်းမှတစ်ပါး ခင်ပွန်းသည်ကိုကွာရှင်းပြီး အခြားတစ်ယောက်ကိုလက်ထပ်သောသူသည် အိမ်ထောင်ရေးဖောက်ပြန်သူဖြစ်သည်ဟု ယေရှုသွန်သင်ခဲ့သည်။ အချို့သောမိသားစုဆက်ဆံရေးသည် စံချိန်စံညွှန်းထက်လျော့နည်းနိုင်သော်လည်း၊ လက်ထပ်ခြင်းအားဖြင့် ခရစ်တော်၌တစ်ဦးကိုတစ်ဦး မိမိတို့ကိုယ်ကိုလုံးလုံးအပ်နှံသောလင်မယားတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုနှင့် အသင်းတော်၏ပြုစုပျိုးထောင်ခြင်းတို့အားဖြင့် ချစ်ခင်စုံမက်ဖွယ်ပေါင်းစည်းမှုကိုရရှိနိုင်ကြသည်။ ဘုရားသခင်သည် မိသားစုကိုကောင်းချီးပေး၍၊ မိသားစုဝင်များသည် ပြည့်စုံရင့်ကျက်မှုဘဝသို့ရောက်ရှိနိုင်ကြရန်အတွက် အချင်းချင်းကူညီကြရန်ရည်ရွယ်သည်။ မိသားစုရင်းနှီးမှုတိုးပွားခြင်းသည် နောက်ဆုံးဧဝံဂေလိတရား၏လျာထားချက်တစ်ခုဖြစ်သည်။ မိဘများသည် သားသမီးများအား ဘုရားသခင်ကိုချစ်၍၊ နာခံရန်ပြုစုပျိုးထောင်ရမည်။ သူတို့၏စံနမူနာနှင့်စကားများအားဖြင့်၊ သူတို့သည် သားသမီးများအား၊ ခရစ်တော်သည်ချစ်ခင်၊ ကြင်နာ၊ ပြုစုသောလမ်းပြဖြစ်ကြောင်းနှင့် သူ၏ကိုယ်ခန္ဓာတည်းဟူသောလူလွတ်နှင့်အိမ်ထောင်သည်တို့အကျုံးဝင်သော ဘုရားသခင်၏မိသားစုတွင် သူတို့ကိုလည်း မိသားစုဝင်ဖြစ်စေလိုကြောင်းသွန်သင်ရမည်။ (ကမ္ဘာ၊ ၂း၁၈–၂၅။ ထွက်၊ ၂၀း၁၂။ တရားဟော၊ ၆း၅–၉။ သုတ္တံ၊ ၂၂း၆။ မာလ၊ ၄း၅၊၆။ မဿဲ၊ ၅း၃၁၊၃၂။ ၁၉း၃–၉၊၁၂။ မာကု၊ ၁၀း၁၁၊ ၁၂။ ယောဟန်၊ ၂း၁–၁၁။ ၁ကော၊ ၇း၇၊၁၀၊၁၁။ ၂ကော၊ ၆း၁၄။ ဧဖက်၊ ၅း၂၁–၃၃။ ၆း၁–၄။

အိမ်ထောင်သည်လူတို့တွင် ဘုရားသခင်၏ပုံသဏ္ဍာန်ကို၊ နဂိုအတိုင်းပြန်ဖြစ်လာစေရန် အဓိကအုတ်မြစ်ဖြစ်သည်။ မိသားစုအတွင်း ဖခင်၊ မိခင်နှင့်သားသမီးတို့သည်

သက်ဆိုင်မှု၊ ချစ်ခြင်းနှင့်ရင်းနှီးမှုတို့အတွက် အချင်းချင်း၏လိုအပ်ချက်ကိုဖြည့်ဆည်းရန် မိမိတို့ကိုယ်ကို အပြည့်အဝသိမြင်စေနိုင်ကြသည်။ မိမိသားစုထဲတွင် ကိုယ်ပိုင်လက္ခဏာကိုတည်ဆောက်ကြပြီး၊ ကိုယ်ပိုင်တန်ဖိုးကိုတိုးတက်စေကြသည်။ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် အိမ်ထောင်သည် စစ်မှန်သောခရစ်ယာန်ဘာသာ၏စည်းမျဉ်းများကို ကျင့်သုံးသောနေရာ၊ ၎င်း၏တန်ဖိုးကို မျိုးဆက်တစ်ခုပြီးတစ်ခုပေးပို့သောနေရာလည်းဖြစ်သည်။

မိသားစုသည် အလွန်ပျော်ရွှင်ဖွယ်နေရာဖြစ်နိုင်သည်။ ၎င်းသည် ကြောက်မက်ဖွယ်နာကျင်မှုဖြစ်ပွားရာနေရာလည်းဖြစ်နိုင်သည်။ သင့်မြတ်သောမိသားစုအသက်တာသည် ခရစ်ယာန်ဘာသာ၏စည်းမျဉ်းများအတိုင်း နေထိုင်မှုကိုပြသပြီး၊ ဘုရားသခင်၏ စာရိတ္တတော်ကိုဖော်ပြသည်။ ဤလက္ခဏာများ ခေတ်သစ်အိမ်ထောင်များတွင် အလွန်ရှားပါးနေခြင်းမှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ ထို့အစား၊ များစွာသောမိသားစုများသည် ရန်ဖြစ်ခြင်း၊ ပုန်ကန်ခြင်း၊ ပြိုင်ဆိုင်ခြင်း၊ မရိုးသားမှု၊ ရက်စက်မှုပင်ဖြစ်သောကိုယ်ကျိုးဖက်သည့် လူ့စိတ်နှလုံးနှင့်အတွေးများကိုဖော်ပြနေကြသည်။ ဤလက္ခဏာများသည် ဘုရားသခင်၏မူလအစီအစဉ်ကိုဖီဆန်သည်။ ယေရှုက "အစအဦး၌ ထိုသို့မဟုတ်" (မဿဲ၊ ၁၉း၈) ဟု ဆိုခဲ့သည်။

## ရှေးဦးစွာမှစ၍

ဥပုသ်နေ့နှင့်လက်ထပ်ခြင်းသည် လူ့မိသားစုအတွက် ဘုရားသခင်၏မူလလက်ဆောင်နှစ်ခုဖြစ်သည်။ ၎င်းတို့ကိုနားနေခြင်း၏ပျော်ရွှင်မှုများနှင့် အချိန်၊ နေရာ၊ လူမျိုးတို့ကိုပဓာနမထားဘဲ သက်ဆိုင်မှုတို့ကိုပေးရန်ရည်ရွယ်သည်။ ဤထုံးတမ်းဓလေ့နှစ်ခုကိုထူထောင်ခြင်းနှင့်အတူ၊ ဤကမ္ဘာမြေအတွက် ဘုရားသခင်၏ဖန်ဆင်းခြင်းအကြံအစည်သည် ပြီးဆုံးသွားခဲ့သည်။ ၎င်းတို့သည် သူ၏အထွတ်အထိပ်၊ ဖန်ဆင်းခြင်း၌လူသားတို့ကိုပေးသောအကောင်းဆုံးလက်ဆောင်ဖြစ်သည်။ ဥပုသ်နေ့ကိုထူထောင်ရာတွင်၊ ဘုရားသခင်သည် လူသားတို့အား နားနေ၍အားသစ်လောင်းရန်အချိန်၊ သူနှင့်မိတ်သဟာယဖွဲ့ရန်အချိန်ကိုပေးသည်။ ရှေးဦးမိသားစုကိုထူထောင်ရာတွင်၊ လူသားတို့အတွက် အခြေခံလူမှုရေးအစုအဖွဲ့ကိုထူထောင်ခြင်းဖြစ်သည်။ ဘုရားသခင်နှင့် လူတို့၏အမှုကိုထမ်းရွက်ရာတွင် ဘက်စုံတိုးတက်သောသူဖြစ်ရန်အတွက် အခွင့်အရေးကိုသူတို့အားပေးသည်။

**ဘုရားသခင်၏ပုံသဏ္ဌာန်ရှိသောယောကျ်ားနှင့်မိန်းမ။** ကမ္ဘာဦးကျမ်း ၁း၂၆၊၂၇ တွင် ဘုရားသခင်သည် ဤမြေကြီးပေါ်တွင်နေထိုင်မည့်လူသားများကိုဖန်ဆင်းသည့်အကြောင်းဖော်ပြသည်။ "တစ်ဖန် ဘုရားသခင်က၊ ငါတို့ပုံသဏ္ဌာန်နှင့်

တညီ တသဏ္ဍာန်တည်းလူကိုဖန်ဆင်းကြစို့။.... ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကိုဖန်ဆင်းတော်မူ၏။" ဤကျမ်းချက်တွင် ယေဘုယျသဘောအရ၊ "လူ" ဟူသောဝေါဟာရကို (ဟေဗြဲဘာသာနှင့်အင်္ဂလိပ်ဘာသာ) ဓမ္မဟောင်းကျမ်းတွင် အကြိမ်ပေါင်း (၅၀၀) မကအသုံးပြုသည်။ ဤဝေါဟာရသည် ယောကျ်ားနှင့်မိန်းမ တို့ပါဝင်သည်။ ဤကျမ်းချက်သည် ယောကျ်ားကိုဘုရားသခင်၏ပုံသဏ္ဍာန်နှင့် ဖန်ဆင်း၍၊ မိန်းမကိုမူ ယောကျ်ား၏ပုံသဏ္ဍာန်ဖြင့် ဖန်ဆင်းခြင်းမဟုတ်ကြောင်းကို ရှင်းလင်းစွာဖော်ပြသည်။ ထိုအရာနှင့်ဆန့်ကျင်၍၊ သူတို့နှစ်ဦးစလုံးသည် ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီဖန်ဆင်းခြင်းခံခဲ့ကြရသည်။

ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့သည် ဘုရားဖြစ်သကဲ့သို့၊ ယောကျ်ားနှင့်မိန်းမတို့သည် အတူတူ "လူ" ဖြစ်ကြသည်။ သုံးပါးတစ်ဆူဘုရားကဲ့သို့၊ ယောကျ်ားနှင့်မိန်းမတို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်သော်လည်း၊ သူတို့သည် လုပ်ငန်းအပိုင်းတွင် တစ်သားတည်းမဟုတ်ကြချေ။ သူတို့သည် ဖြစ်ခြင်းအရာ၌လည်းကောင်း၊ တန်ဖိုးရှိခြင်းအရာ၌လည်းကောင်း အတူတူဖြစ်သော်လည်း၊ လူကိုယ်တိုင်မှုတစ်ထပ်တည်းမကျချေ (ယောဟန်၊ ၁၀း၃၀။ ၁ကော၊ ၁၁း၃)။ သူတို့၏ခန္ဓာကိုယ်သည် ဖြည့်စွက်ဖက်ဖြစ်၍၊ သူတို့၏လုပ်ငန်းသည်လည်း ပူးပေါင်းဆောင်ရွက်မှုရှိသည်။

ယောကျ်ားဖြစ်ခြင်း၊ မိန်းမဖြစ်ခြင်းနှစ်ခုစလုံးသည် ကောင်းမွန်သကဲ့သို့ (ကမ္ဘာ၊ ၁း၃၁)၊ ၎င်းတို့၏ခြားနားသောကဏ္ဍသည်လည်းကောင်းသည်။ အိမ်ထောင်မိသားစုကို မတူညီသောလိင်နှစ်မျိုးအပေါ်တည်ဆောက်သည်။ တချို့သောလိင်အင်္ဂါမဲ့တိရစ္ဆာန်တို့မျိုးပွားသကဲ့သို့၊ ဘုရားသခင်သည် အထီးအမမဖန်ဆင်းဘဲ ဤကမ္ဘာမြေကြီးတွင် မျိုးပွားစေနိုင်သည်။ သို့သော် ဘုရားသခင်သည် "ယေဘုယျအားဖြင့် ပုံပန်းသဏ္ဍာန်နှင့် ပင်ကိုလက္ခဏာတို့တွင် ချွတ်စွပ်တူသောတစ်ဦးချင်းစီကို သီးခြားဖန်ဆင်းသည်။ သို့သော်၊ အတွင်း၌လိုအပ်သောအရာများကို အချင်းချင်းဖြည့်စွက်ကြသည်။" လိင်တစ်မျိုးမျိုးကင်းမဲ့သောကမ္ဘာသည် ပြည့်စုံလိမ့်မည်မဟုတ်ချေ။ အထီးနှင့်အမပါဝင်သောအသိုက်အဝန်း၌သာ စစ်မှန်သောပြည့်စုံမှုရှိလာနိုင်သည်။ ဤနေရာတွင် တန်းတူဖြစ်ခြင်းသည် ပြဿနာမဟုတ်ဘဲ၊ နှစ်မျိုးစလုံးသည် မရှိမဖြစ်လိုအပ်သည်။

ပထမဆုံးဖန်ဆင်းခြင်းခံရ၍ လူသားမျိုးနွယ်၏ဦးခေါင်းဖြစ်သော အာဒံ၏ပထမနေ့တွင်၊ သူသည် ဘာနှင့်မျှမတူသည့် တစ်မူထူးခြားမှုကိုခံစားခဲ့သည်။ "သို့သော်လည်း၊ လူနှင့်တော်သောအထောက်အမ မပေါ်မရှိသေး" (ကမ္ဘာ၊ ၂း၂၀)။ ဘုရားသခင်သည်

ဤလိုအပ်ချက်ကိုစာနာခဲ့သည်။ အကြောင်းမှာ "ထာဝရအရှင်ဘုရားသခင်ကလည်း၊ ယောကျ်ားသည် တစ်ယောက်တည်းမနေကောင်း၊ သူနှင့်တော်သောအထောက်အမကို သူ့အဖို့ငါလုပ်ဦးမည်ဟုအကြံရှိတော်မူ၏" (ကမ္ဘာ၊ ၂း၁၈)။

"တော်သော" ဟူ၍ဘာသာပြန်သောဟေဗြဲစကားလုံး နဲဂက် (neged) သည် တစ်စုံတစ်ဦး သို့မဟုတ် တစ်စုံတစ်ခု၏ "အလျင်က၊ ရှေ့တွင်၊ ဆန့်ကျင်ဘက်၊ သက်ဆိုင်" ၌ရပ်သည်ဟုအဓိပ္ပါယ်ရသည်။ ဤအာဘော်အရ၊ အာဒံ၏ရှေ့တွင် မတ်တတ်ရပ်သောသူသည် သူ့၏ပါရမီဖြည့်ဖက်ဖြစ်သည်။ ထို့ကြောင့်၊ "ဘုရားသခင်သည် လူကိုကြီးသောအိပ်ခြင်းဖြင့် အိပ်စေတော်မူ၍.... နံရိုးတစ်ချောင်းကို.... ထုတ်ပြီးလျှင်" (ကမ္ဘာ၊ ၂း၂၁၊၂၂)၊ သူ့အဖော်ကိုဖန်ဆင်းခဲ့သည်။

နိုးထလာရာတွင်၊ အာဒံသည် ရင်းနှီးသောဆက်နွယ်မှုကိုအသိအမှတ်ပြုခဲ့သည်။ သူက "ယခုဤသူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲကအသားဖြစ်၏။ လူထဲက ထုတ်သောကြောင့် သူ့ကိုလူမိန်းမဟုခေါ်ဝေါ်အပ်သည်ဟုဆိုလေ၏" (ကမ္ဘာ၊ ၂၂း၂၃)။

**လက်ထပ်ခြင်း။** ယောကျ်ားနှင့်မိန်းမတို့၏ခြားနားမှုမှ ဘုရားသခင်သည် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကိုစီစဉ်ခဲ့သည်။ ထိုပထမဆုံးသော သောကြာနေ့တွင်၊ သူ့ပုံသဏ္ဍာန်ရှိသော ထိုသူနှစ်ဦးကိုပေါင်းစပ်၍၊ ပထမလက်ထပ်ခြင်းကိုကျင်းပကာ၊ သူတို့ကို တစ်သားတစ်ကိုယ်တည်းဖြစ်စေခဲ့သည်။ လက်ထပ်ခြင်းသည် မိသားစု၏အုတ်မြစ်ဖြစ်သောကြောင့်၊ ၎င်းကိုယ်၌က လူ့အဖွဲ့အစည်း၏အခြေခံဖြစ်သည်။

လက်ထပ်ခြင်းသည် စွန့်ခွာခြင်းနှင့်ပူးတွဲခြင်းအတွက် ပြတ်သားသောဆုံးဖြတ်ချက်အဖြစ် သမ္မာကျမ်းစာကဖော်ပြသည်။ လူတစ်ဦးသည် "ကိုယ်မိဘကိုစွန့်၍၊ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်ရလိမ့်မည်" (ကမ္ဘာ၊ ၂း၂၄)။

**၁။ စွန့်ခြင်း။** လက်ထပ်ခြင်းဆက်ဆံရေးတွင် မရှိမဖြစ်လိုအပ်သောအရာမှာ ယခင်ကဦးစားပေးဆက်ဆံရေးများကို နောက်ချန်ထားခဲ့ခြင်းဖြစ်သည်။ လက်ထပ်ခြင်းဆက်ဆံရေးသည် မိဘနှင့်သားသမီးဆက်ဆံရေးကိုအစားထိုးရမည်။ ဤသဘောတွင်၊ မိဘနှင့်ဆက်ဆံရေးကို "စွန့်ခြင်း" သည် အခြားသူတစ်ဦးအား "မှီဝဲခြင်း" ကိုလမ်းဖွင့်ပေးသည်။ ဤလုပ်ငန်းစဉ်မရှိလျှင်၊ လက်ထပ်ခြင်းအတွက် ခိုင်မြဲသောအုတ်မြစ်မရှိချေ။

**၂။ မှီဝဲခြင်း။** "မှီဝဲသည်" ဟူ၍ဘာသာပြန်သောဟေဗြဲဝေါဟာရသည် "ကပ်သည်၊ စွဲစေသည်၊ ပူးပေါင်းသည်၊ စွဲကိုင်သည်" ဟူ၍အဓိပ္ပါယ်ရသည်။ နာမ်အဖြစ်၊ ၎င်းကိုကြေးနီဂဟေဆော်ခြင်းနှင့် သံဂဟေဆော်ခြင်းတို့အတွက်အသုံးပြုသည် (ဟေရှာယ၊ ၄၁း၇)။ ဤစွဲကပ်မှု၏ပူးကပ်မှုနှင့်ကြံ့ခိုင်မှုသည် လက်ထပ်ခြင်းအနှောင်အဖွဲ့၏သဘောသဘာဝကိုပုံဖော်သည်။ ဤရင်းနှီးသောပေါင်းစည်းမှုကို ကွဲသွားစေရန်

ကြိုးပမ်းမှုတစ်စုံတစ်ရာသည် ဤအနှောင်အဖွဲ့၌ရှိသူတစ်ဦးချင်းစီကို အနာတရဖြစ်စေလိမ့်မည်။ ဤလူသားအနှောင်အဖွဲ့၏ရင်းနှီးမှုကို ဘုရားသခင်နှင့်သူ၏လူတို့အကြား အနှောင်အဖွဲ့အတွက်အသုံးပြုသည့် ထိုစကားလုံးကဖော်ပြသည်။ "သင်၏ဘုရားသခင်ထာဝရဘုရားကိုကြောက်ရွံ့၍၊ အမှုတော်ကိုဆောင်ရွက်ရမည်။ ကိုယ်တော်၌ဆည်းကပ် (မှီဝဲ) ရမည်။ နာမတော်အားဖြင့် ကျိန်ဆိုခြင်းကိုပြုရမည်" (တရားဟော၊ ၁၀း၂၀)။

**(၃)ကတိကဝတ်ပြုခြင်း။** လက်ထပ်သောသူစုံတွဲကို ပေါင်းစည်းပေးသော ဤကတိကဝတ်ကို သမ္မာကျမ်းစာတွင် အလေးအနက်ဆုံးအနှောင်အဖွဲ့အတွက် အသုံးပြုသောဝေါဟာရဖြစ်သည့် "ပဋိညာဉ်" ကဲ့သို့ဖော်ပြသည် (မာလခိ၊ ၂း၁၄။ သုတ္တံ၊ ၁း၁၆၊၁၇)။ လင်နှင့်မယားအကြားဆက်ဆံရေးသည် ဘုရားသခင်နှင့် သူ၏လူတို့တည်းဟူသော အသင်းတော်အကြားရှိ ထာဝရပဋိညာဉ်၏ပုံစံအတိုင်းဖြစ်ရမည် (ဧဖက်၊ ၅း၂၁–၃၃)။ သူတို့အချင်းချင်းအကြားဆုံးဖြတ်ထားပြီးသောအမှုသည် ဘုရားသခင်၏ပဋိညာဉ်ကပြသသောသစ္စာရှိခြင်းနှင့် သည်းခံနိုင်ရည်တို့ကို အတုယူရမည် (ဆာလံ၊ ၈၉း၃၄။ ယေရမိမြည်တမ်း ၃း၂၃)။

ဘုရားသခင်နှင့်စုံတွဲတို့၏မိသားစု၊ မိတ်ဆွေများ၊ ရပ်ကွက်လူထုတို့သည် သူတို့အချင်းချင်းပြုသောကတိကဝတ်ကို မျက်မြင်တွေ့ခဲ့ကြသည်။ ထိုပဋိညာဉ်ကို ကောင်းကင်ဘုံတွင်အတည်ပြုသည်။ "ဘုရားသခင်ဖက်စပ်၍ ထမ်းပိုးတင်တော်မူသောအရာကို လူမခွဲမခွါစေနှင့်" (မဿဲ၊ ၁၉း၆)။ ခရစ်ယာန်စုံတွဲတို့သည် လက်ထပ်ရာတွင်၊ သူတို့နှစ်ဦးအသက်ရှင်နေသရွေ့ အချင်းချင်းအပေါ်သစ္စာရှိကြရန် ကတိကဝတ်ပြုခဲ့ကြသည်။

**၄။ တစ်သားတစ်ကိုယ်တည်းဖြစ်လာခြင်း။** စွန့်ခွာခြင်းနှင့်မှီဝဲရန်ကတိကဝတ်ပြု၍ ပေါင်းစည်းခြင်းသည် ဆန်းကြယ်လှသည်။ တစ်သားတစ်ကိုယ်တည်းဖြစ်ခြင်း၏စုံလင်သောသဘောမှာ လက်ထပ်သောစုံတွဲသည် အတူတကွလျှောက်လှမ်းခြင်း၊ ရပ်တည်ခြင်း၊ နက်ရှိုင်းသောရင်းနှီးမှုကို မျှဝေခြင်းဖြစ်သည်။ အစ၌ဤတစ်သားတစ်ကိုယ်တည်းဖြစ်ခြင်းသည် လက်ထပ်ခြင်း၏ကိုယ်ကာယပေါင်းစည်းမှုကိုရည်ညွှန်းသည်။ သို့သော် ဤအရာ၏တစ်ဖက်တွင် ဤကိုယ်ကာယဆက်ဆံရေးကိုခိုင်မာစေသော စိတ်နှလုံးခံစားမှုကို ရင်းနှီးစွာနှောင်ဖွဲ့ခြင်းကို ရည်ညွှန်းသည်။

**(က) အတူတကွလျှောက်လှမ်းခြင်း။** မိမိလူတို့နှင့်ဆက်ဆံရေးကိုရည်ညွှန်းလျက်၊ ဘုရားသခင်က "လူနှစ်ဦးသည်သဘောမတူလျှင်၊ ပေါင်းဖော်၍ခရီးသွားနိုင်သလော" (အာမုတ်၊ ၃း၃) ဟူ၍မေးခွန်းထုတ်သည်။ ထိုမေးခွန်းသည် လက်ထပ်ခြင်းအားဖြင့် တစ်သားတစ်ကိုယ်တည်းဖြစ်လာမည့်သူတို့အတွက်လည်း သင့်လျော်သည်။ ဘုရားသခင်သည် ဣသရေလတို့အား အိမ်နီးချင်းလူမျိုးများနှင့် လူမျိုးမတူလက်ထပ်ခြင်း

မပြုရန်ညွှန်ကြားခဲ့သည်။ "အကြောင်းမူကား၊ သူတို့သည် သင်၏သားကိုငါ၌မဆည်း မကပ်စေဘဲ၊ အခြားတစ်ပါးသောဘုရားအား ဝတ်ပြုစေခြင်းငှာသွေးဆောင်ကြလိမ့်မည်" (တရားဟော၊ ၇း၄။ ယောရှု၊ ၂၃း၁၁–၁၃)။ ဣသရေလတို့သည် ဤညွှန်ကြားချက်များကို လျစ်လျူရှုသောအခါ၊ သူတို့သည် ဆိုးဝါးသောအကျိုးဆက်များကိုရင်ဆိုင်ခဲ့ကြရသည် (တရားသူကြီး၊ ၁၄–၁၆။ ၃ရာ၊ ၁၁း၁–၁၀။ ဧဇရ၊ ၉၊ ၁၀)။

ပေါလုသည် ဤအခြေခံမှုကိုကျယ်ပြန့်သောအသုံးအနှုန်းဖြင့် ထပ်လောင်းပြောဆိုသည်။ "မယုံကြည်သောသူတို့နှင့်တွဲဖက်၍ ဆန့်ကျင်ဘက်ဖြစ်သောထမ်းပိုးကို မထမ်းကြနှင့်။ တရားသောအမှုသည် မတရားသောအမှုကို အဘယ်သို့လက်ခံနိုင်မည်နည်း။ အလင်းသည် မှောင်မိုက်နှင့်အဘယ်သို့ဆက်ဆံနိုင်မည်နည်း။ ခရစ်တော်သည် ဗေလျာလနှင့် အဘယ်သို့သင့်တင့်နိုင်မည်နည်။ ယုံကြည်သောသူသည် မယုံကြည်သောသူနှင့်အတူ အဘယ်အကျိုးအပြစ်ကိုခံရမည်နည်း။ ဘုရားသခင်၏ဗိမာန်တော်သည် ရုပ်တုတို့နှင့် အဘယ်သို့စပ်ဆိုင်ရမည်နည်း။ ဘုရားသခင်မိန့်တော်မူသည်ကား၊ သူတို့တွင် ငါကိန်းဝပ်မည်" (၂ကော၊ ၆း၁၄–၁၆)။

ယုံကြည်သူများသည် ယုံကြည်သူများကိုသာလက်ထပ်ရမည်ဟု သမ္မာကျမ်းစာက ရည်ရွယ်သည်မှာရှင်းနေသည်။ သို့သော် ဤအခြေခံမှုသည် ဤအရာ၏တစ်ဖက်ကမ်းသို့ပင်အကျုံးဝင်သည်။ စစ်မှန်သောတစ်သားတစ်ကိုယ်တည်းဖြစ်ခြင်းသည် ယုံကြည်မှုများနှင့် ကျင့်စဉ်များ၌ သဘောတူညီချက်ရှိခြင်းကိုတောင်းဆိုသည်။ ဘာသာရေး၌ ခြားနားမှုများသည် နေထိုင်မှုပုံစံတွင် ခြားနားမှုများကိုဖြစ်စေပြီး၊ လက်ထပ်ခြင်း၌ နက်ရှိုင်းသောအားပြိုင်မှုများနှင့် စိတ်ဝမ်းကွဲမှုများကိုဖြစ်ပေါ်စေနိုင်သည်။ သမ္မာကျမ်းစာကဆိုထားသော တစ်သားတစ်ကိုယ်တည်းဖြစ်ခြင်းကိုရရှိရန်၊ လူတို့သည် မိမိတို့အသိုက်အဝန်းထဲမှ အခြားသူများကို လက်ထပ်ရမည်။

**(ခ) အတူတကွရပ်တည်ခြင်း။** တစ်သားတည်းဖြစ်လာရန်၊ လူနှစ်ဦးသည် တစ်ဦးအပေါ်တစ်ဦးလုံးလုံးသစ္စာရှိရမည်။ တစ်စုံတစ်ဦးသည် လက်ထပ်လိုက်သောအခါ၊ သူသည် အရာရာကိုအရဲစွန့်၍၊ မိမိအဖော်၌ဖြစ်လာသမျှကိုလက်ခံရသည်။ လက်ထပ်ကြသောသူတို့သည် မိမိအဖော်၏တာဝန်ခံမှုကိုမျှဝေရန်၊ သူတို့အဖော်ရင်ဆိုင်သမျှတို့၌ ရပ်တည်ရန် လိုလိုလားလားရှိခြင်းကိုကြေညာကြသည်။ လက်ထပ်ခြင်းသည် ဘယ်ခါမျှ အရှုံးမပေးသောချစ်ခြင်းမေတ္တာကိုလိုအပ်သည်။

"လူနှစ်ဦးသည် သူတို့၏ပိုင်ဆိုင်မှုအားလုံးဖြစ်သော ကိုယ်ခန္ဓာနှင့် ပစ္စည်းဥစ္စာအားလုံးကိုမျှဝေကြသည်သာမက၊ သူတို့၏စဉ်းစားတွေးခေါ်မှုနှင့်ခံစားမှု၊ သူတို့၏ပျော်ရွှင်မှုနှင့်နာကျင်မှု၊ သူတို့၏မျှော်လင့်ချက်များနှင့် ကြောက်ရွံ့မှုများ၊ သူတို့၏အောင်မြင်

မှုများနှင့်ကျရှုံးမှုများကိုလည်း မျှဝေခံစားကြသည်။ တစ်သားတစ်ကိုယ်တည်းဖြစ်ခြင်းဆိုသည်မှာ လူနှစ်ဦးသည် မတူညီသောပုဂ္ဂိုလ်များအဖြစ်ရှိနေသော်လည်း၊ ခန္ဓာ၊ စိတ်၊ ဝိညာဉ်တို့၌ အလျှင်းတစ်လုံးတစ်ဝတည်းဖြစ်လာခြင်းဖြစ်သည်။"

**(ဂ) ရင်းနှီးကျွမ်းဝင်မှု။** တစ်သားတစ်ကိုယ်တည်းဖြစ်ခြင်း၌ ကာမဆက်ဆံခြင်းပါဝင်သည်။ "ထိုနောက်၊ လူအာဒံသည် မယားဧဝနှင့်ဆက်ဆံသဖြင့် ဧဝသည် ပဋိသန္ဓေစွဲ၏" (ကမ္ဘာ၊ ၄း၁)။ မိမိတို့အလိုဆန္ဒ၌အတူတူပါဝင်ကြရာတွင်၊ အာဒံနှင့်ဧဝအချိန်ကတည်းကခံစားခဲ့သော ယောကျ်ားမိန်းမတို့၏အလိုဆန္ဒဖြင့်၊ စုံတွဲတိုင်းသည် မိမိတို့၏ပထမအချစ်ဇာတ်လမ်းကိုခင်းကြသည်။ ကာမဆက်ဆံခြင်းသည် သူတို့အတွက် အနီးကပ်ဆုံးကိုယ်ခန္ဓာပေါင်းစပ်ခြင်းဖြစ်သည်။ ၎င်းသည် စုံတွဲတို့အကြားရှိနိုင်သော စိတ်ခံစားမှုနှင့် ဝိညာဉ်ရေးတို့၌ရင်းနှီးမှုကိုပုံဆောင်သည်။ ခရစ်ယာန်စုံတွဲ၏ချစ်ခြင်းမေတ္တာကိုနွေးထွေးမှု၊ ပျော်ရွှင်မှုနှင့်သာယာကြည်နူးမှုတို့ဖြင့် သရုပ်ဖော်ကြသည် (သုတ္တံ၊ ၅း၁၈၊၁၉)။

"ခပ်သိမ်းသောသူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့် သစ္စာသံဝါသပြုခြင်းအမှုသည် အသရေရှိစေလော့" (ဟေဗြဲ၊ ၁၃း၄)။ "လင်နှင့်မယားအကြားရှိမေတ္တာကို ထုတ်ဖော်သော ပျော်ရွှင်ဖွယ်ကာမဆက်ဆံခြင်းသည် ဘုရားသခင်၏အကြံအစည်ဖြစ်သည်ဟု သမ္မာကျမ်းစာက ကျွန်ုပ်တို့အားရှင်းလင်းစွာဖော်ပြသည်။ ဟေဗြဲဩဝါဒစာကိုရေးသားသောသူသည် အသားပေးသကဲ့သို့၊ ၎င်းသည် "အသရေရှိ" ပြီး၊ အပြစ်မဟုတ်၊ ညစ်ပတ်ခြင်းလည်း မရှိချေ။ ၎င်းသည် လက်ထပ်ခြင်း၌ကြီးမားသောဂုဏ်ပြုခြင်းနေရာ၊ လင်နှင့်မယားတို့သည် တစ်ဦးအပေါ်တစ်ဦး၏ချစ်ခြင်းမေတ္တာကို ချီးကျူးဂုဏ်ပြုသည့် အသန့်ရှင်းဆုံးနေရာဖြစ်သည်။ ဤအချိန်သည် နှစ်ဦးစလုံးအတွက် သန့်ရှင်းသောအချိန်၊ အလွန်ပျော်ရွှင်ဖွယ်အချိန်ဖြစ်သည်။"

**၅။ ကျမ်းစာလာချစ်ခြင်းမေတ္တာ။** လင်မယားအကြားချစ်ခြင်းမေတ္တာသည် တစ်ဦးအပေါ်တစ်ဦးအကြွင်းမဲ့၊ ကြင်နာကျွမ်းဝင်သောစွဲလမ်းမှုဖြစ်သည်။ ၎င်းသည် လူတစ်ဦး၏ကဏ္ဍအားလုံးတည်းဟူသော ကာယ၊ စိတ်ခံစားမှု၊ အသိဉာဏ်နှင့် ဝိညာဉ်ရေးတို့၌ ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ အပြန်အလှန်ကြီးထွားစေခြင်းကို အားပေးသည်။ လက်ထပ်ခြင်း၌ မတူညီသောချစ်ခြင်းမေတ္တာအမျိုးအစားများက အကျိုးသက်ရောက်သည်။ ၎င်း၌ကြည်နူးဖွယ်ရမ္မက်ကြီးသောအချိန်၊ စိတ်လက်ချမ်းသာရှိသောအချိန်၊ အချင်းချင်းပိုင်ဆိုင်၍ အဖော်ပြုချိန်စသည်များရှိသည်။ ဤအရာအားလုံးထက် လင်မယားအကြားချစ်ခြင်းမေတ္တာသည် ဓမ္မသစ်ကျမ်းတွင်ဖော်ပြသော အဂ္ဂပေမေတ္တာတည်းဟူသော ကိုယ်ကျိုးမဖက်၊ အားလုံးကိုပေးဆပ်သောအချစ်ဖြစ်၍၊ စစ်မှန်တည်တံ့သောလက်ထပ်ခြင်း၏အုတ်မြစ်ပင်ဖြစ်သည်။

ယေရှုသည် ကျွန်ုပ်တို့၏အပြစ်များနှင့် ၎င်း၏အကျိုးဆက်များကိုလက်ခံ၍၊ လက်ဝါးကပ်တိုင်ပေါ်တက်သောအချိန်တွင် ဤအမြင့်မားဆုံးသောမေတ္တာကိုပြသခဲ့သည်။ "ဤလောက၌ရှိသော မိမိလူတို့ကိုချစ်တော်မူသောကြောင့် အဆုံးတိုင်အောင်ချစ်တော်မူ၏" (ယောဟန်၊ ၁၃း၁)။ ကျွန်ုပ်တို့၏အပြစ်သည် သူ့ကိုသေဆုံးစေသော်လည်း၊ သူသည် ကျွန်ုပ်တို့ကိုချစ်ခဲ့သည်။ ဤအချစ်သည် ယေရှုခရစ်တော်၏အကြွင်းမဲ့အဂ္ဂပေမေတ္တာဖြစ်သည်။

ဤသို့သောမေတ္တာကိုပေါလုက ဤသို့ဖော်ပြခဲ့သည်။ "မေတ္တာသည်စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ။ မလျောက်ပတ်စွာမကျင့်တတ်၊ ကိုယ်အကျိုးကိုမရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟုမထင်တတ်၊ မတရားသောအမှု၌ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ဝမ်းမြောက်တတ်၏။ ခပ်သိမ်းသောအရာကိုဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကိုယုံတတ်၏။ ခပ်သိမ်းသောအရာကိုမျှော်လင့်တတ်၏။ ခပ်သိမ်းသောအရာကို သည်းခံတတ်၏။ မေတ္တာသည်ဖောက် ပြန်ခြင်းသဘောနှင့်အစဉ်ကင်းလွတ်၏" (၁ကော၊ ၁၃း၄–၈)။

"အဂ္ဂပေမေတ္တာသည် ထာဝရစွမ်းအားအရင်းအမြစ်နှင့်ဆက်ထားသည်။ အခြားသော မေတ္တာအမျိုးမျိုးကျရှုံးချိန်တွင် ၎င်းသည် ဆက်လက်ချစ်နေနိုင်သည်။ ၎င်းသည် ဘာပဲဖြစ်ဖြစ်ချစ်သည်။ အခြားသူတစ်ယောက်သည် မည်မျှပင်ချစ်စရာမရှိစေကာမူ၊ အဂ္ဂပေမေတ္တာသည် ဆက်လက်ချစ်နေနိုင်သည်။ အဂ္ဂပေမေတ္တာသည် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏အကြွင်းမဲ့မေတ္တာမျိုးဖြစ်သည်။ ၎င်းသည် စိတ်အလိုကိုတမင်ရွေးချယ်မှုအပေါ် အခြေခံသောစိတ်သဘောထားဖြစ်သည်။"

**၆။ တစ်ဦးချင်းစီ၏ဝိညာဉ်ရေးတာဝန်။** လက်ထပ်သောစုံတွဲသည် တစ်ဦးပေါ်တစ်ဦးကတိကဝတ်ပြုခဲ့ပြီးသော်လည်း၊ သူတို့တစ်ဦးစီသည် မိမိတို့၏ရွေးချယ်မှုအတွက် တာဝန်ရှိသည် (၂ကော၊ ၅း၁၀)။ ထိုသို့သောတာဝန်ယူခြင်းသည် သူတို့ကိုယ်တိုင်ပြုခဲ့သောအရာအတွက် အခြားသူကိုဘယ်ခါမျှအပြစ်မတင်ရန်ဖြစ်သည်။ သူတို့သည် မိမိတို့၏ကိုယ်ပိုင်ဝိညာဉ်ရေးကြီးထွားမှုအတွက်လည်း တာဝန်ကိုလက်ခံရမည်။ မည်သူမျှ အခြားသူတစ်ဦး၏ဝိညာဉ်ရေးခွန်အားအပေါ် မှီခို၍မရနိုင်ချေ။ အခြားတစ်ဖက်တွင်၊ တစ်ဦးချင်းစီ၏ ဘုရားသခင်နှင့်ဆက်ဆံရေးသည် အချင်းချင်းအားပေးမှုအတွက် အရင်းအမြစ်ဖြစ်နိုင်သည်။

## လက်ထပ်ခြင်းအပေါ်အပြစ်၏အကျိုးဆက်များ

ဘုရားသခင်၏ပုံသဏ္ဍာန်ကို လူတို့၏ရောင်ပြန်ဟပ်မှုတွင် ရုပ်ပျက်စေသောအပြစ်သည် အခြားသောကဏ္ဍ၌ လူတို့၏အတွေ့အကြုံကိုထိခိုက်သကဲ့သို့ လက်ထပ်ခြင်းကိုလည်း

အမှန်ပင်ထိခိုက်စေသည်။ ကိုယ်ကျိုးကြည့်ခြင်းသည် တစ်ချိန်ကမေတ္တာနှင့်စည်းလုံးမှု တို့ကြီးစိုးသောနေရာကိုကျူးကျော်လာသည်။ တစ်ကိုယ်ကောင်းဆန်မှုသည် ခရစ်တော်၏ မေတ္တာဖြင့်လှုံ့ဆော်သောအရာမဟုတ်သည့်အရာအားလုံးကို အဓိကလှုံ့ဆော်ပေးသောအရာ ဖြစ်သည်။ ဧဝံဂေလိတရားက သရုပ်ဖော်သောအပ်နှံခြင်း၊ ကိုယ်ကျိုးမဖက်ခြင်း၊ အစေခံခြင်း၊ ပေးဆပ်ခြင်းစသည့်အရေးပါသောအခြေခံမှုအားလုံးကို ဆန့်ကျင်တန်ပြန်သည့် တစ်ကိုယ်ကောင်းဆန်ခြင်းသည် ခရစ်ယာန်တို့၏ကျရှုံးမှုအားလုံး၏ အဓိကတရားခံဖြစ်သည်။

သူတို့၏မနာခံမှုအားဖြင့်၊ အာဒံနှင့်ဧဝတို့သည် သူတို့အားဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်ကို ပြောင်ပြောင်တင်းတင်းဆန့်ကျင်ခဲ့ကြသည်။ အပြစ်မပြုမီ သူတို့သည် ဘုရားသခင်ရှေ့တွင် ပွင့်လင်းမှုအပြည့်ရှိခဲ့သည်။ အပြစ်ပြုပြီးနောက် သူတို့သည် ဘုရားသခင်ထံ ပျော်ရွှင်စွာလာမည့်အစား၊ ကြောက်ရွံ့စွာပုန်းကွယ်၍၊ မိမိတို့၏အဖြစ်မှန်ကိုဖုံးကွယ်ရန်နှင့် မိမိတို့လုပ်ဆောင်မှုအတွက် တာဝန်ယူမှုကိုငြင်းပယ်ရန်ကြိုးပမ်းခဲ့ကြသည်။ အပြစ်ရှိကြောင်းနားလည်မှုသည် သူတို့၏လုပ်ရပ်ကိုမဖျောက်ဖျက်နိုင်သည်ကို အလေးအနက်သိရှိသောကြောင့်၊ သူတို့သည် ဘုရားသခင်နှင့် သန့်ရှင်းသောကောင်းကင်တမန်တို့၏မျက်လုံးကို မရင်ဆိုင်နိုင်ခဲ့ကြချေ။ ထိုအချိန်မှစ၍ ဤရှောင်လွှဲမှုနှင့် မိမိကိုယ်ကိုမှန်သည်ဟုသာမြင်ခြင်းတို့သည် လူသားတို့နှင့်ဘုရားသခင်အကြား ဆက်ဆံမှုပုံစံဖြစ်လာခဲ့သည်။

သူတို့ကိုပုန်းအောင်းစေသောကြောက်လန့်မှုသည် အာဒံနှင့်ဧဝတို့၏ဘုရားသခင်နှင့်ဆက်ဆံရေးကိုသာမက၊ သူတို့အချင်းချင်းဆက်ဆံရေးကိုလည်း ပုံပျက်စေခဲ့သည်။ ဘုရားသခင်သည် သူတို့ကိုမေးသောအခါ၊ အခြားသူကိုအပြစ်ဖို့ခြင်းဖြင့် မိမိကိုယ်ကို ကာကွယ်ရန် သူတို့ကြိုးပမ်းခဲ့ကြသည်။ သူတို့၏အပြစ်စွပ်စွဲမှုများသည် ဖန်ဆင်းချိန်က ဘုရားသခင်တည်ဆောက်ပေးခဲ့သည့် ချစ်စရာဆက်ဆံရေး၌ ဖြစ်ပေါ်လာသောအကြီးအကျယ်ပျက်စီးမှု၏သက်သေပင်ဖြစ်သည်။

အပြစ်ပြုပြီးနောက်၊ ဘုရားသခင်သည် မိန်းမအား "ကိုယ်ခင်ပွန်း၏အလိုသို့လိုက်၍၊ သူ၏အုပ်စိုးခြင်းကိုလည်းခံရမည်ဟုမိန့်တော်မူ၏" (ကမ္ဘာ၊ ၃း၁၆)။ ယောကျ်ားနှင့်မိန်းမတို့၏တန်းတူရှိခြင်းကို မပြောင်းလဲစေခဲ့သောထိုအခြေခံမှုသည် ရှေးဦးစုံတွဲနှင့် နောက်ပိုင်းလက်ထပ်သောစုံတွဲများကိုအကျိုးပြုစေရန် ဘုရားရှင်ရည်ရွယ်ခဲ့သည်။ ဤအခြေခံမှုသည် ဝမ်းနည်းဖွယ်ပုံပျက်ခဲ့ရသည်။ ထိုအချိန်မှစ၍၊ အာဏာ၊ ကြိုးကိုင်ခြယ်လှယ်ခြင်းတို့အားဖြင့် ကြီးစိုးခြင်းနှင့်တစ်ဦးချင်းစီ၏ပျက်စီးမှုတို့သည် ခေတ်အဆက်ဆက်တွင် လက်ထပ်ခြင်းကိုပုံဖော်လာခဲ့သည်။ အတ္တဆန်ခြင်းသည် အချင်းချင်းလက်ခံတန်ဖိုးထားမှုကို ကုန်ခန်းသွားစေခဲ့သည်။

ခရစ်ယာန်ဘာသာ၏အနှစ်သာရသည် အပြစ်မကျရောက်မီလက်ထပ်ခြင်းက ပုံဖော်သောကိုယ်ကျိုးစွန့်ခြင်း၌ စိတ်သဘောညီလျက်နေထိုင်မှုပင်ဖြစ်သည်။ အပြစ်သည် ဤစိတ်သဘောထားညီညွတ်ခြင်းကိုဖျက်ဆီးခဲ့သည်။ လင်နှင့်မယားတို့၏ချစ်ခြင်းသည် အချင်းချင်း၏ပျော်ရွှင်မှုကိုပေးရန်ဖြစ်သည်။ တစ်ဦးစီသည် အခြားသူ၏ပျော်ရွှင်မှုကို ပြုစုပျိုးထောင်ရန်ဖြစ်သည်။ သူတို့သည် မိမိ၏ပင်ကိုလက္ခဏာကိုဆုံးရှုံးခြင်းမရှိဘဲ၊ တစ်သားတည်းပေါင်းစည်း၍၊ ဘုရားသခင်နှင့်သက်ဆိုင်နေရန်ဖြစ်သည်။"

## ဘုရားသခင်၏စံနမူနာမှသွေဖည်ခြင်း

**မယားပြိုင်ယူခြင်း။** တစ်ချိန်တည်းမယားတစ်ယောက်မကယူသောဓလေ့သည် ဧဒင်ဥယျာဉ်တွင် ဘုရားသခင်သည် ပထမဆုံးထူထောင်ခဲ့သောလက်ထပ်ခြင်း၏ တစ်သားတည်းပေါင်းစည်းခြင်းနှင့်ဆန့်ကျင်သည်။ တစ်ချိန်တည်းမယား သို့မဟုတ် လင်တစ်ယောက်မကယူခြင်းတွင် အခြားလူအားလုံးကိုကျော်ခိုင်းခြင်းမရှိချေ။ ရှေးဘိုးဘေးများအချိန်တွင် မယားပြိုင်ယူသောဓလေ့သည် အမှန်ရှိခဲ့ကြောင်း သမ္မာကျမ်းစာကဖော်ပြသော်လည်း၊ ထိုသို့သောလက်ထပ်ခြင်းမျိုးသည် ဘုရားရှင်၏စံနမူနာမဟုတ်ကြောင်းကို ၎င်းဖော်ပြမှုများကရှင်းလင်းစွာပြသသည်။ ထိုသို့သောလက်ထပ်မှုများအထဲက အုပ်စုငယ်ကလေးများသည် အာဏာပြိုင်ဆိုင်မှု၊ ခါးသီးသောမကျေမချမ်းမှုနှင့် အဆက်ဖြတ်ခြင်းတို့၌ပါဝင်လာကြပြီး (ကမ္ဘာ၊ ၁၆။ ၂၉း၁၆-၃၀း၂၄)၊ သားသမီးများကို အခြားမိသားစုဝင်များအား နာကျင်ထိခိုက်စေရန် စိတ်ခံစားမှုလက်နက်အဖြစ်အသုံးပြုခဲ့ကြသည်။

တစ်လင်တစ်မယားစနစ်သည် သူတို့၏ရင်းနှီးမှုနှင့်သံယောဇဉ်အနှောင်အဖွဲ့ကို ခိုင်မာစေသောသက်ဆိုင်ခြင်းသဘောထားကိုပေးသည်။ သူတို့၏ဆက်ဆံရေးသည် တစ်မူထူးခြားပြီး၊ သူတို့လုပ်ဆောင်သောအရာကို အဘယ်သူနှင့်မျှဝေမျှ၍မရနိုင်ကြောင်း သူတို့သဘောပေါက်ကြသည်။ တစ်လင်တစ်မယားဆက်ဆံရေးသည် ခရစ်တော်နှင့်သူ၏ အသင်းတော်အကြားဆက်ဆံရေး၊ တစ်ဦးချင်းစီနှင့် ဘုရားသခင်အကြားဆက်ဆံရေးတို့ကို အရှင်းလင်းဆုံးရောင်ပြန်ဟပ်သည်။

**မတရားသောမေထုန်ပြုခြင်းနှင့် အိမ်ထောင်ရေးဖောက်ပြန်ခြင်း။** လက်ရှိအတွေးအခေါ်များနှင့် အကျင့်ဓလေ့များသည် သေသည့်တိုင်အောင်တစ်ယောက်ပေါ် တစ်ယောက်လိုင်ပိုင်း၌ သစ္စာစောင့်သိရန်သစ္စာဆိုကြသော ကြင်ဖော်နှစ်ဦး၏တည်မြဲသော ကတိကဝတ်ကိုပေါ့ပျက်စေသည်။ သို့သော် လက်ထပ်ခြင်းအပြင်ဘက်တွင် မည်သို့သော ကာမဆက်ဆံမှုမျိုးမဆို အပြစ်ဖြစ်သည်ဟုသမ္မာကျမ်းစာကဖော်ပြသည်။ သတ္တမပညတ်

သည် မပြောင်းလဲဆက်လက်တည်မြဲနေသည်။ "သူ့မယားကိုမပြစ်မှားနှင့်" (ထွက်၊ ၂၀း၁၄)။ ဤပညတ်က မည်သူသည်ပြစ်မှားသည်၊ မည်သူသည် မပြစ်မှားဟူ၍မဖော်ပြချေ။ ဤပညတ်ချက်သည် လင်မယားဆက်ဆံရေးကို သဝန်တိုစွာကာကွယ်ပေးသော စည်းမျဉ်းဖြစ်သည်။

မှောက်မှားခြင်းနှင့် ပြစ်မှားခြင်းဆိုင်ရာသမ္မာကျမ်းစာ၏အမြင်သည် ယနေ့လူအများကလက်ခံသော နှစ်ဦးသဘောတူလုပ်ဆောင်မှုများနှင့် တိုက်ရိုက်ဆန့်ကျင်သည်။ ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းတို့က ထိုသို့သောအကျင့်ဓလေ့များကိုရှုတ်ချသည်။ (ဝတ်၊ ၂၀း၁၀–၁၂။ သုတ္တံ၊ ၆း၂၄–၃၂။ ၇း၆–၂၇။ ၁ကော၊ ၆း၉၊၁၃၊၁၈။ ဂလာ၊ ၅း၁၉။ ဧဖက်၊ ၅း၃။ ၁သက်၊ ၄း၃။)

ထိုသို့သောအချစ်ဇာတ်လမ်းများ၏အကျိုးဆက်များသည် ခရီးဝေးစွာရောက်၍၊ ကြာရှည်စွာရှိနေနိုင်သည်။ ၎င်းတို့သည် တရားဝင်ဘဝကြင်ဖော်ကိုလှည့်ဖြားခြင်းဖြစ်၍၊ သူ့ကိုရုပ်ပိုင်းအရ၊ စိတ်ခံစားမှုအရ၊ ငွေရေးကြေးရေးအရ၊ တရားရေးအရနှင့် လူမှုရေးအရ ထိခိုက်နစ်နာစေနိုင်သည်။ ၎င်းသည် နှစ်ဖက်သောမိသားစုများ၊ သားသမီးများကိုနာကျင်စေပြီး၊ အထူးသဖြင့်သူတို့ကိုယ်တိုင်ကိုထိခိုက်သည်။

ဤတိတ်တိတ်ပုန်းအချစ်ဇာတ်လမ်းများသည် ကာလသားရောဂါ၊ အေအိုင်ဒီအက်စ်တို့ကိုကူးစက်စေနိုင်ပြီး၊ တရားမဝင်သားသမီးကိုမွေးဖွားနိုင်သည်။ ထိုအခါ၊ လိမ်လည်မှုများနှင့် မရိုးသားမှုတိမ်တိုက်သည် ထိုသို့သောအချစ်ရေးအပေါ်ရစ်ဝဲနေခြင်းကြောင့်၊ ယုံကြည်မှုသည်ပျက်စီး၍၊ ဘယ်ခါမျှပြုပြင်၍မရဖြစ်နိုင်သည်။ ဤအကျင့်ပျက်ပြားမှုပုံစံမျိုးကို သမ္မာကျမ်းစာ၏တားမြစ်ချက်အပြင်၊ ထိုသို့ပြုမှုသူတို့ကို အကျိုးဆက်တသီကြီးဖြင့် အလုံအလောက်သတိပေးထားသည်။

**မစင်ကြယ်သောအတွေး။** အပြစ်သည် အပြင်ပန်းလုပ်ဆောင်မှုသာမဟုတ်ချေ။ အမှန်မှာ၊ ၎င်းသည် စိတ်နှလုံးမှစတင်၍၊ စဉ်းစားမှုပုံစံဖြစ်လာသည်။ စမ်းချောင်းသည် ညစ်ညမ်းနေလျှင်၊ မြစ်များသည်လည်း သန့်ရှင်းလိမ့်မည်မဟုတ်ချေ။ စိတ်အတွေးသည် လုပ်ဆောင်မှုကိုဖြစ်စေသည်ဟုယေရှုမြင်ခဲ့သည်။ "မကောင်းသောကြံစည်ခြင်း၊ လူအသက်ကိုသတ်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ မိန်းမလွတ်နှင့်မှားယွင်းခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ မမှန်သောသက်သေကိုခံခြင်း၊ သူ့အသရေကိုဖျက်ခြင်းအရာတို့သည် နှလုံးထဲကထွက်လာ၏" (မဿဲ၊ ၁၅း၁၉)။ လင်မယားကိစ္စ၌ သစ္စာမရှိခြင်းသည် အတွေးနှင့်စိတ်ခံစားမှုမှဖြစ်လာသည်ဟုသူဆိုခဲ့သည်။ "သူ့မယားကိုမပြစ်မှားရဟူသောရှေးပညတ်စကားကို သင်တို့ကြားရပြီ။ ငါ့ပညတ်သည်ကား၊ ကိလေသာစိတ်နှင့်သူ့မယားကိုကြည့်သောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့်ပြစ်မှားပြီ" (မဿဲ၊ ၅း၂၇၊၂၈)။

လုပ်ဆောင်မှုတစ်ခုလုံးသည် ဖောက်ပြန်သောစိတ်ကူးယဉ်မှုမှဖြစ်ပေါ်လာခြင်းဖြစ်သည်။ ကာမဂုဏ်အာရုံကိုဆွပေးသောရုပ်ရှင်၊ ဗွီဒီယိုနှင့် စာအုပ်များသည် ခရစ်ယာန်အသက်တာတွင်နေရာမရှိပေ။ ၎င်းတို့သည် တရားမဝင်သောဆက်ဆံရေးများကိုအားပေးသည်သာမက၊ လူယောက်ျားနှင့်မိန်းမတို့ကို လိင်ပိုင်းဆိုင်ရာအရာဝတ္ထုအဆင့်သို့လျှော့ချသည်။ ထိုသို့ဖြင့် လိင်ဆက်ဆံခြင်း၏မှန်ကန်သောရည်ရွယ်ချက်ကိုဖျက်ဆီး၍၊ ဘုရားသခင်၏ပုံသဏ္ဌာန်ကိုမှေးမှိန်စေသည်။ ခရစ်ယာန်များသည် ထာဝရကာလပတ်လုံး သန့်ရှင်းသောအသိက်အဝန်း၌နေထိုင်ရန် ပြင်ဆင်နေကြသည်ဖြစ်ရာ၊ သူတို့သည် စင်ကြယ်သောအတွေးကိုတွေးရန်နှင့် စင်ကြယ်သောအသက်တာဖြင့်နေထိုင်ရန် ခေါ်ဖိတ်ခြင်းခံရကြသည်။

**သွေးရင်းစပ်ယှက်မှု။** မိဘတချို့သည် သားသမီးများအပေါ် အချစ်ကိုဖော်ပြရာတွင် သတ်မှတ်သောဘောင်ကိုကျော်၍၊ သူတို့နှင့်အတူကိုယ်ထိလက်ရောက်နှင့် စိတ်ခံစားမှုတို့အရ အလွန်ရင်းနှီးမှုရှိလာသည်။ ပုံမှန်လင်မယားဆက်ဆံရေးကို လျစ်လျူရှုသောအချိန်တွင် မကြာမကြာဖြစ်တတ်ပြီး၊ သားသမီးတစ်ယောက်ယောက်ကို ခင်ပွန်းနေရာတွင် ပါဝင်ရန်ရွေးချယ်တတ်သည်။ ဤသတ်မှတ်ထားသောစည်းသည် မောင်နှမများအကြား၊ ဆွေမျိုးသားချင်းများအကြားတွင် မှန်ဝါးနေတတ်သည်။

သွေးရင်းစပ်ယှက်ခြင်းကို ဓမ္မဟောင်းကျမ်းတွင်တားမြစ်ထားပြီး (ဝတ်၊ ၁၈း၆–၂၉။ တရားဟော၊ ၂၇း၂၀–၂၃)၊ ဓမ္မသစ်ကျမ်းတွင်ရှုတ်ချထားသည် (၁ကော၊ ၅း၁–၅)။ ဤကဲ့သို့သောအလွဲသုံးစားပြုခြင်းသည် ကလေး၏လိင်ပိုင်းကြီးထွားမှုကိုဖျက်ဆီး၍၊ နောက်ပိုင်းအိမ်ထောင်ပြုသောအခါ အကြောင်းမဲ့ရှက်ရွံ့ခြင်း၏ဝန်ထုပ်ကို သူ့၌ဖန်တီးပေးသည်။ မိသားစုဝင်များသည် လိင်ပိုင်းဆိုင်ရာစည်းကိုကျော်၍ သွေးရင်းစပ်ယှက်မှုပြုသောအခါ၊ အပြစ်မဲ့သူ ယုံကြည်မှုသဘောထားသည် အကြီးအကျယ်ပျက်စီးသွားရသည်။

**လင်မယားကွာရှင်းခြင်း။** ယေရှုသည် ကွာရှင်းခြင်းအပေါ်ကျမ်းစာ၏သွန်သင်ချက်ကိုအကျဉ်းချုပ်ထားသည်။ "ဘုရားသခင်ဖက်စပ်၍ ထမ်းပိုးတင်တော်မူသောအရာကို လူမခွဲမခွာစေနှင့်" (မဿဲ၊ ၁၉း၆။ မာကု၊ ၁၀း၇–၉)။ ဘုရားသခင်သည် လက်ထပ်ခြင်းကို သန့်ရှင်းစေသောကြောင့် စင်ကြယ်မွန်မြတ်သည်။ အဆုံးတွင် လင်နှင့်မယားကိုပေါင်းစပ်ပေးသောအရာမှာ လူသားတို့၏ကတိစကား သို့မဟုတ် ကာမဆက်ဆံခြင်းမျှသာမဟုတ်ဘဲ၊ ဘုရားသခင်ကိုယ်တိုင်ပေါင်းစပ်ပေးခြင်းဖြစ်သည်။ ထို့ကြောင့်သူတို့၏ပေါင်းစပ်မှုကို တံဆိပ်ခတ်သောသူသည် ဘုရားရှင်ပင်ဖြစ်သည်။ ထို့ကြောင့်ကွာရှင်းခြင်းနှင့်လက်ထပ်ခြင်းအကြောင်း ခရစ်ယာန်တို့၏နားလည်မှုသည် သမ္မာကျမ်းစာအပေါ်တွင်အခြေခံရမည်။

ကွာရှင်းခြင်းဆိုင်ရာခရစ်ယာန်နားလည်မှုကို ခိုင်မာစေသောအရာမှာ ကျမ်းစာ၏ အခြေခံစည်းမျဉ်းကို ရှင်းလင်းစေသောယေရှု၏မိန့်ဆိုချက်ဖြစ်သည်။ ဘုရားသခင်သည် လက်ထပ်ခြင်းကိုတည်တံ့ခိုင်မြဲစေရန်ရည်ရွယ်သည်။ လင်မယားအကြား သဘောထား ချင်းမတိုက်ဆိုင်မှုသည် ကွာရှင်းခြင်းအတွက် လုံလောက်သောအကြောင်းပြချက်ဖြစ်ပါ သလားဟု ဖာရိရှဲတို့သည်မေးသောအခါ၊ "ကိုယ်တော်က၊ သင်တို့စိတ်နှလုံးခိုင်မာသော ကြောင့် မယားနှင့်ကွာရသောအခွင့်ကိုမောရှေစီရင်၏။ အစအဦး၌ ထိုသို့မဟုတ်" (မဿဲ၊ ၁၉း၈) ဟုပြန်ဖြေခဲ့သည်။ ကွာရှင်းခြင်းအတွက် တရားဝင်အကြောင်းရင်းမှာ ကာမ သစ္စာဖောက်ခြင်းတစ်ခုသာဖြစ်ကြောင်း ဆက်လက်ဖွင့်ဆိုခဲ့သည် (မဿဲ၊ ၅း၃၂။ ၁၉း၉)။

သူတို့သည် သစ္စာစောင့်ခြင်းကိုသိသည်ထက် ယေရှုသည်သာလွန်၍နက်နက် နဲနဲနားလည်ကြောင်း၊ ဖာရိရှဲတို့အားတုံ့ပြန်မှုက ရှင်းလင်းစွာဖော်ပြသည်။ သူမိန့်ဆိုခဲ့ သည့်အရာမှလည်းကောင်း၊ လက်ထပ်ခြင်းနှင့်ပတ်သက်၍ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်း တို့က အခြေခံမှုများမှလည်းကောင်း၊ လက်ထပ်သောသူတို့သည် အမြဲတမ်းပေါင်းဖော် ခြင်းအားဖြင့် ဘုရားသခင်၏ပုံသဏ္ဍာန်ကိုရောင်ပြန်ဟပ်စေရန် ဘုရားရှင်ရည်ရွယ်ကြောင်း ထပ်လောင်းအတည်ပြုနိုင်သည်။

ခင်ပွန်းသို့မဟုတ်ဇနီး၏သစ္စာဖောက်ခြင်းကပင် လက်ထပ်ခြင်းကိုကွာရှင်း ခြင်းဖြင့် အဆုံးသတ်ရမည်ဟုမဆိုလိုချေ။ ကပ်တိုင်လမ်းသည် နက်ရှိုင်းသောနောင်တ တရားကိုအားပေး၍၊ ခါးသီးမှုကိုဖယ်ရှားပြီး ခွင့်လွှတ်ရန်တိုက်တွန်းသည်။ ဖောက်ပြန် ခြင်းကိစ္စ၌ပင် စိတ်ဒဏ်ရာရသောကြင်ဖော်သည် ခွင့်လွှတ်ခြင်းနှင့်ဘုရားသခင်၏ပြန် လည်သင့်မြတ်စေသောတန်ခိုးအားဖြင့် ဖန်ဆင်းခြင်းအချိန်က ဘုရားသခင်၏မူလ ရည်ရွယ်ချက်ကို ထိန်းသိမ်းရန်ကြိုးပမ်းရမည်။ "ကျမ်းစာအရဆိုရသော်၊ အခြားသော အပြစ်တစ်စုံတစ်ရာထက်ဖောက်ပြန်ခြင်းသည် အိမ်ထောင်ရေးကိုသာ၍ဖျက်ဆီးနိုင် သည်။...... သင်သည်ခွင့်လွှတ်ရန်နှင့် အပျက်သဘောဆောင်သောစိတ်ထားကိုဖယ်ရှားရန် အဆင်သင့်ဖြစ်သောအခါ၊ ဘုရားသခင်သည် သင့်အနာကိုငြိမ်းစေ၍၊ သင်တို့၏အချင်းချင်း ချစ်ခြင်းကို အသစ်ပြန်စပေးရန်အဆင်သင့်ရှိလိမ့်မည်။"

လက်ထပ်ခြင်းအတွက် ဘုရားရှင်၏စံနမူနာမှာ ကြင်ဖော်တစ်ဦးဦးသေဆုံးသည် အထိ ချစ်ခင်စွာအမြဲတမ်းပေါင်းစည်းရန်ဖြစ်သော်လည်း၊ လင်၊ မယား သို့မဟုတ် သားသမီးတစ်ဦးဦးသည် ကိုယ်ကာယအနိုင်ကျင့်ခြင်းမျိုးကြောင့် တရားဝင်ကွာရှင်းခြင်း လိုအပ်လာသည်။ "တချို့သောတရားစီရင်ရေးတွင် ထိုသို့သောကွဲနေခြင်းကို လင်မယား ကွာရှင်းခြင်းအားဖြင့်သာ လုံခြုံစိတ်ချရသည်။ ကိုယ်ကာယအကြမ်းဖက်ခြင်း သို့မဟုတ်

လက်ထပ်ခြင်းကတိကဝတ်ကို သစ္စာဖောက်ခြင်းကြောင့်ခွဲနေခြင်း သို့မဟုတ် ကွာရှင်းခြင်းသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြန်လည်လက်ထပ်ရန် ကျမ်းစာကအခွင့်မပေးချေ။ အခြားတစ်ဦးကပြန်လည်လက်ထပ်၊ ဖောက်ပြန် သို့မဟုတ် သေဆုံးမှသာ ပြန်လည်လက်ထပ်နိုင်ခွင့်ရှိသည်။"

လက်ထပ်ခြင်းသည် ဘုရားရှင်၏ပြဋ္ဌာန်းချက်ဖြစ်သောကြောင့်၊ အသင်းတော်သည် ကွာရှင်းခြင်းကိုကာကွယ်ရန် တစ်မူထူးပြီးလေးနက်သောတာဝန်ရှိပြီး၊ ကွာရှင်းမှုဖြစ်ခဲ့ပါသော်လည်း၊ ဖြစ်နိုင်သမျှအနာကိုကုသပေးရန်ဝတ္တရားရှိသည်။

**လိင်တူဆက်ဆံခြင်း။** ဘုရားသခင်သည် အဖိုနှင့်အမကိုခြားနား၍ဖန်ဆင်းကာ၊ တစ်ဦးနှင့်တစ်ဦးဖြည့်စွက်ရန်ဖြစ်သည်။ ထိုသို့ဖန်ဆင်းရာတွင်၊ ဆန့်ကျင်ဘက်လိင်အပေါ် လိင်ပိုင်းဆိုင်ရာစိတ်ခံစားမှုကိုင်းညွတ်စေခဲ့သည်။ ခြားနားမှုနှင့်ဆက်စပ်မှုသည် လူတို့အား ဆွဲဆောင်မှုကိုပေး၍၊ လိင်နှစ်မျိုးကိုအချင်းချင်းအပြည့်အဝဆက်ဆံရေးကို ဖန်တီးပေးသည်။

တချို့သောကိစ္စများတွင်၊ အပြစ်တရားသည် အခြေခံလိင်ပိုင်းဆိုင်ရာစိတ်ကိုင်းညွတ်မှုကိုထိခိုက်သည်။ ထိုသို့သောကိစ္စများတွင်၊ ဆန့်ကျင်ဘက်လိင်ကို စိတ်ကိုင်းညွတ်မှုသည်ပြောင်းပြန်ဖြစ်၍၊ လိင်တူသောသူကိုစိတ်ဝင်စားမှုဖြစ်လာသည်။

သမ္မာကျမ်းစာသည် လိင်တူဆက်ဆံခြင်းကို ပြင်းထန်သောအသုံးအနှုန်းများဖြင့် ရှုတ်ချသည် (ကမ္ဘာ၊ ၁၉း၄–၁၀။ ယုဒ၊ ၇၊၈။ ဝတ်၊ ၁၈း၂၂။ ၂၀း၁၃။ ရောမ၊ ၁း၂၆–၂၈။ ၁တိ၊ ၁း၈–၁၀)။ လိင်တူဆက်ဆံခြင်းသည် လူယောက်ျားမိန်းမတို့တွင် ဘုရားသခင်၏ပုံသဏ္ဍာန်ကို အကြီးအကျယ်ရုပ်ပျက်စေသည်။

"လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍၊ ဘုရားသခင့်ရှေ့တော်၌အသရေပျက်ကြပြီ" (ရောမ၊ ၃း၂၃) ဖြစ်သောကြောင့်၊ ခရစ်ယာန်တို့သည် ဤလိင်စိတ်ဖောက်ပြန်သောသူတို့ကိုပြန်လည်အဖတ်ဆယ်နိုင်စေရန် ဆက်ဆံရမည်။ သူ့ထံသို့ခေါ်လာသည့်ပြစ်မှားသောအမျိုးသမီးကို "ငါသည်လည်းသင်၏အမှုကိုမစီရင်။ သွားလော့။ နောက်တစ်ဖန်ဒုစရိုက်ကိုမပြုနှင့်" (ယောဟန်၊ ၈း၁၁) ဟုဆိုသောခရစ်တော်၏စိတ်ထားကိုထင်ဟပ်စေရမည်။ လိင်တူစိတ်ကိုင်းညွတ်သောသူတို့သာမက၊ စိုးရိမ်မှု၊ ရှက်ရွံ့မှုနှင့် အပြစ်ရှိသည်ဟုခံစားခြင်းတို့ဖြစ်စေသည့်အပြုအမူများ သို့မဟုတ် ဆက်ဆံရေးတို့၌ကျော့ကွင်းမိနေသောသူတို့သည်လည်း၊ လေ့ကျင့်၍အတွေ့အကြုံရှိသော ခရစ်ယာန်အကြံပေးဆရာတို့၏ ကြင်နာသောကြားနာလိုစိတ်ကိုလိုအပ်ကြသည်။ ဘုရားသခင်၏အနာငြိမ်းစေသော ကျေးဇူးတော်က လက်လှမ်းမမီသောအပြုအမူမရှိပါ။

## မိသားစု

ဘုရားသခင်သည် အာဒံနှင့်ဧဝတို့ကိုဖန်ဆင်းပြီးနောက်၊ လောကကိုအုပ်စိုးစေခဲ့သည် (ကမ္ဘာ၊ ၁း၂၆။ ၂း၁၅)။ သူတို့သည် အဦးဆုံးသောမိသားစုနှင့် အသင်းတော်ကို ထူထောင်ခဲ့ပြီး၊ လူ့အသိုက်အဝန်းကိုစတင်ခဲ့ကြသည်။ ထိုသို့ဖြင့် လူ့အဖွဲ့အစည်းကို လက်ထပ်ခြင်းနှင့် မိသားစုအပေါ်တွင်တည်ဆောက်ထားသည်။ သူတို့သာလျှင် ကမ္ဘာပေါ်တွင်နေထိုင်သောသူဖြစ်သောကြောင့်၊ ဘုရားသခင်ကသူတို့ကို "အချင်းတို့၊ များပြားစွာမွေးဖွားကြလော့။ မြေကြီးကိုပြည့်စေ၍ နိုင်ကြလော့" (ကမ္ဘာ၊ ၁း၂၈) ဟု မိန့်ခဲ့သည်။

ကမ္ဘာ့လူဦးရေကိန်းဂဏာန်းအရ၊ ကမ္ဘာပေါ်တွင် လူမနေထိုင်သောနေရာမရှိတော့ချေ။ သို့သော် ကလေးမွေးရန်ဆုံးဖြတ်ထားသည့် လက်ထပ်သောခရစ်ယာန်စုံတွဲများသည် ဘုရားသခင်၏သတိပေးချက်အတိုင်း သားသမီးများကိုပြုစုပျိုးထောင်ရန် တာဝန်ရှိနေသေးသည် (ဧဖက်၊ ၆း၄)။ လက်ထပ်ထားပြီးစုံတွဲများသည် ဤလမ်းခရီးကို မစတင်မီ၊ မိသားစုအတွက် ဘုရားသခင်၏စံနမူနာကိုစဉ်းစားရမည်။

## မိဘများ

**၁။ ဖခင်။** သမ္မာကျမ်းစာသည် လင်နှင့်ဖခင်အား အိမ်ထောင်ဦးစီးအရာနှင့် အိမ်ထောင်၏ယဇ်ပုရောဟိတ်တာဝန်ကိုပေးခဲ့ပြီ (ကောလော၊ ၃း၁၈–၂၁။ ၁ပေ၊ ၃း၁–၈)။ သူသည် အသင်းတော်၏ဦးခေါင်းဖြစ်သော ခရစ်တော်၏ပုံစံဖြစ်သည်။ "ခရစ်တော်သည် အသင်းတော်၏အပေါ်မှာ ခေါင်းဖြစ်တော်မူသကဲ့သို့၊ ယောကျ်ားသည် မိမိခင်ပွန်းအပေါ်မှာခေါင်းဖြစ်၏။ ခရစ်တော်သည်လည်း မိမိကိုယ်ကိုကယ်တင်သောသူဖြစ်တော်မူ၏။ အသင်းတော်သည် ခရစ်တော်၏အုပ်စိုးမှုကိုဝန်ခံသကဲ့သို့၊ မိန်းမတို့လည်း ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို အရာရာ၌ဝန်ခံရကြမည်။ အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကိုချစ်တော်မူသကဲ့သို့၊ သင်တို့လည်း ကိုယ့်ခင်ပွန်းကိုချစ်ကြလော့။ အသင်းတော်သည် သန့်ရှင်းလျက်၊ အပြစ်ကင်းလျက်ရှိသည်ဖြစ်၍၊ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့်လွတ်လပ်သဖြင့်၊ အသရေတင့်တယ်လျက်ရှိသောအသင်းတော်ကို ခရစ်တော်သည် မိမိအားဆက်သအံ့သောငှာ၊ နှုတ်ကပတ်တော်ရေ၌ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည်အကြောင်း၊ ထိုအသင်းတော်အဖို့အလိုငှာ ကိုယ်ကိုကိုယ်စွန့်တော်မူ၏။ ထိုနည်းတူ၊ ယောကျ်ားတို့သည် မိမိကိုယ်ကိုချစ်သကဲ့သို့ မိမိခင်ပွန်းတို့ကိုချစ်ရကြမည်။ ခင်ပွန်းကိုချစ်သောသူသည် ကိုယ်ကိုချစ်သောသူဖြစ်၏" (ဧဖက်၊ ၅း၂၃–၂၈)။

ခရစ်တော်သည် အသင်းတော်ကိုဦးဆောင်သကဲ့သို့၊ လင်နှင့်မယားတို့နှစ်ဦးစလုံးသည် အချင်းချင်းအလျှော့ပေးရကြမည်။ သို့သော်၊ ဩတ္တပ္ပစိတ်နှင့် မသက်ဆိုင်သောအရာများတွင် လင်၏ဆုံးဖြတ်ချက်ထက် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဦးစားပေးရမည်။ တစ်ချိန်တည်းတွင် လင်သည် မယား၏ပင်ကိုလက္ခဏာကို လေးစားမှုအပြည့်ဖြင့် ဆက်ဆံရန်တာဝန်ရှိသည်။

ခရစ်တော်သည် သိမ်မွေ့သောအုပ်စိုးမှုကိုပြသ၍၊ အစေခံမှုဖြင့် ကပ်တိုင်လမ်းကိုလျှောက်သကဲ့သို့၊ လင်သည်လည်း ပေးဆပ်မှုဖြင့်ဦးဆောင်ရမည်။ "ခရစ်တော်သည် ပညာနှင့်လည်းကောင်း၊ မေတ္တာနှင့်လည်းကောင်း အုပ်ချုပ်သည်။ လင်တို့သည် မိမိတို့မယားများအပေါ် မိမိတို့ဝတ္တရားများကို ကျေပွန်သောအခါ၊ အသင်းတော်အပေါ် ခရစ်တော်သိမ်မွေ့သကဲ့သို့ သူတို့သည် မိမိတို့အာဏာကိုအသုံးပြုလိမ့်မည်။ ခရစ်တော်၏ဝိညာဉ်တော်သည် လင်ယောကျ်ားကိုထိန်းချုပ်သောအခါ၊ မယား၏ဝန်ခံမှုသည် ငြိမ်းချမ်းခြင်းနှင့် ကောင်းကျိုးကိုသာဖြစ်ပေါ်စေလိမ့်မည်။ အကြောင်းမှာ သူသည် မယားထံမှ ကောင်းကျိုးကိုသာတောင်းခံသောကြောင့်ဖြစ်သည်။ ထိုနည်းတူ ခရစ်တော်သည် အသင်းတော်အား အပ်နှံရန်တောင်းဆိုသည်။...... လင်ယောကျ်ားများသည် မယားက သူတို့ကိုမည်မျှအောက်ကျို့ခံ နားထောင်ရမည်ဟူသောအချက်ကိုရှာရန်မဟုတ်ဘဲ၊ သူသည် ခရစ်တော်၏စိတ်ထားကို မည်သို့ရှိရမည်အကြောင်း၊ အိမ်ထောင်ဦးစီးဖြစ်ရန် သန့်ရှင်းစင်ကြယ်၍ သင့်လျော်မှုရှိစေမည်အကြောင်း၊ နှုတ်ကပတ်တော်ကိုလေ့လာရမည်။"

အာဗြဟံကဲ့သို့ မိသားစု၏ယဇ်ပုရောဟိတ်အဖြစ်၊ ဖခင်သည် မိသားစုကိုနံနက်ချိန်တွင်စုရုံး၍၊ သူတို့ကို ဘုရားသခင်၏စောင့်ရှောက်မှုအောက်တွင် ဆက်ကပ်လိမ့်မည်။ ညနေတွင် သူသည် မိသားစုဝင်များကို ဘုရားသခင်အားချီးမွမ်းရန်နှင့် ပေးသောကောင်းချီးများအတွက်ကျေးဇူးတင်ရန် တစ်ဖန်စုရုံးလိမ့်မည်။ ဤမိသားစုဝတ်ပြုချိန်သည် ချည်နှောင်သောနှောင်ကြိုးနှင့် မိသားစု၌ ဘုရားသခင်ကိုဦးစားပေးသည့်အချိန်ဖြစ်သည်။

ပညာရှိသောဖခင်သည် သားသမီးများနှင့်အချိန်ကုန်စေသည်။ မိသားစုကိုဆက်ဆံသည့်ပုံစံအားဖြင့် သားသမီးများသည် မိခင်ကိုချစ်ကြောက်ရိုသေခြင်း၊ ဘုရားသခင်ကိုချစ်ခြင်း၊ ဆုတောင်းခြင်း၏အရေးကြီးမှု၊ သူတစ်ပါးကိုချစ်ခြင်း၊ အလုပ်လုပ်နည်း၊ ကျွန္ဒေရှိခြင်း၊ ဘုရားသခင်ဖန်ဆင်းသောသဘာဝတရားကိုချစ်ခြင်း စသည့်သင်ခန်းစာများစွာကိုသင်ယူနိုင်သည်။ သို့သော် ဖခင်သည် ဘယ်ခါမျှအိမ်မကပ်လျှင်၊ သားသမီးများကို ဤအခွင့်အရေးနှင့်ပျော်ရွှင်မှုတို့ကိုဆုံးရှုံးရသည်။

**၂။ မိခင်။** မိခင်ဘဝသည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ရန် ကမ္ဘာပေါ်တွင် အနီးဆုံးအရာဖြစ်သည်။ "ရာဇပလ္လင်ပေါ်ထိုင်သောရှင်ဘုရင်သည် မိခင်၏အလုပ်ထက် သာ၍မြင့်မြင့်မြတ်သောအလုပ်မရှိချေ။ မိခင်သည် အိမ်ထောင်၏မိဖုရားဖြစ်သည်။

မိခင်သည် မိမိသားသမီးတို့၏စာရိတ္တကိုပြုပြင်ရန် အာဏာရှိပြီး၊ ထိုသို့ဖြင့် သူတို့သည် ပိုမိုမြင့်မားသည့် ထာဝရအသက်အတွက်သင့်လျော်လာနိုင်သည်။ ကောင်းကင်တမန်သည် ပိုမိုမြင့်မြတ်သောအလုပ်ကို တောင်းဆို၍မရနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် မိခင်လုပ်သောအလုပ်သည် ဘုရားသခင်၏အမှုတော်ဖြစ်သောကြောင့်တည်း။ မိခင်သည် သူမ၏အလုပ်ကိုသဘောပေါက်၍၊ ဘုရားသခင်၏လက်နက်စုံကိုဝတ်ဆင်စေ။ ထိုသို့ဖြင့် လောကီဆန်ရန်စုံစမ်းခြင်းကို တွန်းလှန်နိုင်မည်။ သူမ၏အလုပ်သည် ယခုအချိန်အတွက်နှင့် ထာဝရကာလအတွက်ဖြစ်သည်။"

မိသားစုထဲကတစ်စုံတစ်ဦးသည် သားသမီးများ၏အကျင့်စာရိတ္တအတွက် အဓိကတာဝန်ယူရမည်။ သားသမီးတို့အား သင်ကြားလေ့ကျင့်ခြင်းကို ဖြစ်ကတတ်ဆန်းသို့မဟုတ် သူတစ်ပါးကိုလွှဲအပ်၍မရချေ။ အကြောင်းမှာ သားသမီးကိုမိဘကဲ့သို့မည်သူမျှမချစ်နိုင်ချေ။ ဘုရားသခင်သည် မိခင်ကိုသူမကိုယ်ထဲကမွေးသောကလေးကို တာဝန်ယူရန်၊ နို့ချိုတိုက်ရန်၊ ပြုစုပျိုးထောင်ရန်နှင့် ချစ်ရန်အစွမ်းအစနှင့်ဖန်ဆင်းခဲ့သည်။ ငွေကြေးအခက်အခဲကြောင့် သို့မဟုတ် တစ်ခုလပ်ဖြစ်ခြင်းကြောင့်မှလွဲ၍၊ မိခင်သည် လက်ခံမည်ဆိုလျှင် တစ်နေ့လုံးသားသမီးများနှင့်အတူရှိနေရန် အထူးအခွင့်ရှိသည်။ သူမသည် သားသမီးတို့၏စာရိတ္တကို ထာဝရနိုင်ငံအတွက်ပုံသွင်းရာတွင် ဖန်ဆင်းရှင်နှင့်အတူ ပျော်ရွှင်စွာလုပ်ဆောင်နိုင်သည်။

"သမီးရည်းစားရှိသောသူသည် မိသားစုအရေးကိုလုပ်ငန်းတစ်ခုအဖြစ်စဉ်းစားရန်လိုအပ်သည်။...... မိခင်နှင့်ဇနီးသည်၏အလုပ်ကိုလုပ်ခြင်းသည် ယနေ့ကမ္ဘာတွင် ထူးကဲသောတစ်ဘဝစာအလုပ်ဖြစ်၍၊ စိန်ခေါ်မှုကြီးမားသောလုပ်ငန်းဖြစ်သည်။ အချဉ်းနှီးသောအလုပ်လော။ ကျေးဇူးမတင်ထိုက်သောအလုပ်လော။ သိက္ခာမရှိသောကျွန်ဘဝလော။ လုံးဝမဟုတ်ပါ။ ၎င်းအလုပ်သည် ဒီရေကိုပြန်ဆုတ်သွားစေရန်၊ မျိုးစိတ်ကိုထိန်းသိမ်းရန်၊ သမိုင်းကိုရေးမှတ်ရန်၊ အမြဲတမ်းထပ်၍ထပ်၍ခံစားကြားနိုင်သောအရာကိုလုပ်ဆောင်ရန် စိတ်လှုပ်ရှားဖွယ်အကောင်းဆုံးသော ဖြစ်နိုင်ချေလုပ်ငန်းဖြစ်သည်။"

ဓမ္မဟောင်းကျမ်းအချိန်တွင် လူတစ်ဦး၏နာမည်သည် သူ၏စာရိတ္တ၊ အဖြစ်ကိုဖော်ပြသည်။ ဧဝသည်လည်း အပြစ်ထဲကျရောက်ပြီးနောက် သူမ၏နာမည်ကိုရရှိခဲ့သည် (ကမ္ဘာ၊ ၃း၂၀)။ သူမသည် လူသားမျိုးနွယ်အားလုံး၏မိခင်ဖြစ်လာမည်ဖြစ်သောကြောင့်၊ သူမ၏နာမည်သည် "အသက်ရှင်သည်" ဟူသောစကားလုံးမှဆင်းသက်လာသည်။ ၎င်းသည် လူ့သမိုင်းတွင် သူမသည် တစ်မူထူးသည့်ဂုဏ်သရေရှိသောရာထူးကိုသိမ်းပိုက်ထားကြောင်း ထင်ဟပ်စေသည်။

မျိုးပွားခြင်းနှင့်မိဘဖြစ်ခြင်းသည် အာဒံနှင့်ဧဝတို့ကသာရရှိသောအခွင့်ထူးမဟုတ်ချေ။ မိဘဖြစ်ခြင်းသည်လည်း တာဝန်ခွဲဝေရန်ဖြစ်သည်။ ထို့ကြောင့် ကလေးမွေးဖွားခြင်း၌သာမက၊ သူတို့ကိုပြုစုပျိုးထောင်ခြင်း၌လည်း တာဝန်ရှိကြသည်။ ထာဝရဘုရား၌

ပြုသကဲ့သို့ သားသမီးများကိုပျိုးထောင်ရန် မိဘတစ်ဦးစီ၌တာဝန်များရှိသည်။ "ဖွားမြင်သောသားသမီးတို့သည် ထာဝရဘုရားဆုချ၍ ပေးသနားတော်မူသောအမွေဥစ္စာဖြစ်ကြ၏" (ဆာလံ၊ ၁၂၇း၃)။

## သားသမီးများ

**၁။ ဦးစားပေးခြင်း။** ထာဝရဘုရားနှင့် မိမိခင်ပွန်းအပေါ်ပြုသောကတိကဝတ်မှလွဲ၍၊ မိဘတို့သည် သားသမီးများအပေါ်ရှိသည့်တာဝန်ထက် ပို၍ကြီးသောတာဝန်မရှိချေ။ သူတို့သည် သားသမီးတို့၏ကောင်းကျိုးများကို မိမိတို့၏တိုးတက်မှုနှင့် သက်သာမှုထက်ဦးစားပေးရမည်။ သားသမီးများသည် လောကထဲသို့ရောက်လာရန်ရွေးချယ်ကြသည်မဟုတ်။ သူတို့၏အသက်တာအစတွင် အကောင်းဆုံးဖြစ်နိုင်ချေကိုပေးရမည်။ မိဘ၏သြဇာလွှမ်းမိုးမှုသည် သားသမီးတို့၏ဝိညာဉ်ရေး၊ စိတ်၊ ကာယကျန်းမာရေးကိုပဓာနအကျိုးသက်ရောက်စေသည်ဖြစ်ရာ၊ ကလေးငယ်မမွေးဖွားမီကပင် သူ၏ကောင်းစားရေးကိုဦးစားပေးရမည်။

**၂။ ချစ်ခြင်းမေတ္တာ။** မိဘတို့၏ချစ်ခြင်းမေတ္တာသည် အကြွင်းမဲ့ပေးဆပ်သောချစ်ခြင်းမေတ္တာဖြစ်သည်။ ၎င်းကို ဘယ်ခါမျှအပြည့်အဝတုံ့ပြန်နိုင်မည်မဟုတ်သော်လည်း၊ သားသမီးများသည် ကောင်းသောဥပဓိရုပ်နှင့် စိတ်ကျန်းမာရေးအတွက် အသက်တာတစ်လျှောက်လုံး မိဘမေတ္တာကိုလိုအပ်သည်။ မေတ္တာငတ်သောသူ သို့မဟုတ် ငြင်းပယ်ခြင်းနှင့် အရေးမကြီးဟုခံစားသောသားသမီးတို့သည် မိဘမေတ္တာကိုရရှိရန် သူတို့အကျင့်ဖြစ်လာသော မနှစ်မြို့ဖွယ်အပြုအမူများအားဖြင့် ကြိုးစားကြလိမ့်မည်။

မိဘမေတ္တာ၌လုံခြုံသောသားသမီးတို့သည် အခြားသူများကိုလည်း ဝေငှပေးလိမ့်မည်။ သူတို့အားပေးကမ်းရန်နှင့် လက်ခံရရှိရန်သင်ပေးရသည်။ မိမိအတွက်သာအသက်ရှင်ခြင်းမဟုတ်ကြောင်းကိုလည်း သင်ပေး၍ရသည်။ သားသမီးများကြီးလာသောအခါ၊ သူတို့သည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန် သင်ယူနိုင်သည်။

**၃။ ဆက်ကပ်ခြင်း။** ခရစ်ယာန်မိဘများသည် မိမိတို့၏သားသမီးများကို ဘုရားသခင်၏အမှုတော်တွင် အစောနိုင်ဆုံးဆက်ကပ်ရမည်။ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်သည် ယောသနှင့်မာရိက သူငယ်ယေရှုကိုဗိမာန်တော်၌ဘုရားသခင်ထံဆက်ကပ်သကဲ့သို့၊ အသင်းသူအသင်းသားများရှေ့တွင် ရိုးစင်းသောကလေးဆက်ကပ်ခြင်းကိုကျင်းပကြသည် (လုကာ၊ ၂း၂၂–၃၉)။ ဤနည်းအားဖြင့် ကလေးငယ်သည် ဝိညာဉ်ရေးမိသားစုတွင်စတင်ပါဝင်လာသည်။ ဘုရားသခင်၏သားနှင့် ခရစ်တော်၏ကိုယ်ခန္ဓာ၏အစိတ်အပိုင်းအဖြစ် ကလေးငယ်၏လူမှုရေးနှင့်ဝိညာဉ်ရေးကြီးထွားမှုတွင် အသင်းသားများပါဝင်ကြသည်။

ဤဆက်ကပ်ခြင်းအစီအစဉ်တွင်၊ ကလေးငယ်၌ ဘုရားသခင်၏ပုံသဏ္ဌာန်ကို ဆောင်၍ ထာဝရဘုရား၏လမ်းစဉ်အတိုင်း ကလေးငယ်ကိုပညာပေးရန် မိဘတို့သည် မိမိတို့ကိုယ်ကိုလည်းဆက်ကပ်ကြသည်။ ဤပန်းတိုင်ကိုရောက်ရှိရန် မိဘများသည် မိမိတို့သားသမီးများကို ဥပုသ်စာဖြေကျောင်းနှင့် ဘုရားကျောင်းကိုပုံမှန်ခေါ်ဆောင်ရမည်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကလေးများသည် ငယ်ရွယ်ချိန်မှစ၍ ခရစ်တော်၏ကိုယ်ခန္ဓာ၏အစိတ်အပိုင်းဖြစ်လာမည်။ ထို့နောက်၊ ကလေးသည် ကျောင်းတက်သည့်အရွယ်ရောက်လာသောအခါ၊ မိဘများနှင့်အသင်းတော်သည် ခရစ်ယာန်ပညာကိုရရှိနိုင်ရန် ကြိုးစားလိမ့်မည်။ ထိုပညာသည် ကလေးငယ်အား ထာဝရဘုရားကိုပိုမိုချစ်စေရန် ပျိုးထောင်ပေးလိမ့်မည်။

**၄။ တစ်သမတ်တည်းရှိခြင်း။** မိဘတို့၏ဝိညာဉ်ရေးသွန်သင်မှုသည် သားသမီးတို့၏ဘဝအဆင့်ဆင့်အတွက် ဆက်လက်ရှိနေရမည်။ "ထိုစကား (ထာဝရဘုရား၏ပညတ်ချက်များ) ကို သင်၏သားသမီးတို့အား ကြိုးစား၍သွန်သင်ရမည်။ အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီး၌သွားသည်ဖြစ်စေ၊ အိပ်လျက်၊ ထလျက်ရှိသည်ဖြစ်စေ၊ ထိုစကားကိုပြောရမည်။ ထိုစကားကိုလည်း သင်၏လက်၌ လက္ခဏာသက်သေဖို့ရာလည်းကောင်း၊ သင်၏မျက်စိကြားမှာ သင်းကျစ်ကဲ့သို့လည်းကောင်း ချည်ထားရမည်" (တရားဟော၊ ၆း၇–၉)။

ကလေးကို အိမ်ထောင်၏လုပ်ဆောင်မှုအရေးကိစ္စအားလုံးက ဩဇာလွှမ်းမိုးသည်။ မိဘတို့သည် မိသားစုဝတ်ပြုခြင်းတစ်ခုတည်းအားဖြင့် ဝိညာဉ်ရေးကိုသိစေ၍မရပါ။ ၎င်းသည် ယေရှုကိုသူတို့က အစဉ်ကိုးစားခြင်းမှလာရမည်။ ၎င်းသည် သူတို့၏နေထိုင်မှုပုံစံ၊ ဝတ်စားဆင်ယင်မှုနှင့် အိမ်တွင်းအလှဆင်မှုကပင်ထင်ရှားစေရမည်။ ဘုရားသခင်အား ချစ်ဖွယ်မိဘအဖြစ်သိကျွမ်းခြင်းသည် ကလေးငယ်၏ ခရစ်ယာန်ရေးကြီးထွားမှုအတွက် မရှိမဖြစ်လိုအပ်သည်။

**၅။ နာခံမှုကိုသင်ယူခြင်း။** "သူငယ်သွားရာလမ်းဝ၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင် သူသည် အိုသောအခါ၊ ထိုလမ်းမှမလွှဲ၊ လိုက်သွားလိမ့်မည်" (သုတ္တံ၊ ၂၂း၆)။ ဤသင်ကြားလေ့လာမှုသည် မည်သည့်အရာကိုဖြစ်ပေါ်စေသနည်း။ ထိန်းသိမ်းကြပ်မတ်ခြင်းသည် အပြစ်ပေးခြင်းထက်များစွာအကျိုးရှိသည်။ အပြစ်ပေးခြင်းသည် လွန်ပြီးသောအရာနှင့်သက်ဆိုင်၍၊ ထိန်းသိမ်းကြပ်မတ်ခြင်းသည် အနာဂတ်ကိုရှေးရှုသည်။ ထိန်းသိမ်းကြပ်မတ်ခြင်းသည် သားသမီးတို့သည် လေ့ကျင့်သင်ကြားမှု၊ လမ်းပြမှုနှင့် ပုံနမူနာတို့အတွက် မိဘတို့ထံတွင် အလုပ်သင်အဖြစ်လေ့ကျင့်ခြင်းဖြစ်သည်။ ၎င်းသည် သစ္စာရှိခြင်း၊ မှန်ကန်ခြင်း၊ မျှတမှုရှိခြင်း၊ ရှေ့နောက်ညီခြင်း၊ သည်းခံခြင်း၊ စည်းစနစ်ကျခြင်း၊ ကြင်နာခြင်း၊ ရက်ရောခြင်းနှင့် အလုပ်လုပ်ခြင်းစသည်တို့ကဲ့သို့သော အရေးကြီးသည့်အခြေခံစည်းမျဉ်းများသင်ပေးခြင်းကိုဆိုလိုသည်။

သားသမီးများသည် မိဘစကားကိုအကြွင်းမဲ့နာခံရန် ဆောလျင်စွာသင်ယူသော အခါ၊ အာဏာဆိုသည်မှာ သူတို့အသက်တွင်ပြဿနာမဖြစ်တော့ချေ။ သို့သော် သင်ယူသောနာခံမှုပုံစံသည်လည်း အရေးကြီးသည်။ စစ်မှန်သောနာခံမှုသည် လိုအပ်၍သာ ပေါ်လာခြင်းမဟုတ်ဘဲ၊ စိတ်ထဲမှထွက်လာခြင်းဖြစ်သည်။ ဤကဲ့သို့သောနားထောင်ခြင်း၏လျှို့ဝှက်ချက်သည် အသစ်မွေးဖွားခြင်း၌ရှိသည်။

"စောင့်ထိန်းရန်လိုအပ်သောကြောင့်သာ၊ တာဝန်အရ ဘုရားသခင်၏ပညတ်ချက်များကိုစောင့်ထိန်းရန်ကြိုးပမ်းသောသူသည် နားထောင်ခြင်း၌ပျော်ရွှင်မှုကို ဘယ်ခါမျှခံစားလိမ့်မည်မဟုတ်ချေ။ သူသည် နာခံမှုလည်းမရှိချေ။...... စစ်မှန်သောနာခံခြင်းသည် စိတ်နှလုံးထဲကအရာကို အပြင်၌လုပ်ဆောင်ခြင်းဖြစ်သည်။ ၎င်းသည် ဖြောင့်မတ်ခြင်းကို ချစ်ခြင်း၊ ဘုရားသခင်၏ပညတ်ကိုမြတ်နိုးခြင်းတို့မှပေါ်ထွက်လာသည်။ ဖြောင့်မတ်ခြင်းအားလုံး၏အနှစ်သာရမှာ ကျွန်ုပ်တို့၏ရွေးနုတ်ရှင်အပေါ် သစ္စာစောင့်သိခြင်းဖြစ်သည်။ ၎င်းသည် မှန်ကန်သည်ဖြစ်ရာ၊ ကျွန်ုပ်တို့အား မှန်သောအရာကိုပြုစေသည်။ အကြောင်းမူကား၊ မှန်မှန်ကန်ကန်လုပ်ဆောင်ခြင်းသည် ဘုရားသခင်အတွက်နှစ်သက်ဖွယ်ဖြစ်သည်။"

**၆။ လူမှုရေးနှင့်ဘာသာစကားတိုးတက်မှု။** မိသားစုအထဲတွင် သားသမီးများကို လူသားအဖြစ်ဝင်ဆံ့စေသည်။ ဝတ္တရားများနှင့် အခွင့်အရေးများလည်းပါရှိလာသည်။ လူမှုရေးသည် ပတ်ဝန်းကျင်အသိုက်အဝန်းတွင်ဝင်ဆံ့ရန် ကလေးများသည် အခြေခံအတတ်ပညာကို သင်ယူခြင်းဖြစ်စဉ်ဖြစ်သည်။ ဘာသာစကားနှင့် ၎င်း၏သိမ်မွေ့ကွဲပြားသော ဆက်သွယ်သည့်ကလေးများ သင်ယူသည့်အလျင်ဆုံးသောတတ်ကျွမ်းမှုဖြစ်သည်။ အိမ်တွင်း၌အသုံးပြုသောစကားကို ဂရုတစိုက်စောင့်ကြပ်ရမည်။ စကားများသည် ဘုရားသခင်၏စာရိတ္တတော်ကိုဖော်ပြရမည်။ ကလေးများသည် ချစ်ခြင်းကိုကြည်နူးဖွယ်စကားအသုံးအနှုန်းများနှင့် ဘုရားသခင်အားချီးမွမ်းသံများကို မကြာမကြာကြားကြရမည်။

**၇။ ကျားမလက္ခဏာ။** အိမ်ထောင်တွင်၊ မိသားစုတစ်ခုလုံးတွင်ပါဝင်သောကျားမတို့သည် ကိုယ်ကျင့်သိက္ခာရှိရှိအပြန်အလှန်ဆက်ဆံခြင်းအားဖြင့်၊ ကလေးများသည် လူ့အသိုက်အဝန်းအတွင်း ယောကျ်ား သို့မဟုတ် မိန်းမအဖြစ်လုပ်ဆောင်ရန် သင်ယူသည်။ လူကြီးသူမတို့သည် သူတို့၏ဖိုမလက္ခဏာဖွံ့ဖြိုးမှု၏တင့်တယ်လှပမှုကို မှန်ကန်ပြီးသင့်လျော်သောသတင်းအချက်အလက်အားဖြင့် သူတို့ကိုသင်ပေးရန်လိုအပ်သည်။ သားသမီးများကို လိင်ပိုင်းဆိုင်ရာအလွဲသုံးစားမှုမှကာကွယ်ရန်လည်း သူတို့၌တာဝန်ရှိသည်။

**၈။ တန်ဖိုးကိုသင်ယူခြင်း။** အိမ်ထောင်၏အခြေခံလူမှုရေးလုပ်ငန်းမှာ မိသားစုကထောက်ခံသောစံများကို စိတ်တွင်စွဲမှတ်စေခြင်းဖြစ်သည်။ မိသားစု၏စံနှုန်းနှင့်ဘာသာရေးအယူအဆသည် အမြဲတမ်းတစ်ထပ်တည်းမကျချေ။ မိဘများသည် ဘာသာရေးစည်းမျဉ်းတချို့ကိုလိုက်နာရန်ပြောနိုင်သည်။ သို့သော် သူတို့သည် သားသမီးများရှေ့တွင်ပြသောစံနမူနာနှင့်ထိုစည်းမျဉ်းများသည် မတိုက်ဆိုင်သည်လည်းဖြစ်နိုင်သည်။ မိဘများသည် ရှေ့နောက်ညီရန်အရေးကြီးသည်။

**တ၊ သားမြေးတို့ပါဝင်သောမိသားစု။** ဘုရားသခင်စီစဉ်သကဲ့သို့၊ လက်ထပ်ထိမ်းမြားခြင်းသည် သီးသန့်ဖြစ်သည်။ မိသားစုမှာမူ ထိုသို့မဟုတ်ချေ။ ရွေ့လျားနေသောလူ့အသိုက်အဝန်းတွင် မိသားစုတွင်ပါဝင်သူများဖြစ်သည့် ဘိုးဘွားများ၊ ညီအစ်ကိုမောင်နှမများ၊ တစ်ဝမ်းကွဲများ၊ သိုက်သိုက်ဝန်းဝန်းနေထိုင်ကြသည်မှာ ရှားပါးလှသည်။ အသင်းတော်မိသားစုသည် အဝေးရောက်သူများ သို့မဟုတ် ဆွေမျိုးအားကိုးစရာမရှိသူများကို ကူညီနိုင်သည်။ အသင်းတော်ထဲတွင် ကြင်ဖော်မဲ့မိဘတို့သည်လည်း မိမိတို့သားသမီးများအား မေတ္တာနှင့်ကြင်နာမှုဖြင့် ပျိုးထောင်ရန်အဆင်ပြေသောနေရာကို ရှာတွေ့နိုင်သည်။ အသင်းတော်သည် အိမ်ထောင်တွင်လိုအပ်သည့် သင့်လျော်သောစံပြပုဂ္ဂိုလ်များနေရာကိုဖြည့်စွက်ပေးနိုင်သည်။

အသင်းတော်ထဲကသက်ကြီးရွယ်အိုများကို ချစ်တတ်ရန်သင်ယူခြင်းအားဖြင့်၊ ကလေးများသည် ရိုသေလေးစားမှုကိုသင်ယူနိုင်သည်။ သက်ကြီးရွယ်အိုများသည်လည်း ချစ်ခင်ကြည်နူးရမည့်ကလေးများရှိခြင်းဖြင့် ကျေနပ်နှိမ့်သိမ့်မှုတွေ့ကြုံခံစားနိုင်သည်။ "တစ်ဖန်တုံ အိုဘုရားသခင်၊ အကျွန်ုပ်အသက်ကြီး၍ ဆံပင်ဖြူသည်ကာလတိုင်တောင်၊ ယခုလူများတို့အား ကိုယ်တော်၏အစွမ်းသတ္တိကိုလည်းကောင်း၊ နောက်ဖြစ်လတ္တံ့သောသူအပေါင်းတို့အား တန်ခိုးကိုလည်းကောင်း၊ အကျွန်ုပ်မပြုမီတွင် အကျွန်ုပ်ကိုစွန့်ပစ်တော်မမူပါနှင့်" (ဆာလံ၊ ၇၁း၁၈)။

ဘုရားသခင်သည် အသက်ကြီးသူများကို အထူးအရေးထားသည်။ "ဖြူသောဆံပင်သည် ဖြောင့်မတ်ခြင်းတရားလမ်း၌တည်လျှင်၊ ဘုန်းကြီးသောသရဖူဖြစ်၏" (သုတ္တံ ၁၆း၃၁)။ "သင်တို့အသက်ကြီး၍ ဆံပင်ဖြူသည်တိုင်အောင်၊ ငါသည် ထိုသို့ပြုသောသူဖြစ်၍၊ သင်တို့ကိုဆောင်ရွက်မည်။ ငါပြုခဲ့ပြီးသည်အတိုင်း ထမ်းဦးမည်။ ဆောင်ရွက်၍ကယ်တင်မည်" (ဟေရှာယ၊ ၄၆း၄)။

အသင်းတော်သည် တစ်ကိုယ်ရေတစ်ကာယများကို ချစ်ခင်မြတ်နိုးရန်နှင့်၊ သူတို့ကလည်း ပြန်၍ချစ်ခင်မြတ်နိုးနိုင်ရန်အထူးနေရာဖြစ်သည်။ ၎င်း၏သာသနာလုပ်ငန်းအားဖြင့် သူတို့သည် ဘုရားသခင်၏စောင့်ရှောက်မှုကိုခံစားနိုင်သည်။ "အကယ်စင်စစ်၊ ထာဝရမေတ္တာနှင့်သင့်ကိုငါချစ်၏။ ထိုကြောင့်၊ ကရုဏာကျေးဇူးကို သင်၌ကြာမြင့်စွာပြ၏" (ယေရမိ၊ ၃၁း၃)။

ဆင်းရဲသားများကိုအထူးစောင့်ရှောက်ခြင်းသည် "စင်ကြယ်သန့်ရှင်းသောသီလ" ၏အစိတ်အပိုင်းဖြစ်သည် (ယာကုပ်၊ ၁း၂၇။ ထွက်၊ ၂၂း၂၂။ တရားဟော၊ ၂၄း၁၇။ ၂၆း၁၂။ သုတ္တံ၊ ၂၃း၁၀။ ဟေရှာ၊ ၁း၁၇)။ အသင်းတော်မိသားစုသည် မိသားစုမရှိသောသူတို့အတွက်ကွန်းခိုရာ၊ ကွယ်ကာရာ၊ နွေးထွေးမှုနေရာကိုပေးရန် အထူးအခွင့်အရေးရှိသည်။ ခရစ်တော်မိန့်ဆိုသည့် ခရစ်ယာန်၏အမှတ်အသားဖြစ်သော အထူးစည်းလုံးခြင်း၌ သူတို့တစ်ဦးစီပါဝင်နိုင်သည် (ယောဟန်၊ ၁၇း၂၀–၂၃)။

## ပြန်လှည့်လာခြင်း

မိသားစုသည် အသင်းတော်နှင့်လူ့အသိုက်အဝန်း၏စံထားစရာဖြစ်သောကြောင့်၊ ခရစ်ယာန်မိသားစုကိုယ်၌က ထာဝရဘုရားအတွက် အသင်းသားများကိုရရှိ၍၊ ထိန်းသိမ်းရန်ကိရိယာဖြစ်လိမ့်မည်။ ဓမ္မဟောင်းကျမ်း၏နောက်ဆုံးကျမ်းချက်သည် ခရစ်တော်မကြွလာမီဖြစ်ပျက်မည့်အရာကို အနာဂတ္တိဟောပြောခြင်းဖြစ်သည်။ "ကြည့်ရှုလော့။ ထာဝရဘုရား၏ကြောက်မက်ဖွယ်သောနေ့ရက်ကြီးမရောက်မီ၊ ပရောဖက်ဧလိယကို သင်တို့ရှိရာသို့ ငါစေလွှတ်မည်။ ငါသည် လာ၍သင်တို့၏ပြည်ကိုကျိန်ခြင်းဘေးနှင့် ဒဏ်မခတ်မည်အကြောင်း၊ ထိုပရောဖက်သည် သားတို့နှင့်အဘတို့ကိုလည်းကောင်း၊ အဘတို့နှင့်သားတို့ကိုလည်းကောင်း၊ အသင့်အတင့်ဖြစ်စေမည်" (မာလခိ၊ ၄း၅၊၆)။ မိသားစုထဲမှမိသားစုဝင်များကို ဆွဲထုတ်ရန် အင်အားစုများစွာကကြိုးပမ်းနေသော်လည်း၊ ဘုရားသခင်၏ခေါ်တော်မူခြင်းမှာ ပြန်လည်စည်းလုံးရန်၊ ပြန်လည်ခွန်အားရှိစေရန်၊ ပြန်လှည့်လာရန်နှင့် ပြန်လည်အသစ်ပြုပြင်ရန်ဖြစ်သည်။ ကိုယ်တော်၏ခေါ်တော်မူခြင်းကိုတုံ့ပြန်သော ထိုမိသားစုများသည် စစ်မှန်သောခရစ်ယာန်ဘာသာကိုဖော်ပြလိမ့်မည်။ ထိုသို့သောမိသားစုများဖြင့် ဖွဲ့စည်းသောအသင်းတော်များသည် ကြီးထွားလိမ့်မည်။ သူတို့၏လူငယ်များသည်လည်း ထွက်မသွားဘဲ၊ ရှင်းလင်းသော ဘုရားသခင်၏ပုံသဏ္ဌာန်ကို လောကီသားတို့ထံပုံဖော်ပေးကြလိမ့်မည်။

–၀–

# အခန်း– ၂၄
# ကောင်းကင်သန့်ရှင်းရာဌာနထဲက ခရစ်တော်၏အမှုတော်

ကောင်းကင်နိုင်ငံတွင်လူမဆောက်ဘဲ၊ ထာဝရဘုရားဆောက်သောတဲတော်စစ်တည်းဟူသော သန့်ရှင်းရာဌာနတစ်ခုရှိသည်။ ထိုနေရာတွင် ခရစ်တော်သည် ကျွန်ုပ်တို့၏ကိုယ်စား အမှုတော်ကိုဆောင်ရွက်ပြီး၊ လက်ဝါးကပ်တိုင်ပေါ်တွင် လူသားများအားလုံးအတွက် တစ်ကြိမ်တည်းအပြစ်ဖြေရာယဇ်၏အကျိုးကျေးဇူးများကို ယုံကြည်သူတို့အားရရှိနိုင်စေသည်။ ကောင်းကင်သို့တက်ကြွချိန်တွင် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းအဖြစ်ခန့်အပ်ခြင်းကိုခံရ၍၊ မြေကြီးပေါ်ရှိသန့်ရှင်းရာဌာနတွင် ယဇ်ပုရောဟိတ်မင်း၏လုပ်ငန်းကပုံဆောင်သောသူ၏ကြားဖျန်ဖြေခြင်းလုပ်ငန်းကိုစတင်ခဲ့သည်။ ရက်ပေါင်း (၂၃၀၀)၏အနာဂတ္တိကာလ၏အဆုံးဖြစ်သော (၁၈၄၄ ခုနှစ်) တွင်၊ သူ၏အပြစ်ဖြေခြင်းလုပ်ငန်း၏ဒုတိယနှင့် နောက်ဆုံးကဏ္ဍကိုစတင်ခဲ့သည်။ ထိုအမှုတော်ကိုမြေကြီးပေါ်ရှိအသန့်ရှင်းဆုံးဌာနတွင် ယဇ်ပုရောဟိတ်မင်း၏အလုပ်ကပုံဆောင်သည်။ ၎င်းသည်အပြစ်အားလုံးကို နောက်ဆုံးဖယ်ရှားပစ်ခြင်း၏အစိတ်အပိုင်းဖြစ်သည့် စုံစမ်းစစ်ဆေးသောတရားစီရင်ခြင်းဖြစ်၍၊ ၎င်းကိုအပြစ်ဖြေရာနေ့တွင် ရှေးဟေဗြဲတို့၏သန့်ရှင်းရာဌာနကိုသန့်ရှင်းစင်ကြယ်စေခြင်းဖြင့်လည်း ကိုယ်စားပြုခဲ့သည်။ ထိုပုံဆောင်မှုလုပ်ငန်းတွင် သန့်ရှင်းရာဌာနကို ယဇ်ကောင်၏အသွေးဖြင့်သန့်စင်စေရပြီး၊ သို့သော် ကောင်းကင်နှင့်ဆိုင်သောအရာများကိုမူ ယေရှု၏ပြီးပြည့်စုံသောအသွေးဖြင့် စင်ကြယ်စေသည်။ စုံစမ်းစစ်ဆေးသောတရားစီရင်ခြင်းသည် ကောင်းကင်သားတို့အား ကွယ်လွန်သောသူတို့တွင်မည်သူများသည် ခရစ်တော်၌အိပ်ပျော်၍၊ ပထမရှင်ပြန်ထမြောက်ခြင်းနှင့် ထိုက်တန်သောသူဖြစ်သည်ကိုဖော်ပြပေးသည်။ ၎င်းပြင် အသက်ရှင်သောသူတို့တွင်လည်း ခရစ်တော်၌တည်၍၊ ကိုယ်တော်၌ဘုရားသခင်၏ပညတ်ချက်များနှင့် ယေရှု၏ယုံကြည်ခြင်းကိုစောင့်ရှောက်သောကြောင့် ထာဝရနိုင်ငံထဲသို့ ယူဆောင်ခြင်းကိုခံရရန် အဆင်သင့်ရှိစေသောသူတို့ကိုလည်း ပေါ်လွင်စေလိမ့်မည်။ ဤတရားစီရင်ခြင်းသည် ယေရှုကိုယုံကြည်သောသူတို့အားကယ်တင်ရာတွင် ဘုရားသခင်၏တရားမျှတမှုကိုသက်သေထူလျက်ရှိသည်။ ၎င်းသည် ဘုရားသခင်ဘက်၌သစ္စာရှိလျက် ကျန်ခဲ့သောသူတို့သည် နိုင်ငံတော်ကို ဝင်စားမည်ဖြစ်ကြောင်းကိုကြေညာသည်။ ဤခရစ်တော်၏ယဇ်ပုရောဟိတ်လုပ်ငန်းပြီးဆုံးခြင်းကို ခရစ်တော်ဒုတိယအကြိမ်မကြွလာမီ လူသားများအတွက် ကရုဏာအချိန်ကုန်ဆုံးခြင်းကပြသလိမ့်မည်။ (ဝတ်၊ ၁၆။ တော၊ ၁၄း၁၄။ ယေဇ၊ ၄း၆။ ဒံ၊ ၇း၉–၂၇။

၈း၁၃၊၁၄။ ၉း၂၄–၂၇။ ဟေဗြဲ၊ ၁း၃။ ၂း၁၆၊၁၇။ ၄း၁၄–၁၆။ ၈း၁–၅။ ၉း၁၁–၂၈။ ၁၀း၁၉–၂၂၊ ဗျာ၊ ၈း၃–၅။ ၁၁း၁၉။ ၁၄း၆၊၇။ ၂၀း၁၂။ ၁၄း၁၂။ ၂၂း၁၁၊၁၂။)

**ညနေပိုင်း ယဇ်ပူဇော်သည့်အချိန်ရောက်လာသည်။** ယဇ်ပုရောဟိတ်သည် ယေရုရှလင်မြို့ရှိဗိမာန်တော်တွင် သိုးသငယ်ပူဇော်ရန် အဆင်သင့်ရှိနေသည်။ ယဇ်ကောင်ကို သတ်ရန်လက်မြှောက်သည့်အချိန်တွင် အပြင်းအထန်မြေကြီးလှုပ်လာသည်။ ကြောက်ရွံ့၍၊ ဓားမြှောင်ကိုလွှတ်လိုက်ရာ၊ သိုးသငယ်လွတ်မြောက်သွားသည်။ မြေလျှင်လှုပ်သံထက်ကျယ်သည့် မမြင်နိုင်သောလက်က ဗိမာန်တော်ရှိကန့်လန့်ကာကို အထက်မှအောက်သို့ ဆုတ်ဖြဲသည့်အသံကျယ်ကြီးကို သူကြားရသည်။

မြို့အနှံ့၊ တိမ်မည်းကြီးသည် လက်ဝါးကပ်တိုင်ကိုဖုံးထားသည်။ ထိုအချိန်တွင် ဘုရားသခင်၏ပသခါသိုးသငယ်တည်းဟူသောယေရှုသည် “အမှုပြီးပြီ” ဟုကြွေးကြော်သည်။ သူသည် လောကီသားတို့အပြစ်များအတွက် အသေခံခဲ့သည်။

စစ်မှန်သောအရာသည် ပုံဆောင်သောအရာကိုပြည့်စုံစေခဲ့ပြီ။ ရာစုနှစ်များတစ်လျှောက် ဗိမာန်တော်လုပ်ငန်းများကညွှန်ပြခဲ့သော ထိုဖြစ်ရပ်သည်ဖြစ်လာခဲ့ပြီ။ ကယ်တင်ရှင်သည် သူ၏အပြစ်ဖြေခြင်းယဇ်ကိုပြည့်စုံစေခဲ့ပေပြီ။ စစ်မှန်သောအရာသည် ပုံဆောင်မှုကိုပြည့်စုံစေသောကြောင့်၊ ဤအသေခံခြင်းကို နိမိတ်ပြခဲ့သောဝိနည်းထုံးဖွဲ့များသည် အစားထိုးခံရလေပြီ။ ထို့ကြောင့် ကန့်လန့်ကာသည်စုတ်ပြဲ၍ ဓားမြှောင်လွှတ်ကျကာ၊ သိုးသငယ်လွတ်မြောက်ခဲ့သည်။

သို့သော်၊ ကယ်တင်ခြင်းစီမံကိန်းသည် ဤအရာထက်ပိုသည်။ ၎င်းသည် လက်ဝါးကပ်တိုင်တစ်ဖက်ကမ်းသို့ပင်ရောက်ရှိသည်။ ယေရှု၏ထမြောက်ခြင်းနှင့် ကောင်းကင်သို့တက်ကြွခြင်းတို့သည် ကျွန်ုပ်တို့၏အာရုံကိုကောင်းကင်ဆိုင်ရာ သန့်ရှင်းရာဌာနသို့ရောက်သွားစေသည်။ ထိုနေရာတွင် ယေရှုသည် သိုးသငယ်အဖြစ်မဟုတ်တော့ဘဲ၊ ယဇ်ပုရောဟိတ်အဖြစ်အမှုထမ်းရွက်နေသည်။ သူသည် တစ်ကြိမ်တည်းနှင့်အပြီး ယဇ်ပူဇော်ခဲ့သည် (ဟေဗြဲ၊ ၉း၂၈)။ ယခုတွင် သူသည် ဤအပြစ်ဖြေရာယဇ်၏ အကျိုးကျေးဇူးအားလုံးကိုရရှိနိုင်စေသည်။

## ကောင်းကင်ကသန့်ရှင်းရာဌာနတော်

ဘုရားသခင်သည်မောရှေအား သူ၏ကိန်းဝပ်ရာနေရာကိုတည်ဆောက်ရန် ညွှန်ကြားခဲ့သည် (ထွက်၊ ၂၅း၈)။ ပထမသန့်ရှင်းရာဌာနသည် ပထမ (အဟောင်း) ပဋိညာဉ်တရားအောက်တွင် လုပ်ငန်းလည်ပတ်ခဲ့သည် (ဟေဗြဲ၊ ၉း၁)။ ဤနေရာသည် လူတို့အားကယ်တင်ခြင်းလမ်းစဉ်ကို သင်ပေးသောနေရာဖြစ်သည်။ နှစ်ပေါင်း (၄၀၀) ခန့်

လွန်ပြီးနောက်၊ ရှောလမုန်မင်းကြီးသည် မောရှေ၏ရွှေ့ပြောင်းနိုင်သောတဲတော်ကိုအစား ထိုးသည့် မရွှေ့ပြောင်းနိုင်သောဗိမာန်တော်ကို ယေရုရှလင်မြို့တွင်တည်ဆောက်ခဲ့သည်။ နေဗုခဒ်နေဇာမင်းကြီးသည် ထိုဗိမာန်တော်ကိုဖျက်ဆီးပြီးနောက်၊ ဗာဗုလုန်အချုပ် အနှောင်မှပြန်လာသောသူတို့သည် ဒုတိယဗိမာန်တော်ကိုတည်ဆောက်ပြန်သည်။ ထို ဗိမာန်တော်ကို ဟေရုဒ်မင်းကြီးသည်မွမ်းမံအလှဆင်ခဲ့ပြီး၊ (အေဒီ ၇၀) တွင် ရောမလူများ ကဖျက်ဆီးခဲ့သည်။

ပဋိညာဉ်အသစ်ကလည်း ကောင်းကင်တွင်သန့်ရှင်းရာဌာနတစ်ခုရှိကြောင်းကို ဓမ္မသစ်ကျမ်းကဖော်ပြသည်။ ထိုနေရာတွင် ခရစ်တော်သည် "တန်ခိုးအာနုဘော်တော်၏ ပလ္လင်လက်ယာဘက်မှာ" ယဇ်ပုရောဟိတ်မင်းအဖြစ် အမှုထမ်းလျက်ရှိသည်။ ဤ သန့်ရှင်းရာဌာနသည် "လူမဆောက်ဘဲထာဝရဘုရားဆောက်တော်မူသောတဲတော်စစ်" ဖြစ်သည် (ဟေဗြဲ၊ ၈း၁၊၂)။ သိနာတောင်ပေါ်တွင် မောရှေအားကောင်းကင်သန့်ရှင်းရာ ဌာန၏ "ပုံ" ကိုပြသခဲ့သည် (ထွက်၊ ၂၅း၈၊၉၊၄၀)။ သူဆောက်သောသန့်ရှင်းရာ ဌာနသည် ကောင်းကင်ဘုံ၌ရှိသောအရာတို့၏ "ပုံ၊" "မှန်သောသန့်ရှင်းရာဌာနတို့၏ပုံ" ဖြစ်သည် (ဟေဗြဲ၊ ၉း၂၃၊၂၄)။ ထို့ကြောင့် မြေကြီးဆိုင်ရာသန့်ရှင်းရာဌာနနှင့် ၎င်း၏ လုပ်ငန်းများသည် ကောင်းကင်ဆိုင်ရာသန့်ရှင်းရာဌာန၏လုပ်ငန်းကို အထူးထိုးထွင်း မြင်နိုင်စေသည်။

သမ္မာကျမ်းစာသည် ကောင်းကင်ဆိုင်ရာသန့်ရှင်းဌာန သို့မဟုတ် ဗိမာန်တော် ရှိကြောင်းကိုမှတ်ယူသည် (ဥပမာ ဆာလံ၊ ၁၁း၄။ ၁၀၂း၁၉။ မိက္ခာ၊ ၁း၂၊၃)။ ရူပါရုံ တွင် ဗျာဒိတ်ကျမ်းရေးသောယောဟန်သည် ကောင်းကင်၏သန့်ရှင်းရာဌာနကိုမြင်ခဲ့ သည်။ သူက "ကောင်းကင်ဘုံ၌ သက်သေခံတော်မူချက်ဌာပနာရာတဲတော်ရှိသော ဗိမာန်တော်" (ဗျာ၊ ၁၅း၅) ဟူ၍လည်းကောင်း၊ "ကောင်းကင်ဘုံ၌ ဘုရားသခင်၏ ဗိမာန်တော်" (ဗျာ၊ ၁၁း၁၉) ဟူ၍လည်းကောင်းဖော်ပြသည်။ သူသည် မြေကြီးဆိုင်ရာ တဲတော်၏သန့်ရှင်းသောအခန်းရှိသည့် ပရိဘောဂများကဲ့သို့သောရွှေမီးခွက်ခုနစ်လုံး (ဗျာ၊ ၁း၁၂) နှင့် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင် (ဗျာ၊ ၈း၃) တို့ကိုမြင်ခဲ့သည်။ တဲတော်၏ အသန့်ရှင်းဆုံးသောအခန်း၌ရှိသည့်အရာကဲ့သို့သော ပဋိညာဉ်သေတ္တာကိုလည်းမြင်ခဲ့ သည် (ဗျာ၊ ၁၁း၁၉)။

ကောင်းကင်ဆိုင်ရာနံ့သာပေါင်းရှို့ရာယဇ်ပလ္လင် (ဗျာ၊ ၈း၃။ ၉း၁၃) သည် ဘုရားသခင်၏ကောင်းကင်ဗိမာန်တော်၌ရှိသော (ဗျာ၊ ၄း၂။ ၇း၁၅။ ၁၆း၁၇) ဘုရားသခင်၏ပလ္လင်ရှေ့တွင်တည်ရှိသည်။ ထို့ကြောင့် ကောင်းကင်ဆိုင်ရာ ရာဇပလ္လင် အခန်းမြင်ကွင်းသည် (ဒံ၊ ၇း၉၊၁၀) ကောင်းကင်ဗိမာန်တော် သို့မဟုတ် သန့်ရှင်းရာ ဌာနတော်တွင်ရှိသည် (ဗျာ၊ ၁၅း၅-၈)။

ထို့ကြောင့်၊ သမ္မာကျမ်းစာက ကောင်းကင်ဆိုင်ရာသန့်ရှင်းရာဌာနသည် ပုံဆောင်မှု သို့မဟုတ် စိတ်ကူးသက်သက်မဟုတ်ဘဲ၊ အစစ်အမှန်နေရာအဖြစ်တင်ပြသည်မှာ ရှင်းနေသည်။ ကောင်းကင်သန့်ရှင်းရာဌာနသည် ဘုရားသခင်၏အဓိကကိန်းဝပ်ရာနေရာဖြစ်သည်။

## ကောင်းကင်သန့်ရှင်းရာဌာနထဲကလုပ်ငန်း

သန့်ရှင်းရာဌာန၏သတင်းစကားသည် ကယ်တင်ခြင်းသတင်းစကားဖြစ်သည်။ ဘုရားသခင်သည် ၎င်း၏လုပ်ငန်းများကို ဧဝံဂေလိသတင်းထုတ်ဖော်ကြေညာရန် အသုံးပြုခဲ့သည် (ဟေဗြဲ၊ ၄း၂)။ တဲတော်လုပ်ငန်းများသည် ယေရှုပထမအကြိမ်ကြွလာသည်တိုင်အောင် "မျက်မှောက်ကာလပတ်လုံးပုံပမာဖြစ်၏" (ဟေဗြဲ၊ ၉း၉၊၁၀)။ "ပုံဆောင်မှုနှင့် လုပ်ငန်းစဉ်များအားဖြင့်၊ လောက၏အပြစ်ကိုသယ်ဆောင်မည့် ဘုရားသခင်၏သိုးသငယ်တည်းဟူသော လောကကိုရွေးနုတ်သောအရှင်၏အသေခံခြင်းနှင့် ယဇ်ပုရောဟိတ်လုပ်ငန်းကို ဣသရေလတို့သည်ယုံကြည်ကြရန် ဘုရားသခင်ရည်ရွယ်သည် (ဂလာတိ၊ ၃း၂၃။ ယောဟန်၊ ၁း၂၉)။"

သန့်ရှင်းရာဌာနသည် ခရစ်တော်၏လုပ်ငန်းသုံးဆင့်ဖြစ်သော (၁) အစားထိုးအသေခံခြင်း၊ (၂) ယဇ်ပုရောဟိတ်၏ကြားဖျန်ဖြေခြင်းနှင့် (၃) နောက်ဆုံးတရားစီရင်ခြင်းတို့ဖြစ်သည်။

**အစားထိုးအသေခံခြင်း။** တဲတော်ကယဇ်ပူဇော်မှုအားလုံးသည် အပြစ်ဖြေလွှတ်ခြင်းအတွက် ခရစ်တော်၏သေခြင်းကိုပုံဆောင်ပြီး၊ "အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ" (ဟေဗြဲ၊ ၉း၂၂) ခြင်းကိုဖော်ပြသည်။ ထိုယဇ်ပူဇော်ခြင်းများသည် အောက်ပါသမ္မာတရားများကိုပုံဖော်သည်။

**၁။ အပြစ်အပေါ်ဘုရားသခင်၏တရားစီရင်ခြင်း။** အပြစ်သည် ကောင်းသောအရာ၊ စင်ကြယ်သောအရာနှင့် မှန်ကန်သောအရာအားလုံးကို အနက်ရှိုင်းဆုံးတိုက်ခိုက်နေသည်ဖြစ်ရာ၊ ၎င်းကိုလျစ်လျူရှု၍မရနိုင်ချေ။ "အပြစ်တရား၏အခကား၊ သေခြင်းပေတည်း" (ရောမ၊ ၆း၂၃)။

**၂။ ခရစ်တော်၏အစားထိုးအသေခံခြင်း။** "ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲ..... ကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသောငါတို့၏အပြစ်များကိုသူ့အပေါ်၌တင်တော်မူ၏" (ဟေရှာယ၊ ၅၃း၆)။ "ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း၊ ငါတို့အပြစ်ကြောင့်အသေခံတော်မူ၏" (၁ကော၊ ၁၅း၃)။

**၃။ ဘုရားသခင်သည်အပြစ်ဖြေရာယဇ်ကိုစီစဉ်သည်။** "ယေရှုခရစ်၏အသွေးတော်ကို ယုံကြည်ခြင်းအားဖြင့်၊ ထိုခရစ်တော်ကိုအပြစ်ဖြေစရာအကြောင်းဖြစ်စေခြင်းငှာခန့်ထားတော်မူပြီ" (ရောမ၊ ၃း၂၄၊၂၅၊၂၆)။ "ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူ (ခရစ်တော်) ကို ငါတို့အတွက်ကြောင့်အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း" (၂ကော၊ ၅း၂၁)။ ထို့ကြောင့်၊ "ကျွန်ုပ်တို့သည် ခရစ်တော်ခံထိုက်သောအရာကိုခံရမည်အကြောင်း၊ သူသည် ကျွန်ုပ်တို့ခံထိုက်သောအပြစ်ဒဏ်ကိုခံခဲ့သည်။ ကျွန်ုပ်တို့နှင့်မထိုက်တန်သော သူ၏ဖြောင့်မတ်ခြင်းတရားအားဖြင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှာ သူသည် ကျွန်ုပ်တို့၏အပြစ်များကြောင့် မိမိနှင့်မသက်ဆိုင်သောအပြစ်ဒဏ်စီရင်ခြင်းကိုခံခဲ့သည်။ ကျွန်ုပ်တို့သည် သူ၏အသက်ကိုရနိုင်မည်အကြောင်း၊ သူသည် ကျွန်ုပ်တို့၏အငန်းအတာဖြစ်သော သေခြင်းကိုခံခဲ့သည်။ 'သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည်အနာပျောက်လျက်ရှိကြ၏' (ဟေရှာ၊ ၅၃း၅)။"

မြေကြီးပေါ်ရှိသန့်ရှင်းရာဌာနတွင် ထပ်ခါထပ်ခါယဇ်ပူဇော်ရသည်။ ပုံပြင်ကဲ့သို့ပင်၊ ဤရွေးနုတ်ခြင်းကိုပုံဆောင်သောထုံးတမ်းများကို တစ်နှစ်ပြီးတစ်နှစ်ပြန်၍ပြောပြကြသည်။ ထိုအရာနှင့်ဆန့်ကျင်၍၊ အစစ်အမှန်ဖြစ်သော ကျွန်ုပ်တို့သခင်ဘုရား၏အမှန်အကန်အပြစ်ဖြေရာအသေခံခြင်းသည် ကရာနိကုန်းပေါ်တွင် တစ်ခါတည်းပြီးဆုံးသွားခဲ့သည် (ဟေဗြဲ၊ ၉း၂၆–၂၈။ ၁၀း၁၀–၁၄)။

လက်ဝါးကပ်တိုင်ပေါ်တွင် လူတို့အပြစ်အတွက်အပြစ်ဒဏ်ကို အပြည့်အဝပေးဆပ်ခဲ့ပြီ။ ဘုရားရှင်၏တရားစီရင်ခြင်းသည် အလိုပြည့်စုံသွားခဲ့သည်။ တရားရေးရှုထောင့်မှဆိုရသော်၊ လောကီသားများသည် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်သွားရသည် (ရောမ၊ ၅း၁၈)။ အပြစ်ဖြေခြင်း သို့မဟုတ် ပြန်လည်သင့်မြတ်ခြင်းသည် ယဇ်ပူဇော်ခြင်းများက ပုံနိမိတ်ပြခဲ့သကဲ့သို့လက်ဝါးကပ်တိုင်ပေါ်တွင် ပြည့်စုံသွားခဲ့သည်။ ထိုအခါနောင်တရသောယုံကြည်သူသည် ဤပြီးဆုံးသွားပြီဖြစ်သော ကျွန်ုပ်တို့သခင်ဘုရား၏အမှုကို ယုံကြည်ကိုးစားနိုင်သည်။

**ယဇ်ပုရောဟိတ်ဆိုင်ရာကြားဖျန်ဖြေသူ။** ယဇ်ပူဇော်ခြင်းသည် အပြစ်ကိုဖြေသည်ရှိသော်၊ အဘယ်ကြောင့်ယဇ်ပုရောဟိတ်လိုအပ်သနည်း။ ယဇ်ပုရောဟိတ်၏လုပ်ငန်းသည် အပြစ်သားများနှင့် သန့်ရှင်းသောဘုရားသခင်အကြား ကြားဖျန်ဖြေခြင်းလိုအပ်ချက်ကိုအာရုံရောက်သွားစေသည်။ ယဇ်ပုရောဟိတ်၏ကြားဖျန်ဖြေခြင်းသည် အပြစ်၏ကြီးလေးမှုကိုလည်းကောင်း၊ အပြစ်မဲ့သောဘုရားသခင်နှင့် အပြစ်ရှိသူအကြား စိမ်းကားမှုကိုလည်းကောင်းဖော်ပြသည်။ "ယဇ်ပူဇော်ခြင်းအားလုံးသည် ခရစ်တော်၏သေခြင်းကိုပုံနိမိတ်ပြခဲ့သကဲ့သို့၊ ယဇ်ပုရောဟိတ်တိုင်းသည်လည်း ကောင်းကင်သန့်ရှင်းရာ

ဌာနတွင် ယဇ်ပုရောဟိတ်မင်းအဖြစ် ခရစ်တော်၏ကြားဖျန်ဖြေခြင်းအလုပ်ကို နိမိတ်ပြခဲ့သည်။ 'ဘုရားသခင်နှင့်လူတို့စပ်ကြားမှာ၊ လူဖြစ်သောယေရှုခရစ်တည်းဟူသောအာမခံတစ်ဦးတည်းရှိ၏' (၁တိ၊ ၂း၅)။"

**၁။ ကြားဖျန်ဖြေသူနှင့်အပြစ်ဖြေခြင်း။** ယဇ်ပုရောဟိတ်၏ကြားဖျန်ဖြေခြင်းဆိုင်ရာအမှုကိုထမ်းရွက်နေစဉ် အပြစ်ဖြေသောအသွေးကိုသုတ်လိမ်းခြင်းသည်လည်း အပြစ်ဖြေခြင်းပုံစံအဖြစ်မြင်နိုင်သည် (ဝတ်၊ ၄း၃၅)။ အပြစ်ဖြေခြင်းဟူသောဝေါဟာရသည် စိမ်းကားနေသောနှစ်ဦးနှစ်ဖက်အကြား ပြန်လည်ရင်ကြားစေ့သင့်မြတ်ခြင်းကိုဆိုလိုသည်။ ခရစ်တော်၏အပြစ်ဖြေရာအသေခံခြင်းသည် လောကီသားများကို ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်စေသကဲ့သို့၊ သူ၏ကြားဖျန်ဖြေခြင်း သို့မဟုတ် သူ၏အပြစ်မဲ့သောအသက်တာကို အကျိုးသက်ရောက်စေခြင်းနှင့် အစားထိုးသေခြင်းသည် ယုံကြည်သူကိုဘုရားသခင်နှင့် ပြန်လည်သင့်မြတ်စေသည် သို့မဟုတ် သူ၏အပြစ်ကိုဖြေသည်မှာသူ့အတွက်အမှန်တကယ်ဖြစ်စေသည်။

လေဝိသားတို့၏ယဇ်ပုရောဟိတ်လုပ်ငန်းသည် အသေခံကတည်းကထမ်းဆောင်ခဲ့သော ခရစ်တော်၏ကယ်တင်ခြင်းလုပ်ငန်းကို သရုပ်ဖော်သည်။ ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းသည် "ကောင်းကင်ဘုံ၌တန်ခိုးအာနုဘော်တော်၏ ပလ္လင်လက်ယာဘက်မှာ...... လူမဆောက်ဘဲ ထာဝရဘုရားဆောက်တော်မူသော တဲတော်စစ်တည်းဟူသော၊ သန့်ရှင်းရာဌာန၌ ဘုရားဝတ်ကိုပြုသောသူဖြစ်တော်မူ၏" (ဟေဗြဲ၊ ၈း၁၊၂)။

ကောင်းကင်သန့်ရှင်းရာဌာနသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ခရစ်တော်၏ယဇ်ပုရောဟိတ်ဆိုင်ရာလုပ်ငန်းထမ်းဆောင်သောနေရာ၊ မဟာကွပ်ကဲရာဌာနဖြစ်သည်။ "အကြင်သူသည် ယေရှုအားဖြင့် ဘုရားသခင့်အထံတော်သို့ချဉ်းကပ်ကြ၏။ ထိုသူ၏အမှုကို ကိုယ်တော်သည်စောင့်လျက်၊ ကာလအစဉ်အသက်ရှင်သောကြောင့်၊ သူတို့ကိုအစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူ၏" (ဟေဗြဲ၊ ၇း၂၅)။ ထို့ကြောင့်၊ ကျွန်ုပ်တို့အား "သနားခြင်းကရုဏာကိုလည်းကောင်း၊ တော်လျော်သောမစခြင်းကျေးဇူးတော်ကိုလည်းကောင်း ခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြ" (ဟေဗြဲ၊ ၄း၁၆) ရန် တိုက်တွန်းထားသည်။

တဲတော်တွင် ယဇ်ပုရောဟိတ်များသည် ကွဲပြားသောလုပ်ငန်းနှစ်ခုကို ထမ်းဆောင်ခဲ့ကြသည်။ ၎င်းတို့မှာ သန့်ရှင်းသောအခန်း သို့မဟုတ် ပထမအခန်းတွင် နေ့စဉ်အမှုထမ်းခြင်းနှင့် အသန့်ရှင်းဆုံးအခန်း သို့မဟုတ် ဒုတိယအခန်းတွင် နှစ်စဉ်အမှုထမ်းဆောင်ခြင်းတို့ဖြစ်သည်။ ထိုလုပ်ငန်းများသည် ခရစ်တော်၏ယဇ်ပုရောဟိတ်လုပ်ငန်းကို သရုပ်ဖော်ခဲ့သည်။

**၂။ သန့်ရှင်းသောအခန်း၌အမှုထမ်းခြင်း။** တဲတော်၏သန့်ရှင်းသောအခန်း၌ ဆောင်ရွက်သော ယဇ်ပုရောဟိတ်၏လုပ်ငန်းသည် ကြားဖျန်ဖြေခြင်း၊ အပြစ်ခွင့်လွှတ်ခြင်း၊ ပြန်လည်သင့်မြတ်ခြင်းနှင့် ပြန်လည်အသစ်ဖြစ်စေခြင်းတို့ကိုသရုပ်ဖော်သည်။ အစဉ်ဆောင်ရွက်သောအမှုသည် ယဇ်ပုရောဟိတ်မှတစ်ဆင့် ဘုရားသခင်ထံသို့ အစဉ်ရောက်ရှိနိုင်ကြောင်းကိုပြသသည်။ နောင်တရသောအပြစ်သားသည် ကြားဖျန်ဖြေသူအဖြစ် ခရစ်တော်၏ယဇ်ပုရောဟိတ်လုပ်ငန်းအားဖြင့် ဘုရားသခင်ထံသို့ချက်ချင်းနှင့်အမြဲတမ်းရောက်ရှိနိုင်သည်ဟူသောအမှန်တရားကို ၎င်းကပုံဆောင်ခဲ့သည် (ဧဖက်၊ ၂း၁၈၊ ဟေဗြဲ၊ ၄း၁၄–၁၆။ ၇း၂၅။ ၉း၂၄။ ၁၀း၁၉–၂၂)။

နောင်တရသောအပြစ်သားသည် ယဇ်ကောင်နှင့်သန့်ရှင်းရာဌာနကိုလာသောအခါ၊ သူသည် မိမိလက်ကိုအပြစ်မဲ့သောတိရစ္ဆာန်အပေါ်တင်၍၊ မိမိအပြစ်ကိုဝန်ချတောင်းပန်သည်။ ဤလုပ်ဆောင်မှုသည် သူ၏အပြစ်နှင့် ၎င်း၏အကျိုးဆက်ကိုယဇ်ကောင်ထံသို့ပြောင်းသည်ဟုအမှတ်သညာဖြင့် သရုပ်ဖော်သည်။ ထိုသို့ဖြင့် သူသည် အပြစ်မှခွင့်လွှတ်ခြင်းကိုရရှိသည်။ ယုဒစွယ်စုံကျမ်းတွင် ဤသို့ဖော်ပြသည်။ "ယဇ်ကောင်၏ခေါင်းပေါ်တွင် လက်ကိုတင်ခြင်းသည် အစားထိုးခြင်းနှင့် အပြစ်များပြောင်းရွှေ့ခြင်းတို့ကို အကျိုးသက်ရောက်မှုရှိစေသောသာမန်လုပ်ထုံးဖြစ်သည်။" "ယဇ်ပူဇော်ခြင်းအားလုံးတွင် အစားထိုးခြင်းဟူသောသဘောတရားရှိသည်။ ယဇ်ကောင်သည် လူသားအပြစ်သားကိုအစားထိုးသည်။"

အပြစ်ဖြေရာယဇ်ကောင်၏အသွေးကို နှစ်မျိုးနှစ်စားကျင့်သုံးသည်။ (၁) အကယ်၍ ၎င်းကိုသန့်ရှင်းသောအခန်းသို့ယူသွားခဲ့သော်၊ အတွင်းကန့်လန့်ကာရှေ့တွင် ပက်ဖျန်း၍၊ နံ့သာပေါင်းရှို့ရာယဇ်ပလ္လင်၏ဦးချိုတွင် သုတ်လိမ်းသည် (ဝတ်၊ ၄း၆၊၇၊၁၇၊၁၈)။ (၂) အကယ်၍ ၎င်းကိုတဲတော်သို့မယူသွားခဲ့သော်၊ တဲတော်ပရိဝုဏ်အတွင်းရှိ မီးရှို့ရာယဇ်ပလ္လင်၏ဦးချိုများတွင် သုတ်လိမ်းသည် (ဝတ်၊ ၄း၂၅၊၃၀)။ ဤသို့ပြုလျှင်၊ ယဇ်ပုရောဟိတ်သည် ယဇ်ကောင်၏အသားတစ်စိတ်တစ်ပိုင်းကိုစားရသည် (ဝတ်၊ ၆း၂၅၊၂၆၊၃၀)။ အထက်ပါလုပ်နည်းနှစ်ရပ်တွင်၊ ပါဝင်သူများက သူတို့၏အပြစ်များနှင့် တာဝန်ခံမှုသည် သန့်ရှင်းရာဌာနနှင့် ယဇ်ပုရောဟိတ်တို့၌ ပြောင်းရွှေ့သွားကြောင်းကိုနားလည်ကြသည်။

"ဤပုံပမာဆောင်သောလုပ်ထုံးများတွင်၊ နောင်တရသောသူသည် အပြစ်ဖြေရာယဇ်ကိုပူဇော်၍၊ မိမိအမှားများကိုဝန်ခံသောအခါ၊ သန့်ရှင်းရာဌာနသည် နောင်တရသောသူ၏အပြစ်နှင့်တာဝန်ခံမှုတို့ကို ခဏတာတာဝန်ယူထားသည်။ သူသည် အပြစ်ပြေလျက်ထွက်သွားပြီး၊ ဘုရားသခင်၏လက်ခံမှုကိုယုံကြည်စိတ်ချသည်။ ထို့သို့ဖြင့် အပြစ်သားတစ်ယောက်ကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်ကိုမိမိကယ်တင်ရှင်နှင့်အရှင်သခင်အဖြစ်လက်ခံရန် နောင်တတရားသို့ဆွဲခေါ်သောအခါ၊ ခရစ်တော်သည် သူ၏အပြစ်များနှင့် တာဝန်ခံမှုတို့ကိုတာဝန်ယူသည်။ သူသည် အခမဲ့အပြစ်လွှတ်ခြင်းခံရသည်။ ခရစ်တော်သည် ယုံကြည်သူ၏အာမခံသူနှင့် သူ၏အစားထိုးသူဖြစ်သည်။"

ပုံဆောင်သောအရာနှင့် အစစ်အမှန်တို့တွင် သန့်ရှင်းသောအခန်း၌ဆောင်ရွက်သောအမှုသည် တစ်ဦးတစ်ယောက်စီကို အဓိကဦးတည်သည်။ ခရစ်တော်၏ယဇ်ပုရောဟိတ်လုပ်ငန်းသည် အပြစ်သား၏ခွင့်လွှတ်ခြင်း၊ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းတို့ကိုစီမံပေးသည် (ဟေဗြဲ၊ ၇း၂၅)။ "ခရစ်တော်အဖို့အလိုငှာ၊ ဘုရားသခင်သည် နောင်တရသောအပြစ်သားကိုခွင့်လွှတ်သည်။ မိမိသားတော်၏ဖြောင့်မတ်သောစာရိတ္တနှင့်နားထောင်ခြင်းကို ထိုသူအားပေးသည်။ သူ၏အပြစ်များကိုခွင့်လွှတ်၍၊ သူ၏နာမည်ကိုအသက်စာစောင်တွင် သူ့၏သားအဖြစ်ရေးမှတ်လေသည် (ဧဖက်၊ ၄း၃၂။ ၁ယော၊ ၁း၉။ ၂ကော၊ ၅း၂၁။ ရောမ၊ ၃း၂၄။ လုကာ၊ ၁၀း၂၀)။ ယုံကြည်သူသည် ခရစ်တော်၌တည်သောအခါ၊ ကျွန်ုပ်တို့၏သခင်ဘုရားသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဝိညာဉ်ရေးကျေးဇူးတော်ကို သူ့အားပြန်ဆက်သွယ်ပေးသည်။ ထိုသို့ဖြင့် သူသည် ဝိညာဉ်ရေးအရကြီးထွား၍၊ ဘုရားရှင်၏ပုံသဏ္ဍာန်ကိုထင်ဟပ်စေသောပါရမီများနှင့် ကျေးဇူးတရားများကိုတိုးတက်စေသည် (၂ပေ၊ ၃း၁၈။ ဂလာ၊ ၅း၂၂၊၂၃)။"

သန့်ရှင်းသောအခန်းထဲကလုပ်ဆောင်မှုများသည် အပြစ်သား၏ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်းကိုဖြစ်စေသည်။

**နောက်ဆုံးတရားစီရင်ခြင်း။** အပြစ်ဖြေရာနေ့တွင် ဆောင်ရွက်သောအမှုသည် ဘုရားသခင်၏နောက်ဆုံးတရားစီရင်ခြင်းအဆင့် (၃) ဆင့်ကိုသရုပ်ဖော်သည်။ ၎င်းတို့မှာ (၁) "နှစ်ပေါင်းတစ်ထောင်မတိုင်မီတရားစီရင်ခြင်း" သို့မဟုတ် "စစ်ကြောစီရင်ခြင်း" ဟုခေါ်သော "မကြွလာမီတရားစီရင်ခြင်း၊" (၂) "နှစ်ပေါင်းတစ်ထောင်တရားစီရင်ခြင်း" နှင့် (၃) နှစ်ပေါင်းတစ်ထောင်အဆုံး၌ ဖြစ်ပျက်မည့် "စီရင်ဆုံးဖြတ်ခြင်း" တို့ဖြစ်ကြသည်။


**၁။ အသန့်ရှင်းဆုံးအခန်းထဲကလုပ်ငန်း။** ယဇ်ပုရောဟိတ်လုပ်ငန်း၏ဒုတိယအပိုင်းသည် အဓိကအားဖြင့်၊ တဲတော်ကိုဗဟိုပြု၍၊ သန့်ရှင်းရာဌာနနှင့် ဘုရားသခင်၏လူတို့သန့်ရှင်းစင်ကြယ်စေခြင်းကိုမဏ္ဍိုင်ပြုသည်။ ဤလုပ်ငန်းပုံစံသည် တဲတော်၏အသန့်ရှင်းဆုံးအခန်းကိုဗဟိုပြု၍၊ ယဇ်ပုရောဟိတ်မင်းကသာ ဆောင်ရွက်နိုင်ပြီး၊ ဘာသာရေးပြက္ခဒိန်၏ ရက်စွဲတစ်ရက်ဖြင့်သာကန့်သတ်ထားသည်။

သန့်ရှင်းရာဌာနကိုဆေးကြောရာတွင် ထာဝရဘုရားအဖို့ဆိတ်နှင့် လွတ်လပ်လဟာအဖို့ဆိတ် (Azazel in Hebrew) ဟူ၍ ဆိတ်နှစ်ကောင်လိုအပ်သည်။ ယဇ်ပုရောဟိတ်မင်းသည် ထာဝရဘုရားအဖို့ဆိတ်ကိုပူဇော်၍၊ "သန့်ရှင်းရာဌာနတော် (အသန့်ရှင်းဆုံးအခန်း) အဖို့၊ ပရိသတ်စည်းဝေးရာတဲတော် (သန့်ရှင်းသောအခန်း) အဖို့၊ ယဇ်ပလ္လင် (တဲတော်ပရိဝုဏ်) အဖို့ အပြစ်ဖြေခြင်းကိုပြီးစီးစေသည်" (ဝတ်၊ ၁၆း၂၀။ ၁၆း၁၆–၁၈)။

ခရစ်တော်၏အသွေးကိုပုံဆောင်သော ထာဝရဘုရားအဖို့ဆိတ်၏အသွေးကို အသန့်ရှင်းဆုံးသောအခန်းကိုယူသွား၍၊ ယဇ်ပုရောဟိတ်မင်းသည် ဘုရားသခင်ရှိရာကရုဏာပလ္လင်တည်းဟူသော ပညတ်တော်ဆယ်ပါးထည့်ထားသော ပဋိညာဉ်သေတ္တာတော်၏

အဖုံးပေါ်တွင် ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်၏တောင်းဆိုမှုကို ဖြည့်ဆည်းရန်ပက်ဖျန်းသည်။ သူ၏လုပ်ဆောင်မှုသည် ကျွန်ုပ်တို့အတွက် ခရစ်တော်ပေးဆပ်ခဲ့သည့် အတိုင်းမသိတန်ဖိုးကိုပုံဆောင်ပြီး၊ ဘုရားသခင်သည် မိမိလူတို့နှင့်ပြန်လည်သင့်မြတ်ရန် မည်မျှစိတ်အားထက်သန်ကြောင်းကိုဖော်ပြသည် (၂ကော၊ ၅း၁၉)။ ထိုနောက် သူသည် ဤအသွေးကိုနံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်တွင် သုတ်လိမ်းသည်။ ဤပလ္လင်ပေါ်တွင် တစ်နှစ်ပတ်လုံးသုတ်လိမ်းခဲ့သောအသွေးသည် ဝန်ချတောင်းပန်ခဲ့သောအပြစ်များကိုပုံဆောင်သည်။ ထိုသို့ဖြင့် ယဇ်ပုရောဟိတ်မင်းသည် သန့်ရှင်းရာဌာနနှင့်လူတို့အတွက်အပြစ်ဖြေခြင်းကိုပြုလုပ်ခဲ့ပြီး၊ ၎င်းတို့ကိုသန့်ရှင်းစင်ကြယ်စေခဲ့သည် (ဝတ်၊ ၁၆း၁၆–၂၀၊၃၀–၃၃)။

## ဟေဗြဲသန့်ရှင်းရာဌာန၏ပုံစံ




ထို့နောက်၊ ကြားဖျန်ဖြေသူအဖြစ် ခရစ်တော်ကိုပုံဆောင်သောယဇ်ပုရောဟိတ်မင်းသည် သန့်ရှင်းရာဌာနကိုညစ်ညူးစေသောအပြစ်များကို မိမိအပေါ်ယူတင်၍၊ တစ်ဖန်အသက်ရှင်သောအဇာဇယ် (Azazel) ဆိတ်ပေါ်သို့ပြောင်းရွှေ့ကာ၊ ဘုရားသခင်၏လူတို့နေထိုင်ရာစခန်းမှ အဝေးသို့လွှတ်လိုက်သည်။ ဤလုပ်ဆောင်မှုသည် နေ့စဉ်အပြစ်ဖြေခြင်းလုပ်ငန်းမှယဇ်ကောင်၏အသွေး သို့မဟုတ် အသားအားဖြင့်၊ နောင်တရသောယုံကြည်သူတို့ထံမှ သန့်ရှင်းရာဌာနသို့ပုံဆောင်၍ ပြောင်းရွှေ့လိုက်သောလူတို့၏အပြစ်များကိုဖယ်ရှားခဲ့သည်။ ဤနည်းအားဖြင့် သန့်ရှင်းရာဌာနသည် စင်ကြယ်သွားခဲ့ပြီ၊ နောက်တစ်နှစ်၏လုပ်ငန်းအတွက် ပြင်ဆင်ထားနှင့်သည် (ဝတ်၊ ၁၆း၁၆–၂၀၊၃၀–၃၃)။ ထိုသို့ဖြင့် အရာအားလုံးသည် ဘုရားသခင်နှင့်သူ၏လူတို့အကြားတွင် ပြေလည်သွားခဲ့သည်။

ထို့ကြောင့်၊ အပြစ်ဖြေရာနေ့သည် အပြစ်ကိုအမြစ်ဖြတ်သောတရားစီရင်ခြင်းကို သရုပ်ပြသည်။ ဤနေ့တွင် လုပ်ဆောင်သောအပြစ်ဖြေခြင်းသည် "အပြစ်ရှိနေခြင်းကို ထာဝရကာလတစ်လျှောက်ထုတ်ပစ်ရန်နှင့် ဘုရားသခင်၏အုပ်စိုးမှုအောက်တွင် စကြဝဠာတစ်ခုလုံးသည် တညီတညွတ်တည်း အပြည့်အဝပြန်လည်သင့်မြတ်ခြင်းကိုဖြစ်မြောက်စေရန် ခရစ်တော်၏ဖြောင့်မတ်ခြင်းကို နောက်ဆုံးအကျိုးသက်ရောက်စေခြင်းကို နိမိတ်ပြခဲ့သည်။"

**၂။ အဇာဇယ်တည်းဟူသောလွတ်လပ်လဟာဆိတ်။** "လွတ်လပ်လဟာဆိတ်" ဟူ၍ ဘာသာပြန်ဆိုသောဟေဗြဲစကားလုံး "အဇာဇယ်" (azazel) သည် "အဝေးသို့လွှတ်လိုက်သောဆိတ်" ဟူ၍အဓိပ္ပါယ်ရသည် (ဝတ်၊ ၁၆း၈)။ ဝတ်ပြုရာကျမ်း ၁၆ ကိုအသေအချာလေ့လာခြင်းက အဇာဇယ်သည် လူတချို့ထင်သကဲ့သို့ ခရစ်တော်ကို မပုံဆောင်ဘဲ၊ စာတန်အားကိုယ်စားပြုကြောင်းကိုဖော်ပြသည်။ ဤအနက်ဖွင့်ဆိုချက်ကို ထောက်ပံ့ပေးသောအကြောင်းပြချက်များမှာ၊ "(၁) လွတ်လပ်လဟာဆိတ်သည် ယဇ်ပူဇော်ရာအဖြစ်အသတ်မခံရချေ။ 'အသွေးမသွန်းလောင်းဘဲအပြစ်လွှတ်ခြင်းမရှိ' (ဟေဗြဲ၊ ၉း၂၂)၊ (၂) လွတ်လပ်လဟာဆိတ်ကို ထုံးတမ်းနှင့်အညီမဆောင်ရွက်မီ၊ ထာဝရဘုရားအဖို့ဆိတ်၏အသွေးဖြင့် သန့်ရှင်းရာဌာနကိုလုံးလုံးစင်ကြယ်စေခဲ့ပြီ (ဝတ်၊ ၁၆း၂၀)။ (၃) ကျမ်းချက်သည် လွတ်လပ်လဟာဆိတ်ကို ဘုရားသခင်နှင့်ဆန့်ကျင်သောပုဂ္ဂိုလ်အဖြစ် ဖော်ပြသည်။ (ဝတ်၊ ၁၆း၈– ထိုဆိတ်နှစ်ကောင်ကို ထာဝရဘုရားအဖို့နှင့် လွတ်လပ်လဟာအဖို့စာရေးတံချသည်။) ထို့ကြောင့်၊ တဲတော်လုပ်ငန်း၏ပုံဆောင်မှုသည် ထာဝရဘုရားအဖို့ဆိတ်ကို ခရစ်တော်အားပုံဆောင်သောအရာအဖြစ်လည်းကောင်း၊ လွတ်လပ်လဟာဆိတ်တည်းဟူသောအဇာဇယ်ကို စာတန်အားပုံဆောင်သောအရာအဖြစ်လည်းကောင်း ရှုမြင်ရန်မှာ ပိုမိုလိုက်လျောမှုရှိသည်။"

**၃။ ခြားနားသောတရားစီရင်ခြင်းအဆင့်များ။** အပြစ်ဖြေရာနေ့တွင် လွတ်လပ်လဟာဆိတ်နှင့်ဆိုင်သော လုပ်ထုံးများသည် ကရာနိတစ်ဖက်ကမ်း၊ အပြစ်ပြဿနာနောက်ဆုံးပြီးဆုံးမည့်အချိန်၊ အပြစ်တရားနှင့် စာတန်အားရှင်းပစ်မည့်ကာလကိုညွှန်ပြခဲ့သည်။ "အပြစ်အတွက်အပြည့်အဝတာဝန်ခံမှုသည် အပြစ်ကိုအစပြုသူနှင့် လှုံ့ဆော်သူစာတန်အပေါ်သို့ပြန်လိမ့်သွားလိမ့်မည်။ စာတန်နှင့်သူ၏နောက်လိုက်များနှင့်အတူ အပြစ်၏အကျိုးဆက်အားလုံးကို ဖျက်ဆီးပစ်ခြင်းအားဖြင့် စကြဝဠာမှရှင်းထုတ်ပစ်လိမ့်မည်။ ထို့ကြောင့်၊ တရားစီရင်ခြင်းအားဖြင့် အပြစ်ဖြေလွှတ်ခြင်းသည် အပြည့်အဝပြန်လည်သင့်မြတ်ခြင်းနှင့် စကြဝဠာတစ်ခုလုံးကို သဟဇာတဖြစ်စေလိမ့်မည် (ဧဖက်၊ ၁း၁၀)။ ဤအရာသည် ကောင်းကင်သန့်ရှင်းရာဌာနတွင် ခရစ်တော်၏ယဇ်ပုရောဟိတ်လုပ်ငန်း၏ ဒုတိယနှင့် နောက်ဆုံးအဆင့်၏ရည်ရွယ်ချက်ဖြစ်သည်။" ဤတရားစီရင်ခြင်းသည် ဘုရားသခင်၏နောက်ဆုံးသက်သေထူခြင်းကို စကြဝဠာရှေ့တွင်ပြသလိမ့်မည်။

အပြစ်ဖြေရာနေ့သည် နောက်ဆုံးတရားစီရင်ခြင်း၏အဆင့်သုံးဆင့်ကို သရုပ်ပြသည်။

**က။** သန့်ရှင်းရာဌာနမှအပြစ်များကိုဖယ်ရှားခြင်းသည် ပထမ သို့မဟုတ် ခရစ်တော်မကြွလာမီ တရားစီရင်ခြင်းတည်းဟူသော တရားစီရင်ခြင်း၏စုံစမ်းစစ်ဆေးခြင်းအဆင့်နှင့်ဆက်စပ်သည်။ "အပြစ်ဖြေရာနေ့တွင် နောင်တရသောသူ၏ဝန်ခံသောအပြစ်များကို သန့်ရှင်းရာဌာနမှဖယ်ရှားခြင်းအပေါ် အာရုံစိုက်သကဲ့သို့၊ ၎င်းသည် အသက်စာစောင်တွင် နာမည်များရေးမှတ်ခြင်းကိုမီးမောင်းထိုးပြသည်။ မှားယွင်းသောယုံကြည်သူများကို ဆန်ခါချပစ်လိမ့်မည်။ စစ်မှန်သောယုံကြည်သူတို့၏ယုံကြည်ခြင်း၊ ခရစ်တော်နှင့်အတူပေါင်းစည်းခြင်းတို့သည် သစ္စာရှိသောစကြဝဠာရှေ့တွင် ထပ်လောင်းအတည်ပြုလိမ့်မည်။ ပြီးနောက် သူတို့၏အပြစ်မှတ်တမ်းများကို လုံးဝမေ့ပစ်လိုက်မည်။"

**ခ။** လွတ်လပ်လဟာဆိတ်ကို တောထဲသို့မောင်းထုတ်ပစ်လိုက်ခြင်းသည် ဤလူသူကင်းမဲ့သောမြေကြီးပေါ်တွင် စာတန်အားအနှစ်တစ်ထောင်အကျဉ်းချခြင်းကိုပုံဆောင်သည်။ ၎င်းသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာချိန်တွင်အစပြု၍၊ ကောင်းကင်၌စီရင်မည့်နောက်ဆုံးတရားစီရင်ခြင်း၏ ဒုတိယအဆင့်နှင့်တစ်ထပ်တည်းကျသည် (ဗျာ၊ ၂၀း၄။ ၁ကော၊ ၆း၁–၃)။ ဤနှစ်ပေါင်းတစ်ထောင်ဆိုင်ရာတရားစီရင်ခြင်းသည် ဆိုးယုတ်သောသူတို့အပေါ် တရားစီရင်ခြင်းကိုပြန်လည်ဆန်းစစ်ခြင်းပါဝင်သည်။ ၎င်းသည် ရွေးနုတ်ခံသူတို့အား အပြစ်တရားနှင့်ကယ်တင်ခြင်းမခံရသောအပြစ်သားများအပေါ် ဘုရားသခင်ကိုင်တွယ်ပုံကိုသိမြင်ရသောအခွင့်ရရှိကြလိမ့်မည်။ ဘုရားသခင်၏သနားခြင်းကရုဏာနှင့်တရားမျှတခြင်းအကြောင်း ရွေးနုတ်ခံသူများက မေးနိုင်သည့်မေးခွန်းအားလုံးကို ၎င်းက အဖြေပေးသွားလိမ့်မည်။

**ဂ။** သန့်ရှင်းစင်ကြယ်သောစခန်းသည် တရားစီရင်ခြင်း၏တတိယ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းအဆင့်၏ရလဒ်ကိုပုံဆောင်သည်။ မီးသည် ဆိုးယုတ်သောသူတို့ကို ဖျက်ဆီးသောအခါ၊ ကမ္ဘာမြေကိုသန့်ရှင်းစင်ကြယ်စေသည် (ဗျာ၊ ၂၀း၁၁–၁၅။ မဿဲ၊ ၂၅း၃၁–၄၆။ ၂ပေ၊ ၃း၇–၁၃)။

## အနာဂတ္တိစကားထဲကကောင်းကင်သန့်ရှင်းရာဌာန

အထက်ပါဆွေးနွေးခန်းတွင် ပုံဆောင်သောအရာနှင့် အစစ်ဖြစ်သောအရာရှုထောင့်မှ သန့်ရှင်းရာဌာနအကြောင်းကို အာရုံစိုက်ခဲ့ကြသည်။

**ကောင်းကင်သန့်ရှင်းရာဌာနကိုဆီလိမ်းခြင်း။** ဒံယေလအနာဂတ္တိကျမ်း (၉) ၏အပတ်ပေါင်း (၇၀) အနာဂတ္တိကျမ်းစကားသည် ကောင်းကင်သန့်ရှင်းရာဌာနတွင် ခရစ်တော်၏ယဇ်ပုရောဟိတ်လုပ်ငန်းဖွင့်လှစ်ခြင်းကိုညွှန်ပြသည်။ နှစ်ပေါင်း (၄၉၀) အတွင်း ဖြစ်ပျက်

ခဲ့သောဖြစ်ရပ်တစ်ခုမှာ "အလွန်သန့်ရှင်းသောအရပ်ဌာနကိုလိမ်းစေခြင်း" ဖြစ်သည် (ဒံ၊ ၉း၂၄)။ "အလွန်သန့်ရှင်းသောအရပ်ဌာန" ဟူ၍ ဘာသာပြန်ဆိုသောဟေဗြဲစကားလုံး ခိုဒဲရှ်ခိုဒဲရှင်း (qodesh qodeshim) သည် "အသန့်ရှင်းဆုံး" ဟူ၍အဓိပ္ပါယ်ရသည်။ ထို့ကြောင့် ၎င်းစကားစုကို "အသန့်ရှင်းဆုံးကိုဆီလိမ်းသည်" သို့မဟုတ် "အသန့်ရှင်းဆုံး အခန်းကိုဆီလိမ်းသည်" ဟူ၍ဘာသာပြန်ဆိုလျှင် သာ၍ကောင်းပေလိမ့်မည်။

မြေကြီးပေါ်ရှိသန့်ရှင်းရာဌာနကိုဖွင့်လှစ်ချိန်အတွင်း၊ ၎င်း၏လုပ်ငန်းများအတွက် ၎င်းကိုဆက်ကပ်ရန် သန့်ရှင်းသောဆီလိမ်းသကဲ့သို့၊ ကောင်းကင်သန့်ရှင်းရာဌာနကိုဖွင့် လှစ်ရာတွင် ခရစ်တော်၏ကြားဖျန်ဖြေခြင်းလုပ်ငန်းအတွက်ဆက်ကပ်ရန် ၎င်းကိုဆီလိမ်းရန် လိုအပ်သည်။ အသေခံပြီးမကြာမီ ကောင်းကင်သို့တက်ကြွခြင်းနှင့်အတူ (ဒံ၊ ၉း၂၇)၊ ခရစ်တော်သည် သူ၏လုပ်ငန်းကို ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းနှင့် ကြားဖျန်ဖြေသူ အဖြစ်စတင်ခဲ့သည်။

**ကောင်းကင်သန့်ရှင်းရာဌာနကိုဆေးကြောခြင်း။** ကောင်းကင်သန့်ရှင်းရာ ဌာနကိုဆေးကြောခြင်းနှင့်သက်ဆိုင်၍ ဟေဗြဲဩဝါဒစာကဤသို့ဆိုသည်။ "ခပ်သိမ်းသော အရာတို့ကို ကုန်မတတ်အသွေးအားဖြင့်စင်ကြယ်စေတတ်၏။ အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ။ ထိုကြောင့်၊ ကောင်းကင်ဘုံ၌ရှိသောအရာတို့၏ပုံများ [မြေကြီးပေါ်ရှိ သန့်ရှင်းရာဌာန] ကို ထိုသို့သောယဇ်ပူဇော်ခြင်း [ယဇ်ကောင်၏အသွေး] အားဖြင့်စင်ကြယ် စေရသည်ဖြစ်၍၊ ကောင်းကင်အရာတို့ [ကောင်းကင်သန့်ရှင်းရာဌာန ] ကို သာ၍မြတ်သော ယဇ်ပူဇော်ခြင်း [ခရစ်တော်၏အဖိုးထိုက်သောအသွေး] အားဖြင့် စင်ကြယ်စေရ၏" (ဟေဗြဲ၊ ၉း၂၂၊၂၃)။

ကျမ်းစာအနက်ဖွင့်သူတချို့တို့သည် ဤကျမ်းစာ၏သွန်သင်ချက်ကိုဂရုပြုခဲ့ကြ သည်။ "ကောင်းကင် [သန့်ရှင်းရာဌာန] ကိုယ်၌က ခရစ်တော်၏အပြစ်ဖြေရာအသွေးအား ဖြင့် သန့်ရှင်းစင်ကြယ်ခြင်းကို လိုအပ်ခဲ့သည်၊ ရလည်းရရှိခဲ့သည်။" "ကောင်းကင်အရာ များပင်လျှင် လူသားတို့အနာဂတ်အသက်တာ၏အခြေအနေများကို ပုံဖော်ပေးသည်ဖြစ်ရာ၊ အပြစ်ကူးစက်သောအရာသည် ဆေးကြောရန်လိုအပ်သည်။ မြေကြီးပေါ်ရှိသန့်ရှင်းရာဌာန ၏အစစ်ဖြစ်သော ကောင်းကင်သန့်ရှင်းရာဌာနကို ဆေးကြောသောအရာမှာ ခရစ်တော် ၏အသွေးဖြစ်သည်။"

ဘုရားသခင့်လူတို့၏အပြစ်များကို ယုံကြည်ခြင်းအားဖြင့် အပြစ်ဖြေရာယဇ်ကောင် အပေါ်သို့တင်၍၊ ပုံဆောင်ခြင်းဖြင့် သန့်ရှင်းရာဌာနသို့ပြောင်းရွှေ့သည်။ ထိုနည်းတူ၊ ပဋိညာဉ်အသစ်အောက်တွင် နောင်တရသောသူ၏ဝန်ခံသောအပြစ်များကို ယုံကြည်ခြင်းအားဖြင့် ခရစ်တော်အပေါ်တွင်တင်လျက်ရှိသည်။

အပြစ်ဖြေရာနေ့တွင် သန့်ရှင်းရာဌာန၌ စုပုံနေသောအပြစ်များကိုဖယ်ရှား၍ ဆေးကြောသကဲ့သို့၊ ကောင်းကင်သန့်ရှင်းရာဌာနကိုလည်း ကောင်းကင်စာစောင်များမှ အပြစ်မှတ်တမ်းများကို နောက်ဆုံးဖယ်ရှားခြင်းအားဖြင့်ဆေးကြောသည်။ သို့သော်၊ မှတ်တမ်းများကို နောက်ဆုံးမရှင်းလင်းမီ၊ မည်သူသည် နောင်တတရားဖြင့် ခရစ်တော်ကိုယုံကြည်၍၊ သူ၏ထာဝရနိုင်ငံတော်ဝင်စားရန် အခွင့်ရှိသည်ကိုသူတို့ဆုံးဖြတ်ကြလိမ့်မည်။ ထို့ကြောင့် ကောင်းကင်သန့်ရှင်းရာဌာနကိုဆေးကြောခြင်းသည် စုံးစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစီရင်ခြင်းအလုပ်ပါဝင်ပြီး၊ ၎င်းသည် တရားစီရင်ရာနေ့အဖြစ် အပြစ်ဖြေရာနေ့၏သဘောတရားကို အပြည့်အဝထင်ဟပ်သည်။ မည်သူသည် ကယ်တင်ခြင်းခံရ၍၊ မည်သူသည် ပျောက်ဆုံးမည့်အကြောင်း ဆုံးဖြတ်ချက်ကိုအတည်ပြုပေးသော ဤတရားစီရင်ခြင်းသည် ခရစ်တော်မကြွလာမီအချိန်တွင် ဖြစ်ပျက်လိမ့်မည်။ အကြောင်းမှာ ထိုအချိန်တွင် ခရစ်တော်သည် "အကျိုးအပြစ်ကိုဆောင်ခဲ့သည်ဖြစ်၍၊ လူအသီးအသီးတို့အား မိမိတို့အကျင့်အတိုင်းဆပ်ပေးမည်" (ဗျာ၊ ၂၂း၁၂)။ ထိုအခါ၊ စာတန်၏စွပ်စွဲချက်များကိုလည်း အဖြေပေးသွားလိမ့်မည် (ဗျာ၊ ၁၂း၁၀)။

အမှန်တကယ်နောင်တရ၍ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၏အပြစ်ဖြေသောအသွေးကို တောင်းဆိုသောသူအားလုံးသည် အပြစ်လွှတ်ခြင်းကိုရရှိကြသည်။ သူတို့၏နာမည်များသည် ဤတရားစီရင်ခြင်းတွင်တက်လာသောအခါ၊ သူတို့သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကိုဝတ်ဆင်၍၊ သူတို့၏အပြစ်များသည်လည်း ချေဖျက်ခြင်းခံရကာ၊ သူတို့သည် ထာဝရအသက်အတွက် ထိုက်တန်သူများဖြစ်ကြသည် (လုကာ၊ ၂၀း၃၅)။ ယေရှုက "ထိုသူ၏နာမကို အသက်စာစောင်မှ ငါသည်အလျှင်းမချေ။ ငါ့ခမည်းတော်ရှေ့၌လည်းကောင်း၊ ကောင်းကင်တမန်တော်တို့ရှေ့၌လည်းကောင်း သူ၏နာမကိုငါဝန်ခံမည်" (ဗျာ၊ ၃း၅) ဟုဆိုသည်။

ပုရောဖက်ဒံယေလသည် ဤစုံစမ်းစစ်ဆေးသောတရားစီရင်ခြင်း၏သဘောသဘာဝကိုဖော်ပြသည်။ ချိုငယ်ကပုံဆောင်သော အယူဖောက်ပြန်သည့်အာဏာစက်သည် ဘုရားသခင်ကိုစော်ကားပြီး မြေကြီးပေါ်ကသူ၏လူတို့ကိုညှဉ်းဆဲနေစဉ် (ဒံ၊ ၇း၈၊၂၀၊၂၁၊၂၅)၊ ပလ္လင်များကိုစီထား၍၊ ဘုရားသခင်သည် နောက်ဆုံးတရားစီရင်ခြင်းကိုဦးဆောင်သည်။ ဤတရားစီရင်ခြင်းကို ကောင်းကင်သန့်ရှင်းရာဌာန၏ပလ္လင်များရှိရာခန်းမတွင်ကျင်းပပြီး၊ များစွာသောကောင်းကင်သားတို့သည် တက်ရောက်၍မြင်တွေ့ကြသည်။ တရားစီရင်ခြင်းစတင်သောအခါ၊ စာစောင်များကိုဖွင့်ထားပြီး၊ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းစဉ်အစပြုကြောင်းကိုအချက်ပြသည် (ဒံ၊ ၇း၉၊၁၀)။ ဤတရားစီရင်ခြင်းမပြီးမီတိုင်အောင် အယူဖောက်ပြန်သောအာဏာစက်သည် ဖျက်ဆီးခြင်းမခံရချေ (ဒံ၊ ၇း၁၁)။

**တရားစီရင်ခြင်းကာလ။** ခရစ်တော်နှင့်ခမည်းတော်တို့သည် စုံစမ်းစစ်ဆေးသော တရားစီရင်ခြင်းတွင်ပါဝင်ကြသည်။ ခရစ်တော်သည် မြေကြီးပေါ်သို့ကောင်းကင်မိုးတိမ်

များဖြင့်မကြွလာမီ၊ "လူသား" အဖြစ်ခရစ်တော်သည် မိုးတိမ်ကိုစီးလျက် "အသက်ကြီးသောသူ" တည်းဟူသောခမည်းတော်ထံသို့လာ၍ အထံတော်ရှေ့တွင်ရပ်လျက်နေ၏ (ဒံ၊ ၇း၁၃)။ ကောင်းကင်သို့တက်ကြွချိန်မှ ခရစ်တော်သည် ယဇ်ပုရောဟိတ်မင်းအဖြစ်ဘုရားသခင်၏ရှေ့တွင် ကြားဖျန်ဖြေခြင်းလုပ်ငန်းကိုထမ်းဆောင်နေသည် (ဟေဗြဲ၊ ၇း၂၅)။ သို့သော်၊ ယခုအချိန်တွင်မူ၊ သူသည် နိုင်ငံတော်ကိုလက်ခံရရှိရန်ကြွလာသည် (ဒံ၊ ၇း၁၄)။

**၁။ ခရစ်တော်၏ယဇ်ပုရောဟိတ်လုပ်ငန်း မှေးမှိန်သွားခြင်း။** ဒံယေလအနာဂတ္တိကျမ်း (၈) သည် အကောင်းနှင့်အဆိုးအကြားပဋိပက္ခနှင့် ဘုရားသခင်၏နောက်ဆုံးအောင်ပွဲအကြောင်းကိုပြောပြသည်။ ဤအခန်းကြီးသည် ခရစ်တော်၏ယဇ်ပုရောဟိတ်မင်းလုပ်ငန်းစတင်ဖွင့်လှစ်ချိန်နှင့် ကောင်းကင်သန့်ရှင်းရာဌာနကိုဆေးကြောခြင်းတို့အကြားတွင် မြေကြီးပေါ်ကအာဏာစက်သည် ခရစ်တော်၏လုပ်ငန်းကိုမှေးမှိန်စေမည်ဖြစ်ကြောင်းဖော်ပြသည်။

ဤရူပါရုံထဲကသိုးထီးသည် မေဒိ–ပေရသိအင်ပါယာကိုပုံဆောင်သည် (ဒံ၊ ၈း၃)။ ချိုနှစ်ချောင်းထဲက နောက်မှထွက်လာသည့်ပိုမိုရှည်သောချိုသည် နောက်မှတက်လာသောပါးရှားနိုင်ငံကိုပုံဆောင်သည်။ ဒံယေလကြိုတင်ဟောသကဲ့သို့၊ ဤအရှေ့ပိုင်းနိုင်ငံသည် "အနောက်၊ တောင်၊ မြောက်၊ သုံးမျက်နှာသို့တိုးခွေ့သောကြောင့်...... ကြီးမားခြင်းသို့ရောက်လေ၏" (ဒံ၊ ၈း၄)။

အနောက်အရပ်ကလာသောဆိတ်ထီးသည် ဂရိနိုင်ငံကိုပုံဆောင်၍၊ ၎င်း၏ချိုကြီးသည် "ပထမမင်း" ဖြစ်သည့်ကြီးမြတ်သောအလက်ဇန္ဒား (Alexander) ကိုပုံဆောင်သည် (ဒံ၊ ၈း၂၁)။ အနောက်အရပ်ကလာသောအလက်ဇန္ဒားသည် ပါးရှားနိုင်ငံကိုအလျင်အမြန်အောင်နိုင်ခဲ့သည်။ ထို့နောက်၊ သူသေဆုံးပြီးနှစ်အနည်းငယ်အတွင်း၊ ဂရိအင်ပါယာကြီးသည် "နိုင်ငံလေးပါး" သို့ကွဲသွားခဲ့သည်။ ထိုနိုင်ငံများကို ခါဆန်းဒါး (Cassander)၊ လီစီမာချိုးစ် (Lysimachus)၊ ဆယ်လူခါးစ် (Selucus) နှင့် တိုလက်မီ (Ptolemy) တို့က ဦးဆောင်ခဲ့ကြသည်။

"ထိုနိုင်ငံတို့၏အဆုံးစွန်သောကာလ၌" (ဒံ၊ ၈း၂၃)၊ တနည်းအားဖြင့်၊ ကွဲသွားသောဂရိအင်ပါယာ၏အဆုံးတွင် "ချိုတက်တစ်ချောင်း" (ဒံ၊ ၈း၉) ပေါ်လာလိမ့်မည်။ လူတချို့က၊ ဤအနာဂတ္တိစကား၏ဤအပိုင်းသည် ခရစ်တော်မပေါ်မီ ဒုတိယရာစုတွင်ပါလေတိနပြည်ကိုခဏတာအုပ်စိုးသော ဆီးရီးယားဘုရင် အန်တီအိုချိုးစ်အယ်ပီဖာနီးစ် (Antiochus Epiphanes) ၌ ပြည့်စုံသည်ဟုယူဆကြသည်။ သာသာရေးပြုပြင်ပြောင်းလဲသူများစွာအပါအဝင်၊ အခြားလူများကမူ၊ ဤချိုငယ်သည် ရောမနိုင်ငံနှင့် ပုပ်ရဟန်းမင်း၏ကြီးစိုးမှုအဆင့်တို့ဖြစ်ကြောင်းဖော်ထုတ်ခဲ့ကြသည်။ ဤဒုတိယအနက်ပြန်ဆိုချက်သည် ဒံယေလပေးသည့်အချက်အလက်များနှင့်ကိုက်ညီသည်၊ သို့သော် အခြားတစ်ခုမှာမူကိုက်ညီခြင်းမရှိချေ။ အောက်ပါအချက်များကိုမှတ်သားပါ။

က။ ချိုငယ်၏တန်ခိုးသည် ဂရိအင်ပါယာကျရှုံးချိန်မှစ၍၊ "အမှုကုန်ဆုံးရသော ကာလ" တိုင်အောင်တည်သည် (ဒံ၊ ၈း၁၇)။ ရုပ်တုကိုးကွယ်သောရောမနိုင်ငံနှင့် ပုပ်ရဟန်းမင်းအုပ်စိုးမှုတို့ကသာ ဤကာလသတ်မှတ်ချက်များနှင့်ကိုက်ညီသည်။

ခ။ ဒံယေလအနာဂတ္တိကျမ်း ၂၊ ၇ နှင့် ၈ တို့သည် တစ်ခုနှင့်တစ်ခုတူညီသည်။ ဒံယေလ ၂ မှ ရုပ်တုတို့၏သတ္တုလေးမျိုးနှင့် ဒံယေလ ၇ မှသားရဲလေးကောင်တို့သည် ဗာဗုလုန်နိုင်ငံ၊ မေဒိ–ပေရသိနိုင်ငံ၊ ဂရိနိုင်ငံနှင့် ရောမနိုင်ငံတည်းဟူသော တူညီသော ကမ္ဘာ့အင်ပါယာများကိုပုံဆောင်သည်။ သံနှင့်ရွှံ့ရောနှောသောခြေထောက်နှင့် စတုတ္ထ သားရဲ၏ချိုဆယ်ချောင်းတို့သည် ရောမအင်ပါယာမှကွဲထွက်သွား၍ ဒုတိယအကြိမ်မကြွလာ မီတိုင်အောင်ရှိနေမည့်နိုင်ငံများကိုပုံဆောင်သည်။ ဤအနာဂတ္တိစကားနှစ်ခုစလုံးသည် ရောမနိုင်ငံအား ဂရိနိုင်ငံကိုဆက်ခံသောနိုင်ငံအဖြစ်နှင့် ဒုတိယအကြိမ်ကြွလာခြင်းနှင့် နောက်ဆုံးတရားစီရင်ခြင်းမတိုင်မီရှိသည့် နောက်ဆုံးအင်ပါယာအဖြစ်ညွှန်ပြသည်။ ဒံယေလ ၈ ထဲကချိုငယ်သည်လည်း ထိုအရာနှင့်ခွင်ဝင်သည်။ ၎င်းသည် ဂရိအင်ပါယာ ကိုလိုက်လာပြီး၊ သဘာဝလွန်ဖျက်ဆီးခြင်းခံရသည်၊ သို့မဟုတ် "လူလက်ဖြင့်ဒဏ်မခတ်ဘဲ ကျိုးပဲ့ပျက်စီးခြင်းသို့ရောက်လိမ့်မည်" (ဒံ၊ ၈း၂၅။ ၂း၃၄)။

ဂ။ မေဒိ–ပေရသိနိုင်ငံကို "ကြီးမားသည်" ဟူ၍လည်းကောင်း၊ ဂရိနိုင်ငံကို "အလွန်ကြီးမားသည်" ဟူ၍လည်းကောင်း၊ ချိုငယ်ကို "အလွန့်အလွန်ကြီးမားသည်" ဟု ခေါ်ဆိုသည် (ဒံ၊ ၈း၄၊၈၊၉)။ အကြီးမားဆုံးသောကမ္ဘာ့အင်ပါယာတစ်ခုဖြစ်သော ရောမ အင်ပါယာသည် ဤသတ်မှတ်ချက်နှင့်ကိုက်ညီသည်။

ဃ။ ရောမနိုင်ငံကသာလျှင် ၎င်း၏အင်ပါယာကို တောင်အရပ် (အီဂျစ်)၊ အရှေ့ အရပ် (မာကေဒေါနိနှင့်အာရှမိုင်းနား) နှင့် "သာယာသောပြည်" (ပါလေတိနပြည်) သို့ အနာဂတ္တိဟောပြောခဲ့သည်အတိုင်း တိုးချဲ့ခဲ့သည် (ဒံ၊ ၈း၉)။

င။ ရောမနိုင်ငံသည် ဗိုလ်ခြေသခင်တည်းဟူသော သခင်တို့၏သခင် (ဒံ၊ ၈း၁၁၊ ၂၅)၊ ယေရှုခရစ်တော်ကိုဆန့်ကျင်ဘက်ပြုခဲ့သည်။ "ကိုယ်တော်နှင့်သူ၏လူများ၊ သူ၏ သန့်ရှင်းရာဌာနကိုဆန့်ကျင်ဘက်ပြုသော ရောမအာဏာတန်ခိုးသည် အံ့ဖွယ်အကောင်း ဆုံးသောစစ်ပွဲကိုတိုက်ခိုက်ခဲ့သည်။ ဤသို့ဆိုရာတွင် ရုပ်တုကိုးကွယ်သောရောမနှင့် ပုပ်ရဟန်းမင်း၏အုပ်စိုးမှုနှစ်ခုစလုံးအကျုံးဝင်သည်။ ရုပ်တုကိုးကွယ်သောရောမသည် ခရစ်တော်ကိုတိုက်ခိုက်၍၊ ယေရုရှလင်မြို့ရှိဗိမာန်တော်ကို အမှန်ပင်ဖျက်ဆီးခဲ့စဉ်၊ ရောမ အသင်းတော်သည် ကောင်းကင်သန့်ရှင်းရာဌာနတွင် အပြစ်သားများကိုယ်စား ခရစ်တော် ၏ယဇ်ပုရောဟိတ်မင်းအလုပ်တည်းဟူသော ကြားဖျန်ဖြေခြင်းအလုပ်ကို (ဟေဗြဲ၊ ၈း၁၊၂)၊ လူသားတို့၏ကြားဖျန်ဖြေခြင်းအားဖြင့် အပြစ်လွှတ်ခြင်းကိုပေးသည့် ယဇ်ပုရောဟိတ် လုပ်ငန်းအားဖြင့် မှေးမှိန်စေခဲ့သည်။" ဤအယူဖောက်ပြန်သောအာဏာစက်သည်

အလွန်အောင်မြင်လိမ့်မည်။ အကြောင်းမှာ၊ ၎င်းသည် "သမ္မာတရားကို မြေသို့နှိမ့်ချ၏။ ထိုသို့ပြု၍ အောင်မြင်ခြင်းသို့ရောက်လေ၏" (ဒံ၊ ၈း၁၂)။

**၂။ ပြန်လည်အသစ်ဖြစ်စေခြင်း၊ ဆေးကြောခြင်းနှင့် တရားစီရင်ခြင်းအချိန်။** ဘုရားသခင်သည် ခရစ်တော်၏ယဇ်ပုရောဟိတ်မင်းဆိုင်ရာလုပ်ငန်း၏ သမ္မာတရားသည် ဆက်လက်၍အတိုင်းအဆမရှိ မှေးမှိန်သွားမည်ကိုခွင့်ပြုလိမ့်မည်မဟုတ်ချေ။ သစ္စာရှိပြီး ဘုရားသခင်ကိုကြောက်ရွံ့သောအမျိုးသားအမျိုးသမီးအားဖြင့်၊ သူသည် မိမိ၏အမှုတော်ကိုပြန်လည်ဖော်ထုတ်ခဲ့သည်။ ကျွန်ုပ်တို့၏ကြားဖျန်ဖြေသူအဖြစ် ခရစ်တော်၏လုပ်ငန်းကို တစ်ပိုင်းတစ်စပြန်လည်ဖော်ထုတ်သော ပြုပြင်ပြောင်းလဲခြင်းသည် ခရစ်ယာန်လောကထဲတွင် ကြီးမားသောပြန်လည်နိုးကြားခြင်းကိုဖြစ်စေခဲ့သည်။ သို့သော်၊ ခရစ်တော်၏ကောင်းကင်ဆိုင်ရာလုပ်ငန်းအကြောင်းကိုဖော်ပြရန် များစွာသောသမ္မာတရားရှိနေသေးသည်။


ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းအဖြစ် ခရစ်တော်၏လုပ်ငန်းသည် သူ၏အမြဲလုပ်ဆောင်သောကြားဖျန်ဖြေခြင်းလုပ်ငန်း (ဟေဗြဲ၊ ၇း၂၅) အပြင်၊ ဆေးကြောခြင်းနှင့်တရားစီရင်ခြင်း အထူးလုပ်ငန်းစတင်သည့်အချိန်၊ "အမှုကုန်ရသောကာလ" (ဒံ၊ ၈း၁၇) တွင် အထူးထင်ရှားလိမ့်မည်ဟု ဒံယေလ၏ရူပါရုံကညွှန်ပြသည်။ ဤရူပါရုံသည် အပြစ်ဖြေရာနေ့ကပုံဆောင်သောစုံစမ်းစစ်ဆေးခြင်း (ဒံ၊ ၇) နှင့် "ရက်ပေါင်းနှစ်ထောင့်သုံးရာတိုင်တိုင်တည်လိမ့်မည်။ ထို့နောက် သန့်ရှင်းရာဌာနကိုတစ်ဖန်ဆေးကြောသုတ်သင်လိမ့်မည်" (ဒံ၊ ၈း၁၄) ဟူသော သန့်ရှင်းရာဌာနကိုဆေးကြောခြင်းတို့ကို ခရစ်တော်စတင်မည့်အချိန်ကိုသတ်မှတ်သည်။ ဤရူပါရုံသည် အမှုကုန်ဆုံးရာကာလကိုညွှန်ထားသောကြောင့်၊ မြေကြီးပေါ်ရှိသန့်ရှင်းရာဌာနကိုပြောဆိုခြင်းမဖြစ်နိုင်ချေ။ အကြောင်းမှာ၊ ၎င်းသည် အေဒီ (၇၀) တွင် ဖျက်ဆီးခြင်းခံရသည်။ ထို့ကြောင့်၊ အနာဂတ္တိစကားသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ခရစ်တော်အမှုဆောင်ရာကောင်းကင်၌ရှိသော ပဋိညာဉ်အသစ်နှင့်ဆိုင်သောသန့်ရှင်းရာဌာနကိုရည်ညွှန်းသည်။

ရက်ပေါင်း (၂၃၀၀) သို့မဟုတ် "ညဦးနှင့်နံနက် ၂၃၀၀" သည် မူရင်းဟေဗြဲကျမ်းစာတွင် မည်သည့်အရာဖြစ်သနည်း။ (ကမ္ဘာဦးကျမ်း ၁) အရ၊ ညဦးနှင့်နံနက်သည် တစ်ရက်ဖြစ်သည်။ ဤစာအုပ်၏အခန်းကြီး ၄ နှင့် ၁၃ တွင် တွေ့ရသကဲ့သို့၊ ပုံဆောင်မှုများနှင့် အနာဂတ္တိစကားတွင် အချိန်ကာလသည်လည်းပုံဆောင်မှုဖြစ်၍၊ အနာဂတ္တိတွင်တစ်ရက်သည် တစ်နှစ်ကိုကိုယ်စားပြုသည်။ ထို့ကြောင့်၊ ခေတ်အဆက်ဆက်က၊ ခရစ်ယာန်များစွာတို့ယုံကြည်သကဲ့သို့၊ (ဒံယေလကျမ်း ၈) မှ ရက်ပေါင်း (၂၃၀၀) သည် နှစ်ပေါင်း (၂၃၀၀) ကိုကိုယ်စားပြုသည်။

**က။ ဒံယေလ (၉) သည် ဒံယေလ (၈) ၏အနက်ကိုဖွင့်သောသော့ဖြစ်သည်။** ဒံယေလသည် "ဗျာဒိတ်ရူပါရုံကို နားလည်စေခြင်းငှာ" (ဒံ၊ ၈း၁၆) ဘုရားသခင်သည် ကောင်းကင်တမန်ဂါဗြေလကိုစေခိုင်းခဲ့သည်။ သို့သော်၊ ရူပါရုံ၏ အကျိုးသက်ရောက်မှုသည် အလွန်အံ့သြစေသည်ဖြစ်ရာ၊– ဒံယေလသည် ဖျားပြီး၊ ဂါဗြေလကဆက်လက်မရှင်းပြနိုင်တော့ချေ။ (အခန်းကြီး ၈) အဆုံးတွင် ဒံယေလက ဤသို့မှတ်ချက်ပြုသည်။ "ထိုအခါ ငါဒံယေလသည် မောရှ၍နာလျက်နေ၏။...... ဗျာဒိတ်ရူပါရုံကို ငါအံ့သြသော်လည်း၊ ထိုအမှုကိုအဘယ်သူမျှမရိပ်မိကြ" (ဒံ၊ ၈း၂၇)။

ဤအနှောင့်အယှက်ကြောင့်၊ ဂါဗြေလသည် သူ၏ရှင်းပြချက်ကိုရပ်ထားလိုက်သည်။ (ဒံယေလ ၉) သည် ဤရှင်းပြသည့်တာဝန်ကို လက်စသတ်ရန်ပြန်လာကြောင်း ဖော်ပြသည်။ ထို့ကြောင့်၊ (ဒံယေလ ၈ နှင့် ၉) သည် ဆက်နွယ်နေပြီး၊ (အခန်းကြီး ၉) သည် ရက်ပေါင်း (၂၃၀၀) ၏နက်နဲမှုကိုဖွင့်ပြပေးသောသော့ဖြစ်သည်။ ဂါဗြေလသည် ပေါ်လာ၍၊ ဒံယေလကိုဤသို့ဆိုခဲ့သည်။ "ငါသည် သင်၌ဉာဏ်ပညာတိုးပွားစေမည် အကြောင်းထွက်လာပြီ။...... ထိုကြောင့်၊ ဗျာဒိတ်တော်အချက်ကိုဆင်ခြင်၍၊ နားလည်ရသောအခွင့်ရှိ၏" (ဒံ၊ ၉း၂၂၊၂၃)။ ဤနေရာတွင် သူသည် ရက်ပေါင်း (၂၃၀၀) နှင့်ဆိုင်သောရူပါရုံကိုရည်ညွှန်းသည်။ သူသည် (ဒံယေလ ၈) မှရူပါရုံနှင့်ဆိုင်သောအချိန်ကာလကို အပတ်ပေါင်း (၇၀) အနာဂတ္တိစကားနှင့်တွဲ၍ရှင်းလင်းပြခဲ့သည်။

အပတ်ပေါင်း(၇၀) သို့မဟုတ် နှစ်ပေါင်း (၄၉၀) သည် ယုဒလူမျိုးတို့နှင့် ယေရုရှလင်မြို့အဖို့ "ဆုံးဖြတ်" ထားသည် (ဒံ၊ ၉း၂၄)။ ဤနေရာတွင် အဓိကဟေဗြဲစကားလုံးမှာ "ချာသတ်" (chathak) ဖြစ်သည်။ ဤစကားလုံးကို သမ္မာကျမ်းစာတွင် တစ်ကြိမ်သာအသုံးပြုသော်လည်း၊ ၎င်း၏အဓိပ္ပါယ်ကို ဟေဗြဲအရင်းအမြစ်များမှနားလည်နိုင်သည်။ ၎င်းသည် "ဖြတ်သည်" သို့မဟုတ် "ခွဲစိတ်သည်" ဟူ၍မှန်မှန်ကန်ကန်ဆိုလိုသည်။



ဤနောက်ခံနှင့်အတူ၊ ဂါဗြေလ၏ရှင်းလင်းချက်သည် အလွန်သရုပ်ပေါ်လွင်သည်။ သူသည် ဒံယေလအား၊ နှစ်ပေါင်း (၄၉၀) ကို ပိုမိုကြာရှည်သောနှစ်ပေါင်း (၂၃၀၀) မှ ဖြစ်ခြင်းဖြစ်သည်ဟုပြောပြသည်။ နှစ်ပေါင်း (၄၉၀) သည် "ယေရုရှလင်မြို့ကိုတစ်ဖန် တည်ထောင်ပြုစုစေခြင်းငှာ၊ အမိန့်တော်ရှိသည့်နေ့" (ဒံ၊ ၉း၂၅) မှစတင်မည်ဖြစ်ကြောင်း ဂါဗြေလရှင်းပြသည်။ ထိုအမိန့်သည် အာတဇေရဇ်မင်းကြီးနန်းစံခုနှစ်နှစ်မြောက် ဘီစီ ၄၅၇ တွင် ထွက်လာခဲ့သည်။

နှစ်ပေါင်း (၄၉၀) သည် အေဒီ (၃၄) တွင် ပြီးဆုံးခဲ့သည်။ နှစ်ပေါင်း (၂၃၀၀) မှ (၄၉၀) နှစ်ကိုခွဲထုတ်လိုက်သောအခါ၊ နှစ်ပေါင်း (၁၈၁၀) ကျန်ရှိသည်။ နှစ်ပေါင်း (၂၃၀၀) သည် အေဒီ (၃၄) ၏အလွန်နှစ်ပေါင်း (၁၈၁၀) ထိဆက်သွားမည်ဖြစ်သောကြောင့်၊ အေဒီ (ခရစ်နှစ်) ၁၈၄၄ ခုနှစ်အထိရောက်ရှိသည်။

**ခ။ ခရစ်တော်၏လုပ်ငန်းကိုပိုမိုနားလည်ခြင်းဆီသို့။** (၁၉) ရာစုနှစ်အစောပိုင်း ကာလအတွင်း နှစ်ခြင်း၊ ပရက်စ်ဘီတီးရီးယာန်း၊ မက်သဒစ်၊ လူသာရင်၊ အင်္ဂလီကန်နှင့် အခြားသောအသင်းများမှ ခရစ်ယာန်များစွာတို့သည် (ဒံယေလ ၈) မှအနာဂတ္တိစကားကို အပြင်းအထန်လေ့လာခဲ့ကြသည်။ ဤကျမ်းစာလေ့လာသူအားလုံးသည် နှစ်ပေါင်း (၂၃၀၀) အဆုံးတွင် အလွန်အရေးပါသောဖြစ်ရပ်တချို့ဖြစ်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ချိုင်ယ်အာဏာစက်နှင့် သန့်ရှင်းရာဌာနအကြောင်း သူတို့၏နားလည်မှုကိုမှီငြမ်း၍၊ သူတို့က ဤအနာဂတ္တိကာလသည် အသင်းတော်ကိုစင်ကြယ်စေခြင်း၊ ပါလေတိနပြည်နှင့် ယေရုရှလင်မြို့တို့လွတ်လပ်ခြင်း၊ ယုဒလူတို့ပြန်လာခြင်း၊ တူရကီလူမျိုး သို့မဟုတ် မူစလင် တို့ကျရှုံးခြင်း၊ ရောမအသင်းတော်ကိုဖျက်ဆီးခြင်း၊ စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်းကို ပြန်လည်အသစ်ဖြစ်စေခြင်း၊ မြေကြီးပေါ်နှစ်ပေါင်းတစ်ထောင်စတင်စိုးစံခြင်း၊ တရားစီရင်ရာနေ့၊ မြေကြီးကိုမီးဖြင့်ဆေးကြောခြင်း သို့မဟုတ် ဒုတိယအကြိမ်ကြွလာခြင်း စသည်တို့ဖြင့် အဆုံးသတ်သွားမည်ဟုစောင့်စားခဲ့ကြသည်။

ဤကြိုတင်ဟောပြောချက်များတစ်ခုမျှဖြစ်မလာခဲ့ချေ။ ပြီးနောက် ၎င်းတို့ကိုယုံသောသူတို့အားလုံးလည်း စိတ်ဓာတ်ကျခဲ့ကြသည်။ သို့ရာတွင်၊ သူတို့၏ပြင်းထန်သော စိတ်ဓာတ်ကျခြင်းသည် ဤကြိုတင်ဟောပြောချက်၏ အစိတ်အပိုင်းပင်ဖြစ်သည်။ (၁၈၄၄) ခုနှစ်တွင် ခရစ်တော်ကြွလာခြင်းကိုမျှော်လင့်သောသူတို့သည် ယုဒလူမျိုးများ ပါလေတိန တိုင်းပြည်သို့ပြန်လာရန် စောင့်မျှော်သောသူတို့ထက် ပိုမိုသောကရောက်ခဲ့ကြသည်။

သူတို့၏အလွန်စိတ်ပျက်ခြင်း၏ရလဒ်အဖြစ်၊ များစွာသောသူတို့သည် အနာဂတ္တိစကားလေ့လာခြင်း သို့မဟုတ် ဤရလဒ်များပေါ်ထွက်စေသောသမိုင်းကို အခြေခံသည့် အနက်ဖွင့်ခြင်းနည်းလမ်းကို စွန့်လွှတ်လိုက်ကြသည်။ သို့သော်ငြားလည်း၊ လူတချို့သည် များစွာဆုတောင်းခြင်းနှင့်အတူ ဤအနာဂတ္တိစကားနှင့် သန့်ရှင်းရာဌာနအကြောင်းတို့ကို

အပြင်းအထန်လေ့လာပြီး၊ သူတို့ကိုယ်စား ကောင်းကင်သန့်ရှင်းရာဌာနမှခရစ်တော်၏ လုပ်ငန်းကို ဆက်လက်မျှော်လင့်ခဲ့ကြသည်။ သူတို့၏ကြိုးပမ်းမှုကြောင့် ခရစ်တော်၏ လုပ်ငန်းကိုများစွာသိရှိလာရသည်။ သူတို့သည် ရှေးဦးအသင်းတော်၏အနာဂတ္တိအပေါ် ယုံကြည်ခြင်းနှင့် ဘာသာရေးပြုပြင်ပြောင်းလဲခြင်းသည် ဆက်လက်ခိုင်လုံကြောင်းကိုရှာဖွေ တွေ့ရှိခဲ့ကြသည်။ ဤအနာဂတ္တိအချိန်ကိုတွက်ချက်မှုများသည် စင်စစ်မှန်ကန်သည်။ ထို့ကြောင့် နှစ် ၂၃၀၀ သည် ၁၈၄၄ ခုနှစ်တွင် အဆုံးသတ်သွားသည်။ သူတို့နှင့် ထိုအချိန်ကအနက်ဖွင့်ဆိုသူအားလုံး၏အမှားမှာ၊ ဤအနာဂတ္တိအချိန်၏အဆုံးတွင် ဖြစ်ပျက်မည့်ဖြစ်ရပ်ကိုနားလည်ခြင်းဖြစ်သည်။ ခရစ်တော်၏သန့်ရှင်းရာဌာနဆိုင်ရာ လုပ်ငန်းကို အသစ်နားလည်ခြင်းသည် သူတို့၏ဝမ်းနည်းစိတ်ပျက်မှုကို မျှော်လင့်ခြင်းနှင့် ပျော်ရွှင်မှုအဖြစ်ပြောင်းလဲသွားခဲ့သည်။

သန့်ရှင်းရာဌာနအကြောင်း ကျမ်းစာ၏သွန်သင်ချက်များကို သူတို့၏လေ့လာမှုသည် (၁၈၄၄) ခုနှစ်တွင် ခရစ်တော်သည် အသက်ကြီးသောသူထံသို့လာ၍၊ ကောင်းကင်သန့်ရှင်းရာဌာနတွင် သူ၏ယဇ်ပုရောဟိတ်မင်းလုပ်ငန်း၏နောက်ဆုံးအဆင့်ကို စတင်ခဲ့ကြောင်းဖော်ပြခဲ့သည်။ ဤလုပ်ငန်းသည် ခရစ်တော်မကြွလာမီ စုံစမ်းစစ်ဆေး သောတရားစီရင်ခြင်းအဖြစ် (ဒံယေလ၊ ၇) ကဖော်ပြသည့် အပြစ်ဖြေရာနေ့တွင် သန့်ရှင်းရာ ဌာနဆေးကြောခြင်းက ပုံဆောင်သောလုပ်ငန်းဖြစ်သည်။

ဤခရစ်တော်၏ကောင်းကင်ဆိုင်ရာလုပ်ငန်းကို အသစ်သိရှိခြင်းသည် "ရှေးဦး ခရစ်ယာန်ယုံကြည်ခြင်းမှခွဲထွက်ခြင်းမဟုတ်ချေ။ ၎င်းသည် ထိုယုံကြည်ခြင်းကို ကျိုးကြောင်း ဆီလျော်ပြီး၊ မလွဲဧကန်ပြည့်စုံစေခြင်းပင်ဖြစ်တော့သည်။"

## မဟာအငြင်းပွားမှုအထဲကရည်ရွယ်ချက်

ဒံယေလကျမ်း ၇ နှင့် ၈ ကအနာဂတ္တိစကားသည် ဘုရားသခင်နှင့်စာတန် အကြား မဟာအငြင်းပွားမှုနောက်ဆုံးရလဒ်၏ ပိုမိုကျယ်ပြန့်သောရှုထောင့်ကို ဖွင့်ပြထား သည်။

**ဘုရားသခင်၏စာရိတ္တတော်ကိုသက်သေထူခြင်း။** ချိုင်ယ်၏လုပ်ဆောင်မှု များအားဖြင့် စာတန်သည် ဘုရားသခင်၏အခွင့်အာဏာကိုစိန်ခေါ်ရန် ကြိုးပမ်းခဲ့သည်။ ထိုအာဏာစက်၏လုပ်ဆောင်မှုများသည် ဘုရားသခင့်အုပ်ချုပ်မှု၏ဗဟိုအချက်အချာဖြစ် သော ကောင်းကင်သန့်ရှင်းရာဌာနကိုပြစ်တင်ဝေဖန်ပြီး၊ နင်းခြေထားသည်။ ဒံယေလ၏ ရူပါရုံများသည် ချိုင်ယ်နှင့်စာတန်အပေါ် ဘုရားသခင်သည် ပြစ်တင်ရှုတ်ချသည့်စီရင်ချက် ကိုချမည့် စစ်ဆေးစီရင်ခြင်းကိုညွှန်ပြသည်။ ခရစ်တော်၏အသေခံခြင်းသည် စာတန်၏ စိန်ခေါ်မှုအားလုံးကိုချေပလိမ့်မည်။ လူအားလုံးက ဘုရားသခင်သည် မှန်ကန်ကြောင်းနှင့်

အပြစ်ပြဿနာအတွက် တာဝန်မရှိကြောင်းတို့ကိုနားလည်လာ၍၊ သဘောတူလက်ခံလာမည်။ ကိုယ်တော်၏စာရိတ္တသည် မချေပနိုင်အောင်သိသာထင်ရှားလာပြီး၊ သူ၏မေတ္တာအခြေခံသောအုပ်စိုးမှုသည် ထပ်လောင်းအတည်ပြုခြင်းခံရမည်။

**ဘုရားသခင်၏လူတို့ကိုသက်သေထူခြင်း။** တရားစီရင်ခြင်းသည် အယူဖောက်ပြန်သောချိုငယ်အာဏာစက်ကို ပြစ်တင်ရှုတ်ချသော်လည်း၊ ၎င်းသည် အမြင့်ဆုံးသောဘုရားသခင်၏သန့်ရှင်းသူတို့အား မျက်နှာသာကိုရစေသည် (ဒံ၊ ၇း၂၂)။ အမှန်မှာ ဤတရားစီရင်ခြင်းသည် စကြဝဠာရှေ့တွင် ဘုရားသခင်ကိုသာမက၊ သူ၏လူတို့ကိုလည်း သက်သေထူသည်။ သန့်ရှင်းသူတို့သည် ခေတ်အဆက်ဆက်ခရစ်တော်ကိုယုံကြည်ခြင်းကြောင့် မထီမဲ့မြင်ပြုခြင်းနှင့် ညှဉ်းဆဲခြင်းကိုခံခဲ့ကြသည်။ ဘုရားသခင်၏လူတို့သည် "အကြင်သူသည် လူတို့ရှေ့မှာငါ့ကိုဝန်ခံအံ့၊ ကောင်းကင်ဘုံ၌ရှိသောငါ့ခမည်းတော်ရှေ့မှာ ထိုသူကိုငါဝန်ခံမည်" (မဿဲ၊ ၁၀း၃၂) ဟူသော ခရစ်တော်၏ကတိတော်ကို သဘောပေါက်ကြလိမ့်မည်။

**တရားစီရင်ခြင်းနှင့်ကယ်တင်ခြင်း။** စုံစမ်းစစ်ဆေးသောတရားစီရင်ခြင်းသည် ယေရှုခရစ်တော်ကိုယုံကြည်သောသူတို့၏ကယ်တင်ခြင်းကို ထိခိုက်စေပါသလား။ လုံးဝ မထိခိုက်စေပါ။ စစ်မှန်သောယုံကြည်သူတို့သည် ခရစ်တော်နှင့်အတူပူးပေါင်းအသက်ရှင်၍၊ သူ့အား ကြားဖျန်ဖြေသူအဖြစ်ယုံကြည်ကိုးစားကြသည် (ရောမ၊ ၈း၃၄)။ သူတို့အတွက်အာမခံချက်သည် "ဖြောင့်မတ်တော်မူသော အရှင်ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ရှိတော်မူ၏" (၁ယော၊ ၂း၁) ဟူသော ကတိတော်၌တည်သည်။

ထိုသို့ဆိုသော်၊ အဘယ်ကြောင့်ခရစ်တော်မကြွလာမီ စစ်ကြောစီရင်ခြင်းလိုအပ်သနည်း။ ဤတရားစီရင်ခြင်းသည် ဘုရားသခင်၏ကောင်းကျိုးအတွက်မဟုတ်ချေ။ ၎င်းသည် အဓိကအားဖြင့် စကြဝဠာ၏ကောင်းကျိုးအတွက်ဖြစ်၍၊ စာတန်၏စွပ်စွဲမှုများကို အဖြေပေးကာ၊ အမှန်တကယ်ပြောင်းလဲသောသူတို့သည်သာ သူ၏နိုင်ငံတော်တွင် ဘုရားသခင်သည် ဝင်ခွင့်ပေးမည်ဖြစ်ကြောင်းကို မကျရှုံးသောသတ္တဝါတို့အား အာမခံချက်ပေးသည်။ ထို့ကြောင့်၊ ဘုရားသခင်သည် ဘက်မလိုက်သောစစ်ဆေးခြင်းအတွက် မှတ်တမ်းစာစောင်များကိုဖွင့်ထားသည် (ဒံ၊ ၇း၉၊၁၀)။

လူသားတို့သည် ဤအဖွဲ့သုံးဖွဲ့အထဲက တစ်ဖွဲ့ဖွဲ့တွင်ပါဝင်ကြသည်။ (၁) ဘုရားသခင်၏အခွင့်အာဏာကိုငြင်းပယ်သောလူဆိုးများ၊ (၂) ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၏ကောင်းမြတ်ခြင်းကိုယုံကြည်ကိုးစား၍၊ ဘုရားသခင်၏ပညတ်ချက်များကိုလိုက်လျှောက်သည့် စစ်မှန်သောယုံကြည်သူများနှင့် (၃) စစ်မှန်သောယုံကြည်သူများကဲ့သို့မြင်ရသော်လည်း၊ အစစ်အမှန်မဟုတ်သူများတို့ဖြစ်ကြသည်။

မကျရှုံးသောကောင်းကင်သားများသည် ပထမအဖွဲ့ကိုခွဲခြားသိရှိပြီးဖြစ်သည်။ မည်သူသည် စစ်မှန်သောယုံကြည်သူဖြစ်၍၊ မည်သူသည် စစ်မှန်သောယုံကြည်သူမဖြစ်သနည်း။ ဘုရားသခင်၏အမှုတော်ထဲသို့ ဝင်ရောက်ပြီးသောသူအားလုံး၏နာမည်များပါရှိသောအသက်စာစောင်တွင် ဤနှစ်ဖွဲ့စလုံးကိုရေးမှတ်ထားသည် (လုကာ၊ ၁၀း၂၀။ ဖိလိပ္ပိ၊ ၄း၃။ ဒံ၊ ၁၂း၁။ ဗျာ၊ ၂၁း၂၇)။ အသင်းတော်ကိုယ်၌က စစ်မှန်သောယုံကြည်သူများနှင့် မှားယွင်းသောယုံကြည်သူများ၊ စပါးနှင့်တောပင်တို့ပါရှိသည် (မဿဲ၊ ၁၃း၂၈–၃၀)။

ဘုရားသခင်၏မကျရှုံးသောကောင်းကင်သားတို့သည် အရာရာကိုမသိနိုင်သည်ဖြစ်ရာ၊ သူတို့သည် စိတ်နှလုံးကိုမဖတ်နိုင်ကြချေ။ "ထို့ကြောင့် ခရစ်တော်ဒုတိယအကြိမ်မကြွလာမီ အမှားထဲကအမှန်ကိုစစ်ထုတ်ရန်နှင့် စစ်မှန်သောယုံကြည်သူကိုကယ်တင်ရာတွင် ဘုရားသခင်၏တရားမျှတမှုကို စိတ်ဝင်စားသောစကြဝဠာအားဖော်ပြရန်တရားစီရင်ခြင်းသည်လိုအပ်သည်။ ဤကိစ္စသည် ဘုရားသခင်နှင့်စကြဝဠာအကြားသာဖြစ်ပြီး၊ ဘုရားသခင်နှင့်သူ၏သားသမီးများအကြား အရေးကိစ္စမဟုတ်ချေ။ ဤတရားစီရင်ခြင်းတွင် စာစောင်များကိုဖွင့်၍၊ ယုံကြည်ခြင်းကိုဝန်ခံ၍ အသက်စာစောင်၌စာရင်းဝင်သောသူတို့ကို ထုတ်ဖော်ရန်တောင်းဆိုသည်။

ခရစ်တော်သည် ဤတရားစီရင်ခြင်းကို မင်္ဂလာဆောင်ပွဲတွင်ဧည့်သည်များဖိတ်ခေါ်သည့်ဥပမာတွင်ပုံဖော်ထားသည်။ ခရစ်ယာန်အဖြစ်ခံယူရန် ရွေးချယ်သောသူအားလုံးသည် တပည့်တော်အစစ်အမှန်မဟုတ်ကြသောကြောင့်၊ ရှင်ဘုရင်က မည်သူသည်မင်္ဂလာဝတ်စုံဝတ်သည်မဝတ်သည်ကို စစ်ဆေးရန်ဝင်လာသည်။ ဤဝတ်လုံသည် "စင်ကြယ်၍အပြစ်ကင်းသောစာရိတ္တကိုပိုင်ဆိုင်မည့် ခရစ်တော်၏စစ်မှန်သောနောက်လိုက်များကိုပုံဆောင်သည်။" အသင်းတော်သည် "စင်ကြယ်ပြောင်လက်သောပိတ်ချောကိုဝတ်ဆင်ရသောအခွင့်ကိုရပြီး၊" "သန့်ရှင်းလျက်အပြစ်ကင်းလျက်ရှိသည်ဖြစ်၍၊ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းစသည်တို့နှင့်လွတ်လပ်" သည် (ဗျာ၊ ၁၉း၈။ ဧဖက်၊ ၅း၂၇)။ သမ္မာကျမ်းစာက၊ ပိတ်ချောသည် "သန့်ရှင်းသူတို့၏ဖြောင့်မတ်ခြင်းဖြစ်သတည်း" ဟုဆိုသည် (ဗျာ၊ ၁၉း၈)။ ၎င်းသည် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်အားမိမိတို့ကိုယ်ပိုင်ကယ်တင်ရှင်အဖြစ် လက်ခံသောသူအားလုံးကိုပေးသော ခရစ်တော်၏ဖြောင့်မတ်ခြင်းတည်းဟူသော၊ သူ၏အပြစ်မဲ့သောစာရိတ္တဖြစ်သည်။" ရှင်ဘုရင်သည်ဧည့်သည်များကိုစစ်ဆေးသောအခါ၊ ဧဝံဂေလိ၏ခေါ်ဖိတ်ခြင်း၌ရက်ရက်ရောရောပေးသောခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်လုံကို ဝတ်ဆင်သောသူတို့ကိုသာ စစ်မှန်သောယုံကြည်သူများအဖြစ်လက်ခံခဲ့သည်။ ဘုရားသခင်၏နောက်လိုက်ဖြစ်သည်ဟုဝန်ခံသော်လည်း၊

နားထောင်ခြင်းမရှိ၊ ခရစ်တော်၏ဖြောင့်မတ်ခြင်းဖြင့် လွှမ်းခြုံမထားသောသူတို့သည် အသက်စာစောင်မှချေဖျက်ခြင်းကိုခံရကြမည် (ထွက်၊ ၃၂း၃၃ ကိုဖတ်ပါ)။

ခရစ်တော်အားယုံကြည်သူအားလုံးကို စစ်ကြောစီရင်ခြင်းသဘောတရားသည် ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းဆိုင်ရာကျမ်းစာ၏သွန်သင်ချက်နှင့် ဆန့်ကျင်မှုမရှိချေ။

ပေါလုသည် တစ်နေ့သောအခါ တရားစီရင်ခြင်းကိုရင်ဆိုင်ရမည်ဖြစ်ကြောင်း သိခဲ့သည်။ ထို့ကြောင့်၊ သူသည် "ပညတ်တရားအားဖြင့်ရသောကိုယ်ဖြောင့်မတ်ခြင်းကို မကိုးစားဘဲ၊ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်ရသော ဖြောင့်မတ်ခြင်းတည်းဟူသော ယုံကြည်ခြင်းအတွက်ကြောင့် ဘုရားသခင်ပေးတော်မူသောဖြောင့်မတ်ခြင်း" (ဖိလိပ္ပိ၊ ၃း၉) ကိုလိုချင်တောင့်တခဲ့သည်။ ခရစ်တော်နှင့်အတူပေါင်းစည်းသောသူအားလုံးသည် ကယ်တင်ခြင်းအာမခံချက်ရှိသည်။ ခရစ်တော်မကြွလာမီ စစ်ကြောစီရင်ခြင်းတွင် ခရစ်တော်နှင့် အတူ ကယ်တင်သောဆက်ဆံရေးရှိသည့် စစ်မှန်သောယုံကြည်သူများသည် မကျရှုံးသော စကြဝဠာရှေ့မှောက်တွင် ထပ်လောင်းအတည်ပြုခြင်းခံရကြသည်။

သို့သော်ငြားလည်း၊ ခရစ်တော်သည် သူတို့ပြုခဲ့သည့်များစွာသောကောင်းသော အကျင့်များကိုသာအခြေခံ၍ ခရစ်ယာန်အဖြစ်ဝန်ခံသောသူတို့ကို အာမခံချက်မပေးနိုင်ချေ (မဿဲ၊ ၇း၂၁–၂၃)။ ထို့ကြောင့်၊ ကောင်းကင်မှတ်တမ်းများသည် မှားသောအရာများမှ စစ်မှန်သောအရာများကိုရွေးထုတ်သော တန်ဆာပလာထက်ပိုသည်။ ၎င်းတို့သည် စစ်မှန် သောယုံကြည်သူတို့ကို ကောင်းကင်တမန်များရှေ့တွင် အတည်ပြုရန်အတွက်အခြေအမြစ် ဖြစ်သည်။

"သန့်ရှင်းရာဌာနဆိုင်ရာယုံကြည်ချက်သည် ယုံကြည်သူ၏ခရစ်တော်၌အာမခံချက် ကို လုယူခြင်းမပြုဘဲလျက်၊ ၎င်းကိုထိန်းသိမ်းပေးသည်။ ၎င်းသည် ယုံကြည်သူ၏ စိတ်ထဲတွင် ကယ်တင်ခြင်းစီမံကိန်းကိုရုပ်လုံးဖော်ပြီး၊ ရှင်းပြပေးသည်။ တဲတော်လုပ်ငန်း များကပုံဆောင်သကဲ့သို့ သူ၏အပြစ်များအတွက် ခရစ်တော်၏အစားထိုးအသေခံခြင်း အမှန်ကိုသဘောပေါက်ခြင်းသည် နောင်တရသောနှလုံးသားကိုဝမ်းမြောက်စေသည်။ ထို့ပြင်မက၊ သူ၏ယုံကြည်ခြင်းသည် သန့်ရှင်းသောဘုရားသခင်၏ရှေ့တော်တွင် ကြားဖျန် ဖြေသူဖြစ်သည့် အသက်ရှင်သောခရစ်တော်ထံသို့ရောက်ရှိသည်။"

**အဆင်သင့်ရှိရမည့်အချိန်။** ဘုရားသခင်သည် ခရစ်တော်၏ကယ်တင်ခြင်း လုပ်ငန်းအဆုံးပိုင်းဆိုင်ရာဝမ်းမြောက်ဖွယ်သတင်းစကားကို ခရစ်တော်မကြွလာမီ တစ်လောကလုံးသို့ဟောပြောရန်ရည်ရွယ်သည်။ ဤသတင်းစကား၏အဓိကအချက်မှာ ထာဝရဧဝံဂေလိသတင်းစကားဖြစ်ပြီး၊ အရေးတကြီးကြွေးကြော်ရမည်။ အကြောင်းမှာ

ဘုရားသခင်၏ "တရားစီရင်တော်မူသောအချိန်ရောက်လာပြီ" (ဗျာ၊ ၁၄း၇)။ ဘုရားသခင်သည် ယခုတရားစီရင်နေကြောင်းကို ဤဖိတ်ခေါ်ခြင်းက လောကီသားများကိုသတိပေးသည်။

ယနေ့ကျွန်ုပ်တို့သည် ပုံဆောင်မှုမဟုတ်သော ကြီးမားသည့်အပြစ်ဖြေရာနေ့တွင် အသက်ရှင်နေထိုင်ကြသည်။ ဣသရေလတို့သည် ထိုနေ့တွင် ခြိုးခြံစွာကျင့်သကဲ့သို့ (ဝတ်၊ ၂၃း၂၇)၊ ဘုရားသခင်သည် မိမိလူတို့အားလုံးကို အမှန်တကယ်နောင်တရရန် ခေါ်နေသည်။ အသက်စာစောင်တွင် မိမိတို့နာမည်ကိုထိန်းထားလိုသောသူတို့သည် ဘုရားသခင်၏တရားစီရင်ခြင်းကာလအတွင်း (ဗျာ၊ ၁၄း၁၇)၊ ဘုရားသခင်နှင့်လည်းကောင်း၊ မိမိတို့လူသားချင်းတို့နှင့်လည်းကောင်း သင့်မြတ်နေရမည်။

ယဇ်ပုရောဟိတ်မင်းအဖြစ် ခရစ်တော်၏လုပ်ငန်းသည်ပြီးဆုံးလုပြီ။ လူသားတို့အတွက်ကရုဏာကာလသည် တစ်စတစ်စလက်လွှတ်ဆုံးရှုံးနေသည်။ "အမှုပြီးပြီ" ဟု ဘုရားသခင်ကြွေးကြော်မည့်အချိန်ကို မည်သူမျှမသိချေ။ "ထိုအချိန်ကာလသည် အဘယ်သောအခါ၌ရောက်မည်ကို သင်တို့မသိသောကြောင့်၊ သတိပြု၍ဆုတောင်းလျက်စောင့်နေကြလော့" (ရှင်မာကုခရစ်ဝင် ၁၃း၃၃)။

ကျွန်ုပ်တို့သည် အပြစ်ဖြေရာနေ့အစစ်အမှန်၏အချိန်တွင် အသက်ရှင်နေရသော်လည်း၊ ကြောက်စရာမလိုချေ။ အဘယ်ကြောင့်ဆိုသော်၊ "ကောင်းကင်ဘုံထဲသို့ကြွဝင်တော်မူသော ယဇ်ပုရောဟိတ်မင်းအကြီးတည်းဟူသော ဘုရားသခင်၏သားတော်ယေရှုသည် ငါတို့၌ ယဇ်ပုရောဟိတ်မင်းဖြစ်တော်မူသောကြောင့်၊ ငါတို့သည် ဝန်ခံခဲ့ပြီးသောအရာ၌ တည်ကြည်ကြကုန်အံ့။ ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသောဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏။ ထို့ကြောင့် ငါတို့သည် သနားခြင်းကရုဏာကိုလည်းကောင်း၊ တော်လျော်သောမစခြင်းကျေးဇူးကိုလည်းကောင်း ခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့" (ဟေဗြဲ၊ ၄း၁၄–၁၆)။

–ဝ–

# အခန်း– ၂၅
# ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း

ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းသည် အသင်းတော်၏မင်္ဂလာရှိသောမျှော်လင့်ခြင်း၊ ဧဝံဂေလိတရား၏ ကြီးကျယ်ခမ်းနားသောအထွတ်အထိပ်ဖြစ်သည်။ ကယ်တင်ရှင်၏ကြွလာခြင်းသည် အရှိအတိုင်းကိုယ်တိုင်ကိုယ်ကျဖြစ်၍ တစ်ကမ္ဘာလုံးမြင်နိုင်လိမ့်မည်။ ကိုယ်တော်ကြွလာသောအခါ သေလွန်သောဖြောင့်မတ်သူတို့သည် ရှင်ပြန်ထမြောက်ပြီး၊ အသက်ရှင်သောဖြောင့်မတ်သူတို့နှင့်အတူ ဘုန်းတော်ဝင်စား၍ ကောင်းကင်သို့ချီဆောင်ခြင်းခံရမည်။ သို့သော်၊ မဖြောင့်မတ်သောသူတို့သည် သေကြလိမ့်မည်။ အနာဂတ္တိစကားအများစုပြည့်စုံလုနီးပါးရှိခြင်းနှင့် လက်ရှိကမ္ဘာ့အခြေအနေတို့သည် ခရစ်တော်ကြွလာချိန်နီးကြောင်းကိုညွှန်ပြသည်။ ထိုအချိန်ကာလကိုမဖော်ပြသောကြောင့်၊ ကျွန်ုပ်တို့အား အမြဲတမ်းအဆင်သင့်ရှိနေရန် အလေးအနက်တိုက်တွန်းထားသည်။ (မဿဲ၊ ၂၄။ မာကု၊ ၁၃။ လုကာ၊ ၂၁။ ယောဟန်၊ ၁၄း၁–၃။ တမန်၊ ၁း၉–၁၁။ ၁ကော၊ ၁၅း၅၁–၅၄။ ၁သက်၊ ၄း၁၃–၁၈။ ၅း၁–၆။ ၂သက်၊ ၁း၇–၁၀။ ၂း၈။ ၂တိ၊ ၃း၁–၅။ တိတု၊ ၂း၁၃။ ဟေဗြဲ၊ ၉း၂၈။ ဗျာ၊ ၁း၇။ ၁၄း၁၄–၂၀။ ၁၉း၁၁–၂၁)။

အိပ်ရာဝင်ချိန်တွင် ကလေးငယ်သည် "မေမေ၊ မီးမီးလေ၊ မီးမီးရဲ့သူငယ်ချင်း ယေရှုကိုအရမ်းသတိရတာပဲ။ သူဘယ်တော့ပြန်လာမှာလဲဟင်" ဟူ၍ ရင်ထဲကစကားကို ဆိုခဲ့သည်။

ဤကလေးသည် သူမ၏ရင်ထဲကတောင့်တမှုမှာ ခေတ်ကာလအဆက်ဆက် တောင့်တသောအရာဖြစ်သည်ကို သိနိုင်မည်မဟုတ်ချေ။ သမ္မာကျမ်းစာ၏နောက်ဆုံးစကားသည် မကြာမီပြန်ကြွလာမည့်ကတိကိုပေးသည်။ "ငါသည် အလျင်အမြန်လာမည် မှန်ပေ၏။" ခရစ်တော်၏သစ္စာရှိသောမိတ်ဆွေ၊ ဗျာဒိတ်ကျမ်းရေးသားသူ ယောဟန်က၊ "အာမင်၊ သခင်ယေရှုကြွလာတော်မူပါ" ဟုပြန်ဖြေခဲ့သည် (ဗျာ၊ ၂၂း၂၀)။

ယေရှုကိုတွေ့မြင်ရမည်။ ကျွန်ုပ်တို့စိတ်ကူးနိုင်သည်ထက် ကျွန်ုပ်တို့ကိုချစ်သောသူနှင့်အစဉ်နေရမည်။ လောကီဝေဒနာအားလုံး၏အဆုံးသတ်ကိုမြင်တွေ့ရမည်။ ယခုအိပ်ပျော်၍၊ ရှင်ပြန်ထမြောက်မည့်ချစ်ရသူများနှင့် အမြဲတမ်းပျော်ရွှင်ရမည်။ ဤအရာများကြောင့် ခရစ်တော်၏မိတ်ဆွေတို့သည် ထိုနေ့ရက်ကိုစောင့်စားကြသည်မှာ အံ့အားသင့်စရာမဟုတ်ပါတကား။

သမ္မာကျမ်းစာက၊ ယေရှုသည် ဒုတိယအကြိမ်ကြွလာမည်ဟု ရှင်းရှင်းဖော်ပြသော်လည်း၊ သူကြွလာမည့်နေ့ရက်သည် သန့်ရှင်းသူများအတွက်ပင် အလွန်အံ့သြစေလိမ့်မည်။

"အကြောင်းမူကား၊ သင်တို့မထင်မမှတ်သောအချိန်နာရီ၌ လူသားသည် ကြွလာလိမ့်မည်" (မဿဲ၊ ၂၄း၄၄)။ ကမ္ဘာ့ရာဇဝင်၏ "သန်းခေါင်ယံ" အချိန်တွင် ဘုရားသခင်သည် သူ၏လူတို့ကိုကယ်နုတ်ရန် သူ၏တန်ခိုးကိုထင်ရှားစေလိမ့်မည်။ သမ္မာကျမ်းစာက ဤဖြစ်ရပ်ကိုဖော်ပြသည်။ "ပြီးပြီဟုကြီးသောအသံသည် ကောင်းကင်ဗိမာန်တော်၌ရှိသော ပလ္လင်တော်ထဲကထွက်၏။" ဤအသံသည် မြေကြီးကိုလှုပ်စေ၍၊ "မြေကြီးအပေါ်မှာလူဖြစ်သည့်ကာလမှစ၍ ထိုသို့သောလက္ခဏာနှင့် ထိုမျှလောက်ပြင်းထန်စွာသောမြေလှုပ်ခြင်းသည်မဖြစ်စဖူး" (ဗျာ၊ ၁၆း၁၇၊၁၈)။ တောင်များသည်တုန်လှုပ်၍၊ ကျောက်တုံးများသည် နေရာအနှံ့ပြန့်ကျဲလျက်ရှိကာ၊ မြေကြီးသည် ပင်လယ်လှိုင်းလုံးကဲ့သို့ကြွတက်လျက်ရှိ၏။ မြေလွှာသည်ကွဲ၍ "လူအမျိုးမျိုးနေသောမြို့တို့သည် ပြိုလဲကြ၏။...... ကျွန်းရှိသမျှတို့သည် လွင့်ပြေးကြ၏။ တောင်များတို့သည် ကွယ်ပျောက်ကြ၏" (ဗျာ၊ ၁၆း၁၉၊၂၀)။ မိုးကောင်းကင်သည် စာလိပ်ကဲ့သို့လွင့်သွား၏။ တောင်များ၊ ကျွန်းများအပေါင်းတို့သည် မိမိတို့နေရာအရပ်မှရွေ့ကြ၏" (ဗျာ၊ ၆း၁၄)။

ကမ္ဘာပေါ်တွင်ဖရိုဖရဲဖြစ်နေလင့်ကစား၊ ဘုရားသခင်၏လူတို့သည် "လူသား၏နိမိတ်လက္ခဏာ" (မဿဲ၊ ၂၄း၃၀) ကိုမြင်ရသောအခါ၊ ခွန်အားယူကြသည်။ သူသည် ကောင်းကင်မိုးတိမ်ကိုစီး၍ကြွလာသောအခါ၊ လူတိုင်းသည် အသက်၏အရှင်သခင်ကိုမြင်ရမည်။ ဤအချိန်တွင်၊ သူသည် ဝေဒနာခံရသောလူသားအဖြစ်မဟုတ်တော့ဘဲ၊ မိမိလူတို့ကို အရယူရန်အောင်နိုင်သောသူကဲ့သို့ကြွလာမည်။ ဆူးရစ်သရဖူနေရာတွင် ဘုန်းတော်သရဖူကိုဆောင်း၍၊ "ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟုဘွဲ့နာမတော်သည် အဝတ်တော်၌လည်းကောင်း၊ ပေါင်တော်၌လည်းကောင်း ရေးထားလျက်ရှိ၏" (ဗျာ၊ ၁၉း၁၂၊၁၆)။

ကိုယ်တော်ကြွလာချိန်တွင်၊ ယေရှုကိုကယ်တင်ရှင်နှင့် သခင်အဖြစ်အသိအမှတ်ပြုရန်ငြင်းဆန်သောသူများနှင့် သူ၏ပညတ်တော်ကိုအသက်တာတွင်မကျင့်သုံးသူများတို့ကို ကြီးမားသောစိတ်ပျက်မှုကဖမ်းစားလိမ့်မည်။ သူ၏ကျေးဇူးတော်ကိုငြင်းဆန်သောသူတို့သည် "သင်တို့လိုက်သောလမ်းဆိုးမှလွှဲကြလော့။ လွှဲကြလော့။ အဘယ်ကြောင့်အသေခံလိုကြသနည်း" (ယေဇကျေလ၊ ၃၃း၁၁) ဟူ၍စိတ်ရှည်စွာအသနားခံခြင်းကိုငြင်းပယ်သောသူတို့၏အပြစ်ကို ကောင်းစွာသိကြသည်။ "လောကီဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူဌေး၊ သူကြွယ်၊ ခွန်အားကြီးသူမှစ၍၊ ကျွန်များ၊ လူလွတ်များအပေါင်းတို့သည် မြေတွင်း၌လည်းကောင်း၊ တောင်ပေါ်မှာရှိသောကျောက်များ၌လည်းကောင်း၊ ပုန်းရှောင်လျက်နေ၍၊ ထိုတောင်များ၊ ကျောက်များတို့ကိုခေါ်လျက်၊ ငါတို့အပေါ်သို့ကျကြပါ။ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူ၏မျက်နှာနှင့် သိုးသငယ်၏အမျက်တော်ကို

ကွယ်ကာ၍၊ ငါတို့ကိုဖုံးအုပ်ကြပါ။ အမျက်တော်ထင်ရှားသောနေ့ကြီးရောက်ပါပြီတကား။ အဘယ်သူခံရပ်နိုင်မည်နည်းဟုပြောဆိုကြ၏" (ဗျာ၊ ၆း၁၅–၁၇)။

သို့သော်၊ ကိုယ်တော်ကိုကြာရှည်စွာမျှော်လင့်နေခဲ့သောသူတို့၏ဝမ်းမြောက်ခြင်းသည် ဆိုးယုတ်သောသူတို့၏စိတ်ပျက်ခြင်းကို လွှမ်းမိုးလျက်ရှိသည်။ ရွေးနုတ်ရှင်၏ ကြွလာခြင်းသည် ဘုရားသခင့်လူတို့၏ရာဇဝင်ကို ကြီးကျယ်သောအထွတ်အထိပ်သို့ ပို့ဆောင်ပေးသည်။ ဤအချိန်သည် သူတို့ကိုကယ်နုတ်သောအခါသမယဖြစ်သည်။ သူတို့သည် ပီတိအပြည့်ဖြင့် "ကြည့်ရှုလော့။ ဤအရှင်ကား၊ ငါတို့မျှော်လင့်သော၊ ငါတို့၏ဘုရားသခင်တည်း။ ငါတို့ကိုကယ်တင်တော်မူလိမ့်မည်။ ဤအရှင်ကား၊ ငါတို့မျှော်လင့်သော ထာဝရဘုရားတည်း။ ကယ်တင်တော်မူခြင်းကျေးဇူးကြောင့်၊ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့" (ဟေရှာယ၊ ၂၅း၉) ဟုကြွေးကြော်ကြသည်။

ယေရှုသည် နီးကပ်လာသောအခါ၊ သချိုင်း၌အိပ်ပျော်သောသူတို့ကိုခေါ်ပြီး၊ "ရွေးချယ်တော်မူသောသူတို့ကို အရပ်လေးမျက်နှာ၊ ကောင်းကင်အောက်ထက်ဝန်းကျင်တို့မှခေါ်၍စုရုံး" (မဿဲ၊ ၂၄း၃၁) ရန်၊ သူ၏ကောင်းကင်တမန်များကိုစေခိုင်းသည်။ ကမ္ဘာတစ်ဝန်းမှ သေလွန်သောဖြောင့်မတ်သူတို့သည် သူ၏အသံကိုကြား၍၊ မိမိတို့သချိုင်းများမှထမြောက်ကြသည်။ ပျော်ရွှင်ဖွယ်အခိုက်အတန့်ပါတကား။

ထို့နောက်၊ အသက်ရှင်သောဖြောင့်မတ်သူတို့သည် "တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌" (၁ကော၊ ၁၅း၅၂) ပြောင်းလဲကြသည်။ မသေနိုင်သောအဖြစ်သို့ဘုန်းတော်ဝင်စား၍၊ ရှင်ပြန်ထမြောက်သောဖြောင့်မတ်သူများတို့နှင့်အတူ၊ သူတို့၏အရှင်သခင်ကို ကောင်းကင်၌တွေ့ဆုံရန် ချီဆောင်ခြင်းခံရကာ၊ သခင်ဘုရားနှင့်အတူအစဉ်မပြတ်နေရကြလိမ့်မည် (၁သက်၊ ၄း၁၆၊၁၇)။

## ခရစ်တော်ပြန်ကြွလာခြင်း၏သေချာမှု

တမန်တော်များနှင့် ရှေးဦးခရစ်ယာန်တို့သည် ခရစ်တော်ပြန်ကြွလာခြင်းကို "မင်္ဂလာရှိသောမျှော်လင့်ရာ" (တိတု၊ ၂း၁၃။ ဟေဗြဲ၊ ၉း၂၈)၊ ဟုသဘောထားခဲ့ကြသည်။ သူတို့သည် သမ္မာကျမ်းစာထဲကအနာဂတ္တိစကားများနှင့် ကတိတော်များအားလုံးသည် ဒုတိယအကြိမ်ကြွလာချိန်တွင် ပြည့်စုံရန်မျှော်လင့်ခဲ့ကြသည် (၂ပေ၊ ၃း၁၃။ ဟေရှာယ၊ ၆၅း၁၇)။ အကြောင်းမှာ၊ ၎င်းသည် ခရစ်ယာန်လမ်းခရီး၏ပန်းတိုင်ပင်ဖြစ်သည်။ ခရစ်တော်ကိုချစ်သောသူအားလုံးသည် ခရစ်တော်၊ ခမည်းတော်၊ သန့်ရှင်းသောဝိညာဉ်တော်၊ ကောင်းကင်တမန်တို့နှင့်အတူ မျက်နှာချင်းဆိုင်ဆုံ၍ မိတ်သဟာယဖွဲ့ရမည့် အချိန်ကို စိတ်အားထက်သန်စွာမျှော်လင့်နေကြသည်။

**သမ္မာကျမ်းစာ၏သက်သေခံချက်။** ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း၏ သေချာမှုသည် သမ္မာကျမ်းစာ၏ယုံကြည်စိတ်ချရမှုတွင် အခြေခံသည်။ သူမသေမီအချိန်ကလေးတွင်၊ သူသည် သူတို့အတွက်နေစရာအရပ်ကိုပြင်ဆင်ရာ ခမည်းတော်ထံသို့ပြန်မည်ဟု သူ၏တပည့်တော်တို့ကိုပြောပြခဲ့သည်။ သို့သော်၊ "တစ်ဖန်၊ လာပြန်မည်" (ယောဟန်၊ ၁၄း၃) ဟု သူကတိပေးခဲ့သည်။

ကမ္ဘာမြေသို့ခရစ်တော်၏ပထမအကြိမ်ကြွလာခြင်းကို ကြိုတင်ဟောခဲ့သကဲ့သို့၊ သူ၏ဒုတိယအကြိမ်ကြွလာခြင်းကိုလည်း သမ္မာကျမ်းစာတစ်ခုလုံးတွင် ကြိုတင်ဟောခဲ့သည်။ ရေမလွှမ်းမိုးမီကပင်၊ ဘုရားသခင်သည် ဧနောက်အား အပြစ်တရားကိုအဆုံးသတ်မည့်အရာမှာ ဘုန်းတန်ခိုးဖြင့် ခရစ်တော်၏ကြွလာခြင်းဖြစ်ကြောင်းကို ပြောပြခဲ့သည်။ ဧနောက်က၊ "ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့ကို တရားစီရင်တော်မူ၍၊ မတရားသောသူတို့သည် မတရားသဖြင့်ပြုသော အဓမ္မအမှုရှိသမျှတို့၏အပြစ်ကိုလည်းကောင်း၊ မတရားသောလူဆိုးတို့သည် ဘုရားသခင်ကိုပြစ်မှား၍ပြောသော ကြမ်းတမ်းသောစကားရှိသမျှတို့၏အပြစ်ကိုလည်းကောင်း၊ ဖော်ပြခြင်းငှာ၊ အတိုင်းမသိများစွာသောမိမိသန့်ရှင်းသူတို့နှင့်တကွ၊ ကြွလာတော်မူလိမ့်မည်ဟု ပရောဖက်ပြု၍ဟောပြောလေ၏" (ယုဒ၊ ၁၄၊၁၅)။

ခရစ်တော်မတိုင်မီနှစ်ပေါင်းတစ်ထောင်က၊ ဆာလံဆရာသည် မိမိလူတို့ကိုစုသိမ်းရန် ဘုရားသခင်၏ကြွလာခြင်းအကြောင်းကိုပြောသည်။ "ငါတို့၏ဘုရားသခင်ကြွလာတော်မူ၏။ တိတ်ဆိတ်စွာနေတော်မမူ။ ရှေ့တော်၌မီးလောင်လျက် ပတ်ဝန်းကျင်၌မိုးသက်မုန်တိုင်းပြင်းပြလျက်ရှိ၏။ မိမိလူတို့ကိုစစ်ကြောစီရင်ခြင်းအလိုငှာ၊ အထက်ကောင်းကင်ကိုလည်းကောင်း၊ မြေကြီးကိုလည်းကောင်းခေါ်တော်မူလျက်၊ ယဇ်ပူဇော်သောအားဖြင့်၊ ငါနှင့်ပဋိညာဉ်ဖွဲ့သော ငါ၏သန့်ရှင်းသူတို့ကို ငါ့ထံသို့စုဝေးစေကြစေဟုမိန့်တော်မူ၏" (ဆာလံ၊ ၅၀း၃–၅)။

ခရစ်တော်၏တပည့်တော်တို့သည် ကိုယ်တော်ပြန်ကြွလာမည့်ကတိတော်၌ ဝမ်းမြောက်ကြသည်။ သူတို့ရင်ဆိုင်ရသောအခက်အခဲအားလုံးကြားထဲက၊ ဤကတိတော်၏အာမခံချက်သည် သူတို့၏သတ္တိနှင့်ခွန်အားကို အမြဲသစ်လွင်နေစေခဲ့သည်။ သူတို့၏အရှင်သခင်သည် သူ့ခမည်းတော်၏အိမ်တော်သို့ သူတို့ကိုယူဆောင်ရန်ပြန်ကြွလာလိမ့်မည်။

**ပထမကြွလာခြင်းကအာမခံချက်ပေးသည်။** ခရစ်တော်၏ဒုတိယကြွလာခြင်းသည် ပထမအကြိမ်ကြွလာခြင်းနှင့်နီးကပ်စွာဆက်စပ်သည်။ ခရစ်တော်သည် ပထမအကြိမ်ကြွလာ၍ အပြစ်တရားနှင့်စာတန်အပေါ်ပြတ်ပြတ်သားသားအနိုင်ယူခြင်း (ကောလော၊ ၂း၁၅) မရှိခဲ့သော်၊ စာတန်၏ဤလောကအုပ်စိုးခြင်းကို အဆုံးသတ်ရန်နှင့်

ကမ္ဘာမြေကို မူလပြည့်စုံမှုအတိုင်းပြန်လည်အသစ်ဖြစ်စေရန် သူသည် နောက်ဆုံးတွင် ကြွလာမည်ကို ယုံကြည်နိုင်စရာအကြောင်းမရှိချေ။ "ကိုယ်ကိုပူဇော်သောအားဖြင့် အပြစ်များကိုသုတ်သင်ပယ်ရှင်း" သောသကဲ့သို့ပြသည် ကျွန်ုပ်တို့၌ရှိသည်ဖြစ်ရာ၊ "နောက်တစ်ဖန် ထိုသခင်ကိုမျှော်လင့်လျက်နေသောသူတို့ကို ကယ်တင်ခြင်းအလိုငှာ၊ အပြစ်နှင့်မဆိုင်ဘဲ ပေါ်ထွန်းတော်မူ" မည် (ဟေဗြဲ၊ ၉း၂၆၊၂၈) ကို ကျွန်ုပ်တို့ယုံကြည်စရာအကြောင်းရှိသည်။

**ခရစ်တော်၏ကောင်းကင်ဆိုင်ရာလုပ်ငန်း။** ယောဟန်ထံ ခရစ်တော်၏ဖော်ပြချက်က၊ ကောင်းကင်သန့်ရှင်းရာဌာနသည် ကယ်တင်ခြင်းစီမံကိန်း၌ အချက်အချာဖြစ်သည်ကို ရှင်းလင်းစွာပြသသည် (ဗျာ၊ ၁း၁၂၊၁၃။ ၃း၁၂။ ၄း၁–၅။ ၅း၈။ ၇း၁၅။ ၈း၃။ ၁၁း၁၊၁၉။ ၁၄း၁၅၊၁၇။ ၁၅း၅၊၆၊၈။ ၁၆း၁၊၁၇)။ အပြစ်သားများအတွက် သူ၏နောက်ဆုံးလုပ်ငန်းကိုစတင်လိုက်ပြီဖြစ်ကြောင်း ညွှန်ပြသောအနာဂတ္တိစကားများသည် မိမိလူတို့ကို အိမ်တော်သို့ခေါ်ဆောင်ရန် သူသည်မကြာမီကြွလာမည်အကြောင်းကို ထပ်လောင်းအာမခံသည်။ လက်ဝါးကပ်တိုင်၌ လုပ်ဆောင်ခဲ့ပြီးသောရွေးနုတ်ခြင်းသည် ပြီးပြည့်စုံသွားစေရန် ခရစ်တော်သည် တက်ကြွစွာလုပ်ဆောင်နေကြောင်းကို ယုံကြည်စိတ်ချခြင်းသည် သူ၏ပြန်ကြွလာခြင်းကို မျှော်လင့်သောခရစ်ယာန်တို့အတွက် ကြီးမားသောခွန်အားကို ယူဆောင်လာပေးသည်။

## ခရစ်တော်ပြန်ကြွလာမည့်ပုံစံ

သူ၏ကြွလာချိန်နီးကြောင်း ညွှန်ပြသောနိမိတ်လက္ခဏာများအကြောင်း ခရစ်တော်ပြောဆိုရာတွင်၊ သူ၏လူတို့သည် မှားယွင်းသောပြောဆိုချက်များအားဖြင့် လှည့်ဖြားခြင်းမခံရစေရန် သူသတိပေးခဲ့သည်။ "ထိုအခါ သူတစ်ပါးက၊ ဤအရပ်၌ခရစ်တော်ရှိသည်၊ ထိုအရပ်၌ခရစ်တော်ရှိသည်ဟုဆိုသော်လည်း၊ မယုံကြနှင့်။ အကြောင်းမူကား၊ ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာပုရောဖက်တို့သည်ပေါ်လာ၍၊ ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင် ကြီးစွာသောနိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကိုပြုကြလိမ့်မည်" (မဿဲ၊ ၂၄း၂၃၊၂၄)။ ကြိုတင်သတိပေးခြင်းသည် ကြိုတင်လက်နက်တပ်ဆင်ခြင်းဖြစ်သည်။ ယုံကြည်သူတို့သည် စစ်မှန်သောကြွလာခြင်းနှင့် မှားယွင်းသောကြွလာခြင်းတို့ကိုခွဲခြားနိုင်ရန် ကျမ်းပိုဒ်များသည် ခရစ်တော်ကြွလာမည့်ပုံစံကို အသေးစိတ်ဖော်ပြသည်။ အောက်ပါတို့ကိုမှတ်သားပါ။

**ကိုယ်တိုင်တိုက်ရိုက်ကြွလာခြင်း။** ယေရှုသည် မိုးတိမ်ဖြင့်တက်ကြွသောအခါ၊ ထွက်ခွာသွားသောမိမိတို့အရှင်သခင်ကို ငေး၍မော့ကြည့်နေသောတပည့်တော်တို့ကို ကောင်းကင်တမန်နှစ်ပါးက ဤသို့ဆိုခဲ့သည်။ "အိုဂါလိလဲလူတို့၊ အဘယ်ကြောင့်

ကောင်းကင်သို့ကြည့်မျှော်လျက်နေကြသနည်း။ သင်တို့နှင့်ခွာ၍ ကောင်းကင်သို့ယူဆောင်ခြင်းကိုခံတော်မူသောထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့တက်ကြွသွားတော်မူသည်နည်းတူ၊ တစ်ဖန်ကြွလာတော်မူလတ္တံ့" (တမန်၊ ၁း၁၁)။

တနည်းအားဖြင့်၊ ယခုပင်သူတို့ကိုထားခဲ့သော ထိုသခင်သည် ဝိညာဉ်အဖြစ်မဟုတ်ဘဲ (လုကာ၊ ၂၄း၃၆–၄၃)၊ ကိုင်တွယ်၍ရသောပုဂ္ဂိုလ်အစစ်အမှန်သည် မြေကြီးပေါ်သို့ပြန်ကြွလာမည်။ ထိုကြောင့် သူ၏ဒုတိယအကြိမ်ကြွလာခြင်းသည် သူကောင်းကင်သို့တက်ကြွသွားသကဲ့သို့ သူကိုယ်တိုင်တိုက်ရိုက်ပြန်ကြွလာမည်။

**မြင်သာသောကြွလာခြင်း။** ခရစ်တော်ကြွလာခြင်းသည် စိတ်ထဲတွင်မမြင်နိုင်သည့်အတွေ့အကြုံမျိုးဖြစ်လိမ့်မည်မဟုတ်ဘဲ၊ မြင်နိုင်သောပုဂ္ဂိုလ်နှင့်အမှန်အကန်တွေ့ဆုံခြင်းဖြစ်လိမ့်မည်။ သူပြန်ကြွလာခြင်း၏မြင်သာမှုသည် သံသယဖြစ်စရာအကြောင်းမရှိချေ။ ယေရှုသည် သူ၏တပည့်တော်တို့အား တိတ်တခိုးဒုတိယအကြိမ်ကြွလာခြင်းကို သူ၏ပြန်ကြွလာခြင်းကို တောက်ပသောလျှပ်စီးလက်ခြင်းနှင့် နှိုင်းယှဉ်ခြင်းအားဖြင့် သတိပေးခဲ့သည် (မဿဲ၊ ၂၄း၂၇)။

ဖြောင့်မတ်သူများနှင့် ဆိုးယုတ်သောသူတို့သည် သူ၏ကြွလာခြင်းကိုတစ်ပြိုင်နက်မြင်တွေ့ကြရမည်ဟု သမ္မာကျမ်းစာကဖော်ပြသည်။ ယောဟန်က "ကြည့်ရှုလော့။ မိုးတိမ်နှင့်တကွကြွလာတော်မူသည်ဖြစ်၍၊...... ရှိသမျှသောသူတို့သည် ကိုယ်တော်ကိုရှုမြင်ရကြလိမ့်မည်" (ဗျာ၊ ၁း၇) ဟုဆိုသည်။ ယေရှုကလည်း လူဆိုးတို့၏တုံ့ပြန်မှုကို ဤသို့ဆိုသည် "မြေကြီးပေါ်မှာလူအပေါင်းတို့သည် ငိုကြွေးမြည်တမ်းကြ၍၊ လူသားသည်ကြီးစွာသောဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်၊ မိုးတိမ်ကိုစီး၍ကြွလာတော်မူသည်ကိုမြင်ရကြလိမ့်မည် (မဿဲ၊ ၂၄း၃၀)။

**ကြားနိုင်သောကြွလာခြင်း။** ခရစ်တော်၏ပြန်ကြွလာခြင်းသည် စကြဝဠာတစ်ခုလုံးသည် မြင်ရသည်နည်းတူ၊ ကြားလည်းကြားရမည်။ "သခင်ဘုရားသည်ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူမည်" (၁သက်၊ ၄း၁၆)။ မိမိလူတို့အားစုသိမ်းခြင်းကို "တံပိုးခရာကိုပြင်းစွာမှုတ်" ခြင်းကဆက်လိုက်လာသည် (မဿဲ၊ ၂၄း၃၁)။

**ဘုန်းအာနုဘော်နှင့်ကြွလာခြင်း။** ခရစ်တော်ပြန်ကြွလာသောအခါ၊ သူသည် အောင်နိုင်သူအဖြစ်ကြွလာ၍၊ "မိမိအဘခမည်းတော်၏ဘုန်းအာနုဘော်တော်ကိုဆောင်လျက်၊ ကောင်းကင်တမန်အခြံအရံတို့နှင့်ကြွလာတော်မူလတ္တံ့" (မဿဲ၊ ၁၆း၂၇)။ ဗျာဒိတ်ကျမ်းကိုရေးသောယောဟန်သည် ခရစ်တော်ပြန်ကြွလာခြင်း၏ ထည်ဝါခမ်းနားမှုကို ဇာတ်လမ်းပမာ

ပုံဖော်ထားသည်။ ခရစ်တော်သည် မြင်းဖြူကိုစီး၍၊ မရေမတွက်နိုင်သောကောင်းကင် စစ်တပ်ကြီးကို ဦးဆောင်လာသည့်ပုံစံဖြင့် သရုပ်ဖော်ထားသည်။ အနန္တတန်ခိုးနှင့်ပြည့်စုံ သောခရစ်တော်သည် ပေါ်လွင်ထင်ရှားသည် (ဗျာ၊ ၁၉း၁၁–၁၆)။

**မမျှော်လင့်ဘဲရုတ်တရက်ကြွလာခြင်း။** ခရစ်တော်ပြန်ကြွလာခြင်းကို မျှော်လင့် တောင့်တနေသောခရစ်ယာန်ယုံကြည်သူများသည် အချိန်နီးလာကြောင်းကိုသတိမူမိကြ လိမ့်မည် (၁သက်၊ ၅း၄–၆)။ သို့သော်၊ ယေဘုယျအားဖြင့် လောကီသားတို့အတွက် မှာမူ၊ "သူခိုးသည် ညအခါလာသကဲ့သို့ သခင်ဘုရား၏နေ့ရက်သည် လာလိမ့်မည်။..... ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်နှင့်ကင်းလွတ်၏ဟုဆိုစဉ်တွင်၊ ကိုယ်ဝန်ဆောင်သောမိန်းမ၌ သားဖွားခြင်းဝေဒနာရောက်သကဲ့သို့၊ သူတို့အပေါ်၌ လျင်မြန်စွာသောပျက်စီးခြင်းရောက်၍ လွတ်ခြင်းအခွင့်မရှိရကြ" (၁သက်၊ ၅း၂၊၃) ဟုပေါလုရေးခဲ့သည်။

ပေါလုက ခရစ်တော်၏ကြွလာခြင်းကို သူခိုးလာခြင်းနှင့်နှိုင်းယှဉ်ခြင်းသည်၊ မမြင် ရသည့်ပုံစံဖြင့် လျှို့ဝှက်စွာလာမည်ဟု လူတချို့ကမှတ်ချက်ချကြသည်။ သို့သော်ငြားလည်း၊ ထိုသို့သောရှုထောင့်သည် ခရစ်တော်၏ဘုန်းအာနုဘော်တော်ဖြင့်ကြွလာ၍၊ လူတိုင်းမြင်ရ မည် (ဗျာ၊ ၁း၇) ဟူသော ကျမ်းစာ၏သွန်သင်ချက်နှင့်ဆန့်ကျင်သည်။ ပေါလု၏ဆိုလို ရင်းမှာ ခရစ်တော်၏တိတ်တခိုးကြွလာခြင်းမဟုတ်ဘဲ၊ လောကီဆန်သောစိတ်ထား ရှိသူများအတွက်၊ ၎င်းသည် သူခိုးလာသကဲ့သို့ မမျှော်လင့်သောအချိန်ဖြစ်လိမ့်မည်။

ခရစ်တော်သည်လည်း အလားတူဆိုလိုရင်းကို သူ၏ကြွလာခြင်းနှင့် မျှော်လင့် မထားသည့်အချိန်တွင် ကမ္ဘာကိုရေဖြင့်ဖျက်ဆီးခြင်းနှင့်နှိုင်းယှဉ်ပြသခဲ့သည်။ "ရေလွှမ်းမိုး ခြင်းမဖြစ်မီကာလ၌ နောဧသည် သင်္ဘောထဲသို့ဝင်သောနေ့တိုင်အောင် လူများတို့သည် စားသောက်လျက်၊ ထိမ်းမြားစုံဖက်လျက်နေ၍၊ ရေလွှမ်းမိုးခြင်းရောက်သဖြင့် လူခပ်သိမ်း တို့ကို သုတ်သင်ပယ်ရှင်းသည်တိုင်အောင် သတိမဲ့နေကြသည်နည်းတူ၊ လူသားကြွလာ သောအခါ၌ဖြစ်လိမ့်မည်" (မဿဲ၊ ၂၄း၃၈၊၃၉)။ နောဧသည် ရေလွှမ်းမိုးမည့်အကြောင်း ကို နှစ်ပေါင်းများစွာဟောခဲ့သော်လည်း၊ ၎င်းသည် လူအားလုံးကိုအငိုက်ဖမ်းခဲ့သည်။ ထိုအချိန်ကလူတို့တွင် နှစ်မျိုးနှစ်စားရှိသည်။ တစ်မျိုးမှာ နောဧစကားကိုယုံကြည်၍၊ သင်္ဘောထဲသို့ဝင်ကာ၊ ကယ်တင်ခြင်းခံရကြသည်။ အခြားသူတို့မှာမူ သင်္ဘော၏အပြင် ဘက်တွင်နေရန်ရွေးချယ်ပြီး၊ "ရေလွှမ်းမိုးခြင်းရောက်သဖြင့် လူခပ်သိမ်းတို့ကို သုတ်သင် ပယ်ရှင်းသည်" (မဿဲ၊ ၂၄း၃၉)။

**ရုတ်တရက်ကျရောက်သောဖြစ်ရပ်။** ရေလွှမ်းမိုးခြင်းဥပမာကဲ့သို့၊ နေဗုခဒ်နေဇာမင်း၏ သတ္တုနှင့်ဖွဲ့ထားသောရုပ်တုအိပ်မက်သည် မိမိဘုန်းတော်နိုင်ငံတော်ကို ခရစ်တော်ရုတ်တရက်တည်ထောင်မည့်ပုံစံကို သရုပ်ဖော်သည်။ နေဗုခဒ်နေဇာမင်းသည် ကြီးမားသောရုပ်တုကိုမြင်မက်ခဲ့သည်။ ၎င်း၏ "ဦးခေါင်းသည် ရွှေစင်ဖြစ်၏။ ရင်ဘတ်နှင့်

လက်နှစ်ဖက်သည် ငွေဖြစ်၏။ ဝမ်းနှင့်ပေါင်နှစ်ဖက်သည် ကြေးဝါဖြစ်၏။ ခြေသလုံးနှစ်ဖက်သည် သံဖြစ်၏။ ခြေဖဝါးနှင့်ဖမိုးသည် သံတစ်ပိုင်းသရွတ်တစ်ပိုင်းဖြစ်၏။" ထို့နောက်၊ "လက်ဖြင့်မထုမလုပ်ဘဲ အလိုလိုဖြစ်သောကျောက်တစ်လုံးသည် သံနှင့်သရွတ်ဖြစ်သော ရုပ်တု၏ခြေကိုထိခိုက်၍ ချိုးဖဲ့သည်ရှိသော်၊ သံ၊ သရွတ်၊ ကြေးဝါ၊ ငွေ၊ ရွှေတို့သည် ကျိုးပဲ့ကြေမွလျက်၊ နွေကာလ၌ကောက်နယ်တလင်းအမှုန့်ကဲ့သို့ဖြစ်သဖြင့်၊ လေတိုက်လွင့်၍ သူတို့နေရာမရှိ၊ ပျောက်လေ၏။ ရုပ်တုကိုထိခိုက်သောကျောက်မူကား၊ တိုးပွားသဖြင့် တောင်ကြီးဖြစ်၍၊ မြေကြီးတစ်ပြင်လုံးကိုဖုံးလွှမ်းသည်" (ဒံ၊ ၂း၃၂–၃၅)။

ဤအိပ်မက်အားဖြင့် ဘုရားသခင်သည် နေဗုခဒ်နေဇာမင်းအား ကမ္ဘာ့ရာဇဝင်အကျဉ်းကိုပေးခဲ့သည်။ သူ၏အချိန်နှင့် ခရစ်တော်၏ထာဝရနိုင်ငံတော်ထူထောင်ခြင်း (ကျောက်) အကြားတွင်အဓိကအင်ပါယာကြီးလေးခုနှင့် ဆက်တိုက်ပေါ်လာမည့်အင်အားကြီးနိုင်ငံနှင့် အားနည်းသောနိုင်ငံများသည် ကမ္ဘာ့ဇာတ်ခုံပေါ်တွင်နေရာယူကြသည်။

ခရစ်တော်အချိန်ကတည်းကပင်၊ ကျမ်းအနက်ပြန်ဆိုသူတို့သည် ထိုအင်ပါယာများကို ဗာဗုလုန်အင်ပါယာ (၆၀၅–၅၃၉ ဘီစီ)၊ မေဒိ–ပေရသိအင်ပါယာ (၅၃၉–၃၃၁ ဘီစီ)၊ ဂရိအင်ပါယာ (၃၃၁–၁၆၈ ဘီစီ) နှင့် ရောမအင်ပါယာ (ဘီစီ ၁၆၈–၄၇၆ အေဒီ) များအဖြစ်ဖော်ထုတ်ခဲ့ကြသည်။ အနာဂတ္တိစကားအတိုင်း၊ ရောမအင်ပါယာကိုမည်သည့်အင်ပါယာကမျှဆက်ခံခြင်းမရှိချေ။ ခရစ်နှစ်လေးရာစုနှင့် ငါးရာစုအတွင်း ၎င်းသည် နိုင်ငံငယ်များအဖြစ်သို့ကွဲသွားပြီး၊ နောက်ပိုင်းတွင် ဥရောပနိုင်ငံများဖြစ်လာခဲ့ကြသည်။ ရာစုနှစ်များတစ်လျှောက် အားကြီးသောအုပ်ချုပ်သူများဖြစ်ကြသည့် ချားလမိန်း၊ ငါးယောက်မြောက်ချားလ်၊ နပိုလျံ၊ ကိုင်ဇာဝေဟိန်နှင့် ဟစ်တလာစသည်တို့သည် အခြားသောကမ္ဘာ့အင်ပါယာကိုထူထောင်ရန်ကြိုးစားခဲ့ကြသည်။ အနာဂတ္တိစကားရှိသည်အတိုင်း သူတို့အားလုံးရှုံးနိမ့်ခဲ့ကြသည်။ "သရွတ်နှင့်သံမရောနှောနိုင်သကဲ့သို့၊ သူတို့သည် အချင်းချင်းပေါင်းဖော်၍မသင့်နိုင်ကြ" (ဒံ၊ ၂း၄၃)။

နောက်ဆုံးတွင် ထိုအိပ်မက်သည် ဇာတ်လမ်း၏အထွတ်အထိပ်ဖြစ်သော ဘုရားသခင်၏ထာဝရနိုင်ငံထူထောင်ခြင်းကို အာရုံစိုက်လာသည်။ လူလက်ဖြင့်မလုပ်သောကျောက်သည် ခရစ်တော်၏ဘုန်းထွန်းသောနိုင်ငံတော်ကိုပုံဆောင်သည် (ဒံ၊ ၇း၁၄။ ဗျာ၊ ၁၁း၁၅)။ ထိုနိုင်ငံသည် လူသားတို့၏ကြိုးပမ်းမှုမပါဘဲ၊ ဒုတိယအကြိမ်ကြွလာချိန်တွင် တည်ထောင်လိမ့်မည်။

ခရစ်တော်၏နိုင်ငံသည် မည်သည့်လူသားတို့၏အင်ပါယာနှင့်အတူတစ်ပြိုင်နက်ဖြစ်ပေါ်လာမည်မဟုတ်ချေ။ ရောမအင်ပါယာစိုးမိုးခြယ်လှယ်ချိန်အတွင်း ကိုယ်တော်သည် မြေကြီးပေါ်ရှိစဉ်အခါ၊ နိုင်ငံအားလုံးကိုခြေပစ်သောကျောက်နိုင်ငံသည် မပေါ်လာသေးချေ။ သံနှင့်သရွတ်ရောနှောသောခြေထောက်အချိန်၊ ကွဲသွားသောဥရောပနိုင်ငံများ၏နောက်ပိုင်း

မှသာ ၎င်းသည် ရောက်လာလိမ့်မည်။ ၎င်းသည် ဖြောင့်မတ်သောသူတို့ကို ဆိုးယုတ်သောလူတို့မှ ခရစ်တော်ခွဲခြားမည့် (မဿဲ၊ ၂၅း၃၁–၃၄) ဒုတိယအကြိမ်ကြွလာချိန်တွင် တည်ထောင်လိမ့်မည်။

ထိုနိုင်ငံတော်ရောက်လာသောအခါ၊ ၎င်းသည် "သံနှင့် သရွတ်ဖြစ်သောရုပ်တု၏ခြေကိုထိခိုက်၍ချိုးဖဲ့သည်။" ထိုနောက်ထိုနိုင်ငံများအားလုံးကိုချေဖျက်၍၊ အစအနပင် မထားခဲ့ချေ (ဒံ၊ ၂း၃၄၊၃၅၊၄၄)။ အမှန်မှာ၊ ဒုတိယအကြိမ်ကြွလာခြင်းသည် မြေကြီးလှုပ်ခြင်းပင်ဖြစ်သည်။

## ဒုတိယအကြိမ်ကြွလာခြင်းနှင့်လူသားမျိုးနွယ်

ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းသည် သူနှင့်သူယူဆောင်လာသောကယ်တင်ခြင်းကို လက်ခံသောသူတို့နှင့် သူ့အားငြင်းပယ်သောသူတို့ဖြစ်ကြသော လူသားနှစ်ဖွဲ့အပေါ်သက်ရောက်မှုရှိလိမ့်မည်။

**ရွေးချယ်သူတို့ကိုစုသိမ်းခြင်း။** ခရစ်တော်၏ထာဝရနိုင်ငံတည်ထောင်ခြင်း၏အရေးကြီးသောလက္ခဏာတစ်ခုမှာ ရွေးနုတ်ခံသူအားလုံးကို ခရစ်တော်ပြင်ဆင်ပြီးသောကောင်းကင်အိမ်တော် (ယောဟန်၊ ၁၄း၃) သို့စုသိမ်းခြင်းဖြစ်သည် (မဿဲ၊ ၂၄း၃၁။ ၂၅း၃၂–၃၄။ မာကု၊ ၁၃း၂၇)။

နိုင်ငံအကြီးအကဲသည် အခြားနိုင်ငံကိုလည်ပတ်သောအခါ၊ လူအနည်းငယ်ကသာလျှင် ကြိုဆိုရေးတွင်ပါဝင်နိုင်သည်။ သို့သော် ခရစ်တော်ကြွလာသောအခါ၊ အသက်၊ ကျားမ၊ ပညာရေး၊ ဆင်းရဲချမ်းသာ၊ လူမျိုးခွဲခြားမှုမရှိဘဲ။ အသက်ရှင်ခဲ့သောယုံကြည်သူများအားလုံးသည် ဒုတိယအကြိမ်ကြွလာခြင်း၏ ကြီးကျယ်သောအခမ်းအနားတွင် ပါဝင်ကြလိမ့်မည်။ ဖြစ်ရပ်နှစ်ခုသည် ဤတစ်ကမ္ဘာလုံးစုရုံးခြင်းကိုဖြစ်စေနိုင်သည်။ ၎င်းဖြစ်ရပ်တို့မှာ သေလွန်သောဖြောင့်မတ်သူများရှင်ပြန်ထမြောက်ခြင်းနှင့် အသက်ရှင်သောသန့်ရှင်းသူများပြောင်းလဲခြင်းတို့ဖြစ်သည်။

**၁။ ခရစ်တော်၌သေလွန်သူများထမြောက်ခြင်း။** ခရစ်တော်၏ပြန်ကြွလာခြင်းကို ကြေညာသောတံပိုးမှုတ်သံသည် သေလွန်သောဖြောင့်မတ်သူတို့ကို မပျက်စီးနိုင်၊ မသေနိုင်သောအဖြစ်၌ ထမြောက်လိမ့်မည် (၁ကော၊ ၁၅း၅၂၊၅၃)။ တစ်ခဏတွင် "ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်" (၁သက်၊ ၄း၁၆)။ တစ်နည်းအားဖြင့်၊ သူတို့သည် အသက်ရှင်သောဖြောင့်မတ်သူများ သခင်ဘုရားနှင့်အတူ ချီဆောင်ခြင်းကိုမခံမီ၊ ထမြောက်ကြလိမ့်မည်။

သူ့အားမိမိတို့၏အသေသတ်ခြင်းခံရသောသခင်၊ ထမြောက်သောကယ်တင်ရှင်အဖြစ် လက်ခံသောသူအားလုံးအတွက် ခရစ်တော်သေချာစေခဲ့သောသေခြင်းအပေါ်အောင်မြင်ခြင်းကို ရှင်ပြန်ထမြောက်လာသော သန့်ရှင်းသူတို့သည် ဝမ်းမြောက်စွာကျင်းပ

ကြသည်။ ယခုတွင် သူတို့က၊ "အိုသေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း။ အိုမရဏာနိုင်ငံ၊ သင်၏အောင်ခြင်းသည် အဘယ်မှာရှိသနည်း" (၁ကော၊ ၁၅း၅၅) ဟုဆိုလျက်၊ ပျော်ရွှင်မြူးထူးကြသည်။

သင်္ချိုင်းထဲသို့ဆင်းပြီး ရှင်ပြန်ထမြောက်သောကိုယ်ခန္ဓာသည် ရောဂါထူပြော၍ အိုစာပြီး အင်္ဂါချို့ယွင်းသောကိုယ်ခန္ဓာမဟုတ်ဘဲ၊ ကိုယ်ခန္ဓာကိုဆွေးမြည့်စေသည့် အပြစ်၏လက္ခဏာမရှိသော မသေနိုင်သောပြည့်စုံသည့်ကိုယ်ခန္ဓာအသစ်ဖြစ်သည်။ ရှင်ပြန်ထမြောက်သောသန့်ရှင်းသူတို့သည် ခရစ်တော်၏အသစ်ပြုပြင်ခြင်းလုပ်ငန်း၏ စုံလင်ခြင်းကိုတွေ့ကြုံခံစား၍၊ ခန္ဓာ၊ စိတ်၊ ဝိညာဉ်တို့၌ ဘုရားသခင်၏စုံလင်သော ပုံသဏ္ဍာန်ကိုထင်ဟပ်စေကြသည် (၁ကော၊ ၁၅း၄၂–၅၄)။

**၂။ အသက်ရှင်သောယုံကြည်သူများပြောင်းလဲခြင်း။** သေလွန်သောဖြောင့်မတ်သူတို့ထမြောက်လာသောအခါ၊ ခရစ်တော်ဒုတိယအကြိမ်ကြွလာချိန်တွင် မြေကြီးပေါ်အသက်ရှင်သောဖြောင့်မတ်သူတို့သည် ပြောင်းလဲကြလိမ့်မည်။ "ယခုမျက်မှောက်ပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့ဝင်စားရမည်။ ယခုမျက်မှောက်သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ဝင်စားရမည်" (၁ကော၊ ၁၅း၅၃)။

ခရစ်တော်ပြန်ကြွလာချိန်တွင် မည်သည့်ယုံကြည်သူအဖွဲ့ကမျှ အခြားယုံကြည်သူတစ်စုံတစ်ဖွဲ့ကိုမျှကျော်သွားကြမည်မဟုတ်ချေ။ ပေါလုက အသက်ရှင်၍ပြောင်းလဲသောယုံကြည်သူတို့သည် "အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ရောက်စေခြင်းငှာ၊ ထိုသူတို့ (ရှင်ပြန်ထမြောက်သောယုံကြည်သူများ) နှင့်တကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရသောအားဖြင့် သခင်ဘုရားနှင့်အတူအစဉ်မပြတ်နေရကြလိမ့်မည်" (၁သက်၊ ၄း၁၇)။ ထိုကြောင့် ရှင်ပြန်ထမြောက်သောခေတ်အဆက်ဆက်က သန့်ရှင်းသူများနှင့် ခရစ်တော်ပြန်ကြွလာချိန်တွင် အသက်ရှင်လျက်ရှိသော သန့်ရှင်းသူတို့အားလုံးသည် ကြီးကျယ်သောကြွလာခြင်း၏ စုစည်းခြင်းတွင်ရှိနေကြလိမ့်မည်။

"သေခြင်းမှခရစ်တော်ကိုထမြောက်စေသော ထိုတန်ခိုးသည် သူ၏အသင်းတော်ကို ရှင်ပြန်ထမြောက်စေ၍၊ ၎င်းကို လောကဥ္စသာမက၊ ကောင်းကင်၌ပင်လျှင်၊ အထွတ်အမြတ်များ၊ အာဏာစက်များနှင့်နာမအားလုံးတို့၏အထက်တွင် ခရစ်တော်နှင့်အတူချီးမြှောက်လိမ့်မည်။ အိပ်ပျော်သောသန့်ရှင်းသူတို့၏အောင်မြင်ခြင်းသည် ထမြောက်ခြင်းနံနက်တွင်ကြီးကျယ်ခမ်းနားလိမ့်မည်။ စာတန်၏အောင်နိုင်ခြင်းသည် ပြီးဆုံးသွားချိန်တွင် ခရစ်တော်သည် ဘုန်းအသရေနှင့်ဂုဏ်ပြုခြင်း၌အောင်နိုင်လိမ့်မည်။ အသက်ပေးပိုင်သောအရှင်သည် သင်္ချိုင်းမှထွက်လာသောသူအားလုံးအား မသေနိုင်သောအဖြစ်ကိုဆောင်းပေးလိမ့်မည်။"

**မယုံကြည်သူများသေခြင်း။** ကယ်တင်ခြင်းခံရသောသူတို့အတွက် ဒုတိယအကြိမ်ကြွလာခြင်းသည် ဝမ်းမြောက်ရွှင်လန်းသောအချိန်ဖြစ်သော်လည်း၊ ဆုံးရှုံးသောသူများအတွက်မူ အကြီးအကျယ်ကြောက်လန့်ရသောအချိန်ဖြစ်သည်။ သူတို့သည် ခရစ်တော်၏မေတ္တာနှင့် သူ၏ဖိတ်ခေါ်ခြင်းတို့ကို အချိန်ကြာမြင့်စွာဆန့်ကျင်ခဲ့ကြသောကြောင့်၊ သူတို့သည် လှည့်ဖြားခြင်း၌မိနေခဲ့ကြသည် (၂သက်၊ ၂း၉–၁၂။ ရောမ၊ ၁း၂၈–၃၂ ကိုဖတ်ပါ)။ သူတို့ငြင်းပယ်ခဲ့သောသူသည် ဘုရင်တို့၏ဘုရင်၊ အရှင်တို့၏အရှင်အဖြစ် သူတို့တွေ့မြင်သောအခါ၊ သူတို့ပျက်ကိန်းအချိန်သည် ရောက်လာကြောင်းကိုသိကြသည်။ ထိတ်လန့်ခြင်းနှင့် စိတ်ပျက်ခြင်းတို့ဖြင့်ပြည့်လျက်၊ သူတို့ကိုကာကွယ်ရန်သက်မဲ့အရာများကိုတောင်းဆိုကြသည် (ဗျာ၊ ၆း၁၆၊၁၇)။

ဤအချိန်တွင် ဘုရားသခင်သည် အယူဖောက်ပြန်သောဘာသာရေးအားလုံးပေါင်းစည်းမှုဖြစ်သော ဗာဗုလုန်ကိုဖျက်ဆီးလိမ့်မည်။ ၎င်းသည် "မီးဖြင့်လည်းကျွမ်းလောင်ခြင်းကိုခံရလိမ့်မည်" (ဗျာ၊ ၁၈း၈)။ ဤအဖွဲ့အစည်း၏ခေါင်းဆောင်ဖြစ်သော ဝှက်ထားသည့် အဓမ္မအရာတည်းဟူသော "ထိုအဓမ္မလူကို သခင်ယေရှုသည် နှုတ်ထွက်ဝိညာဉ်တော်အားဖြင့်ဖျက်ဆီး၍၊ ကြွလာတော်မူခြင်း၏ရောင်ခြည်အားဖြင့် ပယ်ရှားတော်မူလိမ့်မည်" (၂သက်၊ ၂း၈)။ သားရဲ၏အမှတ်လက္ခဏာကို အမိန့်ဖြင့်အတင်းအကျပ်ပြုခြင်းအတွက် တာဝန်ရှိသောအာဏာစက်တို့ကို "ကန့်နှင့်လောင်သောမီးအိုင်ထဲသို့ချပစ်ကြ၏။" ထိုနောက်ကျန်ရှိနေသေးသောလူဆိုးအားလုံးသည် "မြင်းစီးတော်မူသောသူ [သခင်ယေရှုခရစ်တော်] ၏ခံတွင်းတော်ထဲကထွက်သောသံလျက်နှင့် ကွပ်မျက်ခြင်းခံရကြ၏" (ဗျာ၊ ၁၉း၂၀၊၂၁)။

## ခရစ်တော်မကြာမီပြန်ကြွလာခြင်း၏နိမိတ်များ

သမ္မာကျမ်းစာသည် ခရစ်တော်ကြွလာခြင်း၏ပုံစံနှင့် ရည်ရွယ်ချက်တို့ကိုသာဖော်ပြသည်မဟုတ်ဘဲ၊ ဤဖြစ်ရပ်နီးကြောင်းကို ပြောပြသောနိမိတ်လက္ခဏာများကိုလည်းဖော်ပြသည်။ ဒုတိယအကြိမ်ကြွလာခြင်းကို ကြေညာသောရှေးဦးနိမိတ်များသည် ခရစ်တော်ကောင်းကင်သို့တက်ကြွပြီးနှစ်ပေါင်း (၁၇၀၀) နောက်ပိုင်းတွင်ဖြစ်ပျက်ခဲ့သည်။ အခြားနိမိတ်များသည်လည်း လိုက်လာပြီး၊ သူပြန်ကြွလာခြင်းအလွန်နီးကြောင်းကိုဖော်ပြသည်။

**သဘာဝလောကမှနိမိတ်များ။** "နေ၊ လ၊ ကြယ်နက္ခတ်တို့၌ ပုပ္ပနိမိတ်ထင်ရှားလိမ့်မည်" (လုကာ၊ ၂၁း၂၅) ဟု ခရစ်တော်ကြိုတင်ဟောခဲ့သည်။ "နေသည်မိုက်လိမ့်မည်။ လသည်အရောင်မပေး။ ကောင်းကင်ကြယ်တို့သည်ကျကြလိမ့်မည်။ ကောင်းကင်တန်ခိုးတို့သည်တုန်လှုပ်ကြလိမ့်မည်။ ထိုအခါလူသားသည် ကြီးစွာသောဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်၊ မိုးတိမ်ကိုစီး၍ ကြွလာတော်မူသည်ကိုမြင်ရကြလိမ့်မည်။ (မာကု၊ ၁၃း၂၄–၂၆)။ ထို့အပြင်၊ ကောင်းကင်၌နိမိတ်များမပေါ်မီ ကြီးစွာသောမြေကြီးလှုပ်ခြင်း

ရှိမည်ဟု ယောဟန်မြင်ခဲ့သည် (ဗျာ၊ ၆း၁၂)။ ဤနိမိတ်များအားလုံးသည် နှစ်ပေါင်း (၁၂၆၀) ၏ညှဉ်းပန်းနှိပ်စက်ခြင်း၏အဆုံးပိုင်းတွင်ဖြစ်ပျက်ခဲ့သည်။

**၁။ ကမ္ဘာမြေ၏သက်သေခံချက်။** ဤအနာဂတ္တိစကား၏ပြည့်စုံခြင်းအဖြစ် "အကြီးမားဆုံးသောငလျင်" သည် (၁၇၅၅) ခုနှစ်၊ နိုင်ဝင်ဘာလ၊ (၁) ရက်တွင် လှုပ်ခတ်ခဲ့သည်။ ၎င်းကို လစ္စဘွန်းမြေငလျင်အဖြစ်လူသိများပြီး၊ ဥရောပတိုက်၊ အာဖရိကတိုက်၊ အမေရိကတိုက်တို့တွင် ၎င်းတို့၏အကျိုးသက်ရောက်မှုကိုခံစားရပြီး၊ စတုရန်းမိုင်ပေါင်း လေးသန်းအထိကျယ်ပြန့်ခဲ့သည်။ ၎င်း၏အပျက်အစီးသည် ပေါ်တူဂီနိုင်ငံ၊ လစ္စဘွန်းမြို့ကိုဗဟိုပြုပြီး၊ မိနစ်ပိုင်းအတွင်း အဆောက်အဦများပြိုကျကာ၊ လူထောင်ပေါင်းများစွာကိုသေစေခဲ့သည်။

ဤမြေငလျင်၏ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုသည် ကြီးမားသည်နည်းတူ၊ အချိန်ကာလကိုစဉ်းစားမှုအပေါ် ၎င်း၏အကျိုးသက်ရောက်မှုသည်လည်း အရေးပါသည်။ ထိုအချိန်ကများစွာသောသူတို့သည် ၎င်းကိုနောက်ဆုံးသောကာလ၏နိမိတ်အဖြစ်မှတ်ယူပြီး၊ ဘုရားသခင်၏တရားစီရင်ခြင်းနှင့် နောက်ဆုံးသောအချိန်အကြောင်းကို အလေးအနက်စဉ်းစားလာကြသည်။

**၂။ နေနှင့်လတို့၏သက်သေခံချက်။** နောက် (၂၅) နှစ်အကြာတွင် နောက်ဆက်တွဲအနာဂတ္တိစကား၏ နေနှင့်လတို့မိုက်ခြင်းဖြစ်ပျက်ခဲ့သည်။ ဤနိမိတ်ပြည့်စုံသည့်အချိန်သည် ကျမ်းစာတွင်ကြိုတင်ဟောထားသည့် ကြီးစွာသောဆင်းရဲဒုက္ခ (မဿဲ၊ ၂၄း၂၉) တည်းဟူသောပုပ်ရဟန်းမင်း၏နှစ်ပေါင်း (၁၂၆၀) ညှဉ်းဆဲခြင်းကာလနောက်တွင်ဖြစ်လိမ့်မည်ဟု ခရစ်တော်ညွှန်ပြထားခဲ့သည်။ သို့သော် ခရစ်တော်က ဤနိမိတ်များအလျင်ဖြစ်သောဆင်းရဲဒုက္ခသည် တိုတောင်းလိမ့်မည်ဟုဆိုသည် (မဿဲ၊ ၂၄း၂၁၊၂၂)။ ဘာသာရေးပြုပြင်ပြောင်းလဲခြင်းနှင့် ၎င်းမှပေါက်ပွားလာသောလှုပ်ရှားမှုတို့၏အရှိန်ကြောင့်၊ ပုပ်ရဟန်းမင်း၏ညှဉ်းဆဲမှုသည် အမှန်ပင်တိုတောင်းခဲ့ပြီး၊ (၁၈) ရာစုနှစ်အလယ်တွင် အားလုံးနီးပါးရပ်တန့်သွားခဲ့သည်။

ဤအနာဂတ္တိစကားသည် (၁၇၈၀) ခုနှစ်၊ မေလ (၁၉) ရက် ၌ ပြည့်စုံရာတွင်၊ သာမန်ထက်လွန်ကဲသောမှောင်မိုက်သည် မြောက်အမေရိကတိုက်၏အရှေ့မြောက်ဘက်တွင် ကျရောက်ခဲ့သည်။

ယေးလ် (Yale) တက္ကသိုလ်ကျောင်းအုပ် တိမောသေဒွိုက်က ဤဖြစ်ရပ်ကို ပြန်ပြောပြရာတွင်၊ "(၁၇၈၀) ခုနှစ်၊ မေလ (၁၉) ရက်သည် မှတ်သားဖွယ်ရာနေ့ဖြစ်ခဲ့သည်။ အိမ်များတွင် ဖယောင်းတိုင်များထွန်းကြသည်။ ကျေးငှက်များသည် တိတ်ဆိတ်၍ ပျောက်ကွယ်သွားကြသည်။ ကြက်များသည်လည်း အိပ်တန်းဝင်ကြသည်။ ပျံ့နှံ့နေသောအများထင်မြင်ချက်မှာ တရားစီရင်ခြင်းနေ့ရက်ရောက်ပြီဟူ၍ဖြစ်သည်။"

ဟားဗတ်တက္ကသိုလ်က ဆင်မြူရယ်ဝီလျံက ဤသို့အစီရင်ခံခဲ့သည်။ "နံနက် (၁၀) နာရီနှင့် (၁၁) နာရီအကြားတွင် အနောက်တောင်ဘက်မှ တိမ်တိုက်များနှင့်အတူ အမှောင်ထုကြီးချဉ်းကပ်လာကာ၊ နောက်ညလယ်အထိဆက်လက်ရှိနေခဲ့သည်။ တချို့နေရာများတွင် လူတို့သည် လဟာပြင်တွင်ပုံမှန်ပုံနှိပ်စာများကိုဖတ်ရန် မမြင်နိုင်ခဲ့ကြချေ။" "ထိုနေ့ညနေခင်း၏အမှောင်ထုသည် အနန္တတန်ခိုးရှင်က အလင်းကိုဖန်ဆင်းပြီးနောက်ပိုင်း အမိုက်ဆုံးဖြစ်နိုင်သည်။"

ထိုနေ့ ညဘက် (၉း၁၀) နာရီတွင် လပြည့်ဝန်းသည် သန်းခေါင်းယံအထိ အမှောင်ထု၏ဖုံးအုပ်ခြင်းကိုခံရသည်။ လကိုမြင်ရသောအချိန်တွင်၊ သွေးကဲ့သို့ဖြစ်သည်။

ဗျာဒိတ်ကျမ်းကိုရေးသောယောဟန်သည် ထိုနေ့၏တစ်မူထူးခြားမှုကိုကြိုတင်ဟောခဲ့သည်။ သူက၊ မြေငလျင်လှုပ်ပြီးနောက်၊ "နေသည် အမွေးဖြင့်ရက်သောအဝတ်ကြမ်းကဲ့သို့မည်း၏။ လအလုံးသည် သွေးကဲ့သို့ဖြစ်၏" (ဗျာ၊ ၆း၁၂)။

**၃။ ကြယ်များ၏သက်သေ။** ခရစ်တော်ကြွလာခြင်းနီးကြောင်းညွှန်ပြသော ကြယ်ကြွေခြင်းကို ခရစ်တော်နှင့်ယောဟန်တို့ကပြောကြားခဲ့သည် (ဗျာ၊ ၆း၁၃။ မဿဲ၊ ၂၄း၂၉)။ (၁၈၃၃) ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်က ကြီးမားသောကြယ်ကြွေ (ဥက္ကာပျံ) ခြင်းသည် မှတ်တမ်းတွင်အကြီးမားဆုံးကြယ်ကြွေခြင်းဖြစ်ပြီး၊ ဤအနာဂတ္တိစကားကိုပြည့်စုံစေခဲ့သည်။ တစ်နာရီအတွင်းပျမ်းမျှဥက္ကာပျံ (၆၀,၀၀၀) မျှကြွေသည်ဟု ခန့်မှန်းရသည်။ ၎င်းကို ကနေဒါနိုင်ငံမှ မက္ကစီကိုနိုင်ငံအထိလည်းကောင်း၊ အတ္တလန်တိတ်သမုဒ္ဒရာအလယ်မှ ပစိဖိတ်သမုဒ္ဒရာအထိလည်းကောင်း မြင်တွေ့ခဲ့ရသည်။ များစွာသော ခရစ်ယာန်တို့သည် ကျမ်းစာ၏အနာဂတ္တိစကားပြည့်စုံခြင်းအဖြစ် အသိအမှတ်ပြုကြသည်။

မျက်မြင်သက်သေတစ်ဦးက ဤသို့ဆိုသည်။ "မိုးမျက်နှာကြက်တစ်ပြင်လုံးသည် ကြယ်ကြွေများနှင့်ပြည့်နေခဲ့သည်။...... ဤအရာက၊ သင်္ဘောသဖန်းပင်ကိုပြင်းစွာသော လေတိုက်လျှင်၊ အချိန်မတန်သောအသီးကြွေသည်" ကို ပြန်သတိရစေသည်။

သူ၏ကြွလာခြင်းနီးကြောင်းကို ခရစ်ယာန်တို့အားသတိပေးရန် ခရစ်တော်သည် ဤနိမိတ်များကိုပေးခဲ့သည်။ ထိုသို့ဖြင့် သူတို့သည် သူတို့၏မျှော်လင့်ခြင်း၌ဝမ်းမြောက်၍၊ ၎င်းအတွက်အလုံးစုံပြင်ဆင်ထားနိုင်သည်။ "ထိုအမှုအရာတို့သည် ဖြစ်စရှိသောအခါ၊ သင်တို့ကိုရွေးနုတ်သောအချိန်ကာလရောက်လုနီးသည်ကိုထောက်သဖြင့်၊ မျှော်ကြည့်၍ ခေါင်းကိုကြွကြလော့" ဟု သူဆိုသည်။ ထပ်၍မိန့်ဆိုသည်မှာ "သင်္ဘောသဖန်းပင်မှစ၍ သစ်ပင်များတို့ကိုမှတ်ကြလော့။ အရွက်ပေါက်သောအခါ နွေကာလနီးသည်ကို သင်တို့သည် အလိုအလျောက်သိမြင်ကြ၏။ ထိုနည်းတူ၊ ထိုအကြောင်းအရာများဖြစ်သည်ကိုမြင်ရလျှင်၊ ဘုရားသခင်၏နိုင်ငံတော်တည်လုနီးသည်ကို သိမှတ်ကြလော့" (လုကာ၊ ၂၁း၂၈–၃၁) ဟုဆိုသည်။

ခရစ်တော်ကြိုတင်ဟောသကဲ့သို့၊ မြေကြီး၊ နေ၊ လ၊ ကြယ် တို့၏သက်သေခံချက်များသည် အစဉ်အတိုင်း၊ သူ့အချိန်အခါနှင့်သူဖြစ်ပျက်သွားခဲ့သည်ကိုထောက်၍၊ များစွာသောသူတို့၏အာရုံသည် ဒုတိယအကြိမ်ကြွလာခြင်းဆိုင်ရာ အနာဂတ္တိဟောကြားချက်သို့ ရောက်သွားစေသည်။

**ဘာသာရေးလောကမှနိမိတ်များ။** သမ္မာကျမ်းစာသည် ခရစ်တော်ပြန်မကြွလာမီအချိန်လေးတွင် ဖြစ်ပျက်မည့်ဘာသာရေးလောကမှ အရေးပါသောနိမိတ်များကိုကြိုတင်ဟောခဲ့သည်။

**၁။ ကြီးမားသောဘာသာရေးနိုးကြားမှု။** ဗျာဒိတ်ကျမ်းသည် ခရစ်တော်ဒုတိယအကြိမ်မကြွလာမီ၊ ကြီးမားသော ကမ္ဘာအနှံ့ဘာသာရေးလှုပ်ရှားမှုပေါ်လာမည့်အကြောင်းကိုဖော်ပြသည်။ ယောဟန်၏ရူပါရုံတွင်၊ ခရစ်တော်၏ပြန်ကြွလာခြင်းကိုကြေညာသောကောင်းကင်တမန်သည် ဤလှုပ်ရှားမှုကိုပုံဆောင်သည်။ "မြေကြီးပေါ်မှာနေသောသူတည်းဟူသော အသီးအသီးဘာသာစကားကိုပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့အား ထာဝရဧဝံဂေလိတရားကိုဟောရသော ကောင်းကင်တမန်တစ်ပါးက၊ ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ။ ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကိုဖန်ဆင်းတော်မူသောအရှင်ကိုကိုးကွယ်ကြလော့ဟု ကြီးသောအသံနှင့်ပြောဆို၍၊ ကောင်းကင်အလယ်၌ပျံဝဲလျက်ရှိသည်ကိုငါမြင်၏" (ဗျာ၊ ၁၄း၆၊၇)။

ဤသတင်းစကားကိုယ်၌က မည်သည့်အချိန်တွင် ၎င်းကိုကြွေးကြော်ရမည်ကိုညွှန်ပြသည်။ ထာဝရဧဝံဂေလိသတင်းကို ခေတ်ကာလတစ်လျှောက်ဟောနေခဲ့သည်။ သို့သော်၊ ဧဝံဂေလိတရား၏တရားစီရင်ခြင်းကိုအလေးပေးသော ဤသတင်းစကားကိုနောက်ဆုံးသောကာလ၌သာ ဟောပြော၍ရသည်။ အကြောင်းမှာ ၎င်းသည် "တရားစီရင်တော်မူသောအချိန်ရောက်လာပြီ" ဟူ၍ သတိပေးသောကြောင့်ဖြစ်သည်။

ဒံယေလကျမ်းသည် ကျွန်ုပ်တို့အားနောက်ဆုံးသောအချိန်တွင် ၎င်း၏အနာဂတ္တိစကားများကို တံဆိပ်ဖွင့်လိမ့်မည်ဟုအသိပေးသည် (ဒံ၊ ၁၂း၄)။ ထိုအချိန်တွင် လူတို့သည် ၎င်း၏နက်နဲသောအနာဂတ္တိစကားများကို နားလည်ကြလိမ့်မည်။ (၁၇၉၈) ခုနှစ်တွင် ပုပ်ရဟန်းမင်းကိုဖမ်းဆီးခြင်းနှင့်အတူ၊ နှစ်ပေါင်း (၁၂၆၀) ပုပ်ရဟန်းမင်း၏စိုးမိုးမှုဆုံးခန်းတိုင်သောအချိန်တွင် အနာဂတ္တိစကားကိုတံဆိပ်ဖွင့်ခဲ့သည်။ ပုပ်ရဟန်းမင်းကိုပြည်နှင်ဒဏ်ပေးခြင်းနှင့် သဘာဝတရားမှနိမိတ်များသည် ခရစ်ယာန်များစွာအား ဒုတိယအကြိမ်ကြွလာခြင်းနိမိတ်များဆိုင်ရာ အနာဂတ္တိစကားများကိုလေ့လာစေသည်။ ထို့သို့ဖြင့် ဤအနာဂတ္တိစကားများကို ပိုမိုနက်နဲစွာနားလည်စေသည်။

ဤဒုတိယအကြိမ်ကြွလာခြင်းကိုအာရုံပြုခြင်းသည် ကြွလာခြင်းကိုမျှော်လင့်သော ကမ္ဘာအနှံ့ပြန်လည်နိုးကြားခြင်းကိုဖြစ်စေသည်။ ခရစ်ယာန်လောကတစ်လျှောက်၊ နိုင်ငံအမျိုးမျိုးတွင် ဘာသာရေးပြုပြင်ပြောင်းလဲခြင်းသည် သီးခြားစီပေါ်ပေါက်လာခြင်းနှင့်အတူ၊ ဒုတိယအကြိမ်ကြွလာခြင်းဆိုင်ရာလှုပ်ရှားမှုလည်း ပေါ်ပေါက်လာခဲ့သည်။ ဤကမ္ဘာအနှံ့လှုပ်ရှားမှုသည် ခရစ်တော်ကြွလာခြင်းနီးကြောင်းကိုပြသည့် အလွန်ရှင်းသောနိမိတ်တစ်ခုဖြစ်သည်။ နှစ်ခြင်းဆရာယောဟန်သည် ခရစ်တော်၏ပထမအကြိမ်ကြွလာခြင်းအတွက် လမ်းခရီးကိုပြင်ဆင်ခဲ့သကဲ့သို့၊ ဒုတိယအကြိမ်ကြွလာခြင်းဆိုင်ရာလှုပ်ရှားမှုသည် သူ၏ဒုတိယအကြိမ်ကြွလာခြင်းအတွက် လမ်းခရီးကိုပြင်ဆင်ခဲ့သည်။ ၎င်းလှုပ်ရှားမှုသည် (ဗျာဒိတ်ကျမ်း ၁၄း၆–၁၂) မှ သတင်းစကားဖြစ်သော ကယ်တင်ရှင်၏ဘုန်းအာနုဘော်နှင့်ကြွလာခြင်းအတွက်အဆင်သင့်ရှိရန် ဘုရားသခင်၏ခေါ်ဖိတ်ခြင်းကိုကြွေးကြော်သည်။

**၂။ ဧဝံဂေလိတရားကိုဟောပြောခြင်း။** ဘုရားသခင်သည် "လောကီသားတို့ကိုဖြောင့်မတ်ခြင်းတရားနှင့်လျော်ညီစွာ စစ်ကြောစီရင်မည့်နေ့ရက်ကိုချိန်းချက်တော်မူပြီ" (တမန်၊ ၁၇း၃၁)။ ထိုနေ့အတွက် ကျွန်ုပ်တို့ကိုသတိပေးရာတွင်၊ ခရစ်တော်သည် တစ်ကမ္ဘာလုံးပြောင်းလဲသွားမည်ဟု ပြောဆိုခြင်းမဟုတ်ဘဲ၊ "လူမျိုးအပေါင်းတို့အားသက်သေဖြစ်မည်အကြောင်း၊ နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည်ဖြစ်လတ္တံ့" (မဿဲ၊ ၂၄း၁၄) ဟုသာဆိုခြင်းဖြစ်သည်။ ထို့ကြောင့်၊ ပေတရုသည် ယုံကြည်သူတို့အား ဘုရားသခင်၏နေ့ရက်ကိုမျှော်လင့်တောင့်တရန်အားပေးသည် (၂ပေ၊ ၃း၁၂)။

ဤရာစုနှစ်တွင် သမ္မာကျမ်းစာကိုဘာသာပြန်ခြင်းနှင့် အနက်ဖွင့်ဆိုခြင်းအပေါ် စာရင်းဇယားသည် ဧဝံဂေလိတရားသက်သေခံခြင်း၏ ကြီးထွားမှုကိုဖော်ပြသည်။ (၁၉၀၀) ခုနှစ်တွင် သမ္မာကျမ်းစာကိုဘာသာစကား (၅၃၇) မျိုးဖြင့်ရနိုင်သည်။ (၁၉၈၀) ခုနှစ်တွင် တစ်အုပ်လုံး သို့မဟုတ် အစိတ်အပိုင်းတချို့ကို ဘာသာစကား (၁,၈၁၁) မျိုးဖြင့်ရရှိနိုင်ပြီး၊ နှစ်စဉ်သမ္မာကျမ်းစာကိုဖြန့်ဝေခြင်းသည် (၁၉၀၀) ခုနှစ်တွင် (၅.၄) သန်းဖြန့်ဝေရာမှ (၁၉၈၀) ခုနှစ်တွင် ကျမ်းစာတစ်အုပ်လုံးဘာသာပြန် (၃၆.၈) သန်းကိုဖြန့်ဝေပြီး၊ တစ်စိတ်တစ်ပိုင်းဘာသာပြန်များကို သန်းပေါင်း (၅၀၀) နီးပါးဖြန့်ဝေခဲ့သည်။

ထို့ပြင်မက၊ ခရစ်ယာန်ဘာသာသည် ယခုတွင် ၎င်း၏သာသနာလုပ်ငန်းတွင် အသုံးပြုရန် မကြုံစဖူးလိုသလိုအသုံးပြုနိုင်သောအရာအမျိုးမျိုးရှိသည်။ ဝန်ဆောင်မှုပေးသောလုပ်ငန်း၊ ကျောင်းများ၊ ဆေးရုံဆေးပေးခန်းများ၊ ဒေသခံနှင့်နိုင်ငံခြားအမှုဆောင်များ၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း၊ ငွေကြေးအမြောက်အမြားရှိသည်။ ယနေ့တွင် အားကြီးသောရေဒီယိုလှိုင်းတို အသံလွှင့်ဌာနများသည် ဧဝံဂေလိတရားကိုကမ္ဘာ့တစ်ဖက်ခြမ်းသို့

လက်တွေ့ကျကျအလင်းပေးနိုင်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုအောက်၌ အသုံးပြု ခြင်းအားဖြင့်၊ ဤပြိုင်ဘက်ကင်းသောအရာများသည် ကျွန်ုပ်တို့အချိန်တွင် လောကကိုဧဝံဂေလိတရားဟောခြင်းပန်းတိုင်ကို အကောင်အထည်ဖော်ပေးလိမ့်မည်။

ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်သည် ယေရှုမကြာမီကြွလာမည့် သတင်းကောင်းကိုဖြန့်ချိရန်ဟူသောရည်ရွယ်ချက်တစ်ခုတည်းဖြင့်၊ တစ်ကမ္ဘာလုံးကိုဧဝံဂေလိ တရားဟောပြောရာတွင် အပြည့်အဝပါဝင်သည်ကိုဆင်ခြင်ပါ။ မြော်လင့်ခြင်းအသင်းသား များအဖြစ် ကျွန်ုပ်တို့သည် (၁၈၆၃) ခုနှစ်တွင် အဖွဲ့အစည်းဆိုင်ရာအစည်းအဝေးကို ပထမအကြိမ်ကျင်းပရာတွင် အမေရိကန်နိုင်ငံတစ်ခုလုံး၌ အသင်းတော် (၁၂၅) ခုမှ နှစ်ခြင်းခံပြီး အသင်းသား (၃,၅၀၀) ရှိခဲ့သည်။ (၂၀၁၅) ခုနှစ်တွင် အသင်းတော်သည် (၁၆) ကြိမ်မြောက်ကမ္ဘာ့ညီလာခံကိုကျင်းပရာတွင်၊ အစီရင်ခံစာတွင်တစ်ကမ္ဘာလုံး၌ အသင်းသား (၁၉.၁) သန်းသည် ကမ္ဘာ့ကုလသမဂ္ဂကအသိအမှတ်ပြုသောနိုင်ငံပေါင်း (၂၃၇) မှ နိုင်ငံ (၂၁၆) ခုတွင်ရှိနေကြသည်။ အသင်းတော်ပေါင်း (၁၄၈,၀၀၀) ပါး၊ ဆေးရုံဆေးခန်းပေါင်း (၇၂၅) ခု၊ ကျန်းမာရေးအစားအစာထုတ်စက်ရုံ (၂၂) ခု၊ ကောလိပ်နှင့်တက္ကသိုလ်ပေါင်း (၁၁၅) ကျောင်း၊ အထက်တန်းကျောင်း (၂,၂၉၆) ကျောင်းနှင့် မူလတန်းကျောင်း (၅,၇၃၂) ကျောင်းရှိသည်။ ကျွန်ုပ်တို့၏ပုံနှိပ်တိုက် (၆၂) ခုသည် ဘာသာစကား (၃၇၅) မျိုးထက်မက ဧဝံဂေလိစာပေများကိုပုံနှိပ်ထုတ်ဝေသည်။ မီဒီယာဌာန (၁၈၁) ခုတွင် ဘာသာစကား (၂၂၉) မျိုးဖြင့်ကမ္ဘာ၏လေးပုံသုံးပုံသို့ ရုပ်နှင့်အသံလွှင့်နေသည်။

ဘုရားသခင်၏ပို့ဆောင်မှုပါတကား။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ် တို့၏သာသနာလုပ်ငန်းနှင့် ဧဝံဂေလိတရားထိုးဖောက်ခြင်းတို့ကို များစွာကောင်းချီးပေးခဲ့ သည်။ လူသား၏ရှုထောင့်မှ မကျော်လွှားနိုင်ဟုထင်ရသောစိန်ခေါ်မှုများစွာလုပ်ဆောင်ရန် ကျန်ရှိနေသေးသည်။ သို့သော်၊ ဘုရားသခင်သည် "အမှုတော်ကိုတရားသဖြင့်ပြီးစီး စေခြင်းငှာ ဆုံးဖြတ်တော်မူမည်" (ရောမ၊ ၉း၂၈)။

**၃။ ဘာသာရေးကျဆင်းမှု။** ဧဝံဂေလိတရားကို ကမ္ဘာအနှံ့ဟောပြောခြင်း သည် စစ်မှန်သောခရစ်ယာန်ဘာသာအကြီးအကျယ်တိုးတက်လိမ့်မည်ဟုမဆိုလိုချေ။ ထို့အစား၊ သမ္မာကျမ်းစာသည် နောက်ဆုံးသောအချိန်တွင် စစ်မှန်သောဝိညာဉ်ရေး ကျဆင်းမည့်အကြောင်းကြိုတင်ဟောခဲ့သည်။ ပေါလုက၊ "နောင်ကာလသည် ခဲယဉ်းသော ကာလဖြစ်မည်ဟုသိမှတ်ကြလော့။ အဘယ်သို့နည်းဟူမူကား၊ လူတို့သည် ကိုယ်ကိုကိုယ် ချစ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကိုရှုတ်ချသောသူ၊ မိဘစကားကိုနားမထောင်သောသူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်းမရှိသောသူ၊ ပကတိကြင်နာစုံမက်ခြင်းနှင့်ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊

ချောစားတတ်သောသူ၊ ကိုယ်ကျွန္ဒြေကိုမချုပ်တည်းနိုင်သောသူ၊ ပြင်းထန်သောသူ၊ သူတော်ကောင်းကိုမုန်းသောသူ၊ သစ္စာကိုဖျက်တတ်သောသူ၊ သတိပေးခြင်းကိုမခံသောသူ၊ မာန်မာနနှင့်ယစ်မူးသောသူ၊ ဘုရားသခင်ကိုနှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်းကိုသာ၍နှစ်သက်သောသူ၊ ဘုရားဝတ်၌မွေ့လျော်ယောင်ဆောင်၍၊ မွေ့လျော်ခြင်းတန်ခိုးကိုငြင်းပယ်သောသူဖြစ်ကြလိမ့်မည်" (၂တိ၊ ၃း၁-၅)။

ထိုကြောင့် ယနေ့မိမိကိုယ်ကိုချစ်ခြင်း၊ ဥစ္စာပစ္စည်းကိုချစ်ခြင်းနှင့် လောကကိုချစ်ခြင်းတို့သည် များစွာသောသူတို့၏စိတ်နှလုံးတွင် ခရစ်တော်၏စိတ်သဘောထားအစားဝင်ရောက်လာသည်။ လူတို့သည် မိမိတို့အသက်တာကိုလမ်းညွှန်ရန် ဘုရားသခင်၏စည်းမျဉ်းများနှင့် ပညတ်ချက်များကိုခွင့်မပြုကြတော့ဘဲ၊ အဓမ္မအမှုသည် နေရာယူလာသည်။ "မတရားသောအမှုတို့သည်များပြားသဖြင့်၊ အများသောသူတို့၏ချစ်ခြင်းမေတ္တာသည် ခေါင်းပါးလိမ့်မည်" (မဿဲ၊ ၂၄း၁၂)။

**၄။ ပုပ်ရဟန်းမင်းအာဏာတစ်ကျော့ပြန်လာခြင်း။** ကျမ်းစာ၏အနာဂတ္တိစကားအရ၊ နှစ်ပေါင်း (၁၂၆၀) ၏အဆုံးတွင် ပြန်လည်အနာပျောက်မည့်ပုပ်ရဟန်းမင်းအာဏာသည် သေလောက်သောဒဏ်ရာကိုရခဲ့သည်။ ပုပ်ရဟန်းမင်းအာဏာသည် တစ်ဖန်ကြီးမားသောဩဇာလွှမ်းမိုးမှုနှင့် ရိုသေခံရမှုရှိလာပြီး၊ "မြေကြီးသားအပေါင်းတို့သည် သားရဲနောက်သို့လိုက်၍၊ အံ့ဩကြ၏" (ဗျာ၊ ၁၃း၃)။ ယနေ့တွင်ပင်လျှင် များစွာသောသူတို့သည် ပုပ်ရဟန်းမင်းကိုလောက၏ကိုယ်ကျင့်တရားနှင့်ဆိုင်သော ခေါင်းဆောင်အဖြစ်ရှုမြင်ကြသည်။

ကြီးမားသောအတိုင်းအတာအထိ၊ ကြီးထွားလာနေသောပုပ်ရဟန်းမင်းအာဏာသည် သမ္မာကျမ်းစာ၏အခွင့်အာဏာကို ထုံးတမ်းဓလေ့များ၊ လူသားတို့၏စံချိန်စံညွှန်းများနှင့် သိပ္ပံအတတ်တို့ဖြင့် ခရစ်ယာန်များကိုအစားထိုးစေသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့်၊ သူတို့သည် "ထူးဆန်းသောတန်ခိုး၊ နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုအမျိုးမျိုး" ကိုပြုသော "အဓမ္မလူ" (၂သက်၊ ၂း၉) ကိုခုခံနိုင်စွမ်းမရှိဖြစ်လာကြသည်။ စာတန်နှင့်သူ၏အသုံးခံသူတို့သည် မကောင်းမှုအဖွဲ့အစည်းကိုထူထောင်လိမ့်မည်။ ၎င်းကို လောကီသားတို့အားလှည့်ဖြားသောနဂါး၊ သားရဲနှင့်မိစ္ဆာပုရောဖက်စသည့် မသန့်ရှင်းသော ပေါင်းစည်းမှုကပံ့ဆောင်သည် (ဗျာ၊ ၁၆း၁၃၊၁၄။ ဗျာ၊ ၁၃း၁၃၊၁၄)။ ကျမ်းစာ၏လမ်းပြမှုကိုခံယူ၍၊ "ဘုရားသခင်၏ပညတ်တို့ကိုလည်းကောင်း၊ ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်း၊ စောင့်ရှောက်သောသန့်ရှင်းသူတို့" (ဗျာ၊ ၁၄း၁၂) ကသာလျှင် ဤအဖွဲ့အစည်း၏လှည့်ဖြားမှုကို အောင်မြင်စွာတွန်းလှန်နိုင်ကြသည်။

**၅။ ဘာသာရေးလွတ်လပ်မှုကျဆင်းခြင်း။** ပုပ်ရဟန်းမင်းအာဏာကြီးထွားလာခြင်းသည် ခရစ်ယာန်ဘာသာကိုသိသာထင်ရှားစွာအကျိုးသက်ရောက်စေလိမ့်မည်။ အဖိုးအခကြီးမားစွာပေးဆပ်ပြီးမှရယူသည့်ဘာသာရေးလွတ်လပ်မှုကို အသင်းတော်နှင့်

နိုင်ငံရေးအကြား သီးခြားခွဲထားခြင်းအားဖြင့် သေချာစေခဲ့သည်။ သို့သော် ၎င်းသည် လျော့ပါးသွား၍၊ အဆုံးတွင်ဖျက်သိမ်းခြင်းခံရမည်။ အားကြီးသောအရပ်ဘက်အစိုးရ၏ ထောက်ပံ့မှုနှင့်အတူ၊ ဤအယူဖောက်ပြန်သောအာဏာစက်သည် လူတိုင်းအပေါ်မိမိ၏ဝတ်ပြုခြင်းပုံစံကို အတင်းအကျပ်ပြုရန်ကြိုးပမ်းလိမ့်မည်။ လူတိုင်းသည် ဘုရားသခင်နှင့် သူ၏ပညတ်ချက်များအပေါ် သစ္စာရှိမည်လော၊ သို့မဟုတ် သားရဲနှင့်သူ၏ရုပ်တုအပေါ် သစ္စာရှိမည်လောဆိုသည်ကို ရွေးချယ်ကြရမည် (ဗျာ၊ ၁၄း၆–၁၂)။

သူတို့၏ထုံးတမ်းစဉ်လာနောက်လိုက်ရန် ဖိအားပေးခြင်းသည် စီးပွားရေးအကျပ်ကိုင်မှုပါဝင်လာမည်။ "ထိုတံဆိပ်လက်မှတ်တည်းဟူသောသားရဲ၏နာမဖြစ်စေ၊ နာမ၏အရေအတွက်ဖြစ်စေ၊ တစ်ခုခုကိုမခံသောသူတစ်ယောက်မျှ မရောင်းမဝယ်စေခြင်းငှာစီရင်မည်" (ဗျာ၊ ၁၃း၁၇)။ နောက်ဆုံးတွင် လိုက်နာမှုမရှိသောသူတို့သည် သေဒဏ်ကိုရင်ဆိုင်ရကြမည် (ဗျာ၊ ၁၃း၁၅)။ ဤနောက်ဆုံးသောဆင်းရဲဒုက္ခကာလအတွင်း ဘုရားသခင်သည် မိမိလူတို့အတွက်ကြားဝင်လာ၍၊ အသက်စာစောင်၌နာမည်စာရင်းဝင်သောသူတိုင်းကို ကယ်နုတ်လိမ့်မည် (ဒံ၊ ၁၂း၁)။

**မကောင်းမှုတိုးပွားခြင်း၊** ခရစ်ယာန်ဘာသာအတွင်း ဝိညာဉ်ရေးကျဆင်းမှုနှင့် အဓမ္မလူတန်းခိုးကြီးထွားလာခြင်းတို့သည် အသင်းတော်အထဲတွင်လည်းကောင်း၊ ယုံကြည်သူတို့၏အသက်တာတွင်လည်းကောင်း၊ ဘုရားသခင်၏ပညတ်တော်လျစ်လျူရှုမှုကို ကြီးထွားလာစေသည်။ ခရစ်တော်သည် ပညတ်တော်ကိုပယ်ဖျက်ပြီးဖြစ်ရာ၊ ခရစ်ယာန်များသည် စောင့်စရာမလိုတော့ပါဟူ၍ များစွာသောသူတို့သည် ယုံကြည်လာကြသည်။ ဤဘုရားသခင်၏ပညတ်တော်ကိုလျစ်လျူရှုခြင်းသည် ရာဇဝတ်မှုနှင့်ကိုယ်ကျင့်တရားမဲ့သောအပြုအမူများကိုတိုးပွားစေသည်။

**၁။ ကမ္ဘာ့ရာဇဝတ်မှုတစ်ဟုန်ထိုးတက်လာခြင်း။** များစွာသောခရစ်ယာန်ဘာသာအတွင်း ဤဘုရားသခင်၏ပညတ်တော်ကို မရိုသေသောရေစီးကြောင်းသည် ခေတ်သစ်လူ့အဖွဲ့အစည်းအား စည်းမျဉ်းဥပဒေများကို မထီမဲ့မြင်ပြုစေသည်။ ကမ္ဘာတစ်ဝန်း၊ ရာဇဝတ်မှုသည် ထိန်းချုပ်၍မရဘဲ၊ ထိုးတက်နေသည်။ ကမ္ဘာ့မြို့ကြီးများတချို့၏အစီရင်ခံစာမှာ ဤသို့ဖြစ်သည်။ "အမေရိကန်နိုင်ငံမှာကဲ့သို့၊ ရာဇဝတ်မှုသည် ကမ္ဘာတစ်ဝန်းနိုင်ငံတိုင်းနီးပါးတွင် တိုးပွားလျက်ရှိသည်။" "လန်ဒန်မြို့မှမော်စကိုမြို့၊ ဂျိုဟန်နက်စ်ဘတ်မြို့တို့အထိ၊ ရာဇဝတ်မှုသည် လူတို့၏နေထိုင်ပုံကိုပြောင်းလဲစေသော အဓိကခြိမ်းခြောက်မှု အလျင်အမြန်ဖြစ်လာနေသည်။"

**၂။ လိင်ပိုင်းဆိုင်ရာတော်လှန်ရေး။** ဘုရားသခင်၏ပညတ်တော်ကို အရေးမလုပ်ခြင်းသည် ဣန္ဒြေရှိခြင်းနှင့် စင်ကြယ်မှုကိုပျက်စီးစေပြီး၊ မကောင်းမှုဒုစရိုက်ကို တိုးပွားစေသည်။ ယနေ့တွင် လိင်ကိုမြတ်နိုးကိုးကွယ်ကြပြီး၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ ဗွီဒီယို၊ သီချင်း၊ မဂ္ဂဇင်းနှင့် ကြော်ငြာများတို့တွင် အသားပေးနေကြသည်။

လိင်ပိုင်းဆိုင်ရာတော်လှန်ရေးသည် ကွာရှင်းခြင်း၊ ပွင့်လင်းသောလက်ထပ်ခြင်း သို့မဟုတ် အိမ်ထောင်ဖက်ကိုလဲလှယ်ခြင်း၊ ကလေးများကိုလိင်ပိုင်းဆိုင်ရာစော်ကားခြင်း၊ ကလေးဖျက်ချခြင်း၊ ညစ်ညမ်းရုပ်ပုံများ၊ လိင်တူဆက်ဆံခြင်း၊ လိင်မှရောဂါကူးစက်ခြင်းနှင့် အေ့စ် (AIDS) တို့သည် ထိတ်လန့်ဖွယ်တိုးပွားလျက်ရှိ။

**စစ်ပွဲများနှင့်ကပ်ဘေးများ။** ယေရှုက၊ သူပြန်မလာမီ "လူတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံရန်ဘက်ပြုကြလိမ့်မည်။ အရပ်ရပ်တို့၌ ကြီးစွာသောမြေလှုပ်ခြင်း၊ အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်းတို့သည်ဖြစ်ကြလိမ့်မည်။ မိုးကောင်းကင်၌လည်း ကြောက်မက်ဖွယ်သောအရာနှင့် ကြီးစွာသောပုပ္ပနိမိတ်တို့သည် ပေါ်ထွန်းကြလိမ့်မည်" (လုကာ၊ ၂၁း၁၀၊၁၁)။ နောက်ဆုံးအချိန်သည်နီးလာ၍၊ စာတန်၏အဖွဲ့နှင့် ဘုရားရှင်၏ အဖွဲ့ကြားပဋိပက္ခသည် ပြင်းထန်လာချိန်တွင်၊ ဤကပ်ဘေးများလည်းပိုမိုပြင်းထန်၍၊ မကြာမကြာဖြစ်ပေါ်လာကာ၊ ကျွန်ုပ်တို့၏အချိန်တွင် မကြုံစဖူးပြည့်စုံလာသည်ကိုမြင်တွေ့ရမည်။

**၁။ စစ်ပွဲများ။** စစ်ပွဲများသည် သမိုင်းတစ်လျှောက် လူသားတို့ကိုဒုက္ခပေးခဲ့သော်လည်း၊ ကမ္ဘာနှင့်ချီ၍ဖြစ်သောစစ်ပွဲ၊ အလွန်ဖျက်ဆီးသောစစ်ပွဲများ အလျင်ကဘယ်ခါမျှ မဖြစ်ဖူးချေ။ ပထမနှင့်ဒုတိယကမ္ဘာစစ်သည် အလျင်ဖြစ်ခဲ့သောစစ်ပွဲအားလုံးပေါင်းထက် ပို၍ထိခိုက်သေဆုံးမှုဖြစ်စေသည်။

များစွာသောသူတို့က အခြားကမ္ဘာစစ်ပွဲအလားအလာကိုမြင်ကြသည်။ ဒုတိယကမ္ဘာစစ်သည်စစ်ပွဲကိုမပပျောက်စေခဲ့ချေ။ ၎င်းစစ်ပွဲပြီးဆုံးပြီးနောက်၊ "သမားရိုးကျလက်နက်များဖြင့်တိုက်သောစစ်ပွဲ (၁၄၀) တွင် လူပေါင်း (၁၀) သန်းမျှသေဆုံးခဲ့ရသည်။"

**၂။ သဘာဝဘေးအန္တရာယ်များ။** မကြာသေးမီကနှစ်များတွင် ဘေးအန္တရာယ်များသည် သိသာထင်ရှားစွာများပြားလာခဲ့သည်။ မကြာသေးမီက ကမ္ဘာမြေကြီးနှင့် ရာသီဥတုတို့၏ကပ်ဆိုးကျရောက်ခြင်းသည် တစ်ခုအပေါ်တစ်ခုထပ်ဆင့်၍ဖြစ်လာပြီး၊ သဘာဝတရားသည် ဒေါသအိုးပေါက်ကွဲနေပြီလောဟုပင် ထင်မှတ်စရာရှိသည်။ ကမ္ဘာမြေသည် ရာသီဥတုနှင့်တည်ဆောက်ပုံတွင် အကြီးအကျယ်ပြောင်းလဲခြင်းကိုတွေ့ကြုံရသော်၊ အနာဂတ်တွင် ပို၍ပြင်းထန်လာလိမ့်မည်။

**၃။ ငတ်မွတ်ခြင်းဘေး။** ငတ်မွတ်ခြင်းဘေးသည် လွန်ခဲ့သောအချိန်တွင် အကြိမ်များစွာဖြစ်ပျက်ခဲ့သည်။ သို့သော်၊ လွန်ခဲ့သောနှစ်တစ်ရာအတွင်းဖြစ်ခဲ့သောပမာဏကဲ့သို့ မဖြစ်ခဲ့ချေ။ ဘယ်သောအခါကမျှ ကမ္ဘာပေါ်တွင်သန်းနှင့်ချီသောလူတို့သည် ငတ်မွတ်ခြင်း သို့မဟုတ် အာဟာရချို့တဲ့ခြင်းကိုမခံစားဖူးချေ။ အနာဂတ်အတွက်အလားအလာသည် ပိုမိုမကောင်းပနိုင်ချေ။ မကြုံစဖူးငတ်မွတ်ခြင်းပမာဏသည် ခရစ်တော်ပြန်ကြွလာခြင်း အလွန်နီးကြောင်းကို ရှင်းလင်းစွာအချက်ပြသည်။

## အချိန်တိုင်းအဆင်သင့်ရှိပါ

သမ္မာကျမ်းစာသည်ကျွန်ုပ်တို့အား ယေရှုပြန်ကြွလာမည့်အကြောင်းကို ထပ်တလဲလဲ စိတ်ချစေသည်။ သို့သော်၊ သူသည် ယခုအချိန်မှ တစ်နှစ်၊ ငါးနှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်တွင်လာမည်လော။ မည်သူမျှမသိသည်မှာသေချာသည်။ ယေရှုကိုယ်တိုင်က ဤသို့ဆိုခဲ့သည်။ "ထိုအချိန်နာရီကိုကား အဘယ်သူမျှမသိ။ ကောင်းကင်တမန်မသိ။ ငါ့ခမည်းတော်တစ်ပါးတည်းသာသိတော်မူ၏" (မဿဲ၊ ၂၄း၃၆)။

သူ၏မြေကြီးပေါ်သာသနာအဆုံးပိုင်းတွင် ခရစ်တော်သည် နောက်ဆုံးကာလအသင်းတော်၏အတွေ့အကြုံကိုပုံဖော်ရန် သတို့သမီးဆယ်ဦးဥပမာကိုပြောခဲ့သည်။ သတို့သမီးနှစ်ဖွဲ့သည် မိမိတို့သခင်ဘုရားကိုစောင့်နေသည်ဟု ဝန်ခံသောယုံကြည်သူနှစ်မျိုးကိုပုံဆောင်သည်။ သူတို့ကို သတို့သမီးဟုခေါ်ခြင်းမှာ သူတို့သည် စင်ကြယ်သောယုံကြည်ခြင်းကို ဝန်ခံကြသောကြောင့်ဖြစ်သည်။ သူတို့၏မီးခွက်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုပုံဆောင်ပြီး၊ ဆီသည် သန့်ရှင်းသောဝိညာဉ်တော်ကိုပုံဆောင်သည်။

အပေါ်ယံအားဖြင့်၊ ဤနှစ်ဖွဲ့သည်တူသည်။ နှစ်ဖွဲ့စလုံးသည် သတို့သားကိုကြိုရန်ထွက်သွားကြသည်၊ မီးခွက်ရှိကြသည်၊ သူတို့၏အပြုအမူသည် ခြားနားဟန်မရှိချေ။ သူတို့အားလုံးသည် ခရစ်တော်မကြာမီပြန်ကြွလာမည့်သတင်းစကားကို ကြားခဲ့ကြပြီး၊ ၎င်းကို မျှော်လင့်နေကြသည်။ သို့သော် နောက်ကျဟန်ရှိခြင်းသည် သူတို့၏ယုံကြည်ခြင်းကို ဆန်းစစ်ရမည်။

ကမ္ဘာ့ရာဇဝင်၏အမှောင်မိုက်ဆုံးသောအချိန်၊ သန်းခေါင်ယံတွင်၊ ရုတ်တရက်သူတို့သည် "ကြည့်ပါ။ မင်္ဂလာဆောင်လုလင်သည်လာပြီ။ ခရီးဦးကြိုပြုခြင်းငှာထွက်သွားကြကုန်" (မဿဲ၊ ၂၅း၆) ဟူသောကြွေးကြော်သံကိုကြားကြသည်။ ယခုတွင် ဤနှစ်ဖွဲ့အကြားခြားနားမှုသည် ထင်ရှားလာပြီး၊ လူတချို့သည် သတို့သားကိုတွေ့ဆုံရန်အဆင်သင့်မရှိကြချေ။ သတို့သမီး "အမိုက်" တို့သည် သူတော်ကောင်းဟန်ဆောင်သူများမဟုတ်ကြချေ။ သူတို့သည် သမ္မာတရားတည်းဟူသော ဘုရားသခင်၏နှုတ်ကပတ်တော်ကို အလေးထားကြသည်။ သို့သော် သူတို့၌ဆီမရှိ၊ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကိုမခံခဲ့ကြချေ (ဗျာ၊ ၇း၁–၃)။ သူတို့သည် အပေါ်ယံအလုပ်နှင့်ကျေနပ်ကြပြီး၊ ကျောက်တည်းဟူသောယေရှုခရစ်တော်အပေါ်သို့ ကျရောက်ခြင်းမရှိခဲ့ကြချေ။ သူတို့သည် ဘုရားဝတ်၌မွေ့လျော်သည့်ပုံစံရှိသော်လည်း၊ ဘုရားသခင်၏တန်ခိုးကင်းမဲ့နေကြသည်။

သတို့သားကြွလာသောအခါ၊ အဆင်သင့်ရှိသောသူတို့သာ သူနှင့်အတူမင်္ဂလာခန်းမထဲသို့ဝင်ကြပြီး၊ ထိုနောက်တံခါးကိုပိတ်လိုက်သည်။ နောက်ဆုံးတွင် ဆီဝယ်သွားသောသတို့သမီးအမိုက်တို့သည် ပြန်လာ၍၊ "အရှင်၊ အရှင်၊ ကျွန်မတို့အားတံခါးကိုဖွင့်ပါ" ဟု

တောင်းဆိုကြသည်။ သို့သော်၊ သတို့သားသည် "ငါအမှန်ဆိုသည်ကား၊ သင်တို့ကို ငါမသိ" ဟုပြန်ပြောလေ၏။ (မဿဲ၊ ၂၅း၁၁၊၁၂)။

ခရစ်တော်သည် မြေကြီးပေါ်သို့ပြန်ကြွလာသောအခါ၊ သူချစ်သောသူတချို့အား ဤစကားကိုပြောရမည်ဆိုလျှင် အဘယ်မျှဝမ်းနည်းစရာကောင်းလိမ့်မည်နည်း။ သူသည် ဤသို့သတိပေးသည်။ "ထိုနေ့၌ကား၊ သခင်၊ သခင်၊ အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့်ဆုံးမဩဝါဒပေးပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့် နတ်ဆိုးတို့ကိုနှင်ထုတ်ပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့် များစွာသောတန်ခိုးတို့ကိုပြုပါပြီမဟုတ်လောဟု အများသောသူတို့သည် လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက်ကြသောအခါ၊ သင်တို့ကို ငါအလျှင်းမသိ။ အဓမ္မအမှုကိုပြုသောသူတို့၊ ငါ့ထံမှဖယ်ကြဟုသူတို့အား ငါအတိအလင်းပြောမည်" (မဿဲ၊ ၇း၂၂၊၂၃)။

ရေမလွှမ်းမိုးမီက၊ ဘုရားသခင်သည် ထိုအချိန်ကလူတို့ကိုရောက်လာမည့် ပျက်စီးခြင်းအတွက်သတိပေးရန် နောဧအားစေလွှတ်ခဲ့သည်။ အလားတူစွာ၊ ဘုရားသခင်သည် ခရစ်တော်ကြွလာခြင်းအတွက် လောကီသားများကိုပြင်ဆင်ရန် သတိပေးသောသတင်းစကားသုံးခုကိုစေလွှတ်နေသည် (ဗျာ၊ ၁၄း၆–၁၆)။

ဘုရားသခင်၏ကရုဏာသတင်းစကားကို လက်ခံသောသူအားလုံးသည် ဒုတိယအကြိမ်ကြွလာခြင်း၏မျှော်လင့်ချက်၌ ဝမ်းမြောက်ကြလိမ့်မည်။ "သိုးသငယ်၏မင်္ဂလာဆောင်ပွဲသို့ခေါ်ဖိတ်ခြင်းကိုခံရသောသူတို့သည် မင်္ဂလာရှိကြ၏" (ဗျာ၊ ၁၉း၉) ဟူသည်မှာ သူတို့အတွက်အာမခံချက်ဖြစ်သည်။ အမှန်မှာ "ထိုသခင်ကိုမျှော်လင့်လျက်နေသောသူတို့ကို ကယ်တင်ခြင်းအလို့ငှာ၊ အပြစ်နှင့်မဆိုင်ဘဲပေါ်ထွန်းတော်မူလတ္တံ့" (ဟေဗြဲ၊ ၉း၂၈)။

ရွေးနုတ်ရှင်၏ပြန်ကြွလာခြင်းသည် ဘုရားသခင့်လူတို့၏ဘုန်းကြီးသောသမိုင်းအထွတ်အထိပ်ကိုယူဆောင်လာသည်။ ဤအချိန်သည် သူတို့ကိုကယ်နုတ်သည့်အခိုက်အတန့်ဖြစ်သည်။ သူတို့သည် ဝမ်းမြောက်ခြင်းနှင့် ကြည်ညိုခြင်းဖြင့်၊ "ဤအရှင်ကား၊ ငါတို့မျှော်လင့်သော၊ ငါတို့၏ဘုရားသခင်တည်း။...... ကယ်တင်တော်မူခြင်းကျေးဇူးကြောင့်၊ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့" (ဟေရှာယ၊ ၂၅း၉) ဟု ကြွေးကြော်ကြသည်။

–ဝ–

# အခန်း– ၂၆
# သေခြင်းနှင့်ထမြောက်ခြင်း

အပြစ်၏အခကားသေခြင်းပေတည်း။ သို့ရာတွင် မသေနိုင်သည့်တစ်ပါးတည်းသော ဘုရားသခင်သည် သူရွေးနုတ်သောသူတို့အား ထာဝရအသက်ကိုပေးလိမ့်မည်။ ထိုနေ့ရက် အချိန်တိုင်အောင် သေခြင်းသည် လူအားလုံးအတွက်သတိမေ့မြောနေသောအဖြစ်၌ရှိနေသည်။ ကျွန်ုပ်တို့၏အသက်တည်းဟူသော ခရစ်တော်ပေါ်ထွန်းလာသောအခါ ထမြောက်သော ဖြောင့်မတ်သူများနှင့် အသက်ရှင်သောဖြောင့်မတ်သူတို့သည် ဘုန်းတော်ဝင်စား၍၊ မိမိတို့ အရှင်သခင်နှင့်တွေ့ဆုံရန် ချီဆောင်ခြင်းခံရကြလိမ့်မည်။ ဒုတိယထမြောက်ခြင်းတည်းဟူ သော မဖြောင့်မတ်သူတို့၏ထမြောက်မြောက်ခြင်းသည် နှစ်ပေါင်း (၁,၀၀၀) ကြာပြီးမှ ဖြစ်လာလိမ့်မည်။ (ယောဘ၊ ၁၉း၂၅–၂၇။ ဆာလံ၊ ၁၄၆း၃၊၄။ ဒေသနာ၊ ၉း၅၊၆၊၁၀။ ဟေရှာယ၊ ၂၅း၈။ ဒံ၊ ၁၂း၂၊၁၃။ ယောဟန်၊ ၅း၂၈၊၂၉။ ၁၁း၁၁–၁၄။ ရောမ၊ ၆း၂၃။ ၁ကော၊ ၁၅း၅၁–၅၄။ ကောလောသဲ၊ ၃း၄။ ၁သက်၊ ၄း၁၃–၁၇။ ၁တိ၊ ၆း၁၅။ ဗျာ၊ ၂၀း၁–၁၀)။

ဖိလိတ္တိစစ်တပ်သည် ရှုနင်မြို့မှာတပ်ချ၍၊ ဣသရေလတို့ကိုတိုက်ခိုက်ရန် အဆင် သင့်ပြင်ထားသည်။ အကောင်းမြင်စိတ်မရှိဘဲလျက်၊ ရှင်ဘုရင်ရှောလုသည် ဣသရေလ စစ်တပ်ကို ဂိလဗောမြို့တွင်တပ်ချထားသည်။ လွန်ခဲ့သောအချိန်တွင် ဘုရားသခင်ပါရှိကြောင်း အာမခံချက်ကိုရရှိလျက် ရှောလုမင်းသည် ရန်သူများကိုတိုက်ရန်မကြောက်မရွံ့ဘဲ ဣသရေလတို့ကိုဦးဆောင်ခဲ့သည်။ သို့သော်၊ ရှောလုမင်းသည် ဘုရားသခင်၏အမှုတော် ထမ်းခြင်းမှလွဲသွားခဲ့ပြီးဖြစ်၍၊ ဖောက်ပြန်သောရှင်ဘုရင်သည် တိုက်အံ့သောစစ်ပွဲ၏ရလဒ် အကြောင်းမေးရန် ဘုရားသခင်ကိုကြိုးစားဆက်သွယ်ခဲ့သော်လည်း၊ ဘုရားသခင်သည် သူနှင့်အဆက်အသွယ်ပြုခြင်းကို ငြင်းဆန်ခဲ့သည်။

မသိနိုင်သောနောက်တစ်နေ့အတွက် ရှောလုမင်းသည် အလွန်ကြောက်ရွံ့နေခဲ့ သည်။ ရှမွေလကိုအလွန်တောင့်တနေသည်။ ရှမွေလသည်သေပြီးဖြစ်၍၊ သူ့ကိုအကြံမပြု နိုင်တော့ချေ။ သို့တည်းမဟုတ် အကြံပြုနိုင်ပါဦးမည်လော။

"နတ်ဝင်သည်ကိုမေးလျှင် ကောင်းမည်လော" ဟူ၍ရှောလုမင်းသည် သူ့ကိုယ်သူ ပြောခဲ့သည်။ အစောပိုင်းရှောလုမင်းသည် ဘုရားသခင်နှင့်နီးကပ်ချိန်က၊ သူသည် ဣသရေလလူတို့ကို မှော်အတတ်နှင့်စုန်းကဝေအတတ်ဝေးကွာစေရန် ကြိုးပမ်းသည့် အနေဖြင့် ဣသရေလနိုင်ငံထဲမှ နတ်ဝင်သည်အားလုံးကိုမောင်းထုတ်ခဲ့သည်။

ယခုတွင်မူ ထိုရှောလုမင်းသည် ဖြစ်အံ့သောစစ်ပွဲ၏ကြမ္မာအကြောင်းမေးမြန်းနိုင်မည့်နတ်ဝင်သည်ကိုရှာရန်ကြိုးစားနေသည်။ သူသည် နတ်ဝင်သည်မိန်းမတစ်ဦးကို အဒေါ်ရမြို့တွင်ရှာတွေ့ခဲ့ပြီး၊ နောက်တစ်နေ့စစ်ပွဲ၏ရလဒ်အကြောင်းကိုမေးခဲ့သည်။ "ရှမွေလကိုဖော်ပါ" ဟုတောင်းဆိုခဲ့သည်။ နတ်ကိုမေးမြန်းချိန်အတွင်း နတ်ဝင်သည်သည် မြေကြီးထဲကဝိညာဉ်ထွက်လာသည်ကိုမြင်သည်။ ထိုဝိညာဉ်က ဣသရေလတို့သည် စစ်ရှုံးမည်သာမက၊ သူနှင့်သူ့သားတို့သည် အသတ်ခံရမည်ဟူ၍ ခိုကိုးရာမဲ့နေသောရှောလုမင်းကို သတင်းပေးခဲ့သည် (၁ရာ၊ ၂၈)။

ကြိုတင်ဟောကိန်းသည် အမှန်ဖြစ်လာခဲ့သည်။ ကြိုတင်ဟောကိန်းထုတ်သောသူသည် အမှန်ပင်ရှမွေလ၏ဝိညာဉ်ဟုတ်ပါသလား။ ဘုရားသခင်ရှုတ်ချခဲ့သောနတ်ဝင်သည်သည် ဘုရားသခင်ပုရောဖက်ရှမွေလ၏ဝိညာဉ်အပေါ် အဘယ်သို့ဩဇာရှိနိုင်သနည်း။ ရှမွေလသည် မည်သည့်အရပ်ကထွက်လာသနည်း။ အဘယ်ကြောင့်သူ့ဝိညာဉ်သည် မြေကြီးထဲကထွက်လာသနည်း။ သေခြင်းသည် ရှမွေလအပေါ်မည်သည့်အရာကိုဖြစ်စေခဲ့သနည်း။ ရှောလုမင်းအား စကားပြောခဲ့သောသူသည် ရှမွေလ၏ဝိညာဉ်မဟုတ်ခဲ့သော်၊ မည်သည့်အရာဖြစ်မည်နည်း။ သေခြင်း၊ သေသောသူတို့နှင့်ဆက်သွယ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်း သမ္မာကျမ်းစာ၏သွန်သင်ချက်များကိုလေ့လာကြပါစို့။

## မရဏာနှင့်ကင်းလွတ်ခြင်းနှင့်သေခြင်း

မရဏာနှင့်ကင်းလွတ်ခြင်းမှာ မသေနိုင်သောအခြေအနေ သို့မဟုတ် အရည်အချင်းကိုဆိုလိုသည်။ ကျမ်းစာကိုဘာသာပြန်သူတို့သည် "မရဏာနှင့်ကင်းလွတ်ခြင်း" ဟူ၍ပြန်ဆိုသောမူရင်းဂရိစကားလုံး "အသားနားရှား" (athanasia) သည် "သေခြင်းမဲ့ခြင်း၊" "ဖောက်ပြန်ပျက်စီးခြင်းနှင့်ကင်းလွတ်ခြင်း" ဟူ၍အဓိပ္ပါယ်ရသည်။ ဤသဘောတရားသည် ဘုရားသခင်နှင့်လည်းကောင်း၊ လူတို့နှင့်လည်းကောင်း မည်ကဲ့သို့ဆက်စပ်မှုရှိသနည်း။

**မရဏာနှင့်ကင်းလွတ်ခြင်း။** သမ္မာကျမ်းစာက ဘုရားသခင်သည် ဖောက်ပြန်ပျက်စီးခြင်းနှင့်ကင်းလွတ်ကြောင်းကို ဖော်ပြသည် (၁တိ၊ ၁း၁၇)။ အမှန်မှာ၊ သူသည် မရဏာနှင့်ကင်းလွတ်သောသူတစ်ပါးတည်းဖြစ်တော်မူသည် (၁တိ၊ ၆း၁၆)။ သူသည် ဖန်ဆင်းသောအရာမဟုတ်၊ မိမိဘာသာတည်ရှိပြီး၊ အစနှင့်အဆုံးမရှိချေ။

"သမ္မာကျမ်းစာသည် မသေနိုင်ခြင်းကိုမွေးရာပါလူ သို့မဟုတ် သူ၏စိတ်ဝိညာဉ်၏အဖြစ်ကဲ့သို့ မည်သည့်နေရာ၌မျှဖော်ပြခြင်းမရှိချေ။ 'စိတ်' နှင့် 'ဝိညာဉ်' ဟူသောဝေါဟာရသည် ကျမ်းစာတွင်အကြိမ်ပေါင်း (၁,၆၀၀) ကျော်မျှရှိပြီး၊ သို့သော် 'မသေနိုင်သော' သို့မဟုတ် 'မသေနိုင်ခြင်း' ဟူသောစကားလုံးများနှင့် ဘယ်ခါမျှတွဲဖက်၍မဖော်ပြချေ။"

ထို့ကြောင့်၊ ဘုရားသခင်နှင့်ဆန့်ကျင်၍လူသားများသည် သေမျိုးဖြစ်ကြသည်။ သမ္မာကျမ်းစာသည် လူ့အသက်ကို "ခဏထင်ရှားပြီးမှကွယ်ပျောက်တတ်သောအခိုးအငွေ့" နှင့်နှိုင်းယှဉ်ထားသည် (ယာကုပ်၊ ၄း၁၄)။ လူတို့သည် "အသားဖြစ်ကြောင်းကိုလည်းကောင်း၊ စုတေ၍နောက်တစ်ဖန်မလာတတ်သော ဝိညာဉ်ဖြစ်ကြောင်းကိုလည်းကောင်း အောက်မေ့တော်မူ၏" (ဆာလံ၊ ၇၈း၃၉)။ လူသည် "ပန်းပွင့်ကဲ့သို့ပွင့်၍၊ ရိတ်ဖြတ်ခြင်းကိုခံရပါ၏။ မတည်မရပ်ဘဲ အရိပ်ကဲ့သို့ရွေ့သွားတတ်ပါ၏" (ယောဘ၊ ၁၄း၂)။

ဘုရားသခင်နှင့်လူသားသည် လုံးဝခြားနားသည်။ ဘုရားသခင်သည် အကန့်အသတ်မရှိ၊ ကျွန်ုပ်တို့သည် အကန့်အသတ်နှင့်လူသားဖြစ်သည်။ ဘုရားသခင်သည် မရဏာနိုင်ငံနှင့်ကင်းလွတ်၍၊ ကျွန်ုပ်တို့သည် သေမျိုးဖြစ်သည်။ ဘုရားသခင်သည် ထာဝရတည်ရှိ၍ ကျွန်ုပ်တို့သည် အချိန်ပိုင်းမျှသာခံသည်။

**အခြေအနေအရမသေနိုင်ခြင်း။** ဖန်ဆင်းချိန်တွင် "ဘုရားသခင်သည် မြေမှုန့်ဖြင့်လူကိုဖန်ဆင်း၍၊ သူ၏နှာခေါင်းထဲသို့ဇီဝအသက်ကိုမှုတ်တော်မူလျှင်၊ လူသည် အသက်ရှင်သောသတ္တဝါဖြစ်လေ၏" (ကမ္ဘာ၊ ၂း၇)။ ဖန်ဆင်းခြင်းဖြစ်စဉ်ကလူသည် အသက်ကို ဘုရားသခင်ထံမှရရှိကြောင်းဖော်ပြသည်။ ဤအခြေခံအမှန်တရားကို ကျိုးကြောင်းဆက်စပ်မှုကမသေနိုင်ခြင်းသည် လူသားတို့၏မွေးရာပါမဟုတ်ဘဲ၊ ဘုရားသခင်၏ဆုလာဘ်ဖြစ်ကြောင်းကိုပြသသည်။

ဘုရားသခင်သည် အာဒံနှင့်ဧဝတို့ကိုဖန်ဆင်းချိန်က လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကိုပေးခဲ့သည်။ သူတို့သည် နာခံနိုင်သည် သို့မဟုတ် နာမခံလည်းနေနိုင်သည်။ သူတို့၏ဆက်လက်တည်ရှိနေခြင်းသည် ဘုရားသခင်၏တန်ခိုးအားဖြင့် ဆက်လက်နာခံမှုအပေါ်တည်သည်။ ထို့ကြောင့် သူတို့၏မသေနိုင်သောဆုကျေးဇူးပိုင်ဆိုင်မှုသည် အခြေအနေအရဖြစ်သည်။

ဘုရားသခင်သည် ဤဆုကျေးဇူးကိုသူတို့လက်လွတ်နိုင်သည့်အခြေအနေကို သေချာစွာရှင်းလင်းဖော်ပြခဲ့သည်။ "ထိုအပင်၏အသီးကိုကားမစားရ၊ စားသောနေ့တွင် ဧကန်အမှန်သေရမည်ဟု လူကိုပညတ်တော်မူ၏" (ကမ္ဘာ၊ ၂း၁၇)။

**အပြစ်၏အခဖြစ်သောသေခြင်း။** နာခံမှုမရှိခြင်းသည် သေခြင်းကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ဘုရားသခင်၏သတိပေးချက်နှင့်ဆန့်ကျင်၍၊ စာတန်က "သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်" (ကမ္ဘာ၊ ၃း၄) ဟုအခိုင်အမာဆိုခဲ့သည်။ သို့သော် သူတို့သည် ဘုရားခင်၏ပညတ်ချက်ကိုကျူးလွန်ပြီးနောက်ပိုင်း၊ အာဒံနှင့်ဧဝတို့က အပြစ်၏အခသည် အမှန်ပင်သေခြင်းဖြစ်ကြောင်းကို တွေ့ရှိခဲ့ကြသည် (ရောမ၊ ၆း၂၃)။ သူတို့၏

အပြစ်သည် ဤအပြစ်ဒဏ်စီရင်ချက်ကိုယူဆောင်လာခဲ့သည်။ "သင်သည် မြေမှုန့်ဖြစ်၍၊ မြေမှုန့်သို့ပြန်ရမည်" (ကမ္ဘာ၊ ၃း၁၉)။ ဤစကားက အသက်သည်ဆက်လက်သွားနေခြင်းမဟုတ်ဘဲ၊ ရပ်နားသွားခြင်းကိုညွှန်ပြသည်။

ဤစီရင်ချက်ကိုချပြီးနောက်၊ ဘုရားသခင်သည် အပြစ်ရှိသောစုံတွဲကို အသက်ပင်၏အသီးစားခြင်းမှတားဆီးခဲ့သည်။ ထို့သို့ဖြင့် သူတို့သည် "ထာဝရအသက်ကိုရခြင်းငှာ၊ လက်ကိုဆန့်၍ အသက်ပင်၏အသီးကိုယူ၍မစားဘဲနေလိမ့်မည် (ကမ္ဘာ၊ ၃း၂၂)။ ဤလုပ်ရပ်သည် နာခံမှုအပေါ်မူတည်၍ ကတိပြုထားသောမသေနိုင်ခြင်းသည် အပြစ်အားဖြင့်ဆုံးရှုံးရကြောင်း အထက်ပါကျမ်းချက်ကရှင်းလင်းစွာဖော်ပြသည်။ ယခုတွင် သူတို့သည် သေမျိုးဖြစ်လာခဲ့ကြသည်။ အာဒံသည် သူမပိုင်ဆိုင်သောအရာကိုဆက်လက်မသယ်ဆောင်နိုင်သောကြောင့်၊ "အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့်သေခြင်းသို့ရောက်ရကြ၏" (ရောမ၊ ၅း၁၂)။

အာဒံနှင့်ဧဝတို့ကို ချက်ချင်းလဲသေခြင်းမှထိန်းသိမ်းသောအရာသည် ဘုရားသခင်၏သနားခြင်းကရုဏာသာလျှင်ဖြစ်သည်။ သူတို့သည် ဒုတိယအခွင့်အရေးကိုရရှိစေခြင်းငှာ ဘုရားသခင်၏သားတော်သည် သူ၏အသက်ကိုပေးရန်ကမ်းလှမ်းခဲ့သည်။ သူသည် ကမ္ဘာဦးကပင်ကွပ်မျက်သောသိုးသငယ်ဖြစ်သည် (ဗျာ၊ ၁၃း၈)။

**လူသားတို့အတွက်မျှော်လင့်ချက်။** လူတို့သည် သေမျိုးအဖြစ်မွေးဖွားလာသော်လည်း၊ သမ္မာကျမ်းစာသည် သူတို့အားမသေနိုင်ခြင်းကိုရှာဖွေရန် တိုက်တွန်းသည် (ဥပမာ၊ ရောမ၊ ၂း၇)။ ယေရှုခရစ်တော်သည် မသေနိုင်ခြင်း၏အရင်းအမြစ်ဖြစ်သည်။ "ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း" (ရောမ၊ ၆း၂၃)။ သူသည် "သေခြင်းအကြောင်းကိုပယ်ရှား၍၊ အသက်ရှင်ခြင်းအကြောင်းနှင့် မဖောက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိတရားအားဖြင့် ထင်ရှားစေတော်မူပြီ" (၂တိ၊ ၁း၁၀)။ "လူအပေါင်းတို့သည် အာဒံအားဖြင့်သေခြင်းသို့ရောက်သည်နည်းတူ၊ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့်အသက်ရှင်ခြင်းသို့ရောက်ရကြလတ္တံ့" (၁ကော၊ ၁၅း၂၂)။ သူ၏အသံသည် သင်္ချိုင်းများကိုပွင့်ထွက်စေ၍၊ သေသောသူတို့ကိုထမြောက်စေမည်ဟု ခရစ်တော်ကိုယ်တိုင်မိန့်ဆိုခဲ့သည် (ယောဟန်၊ ၅း၂၈၊၂၉)။

ခရစ်တော်မကြွလာခဲ့သော်၊ လူသား၏အခြေအနေသည် မျှော်လင့်ချက်ကင်းမဲ့မည်ဖြစ်၍၊ သေသောသူတို့သည် အစဉ်ပျက်စီးနေရမည်။ သို့သော်ငြားလည်း၊ သူ့ကြောင့်၊ မည်သူမျှပျက်စီးရန်မလိုတော့ချေ။ "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူ၏" (ယောဟန်၊ ၃း၁၆)။

ထိုကြောင့် ခရစ်တော်ကိုယုံကြည်ခြင်းသည် အပြစ်၏ပြစ်ဒဏ်ကိုဖျက်ပယ်သည်သာမက၊ ယုံကြည်သူတို့အတွက် တန်ဖိုးမဖြတ်နိုင်သော မသေနိုင်ခြင်းဆုကျေးဇူးကို သေချာစေသည်။

ခရစ်တော်သည် "မဖောက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိတရားအားဖြင့် ထင်ရှားစေတော်မူပြီ" (၂တိ၊ ၁း၁၀)။ "ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်း အလိုငှာပညာကို" ပေးနိုင်သောအရာမှာ သမ္မာကျမ်းစာဖြစ်ကြောင်း ပေါလုက ကျွန်ုပ်တို့အားအခိုင်အမာဆိုသည် (၂တိ၊ ၃း၁၅)။ ဧဝံဂေလိတရားကို လက်မခံသောသူတို့သည် မသေနိုင်သောအဖြစ်ကိုရရှိကြလိမ့်မည်မဟုတ်။

**မသေနိုင်သောအဖြစ်ကိုရရှိခြင်း။** မသေနိုင်ခြင်းဆုလာဘ်အပ်နှင်းသောအချိန်အခါကို ပေါလုကဖော်ပြသည်။ "နက်နဲသောအရာတစ်ခုကိုငါပြဦးမည်။ ငါတို့ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ်။ သို့သော်လည်း၊ နောက်ဆုံးသောတံပိုးမှုတ်သောအခါ၊ တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ၊ သေလွန်သောသူတို့သည် မပုပ်နိုင်သောအဖြစ်၌တည်လျက် ထမြောက်၍၊ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက်ရကြလိမ့်မည်။ ယခုမျက်မှောက်ပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့ဝင်စားရမည်။ ယခုမျက်မှောက်သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ဝင်စားရမည်။ ဤပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့လည်းကောင်း၊ ဤသေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့လည်းကောင်း၊ ဝင်စားသောအခါ၊ သေခြင်းသည် အောင်ခြင်း၌နစ်မြုပ်ပြီဟု ကျမ်းစာ၌လာချက်ပြည့်စုံလိမ့်မည်" (၁ကော၊ ၁၅း၅၁–၅၄)။ ဤကျမ်းချက်က၊ ဘုရားသခင်သည် မသေနိုင်သောအဖြစ်ကို ယုံကြည်သူများသေသည့်အချိန်တွင် အပ်နှင်းခြင်းမဟုတ်ဘဲ၊ နောက်ဆုံးသောတံပိုးမှုတ်သောအချိန်၊ ရှင်ပြန်ထမြောက်ခြင်း၌ပေးမည်ဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြသည်။ ထိုအခါ "သေနိုင်သော" သူသည် "မသေနိုင်သောအဖြစ်" ကိုဝင်စားလိမ့်မည်။ ကျွန်ုပ်တို့သည်ထာဝရအသက်ကို ယေရှုခရစ်အားကိုယ်ပိုင်ကယ်တင်ရှင်အဖြစ်လက်ခံသောအချိန်တွင်ရရှိသည် (၁ယော၊ ၅း၁၁–၁၃) ဟုဆိုသော်လည်း၊ ဤဆုကျေးဇူး၏အမှန်တကယ်ပြည့်စုံမှုသည် ခရစ်တော်ပြန်ကြွလာသောအချိန်တွင် ဖြစ်ပျက်လိမ့်မည်။ ထိုအချိန်၌သာလျှင် ကျွန်ုပ်တို့သည် သေနိုင်သောအဖြစ်မှ မသေနိုင်သောအဖြစ်သို့လည်းကောင်း၊ ပုပ်တတ်သောအရာမှ မပုပ်တတ်သောအဖြစ်သို့လည်းကောင်း ပြောင်းလဲကြလိမ့်မည်။

## သေခြင်း၏သဘောတရား

အကယ်၍သေခြင်းသည် အသက်ရပ်ဆိုင်းသွားခြင်းဖြစ်သော်၊ လူတစ်ဦး၏သေသည့်အခြေအနေကို သမ္မာကျမ်းစာကမည်သို့ဆိုထားသနည်း။ ခရစ်ယာန်တို့သည် ဤသမ္မာကျမ်းစာ၏သွန်သင်ချက်ကိုနားလည်ရန် မည်သည့်အရာကအရေးကြီးစေသနည်း။

**သေခြင်းသည်အိပ်ပျော်ခြင်းဖြစ်သည်။** သေခြင်းသည် လုံးလုံးပျက်သုဉ်းသွားခြင်းမဟုတ်၊ လူတစ်ဦးသည် ထမြောက်ခြင်းကိုစောင့်ဆိုင်းနေစဉ် ယာယီသတိမေ့နေသည့် အခြေအနေသာဖြစ်သည်။ သမ္မာကျမ်းစာသည် ဤစပ်ကြားကာလကို အိပ်ပျော်ခြင်းဟု ထပ်တလဲလဲခေါ်ဆိုသည်။

သူတို့၏သေခြင်းကိုရည်ညွှန်း၍၊ ဓမ္မဟောင်းကျမ်းသည် ဒါဝိဒ်၊ ရှောလမုန်နှင့် အခြားသောယုဒနှင့်ဣသရေလတို့၏ရှင်ဘုရင်များတို့သည် ဘိုးဘေးများနှင့်အတူအိပ်ပျော်သည်ဟုဖော်ပြသည် (၃ရာ၊ ၂း၁၀။ ၁၁း၄၃။ ၁၄း၂၀၊၃၁။ ၁၅း၈။ ၆ရာ၊ ၂၁း၁။ ၂၆း၂၃)။ ယောဘသည် သေခြင်းကိုအိပ်ပျော်ခြင်းဟု (ယောဘ၊ ၁၄း၁၀–၁၂)၊ ဒါဝိဒ် (ဆာလံ၊ ၁၃း၃)၊ ယေရမိ (ယေရမိ၊ ၅၁း၃၉၊၅၇) နှင့် ဒံယေလ (ဒံ၊ ၁၂း၂) တို့ကဲ့သို့ခေါ်ဆိုသည်။

ဓမ္မသစ်ကျမ်းသည်လည်း အလားတူပုံရိပ်ကိုအသုံးပြုသည်။ သေနေသော ယာဣရု၏သမီးအခြေအနေကိုဖော်ပြရာတွင် ယေရှုကမိန်းမငယ်သည် အိပ်ပျော်နေသည်ဟုဆိုခဲ့သည် (မဿဲ၊ ၉း၂၄။ မာကု၊ ၅း၃၉)။ သူသည် သေဆုံးသောလာဇရုကိုလည်း အလားတူပုံစံဖြင့်ရည်ညွှန်းခဲ့သည် (ယောဟန်၊ ၁၁း၁၁–၁၄)။ မဿဲက ခရစ်တော်ရှင်ပြန်ထမြောက်ပြီးနောက် "ကျိန်းစက်လျက်ရှိသော သန့်ရှင်းသောသူတို့၏အလောင်းများစွာတို့သည် ထမြောက်ကြသည်" (မဿဲ၊ ၂၇း၅၂) ဟုရေးခဲ့သည်။ သတေဖန်၏မာတုရသေခြင်းကို မှတ်တမ်းတင်ရာတွင်၊ လုကာက "ကျိန်းစက်လေ၏" (တမန်၊ ၇း၆၀) ဟုရေးခဲ့သည်။ ပေါလုနှင့်ပေတရုတို့ကလည်း သေခြင်းကိုအိပ်ပျော်ခြင်းကဲ့သို့ခေါ်ဆိုကြသည် (၁ကော၊ ၁၅း၅၁၊၅၂။ ၁သက်၊ ၄း၁၃–၁၇။ ၂ပေ၊ ၃း၄)။

သေခြင်းကိုအိပ်ပျော်ခြင်းအဖြစ်ကျမ်းစာ၏သရုပ်ဖော်ခြင်းမှ သေခြင်း၏သဘောသဘာဝနှင့် ရှင်းလင်းစွာကိုက်ညီကြောင်း၊ အောက်ပါနှိုင်းယှဉ်ချက်များကဖော်ပြသည်။ **၁။** အိပ်ပျော်သောသူတို့သည် အသိမရှိကြချေ။ "သေသောသူမူကား၊ အဘယ်အရာကို မျှမသိ" (ဒေသနာ၊ ၉း၅)။ **၂။** အိပ်ပျော်ချိန်တွင် သတိမူခြင်း၊ စဉ်းစားခြင်းမရှိချေ။ "သူသည်အသက်ထွက်၍..... ထိုနေ့ချင်းတွင်၊ သူ၏အကြံအစည်တို့သည်ပျက်စီးကြ၏" (ဆာလံ၊ ၁၄၆း၄)။ **၃။** အိပ်ပျော်ခြင်းသည် တစ်နေ့တာလုပ်ဆောင်မှုအားလုံးကို အဆုံးသတ်သည်။ "မရဏာနိုင်ငံ၌လုပ်ဆောင်ခြင်းမရှိ။ ကြံစည်ခြင်းမရှိ။ သိပ္ပံအတတ်မရှိ။ ပညာမရှိပါတကား" (ဒေသနာ၊ ၉း၁၀)။ **၄။** အိပ်ပျော်ခြင်းသည် ကျွန်ုပ်တို့အားနိုးလျက်ရှိသောသူများနှင့် သူတို့၏လုပ်ဆောင်မှုများမှခွဲခြားသည်။ "နေအောက်မှာပြုသမျှသော အမှု၌ သူတစ်ပါးနှင့်ရောနှော၍မဆိုင်ရ" (ဒေသနာ၊ ၉း၆)။ **၅။** ပုံမှန်အိပ်ပျော်ရာတွင် စိတ်ခံစားမှုသည်အလုပ်မလုပ်ချေ။ "သူ၏ချစ်ခြင်း၊ မုန်းခြင်း၊ ငြူစူခြင်းလည်းပျောက်ပျက်၏" (ဒေသနာ၊ ၉း၆)။ **၆။** အိပ်ပျော်ချိန်တွင် လူတို့သည် ဘုရားသခင်ကိုမချီးမွမ်းကြချေ။ "သေလွန်သောသူ..... ရှိသမျှတို့သည် ထာဝရဘုရားကိုမချီးမွမ်းရကြ" (ဆာလံ၊ ၁၁၅း၁၇)။

**၇။** အိပ်ပျော်သောသူသည် ပြန်နိုးမည်ဟုကောက်ချက်ချနိုင်သည်။ "သင်္ချိုင်းများမှာရှိသော သူအပေါင်းတို့သည် သားတော်၏အသံကိုကြား၍၊ ထွက်ရမည့်အချိန်ကာလရောက် လတ္တံ့" (ယောဟန်၊ ၅း၂၈၊၂၉)။

**လူသည်မြေမှုန့်သို့ပြန်သွားသည်။** လူတစ်ဦးသေသည့်အချိန်တွင် ဘာဖြစ်သည်ကိုနားလည်နိုင်ရန်၊ သူ့အားမည်သည့်အရာဖြင့်ဖန်ဆင်းထားခဲ့သည်ကို နားလည်ရမည်။ သမ္မာကျမ်းစာက လူကိုဇီဝအခြေခံစုစည်းခြင်းကိုဖော်ပြသည်။ တစ်ခါတစ်ရံ "ဝိညာဉ်" ဟူသောစကားလုံးသည် လူတစ်ယောက်ကိုရည်ညွှန်းပြီး၊ အချို့နေရာများတွင် ချစ်ခြင်းမေတ္တာနှင့် စိတ်ခံစားမှုတို့ကိုရည်ညွှန်းသည်။ သို့သော်၊ လူကိုနှစ်ပိုင်းခွဲခြား၍ ဖွဲ့စည်းသည်ဟုမဆိုလိုချေ။ ခန္ဓာနှင့်ဝိညာဉ်သည် အတူတူသာရှိနေပြီး၊ ၎င်းတို့သည် မခြင်နိုင်အောင်ပေါင်းစည်းထားသည်။

လူကိုဖန်ဆင်းချိန်တွင် မြေမှုန့်နှင့်ဇီဝအသက်ကိုပေါင်းစည်းလိုက်သောအခါ၊ အသက်ရှင်သောလူ သို့မဟုတ် ဝိညာဉ်ဖြစ်လာသည်။ အာဒံသည် သီးခြားရပ်တည်သောအရာ (ဝိညာဉ်) ကိုရရှိ၍ အသက်ရှင်သောသတ္တဝါဖြစ်လာခြင်းမဟုတ်ချေ (ကမ္ဘာ၊ ၂း၇)။ သေဆုံးချိန်တွင် ၎င်းနှင့်ပြောင်းပြန်ဖြစ်သည်။ မြေမှုန့်မှဇီဝအသက်ကိုနုတ်လိုက်လျှင် ဘာအသိမျှမရှိသောလူသေ သို့မဟုတ် သေသောဝိညာဉ်ဖြစ်သည် (ဆာလံ၊ ၁၄၆း၄)။ ခန္ဓာကိုယ်ကိုတည်ဆောက်သောမြေကြီးသည် ၎င်းလာရာမြေကြီးသို့ပြန်သွားသည် (ကမ္ဘာ၊ ၃း၁၉)။ ဝိညာဉ်သည် ခန္ဓာကိုယ်မှခွဲထွက်၍ အသိဉာဏ်ရှိသောအရာမဟုတ်ချေ။ လူသည် သေဆုံးချိန်တွင် ဝိညာဉ်သည်သီးခြားရပ်တည်သောအရာအဖြစ် သမ္မာကျမ်းစာက ဖော်ပြမထားချေ။ အမှန်မှာ၊ "ပြစ်မှားသောသူ [ဝိညာဉ်] သည် အသေခံရမည်" (ယေဇ၊ ၁၈း၂၀)။

**သေသောသူတို့၏ဘုံဗိမာန်။** ဓမ္မဟောင်းကျမ်းတွင် သေသောသူတို့သွားသောနေရာကို "ရှယ်အောလ်" (sheol - Hebrew)၊ မရဏာနိုင်ငံဟူ၍လည်းကောင်း၊ ဓမ္မသစ်ကျမ်းတွင် "ဟာဒက်စ်" (hades - Greek)၊ မရဏာနိုင်ငံဟုခေါ်သည်။ သမ္မာကျမ်းစာတွင် ရှယ်အောလ်သည် တစ်ခါတစ်ရံသင်္ချိုင်းဟုရိုးရိုးဆိုလိုသည်။ ဟာဒက်စ်၏အဓိပ္ပာယ်သည် ရှယ်အောလ်၏အဓိပ္ပာယ်နှင့်အတူတူဖြစ်သည်။

ဖြောင့်မတ်သောသူဖြစ်စေ၊ ဆိုးယုတ်သောသူဖြစ်စေ၊ သေသောသူအားလုံးသည် ဤနေရာသို့သွားကြသည် (ဆာလံ၊ ၈၉း၄၈)။ ယာကုပ်က "မရဏာနိုင်ငံ [ရှယ်အောလ်] သို့..... ဆင်းသက်တော့မည်" (ကမ္ဘာ၊ ၃၇း၃၅) ဟုဆိုခဲ့သည်။ "မြေကြီးသည် ကွဲပွင့်လျက်၊" ဆိုးယုတ်သောကောရနှင့်သူ၏အပေါင်းအပါတို့သည် "အသက်ရှင်လျက် သေမင်းနိုင်ငံ [ရှယ်အောလ်] သို့ဆင်းသွားကြသည်" (တော၊ ၁၆း၃၀)။

ရှယ်အောလ်သည် သေသောလူတစ်ခုလုံးကိုလက်ခံသည်။ ယေရှုသည် သေသော အခါ၊ မရဏာနိုင်ငံ [ဟာဒက်စ်] သို့ဆင်းသက်သွားခဲ့သော်လည်း၊ ရှင်ပြန်ထမြောက်ချိန် တွင် သူ့ဝိညာဉ်ကိုမရဏာနိုင်ငံ [ဟာဒက်စ်] ၌ပစ်မထားခဲ့ချေ (တမန်၊ ၂း၂၇၊၃၁)။ ဒါဝိဒ်သည် ရောဂါပျောက်ကင်းခြင်းအတွက် ဘုရားသခင်ကိုကျေးဇူးတင်ရာတွင်၊ သူ၏ ဝိညာဉ်ကို "မရဏာနိုင်ငံ [ရှယ်အောလ်] ထဲကနုတ်ယူတော်မူပြီ" (ဆာလံ၊ ၃၀း၃) ဟု သက်သေခံခဲ့သည်။

မရဏာနိုင်ငံသည် အသိတရားရှိသောနေရာမဟုတ်ချေ။ သေခြင်းသည် အိပ်ပျော် ခြင်းဖြစ်သောကြောင့်၊ သေသောသူသည်၊ မရဏာနိုင်ငံသည် ၎င်း၌သေသောသူတို့ကို ပေးအပ်မည့်အချိန် (ဗျာ၊ ၂၀း၁၃)၊ ရှင်ပြန်ထမြောက်ခြင်းအချိန်တိုင်အောင် အသိတရား မရှိဘဲလျက် မရဏာနိုင်ငံတွင်ရှိနေလိမ့်မည်။

**ဝိညာဉ်သည်ဘုရားသခင်ထံသို့ပြန်သွားသည်။** ခန္ဓကိုယ်သည် မြေမှုန့်သို့ ပြန်သွားသော်လည်း၊ ဝိညာဉ်သည် ဘုရားသခင်ထံသို့ပြန်သွားသည်။ ရှောလမုန်မင်းက သေသောအချိန်တွင် "မြေမှုန့်သည် နေရင်းမြေသို့လည်းကောင်း၊ ဝိညာဉ်သည် အရင်ပေး တော်မူသော ဘုရားသခင့်ထံသို့လည်းကောင်း ပြန်သွားရလိမ့်မည်" (ဒေသနာ၊ ၁၂း၇) ဟုဆိုသည်။ ဤအချက်သည် ဖြောင့်မတ်သောသူနှင့် ဆိုးယုတ်သောသူအားလုံးအတွက်ပါ မှန်ကန်သည်။

သို့သော် ဤကျမ်းချက်က လူသည်သေဆုံးပြီးနောက် ဆက်လက်အသက် ရှင်သေးသည်ဟု သွန်သင်ပါသလား။ သမ္မာကျမ်းစာတွင် ဝိညာဉ် (ဟေဗြဲစကားလုံး "ရူအ" ruach နှင့် ဂရိစကားလုံး "နူးမား" pneuma) သည် ခန္ဓာကိုယ်မရှိဘဲ၊ သီးခြားရပ်တည်နိုင်သည့် အသိဉာဏ်ရှိသောအရာကို ညွှန်းဆိုခြင်းမဟုတ်ပါ။ ထို့အစား၊ ဤစကားလုံးများသည် တိရစ္ဆာန်များနှင့်လူတို့အား သက်ဝင်လှုပ်ရှားစေသော ထွက်သက် ဝင်သက်ကိုရည်ညွှန်းသည်။

ရှောလမုန်ကဤသို့ရေးခဲ့သည်။ "လူသားတွေ့ကြုံသောအမှုကို တိရစ္ဆာန်တွေ့ကြုံ တတ်၏။ ထိုနှစ်ဦးတို့သည် တစ်ပါးတည်းသောအမှုကိုတွေ့ကြုံလျက်၊ တစ်ဦးသေသကဲ့သို့၊ တစ်ဦးသေတတ်၏။ အလုံးစုံတို့သည် အသက်တစ်မျိုးတည်းရှိကြ၏။ သို့ဖြစ်၍၊ လူသည် တိရစ္ဆာန်ထက်ထူးမြတ်သောအကြောင်းမရှိ။...... အလုံးစုံတို့သည် တစ်ခုတည်း သောအရပ်သို့ရောက်တတ်ကြ၏။ အလုံးစုံတို့သည် မြေမှုန့်ထဲကဖြစ်သည်နှင့်အညီ၊ မြေမှုန့်ထဲသို့ပြန်သွားတတ်ကြ၏။ သို့ရာတွင် အထက်သို့တက်တတ်သောလူသား၏ ဝိညာဉ် [ruach] ကိုလည်းကောင်း၊ အောက်အရပ်မြေသို့ဆင်းတတ်သောတိရစ္ဆာန်၏ ဝိညာဉ် [ruach] ကိုလည်းကောင်း၊ အဘယ်သူပိုင်းခြား၍သိနိုင်သနည်း" (ဒေသနာ၊ ၃း၁၉–၂၁)။ ထို့ကြောင့် ရှောလမုန်မင်း၏အဆိုအရ၊ သေသောအချိန်တွင် လူနှင့်တိရစ္ဆာန် အကြား၌ခြားနားမှုမရှိချေ။

ရှောလမုန်မင်းက ဘုရားသခင်ထံသို့ပြန်သွားသည်ဟုဆိုသောဝိညာဉ် (ruach) သည် ဘုရားသခင်ပေးသောအသက်ကိုဆိုလိုသည်။ ဝိညာဉ် သို့မဟုတ် ထွက်သက်ဝင်သက်သည် ခန္ဓာကိုယ်မရှိဘဲ သီးခြားရပ်တည်နိုင်သည့်အသိရှိသောအရာဖြစ်သည်ဟု ညွှန်းဆိုသောအရာအဖြစ်မရှိချေ။ ဤဝိညာဉ် (ruach) သည် အသက်မဲ့သောရုပ်ခန္ဓာကို သက်ဝင်လှုပ်ရှားစေရန် မထမလူသားအထဲသို့ ဘုရားသခင်မှုတ်သွင်းသောဇီဝအသက်နှင့် အတူတူပင်ဖြစ်သည် (ကမ္ဘာ၊ ၂း၇)။

**သမ္မာကျမ်းစာတစ်အုပ်လုံးတွင်ညီညွတ်မှုရှိခြင်း။** သေခြင်းအကြောင်း ကျမ်းစာ၏သွန်သင်ချက်ကို အစုံအလင်မလေ့လာသည့် ရိုးသားသောခရစ်ယာန်များစွာတို့က သေခြင်းသည် ရှင်ပြန်ထမြောက်ခြင်းတိုင်အောင် အိပ်ပျော်ခြင်းဖြစ်ကြောင်းကို မသိကြချေ။ သေပြီးနောက် အသိဉာဏ်ရှိသောဝိညာဉ်ရှိကြောင်း ထောက်ပံ့သည့်ကျမ်းပိုဒ်များရှိသည်ဟု သူတို့ယူဆကြသည်။ သေခြင်းသည် အသိဉာဏ်ကိုရပ်စဲပစ်လိုက်ကြောင်း သမ္မာကျမ်းစာကို သေချာစွာလေ့လာခြင်းကပြသသည်။

**လိပ်ပြာခေါ်ခြင်း။** အကယ်၍ သေသောသူတို့သည် လုံးဝအာရုံခံစားမှုမရှိတော့လျှင်၊ နတ်ဝင်သည်တို့သည် မည်သူတို့နှင့်ဆက်သွယ်သနည်း။

ရိုးသားသောသူတိုင်းသည် ဤဖြစ်စဉ်တချို့မှာ လိမ်လည်မှုဖြစ်သည်ဟုဝန်ခံကြလိမ့်မည်။ သို့သော်၊ အခြားထိုသို့သောအရာများကိုမူ ရှင်းပြ၍မရနိုင်ချေ။ ဤအကြောင်းကို သမ္မာကျမ်းစာသည် မည်ကဲ့သို့သင်ပေးသနည်း။

**၁။ လိပ်ပြာခေါ်ခြင်း၏အခြေခံစနစ်။** လိပ်ပြာခေါ်ခြင်းသည် "သင်သည် ဧကန်အမှန်သေရမည်မဟုတ်" (ကမ္ဘာ၊ ၃း၄) ဟူ၍ ဧဝအားစာတန်၏ပထမဦးဆုံး လိမ်လည်ခြင်းနှင့်စတင်ခဲ့သည်။ သူ၏စကားသည် ဝိညာဉ်မသေနိုင်ပါဟူသော ပထမဆုံး တရားဟောချက်ဖြစ်သည်။ များစွာသောသူတို့အတွက် "ပြစ်မှားသောသူ [ဝိညာဉ်] သည် အသေခံရမည်" (ယေဇ၊ ၁၈း၂၀) ဟူသော ဘုရားသခင်၏ပြစ်ဒဏ်ချမှတ်ချက်သည်၊ "လူ (ဝိညာဉ်) သည် ပြစ်မှားသော်လည်း အစဉ်မပြတ်အသက်ရှင်လိမ့်မည်" ဟူ၍ ပြောင်းပြန်ဖြစ်သွားရသည်။

ဤမှားယွင်းသည့် မသေနိုင်သောအဖြစ်ယုံကြည်ချက်သည် သေသောအချိန်တွင် အသိတရားရှိနေသည်ဟူသော ယုံကြည်ချက်ကိုလက်ခံစေသည်။ ကျွန်ုပ်တို့လေ့လာခဲ့သကဲ့သို့၊ ဤရပ်တည်ချက်များသည် ဤအကြောင်းအရာအပေါ် သမ္မာကျမ်းစာ၏သွန်သင်ချက်နှင့်တိုက်ရိုက်ဆန့်ကျင်သည်။ သူတို့သည် ခရစ်ယာန်ယုံကြည်ခြင်းထဲသို့၊ မယုံကြည်သူတို့၏အတွေးအခေါ်၊ အထူးသဖြင့် ကြီးမားသောအယူဖောက်ပြန်မှုကာလအတွင်း ပလေတို (Plato) ၏အတွေးအခေါ်တို့ကို ထည့်သွင်းလာခဲ့ကြသည်။ ဤယုံကြည်ချက်များသည် ခရစ်ယာန်ဘာသာအထဲတွင် လွှမ်းမိုးလာပြီး၊ ယနေ့အထိကြီးစိုးသောယူဆချက်အပြစ်ဆက်လက်ရှိနေသည်။

သေသောသူတို့သည် အသိနိုးကြားသည်ဟူသောယုံကြည်ချက်သည် များစွာသောခရစ်ယာန်တို့အား လိပ်ပြာခေါ်ခြင်းကိုလက်ခံစေသည်။ အကယ်၍သေသောသူတို့သည် ဘုရားသခင်၏ရှေ့တွင် အသက်ရှင်နေခဲ့သော်၊ အဘယ်ကြောင့်သူတို့သည် မြေကြီးသို့ဝန်ဆောင်မှုပေးသောဝိညာဉ်များအဖြစ် မပြန်လာနိုင်ကြသနည်း။ သူတို့သည် ပြန်လာနိုင်သည်ရှိသော်၊ သူတို့၏အကြံဉာဏ်နှင့် ညွှန်ကြားချက်များကိုရရှိရန်၊ မကောင်းသောအရာများကိုရှောင်နိုင်ရန်၊ ဝမ်းနည်းသောအချိန်တွင် နှစ်သိမ့်ခြင်းကိုရရှိရန် အဘယ်ကြောင့် သူတို့နှင့်ဆက်သွယ်ရန်မကြိုးစားကြသနည်း။

ဤအကြောင်းပြချက်များအပေါ်အခြေခံ၍၊ စာတန်နှင့်သူ၏တမန်တို့သည် (ဗျာ၊ ၁၂း၄၊၉) ဤဆက်သွယ်ရေးလမ်းကြောင်းကို တည်ထောင်၍၊ ဤအရာအားဖြင့် လှည့်ဖြားကြသည်။ နတ်ကိုမေးခြင်းကဲ့သို့သော ဤနည်းလမ်းများအားဖြင့်၊ သူတို့သည် ဆုံးသွားပြီးသောချစ်ရသူတို့အယောင်ကိုဆောင်၍၊ အသက်ရှင်နေသောသူတို့အား နှစ်သိမ့်ခြင်းနှင့် အာမခံချက်ကိုပေးကြသည်။ တစ်ခါတစ်ရံ၊ အနာဂတ်ဖြစ်ရပ်များကို ကြိုတင်ဟောကိန်းထုတ်သည်များဖြစ်ပျက်လာသောအခါ၊ သူတို့ကိုအများကယုံကြည်လက်ခံလာကြသည်။ ထိုအခါ၊ သူတို့ဟောပြောသည့်အန္တရာယ်ရှိသော အယူအမှားများ၏မှန်ကန်မှုသည် အပေါ်ယံမျှသာရှိပြီး၊ သမ္မာကျမ်းစာနှင့်လည်းကောင်း၊ ဘုရားသခင်၏ပညတ်တော်နှင့်လည်းကောင်း ဆန့်ကျင်၍ပင်နေလေသည်။ မကောင်းမှုကိုတားဆီးသောအရာကိုဖယ်ရှားလိုက်ခြင်းအားဖြင့်၊ စာတန်သည် လူတို့ကိုဘုရားသခင်ထံမှအဝေးသို့ ဇက်ကိုင်ဆွဲငင်၍၊ အမှန်တကယ်ပျက်စီးခြင်းသို့ရောက်လိမ့်မည်။

**၂။ လိပ်ပြာခေါ်ခြင်းကိုသတိပေးခြင်း။** မည်သူမျှလိပ်ပြာခေါ်ခြင်း၏လှည့်ဖြားမှုကိုခံရန်မလိုချေ။ သမ္မာကျမ်းစာက ၎င်း၏ပြောဆိုမှုသည် မှားယွင်းကြောင်းရှင်းလင်းစွာဖော်ထုတ်လျက်ရှိသည်။ ကျွန်ုပ်တို့လေ့လာခဲ့သကဲ့သို့၊ သေသောသူတို့သည် မည်သည့်အရာမျှမသိကြောင်း၊ သေပြီးနောက် အသိနိုးကြားမှုမရှိကြောင်း၊ မြေမှုန့်မှလာ၍ မြေမှုန့်သို့ပြန်သွားရခြင်းဖြစ်ကြောင်းကို သမ္မာကျမ်းစာက ကျွန်ုပ်တို့အားပြောပြသည်။

သေသောသူများ သို့မဟုတ် ဝိညာဉ်လောကနှင့်ဆက်သွယ်ရန် မည်သည့်ကြိုးပမ်းမှုကိုမဆို သမ္မာကျမ်းစာကပြင်းထန်စွာတားမြစ်ထားသည်။ ယနေ့ဝိညာဉ်ခေါ်သူနတ်ဆရာများကဲ့သို့၊ သေသောသူများနှင့်ဆက်သွယ်သည်ဟုဆိုသောသူတို့သည် နတ်ဝင်သူ၊ စုန်းဝင်သူများဖြစ်ကြသည်။ ဤလုပ်ဆောင်မှုများသည် ညစ်ညူးစေခြင်းဖြစ်၍၊ ကျူးလွန်သောသူတို့ကို သေဒဏ်ပေးရမည်ဟု ထာဝရဘုရားမိန့်ဆိုခဲ့သည် (ဝတ်၊ ၁၉း၃၁။ ၂၀း၂၇)။

ဟေရှာယသည် လိပ်ပြာခေါ်ခြင်း၏မိုက်မဲမှုကို ကောင်းစွာဖော်ပြခဲ့သည်။ "တိုးတိုးပြော၍၊ မန္တန်သရဇ္ဈာယ်တတ်သောနတ်ဝင်နှင့် စုန်းတို့၌ဆည်းကပ်ကြလော့ဟု သင်တို့အားဆိုလျှင်မူကား၊ လူတို့သည် မိမိတို့ဘုရားသခင်၌မဆည်းကပ်အပ်သလော။ အသက်ရှင်သောသူ၏အမှုမှာ အသက်သေသောသူ၌ဆည်းကပ်အပ်သလော။ တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်း၊ နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင်၊ သူတို့၌အရုဏ်မတက်သေး" (ဟေရှာ၊ ၈း၁၉၊၂၀)။ အမှန်စင်စစ်၊ သမ္မာကျမ်းစာ၏သွန်သင်မှုများကသာလျှင် ဤလွှမ်းမိုးနေသောလှည့်ဖြားမှုမှ ခရစ်ယာန်များကိုကာကွယ်နိုင်သည်။

**၃။ လိပ်ပြာခေါ်ခြင်းကိုထုတ်ဖော်ပြခြင်း။** သမ္မာကျမ်းစာသည် ဖာရောဘုရင်၏မျက်လှည့်ဆရာများ၊ နိနေဝေမြို့နှင့် ဗာဗုလုန်မြို့၏မျက်လှည့်ဆရာများ၊ ဗေဒင်ဆရာများ၊ မှော်ဆရာများ၊ ဣသရေလတို့၏နတ်ဝင်သည်များနှင့် စုန်းလုပ်သောသူများဟူ၍ လိပ်ပြာခေါ်ခြင်းလှုပ်ရှားမှုများကို မှတ်တမ်းတင်ထားပြီး၊ ထိုအရာအားလုံးကို ပြစ်တင်ရှုတ်ချထားသည်။ ဥပမာတစ်ခုမှာ၊ ဤသင်ခန်းစာ၏အစတွင် ဖော်ပြသောရှောလုမင်းက အဒေါ်ရမြို့မှနတ်ဝင်သည်အား နတ်မေးခြင်းဖြစ်သည်။

ရှောလုသည် "ထာဝရဘုရားကိုမေးလျှောက်သော်လည်း ထာဝရဘုရားသည် ထူးတော်မမူ" အိပ်မက်အားဖြင့်လည်းကောင်း၊ ဥရိမ်အားဖြင့်လည်းကောင်း၊ ပုရောဖက်အားဖြင့်လည်းကောင်း ထူးတော်မမူ" (၁ရာ၊ ၂၈း၆)။ ထို့ကြောင့်၊ ဘုရားသခင်သည် အဒေါ်ရမြို့၌ဖြစ်သောအရာနှင့် ဘာမျှသက်ဆိုင်ခြင်းမရှိချေ။ ရှောလုမင်းသည် သေဆုံးပြီးသောရှမွေလအယောင်ကိုဆောင်သော နတ်ဆိုး၏လှည့်ဖြားခြင်းကိုခံခဲ့ရသည်။ သူသည် ရှမွေလအစစ်အမှန်ကိုမမြင်ခဲ့ပါ။ နတ်ဝင်မိန်းမသည် လူအိုတက်လာသည်ကိုမြင်ခဲ့ပြီး၊ ရှောလုက ရှမွေလဖြစ်သည်ဟုတွေးဆခြင်း သို့မဟုတ် ကောက်ချက်ချခြင်းသာဖြစ်သည် (၁ရာ၊ ၂၈း၁၄)။

ကျွန်ုပ်တို့သည် ထိုသေလွန်ပြီးသောသူ၏ရုပ်သွင်မှာ ရှမွေလအစစ်အမှန်ဟုယုံကြည်လျှင်၊ စုန်းလုပ်သူများ၊ မှော်ဆရာများ၊ အောက်လမ်းဆရာများ၊ ဗေဒင်ဆရာများ၊ ဝိညာဉ်ခေါ်သူနတ်ဆရာတို့သည် သေလွန်ပြီးသောဖြောင့်မတ်သူတို့အား သူတို့သေချိန်ကရောက်ရှိသည့်နေရာမှခေါ်ထုတ်နိုင်သည်ဟုယုံကြည်ရန် အသင့်ပြင်ထားရမည်။ လူအိုသည် မြေကြီးထဲကတက်လာသောကြောင့် (၁ရာ၊ ၂၈း၁၃)၊ ဘုရားတရားရှိသောရှမွေလသည် အသိနိုးကြားသောအနေအထားဖြင့် မြေကြီးထဲ၌ရှိနေသည်ဟုလည်း ယုံကြည်ရလိမ့်မည်။ သေလွန်ပြီးနောက်အသက်ရှိနေသေးသည်ဟူသော မည်သည့်ယူဆချက်ကိုမျှ သမ္မာကျမ်းစာကခွင့်မပြုချေ။ ထိုအစား၊ စာတန်နှင့်သူ၏အပေါင်းအပါတို့သည် သေလွန်သောသူ၏ရုပ်သွင်

ဖြင့် လူများကိုလှည့်ဖြားနိုင်သည်။ သေဆုံးသောချစ်ရသူ၏အကြောင်း အသေးစိတ်ကိုပင် ဖော်ပြပြီး၊ သူတို့နှင့်ဆက်သွယ်သည်ဟု ဟန်ဆောင်ကြသည်။ ရှောလုမင်း၏နတ်ကို မေးမြန်းခြင်းသည် ထိုသို့သောအဖြစ်မျိုးသာဖြစ်သည်။

ဤနတ်ဝင်သည်အားမေးမြန်းခြင်းသည် ရှောလုကိုမျှော်လင့်ချက်မပေးဘဲ၊ စိတ်ပျက်စေခဲ့သည်။ နောက်တစ်နေ့တွင် သူသည် မိမိကိုယ်ကိုအဆုံးစီရင်ခဲ့သည် (၁ရာ၊ ၃၁း၄)။ ရှမွေလဟုယူဆရသောသူသည် ထိုနေ့တွင် ရှောလုနှင့်သူ၏သားတို့သည် သူနှင့်အတူရှိလိမ့်မည်ဟုကြိုတင်ဟောခဲ့သည် (၁ရာ၊ ၂၈း၁၉)။ အကယ်၍သူသည် မှန်ခဲ့သည်ရှိသော်၊ နာခံမှုမရှိသောရှောလုသည် သေဆုံးပြီးနောက် ဖြောင့်မတ်သောရှမွေလနှင့်အတူနေမည်ဟူ၍ ကောက်ချက်ချနိုင်လိမ့်မည်။ ထိုအစား၊ နတ်ဆိုးသည် ဤနတ်မေးမြန်းခြင်းဖြစ်ရပ်တွင် လှည့်ဖြားသည်ဟု ကောက်ချက်ချရမည်မဟုတ်လော။

**၄။ နောက်ဆုံးသောလှည့်ဖြားခြင်း။** လွန်ခဲ့သောအချိန်တွင် လိပ်ပြာခေါ်ခြင်းကို ဂမ္ဘီရလောက (လျှို့ဝှက်ဆန်းကြယ်သောပညာ) အဖြစ်ကန့်သတ်ခဲ့ကြသည်။ သို့သော်၊ မကြာသေးမီကစ၍ လိပ်ပြာခေါ်ခြင်းသည် ခရစ်ယာန်အသွင်လာပြီး၊ ထိုသို့ဖြင့် ခရစ်ယာန်လောကကိုလှည့်ဖြားနိုင်လိမ့်မည်။ ခရစ်တော်နှင့်သမ္မာကျမ်းစာကိုလက်ခံရန် ဝန်ခံခြင်း၌၊ လိပ်ပြာခေါ်ခြင်းသည် ယုံကြည်သူတို့၏အလွန်အန္တရာယ်ကြီးသောရန်သူဖြစ်လာခဲ့သည်။ ၎င်း၏အကျိုးသက်ရောက်မှုသည် သိမ်မွေ့ပြီးလှည့်စားသည်။ လိပ်ပြာခေါ်ခြင်း၏ဩဇာလွှမ်းမိုးမှုအားဖြင့် "သမ္မာကျမ်းစာကို စိတ်နှလုံးပြောင်းလဲခြင်းမရှိသောသူတို့၏စိတ်ကြိုက်အနက်ပြန်ဆိုပြီး၊ ၎င်း၏လေးနက်ပြီးအရေးကြီးသောသမ္မာတရားများသည် အကျိုးသက်ရောက်မှုမရှိတော့ချေ။ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်၏အဓိကဂုဏ်တော်ဖြစ်သည်။ သို့သော်၊ ၎င်းကိုအားနည်းသောစိတ်ကူးယဉ်ဆန်မှုအဖြစ် အဆင့်လျှော့ချပြီး၊ အကောင်းနှင့်အဆိုးအကြား ခွဲခြားမှုမရှိကြတော့ချေ။ ဘုရားသခင်၏တရားမျှတမှု၊ အပြစ်ကိုရှုတ်ချမှု၊ သူ၏သန့်ရှင်းသောပညတ်တော်၏တောင်းဆိုမှုတို့ကို ဝေးရာသို့ပို့လိုက်ကြသည်။ လူတို့အား ပညတ်တော်ဆယ်ပါးသည် သေဆုံးနေသောစာအဖြစ်မှတ်ယူစေကြသည်။ သာယာနာပျော်ဖွယ်ဒဏ္ဍာရီပုံပြင်များက သူတို့၏အာရုံကိုဖမ်းစားပြီး၊ သူတို့ယုံကြည်ခြင်း၏အုတ်မြစ်ဖြစ်သော ကျမ်းစာကိုငြင်းပယ်ကြသည်။"

ဤနည်းအားဖြင့် အမှန်နှင့်အမှားသည် ဆွေမျိုးတော်စပ်ပြီး၊ လူတစ်ယောက်၊ သို့မဟုတ် အခြေအနေတစ်ခု သို့မဟုတ် ယဉ်ကျေးမှုတစ်ခုခုသည် "သမ္မာတရား" ၏ စံချိန်စံညွှန်းဖြစ်လာသည်။ အဓိကမှာ လူတစ်ဦးစီသည် ဘုရားဖြစ်လာ၍၊ စာတန်က "ဘုရားကဲ့သို့ဖြစ်လာမည်" (ကမ္ဘာ၊ ၃း၅) ဟူသောကတိပြည့်စုံလာမည်။

ကျွန်ုပ်တို့၏ရှေ့တွင် "မြေကြီးအပေါ်၌နေသောသူတို့ကို စုံစမ်းစေခြင်းငှာ၊ လောကီနိုင်ငံအရပ်ရပ်တို့ကို နှံ့ပြားလတ္တံ့သောစုံစမ်းရာကာလ" (ဗျာ၊ ၃း၁၀) ရှိနေသည်။ စာတန်သည် လောကီသားများကိုလှည့်ဖြားရန် သူ၏နောက်ဆုံးကြိုးပမ်းမှု၌ ကြီးမားသော

နိမိတ်လက္ခဏာများကို အသုံးပြုတော့မည်။– ဤပြောင်မြောက်သောလှည့်စားမှုကိုပြောရာတွင်၊ ယောဟန်က "ဖားကောင်ကဲ့သို့ ညစ်ညူးသောဝိညာဉ်သုံးပါးထွက်သည်ကိုငါမြင်၏။ နိမိတ်လက္ခဏာတို့ကိုပြသောနတ်ဆိုး၏ဝိညာဉ်ဖြစ်သတည်း။ ထိုဝိညာဉ်တို့သည် လောကီတစ်နိုင်ငံလုံးတွင်ရှိသော ရှင်ဘုရင်တို့ထံသို့ထွက်သွား၍၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသောဘုရားသခင်၏နေ့ကြီး၌ စစ်တိုက်ခြင်းအလို့ငှာ စုဝေးစေကြ၏" (ဗျာ၊ ၁၆း၁၃၊၁၄)။

ဘုရားသခင်၏ကာကွယ်ခြင်းကိုခံရ၍၊ သမ္မာကျမ်းစာ၏သမ္မာတရား၌ စိတ်နှလုံးကိုခိုင်မာစေကာ၊ ၎င်း၏အခွင့်အာဏာကိုသာ လက်ခံသောသူတို့သာလျှင် လွတ်မြောက်နိုင်လိမ့်မည်။ အခြားသူအားလုံးသည် အကာအကွယ်မရှိသောကြောင့်၊ ဤလှည့်ဖြားမှုအားဖြင့် အဝေးသို့ဖယ်ရှားခြင်းခံရကြလိမ့်မည်။

**ပထမနှင့်ဒုတိယသေခြင်း။** ဒုတိယသေခြင်းသည် အသက်စာစောင်၌စာရင်းမဝင်သော နောင်တမရသည့်အပြစ်သားများ၏နောက်ဆုံးပြစ်ဒဏ်ဖြစ်သည်။ ၎င်းသည်နှစ်ပေါင်း (၁,၀၀၀) အဆုံးတွင်ဖြစ်လိမ့်မည်။ ဤသေခြင်းမှရှင်ပြန်ထမြောက်ခြင်းမရှိချေ။ စာတန်နှင့်မဖြောင့်မတ်သောသူများကိုဖျက်ဆီးခြင်းနှင့်အတူ၊ အပြစ်သည်လည်းအမြစ်ပြတ်ချေမှုန်းခြင်းခံရ၍၊ သေခြင်းပင်လျှင်ဖျက်ဆီးခြင်းခံရမည် (၁ကော၊ ၁၅း၂၆။ ဗျာ၊ ၂၀း၁၄။ ၂၁း၈)။ ခရစ်တော်သည် လူတိုင်းအား "အောင်မြင်သောသူကို ဒုတိယသေခြင်းသည် မညှဉ်းဆဲရ" (ဗျာ၊ ၂း၁၁) ဟူ၍ကတိပေးခဲ့လေပြီ။

သမ္မာကျမ်းစာသည် ဒုတိယသေခြင်းကိုသတ်မှတ်ထားသည့်အပေါ် အခြေခံ၍၊ ပထမသေခြင်းသည် အသက်ရှင်၍ ပြောင်းလဲသောသူများမှလွဲ၍၊ အာဒံ၏ကျူးလွန်မှု၏ရလဒ်အဖြစ် လူတိုင်းတွေ့ကြုံရသောအရာဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆနိုင်သည်။ ၎င်းသည်လူသားများအပေါ် အပြစ်၏ပုံမှန်ယိုယွင်းမှုရလဒ်ပင်ဖြစ်သည်။

## ထမြောက်ခြင်း

ထမြောက်ခြင်းသည် "သေလွန်ပြီးနောက် ပင်ကိုစရိုက်အပြည့်အစုံဖြင့် ဖြစ်တည်ခြင်းနှင့်အတူ အသက်ကိုပြန်လည်ရရှိခြင်းဖြစ်သည်။" လူသည် သေမျိုးဖြစ်သောကြောင့်၊ သူတို့သည် သင်္ချိုင်း၏တစ်ဖက်တွင် အသက်ကိုရရှိမည့်သူများဖြစ်ခဲ့သော်၊ ရှင်ပြန်ထမြောက်ခြင်းသည်ရှိရလိမ့်မည်။ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းတစ်ခုလုံးတွင် ဘုရားသခင်၏စေတမန်များသည် ရှင်ပြန်ထမြောက်ခြင်း၌မျှော်လင့်ချက်ကိုဖော်ပြခဲ့ကြသည် (ယောဘ၊ ၁၄း၁၃–၁၅။ ၁၉း၂၅–၂၉။ ဆာလံ၊ ၄၉း၁၅။ ၇၃း၂၄။ ဟေရှာယ၊ ၂၆း၁၉။ ၁ကော၊ ၁၅)။

ထမြောက်ခြင်းဆိုင်ရာ ခိုင်မာသောကျမ်းစာ၏အထောက်အထားသည် လူတိုင်းအတွက်ခရီးလမ်းဆုံးဖြစ်သောသေခြင်းရှိနေရာ လက်ရှိဤကမ္ဘာ၏တစ်ဖက်ကမ်း၌ ပိုမိုကောင်းမွန်သောအနာဂတ်တွင် ဝမ်းမြောက်နိုင်သည်ဟု ကျွန်ုပ်တို့ကိုအားပေးသည်။

**ခရစ်တော်၏ထမြောက်ခြင်း။** သေလွန်သောဖြောင့်မတ်သူတို့သည် မသေနိုင်သောအဖြစ်သို့ထမြောက်ခြင်းသည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့် နီးကပ်စွာဆက်နွယ်သည်။ အဘယ်ကြောင့်ဆိုသော်၊ အဆုံးတွင်သေလွန်သောသူတို့ကို ထမြောက်စေမည့်သူမှာ ထမြောက်သောခရစ်တော်ပင်ဖြစ်သည် (ယောဟန်၊ ၅း၂၈၊၂၉)။

**၁။ ၎င်း၏အရေးကြီးမှု။** ခရစ်တော်သည်ထမြောက်ခြင်းမရှိခဲ့သော် ဘာဖြစ်မည်နည်း။ ပေါလုသည် အကျိုးဆက်များကိုအကျဉ်းချုပ်ထားသည်။ (က)၊ ဧဝံဂေလိတရားဟောပြောခြင်းသည် အကျိုးရှိလိမ့်မည်မဟုတ်ချေ။ "ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ ငါတို့ဟောပြောခြင်း၌အကျိုးမရှိ" (၁ကော၊ ၁၅း၁၄)။ (ခ) အပြစ်လွှတ်ခြင်းရှိလိမ့်မည်မဟုတ်ချေ။ "ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ သင်တို့သည်.....ဒုစရိုက်အပြစ်အောက်၌ရှိသေး၏" (၁ကော၊ ၁၅း၁၇)။ (ဂ) ယေရှုကိုယုံကြည်ခြင်းသည် ရည်ရွယ်ချက်ကင်းမဲ့နေလိမ့်မည်။ "ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ သင်တို့သည် ယုံကြည်သော်လည်းအကျိုးမရှိ" (၁ကော၊ ၁၅း၁၇)။ (ဃ) သေလွန်သောသူတို့အတွက်ထမြောက်ခြင်းရှိနိုင်မည်မဟုတ်ချေ။ "ခရစ်တော်သည်သေခြင်းမှထမြောက်တော်မူကြောင်းကို ဟောပြောရသည်ဖြစ်၍၊ သေသောသူတို့သည် ထမြောက်ခြင်းမရှိဟု သင်တို့တွင်အချို့သောသူတို့သည် အဘယ်ကြောင့်ဆိုရသနည်း" (၁ကော၊ ၁၅း၁၂)။ (င) သင်္ချိုင်း၏တစ်ဖက်တွင် မျှော်လင့်ချက်ရှိလိမ့်မဟုတ်ချေ။ "ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ သင်တို့သည် ယုံကြည်သော်လည်းအကျိုးမရှိ၊ ဒုစရိုက်အပြစ်အောက်၌ရှိကြသေး၏။ ထိုမှတစ်ပါး၊ ခရစ်တော်ကိုယုံကြည်၍ အိပ်ပျော်သောသူတို့သည် ဆုံးရှုံးခြင်းသို့ရောက်ကြပြီ" (၁ကော၊ ၁၅း၁၇၊၁၈)။

**၂။ ရုပ်ခန္ဓာဖြင့်ထမြောက်ခြင်း။** သင်္ချိုင်းဂူထဲကထွက်လာသောခရစ်တော်သည် အသွေးအသားဖြင့်အသက်ရှင်ခဲ့သော ထိုယေရှုပင်ဖြစ်သည်။ ယခုတွင် သူသည် ဘုန်းတော်နှင့်ပြည့်ဝသော ခန္ဓာကိုရရှိသော်လည်း၊ ၎င်းသည် ရုပ်ခန္ဓာအစစ်အမှန်ပင်ဖြစ်နေသေးသည်။ အလွန်စစ်မှန်သည်ဖြစ်ရာ၊ အခြားသောသူတို့သည် ခြားနားမှုကိုပင်မမြင်တွေ့ခဲ့ကြချေ (လုကာ၊ ၂၄း၁၃–၂၇။ ယောဟန်၊ ၂၀း၁၄–၁၈)။

ယေရှုကိုယ်တိုင်က သူသည် တစ္ဆေ သို့မဟုတ် ဝိညာဉ်မဟုတ်ကြောင်းကို ပြောဆိုသည်။ တပည့်တော်တို့အား ဤသို့မိန့်ဆိုခဲ့သည်။ "ငါ့လက်ကိုကြည့်ကြလော့။ ငါ့ခြေကိုလည်းကြည့်ကြလော့။ ငါ့ကိုယ်ပင်ဖြစ်၏။ ငါ့ကိုကြည့်ရှုစမ်းသပ်ကြလော့။ ငါသည် သင်တို့မြင်သည်အတိုင်း အရိုးအသားနှင့်ပြည့်စုံ၏။ တစ္ဆေမည်သည်ကား ဤကဲ့သို့မပြည့်စုံ" (လုကာ၊ ၂၄း၃၉)။ သူသည် ရုပ်ခန္ဓာစစ်စစ်နှင့်ထမြောက်ကြောင်းကို သက်သေပြရန်၊ သူတို့ရှေ့တွင်အစာစားခဲ့သည် (လုကာ၊ ၂၄း၄၃)။

**၃။ ၎င်း၏အကျိုးသက်ရောက်မှုများ။** ခရစ်တော်၏ထမြောက်ခြင်းသည် သူ၏တပည့်များအပေါ်တွင် ကြီးမားသောအကျိုးသက်ရောက်မှုရှိခဲ့သည်။ အားနည်း၍ ကြောက်တတ်သောသူတို့ကို မိမိတို့သခင်ဘုရားအတွက် ဘာမဆိုလုပ်ပေးရန်အဆင်သင့်ရှိသည့် ရဲရင့်သောတမန်တော်များအဖြစ်သို့ပြောင်းလဲခဲ့သည် (ဖိလိပ္ပိ၊ ၃း၁၀၊၁၁။ တမန်၊ ၄း၃၃)။ ၎င်း၏ရလဒ်အဖြစ် သူတို့ထမ်းဆောင်သောသာသနာသည် ရောမအင်ပါယာကို တုန်လှုပ်စေပြီး၊ ကမ္ဘာကိုမှောက်လှန်ခဲ့သည် (တမန်၊ ၁၇း၆)။

"ခရစ်တော်ထမြောက်ခြင်း၏သေချာမှုသည် ဧဝံဂေလိတရားဟောပြောရာတွင် အင်အားဖြစ်စေသည် (ဖိလိပ္ပိ၊ ၃း၁၀း၁၁)။ ပေတရုသည် ယုံကြည်သူများ၌ 'မျှော်လင့်ခြင်းအကြောင်းရှိစေခြင်းငှာ၊' 'ယေရှုခရစ်ကိုသေခြင်းမှထမြောက်စေတော်မူကြောင်း' ကိုပြောခဲ့သည် (၁ပေ၊ ၁း၃)။ တမန်တော်တို့သည် မိမိတို့ကိုယ်ကိုထမြောက်ခြင်း၏သက်သေခံများအဖြစ်ဘိသိက်ခံရသည်ဟုယူဆခဲ့ကြသည် (တမန်၊ ၁း၂၂)။ ခရစ်တော်၏ထမြောက်ခြင်းအပေါ် သူတို့၏သွန်သင်ချက်သည် ဓမ္မဟောင်းကျမ်းတွင် မေရှိယအကြောင်းကိုတင်ဟောပြောချက်အပေါ်အခြေခံခဲ့သည် (တမန်၊ ၂း၃၁)။ သူတို့၏သက်သေခံချက်ကို 'ကြီးသောတန်ခိုး' ပေးသောအရာမှာ 'သခင်ယေရှုထမြောက်ခြင်းအကြောင်းကို' သူတို့ကိုယ်တိုင်သိရှိနေခြင်းဖြစ်သည် (တမန်၊ ၄း၃၃)။ 'သေခြင်းမှထမြောက်ခြင်းတရားကို' ဟောပြောရာတွင်၊ တမန်တော်တို့သည် ယုဒခေါင်းဆောင်တို့၏အတိုက်အခံပြုခြင်းကိုခံခဲ့ကြရသည် (တမန်၊ ၄း၂)။ ယုဒတို့၏လွှတ်တော်တွင် ရုံးတင်စွပ်စွဲခြင်းခံရချိန်တွင်၊ ပေါလုက 'သေသောသူတို့သည် ထမြောက်မည်ဟုမျှော်လင့်ခြင်းအကြောင်းကြောင့်၊ အကျွန်ုပ်သည် စစ်ကြောစီရင်ခြင်းကိုခံရ၏' ဟုဆိုခဲ့သည် (တမန်၊ ၂၃း၆။ ၂၄း၂၁)။ ရောမအသင်းသားများထံသို့ ပေါလုက ယေရှုခရစ်တော်သည် 'သေခြင်းမှရှင်ပြန်ထမြောက်ခြင်းအားဖြင့် တန်ခိုးရှိသောဘုရားသခင်၏သားအဖြစ်ခန့်အပ်ခဲ့ရသည်' (ရောမ၊ ၁း၄ NIV)။ ရေနှစ်ခြင်းခံရာတွင်၊ ခရစ်ယာန်တို့သည် ခရစ်တော်၏ထမြောက်ခြင်း၌ သူတို့၏ယုံကြည်ခြင်းကို သက်သေခံကြသည်ဟု ပေါလုရှင်းပြခဲ့သည် (ရောမ၊ ၆း၄၊၅။)"

**ရှင်ပြန်ထမြောက်ခြင်းနှစ်မျိုး။** ခရစ်တော်သည် အကြမ်းဖျင်းအားဖြင့်ရှင်ပြန်ထမြောက်ခြင်းနှစ်မျိုးရှိသည်ဟုသွန်သင်ခဲ့သည်။ ၎င်းတို့မှာ ဖြောင့်မတ်သောသူတို့၏ "အသက်ရှင်ရာထမြောက်ခြင်း" နှင့်ဆိုးယုတ်သောသူတို့၏ "အပြစ်စီရင်ရာထမြောက်ခြင်း" တို့ဖြစ်ကြသည် (ယောဟန်၊ ၅း၂၈၊၂၉။ တမန်၊ ၂၄း၁၅)။ ဤထမြောက်ခြင်းနှစ်ခုသည် နှစ်ပေါင်း (၁,၀၀၀) ခြားနားသည် (ဗျာ၊ ၂၀း၄၊၅)။

**၁။ အသက်ရှင်ရာထမြောက်ခြင်း။** ပထမထမြောက်ခြင်းကိုဝင်စားသောသူသည် "မင်္ဂလာရှိသောသူ၊ သန့်ရှင်းသောသူ" (ဗျာ၊ ၂၀း၆) ဟုခေါ်သည်။ သူတို့သည် အနှစ် (၁,၀၀၀) အဆုံးတွင် မီးအိုင်၌ဒုတိယသေခြင်းကို တွေ့ကြုံရလိမ့်မည်မဟုတ်ချေ (ဗျာ၊ ၂၀း၁၄)။ ဤအသက်ရှင်ရာထမြောက်ခြင်းနှင့် မသေနိုင်သောအဖြစ်ကိုခံယူခြင်းသည် (ယောဟန်၊ ၅း၂၉။ ၁ကော၊ ၁၅း၅၂၊၅၃) ဒုတိယအကြိမ်ကြွလာချိန်တွင် ဖြစ်ပျက်လိမ့်မည် (၁ကော၊ ၁၅း၂၂၊၂၃။ ၁သက်၊ ၄း၁၅–၁၈)။ ၎င်းကိုတွေ့ကြုံသောသူတို့သည် ဘယ်ခါမျှသေနိုင်တော့မည်မဟုတ်ချေ (လုကာ၊ ၂၀း၃၆)။ သူတို့သည် ခရစ်တော်နှင့် အတူအစဉ်အမြဲပေါင်းစည်းကြသည်။

ထမြောက်သောရုပ်ခန္ဓာသည် ဘာနှင့်တူမည်နည်း။ ခရစ်တော်ကဲ့သို့ပင်၊ ထမြောက်သောသန့်ရှင်းသူတို့သည် ရုပ်ခန္ဓာအမှန်အကန်ရှိကြလိမ့်မည်။ ခရစ်တော်သည် ဘုန်းထွန်းသောအဖြစ်၌ထမြောက်သကဲ့သို့၊ ဖြောင့်မတ်သောသူတို့သည်လည်း ထမြောက်ကြလိမ့်မည်။ ပေါလုက ခရစ်တော်သည် "ယုတ်ညံ့သောငါတို့၏ကိုယ်ခန္ဓာကိုပင်၊ ဘုန်းအသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓာတော်၏နည်းတူဖြစ်စေခြင်းငှာ အသစ်ပြင်ဆင်တော်မူလတ္တံ့" ဟုဆိုသည် (ဖိလိပ္ပိ၊ ၃း၂၁)။ သူသည် ဂုဏ်အသရေပျက်သောကိုယ်ခန္ဓာကို "ဓာတိပကတိကိုယ်" ဟုခေါ်ပြီး၊ ဂုဏ်အသရေနှင့်ပြည့်စုံသောကိုယ်ခန္ဓာကို "ဝိညာဏကိုယ်" ဟုခေါ်သည်။ ပုပ်တတ်သောသဘောမှ မပုပ်နိုင်သောအဖြစ်သည် ထမြောက်ချိန်တွင် ချက်ချင်းဖြစ်ပျက်လိမ့်မည် (၁ကော၊ ၁၅း၄၂–၅၄)။

**၂။ အပြစ်စီရင်ရာထမြောက်ခြင်း။** မဖြောင့်မတ်သောသူတို့သည် အနှစ် (၁,၀၀၀) အဆုံးတွင်ဖြစ်ပျက်မည့် ဒုတိယထမြောက်ခြင်း၌ ထမြောက်ကြလိမ့်မည်။ ဤထမြောက်ခြင်းပြီးနောက် နောက်ဆုံးတရားစီရင်ခြင်းနှင့် အပြစ်စီရင်ခြင်းတို့ကလိုက်လာသည် (ယောဟန်၊ ၅း၂၉)။ အသက်စာစောင်၌ နာမည်စာရင်းမဝင်သောသူတို့သည် ဤအချိန်တွင်ထမြောက်လာမည်ဖြစ်ပြီး၊ မီးအိုင်ထဲသို့ချပစ်ခြင်းကိုခံရကာ၊ ဒုတိယသေခြင်းကိုတွေ့ကြုံရကြမည် (ဗျာ၊ ၂၀း၁၄၊၁၅)။

သူတို့သည် ဤဝမ်းနည်းဖွယ်အဆုံးသတ်မှုကိုရှောင်ရှားနိုင်ခဲ့သည်။ မမှားနိုင်သောဘာသာစကားဖြင့်သမ္မာကျမ်းစာသည် ဘုရားသခင်၏လွတ်မြောက်ခြင်းလမ်းကိုပြသသည်။ "ပြောင်းလဲကြလော့။ ဒုစရိုက်အပြစ်ကြောင့် ထိမိ၍ဆုံးခြင်းသို့မရောက်ကြနှင့်။ သင်တို့သည် ပြုသမျှသောလွန်ကျူးခြင်းအမှုတို့ကိုစွန့်ပစ်၍၊ အသစ်သောနှလုံး၊ အသစ်သောစိတ်သဘောကိုပြင်ဆင်ကြလော့။ သင်တို့သည် အဘယ်ကြောင့်အသေသတ်ခြင်းကိုခံလိုသနည်း။...... အသေခံရသောသူ၏ အသေခံခြင်းအမှု၌ ငါသည် ပျော်မွေ့ခြင်းမရှိ။ ထိုကြောင့်၊ ပြောင်းလဲ၍အသက်ရှင်ကြလော့" (ယေဇ၊ ၁၈း၃၀–၃၂)။

ခရစ်တော်သည် "အောင်မြင်သောသူကို ဒုတိယသေခြင်းသည်မညှဉ်းဆဲရ" (ဗျာ၊ ၂း၁၁) ဟုကတိပေးခဲ့သည်။ ယေရှုနှင့်သူယူဆောင်လာသောကယ်တင်ခြင်းကိုလက်ခံသောသူတို့သည် သူ၏အရေးကြီးဆုံးသောပြန်ကြွလာချိန်တွင် မဖော်ပြနိုင်သောဝမ်းမြောက်ခြင်းကိုတွေ့ကြုံခံစားကြလိမ့်မည်။ ဘယ်ခါမျှမဆိတ်သုဉ်းသောဝမ်းမြောက်ခြင်း၌၊ သူတို့သည် မိမိတို့အရှင်သခင်၊ ကယ်တင်ရှင်နှင့်အတူ ထာဝရကာလပတ်လုံးပျော်ရွှင်စွာဆက်ဆံကြလိမ့်မည်။

–o–

# အခန်း– ၂၇
# အနှစ်တစ်ထောင်စိုးစံခြင်းနှင့်အပြစ်၏နိဂုံး

အနှစ်တစ်ထောင်ကာလသည် ခရစ်တော်နှင့်သူ၏သန့်ရှင်းသူများ ကောင်းကင်တွင် ပထမနှင့်ဒုတိယထမြောက်ခြင်းစပ်ကြား အနှစ်တစ်ထောင်စိုးစံမှုကာလဖြစ်သည်။ ဤကာလအတွင်း သေလွန်သောဆိုးသွမ်းသူတို့သည် တရားစီရင်ခြင်းခံရကြလိမ့်မည်။ ကမ္ဘာမြေသည် အသက်ရှင်သောလူသူကင်းမဲ့၍ လုံးဝပျက်စီးခြောက်ကပ်နေမည်ဖြစ်သော်လည်း၊ စာတန်နှင့်သူ၏တမန်များက သိမ်းပိုက်နေလိမ့်မည်။ ယင်းကာလအဆုံးတွင် ခရစ်တော်သည် သူ၏သန့်ရှင်းသူများ၊ သန့်ရှင်းသောမြို့တော်နှင့်တကွ ကောင်းကင်မှ မြေကြီးပေါ်သို့ဆင်းသက်လာလိမ့်မည်။ ထိုအခါမဖြောင့်မတ်သော သေလွန်သူတို့သည် ထမြောက်လာပြီး၊ စာတန်နှင့်သူ၏တမန်များနှင့်အတူ မြို့တော်ကိုဝန်းရံကြလိမ့်မည်။ သို့သော် ဘုရားသခင်ထံမှမီးသည် သူတို့ကိုလောင်ကျွမ်းပြီး၊ ကမ္ဘာမြေကြီးကိုသန့်စင်စေလိမ့်မည်။ ဤနည်းအားဖြင့် စကြဝဠာသည် အပြစ်နှင့်အပြစ်သားတို့မှထာဝစဉ်လွတ်ကင်းလိမ့်မည်။ (ယေရမိ၊ ၄း၂၃–၂၆။ ယေဇ၊ ၂၈း၁၈၊၁၉။ မာလ၊ ၄း၁။ ၁ကော၊ ၆း၂၊ ၃။ ဗျာ၊ ၂၀။ ၂၁း၁–၅)။

သမိုင်းတစ်လျှောက်၊ ငရဲ၏ထိတ်လန့်ဖွယ်အကြောင်းကို အာဝဇ္ဇန်းကောင်းကောင်းဖြင့်ဟောပြောပြီး၊ လူတို့သည် ဘုရားသခင်ကိုအကြောက်တရားဖြင့်ကိုးကွယ်စေရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော်၊ သူတို့သည် မည်ကဲ့သို့သောဘုရားကိုပုံဖော်နေကြသနည်း။

ဘုရားသခင်သည် အဆုံးတွင်အပြစ်ကိုမည်ကဲ့သို့ရှင်းထုတ်မည်နည်း။ စာတန်သည် မည်သို့ဖြစ်မည်နည်း။ အပြစ်တရားသည် နောက်တစ်ဖန်မပေါ်လာအောင်မည်သည့်အရာကထိန်းထားမည်နည်း။ တရားမျှတသောဘုရားသည် မည်ကဲ့သို့ချစ်တတ်သောဘုရားဖြစ်နိုင်မည်နည်း။ အနှစ်တစ်ထောင်ကာလနှင့် အပြစ်၏နိဂုံးကို၊ အထူးသဖြင့် ဗျာဒိတ်ကျမ်းတွင်လေ့လာရသကဲ့သို့၊ ယုံကြည်စိတ်ချရသောအဖြေကိုပေးသည်။

## အနှစ်တစ်ထောင်၏အစတွင်ဖြစ်လာမည့်ဖြစ်ရပ်များ

ဗျာဒိတ်ကျမ်း ၂၀ ကပြောသောအနှစ်တစ်ထောင်ကာလအတွင်း၊ စာတန်၏ကမ္ဘာမြေအပေါ်သြဇာလွှမ်းမိုးမှုသည် ကန့်သတ်ခံရပြီး၊ ခရစ်တော်သည် သူ၏သန့်ရှင်းသူများနှင့်အတူစိုးစံလိမ့်မည် (ဗျာ၊ ၂၀း၁–၄)။

**ဒုတိယအကြိမ်ကြွလာခြင်း။** ဗျာဒိတ်ကျမ်း ၁၉ နှင့် ၂၀ သည် ဆက်စပ်နေပြီး၊ ဤအခန်းကြီးနှစ်ခုအကြားတွင် ပြတ်တောက်ခြင်းမရှိချေ။ ၎င်းတို့သည် ခရစ်တော်၏ ကြွလာခြင်းကိုဖော်ပြပြီး (ဗျာ၊ ၁၉း၁၁–၂၁)၊ အနှစ်တစ်ထောင်ကချက်ချင်း ကပ်လိုက်လာသည်။ ၎င်းတို့၏ဆက်တိုက်ဖြစ်စဉ်က အနှစ်တစ်ထောင်ကာလသည် ခရစ်တော်ကြွလာသောအချိန်တွင် စတင်ကြောင်းညွှန်ပြသည်။


ဒုတိယအကြိမ်မကြွလာမီအချိန်ကလေးတွင် ခရစ်တော်၏လုပ်ငန်းနှင့် သူ၏လူတို့ကို ဆန့်ကျင်ရန် လူမျိုးတကာတို့ကိုစုရုံးသောအဏာစက်သုံးခုမှာ နဂါး၊ သားရဲနှင့် မိစ္ဆာပုရောဖက်များဖြစ်သည်ဟု ဗျာဒိတ်ကျမ်းကဖော်ပြသည် (ဗျာ၊ ၁၆း၁၃)။ "သားရဲမှစ၍ လောကီရှင်ဘုရင်တို့နှင့် သူတို့၏ဗိုလ်ခြေများတို့သည် ခရစ်တော်ပြန်ကြွလာချိန်တွင် သူ့ကို စစ်တိုက်ရန်စုရုံးသောအခါ၊ သားရဲနှင့်မိစ္ဆာပုရောဖက်တို့သည် ဖျက်ဆီးခြင်းခံရကြသည် (ဗျာ၊ ၁၉း၁၉၊၂၀)။ အနှစ်တစ်ထောင်အကြောင်းပါရှိသော ဗျာဒိတ်ကျမ်း ၂၀ နောက်တွင် ပါလာသောအရာသည် နဂါး၏ကံကြမ္မာအကြောင်းနှင့်ဆိုင်သည်။ သူ့ကိုဖမ်းဆီး၍ အနက်ဆုံးသောတွင်းထဲသို့ချက်ပစ်လိုက်ကာ၊ ထိုနေရာတွင်အနှစ်တစ်ထောင်နေရသည်။

ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းနှင့်အတူ၊ လောကီနိုင်ငံများသည် ဖျက်ဆီးခြင်းခံရပြီး၊ ဘုရားသခင်သည် ဘုန်းတော်ထွန်းတောက်သောနိုင်ငံတော်ကိုတည်ထောင်၍၊ ထာဝရတည်လိမ့်မည် (ဒံ၊ ၂း၄၄)။ ထိုအခါ သူ၏လူတို့သည် စတင်စိုးစံကြလိမ့်မည်။

**ပထမထမြောက်ခြင်း။** ဒုတိယအကြိမ်ကြွလာချိန်တွင် ပထမထမြောက်ခြင်းဖြစ်လိမ့်မည်။ ဖြောင့်မတ်သောသူများတည်းဟူသော "မင်္ဂလာရှိသောသူ၊ သန့်ရှင်းသောသူ" တို့သည်ထမြောက်လာ၍၊ "ထိုသူတို့သည် ဒုတိယသေခြင်း၏လက်နှင့်ကင်းလွတ်လျက်၊ ဘုရားသခင်၏ယဇ်ပုရောဟိတ်၊ ခရစ်တော်၏ယဇ်ပုရောဟိတ်ဖြစ်၍၊ အနှစ်တစ်ထောင် ပတ်လုံးခရစ်တော်နှင့်အတူစိုးစံရကြလိမ့်မည်" (ဗျာ၊ ၂၀း၆)။

**ဖြောင့်မတ်သောသူတို့သည်ကောင်းကင်သို့တက်သွားကြသည်။** ဖြောင့်မတ်သောသေလွန်သူများထမြောက်ပြီးနောက်၊ သူတို့နှင့်အသက်ရှင်သော သန့်ရှင်းသူတို့သည် သခင်ဘုရားနှင့်တွေ့ဆုံရန် မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းခံရသည် (၁သက်၊ ၄း၁၇)။ ထိုအခါ ခရစ်တော်သည် ဤလောကကမ္ဘာမှမထွက်ခွာမီက ကတိတော်ကိုပြည့်စုံစေမည်။ "သင်တို့နေစရာအရပ်ကိုပြင်ဆင်ခြင်းငှာ ငါသွားရ၏။ ငါသည်သွား၍ သင်တို့နေစရာ အရပ်ကိုပြင်ဆင်ပြီးမှ တစ်ဖန်လာပြန်၍၊ ငါရှိရာအရပ်၌သင်တို့ရှိစေခြင်းငှာ သင်တို့ကို ငါ့ထံသို့သိမ်းဆည်းမည်" (ယောဟန်၊ ၁၄း၂၊၃)။ သူ့နောက်လိုက်များအားခေါ်သွားမည့် နေရာကိုယေရှုက "ငါ့အဘ၏အိမ်" ဟုဖော်ပြပြီး၊ ထိုနေရာတွင် "နေစရာအခန်းအများ ရှိ၏" (ယောဟန်၊ ၁၄း၂)။ ဤနေရာတွင် ခရစ်တော်သည် အနှစ်တစ်ထောင်မပြည့်မချင်း ကြွလာဦးမည်မဟုတ်သော ယေရုရှလင်မြို့သစ်ကိုရည်ညွှန်းသည် (ဗျာ၊ ၂၁း၂)။ ထို့ကြောင့်၊

ဒုတိယအကြိမ်ကြွလာသောအချိန်၊ ဖြောင့်မတ်သူများ မိမိတို့သခင်ဘုရားကိုတွေ့ဆုံရန် ချီဆောင်ခြင်းခံရသောအခါ၊ သူတို့၏ခရီးလမ်းဆုံးသည် သူတို့စွန့်ခွာသောဤမြေကြီး မဟုတ်ဘဲ၊ ကောင်းကင်နိုင်ငံဖြစ်သည်။ ခရစ်တော်သည် ဤအချိန်တွင် ဘုန်းထွန်းသော နိုင်ငံတော်ကို မြေကြီးပေါ်တွင်မတည်ထောင်ချေ။ အနှစ်တစ်ထောင်အဆုံးမှသာ တည်ထောင်လိမ့်မည်။




**ခရစ်တော်၏ရန်သူများအသတ်ခံရသည်။** ခရစ်တော်သည် သူ၏ပြန်ကြွလာခြင်းကို ရေလွှမ်းမိုးခြင်း၌လည်းကောင်း၊ သောဒုံနှင့်ဂေါမောရတို့ဖျက်ဆီးခြင်း၌လည်းကောင်း ဖြစ်သောဖြစ်ရပ်နှင့်နှိုင်းယှဉ်ခဲ့သည် (မဿဲ၊ ၂၄း၃၇–၃၉။ လုကာ၊ ၁၇း၂၈–၃၀)။ သူ၏ နှိုင်းယှဉ်မှုတွင် အချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ ပျက်စီးခြင်းသည် လူဆိုးတို့ကို အငိုက်ဖမ်းပြီး၊ ဒုတိယအချက်မှာ ထိုသူတို့သည်ဖျက်ဆီးခြင်းခံရကြသည်။ “ရေလွှမ်းမိုး ခြင်းရောက်သဖြင့် လူခပ်သိမ်းတို့ကိုသုတ်သင်ပယ်ရှင်းသည်” (မဿဲ၊ ၂၄း၃၉)။ သောဒုံမြို့ ပေါ်သို့ ကန့်နှင့်ရောသောမီးမိုးရွာသဖြင့် “လူအပေါင်းတို့ကိုပယ်ရှင်းသည်” (လုကာ၊ ၁၇း၂၉)။ (မဿဲ၊ ၁၃း၃၈–၄၀ ကိုလည်းဖတ်ပါ။) ဒုတိယအကြိမ်ကြွလာချိန်တွင်၊

ခရစ်တော်သည် မိမိစစ်တပ်ကြီးနှင့်အတူ မြင်းဖြူကိုစီးလျက် ကောင်းကင်မှကြွဆင်းလာသည်။ သူ၏နာမတော်သည် "ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်" ဖြစ်၍၊ ပုန်ကန်သောလောကီနိုင်ငံများကိုတိုက်ခိုက်လေ၏။ သားရဲနှင့်မိစ္ဆာပုရောဖက်ကို ဖျက်ဆီးပြီးနောက်၊ ကျန်နေသေးသောစာတန်၏နောက်လိုက်များသည် သေဆုံးကြလိမ့်မည်ဖြစ်၍၊ အသက်ရှင်ကျန်ရစ်သူမရှိ။ အဘယ်ကြောင့်ဆိုသော်၊ "မြင်းစီးတော်မူသောသူ၏ ခံတွင်းတော်ထဲကထွက်သောသန်လျက်နှင့် ကွပ်မျက်ခြင်းကိုခံရကြ၏။ သူတို့၏အသားကို ငှက်အပေါင်းတို့သည်ဝစွာစားရကြ၏" (ဗျာ၊ ၁၉း၂၁)။

ဤမြင်ကွင်းကို သမ္မာကျမ်းစာကဤသို့ဖော်ပြသည်။ "ထာဝရဘုရားသည် မြေကြီးသားအပေါင်းတို့ကို သူတို့ဒုစရိုက်ကြောင့်အပြစ်ပေးလိုသောငှာ၊ မိမိအရပ်ဌာနထဲကထွက်တော်မူ၏။ ထိုအခါ မြေကြီးသည်မိမိ၌ရှိသောအသွေးကိုဖော်ပြရလိမ့်မည်။ မိမိ၌အသေခံသောသူတို့ကို နောက်တစ်ဖန်ဖုံး၍မထားရ" (ဟေရှာ၊ ၂၆း၂၁)။

**ကမ္ဘာမြေသည်လူသူကင်းမဲ့နေသည်။** ဖြောင့်မတ်သောသူတို့သည် ထာဝရဘုရားနှင့်အတူနေရန် တက်ကြွသွား၍၊ လူဆိုးတို့သည် ခရစ်တော်ပေါ်ထွန်းချိန်တွင် ဖျက်ဆီးခြင်းခံရသောကြောင့်၊ ကမ္ဘာမြေသည် အချိန်အတိုင်းအတာတစ်ခုအထိ လူသူကင်းမဲ့နေသည်။ ထို့သို့သောအခြေအနေကို ယေရမိကဤသို့ဆိုသည်။ "ငါသည် မြေကြီးကိုကြည့်ရှု၍၊ လွတ်လပ်လဟာဖြစ်၏။ မိုးကောင်းကင်ကိုလည်း ငါကြည့်ရှု၍အလင်းမရှိ။ တောင်တို့ကိုလည်းငါကြည့်ရှု၍၊ သူတို့နှင့်တကွကုန်းရှိသမျှတို့သည် တုန်လှုပ်လျက်နေကြ၏။ ငါကြည့်ရှု၍လူမရှိ။ မိုးကောင်းကင်ငှက်အပေါင်းတို့သည် ပြေးကြပြီ" (ယေရမိ၊ ၄း၂၃–၂၅)။ ယေရမိသည် ကမ္ဘာဦးကျမ်း၊ ၁း၂ က "အဆင်းသဏ္ဍာန်မရှိ၊ လွတ်လပ်လဟာဖြစ်၏" ဟူသောအသုံးအနှုန်းကိုပြန်၍သုံးခြင်းက၊ ကမ္ဘာမြေကြီးသည် ဖန်ဆင်းစကကဲ့သို့ ပင်ဖရိုဖရဲဖြစ်သောအခြေအနေကိုညွှန်ပြသည်။

**စာတန်သည်ချည်နှောင်ခြင်းခံရသည်။** ဤအချိန်တွင်ဖြစ်ပျက်သောဖြစ်ရပ်များကို ဣသရေလတို့၏တဲတော်လုပ်ငန်း၌ အပြစ်ဖြေရာနေ့ကလွတ်လပ်လဟာဆိတ်သည် ပုံဆောင်ခဲ့ပြီးဖြစ်သည်။ အပြစ်ဖြေရာနေ့တွင် ယဇ်ပုရောဟိတ်မင်းသည် ထာဝရဘုရားအဖို့ ဆိတ်၏အပြစ်ဖြေရာအသွေးဖြင့် သန့်ရှင်းရာဌာနကိုဆေးကြောခဲ့သည်။ ဤအပြစ်ဖြေခြင်းကို အလုံးစုံလုပ်ဆောင်ပြီးမှသာလျှင် စာတန်ကိုပုံဆောင်သောအဇာဇယ်ဆိတ်နှင့် ဆိုင်သောလုပ်ငန်းကိုစတင်ခဲ့သည်။ ထိုဆိတ်၏ဦးခေါင်းပေါ်တွင် မိမိလက်ကိုတင်လျက်၊ ယဇ်ပုရောဟိတ်မင်းက "ဣသရေလအမျိုးသားတို့၏ဒုစရိုက်မှစ၍ ပြစ်မှားသောအပြစ်အမျိုးမျိုးရှိသမျှတို့ကိုဖော်ပြ၍၊ ဆိတ်ခေါင်းပေါ်မှာတင်ထားသည် (ဝတ်၊ ၁၆း၂၁)။ ထိုနောက်၊ လူမနေသောအရပ်သို့ဆောင်သွား၍၊ ထိုဆိတ်ကိုတော၌လွှတ်လိုက်ကြသည် (ဝတ်၊ ၁၆း၂၂)။

အလားတူစွာ၊ ကောင်းကင်သန့်ရှင်းရာဌာနတွင် ခရစ်တော်သည် မိမိလူတို့၏ ပြီးပြည့်စုံသောကောင်းကျိုးအတွက် အမှုထမ်းလျက်ရှိသည်။ သူပြန်ကြွလာသောအချိန်တွင် သူတို့ကိုရွေးနုတ်၍၊ ထာဝရအသက်ကိုပေးမည်။ သူသည် ဤရွေးနုတ်ခြင်းလုပ်ငန်းနှင့် ကောင်းကင်သန့်ရှင်းရာဌာနဆေးကြောခြင်းအမှုပြီးဆုံးသောအခါ၊ မိမိလူတို့၏အပြစ်များကို အပြစ်စတင်ခဲ့သူစာတန်အပေါ်တွင်တင်လိမ့်မည်။ ၎င်းသည် စာတန်ကယုံကြည်သူတို့၏အပြစ်များကိုဖြေလွှတ်သည်ဟု ဘယ်နည်းနှင့်မျှပြော၍မရနိုင်ချေ။ ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် အပြည့်အဝလုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ သို့သော် စာတန်သည် သူအပြစ်ကျူးလွန်စေသောသူတို့၏အပြစ်အားလုံးကို တာဝန်ယူရမည်။ "တော်လျော်သောလူ" သည် ဆိတ်ကိုလူမနေသောအရပ်သို့ခေါ်ဆောင်သကဲ့သို့၊ ဘုရားသခင်သည် စာတန်ကို လူသူကင်းမဲ့နေသောကမ္ဘာမြေပေါ်သို့ မောင်းထုတ်လိမ့်မည်။

အနှစ်တစ်ထောင်ဆိုင်ရာယောဟန်၏ရူပါရုံသည် စာတန်အားမောင်းထုတ်ခြင်းကို ကွင်းကွင်းကွက်ကွက်ပုံဖော်ထားသည်။ အနှစ်တစ်ထောင်၏အစတွင် "ရှေးမြွေဟောင်း၊ မာရ်နတ်စာတန်တည်းဟူသောနဂါး" ကိုချည်နှောင်၍၊ "အနက်ဆုံးသောတွင်းထဲသို့ချပစ်လှောင်ထား၍ တံဆိပ်ခတ်လေ၏" (ဗျာ၊ ၂၀း၂၊၃)။ ဤအရာသည် စာတန်၏ညှဉ်းဆဲခြင်းနှင့် လှည့်ဖြားခြင်းအလုပ်ရပ်တန့်သွားကြောင်းကို ပုံဆောင်သည်။ "အနှစ်တစ်ထောင်မကုန်မီတိုင်အောင်၊ လူအမျိုးမျိုးတို့ကိုမလှည့်ဖြားရ" (ဗျာ၊ ၂၀း၃)။

အနက်ဆုံးသောတွင်းဟူ၍ ယောဟန်အသုံးပြုသောစကားလုံးသည် ထိုအချိန်၌ ကမ္ဘာမြေကြီး၏အခြေအနေကိုဖော်ပြရာတွင် သင့်လျော်သည်။ ခရစ်တော်မကြွလာမီအချိန်နှင့်ကပ်လျက်ရှိသော နောက်ဆုံးသောဘေးဒဏ်ခုနစ်ပါးအားဖြင့် ဖွတ်ဖွတ်ကြေ၍၊ လူဆိုးတို့၏အလောင်းများက လွှမ်းခြုံထားသောကမ္ဘာမြေသည် လုံးဝတိတ်ဆိတ်ခြောက်ကပ်သောမြင်ကွင်းပင်ဖြစ်တော့သည်။

ဤမြေကြီးပေါ်တွင်ချုပ်နှောင်ခြင်းမှာ၊ စာတန်ကိုအခြေအနေ၏သံကြိုးဖြင့် ချည်နှောင်ခြင်းဖြစ်သည်။ မြေကြီးသည် အသက်ရှင်သောလူသားကင်းမဲ့နေသောကြောင့်၊ စာတန်သည်စုံစမ်းရန် သို့မဟုတ် ညှဉ်းဆဲရန်မည်သူမျှမရှိတော့ချေ။ သူသည် ဘာမျှလုပ်စရာမရှိသည်ဖြစ်ရာ သူ့ကိုချည်နှောင်သည့်အလားပင်ဖြစ်သည်။

## အနှစ်တစ်ထောင်အတွင်းဖြစ်ရပ်များ

**ခရစ်တော်သည်ရွေးနုတ်ခံသူများနှင့်အတူကောင်းကင်၌ရှိသည်။** ဒုတိယအကြိမ်ကြွလာချိန်တွင် ခရစ်တော်သည် မိမိနောက်လိုက်များကိုကောင်းကင်နိုင်ငံယေရုရှလင်မြို့၌ သူပြင်ဆင်ထားသောနေရာသို့ ယူဆောင်သွားမည်။ မောရှေနှင့်ဧလိယတို့ကဲ့သို့၊ ရွေးနုတ်ခံသူတို့သည် ကျေးဇူးတင်ခြင်းများစွာဖြင့် ကယ်နုတ်ခြင်းသီချင်းကိုဆိုကြသည်။

"ထိုသူတို့သည် ဘုရားသခင်၏ကျွန်မောရှေ၏သီချင်းနှင့် သိုးသငယ်၏သီချင်းကိုသီ၍၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်၊ ကိုယ်တော်၏အပြုအမူတို့သည် ကောင်းမြတ်၍၊ အံ့သြဖွယ်ဖြစ်ကြပါ၏။ လူမျိုးတို့၏ဘုရင်၊ ကိုယ်တော်၏အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏" (ဗျာ၊ ၁၅း၃)။

**သန့်ရှင်းသူတို့သည်ခရစ်တော်နှင့်အတူစိုးစံကြသည်။** အနှစ်တစ်ထောင်အတွင်း၊ ခရစ်တော်သည် အောင်မြင်သောသူတို့အား "လူမျိုးတို့ကိုအုပ်စိုးစေခြင်း" အခွင့်ကိုပေးမည်ဟူသောကတိတော်ကို ပြည့်စုံစေလိမ့်မည် (ဗျာ၊ ၂း၂၆)။ ခရစ်တော်၏ရန်သူများဖျက်ဆီးခြင်းခံရပြီးနောက်၊ "ကောင်းကင်အောက်၌ နိုင်ငံနှင့်တကွ အာဏာစက်ဘုန်းတန်ခိုးရှိသမျှကို အမြင့်ဆုံးသောဘုရား၏ သန့်ရှင်းသောအမျိုးသားတို့သည် ရကြလိမ့်မည်" (ဒံ၊ ၇း၂၇)။ ပထမထမြောက်ခြင်းတွင် ခရစ်တော်ထမြောက်စေသောသူတို့သည် သူနှင့်အတူအနှစ်တစ်ထောင်စိုးစံကြလိမ့်မည် (ဗျာ၊ ၂၀း၄)။

သန့်ရှင်းသူတို့သည် ကောင်းကင်၌ရှိ၍၊ လူဆိုးအားလုံးသည် သေနေလျှင်၊ မည်သည့်နည်းအားဖြင့်သူတို့သည် စိုးစံနိုင်မည်နည်း။ သူတို့၏စိုးစံမှုသည် ခရစ်တော်၏အုပ်စိုးခြင်း၏အရေးကြီးသောအပိုင်းတွင်ပါဝင်လိမ့်မည်။

**လူဆိုးများကိုတရားစီရင်ခြင်း။** အနှစ်တစ်ထောင်အတွင်း၊ သန့်ရှင်းသူတို့သည် တရားစီရင်ခြင်းတွင်ပါဝင်ကြမည်ဖြစ်ကြောင်း ယောဟန်မြင်ခဲ့သည်။ "ပလ္လင်များကိုလည်းငါမြင်၏။ ပလ္လင်ပေါ်မှာထိုင်သောသူတို့သည် တရားစီရင်ရသောအခွင့်ကိုရကြ၏" (ဗျာ၊ ၂၀း၄)။ ဤအရာသည် ပေတရုရှင်းလင်းသောစာတန်နှင့်သူ၏တမန်များကို တရားစီရင်ခြင်းဖြစ်သည် (၂ပေ၊ ၂း၄။ ယုဒ၊ ၆)။ ပေါလုက လောကီနိုင်ငံများနှင့် ကောင်းကင်တမန်များကိုပင် တရားစီရင်ရမည် (၁ကော၊ ၆း၂၊၃) ဟူ၍ပြောသောအချိန်သည် ဤအချိန်တွင် ဖြစ်လာလိမ့်မည်။

အနှစ်တစ်ထောင်တရားစီရင်ခြင်းသည် ကယ်တင်ခြင်းခံရမည့်သူနှင့် ပျောက်ဆုံးမည့်သူတို့ကိုဆုံးဖြတ်မည်မဟုတ်ချေ။ ဘုရားသခင်သည် ထိုဆုံးဖြတ်ချက်ကို ဒုတိယအကြိမ်မကြွလာမီကဆုံးဖြတ်ခဲ့ပြီးဖြစ်၍၊ ထမြောက်ခြင်းနှင့်ပြောင်းလဲခြင်းမရှိသောသူအားလုံးသည် ထာဝရပျောက်ဆုံးသောသူများဖြစ်ကြသည်။ ဖြောင့်မတ်သူများပါဝင်သောတရားစီရင်ခြင်းသည် လူဆိုးများပျောက်ဆုံးရခြင်းအကြောင်းရင်းကို သိလိုသောဖြောင့်မတ်သူတို့၏မေးခွန်းများကို အဖြေပေးလိမ့်မည်။ မိမိကထာဝရအသက်ကိုပေးသောသူတို့သည် မိမိ၏ခေါင်းဆောင်မှုကို အပြည့်အဝယုံကြည်စိတ်ချရန် ဘုရားသခင်အလိုရှိသည်။ ထို့ကြောင့်၊ သူ၏သနားခြင်းကရုဏာနှင့် တရားမျှတခြင်း၏လုပ်ဆောင်ပုံကိုသူတို့အားဖော်ပြလိမ့်မည်။

သင်သည် ကောင်းကင်ဘုံသို့ရောက်ရှိနေပြီး၊ အမှန်တကယ်ရောက်ရှိနေမည်ဟုသင်မျှော်လင့်ထားသည့် သင်ချစ်ခင်မြတ်နိုးရသူတစ်ယောက်အား သင်မတွေ့ရသည်ကို

မြင်ယောင်ကြည့်ပါ။ ထိုသို့သောကိစ္စမျိုးတွင် ဘုရားသခင်၏တရားမျှတမှုနှင့်ပတ်သက်ပြီး၊ မေးခွန်းထုတ်စရာရှိပေမည်။ ထိုကဲ့သို့သောသံသယမျိုးသည် အပြစ်၏အခြေအနေကြောင့်သာဖြစ်သည်။ ထိုကဲ့သို့သောသံသယမျိုးအတွက် အခြေအနေကိုထာဝရနိဂုံးချုပ်ရန်နှင့် ဘယ်ခါမျှအပြစ်တရားပြန်၍မဖြစ်ပေါ်လာတော့စေရန် ဘုရားသခင်သည် အနှစ် (၁,၀၀၀) တရားစီရင်ခြင်း၏ပြန်လည်သုံးသပ်အဆင့်တွင် ဤမေးခွန်းများကိုအဖြေပေးလိမ့်မည်။

ဤတရားစီရင်ခြင်းတွင်၊ ရွေးနုတ်ခံသူတို့သည် အကောင်းနှင့်အဆိုးအကြားမဟာအငြင်းပွားမှုတွင် အရေးကြီးသောကဏ္ဍကိုဝင်ရောက်ဖြည့်ကြရသည်။ "ဘုရားသခင်သည် ပျောက်ဆုံးသောအပြစ်သားတို့ကို အဘယ်မျှလေးလေးနက်နက်နှင့်စိတ်ရှည်စွာဂရုစိုက်ကြောင်းကို သူတို့သည်သိရ၍ အမြဲကျေနပ်နေကြလိမ့်မည်။ အပြစ်သားများသည် ကိုယ်တော်၏မေတ္တာကိုအလေးမထား၊ ခေါင်းမာစွာဖြင့်ပစ်ပယ်၊ ငြင်းဆန်ခဲ့ကြသည်ကို သူတို့သဘောပေါက်မိကြလိမ့်မည်။ အမြင်အားဖြင့်သိမ်မွေ့သောအပြစ်သားများသည် သူတို့၏အရှင်သခင်နှင့် ကယ်တင်ရှင်၏အဖိုးကြီးသောနည်းစနစ်ကို လက်ခံမည့်အစား၊ အကျည်းတန်သောတစ်ကိုယ်ကောင်းဆန်ခြင်းကို တိတ်တဆိတ်ချစ်ခင်မြတ်နိုးကြောင်းကို သူတို့တွေ့ရှိလာကြမည်။"

**စာတန်အတွက်ပြန်စဉ်းစားရမည့်အချိန်။** အနှစ်တစ်ထောင်အတွင်း စာတန်သည် ပြင်းထန်စွာခံစားရလိမ့်မည်။ သူ၏တမန်များနှင့်အတူ ခြောက်ကပ်နေသောမြေကြီးပေါ်တွင် ကန့်သတ်ထားခြင်းခံရသည်ဖြစ်ရာ၊ တစ်ချိန်လုံးပြုလုပ်သောလှည့်ဖြားခြင်းကို ဆက်လက်ပြုနိုင်တော့မည်မဟုတ်ချေ။ သူသည် ဘုရားသခင်နှင့်သူ၏ပညတ်တော်ကိုပုန်ကန်ခြင်း၏ရလဒ်များကိုသုံးသပ်ရန် အတင်းအကျပ်ပြုခံရသည်။ အကောင်းနှင့်အဆိုးအကြား မဟာအငြင်းပွားမှု၌ သူ၏လုပ်ဆောင်မှုများကိုဆင်ခြင်စဉ်းစားရမည်။ သူ၌တာဝန်ရှိသော မကောင်းမှုအားလုံးကြောင့် သူခံစားရမည့်ကြောက်မက်ဖွယ်အပြစ်ဒဏ်အတွက် သူသည် ကြောက်ရွံ့ခြင်းနှင့်အနာဂတ်ကိုမျှော်ကိုးနေသည်။

## အနှစ်တစ်ထောင်အဆုံးတွင်ဖြစ်လာမည့်ဖြစ်ရပ်များ

အနှစ်တစ်ထောင်အဆုံးတွင် "ကြွင်းသောလူသေ" များဖြစ်သော လူဆိုးတို့သည် ထမြောက်လာကြမည်ဖြစ်ပြီး၊ ထိုသို့ဖြင့်စာတန်ကို အကျဉ်းကျစေသောမလှုပ်ရှားနိုင်ခြင်းမှ လွတ်မြောက်လိမ့်မည် (ဗျာ၊ ၂၀း၅၊၇)။ တစ်ဖန်လူဆိုးများကို လှည့်ဖြားရင်း၊ သူသည် "သန့်ရှင်းသူတို့၏တပ်ကိုလည်းကောင်း၊ ချစ်ဖွယ်သောမြို့တော် [ယေရုရှလင်မြို့]" ကိုလည်းကောင်း တိုက်ရန်သူတို့ကိုဦးဆောင်သည် (ဗျာ၊ ၂၀း၉)။ ထိုမြို့တော်သည် ခရစ်တော်နှင့်အတူ ဤအချိန်တွင်ကောင်းကင်မှဆင်းသက်လာသည်။

**ခရစ်တော်၊ သန့်ရှင်းသူများနှင့် မြို့တော်ဆင်းသက်လာသည်။** ခရစ်တော်သည် သန့်ရှင်းသူများနှင့်မြို့တော်နှင့်အတူ ရည်ရွယ်ချက်နှစ်ခုအတွက် တစ်ဖန်မြေကြီးပေါ်သို့ ဆင်းကြွလာသည်။ သူသည် အနှစ်တစ်ထောင်တရားစီရင်ခြင်း၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ခြင်းအားဖြင့် မဟာအငြင်းပွားမှုကိုချုပ်ငြိမ်းစေမည်။ ထို့နောက် သူသည် ကမ္ဘာမြေကြီးကိုသန့်စင်ပြီး အသစ်ပြုပြင်၍၊ ၎င်းအပေါ်တွင် သူ၏ထာဝရနိုင်ငံတော်ကိုတည်ထောင်လိမ့်မည်။ ထိုအခါ "ထာဝရဘုရားသည် တစ်ပြည်လုံးတွင် ရှင်ဘုရင်ဖြစ်တော်မူမည်" (ဇာခရိ၊ ၁၄း၉)။

**လူဆိုးများထမြောက်ခြင်း။** "သင်္ချိုင်းမှာရှိသောသူအပေါင်းတို့သည် သားတော်၏ စကားသံကိုကြားရမည်" (ယောဟန်၊ ၅း၂၈) ဟူသောခရစ်တော်၏ ကတိတော် ပြည့်စုံရသောအချိန်သည် ယခုရောက်ရှိလာသည်။ ဒုတိယအကြိမ်ကြွလာချိန်က၊ ခရစ်တော်သည် သေလွန်သောဖြောင့်မတ်သောသူတို့ကို ပထမထမြောက်ခြင်းတည်းဟူသော "အသက်ရှင်ရာထမြောက်ခြင်း" ၌ ထမြောက်စေခဲ့သည်။ ယေရှုမိန့်ဆိုသော အခြားထမြောက်ခြင်းဖြစ်သည့် "အပြစ်စီရင်ရာထမြောက်ခြင်း" သည် ယခုဖြစ်လာလိမ့်မည် (ယောဟန်၊ ၅း၂၉)။ ဗျာဒိတ်ကျမ်းသည်လည်း ဤထမြောက်ခြင်းကို ရည်ညွှန်းပြောဆိုသည်။ "ကြွင်းသောလူသေ [ပထမထမြောက်ခြင်း၌ မထမြောက်သောသူ] တို့သည် ထိုအနှစ်တစ်ထောင်မကုန်မီအသက်မရှင်ရကြ" (ဗျာ၊ ၂၀း၅)။

**စာတန်ကိုချုပ်နှောင်ခြင်းပြီးဆုံးသည်။** အနှစ်တစ်ထောင်အဆုံးတွင် လူဆိုးများထမြောက်လာခြင်းသည် စာတန်ကိုချုပ်နှောင်ခြင်းမှ "တစ်ဖန်ခဏလွှတ်ရဦးမည်" (ဗျာ၊ ၂၀း၃)။ ဘုရားသခင်၏အုပ်ချုပ်မှုကိုစိန်ခေါ်ရန် နောက်ဆုံးကြိုးပမ်းမှုအဖြစ် "လူအမျိုးမျိုးတို့ကို လှည့်ဖြားအံ့သောငှာလည်းကောင်း၊ စစ်တိုက်ဖို့စည်းဝေးစေခြင်းငှာလည်းကောင်း တက်လိမ့်မည်" (ဗျာ၊ ၂၀း၈)။ လူဆိုးတို့သည် သူတို့သေချိန်ကရှိသောပုန်ကန်သည့်စိတ်ထားဖြင့် ထမြောက်လာကြသည်ဖြစ်၍၊ သူ၏အလုပ်သည် ခက်ခဲလိမ့်မည် မဟုတ်ချေ။

**မြို့တော်ကိုတိုက်ခိုက်ခြင်း။** သူ၏နောက်ဆုံးလှည့်ဖြားမှုတွင်၊ စာတန်သည် ဘုရားသခင်၏နိုင်ငံတော်ကို အကြမ်းဖက်မှုဖြင့် သိမ်းယူရန်မျှော်လင့်ချက်ဖြင့် လူဆိုးများကိုလှုံ့ဆော်ရန်ကြိုးပမ်းသည်။ မြေကြီးလေးမျက်နှာမှ လူအမျိုးမျိုးတို့ကိုစုရုံး၍၊ ချစ်ဖွယ်မြို့တော်ကိုတိုက်ရန်ဦးဆောင်သည် (ဗျာ၊ ၂၀း၈၊၉)။ "ခရစ်တော်၏ယဇ်ပူဇော်ရာအပြစ်ဖြေခြင်း၏ကောင်းကျိုးများအားဖြင့် ဘုရားသခင်၏မြို့တော်ထဲသို့ဝင်ရန် ခေါင်းမာမာဖြင့် ငြင်းဆန်သောလူဆိုးတို့သည် ယခုတွင်မူ ဝန်းရံတိုက်ခိုက်ခြင်းအားဖြင့် ဝင်ခွင့်ရရန်နှင့် ထိန်းချုပ်ရန်စိတ်ပိုင်းဖြတ်ကြသည်။"

ဘုရားသခင်သည် သူတို့အားအသက်ကိုပြန်၍ပေးလျှင်ပေးချင်းလူဆိုးတို့သည် သူ့ကိုဆန့်ကျင်၍ သူ၏နိုင်ငံတော်ကိုဖြုတ်ချရန် ကြိုးပမ်းသည့်အချက်သည် သူတို့၏ ကံကြမ္မာအတွက် ဘုရားသခင်၏ဆုံးဖြတ်ချက်ကို အတည်ပြုပေးသည်။ စာတန်သည် အသရေဖျက်ရန်ကြိုးစားသော ကိုယ်တော်၏နာမနှင့်ဂုဏ်တော်သည် ဤနည်းအားဖြင့် လူအားလုံး၏ရှေ့တွင် အပြည့်အဝသက်သေထူလိမ့်မည်။

**ဖြူသောပလ္လင်ကြီးပေါ်မှတရားစီရင်ခြင်း။** ဘုရားသခင်၏ရန်သူတို့သည် မြို့တော်ကိုဝိုင်း၍၊ တိုက်ခိုက်ရန်အဆင်သင့်ရှိနေချိန်တွင်၊ ဘုရားသခင်သည် သူ၏ ဖြူသောပလ္လင်ကြီးကိုတည်လိုက်သည်။ လူသားမျိုးနွယ်အားလုံးသည် ဤပလ္လင် ပတ်ပတ်လည်တွင်စုရုံးကြသည်။ လူအချို့တို့သည် မြို့ထဲတွင်လုံခြုံလျက်ရှိပြီး၊ မြို့ပြင်၌ ရှိသောသူတို့သည် ဘုရားသခင်လုပ်ဆောင်မည့် တရားစီရင်ခြင်း၏နောက်ဆုံးအဆင့်ကို ကြောက်ရွံ့လျက် တရားသူကြီး၏ရှေ့တော်မှောက်တွင်ရှိနေကြသည်။ ဤအချိန်တွင် ခရစ်တော်ပြောခဲ့သောစကားပြည့်စုံလိမ့်မည်။ "ထိုအခါ၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ် မှစသော ပရောဖက်အပေါင်းတို့သည် ဘုရားသခင်၏နိုင်ငံတော်ထဲသို့ဝင်၍ သင်တို့သည် ပြင်သို့နှင်ထုတ်ခြင်းကိုခံရသောအခါ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိလတ္တံ့" (လုကာ၊ ၁၃း၂၈)။

တရားစီရင်ခြင်း၏ ဤစီရင်ခြင်းအဆင့်လုပ်ဆောင်ရာတွင်၊ ဘုရားသခင်၏ မှတ်တမ်းစာစောင်များကိုဖွင့်ထားလိမ့်မည်။ "စာစောင်များကိုဖွင့်ထား၏။ အသက်စာစောင် တည်းဟူသော အခြားတစ်ပါးသောစာစောင်ကိုလည်းဖွင့်လေ၏။ သေလွန်သောသူတို့ သည် မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကို ခံရကြ၏" (ဗျာ၊ ၂၀း၁၂)။ ထိုနောက်ဘုရားသခင်သည် သေဒဏ်စီရင်ချက်ကိုကြေညာလေ သည်။

ဘုရားသခင်သည် ဤသူတို့ကိုအဆုံးစီရင်ရန်အတွက်သာ အဘယ်ကြောင့် ထမြောက်စေသနည်း။ အနှစ်တစ်ထောင်အတွင်း ရွေးနုတ်ခံသူတို့သည် ဘုရားသခင်၏ စကြဝဠာတွင်ရှိသောအသိဉာဏ်ရှိသည့်သတ္တဝါအားလုံးအပေါ် တရားသဖြင့်ဆက်ဆံခြင်းကို စစ်ဆေးရသောအခွင့်ထူးကိုရရှိခဲ့ကြသည်။ ယခုတွင် စာတန်နှင့်သူ၏တမန်များအပါ အဝင် ပျောက်ဆုံးသောသူတို့သည် ဘုရားသခင်၏တရားသောနည်းလမ်းများကို အတည် ပြုကြလိမ့်မည်။

ဤဖြူသောပလ္လင်ကြီးတရားစီရင်ခြင်းတွင်၊ ပေါလု၏ "ငါတို့ရှိသမျှသည် ခရစ်တော်၏တရားပလ္လင်တော်ရှေ့သို့ရောက်ရကြမည်" (ရောမ၊ ၁၄း၁၀) ဟူသော စကားသည်ပြည့်စုံလိမ့်မည်။ ထိုနေရာတွင် ကယ်တင်ခံသူများနှင့် ပျောက်ဆုံးသူများအပါ

အဝင်၊ သတ္တဝါအားလုံးသည်ဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ်သည်ဟုဝန်ခံကြလိမ့်မည် (ဖိလိပ္ပိ၊ ၂း၁၀၊၁၁)။ ထိုအခါ ဘုရားသခင်၏တရားမျှတခြင်းအပေါ် မေးခွန်းကိုအမြဲဖြေရှင်းပြီးဖြစ်လိမ့်မည်။ ထာဝရအသက်ကိုရရှိသောသူတို့သည် ကိုယ်တော်ကိုမယိမ်းမယိုင်ယုံကြည်ကြလိမ့်မည်။ အပြစ်သည် စကြဝဠာကိုဘယ်ခါမျှရုပ်ပျက်စေတော့မည်မဟုတ်၊ ၎င်းအပေါ်နေထိုင်သောသူတို့ကိုလည်း ကသောင်းကနင်းပျက်စီးစေမည်မဟုတ်တော့ချေ။

**စာတန်နှင့်အပြစ်သားများဖျက်ဆီးခြင်းခံရသည်။** သူတို့ကိုတရားစီရင်ပြီးသည်နှင့်ချက်ချင်း၊ စာတန်၊ သူ၏တမန်များနှင့် သူ၏လူသားနောက်လိုက်များသည်သူတို့၏အပြစ်ဒဏ်ကိုရရှိကြသည်။ သူတို့သည် ထာဝရသေကြရမည်ဖြစ်သည်။ "ဘုရားသခင့်အထံတော်၊ ကောင်းကင်မှမီးကျ၍၊ ကယ်တင်ခြင်းမခံရသောသူအားလုံးကိုမျိုလေ၏" (ဗျာ၊ ၂၀း၉)။ မြို့တော်၏အပြင်ဘက်မြေမျက်နှာပြင်သည် အရည်ပျော်နေပုံရပြီး၊ "တရားဆုံးဖြတ်၍၊ အဓမ္မလူတို့ကို...... မီးရှို့ခြင်းအဖို့" (၂ပေ၊ ၃း၇)၊ ကျယ်ပြန့်သောမီးအိုင်ကြီးဖြစ်လာသည်။ မိမိရန်သူတို့ကိုဖျက်ဆီးသော "ထူးခြားသောအမှု" (ဟေရှာ၊ ၂၈း၂၁)၊ ဆောင်ရွက်မည့် "ထာဝရဘုရားဒဏ်ခတ်တော်မူရာနေ့" (ဟေရှာ၊ ၃၄း၈) သည် ရောက်ရှိလာသည်။ ယောဟန်က "အသက်စာစောင်၌ စာရင်းမဝင်သောသူရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ချပစ်လေ၏" (ဗျာ၊ ၂၀း၁၅) ဟုဆိုသည်။ နတ်ဆိုးနှင့်သူ၏အပေါင်းအပါတို့သည်လည်း ဤကံကြမ္မာကိုခံစားရကြသည် (ဗျာ၊ ၂၀း၁၀)။

လူဆိုးများခံစားရသောဤ "ဒုတိယသေခြင်း" (ဗျာ၊ ၂၁း၈) သည် သူတို့၏အလုံးစုံပျက်စီးကြောင်းကိုဆိုလိုကြောင်း သမ္မာကျမ်းစာကရှင်းလင်းစွာဖော်ပြသည်။ ထိုသို့ဆိုသော်၊ အစဉ်အမြဲလောင်ကျွမ်းနေသောငရဲမီးအယူအဆသည် အဘယ်နည်း။ သမ္မာကျမ်းစာသည် ထိုသို့သောအစဉ်လောင်သောငရဲမီး သို့မဟုတ် အဆက်မပြတ်နှိပ်စက်ခြင်းမျိုးကိုမသွန်သင်ချေ။

**၁။ ငရဲ။** ကျမ်းစာအရ၊ ငရဲသည် "ဘုရားသခင်နှင့်ခရစ်တော်၌ပေးသောကယ်တင်ခြင်းကိုငြင်းပယ်သောသူတို့အား ထာဝရမီးအားဖြင့်အပြစ်ဒဏ်ပေးခြင်းနှင့်ဖျက်ဆီးသည့်နေရာ သို့မဟုတ် အခြေအနေကိုဆိုလိုပြီး၊ ၎င်းသည် ဒုတိယသေခြင်းဖြစ်သည်။"

သမ္မာကျမ်းစာတွင်၊ မကြာခဏ "ငရဲ" ဟူသောစကားလုံးသည် ဟေဗြဲစကားလုံး "ရှယ်အောလ်" (sheol) နှင့် ဂရိစကားလုံး "ဟာဒက်စ်" (hades) တို့မှဘာသာပြန်ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့်၊ ဤအခေါ်အဝေါ်များသည် အသိတရားမရှိသောအဖြစ်၌ ထမြောက်ခြင်းကိုစောင့်နေသည့် သေလွန်သောဖြောင့်မတ်သူများနှင့် လူဆိုးများရှိနေရာသင်္ချိုင်းကိုရည်ညွှန်းသည်။ ယနေ့ငရဲအကြောင်းယူဆချက်သည် ဤဟေဗြဲနှင့်ဂရိ

ဝေါဟာရများများက ဆိုလိုသောအရာနှင့် အလွန်ကွာခြားသောကြောင့်၊ ခေတ်သစ်ဘာသာပြန်ကျမ်းစာတွင်၊ "ငရဲ" ဟူသောစကားလုံးကိုရှောင်ပြီး၊ ဟေဗြဲစကားလုံး "ရှယ်အောလ်" (sheol) နှင့် ဂရိစကားလုံး "ဟာဒက်စ်" (hades) တို့ကိုတိုက်ရိုက်အသုံးပြုထားသည်။

အခြားတစ်ဖက်တွင် "ငရဲ" ဟူ၍ဘာသာပြန်သောဂရိစကားလုံး "ဂီးနား" (geenna) သည် နောင်တမရသောသူတို့ကို မီးဖြင့်အပြစ်ပေးသောနေရာဟုဆိုလိုသည်။ ထို့ကြောင့်၊ သမ္မာကျမ်းစာတွင် "ငရဲ" သည် အမြဲတမ်းအဓိပ္ပါယ်တစ်မျိုးတည်းမရှိချေ။ ဤခြားနားချက်ကိုဂရုမပြုခြင်းသည် မကြာခဏကြီးမားသောရှုပ်ထွေးမှုကိုဖြစ်စေသည်။

"ဂီးနား" (geenna) ဟူသောစကားလုံးသည် ယေရုရှလင်မြို့၏တောင်ဘက်ရှိ "ဟိန္နုံချိုင့်" တည်းဟူသောဟေဗြဲစကားလုံး "ဂီဟိန္နမ်း" (Ge Hinnom) မှလာသည်။ ဤနေရာတွင် ဣသရေလတို့သည် တစ်ပါးအမျိုးသားတို့ထုံးစံအတိုင်း မောလုတ်ဘုရားအား သားသမီးများကိုပူဇော်ကြသည် (၆ရာ၊ ၂၈း၃။ ၃၃း၆။ ၄ရာ၊ ၂၃း၁၀)။ ဤအပြစ်ကြောင့် ဘုရားသခင်သည် ဟိန္နုံချိုင့်ကို "ကွပ်မျက်ရာချိုင့်" ဖြစ်စေပြီး၊ ဣသရေလတို့၏အလောင်းများကို မြုပ်စရာနေရာမရှိအောင်ပင်များပြားလိမ့်မည်ဟု ယေရမိကြိုတင်ဟောခဲ့သည် (ယေရမိ၊ ၇း၃၂၊၃၃။ ၁၉း၆။ ဟေရှာ၊ ၃၀း၃၃)။ ယေရမိ၏အနာဂတ္တိစကားသည် "ဂီဟိန္နမ်း" (Ge Hinnom) ကိုဆိုးသောသူတို့အား တရားစီရင်သောနေရာ၊ ရွံ့ရှာဖွယ်နေရာ၊ အပြစ်ပေးခြင်းနေရာ၊ ရက်စွံ့ခြင်းနေရာအဖြစ် ဣသရေလလူတို့ကို ဇကန်ရူမြင်စေခဲ့သည်။ နောက်ပိုင်းတွင် ယုဒဘာသာရေးခေါင်းဆောင်တို့၏ထုံးတမ်းအရ ဤနေရာသည် အလောင်းများနှင့် အမှိုက်များမီးရှို့ရာနေရာအဖြစ် မှတ်ယူကြသည်။

ယေရှုသည် "ဟိန္နမ်း" (Hinnom) မီးကို ငရဲမီးကဲ့သို့တင်စားအသုံးပြုသည် (မဿဲ၊ ၅း၂၂။ ၁၈း၉)။ ထို့ကြောင့် ဟိန္နမ်းမီးသည် နောက်ဆုံးတရားစီရင်ခြင်း၏လောင်ကျွမ်းသောမီးကိုပုံဆောင်သည်။ ၎င်းသည် သေဆုံးပြီးနောက် ကြုံတွေ့ရမည့်အရာဖြစ်ကြောင်း (လုကာ၊ ၁၂း၅) နှင့် ထိုငရဲသည် ကိုယ်ခန္ဓာနှင့်ဝိညာဉ်ကိုဖျက်ဆီးလိမ့်မည် (မဿဲ၊ ၁၀း၂၈) ဖြစ်ကြောင်း ယေရှုဖော်ပြခဲ့သည်။

ငရဲမီး၏သဘောသဘာဝသည် အဘယ်နည်း။ ငရဲ၌ရှိသောလူတို့သည် အမြဲလောင်နေကြပါသလား။

**၂။ လူဆိုးတို့၏ကံကြမ္မာ။** သမ္မာကျမ်းစာအရ၊ ဘုရားသခင်သည် ဖြောင့်မတ်သောသူတို့ကိုသာ ထာဝရအသက်ကိုကတိပေးသည်။ အပြစ်၏အခကား သေခြင်းဖြစ်၍၊ ငရဲ၌ထာဝရအသက်ရှင်ခြင်းမဟုတ်ပါ (ရောမ၊ ၆း၂၃)။

သမ္မာကျမ်းစာက လူဆိုးများသည်ပယ်ရှင်းခြင်းကိုခံရ၍ (ဆာလံ၊ ၃၇:၉၊၃၄)၊ ပျက်စီးခြင်းသို့ရောက်ရကြမည် (ဆာလံ၊ ၃၇:၂၀။ ဖိ၈:၂)။ သူတို့သည် အသိတရားရှိသောအခြေအနေ၌ အမြဲအသက်ရှင်နေကြမည်မဟုတ်ဘဲ၊ မီးလောင်ပြာကျသွားကြလိမ့်မည် (မာလခိ၊ ၄:၁။ မဿဲ၊ ၁၃:၃၀၊၄၀။ ၂ပေ၊ ၃:၁၀)။ သူတို့သည် ဖျက်ဆီးခြင်းကိုခံ၍ (ဆာလံ၊ ၁၄၅:၂၀။ ၂သက်၊ ၁:၉။ ဟေဗြဲ၊ ၂:၁၄)၊ လောင်မြိုက်သွားကြလိမ့်မည် (ဆာလံ၊ ၁၀၄:၃၅)။

**၃။ ထာဝရအပြစ်ဒဏ်။** လူဆိုးတို့၏ပြစ်ဒဏ်ကိုပြောဆိုရာတွင်၊ ဓမ္မသစ်ကျမ်းသည် "အစဉ်မပြတ်" နှင့် "ထာဝရ" ဟူသောစကားလုံးများကိုအသုံးပြုသည်။ ဤစကားလုံးများကို "အိုင်အိုနီးအော်စ်" (aionios) ဟူသောဂရိစကားလုံးမှဘာသာပြန်ဆိုခြင်းဖြစ်ပြီး၊ ၎င်းတို့ကို ဘုရားသခင်နှင့်လည်းကောင်း၊ လူသားနှင့်လည်းကောင်းတွဲသုံးသည်။ အဓိပ္ပါယ်ကောက်လွဲမှားခြင်းကိုရှောင်ရှားရန်၊ အိုင်အိုနီးအော်စ် (aionios) သည် သက်ဆိုင်မှုရှိသောဝေါဟာရဖြစ်ကြောင်းကို သတိရရမည်။ ၎င်း၏အဓိပ္ပါယ်ကို ၎င်းအထူးပြုသောအရာအားဖြင့်ချမှတ်သည်။ သမ္မာကျမ်းစာသည် အိုင်အိုနီးအော်စ် ("အစဉ်အဆက်" "ထာဝရ") ကို ဘုရားသခင်နှင့်တွဲသုံးလျှင်၊ ဘုရားသခင်သည် မရဏာနှင့်ကင်းလွတ်သောသူဖြစ်သောကြောင့် သူ၏အစဉ်အဆက်တည်ရှိနေခြင်းကိုဆိုလိုသည်။ သို့သော် ၎င်းစကားလုံးကို လူသား သို့မဟုတ် ပျက်စီးတတ်သောအရာများနှင့်အသုံးပြုသောအခါ၊ လူအသက်ရှင်နေသရွေ့ သို့မဟုတ် ၎င်းပစ္စည်းရှိနေသရွေ့အချိန်ကာလကိုဆိုလိုသည်။ ဥပမာ၊ ယုဒ(၇)တွင်သောဒုံမြို့နှင့်ဂေါမောရမြို့တို့ကို "ထာဝရမီးနှင့်လောင်ကျွမ်းခြင်းဒဏ်ကိုခံရသည်" ဟုဆိုသည်။ သို့သော်၊ ထိုမြို့များသည် ယနေ့အထိမလောင်ကျွမ်းတော့ပါ။ ထိုမီးသည် ထိုမြို့နှစ်မြို့တို့ကို ဖျက်ဆီးပြီးပြာပုံဖြစ်စေခဲ့သည်ဟု ပေတရုဆိုသည် (၂ပေ၊ ၂:၆)။ "ထာဝရ" မီးသည် လောင်ကျွမ်းစရာမရှိတော့သည့်တိုင်အောင် လောင်ကျွမ်းပြီးနောက်ငြိမ်းသွားသည် (ယေရမိ၊ ၁၇:၂၇။ ဧရာ၊ ၃၆:၁၉)။

အလားတူစွာ၊ ခရစ်တော်သည် လူဆိုးများကို "ထာဝရမီး" ထဲသို့ချမည့်အကြောင်းကို မိန့်ဆိုရာတွင် (မဿဲ၊ ၂၅:၄၁)၊ လူဆိုးများကိုလောင်ကျွမ်းသောထိုမီးသည် "မငြိမ်းနိုင်သောမီး" ဖြစ်လိမ့်မည် (မဿဲ၊ ၃:၁၂)။ လောင်ကျွမ်းစရာမရှိတော့သည့်အခါမှသာလျှင် ၎င်းမီးသည်ငြိမ်းသွားလိမ့်မည်။

ခရစ်တော်သည် "ထာဝရအပြစ်ဒဏ်" (မဿဲ၊ ၂၅:၄၆) ဟုပြောသောအခါ၊ ထာဝရအပြစ်ပေးနေခြင်းကိုမဆိုလိုပါ။ ဖြောင့်မတ်သူများခံစားရမည့် ထာဝရအသက်သည် အဆုံးမရှိကာလတစ်လျှောက် ဆက်လက်ရှိနေမည်ဖြစ်သည်။ လူဆိုးများခံစား

ရမည့်အပြစ်ဒဏ်လည်း ထာဝရတည်လိမ့်မည်။ သို့သော်၊ အသိတရားရှိလျက်ပင် ထာဝရကာလပတ်လုံး ခံစားခြင်းမဟုတ်ဘဲ၊ အပြစ်ဒဏ်သည် နောက်ဆုံးပြည့်စုံသွားခြင်းကိုဆိုလိုသည်။ ထိုသို့ခံစားသောသူတို့၏အဆုံးသည် ဒုတိယသေခြင်းဖြစ်သည်။ ဤသေခြင်းသည် ထာဝရကာလတည်၍၊ မည်သည့်ထမြောက်ခြင်းမျှရှိတော့မည်မဟုတ်ချေ။

သမ္မာကျမ်းစာသည် "ထာဝရရွေးနုတ်ခြင်း" (ဟေဗြဲ၊ ၉း၁၂) နှင့် "ထာဝရစီရင်ဆုံးဖြတ်ခြင်း" (ဟေဗြဲ၊ ၆း၂) အကြောင်းကို ပြောဆိုသောအခါ၊ ရွေးနုတ်ခြင်းနှင့်တရားစီရင်ခြင်းတို့၏မဆုံးနိုင်သောဖြစ်စဉ်ကို ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ရွေးနုတ်ခြင်းနှင့်တရားစီရင်ခြင်းတို့၏ ထာဝရရလဒ်များကိုသာဆိုလိုခြင်းဖြစ်သည်။ ထိုနည်းတူ၊ ထာဝရအပြစ်ဒဏ်ကိုပြောဆိုရာတွင်၊ ရလဒ်ကိုသာပြောဆိုခြင်းဖြစ်ပြီး၊ ထိုအပြစ်ဒဏ်၏ဖြစ်စဉ်ကို ဆိုလိုခြင်းမဟုတ်ချေ။ လူဆိုးများ၏သေခြင်းသည် နောက်ဆုံးဖြစ်၍၊ ထာဝရသေခြင်းဖြစ်သည်။

**၄။ အစဉ်အမြဲညှဉ်းပန်းနှိပ်စက်ခြင်း။** သမ္မာကျမ်းစာ၏ "နေ့ညမပြတ်၊ ကမ္ဘာအဆက်ဆက်" (ဗျာ၊ ၁၄း၁၁။ ၁၉း၃။ ၂၀း၁၀) ဟူသောအသုံးအနှုန်းသည်လည်း၊ စာတန်နှင့်လူဆိုးတို့အား အပြစ်ပေးခြင်းဖြစ်စဉ်သည် ထာဝရကာလတစ်လျှောက်ဆက်လက်စခန်းသွားမည်ဟူသော မှတ်ချက်ကိုချနိုင်သည်။ သို့သော် "ထာဝရ" ဟူသောစကားလုံးသည် ၎င်းအထူးပြုသောအရာက ၎င်းစကားလုံး၏အဓိပ္ပါယ်ကိုဆောင်သည်။ ၎င်းကိုဘုရားသခင်နှင့်တွဲသုံးသောအခါ၊ ဘုရားသခင်သည် မရဏာနိုင်ငံနှင့်ကင်းလွတ်သောကြောင့်၊ ၎င်း၏အဓိပ္ပါယ်သည် အကြွင်းမဲ့ဖြစ်သည်။ လူသားနှင့်တွဲသုံးသောအခါ၊ ၎င်း၏အဓိပ္ပါယ်မှာ အကန့်အသတ်ရှိသည်။

ဧဒုံပြည်ကို ဘုရားသခင်အပြစ်ဒဏ်ပေးခြင်းအကြောင်း သမ္မာကျမ်းစာ၏ဖော်ပြချက်သည် ဥပမာကောင်းတစ်ခုဖြစ်သည်။ "တစ်ပြည်လုံးလည်းမီးလောင်သောအစေးဖြစ်လိမ့်မည်။ နေ့ညမပြတ်မီးမငြိမ်းရ။ မီးခိုးလည်းအစဉ်တက်လိမ့်မည်။ ထိုပြည်သည် လူမျိုးအစဉ်အဆက်ဆိတ်ညံ၍၊ ကာလအစဉ်အမြဲ အဘယ်သူမျှမလျှောက်မသွားရ" (ဟေရှာ၊ ၃၄း၉၊၁၀)။ ဧဒုံပြည်သည် ဖျက်ဆီးခြင်းခံခဲ့ရသည်။ သို့သော်၊ ဆက်လက်လောင်ကျွမ်းခြင်းမရှိတော့ချေ။ "အစဉ်အမြဲ" သည် ဖျက်ဆီးခြင်းပြည့်စုံသွားသည်အထိကြာမြင့်ခဲ့သည်။

သမ္မာကျမ်းစာတစ်လျှောက်၌ "အစဉ်အမြဲ" ဟူသောစကားလုံးသည် အကန့်အသတ်ရှိကြောင်း ရှင်းလင်းထင်ရှားသည်။ ဓမ္မဟောင်းကျမ်းက၊ ကျွန်သည် မိမိသခင်ကို "အစဉ်အမြဲ" ကျွန်ခံနိုင်ကြောင်း (ထွက်၊ ၂၁း၆)၊ သူငယ်ရှမွေလသည် တဲတော်တွင်

"အမြဲ" နေရမည်ဖြစ်ကြောင်း (၁ရာ၊ ၁း၂၂)၊ ယောနကသူသည် ငါးကြီး၏ဝမ်းထဲတွင် "အစဉ်အမြဲ" နေရမည်ဟုထင်မှတ်ကြောင်း (ယောန၊ ၂း၆) ဖော်ပြသည်။ ဓမ္မသစ်ကျမ်းသည်လည်း၊ ဤဝေါဟာရကို ထိုနည်းအတိုင်းအသုံးပြုသည်။ ဥပမာ၊ ပေါလုသည် ဖိလေမုန်အား ဩနေသိမ်ကို "အစဉ်" လက်ခံရန်အကြံပြုခဲ့သည် (ဖိလေမုန်၊ ၁၅)။ ဤဥပမာအားလုံး တွင် "အစဉ်အမြဲ" သည် "လူအသက်ရှင်နေသရွေ့အချိန်ကာလ" ကို ဆိုလိုသည်။

ဆာလံကျမ်း ၉၂း၇ က၊ လူဆိုးများသည် ထာဝရပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်ဟုဆိုသည်။ နောက်ဆုံးသောကြီးစွာသောမီးလောင်ကျွမ်းခြင်းကို မာလခိက ဤသို့ဟောကိန်းထုတ်ထားသည်။ "မီးဖိုဌ်မီးလောင်သကဲ့သို့ လောင်သောနေ့ရက်ကာလသည်ရောက်လိမ့်မည်။ မာနကြီးသောသူနှင့် ဒုစရိုက်ကိုပြုသောသူအပေါင်းတို့သည် အမှိုက်ခြောက်ဖြစ်ကြလိမ့်မည်။ သူတို့အရင်းအဖျားမျှမကျန်ကြွင်းစေခြင်းငှာ ထိုနေ့ရက်သည်လောင်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏" (မာလခိ၊ ၄း၁)။

ဆိုးသောသူများဖြစ်သည့် စာတန်၊ သူ၏တမန်များနှင့် နောင်တမရသောသူတို့သည် တစ်ကြိမ်မီးအားဖြင့်အရင်းအဖျားပါမကျန်ဖျက်ဆီးခံရသောအခါ၊ သေခြင်းဟူသောစကားကိုလည်း သုံးကြတော့မည်မဟုတ်ချေ။ ဤအရာကိုပင် ဘုရားသခင်သည် ထာဝရဖျက်ဆီးလိမ့်မည် (ဗျာ၊ ၂၀း၁၄)။

အစဉ်အမြဲအပြစ်ပေးခြင်းမဟုတ်ဘဲ၊ အပြစ်ဒဏ်သည် အစဉ်အမြဲတည်သော ဒုတိယသေခြင်းဖြစ်သည်။ ဤအပြစ်ဒဏ်ခံပြီးမှ ထမြောက်ခြင်းမရှိချေ။ ၎င်း၏အကျိုးဆက်သည် ထာဝရတည်သည်။

"ကျွန်ုပ်တို့ယုံကြည်စိတ်ချစွာပြောနိုင်သောအရာတစ်ခုမှာ အစဉ်အမြဲညှဉ်းပန်းနှိပ်စက်ခြင်းကိုဖယ်ထုတ်ရန်ဖြစ်သည်။ အကယ်၍ လူတို့သည် လူတစ်ဦးချင်း၏ဝိညာဉ်သည် မသေနိုင်ဟူသောဂရိတို့၏အယူအဆနှင့် ကျမ်းစာနှင့်မကိုက်ညီသောနားလည်မှုကိုနှလုံးမသွင်းမိခဲ့သောစိတ်ထားဖြင့် ဓမ္မသစ်ကျမ်းကိုဖတ်မည်ဆိုလျှင်၊ အစဉ်အမြဲညှဉ်းဆဲခြင်းကိုမယုံကြည်ဘဲ၊ အမြစ်ပြတ်ပျက်သုဉ်းခြင်းကိုယုံကြည်လိမ့်မည်။ ၎င်းမီးကို ထာဝရမီးဟုခေါ်ဆိုခြင်းဖြစ်ပြီး၊ ၎င်းထဲတွင်လူများကိုအမြဲညှဉ်းဆဲခြင်းမဟုတ်ချေ။"

ဘုရားသခင့်ပညတ်တော်၏ အဆုံးစွန်ပြစ်ဒဏ်ကိုစီရင်ပြီးဖြစ်၍၊ တရားမျှတမှု၏တောင်းဆိုချက်များကိုလည်း ဖြည့်ဆည်းပြီးဖြစ်သည်။ ယခုတွင်ကောင်းကင်နှင့် မြေကြီးသည် ထာဝရဘုရားရှင်၏ဖြောင့်မတ်ခြင်းကို ကြွေးကြော်လျက်ရှိသည်။

**၅။ အပြစ်ပေးခြင်း၏အခြေခံမူ။** သေခြင်းသည် အပြစ်၏နောက်ဆုံးပြစ်ဒဏ်ဖြစ်သည်။ မိမိတို့အပြစ်၏အကျိုးဆက်အဖြစ်၊ ဘုရားသခင်ပေးသောကယ်တင်ခြင်းကိုငြင်းပယ်သောသူအားလုံးသည် ထာဝရသေဆုံးရကြမည်။ သို့သော် လူတချို့သည် ပြောင်ပြောင်တင်းတင်းအပြစ်ကျူးလွန်၍၊ မာရ်နတ်၏အလိုကျ အခြားသူများကိုလည်း ဒုက္ခရောက်စေခဲ့ကြသည်။ အခြားသူတို့မှာမူ အတော်အတန်ကိုယ်ကျင့်တရားရှိ၍၊ အေးချမ်းသောဘဝဖြင့်နေထိုင်ကြသည်။ သူတို့၏အဓိကအပြစ်မှာ ခရစ်တော်ပေးသောကယ်တင်ခြင်းကိုငြင်းပယ်ခြင်းဖြစ်သည်။ ဤသူတို့သည် အလားတူအပြစ်ဒဏ်ကိုခံစားရမည်ဆိုလျှင် တရားပါမည်လော။

ယေရှုကဤသို့ဆိုခဲ့သည်။ "အကြင်ကျွန်သည် မိမိသခင်၏အလိုကိုသိလျက်နှင့် အသင့်မနေ၊ သခင်၏အလိုကိုမဆောင်၊ ထိုကျွန်သည် များစွာသောဒဏ်ကိုခံရ၏။ သခင်၏အလိုကိုမသိဘဲလျက်၊ ဒဏ်ခံထိုက်သောအမှုကိုပြုမိသောသူမူကား၊ အနည်းငယ်သောဒဏ်ကိုသာခံရ၏။ အကြင်သူသည် များစွာသောကျေးဇူးကိုခံ၏၊ ထိုသူသည် အများကိုဆပ်ရ၏။ အကြင်သူ၌များစွာသောဥစ္စာကိုအပ်နှင်း၏၊ ထိုသူကိုများစွာတောင်းလိမ့်မည်" (လုကာ၊ ၁၂း၄၇၊၄၈)။

ဧကန်မုချ၊ ဘုရားသခင်ကိုပုန်ကန်သောသူတို့သည် မပုန်ကန်သောသူတို့ထက် များစွာပိုမိုခံစားရလိမ့်မည်။ သူတို့ကြံသောအရာကို ဤအသက်တာတွင်ရိတ်သိမ်းသည်သာမက နောက်ဆုံးဖျက်ဆီးခြင်း၌လည်းရိတ်သိမ်းရကြသည်။ သူတို့ပြုသောအပြစ်များကြောင့် ဘုရားသခင်၏ရှေ့တွင် မဖော်မပြနိုင်သောဝေဒနာကိုခံစားစေလိမ့်မည်။ အပြစ်ကြီးလေ၊ ဝေဒနာကြီးမားလေဖြစ်သည်။ အပြစ်ကိုစတင်သူနှင့် အားပေးသူဖြစ်သောစာတန်သည် အများဆုံးခံစားရလိမ့်မည်။

**ကမ္ဘာမြေကိုဆေးကြောခြင်း။** အပြစ်၏လက္ခဏာအားလုံးကိုရှင်းပစ်မည့်ထာဝရဘုရား၏နေ့ကိုဖော်ပြရာတွင်၊ ပေတရုကဤသို့ဆိုသည်။ "ထိုနေ့၌မိုးကောင်းကင်သည် ကြီးစွာသောအသံနှင့်တကွပျောက်သွားလိမ့်မည်။ လောကဓာတ်တို့သည် ပူအားကြီး၍ ပျက်ကြလိမ့်မည်။ မြေကြီးကိုယ်မှစ၍၊ မြေကြီးပေါ်မှာပြုလုပ်သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်" (၂ပေ၊ ၃း၁၀)။

လူဆိုးများကိုလောင်ကျွမ်းသောမီးသည် အပြစ်၏ညစ်ညမ်းခြင်းမှ ကမ္ဘာမြေကြီးကိုဆေးကြောသန့်စင်စေသည်။ ဤကမ္ဘာမြေ၏အပျက်အစီးများအထဲက၊ ဘုရားသခင်သည် "ကောင်းကင်သစ်နှင့်မြေကြီးသစ်၊" ဖန်ဆင်းသည်။ "အဘယ်သို့နည်းဟူမူကား၊ ရှေးကောင်းကင်နှင့်ရှေးမြေကြီးသည် ရွေ့သွားကြပြီ" (ဗျာ၊ ၂၁း၁)။ ဤဆေးကြော

သန့်စင်၍၊ အသစ်ဖန်ဆင်းသောကမ္ဘာမြေသည် ရွေးနုတ်ခံသူတို့၏ထာဝရအိမ်ဖြစ်၍၊ ဘုရားသခင်သည် ငိုကြွေးခြင်း၊ နာကျင်ခြင်းနှင့်သေခြင်းတို့ကို အစဉ်အမြဲထုတ်ပစ်လိုက်မည် (ဗျာ၊ ၂၁း၄)။ နောက်ဆုံးတွင်၊ အပြစ်၏ကျိန်ခြင်းအားလုံးကို ဖျောက်ဖျက်ပစ်လိမ့်မည် (ဗျာ၊ ၂၂း၃)။

အပြစ်နှင့်နောင်တမရသောအပြစ်သားများကိုဖျက်ဆီးမည့်၊ လာမည့်ထာဝရဘုရား၏နေ့နှင့်ဆိုင်၍ ပေတရုကဤသို့ဆိုသည်။ "ဘုရားသခင်၏နေ့ရောက်လိမ့်မည်ဟု သင်တို့မျှော်လင့်တောင့်တလျက်၊ သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့်၊ အဘယ်သို့သောသူဖြစ်အပ်ကြသနည်း" (၂ပေ၊ ၃း၁၁၊၁၂)။ ခရစ်တော်ပြန်ကြွလာမည်ဟူသောကတိတော်အပေါ်အခြေခံ၍၊ သူသည် ဤသို့အခိုင်အမာဆိုသည်။ "ယခုရှိသမျှသောအရာတို့သည် ပျက်ရသော်လည်း၊ ဖြောင့်မတ်ခြင်းတရားတည်နေရာမိုးကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ငါတို့သည် ကတိတော်နှင့်အညီမျှော်လင့်ကြ၏။ ထိုသို့မျှော်လင့်ခြင်းရှိသောကြောင့်၊ ချစ်သူတို့၊ သင်တို့သည် အညစ်အကြေးနှင့်ကင်းစင်၍ အဘယ်အပြစ်မျှမပါဘဲ၊ ရှေ့တော်သို့ငြိမ်ဝပ်စွာရောက်မည်အကြောင်း ကြိုးစားအားထုတ်ကြလော့" (၂ပေ၊ ၃း၁၃၊၁၄)။

–o–

# အခန်း– ၂၈
# မြေကြီးသစ်

ဖြောင့်မတ်သူများနေထိုင်ကြမည့်မြေကြီးသစ်တွင် ဘုရားသခင်သည် ရွေးနုတ်ခံသူတို့အတွက် ထာဝရအိမ်တော်နှင့် ကိုယ်တော်၏ရှေ့တွင် ထာဝရအသက်၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ လေ့လာဆည်းပူးခြင်းတို့အတွက် ပြည့်စုံသောပတ်ဝန်းကျင်ကိုပြင်ဆင်လိမ့်မည်။ ဤနေရာတွင် ဘုရားသခင်ကိုယ်တိုင် မိမိလူတို့နှင့်အတူစိုးစံမည်ဖြစ်သောကြောင့်၊ ဆင်းရဲဒုက္ခနှင့်သေခြင်းတို့သည် ကွယ်ပျောက်သွားလိမ့်မည်။ မဟာအငြင်းပွားမှုကြီးသည် ဆုံးခန်းတိုင်၍၊ အပြစ်လည်းရှိတော့မည်မဟုတ်ချေ။ သက်ရှိသက်မဲ့အရာခပ်သိမ်းတို့က ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်ကြောင်းကို ထုတ်ဖော်ကြေညာကြလိမ့်မည်။ ထို့နောက် ကိုယ်တော်သည် အစဉ်အမြဲစိုးစံလိမ့်မည်။ အာမင်၊ (ဟေရှာ၊ ၃၅။ ၆၅း၁၇–၂၅။ မဿဲ၊ ၅း၅။ ၂ပေ၊ ၃း၁၃။ ဗျာ၊ ၁၁း၁၅။ ၂၁း၁–၇။ ၂၂း၁–၅။)

သေခြင်းမှပွတ်ကာသီကာလွတ်မြောက်ပြီးနောက် ယောက်ျားလေးတစ်ယောက်က၊ စိတ်သက်သာရာအနေအထားဖြင့်၊ "ကျွန်တော့်အိမ်ကကောင်းကင်မှာရှိတယ်၊ ဒါပေမဲ့ ကျွန်တော်အိမ်မလွမ်းဘူး" ဟုဆိုခဲ့သည်။ သူ့လိုပင်၊ များစွာသောသူတို့သည် သေချိန်ရောက်လာသောအခါ၊ ကောင်းကင်သည် အခြားရွေးစရာနေရာများထက် ပိုမိုနှစ်သက်ဖွယ်ဖြစ်သည်ဟုခံစားကြသည်။ သို့သော်၊ ယခုအချိန်၊ ဤနေရာတွင်မှု ဒုတိယနေရာတွင်သာရှိသည်။ များစွာသောသူတို့၏အနာဂတ်ကာလအကြောင်း အမြင်များသည် မှန်ကန်ခဲ့လျှင်၊ ဤခံစားချက်ကိုနားလည်ပေးနိုင်သည်။ သို့သော်၊ ရွေးနုတ်ခံသူတို့အတွက် ဘုရားသခင်ပြင်ဆင်ပေးနေသောအရာကို သမ္မာကျမ်းစာ၏အရိပ်အမြွက်ဖော်ပြချက်သည် ယခုလူတချို့က မစွန့်လွှတ်ချင်သော ကျွန်ုပ်တို့နေထိုင်သည့်လက်ရှိအသက်တာထက် ထူးကဲသာလွန်သည်။

## မြေကြီးသစ်၏သဘောသဘာဝ

**လက်ဆုပ်လက်ကိုင်ပြနိုင်သောအမှန်တရား။** သမ္မာကျမ်းစာ၏ပထမအခန်းကြီးနှစ်ခုသည် ဘုရားသခင်ဖန်ဆင်းသောလူသားများအတွက် နေအိမ်အဖြစ်ပြည့်စုံသောကမ္ဘာကို ဘုရားရှင်ဖန်ဆင်းကြောင်းဖော်ပြသည်။ သမ္မာကျမ်းစာ၏နောက်ဆုံးအခန်းကြီးနှစ်ခုသည်လည်း ရွေးနုတ်ခံလူသားများအတွက် ပြည့်စုံသောကမ္ဘာကို ဘုရားသခင်ဖန်ဆင်းကြောင်းဖော်ပြသည်။ သို့သော်၊ ဤအချိန်တွင်မူ၊ အပြစ်ကရုပ်ပျက်ဆင်းပျက်ဖြစ်စေခဲ့သောကမ္ဘာမြေကို ပြန်လည်အသစ်ဖန်ဆင်းခြင်းဖြစ်သည်။

ဤရွေးနုတ်ခံသူတို့၏ထာဝရအိမ်တော်သည် အမှန်တကယ်ရှိသောနေရာဖြစ်၍၊ စဉ်းစား၊ မြင်တွေ့၊ စကားပြော၊ နားကြား၊ ထိတွေ့၊ အရသာခံ၊ အနံ့ခံ၊ တိုင်းတာ၊ ပုံဖော်၊ စမ်းသပ်၊ အပြည့်အဝတွေ့ကြုံတတ်သော လူသားစင်စစ်တို့နေထိုင်ရာနေရာဖြစ်ကြောင်း သမ္မာကျမ်းစာကထပ်တလဲလဲအလေးအနက်ဆိုသည်။ ဘုရားသခင်သည် ဤကောင်းကင်အစစ်ကိုအခြေစိုက်မည့်နေရာမှာ ဤမြေကြီးသစ်ပေါ်တွင်ဖြစ်သည်။

ရှင်ပေတရုဩဝါဒစာဒုတိယစောင် အခန်းကြီး ၃ သည် ဤသဘောတရား၏နောက်ခံကိုတိုတောင်းစွာဖော်ပြသည်။ ပေတရုသည် ရေမလွှမ်းမိုးမီကကမ္ဘာကို "ဖြစ်ဖူးသောလောကဓာတ်" ဟုခေါ်ဆိုပြီး၊ ၎င်းသည် ရေဖြင့်ဖျက်ဆီးခြင်းခံရသည်။ ဒုတိယကမ္ဘာသည် မီးဖြင့်ဆေးကြောသန့်စင်မည့် "ယခုရှိသောမြေကြီး" ဖြစ်သည်။ တတိယကမ္ဘာမှာ "ဖြောင့်မတ်ခြင်းတရားတည်နေရာ၊ မြေကြီးသစ်" ဖြစ်သည် (၂ပေ၊ ၃း၆၊၇၊၁၃)။ တတိယကမ္ဘာမြေသည် ပထမနှင့်ဒုတိယကမ္ဘာမြေကဲ့သို့ ဧကန်မုချရှိလိမ့်မည်။

**ဆက်လက်ရှိသောအရာနှင့်ခြားနားချက်။** "မြေကြီးသစ်" သည် လက်ရှိကမ္ဘာမှဆက်လက်ရှိသောအရာနှင့် ခြားနားချက်တို့ကိုပြသသည်။ ပေတရုနှင့်ယောဟန်တို့သည် ရှေးမြေကြီးမှ ညစ်ညမ်းမှုအားလုံးကို မီးဖြင့်ဆေးကြော၍၊ အသစ်ပြုပြင်သည်ကို ရူပါရုံ၌မြင်ခဲ့ကြသည် (၂ပေ၊ ၃း၁၀-၁၃။ ဗျာ၊ ၂၁း၁)။ ထို့ကြောင့်၊ မြေကြီးသစ်သည် အခြားသောနေရာမဟုတ်ဘဲ၊ ဤကမ္ဘာမြေပင်ဖြစ်သည်။ အသစ်ပြုပြင်သော်လည်း၊ နေထိုင်ရာနေရာအဖြစ်ဆက်လက်ရှိနေလိမ့်မည်။ ကောင်းလှစွာတကား။ ဘုရားသခင်သည် မြေကြီးပေါ်မှ အပြစ်အနာအဆာဟူသမျှဖယ်ရှားပစ်မည်ဖြစ်သောကြောင့် မြေကြီးသစ်ဖြစ်လာသည်။

## ယေရုရှလင်မြို့သစ်

ယေရုရှလင်မြို့သစ်သည် ဤမြေကြီးသစ်၏မြို့တော်ဖြစ်သည်။ ဟေဗြဲဘာသာစကားတွင် ယေရုရှလင်မြို့သည် "ငြိမ်းချမ်းသောမြို့" ဟူ၍အဓိပ္ပါယ်ရသည်။ ကမ္ဘာပေါ်ကယေရုရှလင်မြို့သည် ၎င်း၏နာမည်နှင့်မကိုက်ညီချေ။ သို့သော်၊ ယေရုရှလင်မြို့သစ်သည် ၎င်း၏နာမည်အတိုင်း အတိအကျဧကန်အမှန်ရှိလိမ့်မည်။

**ဆက်သွယ်ပေးသောကွင်းဆက်။** တစ်နည်းအားဖြင့် ဤမြို့တော်သည် ကောင်းကင်နှင့်မြေကြီးသစ်ကိုချိတ်ဆက်ပေးသည်။ သမ္မာကျမ်းစာသည် ကောင်းကင်ကို (၁) လေထုရှိသောမိုးမျက်နှာကြက် (ကမ္ဘာ၊ ၁း၂၀)၊ (၂) ကြယ်များရှိသောကောင်းကင် (ကမ္ဘာ၊ ၁း၁၄-၁၇) နှင့် ပရဒိသုဘုံတည်ရှိရာ "တတိယကောင်းကင်" (၂ကော၊ ၁၂း၂-၄) တို့ကိုရည်ညွှန်းရန်အသုံးပြုသည်။ ဤသို့မိုးကောင်းကင်ကို ပရဒိသုဘုံနှင့်ဆက်သွယ်ခြင်းဖြင့်၊

မိုးကောင်းကင်သည် ဘုရားသခင်၏ပလ္လင်တော်ရှိသည့်နေရာနှင့် ကိန်းဝပ်ရာနေရာ ပရဒိသုဘုံနှင့်တူညီသည်။ ထို့ကြောင့်၊ သမ္မာကျမ်းစာသည် ဘုရားသခင်၏အုပ်စိုးရာနေရာ၊ အုပ်စိုးမှုနှင့် သူ၏အုပ်စိုးမှုကိုလိုလိုလားလားလက်ခံသောသူတို့ကို "ဘုရားသခင်၏နိုင်ငံတော်" ဟူ၍တစ်ဆင့်တိုးချဲ့ခေါ်ဆိုသည်။

ဘုရားသခင်သည် ယေရုရှလင်မြို့သစ်ကို ဤကမ္ဘာဂြိုဟ်၌ပြန်လည်တည်ထောင်သောအခါ (ဗျာ၊ ၂၁း၁၊၂)။ "နိုင်ငံတော်တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌ပြည့်စုံပါစေသော" ဟူသော ခရစ်တော်၏ဆုတောင်းချက်၌တောင်းဆို၍ မျှော်လင့်သောအရာအားလုံးကို ပြည့်စုံစေလိမ့်မည်။ သူသည် ကမ္ဘာမြေကြီးကိုပြင်ဆင်မွမ်းမံသည်သာမက၊ မြှင့်တင်ပေးသည်။ အပြစ်မဝင်မီအခြေအနေကိုကျော်လွန်၍၊ ၎င်းသည် စကြဝဠာ၏မြို့တော်ဖြစ်လာသည်။

**ရုပ်ပိုင်းဖွဲ့စည်းပုံဖော်ပြချက်။** ယောဟန်သည် ယေရုရှလင်မြို့သစ်၏လှပမှုနှင့်ထည်ဝါမှုကို နှစ်သက်ဖွယ်အသုံးအနှုန်းဖြင့်ဖော်ပြသည်။ ထိုမြို့တော်သည် "မိမိခင်ပွန်းအဖို့ တန်ဆာဆင်သောမင်္ဂလာဆောင်သတို့သမီးကဲ့သို့" ဖြစ်သည် (ဗျာ၊ ၂၁း၂)။ မြို့တော်၏ရုပ်ပိုင်းသွင်ပြင်ကိုဖော်ပြချက်သည် ၎င်း၏အမှန်တကယ်ရှိခြင်းကိုပြသသည်။

**၁။ ၎င်း၏အလင်း။** "သိုးသငယ်၏ခင်ပွန်းတည်းဟူသော မင်္ဂလာဆောင်သတို့သမီး" သည် ထိုမြို့၏အလင်းဖြစ်သည် (ဗျာ၊ ၂၁း၉၊၁၁)။ ဘုရားသခင်၏ဘုန်းတော်သည် ထိုမြို့ကိုအလင်းပေး၍၊ နေနှင့်လတို့၏အလင်းကိုမလိုအပ်တော့ချေ (ဗျာ၊ ၂၁း၂၃၊၂၄)။ ယေရုရှလင်မြို့သစ်တွင် မှောင်သောလမ်းကြားများမရှိ။ အဘယ်ကြောင့်ဆိုသော်၊ ၎င်း၏နံရံနှင့်လမ်းမများကို အလင်းထိုးဖောက်နိုင်ပြီး၊ "ညမှုကားမရှိ" (ဗျာ၊ ၂၁း၂၅)။ "ဆီမီးကိုအလိုမရှိ။ နေ၏အရောင်ကိုလည်းအလိုမရှိ။ အကြောင်းမူကား၊ ထာဝရအရှင်ဘုရားသခင်သည် သူတို့၌ရောင်ခြည်တော်ကိုလွှတ်တော်မူ၏" (ဗျာ၊ ၂၂း၅)။

**၂။ ၎င်း၏တည်ဆောက်ပုံ။** ဘုရားသခင်သည် မြို့တော်ကိုတည်ဆောက်ရာတွင် အလွန်ကောင်းသောပစ္စည်းများကိုသာ အသုံးပြုထားသည်။ မြို့ရိုးသည် "အလွန်မြတ်သော" နဂါးသွဲ့ကျောက်ဖြစ်သည် (ဗျာ၊ ၂၁း၁၁၊၁၈)။ အုတ်မြစ်များကို နဂါးသွဲ့၊ နီလာ၊ မဟူရာ၊ မြ၊ ကြောင်၊ ကျောက်နီ၊ ခရုသလိတ်၊ မျက်ရွဲ၊ ဥဿဖရား၊ ခရုသပြတ်၊ ဂုါကိန္တူ၊ ဂေါမုတ်ဟူသောအဖိုးတန်ကျောက် (၁၂) မျိုးဖြင့်တန်ဆာဆင်ထားသည် (ဗျာ၊ ၂၁း၁၉၊၂၀)။

သို့သော်ငြားလည်း၊ ဤကျောက်မျက်များသည် အဖိုးတန်ဆုံးသောအစိတ်အပိုင်းမဟုတ်သေးပါ။ ဘုရားသခင်သည် မြို့တော်၏အဆောက်အဦများနှင့်လမ်းမများကို၊ ယခုအချိန်တွင် လူတို့သည် ကွန်ကရစ်ကိုဖေါဖေါသီသီသုံးသကဲ့သို့၊ ရွှေဖြင့်ပြုလုပ်သည်။ ဤရွှေသည် ရွှေအားလုံးထက်သာ၍ကောင်းသည်။ အကြောင်းမှာ ယောဟန်သည် ၎င်းကို "ကြည်လင်သောဖန်နှင့်တူသောရွှေစင်" (ဗျာ၊ ၂၁း၁၈) ဟုခေါ်သည်။

ပုလဲလုံးတစ်ခုစီဖြင့်ပြုလုပ်သော ဂိတ်ပေါက်များအားဖြင့် မြို့ထဲသို့ဝင်နိုင်သည်။ "ပုလဲများသည် ဝေဒနာခံစားခြင်းမှဖြစ်လာသည်။ သေးငယ်သောအမှိုက်ကလေးသည် ကမာကောင်၏အထဲသို့ဝင်သွားသည်။ ၎င်းသည် ဝေဒနာခံစားလာသောအခါ၊ ထိုကသိကအောက်ဖြစ်စေသောအရာကို အရောင်ထွန်းပြောင်သောကျောက်မျက်အဖြစ်ပြောင်းလဲလိုက်သည်။ ဂိတ်များကိုပုလဲဖြင့်ပြုလုပ်သည်။ သင်နှင့်ကျွန်ုပ်တို့၏ဝင်ပေါက်ကို ဘုရားသခင်သည် မိမိနှင့်အရာခပ်သိမ်းကို ခရစ်တော်၌ပြန်လည်သင့်မြတ်စေရာတွင် အလွန်အမင်းကိုယ်ပိုင်ဝေဒနာခံစားမှုအားဖြင့် ပြင်ဆင်ပေးသည်။"

မြို့ရိုးတိုင်းတာသည်ကို ယောဟန်အားကောင်းကင်တမန်ပြသည်ဟူသောအချက်က မြို့တော်ကိုတည်ဆောက်သောပစ္စည်းများသည်လည်း အစစ်အမှန်ဖြစ်ကြောင်းကိုပြသည်။ မြို့ရိုးကိုတိုင်းတာ၍ရနိုင်ခြင်း၊ အမြင့်၊ အလျားနှင့် အကျယ် (ထု) ရှိခြင်းသည်လည်း၊ ယနေ့အချက်အလက်ကို ဦးစားပေးသောခေတ်သစ်လူတို့အား မြို့၏အမှန်တကယ်ရှိခြင်းကို သိရှိစေသည်။

**၃။ ၎င်း၏အစာနှင့်ရေထောက်ပံ့မှု။** မြို့၏အလယ်၌ရှိသော ဘုရားသခင်၏ ပလ္လင်တော်မှ "အသက်ရေ" စီးလာသည် (ဗျာ၊ ၂၂း၁)။ ညောင်ခြေထောက်များစွာရှိသောညောင်ပင်ကဲ့သို့အသက်ပင်သည် "မြစ်နှစ်ဖက်" ၌ရှိသည်။ ထိုအသက်ပင်သည် အသီးတစ်ဆယ့်နှစ်မျိုးကိုသီး၍၊ အိုမင်းရင့်ရော်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းအတွက် ဖြေဆေးဖြစ်သည် (ဗျာ၊ ၂၂း၂)။ ဤအပင်၏အသီးကိုစားသောသူတို့သည် ညအချိန်တွင် နားရန်မလိုအပ်ချေ (ဗျာ၊ ၂၁း၂၅)။ အကြောင်းမှာ သူတို့သည် မြေကြီးသစ်တွင် ဘယ်ခါမျှမောပန်းကြတော့မည်မဟုတ်ချေ။

## ကျွန်ုပ်တို့၏ထာဝရအိမ်တော်

ကယ်တင်ခြင်းကိုခံရသောသူတို့သည် အဆုံးတွင်ဤကမ္ဘာမြေကိုအမွေခံရမည်ဖြစ်ကြောင်း သမ္မာကျမ်းစာကရှင်းလင်းစွာဖော်ပြသည် (မဿဲ၊ ၅း၅။ ဆာလံ၊ ၃၇း၉၊၂၉။ ၁၁၅း၁၆)။ ယေရှုသည် သူ့နောက်လိုက်များအတွက် "နေစရာအရပ်ကို" သူ့အဖခမည်းတော်၏အိမ်တွင်ပြင်ဆင်ရန် ကတိပေးခဲ့သည် (ယောဟန်၊ ၁၄း၁–၃)။ ကျွန်ုပ်တို့လေ့လာခဲ့သကဲ့သို့၊ သမ္မာကျမ်းစာက ဘုရားသခင်၏ပလ္လင်တော်နှင့် ဌာနချုပ်သည် ဤကမ္ဘာမြေပေါ်သို့ဆင်းလာမည့် ယေရုရှလင်မြို့သစ်၌ရှိကြောင်းကိုဖော်ပြသည် (ဗျာ၊ ၂၁း၂၊ ၃၊ ၅)။

**မြို့တော်နေအိမ်။** ယေရုရှလင်မြို့သစ်သည် အာဗြဟံမျှော်လင့်ခဲ့သောမြို့ဖြစ်သည် (ဟေဗြဲ၊ ၁၁း၁၀)။ ထိုဧရာမမြို့တော်အထဲတွင် ခရစ်တော်သည် "နေစရာအရပ်" ကို ပြင်ဆင်နေသည် (ယောဟန်၊ ၁၄း၂)။ မူရင်းစကားလုံးက ဤနေစရာအရပ်သည် အမှန်တကယ်နေအိမ်များဖြစ်ကြောင်းကိုညွှန်ပြသည်။

**ကျေးလက်အိမ်ရာများ။** သို့သော်ရွေးနုတ်ခံသူတို့သည် ယေရုရှလင်မြို့သစ်၏ မြို့ရိုးအတွင်း ပိတ်လှောင်ခြင်းခံရကြမည်မဟုတ်။ သူတို့သည် ဤကမ္ဘာမြေကိုအမွေခံရကြမည်။ ရွေးနုတ်ခံသူတို့သည် မိမိတို့စိတ်တိုင်းကျအိမ်များကို ပုံစံဆွဲ၍တည်ဆောက်ရန်၊ ကောက်ပဲသီးနှံများကိုစိုက်ပျိုးရန်၊ ရိတ်သိမ်း၍စားသုံးရန် မြို့ပြင်သို့ထွက်ကြလိမ့်မည် (ဟေရှာ၊ ၆၅း၂၁)။

**အိမ်၌ဘုရားသခင်နှင့်ခရစ်တော်တို့နှင့်အတူရှိခြင်း။** မြေကြီးသစ်တွင်၊ ယေရှုသည် မိမိနောက်လိုက်တို့ကို "ငါရှိရာအရပ်၌သင်တို့ရှိစေမည်" (ယောဟန်၊ ၁၄း၃) ဟူ၍ပေးသောကတိသည် ပြည့်စုံလိမ့်မည်။ ခရစ်တော်၏လူသားအဖြစ်ခံယူခြင်း၏ ရည်ရွယ်ချက်ဖြစ်သည့် "ငါတို့နှင့်အတူရှိသောဘုရား" သည် နောက်ဆုံးတွင်ပြည့်စုံလိမ့်မည်။ "ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူကိန်းဝပ်တော်မူ၏။ သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍၊ သူတို့၏ဘုရားသခင်ဖြစ်တော်မူမည်" (ဗျာ၊ ၂၁း၃)။ ဤနေရာတွင် ကယ်တင်ခြင်းကိုခံရသောသူတို့သည် အဖခမည်းတော်နှင့် သားတော်တို့၏ရှေ့တော်၌ နေရသောအခွင့်၊ သူတို့နှင့်မိတ်သဟာယဖွဲ့ရသောအခွင့်တို့ကို ရရှိကြလိမ့်မည်။

## မြေကြီးသစ်တွင်နေထိုင်မည့်အသက်တာ

မြေကြီးသစ်၌နေထိုင်မည့်အသက်တာသည် မည်သည့်အရာနှင့်တူမည်နည်း။

**ဘုရားသခင်၊ ခရစ်တော်တို့နှင့်အတူစိုးစံခြင်း။** ဘုရားသခင်သည် သူ့နိုင်ငံ၏ အရေးများတွင် ရွေးနုတ်ခံသူတို့ကိုပါဝင်စေလိမ့်မည်။ "ထိုမြို့၌ ဘုရားသခင်နှင့်သိုးသငယ်၏ ပလ္လင်တော်ရှိ၍၊ ဘုရားသခင်၏ကျွန်တို့သည် ဘုရားဝတ်ကိုပြုကြလိမ့်မည်။..... သူတို့သည် ကမ္ဘာအဆက်ဆက်စိုးစံရကြလတ္တံ့" (ဗျာ၊ ၂၂း၃-၅)။

ကျွန်ုပ်တို့သည် သူတို့အုပ်စိုးမှု၏အတိုင်းအတာကိုမသိကြပါ။ သို့ရာတွင်၊ နိုင်ငံတော်၌ သူတို့၏အရေးကြီးသောလုပ်ငန်းအဖြစ်၊ ရွေးနုတ်ခံသူတို့သည် စကြဝဠာအတွက် ခရစ်တော်၏သံတမန်များအဖြစ်အမှုထမ်းပြီး၊ သူတို့၏ဘုရားသခင့်မေတ္တာတွေ့ကြုံခံစားမှုကိုသက်သေခံကြလိမ့်မည်ဟု ကျွန်ုပ်တို့ယူဆနိုင်သည်။ သူတို့၏အကြီးမားဆုံးသော ဝမ်းမြောက်ပျော်ရွှင်ခြင်းသည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန်ဖြစ်သည်။

**မြေကြီးသစ်၌ကာယလုပ်ဆောင်မှုများ။** မြေကြီးသစ်မှအသက်တာသည် ထာဝရကာလအတွက် အကြီးမားဆုံးသောရည်မှန်းချက်ကိုစိန်ခေါ်လိမ့်မည်။ ထိုနေရာတွင် ရွေးနုတ်ခံသူတို့အတွက်ရနိုင်သောလှုပ်ရှားမှုများ၏ အမျိုးအစားများသည် သွားရည်ကိုပင် ယိုစေပြီး၊ ဖြစ်နိုင်ခြေအလားအလာကို ဘောင်ခတ်မထားဘဲတိုးပွားလာမည်။

ရွေးနုတ်ခံသူတို့သည် "ကိုယ်ဆောက်သောအိမ်၌နေကြလိမ့်မည်" ဟူသော ကျမ်းစာ၏ကတိကို ကျွန်ုပ်တို့မြင်တွေ့ပြီးဖြစ်သည်။ အိမ်ဆောက်လုပ်ခြင်းသည် ဒီဇိုင်းဆွဲခြင်း၊ ဆောက်လုပ်ရေးနှင့်ပရိဘောဂခင်းကျင်းခြင်းတို့နှင့် ပြုပြင်မွမ်းမံခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းစသည်တို့ကိုညွှန်းဆိုသည်။ နေထိုင်သည်ဟုဆိုရာတွင် နေ့စဉ် အသက်တာနှင့်သက်ဆိုင်သော လုပ်ဆောင်မှုအမျိုးမျိုးကိုဆိုလိုနိုင်သည်။

မြေကြီးသစ်တစ်ခုလုံးတည်ရှိနေခြင်း၏ နောက်ခံအကြောင်းရင်းမှာ ဘုရားသခင်၏ မူလဖန်ဆင်းခြင်းအတွက် ရည်ရွယ်သည့်အရာကို အသစ်ပြုပြင်ခြင်းဖြစ်သည်။ ဧဒင်ဥယျာဉ်တွင် ဘုရားသခင်သည် ရှေးဦးလူသားတို့အား ပြုစုစောင့်ရှောက်ရမည့်ဥယျာဉ်ကိုပေးခဲ့သည် (ကမ္ဘာ၊ ၂း၁၅)။ ဟေရှာယပြောခဲ့သကဲ့သို့၊ အကယ်၍သူတို့သည် မြေကြီးသစ်တွင် စပျစ်ဥယျာဉ်ကိုစိုက်မည်ဆိုခဲ့သော်၊ အဘယ်ကြောင့်သစ်သီးခြံ သို့မဟုတ် စပါးခင်းများကို မစိုက်ရမည်နည်း။ ဗျာဒိတ်ကျမ်း၌ဖော်ပြသကဲ့သို့၊ အကယ်၍သူတို့သည် စောင်းများကို တီးကြမည်ဆိုလျှင်၊ အဘယ်ကြောင့်တံပိုးနှင့် အခြားတူရိယာများကိုမတီးခတ်ဘဲနေမည်နည်း။ အမှန်မှာ၊ လူသား၌တီထွင်ဉာဏ်ကိုထည့်ပေး၍၊ အဆုံးမရှိသောအလားရှိသည့်ကမ္ဘာ၌ သူတို့ကိုထားသောသူမှာ ဘုရားသခင်ပင်ဖြစ်သည် (ကမ္ဘာ၊ ၁း၂၈–၃၁)။

**မြေကြီးသစ်၌ပေါင်းသင်းဆက်ဆံရေး။** မြေကြီးသစ်တွင် ကျွန်ုပ်တို့သည် ပေါင်းသင်းဆက်ဆံရေး၌ ထာဝရကာလပတ်လုံးဝမ်းမြောက်ကြလိမ့်မည်။

**၁။ မိတ်ဆွေများနှင့်မိသားစု။** ကျွန်ုပ်တို့သည် ဘုန်းတော်ဝင်စား၍၊ ခရစ်တော်၏ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲပြီးနောက်၊ ကျွန်ုပ်တို့၏မိတ်ဆွေများနှင့် မိသားစုဝင်များကိုမှတ်မိကြမည်လော။ ခရစ်တော်ထမြောက်ပြီးနောက် တပည့်တော်တို့သည် သူ့ကိုမှတ်မိကြသည်။ မာရိသည် သူ၏အသံကိုမှတ်မိသည် (ယောဟန်၊ ၂၀း၁၁–၁၆)။ သောမသည် သူ၏ပုံပန်းကိုမှတ်မိသည် (ယောဟန်၊ ၂၀း၂၇၊၂၈)။ ဧမောက်ရွာသားတပည့်တော်တို့သည် သူ၏အမူအရာကိုမှတ်မိကြသည် (လုကာ၊ ၂၄း၃၀၊၃၁၊၃၅)။ ကောင်းကင်နိုင်ငံတွင် အာဗြဟံ၊ ဣဇာက်နှင့်ယာကုပ်တို့သည် သူတို့၏ ကိုယ်ပိုင်နာမည်နှင့် ပင်ကိုလက္ခဏာတို့ကို ဆက်လက်သယ်ဆောင်ဦးမည် (မဿဲ၊ ၈း၁၁)။ မြေကြီးသစ်တွင် ယခုကျွန်ုပ်တို့သိကျွမ်း၍၊ ချစ်ခင်သောသူများနှင့် ဆက်ဆံရေး ဆက်လက်ရှိနေဦးမည်ဟု ကျွန်ုပ်တို့ယူဆနိုင်သည်။

အမှန်မှာ၊ ထိုနေရာတွင် ကျွန်ုပ်တို့၏မိသားစုများနှင့် လက်ရှိမိတ်ဆွေများနှင့် သာမကဘဲ၊ ကောင်းကင်ကိုမျှော်လင့်စေသောအရာများအားဖြင့်လည်း ဝမ်းမြောက်ရကြလိမ့်မည်။ များစွာသောပစ္စည်းဥစ္စာအကျိုးအမြတ်များသည် "ခမည်းတော်ဘုရား၊ ကျွန်ုပ်တို့၏ကယ်တင်ရှင်၊ သန့်ရှင်းသောဝိညာဉ်တော်၊ ကောင်းကင်တမန်များ၊ အမျိုးမျိုးသော

ဘာသာစကားကိုပြောသောလူမျိုးနွယ်ခပ်သိမ်းမှ သန့်ရှင်းသူများ၊ ကျွန်ုပ်တို့၏မိသားစုများစသည်တို့နှင့်အတူ ထာဝရဆက်ဆံခြင်း၏တန်ဖိုးကိုနှိုင်းယှဉ်သော်၊ အချည်းနှီးကဲ့သို့ပင်ဖြစ်သည်။..... ပင်ကိုအရည်အသွေးကွဲကြေခြင်း၊ မိသားစုအတွင်းအက်ကြောင်းရှိခြင်း၊ ဖျက်ဆီးခံရသောပေါင်းသင်းဆက်ဆံမှုမျိုးမရှိတော့ချေ။ ပြီးပြည့်စုံခြင်းသည် နေရာတကာတွင်ရှိလိမ့်မည်။ ကာယနှင့်ဉာဏပေါင်းစည်းမှုသည် ကောင်းကင်နှင့်ထာဝရကာလကို စုံလင်သောပြည့်စုံမှုဖြစ်စေလိမ့်မည်။

"ဘုရားသခင်ကိုယ်တိုင် စိတ်နှလုံးထဲတွင်စိုက်ပျိုးပေးသောချစ်ခြင်းမေတ္တာနှင့်သနားခြင်းကရုဏာကို ထိုနေရာတွင်အမှန်ကန်ဆုံးနှင့် ချိုသာဆုံးစွမ်းဆောင်နိုင်လိမ့်မည်။ သန့်ရှင်းသော [ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်] သူများနှင့်စင်ကြယ်သောပေါင်းဖော်ခြင်း၊ မင်္ဂလာရှိသောကောင်းကင်တမန်များ၊ ခေတ်အဆက်ဆက်မှ သစ္စာရှိသောသူများတို့နှင့် သဟဇာတရှိသောလူမှုရေးဆက်ဆံမှုတို့သည် ရွေးနုတ်ခံသူတို့၏ပျော်ရွှင်မှုကိုဖြစ်စေသည်။"

**၂။ ထိမ်းမြားခြင်းရှိမည်လော။** ခရစ်တော်အချိန်ကလူတချို့သည် ယောကျ်ားခုနစ်ယောက်ကို တစ်ယောက်ပြီးတစ်ယောက်ယူသောမိန်းမ၏အရေးကို ပြောခဲ့ကြသည်။ ထမြောက်ခြင်းပြီးနောက် သူမသည် မည်သူ၏ဇနီးဖြစ်မည်ကို သူတို့မေးကြသည်။ ခရစ်တော်သည် ပညာသားပါပါပြန်ဖြေခဲ့သည်။ "ထမြောက်ရာကာလ၌ စုံဖက်ခြင်းကိုမပြု၊ ထိမ်းမြားပေးစားခြင်းကိုမပြု" (မဿဲ၊ ၂၂း၃၀)။

ထိုသို့ဆိုသော်၊ ရွေးနုတ်ခံသူတို့သည် ယခုထိမ်းမြားခြင်းနှင့် ဆက်စပ်သောအကျိုးကျေးဇူးများကို ခံစားခွင့်မရှိတော့ပြီလော။ မြေကြီးသစ်တွင် ရွေးနုတ်ခံသူတို့သည် မည်သည့်ကောင်းသောအရာတစ်ခုကိုမျှ ဆုံးရှုံးကြရမည်မဟုတ်ချေ။ "ဖြောင့်မတ်စွာကျင့်သောသူတို့အား ကောင်းသောအရာကိုငြင်းတော်မမူ" (ဆာလံ၊ ၈၄း၁၁) ဟူ၍ဘုရားသခင် ကတိပေးခဲ့ပြီ။ ၎င်းသည် ဤအသက်တာတွင်ပြည့်စုံလျှင်၊ နောင်လာမည့်အသက်တာတွင် သာ၍ပြည့်စုံလိမ့်မည်မဟုတ်လော။

လက်ထပ်ထိမ်းမြားခြင်း၏အနှစ်သာရသည် ချစ်ခြင်းမေတ္တာဖြစ်သည်။ ထိုမေတ္တာကိုဖော်ထုတ်ခြင်းသည် ပျော်ရွှင်ခြင်း၏အနှစ်သာရဖြစ်သည်။ သမ္မာကျမ်းစာက "ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" ဟူ၍လည်းကောင်း၊ "အထံတော်၌စုံလင်သောဝမ်းမြောက်ခြင်းအခွင့်နှင့် လက်ယာတော်နားမှာအစဉ်အမြဲပျော်ရွှင်ခွင့်ရှိပါ၏" ဟူ၍လည်းကောင်း ဆိုသည် (၁ယော၊ ၄း၈။ ဆာလံ၊ ၁၆း၁၁)။ မြေကြီးသစ်တွင် မည်သူမျှချစ်ခြင်းမေတ္တာ သို့မဟုတ် ပျော်ရွှင်ခြင်း သို့မဟုတ် ဝမ်းမြောက်ခြင်းမချို့တဲ့ရချေ။ ထိုနေရာတွင် မည်သူမျှအထီးကျန်၊ ဟာတာတာ၊ သို့မဟုတ် မချစ်ခင်ခြင်းကို ခံစားလိမ့်မည်မဟုတ်ချေ။

လက်ရှိအချိန်တွင် ပျော်ရွှင်မှုကိုဆောင်ကြဉ်းပေးရန် စီစဉ်သောချစ်ဖွယ်ဖန်ဆင်းရှင်သည် လာမည့်မြေကြီးသစ်တွင် လက်ထပ်ထိမ်းမြားခြင်းထက်သာလွန်သောအရာကို ဖန်တီးပေးနိုင်ကြောင်း ကျွန်ုပ်တို့ယုံကြည်စိတ်ချနိုင်သည်။

## မြေကြီးသစ်ကအသိဉာဏ်ရှိသောလူသားများ

**စိတ်ကိုနဂိုအတိုင်းပြန်လည်ဖြစ်စေခြင်း။** အသက်ပင်၏ "အရွက်သည်လည်း လူအမျိုးမျိုးတို့၏အနာရောဂါငြိမ်းစရာဖို့ဖြစ်၏" (ဗျာ၊ ၂၂း၂)။ ဤဗျာဒိတ်ကျမ်းကပြောသော အရာသည် အနာရောဂါငြိမ်းခြင်းထက်ပိုသည်။ ထိုနေရာတွင် မည်သူမျှဖျားနာတော့မည် မဟုတ်ပါ (ဟေရှာ၊ ၃၃း၂၄၊၂၀)။ ထို့ကြောင့်၊ ၎င်းသည် နဂိုအတိုင်းပြန်လည်ဖြစ်စေခြင်းကိုဆိုလိုသည်။ ရွေးနုတ်ခံသူတို့သည် အသက်ပင်၏အသီးကိုစားသောအခါ၊ အပြစ်က ဖြစ်စေခဲ့သောရုပ်ခန္ဓာနှင့် စိတ်သေးနုပ်ခြင်းမှလွန်မြောက်၍ ကြီးထွားလာမည်ဖြစ်ပြီး၊ သူတို့သည် ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်အညီ ပြန်လည်ဖြစ်လာကြလိမ့်မည်။

**အကန့်အသတ်မဲ့သောစွမ်းပကား။** ထာဝရကာလတွင် အသိဉာဏ်တိုးတက်မှုသည် အကန့်အသတ်မရှိချေ။ မြေကြီးသစ်တွင် "မပျက်စီးနိုင်သောစိတ်များသည် ဖန်ဆင်းခြင်းတန်ခိုး၏အံ့ဩဖွယ်ရာများ၊ ရွေးနုတ်သောမေတ္တာ၏နက်နဲမှုများကို လေးလေးနက်နက်ဆင်ခြင်စဉ်စားကြလိမ့်မည်။ ဘုရားသခင်ကိုမေ့လျော့ရန်၊ စုံစမ်းသည့်ရက်စက်၍ လှည့်စားတတ်သောရန်သူမရှိတော့ပြီ။ လုပ်ဆောင်နိုင်သောစွမ်းရည်တိုင်းသည် တိုးတက်များပြားလာလိမ့်မည်။ အသိပညာကိုရှာမှီးသော မနွမ်းလျသကဲ့သို့၊ အားအင်သည် လည်း ကုန်ခန်းမသွားချေ။ ထိုနေရာတွင် အကြီးကျယ်ဆုံးသောတီထွင်ကြံဆမှုကို သယ်ဆောင်သွားနိုင်သည်၊ အမြင့်ဆုံးသောရည်မှန်းချက်ကိုလည်း ရောက်ရှိနိုင်သည်။ ကျော်လွှားရန်အသစ်သော အထွတ်အထိပ်များ၊ ကြည်ညိုရန်အံ့ဖွယ်အသစ်များ၊ နားလည်ရန်သမ္မာတရားအသစ်များ၊ ခန္ဓာ၊ စိတ်၊ ဝိညာဉ်တန်ခိုးကိုအသုံးပြုရန် အသစ်သော အရာများရှိနေဦးမည်။"

**မြေကြီးသစ်တွင်ဝိညာဉ်ရေးရာလိုက်စားမှုများ။** ခရစ်တော်မပါလျှင် ထာဝရအသက်သည် အဓိပ္ပါယ်မဲ့နေလိမ့်မည်။ ထာဝရကာလတစ်လျှောက်၊ ရွေးနုတ်ခံသူတို့သည် ခရစ်တော်၏အသက်တာနှင့်အလုပ်ကို ပိုမိုနားလည်ရန်အတွက်၊ သူနှင့်အတူပေါင်းဖော်ရန်အတွက်၊ သူ၏အနှိုင်းမဲ့မေတ္တာအကြောင်း မကျဆုံးသောကမ္ဘာများကိုသက်သေခံရန် အချိန်ပိုပေးရန်အတွက်၊ ခရစ်တော်ကို ပိုမိုနီးကပ်စွာရောင်ပြန်ဟပ်သောစာရိတ္တအတွက်၊ ယေရှုကိုအစဉ်ဆာလောင်ငတ်မွတ်နေကြလိမ့်မည်။ သူတို့သည် ကိုယ်တော်၌အစဉ်အမြဲနားနေ၍၊ ကျေနပ်မှုအပြည့်အဝရှိကြလိမ့်မည်။

ခရစ်တော်ကိုယ်တိုင်အမှုထမ်းရန် အသက်ရှင်ခဲ့ပြီး (မဿဲ၊ ၂၀း၂၈)၊ သူ၏နောက်လိုက်များသည်လည်း အလားတူအသက်တာမျိုးရှိရန်ခေါ်ခဲ့သည်။ ယခုပင်သူနှင့်အတူလုပ်ဆောင်ရသည်မှာ အကျိုးခံစားရသည်။ ထိုမှပေါက်ဖွားလာသောဆက်ဆံရေးသည် မြေကြီးသစ်တွင် ပိုမိုကြီးမားသောကောင်းချီးနှင့်သူနှင့်အတူ လုပ်ဆောင်ရသောအခွင့်ထူးကို ထပ်၍ပေးသည်။ ထိုနေရာတွင် ကြီးမားသောပျော်ရွှင်မှုနှင့် စိတ်ကျေနပ်မှုဖြင့်၊ "ဘုရားသခင်၏ ကျွန်တို့သည် ဘုရားဝတ်ကိုပြုကြလိမ့်မည်" (ဗျာ၊ ၂၂း၃)။

ရွေးနုတ်ခံသူတို့သည် ဘုရားသခင်ဖန်ဆင်းသော သဘာဝတရားဘဏ္ဍာတိုက်ကို လေ့လာရမည့်အခွင့်ထူးရှိမည်ဖြစ်သော်လည်း၊ အဓိကဘာသာရပ်မှာ လက်ဝါးကပ်တိုင်အကြောင်းဖြစ်လိမ့်မည်။ သူတို့ပိုင်ဆိုင်ရန်၊ ဘုရားသခင်ရည်ရွယ်သည့်ထိုးထွင်းဉာဏ်ကို ပြန်လည်၍ဉာဏ်ပညာပေးရန်၊ အပြစ်၏ကန်းစေသောအရာကိုဖယ်ရှားခြင်းနှင့်အတူ၊ သူတို့သည် ဤနေရာတွင်လိုချင်ရုံမျှပြုနိုင်သောအရာဖြင့် ဝိညာဉ်ရေးသမ္မာတရားကိုသိရှိနိုင်ကြလိမ့်မည်။ သူတို့သည် တွေးခေါ်မှုအားလုံးကိုကျော်လွန်သည့် အနက်၊ အမြင့်၊ အကျယ်ပါရှိသောကယ်တင်ခြင်းအကြောင်းကို ထာဝရကာလတစ်လျှောက် လေ့လာသီဆိုကြမည်။ ဤလေ့လာမှုအားဖြင့် ရွေးနုတ်ခံသူတို့သည် ယေရှု၌ရှိသောသမ္မာတရားကို အစဉ်သာ၍မြင်တွေ့ကြလိမ့်မည်။

တစ်ပတ်ပြီးတစ်ပတ်ကယ်တင်ခံသူတို့သည် ဥပုသ်နေ့ဝတ်ပြုခြင်းအတွက် တွေ့ဆုံကြလိမ့်မည်။ "လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာကိုးကွယ်ခြင်းငှာ လဆန်းနေ့နှင့် ဥပုသ်နေ့အစဉ်အတိုင်းလာကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏" (ဟေရှာ၊ ၆၆း၂၃)။

## မကောင်းမှုမရှိတော့ပြီ

**မကောင်းမှုဟူသမျှကိုအမြစ်ဖြတ်သည်။** မြေကြီးသစ်အကြောင်းအားတက်စရာအကောင်းဆုံးသောကတိတစ်ခုမှာ ထိုနေရာတွင်မရှိတော့မည့်အရာများနှင့်သက်ဆိုင်သည်။ "နောက်တစ်ဖန်သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဖူးသောအရာတို့သည် ရွေ့သွားကြပြီ" (ဗျာ၊ ၂၁း၄)။

ဘုရားသခင်သည် မကောင်းမှုအားလုံးကိုဖြစ်စေသော အပြစ်ပုံစံအမျိုးမျိုးကို အမြစ်ဖြတ်မည်ဖြစ်သောကြောင့်၊ ဤမကောင်းမှုအားလုံးသည် အစဉ်ကွယ်ပျောက်သွားလိမ့်မည်။ သမ္မာကျမ်းစာသည် မြေကြီးသစ်တွင် အသက်ပင်ရှိမည်အကြောင်းပြောသော်လည်း၊ ကောင်းမကောင်းသိကျွမ်းရာအပင်ကိုမူ တစ်ကြိမ်မျှဖော်ပြခြင်းမရှိချေ။ အကြောင်းမှာ

ကျွန်ုပ်တို့သည် ဤမြေကြီးပေါ်တွင် ဘုရားသခင်ကိုလုံးလုံးသစ္စာခံ၍၊ အပြည့်အဝ ယုံကြည်ကိုးစားသောကြောင့် ထိုစုံစမ်းခြင်းကိုအောင်နိုင်ခဲ့ပြီဖြစ်သည်။ ထိုပြည်တော်တွင်၊ ခရစ်ယာန်တို့သည် လောကီအရာ၊ ဓာတိပကတိနှင့်ဆိုင်သောအရာ သို့မဟုတ် စာတန်နှင့် ဘယ်ခါမျှ တိုက်ပွဲဝင်ကြရတော့မည်မဟုတ်ချေ။

အပြစ်အားဖြင့်ညစ်ညမ်းသော ရှေးကမ္ဘာမြေမှရွှေ့ပြောင်းလာသူများ စုပြုံလာကြ သော်လည်း၊ မြေကြီးသစ်သည် "အသစ်" ပင်ဖြစ်မည်ဟူသောအာမခံချက်မှာ၊ ဘုရားသခင် သည် "စက်ဆုပ်ရွံ့ရှာဖွယ်သောသူ၊ လူအသက်ကိုသတ်သောသူ၊ မတရားသောမေထုန် ကိုမှီဝဲသောသူ၊ ပြုစားတတ်သောသူ၊ ရုပ်တုကိုကိုးကွယ်သောသူ၊ သစ္စာပျက်သောသူ အပေါင်းတို့" (ဗျာ၊ ၂၁း၈။ ၂၂း၁၅) ကိုဖယ်ထုတ်မည်ဟူသောအချက်တွင်တည်သည်။ အပြစ်ဝင်ရောက်သောနေရာတိုင်းတွင် ၎င်းသည်ဖျက်ဆီးသောကြောင့်၊ ဘုရားသခင်သည် မကောင်းမှုကိုဖယ်ရှားရမည်ဖြစ်သည်။

"ကျိန်ခြင်း၏သဲလွန်စဟူသမျှကိုဖယ်ရှင်းသည်။..... အမှတ်ရစေသောအရာတစ်ခု သာကျန်ခဲ့သည်။ ၎င်းမှာ ကျွန်ုပ်တို့၏ရွေးနုတ်ရှင်သည် ကပ်တိုင်တင်သတ်ခြင်း၏ အမှတ်အသားများကိုအစဉ်အမြဲပါရှိလိမ့်မည်။ သူ၏ခေါင်းပေါ်၊ သူ၏နံဘေး၊ သူ၏ လက်နှင့်ခြေထောက်များမှဒဏ်ချက်များသည် အပြစ်၏ရက်စက်သောလက်ချက်၏ လက္ခဏာများသည်သာကျန်ခဲ့မည်။ ဘုန်းထွန်းသောခရစ်တော်ကိုကြည့်၍၊ ပုရောဖက်က ဤသို့ဆိုသည်။ "အဆင်းအရောင်တော်သည် နေရောင်ကဲ့သို့ဖြစ်၏။ လက်တော်မှ ရောင်ခြည်သည်ထွက်၍၊ ဘုန်းအာနုဘော်တော်ကိုကွယ်ကာလေ၏"။ (ဟဗက္ကုတ်၊ ၃း၄)။ ထာဝရကာလအဆက်ဆက် ကရာနိမှဒဏ်ချက်များသည် ကိုယ်တော်အားချီးမွမ်း ထိုက်ကြောင်းကိုပြသ၍၊ သူ၏တန်ခိုးကိုကြေညာသည်။"

**ရှေးဖြစ်ဖူးသောအရာကိုမအောက်မေ့ရ။** ဟေရှာယက၊ မြေကြီးသစ်တွင်၊ "အလျင်မိုးကောင်းကင်နှင့်မြေကြီးကို မအောက်မေ့ရ။ နှလုံးမမှတ်မိရ" (ဟေရှာ၊ ၆၅း၁၇) ဟုဆိုသည်။ ရွေးနုတ်ခံသူများမေ့လျော့သွားကြမည့်အရာများမှာ ဘဝဟောင်းမှဆင်းရဲ ဒုက္ခများဖြစ်ကြောင်း ကျမ်းချက်၏အထောက်အထားများကပြသသည် (ဟေရှာ၊ ၆၅း၁၆)။ သူတို့သည် ဘုရားသခင်ပြုလုပ်ခဲ့ပြီးသည့်ကောင်းသောအရာများ၊ သူတို့ကိုကယ်တင်သည့် ကြွယ်ဝသောကျေးဇူးတော်တို့ကိုမူ မေ့သွားကြမည်မဟုတ်ချေ။ ဤအရာများကိုမေ့သွား ခဲ့လျှင် ဤအပြစ်၌ရှုန်းကန်မှုတစ်ခုလုံးသည် အချည်းနှီးဖြစ်သွားလိမ့်မည်။ ခရစ်တော်၏ ကယ်တင်သောကျေးဇူးတော်ကို သန့်ရှင်းသူတို့၏တွေ့ကြုံခံစားမှုသည် ထာဝရကာလ တစ်လျှောက် သူတို့သက်သေခံခြင်း၏အနှစ်သာရဖြစ်သည်။

ထို့ပြင်မက၊ အပြစ်၏ရာဇဝင်သည် "တစ်ဖန်နှိမ်နင်းစရာအကြောင်းမရှိ" (နာဟုံ၊ ၁း၉) ဟူသောအရေးကြီးသောအာမခံချက်ကိုဖြစ်စေသည်။ အပြစ်၏ဝမ်းနည်းဖွယ်ရလဒ်များကိုစဉ်းစားခြင်းသည် မိမိကိုယ်ကိုသေကြောင်းကြံသောလမ်းကို တစ်ဖန်လိုက်ရန် စုံစမ်းခြင်းမှ မည်သူကိုမဆို ထာဝရဟန့်တားပေးလိမ့်မည်။ သို့သော်၊ အတိတ်ကဖြစ်ရပ်များသည် အရေးကြီးသောရည်ရွယ်ချက်ကိုပေးနိုင်သော်လည်း၊ ကောင်းကင်၏ပတ်ဝန်းကျင်သည် သူတို့၏နာကျင်မှုများ၊ ကြောက်မက်ဖွယ်အမှတ်တရများကို ဆေးကြောပေးလိမ့်မည်။ ကတိတော်မှာ သူတို့၏အမှတ်ရနေခြင်းသည် ရွေးနုတ်ခံသူတို့၌ နောင်တ၊ စိတ်ထိခိုက်မှု၊ စိတ်ပျက်မှု၊ ဝမ်းနည်းမှု သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်မှုစသည်တို့ကို ဖြစ်ပေါ်စေမည်မဟုတ်ဟူသောအရာဖြစ်သည်။

## အသစ်ဖန်ဆင်းခြင်းကိုယုံကြည်ခြင်း၏တန်ဖိုး

မြေကြီးသစ်ဆိုင်ရာယုံကြည်ချက်ကို ယုံကြည်ခြင်းသည် ရွေးနုတ်ခံသူတို့အတွက် များစွာသောလက်တွေ့ကျသည့်အကျိုးများကို ယူဆောင်လာပေးသည်။

**၎င်းသည်ခံနိုင်ရည်ရှိရန်အားပေးသည်။** ခရစ်တော်ကိုယ်တိုင် "မိမိရှေ့၌ထားသောဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ ရှက်ကြောက်သောအရာကိုမမှတ်ဘဲ၊ လက်ဝါးကပ်တိုင်၌ခံခဲ့သည် (ဟေဗြဲ၊ ၁၂း၂)။ ပေါလုသည် အနာဂတ်ဘုန်းတော်ကို အာရုံပြုလျက် မိမိ၏သတ္တိကိုပြန်လည်အားသစ်လောင်းသည်။ "ထို့ကြောင့် ငါတို့သည် အားလျော့စိတ်ပျက်ခြင်းနှင့်ကင်းလွတ်ကြ၏။...... ယခုခဏခံရ၍ ပေါ့ပါးသောဆင်းရဲခြင်းဒုက္ခသည် အတိုင်းထက်အလွန်ကြီးမြတ်လေးလံသော နိစ္စထာဝရဘုန်းအသရေကို ငါတို့အဖို့ဖြစ်စေတတ်၏" (၂ကော၊ ၄း၁၆–၁၈)။

**၎င်းသည်ပျော်ရွှင်မှုနှင့်ဆုလာဘ်ရရန်သေချာမှုကိုပေးသည်။** ခရစ်တော်ကိုယ်တိုင်ဤသို့ဆိုသည်။ "ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌သင်တို့၏အကျိုးသည် ကြီးလှပေ၏" (မဿဲ၊ ၅း၁၂)။ ပေါလုကလည်း ထပ်လောင်းပြောဆိုသည်။ "အကြင်သူ၏အလုပ်သည်မြဲ၏။ ထိုသူသည် အကျိုးကိုခံရလိမ့်မည်" (၁ကော၊ ၃း၁၄)။

**၎င်းသည်စုံစမ်းခြင်းကိုတွန်းလှန်ရန်ခွန်အားပေးသည်။** မောရှေသည် "နောင်ရလတ္တံ့သောအကျိုးကိုထောက်စာမျှော်လင့်လျက်" "အပြစ်ရှိသောကာမဂုဏ်ကိုခဏခံစားခြင်း" နှင့် "အဲဂုတ္တုပြည်၏စည်းစိမ်" တို့မှရုန်းထွက်နိုင်ခဲ့သည် (ဟေဗြဲ၊ ၁၁း၂၆)။

**၎င်းသည်ကောင်းကင်၏အရသာကိုမြည်းစမ်းစေသည်။** ခရစ်ယာန်တို့၏ဆုလာဘ်သည် အနာဂတ်၌သာမရှိပါ။ ခရစ်တော်ကိုယ်တိုင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်ယာန်တို့ထံသို့ကြွမြန်း၍၊ လာမည့်ကောင်းချီးများကို အာမခံချက်ပေး၍ လက်ငင်းပေးချေသည့်အနေဖြင့် သူတို့၌ကိန်းဝပ်လျက်ရှိသည် (၂ကော၊ ၁း၂၂။ ၅း၅။ ဧဖက်၊ ၁း၁၄)။ ယေရှုကဤသို့ဆိုသည်။ "အကြင်သူသည် ငါ၏အသံကိုကြား၍၊ တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ငါဝင်၍၊ သူနှင့်အတူစားသောက်မည်" (ဗျာ၊ ၃း၂၀)။ "ခရစ်တော်ဤသို့ကြွလာသောအခါ၊ အမြဲတမ်းသူနှင့်အတူကောင်းကင်ဘုံကိုဆောင်လာသည်။" သူနှင့်အတူပေါင်းဖော်ခြင်းသည် "စိတ်နှလုံးထဲ၌ ကောင်းကင်ဘုံရောက်ရှိနေခြင်းဖြစ်သည်။ ၎င်းသည် ထည်ဝါသောအစပြုခြင်းဖြစ်သည်။ ၎င်းသည် စောင့်စားနေသောကယ်တင်ခြင်းပင်ဖြစ်သည်။"

**၎င်းသည်ပိုမိုကြီးမားသောထိရောက်မှုကိုဖြစ်စေသည်။** လူအချို့ကခရစ်ယာန်တို့သည် ကောင်းကင်ကိုသာအာရုံစိုက်သောကြောင့် မြေကြီးပေါ်တွင်တန်ဖိုးမရှိကြဟူ၍ ရှုမြင်ကြသည်။ သို့သော် ထိုအနာဂတ်ကိုယုံကြည်ချက်ကသာ သူတို့ကိုလှုပ်ရှားစေနေခြင်းဖြစ်သည်။ "လက်ရှိဤကမ္ဘာအတွက် အများဆုံးလုပ်ဆောင်သောသူတို့သည် အနာဂတ်ကမ္ဘာကို အများဆုံးစဉ်းစားသောခရစ်ယာန်များဖြစ်ကြကြောင်းကို တွေ့ရလိမ့်မည်။ ခရစ်ယာန်တို့သည် အခြားကမ္ဘာကိုမစဉ်းစားတော့သည့်အခါ၊ သူတို့သည် ဤကမ္ဘာတွင် ထိရောက်မှုမရှိသောသူများဖြစ်လာကြသည်။" ကောင်းကင်ကိုရည်မှန်းပါ၊ ထိုအခါ သင်သည် အသုံးဝင်သူဖြစ်လိမ့်မည်။ မြေကြီးကိုရည်ရွယ်လိုက်ပါ၊ ထိုအခါ သင်သည် ဘာမျှရလိမ့်မည်မဟုတ်။"

အမြဲတမ်းအသက်ရှင်နေထိုင်ရန် ကြံစည်သောခရစ်ယာန်တို့သည် မိမိတို့ကိုယ်ကို တစ်ခါသုံးအဖြစ်ယူဆကြသောသူများထက် ပင်ကိုအားဖြင့်မိမိတို့ကိုယ်ကိုပိုမိုဂရုစိုက်တည်ဆောက်ကြပြီး၊ လူမှုအသိုက်အဝန်းကိုအပြုသဘောအားဖြင့် အကျိုးသက်ရောက်မှုရှိသည်။

"ကောင်းကင်ဆိုင်ရာအရာများသည် စိတ်နှလုံးကိုသိမ်းပိုက်၍၊ သန့်ရှင်းသောဝိညာဉ်တော်သည် ဆက်လက်အားပေးသောအခါ၊ ကောင်းကင်နှင့်သဟဇာတဖြစ်အောင် အားကြီးသောတန်ခိုးကိုပေးသည်။ ၎င်းသည် စိတ်ဝိညာဉ်ကိုမြှင့်တင်ပေး၍၊ မြင့်မြတ်စေသည်။ ၎င်း၏နယ်ပယ်နှင့် ၎င်း၏အမြော်အမြင်ကိုတိုးချဲ့ကြီးမားလာစေပြီး၊ မြင်နိုင်သောအရာနှင့်မမြင်နိုင်သောအရာများကို ပိုမိုတန်ဖိုးထားလာစေသည်။"

**၎င်းသည်ဘုရားသခင်၏ဂုဏ်တော်ကိုဖော်ပြသည်။** ယနေ့ကျွန်ုပ်တို့မြင်ရသောလောကကြီးသည် ဘုရားသခင်၏ဂုဏ်တော်နှင့် ဤကမ္ဘာဂြိုဟ်အတွက် သူ၏မူလအစီအစဉ်ကိုပုံပျက်ပန်းပျက်သရုပ်ဖော်သည်။ အပြစ်သည် ကမ္ဘာမြေ၏ရုပ်ပိုင်းဂေဟစနစ်ကို အကြီးအကျယ်ဖျက်ဆီးသောကြောင့်၊ ဤကမ္ဘာနှင့် ကမ္ဘာဦးကျမ်း ၁ နှင့် ၂ က ပုံဖော်သော ပရဒိသုဘုံအကြားဆက်စပ်မှုကို စဉ်းစား၍ပင်မရနိုင်တော့ချေ။ ယခုတွင် အသက်ရှင်နေနိုင်ရေးအတွက် ရုန်းကန်မှုသည် အသက်တာကိုပုံဖော်ပေးနေသည်။ လောက၊ ဇာတိပကတိ၊ စာတန်စသည်တို့နှင့်တိုက်ပွဲဝင်နေရသည့် ယုံကြည်သူ၏အသက်တာသည်ပင်လျှင် ဘုရားသခင်၏မူလအစီအစဉ်ကို တိတိကျကျပုံမဖော်နိုင်ချေ။ ရွေးနုတ်ခံသူတို့အတွက် ဘုရားသခင်ကြံစည်ထားသည့် စာတန်၏ဩဇာလွှမ်းမိုးမှုကမတို့မထိသောကမ္ဘာ၊ ဘုရားသခင်၏ရည်ရွယ်ချက်ကသာ စိုးမိုးသောကမ္ဘာတွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ဂုဏ်တော်ကို ပိုမိုမှန်ကန်အောင်သရုပ်ဖော်နိုင်ကြမည်။

**၎င်းသည်ကျွန်ုပ်တို့ကိုဘုရားသခင်ထံသို့ဆွဲယူသည်။** နောက်ဆုံးတွင်၊ သမ္မာကျမ်းစာသည် ဘာသာရေးစိတ်မဝင်စားသောသူတို့အား ခရစ်တော်ထံသို့ဆွဲဆောင်ရန်မြေကြီးသစ်အကြောင်းကိုဖော်ပြသည်။ "ဘာသာရေးနှင့်၎င်း၏နောက်ဆုံးရလဒ်သည် လောကီသားများက လိုချင်၍မရနိုင်သောအရာဖြစ်သည်ဟု များစွာသောသူတို့ကစဉ်းစားဟန်ရှိသည်။ ထို့ကြောင့် ပျော်ရွှင်မှုတစ်ခုခုကို အတိအကျပြောသောအခါ၊ လူသား၏ကျဉ်းမြောင်းသောအခြေအနေဖြင့် အမှန်တကယ်လိုချင်သော်လည်း၊ ၎င်းသည် စစ်မှန်သောဘာသာရေး၏အစိတ်အပိုင်းမဖြစ်နိုင်ဟုထင်မှတ်ကြသည်။" မည်သည့်အရာမျှအမှန်တရားနှင့်မဝေးကွာနိုင်ဟုဆိုကြခြင်းဖြစ်သည်။

သူ့ကိုချစ်သောသူတို့အတွက် သူပြင်ဆင်ထားသောအရာကိုသိစေရာတွင် ဘုရားသခင်၏အဓိကရည်ရွယ်ချက်မှာ ဤလောကကိုစွဲလမ်းခြင်းမှ လူတစ်ဦးချင်းစီကိုဆွဲဆောင်ရန်ဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏ချစ်သောစိတ်နှလုံးအားဖြင့်ပြင်ဆင်သော လှပသည့်အရာများကို ခဏမျှမြင်တွေ့စေရန်နှင့် နောင်လာမည့်အရာကို တန်ဖိုးထားနိုင်ရန်ကူညီပေးသည်။

## အစဉ်အမြဲအသစ်ဖြစ်ခြင်း

ဤကမ္ဘာအိုကြီးတွင် "ကောင်းသောအရာအားလုံးပြီးဆုံးသွားပြီ" ဟုမကြာမကြာပြောတတ်ကြသည်။ မြေကြီးသစ်နှင့်ဆိုင်သော အကောင်းဆုံးသတင်းကောင်းမှာ ၎င်းသည် ဘယ်ခါမျှဆုံးခန်းတိုင်မည်မဟုတ်ဟူသောအချက်ဖြစ်သည်။ ထိုအခါ "ဤလောကီ

နိုင်ငံသည် ကျွန်ုပ်တို့၏သခင်ဘုရား၊ ခရစ်တော်၏နိုင်ငံတော်ဖြစ်လာသည်။ သူသည် အစဉ်အမြဲစိုးစံလိမ့်မည်” ဟူသောသီချင်းစာသားသည် ပြည့်စုံလာလိမ့်မည်။ ထိုအခါ အသက်ရှင်သောသတ္တဝါအားလုံးသည် သံပြိုင်သီချင်းကိုဝင်ရောက်သီဆိုကြလိမ့်မည်။ “ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူနှင့် သိုးသငယ်သည် ကမ္ဘာအဆက်ဆက် ကောင်းချီးမင်္ဂလာ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိရှိတော်မူစေသတည်း” (ဗျာ၊ ၅း၁၃)။

“မဟာအငြင်းပွားမှုကြီးသည် ပြီးဆုံးသွားလေပြီ။ အပြစ်နှင့်အပြစ်သားများလည်း မရှိကြတော့ပြီ။ စကြဝဠာတစ်ခုလုံးသည် စင်ကြယ်လျက်ရှိသည်။ ဖန်ဆင်းသောအရာ တစ်ခုလုံးသည် တစ်သဘောတည်းရှိသည်။ အရာခပ်သိမ်းကိုဖန်ဆင်းသောသူထံမှ အသက်၊ အလင်းနှင့်ဝမ်းမြောက်ခြင်းသည် စကြဝဠာတစ်ခုလုံးတွင်စီးဆင်းလိမ့်မည်။ အသေးငယ်ဆုံးသောမြူမှုန်မှစ၍ အကြီးဆုံးသောကမ္ဘာအထိသက်ရှိသက်မဲ့အရာအားလုံးက ‘ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏’ ဟုကြွေးကြော်ကြသည်။”

–၀–